
www.burmeseclassic.com




# ကာဒူးမမှမော်ဖသို့

## မောင်ဆွေသက်

ပြည့်စုံ စာအုပ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ချက်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ချက်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ချက်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

ပြည့်စုံ ကိုယ်တိုင်ရေး ဘဝမှတ်တမ်းစာအုပ်
A Personal Memoir



# ကဒူးပမှ ဟော်ပသို့...

## မောင်ဆွေသက်

PYI ZONE
ပြည့်စုံ စာအုပ်တိုက်
ဖုန်း - ၂၂၄၃၇၅
ဖြန့်ချိရေး
Green Books Store
အမှတ်(၆၃)သိမ်ဖြူလမ်း အမျိုးသားဝိုင်အမ်စီအေ အဆောက်အအုံ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၉၆၄၄၂၊ ၇၀၆၀၈၂
email: ASK@ PYIZONEBOOKS. COM WWW.PYIZONEBOOKS.COM

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း
၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ
၅၀၀
စာမူခွင့်ပြုချက်အမှတ်
၃၁၀၁၃၉၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၁၀၁၀၅၁၂၀၉
စာမျက်နှာအပြင်အဆင်
မြမင်းစိုး

◆

ထုတ်ဝေသူ
ဦးမျိုးအောင်၊ ပြည့်စုံစာအုပ်တိုက်(မြဲ-၀၄၂၈၅)
အမှတ်(၂၆၃)၊ သိမ်ဖြူလမ်း၊ အမျိုးသားပိုင်အမ်စီအေအဆောက်အအုံ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၄၄၂၊ ရ၁၆၀၈၂
WWW.PYIZONEBOOKS.com

◆

ပုံနှိပ်သူ
ဦးမြတ်ကျော်၊ စာလုပ်ငန်းပုံနှိပ်တိုက်(၀၅၅၅)
၁၉၄၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
စာစီ - ပြည့်စုံ
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - တင်မောင်ဦး

◆

စာမူ မူပိုင် © ဗိုလ်မှူးကြီးညွှန့်ဆွေ(ငြိမ်း)
မျိုးအောင်(ရတနာဗေဒ) ပြည့်စုံစာအုပ်တိုက်က
တာဝန်ယူ စီစဉ်ထုတ်လုပ်ဖြန့်ချိပါသည်။

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း(CIP)

ဆွေသက်၊ မောင်　　　　၃၅၅.၄
ကျူးမမှ မော်မသို / မောင်ဆွေသက်။ - ရန်ကုန်
ပြည့်စုံစာအုပ်တိုက်၊ ၂၀၀၉။
[illegible]၆၀ စာ၊ ၁၂.၅ စင်တီ x ၂၀.၅ စင်တီ။
([illegible]) ကျူးမမှ မော်မသို

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **အမှာစာ** | |
| ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)၊(မှူးသမိန်)၏အမှာစာ | ၁ |
| ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ၏ အမှာစာ | ၁၄ |
| ဗိုလ်မှူးချုပ်အေးမြင့်ကြူ၏ အမှာစာ | ၂၁ |
| စာရေးသူ၏တင်ပြလွှာ | ၃၀ |
| **ပထမပိုင်း** | |
| အမေ့သား | ၃၇ |
| ခွာခဲ့ရ အမိရင်ခွင် | ၄၁ |
| **ယပိုင်း** | |
| တပ်မတော်ရင်ခွင်သို့ | ၄၃ |
| လေ့ကျင့်ရေးမှ စစ်ဆင်ရေးသို့ | ၄၈ |
| ကံထူးမတိုက်ပွဲ (ကဒူးမတိုက်ပွဲ) | ၅၃ |
| သခင်သန်းထွန်းရှာပုံတော် | ၅၉ |
| ပစ္စည်းမဲ့ ခေါင်းဆောင်များ အစားဆင်းရဲခြင်း | ၆၃ |
| ဗကပ ဗဟို ရွှေ့ပြီ | ၆၇ |
| အညာမြေမှ ရိုးမသို့ | ၆၉ |
| စစ်ခွေးများလေ့ကျင့်ရေး | ၇၅ |
| ငါးဒေါက်မချောင်းဖျား | ၇၆ |
| ရှေ့တန်းပြန် | ၈၃ |
| လူထုအတွက် ကိုယ့်အသက် | ၈၈ |
| KNDO နှစ်သစ်ကူးပွဲ | ၉၃ |
| ကံဆိုသည်မှာ | [illegible] |
| War Game | ၁၀၀ |

www.burmeseclassic.com

www.burmeseclassic.com

## တတိယပိုင်း


| | |
|---|---|
| အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | ၁၀၅ |
| တော်လှန်ရေး ကောင်စီခေတ် | ၁၀၇ |
| လေကို လုမရှုနဲ့ | ၁၁၀ |
| ကောက်ရိတ်သိမ်းပြိုင်ပွဲ | ၁၁၀ |
| သမဝါယမရွာ | ၁၁၆ |


## စတုတ္ထပိုင်း


| | |
|---|---|
| ခလရ(-)သို့ | ၁၃၁ |


## ပဉ္စမပိုင်း


| | |
|---|---|
| မဟာဗျူဟာကွပ်ကဲမှု ဌာနချုပ်ဖွဲ့စည်းခြင်း | ၁၃၉ |
| မဟာဗျူဟာ၏ အစီရင်ခံစာ | ၁၄၅ |
| ရဲဝံ့သော လေသူရဲ | ၁၄၉ |
| ရှေ့တန်းဖျော်ဖြေရေး | ၁၅၃ |
| နေ့မအား ညမနား မဟာဗျူဟာ | ၁၅၆ |
| ဖူးစာရေးနတ် | ၁၆၅ |


## ဆဋ္ဌမပိုင်း


| | |
|---|---|
| ယာယီတပ်ရင်းမှူး | ၁၇၃ |
| တာဝန်ထမ်းဆောင်ခြင်း | ၁၇၇ |
| တပ်မှူးသစ်တို့ သတိပြုစရာ | ၁၈၁ |
| ပြည်သူ့စစ်မဟာဗျူဟာ | ၁၈၆ |
| ကျောက်တံခါးနှင့်ဂေါ်ရခါး | ၁၉၁ |
| နောက်တန်းသည် အဓိက | ၁၉၄ |
| မန်ညက်တိုက်ပွဲ | ၂၀၅ |
| ခေါင်းဖြတ်ခံရ | ၂၁၀ |
| ချိုချိုအေးအေး ရေခဲမုန့် | ၂၁၂ |
| မန်လယ်ဇေတောင်စခန်း ဌာနချုပ် | ၂၁၆ |
| မူဆယ် မဆုတ်တမ်း ခံစစ် | ၂၂၁ |
| ပွိုင့် ၄၅၆၁ တိုက်ပွဲ | ၂၂၈ |
| ကိုယ့်အားကိုယ်ကိုး ဖိုးဂေါ်ရခါး | ၂၃၁ |
| ဗကပ တပ်ရင်းမှူးအလောင်း | ၂၃၉ |
| မူဆယ်တိုက်ပွဲ သင်ခန်းစာ | ၂၄၀ |
| နည်းဗျူဟာအသစ် | ၂၄၃ |
| နားတီနမ့်စလပ် | ၂၄၇ |
| နမ့်စလပ်ဒေသနောက်တစ်ပွဲ | ၂၅၀ |
| ဗကပ တပ်မဟာ ၁၂ | ၂၅၁ |
| ပုံးထုံစခန်း | ၂၅၅ |
| ထူးဆန်းသော စကားဝှက် | ၂၅၇ |
| တပည့်စကား ဆရာ့နား | ၂၅၈ |
| ချစ်စရာရဲဘော်များ | ၂၅၉ |
| အဖေ့သမီး | ၂၆၄ |
| လူထဲမှ လူ့သတင်း | ၂၆၇ |
| စာအုပ်တန်ဖိုး | ၂၇၁ |
| တပ်ရင်းသံယောဇဉ် | ၂၇၅ |
| သူရဗဟာဒူး | ၂၇၆ |
| နယ်စပ်မှာ ဘုရားတည် | ၂၈၀ |
| သီရိဂေဟာ | ၁၈၃ |
| ကျွန်တော်အဆင့် တိုးပေးရသော လူကြီးများ | ၂၈၆ |
| မန်းသကြ်န်၊ မန်းအက | ၂၉၂ |
| မိုးကုတ်လုံခြုံရေး | ၂၉၄ |
| အရေးကြီးတာဝန် | ၂၉၈ |
| မိုးမိတ်ကျပြီ | ၃၀၁ |
| ခိုင်းစေချက်ညီမျှရန် တကယ် ရယ်ရပြန်တယ် | [illegible] |
| ဝေဘူဆရာတော်ဘုရား၏တရား | ၃၀၉ |


www.burmeseclassic.com

www.burmeseclassic.com

## သတ္တမပိုင်း


| | |
|---|---|
| အမှတ်(-)ခြေမြန်တပ်မဌာနချုပ်သို့ | ၃၁၇ |
| လွယ်ပန်ကွပ် တိုက်ပွဲ | ၃၂၀ |
| ဒုတပ်ချုပ် ခရီးစဉ် | ၃၂၃ |
| နည်းဗျူဟာ(-) | ၃၂၇ |
| မိုင်းကိုင်ဒေသ | ၃၂၉ |
| စစ်ရေးသတိ အမြဲရှိမှ | ၃၃၅ |
| လွဲချက်ကနှာ | ၃၃၆ |
| ဒုတပ်မမှူးဆိုတာ | ၃၄၂ |
| တပ်မမှူးနိုင်းသမျှ | ၃၄၄ |
| နောက်တန်းတပ်မမှ အမှု | ၃၅၄ |
| မိသားစု ရင်းနှီးမှု | ၃၅၇ |


## အဋ္ဌမပိုင်း


| | |
|---|---|
| သမိုင်းဝင် မော်ဖတိုက်ပွဲ | ၃၅၉ |
| အရေးကြီးတာဝန် | ၃၆၁ |
| ကိုယ်တိုင်ပါဝင်ခွင့် | ၃၆၄ |
| ထိုးစစ်ကြီးပြင်ပြီ | ၃၆၇ |
| သံလွင်မြစ်ကူးပြီ | ၃၆၈ |
| အင်ဂျင်နီယာတပ်ဖွဲ့ကျေးဇူး | ၃၇၄ |
| ပထမရည်မှန်းချက်အောင်ပြီ | ၃၇၅ |
| ဒုတိယရည်မှန်းချက်တာဝန် | ၃၇၈ |
| စစ်ဆင်ရေးဒုတိယအဆင့် | ၃၈၀ |
| ဦးစီးချုပ်၏ စိတ်ဝင်စားမှု | ၃၈၂ |
| ထိရောက်သော ပစ်ကူများ | ၃၈၅ |
| လက်ရွေးစင်ရှာရပြီ | ၃၈၇ |
| ဒီဇင်ဘာ(၆)ရက် | ၃၉၀ |
| စန္ဒယားချစ်ဆွေ၏ ကက်ဆက်ခွေ | ၃၉၇ |
| ကြောက်လွဲ ရဲမင်းဖြစ် | ၃၉၈ |
| စေတနာ | ၄၀၀ |
| တပ်မမှူးကြီးစိုးရိမ်ပြီ | ၄၀၁ |
| လှည့်စားစီမံချက် စပြီ | ၄၀၄ |
| ရည်မှန်းချက်အောင်ပြီ | ၄၀၆ |
| အမြတ်ထုတ်လိုသော လောဘ | ၄၁၃ |
| ထူးခြားသောဂုဏ်ပြုလွှာ | ၄၁၇ |
| အချိန်မီရရှိသည့်အောင်ပွဲ | ၄၁၈ |
| ကစထမှူး စစ်ဆေးခြင်း | ၄၂၀ |
| စစ်ဆင်ရေးတတိယအဆင့် | ၄၂၅ |


## နဝမပိုင်း


| | |
|---|---|
| အကဲစမ်းသည့် ဗကပ | ၄၃၁ |
| တောမီးနှင့်ရန်သူ | ၄၃၄ |
| သံလွင်အရှေ့ဘက် ရောက်ရပြန်ပြီ | ၄၃၈ |
| ပါးစပ်နှင့်တိုက်သည့် လေတိုက်ပွဲ | ၄၃၈ |
| မော်ဖဒေသတိုက်ပွဲမှ သင်ခန်းစာ | ၄၄၅ |


## ဒသမပိုင်း


| | |
|---|---|
| ကံထူးမမှမော်ဖ | ၄၄၉ |
| ကံပေးသမျှ ဘဝတာဝန် | ၄၅၂ |
| ရှိစေ-ရှိစေ စိတ်ကိုဖြေဟဲ့ | ၄၅၄ |


www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) (မှူးသမိန်)

# မောင်ဆွေသက်၏ ကဒူးမမှမော်ဖသို့ အမှာစာ-

ကျွန်တော်တို့ တစ်ချိန်တစ်ခေတ်တုံးက သွေးနှင့်ချွေးနှင့် ရင်းနှီးဖြတ်သန်းကျော်လွှားခဲ့ရသော မြန်မာနိုင်ငံတော်ကြီး သူ့ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ရပုံမှာ ယခုအခါ သမိုင်းတစ်ကွေ့မှတ်တိုင်အဖြစ်သာ ရှိနေပါလေတော့သည်။ လွတ်လပ်ရေးပြန်လည်ရဖို့အတွက် ခေတ်အဆက်ဆက် အသက်ပေါင်းများစွာစတေးခဲ့ရသလို ရရှိထားသောလွတ်လပ်ရေးကြီး တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းခဲ့ရပုံမှာလည်း သူ့မသာကိုယ်မသာဟုဆိုရလိမ့်မည်။ ယင်းကဲ့သို့ လွတ်လပ်ရေးရပြီးနောက် ပေါ်ထွက်လာခဲ့သောပြည်တွင်းစစ်အကြောင်း မိမိတို့ပါဝင်ရသောကဏ္ဍအလိုက် မော်ကွန်းတင်ရေးသားသူများရှိခဲ့ရာ ယခု 'ကဒူးမမှမော်ဖသို့' ရေးသားသူ စာရေးဆရာမောင်ဆွေသက်ခေါ် တပ်မတော်သားဗိုလ်မှူးကြီးညွန့်ဆွေသည်လည်း တစ်ဦးအပါအဝင်ဖြစ်ပါလေသည်။

ကျွန်တော်နှင့်တစ်မြို့တည်း စစ်ကိုင်းဇာတိသား စာရေးဆရာ မောင်ဆွေသက်ကို ကောင်းစွာသိပါသည်။ အထူးသဖြင့် သူ၏ဦးလေးအရင်းတော်၍တစ်ခေတ်သောအခါက လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ အခမ်းအနားနှင့် တက်ရောက်လာတိုင်း ဥက္ကဋ္ဌကြီးရှေ့မှ အဆောင်အယောင်ဖြစ်သော ကျိုင်းတော်ကြီးကိုကိုင်ဆောင်ကာ ရှေ့ပြေးထွက်လာရသော ကျိုင်းကိုင်ဦးလူလေး၏သား ကျွန်တော်နှင့်လွန်စွာခင်မင်ရင်းနှီးလှသော တစ်ကျောင်းတည်းနေ ကိုခင်မောင်မြ (နောင်တွင် တပ်မတော်ရပ်ရှင်ဌာန ညွှန်မှူးဗိုလ်မှူးမျိုးမြင့်)၏ တူအရင်းဖြစ်နေသောကြောင့်ပါတည်း။

····◆◆ ပြည့်စုံစာအုပ်တိုက် ◆◆····

www.burmeseclassic.com

www.burmeseclassic.com



မောင်ဆွေသက်သည် ဂျပန်ခေတ် စစ်အတွင်းက ဗဟန်းဘီအေဆရာတော် ဦးစကြာ၏ ဘုန်းကြီးကျောင်းသားဘဝ၊ နောက်မြို့မကျောင်း ပြန်ဖွင့်သဖြင့် မြို့မကျောင်းသားဘဝ၊ ၁၉၅၂/၅၃တွင် ကန်တော်ကြီး၊ ကနေဒီကျွန်းရှိ ဗမာမွတ်ဆလင် အထက်တန်းကျောင်းတွင် စစ်စိတ်စစ်သွေးပါသဖြင့် ကျောင်းသားရဲခေါင်တပ်သို့ဝင်၊ ဆယ်တန်းအောင်၍ တက္ကသိုလ်ရောက်သောအခါ ရေစက်မကုန်သဖြင့် ယူတီစီဝင်ပြီးနောက် ကျောင်းမမှန်တော့ဘဲ တပ်မတော်ဗိုလ်သင်တန်းတက်ရန် လျှောက်ထားခဲ့ရာ အရွေးခံရသောကြောင့် ၁၉၅၄ခုနှစ်၊ မတ်လ၊ ၁၀ရက်နေ့မှ စတင်တာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂)၊ ဗိုလ်လောင်းအမှတ်စဉ် (၁၆) ဗိုလ်လောင်းညွန့်ဆွေဟူ၍ တရားဝင်တပ်မတော်သားဘဝသို့ ရောက်ရှိခဲ့ရပါလေသည်။ စာရေးသူသည် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂)မှ အောင်မြင်ပြီး ဒု-ဗိုလ်ဖြစ်လာသောအခါကျမှ တကယ့်စစ်အတွေ့အကြုံကို အောင်ခြေမှစတင်ကာကိုယ်တွေ့ခံစားကျော်လွှားခဲ့ရပုံကို အောက်ပါအတိုင်းဝန်ခံရေးသားခဲ့လေသည်။

''ဗိုလ်သင်တန်းကျောင်းတွင် စစ်ပညာဟူသမျှ စာတွေ့လေ့လာခဲ့ရသော ကျွန်တော်သည် ၁၉၅၇ခုနှစ်၊ စက်တင်ဘာလ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ ခြေမြန်တပ်ရင်း(-)သို့ ရောက်တော့မှ တကယ့်စစ်မြေပြင်မှ စစ်ဆင်ရေးတာဝန်ကို လက်တွေ့ကျင့်သုံးခွင့် ရပေတော့သည်။''

ထိုအချိန်က တောခို သခင်သန်းထွန်း ခေါင်းဆောင်သော ဗကပတို့ အရှိန်အဝါ အလွန်ကောင်းချိန်ဖြစ်သဖြင့် တပ်မတော်က တပ်မဟာမှူး ဗိုလ်မှူးကြီးသောင်းကြည် ဦးဆောင်သော တပ်မဟာ(၁)ကို အထူးတာဝန်ပေးပြီး သခင်သန်းထွန်းနောက်လိုက်လံ ချေမှုန်းစေခဲ့သည်။ အထူးတပ်မဟာ(၁)အောက်တွင် ဝိုင်းဝန်းပိတ်ဆို့ရှင်းလင်းရန်အတွက် ဒုဗိုလ်မှူးကြီးထင်ကျော်၏ ခမရ(-)နှင့် ဒုဗိုလ်မှူးကြီးတင်ထွန်း ဦးစီးသော ခလရ(-)က ဝိုင်းဝန်းပိတ်ဆို့ရေး တာဝန်ယူရမည်ဖြစ်ပြီး ဗိုလ်မှူးစိန်လွင်ခေါင်းဆောင်သော သနက(-)တပ်ခွဲများက အတင်းဝင်ရောက်သိမ်းပိုက်ကာပိုက်စိပ်တိုက် ရှင်းလင်းရမည်ဖြစ်လေသည်။ သို့သော် ဤအကြောင်းကို တပ်မဟာမှူးနှင့်တပ်ရင်းမှူးတို့သာ သိရှိထားပြီး အခြားမည်သူမျှမသိကြပါလေ။

စစ်ဆင်ရေးအတွက် မောင်ဆွေသက်ပါသော ခြေမြန်တပ်ရင်း(-)သည် တိုက်ပွဲဝင်ရမည့် အညာဒေသ ရွှေဘိုနယ်သို့ ချက်ချင်းတိုက်ရိုက် မသွားရသေးပါ။ ပထမ ရန်ကုန်မှ မိတ္ထီလာသို့၊ မိတ္ထီလာတွင် စခန်းချပြီး တပ်ရင်းလိုက် မိတ္ထီလာ





ပတ်ဝန်းကျင် လှုပ်ရှားရသည်။ ပြီးတော့ မန္တလေးနန်းတော်တွင်းသို့ တိတ်တဆိတ်ချီတက်ရပြီး ပုန်းအောင်းနေရသည်။ မန္တလေးတွင် တပ်ဖျောက်ထားပြီး ညတစ်ညမော်တော်ယာဉ်တန်းဖြင့် (-)တပ်ကို လာခေါ်၍ ရွှေဘို၊ တပ်မဟာ(၁) တပ်မင်းဗိုလ်မှူးကြီးသောင်းကြည်၏ ရှေ့တန်းကွပ်ကဲရေးဌာနချုပ်ရှိရာ ကဒူးမရွာသို့ သတင်းပို့လိုက်ပါလေသည်။

သည်ရွာရောက်တော့မှ ရွှေဘိုနယ်၊ မဟာမြိုင်တောအုပ်အတွင်း ပုန်းအောင်းနေသော သခင်သန်းထွန်း၏ ဗကပဌာနချုပ်ကို ဝင်စီးနိုင်ရန်၊ ပိတ်ဆို့ရန် တာဝန်ကျကြောင်း မောင်ဆွေသက်တို့ သိရှိရပါလေသည်။

မောင်ဆွေသက်သည် ခြေမြန်တပ်ရင်း (-)၊ တပ်ခွဲ(ခ)မှ ဗိုလ်ကြီးထွန်းရီ (နောင်တွင် ဗိုလ်ချုပ်ဖြစ်လာသူ)၏တပ်ခွဲတွင် တပ်စုမှူးအဖြစ် စစ်ဆင်ရေးတွင်ပါဝင်ရသည်။ ဗကပသခင်သန်းထွန်းနှင့် ဗိုလ်မှူးကြီးသောင်းကြည်၏ တပ်မဟာ(၁)တပ်များသည် စစ်ကိုင်းတိုင်း၊ ကဒူးမ၊ မဟာမြိုင်တောအုပ်နှင့် အစိုးရအရာရှိများ၊ တပ်မတော်သားများ၊ တစ်ဦးတစ်ယောက်မှ မရောက်ဖူးသည့် ချောင်ကျလှသော ချင်းတွင်းမြစ်နှင့် မူးမြစ်ကြားနယ်မြေများအတွင်း ပြေးတမ်းလိုက်တမ်းကစားသလို ပြေးလွှားနေကြရလေသည်။ မောင်ဆွေသက်သည် ပြည်တွင်းစစ်အတွေ့အကြုံရှိသောတပ်ခွဲမှူးထံမှ လက်တွေ့စစ်ပညာများကို ကောင်းစွာရလိုက်ပါ၏။ ထီးလောက်ကြီးသော အင်ဖက်ကြီးများပေါက်ရောက်သည့် အင်တောအတွင်း တပ်ခွဲမှူး၏စီစဉ်မှုဖြင့်ယူဆောင်လာသော ငါးပိနှင့်ပုစွန်ခြောက်ထောင်းကို သဘာဝအလေ့ကျပေါက်နေသော ဖန်ခါးသီးကြီးကြီးဖြင့် တောတွင်းမှီတင်းနေခဲ့ရသည်။ ရန်သူမသိအောင် မီးခိုးမထွက်ထမင်းချက်နည်း၊ လူခြေရာကိုကြည့်ပြီး ဘယ်တုံးက ဘယ်နှစ်ယောက်လောက်သွားခဲ့သော ခြေရာခံနည်းများကိုလက်တွေ့ သင်ကြားခွင့်ရခဲ့လေသည်။

အခြားတပ်များက သခင်သန်းထွန်းနောက် တကောက်ကောက်လိုက်နေစဉ် မောင်ဆွေသက်ပါသော ဗိုလ်ကြီးထွန်းရီ၏တပ်ခွဲကို ရဲဘော်ဖြူတို့ အခိုင်အမာအုပ်စိုးရာ ကဒူးမနယ်မြေ၌ ရှင်းလင်းရန် တာဝန်ပေး ချန်ထားခဲ့သည်။ တပ်မတော်က အင်နှင့်အားနှင့် ကဒူးမတွင်ရှိနေသောကြောင့် သူတို့လည်း တပ်နှင့်ထိပ်တိုက်ရင်မဆိုင်ရဲဘဲ ရွာများတွင် လက်နက်တွေဖွက်ကာ အရပ်သားယောင်ဆောင်၍ ပြောက်ကျားစစ်ဆင်၍ နေပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးထွန်းရီ၏ တပ်ခွဲက ကဒူးမနယ်မြေကို စိုးမိုးထားသည့် ရဲဘော်ဖြူများကို ချေမှုန်းရန် တာဝန်ပေးထားခဲ့သည်။ ဗိုလ်ကြီးထွန်းရီက ကျွန်တော်တို့ စစ်ကိုင်းက မြင်းမူမြို့နယ် အညာသား၊ အညာလေ့ တောရွာနေထိုင်မှုကို ကောင်းစွာသိထားသူဖြစ်သည်။ ပွဲရာသီဖြစ်သဖြင့် ထစ်ရွာပြီးတစ်ရွာ ပွဲလမ်းသဘင်ဖြင့် ဆက်တိုက်စည်ကားပုံကို သိသည်။ ထို့ကြောင့် ကဒူးမမှာ ရွာများက တပ်မတော်ရောက်လာသဖြင့် ရပ်ဆိုင်းထားရသော ပွဲမိန့်လာတောင်းသည်။ ဗိုလ်ကြီးထွန်းရီက လိုလိုလားလား ခွင့်ပြုလိုက်သည်သာမက မိမိတို့ရဲဘော်များလည်း ပွဲလာကြည့်ရင်း စောင့်ရှောက်ပေးမည်ဟု ကတိပြုလိုက်သေးသည်။ ရွာစဉ်ပွဲက၍ (၁၀)ရက်ခန့်ကြာသောအခါ အစည်ကားဆုံးရွာကြီးတစ်ရွာကို တပ်နှင့်ဝိုင်းထားပြီး ရဲဘော်ဖြူအားလုံးကို ဖော်ထုတ်ဖမ်းဆီးနိုင်ပုံ၊ ကောက်ရိုးပုံနှင့် ဖျာအောက်တွင် ရဲဘော်ဖြူတို့ လျှို့ဝှက်ဖွက်ထားသော လက်နက်ခဲယမ်းအားလုံးကိုလည်း ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ပါလေသည်။ ထိုညက ပြောက်ကျားစစ်ဆင်ရေးဖြင့် မိမိဘက်မှ ကျည်ဆန်(၁၀)သာ သုံးရပြီး ရန်သူအသေနှစ်ဦး၊ အရှင်(၂၆)ဦး၊ စုစုပေါင်း(၂၈)ဦးနှင့် လက်နက်မျိုးစုံ (၂၇)လက်ရရှိကာ ရဲဘော်ဖြူအားလုံးအား ကဒူးမတွင် မရှိတော့အောင် ရှင်းလင်းနိုင်ခဲ့သည်။ တပ်ခွဲမှူး၏ အရည်အချင်းတော်၍ ကဒူးမတွင် အောင်ပွဲခံနိုင်ခြင်း ဖြစ်ပါလေသည်။

သခင်သန်းထွန်း၏ ဗကပ ဗဟိုအား တပ်ရင်း(၃)ရင်းနှင့် လူသူအရောက်အပေါက်နည်းသောဒေသများ၊ မဟာမြိုင် တောအုပ်များကို အာရုံစူးစိုက်၍ အပင်ပန်းခံ လိုက်လံရှာဖွေ တိုက်ခိုက်၍နေသော်လည်း ရန်သူက နယ်မြေခံဗကပတို့၏ အကူအညီဖြင့် စစ်ကိုင်း၊ မြင်းမူဆိပ်ကမ်းမှ လှေပေါင်းမိုးများဖြင့် ဧရာဝတီအတိုင်း အောက်အရပ်သို့ စုန်ဆင်းသွားလေသည်။ လမ်းခရီး ဗကပ အမာခံများက ကူညီကြသဖြင့် ပြည်မြို့တွင် ဆိပ်ကမ်းပေါ်တက်၍ ပေါက်ခေါင်းမှတဆင့် ပဲခူးရိုးမတောင်ပေါ်သို့ ထွက်ပြေးလွတ်မြောက်သွားပြန်ပါလေသည်။

ယင်းသတင်းကို ခိုင်ခိုင်လုံလုံ တပ်မတော်မှ ရရှိသဖြင့် မောင်ဆွေသက်တို့ တပ်ရင်း(၃)ရင်းနှင့် နယ်မြေခံ ပဲခူးခရိုင်ရှိ တပ်မဟာ(၂)နှင့် တပ်မဟာ(၁၁)တပ်များပါ ဗကပဗဟိုကိုချေမှုန်းရန် ပဲခူးရိုးမစစ်ဆင်ရေးလုပ်ရသည့် မောင်ဆွေသက်၏ တပ်စုက အရပ်သားလို ဝတ်ဆင်ပြီး ကွန်မင်ဒိုလို ပါဝင်ရသည်။ ပဲခူးရိုးမစစ်ဆင်ရေးအသေးစိတ်ကို မောင်ဆွေသက်က ရေးသားထားပါလေသည်။





တပ်ရင်းမှူး အသစ်ရောက်လာသည်။ မောင်ဆွေသက်တို့ တပ်ရင်းသည် စစ်ဆင်ရေးကာလ ကြာလာသဖြင့် လူကြီးများက အနားပေးရန်သင့်ပြီဟု ယူဆကာ တပ်ရင်းသို့ ပြန်နားစေသည်။ ထို့ကြောင့် မော်တော်ယာဉ်တန်းဖြင့် ညောင်လေးပင် ရန်ကုန်သို့ ပျော်ပျော်ပါးပါးပြန်လာရာ ထောက်ကြန့်ကွေ့ရောက်သောအခါ ပြန်မနားရသေးဘဲမှော်ဘီမှတဆင့် ရန်ကုန်ဆိပ်ကမ်းဆင်းရပြီး ချက်ချင်းမြစ်ဝကျွန်းပေါ်ဘက် စစ်ဆင်ရေးဝင်ရန် အမိန့်ရပြန်သည်။ မြစ်ဝကျွန်းပေါ်ရှိ ကေ-အင်-ဒီ-အိုတို့နှင့် တိုက်ပွဲဝင်ရပုံကို ဆက်လက်ခြယ်သထားလေသည်။

ခြေမြန်(-)တပ်ရင်းမှူးသည် ဒုဗိုလ်မှူးကြီးနေထွန်း(စစ်ကိုင်းသား ဂျပန်စစ်တက္ကသိုလ် ဒုတိယအပတ်စဉ်နှင့် နောင်သောအခါ ဇင်းမယ်ကောင်စစ်ဝန် ဗိုလ်မှူးကြီးဖြစ်လာသူ)ရောက်လာ၍ မြစ်ဝကျွန်းပေါ်ပြီးတော့ K.N.D.O တို့ စိုးမိုးထားသည့် သထုံနယ်မြေသို့ တပ်ရင်းလိုက် ရောက်ရှိသွားပြီး သထုံအခြေစိုက်သော K.N.D.O ဗိုလ်လင်းထင်တို့နှင့် တိုက်ပွဲဝင်ရပြန်သည်။ မောင်ဆွေသက်သည် ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလတွင်မင်္ဂလာဒုံရှိ အလယ်တိုင်းတိုင်းစစ်ဌာနချုပ်သို့ စစ်ဦးစီးမှူး (တတိယတန်း)အဖြစ် ပြောင်းရွှေ့အမှုထမ်းရသည်။ တော်လှန်ရေးကောင်စီ တက်လာသည်။ တော်လှန်ရေးကောင်စီခေတ်၌ တပ်မတော်ကစစ်ဆင်ရေးမဟုတ်တော့ဘဲ ပြည်သူလူထုစားဝတ်နေရေးအတွက် ဆောင်ရွက်ရပုံများကို မောင်ဆွေသက်က မှတ်တမ်းတင်ထားလေသည်။

၁၉၆၉ခုနှစ်၊ အောက်တိုဘာလတွင် အိမ်ထောင်ကျနေပြီဖြစ်သော မောင်ဆွေသက်သည် မင်္ဂလာဒုံတိုင်းစစ်ဌာနချုပ်မှ ကချင်ပြည်နယ်၊ ဗန်းမော်၌ တပ်စွဲထားသော ခလရ(-)သို့တပ်ခွဲမှူးဖြင့် ရာထူးတိုးပြောင်းရွှေ့ရသည်။ တပ်ရင်းမှူးနှင့်တပ်ခွဲမှူးများမှာ အတူလုပ်ဖော်များ ဖြစ်ခဲ့သဖြင့် တပ်ရင်းသစ်တွင် ဓာနှင့်နေသားတကျ ဖြစ်လာသည်။ မိသားစုကို ဗန်းမော်တွင်ထားခဲ့ပြီး ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်စပ် လမ်းပန်းလုံခြုံရေးကို တာဝန်ယူရသည်။ မောင်ဆွေသက်အတွက် ကချင်ပြည်နယ်အတွေ့အကြုံသစ် ရေးသားထားသည်ကို ဖတ်ရှုရသည်။ ဗဟုသုတ ဖြစ်ဖွယ်ပင်။

ပြည်တွင်းသောင်းကျန်းမှု အခြေအနေမှာ ပဲခူးရိုးမရှိ သခင်သန်းထွန်း၏ ဗကပဗဟိုကို မိမိ၏တပ်များ မရပ်မနားစစ်ဆင်ရေးကြောင့် ပြိုကွဲလုလုရှိနေ၏။ သို့သော် မမျှော်လင့်ဘဲရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်၌ ဗကပအင်အား[illegible]



www.burmeseclassic.com

www.burmeseclassic.com



မှကြီးထွားလာသည်။ လက်နက်များလည်း မိမိတို့တပ်နှင့်ယှဉ်နိုင်အောင် ကောင်းမွန်လာသည်။ နယ်စပ်၌ မိမိ၏ တပ်များအား ထောင်နှင့်ချီသော အင်နှင့် အားနှင့်ဖိပြီး ထိုးစစ်ဆင်လာသောကြောင့် တပ်မတော်က မဟာဗျူဟာ ကွပ်ကဲမှု ဌာနချုပ်ကို လားရှိုးမြို့၌ ချက်ချင်းဖွဲ့စည်းလိုက်ရသည်။ မိမိဘက်မှ တပ်အင်အားလည်း သိသိသာသာ တိုးချဲ့လိုက်သည်။ ယင်းမဟာဗျူဟာကွပ်ကဲရေးဌာနချုပ်သို့ စာရေးသူ မောင်ဆွေသက်တစ်ယောက် ဗိုလ်မှူးအပွင့်မတပ်ခင် စစ်ဦးစီးမှူး(ဒုတိယတန်း) ဂျီတူးအဖြစ် ၁၉၇၀ပြည့်နှစ်တွင် ချက်ချင်းပြောင်းရွှေ့ တာဝန်ယူရပြန်လေသည်။

မကြုံစဖူး ရန်သူ့အင်အားကြီးမားလာသဖြင့် ရှမ်းပြည်မြောက်ပိုင်းရှိ မုန်းကို ဖောင်းဆိုင် ကျူကုတ်နှင့် လုံထန်းတို့ ဗကပလက်ထဲကျသွားသည်။ မဟာဗျူဟာ ကွပ်ကဲမှုအောက်တွင် ကြီးကျယ်သော ဗကပနှင့်စစ်ဆင်ရေး ပြုလုပ်ရ၏။ ဝနယ်၊ ကိုးကန့်တိုက်ပွဲများ၊ လားရှိုးနားထိ ရန်သူထိုးဖောက်လာနိုင်ပုံများကို မောင်ဆွေသက်က ဂျီတူးပီပီ နေ့စွဲနှင့်မှတ်တမ်းတင်ထားခဲ့လေသည်။

မိမိတပ်မတော်မှ လေတပ်သူရဲကောင်းများ၊ လက်နက်ကြီးများ စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့ပုံ၊ မိမိလေသူရဲကျဆုံးပုံ၊ လေယာဉ်ပါ ဆုံးရှုံးရပုံများကိုလည်း ဖတ်ရှုရလေသည်။ အထူးသဖြင့် မုန်းစီတိုက်ပွဲ၊ ကွမ်းလုံ ရက်လေးဆယ်တိုက်ပွဲ၊ ဟိုက်ကမ်းပါးတိုက်ပွဲတို့မှာ တကယ့်သမိုင်းဝင် တိုက်ပွဲများပေတည်း။

၁၉၇၂၊ မေလတွင် မောင်ဆွေသက်သည် ဗိုလ်မှူးတံဆိပ်တပ်ထားပြီး မန္တလေးပုသိမ်ကြီးတွင် တပ်ရင်းရုံးစိုက်ထားသော "ဖိုးဂေါ်ရခါး"ခြေလျင်တပ်ရင်း (-)သို့ ယာယီတပ်ရင်းမှူးအဖြစ် ရာထူးတိုး တာဝန်ယူရပါလေသည်။ တပ်ရင်းမှူးသစ် ဗိုလ်မှူးညွန့်ဆွေသည် မကြာခင် မိတ္ထီလာတပ်မ (-)တွင် တပ်ရင်းမှူးသင်တန်းတက်ရသည်။ ကျောင်းဆင်းပြီး ချက်ချင်းလိုလိုပင် ဖိုးဂေါ်ရခါး တပ်ရင်းတစ်ခုလုံးနှင့် ခလရ(-)တို့သည် ညောင်လေးပင်ကို အခြေပြုသော တပ်မ(-)အောက်သို့ နယ်မြေစိုးမိုးရေး၊ ရန်သူတိုက်ထုတ်ရေး တာဝန်ယူရလေသည်။ ရန်ကုန်-တောင်ငူ ကားလမ်းနှင့် ပဲခူးရိုးမကြား KNDO တို့အား တိုက်ပွဲဆင်ရပုံကို ရေးသားထားလေသည်။

တပ်ရင်းမှူးဘဝသည် တပ်မတော်၌ အဓိကကျသော နေရာဖြစ်သည်။ တပ်၏စည်းလုံးညီညွတ်မှု၊ ရဲဘော်စိတ်ရှိမှု၊ တိုက်ပွဲတိုင်း အကျအဆုံးအနည်းဆုံးနှင့် သတ္တိရှိရှိ အောင်နိုင်မှုအတွက် တပ်ရင်းမှူးအပေါ် တည်နေသည်။ ထို့အပြင်





တပ်ရင်းမှူးအားတပ်မတော်မှတရားစီရင်ခွင့် အာဏာ၊ အုပ်ချုပ်ရေးအာဏာ စသည်တို့ပါ ပေးအပ်ထားသဖြင့် မှန်ကန်သောတရားသူကြီးဖြစ်ရေး၊ စီမံခန့်ခွဲမှု အုပ်ချုပ်ရေးကျွမ်းကျင်သူဖြစ်ရေး၊ တပ်ရင်းရှိအရာရှိအကြပ်တပ်သားသာမက ယင်းတို့၏ အိမ်ထောင်သည်များ၏ လေးစားချစ်ခင်အပ်သည့် မိဘသဖွယ်ဖြစ်ရေး တို့ကလည်း မရှိမဖြစ်လိုအပ်ချက် အရည်အချင်းများဖြစ်ပါလေသည်။

တပ်ရင်းမှူးမောင်ဆွေသက်သည် ခလရ(-)ဂေါ်ရခါးတပ်ကို အုပ်ချုပ်ရာ၌ ဖော်ပြပါအရည်အချင်းများ ပြည့်စုံသဖြင့် တပ်၏ဂုဏ်သတင်းသည် မွှေးကြိုင်လျက်ရှိနေပါသည်။ တိုက်ပွဲတိုင်းလိုလို သူရသတ္တိပြနိုင်ပြီး အရှုံးမရှိသလောက်နိုင်ပွဲသာများသဖြင့် နာမည်ကောင်းနေသည့် တပ်မတော်မှ ပေးအပ်လာသော သူရသတ္တိဆိုင်ရာ ဂုဏ်ထူး၊ ဘွဲ့ထူးများ ရယူထားသည့် တပ်ရင်းလည်းဖြစ်ပါသည်။

၁၉၇၃ခုနှစ်၊ တတိယလေးလပတ်ကာလမှာ အရှေ့မြောက်ပိုင်း စစ်ဌာနချုပ် နယ်မြေသို့ ခလရ(-)တပ်ရင်းတစ်ရင်းလုံး စစ်ဆင်ရေးတာဝန်ဖြင့် ဝင်ရောက်တာဝန်ယူရလေသည်။ ၁၉၆၈/၆၉ မှစ၍ စစ်ရေးလှုပ်ရှားမှု ပြင်းထန်လာသော နယ်ခြားဗကပများအား မိမိဖက်မှ တပ်မဌာနချုပ်နှစ်ခု၊ တပ်ရင်း(၁၆)ရင်းဖြင့် တန်ပြန်ချေမှုန်းနေသော ကာလဖြစ်ပါသည်။

မောင်ဆွေသက် ဦးဆောင်ရသည့် ဂေါ်ရခါးတပ်ရင်းသည်လည်း ယင်းနယ်မြေ၌ ကြီးကျယ်သောတိုက်ပွဲများဖြင့် ဗကပတို့အား တိုက်ရသည်။ အထူးသဖြင့် ဝနယ်မြောက်ပိုင်း နယ်စပ်မျဉ်းအနီး ပါဝင်ရသော "မန်ညက်တိုက်ပွဲ"ဖြစ်သည်။ ခက်ခက်ခဲခဲ အောင်မြင်မှု ရလိုက်ပါ၏။ ဗကပတို့သည် နယ်ခြားမျဉ်းသာမကတော့ဘဲ မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ ကွမ်းလုံ(ကိုးကန့်)ဒေသတို့အထိ ထိုးဖောက်ဝင်ရောက်လာနိုင်သဖြင့် ယင်းနယ်မြေများတွင် တပ်မတော်နှင့် အကြီးအကျယ် စစ်ပွဲတွေ ပေါ်ပေါက်လာခဲ့ပြန်သည်။ "မန်လင်ဗေုးတောင်စခန်းဌာနချုပ်တိုက်ပွဲ" မူဆယ်မှ မဆုတ်တမ်းခံစစ်၊ ဗကပနှင့် ကေအိုင်အေတို့၏ ပွိုင့်(၄၅၆၁)တိုက်ပွဲမှ "နားတီဒေသတိုက်ပွဲ"များသည် ပြောက်ကျားစစ်ဆင်ရေး မဟုတ်တော့ဘဲ တကယ့်အဆင့်အတန်းမြင့် သမားရိုးကျ စစ်ဆင်ရေးများဖြစ်သဖြင့် မောင်ဆွေသက်က အသေးစိတ်ခြယ်သထားသည်ကို သေသေချာချာ ဖတ်ရှုသင့်သည်ဟု ယူဆပါသည်။

ခလရ(-)သည် စစ်ဆင်ရေး(၆)လအတွင်း လက်စွမ်းထက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးများက တပ်ရင်းသို့ပြန်၍အနားယူရန် ခွင့်ပြုလိုက်လေသည်။ သို့ဖြင့် ပျော်ပျော်ပါးပါး တပ်ရင်းလိုက် မော်တော်ယာဉ်တန်းဖြင့် ပြန်လာရာ လမ်းခုလတ် ကွတ်ခိုင်မြို့အရောက်တွင် တိုင်းမှူးနှင့်တပ်မမှူးတို့က စောင့်နေကြသည်။ ရန်သူ ဗကပတို့၏ တပ်မဟာ(၁၂)သည် သံလွင်မြစ်၏ အနောက်ဘက်ကမ်းသို့ ရုတ်တရက် ဝင်ရောက်လာပြီး သံလွင်မြစ်နှင့် သုံးမိုင်ကွာ 'ပုံထုံ'ရွာသို့ရောက်နေပြီး ဂေါ်ရခါး တပ်သည် တပ်ရင်းသို့အနားယူရန်မပြန်ရသေးဘဲ ဝင်တိုက်ပေးရန် လူကြီးများ ကိုယ်တိုင်မေတ္တာရပ်ခံလာသဖြင့် စစ်သားသည် အမိန့်ကိုနာခံရမည်ဟူသော အစဉ်အလာအတိုင်း ဗကပတို့အား ဝင်တိုက်အောင်ပွဲဆင်ပေးရသေးသည်။

တပ်ရင်း၌ အနားယူနေစဉ် နန်းတွင်းတိုင်း စစ်ဌာနချုပ်၌ ဦးစီးချုပ်ကိုယ် တိုင်ရောက်ရှိလာပြီး မြေပုံခန်း၌ ဦးစီးချုပ်က လိုရင်းကိုပြောသည်။ "ညက မိုးမိတ်ကိုဗကပတွေဝင်တိုက်တယ်။ မနက်အစောကြီးကျသွားတယ်။ ခလရ(-) နဲ့ အဆက်အသွယ်မရဘူး။ မိုးမိတ်လေဆိပ် Tower က သတင်းပို့တာ။ ဒီမနက်အထိ မိုးမိတ်မြို့ထဲမှာ ဗကပတွေရှိနေတယ်။ ဗကပတွေ မိုးမိတ်မြို့ထဲမှာ ကြာကြာ မထားနိုင်ဘူး။ ခင်ဗျားတပ်ရင်းနှင့် အခုတက်သွားပြီး အမြန်ဆုံးတိုက်ထုတ် ပါ။ ဗကပဆုတ်သွားရင်လည်း တောက်လျှောက်လိုက်တိုက်ပါ"ဟု အရေးတကြီး အမိန့် ပေးသောကြောင့် ခလရ(-)မိုးကုတ်မြို့မှပြန်ရောက်စ မန္တလေးသကြ်န်နွဲပျော် ရန် အစီအစဉ်ကိုပယ်ဖျက်ကာ ရုတ်တရက်မိုးမိတ်သို့ စစ်ထွက်ခဲ့ရပြန်သည်။ မိုးမိတ်တွင် ခလရ(-)မှတပ်မှူးပါ ကျဆုံးသွားပြီး မြို့ထဲတွင် အလောင်းချင်းထပ် ပျက်စီးနေပါ လေသည်။ မောင်ဆွေသက်တို့ အချိန်မီရောက်လာပြီး ဗကပတို့အား တိုက်ထုတ် နိုင်ခဲ့လေသည်။

မောင်ဆွေသက်သည် ခလရ(-)တွင် တပ်ရင်းမှူးအဖြစ် ငါးနှစ်တာကာလ အမှုထမ်းပြီးနောက် တပ်မ(-)သို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ဒုဗိုလ်မှူးကြီး)အဖြစ် ပြောင်းရွှေ့မိန့်ရလာသည်။ ကကကြည်း လေးလပတ် စစ်ဆင်ရေးမှ ပြန်လာသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးကြီးစောမောင်မှာ မောင်ဆွေသက် ၏တပ်မမှူးဖြစ်ခဲ့သဖြင့် မန္တလေးဘူတာသို့ ဆင်းကြိုသည်။ တိုင်းမှူးကြီးက နှစ်ယောက်ချင်းခေါ်ပြောသည်မှာ "ကိုဝမ်းတင်(တပ်မ(-) တပ်မမှူး)ကို လူကြီး တွေ ခိုင်းထားတာရှိတယ်။ ခင်ဗျားအမြန်သွားပြီး ကူလိုက်ပါ"ဟုပြောသည်။ ထို့ကြောင့် မောင်ဆွေသက်သည် ချက်ချင်းမိသားစုခေါ်ပြီး ရန်ကုန်-မှော်ဘီရှိ





တပ်မ(-)သို့ သတင်းပို့ရသည်။ တပ်မမှူးသည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းအစပ်၌ရှိသော ကျေးသီးမန်ဆန်ရှိ တပ်မရှေ့တန်းဌာနချုပ်ရုံးသို့ သွားနှင့် နေလေပြီ။ ထို့ကြောင့် မောင်ဆွေသက်သည် မိသားစုကိုမှော်ဘီ၌ထားခဲ့ပြီး ရှေ့တန်းသို့ အမြန်လိုက်သတင်းပို့ရလေသည်။

တပ်မ(-)၏ အဓိကတာဝန်မှာ ဝနယ်တွင် အခြေစိုက်ထားသော အင်အား ကြီးမားသည့် ဗကပဌာနချုပ်က သူ၏တပ်များကို သံလွင်မြစ်ကို ကူးဖြတ်စေ၍ ရှမ်းပြည်နယ်အတွင်း ခြေကုပ်ယူရန် ကြိုးစားနေသော ဗကပများအား သံလွင်မြစ် အရှေ့ဘက်သို့ ပြန်လည်မောင်းထုတ်၍ ခြေကုပ်ယူမည့် သူတို့၏ မဟာစီမံကိန်းကို ဖျက်ရန်ဖြစ်သည်။ မောင်ဆွေသက်သည် တပ်မ(-)၏ ညှိနှိုင်းကွပ်ကဲရေးမှူးအဖြစ် သို့မဟုတ် နည်းဗျူဟာတစ်ခုကိုလည်း ဦးစီးရကာ ယင်းတာဝန်ကို ထမ်းဆောင်ရ သည်။ တပ်မ(-)တပ်မမှူးအသစ် ဗိုလ်မှူးကြီးချစ်ဆွေ ရောက်လာသည်။ ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလတွင် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးစိန်အောင်သည် မန္တလေး နမခသို့ ဒုတိုင်းမှူးအဖြစ် ပြောင်းရွှေ့ရပြန်သောကြောင့် မောင်ဆွေသက် ဒုတိယ တပ်မမှူးအဖြစ် တာဝန်တိုးတက် ထမ်းဆောင်ရပါလေသည်။ တပ်မ(-) လက်အောက်တွင် တပ်ရင်း(၁၀)ရင်း အင်အားရှိလေသည်။ တိုက်ပွဲကြီးများလိုလို အနိုင်ရအောင်ပွဲဆင်ကာ သမိုင်းမှတ်တမ်းတင်ခဲ့သော တပ်မ(-)သည် မကြာခင် မှာပင် အထက်လူကြီးများကိုယ်တိုင် ချမှတ်ပေးသည့် ၁၉၇၉ ခုနှစ်တွင် "မော်ဖ နယ်မြေသိမ်းပိုက်စိုးမိုးရေး အခွင့်ထူးကြီးကို လက်ဝယ်ရရှိပြန်လေသည်။"

## သမိုင်းဝင်မော်ဖစစ်ဆင်ရေးကြီး

စစ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများက မော်ဖဒေသသို့ အမြန်ဆုံးဦးစားပေး တိုက်ခိုက်သိမ်းယူတပ်ဖွဲ့ရန် ဆုံးဖြတ်လိုက်ရပုံ နောက်ခံသမိုင်းတစ်ကွေ့ရှိနေပါလေ သည်။ ဗကပ ဗဟိုသည် ရှမ်းပြည်နယ် ဝနယ်နှင့် နယ်ခြားဒေသတွင် ချက်ချင်း ဆိုသလို အင်အားကြီးထွားလာခဲ့ပါ၏။ ဝနယ်တိုင်းရင်းသား၊ ကိုးကန့်တိုင်းရင်းသား အထူးသဖြင့် အရွယ်ကောင်းလူငယ်များသည် မိမိတို့သိတတ်သည့်အရွယ်မှစ၍ လက်နက်ဟူသမျှ ချစ်မြတ်နိုးသည်။ ကိုင်ဆောင်၍ ခရီးသွားလိုကြသည်။ ဝနယ် ဆိုလျှင် အင်္ဂလိပ်အုပ်စိုးစဉ်ကာလက လူငယ်များသည် သေနတ်ကိုင်ခွင့် မရသဖြင့် ဓားကိုအမြဲတမ်းဆောင်တတ်သည်။ ရှေးရှေးတုန်းက တစ်ဦးနှင့်တစ်ဦး မတည့်ကြ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ခေါင်းဖြတ်၍ အငြိုးထားကြကာ ဗကပတို့ခေတ်အထိ ခေါင်းဖြတ်သော ဓလေ့ အချို့နေရာ၌ ရှိနေသေးသည်ဟု ဆိုပါသည်။

စစ်စိတ်စစ်သွေးတက်ကြသော လူငယ်များသည် လက်နက်စွဲကိုင်လိုတာ သာမက ယူနီဖောင်းဝတ်ရသော စစ်သားကြီးဖြစ်ရတာကိုပင် အလွန်အမင်း မက်မောနေလေသည်။ ယင်းအကြောင်းကို ကောင်းစွာသိသော ဗကပတို့သည် အခွင့်အရေး ရလာသဖြင့် ဗကပ တပ်မတော်ကို ပြန်ဖွဲ့ကြသည်။ ယူနီဖောင်းအစိမ်းရောင် တောက်တောက်ပြောင်ပြောင်ကို ဝတ်ရပြီး လစာကြေးငွေပါပေးသောကြောင့် ဗကပတပ်ထဲ ကိုးကန့်သားတွေ လိုမ့်ဝင်လာကြပါလေသည်။

တောင်ပိုင်း ဝနယ်၏ မြို့တော်ဟု ခေါ်ဆိုရမည့် 'ပန်ဆန်း'သည် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းဖြစ်သော နမ့်ခချောင်းပေါ်တွင် တည်ရှိသည်။ ချောင်းတစ်ဖက်က တရုတ်ပြည်၊ ချောင်းသည်ဘက်က မြန်မာနိုင်ငံ ဖြစ်ပါလေသည်။ သူတို့မြို့တော် ပန်ဆန်းတွင် မီးစက်ရုံရှိ၍ မီးများထိန်ထိန်လင်းနေသည်။ ထို့အပြင် အမှတ်(၇၇၄)၊ ဗဟိုလက်နက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံရှိသည်။ ပုံနှိပ်လုပ်ငန်းနှင့် အသံလွှင့်ရုံလည်းရှိသည်။ ဒါတင်မကသေး လူတစ်ထောင်ဆံ့သည့် ပြည်သူ့ခန်းမဆောင်ကြီးနှင့် ရုံးဌာနအသီးသီးကလည်း ဟီးနေအောင် ဆောက်လုပ်ထားပါလေသည်။ မြို့တော်ဗဟိုမှ အနောက်ဘက် ဝဒေသကိုဖြတ်ပြီး သံလွင်မြစ်ကို ကူးလိုက်သည်နှင့် မိမိတို့တပ်မဌာနချုပ်ရှေ့တန်းရုံးရှိရာ မိုင်းရှူးသို့ရောက်ပြီး မိုင်းရှူးမှမိုင်းကိုင်ကိုဖြတ်လိုက်သည်နှင့် တောင်ကြီးရောက်သည်။ ထို့ကြောင့် ဤလမ်းသည် မြန်မာနိုင်ငံအတွင်းပိုင်းသို့ ထိုးဖောက်ဝင်ရောက်ရန် အကောင်းဆုံးလမ်းကြောင်းပါတည်း။

ဗကပ ဗဟိုမှ ဖွဲ့ထားသော တပ်သားသစ်များအနက် တပ်မဟာ(၁၂)၊ တပ်မဟာ(၆၈၅)နှင့် တပ်မဟာ(၈)တို့သည် ဝနယ်မြောက်ပိုင်း ပန်လုံ၊ ဟိုပန်နှင့် ကျိုင်းတုံဘက်တို့တွင် ထိန်းချုပ်ထားနိုင်သည်။ ထို့ကြောင့် သံလွင်မြစ်၏ အရှေ့ဘက်မြောက်ပိုင်းဝနှင့် တောင်ပိုင်း ဝနယ်အထိ ဗကပတို့က လွတ်မြောက်သော နယ်မြေအဖြစ် ကြေညာထားပါလေသည်။

ထို့အပြင် ဗကပ ဗဟိုသည် အထက်ဖော်ပြပါ မိုင်းရှူး၊ မိုင်းကိုင်လမ်းအတိုင်း သူ၏ ဗကပတပ်မဟာ (၆၈၃)ကို ရှမ်းပြည်နယ်တောင်ပိုင်း ယခုဗထူးမြို့အထက် အင်တော ကျောက်ဂူစခန်းသို့ တိတ်တဆိတ် စေလွှတ်တပ်စွဲနိုင်ကြသည်။ ၁၉၅၂-၅၄ခုနှစ်က ကျွန်တော်သည် ကလောတွင် ရုံးစိုက်သော တပ်မဟာ





၄ တပ်မင်းအဖြစ် တာဝန်ယူရချိန် ဖြစ်ပါသည်။ ရှမ်းပြည်နယ်၏ လုံခြုံရေးကို တပ်မဟာ(၄)က တာဝန်ယူရပါသည်။ တစ်နေ့စစ်ရုံးမှ လူကြီးများရောက်လာပြီး ရှမ်းပြည်နယ်တွင် မြေလွတ်မြေရိုင်းနှင့် တောင်ကမူတွေပေါသည်။ စစ်ကျောင်းကြီးများဖွင့်ရန် မြေလိုကြောင်း၊ မိမိအား တာဝန်ပေးလာသောကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းအနှံ့လိုက်ပြရာ ရပ်စောက်စော်ဘွားပိုင် ကွင်းကြီးကို သဘောကျသဖြင့် တပ်မတော်၏ လေ့ကျင့်ရေးမြို့သစ် တည်ထောင်ရန် ရွေးချယ်ပေးလိုက်ပါလေသည်။ ယခု ဗထူးစစ်မြို့ဟူ၍ ဖြစ်ပေါ်လာပါ၏။ အဆောက်အအုံပေါင်းများစွာကိုလည်း မြန်မြန်အကောင်အထည်ဖော်လိုသောကြောင့် တပ်မတော် G.E စနစ်နှင့် မဆောက်တော့ဘဲ အပြင်ကန်ထရိုက်သုံးဦးဖြင့် တည်ဆောက်ခဲ့ရာ တစ်နှစ်အတွင်း လုံးဝပြီးစီးသွားသည်။ ဗထူးမြို့အပြင်စည်း လုံခြုံရေးအထိ တပ်မဟာက တာဝန်ယူရသည်။ သည်အချိန်၌ ဗထူးတပ်မြို့၏ မြောက်ဘက် မဝေးတဝေး ခရီးဖြစ်သော အင်တောနှင့်ကျောက်ဂူ၌ ဗကပတို့ နေရာယူထားနှင့်ပြီး ဖြစ်ပါသည်။ နယ်မြေတာဝန်ခံမှာ ဂျပန်ပြည် စစ်တက္ကသိုလ် ပထမအပတ် ကျောင်းနေဘက်ဖြစ်သော ဗကပ ဗဟိုကော်မတီရဲဘော်ပုခေါ် ဗိုလ်ပုဖြစ်သည်။ သူတို့လည်း မည်သို့မျှ လှုပ်ရှားမှုမရှိ။ ကျွန်တော့်တွင်လည်း တိုက်ခိုက်သိမ်းယူတပ်စွဲထားရန် တပ်အပိုမရှိ။ ရှိသောတပ်များကလည်း အခြားစစ်မျက်နှာတို့နှင့် K.N.D.O များ ပြည်ပကျူးကျော်သူ တရုတ်ဖြူတပ်များနှင့် စစ်ဆင်ရေးလုပ်နေရ၍ ဖြစ်ပါသည်။

ဗိုလ်ပုသည် အင်တောကျောက်ဂူ၌ အခိုင်အမာစည်းရုံးပြီးသောအခါ ကစ်ဆင့်တက်၍ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသသို့ ထိုးဖောက်လာကာ စည်းရုံးရေးနယ်မြေ စိုးမိုးရေးများ လုပ်လာပြန်သည်။ သည်တော့ တပ်မတော်က သည်အတိုင်းကြည့်နေ၍ မဖြစ်တော့ ရသမျှတပ်နုတ်၍ စစ်ဆင်ရေးပြုလုပ်ရရာ မကြာခင် ဗိုလ်ပုကို အသေမိလိုက်သဖြင့် ဗကပတို့၏ စီမံကိန်းပျက်ပြားသွားခဲ့ရဖူးလေသည်။

ယခု မောင်ဆွေသက်တို့ခေတ် ၁၉၇၉ခုနှစ် ရောက်သောအခါ ဝနယ်ရှိ ဗကပတို့သည် အင်အားကြီးထွားလာပြန်သောကြောင့် ရှမ်းပြည်နယ်အတွင်း ထိုးဖောက်ရေး၊ နယ်မြေစိုးမိုးရေး မဟာစီမံကိန်းကို ပြန်လည်အသက်သွင်း ပါလေပြီ။ ယင်းအချက်များကြောင့် စစ်ရုံးမှ လူကြီးများက မော်ဖစစ် လုပ်ရန် ဆုံးဖြတ်ခြင်းဖြစ်သည်။ စစ်ရုံးမှ လေတပ်၊ အမြောက်တပ်၊



www.burmeseclassic.com

www.burmeseclassic.com



တပ်စသော စစ်လက်ရုံးတပ်များ၊ ထောက်ပို့တပ်များ အထူးတွဲဖက်ပေးမည်ဟု အမိန့်ရရှိပါလေသည်။

မည်သူ့ကို ဦးဆောင်ကွပ်ကဲတိုက်ခိုက်ရန်တာဝန်ပေးမည်နည်း။ မည်သည့်တပ်ရင်းတပ်ဖွဲ့များကို စစ်ဆင်ရေး၌ အသုံးပြုမည်နည်း စသည်ကို မိုင်းရှူးရှိ ရှေ့တန်းတပ်မ(-)မှာ အစည်းအဝေးထိုင် တိုင်ပင်ကြသည်။ တပ်မ (-)၌ တိုက်ပွဲကို ဦးဆောင်နိုင်သည့် အရည်အချင်းပြည့်ဝသော ဗျူဟာမှူးသုံးဦး နှင့် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေတို့ ရှိကြရာ ဗိုလ်မှူးကြီးညွန့်ဆွေက သူဦးစီးပြီးတိုက်ပါမည်ဟု (Volunteer)လုပ်သဖြင့် အားလုံးကသဘောတူကြသည်။ မောင်ဆွေသက်၏ ခမရ (-)ဒုဗိုလ်ဘဝမှ တပ်ခွဲမှူးအဖြစ်တာဝန်ယူခဲ့သော ဗိုလ်ကြီးထွန်းရီသည် အခုရှေ့တန်း စစ်မျက်နှာတွင် မဟာဗျူဟာကွပ်ကဲမှု ဌာနချုပ်ကိုဖျက်သိမ်း၍ အသစ်အစားထိုးဖွဲ့စည်းလိုက်သော အထူးစစ်ဆင်ရေးကွပ်ကဲမှု(ကစထမှူး)ဗိုလ်ချုပ်ထွန်းရီ(နောင်တွင် ဒုကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး)ကလည်း သဘောတူလိုက်ပါသည်။ တပည့် မောင်ဆွေသက်အားလည်း စစ်ဆင်ရေး၌ ကြုံတွေ့ရမည့် အခက်အခဲများ၊ ဖြေရှင်းရမည့်နည်းလမ်းများကိုလည်း ဗိုလ်ချုပ်ကိုယ်တိုင်မှာကြားလိုက်ပါလေသည်။

ဤတွင် မော်ဖစစ်ဆင်ရေးမှာ တကယ့် နိုင်ငံတကာအဆင့်ရှိ Classic Battle တိုက်ပွဲကြီးဖြစ်သည်။ နိုင်ငံခြားစစ်ကားကို ကြည့်နေရသလို ခံစားရသည်။ ပြီးတော့ တိုက်ပွဲမှာ ပြင်းထန်လွန်းသဖြင့် ချက်ချင်းသိမ်းနိုင်သည် မဟုတ်ပါ။ အမြောက်တွေ၊ နောက်ပွင့်တွေ၊ လေကြောင်းတိုက်ခိုက်မှုတွေ၊ ရန်သူတောင်ကုန်းပေါ်၌ နှစ်ဦးနှစ်ဖက် ဘတစ်ပြန်ကျားတစ်ပြန် နပန်းလုံးရပုံတွေ၊ သိမ်းပိုက်လိုက်၊ ပြန်ဆုတ်လိုက်နှင့် ခက်ခက်ခဲခဲ တိုက်ယူရပြီး နောက်ဆုံးတော့ မျိုးချစ်စိတ်နှင့် သူရသတ္တိက တိုက်ပွဲကို အဆုံးအဖြတ်ပေးပုံတို့ကို မောင်ဆွေသက်က အတော်လေး အသေးစိတ်ခြယ်သထားပါလေသည်။ ကျွန်တော်ကြည့်ဖူးစွဲလမ်းလျက်ရှိသော ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စိတ်ဓာတ်ခိုင်မာ၍ ဖွဲကြီးလှသော ဂျပန်ခံစစ်ကို အင်အားကြီးမားသော အမေရိကန်တပ်များက ရေတပ်၊ လေတပ်အကူအညီဖြင့် တအားဖိတိုက်ရာ နောက်ဆုံးဂျပန်တို့က အသက်ပေးဆုံးရှုံးလိုက်ရသည်။ 'အိုင်အိုးဂျီးမား' ရုပ်ရှင်ကားကို သွားသတိရမိပါသည်။ အိုင်အိုးဂျီးမား တိုက်ပွဲ နောက်ဆုံးအဆင့်၌ အမေရိကန်တပ်သားများက သူတို့နိုင်ငံတော်အလံကို သိမ်းပိုက်လိုက်သော တောင်ကုန်းပေါ်၌ အောင်လံစိုက်ထူနေသည့်ပုံရိပ်ကို မြင်ယောင်နေမိပါသည်။





တို့ကြောင့် ယခု မော်ဖတိုက်ပွဲအကြောင်း မောင်ဆွေသက်က အစမှအဆုံး ရေးသားမှတ်တမ်းတင်ထားပုံကို ကျွန်တော်က ရေးတာထက် ကာယကံရှင်ကိုယ်တိုင် ရေးသားတင်ပြထားသည်ကို အစမှအဆုံး အေးအေးဆေးဆေး အချိန်ယူဖတ်ရှုလေ့လာခြင်းဖြင့် စစ်ကားကောင်းကြည့်ရသလို ခံစားနိုင်ကြစေလိုပါသည်။

တိုက်ပွဲကို ဦးဆောင်ခဲ့သော ဒုတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေသည် အဓိကရန်သူ့စခန်းဖြစ်သော ပွိုင့်(၆၀၂၈)ကို သိမ်းပိုက်ပြီးနောက် ဒီဇင်ဘာ ၂၀ရက်နေ့ နံနက် ၁၀း၁၀နာရီအချိန်တွင် ပန်ခါးပွိုင့်(၆၀၂၈)မှ ပွိုင့်(၆၀၀၀) တောင်သုံးလုံးတစ်ကြောလုံး ရှင်းလင်းသိမ်းပိုက်အောင်မြင်ပါလေသည်။ သူကိုယ်တိုင် တိုက်ပွဲဖြစ်ပွားရာ၌ မိမိတို့၏နောက်ပွင့် အမြောက်နှင့်လေတပ်မှ ကြေမွနေအောင် ဗုံးကြဲပစ်သတ်ထားမှုများ အထူးသဖြင့် မိမိတို့အမြောက်တပ်မှ ဟောင်ဝစ်ဇာအမြောက်ကြီးနှင့် အခြားအမြောက်များ၏ ထိရောက်စွာပစ်ခတ်မှုကြောင့် ရစရာမရှိအောင် ပျက်စီးသွားသော ရန်သူ့ဘန်ကာများ၊ ကျကျန်ရစ်သော ရန်သူ့အလောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးရင်း သတိရသွားဟန်ဖြင့် ချက်ချင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို သစ်ပင်ထိပ်တွင် တလူလူလွှင့်ထူလိုက်ပါသည်။ ပြီးတော့ ရှိသမျှရဲဘော်များကို တန်းစီစေကာ နိုင်ငံတော်အလံကို အလေးပြုသည်။ နောက် မော်ဖတိုက်ပွဲအောင်နိုင်ရေးအတွက် အသက်ပေးလှူသွားသော နောင်တွင် သီဟသူရဘွဲ့ချီးမြှင့်ခြင်းခံရမည့် ဗိုလ်မှူးမောင်ရီနှင့် အရာရှိ(၄)ဦး စစ်သည်(၄၇)ဦးတို့အား လှိုက်လှဲစွာအလေးပြု ဆုတောင်းပတ္ထနာ ပြုလိုက်ပါလေသည်။

ယင်းတောင်ကုန်းမှာ ဤဒေသတွင် အမြင့်ဆုံးသေနင်္ဂဗျူဟာမြောက် အရေးပါသော တောင်ဖြစ်သဖြင့် ရှေ့တည့်တည့်လှမ်းမျှော်ကြည့်လိုက်သောအခါ ဗကပဌာနချုပ်ကို ကောင်းစွာမြင်တွေ့နေရပြီး ဗကပမြို့တော်ပန်ဆန်းကို ရေးတေးတေး မြင်နေရပါလေသည်။

ကျွန်တော်အဖို့တော့ ကျွန်တော်ကိုယ်တိုင်လည်း ပြည်တွင်းပြည်ပ ရန်သူများအား တိုက်ခိုက်အောင်မြင်ခဲ့သူ တစ်ဦးအနေဖြင့် ဤမော်ဖတိုက်ပွဲတစ်ခုတည်းဖြင့်ပင် ဗိုလ်မှူးကြီးညွန့်ဆွေအား သူရသတ္တိရှိသော မြန်မာ့တပ်မတော်၏ စိတ်ချယုံကြည်ရသော တိုက်ခိုက်ရေး တပ်မှူးကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ၏ အမှာစာ-

ဒီကနေ့စနေနေ့၊ အားလပ်တဲ့နေ့ဖြစ်တာမို့၊ ကျွန်တော့်အိမ်ဧည့်ခန်းဆောင်မှာ တစ်ယောက်တည်းသတင်းစာဖတ်နေတုန်းမမျှော်လင့်ဘဲ ဗိုလ်မှူးကြီးညွှန့်ဆွေ(ငြိမ်း) ရောက်ရှိလာပြီးသူရေးထားတဲ့ စာရွက်ထုတ်ကြီးကိုပေးကာ ဆရာသမားဖတ်ကြည့်ပြီး အမှာစာရေးပေးပါဦးလို့ ပြောလာပါသည်။

ဘာတွေလဲဗျလို့မေးတော့ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်ကျော်လောက်ကဆရာသမားနဲ့အတူတူ အမှတ်(–)ခြေမြန်တပ်ရင်းမှာ တာဝန်ထမ်းဆောင်ခဲ့ကြစဉ်က တိုက်ပွဲအတွေ့အကြုံကလေးတွေနဲ့။

၁၉၅၉ ခုနှစ်လောက်က ကျွန်တော်တပ်မ(–)မှာ ဒု–တပ်မမှူး တာဝန်ထမ်းဆောင်စဉ်ဘဝမှာသံလွင်မြစ်ကို ဖြတ်ကျော်တိုက်ခိုက်ခဲ့ရတဲ့ မော်ဖဒေသ စစ်ဆင်ရေးတွေကို မှတ်မိသလောက်ရေးထားတဲ့ စစ်မှတ်တမ်းတွေပါပဲ။

ကျွန်တော်အကြမ်းဖျင်းဖတ်ကြည့်လိုက်တော့ သူ့ရဲ့မှတ်တမ်းမှာ ကျွန်တော် ကိုယ်တိုင်ကွပ်ကဲတိုက်ခိုက်ခဲ့ရတဲ့တိုက်ပွဲတွေရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်နေတာကို တွေ့ရပြန်ပါတယ်။

ဒီတော့လည်း ကျွန်တော်အတိတ်ဘဝကို ပြန်ပြောင်းစဉ်းစားရပါတော့တယ်။

၁၉၅၇–၅၈ ခုနှစ် ကျွန်တော်အမှတ်(–) ခြေမြန်တပ်ရင်းမှာ တပ်ခွဲမှူး ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်က စစ်ဆင်ရေးထွက်ရန် ပြင်ဆင်





နေ့ရိုက် တစ်နေ့ကျွန်တော့်တပ်ခွဲမှာ တပ်စုမှူးအဖြစ် တာဝန်ထမ်း ဆောင်ရန် ဗိုလ်ညွှန့်ဆွေဆိုသူ အရာရှိတစ်ယောက် ရောက်လာပါသည်။ သူ့ရဲ့ကိုယ်ရေးမှတ်တမ်းအရ ဗိုလ်သင်တန်းအပတ်စဉ်(၁၂)ရဲ့ အကောင်းဆုံး ဗိုလ်လောင်းဆုကို ရရှိထားသူ BEST CADET ဖြစ်ကြောင်း သိရတဲ့အပြင် ကျွန်တော်နှင့်တစ်နယ်တည်းသား စစ်ကိုင်းဇာတိ(အညာသား)တစ်ယောက် ဖြစ်နေလို့ အလိုလိုခင်မင်ရပါတော့သည်။

ဒီတစ်ကြိမ်စစ်ဆင်ရေးထွက်ဖို့ ပြန်လည်ဖွဲ့စည်းတဲ့အခါ ကျွန်တော့်တပ်ခွဲမှာ တပ်စုမှူး(၃)ယောက် ဖွဲ့စည်းပုံအပြည့် ပါရှိလာပါသည်။ ဗိုလ်စောနိုင်၊ ဗိုလ်ညွှန့်ဆွေ၊ ဗိုလ်အောင်မြတ်တို့ ဖြစ်ပါသည်။

### လျှို့ဝှက်စစ်ဆင်ရေး

ဒီတစ်ခါစစ်ဆင်ရေး ထွက်လာရတာ နည်းနည်းတော့ထူးဆန်းနေသည်။ မည်သည့်ဒေသသို့သွားရမည်။ မည်သည့်ရန်သူကို တိုက်ရမည်ကို ကြိုတင်မသိရပါ။ စစ်ကိုင်း/ရွှာထောင်သို့ရောက်မှ တပ်မဟာ(၁)နယ်မြေမှန်း သိရပါတော့သည်။

ဗကပ ဗဟိုသည် မိုးကုတ်နယ်မြေတွင် တပ်မတော်၏ သဲသဲမဲမဲ အလိုက်ခံရသဖြင့် မျက်ခြေဖြတ်ကာ ရွှေဘိုနယ် ပလင်ကက်/မဟာမြိုင်တော၊ ကဒူးမဒေသသို့ ဒေသခံရဲဘော်ဖြူတပ်ဖွဲ့၏ အကူအညီယူ၍ ခိုအောင်းနေကြောင်း။ မိမိတပ်ရင်းသည် တန့်ဆည်မြို့မှတဆင့် ကဒူးမဒေသသို့ ဝင်ရောက်၍ ကွက်ပြည့်နင်းရှာဖွေချေမှုန်းရမည်ဖြစ်ကြောင်း သိရပါသည်။

ချက်ချင်းဆိုသလိုပင် မိမိတပ်များ ဝင်ရောက်လာပြီဖြစ်ကြောင်း ဗကပများ သိရှိသွားသဖြင့်တိတ်တဆိတ်နယ်မြေကိုစွန့်ခွာသွားကြပါတော့သည်။

တပ်ရင်းမှူးနှင့် တပ်ခွဲ(၃)ခွဲ ရန်သူ့နောက်သို့ ထက်ချပ်လိုက်သွားကြပြီး ကျွန်တော့်တပ်ခွဲကို ကဒူးမတွင် တပ်စွဲကာ ဗကပများကို ခိုလှုံခွင့်ပေးထားခဲ့သော ဒေသခံရဲဘော်ဖြူအဖွဲ့ အင်အား(၃၀)ခန့်နှင့် ဗကပဗဟို၏ နောက်ချန်အဖွဲ့ရှိခဲ့လျှင် ချေမှုန်းပစ်ရန် တာဝန်ပေးခဲ့ပါသည်။

ရန်သူသည် ဒေသခံဖြစ်၍ နယ်မြေကျွမ်းခဲ့သည်။ သတင်းမှန်ရရန် မလွယ်ကူ။ ကျွန်တော့်အနေနှင့် သတင်းမှန်ရရန် ကိုယ်စွမ်း/ဉာဏ်စွမ်းရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com



သုံးရပါတော့သည်။ ရှာခံလူများကိုစည်းရုံးရေးမှာအဓိကဖြစ်သည်။ ကျေနပ်လောက်အောင်ပြင်ဆင်မှုများပြုလုပ်ပြီးသောအခါရန်သူကို အပြီးအပြတ်ချေမှုန်းဖို့ တပ်စုမှူး(၃)ယောက်အနက် ဗိုလ်ညွှန့်ဆွေကိုတာဝန်ပေးလိုက်ပါသည်။

အခုတိုက်ရမဲ့တိုက်ပွဲဟာ လက်ရုံးရည်တစ်ခုတည်းနဲ့မရဘူး။ နှလုံးရည်ပါ တိုက်ရလိမ့်မယ်။ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေများကိုပါ သေချာမှာလိုက်ပါသည်။ ဗိုလ်ညွှန့်ဆွေက စိတ်ချပါဗိုလ်ကြီး ကျွန်တော်အစွမ်းကုန်ကြိုးစားပါမည်ဟု အာမခံသွားသည်။

တိုက်ပွဲပြီး၍ အဖြေထွက်လာသောအခါ ရန်သူ(၂)ယောက် အသေရပြီး (၂၆)ယောက် လက်နက်နှင့်တကွအရှင်ဖမ်းမိလာပါသည်။ အဲဒီကစပြီးကျွန်တော် ဗိုလ်ညွှန့်ဆွေရဲ့ စွမ်းရည်ကိုစိတ်ချလိုက်ပြီ။

## မင်းရန်အောင်နှင့်စစ်ဆင်ရေးအထူးအဖွဲ့

မင်းရန်အောင်စစ်ဆင်ရေးမတိုင်မီ မိမိရဲ့အရှေ့မြောက်စစ်ဒေသ အခြေအနေ များကိုပါပြောရဦးမည်။ ၁၉၇၁ခုနှစ်–ဒီဇင်ဘာလမှာ ကွမ်လုံရက် (၄၀) တိုက်ပွဲပြီးသွားတော့ အရှေ့မြောက်စစ်ဒေသ ဗကပဗဟိုအတော် အထိနာသွားသည်။ ကိုးကန့်ဒေသမှ ဗကပတပ်တွေနှင့် ဝ–ဒေသမှတပ်တွေ အားလုံးလိုလိုတိုက်ပွဲတွင်ပါဝင်ကြသဖြင့် နှစ်အတန်ကြာအောင် စစ်မျက်နှာ တစ်ခုလုံးငြိမ်သက်သွားပါသည်။

ကျွန်တော်လည်း ၁၉၇၂ခု ဇန်နဝါရီလတွင် အမှတ်(–)ခြေမြန် တပ်မ၏ တပ်မမှူးအဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် အရှေ့ပိုင်းစစ်ဌာနချုပ်၏ တိုင်းမှူး အဖြစ်လည်းကောင်းတာဝန်များ တိုးမြှင့်ထမ်းဆောင်ရသဖြင့် အရှေ့မြောက်စစ်ဒေသကို ခေတ္တမေ့ထားလိုက်ပါသည်။

## စစ်ဆင်ရေးအထူးအဖွဲ့ ဖွဲ့စည်းခြင်း

၁၉၇၇/၇၈ခုနှစ်များတွင် မြောက်ပိုင်းတိုင်း၊ အရှေ့မြောက်တိုင်း၊ အရှေ့ပိုင်းတိုင်းနယ်မြေများတွင် ဗကပဗဟို၏ဦးဆောင်မှုဖြင့် ကိုးကန့်ဒေသ တပ်များ၊ ဝ–ဒေသတပ်များ သိသိသာသာ ပြန်လည်လှုပ်ရှားတိုက်ခိုက်မှုတွေ ပြုလုပ်လာကြကြောင်းသတင်းများ ထွက်ပေါ်လာပါသည်။





အထူးအရေးကြီးသတင်းတစ်ခုမှာ ဗကပ ဝ–ဒေသတပ်ရင်းများ သည် သံလွင်မြစ်ကို ညအချိန်တိတ်တဆိတ်ဖြတ်ကျော်၍ တန့်ယန်းနယ်မြေ အတွင်းပိုင်းသို့ ဝင်ရောက်လာပြီး အင်အားနည်းသော မိမိ၏ရှေ့တန်းကာတပ်များကို တိုက်ထုတ်ပစ်ကာ တန့်ယန်းမြို့ဆီသို့ ဦးတည်ချီတက်လာနေကြောင်း၊ မိမိ၏တပ်မ(၉၉)တပ်များနှင့် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေကြောင်း ကြားသိရပါသည်။

ဘယ်လိုအရေးတကြီးအခြေအနေတွေ ဖြစ်ပေါ်နေသည်ကိုတော့ သေသေချာချာ မသိရသေးပါ။ တစ်နေ့တွင် စစ်ရုံးမှခေါ်သဖြင့် သွားရောက်ရာ နက်ဖြန် အရေးကြီးပုဂ္ဂိုလ်၏ ခရီးစဉ်ရှိသဖြင့် နံနက်(၄)နာရီ လေယာဉ်ကွင်း ရောက်ရန် လိုအပ်ကြောင်း သိရပါသည်။ တကယ်တော့ ဥက္ကဋ္ဌကြီး ခရီးစဉ်တွင် လိုက်ပါရန် ဖြစ်ပါသည်။ ခရီးစဉ်တွင် ကျွန်တော်၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးကျော်ထင်နှင့် အခြားအရေးကြီးပုဂ္ဂိုလ်များ ပါဝင်ပါသည်။

ကျွန်တော်တို့ လားရှိုးအရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး အစည်းအဝေးခန်းမရောက်တဲ့အချိန်ထိ တိုင်းမှူးမပေါ်လာသေးပါ။ တိုင်းမှူး ဗိုလ်မှူးကြီးမင်းနောင် တန့်ယန်းစစ်မျက်နှာသို့သွား၍ တိုက်ပွဲကို ကိုယ်တိုင် ကွပ်ကဲနေရာမှ ပြန်မရောက်သေးသဖြင့် စောင့်နေရပါသည်။ တိုင်းမှူးရောက် လာသောအခါမှ သိရသည်မှာ –

ရန်သူအင်အားကြီးမားကြောင်း မိမိတစ်စုအဆင့် ခံစစ်စခန်းနှစ်ခု ဆုတ်ပေး လိုက်ရကြောင်း ယခုတန့်ယန်းမြောက်ဘက်(၁၂)မိုင်ခန့် အကွာရှိ တောင်ကုန်းမှာ မိမိတပ်ခွဲနှစ်ခွဲခံစစ်ကြောင်းနှင့် ရန်သူအပြင်းအထန်တိုက်ပွဲ ဖြစ်ပွားနေကြောင်း တင်ပြပါသည်။

ဒီအချိန်တွင် ဦးစီးချုပ်ကဝင်၍ အခု အမှတ်(–)တပ်မမှ နည်းဗျူဟာမှူး နှင့် တပ်ရင်း(၃)ရင်းတန့်ယန်းနယ်မြေသို့ စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း တန့်ယန်းလုံခြုံရေးအတွက် စိုးရိမ်စရာမရှိတော့ကြောင်း တင်ပြပါသည်။

ဥက္ကဋ္ဌကြီး(ဗိုလ်ချုပ်ကြီးနေဝင်း)က မင်းတို့ဘာဆက်လုပ်ကြမလဲ ပြောကြစမ်းဟု မိန့်ကြားပါသည်။

ထို့နောက် တိုင်းမှူးမှ လက်ရှိနယ်မြေအခြေအနေ၊ ရန်သူ၊ မိမိအခြေအနေတိုက်ပွဲကြီးများအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံချက်များကို အသေးစိတ်တင်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းမှူးနှင့်တပ်မမှူးတို့ တစ်နေ့လုံးအခြေအနေ သုံးသပ်ခြင်း၊ စီမံချက်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။

နောက်တစ်နေ့အရေးကြီးပုဂ္ဂိုလ်အဖွဲ့ပြန်ခါနီးတွင် ဥက္ကဋ္ဌကြီးက ဦးစီးချုပ်ဗိုလ်ချုပ်ကြီးကျော်ထင်၊ ထောက်လှမ်းရေးဗိုလ်မှူးကြီးတင်ဦး၊ တိုင်းမှူး ဗိုလ်မှူးကြီးမင်းနောင်နှင့်ကျွန်တော်တို့ကိုခေါ်သဖြင့် ဥက္ကဋ္ဌကြီး၏ဧည့်ခန်းသို့ သွားရောက်စုရုံးကြပါသည်။ ကျွန်တော်တို့ရောက်သောအခါ ဥက္ကဋ္ဌကြီးဝင်လာပြီး ကျွန်တော်ကိုလက်ညှိုးထိုးကာ နပိုလီယံ "မင်း ဒီမှာနေရစ်ခဲ့" လို့ပြောပြီး ဦးစီးချုပ်ကို ကြည့်လိုက်ပါသည်။ ဦးစီးချုပ်နှင့် ကျွန်တော်လည်း ဥက္ကဋ္ဌကြီးကို ပြန်ကြည့်နေကြပါသည်။ ဥက္ကဋ္ဌကြီးကတဆက်တည်း "ဒီမှာရှိတဲ့ ငါတို့တပ်တွေကို မင်းအနီးကပ်ကွပ်ကဲပြီးရန်သူတွေ သံလွင်မြစ်အရှေ့ ဘက်ပြန်ရောက်အောင် တိုက်ထုတ်ပစ်လိုက်" လို့ မိန့်ကြားပါတော့သည်။

ဦးစီးချုပ်လည်း ချက်ချင်းပင် "ကျွန်တော် ဒီဘက်မှာရှိနေတဲ့ တိုက်ခိုက်ရေးတပ်တွေအားလုံးကို ဗိုလ်ချုပ်ထွန်းရီရဲ့ကွပ်ကဲမှုအောက် အခုပဲပေးလိုက်ပါမယ်"ဟု ပြောပါသည်။

အဲဒီအချိန်ကစပြီးကျွန်တော်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရဲ့ စစ်ဆင်ရေးအထူးအဖွဲ့မှူးတာဝန်ကို ထမ်းဆောင်ရပါတော့သည်။

၇၉ ခုနှစ်ထဲတွင် ရန်သူဗကပများ လှုပ်ရှားမှုပိုမိုများပြားလာရုံမက တော့ဘဲ သံလွင်အရှေ့ခြမ်း ကျိုင်းတုံဒေသတွင်တိုက်ပွဲများ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာပါသည်။ ကျွန်တော် ကျိုင်းတုံ၊ တောင်ကြီး၊ လားရှိုး၊ မိုင်းရှူးစတဲ့ ရှေ့တန်းတိုင်း/တပ်မစစ်ဌာနချုပ်များသို့အခြေအနေသွားရောက်လေ့လာပါသည်။ ကျိုင်းတုံကျွန်တော်ရောက်နေစဉ်အတွင်းမှာပင် တာကော်နှင့်မိုင်းပျဉ်းကြား၌ မိမိရိက္ခာကားတန်းကိုရန်သူမှချုံခိုတိုက်ခိုက်ခြင်းခံရပါသည်။ ဒီနေရာသည် မိမိ၏ တောင်ကြီး၊ တာကော်၊ ကျိုင်းတုံ မဟာဗျူဟာလမ်းမကြီးပေါ်တွင်ဖြစ်ပါသည်။ ယခင်ကဤကဲ့သို့တစ်ခါမျှ ချုံခိုတိုက်ခိုက်ခြင်းမခံရဘူးပါ။

ချက်ချင်းပဲ ကျိုင်းတုံမှာအသင့်ရှိနေတဲ့ ခြေမြန်တပ်ရင်း(–)မှ တပ်ခွဲ (၂)ခွဲပါစစ်ကြောင်းကို တပ်ရင်းမှူးကိုယ်တိုင်ဦးစီးစေပြီး ရန်သူဆုတ်ခွာရာ မော်ဖခွင်သို့ ထက်ချပ်လိုက်၍တိုက်ရန်၊ ရန်သူနှင့်ထိတွေ့မှုမရှိလျှင်လည်း မော်ဖဒေသတွင် ရန်သူစိုးမိုးထားမှုအခြေအနေကို ထောက်လှမ်းရန်လွှတ်လိုက်ပါသည်။





ဗကပ ဗဟိုနှင့် မော်ဖဒေသ

ပန်ဆန်းမြို့သည် ဝ–ဒေသတောင်ပိုင်းတဘက်နိုင်ငံနှင့် နယ်နိမိတ်ခြင်းဆက်စပ်လျက်ရှိသည့် နမ်းခချောင်းဘေးတွင် တည်ရှိနေပြီး နမ်ခချောင်းသည်ပန်ဆန်းကို 'ဂ'ငယ်ပုံ ဝိုင်းပတ်စီးဆင်းနေပါသည်။

ဗကပဗဟိုသည် ပန်ဆန်းတွင် ဌာနချုပ်ဖွင့်လှစ်ထားသည့်အလျောက် ဗကပ ဗဟိုအတွက် သဘာဝခံစစ်ကြောင်းသဖွယ် ဖြစ်နေပါသည်။

**မော်ဖ**ဒေသသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး/ကျိုင်းတုံ မဟာဗျူဟာလမ်းမကြီး၏ သံလွင်မြစ်ဖြတ်ကူးသည့် တာကော်/ကွန်ဟိန်း တံတားမှ မြောက်ဘက်သံလွင်မြစ်အရှေ့ခြမ်းတလျှောက်လုံး မိုင်းရှူးမြို့ တစ်ဖက်ကမ်းအထိ ရှည်လျားကျယ်ပြန့်သော နယ်မြေဖြစ်သည့်အပြင် ပန်ဆန်းနှင့်လည်း နယ်နိမိတ်ခြင်း ဆက်စပ်လျက်ရှိပါသည်။

မိုင်းရှူးမြို့သည် သံလွင်မြစ်အနောက်ဘက်ကမ်းတွင် တည်ရှိပြီး ယခင်က မိုင်းရှူးစော်ဘွားအုပ်ချုပ်သောမြို့ဖြစ်၍ ထင်ရှားပါသည်။ ယခုအခါ ကျွန်တော်တို့၏ ရှေ့တန်းတပ်မ(–)ကွပ်ကဲမှုဌာနချုပ် ဖွင့်လှစ်ထားပါသည်။

မော်ဖဒေသသည် ဗကပဗဟိုရှိရာ ပန်ဆန်းလုံခြုံရေးအတွက် အချက်အချာ ဒေသဖြစ်လာပါသည်။ ပန်ဆန်းကို စိုးမိုးထားသော အမြင့်ပေ ၆၀၂၈/၆၀၀၀ စသောတောင်ထွတ်များသည် ပန်ဆန်းမှတစ်ရက်ခရီးသာရှိပြီး ပန်ဆန်းကို စိုးမိုး ထားပါသည်။ ထို့ကြောင့်ပင် ဗကပတပ်များသည် မော်ဖဒေသတွင်းရှိ အရေးကြီးတောင်ကုန်းတောင်ထွတ်များကို ရှေ့ကာတပ်၊ ကာကင်း၊ တိုက်ကင်းတို့နှင့်အခိုင်အမာစီမံထားခြင်းဖြစ်ပါသည်။

ပန်ဆန်းမှ တောင်ဘက်ရှိ တောင်တန်းဒေသကြီးကို မျှော်ကြည့်လိုက်လျှင် ပေခြောက်ထောင်(၆၀၀၀)ကျော်မြင့်မားသည့် တောင်စဉ်အထပ်ထပ်နှင့် ပြာလဲ့လဲ့တောင်တန်းကြီးကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ထိုတောင်တန်းဒေသကြီးကား တစ်ချိန်တွင်သမိုင်းတင်ကျန်ရစ်မည့် မော်ဖဒေသကြီးပင် ဖြစ်ပါတော့သည်။

**စစ်ဆင်ရေး မင်းရန်အောင်ရဲ့ အဓိကရည်ရွယ်ချက်မှာ–**

မိမိတပ်များသည် မော်ဖဒေသတွင် အခြေပြုစိုးမိုး၍ ဗကပဗဟိုအား ထိန်းချုပ်ထားပြီး ပန်ဆန်းကိုခြိမ်းခြောက်ရန် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းရန်အောင် စစ်ဆင်ရေးတပ်များသည် အလွန်ရေစီးသန်သော သံလွင်မြစ်ကို (၃)နေရာမှ တပြိုင်တည်းဖြတ်ကျော်ကာ ရန်သူ့ဗကာပတို့၏ ရှေ့ကာတပ်များနှင့် တိုက်ကင်းများစိုးမိုးထားရာ မော်ဖဒေသသို့ (ယ) ရက်ဖြစ်သော ၁၉၇၉ခု နိုဝင်ဘာလ (၂၃)ရက်နေ့တွင် အဟုန်ပြင်းစွာဖြင့် ဝင်ရောက်တိုက်ခိုက်ကြပါသည်။

ရာပေါင်းများစွာသော တပ်မ(–)၏ တိုက်ခိုက်ရေးတပ်တပ်ဖွဲ့များသည် ကြီးမားသောအတားအဆီးဖြစ်သည့်သံလွင်မြစ်ကို ဘေးမသီရန်မခ ဖြတ်ကူးနိုင်ခြင်းသည်ပင်အလွန်ကြီးမားသော အောင်မြင်မှုဖြစ်ပါသည်။ ပေ ၆၀၀၀ မြင့်သော တောင်ထွတ်နှင့် ၆၀၂၈ တောင်ကုန်းတို့ကိုသိမ်းပိုက်နိုင်သော ၁၉၇၉ခု၊ ဒီဇင်ဘာ–၁၈ ရက်နေ့သည် မင်းရန်အောင်စစ်ဆင်ရေး ပြီးဆုံးသောနေ့ဟု သတ်မှတ်လျှင်ပင် မှားမည်မထင်ပေ။ ရန်သူတွေမော်ဖဒေသကိုစွန့်လွှတ်ကာ ယင်းတို့၏ဗဟိုကို ကာကွယ်ရန် ပန်ဆန်းဒေသအထိဆုတ်ခွာပြီး ခံစစ်ပြင်ကြတော့သည်။ ဤသည်ပင် မင်းရန်အောင်စစ်ဆင်ရေး၏ ရည်ရွယ်ချက်ဖြစ်ပေသည်။

ဒီရည်ရွယ်ချက်ကို အောင်မြင်အောင်ဆောင်ရွက်ရန် တပ်မ(–) သည် ရည်မှန်းချက်များ အဆင့်ဆင့်ချမှတ်တိုက်ခိုက်ကြရာတွင် ပေ ၅၀၀၀ ကျော် ၆၀၀၀ ကျော်တွင်တည်ဆောက်ထားသည့် တောင်ထွတ်ခံတပ်များကို စွန့်လွှတ်စွန့်စားသောစိတ်ဓာတ်ဖြင့်တိုက်ခိုက်ကြသောကြောင့်သာ အောင်နိုင်ခြင်းဖြစ်ပေသည်။

တိုက်ပွဲတစ်လျှောက်လုံး ရှေ့တန်းမှအနီးကပ် ဦးစီးကွပ်ကဲခဲ့သည့် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေနှင့် တိုက်ခိုက်ရေးတပ်ရင်း၊ တပ်ဖွဲ့မှူးများ တိုက်ပွဲ ဝင်တပ်မတော်သားများ၏ စွမ်းရည်များကို အထူးပင်ချီးကျူးဂုဏ်ပြုပါကြောင်း မှတ်တမ်းတင်ဖော်ပြရင်း ကျွန်တော်အမှာစာကို နိဂုံးချုပ်အပ်ပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)

❖





# ဗိုလ်မှူးချုပ်အေးမြင့်ကြူ၏ အမှာစာ–

**မော်ဖဆီမှ ကဒူးမသို့အပြန်**

ဗိုလ်မှူးကြီးညွန့်ဆွေနှင့်မမသက်ဟု ကျွန်တော်တို့သိထားသော ဇနီးမောင်နှံသည် အလွန်ချစ်ခင်စရာကောင်းပြီး ကျွန်တော်တို့မိသားစုက အလွန်ခွဲရသောအကိုကြီး၊ အမကြီးဇနီးမောင်နှံဖြစ်ပါသည်။ အကိုကြီးဟုခေါ်ရမှာ အလွန်အားနာပြီး စစ်သားတစ်ဦး၏လေးစားမှုသဘောတရားအရ မသင့်တော်ဟု ယူဆ၍သူတစ်ပါးအများခေါ်သလို ရောယောင်ပြီးအဘဟု ကျွန်တော်လည်း သုံးနှုန်းပါသည်။ သို့သော်ဆရာသမား အစ်ကိုကြီးက သူ့ကိုအဘဟုခေါ်ဝေါ် သုံးနှုန်းတာမကြိုက်ပါ။ အကိုကြီးတို့ဇနီးမောင်နှံသည် တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာကြရာ၌ နှိုင်းယှဉ်နိုင်သော စာပေစကားလုံးရှာဖွေ ရေးသားရန်ပင် ခက်လှအောင် ချစ်ခင်ကြသည်မှာ ယနေ့အထိသာမက နောင်ကြင်လည်သည် အထိဖြစ်ပါလိမ့်မည်။ နှစ်ဦးသား၏ စာရေးသည့်အမည်သညာကိုပင် မောင်ဆွေသက်၊ မသက်ဆွေဟု မေတ္တာမှတ်တိုင်စိုက်ထူးထားသောသူများ ဖြစ်ပါသည်။

မိမိ၏ဆရာသမား အကိုကြီးသဖွယ်ဖော်ညွှန်းရေးသားနေသော်လည်း ကျွန်တော်လည်း တပ်မတော်တွင်တာဝန်ထမ်းဆောင်ကာလနှစ် (၃၀)၌ ... ကောင်း၊ နယ်ဘက်တွင် တာဝန်ထမ်းဆောင်သည့်ကာလ (၁...



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အစ်ကိုကြီးအဘညွန့်ဆွေ၏လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့ရဖူးခြင်းမရှိသလို လုပ်ငန်းတာဝန်တစ်ခုတွင် ထက်အောက်တာဝန်ခံဆောင်ရွက်ရဖူးခြင်းလည်းမရှိခဲ့ပါ။ သို့ပါလျက် မည်သည့်အကြောင်းနှင့်ဆက်နွယ်လာပြီး ကျွန်တော်သည်အဘဗိုလ်မှူးကြီးညွန့်ဆွေ စာရေးဆရာဆွေသက်နှင့်ပတ်သက်ပြီး အဖသဖွယ်၊ ဆရာသဖွယ်၊ အကိုကြီးသဖွယ် လက်ခံတွယ်တာနေရပါသနည်း။ မမြင်ရသော နှောင်ကြိုးသံယောဇဉ်များကြောင့်လား။ အတိတ်ကပါလာသော ပဋ္ဌာန်းဆက်များကြောင့်လား၊ တပ်မတော်တွင်တာဝန်ထမ်းဆောင်စဉ် ကျွန်တော့်အသက်ကို ကယ်ဖူး သောကြောင့်လား၊ တပ်မတော်တွင်တာဝန်ထမ်းဆောင်စဉ်နှင့်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ် ကျွန်တော့်အကျိုးအတွက် ကျွန်တော့်ကိုပါးရိုက်ခဲ့ဖူးလို့လား၊ အစ်ကိုကြီးက ကျွန်တော်တို့ရဲ့ချစ်ဘဝအတွက် ဖူးစာရေးနတ်ဖြစ်ခဲ့လို့လား၊ အစ်ကိုကြီးက ကျွန်တော့်သားလေးရင်ပြုအတွက် စရိတ်ကျခံပေးခဲ့ဖူးလို့လား၊ အစ်ကိုကြီးက ကျွန်တော့်စီးပွားရေးလုပ်ငန်းအတွက် ငွေချေးထားလို့လား၊ မေးစရာမေးခွန်းများရှိနိုင်မည်ထင်ပါသည်။ ယင်းမေးခွန်းများကိုစဉ်းစားပါသော် တစ်ခုမျှမဟုတ်ကြောင်း အခိုင်အမာပြောဆိုရပါမည်။ ယင်းသို့ဆိုလျှင်ဘာကြောင့်ပါသနည်း။ ကျွန်တော်သည်မည်သည့်အတွက်ကြောင့် အဘဗိုလ်မှူးကြီးညွန့်ဆွေကို လေးစားမြတ်နိုးအားကိုးလာမိပါသနည်း။ ကျွန်တော်လည်း မသိပါ။

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလနောက်ဆုံးပတ်က ကျွန်တော်တာဝန်ထမ်းဆောင်သည့်နေပြည်တော်မှ ရန်ကုန်ရှိမိသားစုများထံသို့ ခေတ္တရောက်ရှိခဲ့ပါသည်။ အိမ်ရောက်သည်နှင့်တပြိုင်နက် ကျွန်တော့်ဇနီးဆွေ(ခင်ဆွေမြင့်–မြန်မာစာ)က အစ်ကိုကြီးဗိုလ်မှူးကြီးညွန့်ဆွေ (ကျွန်တော့်ဇနီးက အစ်ကိုကြီးဟုခေါ်သည်။ သူကတပ်မတော်သား မဟုတ်၍မကြောက်ပါ။) စာမူဖိုင်တစ်ခုနှင့်စာတစ်စောင်ပို့ပေးလာကြောင်း၊ ဖတ်ကြည့်ရင်သိပ်ကောင်းမှာမို့ ပေးဖတ်တာဖြစ်သည်ဟုဆိုကြောင်းပြောပါသည်။

စာဖတ်ကြည့်သည့်အခါတွင်မှ စာမူဖိုင်ကြီးပို့လိုက်တယ်။ စိတ်မဝင်စားလည်းဖတ်ပေးပါ။ သည်းခံဖတ်ပါ။ (၂၈)နှစ်ကြာ စစ်သားဘဝကိုမှတ်တမ်းရေးရတာမို့ကိုယ့်ဆွေမျိုးမိတ်ဆွေတွေပဲ ဖတ်ရင်ပြီးရောဆိုပြီး စာအုပ်ထုတ်ရပါတယ်။ စာအုပ်မိတ်ဆက်စာသို့မဟုတ် သင့်တော်ရာတစ်ခုခုရေးပါဆိုပြီး





အဘဗိုလ်မှူးကြီး ညွန့်ဆွေ၏စာကိုဖတ်ရသည့်အခါ ကျွန်တော်တော်တော်လေးကိုအကြပ်အတည်းခံစားရပါသည်။ အကြောင်းမှာ–

တပ်မတော်နှင့် နိုင်ငံအတွေ့အကြုံနှစ်ပေါင်းများစွာရှိပြီး နိုင်ငံရေးအမြင်၊ စစ်ရေးအမြင်၊ နိုင်ငံတကာဆက်ဆံရေးအမြင်၊ (စီးပွားရေးအမြင်တော့မသိပါ) လူမှုရေးအမြင် စူးရှထိုးဖောက်မြင်နိုင်၍အစဉ်အမြဲ သွက်လက်ထက်မြက်နေသောအဘဗိုလ်မှူးကြီးညွန့်ဆွေ၏စစ်သားဘဝမှတ်တမ်းကို ကျွန်တော်လိုတာမှမဟုတ်သော စစ်ဗိုလ်ထွက်ပေါက်စက စာအုပ်မိတ်ဆက်တစ်ခုခု၊ အမြင်တစ်ခုခုပေးရန်မှာ လက်လှမ်းမမီ ဝေးကွာလွန်းလှသောနှိုင်းယှဉ်မရနိုင်ချက်များက ထင်ရှားနေသောကြောင့်ဖြစ်ပါသည်။ ဥပမာအား ဖြင့်စဉ်းစားကြည့်ရပါသော် မြက်ရိုးကညစ်နှင့်အနှိုင်းမဲ့စကြာဝဠာကောင်းကင်ကြီးတွင် ပန်းချီရေး၊ ကဗျာဖွဲ့သကဲ့သို့သာဖြစ်နေပါလိမ့်မည်။

စာမူကြီးသည် (ကဒူးမမှမော်ဖသို့)ဟု ခေါင်းစဉ်ပေးထားသော စစ်ရေးဆိုင်ရာ မှတ်တမ်းကြီးဖြစ်ပါသည်။ စာမူခေါင်းစဉ်ကို စတင်ဖတ်လိုက် သည်မှစ၍ အဘဗိုလ်မှူးကြီးညွန့်ဆွေ၏ လက်ရင်းလက်အောက်ခံသား တပည့်ဖြစ်သွားကြောင်း စတင်ခံစားသိရှိလိုက်ရပါသည်။ မော်ဖ...။ မော်ဖသည် တပ်မတော်၏ အမျိုးသားရေး ကာကွယ်စောင့်ရှောက်သည့် သမိုင်းမှတ်တိုင်များတွင် စစ်သားတိုင်းစိတ်ဝင်စားခဲ့ဖူး၍ နောင်တာဝန်ထမ်းဆောင်ကြမည့်စစ်သား (စစ်ဗိုလ်များလည်းပါပါသည်။) မှန်သမျှလည်း စိတ်ဝင်စားကြရမည့်စကားလုံး၊ နယ်မြေ၊ စစ်မြေပြင်တစ်ခုဖြစ်ပါသည်။ မော်ဖတင်လားမဟုတ်ပါ။ တပ်မ(–)သည်လည်း တပ်မတော်၏သမိုင်းတွင်ပထမဆုံးဖွဲ့ခဲ့သည့်တပ်မဖြစ်သည်နှင့်အညီ တပ်မတော်ဂုဏ်ကိုမြှင့်တင်ခဲ့၍ ပြည်သူတို့၏ရင်တွင်ငြိတွယ်စွဲဝင် ချစ်လွန်းတင်နိုင်စေခဲ့သောတပ်မဖြစ်ပါသည်။ မော်ဖနှင့်တပ်မ(–)တွဲလိုက်သောအခါ မြန်မာပြည်သူတို့၏ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက် ချွေးနှင့်သွေးနှင့် သက်သေတည်ခဲ့သော အလှည့်အပြောင်းမှတ်တိုင်ကြီးကိုစိုက်ထူနိုင်ခဲ့ပါသည်။ ကျွန်တော်စိတ်ဝင်တစားနားစွင့်ခဲ့ရဖူးသည်မှာ တပ်မ(–)၏ မော်ဖဒေသတိုက်ပွဲများဖြစ်ပါသည်။ ထိုတိုက်ပွဲကြီးတွင်ပါဝင်ခဲ့သော သူငယ်ချင်းအရာရှိများကို မေးကြည့်ဖူးပါသည်။ တပည့်အဖြစ်ရောက်လာသော လူငယ်အရာရှိများကို မေးကြည့်ဖူးပါသည်။ ကျွန်တော်ထက်စီနီယာကျသော အရာရှိကြီးများထံသည်၊



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအတွေ့အကြုံနှင့် ဖြစ်စဉ်များကို စူးစမ်းနာခံဖူးပါသည်။ အသေ အပျောက် အထိ၊ အရှ အနာများသော တိုက်ပွဲများနှင့် စစ်ဗျူဟာအကန့်ကြီး ဖြစ်ခဲ့သည်ဟု သိရပါသည်။ သူငယ်ချင်းများ ပါဝင်အသက်စွန့်တိုက်ခိုက်ခဲ့သည်ကို ဂုဏ်ယူ၍ ဆရာသမား(ထိုစဉ်က တပ်ရင်းမှူးများ)က ပါဝင်ဦးဆောင်ခဲ့သည်ကို လေးစား အားကျခဲ့ပါသည်။ ရိုးသားစွာ ဝန်ခံရပါသော် တပ်မ(–) ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွှန့်ဆွေဟုသာ သိထားခဲ့ပြီး မော်ဖတိုက်ပွဲများအတွက် တာဝန်ခံ ကွပ်ကဲသူဟု မသိခဲ့ပါ။ မေးလည်းမမေးခဲ့ပါ။ ယခုမူ ကျွန်တော်သည် ဘာကြောင့် အဘဗိုလ်မှူးကြီးညွှန့်ဆွေ၏ သားတပည့်အလိုလို ဖြစ်သွားရသည်ကို အစဖော် မိသွားပါပြီ။

၁၉၉၆ ခုနှစ်အတွင်း ကျွန်တော်သည် ကျိုင်းတုံတွင် ဒုတိယ တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က မက်မန်း–မော်ဖတောင်ကုန်း– တောင်တန်းများဆီသို့ တပ်စစ်ဆေးရန်သွားခဲ့စဉ် ရောက်ခဲ့ပါသည်။ မိုင်းရှူး မြို့၊ သံလွင်မြစ်၊ မက်မန်း၊ ပွိုင့် ၆၀၀၀ ကုန်း၊ ပွိုင့် ၇၁၂၃ လွယ်ဟိုလာ ကုန်း၊ ပွိုင့် ၆၀၂၈ ပွိုင့် ၅၇၁၀၊ ပွိုင့် ၄၂၈၀ တောင်ကုန်း၊ ပန်ယန်း၊ ပန်ဆန်းဆိုတာတွေကို မြေပြင်၊ မြေပုံလေ့လာခဲ့ရပါသည်။ ထိုစဉ်က ဗကပ သောင်းကျန်းသူတို့ အခြေခံခဲ့သော ပန်ဆန်း၊ ပန်းဆန်းမှမော်ဖမှ ရှမ်းပြည်နယ် အလယ်ပိုင်း မိုင်းရှူး–ကျေးသီမန်းစန်နယ်များဖြတ်၍ ဗကပ ၁၀၈ စစ်ဒေသ အဖြစ် တည်ဆောက်ရန်နေရာ အင်တော၊ ကျောက်ဂူ၊ နောင်လုံ၊ နောင်ဝိုး ဒေသများသို့ ဆက်သွယ်နိုင်သည့် လမ်းကြောင်းသည် မဟာဗျူဟာအရပင် အရေးကြီးသော လမ်းကြောင်းကြီးဖြစ်သည်ဟု နားလည်ခဲ့ရပါသည်။ ကျွန်တော် ရောက်ခဲ့ရသော မော်ဖဒေသကို တစ်ချိန်ကရန်သူတို့က ထိန်းချုပ်ထားရာမှ တပ်မတော်အကြီးအကဲများ၏ အမြော်အမြင်ကြီးမှု စစ်ရေးတွက်ဆချက် မှန်ကန်မှုကို အကြောင်းပြု၍ ရည်မှန်းချက် မော်ဒေသကို တိုက်ခိုက် သိမ်းပိုက် ကာ အကြီးအကဲများထံ ပြန်လည်အပ်နှံ၍ တပ်မတော်သားတာဝန်များ ကျေပြွန် ခဲ့သော တပ်မ(–)ကို ကျေးဇူးတင်ဂုဏ်ပြုမိခဲ့ပါသည်။ ကျွန်တော် စိတ်ဝင်စား ခဲ့သော မော်ဖကို ကျွန်တော်ဆရာအကိုဖြစ်သော တပ်မ(–) ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွှန့်ဆွေ အနီးကပ်ကွပ်ကဲ၍ တိုက်ပွဲဝင်ရယူခဲ့သည်ကို ကျွန်တော် သိရသောအခါ ကျွန်တော်များစွာ ဂုဏ်ယူလေးစား၍ ရင်မှာပီတိဖြင့် ကျေးဇူးတင် မိပါသည် ခင်ဗျား...။





ကျွန်တော်သည်လည်း တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အခြားစစ်ဗိုလ်စစ်သားများကဲ့သို့ပင် မြန်မာပြည်နေရာအနှံ့ တပ်မတော် တာဝန်များ ထမ်းဆောင်ခဲ့ဖူးပါသည်။ အဘဗိုလ်မှူးကြီးညွှန့်ဆွေ ရေးသားခဲ့သော ကဒူးမှ မော်ဖသို့ ကိုယ်ရေးမှတ်တမ်းစာအုပ်ဖတ်ရသောအခါ ကျွန်တော် ရောက်ခဲ့ဖူး သော ဌာနများကို အဘကပြန်ခေါ်ပြ၍ နောက်တစ်ခါရောက်သွားရပါသည်။ ပဲခူးရိုးမအရှေ့ခြမ်းရှိတောင်များ၊ ချောင်းငယ်ချောင်းကြီးများ၊ တောင်ယာတဲများ၊ လူနေအိမ်စုများ၊ သဘော်မြောင်၊ ဂုန်ညင်းမြောင်စသော ရွာများ၊ တောင်ခြေမှ သံပုရာနံ့၊ ဇလုပ်ကြီး၊ ရေအေး၊ ငါးပြေမစားကျက်၊ ဖဒို၊ မြို့ချောင်း၊ ကုက္ကိုင်း၊ ဂုညင်းတန်း၊ ဘောနီ၊ ဘောနက်ကြီးစသော ရွာငယ်များကိုလည်း ပြန်ရောက် ခဲ့ပါသည်။ ကရင်ပြည်နယ်က ဘီးလင်းမြစ်၊ ဒုံသမိမြစ်၊ ယွန်းစလင်းချောင်း၊ မလေးကော၊ ကျချောင်းဆိပ်၊ ကဒိုင်တိ စသော နယ်မြေများကိုလည်း ပြန်ရောက် ခဲ့ပါသည်။ ယင်းနယ်မြေများသည် လွယ်လွယ်နှင့် ဖြတ်သန်းသွားလာနိုင်သော နယ်မြေများမဟုတ်။ တိုက်ပွဲများနှင့် ကျည်ဆံများ ယမ်းခိုးယမ်းငွေ့များနှင့် မိုင်းထောင်ချောက်များ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါများနှင့် နေ့စဉ် ကြုံတွေ့နေရသော နယ်များ ဖြစ်ပါသည်။ ထိုအန္တရာယ်များကြားတွင် ကျွန်တော် တို့သည် အသက်ရင်း၍ ကျင်လည်ရင်း...။ အစဉ်အမြဲလှပနေသော သဘာဝကြီး မှအပ ငြိမ်းချမ်းခြင်းတိုးတက်ခြင်းတို့ ဆိတ်သုန်းနေသော စီးပွားရေး၊ လူမှုရေး ပညာရေး၊ ကျန်းမာရေးတို့၌ မြို့နေလူတို့ကဲ့သို့ လူတန်းစေ့နေခွင့်မရသော ပြည်တွင်းသောင်းကျန်းမှုကြောင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆုံးရှုံးနေသော ပြည်သူများကို စောင့်ရှောက်ရင်း...။ ချစ်ခင်ရင်းနှီးမှုနှင့်နားလည်မှု တည်ဆောက် ရင်း...။ တပ်မတော်ဆိုတာ ပြည်သူ့အတွက်ပါပဲဟု ပြယုဂ်များ လက်တွေ့ ပြသနိုင်ခဲ့ပါသည်။

ကျွန်တော်တစ်ခါမျှ မရောက်ဖူးခဲ့သော နယ်မြေက ကဒူးမဖြစ်ပါသည်။ ကဒူးမသည် နယ်မြေ၌အရေးပါသော ကျေးရွာကြီးနှင့် ဒေသကြီးဖြစ်ပါလိမ့်မည်။ ကျွန်တော်သည် တပ်မတော်သားဖြစ်ပြီး နိုင်ငံတာဝန်ကို အသက် ၂၀မှာပင် ကြီးလေးစွာ ထမ်းဆောင်ရစဉ်မှာ စစ်ကိုင်းတိုင်း–ချင်းတွင်းမြစ်အရှေ့ခြမ်း အနောက်ခြမ်းသည်လည်းကောင်း၊ မန္တလေးတိုင်းမြောက်ပိုင်း သပိတ်ကျင်းသ သည်လည်းကောင်း၊ မန္တလေး၊ မကွေးဆက်စပ်နယ်မြေ မိတ္ထီလာ မြင်းခြံ၊ မကွေးဒေသများသည်လည်းကောင်း၊ ငြိမ်းချမ်းနေပြီဖြစ်၍ စစ်မြေပြင်တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ရန် ကျွန်တော်မရောက်ရှိခဲ့ပါ။ အဘဗိုလ်မှူးကြီးညွှန့်ဆွေ၏ကဒူးမနယ်တစ်ခွင် ဗကပဗဟိုကိုလိုက်လံရှင်းလင်းသော သမိုင်းများကို ဖတ်ရမှ ရောက်ဖူးခဲ့ပါသည်။ ကျွန်တော်ကြားဖူးခဲ့သောလွတ်လပ်ရေးရပြီးနောက် ဗကပသမိုင်းအစများ သူတလူငါတစ်ဖွဲ့နှင့်နိုင်ငံရေးစိတ် ဝမ်းကွဲမှုများကို ပြန်လည်ညီညွတ်မှုရရှိစေပြီးပြည်သူလူထုကိုချစ်မြတ်နိုး စောင့်ရှောက်ကြောင်း၊ သွေးနှင့်သက်သေ တည်ခဲ့ရသူများကို ဆက်စပ်ရုပ်လုံးဖော်နိုင်ခဲ့ရပါသည်။

တပ်မတော်အရာရှိမှန်လျှင်အရာရှိငယ်ဘဝမှ တာဝန်ထမ်းဆောင်ခွင့်ရသည့်နောက်ဆုံးအဆင့်ထိ ကျွန်တော်တို့သည်တိုက်ပွဲများ၊ စည်းလုံးစွာချစ်ကြည်မှုများ၊ ခေါင်းဆောင်မှုဆိုသော သဘောတရားများကို လက်တွေ့ဆောင်ရွက်ခဲ့ကြရသည်ချည်းဖြစ်ပါသည်။ စာဖြင့်ရေးသားသင်ကြားခဲ့ရသည်ကို လိုက်နာဆောင်ရွက်ခဲ့ကြသည် များရှိသလို စာဖြင့်ရေးသားထားသည်မဟုတ်ဘဲ သည်ပုဂ္ဂိုလ်ကိုငါဘာကြောင့် တစ်ဘဝလုံးဦးစားပေးနာခံနေရသည်လဲဆိုသော အမေးမပါသည့် အဖြေများကိုလည်းလိုက်နာခဲ့ရသည်များလည်းရှိပါသည်။ မိမိ၏အတွေးနှင့်ယုံကြည်ချက်များကို တဖြည်းဖြည်းဝါးမျိုလွှမ်းမိုးလာပြီး နောက်ဆုံးတွင် မိမိအခက်အခဲရှိတိုင်းမသိစိတ်က သူ၏လမ်းညွှန်မှုကိုရယူလိုခြင်းသည်သူ၏ခေါင်းဆောင်မှု ဖြစ်ပါလိမ့်မည်။

တပ်မတော်အရာရှိတစ်ယောက်အတွက် တပ်ရင်းမှူး၏တာဝန်ထမ်းဆောင် စဉ်ကာလသည်သူ၏ခေါင်းဆောင်မှုကို အဖြူပေါ်အနက်တင်သည့်ပမာထင်ရှားစေသော စမ်းသပ်ချက်ဖြစ်ပါသည်။ ရတခလရ(–)ခေါ် ရှေ့တန်းအမှတ်(၄)ဂေါ်ရခါးတပ်ရင်းသည် တပ်ရင်းမှူး၏ကွပ်ကဲမှုအောက်တွင် မူဆယ်မြို့ ဗကပ လက်အောက် သိမ်းပိုက်မှုမခံရအောင်ကာကွယ်နိုင်လိုက်ပုံ၊ ဗကပတို့ သိမ်းပိုက်ခြေကုပ်ယူလိုက်သည့် ပွိုင့် ၄၅၆၀ အမြောက်ကုန်းသို့ တန်ပြန်တိုက်ခိုက်သိမ်းပိုက်နိုင်လိုက်ပုံသည် တပ်ရင်းမှူးတစ်ဦး၏စွမ်းရည်နှင့်အတူ တပ်ကိုဦးဆောင်ခေါင်းဆောင်နိုင်ခြင်း အစွမ်းရှိသောခေါင်းဆောင်၏နောက်တွင် မတွန့်မဆုတ်ရဲဝံ့စွာလိုက်ပါအသက်စွန့်၍ အောင်ပွဲယူရဲသောနောက်လိုက်စစ်သည်တို့၏ စိတ်ဓါတ်နှင့်သတ္တိကို ဖော်ပြခြင်းပင်ဖြစ်ပါသည်။ နှောင်းခေတ်ခေါင်းဆောင်ငယ်တို့ စံနမူနာယူသင့်သောဖြစ်စဉ်ပင်ဖြစ်ပါသည်။

ဗြိတိသျှစစ်သူကြီး မော်ဂိုမာရီကပြောသည်ဟု သင်တန်းများတက်စဉ်





မှတ်ချက်ပြုပါသည်။ စစ်ပွဲကို ရှုံးနိမ့်ရသောအကြောင်းများမှာ "Faulty Cammand" ကွပ်ကဲမှုအားနည်းခြင်း၊ Faulty Staff ဦးစီးလုပ်ငန်းနှင့်အရာရှိများ အားနည်းခြင်း၊ Negligence of human factor လူ့အခြေခံသဘာဝများကို ပစ်ပယ်ထားခြင်းတို့ကြောင့် ဖြစ်သည်ဟုဆိုပါသည်။ နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်သည်ဟုလည်း အဆိုအမိန့်များရှိပါသည်။ အောင်မြင်သောစစ်သားကောင်းဖြစ်ရန်မှာ စစ်သားစိတ်ဓါတ်ရှိရမည်သာ ဖြစ်ပါသည်။ အောင်မြင်သော တာရှည်ခံသော ခေါင်းဆောင်ကောင်းဖြစ်ရန်မှာ အခြေခံမှန်ခဲ့သော နောက်လိုက်ဘဝကို ဖြတ်သန်းဖူးခဲ့ရပါမည်။ မြင်းစီးသူနှင့်ဇက်ကြိုးမပါသော မြင်းသည်မည်မျှပင် ကောင်းစေကာမူ ဆောက်တည်ရာမရသော ပြေးနှင်လိမ့်မည်။ ဇက်ကြိုးမပါသော မြင်းစီးသည်လည်း မြင်းကောင်းကို ခက်ခဲစွာထိန်းကျောင်းမောင်းနှင်ရမည်ဖြစ်ရာ တိုက်ပွဲတိုင်းကို မအောင်နိုင်ပါပေ။ မြင်းစီးမပါသောဇက်ကြိုးသည်လည်း မြင်းကိုဦးမဆောင် နိုင်ပါပေ။ မြင်းစီးနှင့်မြင်းအကြား ဆက်နွယ်ပေးထားသော ဇက်ကြိုးလေးသည် တိကျသပ်ရပ်ခြင်း၊ မြဲမြံခြင်း၊ မြင်းဦးစီးနှင့်မြင်း၏အထာကိုသိခြင်း၊ အကင်းပါးခြင်း၊ အစဉ်အမြဲ တာဝန်ထမ်းဆောင်လိုစိတ်ရှိခြင်း၊ သစ္စာရှိခြင်း၊ ခေါင်းဆောင်နှင့်အတူတိုက်ပွဲဝင်ရဲသောရဲခြင်းတို့ ရှိအပ်လှပေသည်။ အဘဗိုလ်မှူးကြီးညွှန့်ဆွေ၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဂျီသရီးဘဝ၊ မဟာဗျူဟာ ဂျီတူးဘဝ၊ တပ်မ(–) ညှိနှိုင်းကွပ်ကဲရေးမှူး (ဂျီဝမ်း–ဦးရေးထောက်) ဘဝတို့သည် ဦးစီးအရာရှိကောင်းတစ်ဦးအဖို့ ဦးစီးလုပ်ငန်းအရာ၌ မည်သို့တာဝန်ထမ်းဆောင်ရမည်ကို သင်ခန်းစာရေးမထားဘဲ လက်တွေ့လုပ်ပြထားခြင်းဖြင့် သင်ကြားပေးနေသည်သို့ ဖြစ်ပါသည်။

ကဒူးမမှမော်ဖဆိုသော စစ်သားတစ်ယောက်၏ ကိုယ်ရေးမှတ်တမ်းသည် စာမျက်နှာ ၃၅၀ ကျော်ပါသည်။ ဘာမျှမဟုတ်သော ကာလမှတ်တမ်းတစ်ခုဟု ယူဆမည့်သူများ ရှိလျှင်လည်း ယူဆနိုင်ပါသည်။ သည့်ထက်သာမက တာဝန်ထမ်းဆောင်ခဲ့ဖူး အန္တရာယ်ကြုံဖူးသောသူများလည်း ရှိလျှင်လည်း ရှိနိုင်ပါသည်။ လူတစ်ယောက်၏ စစ်ဘက်တာဝန်ထမ်းဆောင်စဉ် လျှောက်သွားရင်း ကြုံတွေ့ရသည်များဟု ခပ်ပေါ့ပေါ့ဆိုလျှင်လည်း ဆိုနိုင်ပါသည်။ ကျွန်တော့်အတွက်မူ တန်ဖိုးမဖြတ်နိုင်သော ဘဝဒဿနများ တန်ဖိုးမဖြတ်နိုင်သော ခေါင်းဆောင်မှု အနက်အဓိပ္ပါယ်များ၊ တန်ဖိုးမဖြတ်လိုက်ရသော ကျွန်တော့်မိသည့် ဖြစ်စဉ်များ၊ တန်ဖိုးဆိုတာ ဘာလဲဟု မမေးအပ်သည့် စစ်သား၊



www.burmeseclassic.com

www.burmeseclassic.com




တစ်ယောက်၏ မြတ်နိုးတွယ်တာဖွယ်ရာပုံရိပ်များကို ရင်ဝယ်ဆက်လက် သိမ်းဆည်းနိုင်ပြီဟု ဆိုချင်ပါသည်။

စစ်ပွဲကြီးများဖြစ်သည့်အခါမှ ဘုရားနှင့်စစ်သားကို သတိရတမ်းတကြသည်ဟု (အမည်မမှတ်မိသော)စစ်ဗိုလ်ချုပ်တစ်ဦးက ပြောပါသည်။ ကျွန်တော်တို့စစ်သားများသည် စစ်သားဘဝကို တွယ်တာမြတ်နိုးကြသော်လည်း ပြည်သူတွေကတစေ့တစောင်းလှည့်ကြည့်လိုကြည့်ငြား သတိရလိုရငြားအတွက် စစ်ပွဲများနှင့်မငြိမ်သက်မှုဖြစ်မည်ကိုမလိုလားပါ။ စစ်ဖြစ်လာမည်ဆိုသော အနိဋ္ဌာရုံကို မမြင်တွေ့ချင်ဆုံးသောစစ်မုန်းတီး သူများသာဖြစ်ကြပါသည်။ သမိုင်းများသည် ပျောက်ပြယ်သွားခြင်းမရှိဘဲနောက်မှာနေခဲ့ သည်ချည်းဖြစ်ပါသည်။ မျှစ်ဟူသောဝါးပင်ငယ်ဘဝမှ ဝါးပင်ထွားထွားဖြစ်လာသောအခါ ကိုင်းညွှတ်လာလေသည်။ ငယ်စဉ်ကမျှစ်ပျိုနုဘဝကို ကိုင်းညွှတ်၍ငဲ့ကြည့်ပါသော်လည်း ပြန်လည်ဖြစ်တည်လို၍မျှစ်ဘဝကို ပြန်သွားလို၍မရတော့ပါ။ အတိတ်ဆီက မိမိဘဝကာလများကိုပြန်သွားချင်သော်လည်း ယင်းခရီးကြမ်းများကိုပြည်သူတို့ မဖြတ်သန်းစေလိုတော့ပါ။ သို့သော် ကျွန်တော်သည် မမျှော်လင့်ခဲ့ရပါဘဲ ကျွန်တော်လေးစားချင်ခင် အဖအရာတင်ခံရပါသော အဘဗိုလ်မှူးကြီးညွန့်ဆွေခေါ်ဆောင်သွားခဲ့မှုကြောင့် မော်ဖဆီမှကဒူးမသို့တိုင်ပြန်လည် လျှောက်လှမ်းကြည့်ခဲ့လိုက်နိုင်ပါသည်။ နောက်တစ်ကြိမ်ရောက်သွားဦးတော့မှုလအစကိုတော့ ပြန်မရောက်နိုင်တော့ကြောင်းအသိဖြင့် အဘဗိုလ်မှူးကြီး(အငြိမ်းစား)၊ သံအမတ်ကြီး(အငြိမ်းစား)၊ ဒုဝန်ကြီး(အငြိမ်းစား)၊ ဝန်ထမ်း ရွေးချယ်ရေးအဖွဲ့ဝင်(အငြိမ်းစား)၊ ဦးညွန့်ဆွေကို အထူးပင်လေးစားအားကျကျေးဇူးတင်မိပါကြောင်းခံစားဖော်ပြအပ်ပါသည်။

ဂုဏ်ယူမှုများဖြင့်
ချစ်ဆွေမြင့်
(ဗိုလ်မှူးချုပ် အေးမြင့်ကြူ)







၁၉၅၉ ခု၊ ဒီဇင်ဘာလ မော်ဖဒေသစစ်ဆင်ရေးအောင်ပွဲအပြီး အမှတ်တရ



www.burmeseclassic.com

# တာရေးသူ၏ တင်ပြလွှာ

ကျွန်တော်သည် ၁၉၃၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၅၄ ခုနှစ်မှစ၍ (၂၈)နှစ်ကြာ တပ်မတော်တွင် တာဝန်မျိုးစုံထမ်းဆောင်ခဲ့ရပါသည်။ ထို့နောက် ကုန်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တို့တွင် ဆက်လက်၍တာဝန်ထမ်းဆောင်ခဲ့ရပြန်ပါသည်။

အသက်(၇၀)နှစ်နှင့် (၇)လတွင်နိုင်ငံ့ဝန်ထမ်းလုပ်သက်(၅၂)နှစ်(၂) လနှင့် အငြိမ်းစားယူခဲ့သူ ဖြစ်ပါသည်။

ထိုသို့နှစ်ပေါင်း(၅၀)ကျော် တာဝန်ယူခဲ့ရသောကာလအတွင်း တပ်မတော်သားဘဝသည်သာခံ့မင်တွယ်တာစရာ အကောင်းဆုံးဖြစ်သည်ဟုယုံကြည် ထားခဲ့သူလည်းဖြစ်ပါ၏။

ကျွန်တော်မြတ်နိုးသော တပ်မတော်သားဘဝတွင် ဆရာသမားကောင်းများ၊ စေတနာရှိသောအပေါင်းအသင်းရောင်းရင်းများ၊ စိတ်ချအားကိုးရသော ရဲဘော်ရဲဘက်များ(အရာရှိ-စစ်သည်များ)နှင့်သာ ကြုံတွေ့ခဲ့ရပါသည်။

ထိုသို့ တွေ့ခဲ့ကြုံခဲ့သိကျွမ်းခဲ့ရသော ပတ်ဝန်းကျင်မှလေ့လာခွင့်ရရှိသော ဘဝအတွေ့အကြုံများကိုမှတ်သားမိသမျှ ဤစာအုပ်တွင်ရေးသားပြုစု မှတ်တမ်းတင်ထားဖြစ်ခဲ့ပါသည်။ အထူးသဖြင့်စစ်ဆင်ရေးနှင့်တိုက်ရိုက်သက်ဆိုင်သောအကြောင်းအရာအဖြစ်အပျက်များကိုသာစုစည်းတင်ပြထားခြင်းဖြစ်ပါ၏။

တပ်မတော်သားဘဝ (၂၈)နှစ်အတွင်း၊ အမှတ်(-) ခြေမြန်တပ်ရင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(-)ခြေလျင်တပ်ရင်း၊ မဟာဗျူဟာ ကွပ်ကဲမှုဌာနချုပ်၊ အမှတ်(-)ခြေလျင်တပ်ရင်းခေါ် ဖိုးဂေါ်ရခါးနှင့်အမှတ်(-) ခြေမြန်တပ်မဌာနချုပ်တို့တွင် တပ်စုမှူးအဆင့်မှ ဒုတိယတပ်မမှူးအဆင့်အထိစစ်ဆင်ရေးတာဝန်မျိုးစုံထမ်းဆောင်ရင်းကြုံတွေ့ခဲ့ရသောဖြစ်စဉ်များအနက်အရေးကြီးသောဖြစ်ရပ်များကိုကောက်နုတ်၍ ဤစာအုပ်တွင်ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။





တိုက်ပွဲအောင်မြင်ရေးအတွက်တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အဓိက ပိုးအားဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည်ထားခဲ့မိသည့်အတိုင်း ရှေ့တန်း၊ နောက်တန်း အတွေ့အကြုံများကို ကြိုးစား၍ဖော်ပြထားမိပါသေးသည်။

စစ်သားဟောင်းကြီးတစ်ဦး၏ ဘဝအတွေ့အကြုံ တင်ပြချက်သည် ပြည့်စုံမှုရှိချင်မှရှိမည်။ ပီပြင်ချင်မှ ပီပြင်လိမ့်မည်ဖြစ်သော်လည်း မျိုးဆက်သစ်၊ တူငယ်-သားငယ်-မြေးငယ်အရွယ်တပ်မတော်သားလေးများအတွက် ဆင်ခြင်စရာ၊ သတိပြုစရာ၊ နမူနာများသင်ခန်းစာများအဖြစ် အထောက်အကူဖြစ်စေလိုသော စေတနာဖြင့် ဤစာအုပ်ကို ရေးသားပြုစုခြင်းဖြစ်ပေသည်။

ဤစာအုပ်တွင် မှတ်တမ်းတင်ဖော်ပြသင့်ပါလျက် ကြွင်းကျန်နေခဲ့ပါလျှင်လည်း တစ်ချိန်ကအတူလက်တွဲခဲ့ကြသော ရဲဘော်ရဲဘက်အားလုံး၏ ခွင့်လွှတ်မှုကို ကြိုတင်တောင်းခံထားလိုပါသေးသည်။

၁၈-၁၂-၁၉၇၉ ရက်နေ့ အဓိကရည်မှန်းချက်ဖြစ်သော ပွိုင့် ၆၀၂၈ကို တိုက်ခိုက်သိမ်းပိုက်ရာတွင် သေနတ်ကိုင်တပ်ရင်းနှစ်ရင်း၊ ခြေမြန်တပ်ရင်းလေးရင်း **နှင့် ကွန်မန်ဒိုတပ်ခွဲသုံးခွဲတို့ အရပ်လေးမျက်နှာမှ ဟန်ချက်ညီ ဝင်ရောက်တိုက်ခိုက်ရာတွင်** ရန်သူ့နောက်ကျောဖြစ်သော ပန်ဆန်း-ရောင်အော်လမ်းအထိ ထိုးဖောက်ဝင်ရောက်ပြီး သက်စွန့်ကြိုးပမ်းဆင်နွှဲကြရသော အဆုံးအဖြတ်တိုက်ပွဲကို ရေးသားမှတ်တမ်းတင်ရာ တွင် တပ်အမှတ်များကို(-)ဖြင့်သာ ဖော်ပြခွင့်ရသည့်အတွက် **တိုက်ပွဲပုံစံပေါ်လွင်မှု မရှိခြင်းအတွက်လည်း ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။**

တပ်မတော်သမိုင်း အစိတ်အပိုင်းဖြစ်သောဤစာအုပ်မျိုး ရေးသားပြုစုရာတွင်တရားဝင်မှတ်တမ်းမှတ်ရာ အထောက်အထားများသည် အရေးအကြီးဆုံးဖြစ်ပါ၏။

ကျွန်တော်၏လက်ဝယ်တွင် မရှိတော့ပြီဖြစ်သော စာရွက်စာတမ်းအချို့ကိုဖတ်ရှုလေ့လာမှတ်သားခွင့်ပြုကြသော ပဲခူးမြို့ရှိ အမှတ်(-)ခြေမြန်တပ်မဌာနချုပ်၊ မိတ္ထီလာမြို့ရှိ အမှတ်(-) ခြေမြန်တပ်မဌာနချုပ်တို့နှင့်တကွ၊ ပွိုင့် (၄၅၆၁) တိုက်ပွဲအစီရင်ခံစာမိတ္တူကို သိမ်းဆည်းထားခဲ့သော ဒုတိယဗိုလ်မှူးကြီး အောင်[illegible] (ဗိုလ်သင်တန်း၃၆)ကိုလည်းကောင်း၊ ဓာတ်ပုံများပံ့ပိုးပေးသောဗိုလ်[illegible] ခင်မောင်ဆွေ (ဗိုလ်သင်တန်း၂၁)အားလည်းကောင်း၊ မော်ဖဒေသစစ်[illegible]ရေးနှင့်

www.burmeseclassic.com



ပတ်သက်သောစာရွက်စာတမ်းများ၊ ဓာတ်ပုံများပံ့ပိုးပေးသော အမြောက်တပ်ရင်းမှူး-ဒုတိယဗိုလ်မှူးကြီးမြင့်လွင် (ဗိုလ်သင်တန်း ၁၂)အားလည်းကောင်း၊ ဦးနှောက်မှတ်တမ်းထဲမှစဉ်းစားထုတ်နုတ်ပံ့ပိုးကြသော ဗိုလ်ချုပ်ဝင်းမြင့်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဆွေနှင့်ဖိုးဂေါ်ရခါးမှအရာရှိများအားလည်းကောင်း ကျေးဇူးတင်ရှိကြောင်းဖော်ပြအပ်ပါသည်။

အထူးအားဖြင့်

''ဗိုလ်မှူးက မတရားဘူး။ သူတို့ သူတို့အကြောင်းတွေတော့ ထည့်ရေးထားတယ်။ ကျွန်တော်တို့၊ ကျွန်မတို့အကြောင်းတွေ ဓာတ်ပုံတွေတော့မပါဘူး'' ဟုပြောရင်းဆိုရင်း နွဲ့ဆိုးဆိုးကာရန်တွေ့ကြမည့် တပ်မိသားစုများကိုလည်း ကြိုတင်မျှော်မှန်းထားမိပါသေးသည်။

သည်လို ချစ်စနိုးနှင့် လူချင်းတွေ့ကာ ရန်တွေ့ကြမည့်သူများကို မိသားစုချော့မော့နည်းနှင့်ချော့မော့ခွင့် ဖြေသိမ့်ခွင့်ရနိုင်ပါသေးသည်။ ပြဿနာမရှိ။

သို့သော် ...

စစ်သက် နှစ်ဆယ့်ရှစ်နှစ်အတွင်း အတူလက်တွဲတိုက်ပွဲဝင်ခဲ့ကြစဉ်က ကိုယ်ခန္ဓာအစိတ်အပိုင်းများ စွန့်လှူခဲ့ရသူ၊ အဖိုးတန်အသက်များပေးလှူခဲ့ကြရသူများ၏ အရေအတွက်ကိုလည်းကောင်း၊ အမည်နာမများကိုလည်းကောင်း မမှတ်မိနိုင်တော့သည့်အတွက် ဖော်ပြခြင်းလည်း မပြုနိုင်တော့သည်မှာ ဝမ်းနည်းဖွယ်အမှန်ဖြစ်ပါ၏။

ဥပမာ ...

နောက်ဆုံးတိုက်ပွဲဖြစ်သော မော်ဖဒေသတိုက်ပွဲတွင် ခမရ(-)မှ တပ်ခွဲမှူး (ဗိုလ်မှူး) မောင်ရီး ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ရင်း အသက်စွန့်သွားခဲ့ရပုံ ကို မှတ်တမ်းတင်ဖော်ပြနိုင်ခဲ့သည်။

မော်မဒေသ (၂၆)ရက်ကြာ စစ်ပွဲအတွင်းအသက်စွန့်လွှတ်ခဲ့သူ(၄၄) ဦး၊ ပြင်းထန်စွာဒဏ်ရာရသူ(၂၁၇)ဦး၊ အနည်းငယ်ဒဏ်ရာရသူ (၈၃)ဦး ဟူသော ကိန်းဂဏန်းကို တပ်မ(-)၏ အစီရင်ခံစာတွင် မှတ်တမ်းအဖြစ် ရှာဖွေတွေ့ရှိရသော်လည်းနာမည်၊ နံပါတ်များနှင့်တကွ ဖော်ပြနိုင်ခြင်းမရှိတော့သည်မှာ တကယ့်အားနည်းချက်ဟုဆိုလျှင် သင့်မည်ထင်ပေသည်။

ထို့ကြောင့် ...







၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက်နေ့ ပွိုင့် ၄၅၆၁တိုက်ပွဲအတွက် သူရဘွဲ့တံဆိပ်ရရှိသူများနှင့် တပ်ရင်းမှူးဇနီးမောင်နံ။

နောက်တန်း။ တပ်သားခင်မောင်သန်း၊ ဗိုလ်ကြီးမောင်နီ၊ တပ်ရင်းမှူး၊ တပ်ရင်းမှူးဇနီး၊ ဒုတပ်ကြပ်တင့်ဆွေ၊ တပ်သားအောင်ချို

ရှေ့တန်း။ တပ်သားဗဟာဒူး၊ တပ်သားလှရွှေ၊ တပ်သားကြည်မြင့်၊ တပ်သားဆားအိ၊ (ပျက်ကွက်) တပ်ကြပ်အောင်သန်း၊ တပ်သားတီးရယ်

ဤမည်သော''ကဒူးမမှမော်ဖသို့''ဟူသည့် တပ်မတော်သားဘဝမှတ်တမ်းအတွက် စာရေးသူ၏တင်ပြလွှာအဖြစ်ရေးသားရန် အဓိကအားဖြင့်အချက်(၂)ချက်သာ ရှိပါလေတော့သည်။

တစ်။ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါ၏။

နှစ်။ ကျွန်တော်၏ အားနည်းမှုများကြောင့် မပြည့်မစုံဖြစ်ခဲ့ရခြင်းအတွက် တောင်းပန်သင့် တောင်းပန်ထိုက်သူအားလုံးကို လှိုက်လှဲစွာ တောင်းပန်အပ်ပါ၏။

မောင်ဆွေသက်

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com





စာရေးသူ၏ ကျေးဇူးရှင် မိဘနှစ်ပါး
ဦးရွှေဆိုင် + ဒေါ်ခြင်







ဇနီးသရက်မယောက်ခွေ၏ ကျေးဇူးရှင် မိဘနှစ်ပါး
ဦးအောင်သိန်း + ဒေါ်နီ



www.burmeseclassic.com

www.burmeseclassic.com





ဖိုးဂေါ်ရခါး ဒေါ် ခလေရ(-) တပ်ရင်းမှူးနှင့်ဇနီး
(၁၉၇၂ မေလမှ ၁၉၇၇ မေလ)



# ပထမပိုင်း

**အမေ့သား**

၁၉၃၅ ခုနှစ်၊ အောက်တိုဘာလတွင် ကျွန်တော့်ကို မွေးပါသည်။

အဖေ့ဘက်က အဘိုးသည်ရာဇဝတ်ဝန် ဦးလူလေးဖြစ်၍ ဟံသာဝတီခရိုင် ရေမ်းသုံးခွဇာတိဖြစ်ပါသည်။ အဘွားဒေါ်ကျင်မေသည် မော်လမြိုင်သူ ဖြစ်ပါသည်။ အမေဘက်က အဘိုးသည်မန္တလေးမြို့ရှေ့နေကြီး ဦးတိုးဖြစ်ပါသည်။ အဘွား၏ အမည်မှာ ဒေါ်မိန်းဟူ၍ဖြစ်ပါသည်။ မန္တလေး၊ ရန်ကင်းတောင်ခြေ ပုသိမ်ကြီးမြို့နယ်ကျီကုန်းရွာဇာတိဖြစ်ပါ၏။

အဖေ ဦးငွေဆိုင်သည် ငယ်စဉ်ကဘောလုံးကန်ဝါသနာပါ၍ ရန်ကုန်စိန်ဂျွန်းကျောင်းလက်ရွေးစင်နှင့် ရန်ကုန်တက္ကသိုလ်လက်ရွေးစင်ဖြစ်ခဲ့ပါသည်။ ရှေးခေတ်က ရန်ကုန်ဘီအေကွင်းတွင် Burma Police (ပုလိပ်ကြီး)အသင်းနှင့် University(တက္ကသိုလ်)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုပွဲအပြီးမှာ တက္ကသိုလ်အသင်းဂိုးသမားဖြစ်သောအဖေ့အား ပုလိပ်ကြီးအသင်းမှခေါ်ပါသည်။

ထိုအချိန်တွင် အဖေသည်တက္ကသိုလ်တွင် စီနီယာအင်တာတန်းတက်နေစဉ်မှာပင် အလွန်ရင်းနှီးသောသူငယ်ချင်းဦးဘသွင်၏ညီမ ဒေါ်နှင်းအေး(ဒေါ်ဆင့်)နှင့် အိမ်ထောင်ကျခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်တွင်အဆောင်နေ ကျောင်းသားဖြစ်၍ သမီးကြီး၏ဓာတ်ပုံကို စားပွဲပေါ်တင်ကာ စာကျက်နေသောအဖေ့အား သူငယ်ချင်းများကနောက်ပြောင်ကြကြောင်းလည်း ပြောပြ၍သိရပါသည်။

မြန်မာနိုင်ငံပုလိပ်အဖွဲ့မှခေါ်ယူသည်ကို အဖေကလက်ခံလိုက်ပြီး မန္တလေးမြို့ ဆပ်ကျောင်း (Sub inspector) သင်တန်းတက်ရန် အမည်စာရင်းများ ပို့ခဲ့သော အခါကျမှ ဆပ်ကျောင်းအုပ်တာဝန်ယူနေသော အဘိုးဦးလူလေး သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရအောင်ကျောင်းထားပါလျက် ကျောင်းဆက်မတက်ဘဲပုလိပ်ထဲဝင်ရကောင်းလားဟု သားဖြစ်သူအပေါ်စိတ်ဆိုးဖူးကြောင်း သိရပါသည်။

ကျွန်တော့်အစ်မသည် ၁၉၂၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မွေးဖွား၍ ၁၉၂၉ ခုနှစ်၊ ၁၉၃၀ ပြည့်နှစ်တွင် အဖေ ပုလိပ်တပ်ဖွဲ့သို့ ဝင်ခဲ့ခြင်းဖြစ်မည်ဟု တွက်ချက်ရရှိပါသည်။

## စစ်ကိုင်းသား ကျွန်တော်

အဖေသည် ပုလိပ်အဖွဲ့သို့ဝင်ပြီး နယ်တွေပြောင်းရသဖြင့် အစ်ကိုကြီးကို မန္တလေးမှာလည်းကောင်း၊ အစ်ကိုလတ်ကိုအေလာ(ယခုအခါနေပြည်တော်အေလာ)တွင် ၁၉၃၃ ခုနှစ်၌လည်းကောင်း၊ ကျွန်တော့်ကို ၁၉၃၅ ခုနှစ်၊ အောက်တိုဘာလတွင် စစ်ကိုင်းမြို့၌လည်းကောင်း မွေးဖွားပါသည်။

အဘိုးဦးလူလေးသည် ပုလိပ်တပ်ဖွဲ့ဆပ်ကျောင်းတွင် ကျောင်းအုပ်လုပ်ပြီး နယ်များ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကာ ၁၉၃၅ ခုနှစ်တွင် ပင်စင်ယူသည်။ စစ်ကိုင်းမြို့၌အခြေချရန် အိမ်ဆောက်လုပ်ဆဲမှာကျွန်တော့်ကိုစစ်ကိုင်းဆေးရုံ၌ မွေးဖွားခဲ့ခြင်း ဖြစ်ပါသည်။

၁၉၃၅ ခုနှစ် အောက်တိုဘာလတွင် အမေ့သားကျွန်တော် လူဖြစ်ခဲ့ရပါပြီ။

## စစ်နှင့် ကျွန်တော်

ကျွန်တော့်ဦးလေး (အဖေ့ညီ) ကိုခင်မောင်မြ (ဗိုလ်မှူးမျိုးမြင့်-ငြိမ်း)သည် စစ်ကိုင်းအစိုးရ အထက်တန်းကျောင်းတွင် ပညာသင်ဆဲ ဆယ်တန်းမအောင်ခင် အိမ်ထောင်ကျ၍ ဆယ်တန်းမအောင်ခင် ဒုတိယကမ္ဘာစစ်ဖြစ်ပါသည်။

ဖခင်ဖြစ်သူ အလုပ်ရှိရာပြောင်းရွှေ့သမျှ လိုက်ပါရသည်ကအစ်မကြီးရယ်၊ အစ်ကိုလတ်ရယ်၊ ကျွန်တော်ရယ်သာဖြစ်သည်။ အဘိုးနှင့် အဘွားတို့ စစ်ကိုင်းမှာ အခြေချတော့ အဒေါ် ဒေါ်ခင်မေနွဲ့နှင့် ဦးလေးဦးခင်မောင်မြ(ကိုမျိုးမြင့်)တို့နှင့်အတူ အစ်ကိုကြီးကနေခဲ့ပါသည်။

ဒုတိယကမ္ဘာစစ် မြန်မာပြည်ကို မရောက်မီလေးမှာ အစ်မကြီးနှင့်အစ်ကိုလတ်ကို အဘိုးအဘွားတို့က စစ်ကိုင်းသို့ခေါ်သွားကြပါသည်။

ကျွန်တော့်အသက် ခြောက်နှစ်နှင့်နှစ်လအရွယ်မှာ စစ်ဆိုတာကိုစတင်ကြုံဖူးရပါသည်။





၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ ရန်ကုန်မြို့ကိုဂျပန်လေယာဉ်တွေ လာရောက်ဗုံးကြဲသည့်အချိန် မှာ ဗုံးသံရယ်၊ အမြောက်သံရယ်၊ စက်သေနတ်သံရယ် ကြားဖူးမိရပါတော့သည်။ သွေးတွေ၊ သံတွေ၊ လူနာတွေ၊ လူသေတွေကို စတင်မြင်ဖူးခဲ့ပါသည်။

အမေနှင့်ကျွန်တော်သည် ဗုံးတွေချချင်း နတ္တလင်းမြို့ကို ခေတ္တပြေးရပြီး ရက်ပိုင်းမှာပင် စစ်ကိုင်းသို့ အဖေကပို့ပေးပါသည်။ စစ်ကိုင်းသားစစ်စစ်ဖြစ်သော ကျွန်တော်သည် ခြောက်နှစ်နှင့်နှစ်လကျော်ကျော်မှ မွေးရပ်ဌာနီကမ်းခြေ ဖေယျာဦးမှာနေရဖူးပါတော့သည်။

ရန်ကုန်ကို ဂျပန်တွေသိမ်းပိုက်ပြီးနောက် မူလအတူနေ မိသားစုပါးယောက်ပဲ ရန်ကုန်ကိုပြန်လာခဲ့ကြပါသည်။

ဂျပန်ခေတ် စစ်တွင်းကာလမှာ တာမွေ၊ ကြို့ကုန်း၊ ဗဟန်းတို့တွင် နေထိုင်ခဲ့ရသည်။

## ဘုန်းကြီးကျောင်းသား

စစ်အတွင်းမှာ ဗဟန်းကျောင်းတိုက်အတွင်းရှိ ဆရာတော်ဦးစကြာကျောင်းတွင် ခိုလှုံခဲ့ရသေးသည်။



မိသားစုဓာတ်ပုံ (၁၉၄၇ [illegible])

ဆရာတော်ဘုရားသည် ဘီအေအောင်ပြီးမှ ဘုန်းကြီးဝတ်သူဖြစ်၍ ကျွန်တော်တို့ကို စာသင်ပေးပါသည်။ အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ အဓိကသင်ပေးခဲ့သည့်အတွက် ၁၉၄၅ ခုနှစ် စစ်ဖြစ်ချိန်က Middle K G ခေါ်သူငယ်တန်း (အလယ်တန်း)ကျောင်းသား ကျွန်တော်သည် ၁၉၄၆ခုနှစ်မှာ စတုတ္ထတန်းကျောင်းသားအဖြစ် ပညာသင်ခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဘုန်းကြီးတပည့် မြို့မကျောင်းသား

ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ စစ်ကိုင်းမှ ဦးလေးဦးခင်မောင်မြ(ကိုမျိုးမြင့်)မိသားစုနှင့်အစ်ကိုကြီးပါ ရန်ကုန်ကိုရောက်လာကြပါသည်။ ၁၉၄၆ ခုနှစ် ပညာသင်နှစ်မှာ အဖေက ညီအစ်ကိုသုံးယောက်စလုံးကို မြို့မအမျိုးသား၊ အမျိုးသမီးကျောင်းတွင်အပ်သည်။ စစ်ကြီးပြီးစမို့ ကျောင်းအပ်သူအားလုံး ကျောင်းဝင်ခွင့် စာမေးပွဲဖြေရသည့်၊ ကျွန်တော်နှင့် အစ်ကိုလတ်တို့ နှစ်ယောက်စလုံး စတုတ္ထတန်းတွင် နေခွင့်ရပါသည်။ ဆရာတော် ဦးစကြာကျေးဇူးကြောင့်သာ ဖြစ်ပါ၏။ ဒုတိယကမ္ဘာစစ်ဖြစ်ချိန်မှာ ဒုတိယတန်းကျောင်းသား အစ်ကိုလတ်က နှစ်တန်းသုံးတန်း နစ်နာခဲ့ရပါသည်။

၁၉၄၆ ခုနှစ်က စတုတ္ထတန်းမှာစတင်၍ အတူပညာသင်ခဲ့ရသူများမှာ ကိုသိန်းဝင်း(ဗိုလ်ချုပ်သိန်းဝင်း-ဝန်ကြီး-ငြိမ်း)၊ ကိုဘိုသား (ရဲမှူးချုပ်အောင်နွယ်-ငြိမ်း)၊ ကိုတင်အောင်(လေသူရဲအဆိုတော်တက္ကသိုလ်လွင်ဦး-လေယာဉ်ပျက်ကျသေဆုံး)တို့သည် ကျွန်တော်နှင့်သက်တူရွယ်တူ အငယ်ဆုံးများဖြစ်ကြပါသည်။ အသက်ဆယ့်တစ်နှစ်အရွယ်သာရှိကြသေးသည်။

ကျွန်တော့်အသက် ခြောက်ဆယ်ပြည့်သော ၁၉၉၅ ခုနှစ်တွင် သူတို့မှာ အသက်ခြောက်ဆယ် မပြည့်ကြသေးဟုဆိုပါသည်။ စစ်ဝတ်စုံနှင့် ရဲဝတ်စုံဝတ်လျက် တာဝန်ထမ်းဆောင်နေကြဆဲတွေ့ရပါသည်။

## ဝါသနာ

ဂျပန်ခေတ်တစ်ခေတ်လုံး ဂျပန်စစ်သား၊ မြန်မာစစ်သားတွေချည်း တွေ့နေရသော ကလေးဘဝမှာ ဝါးခြမ်းပြားဓားနှင့် စစ်သားလုပ်တမ်းသာ ကစားခဲ့ကြသည်။ မြို့မကျောင်းမှာနေခိုက် ကျောင်းကားနှင့်ကျောင်းတက်ရသည့်အပြင် အသက်တွေလည်းငယ်သေး၍ မြို့မကျောင်းတွင် ခေတ်စားသော ကျောင်းသားတပ်ဦးမှာ ပါဝင်ခွင့်မရခဲ့။

၁၉၅၁-၅၃ ခုနှစ် ကန်တော်ကြီး၊ ကနေဒီကျွန်းရှိ ဗမာမွတ်စလင်၊ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့တက်ရောက်စဉ် ကျောင်းသားရဲခေါင်တပ်ဖွဲ့ကို တာဝန်ခံအဖြစ် ဖွဲ့သည်။ ကျောင်းအုပ်ဆရာကြီး Mr Kotwal က ယူနီဖောင်းဝတ်သည်ကို သိပ်သဘောကျသည်သည်။ ကျောင်းသားရဲခေါင်ရယ်လို့ မခေါ်တတ်။





ရဲဘော်-ရဲဘော်

ကောင်းတယ်-ကောင်းတယ်ဟုသာ အားပေးရှာပါသည်။ မြို့မကျောင်းကျောင်းသားရဲခေါင်အဖွဲ့တွင် ကိုဇော်ဝင်းကျား(ဦးဖိုးကျားသား)၊ ကိုစံလှိုင်(မောင်တာခို၊ ရခိုင် ဗကပ ရဲနီကျော်ဝင်းအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပါလာသူ ရဲနီစံလှိုင်)၊ ကိုဘုန်းဝေ(ကျောက်မဲ)တို့က တာဝန်ယူလျက်ရှိသည်။ ကျွန်တော်တို့ကျောင်းမှာ ကိုမောင်မောင်သိမ်း (မြို့မကျောင်းသားဟောင်း)၊ ကျွန်တော်အစ်ကိုကိုရဲဆွေနှင့် ကျွန်တော်က တာဝန်ယူဖွဲ့သည်။ ကျွန်တော်က ကျောင်းသားရဲခေါင်တာဝန်ခံ၊ ကိုမောင်မောင်သိန်းက အထွေထွေဌာနကြီးမှူး တာဝန်ယူကြရသည်။

ရပ်ရှင်သရုပ်ဆောင်ဗိုလ်မှူးဗကို၏ယောက်ဖကိုစိုးမြင့်- မောင်မောင်ထွန်း(ဂီတစာဆို မောင်ဥက္ကာ)၊ ဂျော့စ်ညွန့်ကိုတင်အေး(လေကြောင်းဦးစီးညွှန်ချုပ်)တို့ကကင်းထောက်တပ်ဖွဲ့ဝင်တွေဖြစ်ကြသည်။

၁၉၅၃ ခုနှစ်၊ မတ်လမှာ ကျွန်တော်တက္ကသိုလ်ဝင်တန်း အောင်သည်။ အသက်ဆယ့်ခုနစ်နှစ်ကျော်ကျော်မို့ ရန်ကုန်တက္ကသိုလ်မှာ တစ်နှစ်နီးပါးနေခဲ့ရသေးသည်။

တက္ကသိုလ်တက်သည်ဆိုသော်လည်း ကျောင်းတက်ချိန် မမှန်၊ တက္ကသိုလ်အရန်တပ်ရင်းယူနီဖောင်းဝတ်ကာ သင်တန်းဆင်းရင်းနှင့်သာ အချိန်ကုန်ခဲ့ရပါတော့သည်။

## မှာခဲ့ရ အမိရင်ခွင်

၁၉၅၃ ခုနှစ်၊ အောက်တိုဘာလမှာ အသက် ဆယ့်ရှစ်နှစ်ပြည့်၍ ဗိုလ်သင်တန်းကျောင်းတက်ရန် ဗိုလ်လောင်းအဖြစ် လျှောက်လွှာတင်ရသည်။ ဒီဇင်ဘာလမှာ ဗိုလ်ရွေးအဖွဲ့သို့ ဝင်ရောက်ဖြေဆိုရသည်။

၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် တိုက်ဖွိုက်ခေါ် အူရောင်ငန်းဖျားဖြစ်၍ ဖေဖော်ဝါရီလတစ်လုံး အိပ်ရာထဲမှာသာနေရသည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှာ ဗိုလ်သင်တန်းတက်ရန် ရွေးချယ်ပြီးဖြစ်၍ မတ်လ ၆ ရက်နေ့တွင် ပြည်လမ်းဗိုလ်ရွေးအဖွဲ့ဘေးအနီးရှိ စစ်သားစုဆောင်းရေးတပ်သို့ သတင်းပို့ရန် အကြောင်းကြားစာရရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဒေါက်တာဦးလှမောင်နှင့်သမီး ဆေးကျောင်းသူ ဒေါ်ရီရီလှ (ယုဝတီခင်ဦး)တို့ ကြပ်မတ်ကူသမှုဖြင့် မတ်လ ၁ ရက်နေ့မှာ လမ်းစလျှောက်ကာ မတ်လ ၆ ရက်နေ့ သတင်းပို့နိုင်ခဲ့သည်။

မတ်လ ၇ ရက်နေ့တွင် ပိန်ခြောက်ခြောက် ချာတိတ်လေးတစ်ယောက် ရန်ကုန်-မန္တလေးရထားကြီးစီးလျက် မိခင်ရင်မှခွာခဲ့ရပြီ။

## ညီမလေး

နောင်သောအခါ တပ်ရင်းမိသားစုများကို တပ်ရင်းမှူးဇနီးအဖြစ်လည်းကောင်း၊ တပ်မဌာနချုပ်နှင့် တပ်ရင်းမိသားစုများကို ဒုတိယတပ်မမှူးဇနီးအဖြစ်လည်းကောင်းလက်တွဲ၍ စည်းရုံးလှုပ်ရှားရမည့် အဖော်မွန်သရက်မသက်ဆွေက ချာတိတ်သာ ရှိသေးသည်။

ရည်းစားလည်းမဟုတ်၊ ဘာလည်းမဟုတ်ဆိုသောဘဝနှင့်ဘဲခွဲခွာခဲ့ရသည်။

စိုင်းထီးဆိုင်သီချင်းထဲကလို 'ငယ်ရွယ်သူမို့ အချစ်တွက်ကိုအလေးသာ ပေးခဲ့တယ်' ဟူသည့်မျိုး သီဆိုရန် ဘဝလည်း မဟုတ်သေး။

စန္ဒရားချစ်ဆွေရဲ့ လက်ရာမွန်လို

'ချစ်စကားမကျတကျ အလှအပတွေပဲရွေးပြီး ပြောမိတယ် ××× ဒီလို အချိန်တိုင်းမှာကွယ်××× နှစ်ယောက်သား မျက်လုံးအိမ်ထဲဝယ်××× သာယာကြည်နူးခြင်းနဲ့ချစ်ဗိမ္မာန်နန်း××× ကို အတူလိုလို မြင်ကြရတယ်ကွယ်×××' ဟူသော ဘဝမှာပင် ခွဲခဲ့ရတော့သည်။

❖ ❖ ❖



# ဒုတိယပိုင်း

## တပ်မတော်ရင်ခွင်သို့

၁၉၅၄ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် မေမြို့(ပြင်ဦးလွင်)ဘူတာသို့ ရောက်ခါလာကြိုသော စစ်ကားကြီးပေါ် တက်လိုက်သွားရသည်။

ဗိုလ်သင်တန်းကျောင်းဟုခေါ်သော စစ်တပ်ထဲရောက်၍ စစ်တန်းလျားတစ်ခုမှာ ခေတ္တနေရာရသည်။

နောက်နေ့ မတ်လ ၁၀ ရက်နေ့ကျမှ ဗိုလ်လောင်းအားလုံး တန်းစီလျက် အရပ်အနိမ့်အမြင့်အလိုက်ကျောင်းသားနံပါတ်တွေပေးကာတပ်စုသုံးစုခွဲလိုက်ပါသည်။

၁၉၅၄ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှစ၍ ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၁၂) ဗိုလ်လောင်းနံပါတ် (၁၆) ဗိုလ်လောင်းညွန့်ဆွေ ဟူ၍ တရားဝင် စစ်သားဖြစ်ခဲ့ရပါတော့သည်။

မွေးသမိခင်ရင်ခွင်မှခွာ၍ အမိတပ်မတော်ရင်ခွင်သို့ ပြောင်းရွှေ့ရောက်ရှိကာ တပ်မတော်သားဘဝစစ်စစ်ကို ခံယူလိုက်ရသောနေ့လည်း ဖြစ်ပေသည်။

## ဗိုလ်လောင်းဘဝ

၁၉၅၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် သင်တန်း စတင်ခဲ့ရသော ဗိုလ်လောင်းသင်တန်း အပတ်စဉ် (၁၂) သည် ဗိုလ်သင်တန်းကျောင်းတွင် အကြို ဗိုလ်လောင်းသင်တန်းကာလ Pre-OCTU အဖြစ် ၃လ သတ်မှတ်ပါသည်။ OCTU ဗိုလ်လောင်းသင်တန်းအဖြစ် ၇လ မှာ ပထမ သုံးလခွဲတွင် midterm စာမေးပွဲစစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်သည် စာတွေ့လက်တွေ့သင်ခန်းစာအားလုံး အခြားသူများထက် အမှတ်တွေသာ၍ပထမရခဲ့ပါသည်။ ဒီပုံစံအတိုင်းဆက်ကြိုးစားလျှင် စံပြကျောင်းသားဆုရရှိနိုင်သည်ဟု တပ်စု(၁)တစ်စုလုံးမှ ဝိုင်း၍အားပေးကြပါသည်။ ကူညီပံ့ပိုးကြပါသည်။

## အမိဝမ်းမှ ကျွတ်သောသား

မွေးသမိခင်ရင်ခွင်ကိုခွာ၍ တပ်မတော်မိခင်ရင်ခွင်သို့ ခိုလှုံခဲ့ရသော ကျွန်တော်-

၁၅-၃-၁၉၅၄ ခုနှစ်မှစတင်၍ တပ်မတော်ဗိုလ်သင်တန်းကျောင်းတွင် သန္ဓေတည်ခဲ့ရသော ဗိုလ်လောင်းလေး ကျွန်တော်-



ဗမာ့တပ်မတော်ဗိုလ်သင်တန်းကျောင်း (မေမြို့)ဗိုလ်လောင်းသင်တန်း
အမှတ်(၁၂)၊ သီဟတပ်ခွဲ၊ တပ်စု (၁)။
ရှေ့တန်းဝဲမှယာ - တတိယစာရေးသူ၊ တပ်ခွဲမှူးဗိုလ်ကြီးမောင်မောင်၊
ကျောင်းအုပ်ကြီးဒုဗိုလ်မှူးကြီးမြဝင်း၊ တပ်စုမှူးဗိုလ်ကြီးမင်းနောင်၊
ဒုတိယ ကျောင်းအုပ်-ဗိုလ်မှူးတင်ဦး။

•••◆◆ ပြည့်စုံစာအုပ်တိုက် ◆◆•••



မိခင်၏ဝမ်းကြာတိုက်မှာ ကျဉ်းကျပ်စွာနိဝင်ရင်း မိခင်ထံမှမေတ္တာရည်တွေ၊ သွေးသားတွေ ဖြည့်ဆည်းမှုအားလုံးခံယူကာ ကိုးလလွယ်ဆယ်လများသော သားရတနာလို မိခင်တပ်မတော်၏ တင်းကျပ်လှစွာသော ဗိုလ်သင်တန်းကျောင်းကြီးမှာ စည်းကမ်းတွေ၊ စစ်ပညာတွေ၊ စိတ်ဓာတ်တွေအားလုံးပြည့်စုံစွာ ဖြည့်ဆည်းရယူပြီးသော ကျွန်တော်-

ဆယ်လ ပြည့်သော်-

၁၅-၁-၁၉၅၅ ခုနှစ်မှာ မွေးဖွားခဲ့ပါပြီ။ ချယ်ရီတွေ ပွင့်လျက် နှင်းတွေဝေသော ပြင်ဦးလွင်၏နံနက် နေတက်ရေတက်မှာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ရပြီ။

ဒုတိယမိခင်ဖြစ်သော တပ်မတော်မှစစ်သားလေး ကျွန်တော့်ကို မွေးဖွားလိုက်ပါပြီ။

**ဗိုလ်သင်တန်းအပတ်စဉ် (၁၂)သင်တန်းသားများ**
**(၁၅-၃-၅၄ မှ ၁၅-၁-၅၅)**

| စဉ် | အမည် | |
|---|---|---|
| ၁။ | ကိုကျော်သိန်း | တပ်မတော် |
| ၂။ | မောင်တင်မောင် | အရပ်သား |
| ၃။ | ကိုအောင်တင့် | တပ်မတော် |
| ၄။ | ကိုခင်မောင်လေး | တပ်မတော် |
| ၅။ | ဦးဘိုးအောင် | စစ်ရဲအရာရှိ |
| ၆။ | မောင်ကျော်မြင့် | အရပ်သား |
| ၇။ | ကိုထွန်းအောင်ကျော် | တပ်မတော် |
| ၈။ | ကိုခင်မောင်အေး | တပ်မတော် |
| ၉။ | ကိုလှမြင့် | တပ်မတော် |
| ၁၀။ | မောင်မြတ်ရွှေ | အရပ်သား |
| ၁၁။ | ကိုချစ်မောင် | တပ်မတော် |
| ၁၂။ | ကိုရွှေကျော် | တပ်မတော် |
| ၁၃။ | ကိုရွှေသာအောင် | တပ်မတော် |
| ၁၄။ | မောင်လှတင် | အရပ်သား |
| ၁၅။ | ကိုပါစိန် | တပ်မတော် |

•••◆◆ ပြည့်စုံစာအုပ်တိုက် ◆◆•••

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၆။ | မောင်ညွန့်ဆွေ | အရပ်သား |
| ၁၇။ | ကိုစိန်မောင် | တပ်မတော် |
| ၁၈။ | ကိုစံရှင်း | တပ်မတော် |
| ၁၉။ | ဦးချို | ရဲအရာရှိ |
| ၂၀။ | ကိုခင်မောင် | တပ်မတော် |
| ၂၁။ | ကိုစိန်အောင် | တပ်မတော် |
| ၂၂။ | မောင်အောင်မြင့် | အရပ်သား(ဘီအေ-တိုက်ရိုက်အရာရှိ) |
| ၂၃။ | ကိုမောင်မောင် | တပ်မတော် |
| ၂၄။ | ကိုမောင်လှိုင် | တပ်မတော် |
| ၂၅။ | မောင်ကြီးမြင့် | အရပ်သား |
| ၂၆။ | ကိုစိုးဝင်း | တပ်မတော် |
| ၂၇။ | ကိုကိုလေး | အရပ်သား(ဘီအက်စ်-တိုက်ရိုက်အရာရှိ) |
| ၂၈။ | ကိုကြည် | တပ်မတော် |
| ၂၉။ | ဦးလှခင် | စစ်ရဲအရာရှိ |
| ၃၀။ | ကိုဝင်းမောင် | တပ်မတော် |
| ၃၁။ | ကိုမြင့်လွင် | တပ်မတော် |
| ၃၂။ | ကိုဌေးအောင် | တပ်မတော် |
| ၃၃။ | မောင်မင်းစိန် | အရပ်သား |
| ၃၄။ | ဦးရဲမြင့် | ရဲအရာရှိ |
| ၃၅။ | မောင်စိုးမြင့် | အရပ်သား |
| ၃၆။ | ကိုစိုးမြင့် | တပ်မတော် |
| ၃၇။ | ကိုကျင်ငွေ | တပ်မတော် |
| ၃၈။ | ကိုကိုကြီး | တပ်မတော် |
| ၃၉။ | ကိုရဲနောင် | တပ်မတော် |
| ၄၀။ | ကိုသံဒိုင် | တပ်မတော် |
| ၄၁။ | ဦးဘဟန် | စစ်ရဲအရာရှိ |
| ၄၂။ | ကိုသန်းစိန် | တပ်မတော် |
| ၄၃။ | မောင်ဝင်းအောင် | အရပ်သား |





| | | |
|---|---|---|
| ၄၄။ | ကိုမောင်စော | တပ်မတော် |
| ၄၅။ | မောင်စိုးမြင့် | အရပ်သား |
| ၄၆။ | ကိုကံရှိန် | တပ်မတော် |
| ၄၇။ | ကိုမင်းလွင် | တပ်မတော် |
| ၄၈။ | ကိုစိုးအောင် | တပ်မတော် |
| ၄၉။ | ကိုမြင့် | တပ်မတော် |
| ၅၀။ | ကိုမောင်မောင်အေး | တပ်မတော် |
| ၅၁။ | မောင်အုံးသန်း | အရပ်သား |
| ၅၂။ | ကိုစောမောင်သွင် | တပ်မတော် |
| ၅၃။ | ကိုစန်းမြင့် | တပ်မတော် |
| ၅၄။ | ကိုကျော်ညွန့် | တပ်မတော် |
| ၅၅။ | ဦးဂေါလူဂမ်း | စစ်ရဲအရာရှိ |
| ၅၆။ | ကိုစိုးညွန့် | တပ်မတော် |
| ၅၇။ | ကိုမြင့်အောင် | တပ်မတော် |
| ၅၈။ | ကိုမျိုးသန့် | တပ်မတော် |
| ၅၉။ | ကိုမောင်မြ | တပ်မတော် |
| ၆၀။ | ကိုကျော်စိုး | တပ်မတော် |
| ၆၁။ | မောင်ခင်မောင်ထွေး | အရပ်သား |
| ၆၂။ | ကိုဖိုးလ်မိုး | တပ်မတော် |
| ၆၃။ | ကိုသောင်းကြွယ် | တပ်မတော် |
| ၆၄။ | ဦးကျော်ညွန့် | ရဲအရာရှိ |
| ၆၅။ | ကိုစံဝင်းမောင် | တပ်မတော် |
| ၆၆။ | မောင်ဘတူ | အရပ်သား |
| ၆၇။ | ကိုသန်းလှ | တပ်မတော် |
| ၆၈။ | ကိုသန့်ဇွ | တပ်မတော် |
| ၆၉။ | ကိုမင်းစန်း | တပ်မတော် |
| ၇၀။ | မောင်ဘမြိုင် | အရပ်သား |
| ၇၁။ | ကိုသန်းစိန် | တပ်မတော် |



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၇၂။ | ကိုမောင်သန်း | တပ်မတော် |
| ၇၃။ | ဦးကွန်ဘောယွန်း | စစ်ရဲအရာရှိ |
| ၇၄။ | မောင်ကျော်မြင့် | အရပ်သား |
| ၇၅။ | မောင်ထွန်းလွင် | အရပ်သား |
| ၇၆။ | ကိုလှသင်း | တပ်မတော် |
| ၇၇။ | ကိုကျော်ဖေကြီး | တပ်မတော် |
| ၇၈။ | ကိုညွန့်ရွှေ | တပ်မတော် |
| ၇၉။ | ကိုကိုကြီး | တပ်မတော် |
| ၈၀။ | မောင်ခင်မောင်ညို | အရပ်သား |
| ၈၁။ | ကိုညွန့်တင် | တပ်မတော် |
| ၈၂။ | ကိုကျော်ဖေ | တပ်မတော် |
| ၈၃။ | ကိုကျော်ဝင်း | တပ်မတော် |
| ၈၄။ | ဦးစိုးမြင့် | ရဲအရာရှိ |
| ၈၅။ | ဦးရွှေဖိုး | ရဲအရာရှိ |
| ၈၆။ | ဦးအောင်ကျော်မြင့် | စစ်ရဲအရာရှိ |
| ၈၇။ | ဦးမောင်တောင် | စစ်ရဲအရာရှိ |
| ၈၈။ | ဦးမန်းဖိုး | စစ်ရဲအရာရှိ |
| ၈၉။ | ဦးသိုင်းသန်းတင် | စစ်ရဲအရာရှိ |
| ၉၀။ | ဦးတင်ဝင်း | ရဲအရာရှိ |
| ၉၁။ | ဦးသန်းညွန့် | ရဲအရာရှိ |
| ၉၂။ | မောင်မျိုးသန့် | အရပ်သား |
| ၉၃။ | မောင်မောင်မြင့် | အရပ်သား |

## လေ့ကျင့်ရေးမှ စစ်ဆင်ရေးသို့-

တပ်မတော်အရာရှိ ဖြစ်ခဲ့သည်နှင့် ဗိုလ်သင်တန်းကျောင်း၌ပင် နည်းပြအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရသည်။ လက်ထောက် လက်နက်ငယ်ကျွမ်းကျင်မှုအရာရှိ၊ ပညာရေးအရာရှိ ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၁၄)တပ်စုမှူး၊ လေ့ကျင့်ရေးတပ်ရေးတာဝန်များ ထမ်းဆောင်ခဲ့ရသည်။





၁၉၅၇ ခုနှစ်တွင် မေမြို့(ပြင်ဦးလွင်)ရှိ ဗိုလ်သင်တန်းကျောင်းနှင့် ဗထူးတပ်မြို့ရှိ စစ်တက္ကသိုလ်တို့ အပြန်အလှန် လဲလှယ်ကြရပါသည်။ ဗထူးတပ်မြို့သို့ရောက်ရှိအခြေကျစမှာပင် ပြောင်းရွှေ့ခွင့်တောင်းထားသော အရာရှိများအနက် အရာရှိငါးဦး တစ်ပြိုင်တည်း ပြောင်းမိန့်ရရှိပါသည်။

ဗိုလ်ကြီးမင်းဟန် - သနက(-)သို့
ဗိုလ်ကြီးစိုးမြင့် - သနက(-)သို့
ဗိုလ်ကြီးလှဦး - ခလရ(-)သို့
ဗိုလ်ညွန့်ဆွေ - ခမရ (-)သို့
ဗိုလ်ကြီးမင်းမောင် - ခမရ (-)သို့

ပြောင်းရွှေ့မိန့်ရရှိကြကာ မိခင်တပ်ဖြစ်သော ဗိုလ်သင်တန်းကျောင်းမှ ပြောင်းရွှေ့ကြရပါတော့သည်။

## ခြေမြန်တပ်ရင်း(-)

ဗိုလ်သင်တန်းကျောင်းတွင် စစ်ပညာဟူသမျှ စာတွေ့လက်တွေ့ လေ့လာခဲ့ရသောကျွန်တော်သည် ၁၉၅၇ခုနှစ်၊စက်တင်ဘာလတွင် ခြေမြန်တပ်ရင်း(-)သို့ရောက်မှ တကယ့်စစ်မြေပြင်မှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ခွင့်ရပေတော့သည်။

ရန်ကုန်မြို့၊ ကုက္ကိုင်း၊ ကမ္ဘာအေးစေတီလမ်းပေါ်ရှိ ခမရ(-)သို့ ကျွန်တော်ရောက်ရှိသတင်းပို့ရချိန်တွင်တပ်မှူးမှာ ဒုတိယဗိုလ်မှူးကြီးထင်ကျော် (ဆောက်လုပ်ရေးဝန်ကြီး-ကွယ်လွန်)၊ ဒုတပ်ရင်းမှူးဗိုလ်မှူးခင်မောင်ညွန့်တို့ ဖြစ်ကြပါသည်။

ကျွန်တော့်အား တပ်ခွဲ(၂) အနော်ရထာတပ်ခွဲတွင် တာဝန်ချထားပေးရာ တပ်ခွဲမှူးဗိုလ်ကြီးထွန်းရီ (ဗိုလ်သင်တန်း-၄)လက်အောက်တွင် တပ်စုမှူး ဗိုလ်စောနိုင်(ဗိုလ်သင်တန်း-၁၁)ဗိုလ်အောင်မြ(ဗိုလ်သင်တန်း-၁၅)တို့နှင့်အတူ တာဝန်ယူရပါသည်။ တပ်ခွဲအရာခံဗိုလ်သန်းနိုင်၊ တပ်ခွဲတပ်ထောက် မြင့်တင်တို့ဖြစ်သည်။

ကျွန်တော်၏ တပ်စုတပ်ကြပ်ကြီးမှာ တပ်ကြပ်ကြီးထွန်းဖေဖြစ်၍ တပ်စိတ် မှူးများဖြစ်ကြသောတပ်ကြပ်သောင်းစိန်၊ တပ်ကြပ်ကြင်လှိုင်၊ တပ်ကြပ်မောင်အေးတို့မှာ တကယ်အားကိုးရသောသူများ ဖြစ်ကြပါသည်။

၁၉၅၀ ပြည့်နှစ်အလွန်ကာလတွင် ခြေမြန်တပ်ရင်းများ စတင်ဖွဲ့စည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ခမရ(-)ဗိုလ်မှူးထင်ကျော်၊ ခမရ(-)ဗိုလ်မှူးသူရအောင်ဖေ၊ ခမရ(-) ဗိုလ်မှူးကြည်မောင်၊ ခမရ(-)ဗိုလ်မှူးစန်းအောင်တို့နှင့်စတင်ဖွဲ့စည်းသည်။ အရပ်ဘက်ကတော့ 'အထူးတပ်' ဟုခေါ်သည်။ စစ်ဆင်ရေးအတွက် သီးသန့်တာဝန်ပေးရန်ဖွဲ့စည်းခြင်း ဖြစ်၍ အချို့ကတော့ 'မထူးတပ်'ဟု ခေါ်ကြပါသေးသည်။

## စစ်ဆင်ရေးဆိုတာ

အောက်တိုဘာလတွင် တပ်ရင်းတစ်ရင်းလုံးစစ်ဆင်ရေးထွက်ကြရာ မိတ္ထီလာအရောက်တွင် ရပ်နားရသည်။ မိတ္ထီလာတွင် တပ်မ(-)ကို စမ်းသပ်ဖွင့်လှစ်ထားချိန်ဖြစ်ပေသည်။

တပ်ရင်းမှူးအား တပ်မတွင် ခေါ်ထားကာ တပ်ရင်းတစ်ရင်းလုံး ဒုတပ်ရင်း မှူးဦးစီးလျက် မန္တလေး-ရန်ကုန်ကားလမ်း အနောက်ဘက်ခြမ်းမှ တောင်ဘက် သို့ စစ်ကြောင်းချီ Flag March လုပ်ခိုင်းပါတော့သည်။

ငါးရက်ခရီးပေါက်မှ ညတွင်းချင်းကားလမ်းသို့ ထွက်လာရသည်။ ဆက်လုပ်ရမည့် ညွှန်ကြားချက်ကို ယာဉ်တန်းတာဝန်ခံနှင့် ထည့်ပေးမည်ဟု ညွှန်ကြားချက်ရရှိပါသည်။

ယာဉ်တန်းအလွတ်ရောက်လာရာ ပါလာသောတာဝန်ခံလက်မှ ညွှန်ကြားချက်ရပါတော့သည်။

ဤယာဉ်တန်းနှင့် တပ်ရင်းတစ်ရင်းလုံး မန္တလေးသို့ချီတက်ရမည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သတင်းပို့ရမည်ဟူသော ညွှန်ကြားချက်သာဖြစ်သည်။

## သတင်းလုံခြုံမှု

နံနက်လင်းအားကြီးအချိန် မန္တလေးနန်းတွင်းသို့ ရောက်ရှိသောအခါ နန်းတွင်းရပ်ရှင်ရုံတွင် နေရာချပေးပါသည်။ တပ်ရင်း(-)တံဆိပ်ပါသော ဝတ်စုံမဝတ်ရ၊ စွပ်ကျယ်အင်္ကျီပင်လျှင် (-)တံဆိပ်ပါလျှင် မဝတ်ရ။ ဘယ်မှမသွားရ။ ဈေးဝယ် အဖွဲ့ကို အရာရှိတစ်ဦး ဦးဆောင်လျက် အရပ်ဝတ်နှင့် ဝယ်စေရမည်ဟု တင်းတင်း ကျပ်ကျပ် ညွှန်ကြားထားပါသည်။

တတိယမြောက်ည ခြောက်နာရီတွင် ညွှန်ကြားချက်ရောက်လာသည်။





ရှစ်နာရီတွင် ယာဉ်တန်းရောက်လာမည်။ တပ်ရင်းတစ်ရင်းလုံး ခရီးထွက်ရမည်ဟု အလွန်လျှို့ဝှက်သော ညွှန်ကြားချက် ရပြန်ပါသည်။

တပ်ခွဲလိုက် အသင့်ပြင်ဆင်ပြီးချိန်မှာ တပ်ရင်းမှူးကြီး ရောက်လာသည်။ ညတွင်းချင်း ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ် ကဒူးမကျေးရွာသို့ ချီတက်ရမည်။ ကဒူးမရွာသို့ရောက်လျှင် ဒုတိယကမ္ဘာစစ်က အင်္ဂလိပ်တပ်တို့ ဆုတ်ခွာရာလမ်းအတိုင်း အနောက်ဘက်သို့ သုံးမိုင်အထိတပ်ရင်းတစ်ရင်းလုံး ဖြန့်ခွဲနေရာယူကာ တောင်ဘက်မှ တက်လာမည့်ရန်သူကို ပိတ်ဆို့ရေးတာဝန်ယူရမည်ဟု တာဝန်ပေးတော့သည်။

## လက်တွေ့ မြေပုံဖတ်ပညာ

တစ်ညလုံး ယာဉ်တန်း(အရပ်သုံးတန်းကားများ)နှင့် ချီတက်ရသည်။ တပ်ခွဲ(၂)ရှေ့ဆုံးမှချီတက်ရန် တာဝန်ကျ၍ ရှေ့ဆုံးကားမှာမြေပုံဖြန့်လျက် ကျွန်တော်လိုက်လာခဲ့ရသည်။

ဗိုလ်သင်တန်းကျောင်းတွင် ပညာရေးအရာရှိအဖြစ် အရာရှိငယ်သင်တန်းသားများနှင့် ဗိုလ်လောင်းတို့ကို မြေပုံဖတ်ပညာသင်ပေးခဲ့ရဖူးသည်။ ယခုမှ ကိုယ်တိုင် တောထဲ၊ တောင်ထဲမှာမဟုတ်သေးဘဲ ကားလမ်းတစ်လျှောက် မြေပုံဖြန့်ကာ လမ်းမမှားအောင်ချီတက်ရပေတော့သည်။

## ပထမဆုံး သင်ခန်းစာ

ကဒူးမရွာရောက်သည်နှင့် ယာဉ်တန်းရပ်ကာ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း ပိတ်ဆို့ရေးတာဝန်ယူကြရသည်။

ပိတ်ဆို့ရေးတာဝန်ယူရာတွင် အသံ လုံရမည်။ အသံ မထွက်ရ၊ လှုပ်ရှားမှုများလာမှ မပြုလုပ်ရ၊ ထမင်းချက်လျှင် နောက်ဘက် လျှိုတွင်းဆင်း၍ ချက်ရမည်။ မီးခိုး မထွက်အောင် မျက်နှာသုတ်ပဝါဖြင့် ယပ်ခတ်ကာ မီးခိုးတွေ ပြန့်စေရမည်ဟု ကိုတိကျကျ ညွှန်ကြားပါသည်။ မဟာမြိုင်တောနှင့်ဆက်နေခြင်းကြောင့် ကျွန်းတောကြီးမှာ ထူထပ်လွန်း၍ ကျွန်းရွက်ကြီးများက စကောလောက် ကြီးပေသည်။ ကြားညှပ်ပေါက်နေသော ဖန်ခါးပင်ကြီးများက ကျွန်းပင်နှင့်အပြိုင် မိုးထိလုနီးပါးမြင့်သည်။ ကြွေကျနေသော ဖန်ခါးသီးများက ကြီးလွန်းလှသည်။ နှံ့တွင်းရှင်



www.burmeseclassic.com

www.burmeseclassic.com



ရုံမှာ ပိတ်လှောင်ထားစဉ်က ကြိုတင်မျှော်မှန်းတတ်သော ဗိုလ်ကြီးထွန်းရီက တပ်ခွဲ တပ်ထောက်ဆရာမြင့်တင်ကို သီးသန့်တာဝန်ပေး၍ တပ်ခွဲတစ်ခွဲလုံးအတွက် ငါးပိကို ပုစွန်ခြောက်နှင့် ခြောက်နေအောင် ထောင်းခိုင်းသည်။ တပ်ခွဲရုံး၊ တပ်စုရုံးသုံးရုံးနှင့် တပ်စိတ် ကိုးစိတ်အတွက် ဟန်းကော ၁၃လုံး အပြည့်ပါလာသည်။

ပိတ်ဆို့ရေးကာလမှာ ငါးပိထောင်းနှင့် ဖန်ခါးသီးနှင့် နံနက်၊ ည စားခဲ့ကြရသည်။ ကျွန်တော့်တစ်သက်စားရသမျှ ငါးပိထောင်းဟူသမျှ ထိုစဉ်ကအရသာကိုမည်သို့မျှမမီဟု စွဲနေပေတော့သည်။ အခြားတပ်ခွဲများမှာ နေရာယူပြီးနောက်တစ်နေ့တွင် ဟင်းလျာရိက္ခာမရှိကြတော့ပေ။

သတင်းလုံခြုံမှုအတွက် နန်းတွင်းရပ်ရှင်ရုံမှာ တပ်ရင်းကိုဝှက်ထားချိန်ကပင် အရေးကြီးစစ်ဆင်ရေး တာဝန်ပေးလိမ့်မည်ဟု ကြိုတင်မျှော်တွေးမှန်းဆကာ ပြင်ဆင်မှုလုပ်ခဲ့ရှာသော တပ်ခွဲမှူးကြီးထံမှ ပထမဦးစွာသင်ခန်းစာရရှိလိုက်ပါတော့သည်။

## ပိုင်းပတ်ပိတ်ဆို့ရေး တာဝန်

ဗကပဗဟို သခင်သန်းထွန်းနှင့်အဖွဲ့ ခိုအောင်းနေသည်ဟူသောသတင်းရ၍ ဒုဗိုလ်မှူးကြီးထင်ကျော်၏ ခမရ(-)နှင့်ဒုဗိုလ်မှူးကြီးတင်ထွန်း၏ ခလရ(-)တို့ကို ပိုင်းပတ်ပိတ်ဆို့ရေးတာဝန်ပေးကာ ဗိုလ်မှူးစိန်လွင်ဦးစီးသနက(-)ကို ပိုက်စိပ်တိုက် ရှင်းခိုင်းခြင်းဖြစ်သည်။

စတင်ရှင်းလင်းသည်နှင့်ကဒူးမရွာသို့ တပ်မဟာ(-)တပ်မင်းဗိုလ်မှူးကြီးသောင်းကြည် ရှေ့တန်းရုံးလာဖွင့်သည်။ BSTO တပ်မဟာ ထောက်ပို့အရာရှိဗိုလ်ကြီးမြငြိမ်းက ရိက္ခာတွေစုပုံရသည်။

ပိတ်သူက ပိတ်၊ ရှင်းသူကရှင်းနေစဉ်ပဋ္ဌမနေ့မှာတောတွင်းရိက္ခာသံပုံးများထုတ်ပေးပါသည်။ ပိတ်ဆို့ရေးတာဝန်မပျက်၊ ရိက္ခာပုံးတွေ လက်ဆင့်ကမ်း ဖြန့်ဝေရပါတော့သည်။





## မပြေးကောင်းသော ဗကပ

ကဒူးမရွာကြီးအနောက်ဘက်ခွင်မှာ ဗကပဗဟိုရှိခဲ့တာမှန်သည်။ တပ်တွေပိုင်းပတ်ပိတ်ဆို့ခြင်းမပြုနိုင်မီကပ်၍ ထွက်ပြေးသွားကြသဖြင့် လွတ်သွားခဲ့ပြီ။

တပ်မဟာ(-)နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဗကပဗဟိုသတင်းရခဲ့သည်။ တပ်တွေစုသည်။ သတင်းအတည်ပြုဆဲမှာ လှုပ်ရှားမှုတွေ ရန်သူမရိပ်မိအောင် ခမရ (-) တပ်ရင်းတစ်ရင်းလုံး မိတ္ထီလာတောင်ဘက်မှာ လှုပ်ရှားခိုင်းထားသည်။ ရောင်ပြသက်သက်ဖြစ်သည်။ နန်းတွင်းရပ်ရှင်ရုံမှာ အပြင်မထွက်ရအောင် ဝှက်ထားခဲ့သည်။ သတင်းလုံခြုံရေးအတွက်ဖြစ်သည်။ ၎င်းကြားထဲက ဗကပတို့ မည်သို့သတင်းရသည်မသိ၊ တစ်ရက်သာကပ်၍ ရှောင်ပြေးသွားကြသည်။

သခင်သန်းထွန်းအဖွဲ့ ရှောင်ပြေးသွားသောသတင်း အတည်ပြုရရှိသည်နှင့် တပ်ရင်းသုံးရင်းစလုံးကိုပြန်ထုတ်ပြီး မိုးကုတ်ဒေသသို့ ချက်ချင်းလိုက်လံရှင်းလင်းကြသည်။

ကဒူးမရွာတွင် စုပုံထားပြီးသော ရိက္ခာများထိန်းရင်း နယ်ခံ ရဲဘော်ဖြူများရှင်းလင်းရန် ခမရ(-)မှတပ်ခွဲတစ်ခွဲ တာဝန်ပေးရမည်ဖြစ်၍ဝါရင့်ဗိုလ်ကြီးထွန်းရီ၏တပ်ခွဲကို တာဝန်ပေးထားခဲ့သည်။

## တန့်ဆည်မြို့နယ် ရဲဘော်ဖြူအဖွဲ့

ကဒူးမဒေသသည် တန့်ဆည်မြို့နယ် ရဲဘော်ဖြူလှုပ်ရှားရာ အခြေပြုရာဒေသဖြစ်သည်။

တပ်ခွဲမှူးနှင့်အတူ ကျွန်တော်နှင့်ဗိုလ်အောင်မြ တပ်စုနှစ်စုအတူ အခြေပြုရသည်။ ဗိုလ်စောနိုင်တပ်စုကို သီးခြားခွဲထုတ် တာဝန်ပေးထားသည်။

## ကဲထူးမ ခေါ် ကဒူးမတိုက်ပွဲ

ကျွန်တော်တို့နှင့်အတူ သတင်းရယူရေးအတွက် အလင်းဝင်ရဲဘော်ဖြူရိုင်တာဝန်ခံဗိုလ်မြင့်အောင်၊ ဒေသခံရဲဘော်ဖြူ တပ်သားအောင်သိန်းနှင့် ကဒူးမရွာသားဗိုလ်ဘချုပ်တို့ကို တွဲပေးထားပါသည်။

ကျွန်တော်တို့ ဗိုလ်သင်တန်းကျောင်းမှာ မသင်ခဲ့ရသောပညာကို



www.burmeseclassic.com

www.burmeseclassic.com



ဖြူတပ်သား အောင်သိန်းထံမှရရှိလိုက်သည်။ သဲထူမြေမွသော အညာဒေသမှာ ခြေရာတွေ့သည်နှင့်ရဲဘော်အောင်သိန်းက သေချာကြည့်သည်။ ခြေရာသည် နှစ်ရက်ရှိပြီး၊ တစ်ရက်ရှိပြီး၊ နေ့တစ်ဝက်ရှိပြီဟု အတတ် ပြောနိုင်သည်။

သဲမြေဆန်သောလမ်းတွင် ပေါ်နေသောခြေရာအနား နှုတ်ခမ်းကိုကြည့်သည်။ ခြေရာအတိုင်း တိတိရိရိရှိလျှင် နေ့တစ်ဝက်ထက်မကြာသေး။ ခြေရာနှုတ်ခမ်းနားများ နည်းနည်းပျက်လျှင် တစ်နေ့ကြာပြီး ခြေရာထင်လျက် ခြေရာနှုတ်ခမ်းသားများ ပြေလျော့နေလျှင်နှစ်ရက်ကြာပြီဟု အတတ်ပြောနိုင်သောပညာဖြစ်သည်။

အညာဒေသ ဆောင်းဦးပေါက်ကာလမှာ စပါးလည်းပေါ၊ ညအခါလည်း နှင်းမှုန်ကျစဖြစ်သည်။ မဲဇာကြောနှင့်ဆက်နေသောတောဖြစ်၍ ညနေစောင်းနေဝင်သည်နှင့် အအေးဓာတ်ကလွှမ်းမိုးလာသည်။

ကဒူးမတိုက်နယ်မှ ရွာလူကြီးအားလုံး တပ်ခွဲမှူးကြီးက ခေါ်၍ ဘုန်းကြီးကျောင်းဝင်းထဲမှာ အစည်းဝေးပွဲလုပ်သည်။ သည်နယ်မြေမှာ ကျွန်တော်တို့တပ်ခွဲအခြေစိုက်၍ ရန်သူကို ရှင်းလင်းမည်။ သောင်းကျန်းသူများ ဝင်မလာအောင်လည်း ကာကွယ်မည်။ ရွာသို့သောင်းကျန်းသူများဝင်ရောက်ခြင်း၊ ရွာနီးချုပ်စပ်သို့ချဉ်းကပ်ခြင်း၊ ရိက္ခာဆင့်ဆိုခြင်း၊ ဖြတ်သွားဖြတ်လာ ခြေရာတွေ့ခြင်းရှိမရှိ နေ့စဉ်ရွာလူကြီးလက်မှတ်ထိုး၍ဆက်သားနှင့်ပို့ရမည်စသည်တို့ ရှင်းပြသည်။ သတင်းပို့ရန်ပျက်ကွက်သောရွာမှရွာသားများရွာပြင်လုံးဝထွက်ခွင့်မပြုဟုလည်း ထပ်မံသတိပေးလိုက်သည်။

အညာဒေသ၏ ယဉ်ကျေးမှုအလှသည် ဆောင်းဦးပေါက်လျှင် ရွာစဉ်ဆက်၍ အငြိမ့်ခံခြင်းဖြစ်သည်။ တစ်ရွာမှတစ်ရွာကူး၍ ပွဲကြည့်ကြသည်။

တောရွာဒေသဖြစ်ပေမဲ့ပွဲများကလည်း ခေတ်မီသည်၊ ခင်ဦး၊ ရွှေဘိုစသည့်မြို့အငြိမ့်များငှားကြသည်။

တစ်ရွာနှင့်တစ်ရွာ အပြိုင်ခံကြခြင်းဖြစ်၍ တစ်ရွာလျှင်သုံးလေးညဆက်၍ ပွဲကျင်းပကြသည်မို့ ရွာလူကြီးကကျွန်တော်တို့ကို ပွဲကြည့်ရန်ကြိုတင်ဖိတ်ကြားလေ့ရှိသည်။

ရွာလူကြီးထံမှ ရွာစဉ်ကပွဲကြည့်ရန်ဖိတ်ကြားစာများကိုင်ရင်း မြေပုံကြည့်ရင်းတပ်ခွဲမှူးကြီးအချိန်ကုန်လေ့ရှိသည်။ ဘာကြောင့် ဘာတွေစဉ်းစားနေသည်ကိုကျွန်တော်တို့မသိကြ။





ညနေလေးနာရီ၊ ငါးနာရီအချိန်ကျလျှင် ရွာစဉ်သတင်းပို့သောစာရွက်များ ကိုင်ရင်းကျွန်တော့်ကိုခေါ်သည်။ ဘယ်ရွာကိုသွား ပွဲခင်းအပြင်မှာကင်းကိုအလှည့်ကျထား၍ ကျန်စစ်သည်များပွဲကြည့်စေဟုမှာကြားသည်။ ရွာလူကြီးများကလည်းပက်လက်ကုလားထိုင်နှင့် စားပွဲနှင့်စားစရာသောက်စရာနှင့် ကျွန်တော့်ကိုပွဲခင်းထဲမှာ ဧည့်ဝတ်ပြုကြပါသည်။ ကျွန်တော်တို့ အေးဆေးစွာပွဲကြည့်ကြသည်။

ကျွန်တော်တို့ စစ်တပ်မရှိစဉ်က ဒေသခံရဲဘော်ဖြူများကို ယခုကဲ့သို့ ဧည့်ဝတ်ပြုနေကျဖြစ်၍ ရွာတိုင်း ရွာတိုင်းမှာ ကျင့်သားရနေကြပြီးဖြစ်သည်။

ညဉ့်သန်းခေါင်ကျော် နှစ်နာရီ၊ သုံးနာရီလောက်မှ ထပြန်ရသည်။ ရွာလူကြီးများက နောက်နေ့ထပ်လာကြည့်ပါဟုဖိတ်လျှင် နောက်နေ့ဘယ်ကိုသွားမည်ဟုပြောခဲ့ရသည်။ နောက်နေ့မနက်တွင် ရွာအခြေအနေ၊ မြေပြင်အနေထား၊ ရွာလူကြီးပြောပုံဆိုပုံ အသေးစိတ်တပ်ခွဲမှူးထံ သတင်းပို့ရသည်။

နောက်နေ့တွင် ပထမရွာ၌ပြောခဲ့သည့်အတိုင်း ပြောခဲ့သည့်ရွာသို့သွား၍ပွဲကြည့်စေပြန်သည်။ ရဲဘော်များလည်းပျော်ကြသည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ဆက်လာသောအခါ ကျွန်တော်ကအရဲစွန့်၍ တပ်ခွဲမှူးကြီးအား မေးမိသည်။

ညစဉ်ပွဲကြည့်သည်။ နောက်တစ်ညဘယ်ရွာကပွဲကို သွားမည်ဟု ပြောသည့်ရွာကိုသွား၍ပွဲကြည့်ရသည်။ သူပုန်ကစောင့်ပြီးပစ်ရင် ဘယ်လိုလုပ်မလဲဟု မေးသည်။

တပ်ခွဲမှူးကြီးက ခပ်အေးအေးပင်။

'ကျုပ်ပြောတာသာလုပ်စမ်းပါ။ တကယ်လို့ သူပုန်က စောင့်ပစ်ရင်လည်း တိုက်ပေါ့ဗျ' ဟု ပြောသည်။ သူက ခပ်အေးအေးပြောပေမဲ့ကျွန်တော့်စိတ်က မအေးနိုင်။ တပ်စုတပ်ကြပ်ကြီးထွန်းဖေ၊ တပ်စိတ်မှူးများဖြစ်သော တပ်ကြပ်သောင်းစိန်၊ တပ်ကြပ်ကျင်လှိုင်၊ တပ်ကြပ်မောင်အေးတို့နှင့်ညှိကြသည်။ ပြင်ဆင်မှုတွေ၊ ဓာတ်တိုက်မှုတွေလုပ်ရသည်။ လက်တွေ့ စစ်မတိုက်ဖူးသေးသော်လည်း ဗိုလ်သင်တန်းကျောင်းမှ စာတွေ့ပညာတွေအကုန်ထုတ်သုံးရသည်။

## ပထမအောင်ပွဲ

ရွာစဉ်ဆက်၍ပွဲကြည့်ရာမှ ဆယ်ညမြောက်ညနေတွင် တပ်ခွဲမှူးကြီးက မှာကြားချက်တစ်မျိုးပေးသည်။ ကျွန်တော် ပွဲလာကြည့်မည်ဟု ကြိုတင်ပြောခဲ့သောရွာသို့ ဗိုလ်အောင်မြတပ်စုကို စောစောလွှတ်သည်။ ကျွန်တော် နေမ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မလာကြောင်း ရွာလူကြီးများကိုပြော၍ ၄င်းတို့ကိုပွဲကြည့်စေသည်။

ကျွန်တော့်တပ်စုကို ညစာစားပြီး 'စားချက်' လုပ်၍ အသင့်ပြင်ခိုင်းထားသည်။ ည၇ ဆယ့်တစ်နာရီထိုးမှ စခန်းမှထွက်ရသည်။ ပထမညက ပွဲကြည့်ခဲ့သောရွာသို့ ပြန်သွားစေသည်။

ပွဲခင်းကို ဝိုင်းရမည်။ ပွဲခင်းထဲမှာ ရဲဘော်ဖြူတွေပွဲကြည့်နေလိမ့်မည်။ ပွဲကြည့်ပရိသတ် ထိခိုက်မှုမရှိအောင်ပစ်ကွင်းကို ဘယ်သို့ဘယ်ပုံနေရာယူရမည်စသည်ဖြင့် အသေးစိတ် ညွှန်ကြားသည်။

ဆရာသင်၊ သင်သည့်အတိုင်း ပထမညက ပွဲကြည့်ခဲ့သောရွာသို့ ပြန်သွားသည်။ ရွာဝင်ရွာထွက်လမ်းမှာ ကင်းချထားသည်။ ပွဲခင်းကို အပြင်မှဝိုင်းထားလိုက်သည်။ တပ်ကြပ်ကြီးထွန်းဖေနှင့်တစ်ဖွဲ့ကို ပွဲဈေးခင်းထဲဝင်ခိုင်းလိုက်သည်နှင့်ချက်ချင်းပစ်ခတ်မှုဖြစ်သည်။

ကျွန်တော် ချက်ချင်းဝင်လိုက်သွားရာ ကင်းတာဝန်ကျရဲဘော်ဖြူနှစ်ယောက်လက် ဖက်ရည်ဆိုင်မှာထိုင်နေရာမှရုတ်တရက်ထ၍သေနတ်နှင့်ပစ်သည် ကိုဆရာကြီးထွန်းဖေက လက်ဦးမှုရ၍နှစ်ယောက်စလုံးကို အသေရရှိသည်။ စတင်း တစ်လက်၊ ရိုင်ဖယ်တစ်လက်ရပါသည်။

ကျွန်တော်က ဆရာကြီးထွန်းဖေ၊ လက်နက်ချ ရဲဘော်ဖြူ ဗိုလ်မြင့်အောင်တို့နှင့်တိုင်ပင်သည်။ ညအမှောင်ထဲမှာ ရွာသားနှင့်သူပုန် ခွဲ၍မရနိုင်၊ ရုတ်ချည်းစီမံချက်ပြုလုပ်ရသည်။ အငြိမ့်ပွဲကို ဆက်ကစေရမည်။ ဟုတ်ပြီ၊ မည်သို့ ဆက်ကစေရမည်နည်း။

ရဲဘော်ဖြူ ဗိုလ်မြင့်အောင်ကို ဇာတ်စင်ပေါ်သို့တက်၍ ရှင်းလင်းပြောကြားရန် တာဝန်ပေးသည်။ ရန်သူ့ထံမှသိမ်းမိသော စတင်းဂန်းသေနတ် လွယ်လျက် လက်နက်ချရဲဘော်ဖြူ ခရိုင်တာဝန်ခံဗိုလ်မြင့်အောင် စင်ပေါ်တက်သွားသည်။

'ရွာကိုရော ပွဲခင်းကိုပါ ခမရ (-)မှ တပ်ခွဲတစ်ခွဲလုံး ဝိုင်းထားသည်။ ပွဲကိုမနက်လင်းသည်အထိ ဆက်ကကြ၊ မရပ်ရ၊ ဘယ်သူမှညအမှောင်ထဲမှာ အပြင်မထွက်ရ' ဟု ပြောခိုင်းသည်။

ကျွန်တော်တပ်စုတစ်စုတည်းနှင့်ပွဲခင်းကိုပတ်၍ အထပ်ထပ်လျှောက်ကင်းနှင့်ထိန်းရသည်။

နံနက်လင်းသည်နှင့် ထွက်ပေါက်တစ်ခုတည်းပေး၍ ပွဲခင်းမှလူများ





တစ်ယောက်စီထွက်စေသည်။ အလင်းဝင်ရဲဘော်ဖြူများကစောင့်ကြည့်ရင်း မျက်ရိပ်ပြသည်။ ကျွန်တော့်ရဲဘော်တွေက ဆွဲဖမ်းလိုက်သည်။

စုစုပေါင်း ရဲဘော်ဖြူ ၂၆ ဦး အရှင်ဖမ်းမိပါသည်။ ပွဲထဲမှ ခင်းထိုင်ထားသောကောက်ရိုးပုံနှင့်ဖျာအောက်တို့မှလည်းကောင်း၊ နွားလှည်းပေါ်မှလည်းကောင်း သေနတ်မျိုးစုံ ၂၅ လက် သိမ်းဆည်းရမိသည်။

ထိုတစ်ညမှာ ကျည်ဆန် ၂၀ သုံး၍ ရန်သူအသေနှစ်ဦး၊ အရှင်၂၆ ဦး စုစုပေါင်း ၂၈ ဦးနှင့် လက်နက်မျိုးစုံ ၂၇ လက် ရရှိလိုက်ပါသည်။

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၊ ကဒူးမတိုက်နယ်မှ ရှိသမျှရဲဘော်ဖြူအားလုံး ရှင်းလိုက်ခြင်းဖြစ်ပါသည်။

ဘုန်းကြီးကျောင်းသို့ ပြန်ရောက်သည့်အခါ တပ်ခွဲမှူးဗိုလ်ကြီးထွန်းရီက တင်ပျဉ်ခွေထိုင်ရင်း ပြုံးနေပါသည်။ 'ကျုပ်မှာ သတင်းတွေ စုထားတာဗျ၊ ခင်ဗျားပွဲကြည့်ပြီးထွက်သွားတာနဲ့ နောက်နေ့ကျဒီကောင်တွေ စိတ်အေးလက်အေး အဲဒီရွာမှာ ပွဲကြည့်နေကြတာ နေ့စဉ်သတင်းတွေ လေ့လာရင်းတွက်ယူလို့ရတယ်၊ ဒါကြောင့် ထောင်ချောက်ဆင်ထားတာ ခင်ဗျားမှမသိဘဲ' ဟု ပြောပါသည်။

ရန်သူယုံအောင် တစ်ရွာပြီးတစ်ရွာ ကြေညာပြီးမှ ရွာစဉ်ဆက်၍ ပွဲကြည့်ခဲ့ပြီး အလစ်အငိုက်မှာ ပထမရွာကိုပြန်ဝင်ခိုင်းခဲ့သော တပ်ခွဲမှူးကြီး၏ စစ်နည်းပရိယာယ်ကိုမှ ကျွန်တော်ကမသိပေဘဲကိုး။

တပ်ခွဲမှူးကြီးထံမှ ပညာရပြန်ပါပြီ။

ရွာစဉ် သတင်းပို့စနစ်လုပ်ရန် တပ်ခွဲမှူးကြီး မှာထားပါလျက် သတင်းပို့ချက်ကွက်သောရွာသို့ နောက်နေ့နံနက်ကျလျှင် ကျွန်တော်နှင့်တပ်စိတ်တစ်စိတ်လွှတ်သည်။ ရွာပြင်ထွက်သောသူတွေ့လျှင် လူမထိအောင် ခေါင်းပေါ်ကျော်ပစ်ခိုင်းသည်။

နံနက် ၈ နာရီ၊ ၉ နာရီ ရွာနားရောက်သည်နှင့် ထန်းတက်နေသောရွာသားတွေ့ရမြဲ ဖြစ်သည်။ ထန်းပင်ထိပ်မှာ ထန်းဖူးလှီးနေတာတွေ့လျှင် ထန်းပင်ပင်စည်ကို ရိုင်ဖယ်သေနတ်နှင့် ကျွန်တော်ကိုယ်တိုင်ချိန်၍ပစ်လိုက်သည်။ ပင်စည်ကိုထိမှန်သည်နှင့် ထန်းပင်ထိပ်များမှ ထန်းတက်သမားသည် ချောတိုင်တက်သူပမာလျှောဆင်းပြီး ရွာထဲဝင်ပြေးသည်။ လေးငါးဆယ်ယောက် ထန်းတက်နေကြသည် ရှိမည်သူ့ကိုပစ်မှန်းမသိဘဲ ရွာထဲကမိန်းမများအော်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



'အမလေး သေပါပြီတော့' ဟူ၍ သံပြိုင်။

သည်နည်းနှင့် ရွာစဉ်ရွာတိုင်းမှ သတင်းရအောင် စီမံခဲ့သောတပ်ခွဲမှူးကြီးက မြင်းမူသားပီပီ ထန်းပင်နှင့်ထန်းတက်ပုံအကြောင်းသိသည်။ စစ်ကိုင်းမှာမွေးပြီးရန်ကုန်မှာကြီးသော ကျောင်းကထွက်စအရာရှိဖြစ်စကျွန်တော်ကဘာမှမသိ။

ထန်းနို့ဟူသည် နေ့စဉ်လှီးဖြတ်ခြင်းမပြုပါက ထန်းရည်ခန်းခြောက်သွားသည်ဟူသောအသိကို လုံးဝမသိခဲ့ပေ။

သုံးလေးငါးရက် ထန်းနို့မလှီးရမနေနိုင်သော အညာလေ့ကြောင့် နေ့စဉ်သတင်းပို့စနစ်ကို ရွာလူကြီးများလိုက်နာနေကြရသည်။ မလွန်ဆန်နိုင်ကြ။ တပ်ခွဲမှူးကြီးက သည်အချက်ကိုကိုင်၍ သတင်းရယူပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

သည်စနစ်ကြောင့် ရဲဘော်ဖြူ မြို့နယ်လုံးကျွတ် ဖမ်းဆီးရမိခဲ့ပြီ။

ကျွန်တော်၏ စစ်သားဘဝ ပထမဆုံးရန်သူနှင့် ထိတွေ့ပွဲမှာ မှတ်တမ်းတင်လောက်သောအောင်မြင်မှုရခဲ့သည်။ မိမိဘက်မှထိခိုက်မှုမရှိဘဲ ရန်သူနှင့်လက်နက်သည်လောက်များများရရှိသော အောင်ပွဲသည် ခမရ(-)မှာ ပထမဆုံးပွဲ ဖြစ်ပါ၏။

သည်ပွဲသည် ကျွန်တော် တော်၍ စွမ်းရည်သတ္တိရှိ၍ အောင်မြင်သောပွဲမဟုတ်။

တပ်ခွဲမှူးကြီး ကြံရည်ဖန်ရည်ရှိသလို စီမံညွှန်ကြားချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့၍ ရရှိသောအောင်ပွဲသာဖြစ်ပေသည်။

ကျွန်တော်၏စစ်သားဘဝ ပထမဆုံးအောင်မြင်မှုသည် ဆရာသမားဗိုလ်ကြီးထွန်းရီ၏ ကွပ်ကဲစီမံမှုအောက်မှ **'ကဒူးမတိုက်ပွဲ'** ပါတည်း။

## ဗိုလ်အောင်သူ၏ စည်းရုံးရေး

ရဲဘော်ဖြူနယ်မြေထဲတွင် ဗကပ ဗဟိုကော်မတီ မည်သို့ ခိုအောင်းနိုင်သလဲဟု တွေးမရ၊ စဉ်းစားမရဖြစ်ခဲ့ရသော ကျွန်တော်သည် ဗကပ ဗဟိုကော်မတီဝင်တိုင်း(၃)တာဝန်ခံ ဗိုလ်အောင်သူ (ခေါ်) သံမဏိမောင်မောင်နှင့်တွေ့မှ သိရတော့သည်။

ဗကပ ဗဟိုကော်မတီကို အစိုးရတပ်တွေ အတင်းလိုက်နေသောကြောင့် ဗိုလ်အောင်သူက လှည့်စားကွက်ကို ကြံဆသည်။ ဗကပနယ်မြေ တစ်ခုပြီးတစ်ခု ရွှေ့ရင်း အစိုးရကဆက်စပ်၍ ထောက်လှမ်းကာ သတင်းရလေ့ရှိသည်။ လုံခြုံမှု





မကျက် လှည့်စားမှုပြုရမည်။

အစိုးရဆန့်ကျင်ရေး ဦးတည်ချက်တူသော ရဲဘော်ဖြူတွေနှင့် ဗိုလ်အောင်သူက စည်းရုံးမိသည်။ ရဲဘော်ဖြူနယ်မြေမှာ ဗကပ ဗဟိုကို ဝှက်ထားခြင်းဖြင့်လုံခြုံမှုရနိုင်သည်ဟုတွက်ဆကာ ကဒူးမဒေသမှာ သခင်သန်းထွန်းနှင့် ဗဟိုကော်မတီကို ဝှက်ထားသည်။

လုံခြုံသည်။

သတင်းပေါက်ကြားမှု မရှိ။

သို့သော် ဗိုလ်အောင်သူ၏ တိုင်း(၃)မှ ဗကပတစ်ဦး အလင်းဝင်သွား၍ ဤသတင်း အစိုးရထံရောက်သွားခြင်းဖြစ်ကြောင်း ဗိုလ်အောင်သူကိုယ်တိုင်ကျွန်တော့်ကို ပြောပြခဲ့၍သိခဲ့ရပါတော့သည်။

ဗကပ ဗဟိုအတွက် အရန်နေရာတွေရွေးထားပြီးဖြစ်၍ နန်းတွင်းမှာအထူးတပ်ရင်းတစ်ရင်း လျှို့ဝှက်စွာရောက်လာပြီ ဟူသောသတင်းရသည်နှင့်ရဲဘော်ဖြူနယ်မြေဖြစ်သော မိုးကုတ်ဘက်ကို နှစ်ရက် ကြိုတင်ရွှေ့ပြောင်း ဝှက်ထားလိုက်ခြင်းဖြစ်ကြောင်းလည်း ပြောပြပါသေးသည်။

စစ်ဆင်ရေးလုပ်သမျှ ကြီးကြီးငယ်ငယ် သတင်းလုံခြုံမှု၊ သတင်းရယူမှုအရေးပါကြောင်း ကျွန်တော်တို့တပ်မတော်သားတိုင်း အလေးအနက်ထားရမည်ဖြစ်ကြောင်း သင်ခန်းစာရရှိခဲ့ပါသတည်း။

## သခင်သန်းထွန်း ရှာပုံတော်

၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရကတည်းကစခဲ့သော သောင်းကျန်းမှုသမိုင်းမှာ အဓိကအားဖြင့် နှစ်မျိုးရှိသည်။ နယ်ချဲ့သွေးခွဲမှုအရ ပေါ်ပေါက်လာသောလူမျိုးစွဲသောင်းကျန်းမှုနှင့် ဝါဒစွဲကြီးသော ကွန်မြူနစ်ဝါဒတစ်ယူသန်ဝါဒရေးဂိုဏ်းသင်းကွဲသူများဖြစ်သည်။

လူမျိုးစွဲ သောင်းကျန်းသူများကို ပြည်ပနယ်ချဲ့တို့ကြိုးကိုင်ခဲ့သွေးခွဲခဲ့သည်။

ဂိုဏ်းဂဏကွဲ၊ သင်းကွဲသူများမှာလည်း ပြည်ပမှသဘောတရားရေးဆရာကြီးများ၏ နောက်မြီးဆွဲဝါဒီများ Tailism ဟုဆိုလျှင် သင့်မည်ထင်ပါသည်။

အဦးအစ ပုန်ကန်ကြချိန်မှာအရှိန်ရလျက် နက်ဖြန်သဘက် ရန်ကုန်ကိုသိမ်းတော့မလို၊ တစ်ပြည်လုံးကိုအုပ်ချုပ်တော့မလို အခြေအနေမှရွေ့ကာ



www.burmeseclassic.com

www.burmeseclassic.com



မျောကာလွင့်ကာ တောနက်ရာကိုပြေးကြရသောဘဝ ရောက်ခဲ့ရသည်။

၁၉၅၀ ပြည့်နှစ် နှောင်းပိုင်းကာလမှာ ဗကပ ဗဟိုဆိုတာ တောဆိုလျှင် နက်မှ အဆက်အသွယ်ဆိုခက်မှ စိတ်ချလက်ချပုန်းနေကြရ ခိုအောင်းကြရသော အခြေအနေရောက်နေပြီ။

၁၉၅၇-၅၈ ခုနှစ်ကာလက စစ်ကိုင်းတိုင်း တပ်မဟာနယ်မြေမှာ ခိုခဲ့ ပုန်းအောင်းခဲ့သော သခင်သန်းထွန်းတို့ ဗကပ ဗဟိုကို ဗိုလ်မှူးစိန်လွင် (နောင် ဗိုလ်မှူးချုပ်)ဦးစီးသော သနက (-)၊ ဗိုလ်မှူးနေထွန်း(နောင် ဗိုလ်မှူးကြီး)ဦးစီး သော ခမရ (-)တပ်ရင်းတို့ကို တာဝန်ပေး၍ တရစပ်လိုက်ခိုင်းသည်။

သတင်းစရလျှင် တပ်ရင်းများ ဝိုင်းပတ်ရှင်းရသည်။ သတင်းစ မရသေး သောအချိန်မှာ ရှိနိုင်ကောင်းသည့်နေရာတွေဝင်၍ ရှင်းရင်း သတင်းဖော်ထုတ် ရသည်။

ဗကပကလည်း တပ်လှုပ်ရှားမှုသတင်း ကြိုတင်ရယူခြင်းနှင့် ၎င်းတို့ သတင်းလုံခြုံမှု ထိန်းချုပ်ခြင်းတို့မှာအလွန်တော်သည်။ ဗကပ ဗဟိုခိုအောင်း ပုန်းရှောင်ရာမှာတိုင်း တာဝန်ခံနှင့်ဒေသခံကျေးရွာအမာခံ ကလာပ်စည်းတွေက သတင်းမပေါက်ကြားရေးထိန်းသိမ်းရာမှာ အလွန်တော်ကြပေသည်။

တပ်မဟာ(-) နယ်မြေတွင် ဗကပဗဟိုကို လိုက်လံရှာဖွေရှင်းလင်းရသော တာဝန်နှင့်တစ်နှစ်ခွဲခန့် တာဝန်ယူခဲ့ရသည်။ ဤကာလအတွင်း ဗကပဗဟိုသတင်း ရကာ သေသေချာချာဝိုင်းရ၊ ရှင်းရသည်က နှစ်ကြိမ်သာရှိသည်။

စစ်ကိုင်းတိုင်းနယ်မြေတွင် တပ်မဟာ(-)က တာဝန်ယူရသည်။ တပ်မဟာ မှူး(တပ်မင်း)သည် ဗိုလ်မှူးကြီးသောင်းကြည်(နောင်သောအခါ တိုင်းမှူး၊ လမ်း စဉ်ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး)ဖြစ်၍ တပ်မဟာဗိုလ်မှူးက ဗိုလ်မှူး နေထွန်း ဖြစ်သည်။ ထောက်လှမ်းရေးအရာရှိများမှာ ဗိုလ်ကြီးထွန်းနောင် (ဗိုလ်သင် တန်း-၂)ဖြစ်၍ နောက်ပိုင်းမှာ ဗိုလ်ကြီးအေးဖေ (ဗိုလ်သင်တန်း(၈) သံအမတ်ကြီး- ငြိမ်း)၊ စစ်ဆင်ရေးဂျီ(၃)မှာ ဗိုလ်ကြီးလှဝင်း (ဗိုလ်သင်တန်း-၆) နောင် မဟာဗျူဟာ ဂျီဝမ်းကြီးဖြစ်သည်။





## လွတ်ပြေးလေသော ဗဟို

ပထမအကြိမ်က ရွှေဘိုခရိုင် ကဒူးမဒေသတွင် ခိုအောင်းနေသော သခင်သန်းထွန်းအဖွဲ့ကို တပ်ရင်းသုံးရင်းနှင့်ပင် ရှင်းရခြင်းဖြစ်သည်။ သတင်းရယူမှု ဦးစားပေးသော ဗကပတိုင်း(၃)တာဝန်ခံ ဗိုလ်အောင်သူ(ခ) ဗိုလ်မောင်မောင်၏ ကြိုးစားမှုကြောင့် နှစ်ရက်အကြိုမှာ ရှောင်တိမ်းသွားနိုင်ခဲ့ကြသည်။

ဒုတိယအကြိမ်မှာ ၁၉၅၉ ခုနှစ်ခန့်က မမျှော်မှန်းနိုင်သော ချင်းတွင်းမြစ် အထက်ဖျား၊ ဖောင်းပြင်အရှေ့ခြမ်းတောနက်ထဲမှာဖြစ်သည်။ တောကနက်သည် သာမက အလွန်ခေါင်သောတောလည်း ဖြစ်သည်။

ချင်းတွင်းမြစ်ဘက်မှလည်း မြစ်ရိုးအနီးတစ်ဝိုက်သာ လူသူ(အပြင်လူ) ရောက်တတ်သည်။ အတွင်းပိုင်းသို့ နက်ရှိုင်းစွာဝင်စရာအကြောင်းမရှိ။ ဧရာဝတီ မြစ်ဘက်မှလည်း အတွင်းပိုင်းအထိ လူသူအရောက်အပေါက်မရှိ။

မြန်မာပြည်၏ အသက်သွေးကြောဖြစ်သော ချင်းတွင်းနှင့် ဧရာဝတီ မြစ်ကြီးနှစ်စင်း၏အကြားဝေးလံသီခေါင်သောနေရာမှာခိုအောင်းနေသော ဗကပဗဟို ကို ချီးကျူးရမည်ထင်သည်။

ဧရာဝတီမြစ်ဘက်မှ သနက(-)ဝင်ရသည်။ ချင်းတွင်းမြစ်ဘက်မှ ခလရ (-)ဗိုလ်မှူးတင်ထွန်း(နောက်ဒုဗိုလ်မှူးကြီး)၏တပ်နှင့်ဗိုလ်မှူးနေထွန်း၏ခမရ(-) ဝင်၍ တပ်ရင်းသုံးရင်းနှင့်ပိုက်စိပ်တိုက်ရှင်းရသည်။

ချင်းတွင်းမြစ်မှ တစ်နေ့ခရီးမှာ တပ်မဟာ(-)တပ်မဟာမှူး ဗိုလ်မှူးကြီး သောင်းကြည် ကွပ်ကဲမှုရုံးဖွင့်၍ကွပ်ကဲသည်။

ကျွန်တော်တို့ ခမရ(-)အခြေပြု၍ ရှာဖွေရှင်းလင်းရသောနေရာမှ တပ်မဟာသို့ ရိက္ခာထုတ်သွားလျှင် နံနက်မလင်းမီထွက်မှ ညမိုးချုပ်ချိန် ပြန်ရောက် သည်။ အချိန်ကြာမြင့်၍ မှတ်တမ်းများရှာဖွေရခက်ခဲခြင်းကြောင့် ရွာအမည်၊ ချောင်းအမည်တွေ မမှတ်မိတော့သဖြင့် မဖော်ပြနိုင်တော့ပါ။ ချောင်းကွေ့ပေါင်း များစွာကို ဆင်းလိုက် ဖြတ်ကျော်တက်လိုက်၊ ဖုန်းဆိုးတောထဲ လူသွားလမ်းယောင် ယောင်လေးအတိုင်းသွားလိုက် ချောင်းထဲတစ်ခါဆင်းလိုက်နှင့် အသွားဆယ့် လေးကြိမ်၊ အပြန် ဆယ့်လေးကြိမ်ဖြတ်ရသော ချောင်းရိုးကို လမ်းကြောင်းပြု များရပြန်ရသောနေရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနယ်မြေတွင် နှမ်းပင်ကြီးများ အလေ့ကျပေါက်နေကြသည်က လူတစ်ရပ်ခန့် မြင့်သည်။ နှမ်းသီးတွေကလည်းကြီးလှပါဘိ။ သို့သော် ရွာမှာစားရ နှမ်းဆီမကြိတ်၊ မြို့တက်ရောင်းရန်လည်း စိတ်မကူးဘဲ ယာစပါး၊ ကိုင်းစပါးလေး နှင့် ချောင်းထဲမြောင်းထဲမှ ဖားလေးငါးလေးများရလျှင်ရသလို စားသောက် တင်းတိမ် နေကြသောလူတွေရှိရာအရပ်မို့ ဗကပဗဟိုလုံခြုံစိတ်ချစွာ ခိုအောင်းကြဟန် တူပါသည်။

ရောက်ခဲ့ဖူးသော နယ်မြေအားလုံးအနက်အဆင်းရဲဆုံးအရပ်ဖြစ်ပါသည်။

**အမာခံလေလား**

ထိုနယ်ရှိ ရွာတစ်ရွာတွင် ဘုတလင်မှ ရောက်ရှိအိမ်ထောင်ကျနေသော တောကျောင်းဆရာဆိုသူတစ်ဦး တွေ့ရပါသည်။

သူ့ ပြောစကားအရ လူငယ်ဘဝစွန့်စားချင်၍ ထိုဒေသရောက်လာ သည်။ အိမ်ထောင်ကျသည်။ နှမ်းတွေဆွတ်ခါ မြို့တက်ရောင်းဖို့ တစ်ကြိမ်သွားဖူး သည်၊ နောင်သောအခါနှမ်းလည်းမဆွတ်၊ မြို့(ချင်းတွင်းမြစ်ကမ်း)သို့လည်း သွား မရောင်းတော့ဘဲ အပျင်းထူသောဝန်းကျင်မှာ အပျင်းတွေကူးသွားသည်ဟုဆိုသည်။

သူ့စကားကြားရသောအခါ နယ်မြေဒေသအခြေအနေ၊ သီးနှံပေါက် ရောက်မှု၊ ရွာနေကျဲကျဲမှာ လူနေဆင်းရဲမှုတို့ သရုပ်ဖော်လျက်ရှိသည်။ သို့သော် ထိုသူဘာအကြောင်းကြောင့် ရောက်လာသလဲ၊ ဗကပ အမာခံ မဟုတ်ပေဘူးလား၊ ယုံကြည်ချက်ပြင်းထန်စွာ ကေဒါအဖြစ် ဘဝမြှုပ်ကာနေလာသူဟု ကျွန်တော် ယုံသည်။ စစ်မေးမရ၊ သတင်းဖော်ထုတ်မရခြင်းကခက်လှသည်။

**ဦးဗိုလ်သိန်းအစိုးရ**

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သည်။ ၁၉၅၈ ခုနှစ်အထိ လွတ်လပ် ရေးရတယ်ဆိုတာ ရွာသားတွေမသိကြ။ ဒုတိယကမ္ဘာစစ်အတွင်းက တစ်ကြိမ် ဖြတ်သွားသော (ကုလားစစ်တပ်)စစ်သားတွေကို တစ်ကြိမ်တွေ့ဖူးသည်။ ဘောင်းဘီ အတိုဝတ်သည်။ ယခုဘာကြောင့် ဘောင်းဘီအရှည် ဝတ်ကြသလဲဟုမေးသည်။ စစ်တပ်ဆိုတာရောမြို့ပိုင်၊ နယ်ပိုင်ဆိုတာရော မရောက်ဖူးခဲ့။

အစိုးရဘယ်သူလဲဟုမေးကြည့်ရာသူတို့ဖြေပုံကသဘောကျစရာကောင်းသည်။





ဦးဗိုလ်သိန်းအစိုးရဟု ဖြေသည်။

ဗကပခေါင်းဆောင် ဦးဗိုလ်သိန်း မကြာခဏ လာတရားဟောသည်။ သည်နယ်မှာ သူအုပ်ချုပ်သည်ဟုပြောသည်။ ထို့ကြောင့် ဦးဗိုလ်သိန်းအစိုးရဟု ဖြေခြင်းဖြစ်သည်။

ထိုဒေသမှာ ပိုက်စိပ်တိုက်ရှင်းရင်း ဗကပ ဗဟိုစခန်းဟောင်း တွေ့ရပြီ။ ခင်သန်းထွန်း၊ ဂိုရှယ်(ခ)ရဲဘော်ဘတင်၊ ရဲဘော်ဒွေးတို့အဖွဲ့သည် ကျွန်တော်တို့ တပ်တွေ ဝင်ချိန်လောက်မှ ကပ်ရှောင်သွားကြပြန်သည်။

**ပဏ္ဍည်းမဲ့ခေါင်းဆောင်များ အစားဆင်းရဲ**

ဝေးသော၊ ခေါင်သော၊ နက်သော၊ ထူသော တောထဲရှိ ဗကပဗဟိုစခန်း မှပဏ္ဍည်းမဲ့တော်လှန်ရေးပါတီ ခေါင်းဆောင်ကြီးများစခန်းတွင် တွေ့ရှိရသောပဏ္ဍည်း များ အကြွင်းအကျန်များတွေ့မှတော်လှန်ရေးခေါင်းဆောင်ကြီးများကို သနားမိ ရသည်။

ထိုစခန်းတွင် အနေကြာခဲ့ဟန်တူသည်။ နိုင်ငံခြားဆေးဝါးမျိုးစုံ၊ ဟောလစ် ပလင်းခွံ၊ အိုဗာတင်းဘူးခွံ စသည်တို့အပြင် တူတံစဉ် ထောပတ်ဘူးခွံနှင့် ဂီးခေါ် ထောပတ်ဘူးခွံများစွာ တွေ့ရသည်။ မြန်မာနိုင်ငံ၏ပဏ္ဍည်းမဲ့တော်လှန်ရေးကို သွင်း ကုန်ဝါဒအဖြစ်သွင်းယူလာပြီး သင်တန်းမျိုးစုံပေးခဲ့သော နိုင်ငံခြားသား ဂိုရှယ် ကြီးအတွက် ဂီးခေါ်ထောပတ်ဘူးများ ရောက်လေရာမှာ တွေ့ရသည်။ ဗကပ ဗဟိုကော်မတီတို့ အနေဆင်းရဲကြသည်မှာ မှန်ပါ၏။ သို့သော် အစားဆင်းရဲခြင်း တော့ ရှိကြဟန်မတူဟု တွေးမိရပါသည်။

ဒီတစ်နေရာလည်း ဗကပ ဗဟိုကို လွဲရပြန်ပြီမို့ ချောင်ကြိုချောင်ကြား၊ ရှောင်လိုရှောင်ငြား တစ်ပတ်ကြာဆက်ရှင်းပြီးမှ ချောင်းအတန်တန် ဖြတ်ကာ ချင်းတွင်းမြစ်ရိုးတစ်လျှောက် စုန်ဆင်းခဲ့ရပေတော့သည်။

တစ်ခုတော့ အမြတ်ထွက်ပါသည်။

လူနေကျဲသော ဆင်းရဲလှသော တောရွာသေးသေးများမှာနေသော သူများ အတွက် သမ္မတကြီးဦးဝင်းမောင် ဓာတ်ပုံ၊ အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးနုဓာတ်ပုံ၊ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီးနေဝင်းဓာတ်ပုံတို့ကိုဘောင်သွင်းပြီး ဝေငှ ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က တပ်မဟာ(-)တွင် စိတ်ဓာတ်စစ်ဆင်ရေးအရာရှိအဖြစ် ဗိုလ်ကြီးခင်ညွန့် (ဗိုလ်သင်တန်း-၆)က တာဝန်ယူဆဲမို့စစ်ကိုင်းသို့ချက်ချင်းမှာ၊ ချက်ချင်းရောက်လာ၍ ဖြန့်ဝေနိုင်ခဲ့ခြင်းဖြစ်ပါ၏။

## ဆင်သေရွာဝ

ဗကပ ဗဟိုသတင်းရ၍တပ်ရင်းသုံးရင်းနှင့်ဝင်ရောက်ရှင်းလင်းကြရခြင်းဖြစ်သည်။ တောကနက်၍ ရွာဆက်မရှိသောဒေသဖြစ်သည်။ ရွာသိမ်ရွာငယ်လေးတွေရှိသော်လည်းတစ်ရွာတစ်ရွာမှာဆယ့်ငါးအိမ်၊ အိမ်နှစ်ဆယ်ခန့်သာရှိကြသည်။

ထိုဒေသမှာ ဖလံတောင်ဝှေးပင်တွေ၊ နှမ်းပင်တွေ အလေ့ကျပေါက်နေသည်။ ဖလံတောင်ဝှေးတွေခူး၍ အမဲသားဘူးထဲမှအသားနှင့်ရောချက်စားကြသည်။

၁၉၆၀ ပြည့်နှစ် ဟိုဘက်ခေတ်က အမဲသားဘူး၊ ငါးသေတ္တာဘူးတွေကလည်း အချိုတွေဖြစ်သည်။

ထိုဒေသရောက်ပြီး တစ်ပတ်ခန့်အကြာမှာ ရွာသားတွေက အရေးတကြီးလာရောက်သတင်းပို့ကြရာ ကျွန်တော်တို့ အားရဝမ်းသာဖြစ်ကြရသည်။

သခင်သန်းထွန်းသတင်းရပြီမှတ်၍ အလောတကြီးမေးကြတော့မှ ရန်သူသတင်းမဟုတ်၊ ယာခင်းထဲကို ဆင်ဝင်ဖျက်နေသောသတင်း ဖြစ်နေသည်။

ကျွန်တော်နှင့် တပ်ကြပ်ကြီးညွန့်မောင်တစ်ဖွဲ့တပ်ကြပ်ရွှေမင်းနှင့် တပ်သားကျင်ရွှေတစ်ဖွဲ့ လိုက်သွားကြသည်။ ဆင်ခြေရာလတ်လတ်ဆတ်ဆတ်ကို လိုက်ရင်းလိုက်ရင်း ကျွန်တော်ကလန့်လာသည်။

ဆင်ခြေရာသည် ချောင်းကိုဖြတ်၍ ကိုင်းတောထဲဝင်သွားသည်။ ကိုင်းတောထဲ ဝင်လိုက်လျှင်ဆင်နင်းခံရမည်ကို စိုးရိမ်ရသည်။ ချောင်းရိုးအတိုင်းကိုင်းတောတစ်ဖက် ဆက်ထွက်မထွက် ခြေရာရှာကြည့်သည်။ ကိုင်းတောမှထွက်သော ခြေရာမတွေ့။

ထိုသို့ခြေရာရှာဆဲမှာ ကိုင်းတောထဲမှစတင်းဂန်း၊ အတွဲလိုက်ပစ်သံနှင့် ရိုင်ဖယ်သံ နှစ်ချက်ထွက်လာသည်။ သေနတ်သံနှင့်အတူ ဆင်ရိုင်းအော်သံလည်း တစ်တောလုံး ညံသွားတော့သည်။

ဆင်ကြီးရပြီ ဗိုလ်ကြီးရေဟု အော်သံကြားမှကိုင်းတောထဲ ဝင်လိုက်သွားရသည်။





ဖြစ်ပုံက-

ကိုင်းတောကို တိုးဝင်သွားသော ဆင်၏စွတ်ကြောင်းအတိုင်း တပ်ကြပ်ရွှေမင်းတို့က လိုက်ကြသည်။

ကိုင်းတောအလယ်လောက်မှာ ဆင်ကြီးကို နောက်မှတွေ့ရသည်။ ဆင်ကြီး၏တင်ပါးမည်းမည်းကြီးကို ကြည့်ရင်းငေး၍ ကြောက်၍ရပ်နေမိကြသည်။ ထွက်လည်း မပြေးရဲကြ။

ဆင်ကြီးက လူနံ့ရသလားမသိ၊ တဖြည်းဖြည်းနောက်ကိုလှည့်လာသည်။ ဆင်ဟူသည် နောက်သို့ရုတ်တရက် လှည့်မရသောသဘာဝကြောင့် တပ်ကြပ်ရွှေမင်းတို့ ကံကောင်းရသည်။

ဆင်ကြီးလှည့်အလာ ခေါင်းတည့်တည့်မရောက်ခင် တပ်သားကျင်ရွှေက စတင်းဂန်းသေနတ် ကျည်ကပ်တစ်ခုလုံး ကုန်အောင်ပစ်လိုက်သည်။

တပ်ကြပ်ရွှေမင်းက စိတ်အေးလက်အေးနှင့် ခေါင်းကိုချိန်ကာ မျက်စိအောက်ကို ပစ်လိုက်သည်။ မျက်စိအောက် လက်လေးလုံးလောက်မှ ရိုင်ဖယ်ကျည်ဆန် ဝင်သွားသည်။ ဆင်ကြီး ဖင်ထိုင်သွားသည်။

ချက်ချင်း ကျည်ထပ်ထိုးပြီး ပါးစပ်ဟ၍အော်နေသော ဆင်ကြီးပါးစပ်ထဲပစ်လိုက်သည်။ ခြေလှမ်းငါးလှမ်းအကွာမှ စိတ်ငြိမ်လက်ငြိမ်ပစ်ခတ်မိ၍ ဆင်ကြီးလဲကျသေဆုံးတော့သည်။

သေသေချာချာကြည့်တော့မှ စတင်းဂန်းကျည်ဆန်ထိပ်ဖူးလေးများသည် ဆင်အရေခွံထဲကို တစ်ဝက်သာဝင်သည်၊ ကျည်ဆန်ထိပ်ဖူးတစ်ခုလုံး မြုပ်နိုင်စွမ်းမရှိချေ။

ရွာနီးချုပ်စပ်မှ ရွာသားတွေ ဝိုင်းလာကြသည်။ ဆင်သားကို ဖျက်၍ယူကြသည်။ အသားဟင်းမစားကြရသော ရွာသားတို့တစ်သက်မှာ အသားဟင်းအဝဆုံး စားခွင့်ရလိုက်ကြရပေတော့သည်။

အင်္ဂလိပ်ဗိုလ်ထိုးသူတို့က သံသေပြည်ဝဟု ဆိုကြသည်။ အညာဒေသတော ခေါင်ခေါင် မဲဇာအစပ်မှာတော့ ဆင်သေရွာဝဟူ၍ခေါ်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဆင်ဆီ အဓိက

ဆင်ကြီးတစ်ကောင်ရသည်ဟု သတင်းကြားသည်နှင့် စစ်ကြောင်း(၂)မှူး ဗိုလ်ကြီးဘသိန်း(ဂျပန်ခေတ်စစ်တက္ကသိုလ် ယောနင်းနည်းပြဆရာ)က ကျွန်တော့်ကို စက်ပေါ်တက်ရန် ခေါ်သည်။

ဒုတပ်ရင်းမှူးဗိုလ်ကြီးဘသိန်းသည် ဖိုထိုးဝါသနာကြီးသူ ဖြစ်ပေသည်။ အခွင့်အရေးရတဲ့နေရာမှာ ဖိုထိုးသူဖြစ်သည်။

- ဗိုလ်ညွန့်ဆွေ ဆင်ရတယ်ဆိုတာ ဟုတ်သလား။
- ဟုတ်ပါတယ်။
- ဘာလုပ်ထားသလဲ။
- အသားတွေ ဖျက်ပြီး ရွာသားတွေ ပေးတယ်၊ ရဲဘော်တွေ စားတယ်၊ စစ်ကြောင်း (၂)ကိုလည်း ပို့ပါမယ်။
- ဆင်ဆီလိုချင်တယ်၊ ရသလောက် ဆင်ဆီ ထုတ်ပေးပါ။

ခပ်ညံ့ညံ့ကျွန်တော်က ပြန်မေးရသည်။

- ဆင်ဆီ ဘယ်လိုထုတ်ရမှာလဲ။
- ညံ့လှချည်လားကွ၊ ဆင်အသားတွေ ရိက္ခာသံပုံးထဲထည့်၊ မီးနဲ့ ကျိုရင် ဆီတွေ ရတာပေါ့။
- ကောင်းပါပြီ၊ ပို့ပေးပါမယ်၊ ဘာလုပ်ဖို့လဲ။
- ငါ့ ဓာတ်လုံးမှာ ဆင်ဆီ၊ ကျားဆီတွေ ကျွေးဖို့ လိုတယ်၊ ဆင်ဆီရသမျှ သံပုံးတွေနဲ့ ထည့်ထားပါ။
- ကောင်းပါပြီ၊ ဓာတ်လုံးပေါက်သွားပြီး ရွှေဖြစ်ရင် ကျွန်တော့်ကိုလည်း ပေးပါ။
- ဟဲ ဟဲ ရွှေ မဖြစ်ဘူးကွ၊ ငါ့ဓာတ်လုံးက ပီယစွမ်းမှာ။

ကျွန်တော်တို့ဆရာ တပည့်တွေ ထိုသို့ပြောကြ၊ ဆင်ဆီတွေ ထုတ်ကြ၊ ပို့ပေးကြပြီး လူချင်းကွဲသွားပါသည်။ ဓာတ်လုံးစွမ်းသလား၊ ဘာလားတော့ မသိပါ။ နောက်နှစ်များစွာအကြာမှာ သမီးလောက်အရွယ် ငယ်ငယ်လေးတစ်ယောက်ကို တင့်တင့်တယ်တယ် ထပ်မံယူလိုက်ကြောင်းသာ ကြားရပါတော့သည်။





## ကပ ဗဟို ရွှေပြီ

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ရွှေဘိုခရိုင်ရော၊ မော်လိုက် ဖောင်းပြင်ဒေသရော၊ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြား ပြေးလွှားပုန်းရှောင် မျှလိုက်နေကြသောတပ်များကြောင့် ဗကပဗဟိုက မြောက်ဘက် တက်လေ က်လေဖြစ်မည်ဟု တွေးမိဟန်တူသည်။ အတွင်းပိုင်းသို့ ဆင်းလာပြန်ပြီ။

မုံရွာခရိုင်တောင်ပိုင်းသို့ ဝင်လာသလို သတင်းအစအနရ၍ ကျွန်တော် ကို့ဆင်းရှုင်းရပြန်ပြီ။ မုံရွာ၊ မြင်းမူ၊ ချောင်းဦး၊ ရေဦး၊ ခင်ဦးခွင်အတွင်း တောင်းစရှာရင်း ဖော်ထုတ်ရှင်းလင်းရပြန်သည်။

ဒီဒေသရောက်ပြန်တော့လည်း ဒေသန္တရဗဟုသုတတိုးရပြန်သည်။ စစ် ကိုင်း၊ မြင်းမူ၊ မုံရွာရထားလမ်း အရှေ့ပိုင်းမှာအတွင်းဝင်လေ ရွာကြီးတွေပေါလေ ဖြစ်ကြောင်းတွေ့ရသည်။

ပုဂံခေတ်က ကျွန်စစ်သားမင်းထွက်ပြေးရင်း ရှောင်တိမ်းရင်းသည်ဒေသ သို့ ရောက်ခဲ့သည်။

မင်းပြစ်ဒဏ်သင့်၍ ပြေးရလွှားရသော ကျန်စစ်သားသည် အစာရေစာကို မှု၊ အသက်ကို လု၍ ပြေးရဟန်တူသည်။

## ပဲတောင်းရွာ

ပြေးရင်းလွှားရင်း ရှောင်ရင်း ကျန်စစ်သားသည် ပဲ၊ ပြောင်း၊ ဝါ ည်ပင်ဖွံ့ဖြိုးသော ရွာကြီးတစ်ရွာရောက်သောအခါ ဆာလောင်မွတ်သိပ်လွန်း၍ ခင်းအနားကပ်သွားရင်း အရိပ်အခြည်စောင့်ကြည့်ရသည်။ နေပြည်တော်မှ စ်သည်များ အရိပ်အယောင်မတွေ့ရသောအခါမှ ပဲသီးဆွတ်နေကြသော တောင်သူ များအနား ချဉ်းကပ်ကာ ပဲနည်းနည်းလောက်ပေးစားပါဟု၍ တောင်းရသည်။

ထိုရွာကို နောင်သောအခါ 'ပဲတောင်းရွာ' ဟု တွင်သည်။

## ပဲကူရွာ

ထိုမှတစ်ဖန် ဆက်ပြေးရပြန်သည်။

နံနက်ဝေလီဝေလင်း ပဲခင်းကြီးအနီး ရွာကြီးတစ်ရွာသို့ ရောက်ပြန်သော လူအလစ်မှာယူမစားဘဲ ယာခင်းရှင်လာမှ ပဲသီးကိုတောင်းစားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားကို မည်သူမည်ဝါမှန်းမသိကြသော ပဲခင်းတောင်သူများကနေ့ဈေ တွန့်တိုသည်လား၊ စီးပွားရေးဆန်ဆန် ဆက်ဆံသည်လား၊ လုပ်အားတန်ဖိုး ချစ်မြတ် နိုးသူတွေလားမသိ။

'အသင် ပဲသီးဆွတ်၍ စားလိုကပဲသီးကူ၍ ခူးပေးရမည်'ဟု ပြောလေ သောအခါ ကျန်စစ်မင်းသည် ကာလံဒေသံအလျောက် ပဲသီးများ ကူညီဆွတ်ခူး ပေးရပြန်သည်။ ကျေနပ်အောင် ခူးပေးပြီးမှ ပဲလက်တစ်ဆုပ်စာ ရသောကြောင့် ထိုရွာကို 'ပဲကူရွာ'ဟု တွင်ပြန်သည်။

## ရွှေယင်းမာဘုရား

ကျန်စစ်မင်းသည် ရွာကို ကွင်း၍လည်း ရှောင်ရသည်။ သတင်း လုံခြုံမှု အရေးကြီးသည်ကို ပဲတစ်ဆုပ်၊ လက်တစ်ခုတ်စာရဖို့နှင့် ရေကြည်ကြည် ရေနောက် နောက် ရေတစ်ပေါက် သောက်ရဖို့ကလည်း အရေးကြီးသည်။

ပြေးရင်းလွှားရင်း ပူပြင်းသော ရာသီဒဏ်ကို ခံစားရင်း ရေလည်းငတ် လှပြီ။ ရေငတ်၍ အားပြတ်လုပြီမို့ တွေ့ရသောရွာကြီးကို မရှောင်နိုင်၊ မကွင်းနိုင်၊ အရိပ်အခြည်ကြည့်ကာ ချဉ်းကပ်၍ ရေငတ်ပြေရာပြေကြောင်း တစ်မှုတ်သောရေ တောင်းသောက်ရတော့သည်။

ဖုန်ထနေပူသဲဆူသောအရပ်မှာ ရွာဦးထိပ်ဝယ် ရေကန်ကျယ်ကြီးလည်း တွေ့ရ၍ ရေခပ်ရေငင်နေသူတွေနားချဉ်းကပ်ကာ ရေတစ်မှုတ်မျှပေးသောက်ပါရန် တောင်းပန်ရလေသောအခါ -

ဤရေကန်သည် ရွာသားများအတွက်သာဖြစ်၍ ခရီးသွားဖြစ်စေ၊ ပြေး လွှားပုန်းရှောင်သူဖြစ်စေ ရေသောက်ခွင့်မပြုနိုင်ဟူသော ရင့်သီးသည့်စကားနှင့် တုံ့ပြန်ကြလေသောအခါ ပြင်းစွာသောနာကျည်းမှု ဖြစ်ခဲ့ရပါသည်ဟု အဆိုရှိသည်။

ထို့ကြောင့်ပင် ကျန်စစ်သားမင်း ကောင်းစားလေသောအခါ ထိုရွာအား 'ရွှေရင်နာ'ဟု သမုတ်ကြသည်။ ရွာဦးတွင် 'ရွှေရင်နာဘုရား' ဟု တည်သည်။

ကာလရွေ့လျောခါ ယခုအခါ ရွှေရင်နာရွာမှ 'ရွှေယင်းမာ' ရွာ ဟူ၍ လည်းကောင်း၊ 'ရွှေရင်နာဘုရား'မှ 'ရွှေယင်းမာဘုရား'ဟုလည်းကောင်း ပြောင်းလဲ ရွေ့လျောခဲ့ကြပါလေပြီ။

ထိုနယ်ထိုဒေသသို့ တစ်ရွာဝင် တစ်ရွာထွက် သတင်းစုံစမ်းကာ တပ်တွေ







...ရှိ့က ဗကပတိုင်း(၃)တာဝန်ခံ ဗိုလ်အောင်သူခေါ် သံမဏိမောင်မောင်နှင့်စာရေးသူတို့ ၂၀၀၈ ခု၊ ဒီဇင်ဘာလ ကမ္ဘလေးမြို့နေအိမ်၌တွေ့ဆုံကာ ၁၉၅၇/၅၈/၅၉ ကာလ ဗကပဗဟိုနယ်မြေပြောင်းရွှေ့ပုန်းအောင်းနေခဲ့ရပုံများ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

...လျက် လှိုမြောင်၊ ချောင်အကြား မကျန်ရအောင် ဗကပ ဗဟိုကို သဲကြီးမဲကြီး ...ိုက်ကြသည်။

ကျန်စစ်သားလို ဘုန်းမရှိကံမရှိသော ဗကပဗဟို သည်နယ်မြေမှာရှိလျှင် ...တော်တို့လက်မှ မလွတ်စေရဟု ယုံကြည်စိတ်အပြည့်နှင့် ပိုက်စိပ်တိုက်ရာကြ ...သောအခါ ဗကပ လွတ်ရာလွတ်မြောက်ကြောင်း နယ်မြေပြောင်းဖို့ စဉ်းစားရပြီ။ ...်းကြောင်းရှာရပြီ။

## ...ညာမြေမှ ပဲခူးရိုးမသို့

ဗကပ ဗဟိုကော်မတီဝင်တိုင်း (၃) တာဝန်ခံ ဗိုလ်မောင်မောင်(ခေါ်)ဗိုလ် ...အောင်သူ၏အစီအမံဖြင့် ရွှေပြောင်းသိုဝှက်ထားသော်လည်း စိတ်မချရသော သခင် ...်းထွန်း၏ဗဟိုအဖွဲ့သည် ခရီးဝေးသို့ပြေးရန်ဆုံးဖြတ်ရပါတော့သည်။

ဗကပ ဗဟိုကော်မတီဝင်များအား ဗိုလ်အောင်သူ အစီအစဉ်ဖြင့်မှ ...မှုနယ် မြောင်မြို့မှယူဂိုတာဝန်ခံ၏ ပေါင်းမိုးလေ့ကြီးနှင့် ဧရာဝတီမြစ်ရိုးအတိုင်း



www.burmeseclassic.com

www.burmeseclassic.com




စုန်ဆင်းစေလိုက်ရသည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ဗကပ တာဝန်ခံများက ကြိုတင်သတင်းစုံစမ်းခြင်းဖြင့်ဘေးကင်းသရွေ့ ရွှေ့ခဲ့စုန်ဆင်းခဲ့ကြရာမှ ပြည်ခရိုင်သို့ ရောက်လာသည်။ ထိုမှတစ်ဆင့် ပေါက်ခေါင်းနယ်ဖြတ်ကာ ပဲခူးရိုးမသို့ ဝင်ရောက်ခိုလှုံလိုက်ရပေတော့သည်သာဖြစ်ပါ၏။

## သူပြေး-ကိုယ်လိုက်

ဗကပ ဗဟိုကော်မတီအဖွဲ့ အညာဒေသမှ ထွက်ပြေးကာ ပဲခူးရိုးမသို့ ဝင်ရောက်လာသော သတင်းကို တပ်မတော်ထောက်လှမ်းရေးမှသတင်းရသည်။

သတင်းကို အတည်ပြုသည်။ ပေါက်ခေါင်းဒေသမှတစ်ဆင့် ရိုးမထဲ ဝင်သွားကြောင်း အတည်ပြုချက်ရသည်နှင့် ကျွန်တော်တို့ တပ်ရင်းနှစ်ရင်းကို တောင်ငူတပ်မဟာ(-)သို့ ဆွဲချလိုက်သည်။



တောင်ငူမြို့တပ်မဟာ (-)တွင် တပ်မဟာ (-)တပ်မင်း ဗိုလ်မှူးကြီးအေးမောင်(ယာ)၊ တပ်မဟာ(-) တပ်မင်း ဗိုလ်မှူးကြီးဘရွှေ(ဝဲမျက်မှန်နှင့်) တို့ စစ်ဆင်ရေး ညွှန်ကြားချက်ပေးနေစဉ်၊

••••◆◆ ပြည့်စုံစာအုပ်တိုက် ◆◆••••





တပ်မဟာ(-)တွင် စစ်ဆင်ရေးညွှန်ကြားချက်ရယူအပြီး
(၁၉၅၉) ခုနှစ်၊ တပ်ရင်းမှူးများ
အမှတ်တရ ဗိုလ်မှူးစိန်လွင်(သနက-)၊ ဗိုလ်မှူးနေထွန်း(ခမရ-)၊
ဗိုလ်မှူးကျော်ညွှန့် (ခမရ-)၊
ဗိုလ်မှူးလှဖုန်း(ခလရ -)၊ ဗိုလ်ကြီးဗသိန်း(ခမရ - ဒုရင်းမှူး)၊
ဗိုလ်မှူးစိုးမြင့်အောင်(လေထီးတပ်ရင်း)၊ ဗိုလ်မှူးခင်မောင်သောင်း(ခလရ-)

ထိုအချိန်က ညောင်လေးပင်ရှိ တပ်မဟာ(-)နှင့်တောင်ငူရှိ တပ်မဟာ (၂)တို့က ပဲခူးရိုးမတစ်ခုလုံး တာဝန်ယူထားရသော အချိန်ကာလဖြစ်ပါသည်။

ပဲခူးရိုးမသို့ ဗဟိုရွှေ့လျှင် ဖြူးအနောက်ခြမ်း တောင်ပေါ် ကရင်ရွာများကို လည်းကောင်း၊ ပဲနွယ်ကုန်းအနောက်ခြမ်း ရိုးမတောင်ပေါ်(၁၄)ရွာကိုလည်းကောင်း အခြေခံကာ ပုန်းအောင်းလိမ့်မည်ဟုတွက်ဆသုံးသပ်ကြသည်။

ပထမအဆင့် ဖြူးအနောက်ခြမ်းရိုးမပေါ် ရှင်းလင်းရေးစတင်ရန် တပ်မဟာ(-)တွင် စစ်ဆင်ရေး ညွှန်ကြားမှုပြုလုပ်ပါသည်။

••••◆◆ ပြည့်စုံစာအုပ်တိုက် ◆◆••••

www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာမှူး ဗိုလ်မှူးကြီးအေးမောင်ဖြစ်၍ တပ်မဟာဗိုလ်မှူး-ဗိုလ်မှူးစိုးလှိုင်(စာရေးဆရာမ မဝင်းမြင့်၏ခင်ပွန်း) ဖြစ်ပါသည်။ ရေးထောက် ဗိုလ်မှူးစိုးမြင့်ဖြစ်၍ ဦးစီး(တ)များမှာ ဗိုလ်ကြီးတင်အောင် (ဗိုလ်သင်တန်း ၈)၊ ဗိုလ်ကြီးချစ်သွင် (ဗိုလ်သင်တန်း ၁၁)၊ ဆက်သွယ်ရေးအရာရှိ ဗိုလ်ကြီးလှအောင်တို့ကို မှတ်မိပါသည်။

ဖြူးအနောက်ဘက်သို့ တပ်များဝင်၍ရှင်းသည်။ သတင်း ဖော်ထုတ်သည်။ သဲလွန်စမရ။ သတင်းအတိအကျမရဘဲ ဝင်ရောက်ရှင်းလင်းသော အဆင့်မှာ နှစ်လခန့် တာဝန်ပေးပြီး တောင်ငူတပ်မဟာသို့ပြန်စုသည်။ ပြီးနောက်တစ်ပတ်ခန့် ပြန်လည်စုဖွဲ့ပြီး ခွင်ပြောင်းကာ ဝင်ခိုင်းပြန်သည်။ တောင်ပေါ်ရွာများသတင်းလည်း မြို့မှ သေသေချာချာမရ။ ဆက်သွယ်မှုက ပြတ်လှသည်။

အခြေအနေလေ့လာရန် ခမရ (-)ကို စေလွှတ်ရာတွင် မြေပုံပေါ်၌ ကရင်ရွာကြီးတစ်ရွာကို ရည်မှန်းချက်ပေး၍လွှတ်လိုက်သည်။ (ရွာကြီးနာမည် မမှတ်မိတော့ပါ)။

ထိုရွာရောက်လျှင်ပတ်ဝန်းကျင်ရှင်း၍ ရဟတ်ယာဉ်ကွင်းဖောက်ကာ လုံခြုံမှု စီစဉ်ထားရန်တာဝန်ပေးသည်။ တပ်မဟာမှူး တပ်မင်းကိုယ်တိုင် ထိုရွာသို့ လိုက်လာမည်။ ခေတ္တအခြေပြုမည်ဟူသောအစီအစဉ်ဖြင့် ခမရ(-) ချီတက်ခဲ့ရသည်။ ၁၉၅၉ ခုနှစ် ဆောင်းဦးကာလဖြစ်သည်။

ရည်မှန်းချက်ရွာကြီးသည်အိမ်ခြေ သုံးရာငါးဆယ်ခန့်ရှိသည်ဟုသိရသည်။ ချဉ်းကပ်စဉ်ကပင် စစ်ကြောင်းတစ်ကြောင်းကို ခရီးသုံးမိုင်ခွာ၍ လမ်းကြောင်းခွဲကာချီတက်စေရသည်။ တပ်ရင်းမှူးစစ်ကြောင်းမှ တပ်ခွဲသုံးခွဲကိုရည်မှန်းချက်မရောက်မီ တပ်ခွဲလိုက်ဖြန့်ခွဲရှင်းလင်းစေရသည်။


ရည်မှန်းချက်ပေးထားသောရွာသည် တောင်ထိပ်တွင်ဖြစ်၍ အုန်းပင်တွေ၊ သရက်ပင်တွေ အုပ်ဆိုင်းနေသည်။ တပ်ခွဲများ စနစ်တကျနေရာယူကာ ဖျူဟာမြောက်ရှင်းကြရသည်။ ပြီးမှတပ်ရင်းမှူးကွပ်ကဲမှုအဖွဲ့ နေရာယူသည်။

ရွာထိပ်မှာနေရာခက်ခဲ၍ ရွာအစပ်တောင်ကုန်းအခြေမှာရဟတ်ယာဉ်ကွင်း ချက်ချင်းဖောက်လုပ်ရသည်။

တပ်မဟာမှူး ဗိုလ်မှူးကြီးအေးမောင်နှင့် တပ်ရင်းမှူးဒုဗိုလ်မှူးကြီးနေထွန်းတို့သည်စစ်ကိုင်းအစိုးရအထက်တန်းကျောင်းမှ ကျောင်းနေဘက်သူငယ်ချင်း







ဖြူးမြို့ အနောက်ဘက်တောင်ပေါ် ကရင်ရွာဖျက်တွင် စခန်းချစဉ်
ဗိုလ်မှူးနေထွန်း (ခမရ-) ဗိုလ်မှူးကြီးအေးမောင်(တပ်မင်း)
ဗိုလ်ကြီးတင်အောင်(ဆေးမှူး) ဗိုလ်ကြီးချစ်ရီ (ကကလှမ်း)

များဖြစ်ကြ၍ အလွန်ရင်းနှီးကြပါသည်။

ညတွင်းချင်းပင် ရဟတ်ယာဉ်ကွင်းဖောက်လုပ်ပြီး၍ ရွာပတ်လည် လုံခြုံရေးယူပြီးကြောင်းတပ်မဟာသို့ တင်ပြလိုက်ရပါသည်။ ထိုအချိန်တွင် ကျွန်တော်သည် တပ်ရင်းထောက်လှမ်းရေး အရာရှိတာဝန်ယူနေရသည်။ ခြေမြန်တပ်ဖွဲ့စည်းပုံအရ ထောက်လှမ်းရေးအရာရှိသည် ဗိုလ်ကြီးအဆင့်ဖြစ်၍ လုပ်သက်ရလာသော ကျွန်တော့်ကို အိုင်အိုခန့်ထားခြင်းဖြစ်သည်။

နောက်နေ့ မွန်းလွဲနှစ်နာရီခန့်တွင် တပ်မဟာမှူး ရဟတ်ယာဉ်ကြီး ရောက်ရှိလာပါတော့သည်။ ကျွန်တော်တို့က ရဟတ်ယာဉ်ကွင်းမှ ကြိုကာ ပစ္စည်းပစ္စယတွေချပြီး ရဟတ်ယာဉ်ပြန်ထွက်သွားမှ တောင်ထိပ်ရွာသို့ တက်လာရသည်။

တောင်ထိပ်ရောက်သောအခါ အားလုံးမောနေကြပြီး တပ်မဟာမှူးက... ...မသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေထွန်း ရှာဘယ်မှာလဲ။

ဒါ ရှာလေဗျာ၊ ဒီဟာက သစ်တောဌာနဗိုလ်တဲပဲဟုဆိုကာ သစ်သား ဗိုလ်တဲသေးသေးသွပ်မိုးနှင့်ရှိသည်ကို လက်ညှိုးထိုးပြလိုက်သည်။ ရှေးရှာကြီးက ရှာပျက်ဖြစ်နေပြီ။

ဒါဖြင့် ဘယ်သွားနေရမှာလဲ။

သည်ဗိုလ်တဲမှာ နေရမှာပေါ့ဗျ၊ တပ်ခွဲတွေကတော့ ပလတ်စတစ်တွေ မိုးပြီးနေကြတာ တွေ့တဲ့အတိုင်းပဲဟု တင်ပြပါသည်။

ကျွန်တော်ကလည်း အလိုက်တသိရေဆိပ်မှာ တစ်နေကုန် ရေစိမ်ထား သော အုန်းသီးအလုံးလိုက်များ ယူကာ ဖွင့်ဖောက်၍ အမောပြေ ညှော့ခံလိုက်ရ ပါသည်။ ဟိုတယ်မှာသောက်ရသော ရေခဲစိမ်ဘီယာထက် ပိုကောင်းပါ၏။ တပ်မင်းဟုခေါ်သော တပ်မဟာမှူးကြီးနှင့် ပါလာသူများမှာ ကကလုမ်းမှ ဗကပ ကျွမ်းကျင်သူ ဗိုလ်ကြီးချစ်ရီ(နောင်-ဗိုလ်မှူးကြီး သံအမတ်ကြီး)၊ ဆေးမှူး ဗိုလ်ကြီး တင်အောင် (လက်ကောက်တင်အောင်)၊ ဆက်သွယ်ရေးအရာရှိဗိုလ်ကြီးလှအောင် နှင့် စစ်ဦးစီး(တ)တစ်ဦးပါလာကြပါသည်။

တပ်မင်းသည် စစ်ဆင်ရေးအစီအစဉ်များညှိနှိုင်းပြီး တစ်ညအိပ်ကာ နောက်နေ့မှာ တောင်ငူသို့ပြန်သွားပါတော့သည်။

## တောင်ပေါ် ဆယ့်လေးရှာ

ပဲခူးရိုးမတောင်ပေါ် ဆယ့်လေးရှာသည် အချက်အချာဖြစ်၍ ခွင်သို့ ဝင်၍ ဗကပ ဗဟိုရှာရန် တာဝန်ပေးခံရပါသည်။

ခမရ (-)နှင့် သနက (-)တို့ဖြစ်ပါသည်။ ပိန်းဇလုပ်မှ အနောက်ဘက် တောင်ခြေအထိ သစ်တိုက်ကားလမ်းရှိသည်။ တောင်ခြေမှစ၍ ရိုးမပေါ်သို့တက်ရ သည်။ တောင်ပေါ်အတက်မှာလမ်းတစ်လျှောက်ချောင်းတွေကို အတန်တန်ဖြတ်နေရ သဖြင့် ကျွန်တော်တို့၏ တောစီးဖိနပ်များရေခြောက်ရသည်ဟူ၍မရှိ။ အမြဲစိုနေရ သည်။ သဲမှုန်သေးသေးလေးက စစ်ခြေအိတ်ကြားမှ မည်သို့ဝင်မှန်းမသိ၊ ခြေချောင်း တွေ ကြားထဲရောက်သည်နှင့်ပွန်းသည်၊ ရှသည်၊ သဲဝဲစားသည်ဟု ယေဘုယျ ခေါ်ကြသည်။ ပဲခူးရိုးမ တက်သည်နှင့်သဲဝဲနှင့် ကျွတ်ကို ရှောင်မရ။ ကျွတ်တွေက သစ်ပင်ပေါ်မှ ခေါင်းပေါ်၊ ပခုံးပေါ်ကို ခုန်ချကြသည်။





**စစ်ခွေး လေ့ကျင့်ရေး**

ကျွန်တော်တို့နှင့်အတူ လေ့ကျင့်ထားသော စစ်ခွေးများ ပါလာသည်။ စစ်ခွေးတပ်ဖွဲ့ထူထောင်စ ပထမဆုံး စစ်ဆင်ရေးတာဝန်ထမ်းဆောင်ကြခြင်း ဖြစ် ပါသည်။

ဩစတြေးလျမှ ယူလာသောခွေးများဟု သိရသည်။ တပ်ခွဲမှူးမှာ ဗိုလ်ကြီး ဘေးဖေ (ဗိုလ်သင်တန်း-၂) ဖြစ်သည်။ ဆရာများလည်း နိုင်ငံခြားမှာ သင်ကြားခဲ့ ကြောင်း သိရပါသည်။

စစ်ခွေးကြီးများမှာ အားရစရာကောင်းလှသည်။ အမိန့်နာခံပုံမှာ စံနမူနာ ယူလောက်သည်။ မမြင်ဖူး၊ မတွေ့ဖူးသေးသော ကျွန်တော်တို့မှာခွေးချစ်တတ်သူ မို့စစ်ခွေးတွေကို သိပ်သဘောကျလှပါသည်။

တောင်ပေါ် ဆယ့်လေးရှာရောက်တော့မှစစ်ခွေးများကို သေသေချာချာ ကြည့်မိသည်။

ကင်းထောက်စစ်ခွေးက ခေါင်းမော့ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ကင်းစောင့်သည်။ လူစိမ်း ဝင်မရ။

ခြေရာခံခြေရာကောက်ခွေးကခြေရာတစ်ခုပြလိုက်လျှင် တောက်လျှောက် လိုက်တော့သည်။ ဆွဲမရ၊ ထိန်းမရ၊ ရပ်မရ၊ ခြေရာရှင် မတွေ့မချင်းလိုက်သည်။

မိုင်းရှာ ခွေးကတော့ ခေါင်းကို မြေမှာငုံ့လျက် အနံ့ခံရင်း လမ်းလျှောက် ကတ်သည်။

တောင်ပေါ် ဆယ့်လေးရှာရောက်တော့ စစ်ခွေးများက စစ်ခွေးရိက္ခာစား ရသည်။ ဘီစကစ်နှင့် အမဲသားဘူးနှင့်မို့ ရဲဘော်တွေသိပ်အားကျကြသည်။

မကြာပါချေ။

ချောင်းတွေမြောင်းတွေ ဖြတ်ခဲ့ရသော စစ်ခွေးကြီးများ ဝဲယားနာထလာ ပြီ။ သွားတိုက်ဆေးဘူးလို ဆေးဘူးတွေထုတ်ကာ စစ်ခွေးကိုင်ဆရာတွေက လိမ်း ပေးကြသည်။ ရောဂါက သိပ်မသက်သာပါ။ ရေစိုလိုက်၊ ခြောက်လိုက်နှင့် ချီ တက်ခဲ့ရသော ပထမဆုံး အတွေ့အကြုံမို့ မြန်မာ့ရေမြေသဘာဝနှင့် နိုင်ငံခြားရေ မြေသဘာဝ၊ ရာသီဥတုမတူ၍ ဖြစ်မည်ထင်သည်။

တောင်ပေါ်ရောက်ပြီး ရန်သူလည်းရှာမရ၍ ခြေရာခံစရာ၊ မိုင်းရှာစရာ၊ ကင်းစောင့်စရာမလိုသည့်အတွက် စစ်ခွေးများပြန်ပို့လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူသားဖြစ်သော စစ်သည်တွေကတော့ မိုးရွာရွာ၊ နေပူပူ၊ ဥတုသုံးပါး ခံသော နတ်သမီးတံဆိပ်မီးခြစ်(ထိုစဉ်ကကြော်ငြာ)လို ထုသားပေသားကျစွာ ဗကပ ဗဟိုကို လိုက်ရ၊ ရှာရ၊ ရှင်းလင်းရဆဲပါတည်း။

**ငါးဒေါက်မချောင်းဖျား**

တပ်မဟာ(-)နယ်မြေဖြစ်သော စစ်ကိုင်းတိုင်းအတွင်း ကျွန်တော်တို့ ခြေမြန်တပ်ရင်း အပါအဝင် စစ်ဆင်ရေးတပ်များ တောနင်းရှာဖွေမှုကြောင့် သခင် သန်းထွန်းဦးစီးသော ဗကပဗဟိုကော်မတီသည် မြင်းမူဒေသမှဧရာဝတီမြစ်ကြောင်း အတိုင်း စုန်ဆင်းထွက်ပြေးသွားခဲ့ကြပါသည်။

ပဲခူးတိုင်း ပေါက်ခေါင်းဒေသမှတစ်ဆင့် ပဲခူးရိုးမသို့အသိုက်ပြောင်းလျက် ခိုအောင်းခဲ့ကြသော အကြောင်းရင်းမှာ သခင်ဇင်၊ သခင်ချစ်တို့၏ စည်းရုံးရေး နယ်မြေဖြစ်သည်အတွက် တောထူထပ်သောရိုးမတွင်ခိုအောင်းရ၊ ပုန်းလျှိုးရ၊ အဆင်ပြေကြပေသည်။

ဗကပဗဟိုကို ထပ်ကြပ်လိုက်ရသော ကျွန်တော်တို့ခြေမြန်တပ်ရင်း(-) သေနတ်ကိုင်တပ်ရင်း(-)တို့နှင့်အတူ ခမရ(-)၊ ခမရ(-)၊ခမရ(-)တို့သည် ဖြူးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်အနောက်ဘက်မှ ပဲခူးရိုးမ တောင်ပေါ် ဆယ့်လေးရွာဒေသကို ဝင်ရောက်ရှင်းလင်းရပြန်သည်။

တပ်မ(-) တပ်မဟာမှူးသည် ဗိုလ်မှူးကြီးအေးမောင်ဖြစ်၍ တပ်မဟာ (-) တပ်မဟာမှူးသည် ဗိုလ်မှူးကြီးဘရွှေဖြစ်သည်။ နောက်ပိုင်းတွင် ဗိုလ်မှူးကြီး ဘရွှေနှင့် ဗိုလ်မှူးကြီးလှမော်တို့ တာဝန်လွှဲပြောင်းကြသည်။

ရှေ့တန်းခမရ (-) တပ်ရင်းမှူးဦးစီးစစ်ကြောင်း (၁)နှင့်တပ်ခွဲတစ်ခွဲ ညောင်လေးပင်မှာ တပ်မဟာအရန်အဖြစ်ထားရှိပြီး ကျန်တပ်ခွဲလေးခွဲကို ပဲခူးရိုးမ အတွင်းတောနင်းလျက် ဗကပဗဟို ရှာဖွေရေးတာဝန်ပေးထားရသောကာလမှာ နံနက်တိုင်း တပ်မဟာဌာနချုပ်၏ Briefing သို့ ကျွန်တော်တို့ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးနေထွန်းတက်ရသည်။ ကျွန်တော်က ထောက်လှမ်းရေးအရာရှိဖြစ်၍ စစ်ဦးစီးမှူးတတိယတန်း (ထောက်လှမ်းရေး)မှာ ဗိုလ်ကြီးတင်ဝင်းညို ဖြစ်ပါသည်။





**မိုးလေး တဖွဲဖွဲရွာနေသော နံနက်ခင်း**

စစ်ဆင်ရေးအခြေအနေ ပုံမှန်ရှင်းလင်းပွဲပြီးသည့်အခါ တပ်မင်း(ခေါ်) တပ်မဟာမှူးကြီးရုံးခန်းမှာ ကျွန်တော့်တပ်ရင်းမှူးကြီးကိုခေါ်၍ သီးခြားတွေ့ကြသည်။ တပ်ရင်းမှူးကြီး ပြန်ထွက်လာပြီးနောက် ကျွန်တော်တို့အခြေပြုရာ တပ်မဟာရိပ်သာသို့ ချက်ချင်းပြန်လာရသည်။

'သခင်သန်းထွန်းနေရာကို အတိအကျသတင်းရပြီ၊ ကွန်မန်ဒိုတပ်စုနဲ့ ဝင်တိုက်ဖို့ တပ်မင်းကညွှန်ကြားတယ်၊ မင်းစိတ်ကြိုက်တပ်စုတစ်စုရအောင်ဖွဲ့၊ မင်းကိုယ်တိုင်သွားချရမယ်' ဟု ညွှန်ကြားလာပါသည်။

ကျွန်တော်လည်း ချက်ချင်းရှိသမျှ စစ်သည်တွေထဲမှ ရွေးလိုက်သည်။ တပ်စုတပ်ကြပ်ကြီးအဖြစ် ဆရာတင်ဝင်းကို ရွေးသည်။ အသားဖြူဖြူ အရပ်ပုပု၊ ကရင်လိုလို တရုတ်လိုလိုပုံစံဖြစ်သည်။ စစ်ဆင်ရေးမှာ စေ့စပ်၍ တိကျစွာ ဆောင်ရွက်တတ်သူဖြစ်သည်။

နေ့လယ် ၁၂ နာရီမှာ တပ်မင်း၏ ညွှန်ကြားချက်နာယူရသည်။

သတင်းအချက်အလက်ကို ဗိုလ်ကြီးတင်ဝင်းညိုက အသေးစိတ်ရှင်းပြပါသည်။

ဗကပဗဟိုကော်မတီမှ အသားမင်းသား အောင်သိန်းဆိုသူကို စစ်ကြောင်းတစ်ခုမှဖမ်းမိသည်။ သူ့ကိုမသတ်ပါနဲ့၊ စစ်ရုံးကို ပို့ပါ၊ သခင်သန်းထွန်းရှိတဲ့နေရာ အတိအကျကို သတင်းပေးပါမည်ဟုဆိုသည်။

သူ့သတင်းက ပဲခူးရိုးမတောင်ပေါ်ဆယ့်လေးရွာမြောက်ဘက်ရှိ ကျော်ငြိမ်းတိုက်ရကွင်း ဗကပဗဟိုတစ်ဖွဲ့လုံးရှိသည်။ ကင်းတပ်ဖွဲ့တပ်စိတ် တစ်စိတ်သာရှိသည်။

ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ညောင်လေးပင်၊ ဒိုက်ဦးမြို့နယ်ကော်မတီများကတောင်ခြေတစ်လျှောက်ထောက်လှမ်းရေးပိုက်ကွန်ဖြန့်ထား၍ တောင်ခြေမှ တက်သည်နှင့်သခင်သန်းထွန်းကကြိုသိနေသည်။ ကြိုတင်ရှောင်ကမ်းတတ်သည်။

ထို့ကြောင့် လမ်းကြောင်းကို လုံးဝမသုံးဘဲ ကွန်မန်ဒိုတပ်စုဖြင့် ထိုးဖောက် ဝင်ရောက်ချေမှုန်းရမည်။ စစ်ဝတ်စုံ မဝတ်ရ၊ မြေပြန့်တွင်ကရင်သောင်းကျန်းသူ ရှိ၍ တောင်ပေါ်တွင် ဗကပ ရှိသည်။ သူပုန်အယောင်ဆောင်၍ ခြေရာမပေါ်အောင် ချီတက်ရမည်။ တောကျွမ်းကျင်သော ယခင်ကသစ်တောခေါင်း ဦးဘိုးသောင်က လမ်းညွှန်ပေးမည်ဟူ၍ဖြစ်သည်။

တပ်မင်းကြီးက နောက်ဆုံးဖြည့်စွက်မှာကြားချက် ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဗိုလ်ညွန့်ဆွေ၊ ခင်ဗျားလည်း စစ်ကိုင်းသား တပ်ရင်းမှူးလည်းစစ်ကိုင်းသား၊ ကျုပ်လည်း စစ်ကိုင်းသားပဲ၊ စစ်ကိုင်းသား သုံးယောက်ထဲ လျှို့ဝှက်စီစဉ်တာ သခင်သန်းထွန်းကိုမရရင် ကျုပ်တို့သုံးယောက်လုံး တာဝန်ရှိတယ်၊ ရအောင်ကိုလုပ်ရမယ်၊ နားလည်လား' ဟု ပြတ်ပြတ်ပြောပါသည်။

ကျွန်တော်လည်း ပြင်ဆင်ချိန် တစ်ရက်သာရသည်။ တပ်စုတစ်စုလုံး မီးပျောက်ရိက္ခာတစ်ပတ်စာစီစဉ်ရသည်။ ဒိုက်ဦး၊ ညောင်လေးပင်မှာ ဗကပထောက်လှမ်းရေးတွေရှိ၍ ဘာမျှမဝယ်ရဲ၊ လှုပ်ရှားမှုမပြုရဲ။ ပဲခူးကိုသွားရသည်။ တပ်စုတစ်စုစာ တရုတ်ပြည်မှလာသော အဝတ်၊ ပတ္တူဖိနပ်များ ဝယ်ရသည်။ ဘတ်စကက်ဘောကစားသော လည်ရှည်လည်းပါရဲ့၊ ရိုးရိုး ပတ္တူဖိနပ်(ကင်းဗတ်စ်)လည်းပါရဲ့၊ တောင်ပေါ်မှာ ရွာသားအချို့ဆောင်းသော အရပ်ဦးထုပ်မျိုးလည်း ဝယ်ရသည်။

ရှေးခေတ် တောခေါင်းကြီး၏တောကျွမ်းကျင်မှုကို အားကိုးလျက် လူသွားလမ်းနှင့် ရွာကိုရှောင်၍ ခရီးစရသည်။ နေ့မှနား၊ ညမှာ သွားခြင်းဖြင့် တောင်ပေါ် ဆယ့်လေးရွာသို့တက်သောလူသွားလမ်းကို အကြောင်းအဖြစ်ထားလျက် တောထဲမှသာချီတက်ရသည်။

တောင်ပေါ် ဆယ့်လေးရွာပတ်ဝန်းကျင်ကိုတော့ ကျွန်တော်တို့ ကိုယ်တိုင် အကြိမ်ကြိမ် ဝင်ရောက်ရှင်းလင်းပြီးဖြစ်၍ တောကျွမ်းနေပြီ။

ကျွန်တော်တို့ လျှို့ဝှက်အဖွဲ့တက်သွားပြီး လေးရက်မြောက်မှာ ညောင်လေးပင်ရှိ တပ်မဟာထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးတင်ဝင်းညိုက သတင်းရသည်။ ဌာနေမဟုတ်သော သောင်းကျန်းသူတစ်ဖွဲ့ ပဲခူးရိုးမပေါ် တက်သွားသော ခြေရာစွတ်ကြောင်းများတွေ့ရသည်ဟူသော သတင်း။

တောင်ပေါ်ဆယ့်လေးရွာမှ တောခေါင်းကြီး၏လူယုံ အထောက်တော် သစ်ကြီးရွာသားကို တောင်ယာထဲတွင် လျှို့ဝှက်တွေ့ဆုံ၍ သတင်းစုံစမ်းရာ မြေပုံထဲတွင် Kyaw Nyein Te ဟု ပါရှိသောနေရာမှာ ရွာမရှိ၊ လူ မနေကြောင်း သိရသဖြင့် ဗကပ ဗဟိုစိတ်ကြိုက်ဖြစ်နိုင်သည်ဟု တွက်ဆကာ ခြေရာလက်ရာ ထောက်လှမ်းခြင်း၊ လျှိုမြောင်တို့ကို ဖြန့်ခွဲရှင်းလင်းခြင်းဖြင့် သုံးရက်မျှ ကျေနပ်အောင် ရှာကြသည်၊ ရှင်းကြသည်၊ ဘာလက္ခဏာမှ မတွေ့ရ။

သတင်းမှားဖြစ်ကြောင်း တပ်ရင်းမှူးထံ တင်ပြလိုက်သည်။





ထိုအခြေအနေမှာ ရိုးမပေါ်သို့မြို့မှ အထမ်းဖြင့်ဈေးရောင်းလာတတ်သော လမ်းကြောင်းများ လေ့လာစုံစမ်းရာ လူသွားလမ်း အတက်အဆင်းရှိသမျှ လမ်းလျှောက်၊ အထမ်းဈေးသည်များ၊ အဆင်းအတက်ရှိသော်လည်း ပဲနွယ်ကုန်း အနောက်စူးစူးမှ ရှေးခေတ်သစ်တောခေါင်းဘဝ ဦးဘိုးသောင်သုံးခဲ့ဖူးသော လမ်းကြောင်းတစ်ခုမှ ဈေးသည်အသွားအလာမရှိဟုသိရသည်။

ထိုအခါမှာ ထိုလမ်းကြောင်းတစ်လျှောက် တောနင်းရှာရန် ဆုံးဖြတ်ပြီး ညအချိန် ရိုးမပေါ်မှဆင် အလာလမ်းတွင်ရွာမရှိ၊ လူသူအသွားအလာမရှိ၊ လူသွားလမ်းပင် ပျောက်လုမတတ်ရှိသည်။ ရုတ်တရက်မြို့မှ အထမ်းဈေးသည်နှစ်ဦးကို ညအခါ ရင်ဆိုင်တွေ့ရတော့သည်။ မြို့ဈေးတွင် ကျုလယာဈေးဆိုင်ရောင်းပစ္စည်းမျိုးစုံပါသည်။ အပ်ချည်လုံး၊ အပ်၊ တွယ်ချိတ်၊ စက္ကူပုန်း၊ ဖဲကြိုး၊ မြန်မာဆေးပါး၊ မှုတ်ဆီ၊ လက်ဖက်ခြောက်၊ ဓာတ်ဘော်လီ၊ ကျား-မ လုံချည်၊ ကုန်မျိုးစုံ ပါသည်။ ဈေးရောင်းသူ နှစ်ဦးစလုံးမှာ အလင်းဝင်ကတ်ပြားနှင့် ထောက်ခံချက်များပါသည်။ သောင်းကျန်းသူ ကင်းအဖွဲ့ဟု ကျွန်တော်က ကောက်ချက်ချသည်။ မည်သို့မျှ စစ်ဆေးမေးမြန်း၍ မရသည့်အဆုံး စစ်ကြောရေးထိပ်ခေါင် တပ်ကြပ်ကြီးတင်ဝင်း လက်လွှဲရမည့် အခြေအနေရောက်မှ ကျွန်တော်က ခေါ်တွေ့ရသည်။

ဘာသတင်းမှ မပေးရင်တော့ ဆရာကြီးတင်ဝင်းက သတ်လိမ့်မည်ဟု ခြိမ်းခြောက်ရသည်။ သောင်းကျန်းသူစခန်းမသိသော်လည်း ဒီနားတစ်ဝိုက်မှာ နေအောင်းရန် အကောင်းဆုံးလျှိုမြောင်သို့မဟုတ် တောကောင်ကြီးတို့ လျှို့ဝှက်ကျက်စားရန်သင့်သော လျှိုမြောင်၊ စိမ့်စမ်းနေရာ သိကိုသိရမည်။ နောက်ဆုံး အခွင့်အရေးပေးမည်၊ မှန်မှန်ပြောဟုစီးကရက်တစ်လိပ်စီတိုက်ရင်း တစ်ယောက်ချင်းလူခွဲမေးမှ လျှိုအမည်နှစ်ခုပြောလာတော့သည်။

ငါးဒေါက်မချောင်းနှင့်မြွေဟောက်မြောင်။ ပါလာသော စစ်သုံးမြေပုံနှင့် လေ့လာကြည့်ရာတွင် တောင်ခြေမြေပြန့်မှ တောင်ပေါ်တက်စနှစ်မိုင်ခန့်မှာ ငါးဒေါက်မချောင်းရှိသည်။ ထိုချောင်းဖျားတွင် ပဲနွယ်ကုန်းမြို့နယ်ကောင်စီတော့ ရှိနိုင်သည်ဟု သုံးသပ်ချက်ရရှိသည်။

ထိုနေရာကို လိုက်ပို့နိုင်းသည့်အခါမှာတော့ ထိုအလင်းဝင်များ အကြောက်အကန်ငြင်းကြသည်။မျက်နှာမှာလည်းသွေးမရှိအောင်ကြောက်နေကြသည်ကို အတိတ်ရင်း ရန်သူ့စခန်းရှိမှာသေချာကြောင်း ကောက်ချက်ချလိုက်ရပြန်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း စက်ဖွင့်၍ တပ်ရင်းမှူးကြီးထံ ဆက်သွယ်ကာ ငါးဒေါက်မချောင်းဖျားကိုဝင်ရှင်းမည်ဟု သတင်းပို့လိုက်ရပါသည်။

တပ်ရင်းမှူးကြီးထံမှ ညွှန်ကြားချက်က ရှင်းသည်။ တိကျသည်။ ပြတ်သားသည်။ ယခုရောက်ရာနေရာမှ ချက်ချင်း နောက်ပြန်လှည့်၊ ကျော်ငြိမ်းတဲစုကို အရောက်သွား၊ ဆက်သွယ်ရေးစက်ဖွင့်ပြီး အမိန့်စောင့်ဟုညွှန်ကြားသည်။

ကျွန်တော်ကလည်း ခေါင်းမာမာပြန်တင်ပြသည်။ လိုက်နာပါမည်။ ယခု ငါးဒေါက်မချောင်းဖျားကိုဝင်ရှင်းပြီး ညတွင်းချင်း တောင်ပေါ်ပြန်တက်ပါမည်ဟု ဇွတ်တင်ပြသည်။ ဆရာသမားကြီးကလည်း လုံးဝလိုက်လျောခြင်းမရှိ။ 'ငါ အမိန့်ပေးတဲ့အတိုင်း အခုတောင်ပေါ်ပြန်တက်'ဟု တင်းတင်းမာမာ ညွှန်ကြားလာသည်။

မည်သို့မျှ မတတ်နိုင်။ ဗကပဗဟိုကိုမရသော်လည်း မြို့နယ်ကော်မတီကိုတော့ သေချာချေမှုန်းနိုင်မည်ဟု ယုံကြည်ထားပါလျက် အမိန့်ကိုလွန်ဆန်၍မရ။

ဖခင်လိုလေးစားရပါသော တပ်ရင်းမှူးကြီးစကားသာ နားထောင်ရတော့သည်။ ကွန်မန်ဒိုစစ်သည်တွေက အပြေးအလွှားဝင်ရှင်းမည်။ ရသမျှချေမှုန်းပြီး တောင်ပေါ်ပြန်တက်မည်တကဲကဲ ဖြစ်နေကြသည်။ နောက်ဆုံးတော့ မကျေနပ်စိတ်ကိုယ်စီကို မျိုသိပ်လျက် နောက်ကြောင်းပြန်ကာ တောင်ပေါ်ပြန်တက်ခဲ့ရပါတော့သည်။ လူသူမရှိသော ကျော်ငြိမ်းတဲဆိုသည့်နေရာမှာ သစ်ပင်အောက်အိပ်ရင်း အမိန့်စောင့်နေရသည်။ တတိယနေ့ကျမှ အမိန့်ရသည်။ 'ညတွင်းချင်းဆင်းခဲ့ နံနက်ခြောက်နာရီမှာ ငါးဒေါက်မချောင်းဖျား မြောက်ဘက်ကတောင်ကြောပေါ်ရောက်လာ၍နေရာယူထားရန်' ဟူ၍ ဖြစ်သည်။

ကျွန်တော်ဦးစီးသောကွန်မန်ဒိုတပ်စုချိန်းရပ်သို့ အရောက်မှာ ငါးဒေါက်မချောင်းဖျားကို တပ်တွေဝိုင်းပတ်ပိတ်ဆို့ထားပြီး ဖြစ်ပေသည်။ ဒုမှူးကြီးနေထွန်း၏ ခမရ(-)နှင့် ဒုမှူးကြီးတင်ညွှန့်၏ ခမရ(-)က ဝိုင်းပတ်ပိတ်ဆို့ရေး၊ ဒုမှူးကြီး ခင်မောင်သောင်း(မိုးမိုးတာရောစန်)၏ ခမရ(-)က ကိုက်လေးထောင် ပတ်လည်အတွင်းပိုက်စိပ်တိုက် ရှင်းလင်းရေး၊ မဟာစစ်ဆင်ရေးကြီးစနေပြီ။ စစ်သုံးမြေပုံပါ ဂရစ်ကွက်တစ်ကွက်မှာ ကိုက်တစ်ထောင်ရှိသည်။ ဂရစ်ကွက် လေးကွက်ပတ်လည်မှာတပ်ရင်းကြီးသုံးရင်းပုံအော၍ ဗကပဗဟိုချေမှုန်းရေးစီမံချက်ကြီး ဖြစ်ပေသည်။

ငါးဒေါက်မချောင်းဖျားသို့ ကျွန်တော်ဆင်းမည့်အချိန်မှာ တပ်မဟာကလည်းသတင်းရသည့်အတွက် တပ်ရင်းကြီးသုံးရင်းနှင့် အပိုင်ချေမှုန်းရန် ပြင်ဆင်





သည်။ ထို့ကြောင့် ကျွန်တော့် တပ်စုလေးနှင့်ဝင်တိုက်လျှင် လွတ်သွားမည်စိုးကာ ကျွန်တော့်ကို တောင်ပေါ်ပြန်တက်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း နောက်မှသိရတော့သည်။

ပိတ်ဆို့ရေးတပ်တွေက လက်ချင်းဆက်လုမတတ် ဝိုင်းပတ်ထားကြသည်။ အားကစားသမားပီပီ အပင်ပန်းခံနိုင်သော ခမရ(-)က တပ်ရင်းမှူးကြီးကိုယ်တိုင် ပါဝင်လျက်လက်ချင်းဆက်တန်းစီကာ အရှေ့မှအနောက်သို့ မြောက်မှတောင်သို့ ချောက်တွေ့လျှင်ဆင်း၊ တောင်တွေ့လျှင်တက်၊ ခြုံတောတွေ့လျှင်တိုးဟူ၍ လေးကွက်ကျား လယ်ထွန်သလိုပိုက်စိပ်တိုက်ရှင်းကြသည်။

-ဗကပဗဟိုကို မတွေ့ရ-

ပဲခူးယိုးကုန်းမြို့နယ်မှ စုစုပေါင်းရှိသမျှ ၂၈ ဦး တစ်ယောက်မကျန် မိမိသည်။ ဖွဲ့ကောင်းသော ဗကပကလည်းလဲကျနေသော သစ်ပင်အခေါင်းထဲ



ပဲခူးရိုးမ ငါးဒေါက်မချောင်းဖျား ဗကပ ဗဟိုစခန်း ရှင်းလင်းပြီး ခမရ(-) အရာရှိများ
ဗိုလ်ထွန်းဦး၊ ဗိုလ်ခင်မောင်ဆွေ၊ ဗိုလ်ကြီးတင်ရှိန်၊
ဒုဗိုလ်မှူးကြီးခင်မောင်သောင်း(ခမရ -)၊
ဒုဗိုလ်မှူးကြီးနေထွန်း(ခမရ -)၊ အမည်မသိ၊ ဗိုလ်ကြီးစိုးမြင့်(ခမရ -)



www.burmeseclassic.com

www.burmeseclassic.com



နောက် ပြန့်ဝင်၍ ဝမ်းလျားမှောက်ပုန်းနေသည်။ သုံးရက်မျှ အစာရေစာပြတ်သည်။ လူသံသူသံမကြားရမှ မိုးရေလေးတစ်စက်စီစီးကျသော သစ်ခေါင်းအဝမှ ရေစက်ကို လက်နှင့်ခံ၍ လျှာဆွတ်ရုံသောက်ရသည်၊ ဒီလိုဗကပကိုပင် လှုပ်လှုပ်သံကြားက ရိပ်ရိပ်မြင်လျှင်ငုံ့ကြည့်၍ လက်မှဆွဲထုတ်ဖမ်းဆီးနိုင်ခဲ့ကြသည်။

ငါးရက်မြောက်သောနေ့မှာ တပ်မင်းကြီး Bell 206 ဟူသော ရဟတ် ယာဉ်အသေးလေးနှင့် ရောက်လာသည်။ သတင်းတိကျရပါလျက် သခင်သန်းထွန်း အဖွဲ့ရှာမတွေ့သည်ကို တပ်ရင်းမှူးများနှင့် သုံးသပ်ကြသည်။ ဗိုလ်မှူးကြီးလှမော် ဒုဗိုလ်မှူးကြီးနေထွန်း၊ ဒုဗိုလ်မှူးကြီးတင်ညွန့်၊ ဒုဗိုလ်မှူးကြီးခင်မောင်သောင်းတို့ အားလုံး စစ်ကိုင်းသားများ ဖြစ်ကြသည်။ စစ်ကိုင်းအစိုးရအထက်တန်းကျောင်း သားဟောင်းများ ဖြစ်ကြသည်။ ဂျပန်ခေတ်စစ်တက္ကသိုလ်ဆင်းများ ဖြစ်ကြသည်။ ဂျပန်ပြန်များဖြစ်ကြသည်။

ပိတ်ဆို့ရေး မသေချာလို့ဟူ၍လည်းကောင်း၊ ရှင်းလင်းရေးအကွက်မစေ့ လို့ဟူ၍လည်းကောင်း၊ ငြင်းခုံကြရင်းတပ်ရင်းမှူးနှစ်ဦး အသံတွေကျယ်လာ ကြ သည်။ တပ်မဟာမှူးကြီးကအနေတည်၍အသံမှန်ဖြင့် စကားပြောတတ်သူဖြစ်သည့် အတိုင်း 'ခင်ဗျားတို့ ကလေးတွေလည်းမဟုတ်ဘဲ ငြင်းခုံမနေကြနဲ့ဗျာ' ဟုပြောသည်။

ကျွန်တော့်တပ်ရင်းမှူးကြီးကအသက်ကြီးသူပီပီ 'ခင်မောင်သောင်း တော် တော့၊ ဗိုလ်တင်ညွန့်လည်း တော်တော့၊ ဘာဆက်လုပ်မလဲ၊ ဝိုင်းစဉ်းစားကြ' ဟု ခပ်မာမာဟောက်လိုက်တော့မှ ညီငယ်လေးများကဲ့သို့ ငြိမ်သွားကြသည်ကို ယခုတိုင် မြင်ယောင်နေမိပါသေးသည်။

လွတ်တဲ့ငါးကြီးသည်ဟူသော ဆိုစကားရှိသည်။ တပ်ရင်းကြီးသုံးရင်းကို ဒိုက်ဦးမှာတစ်ရင်း၊ ညောင်လေးပင်မှာတစ်ရင်း၊ ကျောက်တံခါးမှာတစ်ရင်း စုဖွဲ့ သည်။ တပ်ရင်းမှူးများ တပ်မဟာမှာစု၍ ညွှန်ကြားချက်ပေးသည်။ တပ်တွေ ချက်ချင်းလှုပ်ရှားချီတက်ကြရသည်။

ဒီမျှသတင်းလုံခြုံမှုယူ၍ စီစဉ်သည့်ကြားမှ ထိုးစစ်ကြီး ပြင်ဆင်ကြောင်း သခင်သန်းထွန်းတို့ သတင်းကြိုတင်ရသည်။ ခြေသံလုံလုံငြိမ်လျက် ရှောင်ဖို့တိမ်း ဖို့ ပြင်ဆင်ကြသည်။

နောက်ဆုံးမှာ ပဲခူးယိုးမကုန်းမှတစ်ဆင့် တပ်တွေရိုးမဘက် ချီတက်သည်နှင့် ဗကပဗဟိုရွှေ့ပြီ။





ကျွန်တော်၏ကွန်မန်ဒိုတပ်စု သူတို့နေရာ ဝင်ရှင်းခွင့်မရဘဲ တောင်ပေါ် မြို့အတက်မှာကျွန်တော့်လမ်းကြောင်း တောင်ကြောမှတစ်ဆင့် ကြိုတင်လေ့လာ ပြင်ဆင်ထားသော ထွက်ပြေးလမ်းအတိုင်း မြောက်ဘက်ဖြူးမြို့နယ် အရောက်ထွက် ပြေးသွားကြခြင်းဖြင့် လွတ်မြောက်သွားပြန်ပြီ၊

ကျွန်တော့်တပ်စုသာ ငါးဒေါက်မချောင်းဖျားသို့ ဆင်းခွင့်ရခဲ့လျှင်- ဗကပဗဟိုကို ချေမှုန်းခွင့်ရချင်လည်း ရမည်။ ကင်းတပ်ဖွဲ့နှင့်သာ ထိ တွေ့ပြီး ဗဟိုကော်မတီတွေ လွတ်ချင်လည်းလွတ်သွားနိုင်သည်။

ဘာပဲဖြစ်ဖြစ် တစ်လကျော်အပင်ပန်းခံလျက်ရန်သူကို ချေမှုန်းရေး အတွက်ကြိုးစားလာခဲ့ရသော ကွန်မန်ဒိုတပ်စုတာဝန်တော့ပုံစံပေါ်မည်သာ ဖြစ်ပေ တော့သည်။

## ရေတွန်းပြန်

ခြေမြန်တပ်ရင်းမှ အရာရှိစစ်သည်များမှာ ငယ်ရွယ်သူများဖြစ်သလို စစ်ဆင်ရေးလုပ်ဖို့ ဖွဲ့စည်းထားသောတပ်ဟူ၍ ဂုဏ်ယူလျက်ရှိကြပါသည်။

မြန်မာပြည်ထဲမှာ သူပုန်ရှိနေသမျှ စစ်ဆင်ရေး လုပ်နေရမည်။ သူပုန်တွေ မြန်မြန်ရှာ၊ မြန်မြန်တွေ့၊ မြန်မြန်တိုက်ကြ၊ ခိုက်ကြပြီး သူပုန်ကုန်မှ အေးကြမည်ကို တကယ်လက်တွေ့ မျှော်ကိုးနေကြသူများ ဖြစ်ကြပါပေသည်။

ရှောင်စုံသောင်းကျန်းသူတို့ ဝင်ရောက်မွှေနှောက်သွားပြီး မီးရှို့ခဲ့၍ ပြာပုံ ပေါ်ဖြစ်လျက် မီးခိုးငွေ့လေးများ ထလူလူဝေ့ဝဲနေဆဲဖြစ်သော ရွာတွေလည်း တွေ့ရဖူးသည်။ အပစ်မဲ့သေဆုံးနေကြသူ အရပ်သားများကို ပွေ့ဖက်ငိုကြွေးနေကြ သူများလည်း မကြာခဏတွေ့ကြရဖူးသည်။ တကယ်တော့ ရှောင်စုံသောင်းကျန်းသူ များကြောင့် တောနေရွာသူရွာသားတွေ၊ ခရီးသွား လုပ်သားပြည်သူတွေ ရင်ဆိုင် ကြုံတွေ့ခံစားနေကြရပုံများကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရသူများမှာ စစ် သားများဖြစ်ပါ၏။

ထို့ကြောင့်လည်းတိုင်းပြည် မြန်မြန်အေးချမ်းစေချင်သည်မှာ စစ်သား များသာဖြစ်ပါ၏။

ပဲခူးရိုးမတောနက်ထဲမှာ တောတွေတိုး၊ တောင်တွေတက်ရင်း ဗကပဗဟို ကို ရှာရဖွေရ ရှင်းရလင်းရတာ ရဲဘော်တွေလူမောသလို စိတ်လည်းမောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူပန်းသလို စိတ်လည်းပန်းရသည်။ သည်လိုနှင့် အချိန်တွေကုန်နေရသော ခမရ (-) တပ်ရင်းဌာနချုပ်သို့ ခေတ္တပြန်နားရမည်ဟု သတင်းကောင်းကြားရပြီ။

တပ်ရင်းတစ်ရင်းလုံး ညောင်လေးပင်တပ်မဟာ (-)မှာ ပြန်လည်စုဖွဲ့ရသည်။ ဝှက်စာတွေအပ်ခြင်း၊ မြေပုံတွေအပ်ခြင်း စသည့်အုပ်ချုပ်မှုကိစ္စတွေလုပ်ကြရပြီးချောကားခေါ် အရပ်သုံးတန်ယာဉ်များနှင့် ညောင်လေးပင်က ထွက်လာမှ လူပျိုရော လူအိုရော ပျော်နေကြသည်။ စစ်ချီတေးသီချင်းတွေ တကြော်ကြော်နှင့် လူရောစိတ်ပါ လွတ်လပ်စွာပြန်လာခဲ့ကြရသောခရီးဖြစ်သည်။

ထောက်ကြန့်ကွေ့ ရောက်သည့်အခါ ရှေ့ဆုံးမှကားက ရပ်လိုက်သည်နှင့်ယာဉ်တန်းတစ်ခုလုံးရပ်လိုက်ကြရပါသည်။ တပ်ရင်းရေးထောက် ဗိုလ်ကြီးဝင်းဆွေနှင့်အရာခံဗိုလ်ကျော်ဘအောင်တို့ကတပ်ရင်းမှူးကြီးထံ လာရောက်သတင်းပို့သည်။

မြစ်ဝကျွန်းပေါ်ဘက်အရေးပေါ်ရန်သူသတင်းရ၍ ခမရ(-) တပ်ရင်းတစ်ရင်းလုံး မှော်ဘီသို့ယာဉ်တန်းမဝင်ဘဲ ရန်ကုန်ဆိပ်ကမ်းရှိ ကိုင်းတန်းဘောတံတားသို့ ခရီးစဉ်ပြောင်းရွှေ့ချီတက်ရမည်ဟူသော အမိန့်ကိုတင်ပြလေသောအခါ တပ်ရင်းမှူးကြီးက ခေတ္တစဉ်းစားသည်။ ယာဉ်တန်း စုံမစုံစစ်ဆေးခိုင်းသည်။

ပြီးနောက် ရေးထောက်ဗိုလ်ကြီးယူလာသော တပ်ရင်းမှူးဂျစ်ကားနှင့် စစ်ရုံးသို့ သတင်းပို့ရန် ထွက်သွားသည်။ တပ်ရင်းတစ်ရင်းလုံးကို ဒုတပ်ရင်းမှူးဦးစီးလျက်သင်္ဘောဆိပ်သို့ဆင်းရန်ညွှန်ကြားခဲ့သည်။ ယာဉ်တန်းကို စစ်ဆေးကြည့်ရာလမ်းတွင်ကားသုံးစီးပျက်၍ ကားတွေအစုံမရောက်သေးကြောင်း တွေ့ရသည်။

တပ်ရင်းရှိ မိသားစုထံ အပြန်ခရီးမို့ အပျော်ကြီးပျော်ခဲ့ကြသော စစ်သည်များအားလုံးငြိမ်ကုပ်သွားကြသည်။

ကျွန်တော်လည်း အကြံတစ်ခုရရှိကာ ဒုတိယတပ်ရင်းမှူးထံ တင်ပြလိုက်ရာ 'IO ကြီးကတော့ကွာ ခေါင်းထဲမှာဉာဏ်ကြီးပဲ၊ မင်းဟာမင်းကြည့်လုပ်'ဟု အမိန့်ပေးပါတော့သည်။

တပ်ခွဲအသီးသီးမှ အိမ်ထောင်သည်ဆရာတွေ ရဲဘော်တွေကို သုံးတန်ကားနှစ်စီးပေါ် တက်စေရမည်၊ 'အရာရှိတစ်ဦး ဦးဆောင်၍ မှော်ဘီတပ်ရင်းကိုသွား၊ မိသားစုနှင့်ခဏတွေ့၊ တစ်နာရီတိတိသာ အချိန်ပေးမည်' နောက်ကျခြင်းမရှိစေရ' ဟု မှာကြားပြီး လွှတ်လိုက်ပါတော့သည်။





ယာဉ်တန်းတစ်ခုလုံး ထောက်ကြန့်မှာရပ်နေရသည်။ လမ်းမှာပျက်၍ ကျန်ခဲ့သော ကားသုံးစီးရောက်လာချိန်မှာတပ်ရင်းသို့ လွှတ်လိုက်သောကားနှစ်စီးလည်း ပြန်ရောက်လာကြပြီမို့ တပ်ရင်းတစ်ခုလုံး ယာဉ်တန်းကြီးမှော်ဘီသို့မသွားရဘဲကိုင်းတန်းဆိပ်ကမ်းသို့ ချီတက်ခဲ့ကြရပါတော့သည်။

အထက်မှ ညွှန်ကြားချက်ကိုလည်းတိကျစွာ လိုက်နာလျက် တပ်ရင်းတစ်ရင်းလုံး စုံအောင်လည်း နောက်ကားတွေစောင့်ရင်း အိမ်ထောင်သည်တွေချည်းတပ်ရင်းကိုလွှတ်လိုက်သော ကျွန်တော့်အစီအစဉ်မှာ ရှဉ့်လည်းလျှောက်သာပျားလည်းစွဲသာစီမံကိန်းဖြစ်ပေသည်။

ရဲဘော်တွေ တဝါးဝါးတဟားဟား ပြန်ပြောပြမှ ပို၍စိတ်ဝင်စားဖို့ကောင်းလာပါတော့သည်။

လင်ယောက်ျားတွေစားဖို့ ချက်ပြုတ်ထားပြီးမှ နာရီပိုင်းအတွင်း အစီအစဉ်ပြောင်းသွားကြောင်း သိရသည့်အခါရဲမေလိုင်းမှာ ဆူဆူညံသွားကြသည်ဟူ၏။ ပူညံပူညံပွစိပွစိဖြစ်ကုန်ကြသည်။

ထိုအချိန်မှာပင် ရုတ်တရက်လူအိုတွေနာရီဝက်လာခွင့်ရတယ်ဟေ့ ဟူသောသတင်းကို ကြားကြရသော ရဲမေများဟင်းခွက်လေးတွေကိုင်ကာ တပ်ရင်းရုံးသို့ပြေးလာကြသည်။ ရဲဘော်စစ်သည်တွေကလည်း တပ်ရင်းရုံးရှေ့ ကားရပ်သည်နှင့်ခုန်ဆင်းပြီး အိမ်ကိုပြေးကြသည်။

တပ်ရင်းရုံးနှင့် အိမ်ထောင်သည်လိုင်းကြားမှာ ကိုင်းတောကြီးရှိသည်။ ထိုကိုင်းတောကြီးကို ကွေ့ပတ်၍သွားသောလမ်းကနစ်ခုရှိနေသည်။

အိမ်ကို ပြေးသွားသောရဲဘော်နှင့်ရုံးကို ပြေးလာသောရဲမေ လမ်းမှာဆုံသူရှိသလို သွားသူကတစ်လမ်း၊ လာသူကတစ်လမ်း လွဲနေကြသူများလည်းရှိကြရာကိုအော်ခေါ် သည်အော်ခေါ်နှင့် တကယ်စိတ်ဝင်စားဖွယ်ရာစိတ်လှုပ်ရှားစရာလွမ်းသဘာဝစစ်သားဘဝ သရုပ်ဖော်ပွဲကြီးဖြစ်ခဲ့ရသောဟူ၏။

ကိုင်းတန်းဆိပ်ကမ်းမှာ အသင့်စောင့်ဆိုင်းနေသော နှစ်ထပ်သင်္ဘောများပေါ်မှာနေရာချထားပြီး အစီအရီထွက်လာကြသောအခါကျမှ တပ်ရင်းမှူးကြီးက ကျွန်တော့်ကိုခေါ်သည်။

နဂါးဆေးပေါ့လိပ်ကြီး အမြဲဖွာနေလေ့ရှိသော တပ်ရင်းမှူးကြီး၏



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်လှစွာသော ချိုးကျူးသြဘာ ထောမနာခြင်းကိုခံယူလိုက်ရပါတော့သည်။

'နောက်ကို မင်းဒါမျိုးတွေ လျှောက်မလုပ်နဲ့' ဟူ၏။

**သွေးတိုးပျောက်ဆေး**

စစ်ကိုင်းမြို့မှာ မွေးဖွားခဲ့သောကျွန်တော်သည် ယေဘုယျအားဖြင့် အညာသားဟု ခေါ်ရပေမည်။ ငယ်စဉ်ကတည်းက ရန်ကုန်မှာနေရ၊ စာသင်ရသော ဘဝမှစစ်ထဲရောက်ရသည်။

တပ်မတော်သား ဖြစ်တော့လည်း တာဝန်ကျရာ ရောက်ခဲ့ရသည်။ အညာမှာမွေးလျက် အညာမှမနေဖူးသော အညာသားကျွန်တော်။

မြစ်ဝကျွန်းပေါ်ဒေသသို့ စစ်ဆင်ရေးဝင်ရသည့်အခါမှာ ရဲဘော်တွေက ပျော်ကြသည်။ အင်းတွေအိုင်တွေ ပေါသော ဒေသမှာ ရေသတ္တဝါမျိုးစုံရသည်၊ ဈေးကလည်း ပေါသောအချိန်မို့ငါးမျိုးစုံ၊ ပုစွန်အရွယ်စုံကို ဝလင်လင်ဝယ်ခြမ်းချက်ပြုတ်စားနိုင်ခဲ့ကြသည်။

အင်းကြီးတစ်ခုခုရောက်လျှင် အင်းသူကြီးကရောက်စတစ်နပ်စာ ဟင်းလျာလက်ဆောင်ပေးသည်။ နောက်နေ့တွေမှာ ဝယ်စားကြရသည်။ ဒီတော့လည်း ရဲဘော်တွေပျော်ကြသည်ပေါ့။ ဒီလိုဒေသမှာတပ်ခွဲမှူးလုပ်ရသော ကျွန်တော်က သိပ်မပျော်ရပါ။ အညာမှာမွေး၍ အညာသွေးကြောင့်လားမသိ၊ ငါးဆို ဘာငါးမှ မစားရဲပါ။ ပုစွန်လည်းအကောင်ငယ်လျှင်မစားချင်။ ငါးသလောက်၊ငါးပြေမဆိုလျှင် ကြည့်တောင်မကြည့်ချင်ဖြစ်နေရသည်ကို ဘာကြောင့်မှန်းမသိ။ ထို့ကြောင့် တပ်ခွဲရုံးမှပါလာသော အာလူးနှင့်ရိက္ခာကုလားပဲကိုသာ ပုံမှန်သစ္စာပြုခဲ့ရပါတော့သည်။

ဒီလိုနှင့် တပ်မဟာ(-) မအူပင်ဒေသမှ ကရင်ရွာကြီးတစ်ရွာကို ရောက်ခဲ့ဖူးသည်။ ဗဟုသုတ တိုးခဲ့ရသည်ကို မှတ်မိနေပါသည်။

ကရင်သောင်းကျန်းသူ ၂၀ လောက်နှင့် တိုက်ပွဲဖြစ်ပွားပြီး သူတို့က ဖြန့်ခွဲပြေးကြသည်။ နယ်မြေဝန်းကျင်ကို ရှင်းပြီးတွေ့ရသော ကရင်ရွာကြီး (ရွာနာမည် မမှတ်မိတော့ပြီ) တစ်ရွာသို့ရောက်သည်။

တပ်စုတွေ ဖြန့်ခွဲနေရာယူကြပြီး သူကြီးအိမ်မှာ တပ်ခွဲရုံးခေတ္တ စတည်းချဖို့ဖြစ်သည်။

သူကြီးအိမ်ရောက်တော့ သူကြီးကဆင်းမလာ၊ ဧည့်သည်ကို မကြို၊





ကြောင့်များပါလိမ့်ဟုတွေးရင်း အိမ်ပေါက်ဝရောက်သွားသည်။

ဒီတော့မှ အိမ်ပေါ်မှ အသံသြကြီးနှင့် နှုတ်ဆက်သံကြားရသည်။

'ဗိုလ်ကြီးရေ ကန်တော့ဗျာ၊ ကန်တော့၊ မလေးစားလို့ မဟုတ်ပါဘူး၊ မှာ ထမရလို့ပါ။ ဒီပေါ်သာတက်ခဲ့ပါ ဗိုလ်ကြီးရယ်' ဟု အသံဝါကြီးနှင့်ကြိုဆိုပါသည်။

လေးပင်သုံးခန်း အိမ်ကြီးပေါ် ကျွန်တော်တက်သွားသည်။

ဧည့်ခန်းမှာ ပက်လက်ကုလားထိုင်နှင့် ထိုင်နေသော သူကြီးက ဝဝဖိုင့်ဖိုင့် ညားညား လူထွားကြီးဖြစ်သည်။

သူက ထိုင်ရာက မထ-

'လာပါဗိုလ်ကြီး ဒီမှာ ထိုင်ပါ' ဟု ခေါင်းရင်းဘက်မှ ကုလားထိုင်ကို ညွှန်ပြသည်။

'ဒီရွာမှာ ဗိုလ်ကြီးတို့ စိတ်အေးလက်အေး နားကြပါ၊ ကျွန်တော့်ရွာကို ယ်သူပုန်မှ မလာပါဘူး။ ကျွန်တော် တာဝန်ယူပါတယ်' ဟု ရည်ရည်မွန်မွန် ပြောရှာသည်။

ထိုင်ရာကမထ ပြောနေသော အိမ်ရှင်သူကြီးကိုကြည့်ရင်း ကျွန်တော် ကဲခတ်နေမိသည်။

ဒီတော့မှ သူလည်းသတိရသွားဟန်တူသည်။ 'ကန်တော့ ဗိုလ်ကြီးရေ န်တော့ ကျွန်တော်က သွေးတိုးရှိတယ်ဗျာ၊ ဇက်ကြောတွေ ထိုး၊ ခေါင်းတွေမူး ရင် ကျွန်တော်နည်းနဲ့ ကျွန်တော် ဆေးကုရတယ်' ဟု ပြောရင်း သူ့ခြေထောက် ကို လက်ညှိုးထိုးပြသည်။

သူ့ခြေထောက်နှစ်ဖက်စလုံး ကြွေရည်သုတ်ဇလုံထဲမှာ ရေအပြည့်နှင့် စိမ်ထားသည်။ ခြေမျက်စိအထက် လက်လေးလုံးလောက် မြုပ်နေသည်။

သေသေချာချာကြည့်လိုက်တော့-

သူကြီးရဲ့ ခြေထောက်နှစ်ဖက်မှာလက်မခန့်ရှိသော မျှော့မည်းကြီးတွေ ယ်ကောင်လောက် တွယ်နေကြသည်။ ခြေထောက်မှသွေးကြောတွေကို ခဲထားကြ သည်။ ခြေသလုံးအထိ ကပ်၍တွယ်နေသောမျှော့ကြီးများကလည်း ငြိမ်နေကြသည်။

'ကျွန်တော်သွေးတိုးလာရင် ဒီလိုပဲ မျှော့တွေကို ပေးစုပ်လိုက်ရတယ်၊ စ်နာရီလောက် သူတို့ကို သွေးတွေပေးစုပ်လိုက်ရင် ခေါင်းမူးတာ၊ ဇက်ထိုးတာ သိသာသာပျောက်တာဗျ၊ နို့မို့ဆို ဦးနောက်ကြောပြတ်ပြီးကျုပ်သေမှာ' ဟု



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေးရှင်းပြနေသော ကရင်ရွာသူကြီးကိုတစ်လှည့်၊ ရေဇလုံထဲမှ မျှော့တွေ ကိုတလှည့် ကြည့်နေမိသည်။ ကျွန်တော့်မှာ သွေးတိုးမရှိပါဘဲ ခေါင်းတွေ အလိုလို မူးလာရပါတော့သည်။

သူပြောသော အရေးပေါ်သွေးတိုးရောဂါ ကုသနည်းကို တပ်ရင်းဆေးမှူးများဖြစ်ခဲ့ကြသော ဒေါက်တာဗိုလ်ကြီးသိန်းထွန်းနှင့် ဗိုလ်ကြီးလှကြိုင်တို့ထံမှ တစ်ခါမှမကြားဖူးခဲ့မိရပါလား။

## လူထုအတွက် ကိုယ့်အသက်

၁၉၆၀ပြည့်နှစ်ဝန်းကျင်မှာတော့ ကရင်ပြည်နယ်မှာသောင်းကျန်းမှုတွေ အရှိန်တက်နေသောကာလဖြစ်သည်။

စစ်တောင်းမြစ်မှ မုတ္တမအထိ မြို့ငယ်တွေကို အချိန်မရွေး ခြိမ်းခြောက်လျက်ရှိသည်။ မီးရထားလမ်းတစ်လျှောက် ဟိုနေရာသည်နေရာ ဝင်ရောက်မိုင်းထောင်ခြင်းကခရီးသွားလုပ်သားပြည်သူတွေအဖို့ အန္တရာယ်ကြီးမားလှပေသည်။

ကျွန်တော်တို့ ခြေမြန်တပ်ရင်း (-)တပ်ရင်းတစ်ရင်းလုံးသည် သထုံမြို့မှာ အခြေပြုလျက်ရထားလမ်း၊ ကားလမ်းတစ်လျှောက် လုံခြုံရေးတာဝန်ယူစေသောအခါ တာဝန်ကကြီးမားလွန်းလှပါသည်။

ရထားလမ်းမှာ တပ်ခွဲအလိုက်၊ တပ်စုအလိုက်ဖြန့်ခွဲ၍ တာဝန်သတ်မှတ်ပေးထားသည်။ တပ်စုမှူးတွေကလည်း တပ်စိတ်တွေကို ဖြန့်ခွဲတာဝန်ပေးရသည်။ မီးရထားလမ်း ဇလီဖားတုံးတစ်တုံးကို ရဲဘော်တစ်ယောက်ကျ တာဝန်ပေးလို့လဲမဖြစ်၊ ဒီတော့ လျှောက်ကင်းဖြင့်မိုင်းရှင်းရသည်။

လုပ်သားပြည်သူ ခရီးသွားလူထု အသက်အန္တရာယ်အတွက် ကိုယ့်အသက် နှင့်လဲဖို့ စွန့်စားရမည်က တပ်မတော်သားများ၏တာဝန်။

နံနက်လင်းအရုဏ်ပျိုးသည်နှင့် တပ်စိတ်လိုက်တပ်စုလိုက် ကိုယ့်နယ်မြေအတွင်း ဇလီဖားတစ်တုံးချင်းစစ်ရသည်။ ရန်ကုန်၊ မော်လမြိုင်ရထား၊ အန္တရာယ်ကင်းဖို့ မိုင်းရှာ၊ မိုင်းရှင်းကြရသည်။

တစ်ရက်မှ နှစ်ရက်၊ နှစ်ရက်မှ သုံးရက်ကြာတော့ ရဲဘော်တွေ အကြံကောင်းရကြပြီ။ ဇလီဖားတုံးတစ်ခုချင်းပေါ် တက်ခုန်ကြသည်။ ညဘက်တိတ်တိတ်လာမိုင်းထောင်ထားလည်း (အများအားဖြင့် နင်းမိုင်းများဖြစ်၍) တက်ခုန်သောအရှိန်





မြင့် ပေါက်ကွဲရမည်ဟု ယူဆကြသည်။ ထိုသို့ ပေါက်ကွဲလျှင် ရဲဘော်တစ်ယောက်သာ အသက်သေမည်။ ခြေထောက်ပြတ်မည်။ ရထားစီးခရီးသည်ပေါင်းများစွာ အသက် မသေနိုင်၊ ထိခိုက်ဒဏ်ရာ မရနိုင်ဟု ရဲဘော်များ အတွေးပေါက်ကာ စွန့်စားကြရခြင်းဖြစ်သည်။ လက်ဖြစ်မိုင်းမို့ လူတက်ခုန်လျှင် ကွဲနိုင်မည်ဟု ယူဆကြသည်။

ရန်ကုန်-မော်လမြိုင် ရထားကြီးကမလာသေး။ ရထားစီးခရီးသည်တွေက ရောက်သေး။ မိုးရေတဖွဲဖွဲ၊ အလင်းရောင်နည်းနည်းမှာ စွန့်စားသောစိတ်နှင့် မိုင်းရှင်းနေကြရသည်က ခြေမြန်တပ်ရင်း(-) မှ စစ်သည်များ။

မည်သူကမှလည်း ဓာတ်ပုံမရိုက်၊ မှတ်တမ်းမတင်၊ သတင်း မထုတ်ပြန်၊ ပါဖြန့်ချီမှုမပြုဘဲ တာဝန်တစ်ခုဦးထိပ်ပြုလျက် အသက်ကို ဖက်နှင့်ထုပ်ထားကြရသူများက အညတရစစ်သည်များသာ ဖြစ်ပါ၏။

ကိုယ့်နယ်မြေကို မိုင်းရှင်းပြီးလျှင် တောစပ်တွေအထိ ရှင်းရသည်၊ လုံခြုံရေးယူထားရသည်။

မီးရထားကြီး ဥသြသံတွေပေးလျက် ခရီးဆက်ဖြတ်ကျော်သွားပါမှ တစ်နေ့တာဝန်ကျေပြန်ပေါ့ဟုသက်မသက်ပြင်းချကြရသောစစ်သည်များ၊ လမ်းဘေးတောမှာရှိနေကြသည့်အကြောင်းကို ရထားစီးခရီးသည်တွေ တစ်ယောက်မျှ သိကြလေမည်မဟုတ်။

ဪ-ရဲဘော်ဆိုတာ အသက်စွန့်ဖို့ စစ်ထဲဝင်ခဲ့ကြသူများပါတကား။

## မြို့ရာခလေ့

သထုံမြို့နှင့် မုတ္တမအကြားမှာ တန်ခိုးကြီး ဇင်းကျိုက်တောင်ပေါ်ဘုရားရှိသည်။ ဇင်းကျိုက်ကို လွန်သော် 'ပေါင်မြို့'ကို ရောက်သည်။ ဒေသအခေါ်ကတော့ 'အပေါင်မြို့' ဟု ပြောလေ့ရှိကြသည်။

ပေါင်မြို့နယ်အတွင်း ရွာများနှင့် ကားလမ်း၊ ရထားလမ်း လုံခြုံရေးတာဝန်ကျသော ကျွန်တော်တို့တပ်ခွဲရုံးသည် ဗိုလ်တဲမှာအခြေပြုရသည်။ ရင်းငြိမ်ရွာကြီး (ယခုကျောက်တူးစခန်းရှိသည်)မှ ဇင်းကျိုက်၊ အပေါင်၊ ကျွဲခြံ၊ မုတ္တမအထိတာဝန်ယူရသည်။

ရင်းငြိမ်ရွာသူကြီးသည်ကိုယ့်ရွာကိုယ်ကာကွယ်ရေးဖွဲ့၍ သောင်းကျန်းသူ



www.burmeseclassic.com

www.burmeseclassic.com





၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလဘီးလင်း ကျိုက်ထိုဒေသကားလမ်း တစ်နေရာ၊
ဗိုလ်ကျော်သောင်း၊ ဗိုလ်အေးလွင်၊ ဗိုလ်ထွန်းဦး၊ ဗိုလ်ကြီးတင့်အောင်၊
စာရေးသူ၊ ဗိုလ်ကြီးတင့်ရှိန်၊ ဗိုလ်ခင်မောင်ဆွေ၊ ဗိုလ်ဘုန်းသူ။

ကို တွန်းလှန်တိုက်ခိုက်ခဲ့ဖူးသည်။ နိုင်ငံတော်အစိုးရမှ နှစ်လုံးပူးသေနတ်နှင့် ဂုဏ်ပြု လွှာချီးမြှင့်ခြင်းခံရသည်ဟု ဆိုသည်။

အပေါင်မြို့မှ ဆန်စက်ပိုင် ဦးစန်းမောင်လည်းထိုနည်းတူ လက်နက်ကိုင် လျက် မြို့ခံလူငယ်များကို ဦးဆောင်ကာ သောင်းကျန်းသူကိုတွန်းလှန်တိုက်ခိုက်ခဲ့ သည်။ ဝဏ္ဏကျော်ထင် ဦးစန်းမောင်ဟုနာမည်ကြီးသည်။ သူ့သား ပေါလ်စန်း မောင်သည် အသက်နှစ်ဆယ်ကျော်ဖြစ်၍ ကျွန်တော်တို့ တပ်ခွဲရုံးမှာအနေများသူ ဖြစ်ပေသည်။

ဝါတွင်းကာလဖြစ်၍ ဘာသာရေးကိုင်းရှိုင်းသော နယ်သူနယ်သားများက အဖိတ်၊ ဥပုသ်ဆိုလျှင် ဘုန်းတော်ကြီးကျောင်းမှာစည်ကားလှသည်။

အဖိတ်နေ့တွင် လူကြီးမိဘတွေကဘုန်းကြီးကျောင်းသို့သွား၍ ဥပုသ်ယူ သီလစောင့်သည်။ ဥပုသ်နေ့ ညနေမှာရပ်ကွက်အလိုက်အပျိုကြီးတွေ ဦးစီးစုဝေး၍ ဆွမ်းချက်ကြသည်။ တစ်အိမ်တစ်လှည့် ပြောင်းရွှေ့ချက်ပြုတ်ကြခြင်းဖြစ်သည်။





သမီးပျိုလေးများ စုပေါင်းဆွမ်းချက်သောအိမ်သို့ ကာလသားများ လာ ကြသည်။ ဧည့်ခန်းမှာ ကာလသမီး၊ ကာလသားတို့ မျက်နှာချင်းဆိုင်ထိုင်လျက် စကားပြောရသည်။ ယဉ်ကျေးသိမ်မွေ့စွာ လူကဲခတ်ကြခြင်းသာဖြစ်ပါ၏။ တစ် ယောက်နှင့်တစ်ယောက် စကားဝှက်များ၊ စကားထာများဖြင့် အကဲစမ်းကြသည်။

ရိုးရာဓလေ့တစ်ခုကလည်း ဥပုသ်မဟုတ်သော ကြားရက်ညများမှာ ကာလသားများ အိမ်လှည့်ကြသည်။ အပျိုအိပ်သောနေရာသည် အိမ်နံရံဘေးကပ် လျက်ဖြစ်၍ လူပျိုက အောက်ကနေ၍ စကားပြောသည်။ အပြောအဆို ပြေလည် သောမှုကြလျှင် ပြတင်းပေါက်သို့မဟုတ်ထရံပေါက်ကိုမှီအောင် လူပျိုက ခုံတစ်ခု ယူလာပြီး ခုံကိုခု၍စကားပြောရသည်။ အဆင်ပြေကြပါက လက်ကလေးတော့ ကိုင်ခွင့်ရသည်ဟုပြောသံကြားဖူးပါသည်။

အချို့တော့သည်ဓလေ့ကို အောက်နိုက်သည်ဟု ရင့်ရင့်သီးသီး ပြောသူ များလည်းရှိပေသည်။

ကျွန်တော့်တပ်ခွဲမှ လူပျိုစစ်သည်များက သည်ဓလေ့ကို စိတ်ဝင်စားကြ သည်။ ကျွန်တော်တပ်ခွဲ ထိုဒေသမှာ သုံးပတ်ခန့် တာဝန်ကျပြီး နေရာမရွှေ့မီ တပ်ခွဲအရာခံဗိုလ်ဆရာကြီးမြင့်အောင်ကိုယ်တိုင် ကွပ်ကဲသော လူပျိုငါးယောက် ကို ရိုးရာဓလေ့ လေ့လာခွင့် ပြုလိုက်ပါသည်။

ဗိုလ်တဲနှင့် အနီးဆုံးရပ်ကွက်ရှိ ဆွမ်းချက်အိမ်သို့ရောက်တော့ ဆရာကြီး မြင့်အောင်က အမျိုးသမီးကြီးများနှင့် အိမ်ဦးခန်းမှာ စကားပြောနေသည်။

ယဉ်ကျေးပျူငှာသော အပျိုချော လေးငါးဦးထွက်လာပြီး ဧည့်ခန်းမှာ ၍ ထိုင်သည်။ လူပျိုရဲဘော်များက မျက်နှာချင်းဆိုင် ထိုင်ကြသည်။

နှုတ်သွက်လျှာသွက် ရဲဘော် စကားစသည်။

နှမနာမည် ဘယ်လိုခေါ်ပါသလဲ။

အပျိုချောက ဖြေသည်။

မြင်သူတွေ ရှုံးလောက်အောင်လှတဲ့ ချောတဲ့သူနဲ့ နာမည်တူပါတယ်ရှင်တဲ့။

ခက်ပြီ၊ နှုတ်သွက်ပေမဲ့ ခပ်အအဖြစ်သော ရဲဘော် ဘာအဓိပ္ပာယ်မှန်း မသိ၊ စကားဆက်လည်းရှာမရပြီ။

သည်တော့ နောက်ရဲဘော်တစ်ယောက်က မျက်နှာချင်းဆိုင်က ကော မလေးကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာ ဆွမ်းဟင်းများ ချက်ကြသလဲ။
ဖြေပုံလေးက ပညာပါသည်။
ဘဝသံသရာဟင်း ပါတဲ့။

သည်မှာတင်ကျွန်တော့်ရဲဘော်များတပ်လန်လာခဲ့ကြသည်။ အောင်ဖျာလိ
ဓာတ်ခင်း၍ပြန်လာခဲ့ကြရသည်။

အပေါင်မြို့သူလေးများ ဖြေကြားကြသည်က မသိသူကျော်သွား သိသူ
ဖော်စားဟူသော ပညာဖြစ်သည်။

ပထမတစ်ယောက် ဖြေကြားသည်က
ပပဝတီနှင့် နာမည်တူ 'ပပ'ပါတဲ့။
ဒုတိယတစ်ယောက်ဖြေကြားသည်က
ဘဝသံသရာ ရှည်လျားထွေပြားဟင်း 'ခေါက်ဆွဲဟင်းပါတဲ့' ခင်ဗျား။

နောက်တစ်နေ့ညမှာ ဝီရိယရှိသောရဲဘော်တစ်ယောက်နှင့်သတိကောင်း
သော သွေးအေးသောတပ်စိတ်မှူးတို့အဖြစ်က ပို၍စိတ်ဝင်စားဖို့ ကောင်းပါသည်။
ရင်ထိတ်ဖို့ကောင်းသည်။

အပေါင်မြို့နှင့်မလှမ်းမကမ်းရှိကျွဲခြံရွာသို့ ညအခါကင်းပုန်းတစ်ဖွဲ့ လွှတ်
ထားလိုက်သည်။ လပြည့်ကျော်တစ်ရက်ညလရောင်လေးကို မိုးသားတိမ် တိုက်တို့
က နှောင့်ယှက်နေသောအချိန်ဖြစ်သည်။ သည်လိုရာသီဥတုမှာ ရဲဘော်တွေက
ဆင်းရဲခံကာအသံလုံစွာကင်းပုန်းဝပ်ရင်း ရွာသို့ဝင်လာမည့်သောင်းကျန်းသူကို
စောင့်နေရသည်။

ညဦးသန်းခေါင်ယံမှာ လူသုံးယောက်လျှောက်လာသည်။ သစ်ပင်အကွယ်
မြေမှာဝပ်လျက် စောင့်နေသောရဲဘော်က လူသုံးယောက်လျှောက်လာကြောင်း
နောက်ခံ မိုးကုပ်စက်ဝိုင်းနှင့် အထင်းသားမြင်ရသည်။ တစ်ယောက်သောသူ၏ပခုံး
ပေါ်မှာလည်း စက်ကလေးသေနတ် နှစ်ချောင်းထောက် ပုံသဏ္ဌာန်အချောင်းနှစ်
ချောင်းထောင်နေသည်ကို မြင်နေရသည်။ ရဲဘော်က စက်ကလေးသေနတ်နှင့်
သေချာချိန်ထားသည်။ အနားရောက်မှတော့ပစ်ရန် တပ်စိတ်မှူးကတားထားရသည်။

ကင်းပုန်းအဖွဲ့အနား ခြေလှမ်းဆယ်လှမ်းခန့် ရောက်လာသည်။ အနီးကပ်
တွေ့ရသော ပခုံးပေါ်ထမ်းလာတာ စက်ကလေးသေနတ် နှစ်ချောင်းထောက် ဟုတ်ရဲ့
လားဟု တပ်စိတ်မှူးက သံသယဝင်လာသည်။ သွေးအေးသော၊ အတွေ့အကြုံ





ကျက်သောတပ်ကြပ်ကအနားထိ အကပ်ခံရင်းစောင့်နေသည်။

တည်ငြိမ်သော တပ်စိတ်မှူးကြောင့် သူပုန်မဟုတ်သောအရပ်သားလေး
များ ပွဲချင်းပြီးသေမည့်ဘေးမှ လွတ်ခဲ့ရပါတော့သည်။

ဒေသခံကာလသားလေးသုံးယောက် အပျိုအိမ်သွားစကားပြောရန်
ပစ်သားခွေးခြေထိုင်ခုံကို ထမ်းလာခြင်းဖြစ်သည်။ ခြေတံမတိုမရှည် အပျိုအိမ်
ရောက်လျှင် ခွေးခြေထိုင်ခုံလေးချမည်၊ ထိုခုံလေးပေါ်တက်၍ လူပျိုစကားပြော
မည်၊ အခြေအနေလေးပေးလျှင် လက်ကလေးကိုင်ခွင့်ရမည်။

ထမ်းလာသော ခွေးခြေထိုင်ခုံခြေထောက်ကို စက်ကလေးသေနတ်
နှစ်ချောင်းထောက်ထင်မိသော ရဲဘော်က ကိုက် ၂၀ လောက်မှ ပစ်လိုက်လျှင်
ကာလသားလေးသုံးဦးစလုံး အနိစ္စသဘောနှင့်ကိစ္စချောကြပေလိမ့်မည်။

ရိုးရာဓလေ့နှင့် သောင်းကျန်းသူလှုပ်ရှားမှုအကြားမှ လက်မတင်ကလေး
ကံကောင်းခဲ့ကြသူများအကြောင်းတွေးမိတိုင်း ယခုတိုင်ရင်ခုန်မိရပါသေးတော့သည်။

## KNDO နှစ်သစ်ကူးပွဲ

၁၉၆၀ ခုနှစ် နှောင်းပိုင်းကာလမှာ ကျွန်တော်တို့တပ်ခွဲနှစ်ခွဲပါ စစ်
ကြောင်းသည် ကျိုက်ကော်သိမ်ဆိပ်ရွာကြီးမှာ စစ်ကြောင်းရုံးစိုက်၍ကျွန်တော့်
တပ်ခွဲ(-)သည် သိမ်ဆိပ်အရှေ့မြောက်ဘက်မှာလည်းကောင်း၊ တပ်ခွဲ(၃)သည်
သိမ်ဆိပ်အရှေ့တောင်ဘက်မှာလည်းကောင်း ခေတ္တအခြေပြုထားကြရပါသည်။
တပ်ရင်းမှူး ဗိုလ်မှူးမောင်သောင်းလက်ထက်ဖြစ်သည်။

ထိုစဉ်မှာပင် ကျန်းမာရေး၊ သင်ခန်းစာတစ်ခုလည်း ရရှိပါသေးသည်။
ယယ်နာရီလောက်မှာ တပ်ခွဲ(၃)မှ ကြိုးမဲ့ကြေးနန်းနှင့် ဆက်သွယ်လာသည်၊
ရဲဘော်တစ်ယောက် ကျားသစ်ကုတ်လို့ဘာလုပ်ရမလဲဟုလှမ်းညှိပါသည်။

ဖြစ်ပုံက ဖြစ်လေ့ဖြစ်ထရှိသော ရှေ့တန်းအတွေ့အကြုံလေးဖြစ်ပါသည်။

ညမှောင်ရီ ဝိုးတဝါးမှာ တောလိုက်ဂါသနာပါသူ ရဲဘော်နှစ်ဦး ရေဆိပ်
နားမှာ စောင့်ကြသည်။ တစ်ယောက်က ဖက်စုပ်ကျွမ်းကျင်သည် (သစ်ရွက်က
လေးကိုခေါက်၍ လျှာကလေးလိပ်ကာမှုတ်လျှင် ချေပေါက်စလေးငိုသံနှင့်တူသည်)
တို့အသံကြားလျှင် ချေမ-ချေထီးတို့လာလိမ့်မည်။ လာလျှင် အနီးကပ်ပစ်မည်
ဟူသောစီမံချက်နှင့် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖက်စုပ်ပညာကောင်းလွန်း၍ တကယ့်ချေပေါက်မွေးစကလေးအသံ နှင့်တူဟန်ရှိပါသည်။ ရုတ်တရက်အနားမှာ ဘွားခနဲတွေ့ရသည်ကကျားသစ်ဖြစ်နေ သည်။ ခုန်အုပ်လိုက်ချိန်မှာ ဘေးမှရဲဘော်ကရိုင်ဖယ်သေနတ်နှင့် ထိုးပစ်လိုက်သည်။ ကျားသစ်လည်းထိမှန်၍ဒဏ်ရာဖြင့်ထွက်ပြေးသွားသလို ဖက်စုပ်သမား ကိုစစ်သား လည်း ကျားသစ်ကုတ်သောဒဏ်ရာကြီးက ကျောမှာအကြီးကြီးဖြစ်သည်။ တပ်ခွဲ ရောက်တော့(အင်္ဂလိပ်ရုပ်ရှင်တွေထဲမှာဒဏ်ရာရသူအရက်ပုလင်းလိုက် မှော့သောက် သည်ကို မြင်ဖူး၍) ရမ်အရက် တိုက်လိုက်သည်။ သွေးတွေ ဒလဟောထွက်လာ သည်။ တပ်ခွဲဆေးတပ်သား ဘာလုပ်ရမှန်းမသိဖြစ်ရကြောင်း လှမ်းညှိသည်။

လူနာကို လက်ဆင့်ကမ်းသယ်၍သိမ်ဆိပ်ဘုန်းကြီးကျောင်းရှိ စစ်ကြောင်း (၁)သို့ ပို့ပေးလိုက်ရပါသည်။ ဒဏ်ရာရသူကို အရက်တိုက်လျှင်အမူးရှိန်ကြောင့် အနာသက်သာလျှင် သက်သာနိုင်သည်။ သွေးတွေကပို၍ပို၍ ထွက်လာမည်ဟု သင်ခန်းစာရမိခဲ့ပါတော့သည်။

ကရင်ပြည်နယ်မှာ နာမည်ကြီးသော လင်းထင်နှင့်အဖွဲ့ သထုံဒေသသို့ ရောက်လာပြီး သတင်းပျောက်သွားသည်။ မကြာမီ ခရစ္စမတ်ပွဲကို မြောက်ပိုင်းမှာ ကျင်းပဖို့ရှိသည်ဟု တပ်မဟာမှသတင်းရရှိသည်။

ပျောက်နေသောသတင်းရှာဖို့ ကျွန်တော်တို့ တာဝန်ကျသည်။ ကျွန်တော် တို့သည်ရထားလမ်း၊ ကားလမ်းအရှေ့ဘက်ရှိ ရွှေရောင်ပြဘုရားကုန်း တောင်ကြော ၏ တောင်ဘက်ဖျားအနားမှရှိနေသည်။

တပ်စုမှူးဗိုလ်ဘုန်းသူ ဦးစီးတပ်စိတ်နှစ်စိတ်အား ရွှေရောင်ပြ တောင်ကြောကို တောင်ဘက်ဖျားမှ တဖြည်းဖြည်းတက်ရန် စေလွှတ်လိုက်သည်။

တောင်ကြောပေါ်တက်သွားပြီး တစ်နာရီလောက်အကြာမှာ ဗိုလ်ဘုန်းသူ အဖွဲ့မှပစ်ခတ်သံများ ကြားရပြီ၊ ပစ်ခတ်သံများ တောင်ပေါ်မှလျှိုထဲသို့စိုက်ပစ်သံလို ကြားရသည်။ ကျွန်တော်တို့အဖွဲ့မှအပြေးချီတက်၍ တောင်ခြေမှပိတ်ရန်ချဉ်းကပ်ရာ ကေအင်ဒီ ၂၀ ခန့်နှင့် တိုက်ပွဲဖြစ်သည်။ ဗိုလ်ဘုန်းသူအဖွဲ့နှင့်ပေါင်းမိတော့ ရန်သူ အလောင်း သုံးလောင်းရ၍ အရှင်တစ်ယောက်ဖမ်းမိသည်။

ဗိုလ်ဘုန်းသူအဖွဲ့တောင်ကြောပေါ် တဖြည်းဖြည်းတက်ရင်း တောင်ကြော ပေါ်မှာ ငါးအရှင်တစ်ကောင် လူးလွန့်နေသည်ကိုတွေ့ရသည်။ သူပုန်အဖွဲ့မှ ငါးရှာရင်း ကျကျန်တာဖြစ်မည်ဟု သုံးသပ်ပြီးခြေလှမ်းစွာ ဆက်လက်ချဉ်းကပ်သည်။





သစ်ပင်ခြေရင်းမှာ စားကြွင်းစားကျန်ထမင်းထုပ်တွေ့ရသည်။ သေချာပြီ၊ ကင်း စောင့်ရင်းထမင်းစားပြီးထသွားဟန်တူသည်။ လျှိုထဲသို့ ဆက်လက်ချဉ်းကပ်ရာမှာ တိုက်ပွဲ ဖြစ်တော့သည်။

တောင်ကြောပေါ်မှ အလစ်အငိုက်ရလိုက်သဖြင့်အတင်းဝင်တိုက်ရတော့ သည်။ လင်းထင်စခန်းချနေမှန်းမသိကြ။

အဖွဲ့ငယ်တစ်ဖွဲ့မှ ကျွန်တော်တို့ကို ထိန်းထားရင်း လင်းထင်နှင့်အဖွဲ့က ရွှေရောင်ပြတောင်ခြေ ဘုန်းကြီးကျောင်းဖြတ်လျှက် မြောက်ဘက်သို့ ထွက်ပြေးသွား ကြပြီ။

လင်းထင် လွတ်သွားပြီ။

ကျည်ဆန်ပေါက်တွေက ဗရပွနှင့်သူ့အိပ်ရာခြင်ထောင်နှင့် ဝတ်စုံတို့ ရလိုက်သည်။ ဝီစကီပုလင်းရော၊ စားစရာပါရလိုက်သည်။ စာရွက်စာတမ်း အချို့ရ သည်။

ကံသီသော လင်းထင်ကျည်ဆန်ဘေးမှလွတ်သွားသည်။ ဖမ်းဆီးရမိသူ ထံမှဖော်ထုတ်ချက်အရ ကျိုက်ထီးရိုးဘုရား အရှေ့တောင်ဘက်တွင် နှစ်သစ်ကူးပွဲ နှင့်စည်းဝေးပွဲ လုပ်ကြမည်ဟုသိရသည်။

လင်းထင်နှင့်အဖွဲ့ ထိုဒေသသို့သွားမည်။

ကနုကေအင်ဒီအိုခေါင်းဆောင်များလည်းတက်ကြမည်။ အငြိမ့်ပွဲများ လည်းငှားထားပြီးဖြစ်သည်ဟု သိရသည်။

ကျိုက်ကော်-သိမ်ဆိပ်ရှိစစ်ကြောင်းဌာနချုပ်သို့သတင်းပို့လိုက်ရာ နောက်နေ့မှာ တပ်မဟာ(-)တပ်မဟာမှူးကြီး ရဟတ်ယာဉ်နှင့်ရောက်လာသည်။

တပ်ရင်းမှူးကြီးနှင့် ဆွေးနွေးကြသည်။

ကျိုက်ထီးရိုးအနီး နှစ်သစ်ကူးပွဲ ကျင်းပမည်ဖြစ်၍ ညအခါမီးတွေထိန် နေမည်။ နေ့အခါလည်း လူတွေစည်ကားနေမည်။ လေကြောင်းမှ အပိုင်စုံးကြဲ တိုက်ခိုက်ရန် နှစ်ဆယ့်ခြောက်နှစ်အရွယ် လူငယ်ပီပီ ကျွန်တော်ကတင်ပြလိုက်မိပါ သေးသည်။

တပ်မဟာမှူးကြီးကပြုံးနေသည်။ ပြည်တွင်းမှ လက်နက်ကိုင်သောင်း ကျန်းသူနှင့်ကျေးရွာလူထုရောနှောနေမည်။ လေကြောင်းမှရမ်းသန်းဗုံးကြဲ၍ မဖြစ် ဟု ဖြည်းဖြည်းလေးပြောရာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် သုံးရက်အကြာမှ ကျွန်တော်တို့တပ်ရင်းတစ်ရင်းလုံး ခြေရာ
ချီတက်ကြရတော့သည်။

ကျိုက်ထိုနယ်ထဲမှ မြေပုံညွှန်းမမှတ်မိတော့သော တစ်နေရာအရောက်
တောင်ကြောကို အနောက်မှအရှေ့သို့ဖြတ်တက်ရသည်။

ကျွန်တော်နှင့် တပ်စုလေးစုကိုရှေ့ပြေးလွှတ်လိုက်သည်။ ကျွန်တော့်တပ်
မှတပ်စုမှူးများမှာဗိုလ်ဘုန်းသူ(အပတ်စဉ်-၂၀)၊ဗိုလ်ကျော်သောင်း(အပတ်စဉ်-၂၁)
ဗိုလ်မြဝင်း(အပတ်စဉ်-၂၃)တို့ဖြစ်၍တပ်ခွဲ(၃)မှဗိုလ်ခင်မောင်ဆွေ(အပတ်စဉ်-၂၁)
၏ တပ်စုတစ်စုတွဲဖက်ပေးလိုက်သည်။ ကျွန်စစ်ကြောင်းကြီးက နောက်မှခွာ
ပစ်ကူပေးရန် စီမံချက်ဖြင့်လိုက်ပါလာသည်။ တောင်ကြောလမ်း တစ်လျှောက်
ကေအင်ဒီအိုတို့ကောက်ရိုးတွေ ခင်းအိပ်ထားသောနေရာများ နေရာချင်းဆက်နေ
သည်။ ရန်သူရှိနေလျှင် ကျောက်တုံးနှင့်လိုမ့်ချခြင်းဖြင့်ကျွန်တော်တို့ကို ထိခိုက်
စေနိုင်မည်ထင်သည်။ တောင်ကိုကျော်ပြီး နှစ်မိုင်နီးပါးမှာ ၄င်းတို့ပွဲခင်း တွေ့ရ
သည်။ အငြိမ့်ကသောအငြိမ့်စင်ကို မဖျက်ရသေး။

ပွဲဈေးက ဆက်ရှိနေဆဲဖြစ်သည်။ ထိုနေ့ညမှာ အငြိမ့်ပွဲကမည်။ ရွာ
ချုပ်စပ်မှရွာသားတွေ ကြည့်တာရန်ဟုပြောသည်။

ကေအင်ဒီအိုတွေကလူစုခွဲထွက်သွားကြတာ နှစ်ဆယ့်လေးနာရီ ကျော်ပြီ
လင်းထင်နှင့်အဖွဲ့ ဘယ်ဆီဘယ်လမ်း မြန်းလေပြီမသိ။

ကျွန်တော်တို့ ခြေမြန်တပ်ရင်း(-)ကတော့လိုက်ရပေဦးမည်။ ရှာရ
ပေဦးမည်။

သတင်းထောက်လှမ်းရပေဦးမည်။

## ကံဆိုသည်မှာ

ဝါသနာပါ၍ တပ်မတော်ထဲ ဝင်လာကြသူတိုင်း တိုက်ချင် ခိုက်ချင်စိတ်
အပြည့်အဝ ရှိကြပေသည်။

စစ်ဆင်ရေးမှာ ကိုယ်တိုင်ပါဝင်မတိုက်ခိုက်ရဘဲ လက်ရုံးတပ်မျိုး ရောက်
မှာ လူငယ်အရာရှိတွေ စိုးရိမ်ကြသည်။ တကယ်တော့ စစ်ဆင်ရေးထွက်ရတိုင်း
ရင်ဆိုင်တိုက်ပွဲကြုံတွေ့ရသူတိုင်း ထိခိုက်ဒဏ်ရာရကြသည်မဟုတ်။

လူဆိုတာ ကိုယ့်ကုသိုလ်ကံနှင့်ကိုယ် လာခြင်းဖြစ်သည်ဟု ကျွန်တော်က





မြဲမြဲယုံသည်။

တိုက်ပွဲမှာ တစ်ကြိမ်မက အကြိမ်ကြိမ်ထိခိုက်ဒဏ်ရာရသူတွေရှိသလို
တစ်ခါထိသည်နှင့် တစ်ကြိမ်တည်းကျဆုံးသူများလည်း ရှိသည်။ လူ့ကံဆိုတာ
ထိနိုင်ခက်ခဲလှပါဘိ။

ကျွန်တော်ကိုယ်တိုင် ရန်သူထောင်သောမိုင်းဗုံးမှ သီသီကလေး လွတ်ခဲ့ရ
သည်များလည်းရှိသည်။

၁၉၆၀ ပြည့်နှစ်ဆောင်းကာလမှာ လေးခေဂူဒေသတွင် ကေအင်ဒီအို
မှူးရေးတာဝန်ဖြင့်ပင်ပန်းကြပြီဖြစ်၍ရည်မှန်းချက်နှစ်နေရာပေးကာရှင်းလင်းရင်း
အခံတပ်မဟာ(-)ရှိရာသို့ ချီတက်ခဲ့ရသည်။

လမ်းမှာ တလိုင်းကရင်ဟူသောရွာကြီး ရှိသည်။ တလိုင်းကရင်ရွာ
ရောက်မီတစ်မိုင်ခန့်အလိုမှာ ရန်သူကစောင့်ကြိုပစ်ခတ်တိုက်ခိုက်သည်။ စစ်
ဆင်ရေးအခေါ်အရ ပစ်ပြေးဟုခေါ်သည်။ ငါးမိနစ်ခန့် ပစ်လိုက်ရပ်ပြီးပြေးလိုက်
ဖြစ်သည်။

စောင့်ပစ်သောရန်သူကို ရှေ့ဆုံးတပ်စုကအတင်းဝင်အတင်းတက်
တက်ကြပ်လိုက်သည်။ ရန်သူအပစ်ရပ်သွားသည်။ ညာဘက်တောအုပ်မှ ပစ်ခတ်
သောရန်သူကိုလည်း နောက်ရန်တပ်စုမှ ဝိုင်းပတ်ရှင်းလိုက်သည်။ ပစ်ခတ်သံ
ရပ်သွားသည်။

ကျွန်တော် စဉ်းစားရပြီ။

တလိုင်းကရင်ရွာမှာ အဓိကရန်သူရှိ၍ ကျွန်တော်တို့ကို ဟန့်စစ်
ခင်သည်လား။

ကျွန်တော်တို့တပ်ရင်းကို မိုင်းစစ်ဆင်၍ အမှည့်ခြွေ ခြွေချင်သည်လား။

နှစ်မျိုးလုံးဖြစ်နိုင်သည်။

တပ်စုတွေရှင်းပြီးလျှင် နေရာယူထားရန် သစ်ပင်နားကပ်လျှင် မိုင်းကို
သတိထားရန် စက်ဖြင့် ညွှန်ကြားလိုက်ပြီး ကျွန်တော့်တပ်ခွဲရုံးနှင့် တပ်စုတစ်စုလည်း
အလယ်မှာရှိသောတောအုပ်တွင် သတိနှင့်နေရာယူရသည်။

ရဲဘော်တွေ နေရာမရွှေ့ဘဲ မိုင်းရှင်းသင်တန်းဆင်းများကို မိုင်းရှာခိုင်း
လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း နီးရာသစ်တုံးကိုသေချာကြည့်ပြီး ခေတ္တထိုင်နေလိုက်သည်။ ရဲဘော်တွေနေရာမရွေ့ဖို့ သတိပေးထားလျက်က သတိပေါ့ကာလှုပ်ရှားလိုက်သော ရဲဘော်တင်မောင် ကျွန်တော်နားမှာပင် မိုင်းနင်းမိသွားသည်။ ညာခြေပြတ်သွားသည်ကို ဆေးတပ်ကြပ်က ချက်ချင်းပြုစုလိုက်သည်။

ဘီအီးတပ်မှ အရာရှိဖြစ်လာသော ဗိုလ်ဘုန်းသူက ကျွန်တော်ရှိရာ... အုပ်ထဲမှာမိုင်းရှာဆဲဖြစ်သည်။ နင်းမိုင်းလေးလုံးဖော်ယူရရှိသည်။

သစ်တုံးပေါ်မထိုင်မီ ကျွန်တော်ရပ်နေသောနေရာမှ မိုင်းတစ်လုံး... တွေ့သည်။ ကျွန်တော့်ကံဟုဆိုရမည် မိုင်းက မိုင်းအ,ဖြစ်သည်၊ မကွဲ။

ဗိုလ်ဘုန်းသူက အသေးစိတ်မိုင်းထပ်ရှင်းရာကျွန်တော်ထိုင်နေသော သစ်တုံးအောက်မှာမိုင်းတစ်လုံးရှိသည်။ ဖော်ကြည့်သည်။ နင်းမိုင်း/ဖိမိုင်းဖြစ်သည်... စနက်တံမိီးမကူး၍ ကျွန်တော်ဘာမှမဖြစ်ခဲ့။

တလိုင်းကရင်ရွာကြီးမှထွက်သည်နှင့် တဖြည်းဖြည်းမိုင်းရှင်းရင်း ချီတက်ခဲ့ကြသည်။ လှည်းလမ်းအတိုင်း လျှောက်ရသည်။ မိုင်းရှင်းပြီးသား လမ်းကြောင်းအတိုင်း တစ်ယောက်ခြေရာနောက် တစ်ယောက်ကထက်ကြပ်နင်း၍ လိုက်... ရသည်။

ကျွန်တော်နှင့်အတူရဲဘော်လှဖေတို့ နင်းထားသောခြေရာအတိုင်း နင်း... မှသေးချော်သွားသော တပ်သားသစ်ကလေး ပထမစစ်ဆင်ရေးမှာခြေတစ်ဖက်ပြတ်ခဲ့ရပြီ။

ထို့ကြောင့် ကျွန်တော်ယုံပါသည်။

စစ်တိုက်ကြသူတိုင်း ထိခိုက်ခြင်း၊ ဒဏ်ရာရခြင်း၊ ကျဆုံးခြင်းမရှိကြပါ... တိုက်ပွဲမှာစွန့်စားသူ အများအပြားအနက်မှ ကံကြမ္မာကပ်ခါ ပါလာသူများသာ မလွဲမသွေ စွန့်လွှတ်ရသူ ဖြစ်ရချေလိမ့်မည်။

ကံကိုမည်သူမှ ဖယ်မရ၊ ရှောင်မရ၊ သဘာဝပါတည်း။ မိုင်းထောင်ထား... သောနေရာကိုလည်းကောင်း၊ လူသတ်လက်နက်နှင့်ပစ်ခတ်နေသော ရန်သူရှိရာ... လည်းကောင်း မရှောင်လွှဲနိုင်ဘဲ တိုး၍တိုး၍ ချီတက်ချဉ်းကပ်ရသည်ကလည်း... တိုက်ပွဲဝင်စစ်သည်များ၏ သဘာဝပါတည်း။





## ...ယ်လို တပ်စုမှူး

ကျွန်တော် ခမရ(-)မှာ တာဝန်ယူစဉ်က တပ်ရင်းမှူးသုံးဦး မီခဲ့ပါ...သည်။ ပထမဦးစွာ ဒုတိယဗိုလ်မှူးကြီးထင်ကျော်ဖြစ်၍ ဒုတိယမှာဒုတိယဗိုလ်မှူး...ကြီးနေထွန်း(ဂျပန်ပြန်ဒုတိယအသုတ်)ဖြစ်ပါသည်။ တတိယတပ်ရင်းမှူးသည် ...ဒုတိယဗိုလ်မှူးကြီးမောင်သောင်း(ပိုက်လုံးမောင်သောင်း)ဟု တပ်မတော်မှ သိကြ...သည်။ ဂျပန်ပြန်ဒုတိယအသုတ်ပင် ဖြစ်သည်။ တပ်မတော်ဘော်လုံးအသင်း ...ကစားသမားရွေးစင်အဖြစ် ဘီအေအေကွင်းတွင် ဗွမ်ရိုန်၊ စောနီ၊ မောင်သောင်းဟု နာမည် ...ကျော်ကြားခဲ့သူဖြစ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးမောင်သောင်းလက်ထက်မှာ ကျွန်တော်တို့ ကေအင်ဒီ...ချေမှုန်းရေးအတွက်တာဝန်ယူနေရချိန် ကျောက်ကြီးဒေသမှာစစ်ဆင်ရေး လုပ်...နေရပါသည်။

ကျွန်တော်သည် တပ်ခွဲ(၂)မှာပင် တပ်ခွဲမှူးတာဝန်ယူနေရသည်။ တပ်စု...မှူးများမှာဗိုလ်ဘုန်းသူ(ဗိုလ်သင်တန်း-၂၀)၊ဗိုလ်ကျော်သောင်း(ဗိုလ်သင်တန်း-၂၁)၊ ...ဗိုလ်မြဝင်း(ဗိုလ်သင်တန်း-၂၃)တို့ ဖြစ်သည်။ နောင်သောအခါ ဗိုလ်အေးလွင် (ဗိုလ်သင်တန်း-၂၂) ရောက်လာသည်။

ဗိုလ်အေးလွင်က လူရွှတ်ဖြစ်သည်။ ခလရ(-)တွင် ထောက်လှမ်းရေး ...တပ်ကြပ်ကြီးအဖြစ် ယခုတပ်ရင်းမှူးကြီးနှင့်အတူနေခဲ့ဖူးသည်။ တပ်ရင်းမှူးကြီး ...အပေါ် အလွန်နွဲ့ဆိုးဆိုးတတ်သည်။

ကျောက်ကြီးမြို့မှာ ရောက်နေဆဲတစ်နေ့မှာ တပ်မဟာမှူးဗိုလ်မှူးကြီး ...ယူရအောင်ဖေလာမည်ဖြစ်၍ အရာရှိအားလုံးတပ်ရင်းမှူး၏စစ်ကြောင်းရုံးသို့ လာရန် ...နှင့်နံနက်စာ စစ်ကြောင်းရုံးမှာစားကြရန် အကြောင်းကြားလာသည်။

တပ်ရင်းမှူးထံသွားကြဘို့ ပြင်ဆင်လူစုချိန်မှာ ဗိုလ်အေးလွင်ကရောက်...လာသည်။

'တပ်ခွဲမှူးကြီး ကျွန်တော်မလိုက်ချင်ဘူး' ဟု ဆိုသည်။ သူအိမ်ပြန်ခွင့် ...ကောင်းသည်ကိုမရ၍ တပ်ရင်းမှူးကို စိတ်ကောက်နေခြင်းဖြစ်သည်။

'ဘာဖြစ်လို့လဲ' ခပ်ဆတ်ဆတ်ပဲမေးရသည်။

'ကျွန်တော် ဟိုမှာ ထမင်း မစားချင်ဘူး၊ ဗိုက်လည်း မကောင်းဘူး'ဟု ...ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ထမင်း မစားချင်လည်း ဒီတိုင်းနေ'

တပ်မင်းလာမှာမို့ အရာရှိအားလုံးခေါ်တာ၊ Duty တစ်ခုအနေနဲ့ လိုက်ရမယ်'

သည်လိုလူကို သည်လိုအခြေအနေမှာ သည်လိုပြောမှရမည်ဖြစ်၍ ပြောခြင်းဖြစ်ပါသည်။ ကျွန်တော်သည်လိုမပြောချင်ပါ။

အရက်ကလေးနည်းနည်း သောက်ထားဟန်ရှိသည်။ ခပ်ထွေထွေလေး ရပ်နေသည်။ ဘာမှ ပြန်မပြောရှာပါ။

ကျွန်တော်က ဦးထုပ်ကောက်ဆောင်းကာ 'ကဲ သွားမယ်၊ လာကြ' ဟု ပြောရင်းထွက်လာတော့ ဗိုလ်အေးလွင်နောက်ဆုံးမှ လိုက်လာပါတော့သည်။ စစ်ဆင်ရေးမှာ စိတ်ချရသလောက် နွံ့ဆိုးဆိုးတတ်သော သည်လိုအရာရှိမျိုးလည်း တွေ့ခဲ့ရ၊ ကွပ်ကဲခဲ့ရ၊ ရင်းနှီးခဲ့ရပါသေးသည်။

## War Game

ကျောက်ကြီးနယ်တစ်ဝိုက် စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေခဲ့မှာ မသက်ဆွေသည် အသည်းရောင်အသားဝါရောဂါနှင့် ဆေးရုံတက်ရသဖြင့် တပ်ရင်းမှူးကြီးထံ ကျွန်တော်ခွင့်တင်၍ ပြန်လာခဲ့ရပါသည်။

၁၉၆၁ခုနှစ်၊ စက်တင်ဘာလတွင် ဖြစ်ပါ၏။

ရန်ကုန်ရောက်ပြီး စစ်ရုံးအရာရှိရိပ်သာတွင် ကကြည်း သုတေသနဂျီဝမ်း ဒုဗိုလ်မှူးကြီးထွန်းတင်(နောင်ဝန်ကြီးချုပ်)နှင့် တွေ့သည့်အခါ ကျွန်တော်ခွင့်ယူ၍ပြန်လာကြောင်း ပြောပြရသည်။

'မနက်ဖြန်မနက် ကိုယ့်ရုံးခဏလာစမ်းပါ၊ ကိစ္စရှိလို့' ဟု ပြောသည်။

ကျွန်တော်လည်း နောက်နေ့နံနက် ၉ နာရီခန့် စစ်ရုံးသို့ သွားရောက်သတင်းပို့ရပါသည်။

'လူကြီးတွေဆီ plan တစ်ခုတင်ပြလိုက်တာ လူကြီးတွေက war game တစ်ခုလုပ်ဖို့ တာဝန်ပေးလိုက်တယ်၊ ကိုယ့်မှာ staff မရှိလို့ လာကူစမ်းပါ' ဟု ဆိုတော့သည်။

'ကျွန်တော်က ကိုယ်ရေးကိုယ်တာနဲ့ ခွင့်ယူပြီး ပြန်လာတာပါ၊ တပ်ရင်းမှူးကြီး စိတ်ဆိုးနေပါမယ်' ဟု တင်ပြတော့ သူက ခပ်အေးအေးပင်။





'ကိုသောင်းဆီ ကိုယ် Message ပို့လိုက်မယ်၊ ဒီက အလုပ်က အရေးကြီးတယ်၊ Leave ကို Cancel လုပ်လိုက်ပေါ့' ဟု ပြောပါတော့သည်။

တကယ်လည်း ဒုဗိုလ်မှူးကြီးထွန်းတင်ထံတွင် staff မရှိပါ၊ ဗိုလ်ခင်မောင်ဆိုသူ ဗိုလ်တစ်ဦးသာရှိ၍ ကျွန်တော်နှင့်နှစ်ယောက်သားစတင်၍ တာဝန်ထမ်းဆောင်ရပါတော့သည်။

War Game ပြုလုပ်ရန် မိမိတပ်ရန်သူတပ်ဟူ၍ အခြေအနေဖွင့်တွေးပေးရမည်။ ပြီးနောက်သဲမြေပုံပေါ်မှာ မိမိတပ်ဖွဲ့မှူးနှင့်ရန်သူတပ်ဖွဲ့မှူးတို့ တစ်နေရာစီမှလှုပ်ရှားစစ်ကစားကြရမည်။

သဲမြေပုံကို မမြင်ကြရ။

Ring Concept ဟူသော မိမိတပ်များလှုပ်ရှားမှုကို တဖြည်းဖြည်း ကျဉ်းမြဲပြီး ရန်သူလှုပ်ရှားမှု နယ်ကျဉ်းစေသောနည်းကို အခြေခံသည်။



ခြေမြန်တပ်ရင်း (-) အရာရှိများ။
တပ်ရင်းမှူး - ဒုဗိုလ်မှူးကြီး နေထွန်း၊ ဒုတပ်ရင်းမှူး ဗိုလ်မှူး
မောင်သောင်းတို့နှင့်အတူ (ရှေ့တန်း(ဝဲ)ဒုတိယလူ-စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



ရန်သူပေါ်တိုင်း ငါးပွက်ရာ ငါးစာချ လိုက်လံတိုက်ခိုက်ခြင်း မဟုတ်ဘဲ ရန်သူအတွက် ရိက္ခာ၊ အဆက်အသွယ်စသည်ဖြတ်လေးဖြတ်စနစ်ဖြင့် ကျုံးသွင် ချေမှုန်းနည်းဖြစ်သည်။ ပထမအစမှာ လက်တိုလက်တောင်းအဖြစ် အချက်အလက် စုခြင်းအလုပ်ကို ဗိုလ်ခင်မောင်ဦးနှင့် ကျွန်တော်တို့နှစ်ယောက် လုပ်ရပါသည်။ ကကကြည်း(စစ်ဆင်ရေး)နှင့် ကကလှမ်းမှ ကူကြပါသည်။ နောက်ပိုင်းမှာ အင်အာ တွေ များစွာတိုးလာပါတော့သည်။

မိမိတပ်ဖွဲ့မှူးတာဝန်ကို ဗိုလ်မှူးကြီးကြည်မောင်(စစ်ဦးစီးဗိုလ်မှူးကြီး၊ ကျန်းမာရေးဝန်ကြီး-ငြိမ်း)ကလည်းကောင်း၊ ရန်သူတပ်ဖွဲ့မှူးတာဝန်ကို ဗိုလ်မှူးကြီ စိန်ကလဲယား(တပ်မဟာ ၃တပ်မင်း)ကလည်းကောင်း ကျယ်ပြန့်စွာတာဝန်ယူ သောလေ့ကျင့်ခန်းဖြစ်ပါပေသည်။

ပြင်ဆင်မှုတွေအများကြီး နေ့ရောညဥ့်ပါလုပ်ရပြီး War Game လုပ်သည် နေ့မှာ ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်တက်ရောက်လာပါသည်။

စာတွေ့ရောလက်တွေ့ပါများစွာလေ့လာထားသော ဒုဗိုလ်မှူးကြီးထွန်းတင် မို့သာဤလေ့ကျင့်ခန်းကို တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အနီးကပ် လေ့လာလျက် အားကျခဲ့မိရပါတော့သတည်း။

**ခြေမြန်တပ်ရင်း (-)တွင် တစ်ချိန်က**
**တာဝန်ထမ်းဆောင်ခဲ့သူများ**
**(၁၉၅၇ ခုနှစ်၊ စက်တင်ဘာလမှ ၁၉၆၂ ခုနှစ်၊ ဖေန်နဝါရီလ)**

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီးထင်ကျော် | တပ်ရင်းမှူး |
| ၂။ | ဒုတိယဗိုလ်မှူးကြီးနေထွန်း | တပ်ရင်းမှူး |
| ၃။ | ဒုတိယဗိုလ်မှူးကြီးမောင်သောင်း | တပ်ရင်းမှူး |
| ၄။ | ဗိုလ်မှူးခင်မောင်ညွန့် | ဒုတပ်ရင်းမှူး |
| ၅။ | ဗိုလ်မှူးဗသိန်း | ဒုတပ်ရင်းမှူး |
| ၆။ | ဗိုလ်မှူးမောင်သောင်း | ဒုတပ်ရင်းမှူး(နောင်တပ်ရင်းမှူး) |
| ၇။ | ဗိုလ်မှူးထွန်းနောင် | ဒုတပ်ရင်းမှူး |
| ၈။ | ဗိုလ်ကြီးထွန်းရီ | OTS (၄) |
| ၉။ | ဗိုလ်ကြီးမောင်တင် | OTS (၅) |





| | | |
|---|---|---|
| ၁၀။ | ဗိုလ်ကြီးထွန်းကြည် | OTS (၇) |
| ၁၁။ | ဗိုလ်ကြီးကျော်ငြိမ်း | OTS (၇) |
| ၁၂။ | ဗိုလ်ကြီးမောင်မောင်အေး | OTS (၈) |
| ၁၃။ | ဗိုလ်ကြီးဝင်းဆွေ | OTS (၉) |
| ၁၄။ | ဗိုလ်ကြီးမြင့်လွင် | OTS (၉) |
| ၁၅။ | ဗိုလ်ကြီးစောနိုင် | OTS (၁၁) |
| ၁၆။ | ဗိုလ်ကြီးညွန့်ဆွေ | OTS (၁၂) |
| ၁၇။ | ဗိုလ်ကြီးရဲနောင် | OTS (၁၂) |
| ၁၈။ | ဗိုလ်ကြီးဝေလင်း | OTS (၁၄) |
| ၁၉။ | ဗိုလ်ကြီးကျော်ခဲ | OTS (၁၅) |
| ၂၀။ | ဗိုလ်ကြီးအောင်မြ | OTS (၁၅) |
| ၂၁။ | ဗိုလ်ကြီးဘုန်းမြင့် | ဆင့်ဟာဒ်စ် |
| ၂၂။ | ဗိုလ်ကြီးတင့်ရှိန် | OTS (၄) |
| ၂၃။ | ဗိုလ်ကြီးကျော်ဇော(မောင်မောင်) | ဆင်းဟာဒစ် |
| ၂၄။ | ဗိုလ်ကြီးတင်ဝင်း | OTS (၇) |
| ၂၅။ | ဗိုလ်ကြီးနွယ်ဝေ(မောင်ညွန့်) | တိုက်ရိုက်ခန့်အပ်ခံရသူဝါရင့် |
| ၂၆။ | ဗိုလ်ကြီးမောင်တင့် | OTS (၇) |
| ၂၇။ | ဗိုလ်ကြီးအောင်မြင့် | OTS (၉) |
| ၂၈။ | ဗိုလ်ကြီးစိန်ဦး | OTS (၉) |
| ၂၉။ | ဗိုလ်ထွန်းဦး | OTS (၁၈) |
| ၃၀။ | ဗိုလ်မြင့်ဆွေ | OTS (၁၈) |
| ၃၁။ | ဗိုလ်ဘုန်းသူ | OTS (၂၀) |
| ၃၂။ | ဗိုလ်မျိုးအောင် | OTS (၂၀) |
| ၃၃။ | ဗိုလ်ခင်မောင်ဆွေ | OTS (၂၁) |
| ၃၄။ | ဗိုလ်တင်လှ | OTS (၂၁) |
| ၃၅။ | ဗိုလ်သိန်းဝင်း | OTS (၂၁) |
| ၃၆။ | ဗိုလ်ကျော်သောင်း | OTS (၂၁) |
| ၃၇။ | ဗိုလ်အေးလွင် | OTS (၂၂) |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၃၈။ ဗိုလ်ချစ္စရီး | OTS (၂၂) |
| ၃၉။ ဗိုလ်မြဝင်း | OTS (၂၃) |
| ၄၀။ ဗိုလ်ကြီးရွှေသာအောင် | OTS (၁၂) |
| ၄၁။ ဗိုလ်ကြီးကျော်သိန်း | OTS (၁၄) |
| ၄၂။ ဗိုလ်ကြီးရဲလှ | OTS (၁၄) |
| ၄၃။ ဗိုလ်ကြီးတင့်အောင် | OTS (၁၄) |
| ၄၄။ ဗိုလ်ခင်မောင်ဝင်း | ဘီအက်စီ တိုက်ရိုက်ခန့် |
| ၄၅။ ဗိုလ်လှငြိမ်း | ဘီအက်စီ တိုက်ရိုက်ခန့် |
| ၄၆။ ဗိုလ်ဘသိန်း | SSS မှပြောင်း |
| ၄၇။ ဗိုလ်ငင်စွမ်း | SSS မှပြောင်း |
| ၄၈။ ဗိုလ်မောင်မောင်မြင့် | OTS (၂၄) |
| ၄၉။ ဗိုလ်စိုးတင့် | |
| ၅၀။ ဗိုလ်တင်ဦး | OTS (၁၆) |



# တတိယပိုင်း

## အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်

၁၉၆၂ ခုနှစ် ဇန်နဝါရီလတွင် မင်္ဂလာဒုံရှိ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် သို့ စစ်ဦးစီးမှူး(တတိယတန်း)အဖြစ် ပြောင်းရွှေ့ရောက်ရှိပါသည်၊

ထိုအချိန်က တိုင်းလုံခြုံရေးကောင်စီဟူ၍ရှိသည်။ တိုင်းမှူးက ဥက္ကဋ္ဌ ဖြစ်၍ စစ်ဦးစီးမှူး(ပထမတန်း)ဂျိဝမ်းကြီးက အတွင်းရေးမှူး၊ ကျွန်တော်က တွဲဖက် အတွင်းရေးမှူးတာဝန်ယူရသည်။

တိုင်းစစ်ဌာနချုပ်ရောက်စမှာ စစ်ဆင်ရေးပြီးစစ်ဆင်ရေးတပ်နှင့် လုံးဝ ပုံစံခြားနားသွားသည်။ နံနက် ၈ နာရီရုံးတက်၍ ညနေ ၃ နာရီ ရုံးဆင်းရသည်။ နှစ်ပတ်မှာတစ်ခါ ၂၄ နာရီ တာဝန်မှူးတာဝန်ကျသည်။

လပခရှိ ဦးစီးအရာရှိများ တာဝန်မှူးဇယားအတိုင်း အလှည့်ကျ တာဝန်ယူကြရာတွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်၊စခန်းရုံးဌာနအားလုံးမှ အရာရှိ များ အလှည့်ကျ တာဝန်ချထားသည်ကို ဖေဖော်ဝါရီလဒုတိယပတ်မှာ ဂျိဝမ်းကြီးက ပြင်သည်။

ပုံမှန်တာဝန်မှူးအပြင် စစ်ဦးစီးဌာနက အရာရှိများကို အပိုသီးခြား တာဝန်မှူးအဖြစ် တာဝန်ပေးတော့သည်။ ရုံးချိန်အပမှ ဝင်ထွက်စာတွေကလည်း များများမရှိပါဘဲ တာဝန်မှူးနှစ်ဦးချထားသည်ကို ကျွန်တော်တို့သဘော မပေါက် ကြ။

၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက်မှာ ကျွန်တော်က အပိုတာဝန်မှူးအဖြစ် တာဝန်ယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေလေးနာရီခွဲမှာ ဂျီဝမ်းကြီးက စစ်ရုံးမှဖုန်းဆက်သည်။ ခလရ(-) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးလှမိုးဂလုပ်ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်နေသည်၊ အရပ်ဝတ်နှင့်သွား၍ ရုံထဲဝင်ခေါ်ပြီး တိုင်းကိုခေါ်လာရမည်ဟူ၍။

အရပ်ဝတ်လဲကာ ကားပေါ်အတက်မှာ တယ်လီဖုန်းထပ်ဝင်လာသည်၊ ဂလုပ်ရုပ်ရှင်ရုံသို့ သွားရန်မလိုတော့ဘဲ ယူနီဖောင်းဝတ်ကာ မော်တော်ကားတစ်စီးဆီဖြည့်လျက် အသင့်စောင့်နေရမည်ဟူ၍ ပြင်ဆင်ညွှန်ကြားသည်။

မကြာမီ ဂျီဝမ်းကြီး ပြန်ရောက်လာသည်။ မော်ဘီသို့သွား၍ ခမရ(-) တပ်ရင်းမှူးကို ခေါ်ခဲ့ရမည်။ တပ်ရင်းတစ်ရင်းလုံး အသင့်ပြင်ခိုင်းထား ရမည်ဟု ပြောသည်။

မင်္ဂလာဒုံနှင့် မော်ဘီ တယ်လီဖုန်းဆက်ပြောလို့ရပါလျက် ဘာကြောင့် လူလွှတ်ခေါ်ရသလဲမသိသေး။ ခမရ(-)တပ်ရင်းမှူးက ဒုမှူးကြီးမောင်သောင်း (ပိုက်လုံး) တပ်မတော်လက်ရွေးစင်ဘောလုံးသမား ဖြစ်သည်။ တပ်မတော်တွင် လူကြီး လေးငါးယောက်မှလွဲ၍ မည်သူမျှကြောက်သူမဟုတ်။ ပြောချင်ရာပြော တတ်သည်။ လူကြီးတွေကလည်း သူ့ကို ခွင့်လွှတ်ထားကြရသူ ဖြစ်သည်။

'ခင်ဗျား ဂျီဝမ်းမောင်လှဖုန်းက ဘာရှည်သလဲ၊ ကိစ္စက တယ်လီဖုန်းနဲ့ ပြောလည်းရတာပဲ၊ ကျုပ်ထွက်ပြေးမှာစိုးလို့ ခင်ဗျားလွှတ်ခေါ်ရတာလား' ဟု ချေတိုက်နေသေးသည်

ညနေခြောက်နာရီလောက်မှာ တပ်ရင်းမှူးတွေ အတော်စုံလာသည်။ ဂျီဝမ်းကြီးက အစီအစဉ်တွေ ရှင်းပြပြီး ချက်ချင်း လူစုခွဲသည်။ ဂျီဝမ်းကြီးလည်း စစ်ရုံးသို့ ပြန်သွားသည်။ လပခမှာ ဂျီတူးဗိုလ်မှူးခင်မောင်သိန်းက တာဝန်ယူထား ရသည်။

ထိုအချိန်ကျမှ ထိုညမတ်လ ၁ ရက်ည အရေးကြီးပုံကို ကျွန်တော် သိရပါတော့သည်။

ည ၁၁ နာရီခွဲမှာ တယ်လီဖုန်းလာသည်။ အလိုရှိသော ပုဂ္ဂိုလ်တစ်ဦး မင်္ဂလာဒုံဘက် ဦးတည်ထွက်သွားသည်။ ယခုချက်ချင်းထွက်လာပြီး လမ်းမှာတွေ့ သည့်နေရာ၌ ရပ်တန့်၍ရအောင် ခေါ်ထားရမည်ဟု ညွှန်ကြားချက်ရသည်။ ကား နံပါတ်လည်းပေးသည်။ ဗိုလ်မှူးခင်မောင်သိန်းနှင့် ကျွန်တော်တို့ မရမ်းကုန်းရောက်





သည်အထိ ထိုပုဂ္ဂိုလ်ကို မတွေ့ရ။ နောက်မှသိရသည်မှာ ထိုပုဂ္ဂိုလ်သည် အာလိန်းဝေဝင့်မှ အင်းစိန်ဘက်ကွေ့ဝင်သွား၍ လမ်းမှာလွဲခြင်းဖြစ်ပေသည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ

တော်လှန်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူလိုက်ပြီဟု ကြေညာလေတော့သည်။

## တော်လှန်ရေးကောင်စီခေတ်

တော်လှန်ရေးကောင်စီ တာဝန်ယူပြီးနောက် ဗဟို၊ တိုင်း၊ ခရိုင်၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများဖွဲ့သည်။ ပဲခူးတိုင်းမှာတိုင်းမှူးကြီးက ဥက္ကဋ္ဌ၊ ဂျီဝမ်းကြီးက အတွင်းရေးမှူး၊ ကျွန်တော်က တွဲဖက်အတွင်းရေးမှူးအဖြစ် ဆက်လက်တာဝန်ယူရသည်။ တိုင်းမင်းကြီးဦးဘလဝမ်းဆင်နှင့် ရဲမင်းကြီး ဦးသိန်းလွန်းတို့က အဖွဲ့ဝင်ဖြစ်သည်။

နယ်ခံတပ်ရင်းမှူးများက ခရိုင်ဥက္ကဋ္ဌတာဝန်ယူရသည်။ တောင်ငူခရိုင် ဒုဗိုလ်မှူးကြီးစောမြသိန်း ခလရ(-)၊ ပဲခူးခရိုင်ဗိုလ်မှူးလှမောင်(ရှမ်း -)၊ ဟံသာဝတီခရိုင် ဒုဗိုလ်မှူးကြီးလှမိုး(ခလရ -)၊ အင်းစိန်ခရိုင် ဒုဗိုလ်မှူးကြီးသန်းညွန့် (မူးသပြေ၊ ခလရ -)၊ သာယာဝတီခရိုင် ဒုဗိုလ်မှူးကြီးဟန်သိန်း၊ ခလရ(-)၊ ပြည်ခရိုင် ဒုဗိုလ်မှူးကြီးကျော်ဝင်း၊ ခလရ(-)တို့ ဖြစ်သည်။ ရခိုင်တိုင်းတွင် စစ်တွေခရိုင် ဒုဗိုလ်မှူးကြီးရဲခေါင်၊ ခလရ(-)၊ ကျောက်ဖြူခရိုင် ဒုဗိုလ်မှူးကြီး အေးထွေး ခလရ(-)နှင့် သံတွဲခရိုင် ဒုဗိုလ်မှူးကြီးထွန်းလင်း ခလရ(-) တို့ အသီးသီး တာဝန်ယူလျက်ရှိကြသည်။

ခလက ဥက္ကဋ္ဌများအားလုံး အတွေ့အကြုံရှိသော လူဟောင်းကြီးများဖြစ်၍ တက်တက်ကြွကြွနှင့် အကွက်စေ့စေ့ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရပါသည်။ ကျွန်တော်သည်ဗိုလ်ကြီးအဆင့်သာရှိသော်လည်း ဂျီဝမ်းကြီးကဗလကသို့နေ့စဉ်သွားနေရတတ်သည်ဖြစ်၍ ခရိုင်များနှင့်ကျွန်တော်သာ မပြတ်ဆက်သွယ်နေရသည်။

ခလက အတွင်းရေးမှူးများသည် ဥက္ကဋ္ဌတာဝန်ယူရာ တပ်မှ ဝါရင့်ဗိုလ်ကြီးများဖြစ်ကြ၍ နေ့ရောညဥ့်ပါ ရုံးမှာအချိန်ပြည့်ရှိနေတတ်ကြသည်။

ဝါရင့်ဗိုလ်ကြီး မဟုတ်သော ကျွန်တော်မှာ တိုင်းမှူးဗိုလ်မှူးချုပ်စိန်ဝင်း၊ ဂျီဝမ်းဒုဗိုလ်မှူးကြီးလှဘုန်းတို့ထံမှ ပညာများစွာရရှိခဲ့ပါသည်။ ခေါ်မြန်ဆော့ရင်းမှ

**** - ဗဟိုလုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိခါစအချိန် ရုံးတက်ရုံးဆင်းဦးစီးအရာရှိဘ၀ဖြ တစ်လသာ နေလိုက်ရပါသည်။ နေ့ရောညပါ အလုပ်များသောဘ၀ ပြန်ရောက်သွား သည်။

ပဲခူးတိုင်း၊ ရခိုင်တိုင်းနှစ်ခု၏ လုံခြုံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကိ အားလုံးတာ၀န်ယူထားရသောတိုင်းမှူးကြီးကိုယ်စား ဂျီ၀မ်းကြီးက နိုင်နင်းစွ တာ၀န်ယူနိုင်ခဲ့သည်ကို အနီးကပ်လေ့လာရသည်။ စာရေးသည်ကအစ ကျွန်တော် ကို လက်ထပ်သင်ပေးသည်။

မကြာခဏစစ်ရုံးမှ ခေါ်လိုက် ဗလကမှ ခေါ်လိုက် ခေါ်တတ်သည်မှ ညွှန်ကြားချက်တွေရေးနေဆဲ တန်းလန်းနှင့် ဂျီ၀မ်းကြီးအမြန်သွားရသည်များ ရှ သည်။ သည်အခါမှာ ကျွန်တော့်ကိုခေါ်ကာ ဘယ်အချက်တွေပါအောင် ဘယ်လ ဆက်ရေးဟု ခိုင်းတတ်သည်။

ရေးထားသော မူကြမ်းကိုကိုင်လျက် ကျွန်တော်က စောင့်နေရသည် ခုနစ်နာရီ ရှစ်နာရီမှ ပြန်လာသော ဂျီ၀မ်းကြီးက တစ်ကြောင်းချင်းဖတ တစ်ကြောင်းချင်းပြင်ပေးသည်။ စိတ်လည်းရှည်သည်။ စေ့လဲစေ့စပ်သည်။ စကားလုံ ရွေးချယ်သည်ကအစ ကြေး(ဂျီး)များတတ်သူဖြစ်သည်။

တိုင်းမှူးကြီးကတော့ တကယ့်လုပ်သက်ရင့် အတွေ့အကြုံများသူကြီး ဖြစ်သည်။ အသက်နှစ်ဆယ်ကျော်က ဘီအိုင်အေတပ်မှူး ဖြစ်ခဲ့ရသူမို့ နှစ်ပေါင် နှစ်ဆယ်အတွင်းမှာ အလွန်တရာရင့်ကျက်နေပြီဖြစ်သော တိုင်းမှူးကြီးထံမှ အတ ယူစရာတွေ အများကြီး ရရှိခဲ့ပါသည်။

တိုင်းမှူးကြီး၏အထူးခြားဆုံးအရည်အချင်းမှာ တပ်ရင်းမှူးများပြောသမျ စိတ်ရှည်လက်ရှည် နားထောင်တတ်သောအကျင့်ဖြစ်ပေသည်။ သိရှိထားပြီးဖြစ် သော အကြောင်းအရာတစ်ခုကို စီကာပတ်ကုံး ပြောလေသမျှ ဆုံးအော နားထောင် သည်၊ ကြားဖြတ်ပြောဆိုခြင်း ဘယ်တော့မျှမရှိ။

တင်ပြသူက ကျေနပ်အောင် တင်ပြပြီးမှ ဘာလုပ် ဘာလုပ်ဟူ၍ အပြေ ထုတ်ကာ ညွှန်ကြားချက်ပေးလေတော့သည်။





## တိုင်းမှူးမသိတာမရှိ

နောင်သောအခါ ဒုတိယဗိုလ်မှူးကြီးလှဘုန်းက ယာယီဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးပြောင်းရွှေ့ပြီး ဒုတိယဗိုလ်မှူးကြီးဇော်၀င်း(နောင်သောအခါ နိုင်ငံတော် ကောင်စီ၀င်)ပြောင်းရွှေ့လာသည်။ တော်လှန်ရေးကာလကတည်းက တပ်ရင်းမှူး ဖြစ်သူ ဗိုလ်မှူးကြီးစိန်၀င်း(ယခုတိုင်းမှူး)၏ တပ်ရင်းတွင် တာ၀န်ယူခဲ့သူဖြစ်၍ ရင်းနှီးနေကြသည်။

တစ်နေ့မှာ ဂျီ၀မ်းကြီးက တိုင်းမှူးကို မြေပုံခန်းထဲမှာပင် တင်ပြသည်။ တိုင်းမှူးကြီးက စိတ်ရှည်သဘောကောင်းသည့်အတွက် အချို့တပ်ရင်းမှူးများက ပြည့်အစုံမတင်ပြတာရှိသလို တစ်မျိုးတစ်ဖုံ တင်ပြတာလည်း တွေ့ရပါသည်။ တိုင်းမှူးကြီး သိပ်သဘောမကောင်းပါနဲ့ဟု ဆရာတပည့်ပီပီ ရယ်ရယ်မောမော လေးလေးစားစားတင်ပြသည်။

တိုင်းမှူးကြီးက တည်ငြိမ်အေးဆေးစွာ

'ဒီမှာ ဗိုလ်မှူးဇော်၀င်း တပ်မှူးတွေအားလုံးကို ပြောထားပါ။ တိုင်းမှူး မသိတာ မရှိဘူး၊ မသိချင်ယောင်ဆောင်နေတာပဲရှိတယ်လို့ ပြောလိုက်ပါ'ဟူ၍ ပြန်ပြောလိုက်သည်။

တိုင်းစစ်ဌာနချုပ်မှာ စခန်းရုံးဆိုတာရှိသည်။ အထွေထွေ အုပ်ချုပ်ထောက် ပံ့မှုများတာ၀န်ယူရသည်။စခန်းမှူးမှာဗိုလ်ကြီးအောင်စီ(ဗိုလ်သင်တန်း-၃) ဖြစ်သည်။ စည်းကမ်းအလွန်ကြီးသည်။ အလုပ်များသည်ကို အကြောင်းပြ၍စည်း ကမ်းလျော့ရဲမှုများရှိလာကြသည်ကို တိုင်းမှူးကြီး မည်သို့မည်ပုံသိရှိသွားလေသည်မသိ။

တစ်ပတ်တစ်ကြိမ် အရာရှိစစ်သည်တွေ စုပေါင်းစားသောက်ရသော နံနက်စာ စားအပြီးမှာ အားလုံးကို တိုင်းမှူးကြီးက မိဘလိုဆုံးမပါသည်။

'ဒီတိုင်းမှာ တိုင်းမှူးကစ ယာဉ်မောင်းရဲဘော်အထိ အားလုံး အလုပ်တွေ များနေကြတယ်။ အလုပ်ဘယ်လောက်များများ စစ်သားဆိုတာ စစ်စည်းကမ်းကို လိုက်နာရတယ်။ ဒါကြောင့် Admin လုပ်ဖို့ စခန်းရုံးဆိုတာ ဖွဲ့ထားရတယ်'။

'တိုင်းမှူးကြီးခရီးသွားရင် စခန်းမှူးလက်မှတ်ထိုးတဲ့ movement order ပါရတယ်၊ စခန်းမှူးလက်မှတ် ထိုးမှ Warrant ရတယ်။ ရထား၊ လေယာဉ်ပျံစီး ရတယ်၊ ကိုယ့်သဘောနဲ့ကိုယ် ဘယ်သူမှနေလို့မရဘူး၊ ရဲဘော်တို့အားလုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးရဲ့အုပ်ချုပ်မှုနဲ့နေကြရမယ်’ဟု လေအေးအေးလေးနှင့်ပြောသွားရှာသည်။ စခန်းမှူးကြီးကတော့အားတွေအများကြီးတက်ပြီးလုပ်အားတွေတိုးလာပေတော့သည်။

တစ်ပြည်လုံးမှာ သောင်းကျန်းသူတွေကြီးစိုးလျက် ရန်ကုန်အစိုးရဟု ပြော လောက်အောင် ဆိုးဝါးသောအချိန်က တိုက်ပွဲပြီးတိုက်ပွဲတွေ ဆက်နေခဲ့ကြသည်။

အချို့တပ်တွေမှာ ပြင်းထန်သောတိုက်ပွဲတွေအကြား စွန့်စားတိုက်ခိုက်ကြ ရသောအရာရှိတွေ ထိခိုက်ကျဆုံးမှုများပြား၍ တပ်ခွဲမှူး၊ တပ်စုမှူးမလုံလောက် သောကာလမှာ စစ်မြေပြင်ရာထူးတိုးမြှင့်ခြင်း Field promotion ပေး၍ အကြ ကြီးများကို အရာရှိခန့်ခဲ့ရဖူးသည်။

S သုံးလုံးကော်မီခေါ် Special Short Service Commission ဟု ခေါ်သည်။

ထိုအရာရှိများကို တိုင်းပြည် တည်ငြိမ်လာသောအခါ Emergency Commission ဟု ပြောင်းလဲ၍ တပ်မတော်တစ်ခုလုံး B.C နံပါတ်များအတိုင် သတ်မှတ်ပေးသည်။ ဗိုလ်အဆင့်ရကြသည်။ ထိုအခါမှာ B.C နံပါတ် junior ကျသွားတော့သည်။

ထိုသို့ အရာရှိတစ်ဦးတိုင်းစစ်ဌာနချုပ်တွင် လုံခြုံရေးတပ်စုမှူးအဖြ တာဝန်ယူနေရသည်။ တက်ကြွသောစခန်းမှူးကအားမရ၍ ဂျီဝမ်းကြီးထံ တင်ပြ သည်။ ထိုအခါတိုင်းမှူးကြီးသိသွားပြီးလူကြီးသူမပီပီသသဖြေရှင်းပေးပါတော့သည်။

‘တိုင်းပြည်မှာ တကယ်လိုအပ်ချိန်က အသက်စွန့်တိုက်ခဲ့ရတဲ့လူတွေ ဒီဘက်ပိုင်းမှာ E.C ပြန်ခန့်တော့ junior အဖြစ် ခန့်တာပေါ့ဗျာ၊ ဦးစီးအရာရှိ လစ်လပ်တဲ့နေရာမှာတာဝန်ပေးကြည့်ပါ။ ဗိုလ်ကြီးအဖြစ် ရာထူးလည်းတိုးသွားမယ် လုပ်အားတွေလည်းပိုလာပါလိမ့်မယ်’ဟူ၍ ညွှန်ကြားခဲ့သောတိုင်းမှူးကြီး ဖြစ်ပေသည်။

[ကျွန်တော်သည် ပုဂ္ဂိုလ်ရေးဆည်းကပ်မှု personal cult အနေဖြင့် ရေးခြင်းမဟုတ်ပါ။ နှောင်းလူတို့ အတုယူဖွယ်ဟု ယူဆ၍ရေးခြင်းဖြစ်ပါသည်]

## လေကို လု မရှူနဲ့

တိုင်းမှူးကြီးလက်အောက်မှာတာဝန်ထမ်းဆောင်ရင်း ထူးခြားသောဒသ တစ်ခုရ၍ ယခုတိုင်ကျွန်တော် လက်ကိုင်ကျင့်သုံးနေရပါသည်။





တစ်နေ့မှာ တိုင်းမှူးကြီးက ခေါ်သည်။

ပဲခူးတိုင်း၊ ရခိုင်တိုင်း ခလကအဖွဲ့ဝင်အားလုံးနဲ့ နလက ဥက္ကဋ္ဌတွေ စည်းအဝေးခေါ်ပါဟုပြောသည်။ လမ်းစဉ်ပါတီပိုင်းကလည်း တိုင်းခွဲ(၁၃)ရခိုင် နှင့် တိုင်းခွဲ(၁၄)ပဲခူးတို့မှ မြို့နယ်အဆင့်အဖွဲ့ဝင်များပါဖိတ်သည်။

အားလုံးပြင်ဆင်ပြီး ကျွန်တော်က အဓိက အာဂျင်ဒါ(အစီအစဉ်) တွေပြင်ဆင်ရမလဲဟု မေးရပါသည်။

‘ခရိုင်ဥက္ကဋ္ဌတွေကပဲ လုံခြုံရေးနှင့်စီးပွားရေးအခြေအနေ အကျဉ်းချုပ် တင်ပါစေပေါ့’ဟု တိုတိုပြောသည်။

လပခလက်အောက်ရှိ တိုင်းနှစ်တိုင်းမှ တာဝန်ရှိသူအစုံတက်သော စည်း ဝေးပွဲကို တိုင်းစုပေါင်းရိပ်သာ ယခုမင်္ဂလာဒုံတိုင်း အားကစားကွင်းဘေးမှာ ကျင်းပ ပါသည်။

တိုင်းမှူးနှင့်တလကအဖွဲ့ဝင်များ ထိပ်စားပွဲမှာထိုင်ကြသည်။ ကျွန်တော်က အားတစ်စောင်းမှစားပွဲငယ်လေးနှင့် အခမ်းအနားမှူးလုပ်ရပါသည်။

တိုင်းမှူးကြီးက အဖွင့်မိန့်ခွန်းကို တိုတိုပဲပြောသည်၊ ခလကဥက္ကဋ္ဌများ လည်း တိုတိုပဲတင်ပြစေသည်။ ခရိုင်(၉)ခရိုင်တက်ကြသည်မို့ နေ့လည်လက်ဘက် ရည်သောက်ရပ်နားပြီး ပြန်စချိန်မှာ တိုင်းမှူးကြီး နိဂုံးချုပ်မိန့်ခွန်းမြွက်ကြားပေး ပါရန် ကျွန်တော်ကပန်ကြားလိုက်ရပါသည်။

တိုင်းမှူးကြီး မိန့်ခွန်းက ခပ်တိုတိုကျဉ်းကျဉ်းပဲ စပြောပါသည်။

‘လွတ်လပ်ရေး ရပြီးကတည်းက လုံခြုံရေးအရ မတည်မငြိမ်ဖြစ်ရသလို နိုင်ငံရေးအရလည်း ပါတီနိုင်ငံရေးဦးစားပေး၍ ကွဲကြပြဲကြနှင့်တိုင်းပြည်ထူထောင် ရေးလုပ်ငန်း အရှိန်အဟုန်နှေးခဲ့ရကြောင်း၊ ဖက်ဒရယ်မူအရ တိုင်းပြည်အစိတ် စိတ်အမြွှာမြွှာ ကွဲတော့မည်အခြေအနေရောက်လာ၍ တော်လှန်ရေးကောင်စီအစိုးရ တာဝန်ယူခဲ့ရကြောင်း၊ ယနေ့တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် တာဝန်ယူနေကြသူ များ အထူးကြိုးစားဘို့လိုကြောင်း၊ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးအောင် မြင်ဖို့ ယခုတက်ရောက်လာသူတွေ အားလုံးပေါ်မှာ အဓိကမူတည်ပါကြောင်း’ ပြောရင်းခေတ္တရပ်ကာ ဖန်ခွက်ထဲမှရေတစ်ငုံ သောက်လိုက်ပါသည်။

ပြီးမှ အဓိကကို ဆက်ပြောပါတော့သည်။

မြို့နယ်တွေမှာ ပါတီစည်းရုံးရေး ကော်မတီတွေကပါတီဖွဲ့စည်းရေး၊



www.burmeseclassic.com

www.burmeseclassic.com



အသိပညာပေးရေး စည်းရုံးကြရမယ်၊ တပ်ခွဲမှူး၊ တပ်စုမှူးတွေက လုံခြုံရေးကို အဓိက ထား တာဝန်ယူရမယ်၊ နလကတွေက အုပ်ချုပ်ရေးကိစ္စတွေ လုပ်ကြရမယ်၊ လူတိုင်း လူတိုင်းလုပ်ရမယ့်အလုပ်တွေ အရေးကြီးတာတွေ ကိုယ်စီမှာရှိကြတယ်၊

'ခင်ဗျားတို့ ဘာကြောင့်လေကို လုရှုချင်ရတာလဲ၊ ဒီလောကကြီးမှာ လေဆိုတာ ရှူလို့မကုန်အောင်ရှိတယ်၊ ဒီလေကိုမှလုရှုနေရင် ခင်ဗျားတို့ ရန်ဖြစ်နေကြမှာပေါ့'ဟု ပြောချလိုက်သည်။

စည်းဝေးပွဲတက်ရောက်သူအားလုံး ငြိမ်ပြီးနားထောင်နေကြသည်။ သဘောမပေါက်ကြသေး။

'အခု မြို့နယ်မှာပါတီကလူ၊ တပ်ကလူ၊ နလကက လူအားလုံး ပပက' ခွဲတမ်းကိုလုပြီး လုပ်နေကြတယ်လို့ ကြားရတယ်၊ ပပကရဲ့ပစ္စည်းခွဲတမ်းချတာကို လုလုပ်နေကြတော့ ခင်ဗျားတို့ရန်ဖြစ်ကြတာပေါ့'

**'လေကို လုရှူဖို့မလိုသလို အလုပ်ကိုလဲ လုမလုပ်ကြပါနဲ့၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်၊ တိုင်တိုင်ပင်ပင်နဲ့ဆိုရှယ်လစ်စနစ် ထူထောင်ရေးကို ဝိုင်းလုပ်ကြပါ၊ ရန်မဖြစ်ကြပါနဲ့'**ဟု ပြောရင်း အဆုံးသတ်လိုက်ပါတော့သည်။

သည်တော့မှ စည်းဝေးပွဲတက်ရောက်သူအားလုံး အသက်မရှူဘဲ ငြိမ်လျက် နားထောင်နေကြရာမှ သက်ပြင်းသက်မကို ဖြေချလိုက်ကြတော့သည်။

အားလုံး မျက်နှာများလည်း ဝင်းကြည်၍သွားကြသည်ကို တွေ့လိုက်ရပါတော့သည်။

**'လေကို လုမရှူနဲ့'** ဟူသော ဒဿနပင်။

## စားလိုက စားမည်

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ကျွန်တော်ရောက်ရှိချိန်တွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဟူ၍ ဌာနကြီးသုံးခုရှိရာ စစ်ရေးဌာနတွင်ဦးစီးအရာရှိ တတိယတန်းအဖြစ် ဗိုလ်ကြီးမောင်ကွန်းဆိုသူရှိသည်။ အရာရှိအားလုံးက အဘကွန်း ဟု ခေါ်ကြသည်။

ဘီအိုင်အေ၊ ဘီဒီအေခေတ်ကတည်းက တော်လှန်ရေးမှာပါခဲ့သော စစ်သားဟောင်းကြီးဖြစ်ပေသည်။ ၁၉၆၂ ခုနှစ်အထိ ဗိုလ်ကြီးအဆင့်နှင့်ပင် ပျော်ပျော်ရွှင်ရွှင် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ 'အဘရင်ဘတ်မှာလဲ ကြယ်





လုံးပွင့်နဲ့ စီနီယာကျလှပါရောလား။ စစ်သက် ဘယ်လောက်ရှိပြီလဲ'ဟု မေးကြည့်ခဲ့သည်။

စစ်သက်တော့ မမေးနဲ့ဟော့၊ အခု တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးကြီး သန်းစိန်ကို ငါပဲခေါ်လာပြီး တပ်ထဲသွင်းပေးရတာဟု ပြောလေတော့သည်။ အရာရှိအားလုံးကလည်း သူ့ကိုချစ်ကြသည်။ ထိုစဉ်ကပင် အသက်ငါးဆယ်ကျော်ပြီ။

ကလေးဆယ့်တစ်ယောက်ရှိသည်။ အကြီးဆုံးက သမီးဖြစ်၍ ကျန်ဆယ်ယောက်သောကလေးတွေကယောကျ်ားလေးချည်းဖြစ်သည်။အဖေအပါအဝင် ဘော်လုံးတစ်သင်းဖွဲ့လို့ရသည်ဟု ပြောစမှတ်ရှိသည်။

အငယ်ဆုံးသားလေးနို့မဖြတ်မီ အဘကွန်းကချီလျက် ခြံဝမှာရပ်နေလျှင် ကျွန်တော်တို့က မရိုးနိုင်သောနည်းနဲ့စကြနောက်ကြသည်။

အဘ မြေးလေးထိန်းနေတာလားဟုဆိုလေတိုင်း သူကလည်း တစ်ပုံစံတည်း တုံ့ပြန်သည်။

မအေ…ဟူ၍

သည်လိုပုဂ္ဂိုလ်ကြီးကို အငြိမ်းစားမယူမီ တိုင်းမှူးက ချီးမြှောက်လို၍ တိုင်းမှာပင် ဂျီတူး(စစ်ဆင်ရေး)နေရာလွတ်တွင် ခန့်လိုက်ပါသည်။ ဂျီဝမ်းကြီးက စစ်ဆင်ရေးကိစ္စတွေ ညွှန်ကြားချက် ထုတ်စရာရှိသမျှနှုတ်မှပြောတိုင်း ဗိုလ်မှူးကွန်း စာအုပ်ထဲမှာမှတ်ဟု အမြဲမှာရသည်။ အသက်ကြီးသူပီပီ မေ့တတ်သည်။ စစ်ဆင်ရေးနှင့် ထောက်လှမ်းရေးတာဝန်ယူရသောဂျီတူးဆိုတာ အချိန်နှင့်တစ်ပြေးညီ အလုပ်တွေ ဆယ်ဆက်သလို လုပ်ရသောနေရာဖြစ်ပေသည်။

တစ်နေ့မှာ တိုင်းမှူးကြီးခရီးစဉ်ရှိသည်။ စစ်ဆင်ရေးကိစ္စ ညှိစရာရှိ၍ ပဲခူးရိုးမထဲရှိ စစ်ဆင်ရေးလုပ်နေသော တပ်ရင်းမှူးနှစ်ဦးထံ သွားမည်။ ပြည်မြို့ရှိ တပ်ရင်း(-)ကိုဝင်မည်။ ပြီးလျှင်သံတွဲခလရ(-)သို့ သွားမည်။ ခလရ (-) ကျောက်ဖြူသို့သွားမည်စသည်ဖြင့် ဘာတောရဟာတ်ယာဉ်ကြီးနှင့်ခရီးစဉ်အရှည်ကြီး ဖြစ်သည်။

ဂျီတူးအဘကွန်းကလည်း သေသေချာချာမှတ်သား၍ ညွှန်ကြားချက် များ တိတိကျကျရေးကာ ကြေးနန်းနှင့်ပို့လိုက်ပါသည်။ တပ်ရင်းမှူးတစ်ဦးပြီး တစ်ဦးတွေ့ကာစစ်ဆင်ရေး ညွှန်ကြားချက်ပေးမည်ဖြစ်၍ အချိန်ကိုခန့်မှန်း၍ အချိန်ကိုသတ်မှတ်၍မရသော ခရီးစဉ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ
အလယ်ပိုင်းတိုင်း ဥက္ကဋ္ဌတိုင်းမှူးနှင့် တိုင်းခွဲ (၁၃)ရခိုင်တိုင်း၊ တိုင်းခွဲ(၁၄)
ပဲခူးတိုင်းအရာရှိများ။ ဒုတိယတန်း(ယာ-စွန်)-စာရေးသူ

အဘကွန်းပို့လိုက်သော ကြေးနန်းမှာ စစ်ဆင်ရေးကိစ္စညှိနှိုင်းရန် အောက်ပါအတိုင်း လာရောက်မည်၊ ရတခလရ (-)တပ်ရင်းမှူးရှိရာသို့ ဆင်းမည်။ နံနက်စာ စားလိုက စားမည်။

ရတခလရ (-)ရင်းမှူးရှိရာသို့ ဆင်းမည်။ နံနက်စာ စားလိုက စားမည်။

ခလရ(-)သို့ဆင်း၍ ရင်းမှူးနှင့်တွေ့မည်။ နံနက်စာ စားလိုကစားမည်။

ခလရ (-)သို့ ရောက်ရှိမည်။ ညအိပ်ရပ်နားမည်ဟူ၍ ပို့လိုက်သော ကြေးနန်းကို လက်ခံရရှိကြသော တပ်ရင်းမှူးများက ပဲခူးရိုးမပေါ်ရှိ စစ်ဆင်ရေးတပ်ကလည်း စစ်ဆင်ရေးနယ်မြေအလျောက် ပြည်၊ သံတွဲမြို့ရှိ တပ်များကလည်း မြို့အလျောက် နံနက်စာများနှင့် ကျောက်ဖြူ ခလရ (-)တွင် ညအိပ်ရပ်နားရန် အစီအစဉ်များ ပြုလုပ်ထားကြရသည်။

ထိုခရီးစဉ်အပြီးမှာ

'စားလိုက စားမည် ဂျီတူးကြီး' ဟူ၍ အမည်တွင်ပါလေတော့သည်။





## ဘာသဖွယ်

တော်လှန်ရေးကောင်စီအစိုးရ တက်လာသည့်အခါ မြန်မာပြည်တွင်းမှာ မဟာဗျူဟာလမ်းများ ဖောက်လုပ်ရန် စီမံချက်ချခဲ့သည်။

အင်္ဂလိပ်လက်ထက်က ဖောက်ခဲ့သော မူလရှိပြီးသား ကားလမ်း၊ ရထားလမ်းတို့မှာ အထက်အညာမှသယံဇာတပစ္စည်းများ ရန်ကုန်ဆိပ်ကမ်း-ပုသိမ်ဆိပ်ကမ်း-မော်လမြိုင်ဆိပ်ကမ်းများသို့ ရောက်ရှိရေးဦးစားပေးခဲ့ခြင်းဖြစ်သည်။

၁၉၆၂ ခုနှစ် ထိုအချိန်ထိုကာလ ဒေသတွင်းနိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးသည်တို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်ပြည်သူ့စစ်မဟာဗျူဟာကို အခြေခံဖို့ ရည်မှန်းချက်ထားခဲ့ကြသည်။

ထို့ကြောင့် မြန်မာပြည်ကို ခါးလယ်မှဖြတ်၍ အရှေ့အနောက် ကားလမ်း ဖောက်လုပ်ရန်နှင့် မွမ်းမံရန် စီမံချက်ချမှတ်ခဲ့ပေသည်။ ဥပမာ ပုလဲ-ဂန့်ဂေါလမ်း၊ တောင်ငူ-ပြည်လမ်း၊ ပန်းတောင်း-တောင်ကုတ်-သံတွဲလမ်း စသည်တို့ ဖြစ်ပေသည်။

ကျွန်တော်တို့တိုင်းနှင့်သက်ဆိုင်သည်က ပန်းတောင်း-တောင်ကုတ်လမ်းကြမ်းကိုတိုးချဲ့ဖောက်လုပ်ရန်နှင့် ပြည်-တောင်ငူလမ်းကို အသစ်ဖောက်လုပ်ရန် ဖြစ်သည်။ ပန်းတောင်း-တောင်ကုတ်-သံတွဲလမ်းမှာ တကယ့်လမ်းကြမ်းဖြစ်၍ ညောင်ဂျိုးအထိ ကျောက်တုံးကြီးများ ခင်းနေသည်ကို တိုင်းမှူးကြီးက ကိုယ်တိုင်သွားရောက် ကြည့်ရှုစစ်ဆေးမည်ဖြစ်သည်။

မင်္ဂလာဒုံမှပြည်သို့ ပထမအဆင့်သွားမည်။ သာယာဝတီ ခလရ(-)နှင့် ပြည်ခလရ(-)တို့တွင် စစ်ဆင်ရေးကိစ္စညှိမည်။ နောက်တစ်နေ့ပြည်မှ ဇရာဝတီမြစ်ကူးကာ ပန်းတောင်း-တောင်ကုတ်လမ်းကြမ်းကို ညောင်ဂျိုးအထိ သွားကြည့်မည်။ ညောင်ဂျိုးတောစခန်းတွင် ညအိပ်မည်ဖြစ်သည်။

တောင်ကုတ်မှ ယာဉ်တန်းထွက်သည်နှင့် လမ်းမှာသောက်စရာ ရေပင်နေရာတိုင်းမရှိ၊ ရေရှိရာနေရာတိုင်း အလုပ်သမားစခန်းများဖွင့်ထားကြရသည်။

ထို့ကြောင့် တိုင်းမှူးကြီးခရီးစဉ် အဆင်ပြေစေဖို့ တပ်ရင်းမှူးဒုဗိုလ်မှူးကြီး ချန်နီခိုင်က အသေးစိတ်စီမံပြင်ဆင်ထားသည်။ လမ်းမှာလက်ဖက်ရည်တန် လက်ဘက်ရည်၊ နံနက်စာတန်နံနက်စာ အဆင့်သင့်ချက်ပြုတ်ပြင်ဆင် ယူ... ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တန်းကြီးမထွက်မီ တိုင်းမှူးကြီးကလည်း သူ့အလေ့အကျင့်အတိုင်း ယာဉ်တန်းရှေ့နောက် လျှောက်ကြည့်သည်။ တိုင်းမှူးကြီး စီးရမည် ¾တန်ကား နှင့်တစ်စီးကျော်က ကားပေါ်မှာဆိတ်အရှင်တစ်ကောင်ကို ကြိုးနှင့်ချည်ထားသည်။ ကြက်ခြင်းထဲမှာလည်း ကြက်အရှင်ငါးကောင်တွေ့ရတော့ တိုင်းမှူးကြီးက တပ်ရင်းမှူးကို မေးလိုက်ပြီ။

'ဒီဆိတ်တွေ၊ ကြက်တွေကဘာလဲ၊ ညောင်ဂျိုးစခန်းမှာ မွေးဖို့လား' ဟု မေးလိုက်သည်။ ရိုးသားလွန်း၍တိုင်းမှူးကြီးကို မိဘလိုရိုသေသောတပ်ရင်းမှူးကြီးက လေးလေးစားစားဖြေသည်။

'လမ်းစခန်းမှာ ဘာမှမရှိလို့ တိုင်းမှူးကြီးကို ချက်ကျွေးဖို့ယူလာတာပါ' ဟု ဖြေသည်။

တိုင်းမှူးဗိုလ်မှူးချုပ်စိန်ဝင်းက ငွေသွားလေးပေါ်အောင်ပြုံးသည်။ ပြီးမှ 'ကျွန်တော် ဒါတွေ မစားပါဘူးဗျာ၊ ဗိုလ်မှူးရဲ့စေတနာကို ကျေးဇူးတင်တယ်၊ ကျွန်တော့်ကို ပဲဟင်းနဲ့ကျွေးပါ။ ဒီဆိတ်နဲ့ကြက်တွေကို ဒီဘေးကတော ထဲ ဘေးမဲ့လွှတ်လိုက်ပါ' ဟု ထားဝယ်သံ လေးလေးကြီးနှင့်အေးအေးလေးပြော လိုက်ပါတော့သည်။

သည်အခါမှာ တပ်ရင်းမှူးကြီးကလည်း 'ဟုတ်ကဲ့ ဟုတ်ကဲ့' ဟုသာ ပြောနိုင်တော့သည်။ တိုင်းမှူးကြီး တမင်ရပ်ကြည့်နေမှန်းသိ၍ ဆိတ်အရှင် တစ် ကောင်နှင့် ကြက်အရှင် ငါးကောင်ကို ချက်ချင်းကြိုးဖြေလွှတ်ပေးလိုက်ရပါသည်။

တိရစ္ဆာန်ကလဲ အသိရှိပေတာပဲ၊ ကြိုးဖြေပေးသည်နှင့် ဘေးမှတောအုပ် ထဲကိုဇွတ်တိုး၍ ဝင်သွားကြပါတော့သည်။

မြင်ရသူအားလုံးက ပြုံးနေကြသည်။

ကျွန်တော့်စိတ်ထဲမှာတော့ မိဘကို ပြုစုချင်သော သားတပည့်ကြီး၏ စေတနာကိုလည်းကောင်း၊ ပြုစုကျွေးမွေးသူလည်းငရဲမကြီးအောင် စားသူလည်း အကုသိုလ် မပွားရလေအောင် သံသရာအတွက်အရှည်တွေးရှာသောတိုင်းမှူးကြီး၏ စိတ်သဘာဝ ကိုလည်းကောင်း တွေးမိလေးစားနေမိရပါတော့သည်။

## ကောက်ရိတ်သိမ်းပြိုင်ပွဲ

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီတက်ရောက် လာပြီး မတ်လ ၂၃ ရက်နေ့တွင် တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထားကြေ







ပဲခူးတိုင်း ကောက်ရိတ်သိမ်းပြိုင်ပွဲ ကျင်းပအပြီးအင်းယားကန်ဟိုတယ်တွင် တောင်သူလယ်သမားကြီးများအား ညှော်ခံသော ညစာစားပွဲ၌ တော်လှန်ရေးကောင်စီဝင်တိုင်းမှူး ဗိုလ်မှူးချုပ်စိန်ဝင်း မိန့်ခွန်းပြောကြားစဉ်။ နောက်ကရပ်လျက်-စာရေးသူ။

...ာချက်ကို ထုတ်ပြန်လိုက်သည်။

ပါလီမန်ဒီမိုကရေစီစနစ် အားနည်းမှုကြောင့် ဆိုရှယ်လစ်စီးပွားရေးစနစ် ကို ဦးတည်ကြောင်းကြေညာသည်။

တော်လှန်ရေးကောင်စီ၏ ပေါ်လစီအနေဖြင့် တောင်သူလယ်သမား၊ အလုပ်သမားကို ဦးစားပေးမည်ဖြစ်ကြောင်း ပေါ်လစီချပြသည်။

သည့်နောက်မှာတော့ ခေတ်နှင့်အခါနှင့်ပေါ်လစီနှင့်အညီ တောင်သူ လယ်သမားများ၊ အလုပ်သမားများဘဝ ခေါင်းပုံဖြတ်ခံဘဝမှ ရုန်းထွက်နိုင်ရေး၊ ...ဝမြှင့်တင်ပေးရေးလှုပ်ရှားမှုများ တစ်ပြည်လုံးမှာပေါ်ထွန်းလာပေတော့သည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ပဲခူးတိုင်းနှင့်ရခိုင်တိုင်းပါဝင်သည်။ ...ဝံတော်၏စပါးအိုးဖြစ်သော ပဲခူးတိုင်းသည်အမိကအခန်းမှ ပါဝင်လာ...ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ ခုနှစ် မိုးရာသီမှ စိုက်ပျိုးထွက်ရှိမည့်စပါးသီးနှံများ ရိတ်သိမ်းပွဲကို တိုင်းအသီးသီးတွင်ကျင်းပကြသည်။ စပါးအိုးဖြစ်သောပဲခူးတိုင်းကလည်း တောင်ငူ၊ ပဲခူး၊ ဟံသာဝတီ၊ အင်းစိန်၊ သာယာဝတီ၊ ပြည် ဟူသောခြောက်ခရိုင်ကို ပြိုင်ပွဲ ကျင်းပရမည်ဟု တိုင်းမှူးကြီးကမှာချမှတ်ပေးသည်။

ခရိုင်အသီးသီးတွင် မြို့နယ်အလိုက်ပြိုင်ပွဲများ ကျင်းပကြသည်။ ထိုသို့ ကျင်းပပြီး ခရိုင်လက်ရွေးစင်များကိုတိုင်းကောက်ရိတ်သိမ်းပြိုင်ပွဲသို့ စေလွှတ်ပါ ဝင်ယှဉ်ပြိုင်စေကြသည်။

ဟံသာဝတီခရိုင်၊ သုံးခွမြို့နယ်တွင် တိုင်းပြိုင်ပွဲကျင်းပရန် လျာထားသည်။ ထိုအချိန်က ခလကဥက္ကဋ္ဌမှာ ဒုဗိုလ်မှူးကြီးလှမိုး(ခလရ -) ဖြစ်သည်။ စပါးစိုက် ပျိုးရေးဌာနအနေဖြင့် ပဲခူးတိုင်းကိုနှစ်ပိုင်းခွဲထားသည်။ ပဲခူးအရှေ့ပိုင်းတိုင်း စိုက်ပျိုး ရေးဝန်မှာဦးဘိုဖြစ်၍ အနောက်ပိုင်းတိုင်းစိုက်ပျိုးရေးဝန်မှာ ဦးလှဖော်ဆိုသူဖြစ်ပေ သည်။ ခလကဥက္ကဋ္ဌကြီးနှင့်ခရိုင်စိုက်ပျိုးရေးဝန်တို့က အသေးစိတ်ပြင်ကြဆင်ကြ သည်။ အစီအမံများပြုလုပ်ရသည်။ တိုင်းစိုက်ပျိုးရေးဝန် ဦးဘိုနှင့်ကျွန်တော်က တိုင်းအနေနှင့်စီမံရသည်။

၁၉၆၂ခုနှစ်၊ ဒီဇင်ဘာလ၂၃ ရက်နေ့နံနက်မှာ ပဲခူးတိုင်းကောက်ရိတ်သိမ်း ပြိုင်ပွဲကျင်းပသည်။ တိုင်းမှူးဗိုလ်မှူးချုပ်စိန်ဝင်း၊ ဒုတိုင်းမှူးဗိုလ်မှူးကြီး အောင်ဖေ စသည့်လူကြီးများက နံနက်စောစော သံလျင်ဘက်ကမ်းသို့ကူးသွားကြသည်။ ပြိုင်ပွဲဝင်လယ်သူမကြီးများကို ကျွန်တော်နှင့်ဗိုလ်ကြီးမင်းနောင်ဦးစီး၍ နှစ်ထပ် သင်္ဘောကြီးဖြင့် သံလျင်ဘက်ကမ်းသို့ပို့ဆောင်ပေးရသည်။

တောင်ငူခရိုင်နှင့်ပြည်ခရိုင်က ကောက်ရိတ်သမကြီးများက နှစ်ထပ် သင်္ဘောကြီးဖြင့် သံလျင်သို့ကူးရသည်ကို အပျော်ကြီးပျော်နေကြသည်။ သံလျင် ဘက်ကမ်းမှတိုင်းမှူးကြီးနှင့်အရာရှိကြီးများကလက်တွေ့ဖေ့ယမ်းကြိုဆိုနေကြသည်။

သည်အချိန်မှာ ကျွန်တော်တို့ပြဿနာဖြစ်ရပြီ။ နှစ်ထပ်သင်္ဘောပေါ်မှ ကိုယ့်ခရိုင်အလိုက်နေရာချပေးထားပါလျက် သင်္ဘောတစ်ဖက်သို့ စုပြုံလာကြက တိုင်းမှူးကြီးအား လက်တွေ့ဖေ့ယမ်းနှုတ်ဆက်ကြလေတော့သည်။

တိုင်းမှူးကြီးက စိုးရိမ်တကြီးနှင့် လက်ညှိုးထိုးပြီး လှမ်းပြောနေသည် ဘာတွေပြောမှန်း ကျွန်တော်မကြားရ။ လယ်သူမကြီးများ အသံဆူညံနေသည် သင်္ဘောစလင်ကပြောမှသိရသည်မှာ သင်္ဘောကြီးတစ်ခြမ်းစောင်းနေပြီ။ တစ်ဖက်





ညည်းကိုစုပြုံလာရောက်နှုတ်ဆက်နေကြသည်ကိုး။

သင်္ဘောကြီး မှောက်များသွားမှဖြင့်…

ကံကောင်းထောက်မစွာပဲ သင်္ဘောကြီးဘေးကင်းစွာ ကမ်းကပ်မိသွား သည်။ သည်တော့မှ သူ့အဖွဲ့နှင့်သူ့ကား သတ်မှတ်သည့်အတိုင်းသုံးခွမြို့သို့ ချီတက် ကြရသည်။

ကောက်ရိတ်သိမ်းပြိုင်ပွဲကို အစီအစဉ်အတိုင်း စနစ်တကျကျင်းပနိုင်ခဲ့ သည်။ တော်လှန်ရေးကောင်စီဝင်များဖြစ်ကြသော လယ်ယာနှင့်သစ်တောတာဝန်ခံ ဗိုလ်မှူးချုပ်တင်ဖေနှင့် လပကတိုင်းမှူးဗိုလ်မှူးချုပ်စိန်ဝင်းတို့ တက်ရောက်ကြသည်။ ပြိုင်ပွဲမျိုးစုံဖြစ်၍ အနိုင်ရရှိသူများကိုဌာနတာဝန်ခံနှင့်တိုင်းမှူးတို့အပြင် ခလက ဥက္ကဋ္ဌများ တလကအဖွဲ့ဝင်များဆုတွေပေးသည်။ သာယာဝတီခရိုင်က ပထမ၊ အင်းစိန်ခရိုင်က ဒုတိယရရှိကြသည်။

## လေ့လာရေး

ထိုညတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် လာရောက်ပြသသော ရေခဲပြင်လျှောစီး အကဆန်းကို အောင်ဆန်းကွင်းမှာကြည့်ကြရသည်။ ရန်ကုန်သူ ရန်ကုန်သားများပင် မကြည့်ဖူးကြသောရေခဲပြင်လျှောစီးအက ဖြစ်ပေသည်။

အောင်ဆန်းကွင်းထဲမှာ ရေခဲပြင်ကြီးဖြစ်အောင် ဓာတုဗေဒနည်းနှင့် ပြုလုပ်ဖန်တီးထားကြသည်။ ရန်ကုန်မြို့၏ဆောင်းညက ရေခဲလောက်အောင် အေးသည်မဟုတ်။

သို့သော် ရေခဲပြင်ကြီးက ထူးဆန်းစွာဖြစ်ပေါ်နေသည်။ သည်လို လူလုပ် ရေခဲပြင်ပေါ်တွင်ဂါဝန်တိုလေးများနှင့်ခြေထောက်မှာလျှောစီးဖိနပ်(စကိတ်)လေးများ စီးကာ ဘဲလေးအက ကကြခြင်းဖြစ်ပေသည်။

တောင်သူလယ်သမားကြီးများ တအံ့တဩနှင့် ရင်သပ်ရှုမောကြည့်ရှုကြ ရပေသည်။

နောက်တစ်နေ့တွင် အင်းစိန်ရှိ သံရည်ကျိုစက်ရုံ၊ ဆေးဝါးစက်ရုံ၊ ပုလွှော်စက်ရုံ၊ ချည်မျှင်နှင့်အထည်စက်ရုံတို့ လေ့လာကြရသည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်ညမှာတော့(ဟိုစဉ်က)အခမ်းနားဆုံး ဖြစ်သော အင်းယားလိပ်ဟိုတယ်မင်္ဂလာခန်းမကြီး၌ညစာစားပွဲနှင့်ဆုပေးပွဲကျင်းပသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီညဒီနေရာမှာ ဒီလိုအခမ်းအနားနှင့်ဆုပေးလိုကြောင်းလည်း တိုင်းမှူး ကြီးက တစ်ပတ်အလိုမှာပြောခြင်းဖြစ်သည်။ ထိုအချိန် အင်းယားလိပ်ဟိုတယ်ကျွ ဂျပန်အကအဖွဲ့မှ မပေါ့တပေါ်အကအဖွဲ့ရောက်နေသည်။ တစ်နှစ်ကြို၍ စီစဉ်ထာ ခြင်းဖြစ်၍ ဟိုတယ်မန်နေဂျာဗိုလ်မှူးမျိုးလှ(ထင်သည်)က အစီအစဉ်ဖျက်မပေ နိုင်ဆို၍ ကျွန်တော်တို့ အခက်ကြုံကြရသည်။ သူငယ်ချင်းဗိုလ်ကြီးထွန်းလွင်နှ ကျွန်တော်တို့ အကြိမ်ကြိမ်သွားပြောလည်းမရသည်အဆုံး တိုင်းမှူးကြီးကိုယ်တို (ဝန်ကြီးအဆင့်) တာဝန်ခံဖြစ်သော ဗိုလ်ချုပ်တီကလစ်ထံ ဖုန်းဆက်ပြောမှ ဆုပေ ပွဲကျင်းပခွင့်ရခြင်းဖြစ်ပါသည်။

ဆုပေးပွဲတွင် ကျွန်တော်က အခမ်းအနားမှူးတာဝန်ယူရပါသည်။ တိုင် မှူးကြီး မိန့်ခွန်းပြောကြားရန်ပန်ကြားလိုက်ရာ တိုင်းမှူးကြီးက စင်မြင့်လေးပေါ် တက်လာသည်။

တော်လှန်ရေးကောင်စီလက်ထက်တွင် တောင်သူလယ်သမား၊ အလုပ် သမား၊ အကျိုးစီးပွားကို ဦးစားပေးလျက်ရှိကြောင်း၊ လယ်သမား၊ အလုပ်သမ တို့သည် အဖိနှိပ်ခံ လူတန်းစား မဟုတ်တော့ကြောင်း ဦးစွာရှင်းပြသည်။

တောင်သူလယ်သမားကြီးများ ကြည့်ရှုလေ့လာခဲ့ရသော စက်ရုံများ၊ အလုပ်ရုံများသည်လည်း ပြည်သူလူထု အပိုင်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ ဤအင်းယားက ဟိုတယ်ကြီးကို ရုရှားပညာရှင်များက ဆောက်လုပ်ပေးသည်ဆိုခြင်းမှာ မှန်က ကြောင်း၊ မြန်မာနိုင်ငံကလည်း တူညီသော တန်ဖိုးရှိသည့် ဆန်များကို လက်ဆော အဖြစ် ပြန်လည်ပေးပို့ခဲ့ကြောင်း၊ ထို့ကြောင့် ဤဟိုတယ်သည် တောင်သူဦးကြီ တို့ ပိုင်သောဟိုတယ် ဖြစ်သည်ဟု သိထားရန်လိုကြောင်း၊ တစ်လုံးချင်း ရှင်းလင် စွာ ပြောကြားလိုက်သောအခါ တောင်သူဦးကြီးတို့၏ လက်ခုတ်သံသည် ဘဝ သို့ လျံတက်သည့်နှယ် ဟိန်း၍ ထွက်ပေါ်လာပေတော့၏။

သည်တော့မှသည်နေရာမှာ သည်စကားပြောချင်၍သည်ည ဆုပေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ကျွန်တော်တို့လည်းသဘောပေါက်ကြရပါ၏။ နောက်နေ့ နံနက်ထုတ်သတင်းစာများတွင် ထိုသတင်းများ အကျယ်တဝင့်ဖော်ပြပါရှိလာ လေတော့သည်။





သမဝါယမ ရွာ

ဆိုရှယ်လစ်စနစ်ကို တည်ထောင်ရေးအတွက် ပုဂ္ဂလိကပိုင်ဆိုင်မှု အခန်း ကဏ္ဍကိုဖျက်သိမ်းရန် အဓိကဖြစ်သည်ဟူသော သဘောတရားကို စတင်အကောင် အထည်ဖော်ကြရသည်။

အခြေခံကျ၍လူတန်းစားမှန်ကန်သော တောင်သူလယ်သမားများ၏ စီးကာကုန်ထုတ်လုပ်မှုနယ်မြေဖြစ်သော ပဲခူးတိုင်းတွင် စတင်စမ်းသပ်ရန် လယ်ယာ စိုက်ပျိုးရေး(ဝန်ကြီး)ဌာနနှင့် သမဝါယမ(ဝန်ကြီး)ဌာနတို့မှ မူဝါဒချမှတ်သည်။ လယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေဖြစ်၍ တိုင်းမှူးဦးစီးသော တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ကွပ်ကဲမှုဖြင့်ခရိုင်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီက တာဝန် ယူ ဆောင်ရွက်ရသည်။

သွားလာဆက်သွယ်မှု လွယ်ကူသော ဝေါမြို့နယ်ကို ရွေးသည်။ အမရ ရွာ၊ စည်ပင်ရွာ၊ ကမာကလစ်ရွာနှင့် ခင်တန်းကြီးရွာတို့ကို စံပြသမဝါယမရွာ တည်ထောင်ရန် အခြေအနေပေးသည်။ အထက်ဌာန အဆင့်ဆင့်မှလည်း သဘောတူ ညီမှုရရှိသည်။

ခလကဥက္ကဋ္ဌတာဝန်ယူထားရသော ရှမ်း(-)တပ်ရင်းမှူးနှင့် အရာရှိများ က ကွင်းဆင်းရသည်။ စိုက်ပျိုးဧကနှင့် တောင်သူလယ်သမားများနှင့် လယ်ယာ လုပ်သားများ စာရင်းပြုစုရသည်။ သမဝါယမစနစ်နှင့်စိုက်ပျိုးထုတ်လုပ်ရေးအတွက် အသေးစိတ်စီမံချက်များရေးဆွဲရသည်။ စိုက်ပျိုးရေးအရာရှိနှင့် သမဝါယမအရာရှိ များ၊ တပ်ခွဲမှူးများ၊ ကျေးရွာနှင့်လယ်တောမှာ လှည့်လည်နေကြရတော့သည်။ ကျေးရွာလေးရွာအနက်အမရရွာမှ ဦးမြထွန်းဆိုသူမှာကျေးရွာတွင် ဦးဆောင်ဦးရွက် ပြုနိုင်သူဖြစ်ပေသည်။ နလကဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာ အရာရှိများနှင့်တစ်ပူးတွဲတွဲ လို့ရသည်။ နှိုင်းရသည်။ ပြင်ဆင်ရသည်၊ ပြုစုရသည်။ ရွာသားတွေကို အသေး စိတ်ပြန်လည်ရှင်းပြကြရသည်။ သမဝါယမစနစ်နှင့်စုပေါင်းစိုက်ပျိုးရေး၊ စုပေါင်း တာဝန်ယူရေး၊ စုပေါင်းမျှဝေခံစားရေးတို့ကို တောင်သူတစ်ဦးချင်းသဘောပေါက် အောင်ရှင်းပြရ၊ စီမံရသည်က ခရိုင်မြို့နယ်အဆင့်မှာ တကယ့်ကိုလက်ဝင်သော အလုပ်ဖြစ်ပေသည်။

နောက်ပိုင်းမှာ ကျေးရွာမှကိုယ်စားလှယ်များနှင့်ခရိုင်၊ မြို့နယ်တို့ ညှိကြသည်။ ရွာလေးရွာတာဝန်ခံ ဦးမြထွန်းက ပဲခူးမြို့ရှိ ခလကဥက္ကဋ္ဌ ဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



လှမောင်ရုံးခန်းမှာ တက်ညှိရသည်။

ခလက အတွင်းရေးမှူးခေါ်လာ၍ ကျွန်တော်ရုံးခန်းသို့ ရောက်လာသည့် အခါ ကျွန်တော်က ခေတ္တစောင့်ခိုင်းပြီး တိုင်းမှူးကြီးထံသတင်းပို့ထားရသည်။ တိုင်းမှူးကြီးစစ်ဆင်ရေးကိစ္စများညှိဆဲမို့ နံနက်စာကျွေးထားရသည်။ နေ့လယ်မှ တိုင်းမှူးကြီးနှင့်တွေ့ရသည်။ ပြောပုံဆိုပုံ ကျေးရွာအပေါ်စေတနာထားပုံတို့မှာ သိသာပါသည်။

သည့်နောက် စံပြသမဝါယမရွာအဖြစ် တည်ထောင်ရန်အရိုန်ရလာသော အခါမှာ အမရရွာလူကြီး ဦးမြထွန်းကို လယ်ယာစိုက်ပျိုးရေးဌာန တာဝန်ခံရုံးမှ ခေါ်တွေ့သည်။ တော်လှန်ရေးကောင်စီခေတ် တောင်သူဦးကြီးများကို နေရာပေးလာကြပြီမို့ ကျေးရွာမှလယ်သမားကြီး ဦးမြထွန်း၊ တိုင်းမှူးရုံးမှတစ်ဆင့် ဝန်ကြီးရုံး အထိ ပေါက်ရောက်သွားတော့သည်။

ထိုအခါမှာ မြို့နယ်၊ ခရိုင်အဆင့်မှ တာဝန်ရှိသူများသည် ဦးမြထွန်းနှင့် မတွေ့ကြရ။ ဦးမြထွန်း၏ လက်ထောက်များနှင့်သာ အသေးစိတ် စီမံပြင်ဆင်ရတော့ သည်မို့ ဝန်ကြီးရုံးအထိပေါက်ရောက်သွားသော ဦးမြထွန်းအပေါ် အမြင်မကြည် လင်ကြတော့ပေ။

ခကလဥက္ကဋ္ဌကြီးကသာ လူကြီးပီပီ လူငယ်တွေသဘောပေါက်အောင် အမြင်မစောင်းအောင် ဖျောင်းဖျရှင်းပြထားရသည်။

သည်လိုနှင့် တော်လှန်ရေးကောင်စီခေတ် စံပြသမဝါယမကျေးရွာများ အဖြစ် ပဲခူးတိုင်း၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်မှ အမရ-ကမကလစ်-စည်ပင်-ခင်တန်း ကြီးရွာတို့ဘဝပြောင်းကာ ခေတ်ပြောင်းတော်လှန်ရေးသမိုင်းမှာ ပါလာကြပေ တော့သည်။

## လုံခြုံရေး

ပဲခူးရိုးမဒေသတွင် ဗကပများလှုပ်ရှားသလို ကွင်းဒေသမှာလည်း ကေအင်ဒီအိုများကြီးစိုးသောခေတ်ဖြစ်၍ လုံခြုံရေးကိစ္စ အထူးဦးစားပေးခဲ့ကြ ရပါသည်။

ခရိုင်တာဝန်ခံ တပ်ရင်းမှူးကြီးခေါင်းရှုပ်နေချိန်မှာ တိုင်းမှူးကြီး ဗိုလ်မှူး ချုပ်စိန်ဝင်းက ခေါင်းအေးအေးလေးနှင့်စီမံပေးသည်။ စစ်ရေးအမြင်နှင့်အတွေ့





အကြံ့က စကားပြောသည်။

သမဝါယမရွာတွေမှာ တပ်စိတ်အဆင့်သာထားရှိပြီး အနောက်ဘက် ပဲခူးရိုးမနှင့်ရထားလမ်းအကြားတွင်လည်းကောင်း၊ အရှေ့ဘက်တွင် စစ်တောင်းမြစ် အထိလည်းကောင်းတပ်တွေကို ဆန့်ထုတ်ထားစေသည်။

လက်ဝှေ့ထိုးသလိုပေါ့ဗျာ၊ လက်ကိုဆန့်ပြီးထုတ်ထားရင်တစ်ဖက်လူက ကိုယ့်နားကပ်လို့မရဘူး၊ အဝေးက လှမ်းထိုးလည်း ကိုယ့်မထိဘူး၊ ကိုယ့်လက်ကို ကွေးထားရင် လူချင်းပူးပြီး အထိုးခံရလိမ့်မယ်၊ တပ်တွေကို ရဲရဲသာဖြန့်ခွဲပြီး ဆန့်ထုတ်ထား၊ ရွာလုံခြုံရေးတော့ ဒီပွဲအပျက်မခံနိုင်တဲ့ ရွာသားတွေက တာဝန် ယူသွားကြလိမ့်မယ်ဟူသော သဘောတရားကို အောက်ခြေအထိ နားလည်အောင် ရှင်းပြရင်းလုံခြုံရေးကို ယူစေသည်။

တော်လှန်ရေးကောင်စီဝင်များဖြစ်သော ဌာနတာဝန်ခံနှင့် တာဝန်မှူးတို့ အပါအဝင်အရေးကြီးပုဂ္ဂိုလ်များတက်ရောက်သော စံပြသမဝါယမကျေးရွာဖွင့်ပွဲမှာ လုံခြုံအေးချမ်းစွာ ခြိမ့်ခြိမ့်သဲကျင်းပနိုင်ခဲ့ပါ၏။

လိုအပ်သလောက် တပ်အင်အားထက် ပိုမသုံးရဘဲထိရောက်စွာလုံခြုံရေး ယူနိုင်ခြင်းမှာ ငယ်စဉ်က လက်ဝှေ့သမားဖြစ်ခဲ့သော တိုင်းမှူးကြီး၏ တပ်အခင်း အကျင်း သီဝရီကြောင့်ပါတည်း။

## ကျောက်မျက်ရတနာ ပြပွဲ

ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရန် ဦးတည်ချက် ထားပြီး ခေတ်ပြောင်းတော်လှန်ရေးကိုဆင်နွှဲနေသော လမ်းစဉ်ပါတီခေတ်ကာလ ဖြစ်သည်။

ဆိုရှယ်လစ်စီးပွားရေးစနစ်ဖော်ဆောင်ရာတွင် မြေသယံဇာတ၊ ရေသယံ ဇာတအားလုံး နိုင်ငံတော်က ပိုင်ရမည်ဟူသောမူကို လက်ကိုင်စွဲကြရသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏မြေသယံဇာတဖြစ်သော တွင်းထွက်ရတနာ ကျောက်သံပတ္တမြားအားလုံး နိုင်ငံတော်ကပိုင်သည်။

ကုန်သွယ်ရေးဝန်ကြီးဌာန၏ ကော်ပိုရေးရှင်းအမှတ် (၁၉)က တာဝန်ယူ ရသည်။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဦးကိုကြီး(ဗိုလ်သင်တန်း-၁) ဖြစ်သည်။

ကျောက်သံပတ္တမြားများအားလုံး ပုလဲအပါအဝင်ကို နိုင်ငံတော်[illegible]ရမှ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူ၍ လေလံတင်ရောင်းချမှုကို ထိုစဉ်အချိန်ကစတင်ခဲ့သည်။

ကျောက်မျက်ရတနာပြပွဲ Gems Emporium ခေါ် လေလံပွဲကို အင်းယားလိပ်ဟိုတယ်တွင် ကျင်းပပါသည်။ ရတနာများကို အုပ်စုသုံးစုခွဲသည်။

ကျောက်မျက်ရတနာ

ကျောက်စိမ်းရတနာ

ပုလဲရတနာ ဟူ၍ ခွဲသည်။

ကျောက်မျက်ရတနာပြပွဲဆပ်ကော်မတီ (ပတ္တမြား၊ နီလာ၊ မိုးကုတ်ကျောက်မျိုးစုံ)ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဇော်ဝင်းက တာဝန်ယူရသည်။ ဦးစီးအရာရှိ ကျွန်တော်ကလည်း အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့ရပါသည်။

ကျွမ်းကျင်မှုပညာရှင်မှာ မိုးကုတ်မှဆရာကြီး ဦးသိန်းလွင် (ယခုအသက်ကိုးဆယ်ကျော်ရှာမည်) ဖြစ်သည်။ ရတနာကျောက်များအကြောင်း ကောင်းစွာကျွမ်းကျင်သည်။ နားလည်သည်။ အရည်အသွေး အကဲဖြတ်တတ်သည်။ ထိုကော်ပိုရေးရှင်းတွင် ဂျပန်နိုင်ငံမှ ပညာသင်လာသော ဦးလှသိန်း(နောင် ဦးဆောင်ညွှန်ကြားရေးမှူး) ဆိုသူလည်းရှိသည်။ ဦးမောင်မောင်အုန်း၊ ဦးအုန်းမြင့်၊ ဦးစံဝင်း၊ ဦးကျော်မင်းတို့လည်း ရှိကြသည်။




အင်းယားကန်ဟော်တယ်တွင်ကျင်းပသော
မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ လေလံတင်ပွဲ ကျင်းပနေစဉ်
ဒုဗိုလ်မှူးကြီးစိန်ဝင်း၊ ဗိုလ်မှူးကြီး ဇော်ဝင်း၊ စာရေးသူနှင့် ဦးဝင်းဖေ(တက္ကသိုလ်မြဖေ)





စက်ဘီးနောက်မီးက မှန်ဝိုင်းနီနီကိုပင် ပတ္တမြားလား ထင်မှားရအောင် ကျွမ်းကျင်မှုမရှိသူက ကျွန်တော်တစ်ဦးတည်းသာ ပါသည်။ လုံခြုံရေးကို အဓိကတာဝန်ယူရပါသည်။

ကျွန်တော်တို့ ဆပ်ကော်မတီဝင်များ နှစ်ယောက်တစ်တွဲ (၂၄ နာရီ) တာဝန်ယူ စောင့်ကြရသည်။ ပြပွဲနီးလာချိန်မှာတော့ နံနက် ၈ နာရီမှ ည ၁၀နာရီလောက်အထိ ပြင်ကြဆင်ကြရင်း အချိန်ကုန်ရသည်။

လေလံပွဲမစမီ VIP ပွဲ၊ Press Show ပွဲ၊ သံတမန်ပွဲတွေ ပြရသည်။

ပြပွဲလာသူတွေကမေးလျှင် ပတ္တမြား၊ နီလာတွေတော့ကျွန်တော်သိပါ၏။ အခြား ရောင်စုံကျောက်တွေကို ကျွန်တော် ခွဲခြားမသိ၍ခက်လှသည်။

ဥပမာ- ကျောက်စိမ်းအစိမ်းရောင် ဖျော့ဖျော့တစ်မျိုးကို ပြောင်ခေါင်းစိမ်း Peridot ဟု ခေါ်သည်။ အညိုရောင်၊ အဝါရင့်၊ အဝါနုရောင်တွေ အဖြူရောင်တွေလည်းရှိသေးသည်။ လာကြည့်သူတွေက ဒီဟာဘာလဲ၊ ဟိုဟာဘာလဲဟု မေးတိုင်းကျွန်တော့်မှာ အခက်ကြုံရသည်။

အထူးတာဝန်ကြီးသည်က ကုန်သည်များကို လေလံမတင်မီ ကြည့်ရှုခွင့်ပြုသောရက်များမှာဖြစ်သည်။ နံနက်တစ်ကြိမ်၊ မွန်းလွဲတစ်ကြိမ်ရတနာတွေကို ကြည့်သည်။ စိတ်ဝင်စားသောရတနာတွဲကို ထပ်တလဲလဲကြည့်သည်။ တစ်လုံးချင်းကို မှန်ဘီလူးနှင့်ကြည့်ကြသည်။ ကြမ်းခင်းဈေးနှင့်သူတို့ ပြန်ရောင်းရနိုင်မည့်ဈေးကိုတွက်ကြသည်။ ထိုသို့ကြည့်ရှုမှတ်သားတွက်ချက်ပြီး စီးပွားရေး တွက်ခြေကိုက်မည့်ရတနာကို လေလံပွဲနေ့မှာဈေးပြိုင်လာဆွဲကြတော့သည်။

ကမ္ဘာ့ပြပွဲအချို့မှာ ရတနာကုန်သည်က ကျောက်တွေကို သေချာကြည့်သည်၊ မှတ်သားသည်၊ တစ်ရက် နှစ်ရက် သုံးရက်ကြည့်ရင်း အလုံးတူ အရွယ်တူ အသွေးတူ ကျောက်အတုနှင့် ဘယ်အချိန်လဲယူသွားမှန်းမသိအောင် ပိပိရိရိခိုးယူမှုကြောင်း လူကြီးများကပြောပြမှာကြားထား၍ ကျွန်တော်တို့မှာ ကုန်သည်တစ်ဦးကို အဖွဲ့ဝင်တစ်ဦးကပ်၍ ပြူးပြဲကြည့်နေရသည်။

မျက်စိလည်း မခွာရဲ၊ အပေါ့အပါးမသွားရဲ။ အချိန်ပြည့် စူးစိုက်ကြည့်နေရသည်။

တကယ့်လေလံပွဲမှာတော့ ဗိုလ်မှူးကြီးဇော်ဝင်းရယ်၊ ဒုဗိုလ်မှူးကြီးစိန်ဝင်းရယ်၊ ကျွန်တော်ရယ်ကလေလံခန်းမစားပွဲပေါ်မှာကြီးကြပ်သူအဖြစ် နေရာ



www.burmeseclassic.com

www.burmeseclassic.com



ယူရသည်။ လမ်းစဉ်ပါတီခေတ်ကအဦးအစ ကျောက်မျက်ပြပွဲ(လေလံပွဲ)မှ ခမ်းနားမှု မရှိလှ။ ဓာတ်ပုံကို ဖော်ပြထားပါသည်။

လေလံတင်ပွဲကို ကြေညာသူအဖြစ် ဆရာဦးဝင်းဖေ(ဆရာမြဖင်)က ဆောင်ရွက်သည်။ အင်္ဂလိပ်စကားကျွမ်းကျင်သလို လေလံဆွဲမည့်ကုန်သည်တွေကို စိတ်ဝင်စားအောင် ဆွဲဆောင်မှုရှိရှိ ဖိတ်ခေါ် ကြေညာသွားပုံကို အထူးပင် အားကျ မိခဲ့ရပါသေးသည်။

ဤသို့လျှင် ထိုခေတ်ထိုအခါက ကျောက်မျက်ရတနာပြပွဲ Emporium မှာ သုံးနှစ်ဆက်၍ တာဝန်ယူခဲ့ရပုံကို ယခုတိုင်မှတ်မိနေဆဲသာ ဖြစ်ပါ၏။

## မှတ်ဉာဏ်ကောင်းသော ရဲကြီး

ပဲခူးတိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတွင် တိုင်းမှူးကြီးက ဥက္ကဋ္ဌ၊ ဒုတိယတိုင်းမှူး၊ တိုင်းမင်းကြီးနှင့်ရဲမင်းကြီးတို့က အဖွဲ့ဝင်ဂျီဝမ်းကြီးက အတွင်းရေးမှူး ကျွန်တော်က တွဲဖက်အတွင်းရေးမှူးအဖြစ် ရုံးအဖွဲ့ကို တာဝန်ခံကွပ်ကဲ ရသည်။

တိုင်းမင်းကြီးရုံး၊ ရဲမင်းကြီးရုံးတို့နှင့် လုပ်ငန်းများဆက်စပ်ဆောင်ရွက် ပေးရသည်။ ဥပမာ ရဲမှူးခင်းကြီးဆိုင်ရာများ တိုင်းမင်းကြီးရုံးမှ ကျေးလက်ဒေသဖွံ့ဖြိုး ရေးကိစ္စများတို့ကို တလကအနေနှင့်ခရိုင်များနှင့် ဆက်စပ်ဆောင်ရွက်ပေးရသည်။

ပဲခူးတိုင်းအတွင်းရှိ ရဲအရာရှိများ အဆင့်တိုးမြှင့်ပေးရေးအတွက် လူတွေ့ စစ်ဆေးမှုပြုလုပ်၍ အကဲဖြတ်အမှတ်ပေးရန် အစီအစဉ်ရှိနေကြောင်း ရဲမင်းကြီးက ပုံမှန်စည်းဝေးပွဲမှာ တင်ပြလာသည်။

တိုင်းရဲမင်းကြီးရယ်၊ ခရိုင်ရဲဝန်တစ်ယောက်ရယ် ကျွန်တော်ရယ် သုံး ယောက်ပါဝင်သော အဖွဲ့ဖွဲ့၍ လူတွေ့စစ်ဆေးမှုပြုလုပ်ရန် စည်းဝေးပွဲမှ ဆုံးဖြတ် ပေးသည်။

တိုင်းရဲမင်းကြီး ဦးသိန်းမောင်(ကျွန်တော့အဖေနှင့် ဆပ်ကျောင်းတစ်ပတ် တည်းဆင်း)၊ ခရိုင်ရဲဝန် ဦးခင်မောင်လွင်နှင့် ကျွန်တော်တို့ လူတွေ့စစ်ဆေးမှုပြုလုပ် ကြရမှုလုပ်သက်ကြာ ရာထူးယော်ပုဂ္ဂိုလ်များ အများအပြားရှိကြောင်းတွေ့ရပါသည်။

အသက်ကြီးကြီး ရဲအရာရှိတစ်ဦးအလှည့်မှာ ခပ်မှန်မှန်အိဖြေ့ရရ လျှောက်ဝင်လာသည်။ သတ်မှတ်ထားသောကုလားထိုင်မှာဝင်ထိုင်သည်။ (ထိုပုဂ္ဂိုလ် နာမည် ဦးလှဖေဟု ထင်သည်၊ နှစ်ပေါင်းကြာ၍ အတိအကျမမှတ်မိပါ)။





တိုင်းရဲမင်းကြီးက စမေးသည်။

ဦးလှဖေ အသက် ဘယ်လောက်ရှိပြီလဲ။

ငါးဆယ့်သုံးနှစ် ရှိပါပြီ။

ကျန်းမာရေး ကောင်းသလား။

ကောင်းပါတယ်။

မှတ်ဉာဏ်ရော ငယ်ငယ်ကလို ကောင်းသေးလား။

ငယ်ငယ်ကလောက် မှတ်ဉာဏ် မကောင်းတော့ဘူး၊ နည်းနည်းမေ့တတ် လာတယ်။

ကဲ ဒါဖြင့် ဒီမှာထိုင်နေတဲ့ ဗိုလ်ကြီးကို သေသေချာချာ ကြည့်စမ်းပါ၊ ဘယ်သူလဲသိလား။

ဦးလှဖေက ကျွန်တော့်ကို သေသေချာချာကြည့်ရင်း စဉ်းစားသည်၊ အတန်ကြာ စိုက်ကြည့်ရင်းမှ ခေါင်းခါသည်။

ကျွန်တော် မသိပါဘူး။

သေသေချာချာ ကြည့်ပါဦး၊ ခင်ဗျားသိတဲ့ ငယ်သူငယ်ချင်းထဲမှာရော ဗိုလ်ကြီးနဲ့တူတဲ့လူရှိသလားဟု ရဲမင်းကြီးကလမ်းကြောင်း၍ ထပ်မေးသည်။

ထိုအခါမှာ သေသေချာချာကြည့်သည်။ မျက်မှောင်ကုတ်လိုက် ကြည့် လိုက်နှင့်ခေါင်းမော့၍ စဉ်းစားပြန်သည်။

ဟို ဟို ဘောလုံး ဘောလုံး မျက်မှန်နဲ့ဂိုးဖမ်းတဲ့လူလေ၊ နာမည် မေ့နေပြီ၊ သူနဲ့တူတယ်ခင်ဗျာဟု ဝမ်းသာအားရဖြေလိုက်ပါသည်။

ထိုအခါကျမှ ရဲမင်းကြီးဦးသိန်းမောင်ရယ်၊ ဦးလှဖေရယ်၊ ကျွန်တော့် အဖေရယ် ဆပ်ကျောင်းအတူတူတက်ခဲ့ကြသူများ ဖြစ်ကြသည်။ ဆပ်ကျောင်း တက်နေရင်းလည်း ကျွန်တော့်အဖေက ဘောလုံးအသင်းမှာ ဂိုးသမားဖြစ်ခဲ့သည်။

ကျွန်တော့်ကို မမြင်ဖူး၊ မသိဖူးသော ဝါရင့်ရဲအရာရှိကြီးက ဘယ်သူနဲ့ တူသလဲဟု စဉ်းစားရင်း မျက်နှာကိုပုံဖော်ယူရာမှာ နှစ်ပေါင်းများစွာ ကွဲကွာခဲ့ပြီး ဖြစ်သော ကျွန်တော့်အဖေမျက်နှာကို ပြန်လည်ဆက်စပ်ရယူနိုင်သော ရှေးခေတ်ရဲ ကြီးကို ကျွန်တော့်မှာအံ့သြနေမိရပါတော့သည်။

စနစ်တကျ လေ့ကျင့်ထားသော ရဲအရာရှိကြီးများ မှုခင်းဖော်ရာမှာ ဆက်စပ်၍ ဖော်ထုတ်နိုင်စွမ်းရှိမှုကို အံ့သြဖွယ်ရာ မရှိတော့ကြောင်း ဦးလှဖေက



www.burmeseclassic.com

www.burmeseclassic.com



ကြည့် ရင်း သဘောပေါက်နေရပါတော့သည်။

အကြောင်းကြောင်းကြောင့် ရာထူး မတက်ခဲ့သော ထိုရဲအရာရှိကြီးလို ပုဂ္ဂိုလ်မျိုးကို ပခုံးပေါ်မှ အဆင့်တံဆိပ်ကြည့်ပြီး လျှော့၍ပေါ့၍ တွက်ရန် အထင် သေးရန် မသင့်ကြောင်းနှင့် သဘာနှင့်ဝါကို လေးစားရမည်ဖြစ်ကြောင်း ကျွန်တော် သင်ခန်းစာ ရလိုက်မိပါတော့သည်။

## ငါမပါ ထွန်းလွင်

၁၉၆၉ ခုနှစ် စက်တင်ဘာလမှာ တိုင်းမှူးကြီးဦးဆောင်သော အဖွဲ့ ရခိုင်တိုင်း စစ်တွေမြို့ရှိ ခလရ (-)သို့ ရောက်ရှိနေကြပါသည်။

ရခိုင်တိုင်းအတွင်းလုံခြုံရေးနှင့်အုပ်ချုပ်မှုကိစ္စများ စစ်ဆေးညှိနှိုင်းဆောင် ရွက်ကြရန် ရခိုင်တိုင်းသို့ အနည်းဆုံး နှစ်လမှာတစ်ခေါက် သွားဖြစ်ပါသည်။ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရိုင် မြို့ကြီးများသာမကမြို့နယ်များသို့လည်း အလှည့်ကျသွားလေ့ရှိပါသည်။

ကျောက်တော်နှင့် မြို့ဟောင်းမြို့နယ်များသို့ သွားရောက်ပြီး စစ်တွေသို့ ပြန်ရောက်သော ညနေမှာ ခလရ (-)၊ ခလရ (-)၊ ခလရ (-)တပ်ရင်းထောက် လှမ်းရေးအရာရှိများ ခေါင်းချင်းဆိုင်နေကြသည်ကို တွေ့ရပါသည်။

စာရွက်တွေ လှန်ကြ၊ ကြည့်ကြ၊ ရှာကြည့်နှင့်အလုပ်တွေ ရှုပ်နေကြသည် ကို စုစုဝေးဝေးမြင်လျှင် မနေတတ်သော တိုင်းမှူးကြီးက ရောက်သွားသည်။

ဘာတွေ ဖြစ်နေကြတာလဲကွဟု မေးသည်။

ထောက်လှမ်းရေးအရာရှိများ ထစ်အထစ်အဖြစ်နေကြသည်ကို အကင်း ပါးသော ခလရ (-) တပ်ရင်းမှူး ဗိုလ်မှူးပီကျော်ဟန်က ဝင်ထိမ်းလိုက်သည်။

'တိုင်းက လာတဲ့ လျှို့ဝှက်ကြေးနန်းကို ဖော်နေကြတာဖြစ်မှာပါ' ဟု ပြောတော့မှ အရာရှိလေးများ ခေါင်းညိမ့်ကြသည်။

'တိုင်းကပေးတဲ့ အမည်ဝှက်တွေနဲ့ တပ်ရင်းသုံး အမည်ဝှက်တွေထဲမှာ မပါတဲ့ code တွေကို ဖော်မရလို့ပါ'ဟု မဝံ့မရဲ ဖြေကြသည်။

သူတို့လက်ထဲမှ ကြေးနန်းကို ကျွန်တော်က ယူကြည့်လိုက်တော့ သိပြီ၊ 'မောင်ရင်တို့ကိုပေးထားတဲ့တရားဝင် code ထဲမှာမပါတဲ့ဟာကွ'ဟု ပြောလိုက်မှ အရာရှိလေးများ ပြုံးလာကြသည်။





တိုင်းမှူးကြီးကို ဖတ်ကြားရှင်းလင်းရာမှာ တပ်ရင်းမှူး သုံးယောက်လုံး လည်း နားထောင်နေကြသည်။

ထွန်းလွင်မှ ညွှန့်ဆွေအတွက်

တစ်။ ကျောင်းဆရာ (-) နှစ်။ အာဝါရား (ကချင် -)

သုံး။ ကယား(-)။ လေး။ ဘီစီ (-)

ငါး။ ငါမပါ ထွန်းလွင် ဟူသောကြေးနန်း ဖြစ်ပါသည်။

ကျွန်တော်တို့ ဗိုလ်သင်တန်းအပတ်စဉ် (၁၂) ကျောင်းဆင်းအရာရှိ ငါးယောက်တိုင်းစစ်ဌာနချုပ်တွင် အတူရှိကြပါသည်။

တပ်မတော်ပညာရေးကျောင်း၊ ကျောင်းဆရာဘဝမှလာသူ ဗိုလ်ကြီး မှ သင်းကို ကျောင်းဆရာဟု ခေါ်ကြသည်။ သူက ခလရ (-)သို့။

သင်တန်းတက်စဉ်က အာဝါရားကုလားဇာတ်လိုက်ဟု အမည်တွင် သော ဗိုလ်ကြီးသန်းလှက ကချင်(-)သို့။

ကယားတပ်ရင်းတကက/စရာဘဝမှ သင်တန်းလာတက်သော ကိုစိုးမြင့် ကို ကယားဟုခေါ်ကြသည်။ သူက ခမရ (-)သို့။

ဗိုလ်သင်တန်းကျောင်း Mid term မှာ အမှတ်အများဆုံးရခဲ့သော ကျွန်တော်ကို Best cadet(BC) ဟု ကြိုတင်ခေါ်ခဲ့ကြသည်။ ကျွန်တော်က ခလရ (-)သို့ ယာယီတပ်ခွဲမှူးဗိုလ်မှူးအဖြစ် အဆင့်တိုးမြှင့်ပြောင်းရွှေ့ ရမည့် အကြောင်းပို့သော ကြေးနန်းဖြစ်သည်။

တစ်ပတ်တည်း သင်တန်းဆင်းသူ ဗိုလ်ကြီးထွန်းလွင်က ရာထူးတိုးရာမှာ မပါသေး၍ 'ငါမပါ'ဟု ကြေးနန်းပေးပို့ခဲ့ခြင်းဖြစ်သည်။

အမည်ဝှက်များကိုရှင်းပြလိုက်သောအခါ တပ်ရင်းမှူးကြီးသုံးယောက်နှင့် အရာရှိများ ဝါးခနဲ ရယ်လိုက်ကြသည်။ တိုင်းမှူးကြီးက ငြိမ်သွားသည်။ ပြီးမှ 'ဗိုလ်ထွန်းလွင်က promotion မပါသေးဘဲကိုးကွ'ဟု ဖြည်းဖြည်းလေးလေး ပြောရှာသည်။ အမြဲနူတ်သွက်လျှာသွက် ရှိသောတိုင်းမှူးကြီး စိတ်မကောင်းဖြစ် များတာ သေချာပေါ်လွင်လှပါသည်။

နောက် ခြောက်လကြာသောအခါ ဗိုလ်ကြီးထွန်းလွင်လည်း တပ်မ (-)သို့ ယာယီတပ်ခွဲမှူးဗိုလ်မှူးအဖြစ် အဆင့်တိုးမြှင့်မိန့်ရရှိခဲ့ပါတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# စာတိုတွဲပိုင်း

## ခလရ (-)သို့

၁၉၆၉ ခုနှစ်၊ အောက်တိုဘာလလယ်မှာ မင်္ဂလာဒုံ တိုင်းစစ်ဌာနချုပ်မှ ခလရ (-)ရှိရာ ဇန်းမော်မြို့သို့ မိသားစုနှင့်အတူ ပြောင်းခဲ့ရပါသည်။

ကျွန်တော်တို့ ဇနီးမောင်နှံရယ်၊ သားနှစ်ယောက်ရယ်၊ အိမ်ဖော် ကရင်မလေး မရင်ရယ်၊ အယ်လ်ဖေးရှင်းခွေးကြီးတစ်ကောင်ရယ် ရန်ကုန်မှမန္တလေးသို့ မီးရထား၊ မန္တလေးမှဇန်းမော်သို့ သင်္ဘောခရီးဖြင့် ပြောင်းရွှေ့လာရာမှာ လူနှင့်ပစ္စည်းများအတွက် တပ်မတော်မှ ဝရမ်းနှင့်စီးရသည်။ အယ်လ်ဖေးရှင်းခွေးကြီးအတွက် အထက်တန်းတွဲမှာ သီးခြားလက်မှတ် ဝယ်ရပါသည်။ မီးရထားမှာလည်း အထက်တန်း အိပ်စင်တစ်ခု၊ သင်္ဘောခရီးမှာလည်း အထက်တန်းအခန်း အိပ်စင်တစ်ခု သီးခြားခေါ်ခဲ့ရပါသည်။

လမ်းခရီးတစ်လျှောက် ရထားရပ်တိုင်း ခွေးဆင်းထိန်းရသည်။ အပေါ့အလေးသွားရန် အချိန်ပေးရသည်။ ရန်ကုန်-မန္တလေးရထားလမ်းက ဘူတာတွေမှာ ထိပ်မထူးခြား။

မန္တလေး-ဇန်းမော်သင်္ဘော ခရီးမှာတော့ သင်္ဘောဆိပ်ရောက်တိုင်း မျှကြီး ကြိုးတန်းလန်းနှင့်လူတွေကြား တိုးဝှေ့ဆင်းရသည်။ အယ်လ်ဖေးရှင်းကြီးက များကြိုင်းလှသည်မို့ သင်္ဘောဆိပ်မှာ လူတွေကဝိုင်းအုံ၍ လာကြည့်ကြသည်ကို ကျွန်တော့်သားကြီးက သဘောကျနေသေးတော့သည်။

ခလရ (-)ရောက်တော့ တပ်ရင်းမှူးက ခမရ(-)မှာ အတူနေခဲ့ဖူးသော ရသောဗိုလ်မှူးကျော်ငြိမ်းဖြစ်၍ ကျွန်တော်နည်းပြအရာရှိလုပ်စဉ် ဗိုလ်သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



အပတ်စဉ် (၁၅)မှ ဆင်းသွားသော ဗိုလ်ကြီးခင်မောင်ဦးက တပ်ရေးဗိုလ်ကြီး၊ ခမရ(-)မှ ကျွန်တော် တပ်စုမှူးဖြစ်ခဲ့သော ဗိုလ်ကြီးဘုန်းသူက တပ်ထောက် ဗိုလ်ကြီးဖြစ်နေကြသည်။

စစ်ဗျူဟာမှူးကြီးကလည်း တော်လှန်ရေးကောင်စီတက်လာစက အင်းစိန် ခလက ဥက္ကဋ္ဌလုပ်ခဲ့သော ဗိုလ်မှူးကြီးသန်းညွန့်(အရမ်းသန်းညွန့်)မှူးသပြေ ဖြစ်သည်မို့ ကျွန်တော့်မှာနေရာသစ်တာဝန်သစ်ကို ရောက်လေသော်လည်း ပတ်ဝန်းကျင် မစိမ်းဘဲရင်းနှီးပြီးသားဖြစ်နေပါတော့သည်။

တပ်ရင်းဌာနချုပ်မှာ ငါးရက်မျှ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပြီး တပ်ရင်းမှူးကိုယ်စား ရှေ့တန်းစစ်ကြောင်းမှူးတာဝန်ယူရန် မိသားစုကိုထားပြီး ထွက် ခဲ့ရသည်။

ဖန်းမော်မှ အရှေ့သို့ မိုးမောက်အထိ မိုးမောက်မှအရှေ့တောင်သို့ မန်စီမြို့အထိ ထိုမှ မန်စီ-နမ့်ခမ်း ကားလမ်းပေါ်ရှိ အမြင့်ဆုံး ကိုက်ထိပ်တောင်ကုန်းတွင် အခြေပြုသော ရှေ့တန်း ခလရ (-)စစ်ကြောင်းရုံးသို့ ရောက်ရှိရပါတော့သည်။

ရှမ်းပြည်နှင့် ကချင်ပြည်ဆက်စပ်သော မော်တော်ကားလမ်းမှာ ကိုက်ထိပ် သည် အမြင့်ဆုံးတောင်ထိပ်စခန်းဖြစ်သည်။ ငါးရက်တစ်ဈေး၊ ဈေးနေ့မှာ နီးစပ်ရာရာမှ ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ပျားရည် စသည်တို့ လာရောင်းကြသော တောင်ထိပ်စခန်းလေးဖြစ်ပေသည်။ ကားလမ်းဈေးတန်းမှစခန်းကုန်းပေါ် တက်ရသည်က သီးသန့်တောင်ကုန်းတစ်ခုမို့ပင်ပန်းလှသည်။

ကိုက်ထိပ်ကိုရောက်တော့ ခေတ္တစစ်ကြောင်းမှူးတာဝန် ယူထားရသော ဗိုလ်ကြီးမောင်သောင်း (ယခုဝန်ကြီး)က အသင့်စောင့်နေသည်။ တပ်ခွဲများ ဖြန့်ခွဲလျက် စစ်ဆင်ရေးတာဝန်ယူနေရသော အခြေအနေကိုရှင်းပြသည်။

နေ့လယ် လက်ဖက်ရည်ကို မတ်ခွက်နှင့်တစ်ခွက်စီ သောက်အပြီးမှာ ဗိုလ်ကြီးမောင်သောင်းက ကျောပိုးအိတ်ကောက်လွယ်ကာ အလေးပြုပြီးသူ့တပ်ခွဲရှိရာကို ထွက်သွားတော့သည်။ အသက်ငယ်ငယ်ဗလကောင်းကောင်း၊ အသားဖြူဖြူ ရုပ်ချောချော ဗိုလ်ကြီးမောင်သောင်းမှာလည်း ရန်ကုန်စစ်ရုံးမှာရှိစဉ်ကတည်းက ရင်းနှီးပြီးသားဖြစ်၍ ဒုတိယအကြိမ်ဆုံရခြင်း ဖြစ်ပါသည်။

ကိုက်ထိပ်တောင်ထွတ်စခန်းလေးမှာ ယခင်ကရဲစခန်းအတွက် ဆောက်ထားသော သစ်သား အဆောက်အအုံကလေးတစ်လုံး တည်ရှိသည်။ လုံခြုံရေးတပ်ရဲဘော်များက မြေကျင်းဘန်ကာထဲမှာ ပတ်လည်နေရာယူကြရပေသည်။





ခုနစ်နှစ်ကျော် တိုင်းစစ်ဌာနချုပ်မှာ နေခဲ့ပြီးမှာ ယခုစစ်ဆင်ရေးတာဝန် ယူရပြန်ပြီ။ အိမ်သူသက်ထားနှင့် သားနှစ်ယောက်ကို ဖန်းမော်မှာ ထားခဲ့ရသည်။ သားငယ်က ရင်ကျပ်ရောဂါရှိသည်။ ဖန်းမော်ရာသီဥတုနှင့် ဘယ်သို့ နေရှာလေမည်လဲ မသိသေး။

အမြင့်ဆုံးတောင်ထိပ်ဖြစ်ပါလျက် ညနေသုံးနာရီကျော်သည်နှင့် မြင်ကွင်းက ပိတ်လာသည်။

ဆရာမင်းသုဝဏ်ရဲ့ ကဗျာထဲကလို
တိမ်နှင့်တောင်ခိုး၊ တောင်ကို မိုးလျက်
တောင်ခိုးနှင့်တိမ်၊ ရောယှက်လိမ်သည်။

ဆိုသည့်အတိုင်း တိမ်ရော၊ တောင်ခိုးရော၊ မိုးသားတွေရော၊ မြူတွေရော လွှမ်းမိုးသွားသည်။

မြင်ကွင်းက ပိတ်သထက် ပိတ်လာသည်။
ခြေလှမ်းဆယ်လှမ်းထက် ပို၍မမြင်ရသော စခန်းဖြစ်ပါ၏။

မြင်ကွင်းတွေ ပိတ်နေသော တောင်ထိပ်စခန်းမှာနေရင်း ကျွန်တော့်စိတ်က ဖန်းမော်မြို့သို့ရောက်ရောက်သွားသည်။

သားငယ်လေး ရင်ကျပ်ရောဂါ ထနေမလား၊
သားကြီး ကျောင်းအပ်ပြီးပြီလား၊

သားနှစ်ယောက်နှင့်ကျန်ခဲ့သော အိမ်သူငယ်ကျွမ်း စိတ်ပန်းလူပန်းဖြစ်နေပြီလား၊ အတွေးတွေပွားနေမိသည်။

အဆီးအတားမရှိ ခရီးသွားတတ်သောစိတ်ကို ပြန်စု၍ တာဝန်ကျရာတောင်ထိပ်သို့ဆွဲခေါ်ရသည်က ကျွန်တော့်မှာကြီးမားသောအလုပ်တစ်ခုဖြစ်ပါပေ၏။

## စစ်ကြောင်းမှူး ဘယ်မှာလဲ

ခလရ (-)မှာ တပ်ခွဲမှူး(ဗိုလ်မှူး) တာဝန်လက်ခံပြီးနောက် အမြင့်ဆုံးတောင်ပေါ်စခန်းဖြစ်သည့်ကိုက်ထိပ်မှာ အခြေပြုနေခဲ့ရသည်။ တပ်ခွဲများမှာ ကိုက်ထိပ်စခန်းရှိရာ ဖန်းမော်-နမ့်ခမ်း ကားလမ်း တောင်ဘက်နှင့် မြောက်ဘက်တို့တွင်ဖြန့်ခွဲလျက် ဒေသခံကချင်သောင်းကျန်းသူများအား ချေမှုန်းရေးတာဝန်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားရပါသည်။

ထိုစခန်းသို့ရောက်ပြီး နောက်တစ်လအကြာမှာ နောက်တန်းမှ လစာပေး အဖွဲ့ရောက်လာသည်။ တောင်ခြေမှာ ကားရပ်ပြီး တောင်ထိပ်သို့ ခြေလျင် တက် ရသည်ကမောလှသည်။

တစ်လုံးတည်းသော သစ်သားအိမ်လေးဝရံတာမှာ ကျွန်တော်ရပ်နေသည်။ ချည်လုံချည်နှင့်စစ်ဆွယ်တာနှင့်လက်ပိုက်ရပ်နေမိသည်၊ ထောက်လှမ်းရေး တပ်ကြပ် ကြီးဆရာညွန့်ဝေက ဘေးမှာရပ်နေသည်။ လစာပေးအဖွဲ့မှာ အရာရှိနှစ်ယောက် ပါလာသည်။ ဗိုလ်မောင်သိန်းကို ကျွန်တော့်တပ်ရင်းမှာတွေ့ခဲ့ဖူးသည်။ အခြား အရာရှိတစ်ဦးကို ကျွန်တော်မမြင်ဖူးသေးချေ။

ကျွန်တော့်နားအရောက်မှာ ဗိုလ်မောင်သိန်းက ကျွန်တော့်ကို အလေးပြု သည်။ ကျွန်တော်ကပြန်ပြုလိုက်ဖြစ်သည်။ ယခုမှတွေ့ဖူးသောအရာရှိ(ဗိုလ် မောင်မောင်)က ရှေ့တန်းမှူးရောဟု မေးသည်။

ကျွန်တော်တစ်ယောက်တည်း သည်စခန်းမှာရှိတာ တပ်ရင်းကသိသည်။ အတူပါလာသော ဗိုလ်မောင်သိန်းကလည်း ကျွန်တော့်ကိုအလေးပြုပြီး သတင်းပို့ သည်။ ရိုးသားလွန်းသောဗိုလ်မောင်မောင်က ရိပ်မိဖို့ကောင်းသည်။

ကျွန်တော့်ကိုမှ ရှေ့တန်းမှူးရောဟု လာမေးသောအခါ ကျွန်တော်က ဝါသနာကိုမတားနိုင်။

အထဲမှာ ရှိပါတယ်၊ လာပါလိမ့်မယ်။

ဟု ဖြေလိုက်သည်။ ဗိုလ်မောင်မောင်လက်ထဲမှ စာနှင့်ငါးပိကြော်ပုလင်း တွေ့လိုက်သည်နှင့် ကျွန်တော့်အိမ်မှ ပစ္စည်းပေးလိုက်ကြောင်းသိပြီး ဗိုလ်မောင်သိန်း နှင့် တပ်ကြပ်ကြီးညွန့်ဝေတို့က ပြုံးနေကြသည်။ တပ်ရင်းမှူးကြီး နေကောင်းလား၊ ဗန်းမော်မှာ မိုးရွာသလား၊ တပ်ရေးဗိုလ်ကြီးကိုခင်မောင်ဦး (ဗိုလ်သင်တန်း အပတ် စဉ်၁၅)နေကောင်းလား၊ တပ်ထောက်ဗိုလ်ကြီးကိုဘုန်းသူ(ဗိုလ်သင်တန်း) နေ ကောင်းလားမေးသမျှ ဗိုလ်မောင်သိန်းက ဖြေနေသည်။ အတန်ကြာသည်အထိ ဗိုလ်မောင်မောင်က ရှေ့တန်းမှူးရှာမတွေ့သေး။

မနေနိုင်သော တပ်ကြပ်ကြီးညွန့်ဝေက ကျွန်တော့်နောက်ကျောမှနေ၍ လက်ညှိုးထိုးပြမှ ဗိုလ်မောင်မောင် ရိပ်မိသွားတော့သည်။ သည်တော့မှ 'အိမ်က မမသက်ကစာနဲ့ငါးပိကြော်ပေးလိုက်ပါတယ်' ဟုပြောရင်းရှေ့တိုးလာပေတော့သည်။







၁၉၆၉ ခုနှစ် အောက်တိုဘာလ
ဗန်းမော်မြို့ ခလရ (-) သို့
တပ်ခွဲမှူး (ဗိုလ်မှူး)အဖြစ် ရောက်ရှိပြီး
စစ်ဆင်ရေးထွက်ခွာမည့်ဆဲဆဲ မိသားစု။

ည်လောက်ရိုးသားသော ကောင်းမပါးသော ချစ် ရာ အရာရှိမျိုးလည်း တွေ့ခဲ့ရပါသေးသည်။

## ာယ်က ဗိုလ်လဲ

နယ်ထိန်းခြေလျင် ပ်တွေမှာ အရာရှိအသစ် ရောက်လာလျှင် သင့်တော် ရာတပ်ခွဲကို တာဝန်ချထား ပေးလိုက်ရသည်။ အုပ်ချုပ် ကိစ္စများ တစ်ပတ်ခန့် ဆောင်ရွက်ပြီး တပ်ခွဲရှိရာ တာဝန်ကျရာကို သွား ရောက်တာဝန်ယူရတော့ သည်။ တပ်ရင်းမှ အရာရှိ များချင်း ဆုံကြတွေ့ကြ ရ မလွယ်ကူလှပါပေ။

ကျွန်တော်ပင်လျှင် တပ်ရင်းရောက်ပြီး ရှေ့တန်းမှူးတာဝန်သွားယူရသည်။ တပ်ရင်းမှူး၊ တပ်ရေး၊ တပ်ထောက်၊ ထောက်လှမ်းရေးအရာရှိတို့ကိုသာ တပ်ရင်းမှာတွေ့ခဲ့ရသည်။

ရှေ့တန်းမှာ လေးလကျော်ကြာပြီး မတ်လအလယ်မှာ တပ်ရင်းရှိရာ န်းမော်သို့ပြန်လာရသည်။ ထိုအချိန်မှာ တပ်မတော်နေ့ကျင်းပရန်အချိန်နှင့် တိုက် ဆိုင်သည်။

နောက်တန်းမှာရှိသော စစ်သည်တွေကို စစ်ရေးပြ တပ်ခွဲအဖြစ် ဖွဲ့ရသည်။ ကျွန်တော်က စစ်ကြောင်းမှူးအဖြစ်နှင့် တပ်ရင်းမှူးကြီးထံ တပ်ကိုအပ်ရသည်။ တပ်ရင်းမှူးကြီးက တပ်မတော်နေ့သမိုင်းကြောင်းနှင့် လွတ်လပ်ရေးထိန်းသိမ်းရေး တာဝန်ကြီးမားကြောင်း မိန့်ခွန်းမြွက်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးပြအခမ်းအနား ပြီးဆုံးချိန်ကျမှ အရာရှိကတော်တွေ ပွဲကျနေ ကြသည်ကိုတွေ့ရသည်။ ကောက်ညှင်းပေါင်းပူပူအကြော်စုံနှင့် လက်ဘက်ရည်ပူပူ သောက်နေကြဆဲမှာ သူတို့ဝိုင်းကပွဲကျနေကြခြင်းဖြစ်သည်။

မေးကြည့်တော့ တပ်ခွဲမှူးဗိုလ်မှူးကတော်ဖြစ်နေသော ကျွန်တော့်ဇနီး မသက်ဆွေက ရယ်ရယ်မောမော ရောရောဝင်ဝင်နေတတ်သည့်အလျောက် စစ်ရေး ပြပွဲမှာ ဟာသလုပ်ခဲ့ကြောင်းသိရသည်။

ကိုယ်အလေးချိန်ပေါင် တစ်ရာ့နှစ်ဆယ်မပြည့်သော ကျွန်တော်ကစစ် ရေးပြကွင်းမှာ စစ်မိန့်သံပေးတော့အသံကကျယ်သည်၊ လူကပိန်သည်၊ နေလောင် လေလောင်ထားတော့ အသားကမည်းနေသည်။

ဘေးမှာထိုင်နေသော အရာရှိကတော် ဝင်နီက 'မမသက် အဲဒီပိန်ပိန် စစ်ဗိုလ် က ဘယ်သူလဲ' ဟု မေးလာသည်။

ဝင်နီဆိုသူက ဝဝလှလှ ဖြူဖြူဖွေးဖွေးချစ်စရာလေးဖြစ်သည်။ သူ့ခင်ပွန်းက ဗိုလ်ကြည် (ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်မှာ သက်ပြည့်ပင်စင် ယူသွားသော ဗိုလ်မှူးကြီးဗိုလ်ကြည်)ဖြစ်သည်။

မသိလို့မေးသော ဝင်နီကိုမသက်ဆွေကအတည်ပေါက်နှင့် ပြောလိုက် သည်။

'သိပါဘူးဟယ်၊ မမသက်လည်း ခုမှရောက်စဆိုတော့ ဘယ်က ကုလားစစ်ဗိုလ်လေးမှန်းမသိပါဘူး' ဟုဖြေသည်။

'ဟုတ်ပါရဲ့ဟယ် လူက ပိန်သလောက် အသံကလည်းကျယ်လိုက် တာ' ဟု ဝင်နီက ထပ်ပြောနေသေးသည်။

အခမ်းအနားပြီးချိန် စားကြသောက်ကြတဲ့ စားပွဲမှာကျွန်တော် ဘယ်သူလဲ ဆိုတာသိသွားသော ဗိုလ်ကြည်ရဲ့ဇနီးဝင်နီကို ဝိုင်းဟားနေခြင်းဖြစ်ကြပါ၏။

တပ်ရင်းမှာနေရသည်မှာ ဤသို့လျှင် ရယ်ကြမောကြ ရင်းနှီးကြရသည် က တပ်မတော်သားတိုင်း၏ ဘဝတစ်ကွေ့ချစ်စရာအတွေ့အကြုံများပါတည်း။





အမှတ်(-)ခြေလျင်တပ်ရင်းမှ အရာရှိများ
(၁၉၆၉ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ)

| | |
|---|---|
| ၁။ တပ်ရင်းမှူး | ဗိုလ်မှူးကျော်ငြိမ်း |
| ၂။ ဒုတိယ/ချုပ်တပ်ခွဲမှူး | ဗိုလ်မှူးထွန်းလွင် |
| ၃။ တပ်ခွဲမှူး(ဗိုလ်မှူး) | ဗိုလ်ကြီးညွန့်ဆွေ |
| ၄။ အရာရှိများ | ဗိုလ်ကြီးမောင်သောင်း |
| ၅။ | ဗိုလ်ကြီးခင်မောင်ဦး |
| ၆။ | ဗိုလ်ကြီးကျော်မင်း |
| ၇။ | ဗိုလ်ကြီးလှကျော်စိန် |
| ၈။ | ဗိုလ်ကြီးဘုန်းသူ |
| ၉။ | ဗိုလ်ကျော်ထွန်း |
| ၁၀။ | ဗိုလ်မြင့်သန်း |
| ၁၁။ | ဗိုလ်သိန်းဟန် |
| ၁၂။ | ဗိုလ်မောင်သိန်း |
| ၁၃။ | ဗိုလ်မောင်မောင် |
| ၁၄။ | ဗိုလ်ဘိုကြည် |
| ၁၅။ | ဗိုလ်ကျော်သိန်း |
| ၁၆။ | ဗိုလ်တင့်ဆွေ |
| ၁၇။ | ဗိုလ်မင်းဒင် |
| ၁၈။ | ဗိုလ်ဝင်းအောင်စိန် |
| ၁၉။ | ဗိုလ်စိုးမြင့် |

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စမပိုင်း

## မဟာဗျူဟာ ကွပ်ကဲမှု ဌာနချုပ်ဖွဲ့စည်းခြင်း

ပြည်တွင်းမှာ အခြေပြုလျက်ရှိသော ဗကပ ဗဟိုအဖွဲ့သည် ပဲခူးရိုးမကို အခြေခံနယ်မြေအဖြစ်ထားရှိခဲ့သည်။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ယူ၍ စစ်ကြောင်းကြီး ငါးကြောင်းပါဝင်သော ပြည်သူ့စစ်မဟာဗျူဟာဖြင့် ထိုးစစ်ဆင်နွှဲသောအခါ ဗကပတို့အခြေမခိုင် ဖြစ်လာသည်။

တစ်ချိန်တည်းမှာပင် ပါတီတွင်း အကွဲအပြဲဖာတ်လမ်းတွေကြောင့် ဖြုတ်ထုတ်သတ်ဖြတ် ခင်းခဲ့ကြသည်။

ထို့နောက် အရှေ့မြောက်ဒေသကို အခြေခံကာ ပြည်ပ ဆက်သွယ်ပံ့ပိုးမှုရယူရေး အဓိကထားလာကြသည်။ တောခိုနော်ဆိုင်းဦးဆောင်သော ဗကပတပ်ရင်းကြီး(၃၀၃) ကိုးကန့်နယ်သား ဖုန်ကြာရှင်း၊ ဖုန်ကြာဖူး ညီအစ်ကို ဦးဆောင်သော ဗကပ တပ်ရင်းကြီး(၄၀၄)နှင့် ဝတိုင်းရင်းသားများ၏ဗကပတပ်ရင်း(၅၀၁)(၅၀၂)(၅၀၃)တို့ကို စစ်ရေးအင်အားစုအဖြစ်အားကိုးဖွဲ့စည်းလှုပ်ရှားခဲ့ကြတော့သည်။

အရှေ့မြောက်ဒေသရှိ မုန်းကိုး၊ ဖောင်းဆိုင်း၊ ကျူကုတ်၊ လုံထန်းတို့ကို တိုက်ခိုက်သိမ်းပိုက်သည်။

တီးမား-မုန်းပေါ်၊ မန်ယုံမော်ဒေသတွင် မြန်မာတပ်မတော် တပ်ရင်းကြီးများကို ဗကပ(၂၀၀၀)(၃၀၀၀)ခန့်အင်အားနှင့် တိုက်ကြသည်။ ပြည်တွင်းမှာ ပုန်းလျှိုးကွယ်လျှိုး လှုပ်ရှားနေကြရသော ဗကပများနယ်စွန်နယ်ဖျားမှာ ထိုမျှ အင်အားကြီးမားစွာနှင့်တိုက်ကွက်ဖန်တီးကြမည်ကို ပထမပိုင်းမှာမျှော်လင့်ထားခြင်း မရှိခဲ့ကြပေ။

နောက်ဆုံးတွင် လားရှိုးမြို့အနီးသို့ ဦးတည်ထိုးဖောက်လာသောအခါ 'ဗိုင်ကျုံ' တိုက်ပွဲသည့် ဗကပတို့အထိနာသော တိုက်ပွဲဖြစ်ခဲ့ရပေတော့သည်။

····♦♦ ပြည့်စုံစာအုပ်တိုက် ♦♦····

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာ ကကကြည်းကို ကိုယ်စားမဟာဗျူဟာ ကွပ်ကဲမှုဌာနချုပ် ဟူ၍ဖွဲ့စည်းပြီး လားရှိုးတွင်အခြေပြုရသည်။

ရှမ်းပြည်နှင့် ကချင်ပြည်နယ်ဒေသအပြင် ရွှေလီချိုင့်ဝှမ်းကိုပါ စစ်ရေး အရတာဝန်ယူခဲ့ရပေတော့သည်။

## မဟာဗျူဟာသို့

ခလရ (-)မှာ ယာယီ တပ်ခွဲမှူး(ဗိုလ်မှူး)အဖြစ် တာဝန်ထမ်းဆော င်နေရင်း ဆယ့်တစ်လအကြာ ဗိုလ်မှူးအပွင့်မတပ်ရသေးမီ လားရှိုးမြို့အခြေပြုမဟာ ဗျူဟာကွပ်ကဲမှုဌာနချုပ်သို့ စစ်ဦးစီးမှူး(ဒုတိယတန်း) ဂျီတူးအဖြစ် ပြောင်းလာ ခဲ့ရပါသည်။

တပ်ရင်းမှူးကြီးသည် ဗန်းမော် ခလကဥက္ကဋ္ဌ တာဝန်ယူထားရသည်။ ဗန်းမော်မြို့ လုံခြုံရေးတာဝန် ယူရသည့် တပ်ခွဲများဖြန့်ခွဲ၍ နယ်မြေထိန်းသိမ်းရေး ရန်သူရှာဖွေရှင်းလင်း ချေမှုန်းရေးတာဝန်ကို တပ်ခွဲမှူး(ဗိုလ်မှူး)က ကွပ်ကဲရသည်။ စစ်ကြောင်းမှူး ကိုယ်တိုင် ဦးစီးကွပ်ကဲတိုက်ခိုက်ရ သော စစ်ဆင်ရေးမျိုးမရှိ ကျွန်တော် ကျင်လည်ခဲ့ရသော ခြေမြန်တပ်ရင်း (-)နှင့်စစ်ဆင်ရေး သဘာဝချင်း မတူသော အတွေ့အကြုံတစ်မျိုး ကြုံခဲ့ရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ အရှေ့မြောက်ဖျားဒေသမှာ ပြည်ပအခြေပြု ဗကပဗဟို ကြီးကြပ်ကွပ်ကဲမှုနှင့် အရှေ့မြောက်စစ်ဒေသဟု ဖွဲ့စည်းထားသည်။ ဗကပတို့ အင်အားကြီးစွာ လှုပ်ရှားနေသောကာလ ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလမှာ မဟာဗျူဟာ ကွပ်ကဲမှုဌာနချုပ်သို့ ကျွန်တော်ရောက်ရှိခဲ့ရပါသည်။

တောင်ကြီးမြို့ရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ စစ်ဗျူဟာ(၁) အခြေပြု ထားသောလားရှိုးမြို့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကကကြည်း)ကိုယ်စား အနီး ကပ် ကြီးကြပ်ကွပ်ကဲရန် မဟာဗျူဟာကွပ်ကဲမှု ဌာနချုပ်ဟူ၍ အသစ်ဖွဲ့စည်း တာဝန်ပေးခဲ့ခြင်း ဖြစ်သည်။

ရှမ်းပြည်နှင့် ကချင်ပြည်နယ်စစ်ဆင်ရေးများကို အနီးကပ် ကြီးကြပ်ရန် ဖြစ်သည်။ မိသားစုများကို ပြင်ဦးလွင်မြို့(ယခု နန်းမြိုင်ဟိုတယ်)မှာ ထားရသည်။ လားရှိုးတွင် မဟာဗျူဟာမှူးမှအစ ယာဉ်မောင်းရဲဘော်အထိ ရိပ်သာမှာနေကြရ သည်။





ထိုအချိန်က မဟာဗျူဟာမှူးသည် ဗိုလ်မှူးကြီးစိန်မြဖြစ်၍ ဒုတိယမဟာ ဗျူဟာမှူးသည် ဗိုလ်မှူးကြီးစံသာ(အဖြူ) ဖြစ်သည်။ စစ်ဆင်ရေးနှင့်ဆက်စပ်လျက် နယ်မြေစိုးမိုးရေးပါ တာဝန်ယူရသည့်အတွက် ပါတီကောင်စီများ၏ လုပ်ငန်းများပါ ဆက်နွယ်အကျုံးဝင်လျက်ရှိသည်။

ထို့ကြောင့် တိုင်းစစ်ဌာနချုပ်ကဲ့သို့ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဟူ၍ ခွဲ ခြားခြင်းမပြုဘဲစစ်ဆင်ရေးကွပ်ကဲမှုအဓိကထား၍စုဖွဲ့သောဖွဲ့စည်းပုံဖြစ်ပေသည်။

ဌာနကြီး သုံးခုရှိသည်။ (၁)စစ်ဆင်ရေး၊ (၂)ထောက်လှမ်းရေး၊ (၃) နိုင်ငံရေးဟူ၍ ဒုဗိုလ်မှူးကြီးခင်မောင်တည်၊ ဒုဗိုလ်မှူးကြီးတင်ထွန်း၊ ဒုဗိုလ်မှူးကြီး မင်းဂေါင်တို့ တာဝန်ယူလျက်ရှိသည်။ နောက်ပိုင်းတွင် ဒုဗိုလ်မှူးကြီးစိုးနိုင်၊ ဒုဗိုလ် မှူးကြီးလှဝင်း၊ ဒုဗိုလ်မှူးကြီးထွန်းမြိုင်၊ ဒုဗိုလ်မှူးကြီးသိန်းအောင်တို့ လွှဲပြောင်း တာဝန်ယူလာကြသည်။

လားရှိုးနှင့် မြစ်ကြီးနားနယ်မြေကို စစ်ဆင်ရေးကွပ်ကဲရန် ဖွဲ့စည်းထား ခြင်းဖြစ်၍ စစ်ဆင်ရေးအထောက်အကူပြု ဆက်သွယ်ရေး ဦးစီး(ပ) ဒုဗိုလ်မှူးကြီး မောင်ညွန့်၊ အင်ဂျင်နီယာဦးစီး(ပ)ဒုဗိုလ်မှူးကြီးစံသာ(အမည်း)၊ ဆေးဝန်ထမ်း ဦးစီး(ပ) ဒုဗိုလ်မှူးကြီးလှကျော်ဖေတို့လည်း ဖွဲ့စည်းပုံအရပါရှိကြလေသည်။

ရေးထောက်လုပ်ငန်းကိုတော့ စစ်ဆင်ရေးဂျီဝမ်းကြီးအောက်မှာ ဂျီတူး အဖြစ် ဗိုလ်မှူးမြခင်(ဗိုလ်သင်တန်းအပတ်စဉ်-၁၀)က တာဝန်ယူရပါသည်။ စစ် ဆင်ရေးဌာနမှာ ဂျီတူးနှစ်ဦးရှိ၍ ကျွန်တော်ကရှမ်းပြည်မြောက်ပိုင်းဒေသ၊ ဗိုလ်မှူး မောင်မောင်အေးက ကချင်ပြည်နယ်ဒေသဟူ၍ တာဝန်ခွဲထားပါသည်။

မဟာဗျူဟာလက်အောက်တွင် လားရှိုးမြို့၌ ရပခ၏ဗိုလ်မှူးကြီးထွန်းရီ ဦးစီးသော စစ်ဗျူဟာ(၁)နှင့် ရှေ့တန်းတပ်မဌာနချုပ်တစ်ခု၊ ကွတ်ခိုင်တွင် ရှေ့တန်း တပ်ဌာနချုပ်တစ်ခုတို့ ဖြန့်ခွဲထားသည်။

## သကဆဖ အဖွဲ့

အရှေ့မြောက်ဒေသတွင် ဗကပ ရန် တွန်းလှန်ရာ၌ သောင်းကျန်းမှုဆန့် ကျင်ရေးအဖွဲ့များရှိသည်။ လော်စစ်ဟန်ဦးစီးသော ကိုးကန့်သကဆဖရှိသလို ကျောက်တဲ့အိုက်ဆေး စသူတို့ ဦးစီးသော ဝနယ်သကဆဖများလည်းရှိသည်။ တာမိုးညဲဒူးဝါးဦးစီးသော တာမိုးညဲသကဆဖဟူ၍ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာဗျူဟာသို့ ကျွန်တော်ရောက်ခါစမှာ မျက်စိလည်နေရပါသည်။ မဟာဗျူဟာရုံးသည် တစ်ထပ်တိုက်ပုလေးဖြစ်သည်။ တပ်မမှူး၊ စစ်ဗျူဟာမှူးမှ အစ အားလုံးသည် နောက်ဘက်ဝင်ပေါက်မှဝင်ကြသည်။ ကျွန်တော်တို့ ဂျီတူ နှစ်ယောက်အခန်းကိုဖြတ်ပြီးမှ မဟာဗျူဟာမှူး၊ ဒုတိယမဟာဗျူဟာမှူး၊ ထောက် လှမ်းရေး=ဌာန၊ စီမံရေးဌာနတို့သို့သွားရသည်။

ကြက်တူရွေးစိမ်း စစ်ယူနီဖောင်းအကောင်းစားများနှင့် ကက်ဦးထုပ် ပုံစံမျိုးစုံ ဝတ်ဆင်ထားသော သကဆဖခေါင်းဆောင်များသည် ကျွန်တော်တို့ကို ဖြတ်ပြီးမှ ထောက်လှမ်းရေးဂျီဝမ်းထံလည်းကောင်း၊ ဒုတိယမဟာဗျူဟာမှူးထံ လည်းကောင်း ဝင်လာကြရသည်။

အသားဖြူဖြူဝဝတရုတ်ပုံစံတွေပါသလို မည်းမည်းရှည်ရှည်၊ မည်းမည်း ဝဝပုံစံမျိုးစုံ ဝလူမျိုးတွေလည်းပါသည်။ ဘယ်အဖွဲ့ကဘယ်သူတွေမှန်းမသိ။

နှစ်နှင့်ချီ၍ လက်နက်ကိုင်ကာ ကိုယ့်ဒေသမှာကိုယ်ဗိုလ်လုပ်နေသော ကိုးကန်း-ဝ-ဒေသသာမက တာမိုးညဲမှာလည်း ကာကွယ်ရေးတွေရှိသည်။ အစိုးရ က သောင်းကျန်းမှုဆန့်ကျင်ရေးအဖွဲ့ဟူ၍ ဖွဲ့စည်းပေးထားသည်။ သူ့လူသူ့ရ သူ့ရိက္ခာသူရှာ၊ သူ့လက်နက်သူတပ်ဆင်ခဲ့ကြသူများဖြစ်၍ တစ်ဖက်နိုင်ငံမှ ဝယ်ရ သမျှ စစ်ဝတ်စုံများဝတ်သည်။

ဗကပတွေဝင်လာလျှင် သူတို့ကို တိုက်သည်။ သူတို့ကလည်း ပြန်တိုက် သည်။ သူတို့စစ်တိုက်ပုံက စိတ်ဝင်စားဖို့ကောင်းသည်။

ကြက်အရိုးကို ဆွဲကြည့်သည်။ ကိုယ့်ဘက်ကအရိုးကျိုးလျှင် နိမိတ် မကောင်းဟုဆိုကာ မကိုက်ဘဲနေသည်။ နွားချေးပိုးလို ပိုးကောင်အမဲလေးတွေကို စည်းဝိုင်းတွင်းမှာ တိုက်ခိုက်စေသည်။ ကိုယ့်အကောင်ရှုံးလျှင် စစ်မတိုက်၊ ရန်သူ အကောင်ရှုံးမှတိုက်သည်။

ဦးကျောက်တဲဆိုသူ သကဆဖခေါင်းဆောင်က မည်းမည်းရှည်ရှည်ဖြစ်၍ ယိုးဒယားမှ ဝယ်သောကြက်တူရွေးစိမ်းစစ်ဝတ်စုံဝတ်၍ Peak Cap ခေါ် အရာရှိ ကက်ဦးထုပ်ကြီးဆောင်းလေ့ရှိသည်။ ဗကပတစ်ဖွဲ့ဝင်လာ၍ တိုက်ထုတ်ရန် နယ်မြေ ခံတပ်ရင်းမှူးကပြောရာ သူ့ဇနီးကလေးမွေးမည်ဖြစ်၍မတိုင်နိုင်သေးဟု ဆိုသည်။

အမှန်တော့ သူ့မှာဇနီးမယား ငါးယောက်တည်းရှိသူ ဖြစ်ပေသည်။







မဟာဗျူဟာတွင် ဆုံမိကြသော အင်ဂျင်နီယာဂျီဝမ်းနှင့်
ဗိုလ်လောင်းအပါတ်စဉ် (၁၂)မှ သူငယ်ချင်းများ၊
ဒုဗိုလ်မှူးကြီးစံသာ (ယာ)၊ ဗိုလ်မှူးသံဒိုင်(လှမ်း)
ဗိုလ်မှူးစိုးမြင့် (လှမ်း)၊ စာရေးသူ၊ ဗိုလ်မှူးသန်းနွဲ့ (စစ်ဗျူဟာ-)
ဗိုလ်မှူးစိုးမြင့် (မဗခ)၊ ဗိုလ်မှူးမောင်မောင်အေး (မဗခ)

## ကံကောင်းသော ကျွန်တော်

ဗန်းမော်ရှိ ခလရ(-)တပ်ရင်းမှူးဗိုလ်မှူးကျော်ငြိမ်းသည် ကျိုင်းတုံ ဒေသတွင် တာဝန်ထမ်းဆောင်ရာမှပြောင်းရွှေ့လာရသူဖြစ်ပေသည်။ ကျိုင်းတုံဒေသ မှာရှိစဉ်က လော်စစ်ဟန်နှင့်ရင်းနှီးသည်။ အတူလက်တွဲခဲ့ကြရသည်ဟု ဆိုသည်။

ကျွန်တော်သည် သေနတ်ဝါသနာပါသူဖြစ်၍ အစိုးရခွင့်ပြုထားသည့် သေနတ်သုံးလက်လိုင်စင်လုပ်၍ ကိုင်ဆောင်ထားသည်။ 32 ဖို့၊ ဘာရက်တာ ခြောက်လုံးပြူးသေနတ်နှင့် ပွိုင့်၂၂ ရိုင်ဖယ်သေနတ်တို့ဖြစ်သည်။ အလွန် စုတ် ပြတ်များသော စက်ပစ်ကွင်းသုံး ပွိုင့် ၂၂ သေနတ်ကို မကြိုက်၍ အသစ်ရှာနေသော ကျွန်တော့်အား တပ်ရင်းမှူးက စာရေးပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဦးလော်စစ်ဟန်ခင်ဗျား-

ယခု ပြောင်းရွှေ့လာသူသည် ကျွန်တော်နှင့် ညီအစ်ကိုလိုရင်းနှီးသူ ဖြစ်ပါသည်။ သူ့အတွက် ပွိုင့်၂၂ ရိုင်ဖယ်သေနတ်တစ်လက် ရှာပေးလိုက်ပါ။

ကျော်ငြိမ်၊

ဟူ၍ဖြစ်သည်။

ကျွန်တော့်မှာလည်း မိတ်ဆက်စာလေး အိတ်ထဲထည့်ထားရင်း သကဆ၊ ခေါင်းဆောင်များနှင့် တွေ့နေရသည်။ ဖြူဖြူချောချော၊ ဝဝဖိုင့်ဖိုင့် လော်စစ်ဟန် ဆိုတာကိုလည်း တွေ့ရပြီ။ ထောက်လှမ်းရေး ဂျီတူး ဗိုလ်မှူးစိုးမြင့် မိတ်ဆက်ပေး၍ လူချင်းလည်းသိနေပြီ။

ဘာကြောင့်မှန်းမသိ၊ ကိုယ်စောင့်နတ်တွေများ စောင့်ရှောက်နေသလား မသိ၊ စိတ်ထဲမှာမသိုးမသန့် ဖြစ်လာသည်။

လက်နက်ကျည်ဆန်ငွေကြေးပစ္စည်းတွေ ကြွယ်ဝလှသော သကဆဖအဲ့ ထံမှသေနတ်တစ်လက် အလွယ်လေး ရနိုင်ပါလျက် အိတ်ထဲမှစာလေး ထုတ်ပေးရ မှာဝန်လေးနေမိသည်။ သည်လိုနှင့်မိတ်ဆက်စာလည်း မပေးမိ၊ ပွိုင့် ၂၂ အကောင်း စားသေနတ်လည်း မရရှိခဲ့ပါ။

နောင်သောအခါမှ လော်စစ်ဟန် ပြဿနာဖြစ်ပြီး အမှုအခင်းတွေ ဖြစ်ကြ ချိန်မှ ကံနှင့်စိတ်ကို ယုံရပါတော့သည်။ သမာဒေဝနတ်ကောင်းနတ်မြတ်များ စောင့်ရှောက်မှုကိုလည်း ယုံကြည်မိရပါတော့သည်။

လော်စစ်ဟန် ကျိုင်းတုံမှအပြန် လက်ပတ်နာရီလေးနှစ်လုံး လက်ဆောင် ရယူလက်ခံမိခဲ့သော ဒုဗိုလ်မှူးကြီးတစ်ယောက် ပြဿနာဖြစ်ခါ ဗျူဟာမှူးမဖြစ်ဘဲ အခြားဌာနသို့ပြောင်းသွားရသော ဖြစ်စဉ်ရှိခဲ့ရသည်။

စီးပွားရေးဆိုင်ရာ တာဝန်ခံယောင်ပေကျိုဆိုသူက ပစ္စည်းဝယ်တာ၊ လက် ဆောင်ပေးတာတွေအားလုံး စာရင်းတိတိကျကျ မှတ်သားထားခဲ့ခြင်းကြောင့် စာရင်း ထဲပါသူတွေ ပြဿနာဖြစ်ရသောဟူ၏။

ကျွန်တော်သာ မိတ်ဆက်စာပေး၍ သေနတ်ကလေးတစ်လက် ရယူခဲ့မိ လျှင်ဗိုလ်မှူးအဆင့်၊ ဒုဗိုလ်မှူးကြီးအဆင့်မှာပင် ပြဿနာတက်မှာသေချာသည်။

ကံသီပေလို့သာပေါ့။





## မဟာဗျူဟာ၏ အစီရင်ခံစာ

ကာကွယ်ရေးဦးစီးချုပ်ရုံးတွင် လေးလပတ်စစ်ဆင်ရေးစည်းဝေးပွဲ ပုံမှန် ကျင်းပမြဲ ဖြစ်သည်။ ထိုစည်းဝေးပွဲတွင် မဟာဗျူဟာမှူး ရှင်းလင်းတင်ပြရန်နှင့် မှတ်တမ်းအဖြစ်ထားရှိရန် အရှေ့မြောက်ဒေသနှင့်မြောက်ပိုင်းတိုင်းနယ်မြေ အခြေ အနေကို မဟာဗျူဟာမှ အစီရင်ခံစာရေးရသည်။

ရန်သူ့အခြေအနေ အသေးစိတ် သုံးသပ်ချက်ကို ထောက်လှမ်းရေးက ရေးရသည်။ မိမိတပ်များဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်နှင့် သုံးသပ် ချက်ကို ကျွန်တော်တို့ရေးရသည်။ မြို့နယ်အလိုက် အုပ်ချုပ်ရေး၊ စည်းရုံးရေးနှင့် လုံခြုံရေးတာခံနယ်မြေ တည်ဆောက်မှုတို့ကို နိုင်ငံရေးဌာနကရေးရသည်။

အစီရင်ခံစာအထူကြီးကို ရေးလိုက်၊ ဖတ်လိုက်၊ ဆွေးနွေးလိုက်၊ ပြန်ရေး လိုက် အကြိမ်ကြိမ်ပြုလုပ်ရပါသည်။

စစ်ဆင်ရေးဌာနကရေးသားရာမှာ အားလုံးခြုံငုံသုံးသပ်ချက် ပါရှိရပါ သည်။ ပထမ၊ ဒုတိယမူကြမ်းတွေကို မြေပုံခန်းမှာဖတ်ရင်း၊ မြေပုံထောက်ရင်း ရှင်းလင်းပြရသည်။ မဟာဗျူဟာမှူးကြီးက နားထောင်သည်။ ပြင်ဆင်ရေးခိုင်း သည်။

တတိယမူကြမ်း ရေးသားပြီးစီးသော တစ်ရက်မှာ စစ်ဆင်ရေးမြေပုံခန်းမှာ ထိုင်တက်ကြရသည်။ မဟာဗျူဟာမှူး၊ ဒုတိယမဟာဗျူဟာမှူး၊ တပ်မမှူးများ၊ ဗျူဟာ(၁)မှူး၊ နယ်မြေတာဝန်ခံ ခလရ(-) တပ်ရင်းမှူး၊ ဒုဗိုလ်မှူးကြီးအေးခိုင်၊ မြောက်တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဟန်ရင်၊ စစ်ဦးစီး-ထောက်လှမ်းရေး၊ နိုင်ငံရေး ဆက်သွယ်ရေး၊ အင်ဂျင်နီယာ၊ ဆေးဦးစီး(ပ)များနှင့် ကျွန်တော်တို့ အရာရှိအားလုံး ဖြစ်သည်။

လေးလပတ်အစီရင်ခံစာ ရှေ့ပိုင်းဖြစ်သော ရန်သူ့သတင်းပိုင်းကို ထောက် လှမ်းရေးဌာနမှ ဖတ်သူဖတ်၊ မြေပုံထောက်သူထောက်နှင့် ရှင်းပြရသည်။

မဟာဗျူဟာမှူးကြီးအမြဲပြောသော စကားရှိပါသည်။

What will be enemy's plan

What is our plan သည်စကားပုံကို ပုံပေါ်အောင် ကြိုတင်မျှော်မှန်းရ ခြင်း၊ ဝေဖန်သုံးသပ်ရခြင်း၊ ရှေ့လာမည့် လေးလပတ်အတွက် စီမံချက်ရေးရခြင်းမှာ ကျွန်တော်တို့အတွက် တကယ်ခေါင်းခဲစရာ ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စစ်ဆင်ရေးဌာနမှ ရေးရသောအပိုင်းမှာ စစ်မျက်နှာ တစ်ခုလုံးအတွက် အဓိကဖြစ်ပါသည်။ ရန်သူ့လှုပ်ရှားမှုနှင့် ဖြန့်ခွဲမှုအပေါ် မိမိ တပ်များဆောင်ရွက်ချက်များ၊ တိုက်ပွဲများသုံးသပ်ချက်ရေးရသည်။ အားသာချက် အားနည်းချက်ရေးရသည်မှာ မရေးရခက်ခက်၊ ရေးရခက်ခက်ဖြစ်ပါသည်။

ကျွန်တော်တို့ ဦးစီးအရာရှိအားလုံးသည် စစ်ဆင်ရေးအတွေ့အကြုံရှိကြ သူများချည်း ဖြစ်သည်။ ဦးစီးဌာနရောက်လိုက်၊ စစ်မြေပြင်ရောက်လိုက်နှင့်အလှည့် ကျ တာဝန်ထမ်းဆောင်ခဲ့ကြရသူများချည်းဖြစ်၍ တပ်ရင်းများကို ကိုယ်ချင်းစာ ကြပါသည်။

မုန်းစီးနားလည်ဒေသ ဗကပနှင့်တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီးစ အချိန် ဖြစ်၍စစ်ဆင်ရေးဌာနမှ စစ်ဦးစီးမှူး(ပ)ကိုယ်တိုင်ဦးစီး၍ ဝေဖန်သုံးသပ်ကြ၊ တိုင်ပင် ကြပြီး ရေးသားထားခြင်းဖြစ်ပါသည်။

ကျွန်တော်က စာအုပ်ထူကြီးကိုကိုင်လျက် သုံးသပ်ချက်ကိုရှင်းပြရသည်။ စစ်ဦးစီးမှူး(တတိယတန်း)ဗိုလ်ကြီးသန့်ဇင်က မြေပုံကိုထောက်ရသည်။

မိမိတပ်များ ဆောင်ရွက်ချက်တွင် တိုက်ပွဲသုံးသပ်ချက်ကို ဖတ်ကြား ရှင်းလင်းပြ၍အပြီးမှာ မဟာဗျူဟာမှူးကြီးက မျက်မှောင်ကုတ်နေပြီး မကျေနပ် သည်မှာထင်ရှားသည်။ ပြီးမှ တစ်လုံးချင်း မှတ်ချက်ပြုသည်။

'တပ်တွေအပေါ် သုံးသပ်ချက်ရေးတာ မပီပြင်ဘူး'တဲ့။ တပ်မ (-) တပ်မမှူးဗိုလ်မှူးကြီးအေးကိုက ငုတ်တုတ်ထိုင်လျက် ရှိသည်။ တပ်မမှူးကြီးရော စစ်ဗျူဟာမှူးကြီးရော၊ ဒုတိယမဟာဗျူဟာမှူးပါ ခပ်ပြုံးပြုံးကြည့်နေကြသည်။ လူကြီး တွေကိုး။

ကျွန်တော်တို့လည်းဘာပြန်ပြောရမှန်းမသိဘဲ ငေးကြည့်နေကြရပါသည်။ သည်တော့မှ ထပ်ပြောပြန်သည်။

'ဗိုလ်မှူးညွှန့်ဆွေ တပ်မမှူးတွေကိုကြောက်လို့ ပုံပေါ်အောင်မရေးတာ လား'ဟူ၍ ကျွန်တော့်ကိုအမည်တပ်၍ မေးလာပြီ။ ဂျီဝမ်းကြီးကိုတော့ လူကြီး ချန်ထားသလားမသိ။

ကျွန်တော်လည်း ရုတ်တရက်ကြောင်အအ ဖြစ်သွားပါတော့သည်။ အလွန်ဖြေရခက်သော အမေးဖြစ်ပေသည်။ စဉ်းစားချိန်မရမီ ကျွန်တော့်နှုတ်မှ လွတ်ခနဲစကားတစ်ခွန်း ထွက်သွားမိသည်။





'ဟုတ်ကဲ့ ကျွန်တော့်ထက် ရာထူးကြီးတဲ့လူအားလုံးကို ကျွန်တော် ကြောက်ပါတယ်'ဟူ၍ ဖြစ်ပါ၏။

သည်တော့မှ မဟာဗျူဟာမှူးကြီးရော၊ တပ်မမှူးကြီးများရော ပြိုင်တူ ရယ် လိုက်ကြသည်။

ကျွန်တော့်ရင်ထဲမှ အလုံးကြီးလည်း ကျသွားရပါသတည်း။

## လားရှိုး လေတပ်ဆွယ်

အရှေ့မြောက်ဒေသတွင် ဗကပတို့ လှုပ်ရှားမှုများသောကာလမှာ ကကြည်း ကိုယ်စား တိုက်ရိုက်ကွပ်ကဲရန် မဟာဗျူဟာကွပ်ကဲမှုဌာနချုပ် ဖွင့်လှစ်ထားခြင်းဖြစ် ၍ လားရှိုးလေတပ်ဆွယ်တစ်ခု ထားပေးသည်။

စစ်ဆင်ရေးတပ်တွေ တိုက်ပွဲပြင်းထန်လျှင်မဟာဗျူဟာမှူး အမိန့်နှင့် လေယာဉ်သုံးစွဲခွင့် ပြုထားသည်။ ထိုလေတပ်တွင် ဝါရင့်ဗိုလ်မှူးတစ်ဦး အလှည့် ကျထား၍ လေတပ်ဆွယ်မှူး တာဝန်ယူသည်။

ကျွန်တော် မှတ်မိသလောက်-

ဗိုလ်မှူးအောင်သန်း၊ ဗိုလ်မှူးသန်းတင်၊ ဗိုလ်မှူးအောင်းချစ်ဟန်၊ ဗိုလ်မှူးမောင်ဆက်၊ ဗိုလ်မှူးသိန်းဝင်း၊ ဗိုလ်မှူးမောင်မောင်၊ ဗိုလ်မှူးချစ်သန်း စသူတို့ ဖြစ်ကြသည်။

တိုက်ပွဲကြီးဖြစ်၍ လေကြောင်းတိုက်ခိုက်မှုလိုအပ်လျှင် တယ်လီဖုန်း ဆက်၍ လေယာဉ်အသင့်ပြင်ခိုင်းလိုက်ရသည်။

ထိုအခါ လေသူရဲနှင့်လေယာဉ်ကို မိနစ်ပိုင်းအတွင်း အသင့်ပြင်ဆင်လျက် တပ်ဆွယ်မှူးနှင့်လေသူရဲတို့ကိုယ်တိုင် မဟာဗျူဟာသို့ ဝင်ရောက်သတင်းပို့သည်။ ဒုတိယ မဟာဗျူဟာမှူးဂျီဝမ်းကြီးနှင့် ကျွန်တော်တို့ကနှုတ်မိန့်ပေး ရှင်းပြရသည်။ ပစ်မှတ် သေသေချာချာရယူမှတ်သားပြီးမှ လေသူရဲများ လေယာဉ်ပျံသန်း၍ များရောက်တိုက်ရသောစနစ် ဖြစ်ပါသည်။

ဤသို့လျှင် မိနစ်ပိုင်းအတွင်း ရှေ့တန်းတပ်တွေကို လေကြောင်းတိုက်ခိုက် မှု အကူအညီပေးခဲ့ရသော ပူးပေါင်းဆောင်ရွက်မှုကို ယနေ့တိုင်မြင်ယောင်လျက် ရှိနေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## လူဖန်တောင်ကြော

ဗကပများသည် ကွမ်းလုံမြောက်ပိုင်း ကိုးကန့်ဒေသကို ဝင်ရောက်တိုက် နိုက်သလို ဝနယ်ကိုလည်း တဖြည်းဖြည်းတိုက်ခိုက်သိမ်းပိုက်လာသည်။ မြောက်ပိုင် ဝနယ်အစပ်ဖြစ်သောမိုင်းမောကို ဗကပများ ဝင်ရောက်တိုက်လိုက်ရာ သော ကျန်းမှု ဆန့်ကျင့်ရေးအဖွဲ့များ ဆုတ်ခွာပေးခဲ့ရသည်။ ဗကပသည် တဖြည်းဖြည် မြောက်ဘက်သို့တက်လာကာ ပန်လုံမြို့ကိုခြိမ်းခြောက်လာသည်။

ပန်လုံမြို့နှင့် တရုတ်မြန်မာ နယ်စပ်အကြားမှာ လူဖန်တောင်ကြောကြီ ရှိသည်။ မြောက်မှတောင်သို့ သွယ်တန်းနေသည်။ ထိုတောင်ကြောသည် ပန်လုံ ဒေသသို့မဟုတ် ဝနယ်မြောက်ပိုင်းကို စိုးမိုးလျက်ရှိသည်။

ဒေသခံ ပန်လုံစော်ဘွားကြီး သတင်းအရလူဖန်တောင်တွင် နမ္မတူကဲ့သို ဘော်၊ သတ္တုများရှိသည်ဟုဆို၏။ ထူးခြားသည်မှာ ကွမ်းလုံမှအရှေ့ဘက်ကမ် ကူးလျှင်ဟိုပန်၊ ဟိုပန်မှ တောင်ဘက်သို့ဆင်းလျှင် ပန်လုံကိုရောက်သည်။ ရှေးအခါ က ဆင်များဖြင့်သွားရာ ဟိုပန်နှင့်ပန်လုံအကြား တစ်နေရာအရောက်တွင် ဆင်မျာ ဆက်မသွားဘဲရပ်နေသော ဟူ၏။ ဆင်ဦးစီးက မည်သို့ မောင်းမောင်း ဆင်တွေက ရှေ့ဆက်မသွားသည်မှာ မြေအောက်မှာလိုဏ်ခေါင်းလို (တစ်ပြေးညီ မာကျောနေ သော မြေမျိုးမဟုတ်သောမြေသား)မျိုးရှိသောကြောင့်ဟုဆိုကြသည်။ ၁၉၄၁ ခုနှစ် နောက်ဆုံးပြုပြင်ခဲ့သောမြေပုံများမှာလည်း လားရှိုးမှအရှေ့ဘက်မုန်းကျက် ဒေသ ဘက်ဆီအထိ ရထားလမ်းကြောင်းကိုတွေ့ရသည်။

တကယ့်မြေပြင်မှာတော့ရထားလမ်းကိုကျွန်တော်တို့မတွေ့ကြရ။ အင်္ဂလိပ် များကတော့ မြန်မာပြည်တွင်တစ်ပြည်လုံးရှိ သယံဇာတတွေထုတ်ယူရန် ကြံရွယ် ချက်အတိုင်း လေ့လာမှုများပြုလုပ် ပြင်ဆင်ထားခြင်းဟုသာ သုံးသပ်ရပါသည်။

ထို့ကြောင့်လည်း ပန်လုံအရှေ့ဘက်ရှိ လူဖန်တောင်ကြောသည် စိုးမိုး တောင်ဖြစ်၍ ဗကပများတက်ရောက်နေရာယူလာကြသည်။ ထိုကျောက်တောင် ပေါ်မှာ ဗကပများ ခြေကုတ်ယူထားလျှင်ပန်လုံမြို့ကျပေတော့မည်။

သည်တော့ လူဖန်တောင်ကြောကို လေကြောင်းမှဗုံးကြဲတိုက်ခိုက်ရ ပြင်ဆင်ရတော့သည်။

ထိုအချိန်မှာပင် ပန်လုံ အရှေ့တောင်ဘက် တရုတ်ပြည်နယ်စပ်ရှိ မန်လော ဟူသောနေရာလေးသည် မိမိပိုင်နက်မဟုတ်ဟု ပန်လုံမြို့စားကြီးထံမှသတင်းရသည်။





ဤသို့ဆိုလျှင် လူဖန်တောင်ကြောနှင့် နီးလွန်းလှသည်။ International Practice အရ လေကြောင်းမှ တိုက်ခိုက်ခြင်းမပြုသင့်ဟု သတိပေးသူက သတိ ပေးသည်။

ကကကြည်းသို့ ကျွန်တော်က ဖုန်းဆက်ရသည်။ ဂျီတူးဗိုလ်မှူးခင်မောင် (ဗိုလ်သင်တန်း-၁၁)ထံ မေးရသည်။ မန်လောနယ်သည် ကျွန်တော်တို့ပိုင် ဟုတ်မဟုတ်၊ သက်ဆိုင်ရာဌာနတွေကိုမေးပြီးမှ ပြန်ပြောမည်ဆို၍ စောင့်နေရသည်။ မြေတိုင်းဌာနကိုမေးသလား၊ ဘယ်ကိုမေးသလဲမသိ၊ နေ့လယ်ပိုင်းကျတော့ ကျွန်တော့်ထံ ဖုန်းပြန်ဆက်လာသည်။

'ကိုညွန့်ရေ မန်လောဟာ ကျွန်တော်တို့ပိုင်နယ်မြေပဲ၊ လူဖန်ကို ချရင် ချလို့ရတယ်' ဟူ၍ပြောသည်။ နေ့လယ်မှာ လားရှိုးလေတပ်ဆွယ်မှ တိုက်လေယာဉ် များစေလွှတ်ကာ လူဖန်ကြောကိုဗုံးကြဲချလိုက်သည်။ ဗကပများဆင်းပြေးကြသည်။

(မန်လော်နယ်မြေလေးနှင့် ဆက်စပ်သောကိုယ်တွေ့တိုက်ပွဲအကြောင်း လေရ(-) ဖြစ်စဉ်များရေးသားရာတွင် သီးခြားဖော်ပြပါမည်)

## ရှုံ့သော လေသူရဲ

ဗကပအရှေ့မြောက်စစ်ဒေသဖွဲ့စည်းပြီး စီမံချက်ကျကျ တိုးချဲ့လာသော စစ်ရေးလှုပ်ရှားမှုများမှာ တစ်ဆင့်စီတစ်ဆင့်စီ တွေ့မြင်လာရပေသည်။

ဦးစွာသော စစ်ရေးလှုပ်ရှားမှုအဖြစ် လားရှိုးမြို့အနီးသို့ တိုးဝင်လာပြီး ပိုင်ကျုံတိုက်ပွဲ ဖန်တီးခဲ့သည်။ ထိုအချိန်က တောင်ကြီးမြို့၌ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ်ကွပ်ကဲမှုအောက်တွင်ရှိ၍ ထိုးဖောက်ဝင်ရောက်လာသော ဗကပများ လားရှိုး နား ရောက်ရှိလာကြသည်ကို ရပခတိုင်းမှူး ဗိုလ်မှူးချုပ်သန်းတင် ကွပ်ကဲမှုဖြင့် ချေမှုန်းလှန်တိုက်ခိုက်ခဲ့ရသည်။ ပိုင်ကျုံတိုက်ပွဲတွင် ဗကပတို့ရည်မှန်းချက် မအောင် မြင်ဘဲ ထိခိုက်ကျဆုံးမှုနှင့်ဆုတ်ခွာသွားကြရသည်။

တီးမားတိုက်ပွဲတွင် ဗကပအင်အားစုကြီးနှင့် ခမရ(-)တို့ တိုက်ပွဲသည် လည်း မဟာဗျူဟာကွပ်ကဲမှုဌာနချုပ် မဖွဲ့စည်းမီကဖြစ်ပေသည်။

သည့်နောက်မှ ကကကြည်း ရှေ့တန်းအဖြစ် မဟာဗျူဟာကွပ်ကဲမှုဌာန ချုပ်ကို ဖွဲ့စည်းလာခဲ့ခြင်းဖြစ်သည်။

၁၉၇၀ ပြည့်နှစ်မှစ၍ ဗကပတို့လှုပ်ရှားမှုများလာသည်၊ ဗကပ ဗဟိုသည်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ခြံစည်းရိုးပြင်ပတွင် အခြေပြုနေသည်။ ပေါ်လစ်ဗျူရိုတစ်ဖွဲ့လုံး အေးအေးချမ်း ချမ်း ထင်ထင်ပေါ်ပေါ်အခြေပြုနေကြသည်။ ချမှတ်သောမဟာဗျူဟာအရ နယ်စ ဒေသ မြန်မာပြည်တွင်းမှာစစ်ရေးအရှိန်မြင့်၍ နယ်မြေသိမ်းပိုက်မည်၊ လွတ်မြော သောနယ်မြေ ကြေညာမည်။ ခြေကုတ်အခိုင်အမာယူပြီး ပြည်တွင်းပိုင်းသို့ တိုး ပင်ရောက်ရေးမှာ ဗကပ၏ပြည်ပသြဇာခံမဟာဗျူဟာဖြစ်ပေသည်။

သွားလာမှုခက်ခဲ၍ တစ်နယ်မှတစ်နယ်၊ တစ်ရွာမှတစ်ရွာ သီးခြား အုပ်ချုပ်နေကြသောဝနယ်ကို တစ်ရွာချင်း၊ တစ်နယ်ချင်း သိမ်းပိုက်မှု စတင်ပြုလု တော့သည်။ တောင်ပိုင်းဝနယ်ကို ပထမဦးစွာသိမ်းလိုက်သည်။ သူတို့ကြိုတ လူစုလေ့ကျင့်စုဖွဲ့ထားသည်ကလည်း နယ်စပ်ဒေသရှိ တိုင်းရင်းသားများသာ ဖြ ပေသည်။

တောင်ပိုင်းဝနယ်မှမြောက်ပိုင်းသို့ တဖြည်းဖြည်းတိုးချဲ့လာခဲ့ရာ မိုင်းမေ ပန်ဝိုင်စသည့်ရွာကြီးတွေမှတစ်ဆင့်ပန်လုံမြို့အထိတိုးချဲ့လာကြသည်။၁၉၇၀ ပြည့်နှ ဆောင်းကာလမှာ ကျွန်တော်တို့ပန်လုံမြို့သို့ ရဟတ်ယာဉ်နှင့် ရောက်ခဲ့သည်။ ပန်လုံမြို့စား၏ အိမ်မှာတိုက်ပုလေးဖြစ်သည်။

တောင်ပိုင်းရှမ်းပြည်တွင် ပင်လောင်းသည် အအေးဆုံးဖြစ်သလို မြော ပိုင်းရှမ်းပြည်မှာတော့ ကွတ်ခိုင်မြို့နှင့်ပန်လုံမြို့တို့က အအေးဆုံးဖြစ်ပေသည်။ ကွတ်ခိုင်တွင် လွိုင်ဆမ်ဆစ်ခေါ် ကျောက်တောင်သုံးဆယ်ရှိသည့်အတွက် အအေး လွန်ကဲသည်ဟုဆိုသည်။ ပန်လုံမြို့ကတော့ နယ်စပ်ရှိလူဖန်ကျောက်တောင် ကြေ ကြီးအခြေမှာဖြစ်၍ တောင်ကြားလျှိုကိုတောင်နှင့်မြောက် ဖြတ်တိုက်လာသော လေအေးနှင့် ကျောက်ဆောင်များကြောင့် အအေးဓာတ်လွန်ကဲခြင်း ဖြစ်ပေသည်။

ပန်လုံမြို့စားကြီးနေသော တိုက်ဖြူဖြူ ပုပုလေးကသိပ်မကြီးသော်လည် နောက်ဖေးမှ စတိုရှည်ကြီးကပိုကြီးနေသည်။

မွေးမြူရေးဖြစ်ထွန်းသော ပန်လုံမှာ ဝက်တွေပေါသည်၊ ဘဲတွေလည် ပေါသည်။ ဆောင်းရာသီရောက်လျှင် ထိုဝက်တွေဘဲတွေမှာ အအေးဓာတ်ခံနိုင်ခြ မရှိလေကြ။ အအေးဒဏ်ကြောင့် အားလုံးသေကြေကြရသည်ဟူ၏။ သည့်အတွ ဝက်တွေကို ခုတ်ပိုင်း၍လည်းကောင်း၊ ဘဲတွေကို အကောင်လိုက်လည်းကော ဆားစိမ်၍ထားသည်။ ကျပ်တင်ရန် မလို၊ ဆားစိမ်၍ ဖိထားရသည်။ ပြီးနော ဝက်ခေါင်းတွေ၊ ဝက်လက်တွေကို တွဲလွဲဆွဲထားသည်။ မြေအုတ်ဖြင့် ဆောက်ထာ





သော တန်းလျားရှည်စတိုထဲမှာ သဘာဝရေခဲသေတ္တာလို ဖြစ်နေသည်။ တစ်နှစ် ပတ်လုံး စားပေရော့၊ လက်ဆောင်အဖြစ် ပေးပေရော့။ ဆောင်းကုန်မှာ မွေး၍ ဆောင်းဦးမှာဆားစိမ်ခြင်းသည် တစ်နှစ်စာရိက္ခာဖူလုံပြီတည်း။

ဝနယ်ဒေသနှင့်ကိုးကန့်ဒေသအတွက် နိုင်ငံတော်အစိုးရထံမှ ထောက်ပံ့ မှုဖြစ် ဆန်နှင့်ဆားဖြန့်ဖြူးပေးသည်။ ဒေသလူထုကတော့ ဆားရလျှင်ကျေနပ်နေ ကြပြီ။ ဝနယ်မှာ ပန်လုံမြို့၊ ပန်ဝိုင်မြို့၊ ပန်ယန်းမြို့တို့မှာ အဓိကဖြစ်ပေသည်။ ပန်ယန်းမြို့ကတော့ မြန်မာ့နယ်နိမိတ်မျဉ်းကြောင်းပေါ်မှာ တည်ရှိနေခြင်းကြောင့် ဗကပ အရှေ့မြောက်စစ်ဒေသဌာနချုပ်ပြုလုပ်ထားသည်။

မိုင်းမောမြို့ခေါ် ရွာကြီးကို ဗကပတို့ သိမ်းပိုက်ပြီးနောက် ပန်လုံကို တိုက်တော့သည်။ ပန်လုံမှတစ်ဆင့် မြောက်ဘက်သို့ ဦးတည်ကာ သံလွင်အရှေ့ခြမ်း ကွမ်လုံမြို့သို့ ချဉ်းကပ်သည်။ ကွမ်လုံမြောက်ဘက်မှ စစ်ကြောင်းထိုး ဆင်းလာ သည်။ မုန်းစီနားလည်ဒေသမှ စစ်ကြောင်းက လားရှိုး၊ ကွမ်လုံဆက်သွယ်ရေးလမ်း ကြောင်းဖြစ်သော နားတီးနမ့်စလပ်ကို ဖြတ်တောက်လာသည်။ ကွမ်လုံမြို့ကို အထီးကျန်ဖြစ်စေပြီး သိမ်းပိုက်ဖို့ကြိုးစားသည်။

ပန်လုံမြို့ကို အင်နှင့်အားနှင့်တိုက်လာသော ဗကပများကို မြန်မာတပ် မတော်လေသူရဲများက လေကြောင်းမှတိုက်ခိုက်ရသည်။ ခြေလျင်တပ်သားနှင့်ယှဉ် လျှင်လျှိုမြောင်ချောက်အတွင်း တောင်ဆင်းတောင်တက်အားသာချက်ရှိကြသော လူမျိုးဗကပများမှာလေကြောင်းတိုက်ခိုက်မှုကိုတော့အထူးကြောက်ရွံ့ကြပေသည်။

သည်လိုနှင့် ရာသီဥတုပွင့်လင်းသောနေ့မှာ ဗိုလ်မှူးချစ်သန်းနှင့် ဗိုလ်ကြီး ထွန်းအောင်ကျော်တို့ ဘီချ်လေယာဉ် သုံးစီးနှင့် လားရှိုးလေယာဉ်ကွင်းမှ တက်သွား ကြသည်။ လားရှိုးကွင်းမှအတက်တွင် ခေါင်းဆောင်လုပ်သူဗိုလ်မှူးချစ်သန်း လေယာဉ်ပြုပြင်နေရ၍ မိနစ်ပိုင်းမျှနောက်ကျတက်ရသည်။ သူ့လေယာဉ်တက်သွား ချိန်မှာ ဗိုလ်ကြီးထွန်းအောင်ကျော်တို့ လေယာဉ်နှစ်စီးက ရန်သူ့အပေါ်ရောက်နေ ပြီ။ မြေအနေအထား၊ လေကြောင်းအနေအထားအရ ဝင်လမ်းထွက်လမ်းရွေး၍ ပစ်ကြော့ အနိမ့်ဝဲပျံကာဗုံးကြဲချသည်။ ဗကပများ ဖရိုဖရဲပြေးကြရပြီ။ ဗိုလ်မှူး ချစ်သန်းက အဝေးမှလေယာဉ်မှူးချင်း စက်ဆက်သွယ်လျက် ကွပ်ကဲနေရသည်။

'ဆရာပန်လုံမြောက်ဘက်ကလမ်းကြောင်းမှာ ဒီကောင်တွေတစ်ပြုံ ကြီး၊ ကျွန်တော်ချတာ သူတို့လူအုပ်ထဲကျတယ်၊ ထပ်ချလိုက်ဦးမယ်' ဟု ဗိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အေးဖေနှင့် ဗိုလ်ကြီးထွန်းအောင်ကျော်က သတင်းပို့သည်။

'Approach ကို သေချာကြည့်ပြီးမှ ဝင်ဟေ့' ဟု ဗိုလ်မှူးချစ်သန်းက လှမ်းပြောလိုက်သေးသည်။ ဒုတိယအကြိမ် အနိမ့်ပျံ၍ ထိုးဆင်းလာသော ဗိုလ်ကြီး အေးဖေ၏ လေယာဉ်ကို မြေပြင်မှ ဇကပများက ဒလစပ် ဝိုင်းပစ်ကြတော့သည်။

'ဆရာထိသွားပြီ' ဟု အပြောမှာ ဘေးမှပါလာသော ဗိုလ်ကြီးထွန်းအောင် ကျော်က သူ့လေယာဉ်နှင့်ထိန်း၍ ဇကပနယ်မြေမှလွတ်အောင် အနောက်ဘက်သို့ တွဲပျံရင်း ခေါ်လာသေးသည်။

ဆက်လက်၍ ထိန်းသိမ်းပျံသန်းရန် မရတော့သောအချိန်မှာ ဗိုလ်မှူးချစ် သန်းလည်း ထိုနေရာရောက်သွားပြီ။

'ကျွန်တော် Jettison လုပ်တော့မယ်' ဟု ပြောပြီး လေယာဉ်ထိုင်ခုံ ခလုတ်ကို နှိပ်လိုက်သည်။ ထိုင်ခုံရောလူပါ လေယာဉ်မှအပေါ်သို့ မြောက်တက် သွားသည်။ လေယာဉ်က တောင်စောင်းနှင့်ဝင်တိုက်ကာ ပေါက်ကွဲသွားသည်ကို မြင်လိုက်ကြရသည်။

လေယာဉ်ချင်း ပြောကြားနေသမျှ စိတ်ဝင်စားစွာစက်ဖြင့် နားထောင် နေသော ဒုတိယမဟာဗျူဟာမှူး ဗိုလ်မှူးကြီးစံသာက သူ့အခန်းမှထွက်ကာ 'ဟေ့လူ လာ' ဟု ကျွန်တော့်ကိုခေါ်ပြီး ကားရှိရာထွက်သွားသည်။ ကျွန်တော်လည်း နောက်က လိုက်သွားရသည်။ ဘာမှန်းမသိသေး။

ကားပေါ်ရောက်မှ အကျိုးအကြောင်းသိရပြီး လားရှိုးလေယာဉ်ကွင်းရှိ လေတပ်ဆွယ်မှာ သွားစောင့်နေကြရပါတော့သည်။ အဖော်လေယာဉ်နှစ်စီးက ဝဲကာဝဲကာပျံရင်း ဗိုလ်ကြီးအေးဖေကို တွေ့လိုတွေ့ငြား မီးကျည်အချက်ပြ မြင်ရလိုမြင်ရငြား ကြည့်ကြသေးသည်။ မှောင်စပြုနေပြီမို့လေသူရဲ၏ထိုင်ခုံသည် လေယာဉ်မှ မြောက်တက်လွတ်ထွက်လာသည်ကိုတွေ့ရသော်လည်း လေထီးပွင့်ကာ လေဟုန်စီး၍ဆင်းသွားသည်ကို မတွေ့လိုက်ကြရပေ။

နောက်မှ သတင်းရတော့သည်။

ရဲဝံ့စွန့်စားစွာ ဖုံးကွဲတိုက်ခိုက်ရင်း အသက်စွန့်သွားရှာသောဗိုလ်ကြီး အေးဖေ၏လေသူရဲဝတ်စုံနှင့် ၉ မမပစ္စတို သေနတ်၊ မီးကျည်သေနတ်၊ လေယာဉ် မောင်းဦးထုပ်၊ လေထီးနှင့်ထိုင်ခုံတို့ကို ပန်လုံဈေးမှ ဇကပများခင်းကျင်းပြသထား သည်ဟူသော စိတ်မကောင်းဖွယ်ရာသတင်း။





ရှေ့တန်း ဖျော်ဖြေရေး

အရှေ့မြောက်ဒေသသည် ရာသီဥတုကဆိုးရွားသလောက် တောင်တန်း တွေကလည်း မြင့်သည်။ ပေခြောက်ထောင် ရှစ်ထောင်ဆိုသော တောင်တွေသည် ဘာမန်မြေအနေအထားသာဖြစ်၍ လှုပ်ရှားစစ်ကြောင်းများ ပင်ပန်းလှသလို ခေတ္တ စခန်းထိန်းကြရသောတပ်တွေမှာလည်း အနေဆင်းရဲလွန်းလှပါသည်။

ကျောက်တောင်တွေပေါ်မှာကျင်းတူး၍ ပလပ်စတစ်စလေး မိုးနေရသူရှိ သလို သစ်တုံးတွေစီ၍ မိုးထားသောမြေကျင်းထဲနေရသည်လည်းရှိသည်။ နေ့လယ် နေပူချိန်လေးမှာ အပြေးအလွှားရေချိုးမှ တော်ကာကျသည်။ နေ့နေ့ညည စစ်သည်များ အဖော်ပြု အားကိုးရသည်က မီးပုံကြီးနှင့်မီးလှုံခြင်းဖြစ်ပါ၏။

နိုင်ငံတော်အတွက်အသက်ပေးရန် သန္နိဋ္ဌာန်ပြုထားသူများပီပီ ဇကပရန် ချွန်းလှန်ချေမှုန်းရေးတွင် အစားဆင်းရဲ၊ အနေဆင်းရဲခံလျက် တိုက်ပွဲဝင်နေကြ ရသောစစ်သည်တော်များကို မြို့ပေါ်ရှိအနုပညာရှင်များကကျေးဇူးဆပ်လိုကြသည်။

ရှေ့တန်းအစွန်အဖျားရှိ တပ်စခန်းများမှာ မိဝေး၊ ဖဝေး၊ ကြင်သူဝေးကာ တာဝန်သည်တစ်၊ တာဝန်သည်နှစ်၊တာဝန်သည်သုံးဟူ၍ ပင်ပန်းဆင်းရဲခံ စစ်သည် များရှိရာသို့ လာရောက်ဖြေဖျော်လိုကြောင်း တင်ပြဆန္ဒပြုကြသည်။ပြန်ကြားရေး ဝန်ကြီးဌာနနှင့် နယ်လှည့်စိတ်ဓာတ်စစ်ဆင်ရေးဌာနတို့ ညှိနှိုင်းစီစဉ်ပေးခဲ့ကြပါသည်။

ရန်ကုန်မှလားရှိုးအထိ တပ်မတော်လေယာဉ်နှင့်အနုပညာရှင်များ ရောက် လာကြသည်။ ဂီတလုလင်ဦးကိုကို၊ အကော်ဒီယံဦးအုံကြီး၊ အကော်ဒီယံဦးအုန်း ကျော်၊ ဒေါ်မေနွဲ့၊ ဒေါ်နွဲ့နွဲ့စန်း၊ ဒေါ်စံရှားတင်၊ ဒေါ်တင်တင်မြတို့နှင့်အဆိုတော်များ၊ မင်းသားရှင်သရုပ်ဆောင်များပါဝင်လာကြသည်။ လားရှိုးသို့ရောက် လာသမျှ အနုပညာ ရှင်အားလုံးက အစွန်အဖျား ရဲဘော်များရှိရာသို့ သွားရောက်ဖျော်ဖြေလိုကြသည်။

သွားလာရေးခက်ခဲမှုကြောင့် ရဟတ်ယာဉ်နှင့်ပို့ရသည်။ ပါလာသော အနုပညာရှင်များကို စခန်းတွေခွဲ၍ လွှတ်ပေးရသည်။ တရားသောစစ်ကို ဆင်နွှဲနေ ကြသော တပ်မတော်သားများကလည်း ပြည်သူလူထုကိုယ်စားပြု ယခုလို အနု ပညာရှင်များကိုယ်တိုင် လာရောက်ဖြေဖျော်ကြသည့်အတွက် စိတ်ဓာတ်တွေ တက် ကြွသထက် တက်ကြွလာကြသည်ကို တွေ့ရပါတော့သည်။

လားရှိုး၊ ကွတ်ခိုင်၊ ကွမ်လုံ၊ ကျောက်မဲ စသည် စသည်မြို့တွေမှာ စုစည်းရရှိသမျှ စစ်သည်တွေကို မြို့မှာပင် ဖျော်ဖြေပေးကြသည်။ ချမ်းချမ်းစီးစီး



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်ခရီးမှာ မိတ်ကပ်မခြယ်၊ သနပ်ခါးဘဲကြားနှင့် စစ်ဆွယ်တာကြီးတွေဝတ်ကာ စခန်းအသီးသီးသို့ သွားရသော အနုပညာရှင်များမှာ မောသည်ပန်းသည်ဟုသဘော မထားနိုင်ကြ။ အစွမ်းကုန်ဖျော်ဖြေကြသည်ကို တစ်ပြည်လုံးသို့ သတင်းများ ဖြန့်ချိခဲ့သည်ကို မှတ်မိနေရပါသေးတော့သည်။

တကယ်တော့ ဗကပက လူသစ်တပ်သစ်တွေကို လက်နက်ကျည်ဆံ စစ်ဝတ်ပစ္စည်းတို့နှင့်ပံ့ပိုးကာ စိတ်ဓာတ်မြှင့်တင်ပေးသည်။ ရုပ်သာလျှင် ပဓာနဟူသော တရားသေ သဘောတရားရှင်များက ရုပ်ဝတ္ထုပစ္စည်းနှင့် စိတ်ဓာတ်မြှင့်တင်ပေးသည်။

ကျွန်တော်တို့ဘက်ကတော့ တစ်ပြည်လုံးရဲ့ မေတ္တာစေတနာတွေနှင့် ပံ့ပိုး ကြသည်။ ပြည်သူလူထုကိုယ်စားပြု အနုပညာရှင်များ စေလွှတ်ကာ မေတ္တာဖြင့် စိတ်ဓာတ်မြှင့်ပေးသည်။

ရုပ်ပစ္စည်းသက်သက်ဖြင့် ပံ့ပိုးပေးသော ဗကပနှင့်စာလျှင် ရုပ်ရောစိတ်ရော ပါဝင်သည့် လူကိုယ်တိုင်လာရောက် ဖြေဖျော်ကြသူတို့ သယ်ဆောင်လာသည့် မေတ္တာဓာတ်ကြောင့် မြန်မာ့တပ်မတော်သာ အောင်ပွဲခံရမည်ကို ထိုစဉ်ကတည်းက ကျွန်တော်တို့ စွဲမြဲစွာ ယုံကြည်ထားမိခဲ့ပါ၏။

ကွမ်လုံ ရက်လေးဆယ်တိုက်ပွဲအကြောင်း စာပေပညာရှင်များ လာရောက်လေ့လာချိန်မှာ လမ်းခရီးလည်းလုံခြုံပြီမို့ ယာဉ်တန်းနှင့်ပို့ရပါသည်။ လားရှိုးမှ မြောက်ဘက်သို့ တက်ကာ သိန္နီမြို့သို့ ရောက်သော် အရှေ့ရှူးရှူးသို့ သွားရသည့် လမ်းရှိ နမ့်စလပ်ရွာဈေးလေးမှာ ယာဉ်တန်းတစ်ထောက်နားစခန်းဖြစ်သည်။

နမ့်စလပ်မှာ ရှမ်းခေါက်ဆွဲရောင်းသော ရှမ်းတရုတ်မလေးက လှသည်။ ငယ်သည်၊ နုပျိုသည်၊ ထိုဒေသထိုအလှကို မြင်မိသော ဆရာကြီးဦးသိန်းဖေမြင့်က နမ့်စလပ်မှမစိန်အေးဟု ကင်ပွန်းတပ်ကာ ဆောင်းပါးထဲလည်း ရေးခဲ့ပါသည်။

ရက်လေးဆယ်တိုက်ပွဲကာလ နားတီးနမ့်စလပ်မှာရှေ့တန်းတပ်မ(-) တပ်မမှူးကိုယ်တိုင် ထိုင်၍ ကွပ်ကဲခဲ့သည်မို့ ဂျီတူးဗိုလ်မှူးသန်းလှက နမ့်စလပ်မစိန်အေးကို ကောင်းစွာသိသည်။ ရင်းနှီးသည်။ သူ့ဇနီး ကက္ကသိုလ်ဆရာမကြီး ရှမ်းပျိုဖြူအရီထက်လှသည်ဟု ဆိုသေးသည်။

ထိုအခါ 'ကျုပ် မျက်စိထဲတော့ ကျုပ်မိန်းမလောက် မလှပါဘူး' ဟု ပြောမိသည်နှင့် တစ်ပတ်ထဲဆင်း ကိုမောင်မောင်အေး၊ ကိုစိုးမြင့်၊ ကိုကျော်မြင့်တို့






က ကျွန်တော့်ကို ဝိုင်းဆဲကြပါတော့သည်။

ကျွန်တော်တို့ တစ်ပတ်ထဲဆင်း သူငယ်ချင်းတွေက ရေစက်ဆုံလွန်းလှသည်။ လပခမှာ ဦးစီး(တ)အဖြစ် တာဝန်ယူကြစဉ်က ဗိုလ်လှသင်း၊ ဗိုလ်စိုးမြင့်၊ ဗိုလ်သန်းလှ၊ ဗိုလ်ထွန်းလွင်နှင့် ကျွန်တော်တို့ ငါးယောက် ဆုံကြသည်။

ယခုတိုက်ပွဲတွေ ပြင်းထန်နေသော မဟာဗျူဟာခေတ်မှာ ကိုမောင်မောင်အေး၊ ကိုစိုးမြင့်(၃၆)နှင့် ကျွန်တော့်တို့ ဂျီတူးများဖြစ်၍ ကိုစိုးမြင့်(၄၅)က ဂျီသရီးအဖြစ် လေးယောက် အတူနေရသည်။ မဟာဗျူဟာနှင့် တွဲလုပ်ကြကိုင်ကြရသော တပ်မ (-)မှာ ကိုသန်းလှနှင့် ကိုကျော်မြင့်(နံပါတ် ၆) ကိုထွန်းလွင်(၇၅)တို့က ဂျီတူးများဖြစ်၍



တနင်္ဂနွေအားလပ်ရက်မရှိ မဟာဗျူဟာဌာနချုပ်အရာရှိများ
မြေပုံခန်းမမှ အထွက်
စာရေးသူ၊ ဒုဗိုလ်မှူးကြီးစံသာ(အင်ဂျင်နီယာ)၊ ဒုဗိုလ်မှူးကြီးလှဝင်း၊
ဗိုလ်မှူးမြခင်၊ ဒုတိယဌာနချုပ်မှူး-ဗိုလ်မှူးကြီးစံသာ၊ ဒုဗိုလ်မှူးကြီးစိုးနိုင်၊
ဗိုလ်မှူးမောင်မောင်အေး၊ဗိုလ်ကြီးမျိုးအောင်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဗျူဟာ (၁)မှာတော့ ဘိုးတော်သန်းနွဲ့(ဖြစ)က ဂျီတူးအဖြစ် လာဆုံနေကြရသည်။ ဘယ်ဘဝက ရေစက်လဲမသိသလို နောင်ဘယ်ဘဝမှာ ပြန်တွေ့ကြရလေမည်လဲ မသိ။

သည်လိုပြောကြဆိုကြရယ်မောကြ၊ ပင်ပန်းဆင်းရဲခဲ့ကြသော မဟာဗျူဟာမှာဘဝကို ယခုတိုင် တမ်းတမိပါသေးတော့သည်။

## နေ့မအား ညမနား မဟာဗျူဟာ

မဟာဗျူဟာကွပ်ကဲမှုဌာနချုပ်သည် ကာကွယ်ရေး ဦးစီးချုပ်ရုံး၊ ကြည်းစစ်ဆင်ရေး၏ကိုယ်ခွဲ မြန်မာပြည်မြောက်ပိုင်းကို စစ်ဆင်ရေးကွပ်ကဲရန်ဖြစ်၍ နေ့ရောညပါ မအားရ၊ မနားရသောအချိန်ဖြစ်ပေသည်။

ဗကပကလည်း ပြည်တွင်းမှာ ခြေကုတ်လွတ်ခဲ့ရပြီး ယခုမှပြန်လည်စုဖွဲ့ကာ စစ်ရေးအရှိန်အဟုန်မြင့်ချိန်ဖြစ်သည်။ ဗကပ အရှေ့မြောက်စစ်ဒေသဟု သီးခြားဖွဲ့စည်းထားသည်။ လက်နက်တပ်ဆင်မှုကလည်း ပဲခူးရိုးမတို့၊ မြစ်ဝကျွန်းပေါ်ဒေသတို့မှာလို ရိုင်ဖယ်လောက်၊ ဘရင်းဂန်းလောက်မဟုတ်တော့ဘဲ M 21, M 22 မောင်းပြန်ရိုင်ဖယ်များကိုယ်စီနှင့် 60 mm နှင့် 57 mm, 75 mm, 82 mm လက်နက်ကြီးပစ်ကူနှင့် တကယ့်တပ်မတော် တိုက်ခိုက်ရေးတပ်ကဲ့သို့ ဖွဲ့စည်းတပ်ဆင်ထားသည်။ အစွန်အဖျားဒေသမှာဖြစ်လျှင် အမြောက်ပစ်ကူပါသေးသည်။

တောင်ပေါ်ဒေသမှ ဒေသခံလူငယ်များကို ဖွတ်ခေါ်၍ ပြင်းထန်သောလေ့ကျင့်မှုပေးထားသည်။ တောင်တက်တောင်ဆင်း အလေ့အကျင့်ရပြီးသားတောင် ပေါ်သားလေးတွေဖြစ်၍အပင်ပန်းခံနိုင်သည်။ ဦးထုပ်မှစ ဝတ်စုံ၊ စစ်ဝတ်တန်ဆာ၊ ဖိနပ်အဆုံး အပြည့်အစုံဆင်ပေးထားသည်မို့ တက်ကြွနေသောအချိန်ဖြစ်သည်။ တောင်ပေါ်သားလူငယ်လူရွယ်များသည်စစ်ဝတ်စုံဝတ်၍ သေနတ်ကိုင်ရခြင်းကို သဘောကျကြသည်။ ကွန်မြူနစ်ဝါဒဟူသည် ဘာရယ်တော့မသိကြ။

တိုက်ပွဲဖြစ်လိုက်သည်နှင့် 60 mm မော်တာကို တရစပ် ပစ်သည်။ လိုအပ်လျှင် ပေါ့ပါးသော 57 mm ပစ်ကူရှိသေးသည်။ ဤသို့လျှင် စိတ်ဓာတ်တွေမြင့်ပေးထားသောရန်သူကို ချေမှုန်းရေးအတွက် မိမိဘက်က ခြေမြန်တပ်မနှစ်ခုနှင့်စစ်ဗျူဟာတစ်ခုကို ကွပ်ကဲနေရသည်။ ဦးစီးအရာရှိအားလုံး နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ အလုပ်ရှုပ်နေကြသည်။ ကြေးနန်းတွေ ပလူပျံနေကြသည်။ မြေပုံခန်းထဲရှိ မြေပုံပေါ်မှာ ရန်သူ့လှုပ်ရှားမှုသတင်း အနီရောင်နှင့်မိမိတပ်လှုပ်ရှားမှု





တင်းအပြာရောင်တွေ ပြည့်နှက်နေကြသည်။

မိသားစုများရှိရာ ပြင်ဦးလွင်မြို့သို့ တစ်လတစ်ခါ အလှည့်ကျတော့ ရပါ၏။ ဂျီဝမ်း၊ ဂျီတူး၊ ဂျီသရီးတွေ ဌာနအလိုက် တစ်ချိန်မှာ တစ်ယောက်ခွင့်ရသည်။ နံနက်လားရှိုးမှ ရထားစီးသွားလျှင် ညနေပြင်ဦးလွင်ရောက်သည်။ တစ်ညနှင့် နောက်နေ့တစ်နေ့တစ်ည နေခွင့်ရသည်။ တတိယနေ့ နံနက် မီးရထားကာ လားရှိုးသို့ ပြန်ရပြီ။ ဒါတောင်မှ တပ်ရင်းတပ်ဖွဲ့တွေ တိုက်ပွဲကြီးဖြစ်နေချိန်ကြုံလျှင် ပြန်ခွင့်မရ။ တိုက်ပွဲတွေဖြစ်နေလျှင် အရာရှိလူစုံရှိရသည်။ သည်လိုပုံမှန်မပြန်ရဘဲ တစ်လခွဲနှစ်လကြာမှ ပြန်ရသောအခြေအနေရောက်လာသည်။

အရာရှိအားလုံးရိပ်သာမှာ အတူနေ၊ ရိပ်သာမှာ အတူစား၊ ရုံးသို့ အတူကာ ခေါင်းမဖော်နိုင်အောင် အလုပ်တွေများနေသည့်အတွက် အချိန်ကုန်လို့မှန်းမသိကြဘဲ အလုပ်ထဲမှာ မြုပ်နေကြရပါသည်။ တပ်မတော်မှရရှိသောခြောက်၊ ရိက္ခာစိုနှင့် စားကြရသည်။ ညစာအတွက် လူတစ်ဦးလျှင် ငွေတစ်ထပ်ဖြည့်ပြီး အသားဟင်း ချက်စေရသည်။ ၁၉၇၀ ပြည့်နှစ်က အမဲသားပိသာ သုံးကျပ်ပေးရသောကာလဖြစ်ပေသည်။ ရိပ်သာတာဝန်ခံအဖြစ် စေ့စပ်များသော ဂျီတူး ဗိုလ်မှူးစိုးမြင့်က တာဝန်ယူကြပ်မတ်သည်မို့ ရိပ်သာတပ်ကြပ်၊ ဆရာတင်မောင်နှင့် ညစဉ်ဈေးဝယ်စာရင်းတွေစစ်ရသည်ကလည်း အမောဖြစ်ပေသည်။

မုန်းပေါ်တိုက်ပွဲ၊ မုန်စီနားလည်လိုတိုက်ပွဲကြီးမျိုးတွေဖြစ်လာလျှင် ရုံးစားပွဲပေါ်မှာ စား၍ ရုံးစားပွဲပေါ်မှာ အိပ်ကြရသည်ကများသည်။ ကွမ်လုံ ရက်လေးဆယ်တိုက်ပွဲကာလဖြစ်ပွားချိန်မှာ နှစ်ရက်မှတစ်ခါလောက် ရိပ်သာပြန် ရေချိုး၊ တလဲဖို့ပင် အချိန်ကိုလုနေရသည်။ လားရှိုးမြို့သည် မိုးတွင်းနှင့်ဆောင်းတွင်း အလွန်အေးသောဒေသဖြစ်၍ တော်ပေသေးတော့သည်။

ပြင်ဦးလွင်မှာချန်ထားခဲ့ရသော မိသားစုများထံမှနေမကောင်း ထိုင်မသာတင်းများကြားရလျှင်တော့ လူထဲကလူတွေဖြစ်ကြသော အသည်းနှလုံးရှိကြသောသားကြီးတွေမရှင်စိတ်နှင့် ဖွတ်ကြိတ်မှိတ်ကာ ကြေးနန်းစာတွေမြေပုံတွေထဲရှိုက်ထားကြရပါတော့သည်။

လူဟာလူပဲဖြစ်သည်မို့ လူတိုင်းမှာမိသားစုရှိကြသည်ချည်းသာ ဖြစ်သည်။ မိသားစုနေမကောင်းကြောင်းဆေးရုံပြရ၊ တက်ရကြောင်းသတင်းကြားလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဂျိဝမ်းကြီးနှင့်ဂျိတူးကြီးကလူကြီးလုပ်ကာ ဟန်ဆောင်နေရပေမဲ့ လူငယ်ဖြစ်သော ဂျိသရီးများကိုတော့ငဲ့ဉာကြရသည်။ ဦးစီး(တ)မရှိလျှင်ဦးစီး(ဒု)ကတာဝန်ယူရတေ သည်။ အသွားအပြန်မှသုံးရက်သာ သွားခွင့်ရသောအရာရှိများလည်း အပြေးသွား အပြေးပြန်ချင်ပေမဲ့မရ။ မီးရထားကြီးတအိအိ ခုတ်မောင်းသမျှ ဘူတာစဉ်ရပ်မှ သမျှငူငိုင်ငိုင်ကြီးထိုင်ရင်း ပြင်ဦးလွင်-လားရှိုးခရီးစဉ်ကို မဟာအခွင့်အရေးကြီး ဟု မှတ်ယူခဲ့ကြရပါ၏။

ဦးစီးအရာရှိဆိုတာ စိတ်ရှင်မှအလုပ်တွင်သည်။ သိပ်စိတ်ညစ်နေပြီ အိမ်ရာထဲခွေနေသောအရာရှိလေးတွေကို မသိဟန်ဆောင်၍ရုံးသို့မခေါ်ဘဲ အခန်းမှ ထားခဲ့ရသည်လည်းရှိသည်။ ဂျိတူးဆိုတာ ဂျိဝမ်းကြီးနှင့်ဂျိသရီးတွေကြားမှာ အဆင်ပြေအောင်ညှိရသော တာဝန်တစ်ခုက ပိုပါသေးသည်။

ကျွန်တော့်ဂျိသရီးဗိုလ်ကြီးသန့်ဇင်သည် ဗိုလ်သင်တန်းအပတ်စဉ်(၂၅)မှ ဖြစ်သည်။ လက်ရေးလက်သားကောင်းသည်။ မြေပုံတင်ခြင်း၊ ကြေးနန်းစာရေး ခြင်းတို့မှာသေသပ်သည်။ တစ်ခုပဲရှိသည်။ လူငယ်ပီပီ နွဲ့ဆိုးဆိုးချင်သည်။ နံနက်စာ စားပြီး(သို့မဟုတ်)ညစာစားပြီး ရုံးပြန်သွားမည့်အချိန်မှာ အခန်းတံခါးပိတ် အိပ်တတ် သည်။ သူ့ကိုယ်ရေးကိုယ်တာနှင့် သူ့စိတ်အခန့်မသင့်သည့်အခါမျိုးမှာ ကျွန်တော်က မသိချင်ဟန်ဆောင်ရသည်။ တပ်ကြပ်ကြီး စာရေးများကလည်း အားကိုးရသည်။ သတင်းတွေ၊ ဖြစ်စဉ်တွေ၊ မြေပုံတင်ရာမှာတော့ ခလရ(-)မှ ကျွန်တော်နှင့်အတူ ပါလာသော ရဲဘော်တင်ဝင်းကိုအားကိုးရသည်။

နောင်သောအခါ လူချင်းကွဲသွားကြပြီး ဗိုလ်ကြီးသန့်ဇင်က ဗိုလ်မှူးကြီး သန့်ဇင်ဖြစ်လာသောအခါ ပြန်တွေ့ရသည်။ ဂျိသရီးဘဝက ဗိုလ်မှူးအပေါ် နွဲ့ဆိုး ဆိုးခဲ့တာတွေ၊ ဆရာသမားက မသိဟန်ဆောင်တာတွေ၊ စိတ်ရှည်တာတွေ၊ သုံးသပ် ချက်တွေရေးရင်း သင်ပြသွားတာတွေကို အခု လူကြီးဖြစ်လာတဲ့အခါကျမှ ကျေးဇူး တွေ တင်နေရပါသည်ဟု တဖွဖွပြောရှာသည်။ လူငယ်ဘဝက တွေ့ကြုံမှုလေးများ သည် လူကြီးဘဝရောက်မှ တန်ဖိုးရှိသောသင်ခန်းစာဖြစ်ကြောင်း သဘောပေါက် သွားကြသည်ကိုသိရတော့ ကြည်နူးပီတိဖြစ်ရသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။

ဗိုလ်ကြီးသန့်ဇင်၏ဇနီး အသောင်းက ဝဝကစ်ကစ်ချစ်စရာလေး ဖြစ်သည်။ မောင် ကသောင်းကိုချစ်သလို သောင်းကလည်း မောင့်ကိုချစ်သည်။ အသောင်းက သူ့ကိုယ်လုံးလေးနှင့် မလိုက်အောင်နွဲ့တတ်သည်။ ကျွန်တော့်ဇနီးက





ပ်ရသည်။

အသောင်းက မကြာခဏကျွန်တော့်ဇနီးကိုလာပြီး ခေါင်းနှင့်ခွေ့တတ် သည်။ ချွဲတတ်သည်။ သူနေမကောင်းလို့ သားကြီးနေမကောင်းလို့၊ သမီးလေး နေမကောင်းလို့ သူ့မောင်ကိုခေါ်ပေးပါဟု အပူကပ်တတ်သည်။

ကျွန်တော့်ဇနီးက ကျွန်တော့်ထံဖုန်းဆက်လာလျှင် ကျွန်တော်ကလည်း ဂျိဝမ်းကြီး ခေါင်းရှင်းချိန် ဦးနောက်မခြောက် အလုပ်မရှုပ်သောအချိန် စောင့်၍ အိမ်ပြန်ပေါက်ခွင့်တောင်းပေးရသည်။

ကျွန်တော်က အရှေ့မြောက်နယ်မြေကို တာဝန်ယူ၍ ကျွန်တော့်သူငယ် ချင်း ဗိုလ်မှူးမောင်မောင်အေးက ကချင်ပြည်နယ်ကို တာဝန်ယူရသည်။

## ခေါင်းရှင်းလိုသူ

ဗိုလ်မှူးမောင်မောင်အေးက ရိုးသား၍ကြိုးစားသည်။ စနစ်ကြီးသည်။ သူ့လက်အောက်မှာက ဗိုလ်ကြီးမျိုးအောင်(စစ်တက္ကသိုလ် ၅) ရှိသည်။ လူငယ်လို နေတတ်သူ ဖြစ်သည်။ ကျွန်တော့်အမြင်မှာတော့ ချစ်စရာလူငယ်လေးဟု မြင်သည်။ ဗိုလ်မှူးမောင်မောင်အေးအမြင်မှာ ခြေမငြိမ်သူဟု အမြင်မကြည်လင်ဘဲ ရှိသည်။ အလုပ်သိပ်များလာလျှင် ဗိုလ်ကြီးမျိုးအောင်ကလာပြီး 'ဗိုလ်မှူး ကျွန်တော်ခဏ ပြင်သွားဦးမယ်'ဟု ဆိုလေ့ရှိသည်ကို သူ့ဆရာကလည်း ဘယ်တော့မှ ဘဝင် မကျ။ 'ခင်ဗျားကို ရေးခိုင်းတဲ့ကြေးနန်းပြီးပြီလား' 'အဲဒီကြေးနန်းစက်က ထွက်သွား ပြီလား'ဟု အမြဲမေးသည်။ အမြဲတမ်းမပြေလည်ကြ။

ဗိုလ်ကြီးမျိုးအောင်ကလည်း မာဇဒါဂျစ်လေးနှင့် လှစ်ခနဲထွက်သွား သည်။ မြို့ထဲတစ်ပတ်သွားပြီး နာရီဝက်ခွင့်တောင်းသွားလျှင် နာရီဝက်အတိမှာ ပြန်ရောက် လာတတ်သည်။ သူထွက်သွားသည်နှင့် ကိုမောင်မောင်အေးကလည်း ပြောနေကျအတိုင်း 'ကိုညွန့်ဆွေတွေ့လား၊ ဗိုလ်မျိုးက ဒီလိုခြေမငြိမ်တဲ့လူဗျ' 'ဒါကြောင့် ကျွန်တော်နဲ့မတည့်တာ'ဟု တိုင်တည်တော့သည်။ သူတို့ ဆရာတပည့် ကျက်ကျက်ကြားမှာ ကျွန် တော်က သူငယ်ချင်းကိုလည်း ဖျောင်းဖျရ၊ ဗိုလ်ကြီး မျိုးအောင်ကိုလည်း နှစ်ယောက်ချင်းခေါ်၍ နားဝင်အောင် ဆုံးမရနှင့် အလုပ်တစ်ခု ပိုပါသေးသည်။

ဗိုလ်ကြီးမျိုးအောင်ကလည်း အလုပ်များလျှင် ကားလေးတစ်ပတ် ပတ်မောင်းရမှ ခေါင်းထဲမှာ ပြန်လည်ကြည်လင်လာသည်ဟု အမြဲကြည်



www.burmeseclassic.com

www.burmeseclassic.com



အစွဲရှိနေသူဖြစ်ပေသည်။ ကျွန်တော်က ကိုမောင်မောင်အေးထက် ရှစ်နှစ်လော
ငယ်သူမို့လူငယ်အရာရှိတွေနှင့် ရင်းရင်းနှီးနှီးနေလို့ရပေမဲ့ ကိုမောင်မောင်အေး
ကိုတော့ လူငယ်တွေကအဖိုးကြီးတစ်ယောက်လိုမြင်တတ်ကြသည်။ အနေတည်
ပေကိုး။

သည့်လိုလေးတွေကလည်း မဟာဗျူဟာဌာနချုပ်မှာ နေရစဉ်အတွ
စိတ်ဝင်စားဖွယ် အမှတ်တရလေးများဖြစ်ကြပါ၏။

သာမန်အချိန်မှာ လူငယ်ကို ကိုင်တွယ်ရတာက တစ်မျိုး၊ စစ်မြေပြင်မှ
တိုက်ရင်းခိုက်ရင်း လူငယ်ကို ကိုင်တွယ်ရတာ တစ်မျိုး၊ ရုံးဌာနတွေမှာ အလုပ်
ချိန် လူငယ်ကိုကိုယ်တွယ်ရတာ တစ်မျိုးဖြစ်၍ ပုံသေသတ်မှတ်လို့ မရသည်
ခေါင်းဆောင်မှုပညာ Leadership သာ ဖြစ်ပါ၏။

မဟာဗျူဟာတွင် ကျောချင်းကပ်ကာထိုင်ခဲ့ရသော ဗိုလ်သင်တ
တစ်ပတ်တည်းဆင်း ဗိုလ်မှူးမောင်မောင်အေးနှင့် ကျွန်တော်တို့တစ်ချိန်တည်
တပ်ရင်းမှူးဖြစ်ကြပြီး ရေစက်ဆုံခဲ့ပုံလေးကို ယခုတစ်ဆက်တည်းရေးပြမှ ပုံပေါ်မ
ထင်ပါသည်။

(အမှန်တော့ ကျွန်တော်တပ်ရင်းမှူးဘဝဖြစ်စဉ်များကို သီးခြားတစ်ပို
ရေးရမှာ ဖြစ်ပါ၏)

ကျွန်တော်တို့ တစ်ပတ်တည်းဆင်း သူငယ်ချင်းသုံးယောက် တစ်
တည်းမှာ တပ်ရင်းမှူးဖြစ်ကြပါသည်။ ထောက်လှမ်းရေး ဂျီတူးဗိုလ်မှူးစိုးမြင့်က
ကယား(၁)သို့လည်းကောင်း၊ ဗိုလ်မှူးမောင်မောင်အေးက ခလရ(-)ကွတ်ခိုင်သို့
လည်းကောင်း၊ ကျွန်တော်က ဖိုးဂေါ်ရခါး ခလရ(-)ပုသိမ်ကြီးသို့လည်းကော
ပြောင်းကြရ ပါသည်။ ကိုစိုးမြင့်နှင့် ကျွန်တော်က တပ်မတပ်တွေရောက်
ကိုမောင်မောင်အေး က တိုင်းတပ်(နယ်ထိန်းတပ်)ရောက်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ စစ်ဆင်ရေးခြောက်လကျော်ကြာပြီး တပ်ရင်းမှာ တစ်
ပြန်နားရချိန် တစ်ရက်မှာ တပ်ရေးဖြစ်သူ ဗိုလ်ကြီးကျော်ထွန်းက လာရောက်သတ
ပို့သည်။

ခလရ(-)က တပ်သားဗဟာဒူးဆိုတာကျွန်တော်တို့တပ်ကို ပြောင်းလ
တယ်ဗိုလ်မှူး’ဟု ဆိုသည်။

ဖိုးဂေါ်ရခါးကို ဗဟာဒူးရောက်တာ ကောင်းတာပေါ့ကွာ’ဟုပြောလိုက်





ကာရှိသေး၊ ဗိုလ်ကြီးကျော်ထွန်းက အလွန်ဖြူသောသွားများပေါ်အောင် ပြုံးလိုက်
သည်။

‘သူ့ Record မှာတော့ မင်နီတွေချည်း အားလုံးပြည့်နေပါတယ်’ဟု
ပြောလာ၍ ရဲဘော်ဗဟာဒူးကို ခေါ်တွေ့ရသည်။

အရပ်ပြတ်ပြတ်၊ ခပ်ဝဝ၊ မျက်နှာကုပ်ကုပ်၊ ရှုသိုးသိုးနှင့်တပ်သားသစ်
မဟုတ်ဘဲတပ်ပြောင်းလာသော လူသစ်ကိုတွေ့ရသည်။

‘ခလရ (-)တပ်ရင်းမှူးက ငါ့သူငယ်ချင်းပဲကွ၊ မင်းဘာလို့ ဒီတပ်ကို
ပြောင်းလာတာလဲ’ဟု မေးလိုက်ရာ

‘မသိဘူး’ဟု တိုတိုတုတ်တုတ်ဖြေသည်။ ‘ကိုမောင်မောင်အေးက
စည်းကမ်းကြီးတယ်ကွ မင်းကဆိုးလို့ ပို့လိုက်တာလား’ဟု ဆက်မေးတော့ ဘာမှ
မဖြေဘဲ ဒီတိုင်းရပ်နေသည်။

‘မင်း စာတတ်သလား’

‘မတတ်ဘူး’

‘ကဲ ဒါဖြင့် ငါတို့ စုပေါင်းရိပ်သာမှာ ဒို့ခလရ(-)က ဘွဲ့ထူးဂုဏ်ထူး
ရထားတဲ့လူတွေရဲ့စာရင်းတွေ ဘုတ်ကြီးနဲ့ရေးထားတယ်။ မင်း RSMနဲ့ လိုက်သွား၊
အရာကြီးစိုးမြင့်က နာမည်တွေဖတ်ပြလိုက်ပါ’ဟု တစ်ဆက်တည်း ပြောလိုက်ရပါ
သည်။

သူတို့နှစ်ယောက် ထွက်သွားပြီး ခဏအကြာမှာ ပြန်ရောက်လာကြပါ
သည်။

‘ကဲ မင်းတွေ့ခဲ့ပြီ မဟုတ်လား၊ ဒီတပ်ဟာ ခလရ(-)ဆိုပေမဲ့ ဖိုး
ဂေါ်ရခါးလို့ ခေါ်တဲ့ တပ်ကွ၊ ငါ့တပ်မှာ တရုတ်ဖြူစစ်ဆင်ရေးကတည်းက ဘွဲ့တွေ
ရခဲ့တာဂေါ်ရခါးတွေချည်းပဲ၊ မင်းလဲဒီတပ်မှာ စစ်တိုက်ရမယ်၊ ဂေါ်ရခါးတွေကို
နာမည် မဖျက်ရဘူး၊ ကဲသွားတော့’ ဟု ပြောပြီးမှ လွှတ်လိုက်ရပါသည်။

ဒီလို ရဲဘော်နှင့် အမေးအဖြေ ဆက်လုပ်၍မဖြစ်၊ ပြတ်ပြတ်ပြောမှ
တော်ကာကျပေမည်။

ဖြစ်စဉ်ကို စုံစမ်းကြည့်တော့ စည်းကမ်းရှိသော တပ်ရင်းမှူးနဲ့မှ တွေ့လာ
သော စည်းမဲ့ကမ်းမဲ့ စစ်သားအကြောင်း အနည်းငယ်သိရသည်။ အရက်မူး
ရမ်းလို့အချုပ်ကျသည်။ လွှတ်တာနဲ့ပြန်သောက်ပြန်မူး အပြစ်ကျပြန်သည် ...

www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့ သူ့ကိုအချုပ်ခန်းထဲ အမြဲလိုထည့်ထားရသည်။ တစ်ရက်အချုပ်ထဲနေပြီး ထွက်သည်နှင့်စစ်ဝတ်စုံဝတ်ပြီး တပ်ရင်းဗဟို ကင်းတာဝန်ပေး၍ ၂၄ နာရီကင်း စောင့်စေသည်။ နောက်နေ့ကင်းတွဲလဲပြီးလျှင် အချုပ်ထဲပြန်ဝင်သောနည်းနှင့် သူ့ကို ထိန်းခဲ့ပါသည်။

သည်လိုနှင့် တစ်ပတ်မှနှစ်ပတ်ရှိတော့ မဟာဒူးတစ်ယောက် ဖောက်ပြီ။ အချုပ်မှလွတ်သည့်နေ့ ကင်းစောင့်နေချိန်မှာ အရက်သောက်ခွင့် မရပါဘဲလျက် ဂျီ ၃ သေနတ်ကိုမောင်းထိုးကာ တပ်ရင်းဗဟိုကင်းခေါင်မိုးကို သေနတ်နှင့်ပစ်ဖို့ ကြိုးစားလေတော့သည်။

သည်လောက်ဆိုးသောရဲဘော်ကို တပ်ကထုတ်ပြီး အရပ်ထောင်မချ တပ်ပြောင်းပေးလိုက်ခြင်းသည် တပ်ရင်းမှူး၏ညှာတာစိတ်သာ ဖြစ်ပါ၏။

သည်ရဲဘော်၊ သည်လူဆိုးလေး ဗဟာဒူးသည် ခလရ (-)၏ သမိုင်းဝင် ပွိုင့် ၄၅၆၁ တိုက်ပွဲတွင် သူရဘွဲ့ရရှိသည်အထိ စွမ်းဆောင်ခဲ့သူ ဖြစ်ခဲ့ရပါတော့သည်။ (ပွိုင့် ၄၅၆၁ တိုက်ပွဲအကြောင်း သီးခြားဖော်ပြပါမည်)

တစ်ရွာ မပြောင်း သူကောင်း မဖြစ်ဟုဆိုရမှာလည်း ခက်လှပေသည်။

## တီးမား-မုန်းပေါ်တိုက်ပွဲများ

အရှေ့မြောက် စစ်ဒေသတွင် ဗကပတို့စစ်ရေးအရှိန် မြင့်လာသောအခါ အင်အားကြီးမားသော တိုက်ခိုက်ရေးတပ်များနှင့် စစ်ရေးလှုပ်ရှားလာကြပါသည်။

ကျွန်တော်မဟာဗျူဟာသို့ မရောက်ခင်က တီးမားတိုက်ပွဲ-မုန်းပေါ်တိုက်ပွဲတို့ဖြစ်ပွားခဲ့ရာ မိမိဘက်တပ်ရင်းအင်အားရန်သူဘက်က တပ်မဟာအင်အားဖြင့် ပြင်းထန်စွာတိုက်ခိုက်ကြရသည်။

စွန့်စားစွန့်လွှတ်လိုစိတ်နှင့် ရဲရဲဝံ့ဝံ့ ခုခံတိုက်ခိုက်နေကြသော မိမိတပ်ကို ခုနစ်ရက်ခုနစ်လီ ဝိုင်းပတ်တိုက်ခိုက်နေသောရန်သူကြား၌ ရိက္ခာသာမက သောက်ရေပါ ပြတ်တောက်လာခဲ့သည်။

တပ်မတော်လေတပ်မှ စွန့်စွန့်စားစား ဝင်ရောက်ကာ ရေခဲတုံးများကို ထည့်ထားသော ဂုံနီအိတ်များကို Free drop ချပေးရသည်။ စခန်းတွင်တည့်တည့်ကျသောရေခဲအထုပ်ကို သောက်ရေအဖြစ်သောက်သုံးကာ ကြံ့ကြံ့ခံတိုက်ခိုက်ခဲ့ရပါသည်။





ထိုတိုက်ပွဲကြီးများ တစ်ခုချင်းကိုလည်း ပါဝင်ဆင်နွှဲခဲ့ရသူ၊ ကိုယ်တိုင်ကြုံကြိုက်ခဲ့ရသူ တပ်ရင်းမှူးနှင့်အရာရှိများကိုယ်တိုင် ပြန်လည်ရေးသားမှတ်တမ်းတင်အဖြစ်ထားရှိမှ ပြည့်စုံသောသမိုင်းရာဇဝင်များ ဖြစ်ပေမည်။

## နမ့်ပေါ်တိုက်ပွဲ

အရှေ့မြောက်ဒေသသို့ ကျွန်တော်ရောက်စမှာ နမ့်ပေါ်ဒေသတိုက်ပွဲဖြစ်ပွားခဲ့သည်။ ရှေ့တန်းတပ်မ (-)၏ ခလရ(-)နှင့် ခမရ(-)တို့ ဗကပနှင့် ပြင်းထန်စွာ တိုက်ခိုက်ရသော တိုက်ပွဲဖြစ်ပေသည်။ မိမိလှုပ်ရှားစစ်ကြောင်း ယာယီအခြေပြု လှုပ်ရှားရာကို ဗကပ၏အင်အားနှင့် ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။

## မုန်းစီတိုက်ပွဲ

သည့်နောက် ရှေ့တန်းတပ်မ (-)၏ ကယား(-) အခြေပြုရာ မုန်းစီးနားလည်ဒေသတိုက်ပွဲမှာလည်း ပြင်းထန်သောတိုက်ပွဲကြီး ဖြစ်ပေသည်။ မိမိအခြေပြုရာစခန်းကို ဗကပအင်အားစုနှင့် ဝင်ရောက်တိုက်ခိုက်သောတိုက်ပွဲ ဖြစ်သည်။

အစွန်အဖျားကျ၍ ဆက်သွယ်မှုဝေးလံသော မုန်းစီးစခန်းရှိ မိမိ၏ ကယား(-)တပ်ရင်း တိုက်စိတ်ခိုက်စိတ်အပြည့်နှင့်ရှပ်ရှပ်ချွံချွံတွန်းလှန်မှု၊ စစ်ကူတပ်ဖြစ်သော ခလရ(-)တပ်ရင်း အချိန်မီရောက်ရှိမှုကြောင့် ဗကပတို့အထိနာ ဆုတ်ခွာသွားခဲ့ရသောတိုက်ပွဲ ဖြစ်ပေသည်။

## ကွမ်းလုံတိုက်ပွဲ

မဟာဗျူဟာတွင် ကျွန်တော်ရှိနေစဉ်အတွင်း ကွမ်းလုံ ရက်လေးဆယ်တိုက်ပွဲသည် ဗကပတို့ တကယ့်အဆုံးအဖြတ်တိုက်ပွဲအဖြစ် ဖန်တီးလာသောတိုက်ပွဲအဖြစ် တွေ့ခဲ့ကြုံခဲ့ရပါသည်။ အရှေ့မြောက်ဒေသတွင် ဗကပတို့ အင်အားကြီးမားစွာစုဖွဲ့လာပြီး စစ်ရေးအရှိန်အဟုန်မြှင့်တင်လှုပ်ရှားမှု စစ်မျက်နှာ၏အမြင့်ဆုံးတိုက်ပွဲ ဖန်တီးလာခြင်းဖြစ်သည်။

ကွမ်းလုံတိုက်ပွဲကြီး မဖန်တီးမီ ဝနယ်မြောက်ပိုင်း မိုင်းမောဒေသရှိ ခလကဆဖ တို့ကို ဗကပမှ တိုက်သည်။ ပြီးနောက် ပန်လုံကိုတိုက်သည်။ တဖြည်းဖြည်း မိမိစစ်ရေးလွှမ်းမိုးရာနယ်မြေကို ကျဉ်းမြောင်းလာစေခြင်းဖြစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှ သုံးသပ်မိရပါသည်။

ကွမ်းလုံမြို့ကို တိုက်ခိုက်ခြင်းမှာ နယ်မြေသိမ်းတိုက်ပွဲ ဖန်တီးခဲ့ခြင်း ဖြစ်သည်။ ဗကပဗဟို၏ အစီအမံဖြင့် မိမိတို့မမျှော်မှန်းသော ပစ်ကူစစ်ကူများ နှင့်လားရှိုး-ကွမ်းလုံလမ်းကိုဆက်သွယ်ရေးဖြတ်တောက်ရန်နားတီး၊ နမ့်စလပ်ဒေသ သို့ ထိုးစစ်တစ်ကြောင်း ဝင်လာသည်။ ဆက်သွယ်ရေး ဖြတ်တောက်ထားမည်။

ပြီးနောက် ကွမ်းလုံကိုအပိုင်တိုက်ခိုက် သိမ်းပိုက်မည်၊ သံလွင်အရှေ့ ခြမ်း၊ ကိုးကန့်၊ ဝမြောက်၊ ဝတောင်တစ်ကြော လွတ်မြောက်သောနယ်ကြေညာ ရန် မဟာဗျူဟာချမှတ်စီမံခဲ့သော ဗကပ ထိုးစစ်ကြီးဖြစ်ပေသည်။

နားတီးနမ့်စလပ်ဒေသသို့ ရှေ့တန်းတပ်မ (-)ရွှေ့ပြောင်း အခြေပြု၍ လည်းကောင်း၊ ကွမ်းလုံတွင် စစ်ဗျူဟာ(၁)မှူး ဗိုလ်မှူးကြီးထွန်းရီ အခြေပြုကွပ် ကဲ၍လည်းကောင်း တပ်မတော်သားတို့ ရဲဝံ့စွန့်စားစွာ တွန်းလှန်တိုက်ခိုက်ခဲ့ရသည်။

ကွမ်းလုံမြို့ကို စိုးမိုးထားသော ဟိုက်ကမ်းပါးတောင်ကုန်းကို ဗကပတို့ သိမ်းပိုက်ရရှိသွားသည်နှင့် ဗကပတို့ အသာစီး ရသွားသည်။ ဟိုက်ကမ်းပါးတောင် ကုန်းတွင် ခြေကုတ်ယူပြီး ကွမ်းလုံမြို့ကို ပစ်ခတ်တိုက်ခိုက်စရာ မလို၊ လူအင်အား နှင့် ဖိဆင်းလာနိုင်သောမြေအနေအထား ဖြစ်ပေသည်။

ခမရ (-) လူဟောင်းဖြစ်သော စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးထွန်းရီ နှင့် တပ်ရင်းမှူး ဒုမှူးကြီးအောင်မြင့်တို့နှစ်ဦး သန္နိဋ္ဌာန်စိတ်ဖြင့် ချက်ချင်း ပြန်လည် တိုက်ထုတ်လိုက်ခြင်းသည် အလှည့်အပြောင်းတိုက်ပွဲကြီး ဖြစ်ပါ၏။

ဟိုက်ကမ်းပါးတိုက်ပွဲအကြောင်းကို ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူ ကြီး ကြပ်ရသော စစ်ဗျူဟာမှူးကြီးကိုယ်တိုင်ရေးမှ တပ်မတော်သမိုင်း၊ မြန်မာ့သမိုင်း အတွက် ပြည့်စုံပေလိမ့်မည်ဟုယူဆမိပါသည်။

ကျွန်တော်ကတော့ သည်စစ်မျက်နှာကို တာဝန်ယူရသော ဦးစီး အရာရှိသာဖြစ်ပါ၏။

ပြည်တွင်းမှာ အခြေပြုခဲ့သောဗကပဗဟိုသည် ပဲခူးရိုးမတွင်လည်း ကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသတွင်လည်းကောင်း၊ စစ်ရေးသာမက နိုင်ငံရေးပါ ရှုံးနိမ့်လာခဲ့ရသည်မှာ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး ဟူသော စစ်ကြောင်းကြီးငါးကြောင်းဖြင့်ဆင်နွှဲလာသော မိမိတို့၏ချေမှုန်းရေး စစ်ကြောင့်ဖြစ်ခဲ့ရသည်။





သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်တို့ ကျဆုံးကြရပြီးနောက် ဗကပ ဗဟိုသည် အရှေ့မြောက်ဒေသသို့ ရွှေ့ပြောင်းရတော့သည်။ ပြည်ပအခြေပြု ဗကပ ဗဟို၏ အနီးကပ်ကြီးကြပ်မှုဖြင့် စစ်ရေးအရှိန်အဟုန်မြှင့်တင်ကာ နယ်မြေသိမ်းပိုက် ရေးမဟာဗျူဟာကို အင်အားအလုံးအရင်းနှင့်ကျင့်သုံးလာခဲ့ခြင်း ဖြစ်သည်။

နယ်မြေကို သိမ်းပိုက်ရရှိသည်နှင့် လွတ်မြောက်သောနယ်မြေ ထူထောင် ရန် အဓိက ရည်မှန်းချက်ကြီးမှာ ထိုးစစ်ပြုတိုင်း ကျရှုံးမှုချည် ကြုံလာရသောအခါ တိုက်စစ်အရှိန် အိ၍လာပေတော့သည်။

ကွမ်းလုံတိုက်ပွဲသည် မြန်မာ့တပ်မတော်၏ အဓိကသမိုင်းဝင်ခံ စစ်မှတ် တမ်းကြီး ဖြစ်ခဲ့ရပါ၏။

**မှတ်စာရေးနတ်**

မဟာဗျူဟာကွပ်ကဲမှုဌာနချုပ်တွင် တာဝန်ကျနေဆဲမှာ လူမှုရေးကုသိုလ် တစ်ခုလည်း ပြုခွင့်ရခဲ့ပါသေးသည်။

ကွမ်းလုံ ရက်လေးဆယ်တိုက်ပွဲဖြစ်ပွားနေချိန်မှာ လားရှိုးအခြေစိုက် စစ်ဗျူ ဟာ(၁)မှူး ဗိုလ်မှူးကြီးထွန်းရီနှင့်အဖွဲ့က ကွမ်းလုံတွင်ရောက်ရှိအနီးကပ်ကွပ်ကဲ လျက်ရှိသည်။ တစ်နေ့မှာ ဗျူဟာမှူးကတော်ကြီးမမတင်က ကျွန်တော့်ထံ ဖုန်းဆက် လာပါသည်။

'ဗိုလ်မှူးရေ စစ်ဆင်ရေးအရေးကြီးနေတုန်း ကိုကို့ကို ဘယ်သူမှမပြော ကြလို့ ဗိုလ်မှူးကြည့်လုပ်ပေးပါဦး' ဟု ပြောလာသည်။

အချစ်ရေးထက် စစ်ရေးကိုဦးစားပေးနေရသောတပ်မတော်သားတစ်ဦးရဲ့ တတ်လမ်းက စိတ်ဝင်စားစရာဖြစ်ပါ၏။

စစ်ဗျူဟာဦးစီးအရာရှိလေး ဗိုလ်ကြီးဝင်းမြင့်ဆိုသူက ရှမ်းပျိုဖြူလေး ရျှိနှင့် မင်္ဂလာပွဲကျင်းပရန်ကြိုတင်ပြုလုပ်ထားသော အစီအစဉ်တွေက အားလုံး ဆောင်သင့်လည်းဖြစ်ပြီ။ လေးရက်သာ လိုတော့သည်။

သတို့သားက တိုက်ပွဲတွေ ပြင်းထန်နေသော ကွမ်းလုံမြို့မှာ နေ့ရောညပါ မင်းမှန်း ဟင်းမှန်း မသိ၊ တာဝန်တွေပိနေသည်။ တစ်ခုတည်းသော ကားလမ်း ကြောင်းကလည်း ပြတ်တောက်လုဖြစ်နေသည်။

စစ်ဗျူဟာဂျီတူးဖြစ်သူမှာ ကျွန်တော်နှင့်ဗိုလ်သင်တန်းတစ်ပတ်တည်းဆင်း



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးသန်းနွံဖြစ်၍ လားရှိုးမှာ နောက်ချန်တာဝန်ယူနေရသည်။ သူ့အနေနှင့် စစ်ဗျူဟာမှူးထံသတင်းပို့ရလည်း ခက်နေသည်။

ဒီလိုအချိန်မှာ ကိုကို့ကိုပြောရဲမှာ ဗိုလ်မှူးတစ်ယောက်ပဲရှိလို့ ဗိုလ်မှူးဆီ ဆက်ရတာ၊ ကြည့်လုပ်ပါဦး'ဟု မမတင်က ဆက်ပြောနေသေးသည်။

ခြေမြန်တပ်ရင်း(-)မှာ တပ်ခွဲမှူးနှင့်တပ်စုမှူးဘဝဖြင့် အတူနေခဲ့ရသူ ဖြစ်၍မမတင်နှင့်ပါရင်းနှီးပြီးဖြစ်သည်။ ဆရာသမားကြီးကအနေတည်၍ မှန်ကုတ် နေတတ်သူဖြစ်သည်။ မည်သူနှင့်မှ အရောတဝင် မနေတတ်ပေ။ ကျွန် တော့်ဇနီး မသက်ဆွေကိုတော့ သူ့ညီမလေးလိုဆက်ဆံတတ်ပေသည်။

'ကျွန်တော်အခြေအနေကို ကြည့်ဦးမယ် မမတင်' ဟုသာ မယုတ်မလွန် ပြောထားရသည်။ တခြားလူတွေမပြောရဲသည်ကို ကိုယ့်ဆရာရင်းမို့ အရဲစွန့်ပြော ရမှာကမခက်၊ လားရှိုးမြို့သို့ သတို့သား အချိန်မီရောက်ဖို့က ခက်နေသည်။

နောက်နေ့နံနက် မြေပုံခန်းမဌာနစဉ်အခြေအနေ ရှင်းပြအပြီးမှာ မဟာဗျူဟာမှူးကြီးက နားတီး(ရတတပ်မ-)နှင့် ကွမ်းလုံစစ်ဗျူဟာ(၁)ရှိရာသို့ သွားရန် အစီအစဉ်လုပ်ခိုင်းသည်။

သည်တော့မှ ဗိုလ်ကြီးဝင်းမြင့်ကိစ္စတင်ပြပြီး ရဟတ်ယာဉ်အပြန်မှာ တစ်ပါတည်းခေါ်လာခွင့်ပြုဖို့ မဟာဗျူဟာမှူးကြီးကို သတင်းပို့ဖြစ်လိုက်ပါ တော့သည်။

လူ့ကံဟူသည် ဆန်းကြယ်လှပါဘိ။

နောက်နေ့နံနက်ရာသီဥတုပွင့်လင်းသည်နှင့် မဟာဗျူဟာမှူး၊ ဒုတိယ မဟာဗျူဟာမှူး၊ ထောက်လှမ်းရေး၊ ဂျီတူးဗိုလ်မှူးစိုးမြင့်၊ ဂျီသရီးဗိုလ်ကြီး ဇော်ဘွန်း နှင့် ကျွန်တော်တို့ ဟတ်စကီးရဟတ်ယာဉ်နှင့် လားရှိုးမှထွက်ဖြစ်ကြသည်။

ရှေ့တန်းတပ်မ(-)ကို အရင်ဝင်သည်။ ပြီးမှကွမ်းလုံ လှုပ်ရှား စစ်ဗျူဟာ (၁)သို့ရောက်ကြသည်။ ရန်သူ့အခြေအနေ၊ မိမိအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်စီမံချက်ကို စစ်ဗျူဟာမှူးကြီးမှရှင်းလင်းတင်ပြရာ မဟာဗျူဟာ မှူးကြီးကလည်း ထူးထူးထွေထွေပြင်ဆင်ညွှန်ကြားခြင်းမပြုဘဲသဘော တူခဲ့သည် သာဖြစ်ပါ၏။

ရှေ့တန်းစစ်ဗျူဟာမှာ နံနက်စာစားကြဖို့ ပြင်ဆင်ဆဲမှာ ဗိုလ်မှူးကြီး ထွန်းရီအနားကပ်၍ တိုးတိုးသတင်းပို့ရသည်။ ဆရာတပည့် အထာသိနေပြီမို့ လိုရင်း





တိုရှင်း နှစ်ကိုယ်ကြားပြောရသည်။

'ဆရာသမား သတို့သားဗိုလ်ဝင်းမြင့်ကို ပြန်ခေါ်သွားမှဖြစ်မယ်၊ သဘက် ခါ မင်္ဂလာဆောင်ရတော့မယ်'ဟု ပြောတော့ သူကလည်း တုံးတိတိပြန် ဖြေသည်။

'ရှုပ်ကို ရှုပ်တယ်'ဟူ၍

'နံနက်စာ စားဆဲမှာ မဟာဗျူဟာမှူးကြီးက 'ကိုထွန်းရီ ခင်ဗျားရဲ့ ဂျီသရီးလေး မင်္ဂလာဆောင်မလို့ဆို၊ ကျုပ်တို့နဲ့ထည့်လိုက်ပါလား'ဟု ပြောကြား လေသောအခါ ဆရာသမားကြီးက တုံနိဘာဝေလုပ်နေသည်။

ဘေးမှရပ်နေသော ကိုဝင်းမြင့်ကို မျက်စပစ်ပြလိုက်ရသည်။ သည်လိုနှင့် ကွမ်းလုံမှ လားရှိုးသို့အပြန်ခရီး ရဟတ်ယာဉ်ပေါ်မှာ သတိုးသားလောင်းလေး တစ်ပါတည်း ပါလာခဲ့ပါတော့သည်။

မအိပ်ရတာကြာလို့ မျက်တွင်းဟောက်ပက်နှင့် ဘောလုံးပန်းလို ထိုးထိုး ထောင်ထောင်၊ ဆံပင်က ရှည်ရှည်စုတ်ဖွားဖွား ညှဉ်းသိုးသိုး၊ ညစ်ပတ်ပေတူးလေး တစ်ယောက် နောက်လေးဆယ့်ရှစ်နာရီအတွင်းမှာ မင်္ဂလာသတို့သားအဖြစ် ပွဲထွက် ရပေတော့မည်။

ဤသို့ဤနှယ် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း မင်္ဂလာဆောင်ရေးကိစ္စ ဗျူဟာမှူးကတော်ကြီးက ကျွန်တော့်ကို ပြောခိုင်းခြင်း၊ ကျွန်တော်က ပြောရဲခြင်း မှာလည်း အကြောင်းရှိ၍ ဖြစ်ပါ၏။

၁၉၅၇-၅၈ ကာလ ရင်းနှီးမှု-

ကျွန်တော်တို့ ခြေမြန်တပ်ရင်း(-)မှာ တပ်ခွဲမှူးနှင့်တပ်စုမှူး သုံးယောက် ကို့သည် ညီရင်းအစ်ကိုထက် ပို၍ရင်းနှီးစွာ နေခဲ့ကြပါသည်။ တပ်ခွဲတစ်ခုလုံး စုစည်းစည်း အနားရသောနေ့ရက်တိုင်းမှာ အရာရှိလေးဦးတန်းစီ၍ အိပ်ကြသည်။ တအတူ သွားအတူနေခဲ့ကြသည်။

တပ်ခွဲမှူးကြီးက စကားနည်းသလို အမြဲမှန်တေတေ နေတတ်သည်။ ပုနေစောင်းလျှင် တပ်မတော်ရမ်အရက်ကိုတစ်ပက်သောက်သည်။ ထိုထက်လည်း ပိုမသောက်။

ညနေတိုင်းမှာ ထွေရာလေးပါး စကားတွေပြောရင်းညစာစားသည်။ ဆွေ ပြောကြသည်။ ညအိပ်ချိန်အထိ၊ သူ့အကြောင်းကိုယ်သိ၊ ကိုယ့်အကြောင်းသူသိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလိုရင်းနှီးလှန်းလှပါသည်။

တိုင်းပြည်မှာ ရောင်စုံသောင်းကျန်းသူတွေဆူပူမှု အရှိန်အမြင့်ဆုံး ၁၉၄၈/၄၉ ခုနှစ်မှာ သေနတ်ကိုင်တပ်ရင်း(-) မြစ်ဝကျွန်းပေါ်ဒေသတွင် တာဝန်ကျ သည်။ တပ်ကြပ်ကြီးထွန်းရီ၊ တပ်ကြပ်ကြီးစည်သူ (ဒုမှူးကြီးကွယ်လွန်) တပ်ကြပ် ကြီးရဲမြင့်(ဒုမှူးကြီးတင့်ရှိန်) တောင်ကြီးဒေသပါတီကော်မတီဥက္ကဋ္ဌ(ငြိမ်း) စသည့် သူငယ်ချင်းများမှာ ဘီဒီအေကာလက အရာရှိများဖြစ်ပါလျက် ကန္တီစာချုပ်အရ တပ်မတော်ပြန်ဖွဲ့သောအခါတပ်ကြပ်၊ တပ်ကြပ်ကြီးအဆင့်များဖြင့်သနက(-)မှာ ဆက်လက် တာဝန်ယူခဲ့ကြသူများဖြစ်သည်။

ထိုတပ်ကြပ်ကြီးများကပင် တပ်စုမှူးတာဝန်ယူ၍ တိုက်နေခိုက်နေကြရ သောကာလဖြစ်သည်။ တိုက်ပွဲတွေပြင်းထန်လွန်း၍လက်နက်ကျည်ဆံတွေ လျော့ပါး လာသည်။ အချိန်မီထုတ်ရန် လိုအပ်လာသည်၊ တပ်ကြပ်ကြီးထွန်းရီ ဦးစီးတပ်စုကို နှစ်ထပ်သင်္ဘောနှင့်ရန်ကုန်သို့ စေလွှတ်သည်။ ကျည်ဆံမျိုးစုံထုတ်ယူရေး တာဝန် ပေးလိုက်သည်၊ တစ်ညလုံးသင်္ဘောခုတ်မောင်း၍ ရန်ကုန်ရောက်သည်နှင့် ကျည်ဆန်တွေ ထုတ်ရသည်။

တစ်ရက်သာ အချိန်ရသည်။ ညကျလျှင် သင်္ဘောပြန်ခွာ၍ တောက် လျှောက်မောင်းရမည်။ ရန်ကုန်တရုတ်တန်းမှ ခေါက်ဆွဲတစ်ထုတ်စီ စားရသည်ကို ထိုရဲဘော်တွေမှာ အရသာရှိလွန်းလှဘိဟုခံယူကြသည်။ နေ့သေမလား၊ ညသေ မလား၊ သူ့အလှည့်လား၊ ကိုယ့်အလှည့်လားမသိ။ စွန့်စားတိုက်ခိုက်နေရသောကာလ မှာ ထမင်းတစ်နပ် စားပြီးသည်နှင့် တစ်နပ်စာ၊ တစ်ရက်စာ အသက်ရှည်လာပါရော လားဟု ပြောလေ့ရှိကြသောဟူ၏။

တပ်ခွဲမှူးဗိုလ်ကြီးထွန်းရီနှင့် ကျွန်တော်တို့ တပ်စုမှူးသုံးယောက်တို့သည် တောထဲတောင်ထဲ ရောက်နေတုန်း တောထဲရောက်ရာ စခန်းချရာမှာ စစ်ကိုင်းတပ် မဟာ(-)မှာ ခေတ္တရပ်နားရလျှင်လည်း တည်းခိုရာတန်းလျားမှာ အတူအိပ်ကြသည်။ အတူတူ စားကြသည်။

တပ်ခွဲမှူးနှင့် တပ်စုမှူးများသည် စစ်တိုက်ချိန်မှအပ ကျန်အချိန်မှာ ညီအစ်ကိုလို ချစ်ကြသည်။

နေ့ရှိသမျှအတူတကွနေရသူတွေမို့ သူ့အကြောင်းကိုယ့်အကြောင်း သူ့ ဆွေမျိုးကိုယ့်ဆွေမျိုးအကြောင်းလည်းပြောကြ၊ သိနေကြသည်အထိရင်းနှီးကြသည်။





မကြာခဏ ကျွန်တော်တို့ မေးမိပြောမိကြသည်ကိုလည်း တပ်ခွဲမှူး အစ်ကိုကြီးက မဟာတဟာအပြုံးနှင့် ပြောပြတတ်သည်။

စစ်ကိုင်းတိုင်း မြင်းမူနယ်သား တပ်ခွဲမှူးကြီးနှင့်ပဲခူးတိုင်း၊ ပဲခူးသူ မမတင်တို့ ကြုံဆုံကြပုံ၊ မြတ်နိုးတွယ်တာကြပုံ၊ အိမ်ထောင်ပြုဖြစ်ပုံမှ စပြောပြ လေတိုင်း ပုံပြောကောင်းသော အစ်ကိုကြီးနားပိုင်းအုံနေသော ညီငယ်များပမာ ကျွန်တော်တို့ သုံးယောက်မှာနားထောင်၍ မဝနိုင်ကြ။

ထပ်မေးတိုင်း ထပ်ပြောသည်။

ထပ်ပြောလည်း ထပ်နားထောင်ကြသည်။

ထပ်၍ ထပ်၍ နားထောင်ရလည်း မရိုးနိုင်ကြ။

သည်လိုသည်လို ငယ်ဘဝကရင်းနှီးမှုကြောင့်လည်း ဘယ်သူမျှ မှုံမတောင်းရဲသော သတို့သားကိစ္စနှင့်ပတ်သက်၍ မမတင်က ကျွန်တော့်ကို တာဝန်ပေးခြင်းဖြစ်ပါသည်။

ကျွန်တော်ကလည်း တာဝန်ကျေခဲ့ပါသည်။

မောင်ဝင်းမြင့်နှင့်မချိုတို့ မင်္ဂလာဆောင်ဖြစ်ကြသည်။

သူတို့မင်္ဂလာသက်တမ်း မည်မျှရှိလေပြီလဲ။

ကွမ်းလုံ ရက်လေးဆယ်တိုက်ပွဲကတော့ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာက ဖြစ်ခဲ့ပါ၏။

မဟာဗျူဟာကွပ်ကဲမှုဌာနချုပ်

၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလမှ ၁၉၇၂ ခုနှစ်၊ မေလ

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးကြီးစိန်မြ | ဌာနချုပ်မှူး |
| ၂။ | ဗိုလ်မှူးကြီးအေးကို | ဌာနချုပ်မှူး |
| ၃။ | ဗိုလ်မှူးကြီးစံသာ | ဒု ဌာနချုပ်မှူး |
| ၄။ | ဒုဗိုလ်မှူးကြီးခင်မောင်တည် | စစ်ဦးစီးမှူး(ပ)စစ်ဆင်ရေး |
| ၅။ | ဒုဗိုလ်မှူးကြီးစိုးနိုင် | စစ်ဦးစီးမှူး(ပ)စစ်ဆင်ရေး |
| ၆။ | ဒုဗိုလ်မှူးကြီးတင်ထွန်း | စစ်ဦးစီးမှူး(ပ)ထောက်လှမ်းရေး |
| ၇။ | ဒုဗိုလ်မှူးကြီးလှဝင်း | စစ်ဦးစီးမှူး(ပ)ထောက်လှမ်းရေး |
| ၈။ | ဒုဗိုလ်မှူးကြီးမင်းဂေါင် | စစ်ဦးစီးမှူး(ပ)နိုင်ငံရေး |



www.burmeseclassic.com

www.burmeseclassic.com





မဟာဗျူဟာ ကွပ်ကဲမှုဌာနချုပ်ဌာနမှူးအလွဲအပြောင်းတွင်ဦးစီးအရာရှိများနှင့် အတူ





| | | |
|---|---|---|
| ၉။ | ဒုဗိုလ်မှူးကြီးသိန်းအောင် | စစ်ဦးစီးမှူး(ပ)နိုင်ငံရေး |
| ၁၀။ | ဒုဗိုလ်မှူးကြီးထွန်းမြိုင် | စစ်ဦးစီးမှူး(ပ)နိုင်ငံရေး |
| ၁၁။ | ဒုဗိုလ်မှူးကြီးအောင်ညွန့် | စစ်ဦးစီးမှူး(ပ)ဆက်သွယ်ရေး |
| ၁၂။ | ဒုဗိုလ်မှူးကြီးလှကျော်ဖေ | စစ်ဦးစီးမှူး(ပ)ဆေး |
| ၁၃။ | ဒုဗိုလ်မှူးကြီးစံသာ | စစ်ဦးစီးမှူး(ပ)အင်ဂျင်နီယာ |
| ၁၄။ | ဗိုလ်မှူးညွန့်ဆွေ | စစ်ဦးစီးမှူး(ဒု)စစ်ဆင်ရေး |
| ၁၅။ | ဗိုလ်မှူးမောင်မောင်အေး | စစ်ဦးစီးမှူး(ဒု)စစ်ဆင်ရေး |
| ၁၆။ | ဗိုလ်မှူးစိုးမြင့် | စစ်ဦးစီးမှူး(ဒု)ထောက်လှမ်းရေး |
| ၁၇။ | ဗိုလ်မှူးခင်မောင်ဦး | စစ်ဦးစီးမှူး(ဒု)နိုင်ငံရေး |
| ၁၈။ | ဗိုလ်မှူးမြခင် | စစ်ဦးစီးမှူး(ဒု)စီမံရေး |
| ၁၉။ | ဗိုလ်ကြီးသန့်ဇင် | စစ်ဦးစီးမှူး(တ)စစ်ဆင်ရေး |
| ၂၀။ | ဗိုလ်ကြီးမောင်အုန်း | စစ်ဦးစီးမှူး(တ)စစ်ဆင်ရေး |
| ၂၁။ | ဗိုလ်ကြီးမျိုးအောင် | စစ်ဦးစီးမှူး(တ)စစ်ဆင်ရေး |
| ၂၂။ | ဗိုလ်ကြီးဇော်ဘွန်း | စစ်ဦးစီးမှူး(တ)ထောက်လှမ်းရေး |
| ၂၃။ | ဗိုလ်ကြီးခင်မောင်ဦး | စစ်ဦးစီးမှူး(တ)နိုင်ငံရေး |
| ၂၄။ | ဗိုလ်ကြီးစံလေး | စစ်ဦးစီးမှူး(တ)နိုင်ငံရေး |
| ၂၅။ | ဗိုလ်ကြီးအုန်းမောင် | စစ်ဦးစီးမှူး(တ)စီမံရေး |
| ၂၆။ | ဗိုလ်ကြီးလှမောင် | စစ်ဦးစီးမှူး(တ)စီမံရေး |
| ၂၇။ | ဗိုလ်ခင်မောင်တင် | စစ်ဦးစီးမှူး(တ)စစ်ဆင်ရေး |
| ၂၈။ | ဗိုလ်စည်သူ | စစ်ဦးစီးမှူး(တ)စစ်ဆင်ရေး |
| ၂၉။ | ဗိုလ်ကြီးထွန်းသိုက် | မဟာဗျူဟာမှူး ဦးစီးအရာရှိ |
| ၃၀။ | ဗိုလ်ကြီးငွေစိုးထွန်း | မဟာဗျူဟာမှူး ဦးစီးအရာရှိ |
| ၃၁။ | ဗိုလ်ကြီးသောင်းရွှေ | မဟာဗျူဟာမှူး ဦးစီးအရာရှိ |
| ၃၂။ | ဗိုလ်ကြီးအောင်သာကျော် | မဟာဗျူဟာမှူး ဦးစီးအရာရှိ |

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ဆဋ္ဌမပိုင်း

**ယာယီတပ်ရင်းမှူး**

တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ရသောကာလ (၂၈)နှစ်မှာ လေ့ကျင့်ရေးတာဝန်၊ စစ်ဆင်ရေးတာဝန်၊ ဦးစီးဌာနတာဝန်မျိုးစုံ ထမ်းဆောင်ခဲ့ရဖူးပါသည်။

စစ်ဆင်ရေးတပ်တွင် တပ်ခွဲမှူး၊ တပ်ရင်းမှူးတာဝန် ယူရသောကာလသည် စိတ်ဝင်စားဖွယ်အကောင်းဆုံးယူရသောတာဝန် အလေးနက်ဆုံးဟုယူဆပါသည်။ ကိုယ်စွမ်းကိုယ်စရှိလျှင်ရှိသလို၊ ဉာဏ်စွမ်းဉာဏ်စရှိလျှင်ရှိသလို တီထွင်ကြံဆလုပ်ပိုင်ခွင့်ရှိသည်။

တပ်ခွဲမှူးညံ့လျှင် တပ်ခွဲညံ့မည်၊ တပ်စုမှူးများမှာ တာဝန်မရှိ။

တပ်ရင်းမှူးညံ့လျှင် တပ်ရင်းစွမ်းရည် ညံ့မည်။ အခြားမည်သူ့ကိုမျှ မျှော်မရ။ အထူးသဖြင့်ကိုယ်တိုင်ကွပ်ကဲ၍ကိုယ်တိုင်ဦးဆောင်ရသော စစ်ဆင်ရေးတပ်ရင်းများမှာ ပိုသိသာပေသည်။

စိတ်ဝင်စားဖွယ်အကောင်းဆုံးတပ်ခွဲမှူး၊ တပ်ရင်းမှူးဘဝသည် တာဝန်လည်းကြီး၊ ပင်လည်းပင်ပန်းလှပါသည်။

တပ်ရင်းမှာ တက်ညီလက်ညီရှိကြလျှင် ရဲဘော်ရဲဘက်စိတ် အပြည့်ရှိကြလျှင် ပင်ပန်းသမျှ အားလုံးမေ့၊ စိတ်မောစရာတွေအားလုံး ပျောက်ရပါတော့သည်။ မိသားစုရွာကြီးလို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြလျှင် တကယ့်ပျော်စရာမဟာအိမ်ထောင်စုကြီးပုံစံ အမှန်ဖြစ်ပါ၏။

ကျွန်တော်သည် မဟာဗျူဟာကွပ်ကဲမှုဌာနချုပ်မှာ စစ်ဦးစီး(၃)(ဂျီတူး)တာဝန်ထမ်းဆောင်နေရာမှ ၁၉၇၂ ခုနှစ် ဧပြီလတွင် တပ်ရင်းမှူးအဆင့် တိုးမြှင့်



www.burmeseclassic.com

www.burmeseclassic.com



မိန့် ရရှိပါတော့သည်။ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့ရှိ အမှတ်(-)ခြေလျင်တပ်ရင်းသို့ ယာယီတပ်ရင်းမှူးအဖြစ် ခန့်အပ်ခံရပါသည်။

မဟာဗျူဟာမှာ ဂျီတူး ငါးဦးရှိသည့်အနက် ထောက်လှမ်းရေး ဂျီတူးဗိုလ်မှူးစိုးမြင့်သည် ကယား(-)သို့လည်းကောင်း၊ စစ်ဆင်ရေး ဂျီတူးများဖြစ်သော ဗိုလ်မှူးမောင်မောင်အေးသည်ခလရ(-)ကွတ်ခိုင်သို့လည်းကောင်း ကျွန်တော်သည် ခလရ(-)သို့လည်းကောင်း ယာယီတပ်ရင်းမှူးများအဖြစ် ပြောင်းရွှေ့မိန့် တစ်ပြိုင်တည်း ရရှိကြပါသည်။

## ဂုဏ်ပြုညစာ စားပွဲ

သာမန်အားဖြင့် ရာထူးတိုးမြှင့်ခြင်းခံရလျှင် ရာထူးတိုးမြှင့်ရရှိသူက ကျွေးကြမွေးကြရသည်မှာတပ်မတော်မိသားစုအတွင်းအစဉ်အလာလိုဖြစ်နေပေသည်။

ကျွန်တော်တို့ တပ်ရင်းမှူးဖြစ်ကြသည့်အခါမှာတော့ ဆရာသမားများက ညစာဖြင့် ဂုဏ်ပြုခဲ့ကြသည်။ တပ်မ (-)တပ်မမှူးဖြစ်သော ဗိုလ်မှူးကြီးထွန်းရီက တစ်ည၊ ရပခ၏ လားရှိုးစစ်ဗျူဟာ(၁)မှူးဗိုလ်မှူးကြီးစောမောင်က တစ်ညဂုဏ်ပြု ချီးမြှောက်ကြပါသည်။



ခလရ (-) ခေါ် ဖိုးဂေါ်ရခါးတပ်ရင်းအဝင်ဂိတ်ဝတွင်





စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောမောင်သည် မန္တလေးအနောက်မြောက်တိုင်းစစ်ဌာနချုပ် ဂျီဝမ်းဘဝမှ စစ်ဗျူဟာမှူးအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့လာသူဖြစ်ပေသည်။ ကျွန်တော်သွားရောက် တာဝန်ယူရမည့် ခလရ(-)သည် မန္တလေးတိုင်းကင်းတောင်ခြေ ပုသိမ်ကြီးမြို့မှာရှိ၍ တပ်မ(-)တပ်ရင်းဖြစ်သော်လည်း အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ အုပ်ချုပ်မှုအောက်တွင် အခြေပြုရသောတပ်ဖြစ်သည်။

ထို့ကြောင့် စစ်ဗျူဟာမှူးကြီးကမှာပါသည်။ 'ခင်ဗျားသွားရမယ့် ခလရ(-)က အစဉ်အလာ ကောင်းတယ်ဗျ၊ ဒါပေမယ့် တပ်မှူးပေါ်မှာ အများကြီးတည်တယ်၊ ခေါင်းဆောင်မှုရအောင် လုပ်နိုင်မှအောင်မြင်မယ်၊ မလုပ်နိုင်ရင်အဲဒီအချိန်မှာ တပ်ဟာ ညံ့သွားရော' 'သတိနဲ့ သေသေချာချာလုပ်'ဟူ၍ မှာကြားလိုက်ပါသည်။

သည် မှာကြားချက်ကို အပြန်အလှန်စဉ်းစားရင်း၊ သုံးသပ်ရင်းလားရှိုးမှ မြို့ခေါ် ပြင်ဦးလွင်သို့ ပြန်လာခဲ့ရသည်။ ပြင်ဦးလွင်ရှိ မိသားစုကို ခေါ်ပြီးမှ မန္တလေးသို့ဆင်းကာ တပ်ရင်းမှူးတာဝန် လက်ခံရမည်ဖြစ်ပေသည်။

## ဖိုးဂေါ်ရခါးသို့ ရောက်ပြီ

၁၉၇၂ ခုနှစ် မေလ ၁ရက်နေ့ နံနက်တွင်ခလရ (-)မှ ဗိုလ်ကြီးကျော်ထွန်း (ဗိုလ်သင်တန်း-၃၁)၊ ဗိုလ်ခင်မောင်မြင့်(စစ်တက္ကသိုလ်-၁၀)နှင့် အဖွဲ့သည် တပ်ရင်းမှူးစီးရန် မာဇဒါဂျစ်နှင့် ပစ္စည်းတင်ရန် သုံးတန်ကားများနှင့်အတူ မြို့ဦးလွင်နန်းမြိုင် (ယခုဟိုတယ်နေရာ)ရှိ မဟာဗျူဟာအိမ်ထောင်သည် ရိပ်သာသို့ ရောက်လာသည်။

ထိုနေ့ နေ့လည်တွင်'ဖိုးဂေါ်ရခါး'ဟု နာမည်ကြီးခဲ့သောခလရ(-)တပ်ရင်းဝညာဘက်မှာရှိသော တပ်ရင်းမှူးအိမ်သို့ ရောက်ရပါတော့သည်။ ဌာနချုပ်တပ်ခွဲမှူးဗိုလ်မှူးထွန်းစိန်(ဗိုလ်သင်တန်း-၁၀)နှင့် အရာရှိအချို့ ကြိုနေကြသည်။

မိသားစုက ပစ္စည်းတွေချနေဆဲမှာ ကျွန်တော်က တပ်ရင်း ဗဟိုကင်းကို မှာရသည်။ တပ်ရင်းမှူးအသစ်အနေနှင့်တပ်ရင်းကို ရောက်ရောက်ချင်း ဗဟိုကင်းလေးပြုခြင်းခံယူသည်။ ဗဟိုကင်းကိုစစ်ဆေးသည်။ ကင်းရုံရှိ လက်နက်တိုက်ကိုမပြင်ကကြည့်သည်။ အကဲခတ်သည်။

တပ်ရင်းတစ်ရင်း၏ အခြေအနေကိုသိလိုလျှင် ဗဟိုကင်းကို ကြည့်ရသည်။ လက်နက်တိုက်ကိုစစ်ရသည်။ စစ်ဝတ်နှင့် ရိက္ခာဂိုဒေါင်ကို စစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြည့်ပြီးလျှင် တပ်ရင်းတစ်ရင်း၏ စနစ်တကျရှိမှုအဆင့်ကို ယေဘုယျ အ ခတ်ရပေသည်။

တပ်ရင်းရုံးကိုဝင်၍ ရုံးခန်းများတစ်ပတ် လှည့်ကြည့်သည်။ အရာ အားလုံး နောက်နေ့နံနက်မှာ တွေ့ဆုံဖို့ တပ်ရေးဗိုလ်ကြီးကို မှာကြားခဲ့ပြီး တပ်ရ အိမ်ထောင်သည်လိုင်း လူပျိုလိုင်းတို့ကို ကားနှင့်တစ်ပတ် ပတ်ကြည့်ရင်း အိမ် ပြန်လာခဲ့သည်။

ဗဟိုကင်းမှာရော၊ တပ်ရင်းရုံးမှာပါ တွေ့သမျှစစ်သည်တွေက သတိ အလေးပြုကြသည်။ မျက်လုံးများက တပ်ရင်းမှူးအသစ်ကို အကဲခတ်သောအကြ နှင့် ကြည့်ကြသည်ကိုသတိပြုမိခဲ့ရပါသည်။

ကျွန်တော် သတိမပြုလိုက်မိသောအကြည့်က အိမ်နှင့်မျက်နှာချင်းဆိုင်မှ ရှိသော အရာရှိရိပ်သာနေ လူပျိုအရာရှိများ၏အဝေးမှ လှေ့လာကြည့်၊ အကဲခ အကြည့်ဖြစ်သည်။ သူတို့အကြည့်ကိုတော့ နောက်မှပြန်သိရခြင်းဖြစ်ပါ၏။

တပ်ရင်းမှူးအသစ်က ဘယ်လိုပုံစံလဲ၊ ဘယ်လို ဝတ်စားသလဲ၊ အကဲခ ကြခြင်း ဖြစ်သည်။

မဟာဗျူဟာမှ မထွက်ခင် ကျွန်တော်နှင့် သူငယ်ချင်း ဗိုလ်မှူးစိုးမြင့်တို တိုင်ပင်ကြသည်။ တပ်မတပ်ရင်းများသည် ၅ လ၊ ၆ လ စစ်ဆင်ရေးထွက်ရသည် ရက်ပေါင်း ၃၀ နောက်တန်းပြန်နားခွင့်ရလျှင် အုပ်ချုပ်မှုကိစ္စလုပ်ရသည်။ သာရေ နာရေးခွင့်ပေးရသည်။ နှစ်ပတ်ကြာ မွမ်းမံသင်တန်းပြုလုပ်ရသည်။ ရှေ့တန်းမှ ကျောပိုးအိတ်နှင့် တောစီးဖိနပ်နှင့်နေရသောအရာရှိများသည် တပ်ပြန်နားချိန်မှာ စစ်ပုံစံဘောင်းဘီအိုးပွနှင့် combat boot ခေါ်သားရေလည်ရှည် တိုက်ခိုက်ရေးဖိန် များချည်းစီးနေကြရသည်ကိုအရာရှိငယ်များ စိတ်ညစ်ကြကြောင်း မဟာဗျူဟာ ကိုဖြတ်၍ ရှေ့တန်းတက်ရသောတပ်များထံမှ ကြားထားရပြီဖြစ်သည်။ ထို့ကြော တပ်နားချိန်မှာ အရာရှိဆောင်း (Peak cap) နှင့် ရှီးဘောင်းဘီ ခေါ် စစ်တပ်က လက်ခံသော မြို့သုံးဘောင်းဘီပုံစံနှင့် ရှူးဖိနပ်နှင့်နေကြမည်ဟူ၍ တိုင်ပင်ထား ကြသည်။

မေမြို့ကို လာကြိုသော ဗိုလ်ခင်မောင်မြင့်က လူပျိုအရာရှိများထံ ချက်ချ သတင်းဖြန့်သည်။

'အခုလာတဲ့ CO အသစ်က ရှီး-ရှီးဘောင်းဘီနဲ့ ရှူး-ရှူးဖိနပ်နဲ့ပေ





သတင်းပေးလိုက်သည်နှင့် လူပျိုအရာရှိများ သေတ္တာဖွင့်ကြသည်။ ရှီးဘောင်းဘီ များထုတ်၍နေလှန်းကြ၊ မီးပူတိုက်ကြ လုပ်ကြကြောင်းနောက်မှသိခဲ့ရပါတော့သည်။

## တာဝန် ထမ်းဆောင်ခြင်း

နောက်တစ်နေ့နံနက်မှာ အရာရှိအားလုံးနှင့် တွေ့ရသည်။ တစ်ဦးချင်း မည်၊သင်တန်း၊ အပတ်စဉ်တို့ပြော၍မိတ်ဆက်ကြသည်။ ပြီးနောက်ခလရ(-) ည် တရုတ်ဖြူစစ်ဆင်ရေး ကာလကတည်းက ကျွန်တော့်ဆရာသမား ဗိုလ်မှူးကြီး နှုန်းတင်ကျွပ်ကဲမှုဖြင့် နာမည်ကြီးတပ်ရင်းဖြစ်၍ ဘာမျှပြောစရာမရှိကြောင်း၊ ကိုယ့်လက်ထက်မှာ ယခင်လူတွေသိက္ခာမကျအောင် ဆက်ထိန်းသွားဖို့လိုကြောင်း၊ လောလောဆယ်တော့ ယခင်တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးစိုးမြင့် လက်ထက်က စစ်အတိုင်း အရှိန်မပျက်လုပ်စရာရှိတာ ဆက်လုပ်သွားဖို့ ဌာနချုပ်တပ်ခွဲမှူး၊ ဗိုလ်မှူးထွန်းစိန်(ခလရ-မှာ နှစ်ပေါင်း ဆယ်နှစ်ကျော်ကြာ)၊ တပ်ခွဲမှူးဗိုလ်မှူး ဗိုလ်မှူးတင်စိန်(ဗိုလ်သင်တန်း-၂၁)တို့က တပ်ရေး၊ တပ်ထောက်တို့နှင့် ဆက်လက် ထိန်းထားရန် မှာကြားပြီး လူစုခွဲလိုက်ပါသည်။

လူစုခွဲအပြီးမှာ ဗိုလ်မှူးထွန်းစိန်၊ ဗိုလ်မှူးတင်စိန်နှင့် တပ်ရေးဗိုလ်ကြီး အောင်သောင်း၊ တပ်ထောက်ဗိုလ်ကြီးတင်အောင်တို့ ကျန်ခဲ့သည်။

တပ်ရင်းမှူး အလွှဲအပြောင်းစာအုပ်မှာ လက်ခံကြောင်း လက်မှတ်ရေးထိုး ရသည်။ လက်နက်ခဲယမ်း၊ စစ်ဝတ်စသည့် Control store နှင့် ငွေကြေးစာရင်း ဆိုင်းများကို ဆိုင်ရာအရာရှိများက မှန်ကန်ကြောင်း လက်မှတ်ထိုးထားပြီး ဖြစ်သည်။ တပ်ရင်းမှူးအသစ်ဖြစ်၍ ထောက်လှမ်းရေးအရာရှိ ခန့်ထားရေးကိစ္စ တင်ပြကြ သည်။

ထောက်လှမ်းရေးအရာရှိသည် တပ်ရင်းမှူး၏ မျက်စိ၊ နား အဖြစ်လည်း ကောင်း၊ လက်ကတုံး တောင်ဝှေးကဲ့သို့လည်းကောင်း အားထားရမည့်သူ ဖြစ်ပေ သည်။ ၁၉၆၉ ခုနှစ်က ခလရ(-)တွင် အတူတာဝန်ယူခဲ့ဖူးသော ဗိုလ်ကြီးကျော် ထွန်း(ဗိုလ်သင်တန်း-၃၁)၊ ဗိုလ်သူရဟန်(စစ်တက္ကသိုလ်-၁၀)ထောက်လှမ်းရေး သင်တန်း တက်ပြီးသား နှစ်ယောက်ရှိကြောင်း၊ နှစ်ယောက်စလုံး သင့်တော်ကြောင်း တင်ပြကြသည်။

နှစ်ယောက်လုံးကို ကျွန်တော် လက်မခံပါ။ အခြားတပ်မှာအတူ တာဝ ထမ်းခဲ့ဖူးသော ဗိုလ်ကြီးကျော်ထွန်းကို အနားခေါ်ထားလျှင် မူလကရင်းနှီးမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့စကား တပ်ရင်းမှူးနားဝင်သလို ဖြစ်နိုင်သည်။

ဗိုလ်သူရဟန်ကျတော့ ဆွေမျိုးစပ်လျှင်သုံးဝမ်းကွဲ ညီအစ်ကိုတော်သည်။ တပ်ရင်းမှူးနှင့် အနီးကပ်နေရမည့်ထောက်လှမ်းရေးအရာရှိခန့်ရန် မသင့်ဟု ဆုံးဖြတ်သည်။ ရိုးရိုးအေးအေး၊ စကားနည်းနည်းလူတိုင်းနှင့်အဆင်ပြေသော အရာရှိကို ရွေးပေးကြရန် ပြန်ပြီးတာဝန်ပေးလိုက်ရပါတော့သည်။

သည်လိုနှင့် သထုံသားဗိုလ်ထွန်းကြည်(ဗိုလ်သင်တန်း-၃၃)ကို သူတို့ ရွေးကြ သည်။ သူတို့ရွေးသူကို ကျွန်တော်လက်ခံလိုက်ပါတော့သည်။ တပ်ရေးနှင့် တပ်ထောက်ကိုတော့ ယခင်တပ်ရင်းမှူးကြီး ယုံကြည်စွာတာဝန်ပေးခဲ့သူများကိုသာ ဆက်လက်တာဝန်ပေးလိုက်ပါသည်။

## စူးစမ်းတတ်သော အရာရှိများ

ခလရ(-)သို့ ကျွန်တော်တပ်ခွဲမှူး(ဗိုလ်မှူး)အဖြစ် ရောက်ရှိစဉ်က အတူနေခဲ့ဖူးသော ဗိုလ်ကြီးကျော်ထွန်းကို ခလရ(-)မှအရာရှိများက ကျွန်တော့်အကြောင်း မေးကြသည်။ မိသားစုအကြောင်း စူးစမ်းကြသည်။

အဓိကသိလိုကြသည်မှာတပ်ရင်းမှူးအသစ်သည်မကြာခဏ လင်မယားရန်ဖြစ်တတ်ကြသလားဟူ၍ဖြစ်သည်။ သူတို့အတွေ့အကြုံအရ ဇနီးမယားနှင့်အဆင်မပြေဖြစ်လာသော တပ်မှူးသည်နေ့ရောညပါ ရုံးမှာအလုပ်တွေ လုပ်လေ့ရှိသည်။ အိမ်မပြန်ဘဲ ရုံးမှာပဲစားသည်။

ညဉ့်နက်သန်းခေါင်အထိ အရာရှိတွေနှင့် စည်းဝေးပွဲတွေလုပ်သည်။ ညလယ်မှာ ဆန်ပြုတ်နှင့်အီကြာကွေးနှင့်စား၊ လက်ဖက်ရည်သောက်ပြီး စည်းဝေးပွဲတွေ ဆွေးနွေးပွဲတွေ လုပ်သည်ဟူသော အကြားအမြင်အတွေ့များကြောင့် ထိုသတင်းကို ဦးစားပေး မေးခြင်းဖြစ်သည်။

ကျွန်တော်တို့ ရန်ဖြစ်သည်ဟု မကြားဖူးကြောင်း ဗိုလ်ကြီးကျော်ထွန်းက ဖြေမှ သူတို့စိတ်အေးကြရသည်။

ဒုတိယမေးခွန်းက တပ်ရင်းမှူးအသစ်ဟာ စည်းကမ်းကြီးသလား၊ စိုးရိမ်တတ်သလား၊ ဂျီကျတတ်သလားဟု မေးကြပြန်သည်။

သည်မေးခွန်း၏ အဖြေကိုတော့ အစပထမမှာ အရာရှိများ သဘောသိပ် မတွေ့ကြဟုသိရသည်။





ကျွန်တော်သည် စိတ်တိုသည်၊ စိတ်မြန်သည်၊ ဟောဟောဒိုင်းဒိုင်းနှင့် ...တတ်ဝေါက်တတ်သည်ဟူသော အဖြေကို သူတို့ သိပ်ဘဝင်မကျနိုင်ကြပေ။

သည်သို့သည်လို ကြိုတင်စူးစမ်းလေ့လာကြကြောင်းကို နောင်သော ...ါတပ်မှာ အတူစား၊ အတူသွား၊ အတူစစ်ဆင်ကြရပြီး သားအဖလို ရင်းနှီး ...ကြမှ သူတို့ကိုယ်တိုင်ကပင် ပြန်ပြောပြကြခြင်းဖြစ်ပါသည်။

ဤသို့ စူးစမ်းခြင်းနှင့်ပတ်သက်၍ ကျွန်တော့်တပ်မမှူးတစ်ဦးဖြစ်သော ...ိုလ်မှူးကြီးလှဖေပြောစကားက မှတ်သားဖွယ်ကောင်းသလိုတပ်မတော်မှာတပ်မှူး ...ြီး၊ ငယ်တို့အားလုံးအတွက်လည်း အကျိုးရှိမည်ထင်ပါသည်။

'ကိုညွန့်ဆွေ တပ်ထဲမှာ ကိုယ့်အထက်က လူကိုလေ့လာဘို့ထက် ကိုယ့် ...ောက်ကလူကို လေ့လာဘို့ သိထားဘို့ အရေးကြီးတယ်' ဟု ပြောဖူးသည်။

တပ်မှူးက ဘော်လုံးကန်လျှင် လိုက်ကန်၊ တပ်မှူးက တင်းနစ်ရိုက်လျှင် ...ိုက်ရိုက်၊ ဘီလိယက်ထိုးလျှင်လိုက်ထိုး၊ အရက်သောက်တတ်လျှင် လိုက်သောက်၊ ...တပ်မှူးအကြိုက် လိုက်လုပ်ကြတာမျိုးရှိဖူးသည်။

တကယ်တော့ ကိုယ့်လက်အောက်ကအရာရှိတွေ အကြပ်တွေ(ဖြစ်နိုင် ...လျှင်ရဲဘော်အထိ)သိအောင်လုပ်ထားမှ ဘယ်သူ့ကိုဘယ်နေရာမှာ ဘယ်လို တာဝန် ...ပေးရမလဲဆိုတာ မှန်ကန်စွာဆုံးဖြတ်နိုင်မယ်၊ ဦးစီးတာဝန်ပေးရာမှာရော စစ်ဆင် ...ရေးမှာပါ အသုံးတည့်အောင်သုံးတတ်၊ လူမှန်နေရာမှန်ရွေးတတ်မှ တပ်ရဲ့တာဝန်တွေ ...အကျိုးရှိရှိ အောင်မြင်မယ်ဟု မှာကြားခဲ့ဖူးသည်ကိုယနေ့တိုင်မှတ်မိ နေရပါသေး ...တော့သည်။

## ...သင်ခန်းစာ ယူတတ်မှ

တပ်ရင်းမှူးတာဝန် လက်ခံပြီးလျှင် ပြီးချင်း လွှဲပြောင်းလက်ခံစာအုပ်ရှိ ...စာရင်းများအတိုင်း ကိုက်ညီမှု ရှိ မရှိ အရာရှိများကို အဖွဲ့တွေဖွဲ့ကာ စစ်ဆေးစေ ...ရသည်။ Ground Check လုပ်ရသည်။ တပ်ရင်းတစ်ရင်းလုံး နောက်တန်းမှာ ...များရချိန် တပ်ရင်းမှူး အလွှဲအပြောင်းလုပ်ရသည်မှာ ကျွန်တော့်အတွက် ...ကောင်းပေသည်။

ကျွန်တော်ဗိုလ်ကြီးဘဝဖြင့် လပခတွင် တာဝန်ထမ်းဆောင်စဉ်က ကြုံ...တွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုမှသင်ခန်းစာရခဲ့၍ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၄-၆၅ ခုနှစ်လောက်က ခြေလျင်တပ်ရင်းတစ်ခုတွင် တပ်ရင်းမှူးအဖြစ် ခန့်အပ်ခံရသော ဝါရင့်ဗိုလ်မှူးသည် ရှေ့တန်းစစ်ဆင်ရေးနယ်မြေမှာ တပ်ရင်းမှူးအလွှဲအပြောင်းလုပ်လိုက်ရသည်။ တရားဝင် အလွှဲအပြောင်းစာအုပ်မှာ သက်ဆိုင်ရာအရာရှိများ လက်မှတ်ထိုးထားပြီးဖြစ်၍ တပ်ရင်းမှူးအဟောင်းနှင့် တပ်ရင်းမှူးအသစ်တို့လည်း ရှမ်းပြည် တန့်ယန်းမြို့မှာ လက်မှတ်ထိုးလိုက်ကြသည်။ နောက်တန်း တပ်ရင်းဌာနချုပ်သို့ မရောက်ဖူးသေးပဲ ရှေ့တန်းတွင်သာ လွှဲပြောင်းခဲ့ရသည်။

မကြာမီ ကြီးမားသော လုံခြုံရေးကိစ္စဖြင့် လမ်းကြောင်းတစ်လျှောက် လိုက်လံစစ်ဆေးသောအဖွဲ့ ရောက်လာသည်။ ထိုတပ်ရင်းအပါအဝင် တပ်များကို ဝင်ရောက်စစ်ဆေးကြသည်။ ထိုတပ်ရင်းဌာနချုပ်တွင် လယ်ဂျာခေါ် စာရင်းစာအုပ်နှင့်လက်ရှိ ကွာခြားမှုရှိသည်။ တပ်ရေးဗိုလ်ကြီးတပ်မှထွက်ရသည်။ ခေတ္တတပ်ရင်းမှူး(acting CO) ဖြစ်သောထိုဗိုလ်မှူးသည် ဗိုလ်ကြီးအဆင့်သို့ လျှော့ချခြင်းခံခဲ့ရ ပေတော့သည်။

ဟိုတစ်ချိန်ကခေတ္တတပ်ရင်းမှူးခန့်ပြီး တစ်နှစ်ခန့်ကြာမှ (officiatingCO) ယာယီတပ်ရင်းမှူး ခန့်သည်။ တစ်နှစ်ပြည့်မှ အပွင့်တပ်ရသည်။ သည်လို သင်ခန်းစာကြောင့် ကျွန်တော်လက်ခံရသောတပ်မှာ အဖွဲ့တွေဖွဲ့ကာ စစ်ဆေးမှု ပြုလုပ်လိုက်ရခြင်းဖြစ်သည်။

ကျွန်တော့်ကို တာဝန်လွှဲပေးသော တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးစိုးမြင့်သည် ဂျပန်ခေတ်က လူဟောင်းကြီးဖြစ်ကာ စိုးရိမ်တတ်သောလူကြီး ဖြစ်သည်။ အရာရာ ပူပန်တတ်၍ အရာရှိများကို ကြက်သားအုပ်မကြီးလို ကွပ်ကဲတတ်သူဖြစ်သောကြောင့် ကျွန်တော်တို့အလွှဲအပြောင်းမှာ ပြဿနာမရှိခဲ့ကြခြင်း ဖြစ်ပေသည်။

## လျှပ်တစ်ပြက် စစ်ဆေးနည်း

ထိုသို့ စနစ်ကျသောတပ်များမှာပင် အတွေ့အကြုံလေးရှိသည်။ တပ်မမှူးကြီးတစ်ဦးက တပ်ကိုလာစစ်သည်။ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာများ စစ်ဆေးရန်တပ်မမှ ဦးစီးအရာရှိများခေါ်လာသည်။ စစ်ကြ ဆေးကြသည်။ အားလုံး စနစ်တကျရှိသည်။ တစ်ညအိပ်စစ်ဆေးပြီးနောက်နေ့မပြန်မီ လက်ဖက်ရည်သောက်နေဆဲမှာတပ်မမှူးကြီးကတပ်ရေးဗိုလ်ကြီးကိုခေါ်၍ ကာဘိုင်ကျည်ဆန် ၅၀ လောက် လိုချင်ကြောင်းပြောသည်။ တပ်ရေးဗိုလ်ကြီးကလည်း ရပါတယ်၊ တပ်မမှူးဟု





ပြောကာ ထောက်လှမ်းရေးတပ်ကြပ်ကြီးအား အယူခိုင်းလိုက်သည်။

မကြာမီ ကာဘိုင်ကျည်ဆန် ၅၀ တောင့်လာပို့၍ တပ်မမှူးလက်ထဲ တပ်ရေးဗိုလ်ကြီးမှအပ်လိုက်သည်။ တပ်ရင်းမှူးကြီးကလည်း မည်သို့မျှမပြောသာပဲ ကြည့်နေရသည်။

သည်တော့မှ တပ်မမှူးကြီးက

'ခင်ဗျား ဒီကျည်ဆန် ၅၀ ကျွန်တော့်ကိုပေးလိုက်ပြီး လယ်ဂျာထဲမှာ ဘယ်လို စာရင်းပြမှာလဲ၊ ကျည်ဆန် အပိုရှိလို့လား'ဟု မေးလိုက်သောအခါ တပ်ရေးဗိုလ်ကြီးခမျာ ပါးစပ်အဟောင်းသားဖြစ်ခဲ့ရဖူးပေသည်။

ဤသို့လျှင် ငယ်ရာမှ ကြီးလာသော အတွေ့အကြုံရင့် လူကြီးများက လူငယ်များကို လျှပ်တစ်ပြက်စစ်ဆေးသောနည်းနှင့် စမ်းသပ်ပညာပေးခဲ့ဖူးကြောင်း ကိုလည်းမှတ်သားခဲ့ရဖူးသည်။

## တပ်မှူးသစ်သို့ သတိပြုစရာ

တပ်ရင်းမှူးတပ်ဖွဲ့မှူးအဖြစ် စတင်တာဝန်ထမ်းဆောင်တော့မည့် တပ်မှူးသစ်များ သတိထားစရာအချက်ရှိပါသေးသည်။

New broom sweep well ဟု ပြောစမှတ်ရှိသည့်အတိုင်း တာဝန်အသစ်ကို လက်ခံရယူသောလူသစ်တိုင်း တက်ကြွစွာကြိုးစားပြကြသည်မှာ လူ့စိတ်သဘာဝဟုဆိုရမလို ဖြစ်ပေသည်။ ကိုယ့်အစွမ်းအစကိုပြဘို့ ကိုယ့်အရည် အချင်း၊ လုပ်ရည်ကိုင်ရည်ကိုပြသရမည့်အချိန်မှာ သတိပြုစရာ အထူးလိုအပ်လှပေသည်။

အတွေ့အကြုံအရ ပြောစမှတ်လည်းရှိသေးသည်။ တပ်မှူးသစ်ရောက်လျှင်ပထမဆုံးလုပ်လေ့ရှိကြသည်မှာ တပ်ရင်းရုံးရှေ့ကအလှစီထားသော မှတ်ခုံတန်းကို အနီမှ အဖြူ၊ အဖြူမှ အနီ၊ အရောင် ပြောင်းသုတ်သည်။

ကိုယ့်အရင်ရှေ့က တာဝန်ယူခဲ့သည့် တပ်မှူးတွေ၏လုပ်ရပ်ကို အမှတ်မထင် အပြစ်တင်ရာကျသောစကား ပြောတတ်ကြသည်။ ဝေဖန်တတ်ကြသည်။

အရင်လူ မလုပ်ခဲ့သည်များကို ကိုယ့်လက်ထက်ကျမှ လုပ်ရသည်၊ ကိုယ်က ပြုပြင်ရသည်ဟုဝင့်ဝါပြောဆိုမှုမျိုးသည် လူငယ်များအထင်ကြီးမှု ရရှိမည့်အစား လေးစားမှုလျော့နည်းခြင်းကိုသာ ဖြစ်ပေါ်စေပါသည်။

စစ်ဦးစီးအရာရှိအဖြစ် တိုင်းမှူး/မဟာဗျူဟာမှူးတို့နှင့် လိုက်ပါရင်း



www.burmeseclassic.com

www.burmeseclassic.com



လေ့လာသိရှိခဲ့ရသော ဗဟုသုတဖြစ်ပါသည်။ ကျွန်တော်တပ်ရင်းမှူးဖြစ်စမှာ ခလရ (-)တွင် လူဟောင်းအကြပ်ကြီး၊ အကြပ်တပ်သားများ ရှိကြသေးသည်။ အင်အား လေးပုံ တစ်ပုံလောက်က ဂေါ်ရခါးစစ်သားဟောင်းများ ရှိကြသေးသည်။

ယခင်တပ်ရင်းမှူးတွေထဲမှ တရုတ်ဖြူစစ်ဆင်ရေးမှာ နာမည်အရဆုံး ဒုတိယဗိုလ်မှူးကြီး သူရထွန်းတင်(ဝန်ကြီးချုပ်-ငြိမ်း)သည် ကျွန်တော့် ဆရာရင်း ဖြစ်ခဲ့သည်။ တပ်ရင်းမှာ စနစ်တကျ၊ စည်းကမ်းရှိရှိနှင့်တည်တည်ငြိမ်ငြိမ် အုပ်ချုပ် ခဲ့သော ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(နိုင်ငံတော်ကောင်စီဝင်-ငြိမ်း-ကွယ်လွန်)သည် ကျွန်တော့်အစ်ကိုဝမ်းကွဲ ဖြစ်သည်။ စစ်ဆင်ရေးမှာ ကိုယ်တိုင်အပင်ပန်းခံနိုင်သော သတ္တိ၊ ဗျတ္တိရှိသော အားကစားသမားကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း သည် အပြစ်ရှိသော စစ်သည်ကို မင်နီတား၍ အချုပ်ချသော အပြစ်ဒဏ်ပေးခြင်း ထက် သူ့နည်းသူ့ဟန်နှင့်ဆုံးမတတ်သည်။ ရုံးခန်းထဲမှာ ကြိမ်လုံး အရွယ်အစား သုံးမျိုးထားသည်။ အပြစ်ရှိသူကို အချုပ်ထဲ ချရမလား၊ ဆုံးမရမလား မေးသည်။ ကွာတားထဲမချပါနဲ့ ဆုံးမပါဟုပြောလျှင် အချုပ်သုံးရက်ကျမည့် ပြစ်ဒဏ်ကို ထိုစစ်သည်ရွေးသော ကြိမ်လုံးနှင့်သုံးချက်ရိုက်သည်။ (အမှန်တော့ ဥပဒေအရ ခွင့်ပြုထားခြင်းမရှိသော ဆုံးမနည်းဖြစ်သည်။ သူ့ကိုချစ်သော ရဲဘော်များနှင့် ထိုတပ်ရင်းမှူးကြီးမှာ မိဘနှင့်သားသမီးလို ပြေလည်လို့ နေကြသည်) ထိုတပ်ရင်း မှူးကြီးသည် စစ်ကိုင်းသား (စာရေးဆရာ မိုးမိုးတာရောစန်)ဖြစ်သည်။ ကျွန်တော့် ဦးလေးနှင့်ကျောင်းနေဖက်ဖြစ်၍ကျွန်တော့်ရဲ့ဦးလေးအရင်းလိုလေးစားရသူဖြစ်သည်။

ထိုထိုသော စစ်သည်တို့ လေးစားသည့်တပ်မှူးများသည် ကျွန်တော် လေးစားရသော ပုဂ္ဂိုလ်ကြီးများဖြစ်ကြောင်း ပြောပြလိုက်ရသည်။ လူ့သဘာဝအရ သူတို့ ကြည်ညိုသောသူကို ကိုယ်ကပုတ်ခတ်လျှင် မည်သူမကြိုက်နှစ်သက်ခြင်း မရှိကြပေ။

လူဟောင်းကို မပုတ်ခတ်သင့်ဟူသော သီဝရီကိုဆွဲကိုင်ခြင်းသည် တပ်မှူး အသစ်တိုင်းအတွက် အဓိကလိုအပ်လှပါပေ၏။

သည်သို့လျှင် လူဟောင်းကို လေးစားပြခြင်း၊ ပုတ်ခတ်မှု မပြုခြင်းဖြင့် တပ်ရင်းမှူးအသစ် ကျွန်တော့်မှာ လူငယ်များမကျေနပ်မှုကို စတင်ရှောင်ရှားခဲ့ရ ရပါတော့သည်။





## ကောင်းသော ကျွန်တော်

တပ်ရင်းမှူးတာဝန်လက်ခံချိန်မှာ အထူးသတိပြုစစ်ဆေးလက်ခံခဲ့ခြင်း ကြောင့် ဘာပြဿနာမှမရှိခဲ့ဘဲ လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်ရန် အရှိန် ယူဆဲမှာ ပြဿနာတစ်ခုရင်ဆိုင်တိုးရဖို့ဖြစ်လာသည်။

သားတွေငယ်စဉ်ကပင် အိမ်မှာအတူနေလာခဲ့သော အိမ်ဖော်မလေး(ညီမ ရင်းလို ဖြစ်နေသည်) မရင်ကို ရဲဘော်စောမြမိုးနှင့် အိမ်ထောင်ချထားပေးခဲ့သည်။ ကျွန်တော်တို့ မန္တလေးသို့ပြောင်းရွှေ့လာခါနီးမှာ နေ့စေ့လစေ့ကိုယ်ဝန်နှင့် မေမြို့ နန်းမြိုင်အိမ်မှာထားခဲ့ရသည်။

မဟာဗျူဟာမှ ဗိုလ်ကြီးခင်မောင်တင် အရေးပေါ် မှာပေးသော အိမ်ဖော် မလေးတစ်ယောက်နှင့် ကျွန်တော်တို့ ပြောင်းရွှေ့လာခဲ့ကြရသည်။

ထိုနေ့က မေမြို့စစ်ဆေးရုံမှာ သားယောကျ်ားလေးမွေးပြီး ဆေးရုံမှ ဆင်းရတော့မည်မရင်ကို ကျွန်တော့်အမေနှင့် ဇနီးမသက်ဆွေတို့က ကားတစ်စီးနှင့် သွားကြိုကြသည်။

တပ်မမှူးကြီး ရန်ကုန်မှလေယာဉ်နှင့် ပြန်လာမည်ဖြစ်၍ ကျွန်တော်နှင့် အဖွဲ့က လေဆိပ်မှာသွားကြိုကြသည်။ လေဆိပ်မှာ ခေတ္တအပန်းဖြေ ညွှန်ခံစကား ပြောကြပြီး တပ်မမှူးကြီးက မိတ္ထီလာသို့ဆက်ထွက်သွားမှ ကျွန်တော်တို့လည်း တပ်ရင်းသို့ ပြန်လာရသည်။

အိမ်ကို ပြန်ရောက်တော့ အရာရှိအချို့နှင့် တပ်ရေးတပ်ထောက်ဇနီးတို့ အိမ်မှာရောက်နေကြသည်။ သူတို့ အလယ်ဧည့်ခန်းမှာ အိမ်ဖော်မလေးမကော့ကို လည်းတွေ့ရသည်။

မေးမြန်းသိရှိရသည်က ကျွန်တော့်အိမ်သည် တပ်ရင်းဂိတ် အဝင်ဝမှာ ရှိသည်။ ရေနီမြောင်းနှင့် မလှမ်းမကမ်း ဝါးရုံတော၊ ခြုံစည်းရိုးသာ ခြားသည်။

အိမ်ကို လူနှစ်ယောက်ဝင်လာသည်။ တစ်ယောက်က ရှည်ရှည်၊ တစ် ယောက်က ပုပုဟုဆိုသည်။ အိမ်ဖော်မလေး မကော့ကို ခြိမ်းခြောက်ပြီး အိမ်ထဲ ဝင်သွားသည်။ ခဏကြာမှ ပြန်ထွက်လာသည်။ မကော့ထံမှ ဆွဲကြိုးနှင့် လက်စွပ်ပါ ယူပြီး ထွက်သွားကြသည်။

ထိုလူနှစ်ယောက်ထွက်သွားမှ မကော့က ရုံးကို တယ်လီဖုန်းဆက်ပြော၍ အရာရှိတွေ ရောက်နေကြခြင်းဖြစ်သည်ဟု သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲထိ ဝင်သွားသော လူဆိုးနှစ်ယောက် ဘာတွေယူသွားလဲ၊ စစ်ပါဦးဟု ပြောကြသည်။ ကျွန်တော် ဝင်ကြည့်သည်။ ဘာပျောက်လို့ ဘာပျောက်မှန်းမသိ။

အိပ်ခန်းထဲမှ ထင်းရှူးသေတ္တာကြီး ပွင့်နေသည်။ အဝတ်တွေ ပွနေသည်။ အပြင်မှာတချို့၊ သေတ္တာထဲမှာတချို့ဖြစ်နေသည်။ ဗီရိုကတော့ ပွင့်ရုံပွင့်သည်။ အထဲက အဝတ်တွေကို ဆွဲဖွမထားပေ။

## မသိသော ကျွန်တော်

တပ်ခွဲမှူးဗိုလ်မှူးခင်မောင်ဆွေက CO ကြီး လက်ဝတ်လက်စားတွေ ဘာတွေပျောက်သလားဟု မေးသည်။

ကျွန်တော် မသိ၊ ဘယ်မှာထားမှန်းလည်း မသိ၊ ဘာတွေ ရှိမှန်းလည်း မသိ၍ ဘာပျောက်မှန်းလည်း ကျွန်တော် မပြောနိုင်ပေ။

မသက်ဆွေ၏ဦးလေးက လက်ဝတ်လက်စားတွေ စုတာ ဝါသနာသည်။ မသက်ဆွေက ငွေလေးစုမိလိုက်၊ ဦးလေးဆီပေးပြီ ရွှေဝယ်လိုက် လုပ်တတ်တာ ဗိုလ်ကြီးဘဝကတည်းက ဖြစ်ကြောင်းတော့သိသည်။ ရွှေဈေးကလည်း တစ်ကျပ်သား ကျပ်နှစ်ရာခန့်ဈေးမို့ သူတို့တူအရီး တဖြည်းဖြည်းစုတာတော့သိသည်။ ကျွန်တော်က လက်ဝတ်လက်စားကို စိတ်ဝင်စားသူမဟုတ်။

'အေးဗျာ ခင်ဗျားအစ်မပြန်လာမှပဲ မေးကြပါတော့ဟု ပြောထားရသည်။

ကျွန်တော့်ဇနီးပြန်ရောက်မှ သူ့လက်ဝတ်လက်စားတွေ အားလုံးပျောက်နေကြောင်းသိရသည်။

ထားပုံက သည်လို

စုရင်းစုရင်း ဝယ်ထားသော လက်ဝတ်လက်စားလေးတွေကို လက်ကိုင်ပုဝါနှင့်ထုတ်ထားသည်။ စစ်သားမိန်းမပီပီ လှည့်စားမှုနှင့် လုံခြုံရေးယူသည့် သဘော ထင်းရှူးသစ်သေတ္တာကြီးထဲမှာ အဝတ်တွေရဲ့အောက်ပိုင်းတွင် ထည့်ထားသည်။ အပြင်သွားလျှင် သော့ခတ်ခဲ့သည်။ ယနေ့တော့ မခတ်မိခဲ့။

သံသေတ္တာထဲ၊ ဗီရိုထဲမှာထားလျှင် လူတိုင်းမျှော်မှန်းနိုင်မည်ဖြစ်၍ လှည့်စားမှုသဘော ထင်းရှူးသေတ္တာကြီးထဲ ထည့်ထားခြင်းဖြစ်ပါသည်။

မသက်ဆွေက သူ့ လက်ဝတ်လက်စားတွေ စာရင်းချရေးသည်။ သူ့





စာရင်း ကြည့်ရင်း ကျွန်တော့်မှ အံ့သြရသည်။ မိန်းမရယ် ဒါတွေတကယ်ရှိတာလား မရသေးသည်။ အရာရှိ၊ အရာရှိဇနီးတွေက တပ်ရင်းမှူးအသစ်ရဲ့ စိတ်ဝင်စားမှုရှိခြင်းကို တအံ့တသြ၊ နောက်ကွယ်မှာ အတင်းမဟုတ် သတင်းအဖြစ် ပြောဖြစ်ကြသေးကြောင်း နောက်မှသိရသည်။

မသက်ဆွေရဲ့ လက်ဝတ်လက်စားတွေရယ် အိမ်ဖော်မလေး မကော့ရဲ့ ကြီးနဲ့လက်စွပ်ရယ် စာရင်းအားလုံးရေး၍ ရဲသို့တိုက်ချက်ဖွင့်ရန် တပ်ရေးဗိုလ်ကြီးက ပြင်ဆင်မှုလုပ်နေဆဲမှာ ထောက်လှမ်းရေး အတွေ့အကြုံရှိသောဗိုလ်မှူးခင်မောင်ဆွေက တစ်ခုသတိထားမိသည်။

ဧည့်ခန်းထဲမှာ တင်ထားသော ရေဒီယိုအသေးလေးကို ယူမသွားခြင်းကြောင့် သံသယဝင်သည်။

CO ကြီး သေနတ်တွေ ရောဟု မေးမှ စစ်ဆေးကြည့်မိသည်။

ကိုယ်ပိုင်လိုင်စင်နှင့်ကိုင်သော ပစ္စတိုသေနတ်နှင့် တပ်မှထုတ်ယူထားသော ၉ မီလီမီတာပစ္စတို သေနတ်တို့ပါပျောက်နေပြီ။

ရွှေငွေပစ္စည်းပျောက်သည်က တစ်သက်လုံး စုဆောင်းထားသမျှမို့ နှမြောစရာ မှန်သည်။ ပစ္စည်းကလည်း စုတတ်သူအဖို့ ရွှေဈေးနည်းချိန်က တဖြည်းဖြည်းမြင့်ခြင်းကြောင့် ၁၉၇၂ ခုနှစ်မှာ တန်ဖိုး အတော်ရှိနေပြီ။

သို့သော် အစိုးရသေနတ် ပျောက်ခြင်းက တပ်ရင်းမှူးအသစ် ကျပ်ချွတ်မှု ဖြစ်တော့မည်။ တပ်မတော်မှာ လက်နက်ပျောက်ဆုံးမှုသည် မည်သူ့ကိုမျှ လွှတ်နိုင်သောပြစ်မှု မဟုတ်ပေ။

လျှို့ဝှက်စွာ ဖွက်ထားသော ရွှေထည်တွေအားလုံး ယူခြင်းနှင့် သေနတ်လက် ယူသွားခြင်းကိုလည်း ဗိုလ်မှူးခင်မောင်ဆွေက သံသယ ဖြစ်သည်။

'ကဲ CO ကြီး ဒီကောင်မလေးကို ကျွန်တော်တို့ တပ်ရင်းခေါ်သွားပြီး စစ်ဆေးမှုဖြစ်မယ်၊ ကျွန်တော် မသင်္ကာဘူး' ဟု ဆိုသည်။

ကျွန်တော်က မှာလိုက်သေးသည်။ 'ချော့ချော့မော့မော့ မေးကြပါဗျာ၊ ဆွဲကြိုးနဲ့လက်စွပ်လည်းပါသွားတာပဲ၊ သူတော့ဟုတ်မယ်မထင်ပါဘူး' ဟု မှာရသည်။

ထောက်လှမ်းရေး တပ်စိတ်ကလည်း ရေနီမြောင်းတစ်လျှောက် အရပ်ရှည်မှု၊ ပုသူတို့နှစ်ယောက်ကို တွေ့မိလားဟု စုံစမ်းကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



## သဲလွန်စ

နောက်ဆုံးမှာ ဗိုလ်ကြီးလွန်းမောင်(ဗိုလ်မှူးချုပ်လွန်းမောင်-ဝန်ကြီ
ကျဆုံး)၏ဇနီး မရွှေသက်က သတင်းပေးသည်။

တပ်ရင်းမှူးအိမ်က ကောင်မလေးဝါးရုံတွေကြား မလွယ်ပေါက်မှ ခြံပြ
ဘက် ထွက်သွားတာ မြင်လိုက်ရတယ်ဟုပြောသည်။

သည်တော့မှ မကော့ထွက်သွားသော ဝါးရုံပေါက်မှထွက်၍ ရေနီမြောင်
တစ်ပိုက် ဝှက်ထားသလားဟု ရှာကြသည်။ ရေနီမြောင်းအစပ်မှာ ဆင်းရှာတော့
ပစ်ချထားသော သေနတ်နှစ်လက် ပြန်ရပြီ။

တပ်ရင်းမှူး အသစ်ကျပ်ချွတ်လေး အမှုအခင်းဖြစ်ရမည့်ဘေးမှ လွတ်ပြ
က်သီပေလို့သာပေါ့။

နောက်ဆုံးတော့ အိမ်မှာတစ်ယောက်တည်းကျန်ခဲ့သော မကော့က
အိပ်ခန်း ထဲမှာရှာသည်။ လက်ဝတ်လက်စားတွေ ယူသည်။ ယုတ္တိရှိအော
သူ့ပစ္စည်းပါချွတ် ၍ လက်ကိုင်ပဝါနှင့် ထုပ်သည်။ အိမ်နောက်ဖေးမှ အညာခေ
ထင်းပုံတွေ ရှိသည်။ ထင်းပုံကို တစ်တောင်လောက် အမြင့်စင်လေးလုပ်ပြ
တင်လေ့ရှိကြသည်။ ထိုထင်းပုံ အောက်အတွင်းပိုင်းအထိ ထိုးသွင်းက
ဝှက်ထားလိုက်ခြင်း ဖြစ်သည်။

ဉာဏ်ရှိသော အိမ်ဖော်မလေးကသေနတ်နှစ်လက်ကိုယူကာ ရေနီမြော
ထဲ သွားလွှင့်ပစ်လိုက်ခြင်းက လှည့်စားမှုဖြစ်သည်။ ယုတ္တိရှိလှသည်။ ဉာဏ်သွ
လှသည်။

သို့သော် ဝါးရုံကြားမှ ငုံ့ကာလျှိုးကာ ထွက်သွားသော ကောင်မလေးကို
အမှတ်မထင် လှမ်းမြင်လိုက်သော ဗိုလ်ကြီးလွန်းမောင်ဇနီး မရွှေသက်နှင့် စစ်ဆေ
ကျွမ်းကျင်သော ဗိုလ်မှူးခင်မောင်ဆွေတို့ ကျေးဇူးတင်ကြောင်း တပ်ရင်းမှူးအသ
ကျွန်တော် အမှုလည်းမဖြစ်၊ ရှိသမျှပစ္စည်းလေးလည်း မဆုံးရှုံးဘဲပြန်လည်ရရှိ
ခြင်းသာဖြစ်ပါ၏။

## ပြည်သူ့စစ်မဟာဗျူဟာ

ကျွန်တော် တပ်ရင်းမှူးဖြစ်ပြီး မကြာမီပင် မိတ္ထီလာတပ်မ (-)တွင်
တပ်ရင်းမှူးများ သင်တန်းဖွင့်သည်။ ကျွန်တော်တို့ တပ်မက ပဲခူးရိုးမနှင့် တောင်ငူ





ဝင်ရောက်ကာ စစ်ဆင်ရေးလုပ်ရမည်။ နယ်မြေစိုးမိုးရေးလုပ်ရင်း ရန်သူကို
ဖော်ထုတ်ချေမှုန်းရမည်ဖြစ်၍ တပ်ရင်းမှူး ၁၀ ဦးစလုံး တက်ရသော အဆင့်မြင့်
မှူးသင်တန်းဖြစ်သည်။

၁။ ခလရ(-)မှ ဒုဗိုလ်မှူးကြီးမြမောင် (ဗိုလ်သင်တန်း ၆)
၂။ ခလရ(-)မှ ဒုဗိုလ်မှူးကြီးဆန်ခိုဝင်း (ဗိုလ်သင်တန်း ၉)
၃။ ခလရ(-)မှ ဒုဗိုလ်မှူးကြီးမြင့်ဆွေ (ဗိုလ်သင်တန်း ၉)
၄။ ခလရ(-)မှ ဗိုလ်မှူးခင်ဦး (ဗိုလ်သင်တန်း ၁၁)
၅။ ခလရ(-)မှ ဗိုလ်မှူးထွန်းရီ (ဗိုလ်သင်တန်း ၁၀)
၆။ ခလရ(-)မှ ဗိုလ်မှူးခင်မောင်အေး (ဗိုလ်သင်တန်း ၈)
၇။ ခမရ(-)မှ ဒုဗိုလ်မှူးကြီးအောင်ရဲကျော် (ဗိုလ်သင်တန်း ၆)
၈။ ခမရ(-)မှ ဗိုလ်မှူးငြိမ်းမောင် (ဗိုလ်သင်တန်း ၁၁)
၉။ ကချင်(-)မှ ဒုဗိုလ်မှူးကြီးခင်မောင်ထိန် (ဗိုလ်သင်တန်း ၉)
၁၀။ ခလရ(-)မှ ဗိုလ်မှူးညွန့်ဆွေ (ဗိုလ်သင်တန်း ၁၂)

တို့ဖြစ်၍ ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးရေးအတွက် နယ်မြေ
လုံခြုံစည်းရုံးရေး၊ အမာခံမွေးမြူရေး၊ ပြည်သူ့စစ်ဖွဲ့စည်းရေး၊ အမာခံပြည်သူ့စစ်
များမှတစ်ဆင့် ရွာလုံးကျွတ်အင်အားနှင့် သောင်းကျန်းသူ ဖော်ထုတ်ရေး အမြစ်ပြတ်
ချေမှုန်းရေးတို့ကို အလေးထားသင်ကြားပို့ချပါသည်။

သင်တန်းတွေ ပြီးတော့တပ်ရင်းမှူးများ ကိုယ့်တပ်အသီးသီးသို့ ပြန်ကြ
ရသည်။

ထိုအချိန်က တပ်မ (-)တွင် တပ်မမှူး ဗိုလ်မှူးကြီးတင်စိန် (ဗိုလ်သင်
တန်း-၆) နည်းဗျူဟာမှူး(ဒုတပ်မမှူး)များမှာ ဗိုလ်မှူးကြီးတင်ဦး (ဗိုလ်သင်တန်း-
) ဗိုလ်မှူးကြီးကိုကိုလေး(ဗိုလ်သင်တန်း-၄)ဗိုလ်မှူးကြီးမျိုးသန့် (ဗိုလ်သင်တန်း-
) တို့ ဖြစ်ကြသည်။

တပ်မ ညှိနှိုင်းကွပ်ကဲရေးမှူးအဖြစ် ဒုတိယဗိုလ်မှူးကြီးမြသွင်(ဗိုလ်သင်
တန်း-၃)က ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပဲခူးရိုးမသို့

ကျွန်တော်တို့တပ်ရင်းအပါအဝင် တပ်မ(-)မှတပ်များ အလယ်ပိုင်းတိုင်း(တောင်ငူ)နယ်မြေတွင်စစ်ဆင်ရေးတာဝန်ယူကြရပြီးကျွန်တော်၏ခလရ(-)နှင့် ခလရ -)တို့သည် ပဲခူးရိုးမတောင်ခြေရှိ ကျေးရွာများတွင်အခြေပြု၍ နယ်မြေစိုးမိုးရေးတာဝန်ယူရသည်။

ကျွန်တော်တို့သည် ပိန်းဇလုပ်၊ ဖဒိုလမ်းအတိုင်း အနောက်ဘက်ရှိ ခြံကြီးရွာမှ တောင်ဘက်ဖျား မျက်နီကွင်းရွာအထိ ပဲခူးရိုးမတောင်ခြေရွာများတွင် တာဝန်ကျသည်။ ခြံကြီးကျေးရွာသည် တောင်ပေါ်ဆယ့်လေးရွာသို့ အတက်လမ်း၏ ဝင်ပေါက်ဝဖြစ်သည်။

ခြံကြီးကျေးရွာတွင် တပ်ခွဲ(၄) ဗိုလ်ကြီးကျော်ထွန်းနှင့် ဗိုလ်နိုင်စောဦးတို့သည်လည်းကောင်း၊ ဝိုင်းကြီးအုတ်ဖိုရွာတွင်စစ်ကြောင်း(၁)နှင့် တပ်ခွဲ(၂)၊ ဗိုလ်ကြီးခင်မြင့်၊ ဗိုလ်သူရဟာန်၊ ဗိုလ်မောင်နီတို့သည်လည်းကောင်း၊ ကုန်လယ်ဂိုးရွာတွင် တပ်ခွဲ(၃)ဗိုလ်ကြီးဘထွန်းနှင့် ဗိုလ်ခင်မောင်ဦးတို့သည်လည်းကောင်း၊ တောင်ဘက်ဖျား မျက်နီကွင်းကရင်ရွာတွင် တပ်ခွဲ(၁) ဗိုလ်ကြီးအောင်ကြည်သည်လည်းကောင်း၊ ဗိုလ်မှူးခင်မောင်ဆွေ ဦးစီးစစ်ကြောင်း (၂)နှင့်တပ်ခွဲ(၅)သည် ရဲနွယ်ချောင်းအနောက်ဘက် မြေပြန့်ပိုင်းဒိုးတန်းရှမ်းရွာနှင့် ပုဂံကွဲဒေသတွင်လည်းကောင်း အခြေပြု၍ ကျေးရွာစည်းရုံးရေးများ စတင်ဆောင်ရွက်ကြရပါတော့သည်။

ကိုယ့်နယ်မြေအလိုက် ကျေးရွာနှင့်ခလရ(-)၊ ရွာသားနှင့် စစ်သည်များ ဆွေမျိုးရင်းချာလို လက်ရည်တစ်ပြင်တည်းဖြစ်စေရမည်။ ရန်သူဝင်လာလျှင် ချက်ချင်း သိရမည်။ ဖော်ထုတ်နိုင်ရမည်။ ပဲခူးရိုးမတောင်ပေါ်နှင့် မြေပြန့်ကို အဆက်ဖြတ်ရမည်ဟူသောတာဝန်များ ထမ်းဆောင်ရင်း ပြည်သူ့စစ်မဟာဗျူဟာကို လက်တွေ့အကောင်အထည် ဖော်ခိုင်းပါတော့သည်။

## ထူးခြားသောဒေသခံတို့ အယူအဆ

ပဲခူးရိုးမနှင့်တောင်ခြေမြေပြန့်ဒေသသည် စိတ်ဝင်စားဖွယ်ကောင်းသော ဒေသဖြစ်သည်။ ကွင်းမြေပြန့်တွင်မြွေအလွန်ပေါသည်။ တောင်ခြေကို စတက်သည်နှင့် မြွေမတွေ့ရတော့ဘဲ ကျွတ်များအလွန်ပေါသည်။

၁၉၅၉/၆၀ လောက်က ကျွန်တော်တို့ခမရ(-)နှင့် တောင်ပေါ်(၁၄)





ရွာသို့ ဝင်ခဲ့ရသည်။ ဗကပ ဗဟိုကို လိုက်လံရှာဖွေရသည်။

ရိုးမနှင့် မြေပြန့်ဆက်စပ်ရာဒေသမှာ ပြောစမှတ်ရှိခဲ့သည်။ တစ်ချိန်သောအခါက တောင်ပေါ်နတ်နှင့် ကွင်းစောင့်နတ်တို့ ကြွေအံကစားကြသည်။ လောင်းကြေးကလည်း ထူးဆန်းသည်။

ရှုံးသောသူကမြွေဆိုးအားလုံး လက်ခံထားရမည်ဟူသော လောင်းကြေး။

ကြွေအံကစားရာမှာမြေပြန့်ကွင်းစောင့်နတ်ကရှုံးသည့်အတွက် မြွေဟူသမျှကွင်းမှာ လက်ခံထားရသည်။ တောင်ပေါ်မှာတော့ ကျွတ်တို့ ပေါများလှပါဘိ။

စစ်ကြောင်းများ ချီတက်သွားလျှင် မြေပြင်မှ ကျွတ်တွေ တက်လာသည်။ ...ဘေးရှိ သစ်ပင်သစ်ကိုင်းကို ထိမိသည်နှင့် ကျွတ်တို့က လူကိုကူးလာသည်။ ...ထက်ဆိုးသည်က စစ်ကြောင်းချီတက်နေစဉ် သစ်ပင်ပေါ်မှ ကျွတ်များ ခေါင်း...၊ ပခုံးပေါ် ခုန်ချလာတတ်ကြသည်။ ဇက်ပိုးမှာ ရွစိရွစိဖြစ်လာမှ ကျွတ်တို့ ...ကပ်လာမှန်း သိကြရတော့သည်။

မြေပြန့်မှာတော့ မှောင်သည်နှင့် ခြင်၊ မီးအုပ်တို့မပါဘဲ ရွာထဲမှာ ...ရွာပြင်မှာပါလမ်းမလျှောက်ရဲကြ။တွေ့ကြရသောမြွေတွေကအဆိပ်ပြင်းလှသည်။

တောင်ပေါ်မြေပြန့်ကျွတ်နှင့် မြွေတို့ နယ်ခွဲခြားသလို တောင်ပေါ်မှာ ...ကပ ကြီးစိုးသည်။ မြေပြန့်မှာတော့ ဗကပ ယူဂျီတို့ တစ်ခါတစ်ရံ လာတတ်သည်။ ...နှင့်အားနှင့်ဆို၍ ကေအင်ဒီအိုများ ရထားလမ်း၊ ကားလမ်းဖြတ်၍ ပဲခူးရိုးမတောင်ခြေအထိ လာလေ့ရှိသည်။ ကရင်ရွာတွေမှာ အခြေပြုသည်၊ ရန်ပုံငွေကောက်သည်။ မြွေနှင့်ကျွတ်တို့ နယ်စည်းခြားသလို သောင်းကျန်းသူလည်း နယ်...ခြားထားကြောင်း တွေ့ခဲ့ရပေသည်။

## နယ်မြေစိုးမိုးရေး

ပဲခူးရိုးမတောင်ခြေတွင် နယ်မြေစိုးမိုးရေးအဖြစ် ခြောက်လခွဲကြာ တာဝန်ယူရသည်။ ကျေးရွာတိုင်းမှာ အလှူအတန်းပြုခြင်း၊ ကျေးရွာ အကျိုးပြုလုပ်ငန်းများ လုပ်ကိုင်ကူညီခြင်း၊ တစ်အိမ်ချင်းစီ လိုအပ်သော အကူအညီကို ရွာသားတွေနှင့် လက်ရည်တစ်ပြင်တည်းကူညီကာ လုပ်ကိုင်ခြင်းဖြင့် ရွာသူရွာသားတွေအကြား ...ပျော်နေစေရသည်။ တောင်တွေတက်၊ တောတွေတိုးကာစစ်တိုက်စရာမရှိ။ ...သက်ငယ်မိုးခြင်း၊ ခြံစည်းရိုးကာခြင်း၊ နွားစာစဉ်းခြင်း၊ ဘုန်းကြီးကျောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



စာကူသင်ခြင်းတို့ကို ဖြည်းဖြည်းချင်း လုပ်ပြရသည်။

တပ်မတော်သားဟူသည်မှာလည်း မိုးကျရွှေကိုယ်များမဟုတ်။ တောရွာမှာမွေး၍ တောရွာမှာ ကြီးပြင်းခဲ့ရသူများသာ ဖြစ်သည်။ တပ်ထဲရောက်ကတည်းက မိဝေးဖဝေး ဆွေဝေးမျိုးဝေးနေကြရသူများမို့ ခက်ထန်ကြမ်းတမ်းသော စစ်တိုက်ခြင်း မလုပ်ရလေ ကြိုက်လေဖြစ်ကြသည်။ ရွာများတွင် အဖေတန်အဖေ၊ အမေတန်အမေ၊ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ စသည်ဖြင့် ကိုယ့်ဆွေကိုယ့်မျိုးလို သဘောထားဖြင့်ရင်းနှီးစွာနေရသည်ကို ကျေနပ်နေကြသည်။ စိတ်ပါလက်ပါ ရှိကြသည်။ လုပ်အားပေးကြသည်။

ရွာတွေမှာ မျက်နှာအပွင့်ဆုံးကတော့ တပ်ရင်း ဆေးအရာခံဗိုလ်ဆရာကြီး အောင်ငြိမ်း ဖြစ်သည်။ တပ်ခွဲဆေးတပ်သားတွေက တာဝန်ကျရာရွာမှ ဖျားခြင်း နာခြင်းတို့ ကုသသည်။ ဆေးအရာခံဗိုလ်ကြီးက ရွာတွေ လှည့်သွားလျှင် ရောဂါ စစ်ဆေးသည်။ ကုနိုင်တာကု၍ မကုနိုင်သောရောဂါရှင်များကို ညောင်လေးပင် ဆေးရုံပို့ရသည်။

ရွာမှာ အရာရှိတွေက စည်းရုံးဟောပြောရသည်။ ပြည်သူ့စစ်တွေ ဖွဲ့စည်းရသည်။ ဒူးလေး ဝါးချွန်တပ်တွေဖွဲ့ရသည်။ ထင်းခုတ်၊ မျှစ်ချိုး၊ ငါးရှာ၊ ဖားရှာရင်း လူစိမ်း(ရွာသား မဟုတ်သူ) တွေ့လျှင် အဆင့်ဆင့် သတင်းပို့စနစ် ကျင့်ရသည်။ စမ်းသပ်ရသည်။

နယ်မြေစိုးမိုးရေး၊ စည်းရုံးလှုပ်ရှားမှုများ ဆောင်ရွက်ရင်း သုံးလကြာမှ လက်တွေ့စမ်းသပ်ခွင့် ကြုံတော့သည်။ ပဲခူးရိုးမမှ ဆင်းလာသော မျက်နှာစိမ်းနှစ်ဦး ရွာကိုကွင်း၍ လမ်းရှောင်ကာ ရဲနွယ်ချောင်းကို အနောက်မှ အရှေ့သို့ဖြတ်သည်။ ရဲနွယ်ချောင်းကူးပြီး ရှမ်းရိုးတန်းရွာနှင့် ပုဂံကွဲရွာအကြားကိုင်းတောထဲ ဝင်သွားသည်ကို ငါးရှဥ့်ဖမ်းနေသော ရွာသားတစ်ဦးကတွေ့၍ ကျေးရွာသို့ အကြောင်းကြားသည်။

ရှမ်းရိုးတန်းရွာမှ ပြည်သူ့စစ်ခေါင်းဆောင် ကိုသန်းထွန်း၊ ပုဂံကွဲရွာ ကိုပန်းတို့က ချက်ချင်းလူစုကာ သက်ငယ်တောကို အရှေ့ဘက်နှင့် မြောက်ဘက် ဝိုင်းကြသည်။ ဝိုင်းကြီးအုတ်ဖို၊ ကုန်လယ်ရိုးဗမာများက အနောက်ဘက်မှ ဝိုင်းသည်။ မျက်နီကွင်းရွာမှ သူကြီးဦးအပ်ထေနှင့် တစ်ရွာလုံးက တောင်ဘက်မှ ဝိုင်းသည်။ ပြီးနောက် လက်ချင်းဆက်ကာ သက်ငယ်တော်စားကျက်ကို လယ်





ထွန်သလို ပိုက်စိပ်တိုက် ရှင်းကြ၊ ရှာကြသည်။ တစ်နာရီအတွင်း ဝိုင်းမိခြင်းဖြစ်၍ ... ဝိုင်ကျော်သက်ငယ်တောကိုဖြတ်ကာ ညောင်လေးပင်ဘက်မထွက်နိုင်သေးဟု ... ကဆသည်။ ရွာစဉ်ဆက်၍လည်း ညောင်လေးပင်အထိ သတင်းရယူရေးအဖွဲ့က ... ကသည်။

လူကို ရှာမရ၊ သတင်းစ ပျောက်သွားသည်ကို ပြည်သူ့စစ်တွေက ... ကျေနပ်ကြ၊ အားမလိုအားမရ ဖြစ်နေကြသည်။ တစ်ညလုံး ဝိုင်းထားကြသည်။ ... ကြီးလှစွာနှင့် တက်ကြွစွာလှုပ်ရှားကြသည်ကိုတွေ့ရ၍ ကျွန်တော်တို့က ကျေနပ်မိရ ... တော့သည်။

နံနက်လင်းမှ အုတ်ဖိုရွာသားတစ်ဦး ရောက်လာသည်။ သောင်းကျန်းသူ ... က်သားအဖွဲ့ နှစ်ဦးသည် ရဲနွယ်ချောင်း ဖြတ်အကူးမှာ ရွာသား တွေ့သွားသည်နှင့် ... ဆက်မသွားရဲဘဲ နောက်ကြောင်းပြန်လှည့်သည်။ ဝိုင်းကြီးအုတ်ဖိုရွာနှင့် ခြံကြီး ... ားမှဖြတ်၍ တောင်ခြေသို့ ပြန်ကပ်သည်။ တောင်ခြေတွင် ချုံထောင်နေသော ... ုတ်ဖိုရွာသား မောင်သိန်းကို တွေ့တော့ ဖမ်းခေါ်သွားကြသည်။ တောင်ပေါ်အတော် ... ရောက်မှ ညအိပ်ခိုင်းထားပြီး နံနက်လင်းချိန် ပြန်လွှတ်လိုက်ခြင်း ဖြစ်သည်။

ပြည်သူ့စစ်စည်းရုံးရေး လက်တွေ့စမ်းသပ်မှုအဖြစ် ရွာလုံးကျွတ် ပါဝင် ... လှုပ်ရှားခဲ့ခြင်းကို မှတ်တမ်းတင်ခဲ့ရပေသည်။ ဗကပဆက်သားနှစ်ဦး အပြေးမြန်လို့ ... လွတ်သွားသော်လည်း ၎င်းတို့မူလတာဝန်ဖြစ်သော ညောင်လေးပင်သို့ သွားရောက် ... နိုင်ခြင်းမရှိဘဲ နောက်ကြောင်းပြန် တောင်ပေါ်တက်သွားရသည်ကပင် ကျွန်တော် ... တို့အမြတ် ဖြစ်ခဲ့ပေတော့သည်။

**ကျောက်တံခါးနှင့် ဂေါ်ရခါး**

တပ်မ (-)၏တပ်ရင်းများ ရမခနယ်မြေသို့ ပြန်လည်ဝင်နေရသော ... ကာလဖြစ်၍ ခလရ(-)နှင့် ခလရ(-)သာ ညောင်လေးပင်တွင် အခြေပြုသော ... တပ်မ(-)လက်အောက်မှ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေကြရသည်။

တပ်မ(-) တပ်မမှူးကြီးကိုယ်စား နည်းဗျူဟာမှူး ဗိုလ်မှူးကြီးမောင် ... မောင် ခေတ္တတာဝန်ယူနေချိန်တွင် ကေအင်ဒီအိုတို့ ရထားလမ်း၊ ကားလမ်း နှောင့် ... ယှက်ရန် ကြံရွယ်ချဉ်းကပ်ကြောင်း သတင်းရသည်။ ခလရ(-)မှ တပ်စုတစ်စု ... ကျောက်တံခါးမြို့သို့ အမြန်စေလွှတ်ရန်ဟူသော ညွှန်ကြားချက်ရရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်တော်လည်း ညတွင်းချင်းပင် တပ်စုမှူးဗိုလ်မောင်နီ တပ်စုတပ်ကြပ်ကြီး လားလ်ဗဟာဒူးဦးစီးတပ်စုတစ်စု စေလွှတ်လိုက်ရသည်။ နောက်နေ့ နံနက်ရောက်ရှိပြီးကျောက်တံခါးမြို့ မြေအနေအထားကြည့်ကြသည်။ မြို့ကာကွယ်ရေးအတွက် အရေးကြီးနေရာအဖြစ် အစွန်ကျသောဆေးရုံနှင့် ငွေတိုက်ကို ဦးစားပေးအဖြစ်တွေ့ရှိကြပြီ။

ထိုနေ့မှာပင် ရန်ကုန်မှစာပို့ရထားနှင့် ငွေတိုက်သို့ ငွေသိန်း ၅၀ ရောက်လာသည်။ တပ်စုမှူးနှင့် တပ်စိတ်(၂)စိတ် ဆေးရုံနှင့် မြို့တစ်ဖက်ခြမ်းကို တာဝန်ယူ၍ တပ်ကြပ်ကြီးလားလ်ဗဟာဒူးနှင့်တပ်စိတ်တစ်စိတ် ငွေတိုက်လုံခြုံရေးအတွက် မူလကရှိသော ရဲတပ်စိတ်တစ်စိတ်နှင့်အတူ လုံခြုံရေးယူကြသည်။

တိုက်ဆိုင်၍လား သတင်းပေါက်ကြား၍လား မသိ၊ ထိုညသန်းခေါင်ယံမှာ ကေအင်ဒီအို ၂၀၀ ကျော် ကျောက်တံခါးမြို့ကို လာရောက်တိုက်ခိုက်လေတော့သည်။ ဆေးရုံကိုတစ်ဖွဲ့ဝင်၍ ငွေတိုက်သို့ တစ်ဖွဲ့ဝင်တိုက်သည်။ တပ်ကြပ်ကြီးလားလ်ဗဟာဒူးသည် တရုတ်ဖြူစစ်ဆင်ရေးမှစ၍ ရဲဘော်ဘဝဖြင့် အတွေ့အကြုံရှိသူပီပီ ကြံ့ရည်ဖန်ရည်ရှိသည်။

ညဆယ်နာရီခွဲတွင် တပ်သားထွန်းရင်ကို ရဲတပ်စိတ်အား ကွပ်ကဲရန် ငွေတိုက်တွင်ထားခဲ့ပြီး ၎င်းနှင့်တပ်စိတ်တစ်စိတ်လုံး လယ်ကွင်းထဲကိုက် ၂၀၀ခန့် ထွက်၍ကန်သင်းရိုးမှာ အကာအကွယ်ယူကာစောင့်ကြသည်။ ညသန်းခေါင် ကေအင်ဒီအိုတွေ ဝင်ရောက်တိုက်ခိုက်ချိန်မှာ ကေအင်ဒီအိုတွေ အကြား လားလ်ဗဟာဒူးနှင့် တပ်စိတ်ကရောက်နေပြီ။

ငွေတိုက်ကို စပစ်သည်နှင့် ၎င်းတပ်စိတ်ကေအင်ဒီအိုတို့အကြားမှ ဘေးဘယ်ညာပစ်ကြတော့သည်။ ကေအင်ဒီအိုတို့ ညမှောင်မှောင်မှာ၎င်းတို့အလယ်မှ ပစ်ခတ်တိုက်ခိုက်ခြင်းခံရ၍ ငွေတိုက်ကိုမစီးနိုင်ဘဲ အလောင်းများချန်ခဲ့ပြီး ပြန်ဆုတ်သွားရသည်။

ငွေတိုက်သို့ရောက်ခါစ နိုင်ငံတော်ဘဏ္ဍာသိန်းငါးဆယ်ကို လုယူခြင်းမပြုနိုင်ဘဲ လက်လွှတ်ထွက်ပြေးကြရပေတော့သည်။ ဆေးပစ္စည်းများယူရန် ဆေးရုံဘက်မှဝင်သော ရန်သူလည်းလက်လွှတ်ထွက်ပြေးကြရသည်။

ကျောက်တံခါးတစ်မြို့လုံးက ဖိုးဂေါ်ရခါး ခေါ် ခလရ(-)ကို ကျေးဇူးတင်မဆုံးဖြစ်ခဲ့ကြသည်။ တပ်မမှ ချီးကျူးသည်။





ကတုတ်ကျင်းထဲမှာ ရဲတပ်စိတ်နှင့်ပူးပေါင်းလျက် ရန်သူအလာကို စောင့်နေလျှင် အင်အားများသော ရန်သူကို ခုခံရန် လွယ်မည် မဟုတ်။ ကွင်းထဲထွက်စောင့်ကာရန်သူတွေကြားမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကြံ့ရည်ဖန်ရည်ရှိသော တပ်ကြပ်ကြီးလားလ်ဗဟာဒူးကို တပ်မ(-)မှ သူရသွေးချီးမြှင့်ရန် ဘွဲ့ထူးဂုဏ်ထူး တင်ပေးသည်။ (ငွေတိုက် ကတုတ်ကို လောင်ချာမှန်ကာ တပ်သားထွန်းရင်နှင့် ရဲတပ်သား သုံးဦးကျဆုံးသည်။ ရိုင်ဖယ်သုံးလက် ရန်သူ့လက် ပါသွားသည့်အတွက် ဟုသိရ) တပ်ကြပ်ကြီးလားလ်ဗဟာဒူး ဘာဘွဲ့မှမရခဲ့ရှာတော့ပေ။

သို့သော်လည်း တပ်မတော်သားဟူသည် နိုင်ငံတော် ကာကွယ်ရေးသာ အဓိကမို့ တာဝန်ကျေပွန်သော ခလရ(-)တပ်စုအတွက် တပ်ရင်းမှူးအသစ်ဖြစ်သော ဂျွန်တော့်မှာ ဂုဏ်ယူမဆုံးရှိရပါတော့သည်။

ချီးမြှောက်ခံရခြင်းသည် အဓိက မဟုတ်၊ တာဝန်ကျေပွန်ခြင်းသည်သာ ပဓာနပါတည်း။

## ရပ်ဆွေရပ်မျိုး

ပဲခူးရိုးမတောင်ခြေတွင် နယ်မြေစိုးမိုးရေးတာဝန်ကို ခြောက်လခွဲကြာမျှ ထမ်းဆောင်ခဲ့ရသည်။ ကျေးရွာအုပ်စုအလိုက်တပ်ခွဲများ သတ်မှတ်တာဝန်ပေးထားခြင်းကြောင့် သူ့အရပ်နှင့် သူ့တပ်ဆွေမျိုးတွေလို ရင်းနှီးကျွမ်းဝင်လာကြတော့သည်။ ရှယ်ချောင်းကမ်းရိုးတန်းရှိ ရွာများဖြစ်၍ စားရေရိက္ခာပေါသည်။ ငါးရှဉ့် တစ်ပိဿာ သုံးကျပ်ဈေးရှိသည်။ ကြက်၊ ဝက်၊သားငါးဈေးကမတိမ်းမယိမ်းပေမဲ့ ဧည့်သည်တွေက အရိုးတွေအရေတွေလွှင့်မပစ်ရသော ငါးရှဉ့်ကိုအစားများကြသည်။

ကျေးရွာမှာ အခြေပြုကြရသည်မို့ ကျေးရွာသူလေးများအပေါ် သစ္စာရှိရှိ ဆက်ဆံရမည်။ ကြိုက်နှစ်သက်သူရှိလျှင် မိသားဖသားပီပီ ထိမ်းမြားပေးမည်ဟု ကြေညာထားရသည်။

## နှပေါင်းမင်္ဂလာပွဲ

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရ တပ်ရင်းတစ်ရင်းလုံးည် ဒေသမှထွက်ခွာရတော့မည်ဖြစ်၍ နယ်မြေစည်းရုံးရေး မပျက်စေရန် ရပ်ဆွေရပ်မျိုးအဖြစ်ဆွေမျိုးစပ်ဖို့ လိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မရှိ လူပျိုလူလွတ်များ နှစ်သက်မြတ်နိုးသူရှိလျှင် တပ်ခွဲမှူးများ တာဝန်ယူ ကြောင်းလမ်းတောင်းရမ်းပေးရန် ခွင့်ပြုလိုက်ရပါသည်။

တပ်မတော်သားဆိုတာ သစ္စာရှိသူဖြစ်သည်။ တစ်ခြုံကွယ် တစ်မယ်မှေ မဟုတ်၊ ကွယ်ရင်မေ့ တွေ့သေအောင်လွမ်းဟူသော အစားမဟုတ်၊ ခပ်ရိုင်းရိုင်းပြော နေကျအရ တွေ့ရာရောက်ရာမှာအိုင်တွေ့လျှင် ခြေဆေးသူများမဟုတ်ကြောင်း လက်တွေ့ပြရသည်။

တပ်ခွဲငါးခွဲ လူငါးရာကျော် စစ်ဆင်ရေးတာဝန်ယူခဲ့သော သည်ဒေသမှာ စစ်သည် ၂၈ ဦး စုပေါင်းမင်္ဂလာဆောင်ပွဲ ကျင်းပခဲ့ရပါတော့သည်။

တပ်ရင်းတစ်ရင်းလုံး ပဲခူးရိုးမမှ နောက်တန်းသို့အပြန်မှာ မင်္ဂလာ ဆောင်ပြီးစ အိမ်ထောင်သည်အသစ်များကိုပါ ရှေ့တန်းပြန်အဖြစ်တပ်ရင်းမှ ကြိုဆို ခဲ့ကြရပါ၏။

## နောက်တန်းသည် အဓိက

တပ်မမှူး ဗိုလ်မှူးကြီးတင်စိန်၏ တာဝန်ပေးချက်အရ ပဲခူးရိုးမတောင် ခြေမှာနယ်မြေစိုးမိုးရေးတာဝန် ယူခဲ့ရစဉ်အတွင်း နယ်မြေစည်းရုံးရေးကို တပ်မမှူး ကြီးက တွန်းအားပေးသည်။

တောင်ပေါ်မှာဗကပ၊ မြေပြန့်မှာကရင်သောင်းကျန်းသူတို့နှစ်ပေါင်းများစွာ ကြီးစိုးခဲ့သော နယ်မြေနှစ်ခုစပ်ကြား နယ်မြေဖြစ်၍ ရောက်စမှာ ထိတွေ့ရ၊ ပြောဆိုရ၊ စည်းရုံးရ မလွယ်လှကြောင်းတွေ့ခဲ့ရသည်။

တစ်လမှ နှစ်လ၊ နှစ်လမှ သုံးလကြာလာသောအခါ တပ်ခွဲအလိုက်နယ် မြေ အပိုင်ပေးစည်းရုံးနိုင်ခဲ့ခြင်းကြောင့် တစ်အိမ်ချင်းနှစ်အိမ်ချင်းမှစ၍ မိသားစုပုံစံ ချဉ်းကပ်ရင်း ချဉ်းကပ်ရင်းတိုးတက်မှုရှိလာကြောင်း တွေ့ရပါသည်။

သုံးလကျော်မှသာ မိမိအခြေပြုရာကျေးရွာကို အဖြူရောင်နယ်မြေ အဖြစ်လက်ခံနိုင်လာသည်။ လေးလကျော်မှ အမာခံနယ်မြေအဖြစ် အာမခံနိုင် လာတော့သည်။

ထိုဒေသမှ အမာခံ အိမ်ထောင်သည်များအဖြစ် နှစ်ဆယ့်ရှစ်ဦး တင့်တင့် တယ်တယ်ဖြစ်လာသောအခါထိုမိသားစုမှာရပ်ဆွေရပ်မျိုးတွေဖြစ်လာရပါတော့သည်။

၁၉၇၂/၇၃ ခုနှစ် ကာလသည် ဆန်စပါး စတင်ရှားပါးသောကာလ

....♦♦ ပြည့်စုံစာအုပ်တိုက် ♦♦....




ဖြစ်လာပြီးကျေးရွာလူကြီးတွေ ကိုယ်တိုင်က ခလရ(-) အိမ်ထောင်သည်လိုင်းမှာ ဆန်စပါးရှားပါးမည်၊ ဆန်ပြတ်လပ်မည်ကို စိုးရိမ်လာကြသည်။ တစ်အိမ်လျှင် တစ်တင်းစ၊ တစ်အိတ်စရောင်းပေးကြသည်။

တပ်တွင်းသမဝါယမမှာ ဆန်အိတ်တွေ စုပုံထားလျှင် ပိုးထိုးမည်စိုး၍ ရှိင်ပတ်ကာလျက် ဆန်တွေထည့်ထားရသည်။ တပ်ရင်းမိသားစုများ ဆန် နှစ်လ သုံးလစာ အရန်ရှိလာသည်။

တပ်ရင်းတည်ရှိရာ ပုသိမ်ကြီးမြို့နယ်သည်လည်း စပါးထွက်သောဒေသ ဖြစ်၍ အစိုးရထံတာဝန်ကျေစပါးပြည့်ဝစွာ မပေးသွင်းကြသော်လည်းခလရ(-) ကိုတော့ မိသားစုအလိုက် ခွဲတမ်းအပြည့်ပေးကြသည်။

ပါတီယူနစ်နှင့် ကောင်စီတို့ကလည်း သည်မြို့မှာသည်တပ်ကို သံယော ဇဉ်ရှိသည်။ နောက်တန်းမှူးနှင့် တပ်ရေးတပ်ထောက်တို့ကလည်း ပေါင်းသင်း ဆက်ဆံရေး ပြေပြစ်သည်။ သည်တော့လည်း ရှေ့တန်းရောက် တပ်မတော်သား



ခလရ (-) မှ အရာရှိများ အချို့

....♦♦ ပြည့်စုံစာအုပ်တိုက် ♦♦....

www.burmeseclassic.com

www.burmeseclassic.com



တို့ နောက်ဆံတင်းစရာမလို။ စိတ်ဖြောင့်ဖြောင့်ဖြင့် တိုက်နိုင်ခိုက်နိုင်ကြသည်။ ဤသို့ဆက်ဆံရေး အဆင်ပြေနေခြင်းနှင့် ပါတီကောင်စီက တာဝန်ရှိသူများ ကိုယ်တိုင်က စစ်ထွက်ယောကျာ်းတွေနောက်ပိုင်းကို နောက်ဆံမတင်းစေရေးဟူသော စေတနာနှင့်ပံ့ပိုးပေးမှုကို တစ်သက်တာမမေ့ရက်စရာအဖြစ်ကျေးဇူးတင်မိရပါသည်။

တကယ်ဆိုတော့ အိမ်ထောင်ရှိသောစစ်သည်တွေမှာ သနားစရာကောင်းလှသည်။ နိုင်ငံတော်က စစ်သည်တိုင်းကို အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်၊ စစ်ဝတ်၊ ခြေအိတ်၊ ဖိနပ်၊ ဦးထုပ် အားလုံးပေးသည်။ ရိက္ခာသည်ဘာမျှ လိုလေသေးမရှိ၊ နောက်တန်းမှာနေနေ ရှေ့တန်းထွက်ထွက် ပြည့်စုံသည်။

အိမ်ထောင်ရှိလျှင် မိန်းမနှင့်ကလေးအတွက် ခြင်ထောင်၊ အိပ်ရာပစ္စည်းအားလုံး ကိုယ့်အစီအစဉ်နှင့်ကိုယ် ဝယ်ရသည်။ အိမ်ထောင်ကျစ ပစ္စည်းမစုံမီမှာ တကယ်သနားဖို့ ကောင်းပါသည်။ ခြင်ထောင်မရှိ၊ စောင်မရှိ၊ ခြင်ကိုက်မလား၊ ချမ်းမလား၊ နောက်တန်းမှာ ထားခဲ့ရသည်သာ၊ ရိက္ခာလည်း ရှေ့တန်းစစ်သည်ကို ရှေ့တန်းမှာ ကျွေးသည်။ မိသားစု စားဖို့တော့ နောက်တန်းမှူးဦးစီးအဖွဲ့က တပ်တွင်း သက်သာဆိုင်(သမဆိုင်)တို့မှာ သက်သာသောဈေးနှင့် စီစဉ်ပေးရသည်။

ကျွန်တော်တို့ တပ်နားနေချိန်မှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးကျော်ထင်သည် ရေတပ်ဒုတိယဦးစီးချုပ် ဗိုလ်ချုပ်ချစ်လှိုင်လိုက်ပါလျက် တပ်ကို



ခလရ (-) မှ အရာရှိ ဇနီး အချို့





ရောက်ကာရဲဘော်များနှင့် ထိတွေ့မိန့်ခွန်းပြောကြားသည်။ သက်သာချောင်ချိ ဆောင်ရွက်ချက်စစ်ဆေးပါသည်။

အရန် ဆန် ၃ လစာ ရိုင်ပတ်တွေနှင့်ထားရသည်ကို မျက်မြင်တွေ့ရ ပွဲအခါ ရရှိပုံရရှိနည်းကို မေးမြန်းသွားပါသေးသည်။ မူလ ပဲခူးရိုးမမှရသော နှင့်မြို့နယ်မှရသောဆန်ကို အခြေခံထားပြီး ထပ်ရလိုက်၊ ပထမဆန် ထုတ်ကျွေး ကိုက်စနစ်ဖြင့် ပြေလည်ပါကြောင်းရှင်းလင်းတင်ပြလိုက်ရပါသည်။

ပါတီမှ ဗိုလ်ကြီးကျော်အေး၊ ဦးထွန်းကြည်၊ ဦးထင်အောင်ကျော်၊ ကောင်စီမှ ဗိုလ်ကြီးခင်လှစသူတို့နှင့် ခလရ(-)တို့ အပြန်အလှန် မေတ္တာထား ကျူးပြုခဲ့ကြပေသည်။

ပုသိမ်ကြီးမြို့နယ်တွင် အချို့သောကျေးရွာများသည် ပမညတညြဖာ င်းသေးကြောင်းလည်းတွေ့ရသည်။ အုပ်ချုပ်သူအဖွဲ့အစည်းဆိုလျှင် ဘယ်သူ ဆန့်ကျင်လိုကြသည်။ ထိုရွာများသို့ ပါတီကောင်စီချည်း ထိတွေ့ခြင်းထက် ရ (-)မှ ဝင်ရောက် ချဉ်းကပ်ထိတွေ့လျှင် ဆန့်ကျင်မှုနည်းသည်ကို လက်တွေ့ ရပါသည်။

၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲအတွက် ကွင်းဆင်းထိ ရှင်းလင်းရသောကာလမှာ ခက်ခဲမည်ထင်သော ကျေးရွာအုပ်စုများကို ခလရ (-)တာဝန်ပေးသည်။

တောင်သူလယ်သမားတို့ လုပ်ငန်းသိမ်းသော ညအချိန်ကျမှ တပ်ရင်းမှူး ။ နောက်တန်းမှူးဇနီး၊ တပ်ရေးတပ်ထောက်နှင့် တပ်ရင်းအရာခံ ဗိုလ် ဇနီးတို့ ဝင်လျက် နောက်တန်းမှူးနှင့်တပ်ရေးတို့ လိုက်ပါကွင်းဆင်းကြရသည်။

အကောင်ရှည်အန္တရာယ်များသောဒေသဖြစ်၍ ရော်ဘာဖိနပ်ရှည်များ လျက် အောက်လင်းဓာတ်မီးနှစ်လုံးကို ရဲဘော်နှစ်ယောက်လက်မှဆွဲကာ ရွံ့တော ကျ်တော၊ လယ်ကန်သင်းရိုးတို့မှာ ကွင်းဆင်းကြရသည်။

ကွင်းဆင်းလာသူများကို အားနာလေသလား၊ သနားကြလေသလား မသိ၊ ကယ်ဆန္ဒခံယူကြသောအခါ ခလရ(-)တာဝန်ယူသော နယ်မြေမှ ၉၅% မျှ ထောက်ခံမဲရခဲ့သည်ကို ယခုတိုင်တွေးမိတိုင်း ကြည်နူးနေမိရပါသေးတော့သည် တည်း။



www.burmeseclassic.com

www.burmeseclassic.com



## တပ်ရင်းမှူး ဆိုတာ

တပ်မတော်သက်တမ်း နှစ်ဆယ့်ရှစ်နှစ်မှာ တပ်ခွဲမှူးတာဝန်နှင့် တပ်ရင်းမှူးတာဝန် ယူရချိန်ဟာစိတ်ဝင်စားဖို့ အကောင်းဆုံးကာလဖြစ်ပါသည်။

တပ်စုမှူးဘဝမှာ တပ်ခွဲမှူးထံမှ ပညာသင်ယူရင်း ပေးသည့်တာဝန်ကို ပုံစံပေါ်အောင်ဖော်ဖို့သာ အရေးကြီးသည်။ အနီးကပ် ကြီးကြပ်ကွပ်ကဲသူ ထိန်းကျောင်းသူ တပ်ခွဲမှူးရှိသည်။ တပ်ခွဲမှူးဖြစ်လာသောအခါ တပ်ခွဲအုပ်ချုပ်ရေး လုပ်ဖို့ တာဝန်ရှိသလို တိုက်ပွဲမှာလည်း လုံးဝတာဝန်ယူရသည်။

လိမ်လိမ်မာမာပညာသားနှင့်တာဝန်ကျေရုံထမ်းဆောင်၍ မရ။ ကိုယ်တိုင် ကွပ်ကဲရသည်။ တပ်ခွဲမှူးညံ့လျှင် တပ်ခွဲတိုက်ရည်ခိုက်ရည်ညံ့ပေလိမ့်မည်။

တပ်ရင်းမှူးဖြစ်လာသောဘဝမှာ အရေးအကြီးဆုံးဟု ကျွန်တော် ယုံ သည်။ စစ်သင်တန်းကျောင်းတွေမှာ သင်ကြားသည့်အထဲ မပါသော ကွပ်ကဲထိန်း ကျောင်း ဦးဆောင်ရခြင်းက ခက်သည်။

## ရိုးရာပွဲတော်များ

ကျွန်တော် တာဝန်ယူရသော ဂေါ်ရခါးတပ်မှာ ဂေါ်ရခါးစစ်သည် ထက်ဝက်ခန့်သာ ကျန်တော့သည်။ သို့သော် တပ်ရင်းတံဆိပ်ကတော့ဖြင့် ဂေါ်ရခါး ဓားနှစ်လက် ကြက်ခြေခတ်ထားသော တံဆိပ်ဖြစ်သည်။ ယနေ့တိုင် ကျွန်တော် ပြုလုပ်စိုက်ထူထားခဲ့သော တပ်ရင်းတံဆိပ် ကျောက်ခုံသည် တပ်ရင်းဂိတ်ဝတွင် တည်ရှိနေဆဲဖြစ်၍ ဝမ်းသာရသေးသည်။

မြန်မာပြည်ဖွား ဂေါ်ရခါးစစ်သည်များနှင့် တိုင်းရင်းသားစစ်သည်များ စုစည်းထားသောတပ်မှ ဂေါ်ရခါးရိုးရာဒါစရာပွဲကို ကျင်းပရသည်။

ကျွဲသားကို သူ့ဓလေ့အတိုင်းပေါ်ရသည်။

အသားဟင်း၊ ဝမ်းတွင်းသားဟင်း၊ အားလူးဟင်းတို့ စိတ်ကြိုက်ချက်ပြုတ် ပူရီနှင့် တပ်ရင်းတစ်ရင်းလုံး ကျွေးမွေးရသည်။ ဂေါ်ရခါးရိုးရာအရ ဆုတောင်းမှု ပြုစေရသည်။ ဟိုတစ်ချိန်က တပ်ရင်းတစ်ရင်းလုံး ဂေါ်ရခါးတွေချည်းရှိသော ခေတ်ကာလက တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးသူရထွန်းတင်(နောင်ဝန်ကြီးချုပ်) လက်ထက်က ဒါစရာပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြကြောင်းကြားသိရပါသည်။

ယခုအခါ ဂေါ်ရခါးတပ်အမည်နှင့်လိုက်ဖက်စွာ ဒါစရာပွဲကျင်းပရသလို





ဂျူမတ်ပွဲလည်း ကျင်းပရသည်။ မြန်မာ့ရိုးရာ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ကထိန် သင်္ကန်းကပ်လှူပွဲတို့လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပပေးရပါသေးသည်။

ခရစ်ယာန်ဘာသာဝင်သည် လူနည်းစုဖြစ်သော်လည်း သူတို့ ဝတ်ပြုဆု တောင်းပွဲကို ကျွန်တော့်ဇနီးက တက်ရောက်အားပေးရသည်။ (ကျွန်တော်တို့က ရှေ့တန်းမှာချည်းလိုလို ရောက်နေကြသည်)

## ဂေါ်ရခါးတပ်ရောက် ကချင်ဆရာမ

တပ်ရင်းသားဖွားဆရာမကြီး ဒေါ်ဘောက်လူဆိုသူ ရှိသည်။ ကချင်အမျိုးသမီး သားဖွားဆရာမကြီး ဂေါ်ရခါးတပ်ရောက်ပုံ မေးကြည့်တော့မှ ရယ်ရသေးသည်။

ဒေါ်ဘောက်လူ သားဖွားဆရာမသင်တန်း အောင်မြင်ပြီးသောအခါ ဘယ်တပ်ကို သွားချင်သလဲဟု မေးခံရသည်။ သူက ကချင်(-)နှင့်ခလရ (-) ဟု ပြောလိုက်မိခြင်းကြောင့် ခလရ(-)သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ဂေါ်ရခါးတပ်ရောက်တော့လည်း သံယောဇဉ်တွေဖြစ်ပြီး မြဲနေသည်။ ကျွန်တော့် တပ်ရင်းကို လက်ခံချိန်မှာ ဒေါ်ဘောက်လူ၏ လုပ်သက်က အနှစ် (၂၀)ကျော်နေပြီ။

တပ်ရင်းကို ရှေ့တန်းမှာ စံချိန်မီတိုက်ပွဲဝင်နိုင်ရေးအတွက် ပြင်ဆင်မှုများ၊ ရာထူးတက်မြှင့်တင်ပေးခြင်းများ ပြုလုပ်ရင်း နောက်တန်းမှာ ဘာသာရေးဆိုင်မှာ ရိုးရာပွဲများ မပြတ်ပြုလုပ်စေရသည်က တပ်ရင်းမှူး၏ အဓိကဦးဆောင်မှု တာဝန်ဟု ယူထားပါသည်။

သည်လိုသည်လို ကတတ်နိုင်သမျှ စီမံကွပ်ကဲနေသည့်ကြားမှ ပြဿနာဆို တာ ခြေပေါက်သလို ဗွေဖောက်လာချေသေးသည်။

## တိုင်းမှူးကြီးကူပေလို့

၁၉၇၀ခုနှစ်၊ နောက်ပိုင်းကာလမှာ တပ်ရင်းများအတွင်းသို့ ရွှေရင်ကျော် လက်ထိုးတစ်ခု တိုးဝင်နေရာယူလာခဲ့ပါ၏။ ရွှေရင်ကျော်ဂိုဏ်းတွင် အဆင့်(၉)ဆင့် ရှိသည်။ ရဲဘော်က အဆင့်(၈)၊ အဆင့်(၉)ရောက်နေ၍ အရာခံဗိုလ်၊ တပ်ကြပ် ကြီးတို့က အဆင့်(၃)၊ အဆင့်(၄)မှာရှိလျှင် ရဲဘော်က ကုလားထိုင်ပေါ်မှာထိုင်၍ ဗိုလ်များကြီးတွေက ကြမ်းပျဉ်မှာ ထိုင်ရသောဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့်သူသည် ဆေးကုနိုင်သည်ဟု ယုံသည်။

ကျွန်တော်တပ်တွင်းသို့လည်း ထိုဂိုဏ်းစိမ့်ဝင်ထိုးဖောက်လာသည်။ အိမ် ထောင်သည်လိုင်းမှ ရဲမေအချို့ ရောဂါဖြစ်သည်ကို ဆေးခန်းပြခြင်း၊ ဆေးခန်းမှ တစ်ဆင့် မန္တလေးနန်းတွင်း စစ်ဆေးရုံပြခြင်းတို့ မလုပ်တော့ဘဲ ထိုဂိုဏ်းဆရာနှင့် ကုသည်။

ရောဂါသက်သာသူရှိသလို သေဆုံးရသော ရဲမေနှစ်ဦးအထိ ရှိပြီဖြစ် ကြောင်း သတင်းက ရှေ့တန်းသို့ ရောက်လာသည်။

ကျွန်တော်ကလည်း လူငယ်ပီပီ နောက်တန်းမှတပ်ရင်းအမိန့်ထုတ်ပြ ညွှန်ကြားလိုက်ရသည်။

တပ်ရင်းနယ်နိမိတ်အတွင်း မှီတင်းနေထိုင်သူများ နာမကျန်းဖြစ်လျှ တပ်ရင်းဆေးခန်းကို ပြရမည်။ အခြား ဂိုဏ်းဂဏများနှင့် ပယောဂလိုလို ဘာလို ကုသမှုလုပ်လျှင် အိမ်ထောင်သည်လိုင်းစည်းကမ်းအရ တပ်မှနှင်ထုတ်မည်။ ခင်ပွန်း အားလည်းအရေးယူမည်ဟု အမိန့်ထုတ်လိုက်မှ သိသိသာသာရပ်သွားပါတော့သည်။

မကြာမီ ကျွန်တော်တို့ နောက်တန်းပြန်နားရချိန်မှာ အနောက်မြောက် တိုင်း စစ်ဌာနချုပ်တိုင်းမှူးကြီးကို ထုံးတမ်းစဉ်လာအရသတင်းပို့ရသည်။ တိုင်းမှူး ကြီးက ပစ်စာတစ်စောင် ထုတ်ပြပါသည်။ တပ်ရင်းမှာ ကျွန်တော်ထုတ်ပြန်လိုက် သောအမိန့်၏ ဂယက်ပါတည်း။

တိုင်းမှူးကြီးက အားပေးပါသည်။

'ခင်ဗျား မှန်တယ်၊ လုပ်သင့်တာ ရဲရဲသာလုပ်၊ မှန်မှန်ကန်ကန် လုပ်တာ ကျွန်တော်တို့ ကူမယ်' ဟု အားပေးပါသည်။

တိုက်ဆိုင်လှစွာပင် မကြာမီမှာ စစ်ရုံးမှ တပ်မတော်တစ်ရပ်လုံးသို့ အမိန့်ထုတ်ပြန်လာသည်။ ထိုထိုဂိုဏ်းဂဏများ တပ်တွင်းမှာ မပြုလုပ်ရ ဟူသော အမိန့်ဖြစ်ပေသည်။ ကျွန်တော် ကံကောင်းလေစွ။

## မိရိုးဖလာယုံကြည်မှု

ရှေ့တန်းစစ်ဆင်ရေးတွင် ဒဏ်ရာရရှိ၍ မသန်မစွမ်းဖြစ်ရသူတွေကို နောက်တန်းမှာ သင့်ရာသင့်ရာ တာဝန်ပေးရသည်။ မသန်သော်လည်း စွမ်းသူအဖြစ် အသုံးချကြရသည်။

••••◆◆ ပြည့်စုံစာအုပ်တိုက် ◆◆••••



ရှေ့တန်းမှာ မိုင်းထိ၍ ခြေတစ်ဖက်ပေးလှူထားရသော ရဲဘော်လှရွှေကို နောက်တန်းမှာ မွေးမြူရေးခြံစောင့်ရန် တာဝန်ပေးထားသည်။ အိမ်ထောင်သည်လိုင်း က ဝေးသဖြင့် သွားလာမှု လွယ်ကူစေရန် တာဝန်ကျရာမှာ ဝါးထရံကာ၊ သက် ကယ်မိုး အိမ်လေးတစ်လုံး ဆောက်ပေးထားရသည်။

တစ်ညနေမှာ ထိုစစ်သည်က ဆိတ်တွေ ခြံထဲသွင်းပြီးမှ လိုင်းထဲထွက် သွားသည်။ ဝါသနာအလျှောက် အရက်သောက်နေသည်၊ မှောင်လာသော်လည်း မပြန်ဖြစ်သေး။

အိမ်မှာ ဇနီးနှင့်သမီးလေး ကျန်ခဲ့သည်။ သမီးလေးက စာအုပ်ရှာသည်။ ရေနံဆီမီးခွက်ကိုကိုင်လျက် စာအုပ်လိုက်ရှာရာ ရိုးရာအရကိုးကွယ်ထားသော အိမ်တွင်းအုန်းပွဲအောက်ကို မီးခွက်နှင့်ငုံ့ရှာရင်း မီးဟပ်မိသွားသည်။ ကလေးက မီးခွက်ချပြီး ထွက်ပြေးသည်ကြောင့် အိမ်ကိုမီးစွဲသည်။ မီးလှန့်သံချောင်းခေါက်၍ လူတွေရောက်လာချိန်မှာ သက်ကယ်မိုးထရံကာ အိမ်လေး ပြာကျနေပြီ။

နောက်နေ့နံနက်လင်းမှ ပြာကျနေသောအိမ်နေရာမှာ ပုဂံခွက်ယောက် အကောင်းကျန်သမျှ လိုက်ကောက်ကြရသည်။ ထိုအခါ တစ်အိမ်လုံးပြာကျသော် လည်း အိမ်တွင်းနတ်အုန်းသည် မီးမဟပ်၊မီးမသင့်ဘဲ အကောင်းပကတိတွေ့ရသည်။

တပ်က ဆောက်ပေးထားသောအိမ်က မီးလောင်၍ စိတ်ပျက်ပျက်နှင့် နက်လင်းလင်းချင်း အရက်ထပ်သောက်ထားသော အရှိန်နှင့် ရဲဘော်လှရွှေက စိတ်ဆိုးမာန်ဆိုးနှင့် နတ်အုန်းသီးကို ဂျိုင်းထောက်အားပြုကာ ကောင်းသောခြေ တစ်ဖက်နှင့် သုံးလေးချက်ဆင့်ကာဆင့်ကာကန်တော့သည်။

သူ့ဇနီးရောဘေးမှ ဆရာကြီးတွေကပါ ဖွတ်ဆွဲထားရသည်။ သူက တော့ စိတ်ဆိုးမပြေသေး။

နောက် သုံးရက်ခန့်အကြာမှာ ဆိတ်ကျောင်းနေသော ရဲဘော်လှရွှေ၏ အကောင်းပကတိ ခြေတစ်ဖက်ကိုပိုးထိသည်။ ချက်ချင်းဆေးခန်းမှ မြွေဆိပ်ဖြေ ဆေးထိုးသော်လည်း အသက်မမီတော့ပေ။

တပ်မှာတော့ သူ့အကြောင်း တဖွဖွပြောနေကြတော့သည်။

တကယ်ထိခိုက်သည်လား၊ တိုက်ဆိုင်သည်လားတော့ အတတ်မပြော နိုင်ကြ။

ရဲဘော်လှရွှေကတော့ တကယ်ပဲ သေဆုံးရရှာပါ၏။

••••◆◆ ပြည့်စုံစာအုပ်တိုက် ◆◆••••

www.burmeseclassic.com

www.burmeseclassic.com



## စိုက်ပျိုးရေး၊ မွေးမြူရေး

ကျွန်တော် တပ်ရင်းမှူးတာဝန်ယူရသောကာလသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်ဖြစ်သည်။

စားလို့ရတာ အကုန်စိုက်။

စားလို့ရတာ အကုန်မွေးဟူသော ဆောင်ပုဒ်နှင့်တစ်ပြည်လုံး လှုပ်ရှားကြရသောကာလ ဖြစ်သည်။

တပ်မ တပ်ရင်းဖွဲ့စည်းပုံအရ ရှေ့တန်းတာဝန် ထမ်းဆောင်ရန် တပ်ရင်းမှူး၊ တပ်ဌာနချုပ်တပ်ခွဲမှူး(ဒုတပ်ရင်းမှူး)၊ တပ်ခွဲမှူး(ဗိုလ်မှူး)တစ်ဦးတို့ ရှေ့တန်းအမြဲထွက်ရသည်။ နောက်တန်းမှာ တပ်ခွဲမှူး(ဗိုလ်မှူး)တစ်ဦးကို နောက်တန်းမှူးအဖြစ်လည်းကောင်း၊ အရာရှိနှစ်ဦးကို တပ်ရေးနှင့်တပ်ထောက် ဟူ၍လည်းကောင်း တာဝန်ပေးရပါသည်။

ကျွန်တော် တပ်ရင်းမှူးဖြစ်စက နောက်တန်းမှာ ဗိုလ်မှူးထွန်းစိန် (ဗိုလ်သင်တန်း၁၀)၊ တပ်ရေးဗိုလ်ကြီးအောင်သောင်း (ဗိုလ်သင်တန်း ၁၅)၊ တပ်ထောက် ဗိုလ်ကြီးတင်အောင်(ဗိုလ်သင်တန်း ၂၈)တို့ ဖြစ်ကြသည်။ နောက်ပိုင်းမှာ ဗိုလ်မှူး ထွန်းစိန် ပြောင်းသွားပြီးနောက် ဗိုလ်မှူးတင်စိန်(ဗိုလ်သင်တန်း ၂၁)နှင့် ဗိုလ်မှူးခင် မောင်ဆွေ(ဗိုလ်သင်တန်း ၂၁)တို့ကို နောက်တန်း အလှည့်ကျတာဝန်ပေးရသည်။ ကျွန်တော်နှင့်အတူ နောက်ဆုံးရောက်လာသော ဗိုလ်မှူးစံလင်း (ဗိုလ်သင်တန်း ၂၅) ကို ခေါ်သွားရသည်။

တပ်ရေး တပ်ထောက်အဖြစ် ဗိုလ်ကြီးအောင်သောင်း၊ ဗိုလ်ကြီးတင်အောင်၊ ဗိုလ်ကြီးဘထွန်း၊ ဗိုလ်ကြီးအောင်ကြည်၊ ဗိုလ်ကြီးကျော်ထွန်း၊ ဗိုလ်ကြီးဝင်းစိန်၊ ဗိုလ်ကြီးနိုပ်စောနန်း၊ ဗိုလ်ကြီးခင်မောင်မြင့်တို့ကို အလှည့်နှင့်တာဝန်ပေးခဲ့ရပါသည်။

နောက်တန်းမှူးနှင့် တပ်ရေးတပ်ထောက်တို့သည် ပင်ပန်းကြပါ၏။ ရှေ့တန်းအတွက်လိုအပ်သမျှ ပံ့ပိုးကြရသည်။ လူ၊ လက်နက်ခဲယမ်း၊ စစ်ဝတ်ပစ္စည်း၊ ဆေးဝါးမှအစ သက်သာချောင်ချိရေးပစ္စည်းများ မပြတ်လပ်အောင် ဖြည့်တင်းကြရသည်။

တပ်ရင်းလုံခြုံရေး (လူ၊ စာရွက်စာတမ်း)သာမက အိမ်ထောင်သည်လိုင်း စည်းကမ်းထိန်းသိမ်းရေး၊ သက်သာချောင်ချိရေး ဦးစားပေးရသေးသည်။





ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးကလည်း သူ့တို့တာဝန်၊

ကျွန်တော်တို့ခလရ (-)နေရာသည် ရှေးယခင်ကရွာနေရာဖြစ်၏။ ရေနီမြောင်းခြားလျက် ရေထွက်အရှေ့ရွာ၊ အနောက်ရွာဟု နှစ်ရွာ ရှိခဲ့သည်။ ၁၉၄၉ ခုနှစ် မန္တလေးကို ကရင်သူပုန်တို့ ထကြွသိမ်းပိုက်ချိန်က အစွန်အဖျား ဖြစ်သောရေထွက်ရွာလည်း ပြည်တွင်းစစ်ဒဏ် ခံခဲ့ရပါသည်။

နှစ်ရွာတစ်ရွာ ပေါင်း၍ ရေထွက်အနောက်ရွာမှာ နေကြပြီး အရှေ့ရွာမှာ ယူအမ်ပီတပ်က လာရောက်အခြေချရာမှစ၍ တပ်ရင်းတစ်ရင်း အခြေစိုက်ရာဒေသဖြစ်ခဲ့ရပေတော့သည်။

## မြေပဲစိုက်ခင်း

ထို့ကြောင့် ခလရ(-)၏ အရှေ့ဘက်တစ်မျှော်တစ်ခေါ်ကွင်းပြင်လွင်ပြင်မှာသည် စိုက်ပျိုးမြေဖြစ်၏။ ကျွန်တော်တို့ တိုးချဲ့ချင်သလောက် တိုးချဲ့နိုင်သောစိုက်ပျိုးမြေမှာ ကျွန်တော်တို့တပ်က မြေပဲအဓိကစိုက်ပျိုးသည်။ မြေသြဇာကောင်းလှန်း၍ မြေပဲတွေဖြစ်ထွန်းသည်။

သရက်မြို့မှာ မွေး၍ ရန်ကုန်မှာ ကြီးပြင်းခဲ့သော မသက်ဆွေနှင့်ရန်ကုန်မှာမျည်းမွေးသောသားသမီးတူ၊ တူမအားလုံးသည် တပ်ရင်းမိသားစုများနှင့်အတူမြေပဲခင်း ဆင်းဖူးကြပြီ။

ပေါင်းလိုက်ခြင်းထက် မြေပဲတွေဖော်ချိန်ကို သူတို့ပိုစိတ်ဝင်စားကြသည်။

## ငါးမွေးမြူရေး

သဘာဝအခြေအနေပေးမှုကြောင့် ရေနီမြောင်းအနီးမှာ အရာရှိအိမ်ထောင်သည်လိုင်းရှိသည်။ ငါးမွေးမြူရေးကန်လေးကန်တူးသည်။ ငါးကြင်းတွေမွေးသည်။


ငါးမွေးကန်မှာနေပူ၍ ရေပူလျှင် ငါးတွေနေရိပ်ခိုကြသည်။ လှုပ်ရှားမှုနည်းသည်။ ငါးကန်မှာငါးတွေရေကူးမှ သန်မာသည်။ အသားတက်သည်ဟူသောပညာပေးချက်အရ ညနေစောင်းလျှင် တပ်ထောက်ဗိုလ်ကြီးငါးကန်ထဲဆင်း၍ရေကူးရတော့သည်။ ချင်းတိုင်းရင်းသားဗိုလ်ကြီးနိုပ်စောနန်းက ပုံမှန်ရေဆင်းကူးသည်။ လူဆင်းကူးတော့ ငါးတွေလန့်ပြီးပြေးကြစေဖို့ တာဝန်ကျေသော ချင်းဗိုလ်ကြီးကို ရေကူးချန့်ပီယံတင်မောင်နီဟု အမည်ပေးထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ရမခတိုင်းမှူး တပ်မ - တပ်မမှူး - ဒုတပ်မမှူးများနှင့် တပ်ရင်းမှူးများ

တပ်ရေးဗိုလ်ကြီးကျော်ထွန်းကတော့ ညနေစောင်းလျှင် စပို့ရှပ်နှင့်ဘောင်း ဘီရှည်နှင့်မြင်းစီးကာ မြေပဲခင်းကို လှည့်ပတ်ကြည့်သည်။ မြေပဲခင်းတွေကြည့်ပြီး လျှင် အနီးအနားရွာများသို့ မြင်းနှင့်လှည့်တတ်သည်မို့ ဓာတ်လိုက်ကြီးကျော်ဆွေ ဟု ခေါ်ကြသည်။ သူကလည်း သဘောကျသည်။

တပ်မ (-)လက်အောက်ခံတပ်ရင်း(-)ရင်းရှိရာ လွိုင်လင်မှာတစ်ရင်း၊ လင်းခေးမှာတစ်ရင်း၊ ကလောမှာတပ်ရင်းနှစ်ရင်း။ မိတ္ထီလာမှာတစ်ရင်း၊ တပ်ကုန်း မှာတစ်ရင်း၊ စကုမြို့မှာတစ်ရင်း၊ တောင်တွင်းကြီးမှာတစ်ရင်း၊ ပုသိမ်ကြီးမြို့နယ် ရေထွက်ရွာမှာအခြေစိုက်သောခလရ(-)က စိုက်ပျိုးမွေးမြူရေးအတွက် မြေရောရေ ရော ပေါသည်။ နောက်တန်းမှာတာဝန်ယူရသူတွေ အလုပ်လုပ်ရင် လုပ်သလောက် ထိရောက်မှုရှိသည်သာ ဖြစ်ပါ၏။

ထို့ကြောင့်လည်း လမ်းစဉ်ပါတီ၏သဘောတရားက ဆိုခဲ့သည်။

လူသာလျှင် ပဓာနဟူ၍။





## အရှေ့မြောက်သို့ ဝင်ရပြီ

၁၉၇၃ ခုနှစ် တတိယလေးလပတ်ကာလမှာ အရှေ့မြောက်တိုင်းစစ်ဌာန ချုပ်နယ်မြေသို့ ခလရ(-)တပ်ရင်းတစ်ရင်းလုံး စစ်ဆင်ရေးတာဝန်ဖြင့် ဝင်ရောက် တာဝန်ယူရပါသည်။

၁၉၆၈-၆၉ မှစ၍ စစ်ရေးလှုပ်ရှားမှုပိုများလာသော ဗကပများအား တိုက်မဌာနချုပ်နှစ်ခု၊ တပ်ရင်း ၁၆ ရင်းနှင့်တန်ပြန်ချေမှုန်းနေရသောကာလဖြစ်ပေ သည်။

ထိုကာလသည် ဗကပဗဟိုအရှေ့မြောက်ဒေသမှာ လှုပ်ရှားမှုအရှိန်မြှင့် နေသောကာလလည်း ဖြစ်ပေသည်။

## နယ်စိုးမိုးသောဗကပ

တစ်ဖက်နိုင်ငံမှာအခြေပြု၍ ဗကပဗဟိုခွဲဖွင့်ထားသည်။ အရှေ့မြောက် ဒေသဟူ၍ဖွဲ့သည်။ ၁၉၆၈ခုနှစ်၊ ၁၉၆၉ခုနှစ်မှစ၍ ဝနယ်စိုးမိုးရေးကို လုပ်လာသည်။



ပန်လုံဒေသ ကျောက်ဆောင် ကျောက်တောင်များအကြား ဗိုလ်ထင်အောင်၊ ဗိုလ်ကြီးထွန်းကြည်၊ စာရေးသူ၊ ဗိုလ်ကြီးအောင်စိုး၊ ဗိုလ်တင်မွှေး



www.burmeseclassic.com

www.burmeseclassic.com



ဗကပဗဟိုရဲ့တာဝန်ပေးချက်အရ စစ်ဆင်ရေးမှူးကျိုးခွင်းရှိ ခေါင်း ဆောင်သောအဖွဲ့ ဝနယ်ထဲရောက်လာသည်။ ခွင်းမားပြောက်ကျားတပ်၊ အိုက်ချ ပြောက်ကျားတပ်၊ စေါဝ်ဖပြောက်ကျားတပ်စသော ဝနယ်လက်နက်ကိုင်များနှ ဟိုယန်ဒေသမှ လူရှင်းကော်ရဲ့ကာကွယ်ရေးတပ်တို့ကို စုစည်းခဲ့သည်။ မှာ့ခ်ဝါဒရေး လီနင်ဝါဒရေး၊ ဗကပဆိုတာရောဘာဝါဒမှမသိဘဲ လက်နက်ကိုင်နေရလျှင် စိတ်ဝင် စားသော ဝလူငယ်များကိုစုဖွဲ့ခဲ့ခြင်းဖြစ်ပေသည်။

မူလက ဒေသအလိုက်ရှိသော လက်နက်ကိုင်ပြောက်ကျားတပ်ဖွဲ့ငယ်များ ကို စည်းရုံးသိမ်းသွင်းကာ ဝဒေသမှာ ဗကပသြဇာထူထောင်လာသည်။ ဗကပ တပ်ရင်း ၅၀၁၊ ၅၀၂၊ ၅၀၃ ဟူ၍ ဖွဲ့စည်းလာသည်။

လူသူ အရောက်အပေါက်နည်းသော ဝနယ်တွင် မူလကတည်းက ယဇ်ပူ ဇော်ရန် တစ်ရွာနှင့်တစ်ရွာ တိုက်ကြခိုက်ကြသောဓလေ့ရှိသည်။ လက်နက် ကိုင် မျိုးရိုးမတူ အုပ်စုပေါင်းများစွာပြန့်ကျဲနေသည်။ ဗကပတို့ စိတ်ကြိုက် စည်းရုံး စုဖွဲ့ခွင့်ရကြပြီ။ ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၁၊ ၁၉၇၂ ခုနှစ် တို့တွင်ကိုးကန့်ဒေသနှင့်တကွ ဝနယ်မြောက်ပိုင်း၊ တောင်ပိုင်းတစ်ကြောလုံးဗကပတို့စိုးမိုးသည်။ ဝနယ်မြောက် ပိုင်းမှာဟိုပန်မြို့နှင့်ပန်လုံမြို့တို့မှအပ ဗကပတို့လှုပ်ရှားမှုနယ်မြေဖြစ်လာသည်။ ဝနယ်တောင်ပိုင်းတွင် မန်ဆိုင်း၊ ဗင်းငင်၊ ပန်ယန်း၊ ပန်ဆန်း၊ မော်ဖ အားလုံး ဗကပတို့ လွှမ်းမိုးထားသည်။

## မန်ညက်တိုက်ပွဲ

ထိုအခြေအနေတွင် နှစ်နိုင်ငံနယ်စပ်မျဉ်းကြောင်းအနီး မန်ညက်စခန်း ကို ဝင်ရောက်တိုက်ရန် ပန်လုံအခြေပြုကျွန်တော့်ကို တာဝန်ပေးသည်။ ပန်လုံဒေသ သို့ ဗကပတို့တိုက်ခိုက်ချိန် ၁၉၇၁ ခုနှစ်က ပန်လုံအရှေ့ရှိ လူဖန်တောင်ကြော ပေါ်သို့ မိမိလေကြောင်းတိုက်ခိုက်မှုပြုရန် ပြင်ဆင်စဉ်က ကျွန်တော်သည် မဟာ ဗျူဟာကွပ်ကဲ မှုဌာနချုပ်မှာ ဂျီတူးဖြစ်ခဲ့သည်။ လူဖန်တောင်ကြော အရှေ့ တောင်ဘက်ရှိ မန်လောဟူသောဒေသကို မိမိပိုင်နယ်မြေ ဟုတ် မဟုတ် ကာကြည့် သို့ ကျွန်တော်ကိုယ်တိုင် မေးမြန်းခဲ့ဖူးသည်။ မန်လောဒေသလေးသည် မြေပုံပေါ် မူလနယ်နိမိတ်ကြီး အတွင်းဘက်သို့ ချွန်ထွက်နေသော အစက်အစက် အသေးလေး ဖြင့်ဖော်ပြထားသည့် တြိဂံပုံစံနယ်မြေဖြစ်၍ မိမိတို့ပိုင်မဟုတ်ကြောင်း နောက်ပိုင်းမှ သိခဲ့ရသည်။





## နယ်စပ်မျဉ်း ဆိုသည်မှာ

ယခု ကျွန်တော် တိုက်ရမည့်စခန်းသည် နယ်နိမိတ်မျဉ်း သည်ဘက် မိမိနယ်မြေထဲတွင် အခြေပြုထားသောစခန်း ဖြစ်သည်။ ဗကပအင်အား ၆၀ ခန့် ရှိသည်။ အထူးသဖြင့် နယ်စပ်ဒေသရှိ နယ်နိမိတ်မျဉ်းနှင့်ကပ်လျက်ရှိသော ဗကပ စခန်းများနှင့်နီးကပ်စွာ တစ်ဘက်နိုင်ငံ နယ်မြေထဲတွင်လည်း ထိုနိုင်ငံမှတပ်များ ရှိသည်။ အရေးအကြောင်းရှိလျှင် ဗကပတို့ ထိုမိတ်ဆွေများ စခန်းထဲဝင်ပြေးရန် အသင့်စီစဉ်ထားကြသည်ဟု သိထားရသည်။

ထိုသို့သော စခန်းကို တိုက်ဖို့ တာဝန်ကျလာတော့လည်း စနစ်တကျပြင် ဆင်ရသည်။ သူတို့ထောင်ချောက်ထဲ မကျရောက်ဖို့ အရေးကြီးလှသည်။ နှစ်နိုင်ငံ ပြဿနာမဖြစ်စေဖို့ အရေးကြီးသည်။ နယ်စပ်ဒေသရှိ နယ်နိမိတ်ဆိုသည်မှာလည်း မှတ်နံရံကာထားသည်မဟုတ်၊ ခြံစည်းရိုးခတ်ထားသည်မဟုတ်၊ နှစ်နိုင်ငံမြေတိုင်း ပညာရှင်များ စနစ်တကျတိုင်းတာမှတ်သားထားသော အမှတ်အသားများ၊ ရည် ညွှန်းမှတ်များ၊ မှတ်တိုင်များနှင့် ဆက်စပ်စစ်ဆေးမှ သူ့ဘက်ကိုယ့်ဘက် သိနိုင်ကြ သည်။

တိုက်ဆိုလည်း တိုက်ရမည်ပေါ့။

ကိုယ်ပစ်သောကျည်ဆန်ထိပ်ဖူးများ အခြားသူပိုင်နက်ထဲ မရောက်ဖို့၊ မှတို့နယ်မြေထဲရှိ အဆောက်အအုံတွေ မထိမခိုက်ဖို့ အမိက သတိပြုရသည်။

သတ်မှတ်သောရက်မှာ ညနေ ၃နာရီခန့် ပန်လုံမြို့မှ တပ်ခွဲသုံးခွဲလုံးထွက် ၍ တောင်ဘက်ရှူးရှူး မိုင်းမောဘက်သွားသော လမ်းအတိုင်းချီတက်ရသည်။ ဘယ် တောင်ကြော၊ ဘယ်တောင်ထိပ်က ဘယ်လိုကြည့်ကင်းတွေ ထားမှန်းမသိနိုင်သော နယ်ဒေသမှာ စစ်ကြောင်းလှုပ်ရှားမှု ပြုလေတိုင်း လှည့်စားမှု အရေးကြီးလှသည်။

စစ်ကြောင်းတစ်ခုလုံးမြင်သာထင်သာ ချီတက်ရင်း မိုင်းမောသို့ ဦးတည် ရသည်။ တောင်ဘက်ရှိ မိုင်းမောနှင့် အရှေ့တောင်ဘက်ရှိ မန်ညက်လမ်းခွဲရောက်မှ ခွဲထွက်သွားကြသည်။

တပ်ခွဲတစ်ခွဲကို မိုင်းမောဘက် ဆက်လက်သွားစေရသည်။ နှစ်မိုင်ကျော် သွားမိတော့မှောင်ပြီ။ နောက်ကြောင်းပြန်လှည့်လာရသည်။ မီးမထိုးရ၊ ဆေးလိပ် မသောက်ရ၊ လှည့်ဖြားချီတက်မှု လုံခြုံရေး အရေးကြီးသည်။

မိုင်းမော-မန်ညက်လမ်းခွဲမှာ ပြန်လည်စုဖွဲ့ပြီး မန်ညက်ဘက်သို့ တစ်ခြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းချီတက်ရင်း လမ်းမှာ တပ်ခွဲတစ်ခွဲကို ခြေကုတ်ယူခိုင်းထားရသည်။ တပ်ခွဲ နှစ်ခွဲနှင့် ဆက်လက် ချီတက်ကြရသည်။

အဓိက ရည်မှန်းချက်ကို တစ်စု နှစ်စုထဲနှင့် ဝင်တိုက်ရန် အဆင့်မ… စနစ်တကျ ခြေကုတ်မြဲဖို့ ပြင်ရဆင်ရသည်။ ကိုယ့်နယ်မြေထဲရှိ ရန်သူကို စတိုက်သည်နှင့် သူတို့၏ဆရာကြီးများက ချက်ချင်းပူးပေါင်း၍ ဝိုင်းဝန်းတိုက်မို… လျှင် နယ်စပ်မှာ ထောင်ချောက်အမိ မခံနိုင်၊ မိမိနယ်မြေအတွင်း အဆင့်ဆင့်ထား ခဲ့သော ခြေကုတ်သို့ပြန်ပေါင်းပြီး သူသေကိုယ်သေ တပ်ခွဲသုံးခွဲအင်အားနှင့် တိုက်ကြရမည်။

## ခြေကုတ်မြဲမှ

စစ်သားတိုင်း စစ်တိုက်တတ်ကြပါသည်။

သို့သော် စနစ်တကျ ပြင်ဆင်မှုရှိဘို့ အရေးကြီးသည်။

ကျွန်တော်သည် တပ်စုနှစ်စုနှင့် ၇၅မမ တစ်လက်နှင့် ခြေကုတ် ယူထားပြီး တပ်စုလေးစု ဆက်လွှတ်လိုက်သည်။

တပ်ခွဲမှူးဗိုလ်မှူး ဗိုလ်မှူးခင်မောင်ဆွေသည် တပ်စုနှစ်စုနှင့်စက်လက် များ၊ လောင်ချာနှင့်ကိုက် ၈၀၀ခန့်မှာ ခြေကုတ်ယူထားပြီး ချေမှုန်းရေးအဖွဲ့ကို ဆက်လွှတ် လိုက်သည်။

ဗိုလ်ကြီးထွန်းကြည် ဦးစီးတပ်နှစ်စုက ဗကပစခန်းကို ဝင်ရောက်စီးနင်း တိုက်ခိုက်ရသည်။ ရန်သူကို အမြန်ဝင်ရောက်တိုက်ခိုက်ရင်း ရသမျှလက်နက် ကောက်ကာ စခန်းကိုမီးရှို့ဖျက်ဆီးရသည်။ နာရီဝက်အတွင်း ဗိုလ်မှူးခင်မောင်ဆွေ ၏ ခြေကုတ်တောင်ကုန်းသို့ ပြန်ထွက်လာစေရသည်။ လျှပ်တစ်ပြက် ကွန်မန်ဒိုနည်း ဖြင့် ဝင်တိုက်ခြင်းဖြစ်သည်။

အသေးစိတ်စီမံပြင်ဆင်သည့်အတိုင်း အစစအရာရာ အောင်မြင်သည်။ တပ်စုလေးစုအင်အားနှင့် မိမိနယ်မြေအတွင်း ခြေကုတ်ယူထားသောတောင်ကုန်းကို ဗကပရော သူ့မိတ်ဆွေတွေပါ လိုက်လာပြီးတိုက်လျှင်လည်း တိုက်စေတော့၊ ကျွန် တော်တို့ စိတ်ကြိုက်ဖြစ်ပြီ၊ ကိုယ့်နယ်မြေမှာ ကိုယ်လွှတ်လွှတ်လပ်လပ် တိုက်ခွင့် ရမည်။

အလစ်ဝင်တိုက်ခြင်းဖြစ်၍ ဗကပတို့ပြင်ဆင်မှုမရှိဘဲ ခံလိုက်ကြရပြီ။







မန်ညက်ဗကပ စခန်းတိုက်ခိုက်အပြီး ပြန်လည်ဆွေးနွေးစဉ်
ဗိုလ်ထင်အောင်၊ ဗိုလ်လှဝင်း၊ ဗိုလ်သိန်းဆွေ၊ စာရေးသူ ဗိုလ်မှူးခင်မောင်ဆွေ၊
တပ်ကြပ်ကြီးတိုက်နိုင်

…က်နက်ငယ်သုံးလက် ရရှိခဲ့သည်။ စခန်းမီးလောင်၍ ခဲယမ်းတွေ ပေါက်ကွဲသည်။ …လို အလစ်ဝင်တိုက်သောတပ်စုကိုပင် ဗကပတို့က Red Indian ရုပ်ရှင်ထဲ …ကို သံသေးသံကြောင်တွေ အော်ဟစ်ရင်း ချောင်းရိုးမြောင်းရိုးမှ ဝိုင်းပတ်ရန် …စားကြသေးသည်။ နောက်မှနေရာယူထားသော စစ်ကြောင်းမှူး ဦးစီးခြေကုတ် …က်မှ ဗကပတို့လက်လျှော့ ပြန်ပြေးကြတော့သည်။

## …က် မရောက်

…ယခုတိုက်ရသောတိုက်ပွဲသည် အင်အား ၆၀ မျှသာရှိ၍ တိုက်ပွဲကြီးဟု …သော်လည်း နယ်နိမိတ်မျဉ်းနှင့်ကပ်နေ၍ အန္တရာယ်ကြီးသည်။ စနစ်တကျ …ဆင်မှုကို အလေးအနက်ထားရပေသည်။ ကျွန်တော့်တပ်သို့ ပြောင်းရွှေ့ရောက် …အရာရှိ ဗိုလ်မောင်မောင်ဆိုသူ ရှိသည်။ သူသည် ထောက်လှမ်းရေးအရာရှိ …ကြီးထွန်းကြည်နှင့် ဗိုလ်သင်တန်းအပတ်စဉ် (၃၃)တစ်ခုတည်းက ဖြစ်သည်။

…ငယ်စဉ်ကတည်းက ဒါဂျီလင်တွင် သွားရောက် ပညာသင်ခဲ့သည်… …ယ်ဒမီမင်းသားကိုညွှန့်ဝင်းနှင့် ဒါဂျီလင်မှာ အတူဆုံခဲ့ကြသူဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကာယ သေးသေးနှင့်ပြုံးပြုံးလေးနေတတ်သူဖြစ်သည်။ မျက်လုံးလေးများ
အမြဲပြုံးရယ်လို့ နေသည်။ အကယ်ဒမီမင်းသားကြီး ကိုဇော်လင်းလို မျက်လုံးပိုင်
ဖြစ်သည်။ လူတိုင်း ပြုံးကြရယ်ကြသည်။ မျက်လုံးလေးများကြည့်၍ ပြုံးရယ်
သော မျက်လုံးပိုင်ရှင်ရှားသည်။ ဆရာခင်မောင်အေး(မန္တလေး)လည်း ထိုမျက်လုံး
မျိုးပိုင်ဆိုင်သူ ဖြစ်သည်။

ဗိုလ်ကြီးမောင်မောင်က ရောက်စ သူ တာဝန်ယူမည့်တပ်ခွဲ(၁)မှ အကြ
တွေ၊ ရဲဘော်တွေ အထာ မသိသေး။ သည်တော့ လူမိုက်ဖိုက်တာဟု နာမည်ရသော
ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးထွန်းကြည်ကို တပ်ခွဲမှူးအဖြစ် တပ်စုနှစ်စုနှ
ဝင်တိုက်ရန် တာဝန်ပေးလိုက်ရပါတော့သည်။ ဗိုလ်သိမ်းဆွေကို ထောက်လှမ်းရေး
အရာရှိ ခန့်လိုက်သည်။

(ကျွန်တော်ကိုယ်တိုင်လည်း ခမရ(-)မှာ ထောက်လှမ်းရေးအရာရှိ
ဘဝဖြင့် ကွန်မန်ဒိုတပ်စုကိုစုဖွဲ့ကာ သခင်သန်းထွန်း ချေမှုန်းရေး အထူးတာဝန်
ယူခဲ့ရဖူးသူမို့ ယခုလည်း ထောက်လှမ်းရေးအရာရှိဟု မညာနိုင်၊ Hit and Run
တပ်စုနှစ်စုကို အားထားတာဝန်ပေးရတော့သည်)


ဗကပ စခန်းတိုက်ပြီး ပြန်ထွက်လာကြကာ ကျွန်တော် ခြေကုတ်ယူရာ
တောင်ကုန်းမှာစု၍ စကားပြောကြဆဲမှာ ဗိုလ်ကြီးထွန်းကြည်က ရယ်ကြဲကြဲလေး
နှင့်သူ့ဦးထုပ်ကိုပြပါတော့သည်။ ကျွန်တော်တို့ငယ်စဉ်ဘဝက အင်္ဂလိပ်သံခမောက်
ကြီးတွေ ဆောင်းကြရသည်။ နောက်ပိုင်းမှာ ဖိုင်ဘာခမောက်တွေ ဆောင်းသော
ခေတ် ဖြစ်နေပြီ။

ဗိုလ်ထွန်းကြည်ဆောင်းထားသော လျှာထိုးဦးထုပ်လေးရှေ့က လျှာပေါ်
မှာ ဗကပ ပစ်သော အမ်၂၂ ကျည်ဆန် ဖောက်မှန်ထားသည်။

ခေါင်းငုံ့လျက်ပုံစံဖြင့်မှန်လျှင် သို့မဟုတ် အပေါ်စီးမှပစ်သော ကျည်ဆန်
ထိလျှင် မျက်နှာသို့မဟုတ်ရင်ဘတ်ထဲ ကျည်ဆန်ဝင်မည့် အနေအထားဖြစ်သည်။
သေးကို ခေါင်းလှည့်၍ငဲ့ကာစောင်းကာ အမိန့်ပေးချိန် ထိမှန်ခြင်းဖြစ်မည်ဟု သူ
ကျည်ဆန်ဝင်သော လမ်းကြောင်း direction ကို ကြည့်ရင်း သုံးသပ်ကြရသည်။
ကံကောင်းလှသော ဗိုလ်ထွန်းကြည်ပါတည်း။








ပန်လုံတောင်ဘက် နယ်စပ်ဒေသအနီး မန်ညက်စခန်းတိုက်ပွဲ

## ခေါင်းဖြတ်ခံရ

မန်ညက်စခန်းကို ရုတ်တရက်ဝင်တိုက်ဖျက်ဆီးခဲ့ပြီး နောက်မှသိရသည်
မှာတိုက်ပွဲဖြစ်သည်နှင့်ဗကပများ ဆုတ်ပြေးကြပြီး တစ်ဖက်နိုင်ငံနယ်မြေ တွင်းရှိ
မှတို့ မိတ်ဆွေများကို စစ်ကူသွားတောင်းသည်။ စစ်ကူလိုက်လာချိန်မှာ ကျွန်တော့်
ပေသည့်တွေကကိုယ့်အတွင်းပိုင်းပြန်ရောက်နေကြပြီ။ သူတို့ဝင်မတိုက်ရဲကြတော့ပေ။

ထို့ထက် ထိရောက်သည်ကစခန်းမှ ဆုတ်ခွာထွက်ပြေးသော ဗကပ
တပ်ခွဲမှူးအား ခေါင်းဖြတ်သတ်လိုက်သည်ဟူသောသတင်းကို အတည်ပြုရရှိပါ
တော့သည်။

မှတ်ချက် ။ ။ မန်ညက်စခန်းကို ကျွန်တော်တို့ တိုက်ခိုက်စဉ်က ရန်သူ လုံးဝ
မမျှော်လင့်သော အချိန်ဖြစ်၍ အလစ်အငိုက်ရခဲ့သော်လည်း နောက် နှစ်နှစ်အကြာ
မှာ အခြားတပ်ရင်းတစ်ရင်းအား ထိုစခန်းကိုပင်သွားရောက်တိုက်ခိုက်ခိုင်းပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယိုအခါ ခေါင်းဖြတ်အသတ်ခံရမှာကြောက်သော ဗကပတပ်ခွဲမှူးက ခံစစ်ကို အသေအချာပြင်ဆင်ထားပြီး မဆုတ်တမ်းခုခံတိုက်ခိုက်တော့သည်။ မိ ဘက်မှ ထိခိုက်ကျဆုံးမှုများရှိ၍ အရာရှိနှစ်ဦးအပါ စစ်သည်အချို့ ပျောက်ဆုံးက ပြန်ဆုတ်လာခဲ့ရသည်။ ၇ ရက်ခန့်ကြာမှ ပျောက်ဆုံးသူအရာရှိနှင့် စစ်သည်တို့ ပြန်လွတ်လာကြသည်။

သင်ခန်းစာရယူဖွယ်ပါတည်း။

## ရှမ်းပြည်နယ်အနှံ့ ခြေကိုဆန့်

၁၉၇၀-၇၁ ခုနှစ်တွင် ဗကပ အရှေ့မြောက်စစ်ဒေသဟူ၍ တိုးချဲ့ဖွဲ့စည်း ပြီးနောက် ကွတ်ခိုင်-လားရှိုးနယ်မြေကို အဓိကဦးတည်လှုပ်ရှားခဲ့ကြသည်။ သံလွင် မြစ်အနောက်ခြမ်း ၃၀၃ နယ်မြေသို့ ထပ်မံဖြည့်တင်းပြီး ၃၀၃၁၊ ၃၀၃၃၊ ၃၀၃၅၊ ၁၀၇ တပ်ရင်းများနှင့် ၄၀၄၅၊ ၄၀၄၇၊ ၄၀၄ တပ်ရင်းတို့ကိုပါ ကွပ်ကဲလှုပ်ရှားလာ တော့သည်။

လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်ကားလမ်း အရှေ့ဘက်၊ အနောက်ဘက်သိန္နီ၊ ကွမ်းလုံကားလမ်းမြောက်ဘက်နယ်မြေများတွင်အဓိကလှုပ်ရှားကြသည်။ အနောက် ဘက် မိုးမိတ်မဘိန်းနယ်မြေအထိ ဗကပ ၂၀၂ နှင့် ပေါင်းစပ်လှုပ်ရှားကြသည်။

ကျွန်တော်တို့ တပ်မတပ်ရင်းများသည်လည်း ဗကပ လှုပ်ရှားမှုပေါ် မူတည်၍ မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ ကွမ်းလုံလမ်း အရှေ့ဘက်နှင့် မြောက်ဘက် သို့လည်းကောင်း၊ မူဆယ်ကားလမ်း အနောက်ဘက်သို့လည်းကောင်း လှည့်လည် လှုပ်ရှားရင်း စစ်ဆင်ရေးများပြုလုပ်နေကြရပါတော့သည်။

## နောက်တန်းတာဝန် သီးခြား

ရှေ့တန်းတာဝန်ကျသော ခြောက်လတာ ကာလသည် ရန်သူအမျိုးအစား နှင့် နယ်မြေပေါ်မူတည်၍ အချိန်ကိုကုန်လွန်စေရတတ်ပါသည်။ မုန်းစီး၊ နားလည် ဂျုံးဂျုံးဂျက်လို အဓိကနေရာများ ထိန်းသိမ်းရသည့်အခါမှာ တစ်ပတ် တစ်ပတ် အချိန်ကုန်ခဲလှပေသည်။

လူသူလည်း မတွေ့ရ၊ ရွာလည်းမရှိ၊ ရန်သူကိုလိုက်လံရှာဖွေ တိုက်ခိုက် ရခြင်းမဟုတ်ဘဲရန်သူအလာကို စောင့်တိုက်ရမည့်တာဝန်ဖြစ်၍အချိန်ကုန်ခဲလှသည်။





လှုပ်ရှားဗကပနှင့် ကေအိုင်အေတို့ကို လိုက်လံတိုက်ခိုက်ရသော လှုပ်ရှား တာဝန်ယူရလျှင်တော့ ပင်ပန်းလှသည်။ တိုက်ပွဲဖြစ်လျှင်ဖြစ်၊ တိုက်ပွဲမဖြစ်လျှင် လိုက်ရှာရသည်။ သတင်းရလျှင်တောက်လျှောက်လိုက်ရသည်။ ခဏလေးမှ နား၍ မရ။ နေ့ချိတက် ညနား ပုံမှန်လိုက်လို့ ဘယ်တော့မှမရ၊ နေ့ညဆက်တိုက် လိုက်လံ ရှာဖွေ တိုက်ခိုက်ရချိန်မှာ တောင်တက်တောင်ဆင်း ပင်ပန်းလှသလို ညအိပ်ရေးပျက် သည့်ဒဏ်ကလည်း စစ်သည်အားလုံးကို ပင်ပန်းစေပါသည်။

## ပြေးဝိဇ္ဇာ မှောင်ခို

ဘိန်းသယ်သော မှောင်ခိုအဖွဲ့သတင်းပေါ်လျှင်ဖြင့် လားရှိုး-သီပေါလမ်း ဘက်မှနမ်းလန်၊ ဆောင်ကျဲ၊ မိုင်းရယ်အထိ တောက်လျှောက်ခရီးလိုက်ရသည် တိုက်ရသည်ထက် ပို၍ပင်ပန်းပါသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်စပ် လိုက်ရသည်။ ဘိန်းမှောင်ခိုတန်းကလည်း လား၊ မြင်းများနှင့်တင်ထားသော တွေ လွတ်အောင်ပြေးကြသည်။ အင်အား ၃၀၊ ၄၀နောက်ချန်ထား၍ မတော်စစ်ကြောင်းကို ဟန့်စစ်ဆင်သောနည်းသာသုံးသည်။ တကယ်တမ်း တိုက်ရခြင်းမရှိ၍ပင်ပန်းသည်။ ထက်ကြပ်လိုက်သောတပ်က မျက်ခြည် ထက်ကြပ်လိုက်ရင်း တိုင်းစစ်ဌာနချုပ်အစီအစဉ်နှင့် ဖြတ်တောက်တိုက်ခိုက် အဖြစ်တပ်တွေရွှေ့ပြောင်းပိတ်ဆို့မှ ထိရောက်မှုရှိပါသည်။ နောက်ကလိုက်လို့ အဓိကဘိန်းတန်းကိုမမီနိုင်။

## အေးအေး ရေခဲမုန့်

တစ်ချိန်က မှောင်ခိုဘိန်းတန်းကို လိုက်ရင်း ရမခနယ်မြေကျော်၍ ရပစ ရှိ ကျေးသီးမန်စန်မြို့သို့ ရောက်ခဲ့သည်။ ကျွန်တော်က စစ်ကြောင်းဌာနချုပ် ကုန်းကြီးကျောင်းတွင်အခြေပြုကာ ဗိုလ်ကြီးခင်မောင်ဦးတပ်ခွဲနှင့် ဗိုလ်ကြီး တပ်ခွဲကို ကျေးသီးမြို့တစ်ခြမ်းစီ လုံခြုံရေးတာဝန်ပေးလိုက်သည်။ သုံးရက် နှစ်ည တောက်လျှောက်လိုက်လာရသည်။ ကျေးသီးတောင်ဘက်တွင် အရှေ့ပိုင်း တပ်များက စောင့်ကြိုတိုက်ခိုက်ကြမည်ဖြစ်၍ တပ်ချင်းမမှားအောင် ကျွန်တော် ကျေးသီးမြို့မှာ ခေတ္တနားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ထက်ကြပ်လိုက်ရင်း လမ်းမှာ ဘိန်းတန်း၏အချိန့်ခွဲ လေးသုံးလေးကြိမ်လောက်ဖြစ်ပြီး ကျေးသီးမြို့မှာ ဝင်နားရခြင်းဖြစ်သည်။

ကျေးသီးမြို့ကို တစ်ခြမ်းစီရှင်းပြီး မြို့လယ်မှာ တပ်ခွဲမှူးနှစ်ဦး သည်။ အသက်ကြီးသော ဗိုလ်ကြီးအောင်စိုးက 'ဟော့ ဗိုလ်ခင်မောင်ဦး မြို့ ဖျားမှာ ရေခဲမုန့်ဆိုင် ရှိတယ်၊ ဖာလူဒါတော့ မရဘူးဗျ၊ ငါတော့ ရေခဲမုန့် နှစ်ခွက်စားခဲ့တယ်၊ တစ်လမ်းလုံး မောလာသမျှ အမောကို ပြေသွားတာပဲ' ပြောတော့ ဗိုလ်ကြီးခင်မောင်ဦးကလည်း သူ့အကူရဲဘော်နှင့်အတူ ကျေးသီး အရှေ့ဘက်ဖျားကို သုတ်ခြေတင်လေတော့သည်။

မြို့လယ်ရှိ ဈေးမှာ ရှာသည်၊ ရေခဲမုန့်ဆိုင် မတွေ့၊ မြို့စွန် မြို့ဖျား ဆက်လျှောက်သည်။ ဆိုင်မတွေ့ရ။ မြို့စွန်ရောက်မှ တို့ဟူးကြော်ရောင်းသော မှာ ဝင်မေးရပြန်သည်။ ရေခဲမုန့်ဆိုင်ဆိုတာ သူတို့ ကျေးသီးမန်စန်မှာ မရှိ မကြားဖူးပါကြောင်း ပြောကြသည်။ မကျေနပ်သေးသောကြောင့် လမ်းမှာ သော လူငယ်လေး သုံးယောက်ကို မေးသည်။ သူတို့ကလည်း ရယ်နေကြ ဒီလောက် အေးတဲ့မြို့လေးမှာရေခဲမုန့်ဆိုင် ဘယ်မှာရှိမှာလဲ ဗိုလ်ကြီးရယ်ဟု သဘောပေါက်တော့သည်။

တစ်လမ်းလုံး ပင်ပန်းလာပြီး မြို့ရောက်တော့မှ အနားမယူနိုင်သော ရေခဲမုန့်ဆိုင် လိုက်ရှာရသောဒုက္ခကိုတွေးရင်း စိတ်တိုလာသည်။ အခုမှ ခြေဖဝါးတွေကကျိန်းလာသည်။ ခြေထောက်တွေကိုလည်းမသယ်ချင်လောက် လေးလာပြီ။

ဒီလူကြီး တစ်သက်လုံး မိန်းမ မရပါစေနဲ့ဟု စိတ်ထဲမှကျိန်ဆဲ မိတော့သည်။

စစ်ကြောင်းရုံးရှိရာ ဘုန်းကြီးကျောင်းမှာဆုံကြတော့မှ ဘေးမှ များကလည်း ဝိုင်းစကြပြီ၊ ဒီလိုနေရာမှာ ရေခဲမုန့်ဆိုင်ရှိတယ်ဆိုတာ ယုံပြီး ကိုက ခင်ဗျား အ-တာပေါ့ဗျဟု ဝိုင်းပြောခြင်းကိုသာခံရရှာသည်။

## လူပျိုကြီး

ကျွန်တော်ငယ်စဉ်က တပ်မဟာနချုပ်တွေ မဖွဲ့စည်းရသေးဘဲ ခြေမြန် ရင်းတွေ စဖွဲ့စဖြစ်သည်။ တပ်ရင်းတစ်ရင်းလုံး စစ်ဆင်ရေးသွား၊ တပ်ရင်းတစ် လုံး နားကြရသောတာဝန်မို့ အရာရှိတွေ စုစုစည်းစည်းညီညီညွတ်ညွတ် ရှိကြသည်





ကျွန်တော် တပ်ရင်းမှူးဖြစ်တော့လည်း တပ်မတပ်ရင်းမှာမို့ တပ်ရင်း လိုက် စစ်ဆင်ရေးထွက်ရသော တာဝန်ပင်ဖြစ်နေပြန်သည်။

တပ်ပြန်နားချိန်မှာ လူပျိုအရာရှိတွေ စုစုဝေးဝေး စားကြ၊ သွားကြ၊ ညည်းကြ ပတ်ကြနှင့် တကယ်ပဲ စည်းလုံးမှုရှိလှပေသည်။

ပြည်ခရိုင်ပန်းတောင်းသား ဗိုလ်သိမ်းဆွေဆိုသူမှာ အလွန် ဟာသဉာဏ် ရှိသူဖြစ်သည်။ လူပျိုအရာရှိထဲမှာ ဗိုလ်ကြီးထွန်းကြည်နှင့် ဗိုလ်ကြီးအောင်စိုးတို့က အသက်အကြီးဆုံး လူပျိုခေါင်းဆောင်များ ဖြစ်သည်။ လူကြီးတွေလဲမကျွန်ရအောင် ပြောင်တတ်နောက်တတ်သော ဗိုလ်သိမ်းဆွေက စကားလည်းတတ်သူ ဖြစ်သည်။

အစ်ကိုကြီးထွန်းကြည်နဲ့ အစ်ကိုကြီးအောင်စိုးတို့ သေချာစဉ်းစားကြ အချိန်ကြပြီ၊ မိန်းမယူကြတော့ဗျ။

လောကမှာ လူပျိုလေးတွေဆိုတာ နုနုထွတ်ထွတ်လေးတွေမို့ တကယ် မျက်နှာပွင့်လန်းတယ်၊ သမီးပျို ရှိသူတွေက လူပျို အရာရှိလေးတွေဆို မျက်နှာသာ ပေးကြတယ်၊ နည်းနည်းကြီးလာရင် ဗိုလ်လူပျိုတွေဆိုတော့ မဆိုးသေးဘူး၊ ဒါပေ လူပျိုလေးတွေရဲ့ နောက်မှာတစ်လှမ်းကျန်နေပြီ။

'အစ်ကိုကြီးတို့လို အသက်ကြီးလာတဲ့ လူပျိုတွေကျ ခေါ်တာကိုက လူပျိုကြီးတွေလို့ ယဉ်ယဉ်ကျေးကျေးခေါ်ကြတယ်။ တကယ်တော့ လူပျိုကြီးတွေ ဆိုတာ 'လူပေါကြီး'တွေ ဖြစ်သွားပြီလို့ ဆိုတာဗျ'ဟု ဝိသာလေးနှင့် ဘေးပစ် တတ်သူ ဖြစ်ပေသည်။

ထို့ကြောင့်လည်း တပ်ရင်း တစ်ရင်းလုံးမှာ ဗိုလ်သိမ်းဆွေ စကားပြောမှာ ကို ကြောက်နေကြရသည်။ နောက်ဆုံးတော့ ဗိုလ်သိမ်းဆွေ အမည်ပျောက်ကာ 'မောင်ရွှင်'ဟူသော အမည်သာ တွင်ပါလေတော့သတည်း။

ကကဆဖ

အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ယခင် စော်ဘွားများ လက်ကတည်းက လက်နက်ကိုင် အဖွဲ့အစည်းများရှိခဲ့သည်။ သူ့ဒေသအလိုက် ဦးဆောင်မှုနှင့်သူ့ ဖွဲ့စည်းအုပ်ချုပ်ကြသည်။ စီးပွားရေး လုပ်ကြသည်။ စီးပွားရေး ဖြစ်အဓိကမှာ ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းကုန်ကူးခြင်း အလုပ်သာဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗကပတို့ လှုပ်ရှားလာပြီးနောက် ဝနယ်မှ အချို့သောလက်နက်ကိုင်အချို့များကို သိမ်းသွင်းစည်းရုံးကာ ဗကပတပ်ရင်းများ ဖွဲ့စည်းခဲ့သည်။ အချို့သောလက်နက်ကိုင်ကာကွယ်ရေးအဖွဲ့များသည် တပ်မတော်နှင့်ပူးပေါင်းလျက် ဗကပကို ပြန်တိုက်ကြသည်။ ၄င်းတို့တပ်ဖွဲ့ဝင်များအတွက်စားရေးရိက္ခာ၊ စစ်ဝတ်တန်ဆာ လက်နက်ခဲယမ်း စသည်တို့ရရှိရေးအတွက် နယ်မြေမှဘိန်းများစုစည်း၍ သယ်ဆောင်သွားပြီး တစ်ဖက်နိုင်ငံတွင် ရောင်းချရင်း ဖလှယ်ရယူခဲ့ကြသည်။

## အစိုးရနှင့် လက်တွဲကြစဉ်က

၁၉၆၉၊ ၇၀ ပြည့်နှစ်ဆီက ဗကပကိုတန်ပြန်တိုက်ခဲ့သော ကာကွယ်ရေးအဖွဲ့များကို သောင်းကျန်းမှု ဆန့်ကျင်ရေးအဖွဲ့ ဟူသောအမည်နှင့် အစိုးရကလည်း အသိအမှတ်ပြုထားခဲ့သည်။ ဗကပနှင့်လည်းကောင်း၊ ကေအိုင်အေနှင့်လည်းကောင်း တိုက်ပွဲဖြစ်ပွားလျှင် တပ်မတော်မှာသုံးစွဲသော ကျည်ဆန်အမျိုးအစားဖြစ်ပါက တရားဝင် ပြန်လည်ထုတ်ပေးခဲ့ပါသည်။ ကျွန်တော်တို့တပ်မတော်မှာ သုံးစွဲခြင်းမပြုသောလက်နက်ကျည်ဆန်မျိုးကိုမူ ဖြည့်တင်းထုတ်ပေးနိုင်ခြင်းမရှိခဲ့ပါချေ။

ဤသို့ အစိုးရနှင့် လက်တွဲဆောင်ရွက်နေကြရာမှ ၄င်းတို့ စိတ်တိုင်းကျ ဘိန်းထုတ်လုပ်ရောင်းချခြင်းကို ခွင့်မပြုတော့သောအချိန်တွင် အစိုးရနှင့် ဆန့်ကျင်လျက်တောတွင်းသို့ ဝင်သွားကြပေတော့သည်။

တောတွင်းသို့ ဝင်သွားသည်ဆိုရာမှာလည်း ဥပဒေပြင်ပသို့ ထွက်သွားခြင်းသာ ဖြစ်သည်။ ဗကပနှင့် အစိုးရတပ်အကြား ရှောင်တိမ်းရင်း မှောင်ခိုစီးပွားရေးလုပ်နေသည်။ ၄င်းတို့အထဲတွင် သကဆဖ(၃)ခေါ် လော်စစ်ဟန်၏ ကိုးကန့်ကာကွယ်ရေးအဖွဲ့သည် အင်အားများသည်။ လက်နက်အင်အား တောင့်သည်။ ဘိန်းမှောင်ခိုလုပ်ငန်း အကြီးကျယ်ဆုံးအဖွဲ့ဖြစ်သည်။

မဟာဗျူဟာကွပ်ကဲမှုဌာနချုပ် ဖွင့်လှစ်ခဲ့သောကာလက ကျွန်တော်သည် စစ်ဆင်ရေးဂိုတူးဖြစ်၍ ၄င်းတို့နှင့် ဆက်သွယ်မှုရှိသည်။ ထောက်လှမ်းရေးဌာနနှင့် တိုက်ရိုက်ဆက်သွယ်၍ စစ်ဆင်ရေးကိစ္စ ကျွန်တော်တို့စစ်ဆင်ရေးဌာနမှ ကြီးကြပ်သည်။ အမှန်သုံးစွဲသောကျည်ဆန်ခဲယမ်းတို့ကို စစ်ဦးစီး(တာဝန်)ဌာနမှ ထုတ် ပေးကြရသည်။





## ဥပဒေကို ကျောခိုင်းချိန်

၄င်းတို့က မှောင်ခိုစီးပွားရေးဦးစားပေး၍ ဥပဒေကို ကျောခိုင်းလျက် အစိုးရကို ဆန့်ကျင်တိုက်ခိုက်သောအချိန်မှာ ကျွန်တော်က တပ်ရင်းမှူး ဖြစ်နေပြီ။ ၄င်းတို့ကို လိုက်လံရှာဖွေ တိုက်ခိုက်ရတော့သည်။

## မန်လင်ဇေ့တောင်စခန်း ဌာနချုပ်

ဘိန်းဘုရင်ဟု နာမည်ကျော်သော ၄င်းမှောင်ခိုအဖွဲ့ကို ကျွန်တော်တို့ တပ်မ (-)တပ်များက လိုက်လံတိုက်ခိုက်ကြရာမှာ ကျွန်တော် ခလရ(-)အား မန်လင်/ဇေ့ တောင်ဒေသရှိ လော်စစ်ဟန်အဖွဲ့ သင်တန်းကျောင်းကြီးကို ဝင်ရောက်တိုက်ခိုက်ရန် တာဝန်ပေးပါသည်။ ထိုအချိန်က တပ်မမှူးသည် ဗိုလ်မှူးကြီးတင်စိန် ဖြစ်ပါသည်။

မန်လင်-ဇေ့တောင်ဒေသတွင် ၄င်းတို့အခိုင်အမာစခန်းပြုလျက် သင်တန်းကျောင်းဖွင့်ထားသည်မှာကြာပြီ၊ အစိုးရနှင့်လက်တွဲစဉ်ကတည်းက ဖွင့်လှစ်ထားသော လေ့ကျင့်ရေးသင်တန်းကျောင်းကို ဥပဒေကျောခိုင်းသွားပြီးတော့လည်း ဆက် လက် ဖွင့်လှစ်လေ့ကျင့်မှုပေးနေဆဲဖြစ်ပေသည်။

နယ်မြေသတင်းတိကျစွာ ရရှိထားသောတပ်မမှူးကြီးက လားရှိုးရှိ ရှေ့တန်း တပ်မဌာနချုပ်မှာ အသေးစိတ်ညွှန်ကြားသည်။ ကျွန်တော် တိုက်ရမည့် ပစ်မှတ်ရည်မှန်းချက်သည် အဓိကနေရာဖြစ်၍ အရန်တပ်ရင်းအဖြစ် ခလရ(-)ကို ရည်မှန်းချက်၏ အရှေ့တောင်ဘက်တောင်ပေါ်တွင် နေရာယူထားစေပါသည်။ ခလရ (-) တပ်ရင်းမှူးသည် ဒုဗိုလ်မှူးကြီးတင်ဖေ(ဗိုလ်သင်တန်း-၁၆)ဖြစ်၍ ဒုတပ်ရင်းမှူး(ဌာနချုပ် တပ်ခွဲမှူး)သည် ဗိုလ်မှူးဆက်ထွန်း(ဗိုလ်သင်တန်း-၁၄) ဖြစ်ပါသည်။ ခလရ(-)ကိုလည်း အခြားရည်မှန်းချက်တစ်ခုကို တိုက်ခိုင်းသည်။

ကျွန်တော်တို့ကိုစေလွှတ်ရာမှာ သိန္နီဒေသမှထွက်ပြီး လမ်းတစ်ဝက်ရောက်လျှင် တောင်ကြောပေါ်အတိုင်းချီတက်ရန် ညွှန်ကြားခဲ့ပါသည်။ ကျွန်တော် တပ်ရင်း(စစ်ကြောင်းနှစ်ကြောင်းစလုံး) တောင်ကြောပေါ်မှချီတက်ရာ ခရီးအလွန်နှောင့်နှေးပါသည်။ ရည်မှန်းချက်သို့ ရောက်ရန် မလွယ်ကူပေ။ ထို့ကြောင့် စစ်ကြောင်းမှူး ဗိုလ်မှူးတင်စိန်နှင့် တပ်ခွဲတစ်ခွဲကို တောင်ကြောအတိုင်း ချီတက်စေပြီး ကျွန်တော်နှင့် တပ်ခွဲ(၄)ခွဲသည် တောင်ကြောနှင့်မျဉ်းပြိုင်၊ မြေပြန့်လှည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လမ်းကြောင်းနှစ်ခုခွဲကာ ချီတက်ရတော့သည်။ ရန်သူမှစောင့်တိုက်လျှ
လည်းတောင်ကြောပေါ်ရှိ တပ်ခွဲတစ်ခွဲက ကျွန်တော်ခြေကုတ်ဖြစ်နေပြီ၊ ကွင်းလယ်
မှာ လိုမ့် ပြီး ပထဝီအဒိုက်ခံရစရာအကြောင်းမရှိအောင် စီမံထားရခြင်းဖြစ်ပါသည်။

တပ်မမှူးကြီး မျှော်မှန်းသည့်အတိုင်း ကာကွယ်ရေးအဖွဲ့များက ကျွန်တော်တို့ ချီတက်လာသည်ကို ကြိုတင်သိကြသည်၊ ကျားကုတ်ကျားခဲ ခုခံတိုက်ခိုက်ခြင်း မပြုဘဲ ကျွန်တော်တို့မရောက်မီ တစ်နာရီခန့် ခွာ၍ အရေးကြီးအဖွဲ့များ စခန်းမှ ထွက်ခွာသွားကြသည်။ တောင်ထိပ်ရှိ ခလရ(--)မှ တွေ့သော်လည်း ပစ်မမီ၊ လိုက်မမီ အကွာအဝေးဖြစ်နေသည်။ ၎င်းတို့ ထွက်ပြေးနေကြောင်း ကျွန်တော်တို့ ဆက်သွယ်ရေးစက်ဖြင့် ဖြတ်နားထောင်သည်။ တရုတ်လို တတ်သော ရဲဘော်နှင့် နားထောင်သည်။ စခန်းမှ မြန်မြန်ထွက်ကြရန် ဆော်ဩနေသံကြားရသည်။ ကျွန်တော်တို့ အမြန်ဆုံးချီတက်ကြသည်။

၎င်းတို့စခန်းလည်းရောက်ရော ၇၅ မမနောက်ပွင့် ရိုင်ဖယ်နှင့် ၃ လက်မ စိန်ပြောင်းတို့ ဆင်ထားပြီး တပ်ခွဲနှစ်ခွဲ စစ်ကြောင်းဖြင့် ဝင်တိုက်စေရသည်။

၎င်းကာကွယ်ရေး(သကဆဖ)များသည် ပစ်အားကို အသုံးပြု၍ ခုခံသည်။ ဗကပလို ကျားကုတ်ကျားခဲ မဟုတ်ဘဲ ဘိန်းများ၊ လက်နက်ခဲယမ်းများ ရွှေ့ပြောင်း ထွက်ပြေးသောအဖွဲ့အတွက် အချိန်ရရန် ဟန့်စစ်ဆင်ခြင်းသာဖြစ်သည်။

အင်အား ၁၀၀ ခန့်နှင့် နှစ်နာရီနီးပါးခုခံပြီးနောက်ကြိုတင်ရှောင်တိမ်းသော တပ်ဖွဲ့ကိုမှီအောင် တစ်ဖွဲ့ချင်းအပြေးအလွှားဆုတ်ပြေးကြတော့သည်။ အခိုင်အမာတည်ဆောက်ထားသော လေ့ကျင့်ရေးကျောင်းနှင့် ဌာနချုပ်ဖြစ်၍ အဝေးမှ အထင်းသားမြင်နေရသည်။ ၇၅ မမ နောက်ပွင့်နှင့် ချိန်ပစ်ရန် အကောင်းဆုံး ပစ်မှတ်ဖြစ်ပေသည်။ ကွင်းပြန့်ထဲမှာ တည်ဆောက်ထားခြင်းဖြစ်၍ ၎င်းတို့ အမြန်ဆုတ်ခွာထွက်ပြေးကြသည်။ ၇၅ မမ နောက်ပွင့် တစ်လုံးပြီး တစ်လုံးပစ်တိုင်း လေ့ကျင့်ရေးစခန်းမှာ အဆောက်အအုံများပွင့်ထွက်သွားသည်။ မီးခိုးလုံးတွေထလာသည်။

## အခိုင်အမာစခန်း

စခန်းကို တက်ရောက်သိမ်းပိုက်ရာမှာ ခမ်းနားစွာ တည်ဆောက်ပြုပြင်ထားသော ဌာနချုပ်ကြီးအဖြစ် တွေ့ရပါတော့သည်။

ဆက်သွယ်ရေး မြောင်းများမှာ လူတစ်ရပ် နက်သည်။ လူနှစ်ယောက်





ဥ်တွဲလျှောက်နိုင်အောင်ကျယ်သည်။ ခေါင်ကတုတ်များမှာ လိုဏ်ဂူကဲ့သို့ ခိုင်မာ
သစ်တုံးတစ်ထပ်၊ မြေသားတစ်ထပ်၊ သစ်တုံးတစ်ထပ်၊ မြေသားတစ်ထပ်
ချိန်ယူတည်ဆောက်ထားသည်။

-တန်းလျားကြီးများမှာလည်း အခိုင်အမာ စစ်တန်းလျားများ ဖြစ်သည်။
မတော်မှ တပ်သားသစ်များ လေ့ကျင့်သော လေ့ကျင့်ရေးတပ်ရင်းများနှင့်မခြား
Permanent အဆောက်အအုံများ ဆောက်ထားသည်။

အထူးခြားဆုံးမှာ စစ်ရေးပြကွင်းကြီးဖြစ်သည်။ စစ်သည် တစ်ထောင်ခန့်
န်းစီနိုင်အောင် မြေပြန့်ကွင်းဖြစ်သည်။ မြေကို အထပ်ထပ် ကြိတ်ထားသဖြင့်
ကရစ်ခင်းလမ်းကဲ့သို့ မာသည်၊ ချောမွေ့သည်၊ ညီညာပြန့်ပြူးသည်။ မြေသား
ရောင်ကတော့ အနီရောင် ဖြစ်သည်။

အလေးပြုခုံ စင်မြင့်မှာ ခမ်းနားလှသည်။ တောင်ကမ်းပါးယံမှာ တရုတ်
လုံးကြီးတွေ(ဖောင်းကြွ) ပေါ်နေသည်။ ပေလေးဆယ် အရှည် ပေနှစ်ဆယ်အမြင့်
နောက်ခံ မြေသားနံရံကြီးဖြစ်နေသည်။

၎င်းရှေ့မှာ မြေသားအလေးပြုခုံစင်မြင့်ရှိသည်။ မြေကြီးတွေကို တူးထား
ဖြစ်၍ သုံးပေအမြင့် ပေလေးဆယ်၊ ပေနှစ်ဆယ်အကျယ် အလေးပြုစင်မြင့်ကြီး
ပေါ်စေသည်။ သဘာဝမြေသား အနီရောင်ကို ရေလောင်းရင်း ချောမွတ်အောင်
ရိုက်ခြင်းဖြင့် ခိုင်ခံ့ချောမောသော စင်မြင့်ကြီး ဖြစ်စေသည်။ နောက်ခံမြေ
မ်းပါးယံသည်လည်း ရှမ်းပြည်၏သဘာဝမြေနီရောင်ဖြစ်ပါလျက် ဖောင်းကြွစာ
ထွင်းဖော်ထားသော တရုတ်စာလုံးကြီးတွေကိုတော့ ဆေးအနီရောင်ရဲရဲ သုတ်
ထားပေသည်။

ထိုမျှ ခမ်းနားကြီးကျယ်သော သကဆဖ(၃) လော်စစ်ဟန်စခန်းကြီးကို
မ်းပိုက်ရရှိသောအခါ အလေးသုံးလောင်းသာ ရရှိသည်။ စစ်ဝတ်ပစ္စည်းများ၊
ယမ်းများရရှိသည်။ အစိုးရနှင့်လက်တွဲဆောင်ရွက်စဉ်က ဆောက်လုပ်ထားခြင်း
ဖြစ်၍တကယ့်ကို သားနားလှပေသည်။

## လဒ်ကောင်းများ

ကာကွယ်ရေးတွေ ကြိုတင် ထွက်ပြေးသွားသော်လည်း ပတ်ဝန်းကျင်
ရန် တပ်ခွဲများကို တာဝန်ပေးပြီး နှစ်မိုင်ပတ်လည်အထိ ဖြန့်ခွဲ ရှင်းလင်းစေခိုင်းရပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တပ်ခွဲ (၂) ဗိုလ်ကြီးအောင်စိုးတပ်ခွဲကလူ့ကြီးတွေကို လိုက်ရှင်းရင်း ကာကွယ်ရေး ၃၂ ယောက်ကိုလက်နက် ၃၄ လက်နှင့်အရှင်ဖမ်းဆီးရမိလာခဲ့ပါတော့သည်။

ဖိုးဂေါ်ရခါး ခေါ် ခလရ (-)တွင် ကျွန်တော် ငါးနှစ်တိတိ တာဝန်ယူ ရသည်။ တပ်မတပ်ရင်း စစ်ဆင်ရေးပြီး စစ်ဆင်ရေးဟု ဆိုရလောက်သော တာဝ တွေထဲမှ ထိခိုက်ကျဆုံးမှု မရှိသလောက်နှင့် ရည်မှန်းချက် အောင်မြင်ပြီး ရလာ အများဆုံးရခဲ့သော တိုက်ပွဲအဖြစ်မှတ်တမ်းပြုရပါ၏။

## သက်သေခံ

တစ်ချိန်က ဘိန်းဘုရင်ဟု နာမည်ကြီးခဲ့သော လော်စစ်ဟန်ကို တစ်ဘ နိုင်ငံမှာ ဖမ်းမိထားရာမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးခဲ့သည်။

မြန်မာပြည်မှာ တည်ဆဲဥပဒေများအရ ဘိန်းမှောင်ခိုရောင်းဝယ်မှု လက်နက်ကိုင်၍အစိုးရကို ပုန်ကန်တိုက်ခိုက်မှုစသည့် ပြစ်မှုများနှင့် အရေးယူ ပါသည်။ အမှုသွားအမှုလာနှင့် ပြစ်ဒဏ်ကျရောက်မှု အခြေအနေကို ကျွန်တော် မသိခဲ့ရသော်လည်း ကျွန်တော်တို့ သက်သေခံရပုံများကတော့ စိတ်ဝင်စား ကောင်းလှပါသည်။

ကိုးကန့်ကာကွယ်ရေး လော်စစ်ဟန်အဖွဲ့နှင့် တွေ့တွေ့ဆိုင်ဆိုင် တိုက်ခိုက် ခဲ့ကြရသော တပ်ရင်းများအနက် ခလရ(-)တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးကျော် ခမရ (-)တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးတင်ကို (ဗိုလ်သင်တန်း-၈)နှင့် ကျွန်တော် အပါအဝင်တပ်ရင်းမှူး သုံးယောက် ရန်ကုန်ဆင်းလာရသည်။ သက်သေခံ ထွက် ကြရမည်။

ရန်ကုန်မြို့တွင် (ဝင်ဒါမီယာထဲမှ အိမ်ကြီးတစ်အိမ်ဟု ထင်သည်) သီးသန့်စစ်ဆေးသည်၊ တရားခံရှေ့နေအဖြစ် ဝါရင့်သဘာရင့် ဦးအေးမောင်ဟူသော အဖိုးကြီးက ဆောင်ရွက်သည်။

ကျွန်တော့်ကို မေးရာမှ ကိုးကန့် ကာကွယ်ရေး (သကဆဖ-၃) ခေါင်း ဆောင် လော်စစ်ဟန်ဆိုတာ ဟုတ် မဟုတ်၊ လော်စစ်ဟန်၏တပည့်များနှင့် တိုက် ဖြစ်ပွားခြင်း ရှိ မရှိ၊ တရားသူကြီးက မေးသည်။ ပြီးနောက် တရားခံရှေ့နေ အေးမောင်ကလော်စစ်ဟန်ရဲ့ တပည့်များနှင့်တိုက်ခိုက်ရတာ ဟုတ် မဟုတ် မေးပါသည်။







ခလရ (-) အရာရှိများ ရှေ့တန်းတစ်နေရာ
နောက်တန်း - ဗိုလ်နိုပ်စောနန်း၊ ဗိုလ်မောင်နီ၊ ဗိုလ်မှူးတင်စိန်၊
စာရေးသူ၊ ဗိုလ်ကြီးသန်းအောင်၊ ဗိုလ်မှူးခင်မောင်ဆွေ၊ ဗိုလ်ကြီးဝင်းမြင့်
(ခလရ -) ရှေ့တန်း - ဗိုလ်လှဝင်း၊ ဗိုလ်ခင်မောင်မြင့်၊ ဗိုလ်ခင်မောင်ဦး၊
ဗိုလ်သိန်းဆွေ၊ ဗိုလ်တင်မျိုးတင့်

ကျွန်တော် ဂျီတူးဘဝက လော်စစ်ဟန်ကို ကိုးကန့်ကာကွယ်ရေးခေါင်း ဆောင်အဖြစ် သိထားကြောင်းနှင့်မန်လင်ဖေတောင်စခန်းကို ဝင်ရောက်ရာမှာ ၎င်း အဖွဲ့၏ဝတ်စုံဝတ်ထားသော အလောင်းသုံးလောင်းရရှိ၍ ၎င်းဝတ်စုံများ ဝတ်ဆင်ထားသော တပ်ဖွဲ့ဝင် ၃၂ ဦးကိုလည်း လက်နက်နှင့်တကွ ဖမ်းမိကြောင်း ထွက်ဆိုခဲ့ရပါသည်။ ခိုင်လုံနေသော ထွက်ချက်ဖြစ်၍ ရှေ့နေဦးအေးမောင် ဆက် လက်မေးမြန်းခြင်း မပြုတော့ပေ။

ခမရ (-) ဒုဗိုလ်မှူးကြီးတင်ကိုအား မေးရာမှာလည်း တောခိုကာ သူပုန်ရေးများနှင့် ရင်ဆိုင်တိုက်ခိုက်ကြရကြောင်း တံဆိပ်အပြည့်အစုံနှင့် စစ်ဝတ်စုံ ဝတ်ဆင်ထားသော ရန်သူအလောင်းရရှိသဖြင့် ၎င်းအဖွဲ့သည် လော်စစ်ဟန်၏တပ်ဖွဲ့ ဖြစ်ကြောင်း အတည်ပြုထွက်ဆိုသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပညာရှင် ရွှေနေကြီး

ခလရ (-) တပ်ရင်းမှူးကြီးက သက်သေထွက်ဆိုရာမှာ တိုက်ပွဲဖြစ်ပွား ရာတွင် ကိုက် ၂၀၀/၃၀၀ ခန့်အကွာ အနီးကပ်တိုက်ခိုက်ရကြောင်း၊ ရန်သူသည် သကဆဖ(၃)တံဆိပ်များနှင့်ဖြစ်ကြောင်း ထွက်ဆိုပါသည်။

ပညာရှင်ရွှေနေကြီးက နိုင်ငံတော်အား ဆန့်ကျင်သူဘက်မှ လိုက်ပါရသူပီပီ ပြန်လှန်မေးခွန်းထုတ်ရာမှာ ပါးနပ်လှပါသည်။

အမှုစစ်နေသော အဆောက်အအုံပြတင်းပေါက်မှ လမ်းတစ်ဘက်ကို လက်ညှိုးထိုးပြကာ ဟိုနားကဆိုင်းဘုတ်မှာရေးထားတဲ့စာလုံးတွေ ဗိုလ်မှူး သဲသဲကွဲကွဲ မြင်ရပါသလားဟု မေးခွန်းထုတ်ပါသည်။ အသက်လေးဆယ်ခန့်ရှိသူ တစ်ယောက်မျက်မှန်မပါဘဲ အဝေးကစာကို ဖတ်ရန် အခက်အခဲဖြစ်နေသည့်အခါ အောင်နိုင်သူကြီးဟန်ဖြင့် ဒီလိုအချိန်မှာ ဒီလောက် စာမဖတ်နိုင်ရင် စစ်တိုက်နေရတဲ့ ရန်သူတံဆိပ်ကို ဗိုလ်မှူး ဘယ်လိုသိသလဲဟု ထပ်ဆင့်မေးခွန်းထုတ်ရင်း သရော် ပြုံးပြုံးနေပါသည်။

တပ်ရင်းမှူးကြီးကလဲ လူပါးပဲ၊ ကျွန်တော်တပ်ရင်းမှူးမဖြစ်ခင်က အဲဒီ တပ်ဖွဲ့တွေနဲ့ လက်တွဲလုပ်ခဲ့ရတာ အကြာကြီးပါ၊ သူတို့တံဆိပ်ကို မျက်စိထဲ စွဲ နေအောင်မြင်နေကျဖြစ်လို့ အလွယ်တကူနဲ့မှတ်မိတာပါ။ မမြင်ဖူးတဲ့ တံဆိပ်ဆိုရင် ကျွန်တော် မမှတ်မိနိုင်ပါဘူးဟု ဖြေလိုက်ရာ ရွှေနေကြီးဦးအေးမောင်ရဲ့ မျက်နှာမှာ အပြုံးတွေ ပျောက်သွားပါလေတော့သတည်း။

## မူဆယ် မဆုတ်တမ်းခံစစ်

တပ်မ (-)မှတပ်ရင်း ၁၀ ရင်းအနက် တပ်ရင်း နှစ်ရင်းနားစနစ်ဖြင့် စစ်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ လှုပ်ရှားစစ်ဆင်ရေး တာဝန်ကြောင့် ရဲဘော်များ ပင်ပန်းနွမ်းနယ်လာကြသည်။ တပ်ရင်းမှာ တစ်လပြန်နားခိုက် ကျန်းမာရေးဆေးစစ် ခြင်း၊ အင်အားဖြည့်ရိက္ခာ ကျွေးမွေးခြင်းတို့ကို ပြုလုပ်ကြရပါသည်။

၁၉၇၄ ခုနှစ်ကုန် ရှေ့တန်းသို့ တက်လာရသော ကျွန်တော်တို့ ခလရ (-) တပ်ရင်းကိုအလှည့်ဖြင့် စခန်းထိန်းတာဝန်ပေးခြင်းခံရပါတော့သည်။ အနောက် ဘက်အစွန်အဖြစ် ဆယ်လန်းကျေးရွာမှ ပန်းခန်း၊ မူဆယ်၊ ပွိုင့် ၃၁၂၇ အထိ တရုတ်မြန်မာ နယ်စပ်ဖြစ်၍ တုံခန်၊ မုန်းယု ၁၀၅ မိုင် ကကြီးကုန်း၊ စလုံးကုန်း





တောင်း စသည်ဖြင့် စခန်းထိန်းတာဝန်အဖြစ် ၂၅ မိုင်ကျော် နယ်မြေကို တာဝန်ယူရပါသည်။

စစ်ဆင်ရေးအဓိကတာဝန်မှာ-

(၁) မူဆယ်မြို့ ရန်သူ့လက် မကျရောက်ရေး၊ မဆုတ်တမ်း ခံစစ်တာဝန်၊

(၂) တပ်ရင်းနယ်မြေအတွင်း ဝင်လာမည့်ရန်သူကို ချေမှုန်းရန် ပွိုင့် ၄၅၆၁ (နမ့်လင်း)တောင်ကုန်းရှိ ၇၆ မမ အမြောက်လေးလက် လုံခြုံရေးတာဝန်၊

(၃) မိမိတပ်ရင်း နယ်မြေအတွင်း လိုအပ်ချိန်တွင် တပ်စုနှစ်စု အရပ်ထုတ်နုတ် ရန်သူ ချေမှုန်းရေးတာဝန်တို့ ဖြစ်ပါသည်။

မဆုတ်တမ်း ခံစစ်ဖြစ်သော မူဆယ်မြို့ လုံခြုံရေးအတွက် တပ်ရင်းမှူးနှင့် တပ်စုနှစ်စု၊ ပွိုင့် ၄၅၆၁ လုံခြုံရေးစစ်ကြောင်းမှူးနှင့် တပ်စုတစ်ခုကို တာဝန်ပေး ကျန်စခန်းများကို တပ်စုတစ်စု၊ တပ်စိတ်နှစ်စိတ် စသည်ဖြင့် တာဝန်ယူထား ပါသည်။ မူဆယ်မြို့သည် ရွှေလီမြစ်ကမ်းနဖူး နယ်စပ်ဖြစ်၍ မြေပြန့်တွင် တည်ရှိ သည်။ စစ်သဘော စစ်အမြင်နှင့် ကြည့်လျှင် မဆုတ်တမ်း ခံစစ်ပြုရန် အလွန်ခက်ခဲ သော မြေပြင်သဘာဝ ဖြစ်ပေသည်။

မူဆယ်မြို့အား တိုက်ခိုက်မည့် ရန်သူသည် ကျူကုတ်၊ ဝမ်းတိမ်နယ်စပ် ဘက်မှ ရွှေလီမြစ်ရိုးအတိုင်း ချဉ်းကပ်လာနိုင်သည်။ လေယာဉ်ကွင်းဘက်မှ ချဉ်းကပ်၍ မြေပြန့်အတိုင်း ဝင်တိုက်နိုင်သည်။

နောက်တစ်နည်းမှာ တစ်ဘက်နိုင်ငံအတွင်းမှ စုဖွဲ့ချီတက်လာပြီး မူဆယ် ...ဆုံး(ဘိုတဲကုန်းမှလှမ်းအော်လျှင်ကြားရသော)တစ်ဖက်နိုင်ငံပိုင် ကျယ်ခေါင် ...ရုတ်ခြည်း ဝင်ရောက်တိုက်ခိုက်လာနိုင်သည်။ ကျယ်ခေါင်ရွာပိုင် လယ်ကွက် ...ဖြတ်လာလျှင် မူဆယ်-နမ့်ခမ်း ကားလမ်းနံဘေး ကပ်လျက် နှစ်နိုင်ငံနယ်နိမိတ် ...ကျောက်တိုင်ရှိနေသည်။ ထိုကားလမ်းမှမိမိတပ်များ လှုပ်ရှားရအလွန်ခက်ခဲသော ...ဖြစ်ပါသည်။

ထိုနယ်စပ်ကျောက်တိုင် နေရာနားမှာပင် ၁၉၇၁ ခုနှစ် လောက်က ...(-) တပ်ရင်းမှူး ဗိုလ်မှူးအုန်းမြင့်(ဗိုလ်သင်တန်း ၉) အနီးကပ် အပစ်ခတ် ... ကျဆုံးခဲ့ဖူးပြီးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပတ်လည် လုံခြုံမှု

အမြောက်လေးလက် တင်ထားသော ပွိုင့် ၄၅၆၁ တောင်ကုန်းမှ ထိုဒေသ စစ်မျက်နှာတစ်ခုလုံးအတွက် စိုးမိုးတောင်ကုန်း ဖြစ်ပေသည်။

ဆယ်လန်၊ မူဆယ်၊ ပွိုင့် ၃၁၂၇၊ မုန်းယု၊ ၁၀၅ မိုင်၊ လွယ်လုံကျ မော်တောင်း စသည့် စခန်းအားလုံးသည် ဂငယ်ပုံသဏ္ဌာန် ကားလမ်းတစ်လျှောက် တည်ရှိသည်။ ပွိုင့် ၄၅၆၁ တောင်ကုန်းကို ဝိုင်းရံထားသည်။

ပွိုင့် ၄၅၆၁ သို့ ချဉ်းကပ်မည့် ရန်သူ ဗကပသည် မိမိတပ်စခန်းများ အလစ်အငိုက်ရယူဖြတ်ကျော်ရန် မဖြစ်နိုင်ပေ။

## ပွင့်နေသော ချဉ်းကပ်လမ်း

တစ်ခုတည်းသော ချဉ်းကပ်လမ်းကြောင်းမှာ နမ့်ပေါ်တံကားဒေသ မူဆယ်ဒေသ တာဝန်ယူရသော တပ်ရင်းနှစ်ရင်း၏ စပ်ကြားနယ်မြေမှ ကားလမ်း ဖြတ်၍ ထိုးဖောက်ဝင်ရောက်ရမည်။ အတွင်းပိုင်းရှိ ကေအိုင်အေကြောခေါ် ကေ အေတို့ လှုပ်ရှားရာတောင်ကြောပေါ်ရောက်လျှင် တောင်မှမြောက်သို့ ချီတက်၍ ပွိုင့် ၄၅၆၁ စခန်းသို့တိုက်ရိုက်ရောက်သည်။

ထို့ကြောင့် တစ်ခုတည်းသော ထိုချဉ်းကပ်လမ်းကို နည်းဗျူဟာ အရန်တပ်ခွဲနှစ်ခွဲပါ စစ်ကြောင်းဖြင့် လှုပ်ရှားစိုးမိုးထားရန်တပ်မမှူးမှ စီမံထား ပါသည်။

တပ်မမှူး ဗိုလ်မှူးကြီးမင်းဂေါင်(ဗိုလ်သင်တန်း-၇)သည် လားရှိုး လည်းကောင်း၊ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးညွန့် (ဗိုလ်သင်တန်း ၆)သ ကွတ်ခိုင်တွင်လည်းကောင်း အခြေပြု ကွပ်ကဲလျက်ရှိကြပါသည်။

## ရန်သူ့သတင်း

ဗကပအရှေ့မြောက်စစ်ဒေသ၏ အစီအစဉ်ဖြင့် မန်ဟီးရိုးဒေသ တပ်မဟာ(၂)မှူးထွန်းတင်ဦးစီး၍ တပ်ရင်းလေးရင်း ထိုးစစ်ဆင်ရန်ပြင်ဆင်နေ ဟူသောသတင်းကို အထက်ဌာနမှရရှိသည်။ နမ့်ခမ်း၊ မူဆယ်၊ နမ့်ပေါ်တံကား တစ်လျှောက်ကွတ်ခိုင်အထိ တာဝန်ယူထားရသော တပ်ရင်းများသို့လည်း သတ ပေး၍ သတိပေးထားသည်။





၁၉၇၅ ခုနှစ် ဇန်နဝါရီလတွင် ကာကွယ်ရေးဝန်ကြီးဌာန လေးလပတ် စစ်ဆင်ရေး စည်းဝေးပွဲပြုလုပ်မည်ဖြစ်၍ တပ်မမှူးကြီး ရန်ကုန်သို့ဆင်းသွားရပါ သည်။ ထိုအချိန်တွင် နဖဟ အရန်တပ်ခွဲနှစ်ခွဲ စစ်ကြောင်းထားရှိခဲ့ပါသည်။

ကျွန်တော်တို့ တပ်ရင်းများမှာလည်း မိမိ အစီအစဉ်နှင့် ထောက်လှမ်းရေး ကွန်ဖြန့်ကာ သတင်းရယူစုဆောင်းလျက် နည်းဗျူဟာသို့ တင်ပြနေရပါသည်။

မူဆယ်မြို့မှ ပန်ဆိုင်း(ကျူကုတ်)ဈေးသွားသူများထံမှလည်းကောင်း၊ မိမိ ၏ အထောက်တော်များထံမှလည်းကောင်း မန်ဟီးရိုးဒေသတွင် ဗကပတို့ စုဖွဲ့လေ့ ကျင့်နေကြောင်း သတင်းများအတည်ပြုချက် ရရှိကြပါသည်။ ရရှိသောသတင်း များအရစခန်းအားလုံးကို တပ်လှန့်နိုးဆော်ထားရ ပြန်ပါသေးသည်။

## ဗကပ ရွှေ့ပြေး

၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ပန်ဆိုင်း(ကျူကုတ်၊ ဝမ်တိမ် ေါ်နယ်စပ်)ဈေးနေ့ဖြစ်သည်။ မွန်းလွဲ ၂ နာရီခန့်တွင် ဈေးသွားသူများ မူဆယ် သို့ ပြန်ဝင်လာကြသည်။ ဈေးပြန်များနှင့်အတူ မျက်နှာစိမ်းမိန်းကလေး နှစ်ဦးပါ လာသည့်အတွက် မိမိတို့စစ်ကြောင်းရုံးသို့ ခေါ်ကာ တပ်ရင်းထောက်လှမ်းရေးတပ် ကက စစ်မေးကြရသည်။

မူဆယ်မြို့သို့ အလည်လာသလို အသိမိတ်ဆွေထံ လာသလို မရောက်ဘူး လာသလို မရေရာမသေချာသော အဖြေများနှင့်လုံးချာပတ်ချာလည်နေကြသည်။ က်နှစ်ဆယ်အရွယ်မိန်းကလေးနှစ်ဦးဖြစ်၍ စစ်ရမေးရတာလည်း ခက်ခဲမှုရှိနေ ည်။ ပါတီကောင်စီမှ ယုံရသူကို သက်သေအဖြစ်ခေါ်ကာ စစ်ဆေး နေရခြင်းဖြင့် ကုန်နေတော့သည်။ လက်ရောက်ကျူးလွန်မှုမရှိဘဲ နှုတ်ဖြင့် မေးနေရခြင်း ၄င်းတို့ကလည်း ရေရေရာရာ မဖြေကြ၊ ခွဲကြီးစွာနှင့် ဘူးကွယ် နေကြ ည်။ ကျွန်တော်သွားကြည့်သောအခါ အလွန်အေးလှသော ဇန်နဝါရီလညနေမှ ည့်ဦးသန်းခေါင်ကျော် နှစ်နာရီအထိမတ်တပ်ရပ်ခိုင်းထားရင်း မေးလာရသည်မို့ က်တုန်ချမ်းနေကြပြီ၊ အလှည့်အပြောင်းဖြစ်စေရန် ကုလားထိုင်တွင် ထိုင်စေပြီး ကြမ်းပူပူတိုက်၍ ချော့မော့မေးရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဗကပ သူလျှိုမယ်

သည်အခါကျမှ ၄င်းတို့နှစ်ဦးမှာ ဗကပများဖြစ်သည်။ ဗကပ တပ်မဟာ (၂) ထွန်းတင်ဦးစီးသောတပ်ရင်း ၁၀၇၊ ၃၀၃၁၊ ၃၀၃၃၊ ၃၀၃၇ တပ်ရင်း (၄)ရင်း နှင့် မူဆယ်မြို့နှင့်နမ့်လင်းတောင်ကို အဖွဲ့သုံးဖွဲ့ခွဲကာ ဝင်ရောက် တိုက်ခိုက်မည်။ ဗကပတို့ဝင်လာလျှင်၄င်းတို့ကပါတီကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့ရှိရာကိုပြရမည်။ မြို့ကိုဝင်ရောက် တိုက်ခိုက်စီးနင်းရင်းပါတီကောင်စီမှ ပုဂ္ဂိုလ်များ ကို ဖမ်းဆီးသွားရန်ဟူသော သတင်းကို တတ်နိုင်သမျှအချိန်ဆွဲနေသည်။ မဖြေကြ နောက်ဆုံးမှ ထွက်ဆိုချက်ရခြင်းဖြစ်ပေသည်။

ချက်ခြင်းပင် မြို့ပြင်မှာ တိုက်ပွဲဖန်တီးရန် မူဆယ်မြို့ရှိ အင်အားမှ တပ်စိတ် နှစ်စိတ်ကိုလေယာဉ်ကွင်းအပြင်သို့ လွှတ်လိုက်ပြီး ပွိုင့် ၃၁၂၇ တောင်ကို ပတ်၍ ဝင်လာနိုင်သောလမ်းသို့လည်း တပ်စိတ်နှစ်စိတ် လွှတ်လိုက်ရသည်။

ညဉ့်သန်းခေါင်ကျော်ပြီဖြစ်၍ ဆက်သွယ်ရေးစက်များရပ်နားကာ အား သွင်းချိန် ဖြစ်နေပြီ။ ကြိုတင်စီမံ ညှိနှိုင်းထားသည့်အတိုင်း မူဆယ်မြို့မှ ပွိုင့်၄၅၆၁ တောင်ကုန်းဘက်သို့လှည့်ကာ စက်လဘ်များ အတွဲလိုက်ပစ်ခတ်အချက်ပေး သည်။ မူဆယ်မြို့မှ စက်လတ်ပစ်ခတ်အချက်ပေးသံကြားသည်နှင့်ပွိုင့်၃၁၂၇ ရှိ ဗိုလ်ကြီးခင်မောင်မြင့်နှင့် ပွိုင့် ၄၅၆၁ ရှိဗိုလ်မှူးတင်စိန်တို့မှ ဆက်သွယ်ရေးဆက် ဖွင့်ကာ ဆက်သွယ်မှုယူတော့သည်။

## တပ်အသင့် နေရာယူ

စက်ဆက်သွယ်မှုရသည်နှင့် စစ်သည်အားလုံးကို အသင့်နေရာယူခြင်း Stand too လုပ်စေရသည်၊ စစ်သည်အားလုံး ပစ်ကျင်းထဲမှာ နေရာယူကြသည်။ အရန်ကျည်ဆန်များ အထုပ်လိုက် ထားစေသည်။ အရန်လက်ပစ်ဗုံးများ ဝေထား စေရသည်။

နံနက် လေးနာရီခွဲတွင် အမိက စခန်းများအားလုံး stand too လုပ်၍ နေရာယူထားပြီးဖြစ်ကြောင်း သတင်းပို့ချက်များရပြီ။





## မူဆယ်တိုက်ပွဲ

နံနက် ၅ နာရီခွဲသာသာမှာ မူဆယ်မြို့သို့ ချဉ်းကပ်လာသော ဗကပများ နှင့် လေယာဉ်ကွင်းနှင့် မြို့အရှေ့ဘက်ထွက်စောင့်နေသော မိမိတပ်ဖွဲ့ကို တိုက်ပွဲဖြစ် ကြသည်။ မြို့မရောက်မီ မိမိတို့မှ စောင့်ကြိုတိုက်ခိုက်လိုက်ခြင်းဖြစ်၍ မြို့တွင်း ဝင်မည့် ဗကပအဖွဲ့အကြံပျက်ကာ ဝင်မရဘဲ မိုးထိန်ထိန်လင်းရတော့သည်။

## ပုံမှားကျိတ်သော ဗကပ

ဗကပ မိန်းကလေးများထံမှ ထွက်ချက်ရပြီးသည်နှင့် ထောက်လှမ်း ရေးအရာရှိ ဗိုလ်ကြီးသိန်းဆွေနှင့် တပ်ခွဲတပ်ထောက် စောစံအဲဖရက်တို့သည် 'မိန့်မလာကင်းလှည့် သံချပ်ကာကား' လေးနှင့် မြို့ကိုလှည့်သည်။ ဆေးရုံကုန်း၊ ဘိုတဲကုန်း စသည့်ကင်းစခန်းများ stand too လုပ်မှုစစ်ဆေးကြသည်။

၅ နာရီ မိနစ်လေးဆယ် အလင်းရောင်မထွက်မီတွင် ဘိုတဲကုန်းဂိတ်ဝသို့ ဝင်ပေါက်မှ ခြေလျင်ဝင်လာသူကို တပ်စိတ်မှူးမှ သေနတ်နှင့်ချိန်ရင်း မေးသည်။ 'ငါ ဗိုလ်သိန်းဆွေပါ' ဟု မြန်မာလိုပီပီသသဖြေသည့်အတွက် တပ်စိတ်မှူးက ဂင်းတံခါးအဖွင့်မှာ ဗကပများဖြစ်နေကြောင်းသိ၍ ထွေးလုံးရစ်ပတ်ပစ်ခတ်တိုက် ခိုက်ကြရတော့သည်။

တပ်စိတ်မှူး တပ်ကြပ်ကော်လာ ကျဆုံး၍ဗကပတို့ အလောင်းနှစ်လောင်း ချန်ထားခဲ့ပြီး နယ်စပ်ရှိကျယ်ခေါင်ရွာသို့ ဆုတ်ပြေးကြတော့သည်။ စခန်းစီးမိ လျှင် ဗကပခေါင်းဆောင်မှ မီးကျည်ပစ်၍ အချက်ပေးရန် မီးကျည်သေနတ်ကိုင် လက်ကို သေနတ်မှန်သည်။ မီးကျည်သေနတ်ပြောင်းရင်းမှ ပြုတ်ထွက်ကာ လက် ချောင်းများ ကြေမွပြန့်ကျဲနေသည်ကို နံနက်လင်းမှ တွေ့ကြရတော့သည်။

## နမဒီး-လပြောင်

ဘိုတဲကုန်းစခန်းကို ဗကပတို့က 'ဗိုလ်သိမ်းဆွေပါ' ဟုပြောကာ ပုံမှား ရိုက်၍ဝင်လာခြင်းကို တပ်စိတ်မှူးလေ သတိတစ်ချက်လစ်၍ အငိုက်ခံလိုက်ရသည်။

ဗကပတို့ လာတိုက်လိမ့်မည်ဟု ဗိုလ်ကြီးသိမ်းဆွေက ကင်းထောက် သံချပ်ကာကားနှင့် လာပြောထားပြီး မကြာမီခြေလျင်လာသောသူက 'ဗိုလ်သိန်း ဆွေပါ' ဟုပြောသည်ကို ယုံကြည်စရာ အကြောင်းမရှိ၊ သတိတစ်ချက်လစ်ကာ တံခါးဖွင့်မိ၍ ရင်ဆိုင်ပစ်ကြရင်း နှစ်ယောက်စလုံးကျဆုံးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ခလရ(-)ခေါ် ဖိုးဂေါရ ခါးမှာ အရေးပေါ်စကားဝှက်ကို တပ်ရင်းတစ်ရင်းလုံး သိကြပါသည်။ ဓာတ်တိုက်ထားပြီး လည်းဖြစ်သည်။

ရုတ်တရက် စခန်းတစ်ခုသို့ ကိုယ့်တပ်အချင်းချင်း ကြိုတင်ပြောမထားဘဲ ဝင်လာလျှင်

စခန်းမှ 'နမဒီး' ဟု အသံခပ်အုပ်အုပ် မေးသည်။ တစ်ဘက်က 'လမြောင်' ဟုဖြေလျှင် အချင်းချင်းသိကြသည်။

ဂေါရခါးဘာသာဖြင့် 'နမဒီး' ဟူသည်မှာ သူငယ်ချင်း။ 'လမြောင်' ဟူသည်မှာ လားတရုတ်များစကားအရ ရန်သူဟုအဓိပ္ပာယ်ရသည်ဟုဆိုသည်။ ဂေါရခါးတပ်မှာဂေါရခါးတွေ လျော့သွားသော်လည်း ဂေါရခါးစကားကို ရုတ်တရက်သုံးသော စကားဝှက်အဖြစ် သုံးနေကြဆဲဖြစ်သည်။

ဤစကားဝှက်ကိုမေးမိလျှင် အယောင်ဆောင်ဗကပကိုရန်သူမှန်းသိမည်။ တိုက်ရခိုက်ရတော့မည့်ဆဲဆဲမှာ ဆန့်စောမိ၍ ယခုလိုဖြစ်ကြရသည်။ အလွန်တော်သော တပ်စိတ်မှူးတစ်ယောက် ဆုံးရှုံးခဲ့ရခြင်းပင်ဖြစ်ပေသည်။



ရဲဘော်၏ခါးတွင်
ချိတ်ထားသော
လက်ပစ်ဗုံးအား ရန်သူ့ကျည်ဆန်
တိုက်ရိုက်ထိမှန်သော်လည်း
မပေါက်ကွဲဘဲ ထက်ခြမ်းပဲ့ရုံသာ

## သေကံမရောက်

မူဆယ်ကိုတဲကုန်းစခန်းမှာ ဗကပနှင့်လုံးထွေးတိုက်ကြရသော တပ်စိတ်မှ ရဲဘော်တစ်ဦးက ကံကောင်းလှသည်။

အမှတ်(၃၆)လက်ပစ်ဗုံး ခါးမှာ ချိတ်ထားသည်။ လက်ပစ်ဗုံးသဘောမှာ လုံခြုံရေးသော့ကွင်းကို ဆွဲဖြုတ်ရသည်။ ပြီးမှပြစ်လိုက်လျှင် စနက်တံက ယမ်းခွက်ကိုရိုက်ကာ ပေါက်ကွဲမှုဖြစ်စေသည်။ နာနတ်သီးလိုအစိတ်ကလေးများ အကွက်လိုက်ပါရှိသည်တို့က အစများဖြစ်ကာ လူကိုထိမှန်ခြင်းဖြစ်သည်။





ရဲဘော်ခါးမှာ ချိတ်ထားသော လက်ပစ်ဗုံးကိုရန်သူ့ကျည်ဆန် တိုက်ရိုက်ထိမှန်သည်။ လက်ပစ်ဗုံးအပြင် ကိုယ်ထည်ကွဲသွားပြီး ခါးမှပြုတ်ကျသွားသည်။ ယမ်းခွက်ကို စနက်တံရိုက်မိခြင်းမရှိ၍ ပေါက်ကွဲမှုမဖြစ်ဘဲ အသက်ဘေးမှ လွတ်ခဲ့ရသည်။ တိုက်ပွဲတွေပြီးကာမှ ကိုယ်ထည်ကွဲနေသောလက်ပစ်ဗုံးကို မြင်တွေ့ကြရသည်။ လက်ပစ်ဗုံးကိုမထိဘဲဝမ်းဗိုက်ကို ကျည်ဆံတိုက်ရိုက်မှန်လျှင် မုချသေရမည်။ သေကံမှ မရောက်ပေပဲကိုး။

## မူဆယ်မြို့ကို မသိမ်းနိုင်သေး

သည်လိုအချိန်မီလေး သတင်းဖော်ထုတ်ရရှိပြီး မြို့ပြင်မှာတိုက်ကွက်ဖော်ခဲ့ခြင်းကြောင့် ဗကပတို့အလစ်အငိုက်မရဘဲ မူဆယ်မြို့ထဲလည်း မဝင်နိုင်၊ မြို့ကိုလည်းမစီးနိုင်၊ ပါတီကောင်စီလူကြီးတွေလည်း မဖမ်းနိုင်ဘဲအဓိကရည်မှန်းချက်ကြီးဖြစ်သည့်မြို့သိမ်းတိုက်ပွဲမအောင်မြင်ဘဲဆုတ်ခွာသွားကြရပါတော့သည်။

## ပွိုင့် ၄၅၆၁

ဗကပ၏ ဒုတိယရည်မှန်းချက်ဖြစ်သော ပွိုင့် ၄၅၆၁ တောင်ကုန်းကို လမ်းကြောင်းပွင့်နေသော ကေအိုင်အေ တောင်ကြောမှအလွယ်တကူ ချဉ်းကပ်ကာ နံနက်ငါးနာရီမိနစ်လေးဆယ်မှာ အပြင်းအထန်ဝင်တိုက်ကြတော့သည်။ ဗကပ ၂၀၃၁၊ ၂၀၃၃၊ ၂၀၃၇ တပ်ရင်းသုံးရင်းနှင့် မိမိတပ်စုနှစ်စုစခန်းကို အတင်းဝင်အောင်းတိုက်ကြတော့သည်။ နံနက်လေးနာရီခွဲမှစ၍ Stand too လုပ်ထားသော စစ်သည်များသည် ကတုတ်ကျင်းထဲမှ လက်ပစ်ဗုံးများဝေထားပြီးဖြစ်၍ လက်မလည်အောင် ပစ်ရခတ်ရသော်လည်း လူလှိုင်းလုံးစစ်ပရိယာယ်သုံးသည့် ဗကပက ကတုတ်ကျတစ်သုတ်တက်တိုက်နည်းဖြင့် လူအားသုံး၍ တက်လာကြသောကြောင့် ကတုတ်ကျည်ကပ်လဲချိန်၊ ကျည်ဆန်ထပ်ဖြည့်ချိန်တွေမှာ အတင်းဝင်ပူးကြလာကြသည်။ ဆက်သွယ်ရေးတွင်းမြောင်းထဲသို့ ဗကပများရောက်လာကြသည်။

မိမိအင်အား တပ်စုနှစ်စုဆိုသည်မှာလည်း ခြေလျင်တပ်စုတစ်စုနှင့် လက်မြောက်စစ်သည် တပ်စုတစ်စုသာဖြစ်သည်။ ထိုအင်အားစုကို ကွပ်ကဲနေသော လမ်းကြောင်းမှူး၏ စစ်ကြောင်းရုံးအဖွဲ့ရှိသည်။ တကယ့်တိုက်ခိုက်ရေးအင်အားသည် ခြေလျင်တပ်စု တစ်စုသာဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## ပစ်ကူ စီမံချက်

မူဆယ်ဒေသတွင် နေရာ ၁၀ နေရာ ဖြန့်ခွဲလုံခြုံရေးယူထားရာတွင် မူဆယ်၊ ပွိုင့် ၄၅၆၁၊ ပွိုင့် ၃၁၂၇ နှင့် မုန်းယုအနီး စပယ်တောင်ကုန်းသည် အချက်အခြာ ကျသည်။ ပွိုင့် ၄၅၆၁ သို့ ရန်သူလာရောက်တိုက်ခိုက်လျှင် ပစ်ကူပေးရန် ဝါရင့်တပ်ခွဲမှူး ဗိုလ်ကြီးဘထွန်း (စစ်တက္ကသိုလ် ၃)ကို ၇၅ မမနောက်ပြန်တစ်လက်၊ သုံးလက်မ စိန်ပြောင်းနှစ်လက်နှင့် စပယ်တောင်ကုန်းတွင် တာဝန်ပေးထားပါသည်။

ပွိုင့် ၄၅၆၁ ကို ဗကပတို့ တိုက်ခိုက်သည်နှင့်တစ်ပြိုင်နက် ကြိုတင်ညှိနှိုင်းပြင်ဆင်ထားသော ပစ်ကူစီမံချက်အရ ဗိုလ်ကြီးဘထွန်းမှ လက်နက်ကြီးပစ်ကူပေးနေသည်။

## ထူးဆန်းသော ထိမှန်ချက်

ဗိုလ်ကြီးဘထွန်းရှိရာ စပယ်တောင်ကုန်းမှ ထိရောက်စွာပစ်ကူပေးနေခြင်းကြောင့် ဗကပသည် ရှေ့သို့တိုးလာကာမိမိလက်နက်ကြီးပစ်ကူကို တန်ပြန်ပစ်ခတ်တိုက်ခိုက်လေတော့သည်။

သုံးလက်မစိန်ပြောင်းဟူသည်နှစ်ချောင်းထောက်ကို သေချာစွာထောက်၍ အကွာအဝေးနှင့် ဘေးဘယ်ညာလှည့်၍ ချိန်တွက်ပစ်ခတ်ရသောလက်နက်ကြီးဖြစ်ရာ မြန်မာ့တပ်မတော်တွင် တကယ် ထိရောက်မှုရှိသော လက်နက်ကြီး ဖြစ်ပေသည်။



ပွိုင့် ၄၅၆၁ တိုက်ပွဲတွင် စပယ်တောင်ကုန်းမှ ပစ်ကူပေးနေသော သုံးလက်မစိန်ပြောင်း ခြေထောက်အား တိုက်ရိုက်ထိမှန်လာသော ရန်သူ ဒသမ (၅)ကျည်ဆန်

ထိုသို့ပစ်ခတ်နေစဉ်သုံးလက်မစိန်ပြောင်းတစ်လက်၏ နှစ်ချောင်းထောက်ကို ဗကပ၏ ဒသမ၅ ကျည်ဆန်တည့်တည့် ထိမှန်လေတော့သည်။ နှစ်ချောင်းထောက် အတင်အချလုပ်မရသည့်အတွက် အကွာအဝေးချိန်၍ ပစ်မရဖြစ်အောင် ထူးဆန်းစွာ ထိမှန်ခြင်းပါတည်း။





ပွိုင့် ၄၅၆၁ ရှိ ခြေလျင်တပ်စုတစ်စု အမြောက်တပ်စုတစ်စု အင်အားနှင့်မှန်၍မရတော့သည့်အဆုံးစခန်းပေါ်တိုက်ရိုက်ပစ်ရန် ဗိုလ်ကြီးဘထွန်းအားမှာ ကြားပြီးစစ်ကြောင်းမှူး ဦးဆောင်လျက် မူဆယ်သို့ဆုတ်ခွာလာခဲ့ကြရပေတော့သည်။

၁၉၇၅ ပြည့်နှစ် ဇန်နဝါရီ ၂၁ ရက် ၀၉၄၀ အချိန်တွင်ဖြစ်ပါ၏။

ကျွန်တော်သည် အဓိကတာဝန်ဖြစ်သော မူဆယ်မြို့ကိုလည်း လက်လွှတ်ထား၍ မဖြစ်နိုင်၊ ပွိုင့် ၄၅၆၁ကိုလည်း ကိုယ်တိုင်သွားရောက် ဦးစီးမတိုက်နိုင်သော အခြေအနေမှာ ဘေးကြပ်နံကြပ်ဖြစ်နေရပြီ။

နောက်ဆုံးတော့ရသမျှ တပ်တွေထုတ်နုတ်၍ တန်ပြန်တိုက်ရန်သာ အမြန်ဆုံးစဉ်းစား အမြန်ဆုံးဖြတ်ရပါတော့သည်။

## ကျဆုံးစခန်း ပြန်သိမ်းဖို့

မူလစီမံချက်အရ အရန်တပ်စုနှစ်စုထုတ်နုတ်ရန် ဗျူဟာကညွှန်ကြားထားသော်လည်း အရေးပေါ်လိုအပ်လျှင် တပ်စုလေးစုအထိ ထုတ်နုတ်ရန် ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

ရန်သူသည် ပွိုင့် ၄၅၆၁ တောင်ကုန်းအား ရရှိပြီးနောက် လက်နက်ကြီးကျွမ်းကျင်သော ၃၀၃၁ တပ်ရင်းမှူးဦးစီးကာ ဖမ်းဆီးရမိသော အမြောက်တပ်မှ စစ်သည်များကိုမေးမြန်းလျက် မိမိအမြောက်များနှင့်မူဆယ်ကို ပစ်ခတ်ရန် ကြိုးစားကြသည်။ မိမိအမြောက်တပ်စစ်သည်များက ချိန်တွက်ပုံချိန်တွက်နည်းကို မှန်မပြဘဲအမှားများပြသည့်အတွက် ဗကပတို့ပစ်ခတ်မှုမှာ မူဆယ်မြို့ကို မထိဘဲ ကျည်ဆန်များက ဟိုကျသည်ကျ တလွဲချည်းကျရောက်နေတော့သည်။

ထိုအချိန်မှာ ဗကပ ၃၀၃၃-၃၀၃၇ တို့သည် ပွိုင့် ၄၅၆၁ မှပြန်ထွက်ကာ မူဆယ်ကိုတိုက်ရန် ညွှန်ကြားချက်အရ တပ်များရွေ့ပြောင်းလှုပ်ရှားပြင်ဆင်နေကြပေတော့သည်။

၁၉၇၀ ခုနှစ်ကတည်းက ကျွန်တော်မဟာဗျူဟာသို့ ရောက်ရှိခဲ့ကာ ကိုကူးဘဝနှင့် တပ်ရင်းမှူးဘဝအတွေ့အကြုံများအရ ဗကပသည် ပြောင်းလွယ်ပြင်လွယ်စီမံတတ်သော ဦးနှောက်မရှိကြ။ ညွှန်ကြားချက်အတိုင်းသာ ပုံသေတိုက်ခိုက်တတ်ကြကြောင်းသိထားသည်။

မိမိတို့စခန်းကြီးငယ်ကို ဝင်တိုက်လျှင်လည်း စခန်းအနီးအနားတွင်



www.burmeseclassic.com

www.burmeseclassic.com





၂၁-၁-၁၉၇၅
နေ့ညမူဆယ်မြို့ဘိုတဲကုန်းစခန်း
ဝင်တိုက်သောဗကပခေါင်းဆောင်
လက်သေနတ်မှန်၍ ကိုင်ထားသောလက်မှ
ပြုတ်ကျခဲ့သည့်မီးကျည်သေနတ်ပြောင်းအား
မီးကျည်သေနတ်အကောင်းနှင့်အတူတွေ့ရပုံ။

တန်ပြန်တိုက်ရန် အရ
အင်အား မရှိသော စခန်းမျ
ကိုသာ ရွေးတိုက်တတ်သည်။
သတင်းရယူ စုဆောင်းမှုမှ
တော့ အလွန်တော်သည်။

## ကိုယ့်အားကိုယ်ကိုး

မိမိစခန်းတစ်ခု ကျ
သွား လျှင် အခြားတပ်ရင်း
တပ်ဖွဲ့မှ လူသစ်စိတ်သစ်ဖြင့်
ပြန်လည်တိုက်ခိုက်ကြရသည်။
အနည်းဆုံး တစ်ရက်နှစ်ရက်
အချိန်ယူမှ ပြန်တိုက်ရန်
တပ်များ ရောက်လာတတ်
သည်။

ဗကပတို့ မူဆယ်မြို့သိမ်းပိုက် တိုက်ပွဲဖန်တီးရန်အတွက် တပ်များဖြန့်ချဉ်းကပ်ပြီး ညအချိန်ကျမှတိုက်မည်ဟု ကျွန်တော်သုံးသပ်သည်။ တပ်မမှပို့မည့် စစ်ကူတပ်ရင်းတစ်ရင်းသည် နောက်တစ်နေ့ညနေမှ အစောဆုံးရောက်နိုင်မည်။ ကွတ်ခိုင်-မူဆယ်ကားလမ်းကိုလည်း ဗကပတို့က ဖြတ်တောက်ထားကြလိမ့်မည်။

## ဖိုးဂေါ်ရခါး စိတ်ဓာတ်

ရန်သူမမျှော်မှန်းချိန်မှာ အလစ်အငိုက်ပြန်တိုက်မည်။ ခလရ(-)သည် ဖိုးဂေါ်ရခါးအဖြစ် တရုတ်ဖြူကိုတိုက်ရာမှာ နာမည်ကြီးခဲ့သည်။ ကိုယ့်စခန်းကို ယာယီခွာပေးခဲ့ရသော်လည်း အခြားတပ်ကူမရောက်မီ ကိုယ့်တပ်နှင့်ကိုယ်ရအောင် ပြန်တိုက်မည်ဟု ကျွန်တော်ဆုံးဖြတ်သည်။

ကျွန်တော့်ဆုံးဖြတ်ချက်ကို အရာရှိအားလုံးကလည်း တညီတညွတ်တည်း လက်ခံဆုံးဖြတ်ကြသည်။

အကြပ်တပ်သား စစ်သည်များကလည်းပြန်တိုက်မည် တကဲကဲဖြစ်နေကြသည်။ အစဉ်အလာရှိသော ဖိုးဂေါ်ရခါးတပ်ရင်းကို မိမိတို့လက်ထက်မှာ





မိုင်းအပျက်မခံနိုင်ဟု တက်တစ်ခေါက်ခေါက်ဖြစ်နေကြသည်။ စခန်းကိုခေတ္တ ခွာခဲ့သော စစ်ကြောင်းမှူးဗိုလ်မှူးတင်စိန်ကလည်းကိုယ်တိုင် ပြန်တိုက်ရန် တက်ကြွနေသည်။ သည်အခြေအနေမှာ အားလုံးသေချင်သေပစေ၊ ကိုယ့်တပ်နှင့် ကိုယ်ပြန်တိုက်ရန် စိတ်ဓာတ်အားဖြင့် အမြင့်ဆုံးဖြစ်နေကြသည်။

ကျွန်တော်ထုတ်နှုတ်၍ရသော တပ်စုလေးစုနှင့်ယနေ့ပြန်တိုက်မည်။ ထိုအပ်ချိန်မှာ လေကြောင်းပစ်ကူတောင်းမည်ဟု နည်းဗျူဟာမှူးထံ တင်ပြလိုက်သည်။ တပ်မမှူးဗိုလ်မှူးကြီးမင်းဂေါင်လည်း လားရှိုးရှေ့တန်းတပ်မသို့ ပြန်ရောက်လာပြီး ကျွန်တော်နှင့်တိုက်ရိုက် ဆက်သွယ်မှုရပြီ။

ဗိုလ်မှူးတင်စိန်၊ ဗိုလ်ကြီးအောင်စိုး၊ ဗိုလ်ကြီးခင်မောင်ဦး၊ ဗိုလ်ကြီးမောင်နီ၊ ဗိုလ်မြင့်သိန်း၊ ဒုဗိုလ်စိန်လွင်၊ အလုပ်သင်ဗိုလ်ထွန်းရီတို့ ဦးစီးသောတပ်စိတ်များ စိတ်ဖြင့် ပြန်တိုက်မည်။

မိမိတပ်နှင့် မိမိစခန်းဟောင်းကို ပြန်တိုက်ရခြင်းမှာ နယ်မြေကျွမ်းကျင်မှု တစ်ပန်းသာသည်။ ကိုယ်ထောင်ခဲ့သော မိုင်းကွင်းလွတ်သည့်လမ်းကိုသိသည်။

မိမိတပ်ဖွဲ့များ ပွိုင့် ၄၅၆၁သို့ ချဉ်းကပ်နေဆဲမှာ ဗကပများကလည်း ခလရ(-)ဖြန့်ခွဲလုံခြုံမှုယူထားရသော စခန်းအားလုံးကို ပစ်ခတ်ထိန်းချုပ်လျက်ရှိသည်။

အနောက်ဘက် အစွန်ဆုံးဖြစ်သော ဗိုလ်ကြီးထွန်းကြည်၏ ဆယ်လန့်စခန်းမှစ၍ပန်ခါးတံတား၊ ဗိုလ်မှူးကြီးခင်မောင်ဆွေ၏ ပွိုင့် ၃၁၂၇ စခန်း၊ ကုန်ခံ၊ ဒွယ်လုံကျွန်၊ မှန်းယု(၁၀၅)မိုင်၊ ကကြီးတောင်ကုန်း၊ စံပါယ်တောင်ကုန်း၊ ဗိုလ်ခင်မောင်ဝင်း၏ မူတောင်းစခန်းတို့အားလုံးကို လက်နက်ကြီး၊ လက်နက်ငယ်များနှင့် ပစ်ခတ်ထိန်းချုပ်ထားကြသည်။

မိမိစခန်းမှလည်း မူလအင်အားမှ တပ်စု(၄)စုအထိ ထုတ်နုတ်ထားပြီး ကျန်၍တပ်စိတ်အင်အားနှင့်သာ စခန်းထိန်းရင်း စခန်းပြင်ပအရန်နေရာများမှ ပြန်လည် ပစ်ခတ်တိုက်ခိုက်နေကြရသည်။ ကျွန်တော်တို့ဖြန့်ခွဲထားသော စခန်းအားလုံးကို ရန်သူက တစ်ပြိုင်တည်းပစ်ခတ်နေကြသည်။ စခန်းအားလုံးကို လွှတ်ပြီးတပ်တွေ ပြန်စုကာ တန်ပြန်တိုက်ခိုက်ခြင်းမပြုအောင် ထိန်းချုပ်ထားခြင်း containment plan သာ ဖြစ်ပေသည်။

တပ်စုစခန်းမှာ ငါးယောက်ချန်ထားပြီး တပ်စိတ်နှစ်စိတ်စခန်းမှာ စစ်သည်



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးယောက်သာ ချန်ထားလျက် နေရာရွှေ့ပြောင်းပစ်ခတ်ရင်း ရန်သူကိုပြန် ထိန်းချုပ်ထားခဲ့ရသည်။

စစ်သည်တစ်ဦးလျှင် သေနတ်နှစ်လက်ကို အလှည့်ကျပစ်ခတ်ခြင်းဖြင့် ကာဘိုင်တစ်ယောက်ကျီတူးရိုင်ဖယ်တစ်ယောက်ပစ်ခတ်သလို ရန်သူတို့ အထင်မှား စေရသည်။ ထိုနည်းဖြင့် ထုတ်နုတ်နိုင်သမျှ ထုတ်နုတ်ကာ အရန်အင်အားကို စုစည်းရသည်။

စစ်ကူတွေစောင့်မနေဘဲ ကိုယ့်တပ်နှင့် ကိုယ်အမြန်ဆုံးပြန်တိုက်ဖို့ အရေးကြီးသည်။

စခန်းတိုင်းမှ လူအနည်းဆုံးချန်ပြီး ရန်သူကိုပြန်လည်ထိန်းချုပ်ရင်း ရန်သူ အင်အားကိုလည်း ကိုယ်ကပြန်လည် ဆွဲခေါ်ထားရသည်။ သို့မှသူ့တပ်တွေ ပြန့်[illegible] ပေလိမ့်မည်။

စခန်းအသီးသီးမှ စစ်သည်တွေ သတ္တိရှိရှိနှင့် တန်ပြန်စွန့်စားနေသလို ကျွန်တော်အနီးရှိ စစ်သည်များကလည်း သတ္တိစွမ်းပြနေကြသည်။

ဗိုလ်ကြီးဘထွန်းစခန်းမှ လက်နက်ကြီးကျည်ဆန် နည်းလာပြီဟု တင် ပြသည်။ လက်နက်ကြီးကျည်ဆန် ရာနှင့်ချီပစ်ရင်း ဝင်တိုက်နေသောရန်သူကို ခုခံတိုက်ခိုက်ရာမှာ စပယ်တောင်ကုန်းရှိ ဗိုလ်ကြီးဘထွန်းစခန်းမှ သုံးလက်မ စိန် ပြောင်းကျည် ၃၆ လုံးနှင့် ၇၅ မမကျည် ၂၄ လုံးသာ ပစ်ကူပေးနိုင်သည်။ ၇၅ မမ ကျည်လက်ကျန် ၇ လုံးသာ ကျန်တော့သည်။ အရပ်ကားပေါ် လက်နက်ကြီး ကျည်ဆန်သေတ္တာတွေတင်ပြီးတပ်ခွဲတပ်ထောက်စုံအဲဖရက်က ရဲဘော်တစ်ယောက် တည်းနှင့် ကျည်ဆန်သေတ္တာတွေအပေါ်ဝမ်းလျားမှောက်လျက် လိုက်ပါရင်းသွား သည်။ အပြန်မှာတော့ အမြန်ဆုံးမောင်းပြီးပြန်လာကြသည်။

ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးသိမ်းဆွေနှင့် တပ်ရင်းဆေးလက် ထောက်အရာခံ ဗိုလ်အောင်ငြိမ်းကလည်း လက်နက်ငယ်ကျည်ဆန်တွေကို အရပ် ကားနှင့် တင်ကာမူတောင်း စပယ်တောင်ကုန်းတို့ကို သွားပို့ကြသည်။

စစ်သည်တွေအားလုံး သွေးပူသွေးဆူကြချိန်ဖြစ်၍ ကြောက်နေလန့်နေ မိုးရိမ်နေချိန် မရကြ။ တိုက်ပွဲကြီးပြီးမှ ဆေးအရာခံဗိုလ်ထံတွင် ကာဘိုင်သေနတ် တစ်လက်ပိုနေသည်။ သူ့လက်ထဲ ဘယ်လိုရောက်နေမှန်း မမှတ်မိ။ ဗိုလ်ကြီးသိမ်း ဆွေက သေချာစွာစစ်ဆေးတော့ ကျည်ဆန်သွားပို့သော စခန်းမှ ကျဆုံးစစ်သည်





[illegible]သေနတ်ကိုယူလာပြီး အပြန်လမ်းတစ်လျှောက်ကားကို ပစ်သောရန်သူတွေ [illegible]က်သို့ ပြန်လည်ပစ်ခတ်ရင်း လက်ထဲပါသောသေနတ်ဖြစ်နေသည်။

ဆရာကြီးအောင်ငြိမ်းက ရန်သူ့ထံမှလက်နက်မရဘဲ ကိုယ့်ရဲဘော်ထံမှ [illegible]က်နက်ကိုယ် ပြန်ရလာသည်ဟု ချစ်စနိုး ပိုင်းစနေကြသေးတော့သည်။

တကယ့်တိုက်ပွဲကြီး ဖြစ်ပွားနေချိန်မှာ ထောက်လှမ်းရေးရော ဆေးတပ်ဖွဲ့ [illegible]ရာ တပ်ခွဲတပ်ထောက်ပါ သက်စွန့်ဆံဖျား တက်ညီလက်ညီ တိုက်ပွဲဝင်ကြရသည် [illegible]ဖြစ်ပါ၏။

## [illegible]ပြန်လည်သိမ်းပိုက်ပြီ

ပွိုင့် ၄၅၆၁ သို့ လျှိုများအတွင်းမှ တက်ရောက် ချဉ်းကပ်သောတပ်များ [illegible]ခြံစည်းရိုးနား ရောက်သည်အထိ ဗကပတို့ မသိကြ၊ စိတ်အေးလက်အေး ပေါ့ပေါ့ [illegible] နေကြဟန်တူသည်။ ခြံစည်းရိုးနားတပ်တွေ ရောက်လာမည်ကို မျှော်လည်း [illegible]မျှော်မှန်းထားကြဟန် မတူပေ။

ခြံစည်းရိုးနားအရောက် ချဉ်းကပ်နေပြီဖြစ်ကြောင်း စက်ဖြင့်သတင်းပို့ [illegible]မရမီ လေကြောင်းပစ်ခတ်မှု အကူအညီပေးရန် နည်းဗျူဟာမှူးတစ်ဆင့် လားရှိုးရှိ [illegible]မသို့ တင်ပြရသည်။

ခလရ (-)တပ်များသည် မွန်းလွဲ လေးနာရီတွင် ခြံစည်းရိုးကို အတင်း [illegible]လုံကာ ဝင်တိုက်ကြတော့သည်။

ဗကပ ၃၀၃ တပ်ရင်း အဒိုက်ခံရချေပြီ။ သုံးဖက်သုံးတန်မှ အတင်းဝင် [illegible]ိုက်နေချိန်မှာ ကေအိုင်အေကြာဘက်သို့ ၄င်းတို့ဆုတ်မည့်လမ်းကြောင်းကိုလည်း [illegible]ဖြတ်တောက်ရေးအဖွဲ့မှနေရာယူပြီးဖြစ်နေပြီ။ အင်အားကတော့ တပ်စိတ်နှစ်စိတ် [illegible]ည်းသာဖြစ်သည်။

## ကလဲ့စား ချေလိုစိတ်

ပွိုင့် ၄၅၆၁ ကို အတင်းပစ် အတင်းဝင်နေသောတပ်ဖွဲ့ဝင်များက [illegible]ရဲမရဲစီးသလို မခံချင်စိတ်၊ နာကျည်းစိတ်၊ ကလဲ့စားချေလိုစိတ်ဖြင့် အပြင်းထန်ဆုံး [illegible]ိုက်နေကြချိန်မှာ မလွယ်ပေါက်ကိုသိသော ဗိုလ်ကြီးမောင်နီ ဦးစီးကွပ်ကဲ[illegible] [illegible]ပ်စိတ်နှစ်စိတ်က အမြင့်ဆုံးတောင်ထိပ် Peak point ကို ခြံစည်းရိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



အတင်းဝင်လုံးလိုက်ကြသည်။

ပွိုင့် ၄၅၆၁ ဟူသော အမြင့်ဆုံး တောင်ထိပ်ချွန်လေးပေါ် တပ်စိတ်တစ်စိတ်ရောက်သွားသည်။ တောင်ထွတ်လေးပေါ်ရှိဗကပများကို ဆက်သွယ်ရေးမြောင်းအတွင်း လိုက်လံပစ်ခတ်ချေမှုန်းကြသည်။

ထိုတောင်ထွဋ်ကလေးကို စီးမိသည်နှင့်ချဉ်းကပ်တိုက်ခိုက်နေသော တပ်စိတ်များအားလုံး စခန်းပေါ် ရောက်လာကြပေတော့သည်။ ပစ်ကြခတ်ကြ လုံ့စွပ်ထိုးကြ၊ လက်ပစ်ဗုံးတွေ ပစ်ကြနှင့် ရှုပ်ထွေးနေကြပြီ။

## လေကြောင်းပစ်ကူ

ထိုအချိန်တွင် ရှေ့တန်းတပ်မရှိရာ လားရှိုးရှိ လေတပ်ဆွယ်မှတိုက်လေယာဉ်များ တက်လာပြီဖြစ်ကြောင်း သတင်းပေးလာရာ ကျွန်တော်မှာ ဦးနှောက်ခြောက်ရပြီ၊ ဗုံးကြဲလေယာဉ်များရောက်လာချိန်တွင် ကျွန်တော့်တပ်များကိုမှားယွင်းဗုံးကြဲမိမှဖြင့် ဒုက္ခ။

ကျွန်တော့်တပ်တွေ စခန်းပေါ်ရောက်နေပြီ ဖြစ်ကြောင်းနှင့် လေယာဉ်များပြန်ခေါ်ရန် အရေးတကြီးတင်ပြရပါတော့သည်။ ဆက်သွယ်ရေး စက်တွေကလည်း တစ်ချိန်လုံးဆက်သွယ်မှုရနေသည်။ ရှေ့တန်းတပ်မမှလည်း လေယာဉ်တက်သွားပြီ။ ဗုံးများချိတ်သွားကြသောလေယာဉ်တွေ ဗုံးများနှင့်အတူလေဆိပ်သို့ ပြန်ဆင်းရန်မဖြစ်နိုင်ဟု အသိပေးလာသည်။

ကျွန်တော့်မှာ လုံးထွေးတိုက်ခိုက်နေသော အရာရှိများ၏စက်များကိုတိုက် ရိုက် ဆက်သွယ်ညွှန်ကြားရင်း တပ်မနှင့်နည်းဗျူဟာသို့လည်း တစ်ချိန်တည်းတင်ပြနေရသည်။ နောက်ဆုံးတော့ ဗကပများ တောင်ဘက်သို့ ဆုတ်ခွာနေကြောင်း၊ စခန်းပေါ်မှာ မိမိတပ်တွေချည်း နေရာယူပြီးဖြစ်ကြောင်း စစ်ကြောင်းမှူးထံမှ သတင်းပို့ချက်ရရှိပြီ၊ အလင်းရောင်က မှောင်စပြုပြီ။

တိုက်လေယာဉ်တွေကို ဆက်သွယ်ပါ။

ပါလာသောဗုံးများ ကေအိုင်အေကျောခေါ် ပွိုင့် ၄၅၆၁ တောင်ကုန်း၏တောင်ဘက်မှ တောင်ကြောပေါ်ကြဲချခဲ့ပါဟု ရှေ့တန်းတပ်မသို့တင်ပြရတော့သည်။

တိုက်လေယာဉ်များ နေဝင်မှောင်ရီပျိုးစမှာ စွန့်စွန့်စားစား တက်လာခဲ့ရာမှ ပွိုင့် ၄၅၆၁ ပေါ်တစ်ပတ်ဝဲကာ တောင်ဘက်ရှိ တောင်ကြောပေါ်မှာ





တွေဖြုတ်ချပြီးလားရှိုးဘက်သို့ ဆက်လက်ပျံသန်းသွားမှ စိတ်အေးရပါတော့သည်။

ထိုအချိန်မှာ မှောင်စပြုပြီ။

ညနေ ခြောက်နာရီခွဲပြီ။

ပွိုင့် ၄၅၆၁ ကို ပြန်လည်သိမ်းပိုက်ရရှိပြီ။

## စစ်သားကြီး၏ အမိန့်

တပ်မမှူးထံမှ ညွှန်ကြားချက်ရလာသည်။

'ဦးကိုကြီး ပစ္စည်းတွေပါသွားရင် ဟိုဘက်ကမ်းအထိ လိုက်တိုက်ပါ' ဟု သော ညွှန်ကြားချက် ဖြစ်သည်။

အဓိပ္ပာယ်မှာ(လားရှိုးအမြောက်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကိုကြီး၏) အမြောက်များ ဗကပလက်ထဲပါသွားလျှင် ရွှေလီမြစ်တစ်ဖက်ကမ်းထိ လိုက်တိုက်ပါဟု ညွှန်ကြားခြင်းဖြစ်သည်။

စစ်တိုက်ရန်ပြတ်သားစွာ ပေးသောအမိန့် ဖြစ်၍ 'လိုက်နာပါမည်'ဟု ပြန်ပြောလိုက်သည်။ တစ်ဘက်နယ်မြေထဲလည်းတကယ်လိုက်တိုက်ရပေတော့မည်။

ထောက်လှမ်းရေးအရာရှိ ဗိုလ်သိမ်းဆွေကို ကွန်မန်ဒိုတပ်ကြပ်ကြီး တိုက်နှင့် တပ်စိတ်အပါအဝင် တပ်စုတစ်စုရအောင်ဖွဲ့ထား၊ ဒို့ မြစ်ဖြတ်ပြီး ဖြတ်လမ်းက လိုက်ရမယ်'ဟု မှာထားလိုက်သည်။

တစ်ချိန်တည်းမှာ ပွိုင့် ၄၅၆၁ တောင်ကုန်းပေါ်ရောက် တပ်ဖွဲ့များကို စစ်ကြောင်းမှူးကနေရာချနေသည်။ ကျွန်တော်နှင့်ဆက်သွယ်မှုရနေသော ဗိုလ်ကြီးအောင်စိုးကိုအမြောက်တွေရှိမရှိ ချက်ခြင်းစစ်ပြီး သတင်းပို့ရန်ခိုင်းလိုက်ရသည်။

'တစ်လက်တွေ့ပြီ' ဟု သတင်းပို့ချက်ရသည်။ နောက် သုံးလက်ကိုရှာနေပြန်သည်။ ဖြစ်ချင်တော့ သည်တောင်ကုန်းပေါ်မရောက်ဘူးသော ဗိုလ်ကြီးအောင်စိုးက မူလအမြောက်များ တစ်ကွဲစီထားရာနေရာကိုမသိ၍ မှောင်ထဲမှာလျှောက်ရှာနေရသည်။

ကျွန်တော့်မှာ ရင်တွေ တုန်နေသည်။

ရင်ခုန်သံက တဒိန်းဒိန်းမြည်နေသည်။ တစ်စက္ကန့်ကို တစ်ကမ္ဘာလိုစောင့်နေမိသည်။ ရင်ထဲမှရင်ခုန်သံသည် အာရုံကြောမှတစ်ဆင့် နားထဲသို့ ပြင်းပြင်းရိုက်ခတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးအောင်စိုးက 'လေးခုလုံး တွေ့ပြီ' ဟု သတင်းပို့လိုက်သောအခါ ပေါ်လာတော့မှ စိတ်အေးရတော့သည်။ ဗိုလ်ကြီးသိန်းဆွေကလည်း ဆက်သွယ်ရေးစစ်မှနေ၍ ရှေ့တန်းတပ်မနှင့် နည်းဗျူဟာမှူးထံ 'ဦးကိုကြီး ပစ္စည်းတွေ နဂိုအတိုင်းရှိသည်' ဟု ကြေးနန်း ပို့လိုက်ရတော့သည်။ ဦးစီးအရာရှိပီပီ ကျွန်တော့် အမိန့်ကိုစောင့်စရာမလိုဘဲ အလိုက်တသိတင်ပြလိုက်ခြင်း ဖြစ်ပေသည်။

## ပြန်လည်သုံးသပ်ကြည့်ရာ

မိမိကို ပေးထားသောအဓိကတာဝန် (၁)မှုဆယ်မြို့ ရန်သူ့လက် မကျစေရေးတာဝန်ကျေပွန်သည်။

အဓိကတာဝန်(၂)ဖြစ်သော အမြောက်စခန်းလုံခြုံရေးတာဝန်ကို နာရီပိုင်းမျှ မကျေပွန်ခဲ့။

သို့သော်ရန်သူ့လက်ထဲပါမသွားဘဲ နာရီပိုင်းအတွင်း (ဆယ်နာရီအတွင်း) အခြားစစ်ကူမပါဘဲ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ဖိုးဂေါ်ရခါးခေါ်ခလရ(-)၏ သမိုင်းမှတ်တိုင်ဖြစ်ခဲ့ရပါသတည်း။

ဗကပတို့ မန်ဟီးရိုးဒေသတွင် စုဖွဲ့နေကြောင်း သတင်းကြိုတင်ရသည် နှင့်နည်းဗျူဟာသို့ တင်ပြနိုင်ခဲ့သည်။


သို့သော်လည်း မူဆယ်တပ်ရင်းနှင့် နမ့်ပေါ်တံတား တပ်ရင်းတို့အကြား စပ်ကြားနယ်မြေ စိုးမိုးရေးအတွက် စစ်ကြောင်းတစ်ကြောင်း တပ်မမှူးက လျာထား ခဲ့သော်လည်း အုပ်ချုပ်မှုကိစ္စလိုအပ်ချက်အရ တာမိုးညဲဒေသသို့ ရိက္ခာစုပုံရေး တာဝန်ပေးထားမိ၍ ဗကပတို့ ဝင်ပေါက်လမ်းကြောင်းပွင့်ကာ ကေအိုင်အေအတိုက် အဆီးအတားမရှိ အမြောက်စခန်းအထိ ဝင်ရောက်တိုက်ခိုက်ခံလိုက်ရသည်။

ဈေးပြန်လူတွေအကြား ရောပါလာသော ဗကပ မိန်းကလေး နှစ်ဦးကို မသင်္ကာ၍ ဖမ်းဆီးစစ်ဆေးသော်လည်း ရုတ်ခြည်းစစ်ဆေးမရခဲ့။ သန်းခေါင်ကျော်မှ ဗကပတိုက်မည့်သတင်းရသည်။ သတင်းရလျှင်ရချင်း စက်လက်ပစ်စတ် အချက် ပေးကာ စက်ဆက်သွယ်မှုယူသည်။ Stand too လုပ်ထားခဲ့သည်။ အရန်ကျည် တွေ လက်ပစ်ဗုံးတွေ ဖြန့်ဝေပေးထားနိုင်ခဲ့သည်။

ဗကပတို့ ဝင်တိုက်ချိန်မှာ စခန်းတစ်ခုလုံးအသင့်အနေအထားနှင့် ခုခံ နိုင်ကြသည်။ ထို့ကြောင့် ဗကပတပ်ရင်း သုံးရင်းကို တပ်စုနှစ်စုနှင့်သုံးနာရီကျော် ကြာ ခုခံနိုင်ခဲ့ခြင်း ဖြစ်သည်။ အမြောက်စစ်သည်တွေလည်း ခြေလျင်တပ်ဖွဲ့နှင့်အတူ







၂၁၊ ၁၊ ၁၉၇၅ မူဆယ်ဒေသ ပွိုင့် ၄၅၆၁ တိုက်ပွဲ

ရာတိုက်ပွဲဝင်ကြသည်။ ထိုသို့အချိန်မီစစ်ဆေး၍ သတင်းမရလျှင် ဗကပတို့ တိုက်ချိန်တွင် ကင်းသမားမှအပကျန်စစ်သည်များ အိပ်ပျော်နေကြမည်။ အိပ်ပျော်နေသူများထဲမှ မည်မျှထာဝရအိပ်ပျော်သွားကြလေမည်မသိနိုင်၊ မမှန်းဆနိုင်၊ နာရီပိုင်းလေးရရှိသောသတင်းလက်ဦးမှုသည် အသက်ပေါင်းများစွာကို ကယ်တင် နိုင်ခဲ့သည်သာတည်း။

BURMESE CLASSIC .com

## ဂေါ်ရခါး စိတ်ဓာတ်

နောက်နေ့ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် တပ်မမှူးကြီးသည် မူဆယ်သို့ ရဟတ်ယာဉ်နှင့် ရောက်ရှိလာသည်။ တန်ပြန်တိုက်ပွဲ၏အဓိကဖြစ်သော ဗိုလ်ကြီး ဦးစီးကွန်မန်ဒိုတပ်စိတ်နှစ်စိတ်နှင့် အခြားတပ်စိတ်မှ ကိုယ်စားလှယ်များကို ကျွန်တော်က ခေါ်ထားလိုက်သည်။ တပ်မမှူးကြီးအားတိုက်ပွဲဖြစ်စဉ်ကို ရှင်းလင်း ပြအပြီးမှာ ကိုယ်တိုင်တိုက်ခဲ့ရသော စစ်သည်များကို တပ်မမှူးကြီးက မေးသည်။ မေးသည်။ တကယ်တိုက်သူတွေကို တကယ်တွေ့ဆုံမေးမြန်းမှ တကယ့် အခြေအနေ သိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်မမှူးကြီးအပြန် ရဟတ်ယာဉ်မြေမှအကြွမှာ လက်သီးဆုပ်၍ မြှောက်ပြသည်။ ကွန်မန်ဒိုစစ်သည်များနှင့် အခြားစစ်သည်များပါ လက်သီးဆုပ် လျက် လက်မြှောက်ပြလျက်သား အလိုလိုဖြစ်သွားကြသည်။

ခလရ (-)၏ စိတ်ဓာတ်ကို တပ်မမှူးကြီး ဗိုလ်မှူးကြီးမင်းခေါင် ကိုယ်တိုင် တွေ့သွားသည်။ သိသွားသည်။

(နောင်သောအခါမှ သိရသည်မှာ တပ်မမှူးကြီး လားရှိုး ပြန်ရောက်၍ စစ်ရုံးသို့ တင်ပြရာမှာ ခလရ(-)က စစ်သည်အားလုံး စိတ်ဓာတ်ကြံ့ခိုင်နေကြသည့် သည်ဒေသမှာပင် ဆက်လက် တာဝန်ပေးသင့်သည်ဟု တင်ပြလိုက်ကြောင်း တပ်မ မှူးကြီးက ကျွန်တော့်ကိုပြန်လည်ပြောကြား၍ သိလိုက်ရပါသည်)။

BURMESE CLASSIC .com

## ဗကပ တပ်ရင်းမှူးအလောင်း

ပွိုင့် ၄၅၆၁ စခန်းကို ဗကပတို့ စွန့်ခွာထွက်ပြေးကြသောအကြောင်းရင်း မှာ ခလရ(-)မှ သူရဲမရဲစီးသလို အတင်းဝင်အတင်းတိုက်ရင်း တောင်ထိပ်ကို စီးမိသွားခြင်းနှင့်အတူ အခြားအမြတ်လည်းရရှိသေးကြောင်း ဇန်နဝါရီလ ၂၂ ရက် နေ့စခန်းကို ပြန်လည်ရှင်းလင်းစဉ်သိလိုက်ရပြန်သည်။

၄င်းတို့ ဆုတ်ခွာရင်း ခြံစည်းရိုးအစပ်တွင် အမြန်တူး၍ အမြန်မြှုပ်သွား သောမြေပုံတစ်ခု တွေ့ရသည်။ တိုက်ရင်းခိုက်ရင်း ကျဆုံးသူအလောင်းများပြန်၍ နေသည်။ ဒဏ်ရာရသူများ ဆွဲပြေးသောစွပ်ကြောင်းရာများလည်း တွေ့ရသည်။ ထိုအထဲမှ ထူးခြားစွာတွေ့ရသော အမြန်မြေမြှုပ်ထားသည့်အလောင်းကို ဖော်ကြည့် ရာ ဗကပတပ်မှူးတို့ ကိုင်လေ့ရှိသောချယ်ရီသားတုတ်ကို ကိုယ်၏ညာဘက်တွင် ကပ်လျက်မြှုပ်ထားသောအလောင်းဖြစ်နေသည်။

အရှင်ဖမ်းဆီးရမိသူဗကပကိုခေါ်ယူပြသရာ ဗကပတပ်ရင်း ၃၀၃ တပ်ရင်းမှူးဖြစ်ကြောင်းထွက်ဆိုသည်။ ကျွန်တော်တို့က ဓာတ်ပုံရိုက်ယူကာ နည်းဗျူဟာမှူးထံ တင်ပြခဲ့ပါသည်။

(တိုက်ပွဲဖြစ်သည်မှာ ၃၄ နှစ် ကြာပြီဖြစ်သလို ကျွန်တော်ကိုယ်တိုင် တပ်မတော်မှ ခွဲခွာခဲ့ရသည်မှာလည်း ၂၇ နှစ်ရှိပြီ ဖြစ်၍ ကျွန်တော့်တွင် ဓာတ်ပုံမှတ် တမ်း မရှိတော့ပါ။ ထိုအချိန်က ခလရ(-)၏ တိုက်ပွဲအစီရင်ခံစာ စာအုပ်ထူကြီးထဲ ပါရှိမည်ဟု မှတ်မိပါသည်)





ထိုတိုက်ပွဲတွင် ပထမဦးစွာ ပွိုင့် ၄၅၆၁ တောင်ထိပ်ရောက်ရှိ သိမ်းပိုက် ကြသောဗိုလ်ကြီးမောင်နီ၊ ဒုတပ်ကြပ်တင့်ဆွေ၊ တပ်သားကြည်မြင့်၊ တပ်သားအောင် ...န်း၊ တပ်သားဗဟာဒူး၊ တပ်သားလှရွှေ၊ တပ်သားဆားအိ၊ တပ်သားအောင်ချို၊ တပ်သားခင်မောင်သန်း၊ တပ်သားတိရယ်(ကျဆုံး)တို့ ဆယ်ဦးကို နိုင်ငံတော်မှ 'သူရ' စွမ်းရည်ဘွဲ့ အပ်နှင်းချီးမြှင့်ခံရပါသည်။

## ...ယ်တိုက်ပွဲမှ သင်ခန်းစာ

စစ်သားဟူသည် စစ်တိုက်ရမည်။

စစ်တိုက်သည် ဆိုရာတွင် နိုင်ခြင်းရှိသလို ရှုံးခြင်းရှိရမည်။ အောင်နိုင် ...သာ စစ်ပွဲကို ဂုဏ်ယူရသလို ရှုံးရသောစစ်ပွဲကို စိတ်ပျက်အားငယ်စွာ လက်မှိုင်ချ ...ရန် မသင့်၊ စိတ်ဓာတ်ကျစရာမလို၊ အရှုံးကိုအနိုင်ဖြစ်အောင် ကြိုးစားဖို့သာ ...ဓိက စိတ်ဓာတ်အင်အားလိုကြောင်းတွေ့ခဲ့ရပေသည်။

မိမိစခန်းတစ်ခု ကျသည်။

အမြောက်လေးလက်ရှိသော အမြင့်ဆုံးတောင်ကုန်း လုံခြုံမှုအတွက် ...မြို့လျှင်တပ်စုတစ်စု၊ အမြောက် စစ်သည်တပ်စုတစ်စုတည်းနှင့် ထားခြင်းသည် ...လောက်သောအင်အားမဟုတ်ကြောင်း တွေ့ခဲ့ရသည်။

အင်အား ငါးရာကျော်ပါရှိသော မိမိတပ်ရင်းမှ စခန်း ၁၁ ခု ဖြန့်ခွဲထိန်း ...ခြင်း၊ လှုပ်ရှားအရန်အင်အားထုတ်နုတ်လှုပ်ရှားနေခြင်းတို့ကြောင့် ၂၇ ယောက် ...သာ တိုက်ခိုက်ရေးစစ်သည်အင်အားသည် ထောင်နှင့်ချီလာသောရန်သူကို တန်ပြန် ...နိုင်သောအင်အားမဟုတ်ကြောင်း တွေ့ရသောသင်ခန်းစာရခဲ့ရသည်။

အဆများစွာသောရန်သူက လက်နက်ကြီး ၁၂ လက်ဖြင့် ကျည်ဆန် ...င်း ၄၀၀ ကျော်နှင့် ဒုသမ ၅ စက်ကြီးများစွာဖြင့် ပစ်ခတ်တိုက်ခိုက်ချိန်မှာ ...ပစ်ကူပေးနိုင်သောစခန်းမှ ၇၅ မမနှင့်သုံးလက်မစိန်ပြောင်း ကျည် ၆၀ မျှသာ ...တ်သုံးစွဲနိုင်ခဲ့သည်။ Win the fire fight ဟူသော စစ်အောင်နိုင်သည့်မူနှင့် ...ညွတ်ခဲ့ချေ။

ဗကပတို့သည် မိမိတပ်ကိုတန်းတူရည်တူ ရင်ဆိုင်တိုက်နိုင်သည့် ...မတော်မဟုတ်။ လမ်းညွှန်ချက်ယူရသည်၊ ဆရာကြီးများ စီမံညွှန်ကြားချက် ...ိုင်းသဝေမတိမ်းလုပ်ရသည်။ တောင်ကုန်းတစ်ခုကို တက်တိုက်ခိုင်းသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လူလှိုင်းလုံး Human wave မှုသာသုံးရသည်။ တစ်သုတ်ပြီးတစ်သုတ် တက်ခိုင်းသည်၊ တိုက်ခိုင်းသည်။ တက်မရ၍ပြန်ဆုတ်သော လူစစ်သားကို ကျည်ဆန်နှင့်စောင့်ပစ်သည်၊ နောက်ပြန်လှည့်ပြေးသူသေရမည်၊ တက်လျှင်တက် စတက်လျှင်သေဟူသော လူမဆန်သည့်အမိန့်နှင့်တိုက်ခိုင်းသည်။

သတင်းရယူ စုဆောင်းမှုမှာတော့ ဗကပတို့က တော်သည်။ မိမိတပ်စခန်းသတင်းရယူရာမှာစနစ်ကျသည်။ စိတ်ရှည်သည်။ နည်းမျိုးစုံကြံ၍ဖန်၍ရယူသည်။

နယ်စပ်ဒေသဖြစ်သော မူဆယ်နှင့်နမ့်ခမ်းဒေသမှာ ကျွန်တော်အကြိမ်ကြိမ်တာဝန်ယူခဲ့ဖူးသည်။

စခန်းဝန်းကျင်၊ မြို့ရွာဝန်းကျင် မြစ်ကူးချောင်းကူးနေရာမျိုးစုံမှာ မျက်နှာစိမ်းများ တွေ့ရတတ်သည်။ ဈေးနေ့လို လူသွား လူလာများသောနေ့မှာ မျက်နှာစိမ်းများတွေ့ရသည်။ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှလေးများ၊ အဘိုးအိုအဘွားအိုများ၊ သူတောင်းစားများ၊ သူရူးများ မျိုးစုံတွေ့ရသည်။ ထိုထို အထောက်တော်များနှင့်သတင်းယူကြသည်။

မူဆယ်တွင် ပွိုင့် ၄၅၆၁ မတိုင်မီ မိန်းမပျိုလေးများ မူဆယ်မြို့တွင်းသို့ဝင်လာသည်ကို ဖမ်းမိခဲ့သည်။

နမ့်ခမ်းမြို့မှာ တာဝန်ကျစဉ်ကလည်း အရူးတစ်ယောက်နှင့် သူတောင်းစားတစ်ယောက်ကို မယောင်မလည် သွားလာနေစဉ် အကြိမ်ကြိမ်တွေ့ရှိ ဖမ်းမိခဲ့ဖူးသည်။

မူဆယ်နှင့် ပွိုင့် ၄၅၆၁ တိုက်ပွဲမှာ ထိုနည်းများအပြင် မိမိတပ် ဝင်ရောက်တာဝန်မယူမီ အခြားတပ်မှတိုက်ပွဲတွင် ဖမ်းမိထားသူနှစ်ဦးနှင့်၎င်းတို့ထံ ထွက်ပြေးခိုလှုံသွားသူ (တပ်ထဲမှာ စစ်စည်းကမ်း ပြစ်မှုရှိ၍) တစ်ဦးထံမှ စခန်းအားလုံးသတင်းရသွားကြသည်။

ထို့ကြောင့် 'အမာရောင် အမွှတိုက်' ဟူသော ဗကပစစ်မဟာဗျူဟာဖြင့်လူနည်းသော အမြောက်စခန်းကို ဝင်တိုက်ကြခြင်းဖြစ်သည်။

တရားသေ ပုံသေစီမံချက်ကိုလည်း တိတိကျကျပြင်ဆင်ဆောင်ရွက်တတ် သည်။

၂၁-၁-၁၉၇၅ ည မူဆယ်မြို့ကို ဝင်ရောက်ပစ်ခတ်ချိန်မှာ ကြိုတင်





ရောက်ရှိနေသော ဗကပဟု ယူဆရသူများက မြို့တွင်းလမ်းပေါ်မှာ စာရွက်တွေဖြန့်ကြထားခဲ့သည်။

ပွိုင့် ၄၅၆၁ ကို သိမ်းပိုက်ပြီးပြီ။ မူဆယ်မြို့သူမြို့သားများ ပြည်သူ့တပ်မတော်(ဗကပ)နှင့် ပူးပေါင်းကြလော့ဟူသော စာရွက်များဖြစ်သည်။

၂၂-၁-၁၉၇၅ နေ့တွင် မူဆယ်နှင့် ဆယ်လန်စခန်းအကြားရှိ ပန်ခမ်းကျေးရွာသို့ ရှာသားတစ်ယောက်နှင့်စာပို့လာသည်။

မူဆယ်နှင့် ဆယ်လန်မြို့များကို ပြည်သူ့တပ်မတော်မှ သိမ်းပိုက်ပြီးဖြစ်၍ ကျန်ဆန်းစခန်းမှုစစ်သည်များ လက်နက်ချကြလော့ဟု ရေးထားသောစာဖြစ်သည်။

ဤလှုပ်ရှားမှုများ လေ့လာခြင်းဖြင့်

ပွိုင့် ၄၅၆၁ အမြောက်ကုန်းသိမ်းမည်၊ မူဆယ်မြို့ကို သိမ်းမည်၊ (သိမ်းပိုက်ရရှိမည်ဟုလည်း သူတို့ ယုံကြည်ကြသည်မှာသေချာသည်)

ကျန် စခန်းလေးများအား တစ်ခုပြီးတစ်ခု လက်နက်ချစေမည်။

မူဆယ်စခန်းများကို ပြန်လည်သိမ်းပိုက်ရန် စစ်ကူလာရောက်မည့် လမ်းကြောင်းတွင်လည်း ဖြတ်တောက်တိုက်ခိုက်ရေး ပြင်ဆင်ထားကြသည်။ မိမိတောင်ဘက်အစွန် မော်တောင်းစခန်းတောင်ဘက် ပဓောက်ကျေးမှာဖြစ်သည်။

ပြန်လည်တိုက်ခိုက်မည့် စစ်ကူတပ်မရောက်မီ ၂ ရက် ၃ ရက်အတွင်း မူဆယ်မြို့နှင့် စခန်း ၁၀ ခုကို အရယူနိုင်ရန် ပုံသေစီမံမှုနှင့်လာတိုက်ကြခြင်းဖြစ်သည်။

မူဆယ်မြို့လည်း ရန်သူ့လက်သို့ မကျ။

ပွိုင့် ၄၅၆၁ တောင်ကုန်းကိုလည်း မိမိထုတ်နုတ်တပ်နှင့် ၁၀ နာရီအတွင်း ပြန်လည်သိမ်းပိုက်ရရှိသော်လည်း သံပတ်ပေးထားသောစက်ရုပ်လို ဗကပများက ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ဝါဒဖြန့်သိမ်းသွင်း စာရွက်စာတမ်းများဖြန့်ဝေခြင်း ။ တရားသေစီမံချက်များဆရာမှာလျှင် မှာသလိုလုပ်သော ဗကပ လုပ်ရပ်ကို သိမြင်စေကြောင်း တွေ့ရပါသည်။

ထို့ကြောင့်

လူအင်အား လက်နက်အင်အားများစွာကွာခြား၍ ဆုတ်ခွာပေးလိုက်ရသော ပွိုင့် ၄၅၆၁ တောင်ကုန်းအား ဖေးမကြည့်ရှုရင်း စိတ်စာတ်ချောက်ချားစွာ ကျိုင်ချလျက် စစ်ကူတပ်အလာကို ထိုင်စောင့်နေမိလျှင် ဗကပတို့ ပုံသေစီမံချက်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ကျွန်တော်တို့ကျရောက်မှာ သေချာသည်။

အချိန်၏အရေးကြီးမှုကို အဓိကထားၡ၍ရှိသမျှလူကို ရသမျှစုဖွဲ့ ... ပြင်းထန်သောစိတ်ဓာတ်နှင့်တည်ပြန်တိုက်ခိုက်သိမ်းပိုက်ရရှိသောပွိုင့် ၄၅၆၁ တို ... သည်ဗကပတို့ တရားသေစီမံချက်ကိုပျက်စေသည်။


အစဉ်အလာရှိသော ဖိုးဂေါ်ရခါးခေါ် ခလရ(-) ဂုဏ်သိက္ခာကို ထိန်း ... ခဲ့သည်။

တပ်မတော်၏သိက္ခာ တပ်မ(-)၏ သိက္ခာနည်းဗျူဟာ ၉၉၃ ၏သိက္ခာ ... တို့ကို ထိန်းနိုင်ခဲ့သည်။

**'စစ်တို့၏သဘောတရားမှာ လူသူစစ်သည် နည်းသည် များသည် ပ ... မဟုတ်၊ သူရသတ္တိနှင့် စစ်ပရိယာယ် ဆင်ယင် မှုသာ လိုရင်းဖြစ်သည်'** ဟူသော ... ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲမိန့်ခွန်း ကောက်နုတ်ချက်သည် မည်သည့်ခေ ... မည် သည့်အခါမဆို တရား သော စစ်ဆင်နွှဲနေရ သော စစ်သည်တို့အ တွက် ... အဓိကလမ်းညွှန် မီးရှူးကြီးသာဖြစ် ကြောင်း သင်ခန်းစာ ဖော်ထုတ် ရရှိခဲ့ပါ ... တော့သည်။

**နည်းဗျူဟာမှူးအသစ်**

ထိုတိုက်ပွဲကြီး ဖြစ်ပွားပြီးနောက် နည်းဗျူဟာမှူးများ အလှည့်ကျ နားကြရသည့် အစီအစဉ်အရ နည်းဗျူဟာ (၉၉၁)မှူး ဒုဗိုလ်မှူးကြီးသူရညွှန့်တင် (ဗိုလ်သင်တန်းအပတ်စဉ် ၂) က တာဝန်ယူလာပါသည်။ ဗျူဟာမှူးကြီးသည် တာဝန်လက်ခံပြီး မိမိတာဝန် ယူရသော နယ်မြေအတွင်း လှည့်



ပွိုင့် ၄၅၆၁ တိုက်ပွဲ (၂၁-၁-၁၉၇၅)တွင် အသက်စွန့်လှူခဲ့သောတပ်မတော်သားများအတွက် အမှတ်တရကျောက်တိုင်





...ည်စစ်ဆေးရင်း ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင်မူဆယ်သို့ ရောက်ရှိ ...အိပ်ရပ်နားပါသည်။

နည်းဗျူဟာ (-)မှူးကြီးက ပဲဟင်းနှင့် ငါးဖန်းမ ငပိကောင်ကြော်ကို ...ပ်ကြိုက်သည်။ ယခုဗျူဟာမှူးကြီးက အချဉ်အစပ်သိပ်မကြိုက်၊ အသားဟင်းဆို ...ချက်နှစ်သက်သည်၊ အသီးအနှံကြိုက်နှစ်သက်သည်။

မူဆယ်စခန်းကို ရောက်ရှိလာသောညနေမှာ ကျွန်တော်က နယ်မြေ ...ခြေအနေရှင်းပြရသည်။ ပြီးနောက် ညစာကျွေးသည်။ ညစာစားအပြီး အချိုပွဲ ...ဖြစ်လိမ္မော်သီးယူလာရာ လက်ဖြောင့်တပ်စိတ်က စေတနာပိုလျှက်အခွံနွှာပြီးသား ...မွှာကြီးတွေ ပန်းကန်နှင့်အပြည့်ထည့်လာသည်။

**...ျန်းမာရေးပညာပေး**

ထိုအခါ လက်ဖြောင့် တပ်စိတ်မှူးတပ်ကြပ်ကြီးမြမောင်အား ဗျူဟာမှူး ...ကြီးကခေါ်၍ အလွန်တရာလတ်ဆတ်သော လိမ္မော်သီးကို အလုံးလိုက် ရေဆေးပြီး ...န်းကန်နှင့်ထည့်ပေးသင့်ကြောင်း၊ ယခုလိုအခွံနွှာ၍ကျွေးခြင်းဖြင့် လက်မှုပိုးမွှားများ ...ပ်ပါလာနိုင်ကြောင်း ရှင်းလင်းပညာပေးပါသည်။

နောက်နေ့ နံနက်စောစောမှာတော့ ပန်းကန်နှင့်အပြည့်ထည့်ပေးထားသော ...လိမ္မော်သီး အလုံးကြီးကြီးများကို ကိုယ်တိုင် အခွံနွှာ၍ မြိန်ယှက်စွာ စားသောက်နေ ...ပါသည်။ မူဆယ်မြို့နံနက်ချမ်းချမ်းမှာလိမ္မော်သီးစားခြင်း၊ လိမ္မော်ရည်သောက်ခြင်း ...မှာကျန်းမာရေးအတွက် အထူးသင့်လျော်ကြောင်း သင်ပြသွားပါတော့သည်။

နံနက်စောစောစာ စားပြီး

ဗျူဟာမှူးကြီးသည် ပွိုင့် ၄၅၆၁ သို့ ဆက်၍ စစ်ဆေးသည်။ ခံစစ်တည် ...ဆောက်မှုအတွက် လိုအပ်သည်များထောက်ပြပြီး ထပ်မံပြင်ဆင်ကြရန် ညွှန်ကြား ...ပါသည်။ ဗျူဟာမှူးကြီးများသည် ကျွန်တော်တို့ထက်အတွေ့အကြုံ ပိုမိုရင့်ကျက် ...သူများဖြစ်သည့်အလျောက် ကျွန်တော်တို့မမြင်၊ မသိ၊ မလုပ်မိသည်များကို အမြဲ ...လမ်းပြညွှန်ကြားလေ့ ရှိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရေတိမ်နစ်ပြီ

ထိုသို့ လိုအပ်သည်များ ညွှန်ကြားပြီး ဗျူဟာမှူးကြီးက နံနက်စာမစား နမ့်ပေါ်တံတားသို့ ပြန်သည်၊ စစ်ဘက်ထုံးတမ်း စဉ်လာအရလူကြီးလာလျှင် တပ်ရင်း တပ်ခွဲမှူးများမှ ကိုယ့်နယ်မြေဆုံးသည်အထိတာဝန်ယူပို့ပေးကြရပါသည်။

ယခုလည်း ကျွန်တော့်နယ်မြေဆုံးသည်အထိ အစောင့်အရှောက်နှင့် လိုက်ပို့ရန် ပြင်ဆင်ထားပါသည်။ ကျွန်တော်လိုက်ပို့မည်ကို ဗျူဟာမှူးကြီးက လက်မခံပါ။ ပွိုင့် ၄၅၆၁ ကို ပြုပြင်စရာများ မှာကြားထားသည့်အတိုင်း ချက်ချင်း လုပ်ရန်နေခဲ့ရမည်။ စစ်ကြောင်းမှူးကို အသေးစိတ်ထပ်မံ ညွှန်ကြားရမည်၊ တစ်ပတ် ကြာလျှင်ပြန်စစ်ရမည်ဟု အမိန့်ပေးကာထားခဲ့ပါသည်။

အမြောက်တပ်မှ ယာယီတပ်ရင်းမှူး ဗိုလ်မှူးထွန်းကြည် (ဗိုလ်သင်တန်း ၁၁)ပါလာ၍ ကျွန်တော်ကရယ်စရာပြောလိုက်ပါသေးသည်။

'ကိုထွန်းကြည်ရေ၊ ဗျူဟာမှူးကြီး အမိန့်ပေးလို့ ကျွန်တော် လိုက်မပို့ရတဲ့ အကြောင်းတပ်မမှူးကို သတင်းပို့လိုက်ပါနော်' ဟု ပြောရင်းအလေးပြုကာ နေရစ်ခဲ့ ရပါသည်။

ပွိုင့် ၄၅၆၁ မှ ကျွန်တော့်နယ်မြေအစွန် မော်တောင်းစခန်း တောင်ဘက် အထိ မိနစ်နှစ်ဆယ်ခန့်ကားမောင်းရပါသည်။ ဗျူဟာမှူးကြီး ထွက်သွားပြီး မိနစ် သုံးဆယ်ကြာမှ (ကျွန်တော့်နယ်မြေ ကျော်လွန်သွားကြောင်း သတင်းပို့ချက်ရပြီး ခဏအကြာမှာ)ကျွန်တော်နံနက်စာစားဖို့ ဝါးစားပွဲလေးမှာထိုင်ရင်း လက်ဆေး လိုက်သည်။

ထိုအချိန်မှာ ဝုန်း-ဒိုင်း ဟူသော လက်နက်ကြီးပစ်သံများ ကြားရသည် နှင့်ကျွန်တော့်တပ်စုတစ်စုနှင့် ချက်ချင်းလိုက်သွားရပါသည်။ ကျွန်တော့်နယ်မြေ အဆုံးမှာ ကျွန်တော့်ယာဉ်တန်းကို ၇၅မမနှင့် လှမ်းပစ်ပါတော့သည်။ ကံအား လျော်စွာဗကပတို့ ပထမအချက်ပစ်သည်နှင့် ကျွန်တော်ကားတန်းကတောင်က လေးတစ်လုံးအကွယ်သို့ ရောက်သွားသည်။ ကျွန်တော့်နယ်မြေမှနှစ်မိုင် ကျော်သည် အထိခြေလျင်ရှင်းသည်။ ဗျူဟာမှူးကြီးအဖွဲ့လွတ်သွားပြီဟုယုံကြသည်။ ပြီးနောက် ပြန်လှည့်လာခဲ့ပါတော့သည်။ ဗကပက ထပ်မပစ်တော့ပါ။

နောက်မှသိရသည်မှာ ကျွန်တော့်နယ်မြေလွန်သွားပြီး ပစောက်ကျေး အရောက်တွင် အရှေ့ဘက်တောင်ကြောမှ ၇၅ မမ တိုက်ရိုက်ပစ်ခတ်မှုကြောင့်





ဗျူဟာမှူးကြီး ထိမှန်သွားကြောင်းသိရပါတော့သည်။

ကြားဖြတ်သတင်းများအရသိရသည်မှာ ပထမနေ့ ဗျူဟာယာဉ်တန်း မှဆယ်သို့ တက်လာသည်ကိုတွေ့ပြီး ကားလမ်းအရှေ့ဘက်ရှိ ဗကပတပ်မဟာ(၂) အဖွဲ့(ပွိုင့် ၄၅၆၁တိုက်ပြီး ပြန်ထွက်သွားသောအဖွဲ့)မှ ကားလမ်းမိုင်တိုင်တစ်ခု ကို ၇၅ မမ၊ ၅၇ မမတို့နှင့်ပြု၍ပြောင်းထိုးချိန်ထားရင်း စောင့်ကြသည်။ နောက် တစ်နေ့အပြန်မှာ ကြိုတင်ချိန်ထားသောမိုင်တိုင်အရောက် စုပြုံပစ်ခတ်ခြင်းကြောင့် တစ်တောင့်မထိတစ်တောင့်ဖြင့် ဗျူဟာမှူးစီးသောကားကို ထိမှန်ခဲ့ခြင်းဖြစ်ပေသည်။

တကယ့်ကို နှမြောဖွယ် ကောင်းလှစွာသော ဆုံးရှုံးမှုကြီးပါတည်း။

## သတ္တိရှိသူ

ဗျူဟာမှူးကြီးသည် အလွန်သတ္တိရှိသူ ဖြစ်သည်။ မူဆယ်ဘက်သို့ လောမီ ကွတ်ခိုင်မှတာမိုးညဲသို့ သွားစဉ်ကလည်း လုံခြုံရေးလိုက်ပါသော အစောင့် များနေးသည်ဟုဆိုကာ သူ့အကူရဲဘော်နှင့်အတူ မြင်းနှင့်ရှေ့ကသွားနှင့်သည်။ တာမိုးညဲရွာအဝင်မှာ ကာကွယ်ရေးတွေကတားပြီး၊ငါဗျူဟာမှူးပါဟုပြောလည်းမရ။

ဗျူဟာမှူး ဒီလိုနှစ်ယောက်တည်း မလာဘူးဟုသာ ပြောနေကြသည်။ ကံအားလျော်စွာ ဗျူဟာမှူးအသစ်အား ကွတ်ခိုင်နည်းဗျူဟာတွင် တွေ့ခဲ့မိသော ကာကွယ်ရေး ခေါင်းဆောင်တစ်ဦးရောက်လာ၍အဆင်ပြေသွားသည်။ ဗျူဟာမှူး လုံခြုံရေးတပ်စုသည် ခြေလျင်လာနေရသည့်အတွက် တစ်နာရီကျော်ကြာမှ တာမိုးညဲ သို့ရောက်လာသည်။ ဤမျှသူရသတ္တိနှင့်ပြည့်စုံသော ဗျူဟာမှူးကြီး ရေတိမ် နစ်ခဲ့ရသည်မှာနှမြောဖွယ်ကောင်းလှသည်။

အသွားလမ်း၊ အပြန်လမ်းတစ်ကြောင်းတည်းသာ သုံးရသောဒေသမှာ အချိန်အငိုက်ယူကာညဘက်သို့မဟုတ်နံနက်စောစောနှင်းမကွဲမီသို့မဟုတ် ယာဉ်တန်း နစ်စုခွဲ၍ လှည့်စားမှုလုပ်ရန် သတိမထားမိခဲ့ကြသော ကျွန်တော်တို့၏ သမားရိုးကျ လုပ်ရှားမှုကြောင့်ဟုသာ သုံးသပ်ရပေလိမ့်မည်ထင်သည်။

ပွိုင့် ၄၅၆၁ စခန်း နာရီပိုင်းမျှရန်သူ့လက် ကျသွားခဲ့သည်ကို မိမိတပ် နှင့်မိမိပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ မိမိစခန်းများစစ်ပြီး ပြန်သွားသော ဗျူဟာမှူးကြီး အသက်ဆုံးရှုံးရသည်ကိုတော့ ကျွန်တော်တို့ဘာမျှမတတ်နိုင် စကျုနပ်စိတ်နှင့် တောက်ခေါက်နေရုံမှတစ်ပါး အခြားလည်းမရှိပါပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



## နားတီး-နမ့်စလပ်

ဗကပ အရှေ့မြောက်စစ်ဒေသသည် လားရှိုးနှင့်ကွမ်းလုံကို အဆက်ဖြတ်ချင်သည်။ ၁၉၇၁ ခုနှစ် ကွမ်းလုံရက်လေးဆယ်တိုက်ပွဲမှာ ရှုံးနိမ့်ဆုတ်ခွာသွားရပြီးနောက် သိန္နီ၊ ကွမ်းလုံ ကားလမ်းပေါ်ရှိ နားတီး-နမ့်စလပ်ဘက်သို့ အကြိမ်ကြိမ်ထိုးဖောက်ဝင်ရောက်လာသည်။

ထိုသို့ ထိုးဖောက်ဝင်ရောက်လာချိန်မှာ ကျွန်တော်တို့ တပ်ရင်းလှုပ်ရှားစစ်ဆင်ရေးတာဝန်ကျချိန်နှင့်နှစ်ကြိမ်နှစ်ခါကြုံရတိုက်ရသည်။

ပထမအကြိမ်က ဗကပအင်အားမများဘဲ အကဲစမ်းဝင်ရောက်လာချိန်ဖြစ်သည်။ နမ့်စလပ် မြောက်ဘက်တောင်ကြောတွေအထိ ဝင်လာသည်။ နည်းဗျူဟာမှူးမှာ ဗိုလ်မှူးကြီးညိမ်းမောင်(ဗိုလ်သင်တန်း ၁၁)ဖြစ်သည်။ ကျွန်တော့်တပ်သည် နည်းဗျူဟာနှင့်အမြောက်လုံခြုံရေးတာဝန်ယူရင်း အရန်နေရမည်။

ခလရ (-)ဒုဗိုလ်မှူးကြီးသူရကျော်စွာ (ဗိုလ်သင်တန်း ၁၀)က တက်တိုက်ရမည်။ သူ့တပ်မှအားကိုးရသောအရာရှိများမှာ ဗိုလ်ကြီးအောင်သိန်းလင်း၊ ဗိုလ်ကြီးစိန်ဝင်း စသူတို့ဖြစ်သည်။ သူ့တပ်မှထောက်လှမ်းရေးအရာရှိ ဗိုလ်စိန်တင်ဝင်းနှင့် ကျွန်တော့်ထောက်လှမ်းရေးအရာရှိ ဗိုလ်သိန်းဆွေတို့က သူငယ်ချင်းများဖြစ်ကြသည်။

ဒုမှူးကြီး သူရကျော်စွာသည် ရွှေကျင်မြို့ဇာတိဖြစ်၍ အော်ကျယ်၊ အော်ကျယ်၊ ဟောဟော ဒိုင်းဒိုင်းသမားကြီးအဖြစ် လူချစ်လူခင် ပေါများလှပေသည်။ မှတ်မိသေးသည်။ တိုက်ခိုက်ရေးတာဝန်ယူရန် နမ့်စလပ်သို့ ခလရ()ရောက်လာချိန်မှာညနေမှောင်ရီပျိုးပြီ၊ ချွေးတွေသံတွေနှင့်ချီတက်လာရသော ကိုကျော်စွာက ဗျူဟာမှူးကြီးထံ သတင်းမပို့နိုင်သေးသဖြင့် ကျွန်တော်သွားကြည့်မိသည်။

ကိုကျော်စွာကြီးက ဘုန်းကြီးကျောင်းထဲမှာ ခါးကြီးကုန်းလျက် တပည့်က ရေလောင်းပေးနေရသည်။ မေးကြည့်သောအခါ သွေးစုနာလား ဘာလားမသိ၊ တင်ပါးမှာ အနာကြီးပေါက်နေသည်။ ရေထိရန် မသင့်သည့်အတွက် ခါးကြီးကုန်းကာကိုယ်အထက်ပိုင်းကို ရေလောင်းချိုးသည်။ ခါးအောက်ပိုင်းကို သီးခြားရေလောင်းပေးရသည်။ သည်နည်းနှင့်ဝဝထွားထွား ကိုကျော်စွာကြီး ကိုယ်လက်သန့်စင်နေပုံကိုကြည့်ရင်း- ဓာတ်ပုံရိုက်ကာမှတ်တမ်း တင်ထားသင့်ပါလားဟု တွေးမိရသေးသည်။





တင်ပါးမှာ အနာကြီးပေါက်နေသော်လည်း ကျရာတာဝန်အတိုင်း တိုက်ဖို့ခိုက်ဖို့တော့ ဖွဲ့ရှိလှသည်။ နောက်နေ့နံနက်မှာ တပ်ရင်းတစ်ရင်းလုံးနှင့်အတူ ချီတက်သွားတော့သည်။ ဗျူဟာက အမြောက်ပစ်ကူပစ်ပေး၊ ခလရ(-)က တိုက်နှင့်ချက်ချင်း ရန်သူကမဆုတ်သေးဘဲဖြစ်နေသည်။

ထိုအခါ ကိုကျော်စွာက စက်ပေါ်တက်လာသည်။ ခလရ(-)ကို ထပ်လွှတ်ပေးရန် ဗျူဟာမှူးထံတင်ပြသည်။ (ကိုကျော်စွာက အပတ်စဉ် ၁၀၊ ဗျူဟာမှူးက အပတ်စဉ် ၁၁၊ ကျွန်တော်က အပတ်စဉ် ၁၂ မို့ သိပ်ရင်းနှီးကြပါသည်) ထို့ကြောင့် 'ကိုကျော်စွာကိုယ့်တာဝန်ကိုယ်ရအောင်လုပ်၊ ကိုညွန့်ဆွေကို ကျွန်တော်တာဝန်ပေးစရာရှိတယ်'ဟု ဗျူဟာမှူးက ကြေးနန်းပြန်လိုက်သည်။

ကိုကျော်စွာက စက်ပေါ်မှ အော်နေသည်။

'ရဲဆွေ ရေတွေခွဲမနေနဲ့ ကျွန်တော်နဲ့အတူလာတိုက်ပေးပါ'ဟု နောက်ပြောင်နေသေးသည်။ သူ့အသံနှင့် ဘေးမှပစ်ခတ်နေသော သေနတ်သံများကရောနေသည်။ သူငယ်ချင်းတွေမို့ စစ်တိုက်နေကြချိန်မှာပင် ချစ်ချစ်ခင်ခင် ပြောကြဆိုကြရင်းနှီးစွာဆက်ဆံနေကြပုံများကိုယခုအသက်တွေ ခုနစ်ဆယ်ကျော်မှ ပြန်တွေးမိတိုင်း ငယ်စိတ်လေးတွေနှင့် ပြန်လည်လန်းဆန်းလာမိပါသေးတော့သည်။

## ကြက်သား ကာလသားချက်

ကျွန်တော့်တပ်ရင်းနှင့် အတူတွဲနေသော ဗျူဟာမှူးဗိုလ်မှူးကြီးညိမ်းမောင်က ရယ်ရယ်မောမော သောသောရှင်ရှင်လေး နေတတ်သည်။ နံနက်စာ ညစာစားကြသည်မို့။

ကိုညိမ်း ကာလသားချက်နဲ့ ငါးပိထောင်းစားမလားမေးတော့ သူကသဘောကျသည်။ ကျွန်တော်အိုင်အို ဗိုလ်သိန်းဆွေကို စီစဉ်ခိုင်းလိုက်ရာ နမ့်စလပ်ရွာထဲက ကြက်တစ်ကောင် ဝယ်လို့ရလာသည်။ ဘူးသီးတစ်လုံးလည်း ဝယ်လာသည်။ ကျွန်တော်တပည့် လက်ဖြောင့်တပ်စိတ်မှူး တပ်ကြပ်ထွန်းသိမ်းက အိုးကြီးတာဝန်ခံဖြစ်၍ ကြက်သားနှင့် ဘူးသီးကာလသားချက်စပ်စပ်လေး ချက်သည်။ ငါးပိထောင်းသည်။ ဟင်းအိုး ဆူကတည်းကမွှေးနေသည်။

ထမင်းစားကြမယ်ဟေ့ဆိုတော့ ဗိုလ်သိန်းဆွေက ခဏလေး[illegible] လာပြောသည်။ ညနေစောစောကတည်းက ချက်နေကြသည်ကို [illegible]နေရ၍



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ချက်ချင်းမခူးသလဲဟု တွေးမိသေးသည်။

မိနစ် နှစ်ဆယ်လောက်ကြာမှ ထမင်းပူပူ၊ ကြက်သားနှင့်ဗူးသီးကာလသားချက်ပူပူစပ်စပ်၊ ငါးပိထောင်းငြုပ်သီးစပ်စပ်နှင့် ဆောင်းတွင်းကြီးမှာ အားရပါးရစားကြရသည်။ ခလရ(-)ကလည်း တိုက်ပွဲပြီးသွားပြီဖြစ်၍ ဗျူဟာမှူးလုပ်သူမှာ နောက်ဆံတင်းစရာမရှိ၊ အားရပါးရစားကြသည်။ ညစာ စားအပြီးမှာ တွေ့ရာလေးပါးစကားတွေ အကြာကြီးပြောပြီးမှလူစုခွဲကာစောစောအိပ်ရာ ဝင်ကြရသည်။

ကျွန်တော် အိပ်ရာရောက်တော့ ဗိုလ်သိမ်းဆွေရယ် တပ်ကြပ်ကြီးမြမောင်ရယ်၊ တပ်ကြပ်ထွန်းသိမ်းရယ် ထိုင်ရင်းစောင့်နေကြသည်။

အဖြစ်က

ရှားရှားပါးပါးဝယ်ရသော ကြက်ကလေးတစ်ကောင် ဗူးသီးလေးတစ်လုံးကိုကာလသားချက် သေသေချာချာချက်သည်။ အငွေ့တထောင်းထောင်းနှင့် မွှေးကြိုင်နေသော ဟင်းအိုးကို တပ်ကြပ်ကြီးမြမောင်က မြည်းကြည့်သည်။ စိတ်ထဲမသန့်၍ ဗိုလ်သိမ်းဆွေကိုခေါ်ပြသည်။ ဗိုလ်သိမ်းဆွေက မြည်းကြည့်တော့ သေချာပြီ၊ ကာလသားချက်ဟင်းရည်ကို အားပြုသောက်ရမည့်ဟင်းမှာ ဟင်းရေတွေခါးနေသည်။ ဘူးခါးသီးနှင့်ချက်မိခြင်းကြောင့် ဦးနှောက်ခြောက်ကြရပြီ။ ထပ်ချက်စရာ ကြက်လည်း အပိုမရှိ၊ ဘူးသီးလည်း အပိုမရှိ၊ ခက်ပြီ၊ ထောက်လှမ်းရေးမှူးဗိုလ်သိမ်းဆွေက ဖြတ်ထိုးဉာဏ်ရှိသည်။ ဟင်းရေတွေ သွန်ပစ်၊ ရေနွေးဆူဆူ ရောထည့်၊ ဟင်းချိုမှုန့်တွေထည့် မီးဖိုပေါ်ပြန်တည်၊ ဘူးခါးသီးမှ အခါးတွေထပ်ထွက်လာသည်။ ရေကိုတစ်ခါထပ်သွန်ပြီး ရေနွေးနှင့်ဟင်းချိုမှုန့်ထပ်ထည့်ပြီးပြင်လိုက်ရာ ကျွန်တော်တို့စားကြချိန်မှာတော့ ဗျူဟာမှူးရော ကျွန်တော်ရော ဗျူဟာမှအရာရှိတွေပါ နတ်သုဒ္ဓါတမျှစားကောင်းနေကြလေတော့သည်။

နောက်နေ့နံနက်မှ ကျွန်တော်က ဗျူဟာမှူးကို ပြောပြရသည်။ ဗိုလ်မှူးကြီးညိမ်းမောင်ကတော့ သူ့သဘာဝအတိုင်း 'သေနာတွေ ဗိုလ်သိမ်းဆွေတို့ ချက်တဲ့ဟင်းချိုမှုန့်နဲ့ရေနွေးက ကာလသားဟင်းထက် ပိုချိုပါလားကွ' ဟု ချီးမွမ်းပါတော့သည်။





## နမ့်စလပ်ဒေသ နောက်တစ်ပွဲ

နမ့်စလပ်ဒေသသို့ ထပ်မံဝင်ရောက်လာသော ဗကပသည် တပ်ရင်းနှစ်ရင်း အင်အားနှင့်ဝင်လာသည်၊ ထိုရန်သူကိုချေမှုန်းဖို့ ကျွန်တော့်ခလရ(-)နှင့်အခြား တပ်ရင်းနှစ်ရင်းမှ တပ်ရင်းမှူးများကို သိန္နီမြို့သို့ခေါ်လိုက်သည်။

သိန္နီမှာတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိန်က Briefing ပေးသည်။ တပ်မမှူးဗိုလ်မှူးကြီးစောမောင်က ဘေးမှနားထောင်နေသည်။ အုပ်ချုပ်မှုကိစ္စလေးများဖြည့်စွက် မှာကြားသည်။

နမ့်စလပ်ဘက်သို့ ဗကပ ဝင်လာသောတောင်ကြောသည် အင်္ဂလိပ်အက္ခရာ L ပုံသဏ္ဌာန် ဖြစ်သည်။

ကျွန်တော့် တပ်ရင်းသည် ကွတ်ခိုင်ဘက်မှတစ်ဆင့် (ယ-၂)ရက်မှာကြို တင် ဝင်ရမည်။ ယောင်ပြစစ်ကြောင်းအဖြစ် ဝင်ရမည် ဖြစ်သည်။

---တပ်ရင်းနှင့် ---တပ်ရင်းတို့သည် နားတီး၊ နမ့်စလပ်လမ်းမှ တောင်ကြောကို တက်တိုက်ရမည်။ နည်းဗျူဟာသည် အမြောက်နှင့်အတူ နမ့်စလပ်တွင်ခြေပြုလျက် ကွပ်ကဲမည်။ အမြောက်ပစ်ကူပေးမည်ဟူသော စီမံချက် ဖြစ်သည်။ အမြောက်ပစ်ကူပေးမည်ဖြစ်၍ ရှေ့တန်းအကဲကြည့် (O.P)များ အခြားတပ်ရင်းများနှင့်ထည့်ပေးမည်ဖြစ်သည်။

ညွှန်ကြားချက်များ ရယူပြီးသောအခါ လိုလိုမည်မည် ကျွန်တော်နှင့်အတူ အမြောက်အကဲကြည့် (O.P)ထည့်ပေးရန် တင်ပြရာ ယောင်ပြစစ်ကြောင်းဖြစ်၍ O.P မလိုပါဟု ပြောသည်။ အမြောက်ပစ်ခတ်မှုကို ကျွန်တော် ဝင်ရမည့်နေရာကကြည့်လျှင် ဘေးတိုက်မြင်ရမည်ဖြစ်၍ အမြောက်အကဲကြည့်က ပြင်ဆင်ချက်ပေးလျှင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း တင်ပြခြင်းဖြစ်ပါသည်။

ကျွန်တော့် ရည်မှန်းချက်နှင့်အခြားတပ်ရင်းရည်မှန်းချက်က တောင်ကြောတစ်ကြောစီ ဖြစ်သည်။ ရန်သူရှိသောတောင်ကြောကို ကျွန်တော်ဝင်ရောက်ရမည့်နေရာကတက်လျှင်ကမ်းပါးယံကို ကန့်လန့်ဖြတ်တက်ရမည်ဖြစ်၍ ယောင်ပြစစ်ကြောင်းနှင့်သက်သာဖြစ်သည်။ အမြောက်အကဲကြည့်မလိုပါဟု ထပ်ဆင့်ရှင်းပြပါသည်။

စီမံချက်အတိုင်း ကျွန်တော့်ဘက်မှဝင်ရောက်သည့်အခါ နယ်ခံကေအိုင်အေများနှင့်တိုက်ပွဲဖြစ်သည်။ သုံးကြိမ်သုံးခါ တိုက်ပွဲဖြစ်ပြီးမှရည်မှန်းချက်ဖြစ်သော မြို ၅၀၂၂ ရန်သူရှိရာနေရာသို့ရောက်ရှိကာ ရန်သူကိုယောင်ပြအဖြစ် ခြိမ်းခြောက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(ယ)ရက်တွင် အဓိကတပ်ရင်းများတက်ကြသည်။ မြေအနေအထားအရ ထိပ်တိုက် တိုက်နေရ၍ ချက်ချင်းတိုက်ခိုက်၍မရသေးဘဲ ကြန့်ကြာနေသည်။ တိုက်ခိုက်ရေးတပ်များက ရဲဝံ့စွန့်စားစွာတောင်ကြောအတိုင်း တက်တိုက်သည်။ အမြောက်ပစ်ကူပေးရာတွင် တောင်ကြောပေါ်တည့်တည့်ကျဖို့ ခက်နေသည်။ တပ်ရင်းမှူးနှင့် စစ်ကြောင်းမှူး အချင်းချင်း အမြောက်ကျည်ကျတွေ ပြင်ဆင်ချက်ပေးနေသည်။ အင်္ဂလိပ်လို ပြောကြသည်။ Forward bearing ten degree plus two hundred yards ဟု ပြင်ဆင်ချက်ပေးသည်။ အင်္ဂလိပ်လို မတတ်သော ဗကပများတော့သိနိုင်ကြလိမ့်မည်မထင်၊ ဆောင်းလေပွေအမွှေ့မှာ တောင်ထိပ်တည့်တည့်ကျည်ကျဖို့အကဲကြည့်ကကြိုးစားပြင်ဆင်ညွှန်ပြသော်လည်းခက်နေသည်။

## ဝိုင်းပတ်မှာ ကြောက်သော ဗကပ

ဗကပ တပ်ရင်းများသည် ဝလူမျိုးကို အခြေခံဖွဲ့စည်းထားသော ၅၀၀ အမှတ်ပါ တပ်ရင်းများ၊ ၄၀၀ အမှတ်ပါ တပ်ရင်းများနှင့် ကချင်၊ ပလောင်၊ လားဟူစသည်တို့ပါဝင်သော ၃၀၀ အမှတ်ပါ တပ်ရင်းများ အားလုံးလိုလို ရင်ဆိုင်တိုက်ပွဲမှာရဲတင်းသည်။ ထိပ်တိုက် တိုက်ရခြင်းကို အားသန်သည်။ သူတို့ဆရာကြီးများသင်ထားသည့်အတိုင်း လူလှိုင်းလုံးပမာ အဆင့်လိုက်အဆင့်လိုက် တိုက်ခိုက်ဖို့ လေ့ကျင့်သားရထားကြသည်။

ရှေ့တက်တိုက်ခိုက်းလျှင်လည်း နောက်မှသေနတ်နှင့်ချိန်ပြီး တက်ခိုင်းတတ် သည်။ ပြန်ဆုတ်လျှင်ပစ်သတ်ရန် တပ်ရင်းမှူးများမှာ လုပ်ခွင့်ရှိကြသည်။ ၎င်းတို့ကို နောက်ကြောမှဝိုင်းပတ်ခံရပြီဆိုလျှင် အမြန်ဆုံး ဆုတ်ခွာဖို့ တာစူကြပြီကို ကျွန်တော်ဂျီတူးဘဝ၊ တပ်ရင်းမှူးဘဝတွေ့ခဲ့ရသလို နောင်ဒုတိယတပ်မမှူးဘဝ အတွေ့အကြုံရလာသောအခါ အတည်ပြုနိုင်ခဲ့ပါတော့သည်။

## ဗကပ တပ်မဟာ ၁၂

အကြံကြီးသော ဗကပတို့သည် အရှေ့မြောက်စစ်ဒေသ၏ တက်ကြွသော ဦးဆောင်မှုဖြင့် သံလွင်မြစ်အရှေ့ဘက်ကမ်း အခြေခံနယ်မြေတည်ဆောက်ရေးမှ တစ်ဆင့် သံလွင်မြစ် အနောက်ဘက်သို့ တိုးချဲ့စိုးမိုးရေးလှုပ်ရှားခဲ့ကြသည်။ ၁၉၇၅ ခုနှစ်တွင် မူဆယ်၊ ကွတ်ခိုင်၊ လားရှိုးကားလမ်း ခြိမ်းခြောက်ထိုးဖောက်နေသည်ကို





မိမိတို့မှတန်ပြန်ချေမှုန်းနေဆဲမှာ သိန္နီ-ကွမ်းလုံကားလမ်း တောင်ဘက်ခြမ်းမှ လားရှိုး ဒေသအထိ ထိုးဖောက်ရေးကို တပ်မဟာ ၁၂ အားတာဝန်ပေး၍ ဦးတည်လာကြပြန်သည်။

လားရှိုးအရှေ့ဘက် မုန်းကျက်ဒေသအထိ ဝင်ရောက်ရန် တာစူနေသော ဗကပ တပ်မဟာအားချေမှုန်းရန် ရမခမှ အစီအစဉ်ဖြင့် တပ်မ(-)တပ်ရင်းများနှင့် စစ်ဆင်ရေးပြုလုပ်နေချိန် ဖြစ်ပါသည်။

## နောက်တန်း ပြန်မည့်ဆဲဆဲ

ကျွန်တော်တို့ခလရ(-)တပ်ရင်း တစ်ရင်းလုံးသည် မူဆယ်၊ ကွတ်ခိုင်ကားလမ်း အနောက်ခြမ်း၊ နမ့်ခမ်းနှင့်နမ့်မတူဒေသ စစ်ဆင်ရေးတာဝန်နှင့်လှုပ်ရှားခဲ့ရသည်။ ဗကပ ၂၀၂ နှင့်အဖွဲ့ကို လိုက်လံရှာဖွေတိုက်ခိုက်ရတာ ပင်ပန်းလှသည်။

စစ်ဆင်ရေးကာလ ၆ လ ပြည့်သည့်အခါ နမ့်ခမ်းမြို့သို့ ခြေလျင်ထွက်လာပြီး ယာဉ်တန်းနှင့်တပ်ရင်းသို့ ပြန်နားရန် ခွင့်ပြုချက်ရပြီ။ လားရှိုးတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ မန္တလေးအရှေ့ ပုသိမ်ကြီးမြို့ရှိ တပ်ရင်းသို့ ပြန်ဝင်ရမည်။

ရှေ့တန်းပြန်တပ်များ ကြိုဆိုရေးအတွက် နောက်တန်းမှူး ဦးစီးလျက် ပြင်ဆင်မှုတွေ အသေးစိတ် ပြုလုပ်ထားကြသည်။ ပုသိမ်ကြီးမြို့သည် မြို့နယ်ကျယ်သော်လည်း မြို့ကွက်သေးသည်။ ပါတီ၊ ကောင်စီနှင့် ခလရ(-) တပ်ရင်းတို့ မိသားစုလိုရင်းနှီးကြသည့်အလျောက် ပါတီယူနစ်ဥက္ကဋ္ဌ ဦးထွန်းကြည်၊ အတွင်းရေးမှူး ဦးထင်အောင်ကျော်၊ ကောင်စီဥက္ကဋ္ဌဗိုလ်ကြီးခင်လတ်စသူတို့ ကိုယ်တိုင်ကြိုဆိုရေးအစီအစဉ်များ အသေးစိတ်ရေးဆွဲကြသည်။ ပြင်ဆင်ကြသည်။

ကျွန်တော်ဇနီးကလည်း မန္တလေးတက္ကသိုလ်မှ လှုပျိုဖြူလေးများခေါ်ထားသည်။ အိမ်ထောင်သည်အရာရှိ အကြပ်ကြီးများကို မိသားစုက ကြိုကြမည်။ ကြိုသူမဲ့ မဖြစ်ရအောင် လူပျိုလူလွတ်အရာရှိနှင့် ဆရာကြီးများကို အောင်စံပယ်ပန်းကုံးများနှင့်ကြိုဖို့ တက္ကသိုလ်ကျောင်းသူများကို စည်းရုံးခေါ်ထားရခြင်း ဖြစ်သည်။

လူပျိုရဲဘော်များ၊ အကြပ်ငယ်များကိုလည်း အထက်တန်းကျောင်းသူများက ကျောင်းဝတ်စုံ အစိမ်းလေးများနှင့်ပန်းကုံးစွပ်၍လည်းကောင်း၊ ပန်းစည်းဆက်၍လည်းကောင်း၊ အောင်သပြေပန်းကမ်း၍လည်းကောင်း ကြိုဆိုကြပေလိမ့်မည်။

ရှေ့တန်းမှ ပြန်ရောက်သည့်ညမှာ လူပျိုစစ်သည်များစားရန် တပ်ခွဲရုံသာ



www.burmeseclassic.com

www.burmeseclassic.com



အသီးသီးမှ ပက်၊ ကြက်၊ ဆိတ်သင့်ရာ သင့်ရာဟင်းလျာများ စီစဉ်ထားပြီးလည်း ဖြစ်သည်။ နေ့ရက်ကိုသိပြီးဖြစ်၍ ကြေးနန်းဆက်သွယ်ရာမှာ ဖော်ပြရန်မလို၊ ကြိုဆိုရေးအစီအစဉ်များသာ ကြေးနန်းဖြင့် အသိပေးကြခြင်းဖြင့် သတင်းလုံခြုံမှုကို အထူးဦးစားပေးကြရပါသည်။

## တိုင်းမှူးကြီး ညွှန်ကြားချက်

တပ်ရင်းတစ်ရင်းလုံး တီအီး(၁၁)ယာဉ် ၂၅ စီးနှင့် ပြန်လာရာလမ်းခုလတ် ကွက်ခိုင်မြို့အရောက်တွင် တိုင်းမှူးနှင့် တပ်မမှူးတို့ စောင့်နေကြသည်။

နောက်ဆုံးရရှိသော ရန်သူ့သတင်းအရ သံလွင်မြစ် အနောက်ဘက်ကမ်း ရောက်နေသော တပ်မဟာ ၁၂ ကို အရေးပေါ် ပစ်မှတ်အဖြစ် ဝင်တိုက်ရမည်ဟု နှုတ်မိန့်ပေးသည်။

သံလွင်မြစ်နှင့် သုံးမိုင်အကွာ 'ပုံးထုံ' ဟူသော ရွာငယ်လေးမှာ ဗကပ တပ်မဟာ ၁၂ ရောက်နေသည်။ ၎င်း၏လက်အောက်ခံတပ်များကို ခမရ(-)နှင့် ခမရ(-)တို့နှင့် တိုက်နေသည်။ ရုတ်တရက်ဗကပတပ်မဟာ သတင်းအတိအကျရ၍ နောက်တန်းပြန်မည့် ကျွန်တော့်တပ်ကို ကြားဖြတ်ဝင်တိုက်ခိုင်းခြင်းဖြစ်ပေသည်။

စစ်ဆင်ရေးတာဝန် လွှဲပြောင်းချိန်က လာရောက်လက်ခံသော တပ်ရင်းသို့ လျှို့ဝှက်စာများ၊ အမည်ဝှက်(code word)များ လွှဲခဲ့ပြီးဖြစ်သည်။ သည်ည လားရှိုးတွင်ညအိပ်ရပ်နားပြီး နောက်နေ့မွန်းလွဲချိန်မှာတပ်ရင်းရှိရာ ပုသိမ်ကြီးမြို့မှ ကြိုဆိုရန် အားလုံးစီစဉ်ပြီးဖြစ်သည်။

စစ်သားဟူသည် စစ်သားသာဖြစ်ပါ၏။

တပ်ရင်းပြန်ဝင်လာမည့်ရက် အနည်းငယ်ရွှေ့ဆိုင်းကြောင်း လားရှိုးရှိ ရှေ့တန်းတပ်မှ နောက်တန်းတပ်ရင်းသို့ အကြောင်းကြားလိုက်ပြီးဖြစ်ကြောင်း လည်းတိုင်းမှူးကြီးက ရှင်းပြပါသည်။

## တာဝန်ဆို ရှောင်မလွှဲ ရဲရဲရင်ဆိုင်

ကျွန်တော်တို့တပ်မှာ စစ်သည်တွေရှိသည်။

လက်နက်၊ ခဲယမ်း အပြည့်အစုံရှိသည်။

အမိန့် နာခံတတ်သော စိတ်ဓာတ်ရှိသည်။





ချက်ချင်းပဲ အရာရှိတွေကို စစ်ဆင်ရေးအစီအစဉ်ရှင်းပြရသည်။ အရာရှိတွေမှတစ်ဆင့် ရဲဘော်အားလုံးကိုရှင်းပြရင်း လမ်းကြောင်းပြောင်းကာ စစ်တိုက်ဖို့ ပြင်ဆင်ရပေတော့သည်။

တပ်မဟာ ၁၂ ကို ဝင်တိုက်ရမည်ဖြစ်၍ ပြင်ဆင်မှု သေချာလုပ်ရသည်။ ရန်သူ့အင်အားကို သေချာမသိ။ တပ်မဟာဌာနချုပ်ချည်း လူနည်းစုလား၊ အနီးနားမှာ အရန်တပ်ရှိသလား၊ သူတို့တပ်မဟာကို ဝင်တိုက်လျှင် ဘေးနံရှိ တပ်တွေကလာ မတိုက်ကြပေဘူးလား၊ စစ်သားဦးနှောက်ကို ပါးပါးလွှာလွှာလေး သုံးရသည်။ တွေးရသည်။ တွက်ချက်ရသည်။ ကြိုတင်သုံးသပ်ရသည်။

တပ်ခွဲမှူးတွေကို တပ်ခေါ်ရပြန်သည်။

တို့တပ်တစ်ရင်းတည်း ဝင်တိုက်ရမယ်။ ရန်သူက စစ်ကူ ရှိမရှိမသိနိုင်၊ ဒီတော့ အထမ်းသမားမရှိလည်းလက်နက်ကြီးကျည်ကို လုံလောက်အောင်ယူသွားဖို့ လိုမယ်။ (သာမန်အားဖြင့် ၇၅ မမ နောက်ပွင့်ကျည် ၁၂ တောင့်-၃ လက်မ စိန်ပြောင်းကျည် ၂၄ တောင့်သာပါလေ့ရှိသည်) ဟူသော အချက်ကို အရာရှိတွေ ကြပ်ကြီးတွေနှင့် ညှိနှိုင်းပြီးသည့်အခါ ၇၅ မမကျည်နှင့် သုံးလက်မ စိန်ပြောင်းကျည် အလုံး ၈၀ အပိုသယ်ကြမည်။ ရဲဘော်တွေ အလှည့်ကျထမ်း၍သယ်မည်ဟု ညှိနှိုင်းရရှိကြပါတော့သည်။

လက်နက်ကြီးကျည်ဆန်ဖောဖောသီသီသုံးတတ်သော ဗကပတို့ ပစ်သမျှ ကိုယ်ကခံနေမည့်အစား လက်နက်ကြီးအချင်းချင်းလက်နက်ငယ်အချင်းချင်း ပြိုင်ပစ်မည်၊ ပြိုင်တိုက်ကြမည်ဟူသော စိတ်ဓာတ်နှင့် ပြင်ဆင်ကြရခြင်းဖြစ်ပါသည်။

## ရဲဘော်များ စိတ်ဓာတ်

ရဲဘော်များဟူသည် စစ်ဆင်ရေးထွက်ရမည်ကို သိသည်။ သို့သော်လည်း နောက်တန်းသို့ ပြန်နားရတော့မည်ဟူသော အသိနှင့်ပြန်လာရင်း လမ်းတစ်ဝက်မှ ဖြတ်၍ လမ်းကြောင်းလွှဲကာစစ်တိုက်ခိုင်းသောအခါ ထိုထိုရဲဘော်များသည် လူထက်လူများဖြစ်၍ အနည်းနှင့်အများဘဝင်မကျသူတို့ရှိသည်။

သည်အချိန်မှာ ကြေးစားစစ်သားမဟုတ်၍ ရင့်သီးစွာအမိန့်ပေးလို့လည်း မသင့်၊ လူတိုင်းစေ့ လိုက်ချော့ရန်လည်းမလို။

ကျွန်တော်က အသံကျယ်သူဖြစ်သည်။ ရဲဘော်တွေပြင်ကြ ဆင်ကြ၊



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ပိုးနေကြသဲမှာ အရာရှိများကိုအသံမြှင့်၍ ပြောလိုက်ရသည်။

'ဒီခွေးမသား ဗကပတွေရှိနေသမျှအေးမှာမဟုတ်ဘူးကွ၊ ဒီတပ်မဟာ ၁၂ ကို အမြန်ဆုံး၊ အသေသတ်မှတို့အမြန်ဆုံး အိမ်ပြန်ရမှာလက်နှေးရင်နှေးတဲ့ကောင် သစ္စာဖောက်ပဲ။ ရသမျှတွေ့သမျှအကုန်ပစ်၊ အကုန်သတ်' ဟု အော်ပြောလိုက်သည်။

ရဲဘော်များ၏ ဘဝင်မကျစိတ်ကို ဗကပဘက်သို့ ဦးတည်ပေးမှတော်ကာ ကျပေရော့မည်။

အိမ်မပြန်ရ၍ စိတ်တိုလေ၊ ဗကပကိုများများ မုန်းလေ၊ ပြင်းပြင်းထန်ထန် တိုက်လေ ဖြစ်စေရမည်။

ရဲဘော်များ မပြန်ရ၍ ဒေါသဖြစ်နေကြသည်။

ဗကပတွေကို သတ်ချင်နေသည်။

မိမိသယ်ယူနေကျ လက်နက်ခဲယမ်းစစ်ဝတ်အပြင် တပ်ခွဲတစ်ခွဲလျှင် လက်နက်ကြီးကျည်ဆန် ၁၆ လုံးစီ အလှည့်ကျထမ်းရင်းချီတက်နေကြရပြီ၊ ဒါမှ တကယ့်စစ်သား။ လက်နက်ကြီးကျည် ၈၀ အပိုပါလာပါတော့သည်။

**ပုံးထုံစခန်း**

ဗကပတပ်မဟာ ၁၂ သည် ပုံးထုံတောင်ကုန်းတွင်အခြေပြုလျက် ၄င်း၏ တပ်များကို လားရှိုးဘက်သို့ စစ်မျက်နှာလှည့်ထားသည်။ လားရှိုးဘက်မှ တက်လာသော ခမရ (-)၊ ခမရ (-) တို့နှင့် ပြင်းထန်စွာ တိုက်ပွဲတွေဖြစ်နေသည်။

ကျွန်တော်တို့တပ်ရင်း မုန်းကျက်ရွာသို့ရောက်ရှိချိန်တွင် ဗိုလ်ကြီးသိန်းဆွေ က ရန်သူ့သတင်းစုံစမ်းသည်။ စော်ဘွားညီမဆိုသူက သတင်းသေချာပေးသည်။ ဒီနေ့နံနက်ဗကပတို့ မုန်းကျက်ရွာသို့လာသည်။ ဝက်တစ်ကောင်နှင့်ဆန်များယူပြီး ပုံးထုံတောင်ပေါ်သို့ ပြန်သွားကြသည်။ ပုံးထုံစခန်းအထိ လိုက်ပို့ခဲ့ရသောရွာသား ကို သေချာစွာမေးခွင့်ရခဲ့ရာ ပုံးထုံရွာနှင့်စခန်းအနေအထားချဉ်းကပ်ရာလမ်းကြောင်း တို့ သိရသည်။ ပုံးထုံစခန်းမှ သံလွင်မြစ်သို့ ဆင်းလျှင်တောက်လျှောက် အဆင်းဖြစ် သည်။ သံလွင်မြစ်တွင်ဝါးဖောင်နှစ်ခု အဆင့်သင့်ရှိသည်ဟုသိရသည်။

ပုံးထုံစခန်းပြင်ဆင်ထားမှု သတင်းရတော့ ကျွန်တော်၏ငယ်ဆရာဗိုလ် ကြီးထွန်းရီ၏ရခိုင်ဒေသတိုက်ပွဲကို သတိရလာသည်။

ခြေမြန်တပ်ရင်း (-) ဖွင့်ကာစမှာတပ်ရင်းတစ်ရင်းလုံးရခိုင်သို့ စစ်ဆင်





ရေး ထွက်ရသည်။ ထိုအချိန်က ကျွန်တော်မရောက်သေး။ မူဂျာဟစ်သူပုန်တို့သည် တောင်ကုန်းပေါ်တွင် အခိုင်အမာကတုတ်ကျင်းများဆောက်၍ ပြောင်ပြောင် တင်းတင်းပင်နေကြသည်။ ကတုတ်တွေမှာပစ်ပေါက်ကလေးများဖောက်ထားသည်။ တောင်ကုန်းမှာသာ သစ်ပင်မှာမရှိအောင် ပြောင်ချောရှင်းထားသည်။ ကတုတ်ကျင်း ပစ်ပေါက်မှနေရာယူကာ တက်လာသမျှစစ်သားတွေကိုချိန်တွယ် ပစ်ခတ်နေ၍ ပထမတိုက်သောတပ်ခွဲတက်မရ သိမ်းမရဖြစ်နေသည်။

ထိုအခါ ဗိုလ်ကြီးထွန်းရီ တပ်ခွဲအလှည့်ကျပြီ။

ခေါင်ကတုတ်ကျင်းများကို မှန်ပြောင်းနှင့် သေချာစွာ လေ့လာသည်။ တပည့်ကျော်တပ်ကြပ်ကြီးမောင်ချစ်ကို ခေါ်သည်။ စက်ကလေးသေနတ်နှစ်ချောင်း ထောက်ကို ခေါက်၍ကျောက်တုံးပေါ်တင်လျက် ရန်သူပစ်နေသော ပစ်ပေါက်ကို သေချာစွာ ချိန်၍ပစ်စေသည်။ သွေးအေးအေးနှင့်စိတ်ငြိမ်ငြိမ်၊ လက်ငြိမ်ငြိမ်ပစ်ခတ် သောကြောင့် ကတုတ်တွင်းမှ ပစ်ခတ်မှုတွေလျော့လာသည်။ ဆက်သွယ်ရေးမြောင်း ထဲမှ လူးလာခေါက်တုံ့ပြေးနေသော ခေါင်းတစ်လုံးတွေ့နေရသည်။

စစ်သည်များ တောင်ကတုံးကိုပစ်တက်တက်ရင်း သိမ်းပိုက်လိုက်တော့ သည်။ ဘန်ကာထဲတွင်နဖူးနှင့်မျက်နှာကို မှန်ကာသေဆုံးနေသော မူဂျာဟစ် အလောင်းများတွေ့ရသည်။ ဆက်သွယ်ရေးမြောင်းထဲမှာ လျှောက်ပြေးနေသော ခေါင်းတစ်လုံးက လူမဟုတ် ဆိတ်တစ်ကောင်ဖြစ်နေသည်။

ကျွန်တော့်တပ်မှအရာရှိများဆရာကြီးများကိုခေါ်၍ ထိုတိုက်ပွဲ အကြောင်း ပြောပြရသည်။

ဒို့တိုက်ရမယ့်စခန်းက ဒီပုံစံပဲကွ ကျည်ဆန်မဖြုန်းနဲ့၊ တောင်ခေါင်းတုံးကို ရမ်းမတက်နဲ့၊ ဆန်ကာတွေကို သေသေချာချာပစ်ကြဟု မှာရသေးသည်။

သည်လိုနှင့်ပုံးထုံတောင်ကုန်းနားရောက်သွားသည်။ ညနေမှောင်ရိပ်ပျိုးပြီ၊ တောင်ကုန်းကိုအပြောင်ရှင်း၍ ဘိန်းပင်ပေါက်လေးများ စိုက်ထားသည်။ တစ်ထွာ ခန့်အရွက်လေးများထွက်စဖြစ်၍ ပစ်ကွင်းကောင်းအဖြစ် ဖန်တီးထားသည်။ ကျည် ကွယ်လည်းမရှိ၊ မျက်ကွယ်လည်းမရှိ။

တပ်ခွဲ (၂)မှ ဗိုလ်ကြီးသန်းအောင်(စစ်တက္ကသိုလ် ၂)၊ ဗိုလ်ကြီးရဲရိုး (ဗိုလ်သင်တန်း )ထိုတပ်ခွဲနှင့် ပြင်းထန်စွာတိုက်ပွဲဖြစ်သည်။ တောင်ကုန်းကို အပြောင် ရှင်းထားခြင်းဖြစ်၍ တောင်ကိုလှန်တက်ရသော စစ်သည်တို့မှာ တောင်ခါးပန်းကို



www.burmeseclassic.com

www.burmeseclassic.com



မရောက်နိုင်ကြ။ ထိခိုက်ကျဆုံးမှုတွေရှိနေသည်။ ဗိုလ်မောင်နီဦးစီးကို ဘယ်ဘက်မှတစ်လှည့် တက်ခိုင်းသည်။ ပြေးတက်တိုင်း ထိနေသည်။ တကယ့်အနီးကပ်တိုက်ပွဲဖြစ်နေ၍ ကျွန်တော့်ရဲဘော်တွေထမ်း၍သယ်ယူလာသော ၇၅ မမကျည်ကိုသုံး၍ နောက်ပွင့် သေနတ်ကို ပြောင်းထိုးပစ်ရသည်။ တောင်ထိပ်ရှိ ပစ်ကျင်းခေါင်မိုးကို ထိကာ ကျည်ဆန်က လျှံထွက်သွားသည်။ ထိသောကတုတ်ကျင်း အမိုးပွင့်သွားသည်။ ဆက်သွယ်ရေးပြောင်းထဲရှိ ရန်သူကိုမထိ၊ ဗကပကလည်း ဆက်သွယ်ရေးမြောင်းထဲမှာ ဖြန့်၍နေရာယူရင်းပစ်နေသည်။

လက်နက်ကြီးတပ်ခွဲမှဗိုလ်ကြီးလှဝင်းက သုံးလက်မစိန်ပြောင်းကို သေချာစွာချိန်၍ပစ်သည်။ ကျော်သွားသည်။ အကွာအဝေးကို လျှော့ရင်းလျှော့ရင်း ကိုက် ၈၀၀ ရောက်လာပြီး ကျွန်တော်နေရာယူထားသော သစ်ပင်အကိုင်းဖျားမှ သစ်ရွက်များ ထိမှန်ကာ ကြွေကျလာသည်။ ရုတ်တရက်တော့ ရန်သူကလက်နက်ကြီးနှင့်ပစ်သလားဟု ထင်ရသည်။ မဟုတ်ပါ။ ကိုယ့်မော်တာကိုယ် Ranging လုပ်ရင်း သိပ်နီးနေ၍ ဖြစ်သည်။ သုံးလက်မစိန်ပြောင်းကို ပို၍ထောင်မရတော့ပေ။

ကိုက် ၈၀၀ ထက် နီးနေပြီ။ စိန်ပြောင်းကိုနောက်ရွှေ့ပစ်ဖို့ကျတော့လည်း သစ်ပင်တွေမလွတ်၊ တကယ့်အနီးကပ်မှာ ကျွန်တော်နှင့်တပ်ခွဲနှစ်ခွဲရောက်နေသည်။

## ထူးဆန်းသောစကားဝှက်

ညနေငါးနာရီမှစတိုက်ရာ ခြောက်နာရီအထိ မသိမ်းနိုင်ကြသေး။ နည်းဗျူဟာ (၉၉၃)ဗိုလ်မှူးကြီးဝင်းမောင်ထံမှကြေးနန်းရောက်လာသည်။ ဝှက်စာလည်းမပါ၊ အမည်ဝှက်လည်းမပါ၍ ထောက်လှမ်းရေးအရာရှိ ဗိုလ်သိန်းဆွေ ဦးနှောက်ခြောက်နေရပြီ။

'ရင်းမှူးအတွက်

တစ်။ မျိုးလွင်လာနူများသည်။

နှစ်။ မက်ကျုံးမှတစ်ဆင့် ဒဂုံစိန်ထွန်းအီပို(၂)ပို့မည်။

သုံး။ အမြန်ဆုံးရအောင် သိမ်းပိုက်ပါ။

ဗျူဟာမှူး'

ဝှက်စာမရှိသောထောက်လှမ်းရေးအရာရှိ ဖော်မရသောဝှက်စာဖြစ်နေသည်။ (ဗျူဟာဂျီတူးဗိုလ်မှူးဝင်းစိန်ကလည်း စိတ်မချ။ ဒီတိုင်းပို့လို့ နားလည်ပါ





မလားဟုဗျူဟာမှူးကိုမေးသည်၊ ပို့သာပို့ပါဟုဗျူဟာမှူးမှညွှန်ကြားသည်)ကြေးနန်းကိုကျွန်တော်ဖတ်ကြည့်သည်။ တစ်ခေါက်နှစ်ခေါက်သုံးခေါက် သဘောပေါက်ပြီ။

တစ်။ မျိုးလွင်လာနူများသည်။

ဒုဗိုလ်မှူးကြီးမျိုးလွင် (ခမရ -)တွင် ထိခိုက်ဒဏ်ရာရလူနာများနေသည်။

နှစ်။ ရန်ကုန် ရှိအမြောက်နှင့်သံချပ်ကာညွှန်မှူးဗိုလ်မှူးကြီး စိန်ထွန်းထံမှ အိုပီ(အကဲကြည့်)နှစ်ယောက် မုန်းကျက် မှတစ်ဆင့် ပို့မည်။

သုံး။ အမြန်ဆုံးတောင်ကုန်းကိုရအောင် တိုက်ပါဟူသောကြေးနန်းဖြစ်သည်။

'ညွှန့်ဆွေမှဗျူဟာမှူးအတွက်

သဘောပေါက်သည်။ ဆောင်ရွက်ပါမည်'ဟု ပြန်ပို့လိုက်ရာ ဗျူဟာမှူးက ဂျီတူးမှူးဝင်းစိန်ကို အောင်နိုင်သောအပြုံးနှင့် ကြွားသည်။

တွေ့လား၊ ဒို့ဦးနှောက်ရှိတဲ့ လူချင်းနားလည်မှုရှိတယ်ကွ ဟူ၍

## တပည့်စကား ဆရာနား

တပ်ခွဲ(၂)မှပြင်းထန်စွာတိုက်နေဆဲညနေမှောင်ရီပျိုးစမှာ ကျွန်တော်သည် ဗိုလ်သိန်းဆွေ၊ လက်ဖြောင့်တပ်ကြပ်ကြီးမြမောင်၊ လက်ဖြောင့်တပ်သား ထွေးထွေးနိုင်းပေါင်တို့နှင့်အတူ ရန်သူ့တောင်ကုန်းကို လက်ယာဘက်မှတဖြည်းဖြည်းရွှေ့တိုးရင်း ကိုက် ၅၀ခန့်ရောက်တော့ မြေအနေအထားအရ ရန်သူ့နောက်ပိုင်းတောင်ခြေဘက် ရောက်မည်ဟု မှန်းဆမိရသည်။ မှောင်လာပြီဖြစ်၍ မိုင်းထောင်ထားခြင်းရှိမရှိတော့ သေချာကြည့်၍မရဖြစ်နေသည်။

သည်အခါမှာ ဗိုလ်သိန်းဆွေနှင့် တပ်ကြပ်ကြီးမြမောင်က ကျွန်တော့်ကိုနောက်သို့ပြန်ဆွဲခေါ်သည်။ 'ရှေ့ဆက်သွားရင် ဗကပစောင့်ပစ်မှာ သေချာတယ်၊ လေးယောက်ထဲ တက်တိုက်လို့မရဘူး၊ တောင်ပေါ်က ခဲလုံးပစ်ချချ၊ လက်ပစ်ဗုံးပစ်ချချ ရတယ်။ ဆက်မသွားပါနဲ့'ဟု ဆိုရင်း ဖွတ်ဆွဲခေါ်ကြတော့သည်။ ကျွန်တော်ကလည်း ဆက်သွားကြည့်ချင်နေသည်။

သားရင်းချာလိုဖြစ်နေသော ဗိုလ်သိန်းဆွေက 'ကျွန်တော်တို့ သေသွားလို့ကာမှမဖြစ်ဘူး၊ ဗိုလ်မှူးသေသွားရင် ဒီတိုက်ပွဲကို ဘယ်သူဆက်လုပ်မှာလဲ' ဆိုပြီး ဖွတ်ဆွဲခေါ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးကို မရှိသေ၊ မလေးစားလို့မဟုတ်ဘဲ ဇွတ်တရွတ်နိုင်သော အဖေကို စိတ်မရှည်သောသားရဲ့လေသံနှင့်ပြောရင်းဆွဲခေါ်ရာသို့ ကျွန်တော်ပါလာခဲ့ရပါ၏။

အရန်တပ်ခွဲမှတပ်စုတစ်စုကို ထိုလမ်းကြောင်းအတိုင်း ညဘက်တက်ခိုင်းလိုက်ရာ ရှေ့သို့တိုးမရဘဲ ပုံသေပစ်ကြောင်းထဲ ကျွံဝင်သွားတော့သည်။ ညနေက ကျွန်တော်ဆက်သွားလျှင် ထိုပစ်ကွင်းထဲကျွန်တော်ရောက်မှာသေချာသည်။

ထိုတိုက်ပွဲပြီး၍ နောက်တန်းသို့ ပြန်နားကြသောအချိန်တွင် တပ်ကြပ်ကြီးမြမောင်က ကျွန်တော်ခေါင်းမာလှသည့်အကြောင်း ကျွန်တော့်ဇနီးကိုသွား၍ တိုင်ပြောလိုက်ပါလေတော့သည်။

## ချစ်စရာရဲဘော်များ

တစ်ညလုံး မသိမ်းနိုင်သေးသည်ကို ကျွန်တော်မကျေနပ်နိုင်၊ နံနက်အရုဏ်မလင်းမီ ကျွန်တော်ရှေ့တက်သွားရပြန်သည်။ ခြံစည်းရိုးသုံးတပ်ကို တပ်ခွဲ(၂)မှ အဆင့်လိုက်တက်နေသည်။ အောက်ဆုံးခြံစည်းရိုးတွင် ဖြန့်ထားသောတပ်ကိုရောက်ပြီ၊ ဒုတိယစည်းရိုးကို ပြေးတက်သွားတော့ ဗိုလ်ကြီးသန်းအောင်က လက်ကိုဆွဲထားသည်။ လှုပ်သံကြားသည်နှင့်တောင်ပေါ်မှ ဗကပက ရမ်းပစ်နေသည်။ ကျည်ဆန်ကခေါင်းပေါ်ကျော်သွားနေသည်။

'ရှေ့မှာ ဆရာကြီးထွန်းရှိန်တပ်စု ခြံစည်းရိုးဖြဲနေတယ်။ စီအိုကြီး ဒီမှာပဲနေပါ'ဟု ပြောသည်။

'ဆရာကြီးထွန်းရှိန်က ဒီရှေ့မှာမဟုတ်လား သွားကြည့်မယ်' ဟု ပြောပြောဆိုဆို ရုတ်တရက် ထပြီး တစ်ခုန်ခုန်ကာဝပ်လိုက်မိသည်။

ထိုတစ်ချိန်တည်းမှာပင် ဆရာကြီးထွန်းရှိန်နားမှာ တပ်ဖြန့်ထားသောရဲဘော်များက နောက်လှည့်ကြည့်ကြပြီး တပ်ရင်းမှူးကို တွေ့သည်နှင့် အလိုလိုတောင်ပေါ်ပြေးတက်သွားကြလေတော့သည်။

ရှေ့က ရန်သူက ဖြန့်ပစ်နေသည်။

တောင်ခေါင်းတုံးမှာ ရှေ့တက်လိုက်တိုင်း ထိနေသည်။

သို့သော် သူတို့ရဲ့ တပ်ရင်းမှူးက သူတို့နေရာအထိ တက်လာသည့်အခါမှာတော့ အသက်ကိုပဓာနမထားကြတော့ဘဲ တစ်ပြိုင်တည်းထ၍ပြေးတက်ရင်း





လုံးထွေးတိုက်ခိုက်ကြပေတော့သည်။

တကယ့်ချစ်စရာခလရ(-)ရဲဘော်များပါတည်း။

ရှေ့တက်လိုက်၊ ပစ်လိုက်ဖြစ်နေရာမှ ရုတ်တရက်မတ်တပ်ရပ်ကာ ပြေးတက်သွားသော ရဲဘော်များကြောင့် ဗကပများလည်း အငိုက်မိကြဟန်တူသည်။ သူတို့လက်နက်သေနတ်မောင်းကို တစ်ချက်စီလောက်သာ ဆွဲနိုင်ကြမည်ထင်သည်။ ခန်ကာပေါ်ရော၊ ဆက်သွယ်ရေးမြောင်းထဲပါ ခလရ(-)ရဲဘော်တွေရောက်သွားကြပြီး **လက်နေးသူဇီဝိန်ချုပ်လိမ့်မည်။**

အရာခံဗိုလ်ဆရာကြီးထွန်းရှိန်ကလည်း ကာဘိုင်လေးပိုက်ကာ တောင်ထိပ်ရောက်သွားသည်။ ဗကပတစ်ယောက်နှင့်မျက်နှာချင်းဆိုင်အတွေ့ သူကပက်ဦးလိုက်သည်။

ပုံးထုံတောင်၏အရှေ့တောင်ဘက်ကြောအတိုင်း ဗကပတပ်မဟာ(၁၂)တို့ သံလွင်မြစ်ဘက်သို့ ဆင်းပြေးကြပြီ။ နားချိုင့်ရွာမှတစ်ဆင့် သံလွင်မြစ်အရောက် တစ်ချိုးတည်းပြေးကြခြင်းဖြစ်သည်။

ရှေးဆုံးတပ်စုနားကပ်လျက် တောင်ထိပ်ပေါ် ကျွန်တော်ရောက်သွားချိန်မှာ ဆရာကြီးထွန်းရှိန်က 'ဗိုလ်မှူး ဒီကောင် ကျွန်တော့် တေ့ပစ်ချလိုက်တာ'ဟု ပြရှေ့မှာ သွေးအိုင်ထဲ ပက်လက်လဲနေသော ဗကပကို ပြနေသေးသည်။

တပ်ခွဲမှူးဗိုလ်ကြီးသန်းအောင်က 'ဆရာထွန်းရှိန် ဆုတ်ပြေးတဲ့ရန်သူနောက်တောက်လျှောက်လိုက်သွား၊ ဗိုလ်ရဲစိုးတပ်စုလည်း ဆက်လိုက်သွား'ဟု ညွှန်ကြားနေသည်။

ခမရ(-)နှင့် (-)တို့ဘက်မှ တိုက်နေရသော တိုက်ခိုက်ရေးတပ်တွေ ပြန်စုဘို့ အချိန်မရမီ ဗကပတပ်မဟာ ၁၂ သံလွင် အရောက်ဆင်းပြေးရပြီ။

၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နံနက် ၆ နာရီမှာ ပုံးထုံကိုခလရ(-)က သိမ်းပိုက်လိုက်ပြီ။

ကျွန်တော်လည်း နားချိုင့် ရွာအထိ ဆင်းလိုက်သွားကြည့်သည်။ ဗိုလ်သိန်းမွှေက ထပ်ဆွဲထားပြန်သည်။ တပ်ခွဲတစ်ခွဲနှင့်သံလွင်မြစ်အထိ ဆင်းလိုက်ခိုင်းလိုက်ပြီး ကျွန်တော်တို့ ပုံးထုံတောင်ကုန်းမှာ ခေတ္တအခြေပြုလိုက်ကြသည်။

ရည်မှန်းချက်သိမ်းပိုက်ပြီးကြောင်း ဗျူဟာမှူးဗိုလ်မှူးကြီး ဝင်မောင်ထံ သတင်းပို့လိုက်သည်နှင့် ချီးကျူး ကြောင်းကြေးနန်းပြန်ပို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တိုက်ပွဲတွင် ကျွန်တော့်တပ်မှ စစ်သည်လေးဦးတိုင်းပြည်အတွက် အသက်စွန့်ခဲ့ရသည်။

## ရန်သူ့ရိက္ခာ ကိုယ့်ရိက္ခာ

ရန်သူ့တောင်ကုန်းပေါ်မှာ တရုတ်အိမ်တွေမှာသုံးသော သံအိုးတွေနှင့် ဝက်တွေ ပြုတ်လျက် ဆန်ပြုတ်အိုးတွေ မီးဖိုပေါ်တင်လျက် ကျန်ခဲ့သည်။

ဝက်သားတွေကို ခုတ်ထစ်ချက်ပြုတ်ထားခြင်းမဟုတ်၊ ခေါင်းဆိုခေါင်း တစ်ခုလုံး၊ ပေါင်ကို ထက်ပိုင်းပိုင်းလျက် ခြေထောက်တွေလက်တွေတစ်အိုး၊ ကိုယ် ထည်ကိုလည်း တစ်ထွာသာသာအတုံးကြီးတွေ အတုံးလိုက်ပြုတ်ထားသည်။

ဆန်ပြုတ်အိုးတွေကလည်း ဆူသောအိုးကဆူ၊ ဝေသောအိုးကဝေကျလျက် နှင့် လက်လွတ်ထွက်ပြေးကြရကြောင်း ပေါ်လွင်ပေသည်။

ဗကပတပ်မဟာ ၁၂ မှ ချက်ပြုတ်ထားသော ဆန်ပြုတ်အိုးဆူဆူ ဝက်သားပြုတ်ပူပူတွေက ခလရ(၄)ရဲဘော်များ နံနက်စောစောရိက္ခာဖြစ်ခဲ့ရပေသည်။

ရန်သူ့အလောင်း ၁၈ လောင်းနှင့်သေနတ် ၁၈ လက်ရသည်။ ကျောပိုး အိတ် ၅၄ လုံးရရှိသည်။ သည်စခန်းမှာ ညက တစ်ဖွဲ့ဆုတ်သွားပြီး နောက်ချန်အဖွဲ့ ၅၄ ယောက်ထက် မနည်းရှိကြောင်း အတည်ပြုချက်ရရှိပါတော့သည်။

နံနက် ၈ နာရီတွင် နည်းဗျူဟာမှ ကြေးနန်းရသည်။ ခလရ(-) စစ် ကြောင်း(၂)မှူးဗိုလ်မှူးပန်းအောင် (ဝန်ကြီး-ငြိမ်း)၏ စစ်ကြောင်းရောက်လာသည်။ လွှဲစရာ ဘာမှမရှိသောတောင်ကုန်းကို ဟောဒါပုံးထုံစခန်းဟုပြောပြီး ရန်သူဆင်းပြေး သော လမ်းကြောင်းကို ပြခဲ့ရသည်။

တပ်ရင်းတစ်ရင်းလုံး မက်မန်းရွာမှာလားရှိုး၊ လားရှိုးမှပုသိမ်ကြီးအရောက် နောက်တန်းပြန်နားရန် ခရီးစဉ်စတင်ထွက်ခွာခဲ့ရပါတော့သည်။

## ဗကပ ရေဒီယို

ရက်များမကြာမီမှာ ဗကပရေဒီယိုမှ ဝါဒဖြန့်အသံလွှင့်ချက်ထွက်ပေါ် လာသေးသည်။

'နေဝင်း၊ စန်းယုစစ်တပ်က သူတို့ရဲ့ ပထွေးအမေရိကန်စစ်သားတွေခေါ် ပြီး ကျူးကျော်လာလို့ ပြည်သူ့တပ်မတော်တပ်မဟာ ၁၂ အဖွဲ့က ပုံးထုံစခန်းမှ





သံလွင်မြစ်အရှေ့ဘက်သို့ တိမ်းရှောင်ပေးခဲ့သည်။ - - -ဟူသော ဟိုတစ်ခေတ်က ကြွားပုံ၊ ဝါပုံ၊ လိမ်ညာဝါဒဖြန့်ပုံကို ကြားကြရပါတော့သည်။

ကျွန်တော်တို့တပ်မှာ အမေရိကန်နှင့်တူသူဆို၍ တပ်ခွဲမှူးဗိုလ်မှူး ဗိုလ်မှူး လင်း(ဗိုလ်သင်တန်း ၂၅) တစ်ဦးတည်းသာ ဖြူဖြူထွားထွားခန့်ခန့်ချောချောပါရှိ သည်မို့ ကျွန်တော်တို့မှာ ဟားတိုက်ရယ်မောနေကြရပါတော့သည်။

၁၃-၂-၁၉၇၆ ပုံထုံးစခန်းသိမ်း တိုက်ပွဲဖြစ်ပါ၏။

## ရှေ့တန်းပြန်

၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ မူဆယ်မြို့အနီး နမ့်လင်းတောင် (မြိုင် ၄၅၆၁)ရှိ ခလရ(၄)စစ်ကြောင်း(၂)နှင့် တပ်စုတစ်စုရှိရာ အမြောက်စခန်း ကိုဗကပတပ်ရင်းသုံးရင်းနှင့် ဝင်တိုက်ခံရသည်။ မြိုင် ၄၅၆၁ စခန်း ရန်သူ့လက် ကျသွားသည်။

နယ်မြေလုံခြုံရေးတာဝန်တွေယူထားရသော တပ်တွေကို ပြန်လည်ထုတ် နုတ်ပြီးတပ်စုလေးစုနှင့် ကျွန်တော်တို့ပြန်တိုက်ခိုင်းရာ ညနေမှာပြန်လည်သိမ်းပိုက် ရရှိခဲ့သည်။ ထိုတိုက်ပွဲတွင် အမြင့်ဆုံးတောင်ထိပ်ကို အရင်ဆုံးပြန်လည်သိမ်းပိုက် ရရှိခဲ့သောကွန်မန်ဒိုတပ်စုမှူးဗိုလ်မောင်နီအပါစစ်သည် ၁၀ ဦး သူရဘွဲ့ရရှိပါသည်။

သည်တစ်ပတ်နောက်တန်းရောက်လျှင် သူရဘွဲ့ရသူတွေကို ချီးကျူးဂုဏ် ပြုပွဲလည်း စီစဉ်ထားကြသည်။ ၁၉၇၆ ခုနှစ် လွတ်လပ်ရေးနေ့ကမှ ကြေညာထား သောစွမ်းရည်ဘွဲ့တွေရပြီးပထမဆုံးပြန်နားရခြင်းဖြစ်၍အချိန်ကောင်းလည်းဖြစ်ပေသည်။

ရှေ့တန်းမှနောက်တန်းသို့ အပြန်လမ်းတစ်ဝက်မှ ပုံးထုံစခန်းကို ဝင်တိုက်ခဲ့ ရသည်။ ခလရ(-)ကြုံခဲ့ရသော တိုက်ပွဲတွင် အောင်မြင်မှု အရှိဆုံးတိုက်ပွဲလည်း ဖြစ်သည်။

## သသော် ငရဲမလား

သည်လိုအပြန်ခရီးတိုက်ပွဲကျမှ ထိခိုက်ဒဏ်ရာရရှိသူများရှိလျှင် တပ်ရင်း တစ်ခုလုံး စိတ်ထိခိုက်ကြရမည်မှာ ဓမ္မတာပါတည်း။

ပုံးထုံစခန်းတိုက်ရင်း အသက်ပေးလှူသွားသူများအထဲတွင် လောလော လတ်လတ် 'သူရဘွဲ့' ရခဲ့သောတပ်ကြပ်အောင်သန်းပါဝင်နေသည်။

စစ်သည်တစ်ဦးကျဆုံးတိုင်းရင့်နှင့်ဖွယ်ကြုံကြရသည်က ကျွန်တော့်ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံများပြီ။ သို့သော်လည်း သူရအောင်သန်းကျဆုံးခြင်းက စိတ်ကို ပိုထိခိုက်စေပါသည်။ လူပျိုလူလွတ်များ ကျဆုံးလျှင်တော်သေးသည်။ နောက်တန်းမှာလည်း ကြိုကြဆိုကြဖို့ ပွဲတွေလမ်းတွေပြင်ဆင်နေကြပြီ။ တပ်ကြပ်သူရအောင်သန်းဇနီးအေးအေးဆိုတာ ကျွန်တော်သမီးအရင်းလေးလိုဖြစ်နေသည်။ တပ်ရင်းဘောလီဘောအသင်းမှာ smasher အဖြစ် အားထားရသော အရပ်မြင့်မြင့်ဖြူဖြူ ချောချောကရင်မလေးဖြစ်သည်။ အောင်သန်းနှင့် အေးအေးကမောင်နှမလို လိုက်ဖက်လှသော အတွဲဖြစ်ပေသည်။

တပ်ကြပ်အောင်သန်းကျဆုံးကြောင်း ကျွန်တော့်ဇနီးရယ် အရာရှိကြီးဇနီးအချို့ရယ် နောက်တန်းမှူးနှင့်တပ်ရေး၊ တပ်ထောက်ရယ်သာ သိကြသည်။ အချိန်တိုအတွင်းမှာ အဖြစ်အပျက်ကလဲ မြန်လွန်းလှသည်မို့ နောက်တန်းမှအေးအေးကို ပြောဖို့ အခက်ကြုံနေကြသည်။

တပ်ရင်း တကယ်ပြန်လည်ရောက်ရှိမည့်နေ့မှာတော့ အေးအေးကိုမပြောလို့ မဖြစ်ပြီ။ တပ်ရင်းတစ်ရင်းလုံးရှေ့မှ ဗိုလ်ကြီးမောင်နီဦးစီးသူရစစ်သည် အသက် ကျပ်ချွတ်တွေက ဦးဆောင်လမ်းလျှောက်လာကြမည်။ ကျွန်တော့်ဇနီးအပါ အဝင် သူရတွေရဲ့ဇနီးတွေကပန်းကုံးစွပ်ကြမည်။ လူပျိုသူရတွေကို တက္ကသိုလ်မှပျိုဖြူရော ကပန်းကုံးစွပ်မည်။

ကြီးကျယ်၍ခမ်းနားစွာ ပြင်ဆင်ထားသောကြိုဆိုရေးပွဲမှာ တပ်ကြပ်သူရ အောင်သန်းဇနီးက ပဋ္ဌာမြေလူးဖြစ်နေရရှာပြီ။

ရှေ့တန်းပြန်တပ်ရင်းဝင်လာလျှင် သူ့ယောကျ်ားပါမလာသော်လည်း သူထွက်ကြိုမည်။ အဖေကြီးကိုပန်းကုံးစွပ်မည်။ ခြေသလုံးဖက်ငိုမည်ဟု ထပ်ကာ တလဲလဲတောင်းဆိုနေရာ ကျွန်တော့်ဇနီးရော အရာရှိဇနီးတွေပါပိုင်းဝန်းဖျောင်းဖျ ကြရသည်။ ပြောမရဆိုမရ၊ ဇွတ်တရွတ်မလေးမို့ လူကြီးတွေကလည်း ပြောသာပြော ရပေမယ့် ရင်ထုမနာဖြစ်နေကြရသည်။ ဖျောင်းဖျရင်း ချော့မော့ရင်း လူကြီးတွေပါ မျက်ရည်တွေစီးကျနေခဲ့ကြသည်။

နောက်ဆုံးတော့ ပုသိမ်ကြီးမြို့မှကြိုဆိုပွဲကိုအေးအေးမလိုက်ဘဲ ကျွန်တော့် အိမ်မှာစောင့်နေပါ။ တပ်ရင်းဂိတ်ဝဝင်သည်နှင့် ကျွန်တော့်အိမ်ရှိသည်။ မြို့နယ်က ကြိုဆိုပြီးလျှင် ကျွန်တော့်ကိုအိမ်ထဲခေါ်လာမည်။ သည်တော့မှ ငါ့သမီးစိတ်ကြိုက် ငိုပါဟုကျွန်တော့်ဇနီးက ချော့မော့ပြောတော့လည်း နားထောင်ရှာပါသည်။





**အဖေ့သမီး**

ပုသိမ်ကြီးမြို့အဝင်မှာ ကြိုဆိုပွဲတွေလုပ်သည်။ တပ်ရင်းမှူးဇနီးက တပ်ရင်းမှူးကို ပန်းကုံးစွပ်ကြိုသည်။ နောက်က စစ်ကြောင်းမှူးများပါလာသည်။ ကျွန်တော်လည်း ပါတီကောင်စီလူကြီးတွေကိုနှုတ်ဆက်ပြီး တပ်ရင်းတစ်ရင်းလုံး ကြိုဆိုပွဲကို နောက်တန်းမှူးနှင့်လွှဲထားခဲ့ရသည်။

လင်မယားနှစ်ယောက် ကားပေါ်တက်ကာ အိမ်ကို အရင်ဆုံးပြန်လာခဲ့ရ ပါသည်။

ကျွန်တော့်ကိုတွေ့သည်နှင့် အတင်းပြေးကာ ဖက်ငိုရှာသော သမီးလေး အေးအေးကို ကျွန်တော့်မှာချော့စရာ နှစ်သိမ့်စရာစကားတစ်ခွန်းမှ မရှိပါ။ သူ့မှာ လင်ကျဆုံးလို့ ရင်ကွဲနေရသလို ကျွန်တော့်မှာလည်း အားအထားရဆုံးကွန် မန်ဒို တပ်စိတ်မှူးသားတပည့်ဆုံးရှုံးရသည်မို့ ထပ်တူညီမျှခံစားနေရသည်သာဖြစ်ပါ၏။

ထိုအချိန်က ရင်ထဲခံစားခဲ့ရသမျှကို စာနှင့်ရေးဖွဲ့ပြရန် မည်သို့မျှ မတတ် နိုင်သည်မှာ အမှန်ဖြစ်ပါ၏။

ငိုရင်းငိုရင်း သတိလစ်သွားသော သမီးလေးအေးအေးကို ဆေးတပ်ကြပ် ကြီးက သွေးပေါင်ချိန်တိုင်းသည်။ စိတ်ငြိမ်ဆေးထိုးပေးသည်။ ပုသိမ်ကြီးမြို့နယ် ဆရာဝန်ထံ အပ်နှံ၍ ကုသမှုခံယူစေရပါတော့သည်။

**သမီးများရဲ့အမေ**

ဗကပတို့အင်နှင့်အားနှင့် လှုပ်ရှားနေသော အရှေ့မြောက်ဒေသတွင် စစ် ဝင်ရေးလုပ်နေကြရသော တပ်မတပ်ရင်းအနေဖြင့် တိုက်ပွဲကြီးများမကြာခဏကြုံ ကြရ ဆင်နွှဲကြရသည်။

တိုက်ပွဲကြီးတစ်ပွဲဖြစ်၍ စစ်သည်တစ်ယောက်တလေ ကျဆုံးလျှင်တော် သေးသည်။ တစ်ယောက်မက ကျဆုံးရသောအခါမျိုးမှာ ကြေကွဲစရာအကောင်း ဆုံး အတွေ့အကြုံနှင့် ရင်ဆိုင်ကြရသည်က နောက်တန်းအရာရှိများနှင့် တပ်ရင်းမှူး ဇနီးနှင့်အရာရှိဇနီးများ ဖြစ်ကြပေသည်။

တပ်ရင်းမှူး၏ဇနီးသည် တပ်ရင်းတစ်ရင်းလုံး၏မိခင်ဖြစ်သည်။

တပ်ခွဲမှူး၏ဇနီးသည် တပ်ခွဲတစ်ခွဲလုံး၏မိခင်ဖြစ်သည်။

အိမ်ထောင်သည်တန်းလျားသို့ သွား၍ရဲမေတစ်ယောက်အိမ်ရောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းဖြစ်သူသည် ဘယ်နေ့ဘယ်ရက်က ဘယ်တိုက်ပွဲမှာ အသက်စွန့်သွားရှာပြီဟု ပြောလိုက်သည်နှင့်ထိုရဲမေသည်တပ်ရင်းမှူးဇနီး၊ တပ်ခွဲမှူးဇနီးတို့ကိုဖက်၍ ငိုတော့သည်။ မိဝေးဖဝေးနှင့်တပ်ထဲမှာ လိုက်ပါနေထိုင်သူအဖို့ သည်အမေများကို သာ ဖက်ငိုစရာရှိသည်။ တချို့ရဲမေက ရုတ်တရက်သတိလစ်သွားတတ်သည်။ လူကြီးတွေကဖျောင်းဖျရသည်။ ဆေးတပ်ကြပ်နှင့်သားဖွားဆရာမကြီး ဒေါ်ဘောက်လူတို့က ပြုစုကြရသည်။

ထိုအချိန်မျိုးမှာ အခြားအခြားသောအခန်းများမှ ရဲမေတွေက အိမ်ရှေ့သို့ပြေးထွက်လာကြသည်။ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် မျှော်ကြည့်နေကြတော့သည်။ သူ့အိမ်ကိုဆက်လာမလား၊ ငါ့အိမ်ကို ဆက်လာမလား၊ ငါ့ယောကျ်ား ရောကျသလား၊ သူ့ယောကျ်ားရောကျသလား၊ ရင်တမမနှင့်စောင့်နေကြရသည်။ သတင်းဆိုးကိုလာပြောသော လူကြီးတွေထွက်အလာကို မမျှော်ချင်ဘဲ မျှော်နေမိကြသည်။ မကြားချင်သောသတင်းကိုသာ ပြောမှာစိုးရိမ်နေကြရသည်။

ထိုသို့သော ရင်ထိတ်မှုမျိုး ရဲမေအားလုံး ခံစားကြရမှုမှသက်သာအောင် ကျွန်တော့်ဇနီးနှင့် နောက်တန်းမှူးတို့ တိုင်ပင်ပြင်ဆင်ထားမှုက ကောင်းသည်။

တိုက်ပွဲကြီးဖြစ်၍ ကျဆုံးမှုသတင်းပြောရတော့မည်ဆိုလျှင် ကျွန်တော့် အိမ်မှာ လူစုကြသည်။

ကျဆုံးစစ်သည်အရေအတွက်အတိုင်း အဖွဲ့တွေခွဲသည်။ တပ်ခွဲမှူး တပ်စုမှူးဇနီးများ နောက်တန်းရှိအရာရှိများ၊ အဖွဲ့ခွဲ၍ ကျဆုံးစစ်သည်အိမ်သို့ တစ်ပြိုင်တည်းဝင်ကာ တစ်ချိန်တည်းပြောပြရသည်။

ကလေးများသော ရဲမေအိမ်ကို တပ်ရင်းမှူးဇနီး၊ နောက်တန်းမှူးနှင့် ဗိုလ်မှူးများ၏ဇနီးများက တပ်ရင်းအရာခံဗိုလ်နှင့်အတူဝင်ကြ၊ သတင်းဆိုးပြောကြ၊ ချော့ကြ၊ မော့ကြ၊ ဖျောင်းဖျကြ အားပေးကြလုပ်ရသည်။ ထိုအိမ်မှပြီးလျှင် အခြားအိမ်များသို့စေ့ငအောင်လိုက်လံတွေ့ရသည်။ အားပေးရသည်။ နှစ်သိမ့်ရသည်။

သက်ဆိုင်ရာရဲမေများ တစ်ပြိုင်တည်းသိကာ တစ်ပြိုင်တည်းငိုကြရသည်။ ကျန်အိမ်များကသည်တိုက်ပွဲမှာ ကိုယ့်ယောကျ်ားမပါသေးပါလားဟုသိကာ တစ်ချိန် လုံးတထိတ်ထိတ်တွေးလန့်နေရသောအဖြစ်မှ လွတ်ကင်းရသည်။ သည်လိုတစ်ပြိုင် တည်းပြောခြင်းသည်သာ အသက်သာဆုံးဖြေရှင်းနည်းအဖြစ်တိုက်ပွဲတစ်ပွဲပြီးတစ်ပွဲ အတွေ့အကြုံမှရရှိလာကြသောအဖြေဖြစ်ပေသည်။





သည်အဖြစ်မျိုးသည် တိုက်ခိုက်ရေးတပ်ရင်းတိုင်း တပ်ရင်းတိုင်း မလွဲ မသွေကြုံကြရ၊ ရင်ဆိုင်ကြရမည်။ နောက်တန်းမှူးနှင့်အရာရှိဇနီးများ၏ တာဝန် ပါတည်း။

## ချစ်သက်လက်ဆောင်

ပုံးထုံစခန်းတိုက်ပွဲသည် နောက်တန်းပြန်ရင်း လမ်းမှာဝင်တိုက်ရသော တိုက်ပွဲဖြစ်၍ ကျဆုံးစစ်သည်များမှာလည်း သက်တမ်းကုန်ဆုံးချိန်နှင့် တိုက်ဆိုင်လွန်း သူများဟု ဆိုရပါမည်။

စိတ်ဝင်စားဖွယ်ဖြစ်ရပ်လေးက 'ဂျူဒိုဘရိုန်း'ဖြစ်သည်။ ဂျူဒိုဘရိုန်း ရပ်ရှင်ကြည့်ပြီး သူ့ကိုယ်သူ ထိုနာမည်ပြောင်းထားသူဖြစ်သည်။ ဂျူဒိုဘရိုန်းဟူသော နာမည်သာတွင်ပြီး မူလနာမည်ကို ခေါ်မည့်သူမရှိတော့သော သူဖြစ်သည်။

ထိုဂျူဒိုဘရိုန်းလည်း ပုံးထုံတိုက်ပွဲမှာ အသက်စွန့်သွားရှာသည်။ သူ့ရုပ် အလောင်းကို ပုံးထုံမှာပင် သင်္ဂြိုဟ်ခြင်းမပြုမီ ကျွန်တော်တို့ ပြင်ဆင်ကြချိန်မှာ သူ့အိတ်ထဲမှ စာလေးတစ်စောင်ရလိုက်သည်။

မကျဆုံးမီ ၅ ရက်ကရေးထားသောစာဖြစ်သည်။ သူ့ချစ်သူထံရေးထား သည်။ ယခုတစ်ပတ်စစ်ဆင်ရေးမှာပင်ပန်းလှကြောင်း၊ တပ်မတော်သားဆိုတာသူပုန် ရှိလျှင် တိုက်ရမည်သာဖြစ်ကြောင်း၊ မကြာမီတပ်ရင်းပြန်နားရတော့မှာ ဖြစ်ကြောင်း၊ တပ်ရင်းပြန်ရောက်လျှင်ငွေတစ်ရာ ပို့လိုက်မည်။ ချစ်သူထံစာရေးဖို့ ဖောင်တိန် တစ်ချောင်းဝယ်ကိုင်စေလိုကြောင်းရေးထားသောစာလေးမှာ သွေးစွန်းနေသည်။

ထောက်လှမ်းရေးအရာရှိလာပေးသည်နှင့် ဖတ်ကြည့်ရင်း ကျွန်တော့်မှာ မျက်ရည်ကျမိရသေးသည်။ ချက်ချင်းကျွန်တော့သေတ္တာ(ကျည်ဆန်သေတ္တာအသေး လေး)ထဲထည့်သိမ်းလိုက်သည်။ နောက်တန်းပြန်ရောက်ပြီး သူ့စာမှာပါသောလိပ်စာ အတိုင်း ဖောင်တိန်တစ်ချောင်းဝယ်၍ သူ့ချစ်သူထံ ကျွန်တော်ပို့လိုက်ပါသည်။


သူ့လက်ရေးနှင့်သွေးစွန်းသောစာကိုတော့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ စာ စပ်ဒ်ရေးမည်ဟူသောအကြံနှင့် မှတ်မှတ်ရရသိမ်းထားခဲ့သည်။ ယခု (၃၃)နှစ် ကျော်ကြာသည့်အချိန်မှာ စာရွက်ဟောင်းတွေ၊ ဖိုင်ဟောင်းတွေအားလုံးရှာသော် လည်းရှာဖွေမတွေ့ရဘဲ ပျောက်ခြင်းမလှပျောက်နေပြီ။ ကျွန်တော့်ကိုယ်ကျွန်တော် မှာ ဒေါသဖြစ်၍မဆုံးရှိရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com






ပုံးထုံတိုက်ပွဲ

**ပုံးထုံစခန်း၊ ဗကပ တပ်မဟာ(၁၂)အား ချေမှုန်းရေးတိုက်ပွဲ (၁၃–၂–၁၉၇၆)**

**လူထဲမှလူ့သတင်း**

တပ်ရင်းမှူးဘဝမှာ ရှေ့တန်းမှာ စခန်းချလျှင် ရဲဘော်များရှိရာ လျှောက်သွားလေ့ရှိသည်။ တပ်စိတ်လိုက်ဖြန့်ခွဲနေရာယူထားသော ရဲဘော်တွေထံ ဟိုလျှောက်သည်လျှောက်နှင့် သူတို့ပြောစကားတွေကြားရသည်။ ကိုယ့်တပ်အကြောင်းကိုယ်ကြားသိမှပြင်နိုင်ပေလိမ့်မည်။

သည်လိုသွားရင်းလာရင်း သတင်းကြားရခြင်းက တပ်ရင်းမှူးဘဝမှ အမှတ်တရရှိခဲ့သည်။ မုန်းစီးနားလည်ခေါ်သော အစွန်အဖျားအကျဆုံးစခန်းမှ ခေတ္တအခြေချရစဉ် ရဲဘော်တွေအနားမှ သတင်းစကားကြားရသည်။

'တို့တပ်က အမျိုးသမီးဘောလီဘောအသင်းတော့ ဒီနှစ်အားပျော့သွားပြီကွ'

'ဘာဖြစ်လို့လဲ'





'စမက်ရှာအေးအေးက ဗိုက်ကြီးနေပြီလေကွာ၊ သူမပါရင် အပိုင်ဘောတွေ ခုတ်ချမယ့်လူမရှိတော့ဘူး။ မွန်နားကလည်း လင်ယူတော့မယ်ဆိုလားပဲ'

သူတို့နားဖြတ်လျှောက်ရင်း ဒီအသံတွေ ကြားခဲ့ရသည်။ လစာပေးအဖွဲ့လာသောအခါ တပ်ထောက်ဗိုလ်ကြီးနိုပ်စောနန်းကို ဘော်လီဘောအသင်းအကြောင်းမေးရသည်။

'ဒီနှစ်သိပ်ကောင်းတယ် ဗိုလ်မှူး၊ မန္တလေးတစ်ဝိုက်မှာ ကျွန်တော်တို့အသင်းကို နိုင်နိုင်တဲ့အသင်းမရှိဘူး၊ နည်းပြဆရာမောင်မောင်ကလည်း သေသေချာချာမောင်းထားတာ၊ ကောင်မလေးတွေပုံစံကို ကျနေတာပဲ' ဟု အားရပါးရ ပြောင်ပြသည်။

'First line up က ကစားနိုင်မှာလား၊ Smasher တွေရော ကစားနိုင်မှာလား' ဟု မေးမိပြန်သည်။

အေးအေး(သူရအောင်သန်း၏ဇနီး)ရော၊ မွန်နားရော လက်တွေသိသိသာသာ တက်လာတယ်ဟု ဖြေသည်။

'မင်း အေးအေးက ကစားနိုင်မှာသေချာလား'

'သေချာပါတယ် ဗိုလ်မှူး'

'ငါ ကြားတော့ အေးအေး ကိုယ်ဝန်ရှိနေဆို'

'ဟာ ဗိုလ်မှူးကို ဗိုလ်သိန်းဆွေ မဟုတ်တာလျှောက်ပြောတာ နေမှာပါ၊ ကျွန်တော်မလာခင်လေးပဲ မိအေးကိုလေ့ကျင့်နေတာ တွေ့ခဲ့သေးတယ်'

'မိအေးက ဗိုက်ငါးလရှိပြီ၊ ဗိုလ်နိုပ်မင်းပြန်သွားရင်ခေါ်မေး၊ ဒါငါ့ရတဲ့သတင်း'ဟုပြောလိုက်တော့ တပ်ထောက်ဗိုလ်ကြီးကရယ်နေသည်။ ခေါင်း ခါနေသည်။ နောက်တန်းကတက်လာတာရက်ပိုင်းပဲမို့ သူက သေချာပေါက်ပြောနေခြင်းဖြစ်သည်။

လစာပေးအဖွဲ့ပြန်သွားပြီး ရောက်ရောက်ချင်း အေးအေးကိုခေါ်မေးကြည်။ ဒီကောင်မလေးကတကယ်ကိုယ်ဝန်ရှိလျက်နဲ့ ကစားကွင်းလာသည်။ ...မှာရေးကောင်းရုံသက်သက်သာ ဝင်ကစားနေခြင်းကြောင့် အရာရှိတွေမသိရခြင်းဖြစ်သည်။

အများအားဖြင့် တပ်မှူးများသည် ထောက်လှမ်းရေးအရာရှိဖေးသော သတင်းသာရတတ်ကြသည်မို့ တပ်ထောက်ဗိုလ်ကြီးက ကျွန်တော့်ကို ပြန်ငြင်းခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ တပ်ရင်းမှာဖြစ်စေ၊ တပ်မမှာဖြစ်စေ တာဝန်ရှိသူသည် ရဲဘော်တွေရဲမေတွေရှိရာကို သွားမှသတင်းမှန်ရသည်ဟု ကျွန်တော်ကိုယ်တိုင်တွေ့ ဖြင့် ယုံမိပါသည်။

ရှေးမြန်မာဘုရင်တွေမှာလည်း မှူးကြီးမတ်ကြီးတွေ ပြောစကားထက် သူတို့ကိုယ်တိုင် စနည်းနာထွက်ခြင်းဖြင့် လူတွေကြားမှ လူ့သတင်းမှန်ကို ရှင်ဘုရင် တွေ ကြားရသိရပေတော့သည်။ မင်းမှုထမ်းများက သတင်းမှန်မတင်ပြဘဲ ထိမ်ချန် ထားလျှင်အမှန်သိမည်မဟုတ်၍ ရှေးမင်းတို့ ကျင့်သုံးခဲ့ကြသောနည်းသည် ကျွန်တော် တို့ခေတ်ကာလအထိ အကျိုးရှိရှိ အသုံးဝင်လျက်မို့ တပ်မှူးတိုင်း ဆင်ခြင်ဖွယ်ဟု ဆိုချင်မိရပါသတည်း။

## ရှေ့တန်းနှင့် နောက်တန်း

ရှေ့တန်းတွင် စစ်ဆင်ရေးတာဝန်နှင့်အချိန်ပြည့် တာဝန်ယူနေရသော တပ်ရင်းမှူးတစ်ယောက်သည် စစ်ဆင်ရေးတာဝန်ကျေပွန်ဖို့ တိုက်ပွဲတိုင်းအောင် မြင်ဘို့အဓိကတာဝန်ရှိသလို နောက်တန်းဌာနချုပ်၏ အုပ်ချုပ်ကွပ်ကဲမှုအတွက် လည်းတာဝန်ခံရပေသည်။

နောက်တန်းမှူးအဖြစ် ဗိုလ်မှူးတစ်ဦးနှင့်တပ်ရေးဗိုလ်ကြီးတစ်ဦး တပ် ထောက်ဗိုလ်ကြီးတစ်ဦးတို့ကို တာဝန်ပေးထားသော်လည်း ငွေရေးကြေးရေးမှအစ လက်နက်ခဲယမ်းမီးသားစုများ စည်းကမ်းထိန်းသိမ်းမှု၊ သက်သာချောင်ချိမှု စသည် စသည်အားလုံးအတွက်ကလည်း တပ်ရင်းမှူးတာဝန်သာဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်ရှေ့တန်းရောက်နေသောကာလမှာ ကားလမ်း ပေါက်ရာမြို့၊ ရွာရောက်တိုင်း လစာပေးအဖွဲ့ကိုခေါ်သည်။ တပ်ရေးနှင့်တပ်ထောက် တို့အလှည့်ကျလာရသည်။

ကျွန်တော့်မှာ Duplicating စာအုပ် အမြဲထားသည်။ ပထမစာမျက်နှာ မှာ စာရေးမှတ်၍ ဖြုတ်ယူလိုက်လျှင် ဒုတိယစာရွက်မှာ ကာဗွန်စာရွက်မှ မင်နှင့် မိတ္တူကူးပြီးသား ကျန်ခဲ့သည်။

နောက်တန်းမှာ လုပ်စရာရှိတာတွေကို ရှေ့တန်းမှစဉ်းစားရသမျှ တစ်ချက် ချင်း နံပါတ်တပ်၍ရေးမှတ်ထားသည်။ လစာပေးအဖွဲ့လာလျှင် ရေးမှတ်ထားသမျှ တစ်ချက်ချင်း အသေးစိတ်မှာကြားသည်။ အရာရှိများကရေးမှတ်ကြသည်။ အချက်





တွေရေးထားသော စာရွက်ကိုဖြုတ်ကာပေးလိုက်သည်။ ကျွန်တော့်မှာ လက်ခံ စာရွက်ရှိနေသည်။

လစာပေးအဖွဲ့ပြန်သွားပြီး နောက်တန်းမှာလုပ်စရာတွေ ကျွန်တော်မှာသမျှ တစ်ချက်ချင်း သူလုပ်စရာကိုယ်လုပ်စရာခွဲကြရသည်။ တစ်ဦးချင်းစီ စစ်ရေး၊ စစ်ထောက်သက်သာချောင်ချိရေး၊ ကိုယ့်တာဝန်ကိုယ်လုပ်ကြရသည်။ နောက် တစ်လ လစာပေးအဖွဲ့လာချိန်မှာ ကျွန်တော် မှာထားသမျှ ဆောင်ရွက်မှု၊ တိုးတက်မှုတို့ကို ကျွန်တော်လက်ခံစာရွက်နှင့် ပြန်စစ်ဆေး သည်။

ကျွန်တော်တပ်ရင်းသို့ ရောက်စမှာ ဗိုလ်ကြီးတင်အောင်ဆိုသူသည် တပ်ထောက်ဖြစ်၍ ဗိုလ်ကြီးအောင်သောင်း (ဗိုလ်သင်တန်း ၁၅)ကတပ်ရေး ဖြစ်သည်။ ဗိုလ်ကြီးတင်အောင်သည် ငယ်စဉ်ကကျွန်တော်နှင့် ကျောင်းနေဖက် သူငယ်ချင်းဖြစ်သည်။ ၁၉၄၆ ခုနှစ်မှာကွဲကွာသွားကြပြီး ၁၉၇၂ ခုနှစ်မှာ ပြန်တွေ့ ကြရသည်။ ကွမ်းအမြဲစားသော ဗိုလ်ကြီးတင်အောင်ကို ကွမ်းတင်အောင်ဟုလည်း ခေါ်ကြသည်။

ငယ်သူငယ်ချင်းဖြစ်ပါလျက် အခြားအရာရှိများရှေ့တွင် ကျွန်တော့်ကို တပ်ရင်းမှူးအဖြစ်သာ လေးလေးစားစား ဆက်ဆံတတ်သည်။ သူက အခွင့်အရေး လည်း မယူ၊ နေရာလည်းမယူတတ်သလို သူ့ဇနီးမဝင်းကြည်ကလည်း ကျွန်တော့် ဇနီးကို နေရာထား၍ ဆက်ဆံတတ်သည်။

ထိုသူငယ်ချင်းတပ်ထောက်ဗိုလ်ကြီး လစာပေးအဖွဲ့နှင့် ရှေ့တန်းသို့လာ သောအခါ နောက်တန်းတွင် လုပ်စရာအလုပ်များ ကျွန်တော်က မှာနေစဉ် ဗိုလ်ကြီး တင်အောင်က သေသေချာချာနားထောင်သည်။ သူ့စာအုပ်ထဲမှာ အသေးစိတ်လိုက် မှတ်သည်၊ အမှတ်စဉ်များ တပ်သည်။ အမှတ်စဉ်ဘေးမှာ ကြယ်ပွင့်လေးတွေ မှတ်ထားသေးသည်။

ထိုအခါ ထောက်လှမ်းရေး အရာရှိဗိုလ်ကြီးထွန်းကြည်က 'အစ်ကိုလေး ကြယ်ပွင့်တွေကလည်းအချက်တိုင်းမှာ ကြယ်တွေချည်းပါလား' ဟု ထပ်တွန့် လိုက်ရာ လူရိုးကြီးက ရယ်ကျဲကျဲနှင့်။

'ဒီအိုကြီးပြောသမျှတွေက နောက်တန်းမှာ လုပ်စရာတွေချည်းမို့ ကြယ် ပွင့်နဲ့မှတ်နေတာပါ' ဟု ဖြေသည်။

ထိုအချိန်မှစ၍ လူငယ်အရာရှိတွေက သူ့ကို ကွမ်းတင်အောင်ဟု မခေါ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ကြယ်ပွင့်ဗိုလ်ကြီးဟု ဝိုင်းခေါ်ကြတော့သည်။


လစာပေးအဖွဲ့ နောက်တစ်လလာလျှင် ပထမလက မှာလိုက်သမျှ ဆောင်ရွက်မှုအခြေအနေကို တစ်ချက်ချင်း ပြန်လည်သတင်းပို့စေသောစနစ်ဖြင့် တပ်ရင်းမှူးဘဝ ငါးနှစ်တာကာလမှာ ရှေ့တန်းမှနောက်တန်းသို့ ကွပ်ကဲခဲ့ရခြင်းသာ ဖြစ်ပါ၏။

**စာအုပ်တန်ဖိုး**

ကျွန်တော်သည် ၁၉၅၅ ခုနှစ် ဇန်နဝါရီလမှ ၁၉၅၇ ခုနှစ် စက်တင်ဘာလအထိ ဗိုလ်သင်တန်းကျောင်းတွင် နည်းပြအရာရှိတာဝန် ထမ်းဆောင်ခဲ့ရသည်။

၁၉၅၇ ခုနှစ်ဆန်းပိုင်းမှာ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ တာဝန်နှင့်ခေတ္တဆင်းရင်း စာအုပ်ဆိုင်မှ စာအုပ်သေးလေးတစ်အုပ် ဝယ်လာခဲ့ပါသည်။

အရွယ်မှာ ငါးလက်မနှင့်လေးလက်မခွဲအရွယ် စာအုပ်သေးသေးပါးပါးလေးဖြစ်ပါသည်။ စာမျက်နှာ(၄၁)မျက်နှာပါသည်။ ထိုမျှငယ်သော စာအုပ်ကလေးကိုဝယ်လာပြီး ဖတ်ကြည့်ပါမှ တန်ဖိုးရှိသောစာအုပ်ဖြစ်ကြောင်းတွေ့ရသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာအသုံးကျလိမ့်မည်ဟု ကြိုတင်မျှော်မှန်းကာ တရိုတသေသိမ်းထားခဲ့ပါသည်။




ခြေလျင်တပ်ရင်းအတွက် အသုံးဝင်သော စာအုပ်ကလေး

The Administrative Aide Memoire. 500 reminders for officers ဟူသော စာအုပ်ကလေးဖြစ်ပါသည်။

ထိုစာအုပ်ငယ်အား Major RCW Thomas ဆိုသူမှ ပြုစုထားခြင်း ဖြစ်သည်။ စာအုပ်ထဲတွင် မေးခွန်းပုံစံဖြင့် အချက် ၅၀၀ ပါသည်။ ငွေစာရင်းမှစ၍ လက်နက်တိုက်၊ ခဲယမ်းသိုလှောင်ရုံ၊ ရိက္ခာ၊ အရာရှိအကြပ်စားရိပ်သာ၊ မော်တော်ယာဉ်မှအစ တပ်တွင်းစစ်ဖိနပ်ပြုပြင်ရာဌာနပါမကျန် စစ်ဆေးရန် အချက်တွေကို မေးခွန်းတွေအဖြစ် ရေးထားသည်။





ဥပမာ- (1) Are all unit accounts audited at the end of each quarters?

(26) Are all personel required to sign for their own arms?

(61) Has the unit a proper boot repairing contract?

(475) Have the unit a welfare officer and what are his duties?

(500) When officers relinquish or assume appointments within the unit, are proper handing and taking over certificates being signed?

ဟူ၍တပ်ရင်းတစ်ရင်းအတွင်း စစ်ဆေးသင့်သောဌာနများအလိုက် လုပ်ငန်းဆိုင်ရာမေးခွန်းများပါရှိပါသည်။ ၄င်းတို့ဗြိတိသျှတပ်မတော်အတွက် ရေးသားပြုစုထားခြင်းဖြစ်သော်လည်း ကျွန်တော်တို့အတွက် သင့်တော်ရာသင့်တော်ရာကို သင့်တော်သလိုစပ်ဟပ်အသုံးပြုနိုင်ကြောင်း လက်တွေ့ တွေ့ရှိရပါသည်။

၁၉၇၂ ခုနှစ် ကျွန်တော်တပ်ရင်းမှူး တာဝန်ယူရချိန်မှာ၍ check list ကို လေ့လာလျက် ကိုယ့်တပ်ရင်းအတွက် ချို့ယွင်းချက်မရှိအောင်ကြိုးစား၍ စစ်ဆေးပြုပြင် ခဲ့ရပေသည်။

တပ်မတော်တစ်ရပ်လုံးအတွက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆေးရေးညွှန်ကြားရေးမှူးရုံးမှ အလျဉ်းသင့်သလို တပ်ရင်းတပ်ဖွဲ့များကို လိုက်လံစစ်ဆေးခဲ့ရာတွင် စစ်ဆေးရန်အချက်များ ပြုစုယူဆောင်လာကြောင်းသိရပါသည်။

ထိုသို့ လာရောက်စစ်ဆေးခြင်းမပြုမီကပင် ကြိုတင်စစ်ဆေးရန် အချက်များ တပ်ရင်းတပ်ဖွဲ့တိုင်းသို့ ဖြန့်ဝေပေးထားပြီး ကိုယ့်တပ်ကိုကိုယ့်အဖွဲ့နှင့် စစ်ဆေးလျှင် ပိုမိုသင့်တော်မည်ဟု ယူဆပါသည်။

မည်သို့ဆိုစေ ၁၉၅၇ ခုနှစ်က ဝယ်ယူသိမ်းဆည်းထားခဲ့သော ငွေကြေးတန်ဖိုးနည်းစာအုပ်ငယ်လေးသည် ၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ကျွန်တော့်တပ်ရင်း ကျွန်တော်ကွပ်ကဲရာတွင် အကျိုးကျေးဇူးကြီးစွာ အထောက်အကူပြုခဲ့ကြောင်း ထင်ရှားလှပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



**မူးနေသော ရဲဘော်**

အမြဲတမ်းလိုလို စစ်ဆင်ရေးထွက်နေရသော တပ်များတွင် စည်းနှင့်ကမ်း နှင့်နေသော ရဲဘော်ရှိသလို စည်းကမ်းမလိုက်နာသူလည်းရှိသည်။ မူးလျှင်ဆိုးသူ လည်းရှိသည်။ ပေတေတေဂျစ်ကန်ကန်စစ်သည်လည်း ရှိသည်။

တပ်မတပ်ရင်းမှာ ကျွန်တော်တပ်ရင်းမှူးလုပ်သက်ငါးနှစ်ကြာခဲ့သည်။ တပ်မမှူးငါးယောက်လက်အောက်မှာ တာဝန်ယူခဲ့ရဖူးသည်။

တပ်မမှူး ဗိုလ်မှူးကြီးလှဖေက တပ်အုပ်ချုပ်မှုပညာပေးခဲ့သည်ကို ယခု တိုင် စွဲစွဲမြဲမြဲကျင့်သုံးခဲ့မိပါသည်။

'ကိုညွန့်ဆွေ တပ်မှာ တပ်မှူး ဘာလုပ်တတ်သလဲ တပ်မှူး ဘာဝါသနာ ပါသလဲဆိုတာ လက်အောက်သူတွေက လေ့လာကြတယ်၊ တပ်မှူးလုပ်တာ ဝါသနာ ပါတာကို အကြိုက်လိုက်လုပ်တဲ့လူတွေရှိတယ်'

**'တကယ်တော့ အထက်လူကြီးကို လေ့လာဖို့ထက် ခင်ဗျားတပ်က လူငယ်တွေကို သိအောင်လုပ်ဖို့အရေးကြီးတယ်။ အရာရှိအကြပ်တွေကို သေချာ လေ့လာထားမှ ဘယ်နေရာ၊ ဘယ်တာဝန်မျိုးမှာ ဘယ်သူ့ကို တာဝန်ပေးရမလဲဆို တာ မှန်မှန်ကန်ကန် ရွေးပြီး တာဝန်ပေးတတ်မယ်'**

ဒါဟာ အရေးကြီးဆုံးပဲ'ဟု ပြောဖူးသည်။ လူရိုးလူအေး ပုတီးသမား တွေချည်း စုနေရင် စစ်တိုက်တဲ့နေရာမှာ ရှုပ်ရှုပ်ချွံချွံရှိချင်မှရှိမည်။ မူးတဲ့လူ ရမ်းတဲ့လူ၊ တစ်ဇွတ်ထိုးသမား၊ ဇွဲရှိသူ စသူတို့သည် တကယ့်အရေးမှာ တာဝန်ပေး လျှင် တကယ့်စွန့်စားတတ်သည့် သာဓကများစွာလည်း တွေ့ခဲ့ရသည်။

တစ်နေ့သောအခါမှာ ကျွန်တော်တို့ မိသားစုတွေ မန္တလေးမြို့ထဲ သွားရ ညစာစားကြသည်၊ ရေခဲမုန့်၊ ဖာလူဒါစားကြသည်။ ကျွန်တော်တို့ဇနီးမောင်နှံနှင့် သားသမီး၊ တူ တူမလေးခြောက်ယောက်ပေါင်းတော့ မာဇဒါဂျစ်တစ်စီးအပြည့် ဖြစ်သည်။ ည ကိုးနာရီလောက် နန်းရှေ့မှ အရှေ့ရှုရှု ရန်ကင်းတောင်သို့ ဦးတည် လျက် ကားမောင်းလာရာ တစ်လမ်းလုံးရှင်းနေသည်။ ကျိုကုန်းရွာနားမရောက်မီ လမ်းလယ်ခေါင်မှာ လူတစ်ယောက် လမ်းပြည့်အောင် ယိုင်ထိုးယိုင်ထိုးလျှောက်နေ သည်ကို ကားမီးနှင့်အဝေးက တွေ့ရသည်။

ကားအနားရောက်သော်လည်း ထိုသူက မဖယ်၊ ကားကို လက်ပြန်တား သည်။မီးရောင်မှာထင်ရှားစွာ တွေ့ရသည်က ပုဆိုးကွင်းသိုင်းထားသည်။ သောင်းတင်း





ပါ၊ မိမွေးတိုင်းဖမွေးတိုင်းပုံစံနှင့် အတော်မူးနေသည်။ တပ်ကရဲဘော်ဖြစ်ကြောင်း ကျွန်တော်သိသည်။

'ကားမီးထိုးတာ ဘယ်သူလဲ'ဟု အမူးသမားက မေးသည်။ စိတ်တိုတတ် ၍ စိတ်မြန်လက်မြန်ရှိသော ကျွန်တော်တော့ ဒီရဲဘော်ကို ဆုံးမတော့မည်ဟု သက်ဆွေက စိုးရိမ်နေသည်။ 'လက်မပါနဲ့နော် ကိုမောင်'ဟု ပြောနေသေးသည်။

ကျွန်တော်က အသံကိုမြှင့်၍

'ဟေ့ကောင် ဘာဖြစ်နေတာလဲ၊ လာခဲ့၊ ကားပေါ်တက်စမ်း'ဟု အော် လိုက်သည်နှင့်လမ်းကို ကောင်းစွာမလျှောက်နိုင်အောင်မူးနေသောရဲဘော်က လုံချည် ကို ပြန်ဝတ်သည်၊ သတိဆွဲကာ အလေးပြုသည်။ လူက ယိုင်နေသည်။

'ကားပေါ်တက်' ဟု လေသံမာမာနှင့်ပြောလိုက်ရာ ဟုတ်ကဲ့ တစ်ခွန်း ပြောပြီး ကားနောက်ခန်းမှာ သားတွေတူတွေနဲ့အတူ တက်ထိုင်သည်။ တုတ်တုတ်မျှ မလှုပ်တော့ပေ။

ကျွန်တော်လည်း တပ်ရင်းဗဟိုကင်းသို့ ကားကိုတန်းမောင်းသွားရသည်။ ကင်းမှူးကိုခေါ်၍ ဒီရဲဘော်ကို အချုပ်ထဲမှာသိပ်ထားလိုက်ဖို့နှင့် အချုပ်သားစာရင်း မှာ မှတ်တမ်းမရေးဘို့ မှာရင်းလွှဲပေးလိုက်ရာ အောက်ဆင်းပြီး အလေးပြုလျက် ယိုင်ထိုးယိုင်ထိုးနှင့် အချုပ်ခန်းထဲ ဝင်သွားတော့သည်။

အိမ်ပြန်ရောက်မှ တပ်ရေးဗိုလ်ကြီးထံ ဖုန်းဆက်၍ အသိပေးလိုက် ရပါသည်။

ကျွန်တော့်ဇနီးက အံ့သြနေသည်။ ဒီလောက်စိတ်တိုတတ်တဲ့လူက ရဲဘော် အမူးသမားတွေတော့ မဆူမဆဲမရိုက်မပုတ်နဲ့ ဘယ်လိုဖြစ်တာလဲဟု မေးလာသော ကြောင့် တပ်မမှူး ဗိုလ်မှူးကြီးလှဖေပြောကြားချက်ကို ပြန်လည်ရှင်းပြလိုက်ရပါ တော့သည်။

စစ်ဆင်ရေးတပ်မှာ လူကိုကိုင်တွယ်တတ်မှ စစ်တိုက်၍ရမည်သာ ဖြစ်ပါ၏။

အရက်သောက်သူတိုင်း လူဆိုးမဟုတ်ကြသည်က သေချာလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## တပ်ရင်းသံယောဇဉ်

ဖိုးဂေါ်ရခါးခေါ် ခလရ (-)မှာ တပ်ကြပ်ကြီးမောင်ကျော်ဆိုသူရှိသည်။ လူပျိုဖြစ်သည်။ အရက်ကို အလွန်ကြိုက်သည်။

အရာရှိငယ်တွေပြောသောစကားဝိုင်းမှ ကြားသိရသည်မှာ

တစ်ညဆရာမောင်ကျော်မူးလာသည်။ ခါးတောင်းမြှောင်အောင်ကျိုက်ထားသည်။ ဘယ်နတ်စင်ကယူလာမှန်းမသိသော မြင်းဖြူရုပ်ကို ခွစီးလျက် လက်က အရုပ်ကိုကိုင်ရင်း လမ်းလျှောက်လာသည်။

'ရွှေဘို ရွှေဘိုမြင်းရယ်က ခွာသံ ခွာသံ ပြင်းတယ်လေလေ…'ဟု တစ်လမ်းလုံး ဆိုလာသည်။ တပ်အဝင်ဂိတ်ဝင်သည်နှင့် တပ်ရင်းမှူးအိမ်ရှိသည်။ အိမ်ရှေ့တွင် ညောင်ပင်ကြီးရှိသည်။ ညောင်ပင်သို့ ရောက်သောအခါ ဆရာမောင်ကျော်သည် ခါးတောင်းကျိုက်ကိုဖြုတ်၍ မြင်းရုပ်ကိုညောင်ပင်မှာချိတ်သည်။

'ကဲ ကျုပ်မူးနေပြီ၊ အသင် ဒီမှာနေခဲ့ပြီး တပ်ရင်းမှူးကြီးအိမ်ကို စောင့်ရှောက်ပါ'ဟု မှာလျက်ဆက်ထွက်သွားလေသည်။

ထိုဆရာမောင်ကျော်သည် ကျွန်တော်တပ်ပြောင်းလာပြီး မကြာမီ နောက်တပ်ရင်းမှူးဗိုလ်မှူးသောင်းစိန်ကွပ်ကဲမှုဖြင့် ကွမ်းလုံဘက်တွင် တပ်ရင်းတစ်ခုလုံးတာဝန်ကျသည်။ တပ်ကြပ်ကြီးမောင်ကျော်ကို ဗထူးရှိအကြပ်ကြီးသင်တန်းတက်ရန် လားရှိုးသို့ပြန်လွှတ်လိုက်သည်။ သူလည်းလားရှိုးရောက်ရော ကွမ်းလုံဒေသရှိ ခလရ(-) စခန်းများကို ဗကပများ အလုံးအရင်းနှင့် ဝင်တိုက်သည်။

ထိုသတင်းကြားသောဆရာမောင်ကျော်သည် ဗထူးမြို့သို့သွား၍ အေးအေးဆေးဆေးသင်တန်းမတက်တော့ဘဲ ချက်ချင်းပင်ယာဉ်တန်းကြဲနှင့်ကွမ်းလုံကို ပြန်လိုက်သွားသည်။

ဗကပကို တန်ပြန်တိုက်သော တပ်မတော်စစ်ကြောင်းကို သူက လမ်းပြခေါ်ဆောင်ကာအဘူပါဝင်တိုက်ခိုက်ခဲ့ကြောင်းတပည့်ဟောင်းကြီး၏သတင်းကောင်း၊ တပ်ရင်းချစ်စိတ်နှင့်သံယောဇဉ်ကြီးမားပုံကို ကျွန်တော်ပြန်ကြားရပါတော့သည်။

တကယ့်တိုက်ပွဲမှာ တကယ်အားကိုးရသောသူဆိုသည်မှာ သည်လိုလူစားမျိုးပါတည်း။





## သူရဗဟာဒူး

ခလရ(-)မှာ ဆိုးလွန်းသောကြောင့် တပ်သားဗဟာဒူးကို ဖိုးဂေါ်ရခါးခေါ် ခလရ(-)သို့ ပို့လိုက်သည်။

တပ်ကို ရောက်လာသည်နှင့် စုပေါင်းရိပ်သာတွင် ချိတ်ဆွဲထားသောနှမ်း ရည်သတ္တိဆိုင်ရာ ဘွဲ့ရရှိသူများစာရင်းကို ပြရသည်။ ဒီတပ်ရဲ့သမိုင်းမှာ ဂေါ်ရခါးတွေဟာ တပ်မတော်မှတ်တမ်းတင်လောက်အောင် သူရသတ္တိဆိုင်ရာဘွဲ့တံဆိပ်တွေရခဲ့ကြောင်း ရဲစွမ်းသတ္တိပြခဲ့ကြသည်မှာ ဂေါ်ရခါးစစ်သည်တွေသာများကြောင်း ပြောပြထားရသည်။

ခလရ(-) ရောက်တော့လည်း မကြာခဏမူးတတ်သည်။ မူးသည့်အခါငိုသည်၊ မြေကြီးကိုလက်သီးနှင့်ထိုးသည်။ ဘေးမှစစ်သည်များကို ရန်ရှာခြင်း၊ ရမ်းကား ခြင်းတော့မရှိချေ။

ကွန်မန်ဒိုတပ်စုမှာ ထားလျက် တပ်ကြပ်ကြီးတိုက်နိုင်ကို အနီးကပ်လေ့လာနိုင်းထားရပါသည်။ မြန်မာစာရေးလည်းစွာမတတ်သော ဗဟာဒူးထံ တစ်ခါတစ်ရံစာလာတတ်သည်။ စာလာပြီးလျှင်စာကိုဆုတ်ဖြဲပစ်သည်။ ပြီးလျှင် အမူးသောက်တော့သည်။

သည်လိုလေ့လာတွေ့ရှိရသည့်အခါ သူ့ထံလာသောစာ၊ စာရေးပေးပို့သူ၊ စာပါအကြောင်းအရာတို့ကို လေ့လာရပြန်သည်။

ဗဟာဒူး၏အမေသည် မြစ်ကြီးနားမှာရှိသည်။ စိတ်ရောဂါဝေဒနာသည်ဖြစ်သည်။ တစ်ခါတစ်ရံစိတ်ဖောက်ပြန်သည့်အခါ မြို့ထဲဈေးထဲမှာ လျှောက်သွားနေတတ်သည်။ ထိုသို့ ထိန်းမရသိမ်းမရ မကြာခဏဖြစ်သည်။ ဖြစ်တိုင်းညီဝမ်းကွဲက စာရေးသည်၊ ဗဟာဒူးကစာဖတ်ပြီး အမူးသောက်ခြင်းဖြစ်သည်။

ခလရ(-)မှာ သူရဘွဲ့ရရှိအောင် စစ်ရေးစွမ်းရည်ရှိသောရဲဘော်ဖြစ်သည်။ ကျွန်တော်တို့လို တပ်ရင်းမှူးများက ဆိုးသောစွန့်စားသောရဲဘော်များကို ချစ်တတ်ကြသည်။

ထိုအချိန်မှာ မြစ်ကြီးနားရှိ တိုင်းစစ်ဌာနချုပ်တွင် ဂျီဝမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူမှာ ဒုတိယဗိုလ်မှူးကြီး တန်ကာဒိုးချ်(ဗိုလ်သင်တန်း ၇)ဖြစ်သည်။ ကျွန်တော်နှင့်လည်း ပုဂ္ဂိုလ်ရေးအရ ခင်မင်မှုရှိ၍ သူ့ထံ စာရေးရသည်။

တပ်သားဗဟာဒူး၏ အမေစိတ်ရောဂါဝေဒနာရှင်ကို အဝတ်အစားမှစ၍



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးပြီးသားနှင့်အတူ ကျွန်တော့်တပ်သို့ ပို့ပေးရေးအကူအညီတောင်းသည့်စာ ကာ ဗဟာဒူးကို မြစ်ကြီးနားလွှတ်လိုက်သည်။

အမေကို ခေါ်လာခဲ့၊ ဒီတပ်မှာပြုစုစောင့်ရှောက်ထားမယ်'ဟု သေသေ ချာ မှာပြီး ဗဟာဒူးကို လွှတ်လိုက်ခြင်းဖြစ်သည်။ သူ့အမေစိတ်ရောဂါဝေဒနာ ကို တပ်မှာကျွေးမွေးပြုစုထားလျှင် သည်ရဲဘော်အမေအတွက် စိတ်အေးရမည် မူးစရာ မြေကြီးကို လက်သီးနှင့်ထိုးစရာအကြောင်းမရှိနိုင်တော့ဟု စဉ်းစား စီစဉ်ရခြင်းဖြစ်ပါသည်။

သို့သော်

မြစ်ကြီးနားသို့ ရဲဘော်ဗဟာဒူးရောက်ရှိသွားကာ ကျွန်တော်ရေးလိုက် သည့်စာ ဂျီဝမ်းကြီးလက်ထဲ ထည့်လိုက်သောအချိန်မှာ-

ဗဟာဒူးအမေသည် ကွယ်လွန်ပြီးခဲ့လေပြီ။

တပ်ကိုခေါ်လာဖို့

တပ်မှာ ပြုစုစောင့်ရှောက်ဖို့

ဗဟာဒူးကို လူလိမ္မာလေးဖြစ်အောင် အရက်ဖြတ်ပေးဖို့ အခွင့်အလမ်း ပိတ်သွားချေပြီ။

စစ်တိုက်နေရသောစစ်သည်များသည် တပ်တိုင်းတပ်တိုင်းမှာ ပုံစံအမျိုးမျိုး ရှိကြသည်။ ရိုးသားသူရော၊ အေးဆေးသူရော၊ ဆိုးသူရော၊ မူးသူရော စစ်တိုက်လျှ မှန်သမျှ ချစ်စရာကောင်းကြသည်သာဖြစ်ပါ၏။

## မဟာစည်နည်း

၁၉၇၄ ခုနှစ်တွင် ကျွန်တော့်အသက် သုံးဆယ်ကိုးနှစ် ရှိပြီ။ တပ်ရင်း တစ်ရင်းလုံး လှုပ်ရှားစစ်ဆင်ရေးတာဝန်နှင့် သုံးလကျော်ကြာလာသောအခါ အလှည့် ကျနားရအောင် နမ့်ခမ်းမြို့မှာ ဝင်ရောက်အခြေပြုပတ်ဝန်းကျင်စိုးမိုးရေးနှင့် အရေး စစ်ကြောင်းတာဝန်ပေးခဲ့ရပါသည်။

တပ်ရင်းမှူး၏စစ်ကြောင်း (၁)သည် နမ့်ခမ်းမှ နမ့်ဖတ်ကာသို့ ဖောက် ထားသော မဟာဗျူဟာတောင်ပေါ်လမ်း အတက်နှစ်မိုင်မှာ စခန်းထိုင်ရသည်။ နမ့်ခမ်းမြို့တွင်းလုံခြုံရေးတပ်ခွဲတစ်ခွဲ တာဝန်ပေး၍တပ်ခွဲမှူးဗိုလ်ကြီးခင်မောင်မြင့် က နတ်စင်ကုန်းမှာ အခြေပြုရသည်။





ဗိုလ်မှူးခင်မောင်မြင့်၏ဇနီး ဒေါ်တင်မာစိမ်းကလည်း ဆရာဝန်ဖြစ်၍ နမ့်ခမ်းဆေးရုံမှဒေါက်တာစိုင်းလွန်းမောင်၊ ဒေါက်တာမလေးခိုင်တို့ဇနီးမောင်နှံနှင့် ရင်းနှီးကြသည်။

ကျွန်တော်သည် ပါတီယူနစ်ဥက္ကဋ္ဌဦးစိုင်းမြအောင်၊ ကောင်စီဥက္ကဋ္ဌဦး စိုင်းသာအေး လူကြီးများဖြစ်သော ဦးယောတ၊ ဦးစံအေး၊ ဦးစောမြ၊ ဦးစိုင်းဖိုးကျော်၊ ဦးစိုင်းကျော်အေးဝင်း စသူတို့နှင့်ထိတွေ့ရသည်။ မြို့ရေး ရွာရေးဆွေးနွေးရသည်။

ထိုသို့ စခန်းထိုင်ရချိန်မှာ နမ့်ခမ်းမြို့မှ မဟာစည်ဆရာတော်ဘုရားထံ ချွမ်းပို့ရသည်။ ဝတ်ကြီးဝတ်ငယ်ပြုရသည်။

ဆရာတော်ဘုရားသည် ၁၉၅၆ ခုနှစ်ကတည်းက နယ်စပ်တော်ပေါ်ဒေသ တွေမှာ သာသနာမကွယ်ပျောက်ရအောင် တောင်တန်းသာသနာပြု စီမံကိန်းအရ ရန်ကုန်မဟာစည်ကျောင်းတော်ကြီးမှ ကြွရောက်သီတင်းသုံးရသော ဆရာတော်ဖြစ် ကြောင်းသိရသည်၊ နမ့်ခမ်းသာမက ပလောင်တောင်ကြောတစ်ခုလုံးနှင့် နယ်စပ် မြို့ငယ်များပါမကျန် သာသနာပြုကိုယ်တော်တွေ ဖြန့်ခွဲစေလွှတ်ခဲ့ကြရာမှ တစ်ပါး အပါအဝင်ဖြစ်သည်။

ထိုမဟာစည်ဆရာတော်ထံမှ စတင်၍ သမထဝိပဿနာ ဘာဝနာကို ကြားနာရင်း လက်တွေ့စမ်းသပ်ခွင့်ရပါတော့သည်။

မဟာစည်နည်းအရ ပိန်ဖောင်းကို အခြေခံမှတ်ရသည်၊ လူငယ်စိတ်မကုန် သေးဘဲ တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှားဖြစ်သော ကျွန်တော့်မှာ တင်ပလ္လင်ခွေ ထိုင်ရင်း ပိန်တာဖောင်းတာ မှတ်သော်လည်း မှတ်မရ၊ ခြေကျင်တာ၊ ညောင်းတာ တာ အဖတ်တင်သည်။

သည်တော့ ဆရာတော်က မှတ်နည်းပြောင်းပေးသည်။ ပက်လက်အိပ်ရင်း ဝမ်းဗိုက်ပိန်ဖောင်းတာ မှတ်ခိုင်းသည်။ အိပ်ရာအမာခံမှာ ကျောကပ်ထားသည့် အတွက် ဝမ်းဗိုက်ပိန်ခြင်းဖောင်းခြင်းကို ထိုင်လျက်မှတ်ရတာထက် ပိုသိသာသည်။

ကျွန်တော်လို အစိမ်းသက်သက်ကို သိသာလွယ်သောနည်း ဆရာတော် က ပြောင်းပေးခြင်း ဖြစ်ပါသည်။ တကယ်တော့ ရောက်လေရာရာ ရွာဘုန်းကြီး ကျောင်းတွေမှာ ကုသိုလ်ပြုသည်။ လှူသည်၊ ဆွမ်းကပ်သည်၊ ဤသို့သာ ဒါနပါရမီ ဖြည့်သည်မှာ နှစ်ပေါင်းကြာပြီ၊ ဘာဝနာအလုပ်ကို မလုပ်ဖြစ်ခဲ့သေး။ ယခုမှစ၍ နည်းနာခံယူလေ့ကျင့်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်အိပ်ရာထ သန့်ရှင်းရေးကိစ္စများ လုပ်ပြီးချိန်မှာ နာရီဝက်ကြာ တရားမှတ်သည်။ ပက်လက်မှတ်ရင်း ပိန်တာဖောင်းတာကို ပိန်မှန်းဖောင်းမှန်း သိသောအဆင့်သာရှိသည်။ အခြေခံ၏ စလုံးရေးစကို ယခုမှတာကယ်စဖြစ်ရခြင်း ဖြစ်ပါသည်။

တရားမှတ်ပြီး ထွက်လာမှ နံနက်စာလက်ဖက်ရည်သောက်သည်။ ရ နာရီမှာ မြေပုံရှေ့ထိုင်ရင်း ထောက်လှမ်းရေးအရာရှိ ဗိုလ်သိန်းဆွေက ဗျူဟာမှပေါ် လာသော ညွှန်ကြားချက်များ၊ စစ်ကြောင်းနှစ်ကြောင်းနှင့် တပ်ခွဲများမှ အစီရင်ခံစာ များ၊ လှုပ်ရှားမှုများ၊ ဒေသမှထောက်လှမ်းရေးသတင်းများကို မြေပုံနှင့်ရှင်းပြသည်။ နောက်တန်းတပ်ရင်းမှတင်ပြချက် ကြေးနန်းများနောက်ဆုံးမှတင်ပြသည်။ ကျွန်တော် က ညွှန်ကြားစရာရှိတာ ညွှန်ကြားရသည်။

နေ့စဉ် ပထမဆုံး အလုပ်စလုပ်ရခြင်းက ထိုသို့ မြေပုံခန်းမှပါတည်။

တစ်နေ့သောနံနက်မှာ ထိုသို့ အခြေအနေတင်ပြအပြီး ကျွန်တော်တို့ အေး အေးဆေးဆေး စကားပြောနေမိသည်။ ဗိုလ်သိန်းဆွေရယ် ကွန်မန်ဒိုတပ်စုမှူး ဗိုလ်မောင်နီရယ် အရန်တပ်စုမှူးဗိုလ်မြင့်သိန်းရယ်၊ နမ့်ခမ်းမြို့တာဝန်ခံဗိုလ်ကြီး ခင်မောင်မြင့်ရယ် တပ်အကြောင်း၊ မြို့အကြောင်းပြောနေကြစဉ် ဗိုလ်သိန်းဆွေ က တင်ပြစရာရှိလို့ဟု စပ်ဖြဲဖြဲလုပ်နေပါသည်။

'ဘာလဲကွ'ဟု မေးမှ

'ဗိုလ်မှူးမနက်တိုင်း တရားမှတ်တာ တစ်လရှိပါပြီ။ တစ်နေ့ကို သုံးကြိမ် လောက် တရားမှတ်ရင် ပိုကောင်းမလားလို့ပါ'ဟု ဆိုသည်။

အလုပ်ကိစ္စမှလွဲလျှင် အမြဲမဟုတ်တာပြောတတ်သော မောင်ရွှင်ဟု အမည်တွင်သူက ထိုသို့ပြောသောအခါ ကျွန်တော်ကလည်း အကောင်းမထင်နိုင်

'မင်းဘာမဟုတ်တာပြောမလို့လဲ'

'မဟုတ်တာမပြောပါဘူး၊ ဗိုလ်မှူးမနက်စောစောတရားမှတ်ပြီး ထွက်လာ စ တစ်နာရီလောက်မှာ ဒေါသသိပ်မကြီးဘူး၊ သိပ်မဆဲဘူး၊ ကျွန်တော်တို့တော် တော်သက်သာနေပါတယ်၊ တစ်နေ့မှာ သုံးခါလောက် တရားမှတ်လို့ သုံးခါလောက် အဆူအဆဲခံရတာသက်သာရင် ပိုကောင်းမလားလို့ပါ'ဟု ရယ်ကျဲကျဲပြောပုံမှာ သူ့မွေးရာပါပုံစံအတိုင်းဖြစ်သည်။





သည်တော့ ကျွန်တော်ကလည်း ချီးမွမ်းလိုက်ပါသည်။

'သေနာလေး ရွှင်'ဟူ၍

## နယ်စပ်မှာ ဘုရားတည်

၁၉၇၀ ခုနှစ်မှစ၍ နောက်ပိုင်းတွင် အရှေ့မြောက်ရှမ်းပြည်နယ်ဒေသတွင် တပ်မရှေ့တန်းစစ်ဆင်ရေး ဌာနချုပ်နှစ်ခုနှင့် တပ်ရင်း ၁၆ ရင်း တာဝန်ယူခဲ့ကြရ သည်မှာ ကျွန်တော်တပ်ရင်းမှူးဘဝ ၁၉၇၂ မှ ၁၉၇၇ ခုနှစ်အထိ ဖြစ်သည်။

ဗကပတို့ မဟာဗျူဟာဖြစ်သော မြို့သိမ်းတိုက်ပွဲများ ဖန်တီးခြင်းမပြု နိုင်အောင် ကျွန်တော်တို့ တပ်မတပ်များက လှုပ်ရှားရသည်။ ရန်သူကို ရှာ၍တိုက် ရသည်။ နယ်မြေခံဖြစ်သော တိုင်းတပ်ရင်းများနှင့် ဆက်စပ်လှုပ်ရှားရသည်။ တပ်မတပ်ရင်းများအနက် လှုပ်ရှားရင်း ပင်ပန်းလွန်းသော တပ်ကို အလှည့်ကျ နားရအောင် မြို့လုံခြုံရေးတာဝန်ပေးတတ်သေးသည်။ ၁၉၇၅/၇၆ ခုနှစ်ဆီက နမ့်ခမ်းမြို့လုံခြုံရေးဓေတ္တတာဝန်ယူရသည်။ တပ်ရင်းမှူး၏ စစ်ကြောင်းရုံးနှင့် ကွန်မန်ဒိုတပ်စုကို မြို့တောင်ဘက် စိုးမိုးတောင်ကုန်းမှာ နေရာချထားရသည်။ ဗိုလ်ကြီးခင်မောင်မြင့်ဦးစီးတပ်ခွဲတစ်ခွဲကို မြို့တွင်းမြို့ပြင်မှာ ထားရသည်။

ရှမ်းပြည်မြောက်ပိုင်းနှင့်ကချင်ပြည်နယ် ဆက်သွယ်သော အဓိကလမ်း ကြောင်းသည် ရွှေလီမြစ်နှင့်နမ့်ဝမ်ချောင်းဆုံရာ ရွှေလီတံတားမှဖြတ်ရသည်။

ထိုတံတားလုံခြုံရေးအတွက် ဗိုလ်ကြီးမောင်နီဦးစီးသောတပ်စုတစ်စု တာဝန်ပေးထားပါသည်။

## မျိုးဝက်အလှူ

ထိုအချိန်က တစ်ဖက်နိုင်ငံတွင် ရှေးကဘုရားတွေကို ဖြိုဖျက်ထားချိန် ဖြစ်သည်။ ရွှေလီမြစ်၏ ဟိုဘက်ကမ်းသည်ဘက်ကမ်းတွင် နေထိုင်ကြသူများမှာ ဆွေမျိုးတွေ တော်စပ်ကြသည်။ ဟိုဘက်သည်ဘက်ဈေးနေ့များတွင် ကူးသန်းသွား လာရောင်းဝယ်မှုပြုကြသည်။

ကျွန်တော်တို့ ရှိနေစဉ်နမ့်ခမ်းမြို့၌ ပွဲလိန်ဆီခေါ်တပေါင်းပွဲတော်ကျင်းပ သည်။ ရှမ်းပြည်မှာ ဘုရားပွဲကျင်းပလျှင် ပန်းဒကာဆိုသူသည် အရေးကြီးလူပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ လာရောက်လှူဒါန်းသမျှ တစ်ကျပ်တစ်ပြားမှစ၍ စာရင်းရေးသွင်းမှတ်တမ်းတင်ရသည်။ အလှူကြီးနေ့တွင် နံနက်စောစောမှစ၍ အလှူရှင်များစာရင်းကို ပန်းဒကာနှင့်အဖွဲ့က အသံချဲ့စက်ဖြင့် ကြေညာပေးရသည်။ လှူဒါန်းထားသူများကလည်း စောင့်နားထောင်ကြသည်။ ကြည်ညိုသဒ္ဓါပွားကြသည်။ သာဓုခေါ်သည်။

ရွှေလီမြစ်တစ်ဖက်ကမ်းမှ ဈေးနေ့လာရင်း လှူကြသည်၊ လှူသာလှူသော်လည်း သူတို့အမည်ကို မှတ်တမ်းတင်ခြင်း၊ လူသိရှင်ကြားကြေညာခြင်းတို့ မပြုလုပ်ရန် တောင်းပန်ထားကြသည်။

သွေးချင်းဆက်၍ မွေးဖွားကြသူအချင်းချင်းရေခြားနေကြသည်။ ရွှေလီမြစ်ရေအောက်တွင်မြေသားရှိသဖြင့် ဆွေမျိုးတွေအကြား မြေမခြားကြပါပေ။ သူတို့နယ်မှာ ကိုးကွယ်စရာ စေတီပုထိုးမရှိ၊ နန့်ခမ်း၊ ဆယ်လန့်၊ မူဆယ်သို့ ရောက်မှသာ လှူကြတန်းကြသည်။

## ကုသိုလ်ပြုရန် ဆန္ဒ

၁၉၅၉ ခုနှစ်ကတည်းက သာသနာပြုရန် ရောက်ရှိနေသော ဟန့်ကမ်းရွာ ဆရာတော်ထံ ကျွန်တော် လျှောက်ထားမိသည်မှာ ရွှေလီ နမ့်ဝမ်မြစ်ဆုံရာ ရွှေလီတံတားအနီး ရေလယ်ကျောက်ဆောင်တွင် ဘုရားတစ်ဆူ တည်ထားကိုးကွယ်ရန် ဖြစ်သည်။

မူဆယ်ဘက်မှ စီးဆင်းလာသော ရွှေလီမြစ်သည် နမ့်ခမ်းမြို့အနီးမှဖြတ်၍ စီးသည်။ ကချင်ပြည်နယ်နှင့်တစ်ဖက်နိုင်ငံအကြားမှ စီးဆင်းသောနမ့်ဝမ်ချောင်းသည် ရွှေလီတံတားရှိရာတွင် ပေါင်းဆုံပြီး တောင်ဘက်မြန်မာပြည်တွင်းသို့ စီးဆင်းလေတော့သည်။

ထိုမြစ်ဆုံ ရေလယ်ကျောက်ဆောင်တွင် ဘုရားတည်လျှင် တစ်ဖက်ကမ်းမှ ဆွေမျိုးသားချင်းများ အဝေးမှလှမ်း၍ ဖူးနိုင်ကြပေလိမ့်မည်။ ထိုအကြံကို ဆရာတော်ဘုရားကြီးက သဘောတူပြီးနောက် မြို့ကလူကြီးများနှင့်တိုင်ပင်ရသည်။ ပါတီယူနစ်ဥက္ကဋ္ဌ ဦးစိုင်းမြအောင်၊ ကောင်စီဥက္ကဋ္ဌဦးစိုင်းသာအေး၊ တရားစီရင်ရေးဥက္ကဋ္ဌဦးစိန်၊ အဖွဲ့ဝင်ဒေါ်နန်းဖြူဖြူအေး၊ ဦးစံအေး၊ ဦးစောလှ၊ ဦးယောဘ၊ ဦးစိုင်းဖိုးကျော်၊ ဦးစိုင်းကျော်အေးဝင်း၊ ဒေါ်ဓိ၊ ဒေါ်သိန်းမြ၊ ဒေါ်နန်းမြစိန်စသူတို့နှင့် တိုင်ပင်ရပြန်သည်။





မြို့ကပါ လိုလိုလားလား ဆန္ဒပြုကြသောအခါမှာ ရဲဘော်များ လုပ်အားသဒ္ဓါအားဖြင့် ရေလယ်ကျွန်း၊ ကျောက်ဆောင်ကိုရှင်းရသည်။ ညှိရသည်။ သံတိုင်စိုက်သည်၍ သံချောင်းခွေ၍ စေတီပုံဖော်ရသည်။

ရပ်ဝေးမှ ကြည်ညိုနိုင်စေရန် မှန်စီသောစေတီအဖြစ် တည်ထားရသည်၊ မှန်စီရွှေချ စေတီတော့ မတတ်နိုင်သေး။ မှန်စီထား၍ နေရောင်မှာပြိုးပြိုးပြက်ပြက်အရောင်တွေ ထွက်နေမည်။ အဝေးမှဖူးမြော်နိုင်မည်။

စေတီတည်ထားအပြီးမှာ တင်လှူဘို့ ထီးတော်ကို မန္တလေးမှ မှာယူရသည်။ နမ့်ခမ်းဈေးနေ့လာသော မြစ်တစ်ဖက်ကမ်းမှ ဆွေတော် မျိုးတော်တွေက ရပ်ဝေးမှ ဘုရားဖူးရ၍ ကြည်နူးကြကြောင်း ပျော်ကြရကြောင်းပြောသည်။

စိတ်အကြံအားရော၊ လုပ်အားရော၊ ငွေအားရော၊ သဒ္ဓါအားရော ပေါင်းအလှူဖြစ်၍ရည်ရွယ်ချက်အောင်မြင်သောကြီးမြတ်သည့်အလှူကြီးသာဖြစ်ပါပေ၏။

·အဖျက်လုပ်ငန်း-

၁၉၇၇ ခုနှစ် မေလတွင် ခလရ(-)မှ ကျွန်တော် ပြောင်းရွှေ့လာခဲ့ရပြီး နမ့်ခမ်းဒေသသို့ ကျွန်တော် ပြန်မရောက်ဖြစ်တော့ပေ။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန် ထမ်းဆောင်နေရစဉ် ဗီယက်နမ်ဝန်ကြီး ချုပ်ခရီးစဉ်မှာ ကျွန်တော်တို့ဇနီးမောင်နှံ လိုက်ပါကြရသည်။ မန္တလေးမြို့မှာ ညအိပ်ရသည်မို့ တိုင်းမှူးဗိုလ်မှူးချုပ်ကျော်သန်း(ဗိုလ်သင်တန်း ၂၅)နှင့် တွေ့ရစကားပြောကြရသည်။

နမ့်ခမ်းမြို့မှာ ကျွန်တော် တည်ထားခဲ့သောစေတီကို ကေအိုင်အေတို့က ဖျက်သည်။ ထို့နောက် ဗကပတို့က ဖျက်ဆီးကြပြန်သည်။ ဗိုလ်မှူးချုပ်ကျော်သန်း တပ်မမှူးဘဝမှာ ဘုရားကို ပြန်လည်မွမ်းမံပြင်ဆင်သည်။ ဆရာသမားတည်ထားခဲ့သော ဘုရားမို့ ကျွန်တော်ပြန်ပြုပြင်ခဲ့တယ်ဟု ပြောသေးသည်။

လွန်ခဲ့သော သုံးနှစ်က နမ့်ခမ်းမှ ဦးစိုင်းဖိုးကျော် ကျွန်တော့်ထံ ဖုန်းဆက်သည်၊ တပ်နှင့်မြို့ပူးပေါင်း၍ ဘုရားကိုပြုပြင်မည်ဖြစ်ကြောင်းနှင့် ဘုရားစတင်တည်ထားကိုးကွယ်ခဲ့ပုံကို ပြန်လည်မှတ်တမ်းပြုရန်မေးမြန်းလာ၍ အစသမိုင်းကြောင်းကို ပြောပြရသေးသည်။


ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း ပြုပြင်မွမ်းမံခြင်းတို့ကို မိရိုးဖလာသွေးက လှုံ့ဆော်၍ ခေတ်အဆက်ဆက် သာသနာ



www.burmeseclassic.com

www.burmeseclassic.com





နမ်းခမ်းမြို့အနီး ရွှေလီမြစ်လယ်တွင်
ကျွန်တော်တို့ ခလရ (-)မှ စတင် တည်ထားခဲ့သော မြစ်လယ်စေတီ

တာဝန် ကျေပွန်ခဲ့ကြပုံကိုတွေးမျှော်ရင်း စာရေးနေဆဲမှာပင် ကုသိုလ်စိတ်တွေ ပွားနေမိပါတော့သည်။ ယခုတော့ ရွှေသင်္ကန်းနှင့် ရွှေစေတီတော်ဖြစ်နေပြီ။

## သီရိဂေဟာ

တပ်ရင်တစ်ရင်းသည် ရွာကြီးတစ်ရွာ ပမာဏရှိပေသည်။ ရွာကြီးတစ်ရွာ ဆိုခြင်းထက် မိသားစုရွာကြီးနှင့် ပို၍ တူပေသည်။

သာမန် ရွာတစ်ရွာဆိုလျှင် သူ့ရပ်ကွက်၊ ကိုယ့်ရပ်ကွက်ဟူ၍ ခွဲခြားမှုရှိ သေးသည်။ တည့်သူရှိသလို မတည့်သူရှိသည်။ တပ်ရင်းမှာက စစ်သည်တွေရော၊ အိမ်ထောင်သည်တွေပါ တစ်စုတစ်စည်းတည်းရှိကြသည်။ ထို့ကြောင့်လည်း မိသားစုရွာကြီး သာယာဖို့၊ ညီညွတ်ဖို့၊ စည်းလုံးဖို့ တပ်ရင်းမှူးမှာ တာဝန်ရှိပါ ပေသည်။

ရှေ့တန်းတာဝန်များမှ ပင်ပန်းပြီး ပြန်လည်အနားယူရသောကာလ(ရက် ၃၀)သည် အမှန်တော့ နားရသည်မဟုတ်။ ပြန်လည်ဖွဲ့စည်းရခြင်းသာဖြစ်ပါသည်။

ရက်ပေါင်း ၃၀ ဟူသော တစ်လအနားရသည့်ကာလတွင် ပြန်လည်လေ့ ကျင့်မှုအတွက် နှစ်ပတ်ဇယားဆွဲရသည်။ စစ်ဆင်ရေးကို ပြန်လည်သုံးသပ် ဆွေး





နွေးရခြင်း စက်ပစ်ကွင်း ပစ်ခတ်ရခြင်း၊ တပ်ရင်းလိုက် တိုက်ပွဲဝင် လေ့ကျင့်ရခြင်း တို့ ပါဝင်သည်။

တပ်ရင်းတိုက်ပွဲ Battalion Attack လေ့ကျင့်ခန်းလုပ်လျှင်အခြေအနေ ဖွင့် Narative ပေးရသည်။ အဆင့်လိုက် တပ်ခွဲတာဝန်တွေ သတ်မှတ်ပေးရသည်။ ချီ တက်ရာလမ်းကြောင်းရွေး၍ လမ်းမှာ တပ်ခွဲအဆင့် တိုက်ပွဲလေ့ကျင့်ရသည်။ ရည်မှန်းချက်ရောက်သောအခါ တပ်ရင်းအဆင့်တိုက်ပွဲလေ့ကျင့်ခန်း ဆင်နွှဲရသည်။ ပြီးနောက်တပ်ခွဲအဆင့်၊တပ်ရင်းအဆင့်တိုက်ပွဲသုံးသပ်ချက်များ ပြုလုပ်ကြရ သေးသည်။

ထိုသို့ လေ့ကျင့်ခန်းပြုလုပ်ချိန်တွင်အခြားတပ်ရင်းမှအရာရှိနှစ်ဦးသို့မဟုတ် သုံးဦးကိုတပ်မမှသတ်မှတ်ပေးကာ အကဲဖြတ်ကြီးကြပ်ပေးစေရသည်။ ခပ် လွယ်လွယ်တော့ Umpire ဟု ခေါ်သည်။

တစ်ချိန်မှာ တပ်ရင်းတိုက်ပွဲလေ့ကျင့်ခန်းပြုလုပ်ရာမှာ အခြေအနေ ဖွင့်ရေးရာတွင် ရည်မှန်းချက်တိုက်ရမည့်နေရာကို နာမည်ကြီးအိမ်ရှေ့မင်း ထန်းတော ကို သတ်မှတ်လိုက်သည်။

အခြေအနေဖွင့်မှာ ရေးထားသည့်အတိုင်း ချီတက်ရသည်။ တပ်ခွဲတိုက်ပွဲ များဖန်တီးရသည်။ နောက်ဆုံး အိမ်ရှေ့မင်း ထန်းတောအရောက် တပ်ရင်းတိုက်ပွဲ အဖြစ်တိုက်၍ သိမ်းပိုက်စခန်းချရသည်။

ထိုတိုက်ပွဲလေ့ကျင့်ခန်းကြီးကြပ်မှုအတွက် အခြားတပ်ရင်းများမှ လာ ရောက်ကြီးကြပ်သူတွေထဲမှာ ဗိုလ်မှူးချုပ်ကျော်ဝင်း(ဒုတိယဝန်ကြီး-စက်မှု(၁) ငြိမ်း)လည်းပါသည်။ သူသည် ထိုအချိန်က ခလရ (-)တပ်မှ ဖြစ်သည်။

တပ်ရင်းတိုက်ပွဲပြီးဆုံးချိန်မှာ အိမ်ရှေ့မင်း ထန်းတောထဲမှာပင် ပြန်လည် သုံးသပ်ဆွေးနွေးမှုပြုလုပ်ကြသည်။ ပြီးနောက် စီမံချက်ပါလေ့ကျင့်ခန်းကို သုံးသပ် ၍ နံနက်စာစားကြရင်း ကိုယ်ပိုင်အချိန်ယူကြရသည်။

တပ်ရင်းမှ မိသားစုအချို့လည်း ချိုင့်ကြီးချိုင့်ငယ်များနှင့် ထမင်းဟင်းများ ချက်ပြုတ်ကာရေနံ့မြောင်းဘေးအတိုင်းကားနှင့်လိုက်လာကြပြီးမိသားစုများဆုံကြသည်။

မြန်မာနိုင်ငံကို ခေတ်မီစစ်တပ်ဖွဲ့ဖို့လက်နက်တပ်ဆင်ဖို့ အကြံကြီးကြံ ခဲ့သောကနောင်မင်းသားကြီး၏ဆွေတော်မျိုးတော်များတော့မသိ။ယခုခလရ(-) မှဆွေမျိုးတစ်သိုက်ကတော့ တပျော်တပါးစုဝေးစားသောက်နေကြလေပြီ။ စည်းလုံး နေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်အချိန်ရပြီဖြစ်၍ နာမည်ကြီး အိမ်ရှေ့မင်းထန်းတောမှ ပင်ကျရည် စစ်စစ်နှင့် အရသာခံကြရသည်။ ကြက်သားကာလသားချက်၊ သရက်သီးသုတ်နှင့် ထမင်းမြိန်လွန်းလှပေသည်။

အိမ်ရှေ့မင်း ထန်းတောဟူသည် အိမ်ရှေ့မင်းသုံးဆောင်မှီဝဲသော ထန်းရည် ကောင်းထွက်သည့် ထန်းတောမဟုတ်၊ အိမ်ရှေ့မင်း၏ သားသမီးမင်းညီမင်းသား တွေ အခွန်တော်ကိုသာ ထိုင်စားမနေကြဘဲ အများပြည်သူလို လုပ်ကိုင်စားကြရ အောင် ခွဲဝေချထားပေးသော လုပ်ကွင်းလုပ်ကွက်များအဖြစ် မျိုးကောင်းထန်းပင်တွေ စိုက်ခဲ့သော ထန်းတောဖြစ်ပါသည်။ ဤထန်းတောကြီးကိုပင် မင်းညီမင်းသားတွေ အပိုင်းလိုက်၊ အပိုင်းလိုက် အကွက်ချပေးခဲ့ခြင်းဖြစ်၍ စနစ်ဂကျ သတ်မှတ်ထား သောကျောက်တိုင်(ဘုတ်တိုင်)များ ယခုထိရှိပါသေးသည်။

ဤအကြောင်းကို စာရေးဆရာကြီး မှူးသမိန်(ဗိုလ်မှူးကြီးစောမြင့်)ရေး ထားသော 'ဘဝတစ်ကွေ့ကြုံတွေ့ရမှတ်တိုင်များ' စာအုပ်စာမျက်နှာ ၂၂၃ မှာ ကျောက်တိုင်ပုံနှင့်တကွ ဖော်ပြထားပါသည်။

မကြာသေးမီကပင် ဗိုလ်မှူးချုပ်ကျော်ဝင်း(ဒုဝန်ကြီး-ငြိမ်း)နှင့် တွေ့၍ အိမ်ရှေ့မင်းထန်းတောတွင်း တပ်ရင်းတိုက်ပွဲလေ့ကျင့်ခန်းအကြောင်း အမှတ်တရ ပြောမိကြပါသေးသည်။

နံနက်လင်းအားကြီးမှစ၍ ခရီးစဉ်တစ်လျှောက် လေ့ကျင့်ခန်းတိုက်ပွဲတွေ လုပ်ခဲ့ရ၍ပင်ပန်းလာပြီး တကယ့်အကောင်းစားထန်းရည်သောက်ကာ ကြက်သား ကာလသားချက်ကိုစားမိပြီး တစ်ရေးအိပ်လိုက်ကြပါသည်။

## အိပ်လို့မပျော် ဆင်အော်လို့မနိုး

စားသောက်ပြီး တစ်နာရီ အနားပေးသည်။ မွန်းလွဲ နှစ်နာရီမှာ တပ်ရင်း သို့ အပြန်ခရီးဗျူဟာမြောက်ချီတက်မှု လေ့ကျင့်ရန်ဖြစ်သည်။

ပြန်ရန် ပြင်ကြဆင်ကြချိန်တွင် ပက်လက်ကုလားထိုင်ပေါ်ထိုင်ရင်း အိပ် ပျော်နေသော တပ်ခွဲမှူးတစ်ယောက်ကျန်နေပြီ။ ညီအစ်ကို မောင်နှမရင်းချာတွေလို စည်းလုံးမိနေကြပြီမို့ အိပ်ပျော်နေသူဘေးမှ ၉ မမပစ္စတိုပစ်၍ အသံပေးသည်။ မနိုး။ သူ့ကို စိုင်းကျင်နွမ်းဟုခေါ်ကြသည်။

ဂျိုတူးသေနတ်ဖောက်၍ နိုးသည်။ မနိုး။ မနိုင်းကောင်း နိုင်းကောင်း





ပဟာဇနေကမင်းသားလို့ စောင်းငြင်းပတ်သာ တူရိယာနှင့် နှိုးရမည့်ကိန်း ဖြစ်ရချေပြီ။

တပ်ရင်းမိသားစုဆိုတာ အပြစ်ရှာအနာမတွေ့ ချစ်စရာရှာလျှင် တွေ့ကြ လေသော သာယာသည့် အိမ်ထောင်စုသီရိဂေဟာကြီးသဖွယ် ဖြစ်ကြောင်း ပြန်တွေး တိုင်း လွမ်းမောတသနေမိရလျက်ပါတည်း။

မှတ်ချက်။ ။ ရှမ်းဘာသာဖြင့် ကျင်=စားသည်။ နွမ်း= အိပ်သည်ဟု အဓိပ္ပာယ်ရပါသည်။

## ကျွန်တော် အပွင့်တိုးပေးရသော လူကြီးများ

မြန်မာ့စစ်သမိုင်းတွင် အထင်ကရ ဖြစ်ခဲ့သော တိုက်ပွဲကြီးများတွင် ကွမ်လုံရက်လေးဆယ် တိုက်ပွဲကြီးလည်းပါဝင်ပေသည်။ ဗကပတို့၏ မဟာဗျူဟာချက် ကို ရိုက်ချိုးဖျက်စီးပစ်ခဲ့သောတိုက်ပွဲကြီး ဖြစ်ပါ၏။

ကွမ်လုံတိုက်ပွဲ စဖြစ်ကတည်းကလားရှိုးမြို့အခြေပြု စစ်ဗျူဟာမှူး ဒုတိယ ဗိုလ်မှူးကြီးထွန်းရီသည် ကွမ်လုံမြို့ရှိကချင်သေနတ်ကိုင်တပ်ရင်း(-)တွင် အခြေပြု လျက် ဗကပရန်ကို ခုခံတိုက်ခိုက်နေရသည်။



တပ်ရင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပါတ်လည် (၂၄-၁၁-၁၉၇၄)



www.burmeseclassic.com

www.burmeseclassic.com



ကွမ်လုံ ရက်လေးဆယ်တိုက်ပွဲကာလမှာ ယာယီစစ်ဗျူဟာမှူးကြီးသည် ဒုတိယဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ရရှိခဲ့သည်။

ထိုရာထူးတိုးမြှင့်မိန့်ထုတ်ပြန်သော ကြေးနန်းရရှိပြီးနောက်နှစ်ရက်မှာ မဟာဗျူဟာမှူးကြီးသည် စစ်ဆင်ရေးအခြေအနေ ညှိနှိုင်းရန် ရဟတ်ယာဉ်နှင့် ကွမ်လုံသို့ ရောက်သွားပါသည်။ မဟာဗျူဟာမှူးနှင့်အတူ ဒုတိယမဟာဗျူဟာမှူး ဗိုလ်မှူးကြီးစံသာ ထောက်လှမ်းရေးဂျီတူးဗိုလ်မှူးစိုးမြင့်နှင့် ကျွန်တော်တို့ပါသွားကြပါသည်။

ရဟတ်ယာဉ်ရောက်ရှိပြီး စစ်ဆင်ရေးရှင်းလင်းဆောင်မှာ တိုက်မိကြသည်နှင့် မဟာဗျူဟာမှူးကြီးကနှုတ်ခွန်းဆက်သည်။

'ဗိုလ်မှူးထွန်းရီ Improperly dressed ဖြစ်နေတယ်(ဒုတိယဗိုလ်မှူးကြီးအဆင့် တံဆိပ်သာပခုံးမှာ တပ်ထားဆဲဖြစ်၍ ရယ်စရာပြောခြင်းဖြစ်သည်)။

စစ်ဗျူဟာမှူးကြီး အဖြေကလည်း ကောင်းပါသည်။

'ဒီမှာ တိုက်ခိုက်နေရတာ ဘယ်ကတံဆိပ်အပိုတွေပါမှာလဲ' အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ချက်ချင်းထွက်လာခဲ့ရတာ'ဟု ဖြေသည်။

ဟုတ်ပါသည်။ မြို့ပေါ်မှာရှိခိုက် ရာထူးတိုးမြှင့်မိန့်ရလျှင် ကြယ်ပွင့်အပိုတွေရှိသည်။ ချက်ချင်းတတ်နိုင်သည်။ ယခု ကွမ်လုံမှာနေ့ရောညပါ တိုက်ပွဲများကို ကွပ်ကဲနေရသောအချိန်ဖြစ်ပေသည်။

သည်အဖြေကို မဟာဗျူဟာမှူးကြီးက သဘောကျစွာ ရယ်နေသည်။

မဟာဗျူဟာမှူးနှင့် ဒုတိယမဟာဗျူဟာမှူးတို့က ဗိုလ်မှူးကြီးများဖြစ်၍ ပခုံးတွင် သပြေတစ်ခက်နှင့် ကြယ်သုံးပွင့်တပ်ထားကြသည်။ ဗိုလ်မှူးစိုးမြင့်နှင့် ကျွန်တော်တို့ကသပြေတစ်ခက်နှင့်ကြယ်တစ်ပွင့်စီ တပ်ထားကြသည်မို့ကျွန်တော်က ပခုံးမှတံဆိပ်တွေ ဖြုတ်လိုက်သည်။

ပြီးမှသပြေခက်ကို အိတ်ထဲထည့်ကာ 'ဆရာသမားကြယ်တစ်စုံထပ်ရရင် ဝတ်စုံပြည့် ဖြစ်သွားပြီ၊ ကျွန်တော်က ဒီတိုင်းပြန်သွားလို့ ရတယ်'ဟု ပြောရင်း ကျွန်တော့်ရဲ့ ကြယ်တစ်စုံကို ဗျူဟာမှူးကြီးအား ပေးအပ်လိုက်ရပါတော့သည်။

ကာကွယ်ရေးဝန်ကြီးဌာနစစ်ရာထူးခန့်ရုံးမှ ရာထူးတိုးမြှင့်မိန့် ထုတ်ပြန်ပေးပြီးနောက် ကျွန်တော်ကကြယ်ပွင့်တစ်စုံ ဦးဦးဖျားဖျား ကန်တော့ခွင့်ရလိုက်ခြင်းသာဖြစ်ပါ၏။

နောက်တစ်ယောက်





ခလရ(–)တပ်ရင်းမှူးအဖြစ် တာဝန်လက်ခံပြီးစမှာ ပထမဆုံးစစ်ဆင်ရေးအဖြစ် ပဲခူးရိုးမတောင်ခြေဒေသသို့ထွက်ရသည်။ ညောင်လေးပင်မြို့နယ်တောင်ခြေရွာဖြစ်သောဝိုင်းကြီးအုတ်ဖိုရွာတွင် ခလရ(–)နှင့် တာဝန်လဲလှယ်ယူရသည်။

ခလရ (–)တပ်ရင်းမှူးသည် ဗိုလ်မှူးခင်မောင်အေး(စာရေးဆရာခင်မောင်အေးမန္တလေး)ဖြစ်သည်။ ဗိုလ်သင်တန်း အပတ်စဉ်(၈)မှစာရေးဆရာဝင်းဦး၊ ဆရာနောင်စစ်သည်တို့နှင့် တစ်ပတ်တည်းကျောင်းဆင်းဘက်ဖြစ်သည်။

ဝိုင်းကြီးအုတ်ဖိုရွာသို့ ကျွန်တော်ရောက်သွားချိန်မှာ ညနေမှောင်ရီပျိုးပြီ။ ယာယီတပ်ရင်းမှူးဗိုလ်မှူးခင်မောင်အေးဘဝမှ ဒုတိယဗိုလ်မှူးကြီးအဆင့် တိုးမြှင့်ကြောင်းအမိန့်ထွက်သည်မှာ နှစ်ရက်သာရှိသေးသည်။ ကျွန်တော်နှင့်တွေ့ချိန်မှာ ဗိုလ်မှူးအဆင့်တံဆိပ်သာ တပ်ထားရသေးသည်။

ထို့ကြောင့် စစ်ဆင်ရေးတာဝန်လွှဲပြောင်းခြင်းမပြုမီ ကျွန်တော့်ပခုံးမှ ကြယ်တစ်ပွင့်ကိုဖြုတ်ပြီး သူ့ပခုံးသို့ ပြောင်းတပ်ပေးလိုက်ရသည်။

ကျွန်တော့်ပခုံးမှာ ကွမ်လုံတုန်းကလို ဘာအဆင့်တံဆိပ်မှ မရှိတော့ဘဲ သူ့ပခုံးမှာ သပြေတစ်ခက်ကြယ်နှစ်ပွင့်နှင့် ဂုဏ်တင့်သွားလေပြီ။

အော် တွေးမိတိုင်း ပီတိဖြစ်နေမိရပါ၏။

## နောက်တန်းနားခွင့်

၁၉၇၇ ခုနှစ်၊ မတ်လမှာ တပ်ရင်းတစ်ရင်းလုံးနောက်တန်းတပ်ရင်းသို့ ပြန်နားခွင့်ရသည်။ တပ်မတပ်ရင်းတစ်ရင်းသည် စစ်ဆင်ရေး အခြေအနေအရ ရှေ့တန်းတွင် ခြောက်လ၊ ခုနစ်လ ကြာနိုင်သည်။ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန် ရက်ကို အတိအကျသတ်မှတ်၍မရ။

သို့သော် နောက်တန်းမှာ တပ်ရင်းပြန်လည်အနားယူဖွဲ့ခြင်းကိုမူ ရက်ပေါင်း ၃၀ အတိအကျ သတ်မှတ်ထားသည်။ တပ်ရင်းသို့ ပြန်ရောက်ပြီးနောက် တစ်နေ့မှစတင်ရေတွက်ကာ ရက် ၃၀ ပြည့်ပြီး နောက်တစ်နေ့မှာ တပ်ရင်းမှ ပြန်လည်ထွက်ခွာရသည်။

အနားရသော ရက်ပေါင်း ၃၀ မှာ စစ်သည်အားလုံး ဆေးစစ်ရသည်။ ဆေးကုသမှုခံယူရန်လိုသောစစ်သည်များကို အင်အားပြည့်ရှိကွာကျွေးရန် ဆရာဝန်ထောက်ခံရသည်။ သာရေးနာရေး၊ ခွင့်သွားလိုသူများကို နားရသည့် ရက်သုံးဆယ်အတွင်း အလှည့်ကျပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဝတ်တန်ဆာ၊ လက်နက်ခဲယမ်း၊ စစ်ဆေးဖြည့်တင်းမှုလုပ်ရသည်။ နှစ်ပတ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ရသည်။ တပ်ရင်းအားကစားပွဲများ လှူရေးတန်ရေး ဘာသာရေးပွဲများ ကျင်းပရသည်။

တပ်ရင်း၏ စည်းလုံးညီညွတ်မှုနှင့် တပ်ရင်းစိတ်ဓာတ်၊ ကိုယ့်တပ်ကို ချစ်သောစိတ်ဓာတ်ကိုမလျော့အောင်မွေးမြူရသည်ကတပ်ရင်းမှူးတာဝန် ဖြစ်သည်။

တပ်ခွဲချင်း ပြိုင်နိုင်ရမှ

တပ်ရင်းချင်းပြိုင်လျှင် နိုင်ရမှဟူသောစိတ်ဓာတ်ကို မှန်ကန်သော ယှဉ်ပြိုင်ခြင်းဖြစ်သည့် အားကစားပွဲမှမွေးယူရသည်။

စက်ပစ်ကွင်းပစ်ခတ်စဉ်ဖြင့် ယှဉ်ပြိုင်ရသည်။ စစ်သည်တော် ကျင့်ဝတ် ပြိုင်ပွဲ၊ တပ်ခွဲလိုက်စစ်သည်များ၊ ရဲမေများ စကားရည်လုပွဲများ ကျင်းပပေးရသည်။

တပ်ရင်းတစ်ရင်းလုံးနက်မှ မိုးချုပ်ထိ လေ့ကျင့်ရေးကွင်း၊ စက်ပစ်ကွင်း၊ အားကစားကွင်း၊ ဆွေးနွေးခန်းမ၊ ရုပ်ရှင်ရုံစသည်တို့မှာ စုဝေးလှုပ်ရှားကြရသည်။ ညအိပ်ချိန်ကျမှ ကိုယ့်အိမ်ကိုယ်ပြန်၊ ကိုယ့်ရိပ်သာကိုယ်ပြန်ကြရသည်။

ကျွန်တော်တို့တပ်ရင်း ပြန်လည်စုဖွဲ့လေ့ကျင့်ရက် သုံးဆယ် ပြည့်သည့်နေ့က သင်္ကြန်ကျရန် နှစ်ရက်အလိုမှာဖြစ်နေသည်။

မန္တလေး ရန်ကင်းတောင်ခြေရှိ ပုသိမ်ကြီးမြို့မှာ ဌာနချုပ်ဖွင့်ထားရသော ခလရ(-)သည် မန္တလေးသင်္ကြန်နှင့် တစ်ကြိမ်တစ်ခါမှ မကြုံဘူးခဲ့၊ မန္တလေးသင်္ကြန်မှာ ခလရ (-) ရေကစားမဏ္ဍပ်မရှိဘူးခဲ့။ ခလရ (-)ရေပက်ခံကားရယ်လို့မရှိဘူးခဲ့။

မကုန်နိုင်သော သောင်းကျန်းသူကိုတိုက်ရင်း စစ်ဆင်ရေးပြီး စစ်ဆင်ရေး တာဝန်နှင့်သာ သံသရာလည်နေခဲ့ကြရသည်။ မန္တလေးသင်္ကြန်မှာ ပါဝင်ဆင်နွှဲခွင့် လုံးဝမရရှိခဲ့။

မန္တလေးမှာနေသော တပ်မို့ မန်းသင်္ကြန်မှာ တပ်ရင်းမဏ္ဍပ်လေး လုပ်ခွင့် ရလျှင် ခြောက်လအစား ဆယ်လစစ်ဆင်ရေး လုပ်လိုက်ချင်ပါရဲ့ဟု ရဲဘော်များက တောင့်တကြရသော ဘဝဖြစ်ခဲ့ရပါပေသည်။

## ကြိုတင်ပျော်ရသော အပျော်

တပ်ရင်းမှာပြန်နားပြီး တစ်ပတ်အကြာမှာ မန္တလေးအနောက်မြောက်တိုင်း စစ်ဌာနချုပ်ဒုတိယတိုင်းမှူးဗိုလ်မှူးကြီးမျိုးညွန့်(ယခုကျွန်တော်တို့ ၉၉၂ ဗျူဟာမှူး)





ကြီးကခေါ်သည်။

အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်လုံခြုံရေးရှိသည်။ ခလရ (-)ကို တာဝန်ပေးမည်။ သင်္ကြန်မတိုင်မီ ခရီးစဉ်ဖြစ်လျှင်လုံခြုံရေးတာဝန် ထမ်းဆောင်ပြီး သင်္ကြန်ရက်မှာနားခွင့်ပြုမည်ဟု ပြောလိုက်သည်နှင့် တပ်ရင်းတစ်ရင်းလုံးကိုယ်စားမ်းသာလုံး ဆို့မတတ်ဖြစ်ခဲ့ရသည်။ တပ်ရင်းမှူးဘဝ ငါးနှစ်ကာလအတွင်း ရဲဘော်များလိုလားချက်ကို သက်သာချောင်ချိရေးအနေနှင့်စည်းမျဉ်းစည်းကမ်း ဘောင်အတွင်းမှကျွန်တော် အစွမ်းကုန်ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

မန္တလေးတာသဘင်ပွဲဆင်နွှဲရေးကိုတော့ ကျွန်တော်မည်သို့မှ ကြိုးစားမရနိုင်ခဲ့။

သည်နှစ်မှာဖြင့် တပ်ရင်းတစ်ရင်းလုံး ဆန္ဒပြည့်ဝပေရှေ့မည်ဟု အပျော်တွေးတွေတဝကြီးနှင့် တိုင်းစစ်ဌာနချုပ်မှ ခလရ (-)သို့ ပြန်လာခဲ့ရသည်။

တပ်ရင်းကိုရောက်သည်နှင့် အရာရှိများစုဝေးကာ မိုးကုတ်မြို့သို့ လာရောက်မည့် အဓိကပုဂ္ဂိုလ်လုံခြုံရေးဆောင်ရွက်ရမည့်တာဝန်ကို ရှင်းလင်းပြောကြားရသည်။

အဓိကတာဝန်ကိုစွ ရှင်းလင်းညွှန်ကြားပြီးနောက် သည်နှစ်သင်္ကြန်ပွဲကို မန္တလေးမြို့မှာ ဆင်နွှဲခွင့်ရဘို့ ၉၅ ရာခိုင်နှုန်း သေချာနေကြောင်းခလရ(-)ရေကစား



ရှေ့တန်းပြန် ကြိုဆိုရေး



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍာပ်ပြုလုပ်ရေး စီစဉ်ကြရန် နောက်တန်းမှူး ဗိုလ်မှူးခင်မောင်ဆွေ ဦးစီးလျက် တပ်ရေးဗိုလ်ကြီးကျော်ထွန်း၊ တပ်ထောက်ဗိုလ်ကြီးနိုင်စောနန်း၊ တပ်ထောက်ဗိုလ်ကြီးအသစ်အဖြစ်တာဝန်ယူမည့် ဗိုလ်ကြီးခင်မောင်မြင့်တို့ကို တာဝန်ပေးလိုက်ရပါသည်။

ထိုညှိနှိုင်းစည်းဝေးပွဲအပြီး နံနက်စာစား၊ ရုံးဆင်းခရာမှုတ်သံနှင့်အတူ တပ်ခွဲအသီးသီးနှင့် အိမ်ထောင်သည်လိုင်းအသီးသီးသို့ သင်္ကြန်ရေကစားမဏ္ဍပ် သတင်းပြန့်သွားပေတော့သည်။ ကံကောင်းထောက်မ၍ မိုးကုတ်သို့ အဓိကပုဂ္ဂိုလ်လာမည့်သတင်းပြန့်မသွားဘဲ တပ်မမှူးကြီးက ခလရ(-)ကိုသနားလို့ သင်္ကြန်ပြီးမှ ရှေ့တန်းတက်လာခွင့်ပြုသည် ဟူသောသတင်းသာ ပြန့်သွားပေတော့သည်။

တပ်ရင်းတစ်ရင်းလုံး လူပျိုလူအို၊ ကလေးလူကြီးအားလုံး ပျော်နေကြပြီ။ ဟိုနားစုစု၊ သည်နားစုစု မင်္ဂလာသတင်းကို ဆွေးနွေးနေကြသည်မှာ တပ်ရင်းတစ်ရင်းလုံးဖြစ်နေတော့သည်။

မန်းတာသင်္ကြန်အကကို အဓိက ထားသည်။ ကျွန်တော်တို့ ငယ်စဉ်ကတော့ ရွှေခြေချင်းတွေ အပြိုင်ဆင်ကြသည်။ မန္တလေးသူစစ်ရင် သင်္ကြန်ယိမ်းတော့ လက်ချိုးခြေကွေ့ ကတတ်ရမည်ဟု ဆိုစမှတ်ရှိသည်။

## မန်းသင်္ကြန်နှင့် မန်းအက

ခလရ (-)ဆိုတာ စစ်တပ်

ပြည်ထောင်စုသားတွေနှင့်စုဖွဲ့ထားသောစစ်တပ်၊ ရွှေမန်းသား၊ ရွှေမန်းသူတွေစုဖွဲ့ထားသော အဖွဲ့အစည်းမဟုတ်၍ သင်္ကြန်မဏ္ဍာပ်နှင့်ရေကစားဘို့ ကျတော့ မန်းဟန်၊ နန်းဆန်ရဘို့မန်းအကနှင့်လှလှပပဆင်နွှဲဘို့ ခက်နေသည်။

သမီးပျိုလေးများကတော့ များမှများပါပဲ၊ ကျွန်တော့်သမီးဥမ္မာနှင့် ဗိုလ်မှူးခင်မောင်ဆွေရဲ့သမီးစန္ဒာဆွေတို့က ရန်ကုန်မှာ မွေးခဲ့ကြသူများဖြစ်သည်။ ဂေါ်ရခါးမလေးတွေကလည်းလှသည်၊ ရှမ်းမလေးတွေ၊ ချင်းမလေးတွေ၊ ကရင်မလေးတွေ၊ မွန်မလေးတွေ စုံမှစုံလှစွာသော သမီးပျိုတွေကလှသည်။

အက

မန်းသူစစ်စစ်လို မကတတ်ကြ။

သည်တော့

တပ်ရေးဗိုလ်ကြီးကျော်ထွန်းက အကနည်းပြဆရာမ ရှာပုံတော်ဖွင့်ရ







ရှေ့တန်းပြန် လူပျိုအရာရှိများအား မန်းတက္ကသိုလ်လှပျိုဖြူများက ကြိုဆိုစဉ်

သည်။ သင်္ကြန်ကျဖို့နှစ်ပတ်လောက်အတွင်း လေ့ကျင့်ရမည်ဖြစ်၍ အကနည်းပြက အဓိကကျလှသည်။

တွေ့ပြီ။

တက္ကသိုလ်ခင်မြလွင်။

ကိုယ်တိုင်လည်း မြန်မာဆိုင်းဝိုင်းကြီးကို ဦးဆောင်၍ တီးသည်။ သင်္ကြန်အကလှလှလေးတွေလည်း သင်ပြတတ်သည်။ ပန်တျာကျောင်းမှ အကနည်းပြဆရာမနှစ်ယောက်လည်း ရှာဖွေခေါ်ယူရသည်။

ခလရ (-)၏သမီးပျိုများက ပျိုကချင် ၊ မယ်ကချင်များမို့ ဆရာမက အပင်ပန်းခံ သင်ပြသလောက် သမီးလေးများက ခွဲကြီးကြီးနှင့်လေ့ကျင့်ကြသည်။ ယိမ်းတိုက်နေကြသည်က နေ့ရောညရော စုပေါင်းရိပ်သာမှာ အကသင်နေကြသည်။ ကလေးတွေက မောရမှန်း ပန်းရမှန်းမသိ၊ မြိုင်လှပေသည်။ တက်ကြွလှပေသည်။ ကလေးတွေက မောရမှန်း ပန်းရမှန်းမသိ စောကပ်နေကြသလို နောက်တန်းမှူးနှင့် တပ်ရေးတပ်ထောက်နှင့် တပ်ရင်းမှူးကတပ်ရင်းမှူးဇနီးများ၊ အရာရှိဇနီးများ အားလုံးကလည်း စားချိန်အိပ်ချိန်၊ အနားယူအဝေးလုပ်ချိန်မှလွဲလျှင် အနီးကပ်ကြီးကြပ်ပေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက် လေ့ကျင့်လိုက်သည်နှင့် မန္တလေးမြို့၏ စံချိန်မီ ယိမ်း အကလေး သုံးလေးမျိုး အဆင့်မီကနိုင်ကြပြီ။

## ကျွန်တော်တို့ ခလရ (-) ရေကစားမဏ္ဍပ်

မန္တလေးနန်းတော်မှအထွက် နန်းရှေ့လမ်းမတန်းမှာ မဏ္ဍပ်ထိုးမည်ဖြစ်၍ ပုသိမ်ကြီးနှင့် နန်းရှေ့ရပ်မှာ ခလရ (-)မဏ္ဍပ်ထိုးပြီဟု သတင်းကြီးသွားသည်။

ထိုမှတစ်ဆင့် မန္တလေးလေးမြို့နယ်ကိုပါခလရ(-)မဏ္ဍပ်နှင့်ရေသဘင်၊ ဆင်နွှဲမည့်သတင်းက ပြန့်သွားသည်။

မန်းမြို့သင်္ကြန်မှာ မဏ္ဍပ်တွေကများပါသည်။ နာမည်ကြီးတွေ၊ နာမည် ကျော်တွေပြိုင်ကြဆိုင်ကြသော မဏ္ဍပ်တွေကများလှသည်။

စစ်ဆင်ရေးပြီး စစ်ဆင်ရေးဆက်နေရသော တပ်မတပ်ရင်းက မဏ္ဍပ်တစ် ခုအဖြစ် နေရာဝင်ယူလာသောအခါ ပုသိမ်ကြီးမြို့မဈေး၊ နန်းရှေ့ဈေးတို့မှ တစ်ဆင့် ဈေးချိုတော်ကြီးအထိ သတင်းထူးသတင်းဆန်းအဖြစ် ပြန့်နှံ့သွားကာ အားလုံး၏ စိတ်ဝင်စားမှုက ဒီနှစ်သင်္ကြန်မှာဝင်ဦးလာမယ်ဟေ့ ဟူသောသတင်းနှင့် အပြိုင် ဖြစ်သွားပေတော့သည်။

အကဆရာမခင်မြလွင်နှင့်အဖွဲ့ပဏာမ ကကွက်ကိုပြသည်။ သမီးလေး တွေက အဖွဲ့ခွဲလေ့ကျင့်ကြသည်။ အကဝါသနာပါသော ကျွန်တော့်ဇနီးနှင့်အရာရှိ ဇနီးအချို့က အဖွဲ့ခွဲလေ့ကျင့်မှုများမှာ ဝင်ရောက်ကြီးကြပ်ပေးကြသည်။

အကဝါသနာမပါသော အရာရှိဇနီးများနှင့်တပ်ရင်းအရာခံဗိုလ် ဆရာကြီး စိုးမြင့်ဇနီးဒေါ်ကြည်က အုပ်ချုပ်မှုတာဝန်ယူကြသည်။

တကယ့်သင်္ကြန်ရက်မှာတော့ ပရိသတ်မည်မျှရှိ၍ မည်သို့ကြည့်ကြ မည်မသိ။ အကလေ့ကျင့်နေချိန်မှာပင် စစ်သည်တွေက ဝိုင်းအုံကြည့်ကြသည်။ တိုးဝှေ့ကြည့်ကြသည်။ တစ်ခဲနက် အားပေးနေကြသည်။ စစ်သည်အချို့နှင့်ကလေး တွေအားပေးရင်း အသံဆူလာလျှင် တပ်ရင်းအရာခံဗိုလ်စိုးမြင့်နှင့် တပ်ရဲတပ်ကြပ် တင်ရွှေတို့ အဖွဲ့ကထိန်းနေရသည်မှာလည်းအမော။

## မိုးကုတ် လုံခြုံရေး

သည်လိုနှင့်ပင် မိုးကုတ်မြို့သို့ သွား၍ လုံခြုံရေးယူရမည့်ရက်ကို သိရပြီ။

၁၉၇၇ ခုနှစ် ဧပြီလ ၁၀ ရက်မှာ အဓိကပုဂ္ဂိုလ်လာမည်။

ကျွန်တော်တို့က သုံးရက်ကြိုတင်၍ လုံခြုံရေးယူထားရမည်ဖြစ်၍ တပ် ရင်းတစ်ရင်းလုံး ချီတက်ကြရပေတော့သည်။ ၁၉၇၇ ခုနှစ် ဧပြီလ ၇ ရက်။





တစ်ခေါက်မှ မရောက်ဖူးတော့ မိုးကုတ်မြို့အလှကို ကိုယ်တိုင်တွေ့ရမှ အံ့သြမိရသည်။

ဒယ်အိုးကဲ့သို့တောင်ပတ်လည်ဝိုင်းလျက် အနိမ့်ထဲမှရေကန်နှင့် မြို့ကွက် ကိုကြည့်ရသည်မှာ ရှုမောဖွယ်သာယာလှသလိုလုံခြုံရေးယူရမည့် ကျွန်တော်မှာ လည်းစိတ်မောရသည်။

ရဟတ်ယာဉ် ချဉ်းကပ်လမ်းအားလုံးက တောင်တန်းတွေဖြစ်၍ ရဟတ် ယာဉ်ရပ်နားကွင်းက အနိမ့်ထဲမှာဖြစ်နေသည်။ မိုးကုတ်မြို့နှင့် ပတ်ဝန်းကျင်ကို ချက်ချင်းလေ့လာရသည်။ လိုအပ်သည့်နေရာတိုင်း ကြည့်သင့်သည့် နေရာတိုင်း ကားသွားနိုင်၍ တော်ပေသေးတော့သည်။ ရှင်းသင့်သောနေရာများ အန္တရာယ်မရှိ အောင်ရှင်းရသည်။ တပ်တွေနေရာယူသင့်သောနေရာများမှာ တပ်တွေ ဖြန့်ခွဲနေရာ ယူလိုက်သည်။ ရောက်သည့်နေ့မှာပင် လုံခြုံရေးယူပြီးဖြစ်သွားသည်။

လုံခြုံရေးယူပြီးကြောင်းလည်း တိုင်းစစ်ဌာနချုပ်သို့ သတင်းပို့လိုက်ရပါ တော့သည်။ ခလရ(-)၊ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ကြီးမောင်သည် လားရှိုးမှ အပြန် ခလရ(၄) ရိပ်သာမှာတည်းသည်။ ဧပြီလ(၇)ရက်နေ့ ကျွန်တော်တို့ ယာဉ် တန်းနှင့် မိုးကုတ်အထိ လိုက်လာပြီးမှ မိုးမိတ်ရှိ ခလရ(၁၂)သို့ ဆက်လက်ထွက်ခွာ သွားသည်။

## အဓိကပုဂ္ဂိုလ် ခရီးစဉ်

သည်လိုနှင့် အစီအစဉ်အတိုင်း အဓိကပုဂ္ဂိုလ်ကြီးနှင့်အဖွဲ့ မိုးကုတ်မြို့သို့ ရောက်ရှိလာသည်။ အဓိကပုဂ္ဂိုလ်နှင့် အတူပါလာသူအားလုံး မမှတ်မိတော့ပါ။ လုံခြုံရေးအတွက် အာရုံစိုက်နေရလွန်း၍ တောင်ပေါ်ကိုလည်း ပူသည်။ မြို့တွင်း လည်း ပူရသည်။ ရဟတ်ယာဉ် ရပ်နားကွင်းလည်း ပူနေရသည်။ မိုးကုတ်မှ ကျောက်မျက်ရတနာ တူးဖော်တွေ့ရှိမှုနှင့် ရှေ့ဆက်လုပ်မည့်အစီအစဉ်များကို ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကော်ပိုရေးရှင်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကြီးကရှင်းလင်းတင်ပြသည်။

လူကြီးက အချိန်ယူနားထောင်သည်။ နမူနာကျောက်များ ကြည့်ရှု လေ့လာသည်။ လုံခြုံရေးကိစ္စ အထူးမှာကြားသည်။

ပြီးနောက် မွန်းလွဲသုံးနာရီခန့်မှာ ရဟတ်ယာဉ်များနှင့် ပြင်ဦးလွင်သို့ ထွက်ခွာသွားကြသည်။ ရဟတ်ယာဉ် ပြင်ဦးလွင်သို့ရောက်ရှိဆင်းသက်ပြီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းသတင်းရရှိမှ ကျွန်တော့်တပ်တွေကိုပြန်စုရသည်။

စစ်ဆင်ရေးတပ်များမှာ ရယ်စရာပြောစမှတ်ကလေးရှိသည်။

လာမယ်၊ ကြာမယ်

ပြန်မယ်၊ မြန်မယ်ဟူ၍ မည်သူကစတင်တီထွင်လိုက်မှန်း မသိသော ပြောစမှတ်ကလေးအတိုင်း လုံခြုံရေးယူထားသော တပ်တွေပြန်စုရတာ သိပ်ကို မြန်လှပါသည်။

မိုးကုတ်မြို့မှာပင် ညစာ စောစောစားကြသည်။ ပြီးလျှင် ယာဉ်တန်းကြီး တစ်ခုလုံးမိခင်တပ်ရင်းရှိရာ ပုသိမ်ကြီးမြို့သို့ချီတက်ကြပြီ။

## မကြုံဖူးသေးသော အပျော်

အပြန်ခရီးမှာတော့ စစ်ချီတေးတွေ တကြော်ကြော်နှင့် စစ်သည်တွေ ပျော်နေကြသည်။ ကားတိုင်းကားတိုင်းမှာမန်းမြို့ရေသဘင်အကြောင်းခလရ(-) ရေကစားမဏ္ဍပ်အကြောင်းသာပြောလာကြသည်။ တွေးလာကြသည်။

မိုးကုတ်မြို့သို့လာရောက်သော အဓိကပုဂ္ဂိုလ်ကြီး လုံခြုံရေးတာဝန်က ပြီးပြီ။

တစ်သက်တစ်ခါ သင်္ကြန်မှာပျော်ကြမည်။ သင်္ကြန်ပြီးမှ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရပေမည်။

မန္တလေးမြို့ကိုဝင်လာတော့ မန္တလေးတောင်ခြေမှ ဖြတ်လာရ၍ လမ်းမီးတိုင်တွေ လင်းနေသည်။ နန်းတော်အရှေ့ပေါက်ကျုမှ ဘယ်ဘက်ကွေ့လိုက်ရာ နန်းရှေ့ရပ်ကွက်က စိုပြည်စည်ကားလို့နေသည်။ မီးရောင်ထိန်ထိန် လင်း၍ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ ဝယ်ယူစားသောက်နေသူတွေနှင့် စိုပြည်လှသည်။

ခလရ(-)မဏ္ဍပ်ရှေ့လည်းရောက်ရော ဓာတ်တိုက်ထားခြင်းမရှိကြသော ကားတိုင်းမှရဲဘော်တိုင်းက လက်ခုပ်လက်ဝါးတီးကြသည်။ ဖိုးဂေါ်ရခါးကျွယ် အော်ကြသည်။ မဏ္ဍပ်အခွဲချည်းတွေ့ရသည်နှင့် ပျော်နေကြတော့သည်။

အော်-

မန္တလေးရယ်၊ သင်္ကြံရေ အေးအေးရယ်၊ ခလရ(-)ရယ် ဆုံကြရ၊ ကြုံကြရ ပေတော့မည်။

မန်းမြေရဲ့ အတာရေမှာ မန်းနယ်သား စစ်သည်တွေ ပျော်ကြမောကြရပေတော့မည်။

မန်းအလှထဲမှာ ခလရ(-) အလှတွေလည်း ပါဝင်ခွင့်ရတော့မည်။





မန်းအလှပျိုဖြူတွေနှင့် ခလရ(-) လှပျိုဖြူတွေ ခွဲခြားမရအောင် အတူတွဲလို့ ဆင်နွဲခွင့်ရကြပြီ။

တစ်ခုပဲရှိသည်။ ခလရ(-)ပျိုဖြူတွေက မန်းမြို့သူစစ်စစ်တွေ မဟုတ်၊ ပြည်ထောင်စုလှပျိုဖြူများ ဖြစ်ကြသည်။

အလှနှင့် အကတော့ဖြင့် တူသူသာ ဖြစ်ပါ၏။

## တပ်ရင်းသို့ ရောက်ပြီ

ည ၈ နာရီခွဲမှ တပ်ရင်းပြန်ရောက်သည်။ ညမှောင်ပြီဖြစ်၍ တန်းစီလူစစ်ရသည်။ သေနတ်နှင့် ကျည်ဆန်တွေကို တပ်ရင်းဗဟိုကင်းက လက်နက်တိုက်မှာ ထားကြသည်။ ရဲဘော်တွေ၏ချုပ်ဝတ်တန်ဆာ (equipment) များ လက်နက်တိုက်မှာထားရသည်။ ကျည်ဆန်တွေ တစ်တောင့်ချင်း မစစ်နိုင်သေး၊ နံနက်လင်းမှ ကျည်ဆန်တွေ စစ်ရမည်။ သေနတ်တွေ တိုက်ချွတ်ကြရသည်။

အိမ်ထောင်ရှိသူတွေက ကိုယ့်အိမ်ကိုယ်ပြန်၊ လူပျိုတွေက လူပျိုတန်းလျားပြန်ကြရပြီ။

စိတ်အေးလက်အေး အိပ်ကြတော့မည်။

မန်းသင်္ကြန်အတွက် မည်သူတွေမည်သို့ စိတ်ကူးယဉ်နေကြမည်မသိ။

မည်သူတွေ မည်သို့အိပ်မက် မက်ကြရလေမည်မသိ။

ကျွန်တော် အိမ်ပြန်ရောက်တော့ ချက်ချင်းအဝတ်လဲကာ ဧည့်ခန်းမှာ ထိုင်ရသည်။

ဇနီး မသက်ဆွေက သူ့သမီးပျိုလေးတွေ ယိမ်းအက လှကြောင်း၊ ညီညာကြောင်း၊သင်လွယ်တတ်လွယ်ကြကြောင်း တစ်ဝကြီးပြောတော့သည်။ သူကိုယ်တိုင်စပ်ဆိုထားသော သီချင်းတစ်ပုဒ်နှင့်သမီးအလှလေးတွေ ယိမ်းကတာ လိုက်ဖက်ကြောင်းကြွားနေသည်။

နောက်တန်းမှူးနှင့် နောက်တန်းတာဝန်ခံတွေကလည်း သူတို့မဏ္ဍပ်အတွက် သူတို့ပြင်ဆင်ထားကြပုံများ၊အုပ်ချုပ်မှုကိစ္စစီမံထားကြပုံများတင်ပြကြသည်။

တပ်ရေးဗိုလ်ကြီးကျော်ထွန်းကလည်း သူရှာထားသော ဆိုင်းအဖွဲ့တာဝန်ခံတက္ကသိုလ်ခင်မြလွင်နှင့် ပန်တျာကျောင်းမှ အကနည်းပြလေးနှစ်ဦးက တပ်အပေါ် မည်မျှစေတနာထားကြောင်းပြောနေကြရင်း ညဥ့်နက်မှန်းမသိ ညဥ့်နက်ကာရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့နံနက်တွင် ဝတ်စုံပြည့်အကဖြင့် ကျွန်တော့်ကိုပြမည်ဟု ပြောကြသည်။

ညဥ့် ဆယ့်နှစ်နာရီမှ လူစု ခွဲလိုက်ကြရပါတော့သည်။

**အရေးကြီး တာဝန်**

၁၉၇၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်

နံနက်စောစော ခုနစ်နာရီခွဲခန့် လက်ဖက်ရည်သောက်နေဆဲမှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှတယ်လီဖုန်းဆက်လာ၍ကောက်ကိုင်လိုက်ရသည်။

တပ်ရင်းမှူးကြီး အခုချက်ချင်းအဝတ်လဲပြီး ကျွန်တော်တို့တိုင်းကို လာခဲ့ပါ။ မမြို့ရောက်နေတဲ့ဗိုလ်ချုပ်ကြီးကျော်ထင်ရဟာတ်ယာဉ်နဲ့ဆင်းလာပါမယ်။

တပ်ရင်းတစ်ရင်းလုံးလည်း စစ်ဆင်ရေးထွက်ဖို့ အဆင့်သင့် ပြင်ထားပါ။ တပ်ရင်းမှူးကြီးကို briefing ပေးပြီးရင် ချက်ချင်းထွက်ရပါမယ်၊ ရှေ့တန်းတပ်မ ၉၉ ကိုလည်းအကြောင်းကြားပြီးပါပြီဟု သတင်းပေးစကားကြားလိုက်ရတော့ ကျွန်တော့်နားကို ကျွန်တော်မယုံနိုင်၊ တယ်လီဖုန်းကိုင်ရင်းငေးငိုင်နေမိပါတော့သည်။

**ဦးစီးချုပ်ကိုယ်တိုင်**

နန်းတွင်းနမခကို ကျွန်တော်နှင့် အိုင်အိုဗိုလ်သိမ်းဆွေတို့ ရောက်သွားချိန်မှာပဲ ဦးစီးချုပ် စီးလာသော ရဟာတ်ယာဉ်လည်း ဆိုက်လာသည်။

မြေပုံခန်းမှာ ထိုင်လိုက်သည်နှင့် ဦးစီးချုပ်က လိုရင်းကိုပြောတော့သည်။

'ညက မိုးမိတ်ကို ဗကပတွေဝင်တိုက်တယ်။ မနက်အစောကြီး ကျသွားတယ်၊ ခလရ (-) နဲ့ဆက်သွယ်မှုမရဘူး၊ မိုးမိတ်လေဆိပ်၊ Tower က သတင်းပို့လို့သိရတာ။ ဒီမနက်အထိ မိုးမိတ်မြို့ထဲမှာ ဗကပတွေရှိနေတယ်'

'ဗကပတွေ မိုးမိတ်မြို့ထဲမှာ ကြာကြာမထားနိုင်ဘူး၊ ခင်ဗျားတပ်ရင်းနဲ့ အခုတက်သွားပြီ အမြန်ဆုံးတိုက်ထုတ်ပါ'

'ဗကပ ဆုတ်သွားရင်းလဲ တောက်လျှောက် လိုက်တိုက်ပါ'ဟု ညွှန်ကြားသည်။

ပြီးမှ မိုးမိတ်ကို သွားဖူးသလားဟုမေးသည်။ မိုးမိတ်ကို ကျွန်တော် မရောက်ဘူးပါ။ ချီတက်ရာလမ်းကြောင်းအနေအထားကို ကျွန်တော်မသိပါ။





ဦးစီးချုပ်နှင့်အတူ သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်သန်းတင်နှင့်ကျောက်မျက် ကော်ပိုရေးရှင်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကြီး(ဗိုလ်သင်တန်းအပတ်စဉ် ၁)တို့ ပါလာကြသည့်အတွက် မိုးကုတ်နှင့်မိုးမိတ်အကြား မြေအနေအထားကို မြေပုံနှင့်တကွ ရှင်းပြကြသည်။

မိုးမိတ်မရောက်မီ ယာဉ်တန်းရပ်ပြီး ဖြန့်ခွဲချဉ်းကပ်နိုင်မည့်လမ်းကြောင်းကိုလေ့လာကြသည်။

အသက် ဆယ့်ရှစ်နှစ်ပြည့်သည်နှင့် စစ်ထဲဝင်လာခဲ့သော ကျွန်တော့်အသက်လေးဆယ့်နှစ်နှစ်ထဲ ရောက်လာပြီ၊ စစ်ဆင်ရေး ထွက်ရခြင်းဆိုတာ ရိုးနေပြီ၊ သွားရိုးသွားစဉ် ထမင်းစားရေသောက်လို ဖြစ်နေပြီ။

သို့သော်

သည်တစ်ခေါက် စစ်ဆင်ရေးထွက်ရန် ညွှန်ကြားချက်ရလိုက်သည်နှင့် ကျွန်တော့်စိတ်ထဲမှာ ဟာလာဟင်းလင်းကြီးလိုဖြစ်သွားသည်။

တပ်မတော်မှာ တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်သော ဦးစီးချုပ်ကိုယ်တိုင်က နှုတ်ဖြင့်ညွှန်ကြားသည်။ စစ်တိုက်ဘို့တာဝန်ရှိသော တပ်ရင်းမှူးကျွန်တော်က အမိန့်နာခံရသည်။

ဟုတ်ကဲ့၊ တစ်ခွန်းသာ ပြောနိုင်သည်။ ပြီးမှ ကျွန်တော့်တပ်ရင်းတစ်ရင်းလုံး ညက equipment တွေနဲ့ သေနတ်တွေလက်နက်တိုက်ထဲ ထည့်ထားတာမို့ အသင့်ပြင်ခိုင်းထားခဲ့ပါတယ်၊ ပြန်သွားပြီး Briefing လုပ်ပြီး ကားတွေရောက်လျှင်ချက်ချင်းထွက်ပါမယ်ဟု သတင်းပို့လိုက်ရပါတော့သည်။

**တာဝန်နှင့် နှလုံးသား**

တိုင်းစစ်ဌာနချုပ်ကပင် မြေပုံများထုတ်ယူပြီး ပြန်လာခဲ့ရသည်။ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်နေသည်။ မန်းတာသကြ်န် နွဲပျော်ကြဘို့ စစ်သည်ခုနစ်ရာကျော် အိမ်ထောင်သည် သုံးရာကျော် လူကြီးကလေးတွေ လူပေါင်းနှစ်ထောင်ကျော်ကို မျက်စိထဲမှာမြင်နေသည်။

နန်းရှေ့ရောက်တော့ ခလရ ( -)မဏ္ဍပ်ကို ဖြတ်ရသည်။ ဘာမှ မပြင်ဆင်ရသေးသောမဏ္ဍပ်ပေါ်မှာ ခလရ (-)မှ သမီးပျိုလေးတွေ ကနေကြပုံအားလုံးတွေ ကြိုးကြပ်သူတွေ လှုပ်ရှားနေကြပုံကို မြင်ယောင်နေမိသည်။ ကျွန်တော့် ရဲဘော်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရေစည်ပိုင်းကြီးတွေနားမှာ ရေပိုက်တွေကိုင်ကာ ရေခွက်တွေကိုင်ကာ မြူးနေကြမည်။ ရွှင်နေကြမည်။ အော်ကာ ဟစ်ကာ ကနေကြမည်။ ရေပက်ခံ ကားတွေကိုတားကာ ရေပက်ကစားနေကြမည်ဟုတွေးရင်း မြင်ယောင်နေမိသည်။

ရုတ်တရက် ချက်ချင်း

ရန်သူကို လိုက်တိုက်နေကြရမည့် ရဲဘော်တွေပစ်ခတ်နေကြပုံ၊ နေရာယူနေကြပုံ၊ ယမ်းခိုးတွေ၊ မီးခိုးတွေ၊ ဖုန်လုံးကြီးတွေကြားမှာ ပြေးလွှားချီတက်နေကြပုံတွေ မြင်ယောင်လာပြန်သည်။

မန်းသင်္ကြန်မှာ ပျော်မောကြဖို့ မျှော်တော်ဇောတွေ ပြင်းပြနေကြသော ရဲဘော်တွေကို မကြည့်ရက်သောစိတ်က ကျွန်တော့်ရင်ထဲမှာ မွန်းကျပ်နေသည်။ နန်းရှေ့ရပ်ကွက်လွန်၍ လယ်ကွက်တွေကြား ဖြတ်လာနေရသော ကားလမ်းတစ်လျှောက် ကျွန်တော့်ရင်မှာ အေးမြသောလေကို ရှူမရ၊ ရှိုက်မရ ဖြစ်နေသည်။

'ငါ အဖေ စိတ်မောလှပါဘိ သားတို့ရယ်' ဟူသာ ဟစ်လိုက်အော်လိုက်ချင်တော့သည်။

သားသမီးနည်းသော မိဘထက်သားသမီးများသော မိဘကပို၍ တာဝန်ကြီးသလို စစ်သည် ခုနစ်ရာကျော် အိမ်ထောင်သည် သုံးရာကျော် ပျမ်းမျှ တစ်အိမ်ထောင်မှာ ကလေးသုံးယောက်လောက်ရှိ၍ အချို့ မှီခိုမိဘယောက္ခမများလည်း ရှိသေးသည်။ လူနှစ်ထောင် နှစ်ထောင်ငါးရာသော လူကြီးကလေးတွေ စုဝေးထားသော တပ်မိတပ်ဖဆိုတာ တာဝန်ကြီးလွန်းလှပါဘိ။

မာဇဒါဂျစ်သယ်ဆောင်ရာ လိုက်ပါရင်း တပ်ရင်းဂိတ်နားရောက်လေကျွန်တော့်မှာ အသက်ရှူကျပ်ရလေဖြစ်နေပေသည်။

သင်္ကြန်မှာ ဆင်နွှဲကြမည့်စစ်သည်တွေကို မိသားစုနဲ့ခွဲကာ စစ်တိုက်ပို့ခေါ်သွားရမည်။

အေးမြသော အတာရေအေးနှင့် သံသာချိုတေးတွေ လှပမြူးကြွသော အကတွေအလှတွေကို ကျောခိုင်းလျက်စစ်တိုက်ထွက်ဘို့ ခေါ်သွားရမည်။ စစ်ထွက်ယောက်ျား ပြည်သူ့သားတွေ ဘဝဆိုတာ ယုံကြည်ချက် ခံယူချက် မပြည့်လျှင်တော့ နေချင်စရာတစ်ရက်မှ မကောင်းပါပေ။





## မိုးမိတ် ကျပြီ

ကျွန်တော်တပ်ရင်းကိုရောက်သည်နှင့် ရုံးခန်းမှာအရာရှိအားလုံးစုဝေး၍ မိုးမိတ်အခြေအနေပြောပြရသည်။

ယမန်နေ့ညက ဗကပများ မိုးမိတ်ကို ဝင်တိုက်သည်။ ခလရ (-) ၏စစ်ကြောင်း(၁)နှင့် တပ်ခွဲတစ်ခွဲ အခြေပြုစခန်းကို ဝင်တိုက်ရာ နံနက်လင်းအားကြီးမှာ စခန်းကျသွားသည်။ မိုးမိတ်မြို့တစ်မြို့လုံး ဗကပတို့ ဝင်မွှေကြသည်။ ဆိုင်တွေကိုဖွင့်၊ ပစ္စည်းတွေလု၊ စခန်းကို မီးရှို့၊ အချို့အိမ်တွေ မီးရှို့ကြသည်။ တယ်လီဖုန်းတွေလည်း ပျက်ပြီ။

မိုးမိတ်မြို့ လေဆိပ်သည် မြို့ပြင်မှာရှိ၍ လေဆိပ်ဝန်ထမ်းလေးက နံနက် ၆ နာရီစ၍ ဆက်သွယ်ရေးစက်ကိုဖွင့်ကာ မြန်မာတစ်ပြည်လုံးရှိ လေဆိပ်များကိုဆက်သွယ်သည်။ ဘယ်ကိုမှ ဆက်မရ။ နောက်ဆုံးမှာ လားရှိုးလေဆိပ်ကို ဆက်သွယ်မှုရ၍ မိုးမိတ်မြို့ သူပုန်ဝင်စီးသောသတင်းပေးလိုက်သည်။ လားရှိုးလေဆိပ်မှ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် ရှေ့တန်းတပ်မ(-)ကို ဆက်သွယ်၍ သတင်းပေးလိုက်သည်။

ထိုအခါမှာ ပုံမှန်နံနက် ၆ နာရီ စက်ဆက်သွယ်မှုယူနေကျ တပ်မနှင့် မိုးမိတ်တပ်ရင်း ဆက်သွယ်မှု ပြတ်တောက်နေသောအကြောင်းရင်းကို သိကြရပြီ။

## ဝတ်စုံပြည့် သင်္ကြန်အက

တိုင်းစစ်ဌာနချုပ်သို့ ကျွန်တော်သွားရောက်အမိန့်နာခံနေချိန်မှာ တပ်ရင်းတစ်ရင်းလုံး အသင့်ပြင်ခိုင်းထားသည်။ ကားတွေအလာ စောင့်နေကြသည်။

တာသင်္ကြန်ကျတော့မည်ရက်မှာ ရှေ့တန်းထွက်ရ မှာမို့ ဘာတာဝန်မှန်းမသိရသေးသောရဲဘော်တွေက ရင်မောနေကြသည်။ သူတို့ဇနီး၊ သူတို့သမီးတွေကပြကြမည့်သင်္ကြန်အကကို ကြည့်လိုပါသည်ဟုဆိုလာတော့ ကျွန်တော့်ဇနီးဦးစီးပြီးဝတ်စုံပြည့်ဝတ်၍ စုပေါင်းရိပ်သာမှာ ကပြသည်။

ဇာအင်္ကျီအဝါနှင့်လုံချည်အဝါဆင်မြန်းထားသော ယိမ်းသမလေးတွေက သင်္ကြန်ယိမ်းကပြကြသည်။ ကြည့်ရှုသူ ပရိသတ်က မဟာဆန်ဆန်မန်းတာသင်္ကြန် ပရိသတ်မဟုတ်၊ စစ်ဝတ်စုံနှင့်သေနတ်နှင့်ကျောပိုးအိတ်နှင့် ကဗျာမဆန်၊ စစ်ထွက်ယောက်ျားပြည်သူ့သားများဖြစ်နေသည်။ မျက်နှာတွေက ညှိုးနေသည်။ မပြုံးနိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်သြဘာမပေးနိုင်ကြ။ ကနေသူတွေမှာလည်း မျက်နှာကပြုံးလျက် မျက်ရည်တွေကျနေသည်။ အငိုမျက်လုံး၊ အပြုံးမျက်နှာနှင့် ကပြနေသည်ကို ကြည့်နေရ၏၊ တပ်၏မိခင်များဖြစ်သော ကျွန်တော့်ဇနီးနှင့်အရာရှိဇနီးတွေက မျက်ရည်တွေ မဆည်နိုင်အောင်ရှိကြရသည်ကို ကျွန်တော်ကမသိလိုက်။

တပ်ပြန်ရောက်တော့လည်း မေးချိန်မရ၊ ချက်ချင်းတပ်ထွက်နိုင်ဘို့ ဆော်သြနေရသည်။

## ထပ်ချပ်လိုက်စစ်

မိုးမိတ်မြို့ကို ကျွန်တော့်တပ်ရင်းရောက်တော့ တပ်ခွဲများ ဖြန့်ခွဲကာ မြို့ကို ဝိုင်းပတ်ပိတ်ဆို့ပြီးမှ ဝင်ရှင်းရသည်။

ဗကပတို့ဖျက်ဆီးထားသောတပ်စခန်းကို ဝင်သည်။ မမြင်ရက်၊ မရှုရက်စရာမြင်ကွင်းကိုမြင်ရသည်။ မိမိစစ်သည်ရောရန်သူပါ အလောင်းတွေ ဖြန့်ကျဲနေသည်။ မီးကျွမ်းသောစခန်းတိုင်များ ငုတ်တုတ်တွေ့ရသည်။ တစ်ဆက်တည်းမြို့ကိုရှင်းရသည်။ ပြီးနောက်ဗကပတို့ ဆုတ်ခွာမည့်လမ်းကြောင်းကို လေ့လာရသည်။ သတင်းစုဆောင်းရသည်။

ဗကပတို့သည် တစ်ဖွဲ့က အရှေ့သို့ထွက်၍ အဓိကအဖွဲ့က မြောက်ဘက်ထွက်သည်။

မိုးလို၊ လွယ်ယားဘက်သို့ ဆုတ်သည်ကို ထပ်ချပ်လိုက်ရသည်။ ဗကပတို့ ထုံးစံအတိုင်း အဓိကအဖွဲ့ဆုတ်သာအောင် ဖြတ်တောက်ရေးအဖွဲ့ငယ် ချန်ထားတတ်သည်။ စခန်းမှသိမ်းဆည်းရမိသောလက်နှိပ်စက်မှ ဆက်သွယ်ရေးစက်၊ တပ်ရင်းလက်နက်ကြီးတို့နှင့်တကွ မြို့ထဲမှယူလာသောပစ္စည်းတွေက လေးလံသည်။

ထိုအဖွဲ့ကြီးကဆုတ်ရင်းပစ္စည်းတွေဝှက်ရင်း အချိန်ရဖို့လိုသည်။ အင်အား ၃၀ ခန့်နှင့် ကျွန်တော်တို့ကို စောင့်တိုက်လိုက်၊ တိုက်ပွဲဖြစ်လိုက်၊ အချိန်တစ်နာရီခန့် ဖင့်နွှေးလိုက်နှင့်ပြေးကြ၊ လိုက်ကြ၊ တိုက်ကြ ဖြစ်နေသည်။

ထိုအချိန်မှာ ကင်းထောက်လေယာဉ်နှင့်လေထဲမှဝဲကာ ဗကပတို့ ဆုတ်လမ်းကို ထောက်လှမ်းသည်။ လေယာဉ်နှင့်ပါလာသောခလရ(-)မှ ရှေ့တန်းတပ်မသို့ တွဲဖက်ထားရသည့်ဗိုလ်သူရဟန်(စစ်တက္ကသိုလ် ၁၀)နှင့် ထောက်လှမ်းရေးအရာရှိဗိုလ်သိန်းဆွေတို့ စက်ဆက်သွယ်မှုရသည်။ မြေပြင်မှပြောသည်ကို လေယာဉ်ပေါ်





မှ ဖမ်းယူရသည်။ လေယာဉ်မှပြန်ပြောသည်ကို ကျွန်တော်တို့မကြားရဖြစ်နေ၍ တရွက်မှာရေးကာ အလေးဆွဲ၍ပစ်ချပေးသည်။

ကံအားလျော်စွာ ရှာတွေ့သောစာအရ ကောင်းစန်းရွာတောင်ကုန်းပေါ်မှာ ဗကပတို့စောင့်နေကြောင်းသိရသည်။ သတင်းရ၍ သေချာပြင်ဆင်ချိတက်တိုက်ခိုက်ရာ အသင့်နေရာကောင်းယူထားသော ရန်သူနှင့်တိုက်ပွဲဖြစ်တော့သည်။ ချက်ချင်းမဆုတ်ဘဲ ဗကပတို့အချိန်ယူ၊ အချိန်ဆွဲဟန် စစ်တိုက်ပွဲဖန်တီးနေပြီးမှ ဆုတ်သွားသည်။

ကျွန်တော်တို့က နောက်ကဆက်တိုက်လိုက်နေခြင်းကြောင့် ၄င်းတို့သယ်ယူလာသော လေးလံပစ္စည်းများဝှက်ထားခဲ့နိုင်ရန် အချိန်ယူသည်ဟုသုံးသပ်ရသည်။

ကျွန်တော်တို့က တောက်လျှောက်လိုက်တိုက်နေစဉ်မှာ တပ်မမှူးဗိုလ်မှူးကြီးမင်းနောင်က ရဟတ်ယာဉ်နှင့် ဆင်းလာပါသည်။ ရန်သူဆုတ်ခွာရာလမ်းကြောင်းမေးသည်။

အဓိကအဖွဲ့ဆုတ်ရာလမ်း ခန့်မှန်းရခက်သောကြောင့် ဆုတ်ခွာရန်သူကို ခြေရာခံဘို့ ကျွန်တော်က စစ်ကြောင်းနှစ်ကြောင်းခွဲလိုက်သည်။ မြေပြင်မှာ အတည်ပြုဖို့ စစ်ကြောင်းခွဲလိုက်ချိန် ရန်သူကစောင့်ပြီး အတိုက်ခံရမှာကို တပ်မမှူးမှ နိုးရိမ်သည်။ စစ်ကြောင်းနှစ်ကြောင်းမလှမ်းမကမ်းလမ်းကြောင်း ခွဲခြင်းသာဖြစ်၍ ချက်ချင်းပြန်ပေါင်းနိုင်ပါကြောင်း ရှင်းလင်းတင်ပြရသေးသည်။

အဓိကရန်သူကို ခြေရာခံမိလျှင် တိုက်ရင်းမျက်ခြေမပြတ် ထိန်းထားဘို့ အမိကတာဝန်ပေးသည်။

ရှေ့မှဆီးတားပိတ်ဆို့ချေမှုန်းရေးအတွက် တပ်မမှစီစဉ်မည်ဟု မှာကြားသွားသည်။

ကျွန်တော်တို့ ခြေရာကောက်နောက်ယောင်ခံလိုက်သော တပ်သည် ထွက်ပြေးသောရန်သူကို ချေမှုန်း၍မရနိုင်မှန်းသိကြသည်။ ရှေ့မှဖြတ်တောက်ပိတ်ဆို့တိုက်ခိုက်မှသာ ဆုတ်ပြေးသောရန်သူအင်အားစုကိုချေမှုန်းနိုင်မည်။

ဗကပတို့ ဆုတ်ခွာထွက်ပြေးပြီးနောက် နယ်မြေပတ်ဝန်းကျင် အသေးစိတ်ရှင်းလင်းသောအခါ ဗကပတို့အချိန်ယူခုခံတိုက်ခိုက်ခဲ့သော ကောင်းစန်းရွာမှာ ဝှက်ထားခဲ့သော ၇၅ မမ နောက်ပွင့်၊ ရိုင်ဖယ် ၈၁ မမမော်တာ စသည်တို့ ပြန်ရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



## သကြိန်နှင့် လွဲပြီ

ရန်သူတို့က ဆုတ်ခွာသွားပြီ။

ရန်သူကိုဆက်မလိုက်စေဘဲ ကျွန်တော့်တပ်ရင်းတစ်ရင်းလုံး မိုးမိတ်မြို့မှာ ပြန်ဝင်တာဝန်ယူရသည်။

ကျွန်တော်တို့ မိုးမိတ်တပ်စခန်းကို ပြုပြင်ကြရသည်။ မြို့ထဲမှ ဖျက်ဆီးခံရ၊ မီးရှို့ခံရသောအိမ်တွေကိုကူညီကြရသည်။ ဘေးပတ်ဝန်းကျင်ရှိရွာများသို့ ဖြန့်စေလွှတ်ကာ အပျက်မှန်သမျှကူညီရသည်။

အဓိကတော့ စိတ်ဓာတ်ချောက်ချားကြသော မြို့ရွာလူထုကို စိတ်ဓာတ်မြှင့်ပေးကြရသည်။ ဗကပတို့ ဆုတ်ခွာရာလမ်းတစ်လျှောက် ဝှက်ခဲ့ကြသော အမောင်းများထံ အပ်ခဲ့ကြသောပစ္စည်းတွေပြန်ရှာရသည်။

တပ်မတစ်ခုတည်းအတူတွဲ၍တိုက်ကြရသော ညီအစ်ကိုတပ်ရင်းမှ တပ်ရင်း မှူးအပါအဝင် စစ်သည်တွေ အသက်စွန့်သွားရသည်ကို ခလရ(-)မှ ရဲဘော်တွေက လည်းခံပြင်းနေကြသည်။

အပျက်အစီးတွေပြင်ရ စခန်းကို ပြန်ပြင်ရ၊ မြို့ကိုကူညီရနှင့် ရဲဘော်တော်မှာ မန္တလေးသင်္ကြန်ကိုမေ့သလိုလိုပင် ဖြစ်နေကြရပေသည်။

## သဘောထားကြီးသော ကိုကြီးမောင်

ဒုတိယဗိုလ်မှူးကြီး ကြီးမောင်သည် အင်္ဂလန်တွင်သင်တန်းတက်၍အရာရှိ ဖြစ်လာခဲ့ပြီးနောက် စစ်လက်နက်ပစ္စည်းတပ်တွင်တာဝန်ကျသည်။

တိုက်ခိုက်ရေးတပ်သို့ သွားလိုပါသည်ဟုသတင်းပို့ချက်ဖြင့် ခမရ(-) သို့ပြောင်းရွှေ့ရောက်ရှိလာသောအခါ ကျွန်တော်တို့တပ်ခွဲမှူးတာဝန်အတူ ထမ်းဆောင်ခဲ့ကြရဖူးသည်။

မျက်နှာမြင်ချစ်ခင်ပါစေဟူသော ဆုတောင်းနှင့်ပြည့်သူဖြစ်သည်။ အမြဲ ပြုံးနေတတ်သည်၊ ဒေါသရိပ်၊ သောကရိပ် ကင်းသူကြီးဖြစ်သည်။

ကျွန်တော်တပ်ရင်းမှူးဖြစ်စက ခလရ (-)မှာ ဒုဗိုလ်မှူးကြီး ထွန်းရီ (ဗိုလ်သင်တန်း ၁၀)က တပ်ရင်းမှူးဖြစ်၍ ဗိုလ်မှူးနှစ်ဦးရှိသည်။ ဗိုလ်မှူးကြီးမောင် နှင့် ဗိုလ်မှူးကျော်ဘ (နောင်အခါ ဟိုတယ်ခရီးဝန်ကြီး)တို့ဖြစ်ကြသည်။

မကြာမီမှာပဲ ဗိုလ်မှူးကြီးမောင်က ခလရ(-)မှာပင် တပ်ရင်းမှူးဖြစ်





လာခဲ့ပေသည်။ ကိုကြီးမောင်တစ်ယောက် စိတ်ထားကောင်းမွန်ပုံကို မှတ်မိနေသေးသည်။

တပ်မ (-)လက်အောက်ခံတပ်ရင်း ၁၀ ရင်း အချင်းချင်းအားကစားယှဉ်ပြိုင်ကြရသည်။ ခလရ (-)သည် တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးထွန်းတင့် (ဝန်ကြီးချုပ်)တို့ ဗိုလ်မှူးချုပ်ခင်ညွန့် (ပို့ဆောင်ရေးဝန်ကြီး၊ စာရေးဆရာရာမည ကိုကိုနိုင်)တို့ခေတ်မှစ၍ လက်ဝှေ့နှင့်ဘောလုံးတွင် နာမည်ကြီးသည်။

တပ်မမှူးဒိုင်းဘောလုံးပြိုင်ပွဲတွင် ခလရ (-)နှင့် ခလရ (-)တို့ယှဉ်ပြိုင်ဘို့ဖြစ်လာသည်။ ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးညွန့်က ဒုဗိုလ်မှူးကြီး ကြီးမောင်ကို မေးသည်။

'ကိုကြီးမောင် ခင်ဗျားက ဗေဒင်ပညာတကယ်ကျွမ်းကျင်တဲ့လူပဲ၊ ခလရ (-)ကို ဘောလုံးပွဲမှာနိုင်အောင် ယတြာချေလို့မရဘူးလား'

စသလို မေးသည့်အခါ စိတ်ကောင်းရှိသော ကိုကြီးမောင် ဖြေကြားပုံလေးကို ဗျူဟာမှူးကြီးက ကျွန်တော့်ကိုပြန်ပြောပါသည်။

'ယတြာချေတတ်ပါတယ်၊ ဘောလုံးပွဲနိုင်ဖို့ ယတြာချေရင် ကိုညွန့်ဆွေရဲ့နှုန်းနဲ့ကိုက်ပြီး နာမ်နှိမ်ရမယ်၊ တပ်ရင်းမှူးကို နာမ်နှိမ်လိုက်ရင် စစ်ဆင်ရေးမှာပါ ထိခိုက်သွားနိုင်ပါတယ်၊ ကျွန်တော်တို့သူငယ်ချင်းအချင်းချင်း မလုပ်ကောင်းလို့ပါ'

ဟု ခပ်ပြုံးပြုံးခပ်အေးအေးပင် ဖြေကြားပါသည်။

ဤမျှစိတ်ကောင်းရှိသောသူငယ်ချင်းကြီး ကျဆုံးရခြင်းအတွက် ကျွန်တော့်မှာ ရင်ထုမနာဖြစ်ခဲ့ရပါတော့သည်။

အချိန်မီ သတင်းရလျှင် ကျွန်တော်တပ်တစ်ရင်းလုံး သူ့ဆီဝင်ပေါင်းလိုက်ပါရပါက သူတော်ကောင်းကြီး ရေတိမ်မနစ်တန်ရာ။ ။

မိုးမိတ်မှာ တပ်ရင်းမှူးမရှိခိုက် သတင်းရယူမှုအားနည်းသလားမသိ။

တပ်ရင်းမှူးပြန်ရောက်ပြီး သတင်းရသည်။ အတိုက်ခံရသည်။

ရှုပ်ရှုပ်ချုံချုံခုခံရင်း ပေါင်ကို ပထမမှန်သည်။ ဆက်ပြီးတိုက်နေသေးသည်။ သူ မကျဆုံးမီ လုံခြုံရေးအရာရှိကလည်း သူ့ဆီပြေးသွားသည်။ တပ်ရင်းမှူးနှင့်အတူ ရင်ဘတ်ကို ထိမှန်ကျဆုံးရှာသည်ဟု ထောက်လှမ်းရေးတပ်ကြပ်ကြီးက ပြန်ပြောပြပါသည်။

ဗကပတို့ သံလွင်မြစ်မကူးမီ တပ်မတပ်များ ကြိုတင်စေလွှတ်ကာရှမ



www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုတိုက်ခိုက်ချေမှုန်းမည်ဟူသော စီမံချက်ကိုလည်းစဉ်းစားနေမိသည်။

စိတ်သည် မြန်ဆန်လွန်းလှပေသည်။ မိုးမိတ်မှာထိုင်နေရင်း မိုး... လွယ်ယား၊ ကောင်းစန်း၊ မန်ဝိန်း၊ ရွှေလီမြစ်ဆီအထိ ဆုတ်ခွာထွက်ပြေးသွား... ဗကပများဆီရောက်သွားသလို မန္တလေးမြို့မှ တာသကြ်န်ပွဲဆီလည်း စိတ်ကရောက်သွားပြန်သည်။

## နိုင်းစေချက်ညီမျှရန် တကယ်၊ ရယ်ရပြန်တယ်...

ကျွန်တော်က သည်လိုစိတ်အာရုံတွေ ပျံ့နေချိန်မှာ အခြေအနေမှန်... ရှောင်မရ၊ လွှဲမရ။ အသည်းမှခံစားရချက်ကို မျိုသိပ်လျက် စိတ်လက်မကြည်... မသာနှင့် သမီးလှရတနာလေးများကို ချော့နေရ၊ အားပေးနေရ၊ ထိန်းကျောင်းနေရ... သောကျွန်တော့်ဇနီးဒုက္ခကြီးမားလွန်းလှသည်။

ယိမ်းကသူလေးများက သူတို့အကသူတို့အလှကို ခင်ပွန်းတွေ၊ အဖေတွေ... ကိုပြချင်သည်။ သူတို့က မဏ္ဍပ်စင်ပေါ်ကနေချိန်မှာ အဖေတွေ၊ ခင်ပွန်းတွေ... မဏ္ဍပ်ရှေ့က ရေစည်ပိုင်းတွေနားမှာရှိကြမည်။ လက်ခုပ်တီးကာ ဆိုင်းဝိုင်းနှင့်... အညီ စည်းချက်လိုက်ကြမည်။ ကြည့်နေကြမည်။ အားပေးနေကြမည်ဟု စိတ်ကူး... ယဉ်ခဲ့ကြသည်။

သည်လိုမျှော်လင့်ချက်နှင့် ပြင်ဆင်ထားကြရသူတွေ၊ လေ့ကျင့်ထားကြ... သူတွေ ရင်နင့်အောင်ခံစားနေကြရသည်ကို အတာရေက မည်သို့မျှအေးမြအော... ငြိမ်းသတ်နိုင်ခြင်းမရှိခဲ့။

မဏ္ဍပ်မှာကရင်း ရေကစားကားပေါ်က အစ်ကိုကာလသားတွေကို ပြုံး... လျက်ကြည့်နေရမည့် ယိမ်းသူလေးများ၊ မန်းတောင်ခြေနားမှဖြတ်၍ လာမည့်ယာဉ်... တန်းကြီးကို မျှော်မောနေကြသည်။ မြို့ဝင်လမ်းဘက်ကိုသာ လှည့်ကြည့်လှည့်ကြည့်... ဖြစ်နေကြသည်။ အလှည့်ကျနားရသူတွေကလည်း လည်တိုင်ကလေးများ ဆန့်ကာ... စစ်ကြောင်းကြီးပြန်လာလေမလားဟု မျှော်ကြရသည်။

ဒေါ်မေစီ သီဆိုသော ကချေသည်သီးချင်းက ခလရ (-)နောက်တန်းကို... တကယ့်သရုပ်ဖော်လျက် ရှိသည်။

ရယ်ချင်လျက်နဲ့ ဇာတ်ကွက် ဆင်ငိုလိုက်ရတယ် ××××××
လွမ်းတစ်သက်သက်ငိုချင်လျက်နဲ့ကွယ် ××××နိုင်းစေချက်ညီမျှရ...





တကယ်ရယ်ရပြန်တယ်။

ကျွန်တော့်ဇနီးက မျက်ရည်လွယ်သည်။ ခံစားမှုထိရှလွယ်သည်။ သမီး... လှတွေကိုကြည့်ရင်း ရင်မောရသမျှ ဖုံးမရဖိမရငိုမိရသည်။ မျက်ရည်တွေက ...ကျလာသော်လည်း မျက်နှာကပြုံးရသည်။ ကလေးတွေကို ချော့ရသည်။ မော့ရ...ည်။ အားပေးရသည်။ ပွဲမပျက်အောင် ထိန်းရသည်။

'ဗကပတွေကို တိုက်ထုတ်ပြီးရင် ပြန်လာရမှာပါ၊ သမီးတို့ ငိုရင်းကရင် ...ရောစိတ်ရောပင်ပန်းမယ်၊ သကြ်န်အလှပြကားနဲ့ ရေကစားလာသူတွေ မသိကြ...အောင် ပြုံးထားကြ၊ ကကွက်ကို လှလှလေး ကကြ'

ဟု တဖွဖွပြောနေရင်း သူ့မျက်ရည်တွေက သကြ်န်မိုးသို့ ဖြိုးဖြိုးဝေနေရ...တော့သည်။

-အငိုမျက်လုံး အပြုံးမျက်နှာ-

အရာရှိဇနီးတွေရော၊ ဆရာကတော်တွေ၊ ယိမ်းသမတွေအားလုံး ပိတောက်...ရောင်စုံတူညီစွာ ဝတ်ထားကြသလို တူညီစွာသော မျက်လုံးလေးတွေကလည်း ...နေကြသည်။ ငိုထားကြရင်းကနေရသည်မို့ မျက်လုံးလေးများ မို့နေသည်၊ ...စ်နေသည်။

တစ်နေ့လုံးကရ၊ ညသန်းခေါင်ယံအထိ ရေကစားကားတွေ ရှိသမျှက ...ကြရသော သမီးလေးတွေမှာ လိမ့်ကာလိမ့်ကာ စီးကျလာသောမျက်ရည်တို့ ...မန်းနိုင်ကြ။ မကုန်နိုင်ကြ။ သကြ်န်သာပြီးသွားသည်။ သူတို့အားလုံးကတပ်ရင်းကြီး ...န်အဝင်ကို မျှော်နေကြသေးသည်။ တိုက်ပွဲပြီးသည်နှင့်နေ့ညမနားတမ်း ကားတန်း ...ကြီးကိုမောင်းလာလိမ့်မည်ဟုယုံကြည်နေကြသည်။ သကြ်န်နောက်ဆုံးအတက်နေ့မှာ ...တော့ မြို့တော်ဝန်ဖလားကြီးလာရောက်ချီးမြှင့်မည်ကို မျှော်နေခြင်းမဟုတ်ပါဘဲ ...ထွက်ယောက်ျားနှင့်ဖခင်များ ပြန်အလာကိုမျှော်ရင်းတစ်ညလုံး ကနေကြသည်။

နန်းရှေ့က ပရိသတ်ကလည်း ပျော်နေကြသည်။ ပျော်သူတို့မပန်းကြသလို ယိမ်းသမများက ယာဉ်တန်းကြီးအလာကို မျှော်မျှော်သူမို့မနွမ်းနိုင်ကြ၊ တစ်ညလုံး ပရိတ်သတ်ရှိစေချင်သည်။ ဒါမှတစ်ညလုံးကရင်းမျှော်နေခွင့်ရှိကြမည်။

သည်လိုနှင့် မျှော်ရင်းကရင်း အတာကျူးလို့နှစ်ကူးသောနံနက်ကျမှ ...တပ်ရင်းမိသားစုများ စိတ်နှလုံးတုံးတုံးချကာ လက်လျှော့ကြရပြီ။ ရှေ့တန်းပြန်တပ်... ...ချိန်မီရောက်မလာနိုင်ကြကြောင်း သေချာပြီ။ မျှော်ရင်းမျှော်ရင်းတင်းထား...သော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို လျှော့လိုက်ကာမှ လူတွေကပျော့ခွေသွားကြသည်။ မဏ္ဍပ်မှအဝတ်အစား တွေ သိမ်းကာ တပ်ရင်းသို့အပြန်မှာ စကားတစ်ခွန်းမှမပြောနိုင်ကြ၊ ပြောချင်စိတ် လည်းမရှိကြ။

တပ်ကိုပြန်ရောက်သည်နှင့် အိပ်ရာထဲလှဲကာ ခွေလိုက်ကြတော့သည်။ နေ့စဉ်ညဥ့်သန်းခေါင်ကျော်အထိကပြကြရင်း မျှော်ခဲ့ကြရသော စိတ်အမောက လူအမောထက် ပြင်းထန်ထိခိုက်လှပေသည်။

သကြံန်မကုန်မချင်း ပြန်လာနိုးပြန်လာနိုးနှင့် အမျှော်ကြီးမျှော်ကိုးကာ အားတင်းခဲ့ကြသည်မို့ စိတ်ကဆောင်နေခဲ့ခြင်းဖြစ်သည်။

-စိတ်ဓာတ်သည်သာ ပဓာန-

သူတို့တွေ မျှော်နေကြဆဲမှာ စစ်ထွက်ယောကျ်ားတွေက ရန်သူဆိုတာ ဘယ်မှာလဲဟုရှာနေရသည်။ ပြေးသူကိုလိုက်နေရသည်။ ရန်သူကို တန်ပြန်ချေမှုန်း ဖို့စိတ်အားသန်စွာ လိုက်နေခဲ့ကြရသည်။

စစ်သည်များအားလုံး စိတ်ဓာတ်တက်ကြွစွာနှင့် တိုက်ပွဲဝင်ဘို့ တာဝန်အပ် ဆုံးက တပ်ရင်းမှူးကျွန်တော် ---

တိုက်ပွဲဝင်စစ်သည်တွေအားလုံးကို စိတ်ဓာတ်ရေးရာ ပံ့ပိုးဘို့ နောက်တန်း အိမ်ထောင်သည်မိသားစုကို စည်းရုံးလှုံ့ဆော်ဘို့က တပ်ရင်းမှူးဇနီးနှင့်အရာရှိဇနီး များ၊ နောက်တန်းမှူးနှင့်တပ်ရေးတပ်ထောက်အရာရှိများ ---

တိုက်ခိုက်ရေးတပ်တွေဆိုတာ

'တိုက်ပွဲတစ်ရာအောင်ပွဲတစ်ရာ' ရှာဘို့ တိုက်ဘို့ဘာမှမခက်၊ အခွင့်အရေး ရှိသည်။ ရှေ့မှာရှိသောရန်သူထံ ရောက်အောင်သွားတိုက်ပွဲကို ကြုံရမည်။ စစ်တိုက် ချင်သူအဖို့အခွင့်အလမ်းက ကိုးဆယ်ရာခိုင်နှုန်းမကရှိသည်။

'ပျော်ပွဲတစ်ခါ'ကြုံဖို့က တစ်ရာခိုင်နှုန်းပင် မသေချာလှ။ မန်းမြို့သကြံန် ဆင်နွှဲဘို့ မျှော်ရင်းမျှော်ရင်း ဒီနှစ်မှာအခွင့်အရေးရခဲ့သည်။ မလွှဲသာသော မရှောင် သာသော အဓိကတာဝန်ကြောင့် လွှဲခဲ့ရပြန်ပြီ။

သမီးငယ်လေးတို့ မျက်ရည်ပူသည် တာသဘင်ရေအေးနှင့်အတူ ဧရာဝတီ မြစ်ထဲအထိ ပေါင်းစပ်စီးဝင်သွားကြပေပြီ။ ကုန်လွန်ခဲ့သောအချိန်အတွက် ကြေကွဲ နေ၍မဖြစ်တော့ပြီ။





တစ်နေ့တော့ သူပုန်တွေကုန်ရမည်။
ရန်သူ-သူပုန်တွေကုန်မှ
ရတနာပုံမန်းမြို့တော်သကြံန်မှာ
တို့ခလရ(-)ပျော်ပျော်ကြီးဆင်နွှဲကြတော့မယ်ဟေ့ ဟု လှုံ့ဆော်ရုံမှတစ်ပါး
ကျွန်တော့်မှာ အခြားနည်းလမ်းမရှိတော့ပါပြီ။

## စ်သားနှင့်ကုသိုလ်

ကျွန်တော်တို့ ပါဝင်လှုပ်ရှားရသော တပ်မတော်သားဘဝမှာ ပြည်တွင်း သောင်းကျန်းမှုက အဓိကဖြစ်နေသည်။ သည်တော့လည်း ပြည်တွင်းမှာပဲ သွားလာ လှုပ်ရှားရင်း ရန်သူကိုရှာဖွေတိုက်ခိုက်ရင်း အချိန်ကုန်ကြရသည်။

တိုင်းပြည်မှာ အဆိုးရွားဆုံးအချိန်က ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀ ကာလ ဖြစ်သည်။ ရန်ကုန်မြို့ကိုသိမ်းပိုက်သည်အထိ ခြိမ်းခြောက်လာသော သောင်းကျန်း သူတို့ကြောင့် ရန်ကုန်အစိုးရဟုသာ အခေါ်ခံရသော ခေတ်က တကယ့်တိုက်ပွဲကြီး တွေကို မမီလိုက်ရပါ။ ခြောက်တန်းကျောင်းသားဘဝမို့ ကလေးမက၊ လူကြီးမကျ ဆယ့်သုံးနှစ်ဆယ့်လေးနှစ်သာ ရှိသေးသည်။

ကျွန်တော်တို့ခေတ်မှာ စောစောပိုင်းက ပဲခူးရိုးမ၊ မြစ်ဝကျွန်းပေါ်၊ စစ် ကိုင်းတိုင်းတို့တွင်သာ လှည့်လည်တိုက်ခိုက်ကြရသည်။ သည်တော့ ရွာတွေမှာ လှည့်လည်ရင်း ရန်သူကို ရှာရသည်။ ရွာမှာစခန်းချသည်နှင့် ဘုန်းကြီးကျောင်းမှာ တည်းခိုခွင့်တောင်းကာ တည်းရ စခန်းချရသည်။

ရောက်ရာအရပ်မှာ ဖူးမြော်ရသောသံဃာတို့ နံနက်လက်ဖက်ရည်ကပ်ရ သည်။ နေ့ဆွမ်းကပ်ရသည်။ မိမိတပ်စုတပ်ခွဲတပ်ရင်းစစ်သည်များအတွက် ချက် သမျှအထဲမှာ စားဦးစားဖျားဆွမ်းကပ်ရသည်။

အသားဟင်းပါသည့်နေ့၊ မပါသည့်နေ့ရှိသမျှဆွမ်းကို ကြုံရာကျောင်းမှာ လှူရခြင်းဖြင့် သံဃိကဒါနအစစ် ဖြစ်ခဲ့ရပေသည်။

## ဘေဘူဆရာတော်ဘုရား၏တရား


ခလရ (-)မှာ တပ်ရင်းမှူးတာဝန်ယူရချိန်မှာ ဝေဘူဆရာတော်ဘုရားကြီး သည် ကျောက်ဆည်တွင် သီတင်းသုံးသောအချိန်က များပေသည်။



www.burmeseclassic.com

www.burmeseclassic.com





ပုသိမ်ကြီးမြို့နယ် ခလရ (-)သို့ ကြွလာတော်မူသောဝေဘူဆရာတော်ဘုရား

ကျွန်တော့်ဇနီးနှင့် အရာရှိဇနီးများက တစ်နာရီခရီးသာ မောင်းရသော ကျောက်ဆည်သို့မကြာခဏသွား၍ ဆရာတော်ဘုရားကြီးထံ ဆွမ်းကပ်ဖြစ်ကြ သည်။ ကျွန်တော်တပ်ပြန်နားရသော တစ်လမှာတော့ အနည်းဆုံးနှစ်ကြိမ်မျှ ဆွမ်း ကပ်ရင်းဖူးမြော်ကြည်ညိုခွင့်ရပါသည်။

သွားရောက်ဖူးမြော်ကြည်ညိုတိုင်း ဝေဘူဆရာတော်ဘုရားကြီးက ရိုးရှင်း စွာ တရားပေးတတ်သည်။

ဘယ်ကလာကြတုံးဗျာ။

ပုသိမ်ကြီးက လာပါတယ်ဘုရား။

လမ်းမှာဘယ်နေရာတွေ ဖြတ်ခဲ့ရသလဲဗျာ။

ဈေးချိုက တစ်ဆင့်လေယာဉ်ကွင်းကို ဖြတ်ခဲ့ရပါတယ်ဘုရား။

ဈေးချိုမှာ ဘာတွေတွေ့ခဲ့ရသလဲဗျာ။

လူတွေ သွားလာနေတာတွေ့ခဲ့ရပါတယ်ဘုရား။

ဟုတ်ပြီဗျာ အဲဒီမှာ တွေ့ခဲ့တဲ့လူတွေ အခု ဒီကိုပါလာသေးသလားဗျာ။

ပါမလာတော့ပါဘုရား။





အေး အေး အခု ဒီကပြန်ရင်ရော ဈေးချိုရောက်သွားရင် ဘုန်းကြီးတို့ ပါလာမှာလားဗျာ။

ပါမလာနိုင်တော့ပါဘုရား။

အေး အေး တရားကို သေသေချာချာဆင်ခြင်ကြဗျာ။

တင်ပါ့ ဘုရား။

သည်အမေး၊ သည်အဖြေ၊ သည်အပြောသည်၊ သည်အဟောသည် သွား မသည့်အခါတိုင်းဖြစ်ပါ၏။ ရိုးစင်းစွာမေးရင်း ရိုးရှင်းစွာဟောသောတရားက လွတိုင်း နားလည်လွယ်နိုင်သော တရားပါတည်း။

တစ်ခေါက်တော့ ကျွန်တော်ကပုသိမ်ကြီးတပ်ကို ကြွဖို့လျှောက်ထားမိ ရာ ကြွဖို့ဆရာတော်ဘုရားသဘောတူပါသည်။ ကျွန်တော့်တပ်ကို ကြွလျှင် လမ်း တစ်လျှောက်လူတွေက ဖူးကြရမည်။ အနီးအနား၊ ရွာအနီးချုပ်စပ်ကလည်း ဖူးကြရ ပိမ့်မည်။

ဆွမ်း၊ ကွမ်းဝေယျာဝစ္စစီစဉ်ရသည်။ ပါတီကောင်စီကို ပြောရသည်။ မြို့နယ်တွင်းရှိ ရွာတွေအသိပေးရသည်။

တကယ်ပင့်ဘို့ကျတော့ ကျွန်တော်တို့တပ်မှာက တပ်ရင်းမှူးစီးသော မာဇဒါဂျစ်သာရှိသည်။ တပ်မှလူပျိုကြီး ဗိုလ်ကြီးအောင်စိုးက အသိပေါ်သူဖြစ်၍ မိတ်ဆွေထံမှ ဆလွန်းကားငှားကာ ဆရာတော်ဘုရားကြီးအား ပင့်ရပါသည်။ လေးမြို့အဝင်မှစ၍ ဆရာတော်ဘုရားကြီးကို ဖူးမြော်ကြသည်။ ကန်တော့ကြ သည်။ ဈေးချိုတော်ကိုဖြတ်သည့်အခါ ကြည်ညိုသူလူအုပ်က ကြပ်ခဲလို့နေသည်။

နန်းရှေ့နှင့်ပုသိမ်ကြီးမြို့လူထုအပြည့် စောင့်ကြိုဖူးမြော်ကြသည်။ ဆရာ တော်ဘုရားကြီးက မှတ်စိတ်အပြည့်နှင့်မို့ အိန္ဒြေရှိလှပေသည်။

ရေထွက်ရွာအဝမှာတော့ ကားကိုရပ်ကာ ကားပေါ်မှဆင်းရသည်။ ရွာနီး ချုပ်စပ်က သက်ကြီးရွယ်အိုတွေ၊ လူရွယ်လူလတ်တွေ၊ လူငယ်တွေ၊ တပ်မိသားစု တွေ လျှောက်လမ်းဝဲယာမှ ပုဆစ်တုပ်၍ လက်အုပ်ချီနေကြသည်။

ကျွန်တော်နှင့်အတူ တပ်ရေးဗိုလ်ကြီး RSM ဆရာကြီးစိုးမြင့်တို့က ဆရာတော်ဘုရားကြီးကို တွဲ၍လျှောက်လာရသည်။ ဆရာတော်ဘုရားကြီးကြွချီရာ လမ်းမှာ ပုဝါတွေ၊ တဘက်တွေ၊ မျက်နှာသုတ်ပုဝါတွေ ခင်းထားကြသည်။ ပန်း ပွင့်လျက် ဆံပင်ရှည်များကို ဆရာတော်ခြေနင်းဖို့ ဖြန့်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က အိန္ဒြေရစွာ ကြွလှမ်းလာသော်လည်း ကျွန်တော်တို့မှာ ခြေကို မလှမ်းရဲကြ၊ သို့သော်လည်း ဆရာတော်ဘုရားကြီးလက်မောင်းမှ တွဲ၍ ဆောင်လာရသည်မို့ ရှောင်လို့မရ၊ ဆရာတော်နှင့်အတူ လျှောက်ရင်း နင်းလာ ပေတော့သည်။

## သဲထိတ်ရင်ဖို

တပ်အဝင်ဂိတ်နားအရောက် ဖြန့်ခင်းထားသော ပုဝါတွေပေါ်မှာ ကလေး ငယ်လသားလေးကို ပက်လက်ကလေးတွေ့ရသည်။ ကလေးနှစ်ယောက်တွဲ ဖြစ်၍ ကျွန်တော်က ခြေလှမ်းတုံ့သွားသည်။ ဆရာတော်ဘုရားကြီးကတော့ ပုံမှန် ခြေလှမ်းအတိုင်း လှမ်းကြွတော်မူသည်။ ကလေးလေးကို ကျော်သွားသည်။

နောက်ထပ်နှစ်နေရာလောက် ကလေးပေါက်စကလေးများကို ဖြတ်ကျော် ရသေးသည်။

ကျွန်တော်တို့မှာ ဆရာတော်ဘုရားကြီးကို တွဲထားလျက် ဟန်ချက်မပျက် ဘို့ မယိုင်မလဲဘို့ အာရုံစိုက်နေရသည်။ ခင်းထားသမျှ ကြည့်ရသည်။ ပုဝါလည်း မြင်သည်။ တဘက်လည်းမြင်သည်။ ဆံပင်ဖြန့်ခင်းထားသောဆံပင်လည်းမြင်သည်။ ကလေးပေါက်စလေးလဲမြင်သည်။

တကယ့်ကို တရားပေါက်မြောက်နေပြီဖြစ်သော ဆရာတော်ဘုရားကြီး ကတော့ မှတ်စိတ်တစ်ခုနှင့်ကြွလှမ်းနေသည်မို့ အိန္ဒြေရှိလှပေသည်ကို သတိပြုမိရ ကြည်ညိုသဒ္ဒါစိတ်တွေ တဖွားဖွားပေါ်ပေါက်နေရပါတော့သည်။

## စုပေါင်းကုသိုလ်

တပ်ရင်းရိပ်သာမှာ ဆရာတော်ဘုရားကြီးခေတ္တနားပြီးဆွမ်းဘုန်းပေးသည်။

ဆွမ်းဘုန်းမပေးမီ ဆရာတော်ဘုရားက မေးသည်၊ ဒီဆွမ်း၊ ဆွမ်းဟင်းတွေ ဘယ်သူလှူတာလဲတဲ့။

တပ်ရင်းတစ်ခုလုံး စုပေါင်းလှူတာပါဘုရား ဟု လျှောက်တော့မှ သင့်ရာ ဆွမ်းဟင်းခွက်ကို ဘုန်းပေးတော်မူသည်။

တစ်ဦးချင်းလှူတာပါဟု လျှောက်လျှင်တော့ ဆွမ်းခွက်အားလုံးကို ဘုန်း





ပေးလေ့ရှိသည်။ လှူကြသောသူတွေကို ကုသိုလ်ရစေလိုသော ဆရာတော်ဘုရားကြီး ၏မိုးမြင့်မှုက ဤသို့ပါတည်း။

လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ့်ငါးနှစ်ခန့်က ကြည်ညိုခဲ့၊ ဆွမ်းကပ်လှူခဲ့၊ ဖက်ကိုပင့်ခဲ့ရသော ကုသိုလ်တွေကို ယခုအခါမကြာခဏပြန်လည် စဉ်းစားပီတိ ဖွားရင်း ထိုအလှူဒါနတို့ကို မြင်ရသောပုဂ္ဂိုလ်၊ မမြင်ရသောပုဂ္ဂိုလ်ဟူသမျှတို့အား သယ်ထွက်ကာအမျှဝေရသည်ကကျွန်တော်တို့မှာအကျင့်တစ်ခုလိုဖြစ်လာရပါပြီတည်း။

မှုဆယ်ဒေသမြို့နယ် ၄၅၆၁ တိုက်ပွဲ (၂၁-၁-၁၉၇၅)

နိုင်ငံတော်ကောင်စီ

ဆိန့်ကြော်ငြာစာအမှတ် ၁/၇၆

၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။

ကျွန်တော်တို့ ခလရ (-)မှ စွမ်းရည်ဘွဲ့ရရှိသူများ

သူရဘွဲ့

| | | |
|---|---|---|
| ၁။ | ကြည်း/၁၁၅၉၆ | ဗိုလ်ကြီးမောင်နီ |
| ၂။ | အမှတ်/၂၉၂၅၆၂ | ဒုတပ်ကြပ်တင့်ဆွေ |
| ၃။ | အမှတ်/၂၉၃၈၆၅ | တပ်သားတီရယ်(ကျဆုံး) |
| ၄။ | အမှတ်/၃၀၅၈၂၁ | တပ်သားကြည်မြင့် |
| ၅။ | အမှတ်/၃၀၅၈၈၅ | တပ်သားအောင်သန်း |
| ၆။ | အမှတ်/၃၁၇၄၀၅ | တပ်သားဒီဗဟာဒူး |
| ၇။ | အမှတ်/၃၁၈၆၃၀ | တပ်သားလှရွှေ |
| ၈။ | အမှတ်/၃၂၈၃၅၀ | တပ်သားဆားအိ |
| ၉။ | အမှတ်/၃၄၇၄၃၂ | တပ်သားအောင်ချို |
| ၁၀။ | အမှတ်/၃၇၆၄၈၆ | တပ်သားခင်မောင်သန်း |



www.burmeseclassic.com

www.burmeseclassic.com



ခလရ (-) တွင်ကျွန်တော်နှင့်အတူ တာဝန်ယူခဲ့ကြသော အရာရှိများ
၁၉၇၂ ခုနှစ်၊ မေလမှ ၁၉၇၇ ခုနှစ် မေလ

| | |
|---|---|
| ၁။ ဗိုလ်မှူးထွန်းစိန်+ဒေါ်အေးစိန် | ဗိုလ်သင်တန်း (၁၀) |
| ၂။ ဗိုလ်မှူးတင်စိန်+ဒေါ်ယဉ်ယဉ်နွဲ့ | ဗိုလ်သင်တန်း (၂၀) |
| ၃။ ဗိုလ်မှူးခင်မောင်ဆွေ+ဒေါ်ကြင်ကြင်ဆွေ | ဗိုလ်သင်တန်း (၂၀) |
| ၄။ ဗိုလ်မှူးစံလင်း+ဒေါ်ခင်မြင့်မြင့် | ဗိုလ်သင်တန်း (၂၅) |
| ၅။ ဗိုလ်ကြီးအောင်သောင်း+ဒေါ်ခင်သန်းနွဲ့ | ဗိုလ်သင်တန်း (၂၅) |
| ၆။ ဗိုလ်ကြီးခင်မြင့်+ဒေါ်ခင်တင့် | ဗိုလ်သင်တန်း (၂၅) |
| ၇။ ဗိုလ်ကြီးဘထွန်း+ဒေါ်ညွန့်ညွန့်ထွန်း | စတသ (၃) |
| ၈။ ဗိုလ်ကြီးတင်အောင်+ဒေါ်ဝင်းကြည် | ဗကသ (၂၈) |
| ၉။ ဗိုလ်ကြီးအောင်ကြည်+ဒေါ်ခင်တင့် | ဗသက (၃၀) |
| ၁၀။ ဗိုလ်ကြီးလွှန်းမောင်+ဒေါ်ရွှေသက် | ဗသက (၃၀) |
| ၁၁။ ဗိုလ်ကြီးကျော်ထွန်း+ဒေါ်ခင်ဝင်းမြတ် | ဗသက (၃၁) |
| ၁၂။ ဗိုလ်ကြီးသန်းအောင်+ဒေါ်မြသိ | စတက (၂) |
| ၁၃။ ဗိုလ်ကြီးစောထွန်း+ဒေါ်မြင့်မြင့်ကို | ဗသက (၂၉) |
| ၁၄။ ဗိုလ်ကြီးတင်မောင်ဦး+ဒေါ်အေးသင် | ဗသက (၂၉) |
| ၁၅။ ဗိုလ်ကြီးလှသောင်း+ဒေါ်ခင်ခင် | စတက (၆) |
| ၁၆။ ဗိုလ်ကြီးထွန်းကြည်+ဒေါ်လွင်လွင်မာ | ဗသက (၃၃) |
| ၁၇။ ဗိုလ်ကြီးမောင်မောင် | ဗသက (၃၃) |
| ၁၈။ ဗိုလ်ကြီးမင်းနိုင်+ဒေါ်ညွန့်ညွန့်စိန် | ဗသက (၃၄) |
| ၁၉။ ဗိုလ်ကြီးအောင်စိုး+ဒေါ်ခင်ခင်ဝင်း | ဗသက (၃၆) |
| ၂၀။ ဗိုလ်ကြီးဝင်းစိန်+ဒေါ်အေးကြည် | ဗတသ (၃၆) |
| ၂၁။ ဗိုလ်ကြီးခင်မောင်မြင့်+ဒေါက်တာတင်မာစိမ်း | စတက (၁၀) |
| ၂၂။ ဗိုလ်ကြီးခင်မောင်ဦး+ဒေါ်မြတ်မြတ်ထွေး | စတက (၁၀) |
| ၂၃။ ဗိုလ်ကြီးအောင်မြင့်သွင်+ဒေါ်တင်တင်ရွှေ | စတက (၁၀) |
| ၂၄။ ဗိုလ်ကြီးသုရဟန်+ဒေါ်နုနု | စတက (၁၀) |
| ၂၅။ ဗိုလ်ကြီးသုရမောင်နီ+ဒေါ်နန်းမြင့်စိန်(အညာ) | ဗသက (၃၉) |
| ၂၆။ ဗိုလ်ကြီးထွန်းအုပ်+ဒေါ်ငြိမ်းရင် | ဗသက (၃၉) |





| | |
|---|---|
| ၂၇။ ဗိုလ်ကြီးနိပ်စောနန်း+ဒေါ်နီလာမြင့် | ဗသက (၃၉) |
| ၂၈။ ဗိုလ်ကြီးသိမ်းဆွေ+ဒေါ်စမ်းမြင့်(တရုတ်မ) | ဗသက (၄၀) |
| ၂၉။ ဗိုလ်ကြီးထင်အောင်+ဒေါက်တာမာလာအောင် | ဗသက (၄၀) |
| ၃၀။ ဗိုလ်ကြီးတင်ထွဋ် | ဗသက (၄၀) |
| ၃၁။ ဗိုလ်ကြီးချိုအေး | ဗသက (၄၀) |
| ၃၂။ ဗိုလ်ကြီးရဲစိုး+ဗိုလ်မှူးတင်တင်ဝင်း | စတက (၁၂) |
| ၃၃။ ဗိုလ်ကြီးမြသွင်+ဒေါ်နန်းရွှေဦး | ဗသက (၄၁) |
| ၃၄။ ဗိုလ်ကြီးလှဝင်း | ဗသက (၄၃) |
| ၃၅။ ဗိုလ်ကြီးစိုးသိန်း+ဒေါ်နီနီ | စတက (၁၄) |
| ၃၆။ ဗိုလ်ခင်မောင်ဝင်း + ဒေါ်ခင်နွယ်ဖူး | အလုပ်သင် (၁) |
| ၃၇။ ဗိုလ်မြင့်သောင်း | အလုပ်သင် (၂) |
| ၃၈။ ဗိုလ်စိန်လွင် | အလုပ်သင် (၂) |
| ၃၉။ ဗိုလ်လင်းနိုင်+ဒေါ်တင်တင်ဖုန်း | အလုပ်သင် (၂) |
| ၄၀။ ဗိုလ်ခင်မောင်စိုး | ဗသက (၄၅) |
| ၄၁။ ဗိုလ်မြင့်သိန်း+ဒေါ်စောခင်ကြီး | ဗသက (၄၅) |
| ၄၂။ ဗိုလ်တင်မျိုးတင့်+ဒေါ်မာလာလွင် | ဗသက (၄၉) |
| ၄၃။ ဗိုလ်ယုလွင်အောင် | စတက (၁၇) |
| ၄၄။ ဗိုလ်ဘကြည်+ဒေါ်အေးလေး | ဗသက (၅၁) |
| ၄၅။ ဗိုလ်မြင့်စိုး | စတက (၁၈) |
| ၄၆။ ဗိုလ်မောင်မြင့် | ဗသက (၅၀) |
| ၄၇။ ဗိုလ်လှသောင်း | အလုပ်သင် (၃) |
| ၄၈။ ဗိုလ်ကြီးဘလုံး+ဒေါ်သန်းသန်း | စစ်ရဲမှပြောင်း |

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# သတ္တမပိုင်း

## အမှတ်(-)ခြေမြန်တပ်မဌာနချုပ်သို့

ကျွန်တော်သည် အမှတ်(-)ခြေလျင်တပ်ရင်းတွင် တပ်ရင်းမှူးအဖြစ် ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ တပ်မ(-)လက်အောက်ခံတပ်ရင်း ၁၀ရင်း အနက် တစ်ရင်းအပါအဝင်ဖြစ်ပေသည်။

ငါးနှစ်တာကာလပတ်လုံး အရှေ့မြောက်ဒေသမှာ စစ်ဆင်ရေးတာဝန် များ လုပ်ရှားထမ်းဆောင်ခဲ့ရပြီးနောက် တပ်မ (-)သို့ ညှိနှိုင်းကွက်ကဲရေးမှူး (ဒုမှူးကြီး)အဖြစ် ပြောင်းရွှေ့မိန့်ရရှိပါသည်။

မန္တလေး ပုသိမ်ကြီးမှမော်ဘီသို့ ပြောင်းရမည်ဖြစ်၍ သုံးတန်စစ်ကားနှင့် ပြောင်းရွှေ့ရမှာ အဆင်ပြေသည်။ တပ်ရင်းမှူးအိမ်ဝမှပစ္စည်းတင်၍တောက်လျှောက် ကားမောင်းလာပြီး မော်ဘီမြို့အရောက် တပ်မညှိနှိုင်းကွပ်ကဲရေးမှူးအိမ် ဝ ကားထိုးဆိုက်ကာ ပစ္စည်းချရန်သာဖြစ်သည်။ ကလေးတွေ ကျောင်းပြောင်းရွှေ့ ရေးကိစ္စအဓိကစီစဉ်ရသည်။

နှစ်စဉ်ဧပြီ-မေလသည် ကကကြည်းတွင် လေးလပတ်စစ်ဆင်ရေး စည်း ဝေးပွဲရှိ၍တိုင်းမှူး၊ တပ်မှူး အားလုံးတက်ကြရသည်။ စည်းဝေးပွဲတက်ရာမှ ပြန် လာသောမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီးစောမောင်သည် ကျွန်တော်တို့ တပ်မမှူးကြီးဖြစ်ခဲ့၍ မန္တလေးဘူတာမှာကျွန်တော်ဆင်းတွေ့ပါသည်။

တိုင်းမှူးကြီးက နှစ်ယောက်ချင်းခေါ်ပြောသည်မှာ 'ကိုဝမ်းတင်(တပ်မ - တပ်မမှူး)ကို လူကြီးတွေနိုင်းထားတာရှိတယ်၊ ခင်ဗျားအမြန်သွားပြီး သူ့ကို ကူလိုက်ပါ' ဟု ပြောသည်။

•••♦♦ ပြည့်စုံစာအုပ်တိုက် ♦♦•••

www.burmeseclassic.com

www.burmeseclassic.com



တပ်မ (-) ဘာတာဝန်တွေရှိနေမှန်းမသိရပါပဲလျက် 'ဟုတ်ကဲ့'ဟု ပြောလိုက်မိသည်။ သည်လိုနှင့်ပြင်ဆင်မှုတွေ တက်သုတ်ရိုက်ပြီး စစ်ကားကြီးနှစ်စီး နှင့်မိသားစုအားလုံး ပြောင်းလာခဲ့ရပါတော့သည်။

၁၉၇၇ခု၊ မေလ၊ ၁ရက် မော်ဘီမြို့ရှိ တပ်မ(-)သို့ ရောက်တော့ တပ်မမှူးကြီးက ရှေ့တန်းရောက်နေပြီ။ မြောက်ပိုင်းရှမ်းပြည်နှင့်တောင်ပိုင်းရှမ်းပြည် အစပ်မှာ ရှိသောကျေးသီး မန်စန်မြို့တွင် ရှေ့တန်းတပ်မရုံးတွင် ဖွင့်ထားကြောင်း သိရသည်။

တပ်မဌာနချုပ်တပ်ခွဲမှူးဗိုလ်မှူးတင့်ဆွေက ဆီးကြို၍ နေရာချထားပေး ပါသည်။ တပ်မမှူးဒုတပ်မမှူးသုံးဦးနှင့်တပ်မညှိနှိုင်းကွပ်ကဲရေးမှူးစုစုပေါင်း ငါးဦး အတွက် တစ်ထပ်တိုက်ပုံစံတူလေးများငါးလုံးရှိသည်။ ကျွန်တော်တို့ဇနီးမောင်နှံ အပြင် အမေနှင့်ယောက္ခမတို့အပြင် သားသမီး၊ တူ၊ တူမခြောက်ယောက်၊ အိမ်ဖော် တစ်ယောက်ပါလာသည်။ တပ်ရင်းမှူးအိမ်းပုံစံအတိုင်းဖြစ်၍ အိမ်နှင့်လူ အပြည့် ဖြစ်ပါသည်။

မော်ဘီ အထက (၁)မှာ သားငယ်နှင့်တူမလေးကို ကျောင်းအပ်ရမည်။ ဆိုရှယ်လစ်ပညာရေးစနစ်မှာ ပုံစံပြောင်းစဖြစ်၍ ဒေသကောလိပ်ဟူ၍ ပေါ်လာပြီ၊ ဒေသကောလိပ်တွင် ကလေး လေးယောက်ထားရမည်။

မိန်းမရေ ကြည့်လုပ်ပေတော့ဟု တာဝန်တွေပုံအပ်ကာ ကျွန်တော်က ရှေ့တန်းသို့ လိုက်သွားရပါတော့သည်။ ရန်ကုန်မှ ဟဲဟိုးသို့ လေယာဉ်နှင့်သွားကာ ဟဲဟိုးမှတောင်ကြီးရပခသို့သတင်းပို့ပြီး လွယ်လင်-လဲချား-မိုင်းကိုင်-ကျေးသီး လမ်းအတိုင်း ယာဉ်တန်းနှင့်သွားရပါသည်။

ရှေးယခင်ကာလများက ဆလွန်းကားလေးနှင့် လွယ်လင်မှထွက်၍ လဲခြား-မိုင်းကိုင်လမ်းအတိုင်း သီပေါအရောက် နေ့ချင်းပေါက်မောင်းကြသောလမ်း ဖြစ်သည်ဟု ဆိုသည်။ ယခုတော့သောင်းကျန်းသူက များလာသလို ချေမှုန်းရေးတပ် တွေသယ်ရပို့ရ ရွှေ့ပြောင်းရသော သုံးတန်ယာဉ်ကြီးများကြောင့် လမ်းတွေက ပျက်နေပြီ။

တော်လှန်ရေးကောင်စီတက်ချိန်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကျွ ကျွန်တော်ဂျီသရီးဖြစ်စက သာယာဝတီတပ်ရင်း (-)မှာ ဝါရင့်ဗိုလ်ကြီးဖြစ်သော ဗိုလ်ကြီးဝမ်းတင်ကို တွေ့ခဲ့သိခဲ့ဖူးသည်။ ယခုကိုယ့်တပ်မမှူးကြီးအဖြစ် ပြန်တွေ့ ရပြန်ပြီ။





ဗျူဟာမှူးများမှာ ဗိုလ်မှူးကြီးခင်မောင်အေး(စာရေးဆရာကြီး ခင်မောင် အေး မန္တလေး၊ (ဗိုလ်သင်တန်း ၈) ခလရ(-)တပ်ရင်းမှူးဘဝက အတူလက်တွဲခဲ့ ကြဖူးသည်။ ၁၉၇၂ ခုနှစ် ပဲခူးရိုးမတောင်ခြေမှာ သူ့တပ်ရင်းနေရာ ကျွန်တော် ဝင်၍ လွှဲပြောင်းလက်ခံခဲ့ရသည်။

ယာယီတပ်ရင်းမှူးမှ ဒုဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးမြှင့်မိန့်ထွက်ချိန်မှာ တစ်လိုင်းနှစ်ပွင့်တပ်စရာ ကြယ်ပွင့်အပိုမရှိသည့်အတွက် ကျွန်တော်ပခုံးမှတစ်ပွင့် တည်းသောကြယ်ကို ဖြုတ်၍ သူ့ကို ဒုဗိုလ်မှူးကြီးအဖြစ် တပ်ခဲ့ပေးရဖူးသည်။

နောက်တစ်ဦးက ဗိုလ်မှူးကြီးပီကျော်ဟန်(စာရေးဆရာကြီးဆရာပီကျော် ဟန်(ဗိုလ်သင်တန်း ၇)ဖြစ်၍ ကျွန်တော်လပခမှာ တလကတွဲဖက်အတွင်းရေးမှူး တာဝန်ထမ်းဆောင်ချိန်က ခလရ(-)တပ်ရင်းမှူးသံတွဲခလကဥက္ကဋ္ဌကြီးဖြစ်သည်။ နိုင်ငံကျော်အဆိုတော်မြကေသီ၏ခင်ပွန်းဖြစ်သည်။ နောက်တစ်ဦးက Exo တာဝန် ကျွန်တော့်ကိုလွှဲပေးပြီး ယာယီဒုတပ်မမှူးအဖြစ် ရာထူးတိုးမြှင့်စ ဗိုလ်မှူးကြီးအောင် မြင့်၊ ကျွန်တော့်ယောက္ခမ၊ ဇနီးမိသားစုတို့နှင့် ငယ်စဉ်ကတည်းက ရင်းနှီးခဲ့သူ ဖြစ်နေပြန်သည်။ အလွန်စည်းကမ်းကြီးသူဖြစ်၍ လေထီးအောင်မြင့်ဟုလည်း ခေါ် သည်။ ဗိုလ်သင်တန်း (၈)မှ ဖြစ်သည်။

တပ်မလက်အောက်ခံတပ်ရင်း ၁၀ရင်းရှိရာရှမ်း(-)၊ ဒုဗိုလ်မှူးကြီးသာစိန် (ဗိုလ်သင်တန်း ၂၁)၊ ခလရ (-)ဒုမှူးကြီးစံဝင်း(ဗိုလ်သင်တန်း ၁၀)၊ခလရ(-)၊ ဒုမှူးကြီးအောင်ကြည်(ဗိုလ်သင်တန်း )၊ ခလရ (-)ဒုမှူးကြီးကျော်ဝင်း (ဗိုလ် သင်တန်း၁၃)၊ ခမရ (-)ဒုမှူးကြီးမျိုးလွင်(ဗိုလ်သင်တန်း၈)၊ ခမရ(-) ဒုမှူးကြီး မောင်သောင်း(စစ်တက္ကသိုလ် ၁)၊ ခမရ(-)ဒုမှူးကြီးကျော်ရင်(ဗိုလ်သင်တန်း ၂၁)၊ ခမရ(-)ဒုမှူးကြီးဝင်းအောင်(ဗိုလ်သင်တန်း ၁၃)၊ ခမရ(-)၊ ဒုမှူးကြီး ကျော်စိန်ဝင်း(ဗိုလ်သင်တန်း ၁၆)၊ ခမရ (-)ဒုမှူးကြီးအုန်းမြင့်(ဗိုလ်သင်တန်း၂၁) တို့တာဝန်ယူလျက်ရှိသည်။

ထိုအချိန်မှာ ပန်ဆန်းအခြေပြုဗကပ အရှေ့မြောက်စစ်ဒေသ၏စိမံချက် ဖြင့် သံလွင်၊ အရှေ့ဘက်ခြမ်းကို ၄င်းတို့ အခြေခံနယ်မြေတည်ဆောက်ထားပြီး အနောက်ဘက်သို့ ကူးဝင်ကာ အင်တော်ကျောက်ဂူဒေသသို့ ဗကပတပ်မဟာတစ်ခု နှင့်အမာခံတပ်ရင်းမှာ ထိုးဖောက်ဝင်ရောက်စိုးမိုးရန် စိုင်းပြင်းနေဆဲကာလဖြစ်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ဗကပတပ်မဟာ (၆၈၃)နှင့်အတူ ဗကပတပ်ရင်း(၅၀၂) (၄၀၄၅)(၄၀၄၇)ပူးပေါင်းအင်အား ၁၁၀၀ ခန့် သံလွင်မြစ်ကို ဖြတ်ကူးဝင်ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။ ထိုအင်အားစုများ သံလွင်မြစ်အနောက်ခြမ်းတွင် အခြေခံနယ်မြေတည်ဆောက်ခြင်း မပြုနိုင်အောင် တိုက်ထုတ်ချေမှုန်းရေးကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တို့မှ ဆက်စပ်နယ်မြေအတွင်း ဟန်ချက်ညီအောင် ဆောင်ရွက်နေကြရပါသည်။

သံလွင်မြစ်ကို ဖြတ်ကူးဝင်ရောက်လာသော ထိုဗကပများအား ဖြတ်တောက်တိုက်ခိုက်ချေမှုန်းရေးနှင့်သံလွင်အရှေ့ခြမ်းနှင့် အဆက်ဖြတ်ရေး တာဝန်သည်တပ်မ (-)၏ အဓိကတာဝန်ဖြစ်နေပေသည်။

ပေပေါင်းရှစ်ထောင်၊ တစ်သောင်းမြင့်သော ကျောက်တောင်ကြီးများပေါ်တွင် ဗကပကို ထပ်ချပ်လိုက်ရခြင်း၊ ဖြတ်တောက်တိုက်ခိုက်ရခြင်း၊ ပိတ်ဆို့တားဆီးရခြင်းတို့မှာ တကယ့်ကိုပင်ပန်းလွန်းလှသောတာဝန်ကြီး ဖြစ်ပါပေသည်။

ကျွန်တော်တို့ ရှေ့တန်းတပ်မ (-) ကွပ်ကဲမှုဌာနချုပ်ကို ကျေးသီးမော်မှာ ဖွင့်၍ နည်းဗျူဟာတစ်ခုသည် ပန်းကေတု-မိုင်းကိုင်ဒေသတွင်လည်းကောင်း၊ နည်းဗျူဟာတစ်ခုသည် မိုင်းရှူးဒေသတွင်လည်းကောင်း လှုပ်ရှားကွပ်ကဲလျက်ရှိပါသည်။

မိမိတပ်များမှ ဖြတ်လေးဖြတ်စနစ်ဖြင့် ချေမှုန်းနေခြင်းကြောင့် စည်းရုံးရေးနယ်မြေတည်ဆောက်၍မရနိုင်ဘဲဖြစ်နေသော ဗကပတပ်မဟာ(၆၈၃)ကို အင်အားဖြည့်ပံ့ပိုးရန် ဗကပအရှေ့မြောက်စစ်ဒေသမှ စီမံမှုတစ်ခုပြုလုပ်လာပြန်ပါသည်။

အတင်းအဓမ္မစုဆောင်းရရှိသောအင်အားများအပါအဝင် တပ်ရင်းသုံးရင်းအင်အား ၁၀၀၀ ခန့်ကို သံလွင်မြစ်၊ အရှေ့မှအနောက်သို့ဖြတ်၍ စစ်ကူစေလွှတ်လိုက်ခြင်းဖြစ်ပါသည်။

## လှိုင်ပန်ကွပ်တိုက်ပွဲ

သံလွင်မြစ်ဖြတ်ကူးဝင်ရောက်လာသော ဗကပများကို သံလွင်နှင့်မိုင်းရှူးကြား တောင်ကြောပေါ်မှာ တိုက်ခိုက်ချေမှုန်းရန် နည်းဗျူဟာ (-) ဦးစီးတပ်ရင်းနှစ်ရင်းနှင့် တာဝန်ပေးထားပါသည်။

သံလွင်မြစ်မှတက်အလာစောင့်၍ တောင်ကြောပေါ်မှာ တိုက်ကွက်ဖော်





စေရန်ဖြစ်ပါသည်။ အတွေ့အကြုံရှိသောမိမိတပ်ရင်းများကို စစ်ကြောင်းများခွဲကာစောင့်ကြိုတိုက်ခိုက်စေရပါသည်။

ထိုသို့ တိုက်ကွက်ဖော်ရာမှာ အမြောက်ပစ်ကူဖြင့် ထိရောက်စွာ ချေမှုန်းနိုင်ရေးအတွက် အမြောက်ပစ်ခတ်မှုအကွာအဝေး လက်လှမ်းမီစေရန် ဗိုလ်မှူးကြီးပီကျော်ဟန်ဦးစီးနည်းဗျူဟာ(-)ကို မိုင်းရှူးအရှေ့ခြမ်းသို့ လှုပ်ရှားတာဝန်ပေးလိုက်ပါသည်။ တောင်ပေါ်ပစ်အမြောက်ယူဆောင်သွားစေပါသည်။

တပ်မမှူးကြီးနှင့်ကျွန်တော်တို့အဖွဲ့သည်လည်း ကျေးသီးမှမိုင်းရှူးသို့ ရွှေ့ပြောင်း၍ အနီးကပ်ကွပ်ကဲမှုပေးရပါသည်။

ဗကပ အင်အားပြည့်အဖွဲ့အား တောင်ပေါ်တွင် မိမိတပ်မှထိန်းချုပ်ပိတ်ဆို့ထားပြီး အမြောက်ပစ်ကူဖြင့်ချေမှုန်းမည့်အပြင် လေကြောင်းမှလည်း ပေါင် ၂၅၀ ဗုံးကြီးနှင့် နပန်းခေါ်မီးလောင်ဗုံးများ ကြဲချတိုက်ခိုက်ရန် ကာကွယ်ရေးဦးစီးမှ ပြင်ဆင်ပံ့ပိုးပေးထားပါသည်။

သံလွင်မြစ်ကို သုံးနေရာမှဖြတ်ကူး၍ သုံးဖွဲ့ခွဲလာသော ဗကပများမှာ မိမိတပ်များ စောင့်ကြိုတိုက်ခိုက်မှုကြောင့် မိုင်းရှူးနယ်မြေအထိ မလာရောက်နိုင်ဘဲ တောင်ကြောပေါ်မှာ ဟိုတိုးသည်တိုး၊ ဟိုကွေ့သည်ရှောင် ခရီးတန့်နေကြရပါသည်။

သည်အချိန်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုချုပ်ကြည်းဖြစ်သူ ဗိုလ်ချုပ်အေးကိုနှင့်အဖွဲ့မိုင်းရှူးသို့ လာရောက်မည့်ခရီးစဉ်ဖြစ်လာပါတော့သည်။

တိုက်ခိုက်ရေးတပ်တွေအားလုံး တောင်ပေါ်တွင် လှုပ်ရှားစစ်ဆင်ရေးလုပ်နေရသည်။ အရန်အင်အားကိုလည်း နည်းဗျူဟာနှင့်အမြောက်လုံခြုံရေးအတွက် မိုင်းရှူးအရှေ့မြေပြန့်သို့ ထည့်လိုက်ရသည်။

ရှေ့တန်းတပ်မလုံခြုံရေး အနီးကပ်ကွန်မန်ဒိုတပ်စုတစ်စုသာ ရှိသည်။ သည်အချိန်မှာ အုပ်စုခွဲ၍ဝင်လာသော ဗကပထဲမှတစ်ဖွဲ့သည် တောင်ပေါ်ရှိ စစ်ကြောင်းများကြားမှ နည်းဗျူဟာနှင့်အမြောက်အခြေပြုရာ မြေပြန့်သို့ဦးတည်လာနေကြောင်း ဒေသခံလားဟူအထောက်တော်များထံမှ သတင်းရလာပါတော့သည်။

တပ်မမှူးမှာလည်း တိုင်ပင်စရာဆို၍ ကျွန်တော်သာရှိသည်။ နှစ်ယောက်တိုင်ပင်ကြသည်၊ ပေးသည့်အမိန့်ကို တိတိကျကျလိုက်နာ၍ မဖြစ်မနေလုပ်တတ်သော ကျန်းမာရေးကောင်းမွန်သည့် ဒုဗိုလ်မှူးကြီးမောင်သောင်း၏ခမရ (-)ကို စဉ်းစားမိသည်။ နည်းဗျူဟာရှိရာသို့အမြန်ဆုံးဝင်ရောက်ပူးပေါင်းလျက်ရှိနေသူ



www.burmeseclassic.com

www.burmeseclassic.com



ချေမှုန်းဖို့ တာဝန်ပေးရန်အကြံပြုလိုက်ရာ တပ်မမှူးကြီးက သဘောတူသည်။

ခမရ(-) တပ်ရင်းမှူးကို ဆက်သွယ်၍ရလျှင်ရခြင်း စက်ပေါ် ... လိုက်ရန် ဆက်သွယ်ရေးခွဲမှူးဗိုလ်မှူးသိန်းထိုက် (ဗိုလ်သင်တန်း ၁၅)ကို တာဝ... ပေးလိုက်ရာ နာရီဝက်အကြာမှာ တပ်ရင်းမှူး စက်နားရောက်ပြီဟု သတင်းပို့လာ... ပါသည်။

'ကိုသောင်းနဲ့ကိုသိန်းဆိုင် အမြန်ဆုံးရောက်နိုင်မယ့်အဖွဲ့ဦးပီဆီ ချက်ချင်း ဝင်ပူးပေါင်းပါ။ တွေ့တဲ့ရန်သူချေမှုန်းပါ' ဟု အတိုဆုံးပို့လိုက်ပါသည်။

ခမရ (-)စစ်ကြောင်း(၁)ကို တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးမောင်သော... ကွပ်ကဲ၍ စစ်ကြောင်း(၂)ကို ဒုရင်းမှူးဗိုလ်မှူးသိန်းဆိုင် ကွပ်ကဲနေခြင်းကြောင့် ဖြစ်ပါသည်။ တပ်ရင်းမှူးကလည်း 'သဘောပေါက်ပါတယ်။ ယခုဆောင်ရွက်ပါ မယ်' ဟု တင်ပြပြီး စက်ပိတ်သွားပါတော့သည်။ လှုပ်ရှားနည်းဗျူဟာနှင့်အမြောက် ရှိရာသို့ ဗကပမရောက်မီ မိမိတပ်ရောက်ဘို့ အရေးတကြီးလိုအပ်နေပေသည်ကို...

ခမရ (-)ကို တပ်မမှူးရော၊ ဗျူဟာမှူးများပါ အားမနာတမ်း တာဝ... ပေးတတ်ကြပါသည်။ ဘိန်းမှောင်ခိုစစ်ကြောင်းကြီး သတင်းရလျှင် ခမရ (-) တပ်ရင်းမှူးကို တာဝန်ပေးပါက တပ်ခွဲတစ်ခွဲကို ကျောပိုးအိတ်တွေ ဖြုတ်ချ... စစ်သည်တိုင်း သေနတ်၊ ကျည်ဆန်၊ ရေဘူး၊ ဟန်းကောချိုင့်နှင့် (အပြေးတက်... နီးပါး) အပြင်းချီတက်တတ်သည်။ အပင်ပန်းခံနိုင်သော တပ်ရင်းမှူးက ဦးဆောင်... ထပ်ချပ်လိုက်သည့်အတွက် တပ်ခွဲတစ်ခွဲနှင့် ဘိန်းတန်းကို အမှီလိုက်ကာ တိုက်... ဖန်တီးနိုင်လေသည်။ ကျန်တပ်ခွဲများက လေးလံသောပစ္စည်းနှင့်နောက်မှ လိုက်လာ... စေပြီး ပေါ့ပါးလှုပ်ရှားတပ်ခွဲက လျင်မြန်သောချီတက်နှုန်းဖြင့် ရန်သူကိုအမှီလိုက် တတ်သည်။

ခမရ (-)၊ ခမရ (-)နှင့် ခမရ (-)တို့က ရန်သူကို သဲကြီးမဲကြီး တိုက်ခိုက်ရာမှာ အသုံးတည့်သည်။

တိုက်ခိုက်ရေးတပ်ရင်းများသည် သူ့အထာနှင့်သူ၊ သူ့သဘာနှင့်သူရှိ... တတ်ကြသည်။ သည်အချက်ကိုတပ်မှူးကြီးများသိထားဘို့သာ အဓိကဖြစ်ပါသည်။

ကိုယ့်အထက်လူကြီးအကြောင်းသိဖို့ထက် ကိုယ့်လက်အောက်ကလူ အကြောင်းသိမှ တိုက်ပွဲအောင်မယ်ဟူသော ကျွန်တော့်တပ်ရင်းမှူးဘဝက မှာကြား ခဲ့သည့်တပ်မမှူးကြီး၏အမှာစကားကို ကျွန်တော်တစ်သက်လုံးမှတ်သားကျင့်သုံး လာခဲ့ရပါသည်။

....♦♦ ပြည့်စုံစာအုပ်တိုက် ♦♦....



မြေမြန်တပ်ရင်းဟူသော နာမည်နှင့်လိုက်ဖက်စွာ အမြန်ချီတက်လာကြ ...သာ စစ်ကြောင်း(၂)မှ ဗိုလ်မှူးသိန်းဆိုင်ဦးစီးပေါ့ပါးတပ်စုသည် လှုပ်ရှားနည်းဗျူ ...ာနှင့် အမြောက်ကိုစိုးမိုးသော တောင်ပေါ်သို့ရောက်ပြီဟူသော သတင်းပို့ချက် ...ရှိသည်နှင့်စိတ်အေးရပြီ။

နည်းဗျူဟာနှင့်အမြောက်ရှိရာကို ဦးတည်လာသော ဗကပအဖွဲ့ကလည်း ...စ်ကြောင်း(၁)နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ကာ လမ်းကြောင်းပြောင်းပြေးပါတော့သည်။

တပ်မ (-)တပ်များမှ ဝိုင်းပတ်ပိတ်ဆို့ကာ ဒလစပ်လိုက်လံတိုက်ခိုက်မှု ...ကြောင့် သံလွင်နှင့်မိုင်းရှူးအကြား ဟိုပြေးသည်လွှားဖြစ်နေသော ဗကပများသည် ...ျှဖွင့်မှထွက်ပေါက်ရရေး အစွမ်းကုန်ကြိုးစားနေရပေတော့သည်။

## ...တပ်ချုပ်ခရီးစဉ်

နောက်နေ့မှာ ကကကြည်းဒုချုပ်နှင့်အဖွဲ့ ရဟတ်ယာဉ်များနှင့် မိုင်းရှူး ...ကလုံးကွင်းထဲမှာ ဆင်းသက်လာပါတော့သည်။ ဒုချုပ်နှင့်အတူ ရပခတိုင်းမှူး ...ိုလ်မှူးချုပ်ထွန်းရီ၊ ရမခတိုင်းမှူး ဗိုလ်မှူးချုပ်လှဦး၊ အမြောက်နှင့်သံချပ်ကာညွှန် ...ကြားရေးမှူး ဗိုလ်မှူးကြီးစိန်ထွန်းတို့အပြင် ဦးစီးအရာရှိများလည်း ပါလာကြ ...ါသည်။ (ကာလကြာပြီဖြစ်၍ မှတ်တမ်းများလည်းမရှိ၊ အသေးစိတ်လည်း ...မှတ်မိတော့ပါ)။

တပ်မမှူးကြီးက စစ်ဆင်ရေးအခြေအနေတွေ ရှင်းလင်းတင်ပြသည်ကို ...ချုပ်ကြီးက သေချာစွာနားထောင်သည်။ သိလိုသည်များအသေးစိတ်မေးသည်။ ...သူ့အင်အားလက်နက်တပ်ဆင်မှုတို့ကိုပါစိတ်အေးလက်အေးမေးနေပါတော့သည်။

စစ်ဦးစီး(ဒု)ဗိုလ်မှူးတင်ထွဋ်နှင့်စစ်ဦးစီး(တ)များဖြစ်သော ဗိုလ်ကြီးသိန်း ...နှင့် ဗိုလ်ကြီးစိုးတင့်တို့ကလည်း မြေပုံမှာအသေးစိတ်ရေးတင်မှတ်သားထားသည် ... တပ်မမှူးကြီးဖြေကြားရသည်လည်း အဆင်ပြေပါသည်။ သိပ်အသေးစိတ်မေး ...တမှသာ ဦးစီးအရာရှိများက ဝင်ရောက်တင်ပြကြရသည်။ ထိုအခါမှာလည်း ...တ်ရှည်လက်ရှည်နားထောင်သည်။

အခြေအနေတင်ပြနေစဉ်မှာရော နံနက်စာစားနေစဉ်မှာပါ တစ်ချက်ချင်း ...မေးလိုက် ချက်ချင်းဖြေလိုက်နှင့် ဒုချုပ်ကြီးက အေးအေးဆေးဆေးအချိန်ယူ ...နေပါသည်။

....♦♦ ပြည့်စုံစာအုပ်တိုက် ♦♦....

www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ်မောင်းသူများကလည်း နာရီတကြည့်ကြည့်၊ ဖင်တကြွကြွဖြစ်နေကြသည်။ ဒုချုပ်ကြီး နံနက်စာစားပြီးချိန်မှာ မြန်မာ့တပ်မတော် လေယာဉ်များရောက်ရှိလာကာ ပေါင် ၂၅၀ ဗုံးကြီးကြဲချလိုက်သည်။ ဗကပတို့ရှိနေသော လွယ်ပန်ကွပ်တောင်ထိပ်ကို တိုက်ရိုက်ထိမှန်ကြောင်း မြေပြင်တပ်များက သတင်းပို့ကြသည်။ ဗကပတို့သည် ရောက်ရာနေရာမှာ ချက်ချင်းတစ်ကိုယ်နေကျင်းများတူး၍ လုံခြုံမှုယူသောစနစ်မှာ အသားကျနေပြီဖြစ်သည်။

တစ်ဆက်တည်းပင် လေယာဉ်များ ထပ်ရောက်လာပြီး ပြေးလွှားနေကြသော ရန်သူများအပေါ် နပန်းခေါ် မီးလောင်ဗုံးများ ကြဲချလိုက်သေးသည်။ အမိုးအမာခံစစ်မပြုလုပ်ရသေးဘဲ လူတစ်ကိုယ်စာဝပ် ကျင်းတူးနေကြသော နယ်မြေသို့ဝင်လာကာစ ဗကပများအတွက် အထိအနာဆုံးတိုက်ခိုက်မှုပါတည်း။

မွန်းတိမ်လျှင် မိုးရွာမည်၊ တောင်ပေါ်ဒေသဖြစ်၍ မိုးရွာသည်နှင့် မိုးတိမ်တွေက တောင်တန်းတောင်စွယ်တွေအားလုံးဖုံးမည်၊ ရဟတ်ယာဉ်မောင်းသူများစိတ်ပူရသလောက် ဒုချုပ်ကြီးက အေးအေးဆေးဆေးရှိလှပါသည်။

ထိုစဉ်မှာပင် အဝေးမှရန်သူက ၇၅ မီလီမီတာလက်နက်ဖြင့် သစ်တော်ကြောင်း နည်းဗျူဟာမှကြေးနန်းဝင်လာသည်။

ထိုအခါ ဦးစီးအရာရှိကြီးတစ်ဦးက ဝင်ပြောသည်။

'မှိုင့် ၇၅ ပါမှာမဟုတ်ဘူး၊ ၅၇ ကို ၇၅ ထင်ပြီး တင်ပြတာ ဖြစ်မှာပါ၊ စစ်ကြောင်းတွေက ဒီလိုမှားတတ်ပါတယ်'ဆိုသောအခါ ဦးစီးအရာရှိများက ကျွန်တော့်ကို လှမ်းကြည့်ကြပြီ၊ တပ်မတပ်ရင်းမှူးဘဝမှ တပ်မညှိနှိုင်းကွပ်ကဲရေးမှူးဖြစ်လာစ ဆရာသမားကိုအားကိုးကြပုံပေါ်ပါသည်။

ကျွန်တော်က ဝင်ရပြီ။

'မှိုင့် ၇၅ ပါလာတယ်လို့ သတင်းရထားပါတယ်၊ ၇၅ နဲ့ပစ်တာဖြစ်မှာပါ'

ကျွန်တော်က ဒုဗိုလ်မှူးကြီးဆိုပေမယ့် သည်အခန်းထဲမှာတော့ လူကြီးစာရင်းမဝင်သေးသောအဆင့်သာ ဖြစ်ပါ၏။

ထိုသူက ဆက်ပြန်သည်။

'စစ်ကြောင်းတွေက ၅၇ မီလီမီတာကို လက်နက်ကြီးပဲဆိုပြီး ၇၅လို့ပြောကြတာဗျ'ဟု ဆိုသည်။ ၇၅ မမနဲ့ ၅၇ ကျည်ကွဲတဲ့ အသံချင်း မတူပါဘူး၊ တကယ်အပစ်ခံရတဲ့ နေရာကဆိုရင် သေသေချာချာသိပါတယ်၊ ကျွန်တော်လည်း အပစ်ခံရဖူးလို့ ခွဲခြားသိပါတယ်'ဟု လွှတ်ခနဲက ပြောလိုက်မိပါတော့သည်။





ကျွန်တော်၏ငယ်ဆရာဖြစ်သော ဗိုလ်ချုပ်ထွန်းရီက ကျွန်တော့်ကို လှမ်းကြည့်ရင်း မျက်မှောင်ကုပ်လိုက်သည်။ ဆက်မပြောစေလိုသော ဆရာ့သဘောသိမှု ပြောနေသောစကားကို နောက်ကျစွာ ရပ်ထားလိုက်ရပါတော့သည်။

ဒုချုပ်ကြီးက ရန်သူ့သတင်းတစ်ခု ဖြတ်မေးလိုက်မှ ၅၇ နှင့် ၇၅ အကြောင်းအရာလည်း ရပ်သွားပါ၏။

(ခမရ (-) စစ်ကြောင်းက ကောက်ယူခဲ့သော ဗကပ ပစ်သည့် ၇၅မမ ကျည်ခွံကြီးတွေ မိုင်းရှူးတပ်မမှူးထံရောက်လာပါသေးသည်။ တပ်မမှူးကြီးက အတိုင်းသာထားလိုက်ပါဗျာဟု ပြောသဖြင့် မိုင်းရှူးမြေပုံခန်းမ အဝင်ဝမှာထောင်လျက် အလှအပဆင်ထားလိုက်ရပါတော့သည်။)

လူကြီးဖြစ်လာလျှင် ပြောစရာရှိတိုင်းမပြောဖို့ သိတိုင်းလည်းသိသလို မပြောဖို့ ပြောလျှင်လည်းတိုက်ရိုက် တဲ့တိုးမပြောဖို့ စကားအရာလိမ္မာစွာ ပြောဆိုတတ်ဘို့လိုကြောင်း တပ်ထဲမှာနေစဉ်ကမသိခဲ့ပေမဲ့ ယခုအသက် ၇၀ ကျော်တော့မှ သဘောပေါက်လာရပါတော့သည်။

## ရာခိုင်နှုန်းပြည့် လုံခြုံရေး

သည်လိုနှင့် လေယာဉ်နောက်တစ်ကြော့လာ၍ ဗုံးကြဲချအပြီးမှာ မိုးတွေရွာလာပြီ၊ မွန်းလွဲသုံးနာရီထိုးပြီ၊ မိုင်းရှူးမြို့သည် မြေပြန့်မှာရှိ၍ ပတ်လည်ဝိုင်းလျက်ရှိသော တောင်တန်းတောင်စွယ်တွေမှာ မိုးသားတို့ ဖုံးအုပ်လာပြီ။

ရဟတ်ယာဉ်ပြန်တက်၍ မဖြစ်နိုင်တော့ပြီ။ ညနေလေးနာရီခွဲမှာတော့ လူကြီးတွေအားလုံး မိုင်းရှူးမှာ အိပ်ရတော့မည်ဟု ကကကြည်းကို သတင်းပို့လိုက်ရပါတော့သည်။

တကယ်ဆိုတော့ မိုင်းရှူးမြို့ဟု ခေါ်ရသော်လည်း ရွာကြီးတစ်ရွာမျှသာ ဖြစ်ပါ၏။ စော်ဘွားအခြေပြု၍ မြို့ဟုခေါ်ခြင်းဖြစ်သည်။ လူကြီးတွေ ညအိပ်ရပ်နားမည့်အစီအစဉ်ဖြစ်လာသောအခါ ဘာမျှပြည့်စုံမှုမရှိ၊ အပြေးအလွှားပြင်ရဆင်ရပါတော့သည်။

တပ်မမှူးအိပ်ရာကို သန့်ရှင်းမှုပြုပြီး ဒုချုပ်ကြီးနားနေဖို့ စီစဉ်ရသည်။ ဗိုင်းမှူးများနှင့်ကကသံညွှန်မှူးကြီးတို့ နားနေရန်လည်း ကျွန်တော်တို့အိပ်ရာတွေသာ ဖြစ်သလို စီစဉ်ကြရပါသည်။ ရှေ့တန်းတပ်မအဖြစ် ကျေးသီးမှာအခြေပြုရာမှ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားကွပ်ကဲရန် ခေတ္တရွှေ့လာသောနေရာဖြစ်၍ လဲစရာလုံချည်သပ်သပ်ရ ပင် အပိုမပါကြ။

ညစာအတွက် ချက်ချင်းစီစဉ်ရသည်က ဗိုလ်မှူးကြည်လွင်နှင့် ဗိုလ် ခင်မောင်ရင်တာဝန်ဖြစ်၍ ရှိသော လူအင်အားနှင့်လုံခြုံရေးစီစဉ်ရသူက ဗိုလ် တင်ထွဋ်နှင့် ဗိုလ်ကြီးစိုးတင့် မြို့ပတ်လည်၊ စခန်းပတ်လည်၊ တစ်ယောက် နေရာလိုက် ချပေးရသည်၊ မြို့လယ်ကစားကွင်းမှာ ရပ်ထားသောရဟတ်ယာဉ် လုံခြုံရေးကလည်း အရေးကြီးလှပေသေးသည်။ ဗိုလ်ကြီးသိန်းစိန်က စက် မခွာဘဲ ဗျူဟာမှူးကြီးနှင့် ဆက်သွယ်နေရသည်။

ညမှောင်လျှင် ဆိုင်တွေအိမ်တွေပိတ်လေ့ရှိသော မြို့လေးမှာ ည ကျော်မှာ အိမ်ဆိုင်တွေကိုဖွင့်ခိုင်းရသည်။ ဧည့်သည်များ နံနက်အိပ်ရာထ အသုံး မျက်နှာသုတ်ပဝါအကြီးအသေး ရရာနှင့်သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ် တစ်အိမ်တက်ဆင်း လိုက်ဝယ်ခိုင်းရသည်။

ညစာစားသောက်ရန် ချက်ပြုတ်သည်က ၈ နာရီထိုးမှပြီးသည်၊ စ ပြောရင်း ညစာစားရင်း တပ်မမှူးကြီးက ဒိုင်ခံဧည့်ဝတ်ပြုနေရသည်။

လူကြီးတွေ အနားယူကြချိန်မှာ တပ်မမှူးကြီးက တစ်ညလုံး မအိပ် scrable ကစားနေသည်။ ကျုပ် ကင်းမှူးတာဝန်ယူမည်ဟုပြောသေးသည်၊ ဗိုလ်မှူးသောင်းညွန့်၊ အင်ဂျင်နီယာ ဗိုလ်မှူးအေးမောင်၊ ဆက်သွယ်ရေး ဗိုလ် သိန်းထိုက်တို့က တပ်မမှူးနှင့် အဖော်ပြုရသည်။ ကျန်အရာရှိတွေအားလုံး အလှ ကျလုံခြုံရေးကင်းများကို စစ်ဆေးနေကြရသည်။

နောက်တစ်နေ့ နံနက်အိပ်ရာကထ၊ ရှမ်းခေါက်ဆွဲနှင့် ကော်ဖီနှင့် ရသည်။ နံနက်လင်းပြီဖြစ်၍ လုံခြုံရေးအတွက် စိတ်ချရပြီဟုဆိုရမည်။

တကယ့် VIP လုံခြုံရေးအတွက် ရှိသမျှတပ်နှင့်အကောင်းဆုံး စီ သည်က တာဝန်ကြီးမားလွန်းလှပါဘိ။

ပေါင် ၂၅၀ ဗုံးကြဲချစဉ်က ထိခိုက်သေကြေသူများအပြင် ဗကပစစ် များ နားကွဲသူကွဲ၊ နားထဲမှသွေးယိုစီးကျသူကျဖြစ်သူများမှာ သွေးပျက်လုမ ဖြစ်ရသည်။ ထိုပြင် ထိုနေ့ကနည်းဗျူဟာအနားကပ်လာသော ဗကပတို့ (-)နှင့် တိုက်ပွဲဖြစ်ကာ အထိနာသွားကြောင်း သိရပါသည်။ လှုပ်ရှားလိုက်တို့ တပ်မတပ်ရင်းများနှင့် တိုက်ပွဲဖြစ်ပွားကာ ထိခိုက်ကျဆုံးမှု တဖြည်းဖြည်းများ သည်။ ဇွန်လ ၂၇ ရက်နေ့တွင် သံလွင်မြစ်အရှေ့ဘက် ၄င်းတို့၏လွတ်မြောက်





မြေသို့ ပြန်ကူးပြေးရကြောင်း ကြားဖြတ်သတင်းများအရ သိရပါတော့သည်။

သံလွင်မြစ်ကို ပြန်ကူးပြေးပြီးသည်နှင့်ခေတ္တတပ်မမှူးတာဝန်ယူလာသူ သည် သံလွင်မြစ်ကမ်းမှာပင် မိမိကိုယ်မိမိသတ်သေသွားသည်။ တကယ့်တပ်မမှူး အပ်သောအမိန့်ရောက်လာချိန်မှာ ထိုသူက သေနေပြီ။

သည်သို့သည်ပုံ ဗကပတပ်မဟာ ၆၈၃ အတွက် စစ်ကူအဖွဲ့ကြီးကို တပ်မ (-)တပ်များ ဟန့်တားတိုက်ထုတ်နိုင်ခဲ့ရပါ၏။

တပ်မ(-)ရှိရာနောက်တန်းသို့ ကျွန်တော် ခဏပြန်ရသောအခါ ကကြည်းသို့ သွားရောက် သတင်းပို့ရပါသည်။ စစ်ဦးစီးမှူး(ပထမတန်း)ဒုဗိုလ် မှူးကြီးတင်ဦး(နယကအတွင်းရေးမှူး ၂) အခန်းမှာ ဒုချုပ်ကြီးနှင့် တွေ့ကာ ရှေ့တန်းအကြောင်းများ ပြောဖြစ်ကြပါသည်။

'ခင်ဗျားတို့ မသိလိုက်ပါဗျာ၊ ပေါင် ၂၅၀ ဗုံးနဲ့ နပ်ပန်းဗုံးတွေ ကြဲချတာ ရောက်မှုရှိမရှိသိချင်လို့ ကျွန်တော်တမင်စောင့်နေတာ၊ ရဟတ်ယာဉ်ပိုင်းလော့တွေ တကြွကြွဖြစ်နေတာသိသားပဲ။

ညအိပ်ရတော့လဲ ကိုဝမ်းတင်နဲ့ ခင်ဗျားတို့တစ်တွေ တစ်ညလုံးပင်ပန်း ကြရတာ သဘောပေါက်ပါတယ်။

ကိုထွန်းရီတို့ ကိုလှဦးတို့လဲ ပါလာတော့ စုစုဝေးဝေး ရှေ့တန်းမှာ အိပ် ဖြစ်သွားတာပေါ့ဗျာ' ဟု ဒုချုပ်ကြီးပြောတော့မှ ထိုနေ့ထိုရက်က အေးအေးဆေးဆေး အိပ်ချိန်ဆွဲနေခဲ့သည့်အကြောင်းရင်းကို သဘောပေါက်ရပါတော့သည်။

## နည်းဗျူဟာ (-)

ကျွန်တော်သည် တပ်မမှူးကြီးအား အထောက်အထူပြုရမည့် Ex O ဖြစ် တာဝန်ထမ်းဆောင်ရင်း ၇ လအကြာမှာ ယာယီဒုတပ်မမှူးအဖြစ် ရာထူး မြှင့်ရရှိပါသည်။ ၁-၁၂-၁၉၇၇ နေ့တွင် ကကထူး အမိန့်ထွက်သည်။ ကျွန်တော် သည် ရှေ့တန်းမှာရှိနေပါလျက် ၂-၁၂-၁၉၇၇ ကျမှ တာဝန်တိုးယူထမ်းဆောင် ကြောင်း တရားဝင်ကြေးနန်းပို့လိုက်ပါသည်။

ကျွန်တော်တပ်မသို့ ရောက်စက တပ်မဖွဲ့စည်းပုံမှာ တပ်မမှူး၊ ဒုတပ်မမှူး သုံးယောက်က နည်းဗျူဟာသုံးခုတာဝန်နှင့်ညှိနှိုင်းကွပ်ကဲရေးမှူး(ဒုမှူးကြီး) ဦးစီးအရာရှိအဖြစ် တပ်မမှူးကိုပံ့ပိုးရသည်။

၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလမှာ ဖွဲ့စည်းပုံဖြစ်သည်။ တပ်မမှူး၊ ဒုတပ်မမှူး



www.burmeseclassic.com

www.burmeseclassic.com



နှင့် နည်းဗျူဟာမှူးသုံးဦးဟူ၍ ဖြစ်သည်။ သည်အခါမှာ တပ်မမှူးအဖြစ် ဗိုလ်မှူးကြီးအေးစံဖြစ်၍ ဒုတပ်မမှူးဗိုလ်မှူးကြီးစိန်အောင်နှင့် နည်းဗျူဟာမှူးအဖြစ် ဗိုလ်မှူးကြီးခင်မောင်အေး၊ ဗိုလ်မှူးကြီးအောင်မြင့်နှင့် ကျွန်ုပ်တို့ တာဝန်ယူကြရသည်။

ဗိုလ်မှူးကြီးပီကျော်ဟန်က ပြောင်းသွား၍ ကျွန်တော်က သူ့နေရာဝင်ရသည်။ နည်းဗျူဟာ (-)မှာ ဦးစီး(၃)ဗိုလ်မှူးအေးကျော်(ဗိုလ်ချုပ် ပြန်ကြားရေးဝန်ကြီးဌာန)၊ ဦးစီး(တ)များမှာဗိုလ်ကြီးသန်းညွန့်နှင့်ဗိုလ်ကြီးဝင်းမြင့်(စတသ)တို့ ဖြစ်ကြပါသည်။

ကိုယ်ရေးတပ်ကြပ်ကြီးအဖြစ် တပ်ကြပ်ကြီးညီဆိုင် (ယခုအရာခံဗိုလ်(ပ) တပ်မ -)ကို ဗိုလ်မှူးကြီးပီကျော်ဟန်ဆီမှ လွှဲယူလိုက်သည်။ ကျွန်တော့်အမှုရဲဘော်သောင်းထွန်းမှာ လူပုသလောက် အလုပ်လုပ်သည်။ အချိန်အားဟူ၍မထားမြေပေါက်၊ သစ်ပင်စိုက်၊ ဝါးခွဲ၊ နီးဖြာ၊ တောင်းရက်ခြင်းတို့ အလွန်ဝါသနာပါသည်။

## သံလွင်မြစ်လေ့လာရေး

နည်းဗျူဟာ (-)မှူး တာဝန်ထမ်းဆောင်သည်နှင့် မိုင်းရှူးတွင် တာဝန်ကျသည်။ ထိုအချိန်အခါ ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ထွန်းရီက ကျွန်တော့်အား နှုတ်ဖြင့် သီးခြားတာဝန်ပေးလာပြန်သည်။

တစ်နေ့နေ့တစ်ချိန်ချိန်မှာ သံလွင်အရှေ့ခြမ်းကို ကူးတိုက်ရမည်၊ သံလွင်ကူးရန် သင့်တော်သော နေရာလေ့လာထားရန်ဟုမှာသည်။ ဆရာမှာသည့်အတိုင်း သံလွင်မြစ်အား သာမန်ဒေသခံများ ကူးလေ့ရှိသောနေရာများကို သွားရောက်ကြည့်ရှု၍အဆင်းအတက်လေ့လာရသည်။ အလစ်အငိုက်ယူ၍ ကူးလျှင်ရနိုင်မည့် လျှို့ဝှက်နေရာလည်း ရှာဖွေရသေးသည်။

## ကိုယ့်မြေကိုမှ ချစ်ကြသူ

မိုင်းရှူးနှင့် သံလွင်အကြား တောင်ကြောပေါ်ရှိ လားဟူရွာများကိုလည်း ထိတွေ့စည်းရုံးမှု ပြုလုပ်ထားရပါသေးသည်။ ထိုကျေးရွာများသို့ ဗကပများ မကြာခဏဝင်ထွက်ကာ အရွယ်မရောက်သေးသောကလေးများကို တပ်သားသစ်အဖြစ် ဖွတ်ဆင့်ခေါ်သွားတတ်ခြင်းကြောင့် ကလေးအချို့ကို ပညာသင်ပေးရန် မြို့သို့ခေါ်





လာရပါသေးသည်။ တပ်မမှူးကြီးက ကလေးတစ်ယောက် ကျောင်းထားပေးသည်။ ကျွန်တော်က ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် မွေးစားကာ ပညာသင်ပေးခဲ့သည်။ ယောတဟူသောယောကျ်ားလေးသည် ကြီးမှရွာပြန်ကာ အဖေဖြစ်သူရွာသူကြီးဦးကမူး၏အရိုက်အရာကို ဆက်ခံသည်။ နဟားဟူသောမိန်းကလေးကိုတော့ ၁၉၈၆ ခုနှစ် မှ ၁၉၉၂ ခုနှစ် အထိ ကျွန်တော်တာဝန်ကျရာဖန်ကောက်မြို့အထိ ခေါ်သွားခဲ့သေးသည်။

သံလွင်မြစ်ဘေးမှတောင်ယာလုပ်ရင်း ဝဥတူးရင်း ဆော့ကစားနေသောဘဝမှ ရန်ကုန်မြို့ကြီးသာမက ဖန်ကောက်မြို့အထိရောက်သည်။

ယိုးဒယားကြက်ဆီထမင်းနှင့် ကြက်ကြော်ကို ဝအောင်အီအောင် စားခဲ့ရသေးသည်။ မြဘုရားလည်းရောက်ကာ ဇင်းမယ်လည်းရောက်ခဲ့သည်။ ယခုတော့ ရွာကိုပြန်သွားရင်း ရွာမှာအိမ်ထောင်ကျပြီး ကလေးတွေရနေပြီ၊ မြို့တော်ရန်ကုန်နှင့်ဖန်ကောက်မြို့ကိုလည်း မေ့ပြီ။

ကိုယ့်ဒေသကိုယ့်ရွာကို ချစ်သောတွယ်တာသောလားဟူးမလေး နဟားရဲ့ဒေသချစ်စိတ်ကို လေးစားမိရပါသေးသည်။

နောက်တစ်ယောက်ကိုတော့ မသက်ဆွေရဲ့ညီမကမွေး၍ ကျောင်းထားပေးသည်။ စာတော်သည်၊ ရန်ကုန်တက္ကသိုလ်မှ စာပေးစာယူနှင့်ဘွဲ့ရသည်။ ယခုကုမ္ပဏီတယ်ကြီးတစ်ခုမှာ အလုပ်လုပ်နေပြီ၊ ဒေါ်လာစားဖြစ်နေပြီ။

သူတို့သူတို့လေးတွေကို ကြည့်ရင်း လူ့ဘဝ၊ လူ့ကြမ္မာ၊ အတိတ်ကံနှင့် ပစ္စုပ္ပန်၏အကျိုးတရားကို ဆင်ခြင်မိရပါသေးသည်။ တရားဆိုတာ ဆင်ခြင်တတ်လျှင် နေရာတိုင်း အချိန်တိုင်းမှာတွေ့ရပါ၏။

၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလလောက်မှစ၍ တည်ဆောက်ခဲ့ရသော စစ်ယောဇဉ်ကြိုးအမျှင်လေးများက ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ ကျွန်တော်ဦးစီး၍ သံလွင်မြစ်ကူးစစ်ဆင်ရေးကြီး ဆင်နွှဲရချိန်ကျမှ များစွာသော အထောက်အကူများ ဖြစ်ခဲ့ရပါတော့သည်။ (မော်ဖတိုက်ပွဲတွင် ဖော်ပြပါမည်)။

## မိုင်းကိုင်ဒေသ

တပ်မတပ်ရင်းမှူးဘဝမှ ငါးလခြောက်လစစ်ဆင်ရေး ထွက်၍ တစ်လ ခွဲမျှသာ အနားခွင့်ရခဲ့သော ဘဝမှ နည်းဗျူဟာမှူးဖြစ်လာသောအခါ နည်းဗျူဟာရုံး၌ ဗျူဟာတစ်ခုအလှည့်ကျနားရသည်။ ရှေ့တန်းမှာနှစ်လကျော်ကျော် တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



၍ စစ်ဆင်ရေးကွပ်ကဲရပြီး နောက်တန်းမှာတစ်လနားရပါသည်။

မိုင်းရှူးဒေသ တာဝန်မှနောက်တန်းပြန်နားပြီး စစ်ဆင်ရေး ပြန်ထွက်လာသောအခါ မိုင်းကိုင်မြို့မှာအခြေပြုရပါသည်။

မိုင်းကိုင်မြို့သည် လွိုင်လင်၊ သီပေါကားလမ်းပေါ်တွင်ရှိ၍ ပအိုဝ်တို့ပျော်ရာတောင်ကြောအခြေမှာ ရှိသည်။ ပအိုဝ်ရွာကြီးတွေက တောင်ပေါ်မှာ အိမ်ကြီးအိမ်ကောင်းများနှင့်ပြည့်နေသည်။

မိုင်းကိုင်မြို့ ငါးရက်တစ်ဈေးသို့ လာသောပအိုဝ်များမှာ ဖြူဖွေးဖွေးထွားထွားကြိုင်းကြိုင်း၊ ချောချောလှလှတွေ ပေါပေသည်။

ကျေးသီးမြို့၊ မိုင်းရှူးမြို့တို့ထက် ပိုမိုစည်ကား၍ စီးပွားရေးလည်းကောင်းပေသည်။ အနောက်ဘက်တောင်ပေါ်ဒေသမှစိုက်ပျိုးထွက်ရှိသော လက်ဘက်ခြောက်တို့ စီးပွားရေးထွက်ပေါက်ဖြစ်သည်။ မိုင်းကိုင်မြို့ပတ်ဝန်းကျင်မှာ မြေပြန့်လယ်ကွင်းပြင်ဖြစ်၍ဆန်ရေစပါးပေါများသည်။

ပါတီယူနစ်ဥက္ကဋ္ဌ ဦးစိုင်းထွန်းသာနှင့် မြို့နယ်ကောင်စီဥက္ကဋ္ဌဦးအောင်ငွေ(ကုန်သွယ်လယ်ယာဝန်ထမ်း)တို့ကလည်း တက်ညီလက်ညီနှင့်တက်ကြွစွာဆောင်ရွက်နေကြသည်။

ကော်မတီဝင် ဦးအောင်ဘဆိုသူရှိသည်။ ယခင်က စီးပွားရေးလုပ်ခဲ့ပြီးပြည်သူ့ကောင်စီခေတ်မှာ ကောင်စီတာဝန်ပေးခြင်းခံရသည်။ အတွေ့အကြုံများပြီးဆက်ဆံရေးအလွန်ကောင်းသည်။ ဗျူဟာဂျီတူးဗိုလ်မှူးအေးကျော်ကလည်း ရယ်ရယ်မောမော ရွှင်ရွှင်သောသောလေးနေတတ်သူဖြစ်၍ ဦးအောင်ဘနှင့်တွဲမိကြသည်။ ကျွန်တော်တို့ဗျူဟာရုံးမှာ မြို့မျက်နှာဖုံးတစ်ဦးအကြောင်း ပြောနေကြသည်ကိုအိပ်မပျော်သောကျွန်တော်က အခန်းထဲမှ ကြားနေရသည်။

ဦးအောင်ဘက စကားဝိုင်းဦးဆောင်၍ မြို့ကလူတွေအကြောင်းဖောက်သည်ချနေသည်။ မိုင်းကိုင်မှဦး××သည် မိန်းမနှစ်ယောက်ယူ၍ တစ်အိမ်ထားသည်။ တစ်ယောက်က သာမန်ထက်ပိုဝ၍ တစ်ယောက်က သာမန်ထက်ပိုပိန်သည်ဟု ဆိုသည်။

ဒီလူမိန်းမဝဝတစ်ယောက်၊ ပိန်ပိန်တစ်ယောက်ယူတာ အကြောင်းရှိတယ်ဗျဟု ဆိုတော့ ဘေးလူတွေက အာရုံစိုက်ကြရသည်။

နွေရာသီပူတဲ့အိုက်တဲ့အချိန် မိန်းမဝဝဆီသွားရတယ်၊ ချွေးလေးတစ်ပိုက်





အသားကအေးသတဲ့ဗျ၊ ဆောင်းတွင်းနဲ့မိုးတွင်းချမ်းရင် မိန်းမပိန်ပိန်ဆီသွားရတယ်၊ ပိန်တဲ့မိန်းမက မီးယပ်ပူပြန်တော့ သူ့အသားကပူနွေးနွေးရှိတယ်ဗျလို့ ပြောတော့ ဟုတ်မှလဲဖြီးပါဦးအောင်ဘရယ်ဟု ဗိုလ်မှူးအေးကျော်ကပြောသည်ကို ဦးအောင်ဘက လည်းလျှော့မပေး။

တကယ်ပြောတာဗိုလ်မှူး၊ ကျွန်တော်လဲ ကြုံဖူးတယ်၊ ဗိုလ်မှူးမယုံရင် စမ်းကြည့်ဆိုတော့ အားလုံးထဲမှ ဝါးခနဲအသံထွက်လာသည်။ ကျွန်တော်အိပ်ပျော်နေသည်ထင်၍ ဗိုလ်ကြီးဝင်းမြင့်က အသံတိုးဘို့ သတိပေးသံကြားနေရသေးသည်။

ကောလဟာလဆိုသည် တကယ်လိုလို အဟုတ်လိုလို ထင်ယောင်ထင်မှားဖြစ်စေသည်။ မိုင်းကိုင်မြို့တွင်းမှာ ချောသောလှသော ဖော်ရွေသောညီအစ်မသုံးဦးရှိသည်။ ကျွန်တော်တို့ငယ်စဉ်က နာမည်ကြီးလှသော အော်ဒီကလုံးရေမွှေး အမှတ်တံဆိပ်ကို မှတ်မိကြပေလိမ့်မည်။ (4711)

ထိုညီအစ်မသုံးဖော်ကို ကာလသားအချို့က 4-7-11 ဟု ကင်ပွန်းတပ်လိုက်သည်။ တစ်ယောက်က အိမ်ထောင်လေးဆက်ရှိသည်။ ကျန်တစ်ဦးက ရည်းစား ၇ ယောက်၊ တစ်ဦးကရည်းစား ၁၁ ယောက်ရှိသည်ဟု သတင်းလွှင့်လိုက်သည်။ ကျွန်တော့်ဗျူဟာမှအရာရှိများနားသို့ ထိုအခေါ်အဝေါ်ရောက်လာသည်။

ကောင်စီဥက္ကဋ္ဌကြီးဦးအောင်ငွေနှင့်ဦးအောင်ဘကို ကျွန်တော်က ခေါ်၍ ထိုသတင်းစတင်ထွက်ပေါ်ရာကို ဇာစ်မြစ်လိုက်ခိုင်းသည်။ အစရှာမရ။

ယောက်ျားလေးယောက် သတင်းဟုတ်သလား၊ မဟုတ်။ ရည်းစား ၇ ယောက်သတင်း၊ ၁၁ ယောက်သတင်း ဟုတ်သလား၊ အတိအကျ မသိကြ။ မသေချာ မရေရာ.

အော် ကောလဟာလဆိုတာ ကြောက်စရာကောင်းလှပါလားဟု တွေးမိရပါတော့သည်။

## အပြေးနိုင်ဆုံးသော ဖဲ၈၃

ဗကပအရှေ့မြောက်စစ်ဒေသ၏မဟာစီမံကိန်းအကောင် အထည်ဖော်ရန် ဝင်ရောက်လာသောဗကပတပ်မဟာ ဖဲ၈၃ သည် လွိုင်လင်-သီပေါကားလမ်းအနောက်ဘက်ခြမ်းသို့ ဖြတ်ကူးဝင်ရောက်ပြီးသည်နှင့် ပထမအဆင့် ရည်မှန်းချက်နယ်မြေသို့ ရောက်ပြီဟု ဆိုနိုင်ပေသည်။

မိုင်းကိုင်နယ်မြေတွင် အခြေခံနယ်မြေတည်ဆောက်ရင်း မောင်လုံ၊



www.burmeseclassic.com

www.burmeseclassic.com



နောင်စိုးဂွင်မှဗကပ (၁၀၈) စစ်ဒေသမှာ အခြေခံနိုင်မှာတို့ အရေးကြီးသည်။ ဗကပတပ်မဟာ ၆၈၃ တာဝန်ကျေပွန်ရေးအတွက် အုပ်ချုပ်ထောက်ပံ့မှုကို သံလွင် အရှေ့ခြမ်းမော်ဖဒေသမှ သံလွင်မြစ်ဖြတ်ကူးကာ ပံ့ပိုးပေးနေသည်။ အဓိကမှာ လေ့ကျင့်ပြီးသား စစ်သားသစ်များပို့ရေးဖြစ်သည်။

တပ်မ (-) တပ်များကလည်း နယ်မြေကန့်သတ်မှုမထားဘဲ သတင်းရလျှင် ရသလို ထပ်ချပ်လိုက်တိုက်ခိုက်မှုကြောင့် ဗကပတို့ တပ်တွေဖြန့်ခွဲရပြီ။

ပအိုးဝ်ရွာကြီးများကို အခြေခံလျက် လှုပ်ရှားမှုပြုရာတွင် တစ်တောင်နှင့် တစ်တောင်အဝေးမှမြင်နိုင်သည့် မြင်ကွင်းကြောင့် မိမိတို့တပ်များ ချီတက်လာလျှင် အဝေးမှကြိုတင်သိရှိရှောင်တိမ်းနိုင်ခွင့်ရကြပေသည်။ မြင့်မားသောတောင်ကြောများမှာ လူနှင့်မြင်းသွားရန် လမ်းကြောင်းတစ်ကြောင်းသာရှိသည်။ သည်ဘက်တောင်ကြောမှ ဟိုဘက်တောင်ကြောသို့ ဖြတ်ဆင်းဖြတ်တက်ရန် လွန်စွာခက်သည်။

အစိုးရတပ်များကို အဝေးမှမြင်သည်နှင့် ရှာမှခွာကြပြီ။ တောထဲဝင်ကြပြီ၊ ကျွန်းတောကြီးများကလည်း အရွက်ဖားကြီးတွေ တဝေဝေနှင့်မြင့်ကွင်းကို ပျောက်စေသည်။

အင်တောကျောက်ဂူဒေသအထိ ဆက်သွယ်လှုပ်ရှားရှောင်တိမ်းရန် ၆၈၃ မှာ အခွင့်သာသည်။

## ၁၀၅ နှင့် ၆၈၃

ဗကပ ၆၈၃ တို့ ကျက်စားရာပအိုးဝ်ရွာကို ဒုမှူးကြီးကျော်ဝင်း၏ ခလရ (-) စစ်ကြောင်းချီတက်စေရသည်။ တောချောက်သည်သဘော။

မြေပုံနှင့်မြေပြင်လမ်းကြောင်းလေ့လာမှုပြု၍ တောချောက်ရာမှထွက်လာမည့် တောကောင်ကို ကြိုစောင့်သလို ခန့်မှန်းချက်ဖြင့် ဒုမှူးကြီးဝင်းအောင်၏ခမရ (-)ကို ကြိုတင်စေလွှတ်ကာ ကျွန်းတောအုပ်မှစောင့်စေရသည်။ သည်လိုလှုပ်ရှားစစ်ကစားရသည်ကလည်း ခြောက်မိုင် အကွာလောက်မှ ကွေ့ပတ်ဝေ့ဝိုက်လှုပ်ရှားရင်း ကြိုတင်စောင့်ရခြင်းဖြစ်သည်။

အကြောင်းသိဖြစ်သော တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဝင်းအောင်ကို ကျွန်တော်ယုံကြည်မှုရှိသလို သူ့တပ်ရင်းခြေမြန် (-)ဆိုတာလည်း ကိုယ့်တပ်မို့ ကိုယ်အားကိုးသည်။ ယောင်ပြစစ်ကြောင်းက တောင်ကြောလမ်းအတိုင်း ချီတက်လာသည်ကို စိတ်အေးလက်အေး အဝေးမှကြိုရှောင်သောဗကပ ၆၈၃ က တောနက်





ရာသို့ နေရာရွှေ့သည်။

ညမှောင်ရီပျိုးမှာ ခမရ (-)နှင့် တိုက်ပွဲစတင်ဖြစ်တော့သည်။ အရှေ့မြောက် စစ်ဒေသမှာ အင်နှင့်အားနှင့်လှုပ်ရှားသောဗကပတပ်တွေကို သူသေကိုယ်သေတိုက်လို့ရသည်။ ရဲဝံ့၊ စွန့်စားစွာ တိုက်လို့ရသည်။ အခြေခံနယ်မြေတည်ဆောက်ရန် အတွင်းပိုင်းဝင်လာသောဗကပအဖွဲ့ကို တိုက်ဖို့ထက် ရှာဖို့က ခက်သည်။ တစ်လလောက်စစ်ကြောင်းတွေ ပင်ပန်းကြီးစွာလှုပ်ရှားကြရာကြလည်း တိုက်ပွဲပေါ်ချင်မှပေါ်သည်။ ယခုလို တွေ့တုန်းကြုံတုန်း ခြေမြန်တပ်ရင်း(-)ကလည်း သဲကြီးမဲကြီး တိုက်သည်။

အမှောင်ထုက ဗကပဘက်ကို ဖေးမသလိုဖြစ်သွားသည်။ တပ်မဟာ ၆၈၃ တပ်ဖြန့်ခွဲ၍ တောထဲမှာပြေးကြသည်။ သင့်တင်သောအင်အားနှင့် ခြေမြန်(-)ကို ထိန်းချုပ်ထားရင်း တပ်မဟာမှူးအဖွဲ့လွတ်ရာ ပြေးကြသည်။ ထပ်ချပ်မလိုက်နိုင်စေရေးအတွက် ဟန့်စစ်ဆင်သောနည်းက မိုင်းထောင်ခြင်း အဓိကဖြစ်သည်။ မိုင်းနင်းမိလိုက်၊ ပြုစုလိုက်နှင့်ဆက်လိုက်နေရသော ခြေမြန်တပ်ရင်း(-)ကို ကျွန်တော်က ညသန်းခေါင်ကျော်မှ ရပ်ခိုင်းလိုက်သည်။ ဖြန့်ခွဲထွက်ပြေးသော ရန်သူကိုမှောင်နှင့်မည်းမည်း တောနက်ထဲမှာရမ်းလိုက်နေရန် မသင့်ဟုသုံးသပ်သည်။

နံနက်လင်းအာရုဏ်ရောင်ခြည်ရသည်နှင့်ဖြန့်ခွဲပြေးကြသော ဗကပခြေရာခံနိုင်းသည်။ တပ်မဟာမှူးအဖွဲ့မှာမြင်းပါသည်။ မြင်းခြေရာကိုအဓိကကြည့်၍ လိုက်စေရသည်။

ခမရ (-)မှ လိုက်ရင်း ဗကပ ၆၈၃က ပြေးရင်း တိုက်ခိုက်ရေးတပ်နှင့် တိုက်ပွဲဖြစ်ရင်း ဟန့်စစ်ဆင်ရင်း တပ်မဟာက လွတ်အောင်ပြေးရင်း နှစ်ရက်အကြာမှာ မျက်ခြေပြတ်သွားသည်။

မြင့်မားသောတောင်တန်းများ၊ ကျောက်ဆောင်များအကြား ပြန့်လွင်ပြင်မှာလည်း ကျွန်းပင်၊ အင်ပင်ကြီးများဖြင့် ပိန်းပိတ်နေသောမြေအနေအထားကြောင့် တပ်များကို လိုသလိုလျင်မြန်စွာ လှုပ်ရှားဝိုင်းပတ်ပိတ်ဆို့ခြင်းမပြုနိုင်သည့် မိမိတပ်များအားနည်းချက်ကို ဗကပ ၆၈၃ မှအခွင့်ကောင်းယူထွက်ပြေးသွားခြင်းဖြစ်သည်။

နောက်နှစ်ရက်မှာ တိုင်းမှူးကြီးလဲချားရှိ ရှေ့တန်းတပ်မ (-) သို့ ရောက်လာပြီးစစ်သားဆိုတာ စစ်တိုက်ရမည်ဟုခံယူသော တိုင်းမှူးကြီးက တိုက်ပွဲဖြစ်ပုံ သဘောကျသည်။ ရည်မှန်းချက်ရန်သူလွတ်သွားလျှင် ဘဝင်မကျဖြစ်လေ့ရှိကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကောင်းစွာသိထားသည်။

တပ်မမှူးကြီးကလည်း ကျွန်တော့်ကိုပါ ခေါ်ထားသည်။ တိုင်းမှူးကြီး ရောက်ရှိချိန်မှာ ရာရမွေ့ရတိုက်ကွက်ဖော်ရခက်သော ဗကပ ဖ၈၃ ကို တော ချောက်သလို ချောက်ပုံဖြတ်တောက်ပိတ်ဆို့ စောင့်ကြိုတိုက်နိုက်ပုံ အသေးစိတ်ကို ဦးစီး(တ)စစ်ဆင်ရေးက သေချာစွာ ရှင်းပြပါသည်။ တိုင်းမှူးကြီးက နားထောင်နေ သည်။ ပြီးမှမကျေနပ်ချက်ပေါ်လာသည်။

'ဖ၈၃ က ညမှောင်ထဲမှာ တောက်လျှောက်ပြေးတာ ကိုယ့်တပ်က ဘာလို့ ထပ်ချပ်မလိုက်ဘဲ အိပ်နေရတာလဲ'ဟု မေးလာပြီ။

သည်အမေးကို ဖြေရမည့်သူက တပ်မစစ်ဦးစီး(တ)မဟုတ်၊ ကျွန်တော်သာ ဖြစ်သည်။

'ကျွန်တော် နားခိုင်းလိုက်တာပါ'ဟု ပြောတော့ ကျွန်တော့်ကို မော့ကြည့်သည်။

'ဗကပ မှောင်ထဲမှာပြေးရင်း မိုင်းတွေဖြစ်သလို ထောင်သွားပါတယ်၊ တစ်နာရီအတွင်း သုံးယောက် မိုင်းထိပါတယ်၊ တပ်ရင်းမှူးဘေးက ရဲဘော် တစ်ယောက်ဘယ်ခြေထောက်ပြတ်တယ်၊ လမ်းမရှိတဲ့တောမှာ သစ်ရွက်ခြောက်ကျွေ ပေါ် ခြေရာရှာမရလို့ မကျေမနပ်နဲ့ ဓာတ်မီးနဲ့ထိုးပြီးရှာနေကြတာ ညသန်းခေါင် ကျော်တစ်နာရီထိုးပြီ၊ ဒါကြောင့်

'ရဲဘော်တွေ သေကုန်လိမ့်မယ်၊ ရပ်လိုက်တော့။ မနက်လေးနာရီမှာထပြီ၊ တပ်စုနှစ်စုစီသုံးဖွဲ့ခွဲ ခြေရာခံလိုက်ဘို့ ကျွန်တော်ညွှန်ကြားလိုက်တာပါ' ဟု အရဲစွန့် သတင်းပို့လိုက်ရပါတော့သည်။

ရန်သူကို ကြိုးစားပမ်းစားလိုက်၊ တွေ့ရင် ရဲရဲဝံ့ဝံ့တိုက်မကြိုက်သော တိုင်းမှူးကြီး ဘာမှမပြောဘဲ ခေတ္တစဉ်းစားနေပါသည်။ ပြီးတော့ စီးကရက် တစ်လိပ်မီးညှိဖွာလိုက်သည်။

အောက်သက်ကြေသူမို့ ငယ်ငယ်ကဘဝကို ပြန်လည်မြင်ယောင်နေပါ လည်း တူပါရဲ'ဟု ကျွန်တော့်မှာ ဖြေတွေးတွေးကာ မသိမသာလေး သက်မချလိုက် ရပါတော့သည်။





## စစ်ရေးသတိအမြဲရှိမှ

နည်းဗျူဟာ (-)မှူးတာဝန်ထမ်းဆောင်နေစဉ် ရှမ်းပြည်တောင်ပိုင်း ကျေးသီးမန်စန်မြို့တွင် အခြေပြုလျက် တပ်ရင်းများကို ကွပ်ကဲနေရပါသည်။ နည်းဗျူဟာ (-)က မိုင်းကိုင်မှာ အခြေပြုသည်။

ဗျူဟာအလှည့်ကျတာဝန်ကို နည်းဗျူဟာ(-)သို့ လွှဲပေးပြီး နောက်နေ့ တွင် ရှေ့တန်းတပ်မရှိရာ လဲချားသို့ ချီတက်ရမည်။ တပ်မမှူးထံ အလွှဲအပြောင်း ကိစ္စများ သတင်းပို့ရမည်။ နောက်နေ့ တောင်ကြီးမှတစ်ဆင့် မော်ဘီသို့ ပြန်ရမည်။

ကျွန်တော်တို့နည်းဗျူဟာ လွှဲပြောင်းမှုသည် ပုံမှန်နှစ်လ၊ နှစ်လခွဲတစ်ကြိမ် လဲပေးလေ့ရှိသည်။ အရပ်ကလည်းသိသလို သူပုန်တွေကလည်း သိမည်။

ကျွန်တော်တို့ပြန်မည့်နေ့တွင် ခလရ(-)သည် လဲချားမှ မိုင်းနောင်- မိုင်းရှူးသို့ ချီတက်ရမည်ဖြစ်၍ လမ်းလုံခြုံရေးလုပ်ထားသည်။ ထို့ကြောင့် နည်း ဗျူဟာ(-)လည်း ကျေးသီးမှမိုင်းနောင်၊ လဲချားလမ်းအတိုင်း ပြန်လာရန် ရှေ့ တန်းတပ်မညွှန်ကြားချက် ရရှိထားပါသည်။

ကျွန်တော်တို့ဗျူဟာချင်း အလွှဲအပြောင်းမှာ ရန်သူသတင်းအားလုံး ရှင်း ပြရသည်။ အဓိကရှမ်းသောင်းကျန်းသူနှင့်ဒေသတွင်း လှုပ်ရှား ဗကပအင်အားစု သတင်းငုပ်နေသည်။

ထို့ကြောင့် ကျွန်တော်တို့အပြန်လမ်းအတွက် ကျွန်တော် သေသေချာချာ သုံးသပ်ရသည်။ ဗျူဟာဂျီတူးဗိုလ်မှူးအေးကျော်(ဗိုလ်ချုပ် ဝန်ကြီး ကွယ်လွန်) ဦးစီး(တ)များဖြစ်သော ဗိုလ်ကြီးသန်းညွှန့် (ဒုမှူးကြီး-ငြိမ်း)၊ ဗိုလ်ကြီးဝင်းမြင့် (ဗိုလ်ချုပ်-ငြိမ်း)တို့နှင့် အပြန်ပြန်အလှန်လှန် သုံးသပ်သည်။

ကျေးသီး၊ မိုင်းနောင်၊ လဲချားလမ်းလက်ဝဲရစ်သွားလျှင် မိုင်းနောင်အထိ ကိုယ့်အစီအစဉ်နှင့်ရှင်းသွားရမည်။ မိုင်းနောင်မှလဲချားအထိ လမ်းလုံခြုံရေးရှိသည်။

ကျေးသီး-မိုင်းကိုင်၊ လဲချားလက်ယာရစ်သွားလျှင် တောက်လျှောက် မိမိအစီအစဉ်နှင့်ရှင်းပြီး သွားရမည်။ လမ်းလုံခြုံရေးမရှိ။

သို့သော် နည်းဗျူဟာရော တပ်ရင်းပါ အတက်အဆင်းရှိ၍ လုံခြုံမှုယူထား သောလမ်းကြောင်းကို သောင်းကျန်းသူတို့ ပိုမိုမျှော်မှန်းပြီး တိုက်ကွက်ဖော်နိုင်သည်။ တပ်ရင်းတစ်ရင်းလုံးတက်လာသည်က စိုးရိမ်စရာမရှိ။ ကျွန်တော့်နည်းဗျူဟာ ကွန်မန်ဒိုတပ်စုတစ်စုသာ အနီးကပ်လုံခြုံရေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည့်စားမှုသည် အရေးကြီးပါ၏။

ရန်သူမမျှော်မှန်းသောလမ်းကို ကျွန်တော်ရဲရဲတင်းတင်းရွေးလိုက်သည်။

ကျေးသီး-ပန်ကေတု-မိုင်းကိုင်-လဲချားလမ်းမှ ပြန်လာမည်ဖြစ်ကြောင်း ရှေ့တန်းတပ်မသို့ တရားဝင်တင်ပြလိုက်ပြီး နောက်နေ့မှာ ထိုလမ်းအတိုင်း ပြန်သည်။ စိတ်မချသောနေရာယာဉ်တန်းရပ်၍ ကွန်မန်ဒိုတပ်စုနှင့် ရှင်းသည်။ ပြီးမှ ဆက်ထွက်သည်။ အချိန်တော့ ကြာပါသည်။

ရန်သူမမျှော်လင့်သောလမ်းမို့ ယုံကြည်မှုရှိသည်။ လဲချားသို့ရောက်ချိန်မှာ မှောင်ပြီ။ ည ၈ နာရီထိုးပြီ။

ရှေ့တန်းတပ်မရောက်သည်နှင့် ခါတိုင်းလို ကျွန်တော်တို့ကို စောင့်မကြို အားဘဲ အလုပ်တွေရှုပ်နေကြသည်။

လမ်းလုံခြုံမှုယူထားသော လဲချား-မိုင်းနောင်လမ်းမှာ အခြားတပ်မမှ ဖြစ်သော ခလရ(-)ခြုံခိုတိုက်ခိုက်ခံရ၍ ထိခိုက်ကျဆုံးမှုများရှိသည်။ တပ်မမှူး ဗိုလ်မှူးကြီး ချစ်ဆွေကိုယ်တိုင် လဲချားဆေးရုံမှာ လူနာတွေသွားကြည့်နေသည်ဆို၍ ကျွန်တော်လည်း လိုက်သွားရပါသေးသည်။

လမ်းလုံခြုံရေးယူသည်ဆိုသော်လည်း လက်ချင်းဆက်ယူနိုင်သည်မဟုတ်၍ သတင်းရသောရန်သူက ကြားမှလွတ်သည့်နေရာဝင်၍ တိုက်နိုင်သည်ဟူသော သီဝရီကို လက်တွေ့သင်ခန်းစာအဖြစ် တွေ့ရပြီ။

ကျွန်တော်တို့ ကြိုတင်သုံးသပ်၍ လမ်းကြောင်းလွှဲပြောင်းလာခဲ့ခြင်းက ကျွန်တော်တို့ကို ဘေးအန္တရာယ်မှဖယ်ထုတ်ခဲ့ခြင်းဖြစ်ပေသည်။ လက်ဝဲရစ်လမ်းမှ လာလျှင် ကျွန်တော်တို့အရင်ရောက်က ကျွန်တော်တို့ ခြုံခိုတိုက်ခိုက်မှုခံရမည်။

တကယ်တော့ စစ်ဆင်ရေးဟူသည် သမားရိုးကျမတွေးဘဲ ရန်သူနှင့် မိမိဉာဏ်ချင်းပြိုင်ကာ လှည့်စားလှုပ်ရှားမှု ပြုလုပ်နိုင်ခြင်းသာ အဓိကဖြစ်ပါလေ သတည်း။

## လွှဲချက်ကနာ

ဗကပတပ်မဟာ ဖ၈၃ သည် အင်နှင့်အားနှင့် တပ်ရင်းတွေနှင့် စုဖွဲ့လှုပ် ရှားခြင်းကြောင့် အထိနာခဲ့ရပြီဖြစ်၍ တပ်ဖြန့်လှုပ်ရှားသောနည်းဗျူဟာသုံးစွဲနေပေ တော့သည်။

···♦♦ ပြည့်စုံစာအုပ်တိုက် ♦♦···



မြင့်မားမတ်စောက်လှသော တောင်ကြောပေါ်တွေမှာ ရှာတည်ထားကြ သော ပအိုးဝ်ရွာများက ထီးထီးကြီးရှိနေတတ်သည်။ မိမိတပ်များကိုလည်း စစ် ကြောင်းလိုက်နယ်မြေ သတ်မှတ်ပေးထားပြီး မိမိတို့ခွင်အတွင်း တိုက်ကွက်ဖော် နိုင်းရသည်။ ညအမှောင်ထုနှင့် နှင်းပိတ်သောအချိန်မှာ တပ်တွေလှုပ်ရှားထားပြီး ဗကပခြေအကြွကို ယောင်ပြလှုပ်ရှားအဖွဲ့၊ စောင့်ကြိုချေမှုန်းရေးအဖွဲ့ဟူ၍ တပ်ရင်းမှူးဉာဏ်ရည်ဉာဏ်သွေးရှိသလို စိတ်ကူးကောင်းလျှင် စိတ်ကူးကောင်း သလို တိုက် ကွက်ဖော်စေရပါသည်။

တပ်မ (-) လက်အောက်ခံတပ်ရင်းများတွင် ၁၉၇၇ ခုနှစ်၊ မေလ ကျွန်တော်ရောက်စမှာ လုပ်သက်ကြာတပ်ရင်းမှူးများ ရှိကြသည်။ ဒုဗိုလ်မှူးကြီး ဖြစ်ပြီးသား တပ်မတပ်မှာ လုပ်သက်ကြာ၍ ပင်ပန်းလာကြသူတပ်ရင်းမှူးအချို့ကို နားရမည့်တာဝန်များလွှဲပေးပြီး ယာယီတပ်ရင်းမှူးများလည်းအစားထိုးရပါသည်။

မိုင်းကိုင်ဒေသအနောက်ခြမ်း တောင်ပေါ်ဒေသရှိ ပအိုးဝ်ရွာများ ကစ်လျှောက် ဗကပနှင့်ဒေသခံရှမ်းသောင်းကျန်းသူများသတင်းကို မိုင်းကိုင်ဈေးနေ့ မှာစုံစမ်းရသည်။

မိမိအမာခံသတင်းပေးများမှာလည်း ပေါ်ပေါ်ထင်ထင်ဆက်ဆံခြင်းမပြု ရဘဲ ဈေးနေ့မှာ ဈေးလာသူများနှင့်ရောနှောလာရောက်ရင်း လျှို့ဝှက်သတင်းပေး ကြသည်။

ကျွန်တော့်ရဲ့ နည်းဗျူဟာ(-)မှ ဂျီတူးဗိုလ်မှူးအေးကျော်၊ ဂျီသရီး များဖြစ်သော ဗိုလ်ကြီးသန်းညွန့်၊ ဗိုလ်ကြီးဝင်းမြင့်တို့သည် စည်းရုံးရေးကောင်း၍ မြို့ခံများသာမက တောင်ပေါ်များအထိ အမာခံမွေးနိုင်ကြသူများဖြစ်ပေသည်။ ဆက်သွယ်ရေးအရာရှိဗိုလ်ကြီးဇော်ဝင်း၊ အင်ဂျင်နီယာတပ်စုမှူးဗိုလ်ကြီးမျိုးဝင်းတို့ ကိုလည်း ထောက်လှမ်းရေးတာဝန်ပေးထားရပါသည်။

ဈေးနေ့တစ်နေ့မှာ ဗိုလ်မှူးအေးကျော်က သတင်းထူးရလာသည်။ ဗကပ ဖ၈၃ တပ်မဟာမှူး၏ မြင်းကြီးကို ဖမ်းဆီးရမိထားကြောင်း သတင်းဖြစ်သည်။ စစ်ဆင်ရေးတာဝန် ဖြင့် ပင်ပန်းနေပြီဖြစ်သော တပ်ရင်းမှူးဒုဗိုလ်မှူးကြီးသာစိန်ကို ငြိမ်းစားတက္ကသိုလ် တက်ရန်စေလွှတ်လိုက်ပြီး ဒုတပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးကျော်သန်း (ဗိုလ်သင်တန်း ၂၅)ကို ခေတ္တတပ်ရင်းမှူးတာဝန်ပေးထားရချိန်ဖြစ်ပေသည်။

ဈေးနေ့ညနေမှာ ရှမ်း(-) စစ်ကြောင်း(၁)သို့ ကြေးနန်းပို့လိုက်ရသည်။

···♦♦ ပြည့်စုံစာအုပ်တိုက် ♦♦···

www.burmeseclassic.com

www.burmeseclassic.com



"မှူးကျော်သန်းအတွက် ဗျူဟာမှူးမှ ဖ၈၃ ထံမှ သိမ်းဆည်းရမိထားသော မြင်းကြီး နဗဟာသို့ ပို့ပေးပါ။ ဖြစ်စဉ်လည်းသိလိုပါသည်"ဟူသော ကြေးနန်း ဖြစ်သည်။

ဗိုလ်မှူးကျော်သန်းက ဆက်သွယ်ရေးစက်ပေါ်တက်၍ ဗိုလ်မှူးအေးကျော် နှင့်ပြောကြတော့သည်။

သေချာပေါက်အခွင့်အရေးကြီး လွတ်သွားတာ ရက်လွန်းလို့ အစီရင်ခံစာ မပို့တာ။ ဗျူဟာမှူးကြီး ဘယ်လိုသိသွားသလဲဟု မေးသည်။ မှူးအေးကျော်ကလည်း သူတို့သတင်းရပုံ ပြောပြလိုက်မှရှမ်း(-)စစ်ကြောင်း(၁)မှ ဖြစ်စဉ်တွေသိရ ပါတော့သည်။

တပ်မဟာ ဖ၈၃ အကြောင်း လျှို့ဝှက်ထောက်လှမ်းစုံစမ်းခဲ့ရာ ပအိုးဝ်ရွာ ဖြစ်သော ခဲအုံအွေရွာမှာ မိန်းမယူထားကြောင်း မကြာခဏလာ၍ နှစ်ရက်သုံးရက် နေလေ့ရှိကြောင်း သတင်းအတိအကျရပြီ။ လက်ရွေးစင်တပ်စိတ်တစ်စိတ်ကို သေချာစုဖွဲ့၍ ရက်ရှည်ခြေလုံလက်လုံနှင့် ရွာအဝင်လမ်းမှ ကင်းပုန်းဝပ်စောင့်ရန် တာဝန်ပေးစေလွှတ်ထားသည်။

ချမ်းအေးလှသော ပေခြောက်ထောင်ကျော်တောင်ပေါ်မှ နှင်းထုတွေကြား မှာ တစ်ညလုံးစောင့်နေကြရသည်။ အသံမပြုရဲ၊ လှုပ်ရှားမှုမပြုရဲဘဲ သဘာဝ အအေးဒဏ်ကို အံကြိတ်ခံရင်း စောင့်ကြရသည်။

နံနက် ခုနစ်နာရီခန့်နှင်းထုအကွဲ အရှေ့မှနေဝန်းထွက်ပြူစမှာ ဗကပတစ်စု တောင်ကြောလမ်းအတိုင်း တက်လာသည်။

ပိုင်ပြီ။

ခေါင်းဆောင်ဟု ယူဆရသူက မြင်းကြီးစီးလာသည်။ စုစုပေါင်းအင်အား မည်မျှပါလာမည်ကို နှင်းမှုန်တွေကြားမှာ တိကျသေချာစွာ မသိရသေး။ စောင့် နေသည်။ မြင်းကြီးစီးလာသူ အနားရောက်မှတော့ပစ်ရန် သေနတ်မောင်းထိန်းခလုတ် များ ဖွင့်ထားကြပြီး မြင်းစီးခေါင်းဆောင်ရှေ့မှ ဗကပလေးငါးယောက်သာ ပါသည်။ အားလုံးကို အပိုင်တော့ပစ်ဖို့ အသင့်ဖြစ်ကြပြီ။

သည်အချိန်မှာ ပအိုးဝ်မလေးတစ်ယောက် ပလိုင်းလေးလွယ်လျက် ရှေ့ ပြေးဗကပတွေကိုကျော်ဖြတ်၍ တက်လာသည်။





စိတ်ကောင်းစေတနာကောင်းရှိ၍ အပြစ်မဲ့ပြည်သူကို သနားကြင်နာသော တပ်စိတ်မှူးက ပစ်ခတ်တော့မည့်စစ်သည်တွေကို လက်တား၍ ပအိုးဝ်မလေးကို လက်ဇော့ယမ်းပြရင်း ဘေးဖယ်ရန် အချက်ပေးသည်။ ပအိုးဝ်မလေးက မမြင်သေး။ စစ်သည်တွေကလည်း လက်တွေယားနေကြပြီ။

ပအိုးဝ်လေး အတော်နီးနီးရောက်မှ ရှီး..ရှီး ဟု အသံပြုကာ ဘေးဖယ် ပေးရန် လက်ဖြင့်အချက်ပြသည်ကို ပအိုးဝ်မလေးက မြင်သွားသည်။ ပအိုးဝ်လို အော်ရင်း လျှိုထဲလိမ့်ဆင်းသွားသည်နှင့် ရှေ့ပြေးဗကပများက ရမ်းပစ်ကြပြီ။ ဒီမိလည်း ချိန်ထားပြီးသားဖြစ်၍ တော့ပစ်လိုက်ရာ ရှေ့ပြေးဗကပနှစ်ယောက်လဲ ကျသွားသည်။

မြင်းကြီးစီးလာသော ခေါင်းဆောင်လည်း မြင်းပေါ်မှလိမ့်ချကာ ချောက်ထဲ ဆင်းပြေးသွားတော့သည်။ အသေရရှိလိုက်သော ဗကပနှစ်လောင်းသည် သည်းကောင်း၊ M 22 ရိုင်ဖယ်နှစ်လက်သည်လည်းကောင်း၊ လှပေ့ကောင်းပေ့ ဆိုသောမြင်းကြီးသည်လည်းကောင်း ဘာမှတန်ဖိုးမရှိဖြစ်ချေရပြီ။

မြင်းကြီးစီး၍ အေးဆေးစွာ မယားငယ်ရွာသို့ ဝင်လာသော ဗကပ ဖ၈၃ တပ်မဟာမှူးကြီး လွတ်သွားပြီ။ တကယ့်အခွင့်အရေးကြီးတစ်ရပ်၊ အောင်ပွဲ ကြီးတစ်ရပ်လက်လွှတ်လိုက်ရပြီ။

အပြစ်မဲ့ပြည်သူအပေါ် အသက်မသေစေလိုသည့် စေတနာနှင့်ဖယ်ရှားခိုင်း ခဲ့သူလေးမှာ အခြားမဟုတ်။ ဖ၈၃ တပ်မဟာမှူးယူထားသော ဇနီးမယားလေးဖြစ် ကြောင်းသိရပါမှ ပို၍ပို၍ ခံပြင်းမိရသည်။

ရှမ်း(-) ခေတ္တတပ်ရင်းမှူးလုပ်သူမှာ ကြီးမားကြံ့ခိုင်သောကိုယ်လုံးနှင့် လိုက်အောင် အပင်ပန်းခံ၍ ကိုယ်တိုင်ဦးဆောင်တိုက်ခိုက်တတ်သူဖြစ်ပါလျက် လက်ရွေးစဉ်တပ်စိတ်ကို အားကိုးမိကာမှ ရန်သူတပ်မဟာမှူး လွတ်သွားရသော အခွင့်အရေးကြီးအတွက် နှမြောတသမဆုံးဖြစ်နေရပါသည်။ မကျေမချမ်းဖြစ်နေရ သည်။ ရက်လွန်းလို့ နည်းဗျူဟာသို့သတင်းမပို့ဘဲ ထားမိပါကြောင်း ရှင်းလင်း တင်ပြလာသည်ကို ဗျူဟာဂျီတူးဗိုလ်မှူးအေးကျော်က ပြန်လည်ဖြေသိမ့်နေရပါသေး တော့သည်။

သည်နောက်တော့ အပြစ်မဲ့ပြည်သူအထင်နှင့် အသက်သေမည်ကို စိုးရိမ် သော တပ်စိတ်မှူး၏စိတ်ဓာတ်ကို အသိအမှတ်ပြုပါကြောင်း ဆက်လက်ချီးကျူး



www.burmeseclassic.com

www.burmeseclassic.com



စားကြစေလိုကြောင်း ဗျူဟာမှူးကခေတ္တတပ်ရင်းမှူးထံ ကြေးနန်းပို့ခြင်းဖြင့် တကယ် အလုပ်လုပ်သူကို စိတ်ဓာတ်မကျအောင် အားပေးလိုက်ရပါတော့သည်။

## စစ်ဆင်ရေးနှင့် လွဲပြီထင်

ကျွန်တော်သည် နည်းဗျူဟာမှူးအဖြစ် ဆယ့်တစ်လတာဝန်ထမ်းဆောင်ရပါသည်။ ဆယ့်တစ်လအတွင်း မိုင်းရှူးနယ်မြေတွင် နှစ်ကြိမ်ဝင်ရောက်ခဲ့ရသည်။

မိုင်းရှူးဒေသတာဝန်ကျတိုင်း သံလွင်မြစ်ဖြတ်ကူးရေးအတွက် သတင်းစုဆောင်းခြင်း၊ ပုံမှန်ကူးတို့များကို ကိုယ်တိုင်လေ့လာခြင်းပြုရသည်။ အရေးပေါ်ကူးရန်နေရာကို အထောက်တော်လွှတ်၍ လေ့လာစုံစမ်းရသည်။ ပုံမှန်ရွာသားများကူးသောနေရာသည် ရေစီးပြေ၍ ဝါးဖောင်ဖြင့်ကူး၍ ရသောနေရာဖြစ်သည်။ မြစ်တစ်ဖက်တစ်ချက်လည်း အဆင်းအတက်၊ အသင့်အတင့်ပြေသည်။ ဗကပများကူးသည့်အခါမှာတော့ ဝါးလုံးဖောင်နှင့်သာ ကူးသည်။

သည်လိုနှင့် ကျွန်တော့်ကို လေ့လာခိုင်းထားသော ရပခ တိုင်းမှူးကြီးရုတ်တရက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ပြောင်းရွှေ့ရသည်။ ထိုသတင်းကို စစ်ရုံးမှပြန်လာသော တပ်မမှူးဗိုလ်မှူးကြီးအေးစန်က ပြောပြ၍သိရသည့်အခါ လူမှန်နေရာမှန်မဟုတ်ပါလားဟု သိလိုက်ရပါတော့သည်။

နောက်နေ့ နေ့လယ်မှာ တပ်မမှူးထံ ခွင့်တောင်းပြီး ဆရာသမားကြီးထံ ကျွန်တော်သွားသည်။ သုဝဏ္ဏရှိ သူ့ကိုယ်ပိုင်အိမ်ဧည့်ခန်းထဲတွင် Dream bed ခေါ်ပလတ်စတစ်ခေါက်ကုတင်လေးပေါ်မှာလဲလျောင်းလျက် စာဖတ်နေသည်ကို တွေ့ရသည်။

အိမ်ရှေ့ ကားရပ်သည်နှင့် မမတင်က ထွက်လာသည်။ မနေ့ညနေပိုင်းလာကတည်းက အိမ်မှာစကားတစ်ခွန်းမှမပြောဘဲ သိုင်းဝတ္ထုတွေ တစ်အုပ်ပြီး တစ်အုပ်ဖတ်နေတာ အခုအတိုင်းပဲဟု သတင်းပေးသည်။

ကျွန်တော်ဝင်သွားတော့ ထိုင်လေဗျာဟုသာ တစ်ခွန်းပြောသည်။ ကျွန်တော်လည်း ခမရ(-) ကျွန်တော်တို့ တပ်ခွဲမှဆရာတွေ ရဲဘော်တွေ တပ်မကို ရောက်လာကြောင်း ထွေရာလေးပါးစကားတွေပြောသမျှ ဆရာသမားကြီးနားသာထောင်နေသည်။ လူကလည်းမလှုပ်၊ နှုတ်ကလည်းမဟ၊ ဆယ်မိနစ်လောက်ကြာတော့မှ ရုတ်တရက်ထပြီး ထမင်းစားခန်းထဲဝင်သွားသည်။ ထွက်လာတော့





အခါ ဝီစကီပုလင်းနှင့် ဖန်ခွက်နှစ်လုံး လက်ထဲမှာပါလာသည်။

သည်တော့မှ မမတင်က မြည်းစရာလေးများကလေးတွေကို လုပ်ခိုင်းလိုက်သည်။ ကျွန်တော်တို့နှစ်ယောက်ဖန်ခွက်ကိုယ်စီနှင့် ငယ်စဉ်၊ နုစဉ်တပ်ခွဲမှူး၊ တပ်စုမှူးဘဝစားမြုံ့ပြန်ရင်းစကားအရှိန်ရနေချိန်မှာ မမတင်နှင့်မသက်ဆွေကလည်း ထမင်းစားပွဲမှာ နှစ်ယောက်သား တွတ်ထိုးနေကြသည်။

ညမှောင်မှ သုဝဏ္ဏကထွက်၍ မော်ဘီသို့ပြန်လာခဲ့ရသည်။ ထိုည ညစာလည်း ကျွန်တော်မစားဖြစ်တော့ပါ။ ဆရာသမားကြီးလည်း စားကောင်းလိမ့်မည်မထင်။

များမကြာမီမှာပင် ဗိုလ်မှူးကြီးအေးစန်က တိုင်းမှူးအဖြစ်ပြောင်း၍ တပ်မမှူးအဖြစ် ဗိုလ်မှူးကြီးချစ်ဆွေ ရောက်လာပါသည်။

တပ်မမှူးဗိုလ်မှူးကြီးချစ်ဆွေ(ဗိုလ်သင်တန်း ၈)၊ ဒုတပ်မမှူးဗိုလ်မှူးကြီးစိန်အောင်၊ ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်မြင့်(ဗိုလ်သင်တန်း ၈)၊ ဗိုလ်မှူးကြီးမြင့်စိုး(ဗိုလ်သင်တန်း ၁၈)နှင့် ကျွန်တော်တို့ အတူတွဲ၍ တာဝန်ယူခဲ့ကြရပါသည်။

၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလမှာ ဒုတိယတပ်မမှူးဗိုလ်မှူးကြီးစိန်အောင်က မန္တလေးနမခသို့ ဒုတိုင်းမှူးအဖြစ် ပြောင်းရွှေ့ကာ ကျွန်တော်က တပ်မမှာ ဒုတိယတပ်မမှူးအဖြစ် တာဝန်ယူရပါသည်။ နည်းဗျူဟာ (-)ကိုတော့ ဒုမှူးကြီးစံလွင်(စစ်တက္ကသိုလ် ၁) ရောက်လာပါသည်။

ဒုတိယတပ်မမှူးဆိုတာ တပ်မမှူးကိုယ်စား တပ်မတစ်ခုလုံးအတွက် ဖြန့်ငုံတာဝန်ခံရပါသည်။ တပ်မမှူးက ရှေ့တန်းစစ်ဆင်ရေးကို အဓိကတာဝန်ယူကြီးကြပ်ရသည်။ တပ်မမှတပ်ရင်း ၁၀ ရင်းရှိသည့်အနက် တပ်ရင်းနှစ်ရင်းနောက်တန်းမှာ အလှည့်ကျအနားယူပြန်လည် စုဖွဲ့ရပါသည်။

ကျွန်တော်က တပ်ရင်း ၁၀ ရင်းစလုံးအတွက် အုပ်ချုပ်ထောက်ပံ့မှုကိစ္စများ တာဝန်ယူ၍ တပ်ရင်း ၁၀ ရင်းကို လှည့်လည်စစ်ဆေးသောအလုပ် အမြဲလုပ်ရသည်။ တပ်မမှူးနောက်တန်းပြန်သည့်အချိန်မှာ ရှေ့တန်းတက်၍ ရှေ့တန်းတပ်မစစ်ဆင်ရေးတာဝန်ယူရသည်မို့ စစ်ဆင်ရေးအခြေအနေလည်း မျက်ခြေပြတ်၍မရဘဲ အမြဲသိနေရပါသည်။

တပ်ရင်းမှူးအဆင့်ထိ ရှေ့တန်းမှာ ကိုယ်တိုင်တိုက်ပွဲဝင်ခဲ့ရဖူးသော်လည်း ဗျူဟာမှူးဖြစ်လာသောအခါ မြေပုံခန်းမှနေ၍ စစ်ဆင်ရေးတပ်များကို ကွပ်ကဲခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗျူဟာမှူးဖြစ်စက ငယ်ဆရာဖြစ်သော တိုင်းမှူးကြီးက စကားဦးသန်၊ ထားသဖြင့် သံလွင်မြစ်ကို ကူးပြီး စစ်ဆင်ရေးကြီး ဆင်နွဲရလိမ့်ဦးမည်ဟု မျှော်လင့် ထားခဲ့ပါသော်လည်း ဒုတိယတပ်မမှူးဖြစ်လာသောအခါ ဤတာဝန်ကြီးကို မရနိုင်တော့ ပြီဟုတွေးမိကာ ခံစားမှုတစ်ရပ်ဖြစ်ခဲ့ရပါသေးသည်။

## ဒုတပ်မမှူး ဆိုတာ

ရှေ့တန်းတွင် တပ်မမှူးလိုအပ်သည့်အချိန် ကိုယ်စားဝင်၍ စစ်ဆင်ရေးကို ကွပ်ကဲရခြင်း၊ တပ်မမှူးရှေ့တန်းမှာရှိသည့်အခါ နောက်တန်းဌာနချုပ်မှာ အခြေပြု၍ တပ်ရင်း ၁၀ ရင်းကို လှည့်လည်စစ်ဆေးရခြင်းဖြင့် ၁၉၇၈ ခုနှစ်ကုန်၍ ၁၉၇၉ ခုနှစ်ဝက်ကျော်လာရသည်။

တပ်မလက်အောက်ခံတပ်ရင်း ၁၀ ရင်းရှိရာ မော်ဘီ ရှမ်း(-)ရှိသည်။ ခလရ (-)က လော်ကားအဝင်(ယခုရွှေပြည်သာ)မှာရှိ၍ ခမရ (-)က မင်္ဂလာဒုံ အားကစားကွင်းကြီးနားမှာရှိသည်။ နောင်သောအခါ မော်ဘီသို့ပြောင်းရွှေ့ လာရပါသည်။

အင်းတကော်နယ်မြေတွင် ခမရ (-) (-) (-) တို့ရှိကြသည်။ သိမ်ဇရပ်တွင် ခလရ(-) ရှိ၍ဘီးလင်းမှာ ခလရ(-) ရှိသည်။ ခမရ(-)က မုတ္တမမှာရှိ၍ ခမရ (-)က မောင်လမြိုင်မြို့မှာရှိသည်။ တပ်စစ်ဆေးရန် သွား၊ သည်မှာသွားရေးလာရေး အဆင်ပြေလှပါသည်။

တပ်မမှူး ဗိုလ်မှူးကြီးချစ်ဆွေသည် ရှားပြည်မှာ စစ်သံမှူးလုပ်လာသူ ဖြစ်သည်။ ကကြည်းမှာလည်း စစ်ဦးစီးမှူး(ပထမတန်း)အထိ အဆင့်ဆင့်တာဝန် ထမ်းဆောင်ခဲ့ရသူဖြစ်၍ ဗမာ့တပ်မတော်မှလူကြီးများနှင့် အနီးကပ်တာဝန်ထမ်း ဆောင်ခဲ့ရသော အတွေ့အကြုံရှိသည်။ ယခင်မင်္ဂလာဒုံတွင်ရှိသော တောင်ပိုင်းတိုင်း စစ်ဌာနချုပ်များ တိုးချဲ့ဖွဲ့စည်းချိန်က မော်လမြိုင်အရှေ့တောင်ပိုင်းစစ်ဌာနချုပ် တွင်လည်းကောင်း ၁၉၆၂ ခုနှစ် တိုင်းစစ်ဌာနချုပ်များ တိုးချဲ့ဖွဲ့စည်းချိန်က မော်လမြိုင်အရှေ့တောင်တိုင်းမှာလည်းကောင်း စစ်ဦးစီးမှူး (တတိယတန်း)အဖြစ် တာဝန်ယူခဲ့ရသူဖြစ်၍ လူကြီးတွေနားမှာ နေရချိန်များ ဖြစ်ပေသည်။ မူလပင်ကိုယ် စရိုက်ကလည်း အေးချမ်းသူဖြစ်၍ တပ်မမှာ နိုင်းစရာရှိလျှင် အေးအေးဆေးဆေး နှင့်ဖြည်းဖြည်းပြောတတ်သည်။ ဗိုလ်မှူးကြီးစိန်အောင် ဒုတပ်မမှူးတာဝန်ယူချိန်နှင့် ကျွန်တော် ဒုတပ်မမှူး တာဝန်ယူရချိန်မှာ ကျွန်တော်တို့က ဆူဆူပူပူ ပေါ့ပေါ့နိုင်၊





နိုင်းပြောတတ်သူများဖြစ်၍ တပ်မမှာကျွန်တော်တို့နှစ်ယောက်က အသံကျယ်သူ များဖြစ်နေကြသည်။

တပ်မမှူးကြီး နောက်တန်းပြန်၍ စည်းဝေးပွဲတက်ချိန်မှာ ကျွန်တော်က ရှေ့တန်းတာဝန်ယူရသည်။ ကကြည်းတွင် စည်းဝေးပွဲအလုပ်ကိစ္စများ ပြီးလျှင် တပ်ရင်းနှစ်ရင်းလောက်ကို တပ်မမှူးသွားရောက် စစ်ဆေးတတ်သည်။

ရောက်သည့်တပ်မှာ လျှောက်ကြည့်သွားပြီး စိတ်ထဲမှ မှတ်လာသည်။ နှုတ်မှဖွင့်ဟညွှန်ကြားခဲ့သည်၊ ဆူပူခဲ့သည်ဟူ၍ မရှိ။ ရှေ့တန်းသို့လာသည့်အခါ ရဟတ်ယာဉ်နှင့်လာသည်။ ရဟတ်ယာဉ်ကို ခေတ္တစောင့်စေပြီး နောက်ဆုံးစစ်ဆင် ရေးအခြေအနေတွေ ရေးထောက်ဆိုင်ရာတွေကို အရာရှိများက တင်ပြရသည်။

ပြီးမှနောက်တန်းတပ်မနှင့် နောက်တန်းတပ်ရင်းတွေအတွက်လုပ်စရာများ ကျွန်တော့်ကို မှာကြားသည်။

ကိုညွန့်ဆွေရေ ကျွန်တော် ဘယ်တပ်ရောက်ခဲ့တယ်ဗျာ၊ နောက်တန်းက လူတွေအကဲခတ်ရတာနည်းနည်းလိုသလားမသိဘူးနော်၊ သွားကြည့်ပေးပါဦး။

ဘယ်တပ်ကြည့်ရတာတော့ စည်းကမ်းပိုင်းကအစ နောက်တန်းမှာရှိတဲ့ လူတွေလည်းသိပ်အားရစရာမရှိဘူး၊ စာရင်းစစ်လည်း မကြာခင်လာမယ်ပြောတယ်၊ ငွေစာရင်းတွေလည်း ကြည့်ပေးပါဦးဟု ပြောတာမျိုးရှိသလို

ဘယ်တပ်တော့ဖြင့် အိမ်ထောင်သည်လိုင်းပျက်တာတွေ ပြင်ရရင် ကောင်းမလားမသိဘူးနော်။ စိုက်ပျိုးရေးမွေးမြူရေးလေး ပိုလုပ်နိုင်းရင် ကောင်း မလား မသိဘူးနော်၊ တပ်ရင်းလုံခြုံရေးလည်း ဂရုစိုက်ဖို့ လိုမလားနော်ဟူ၍လည်း ပြောတတ်သည်။

သည်အပြောလေးတွေက ဒုတပ်မမှူး ဒီတပ်ဒီတပ်ကိုသွားပြီး ဒါတွေ ဒါတွေလုပ်နိုင်းပါဟု ပြောခြင်းသာဖြစ်ပါ၏။

မှတ်မှတ်ရရ တစ်ခါပဲ စိတ်ဆိုးမာန်ဆိုးနှင့်တပ်မနောက်တန်းမှူးကို အပြစ် တင်ဖူးသည်။

'နောက်တန်းမှူးကို ကျွန်တော်ပြောထားတာ လေးငါးလရှိပြီဗျာ၊ တပ်မ မျက်နှာစာခြံစည်းရိုးကို တခြားတပ်တွေလိုဖြစ်အောင် ဝါးပင်တွေစိုက်ပါဆိုတာ မှတ်မိမစိုက်ဘူး။ နောက်တန်းမှူးကအသက်ကြီးလို့ အလုပ် မလုပ်တော့ဘူးထင်တယ် တပ်မမှူးကနိုင်းတာပဲဗျ၊ လုပ်ရမှာပေါ့'ဟု လေသံလေးနည်းနည်းမာမာပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ တပ်မမှူးကျွန်တော်ကြားဖူးတာတော့ ငှက်ပျောကဆုန်၊ ဝါးနယုန်လို့ကြားဖူးတယ်။ အခု မတ်လဆိုတော့ ဒီနှစ်နယုန်လမှာ အချိန်မီစိုက်နိုင်လိုက်ပါ့မယ်'ဟု ဖြေပြောပြောမှ စိတ်ပြေသွားပုံရပါတော့သည်။

တစ်ခါလည်း ကျွန်တော့်ရှေ့တန်းအရောက်မှာ အလွဲအပြောင်းလုပ်ပြီး တပ်မမှူးကြီး ပြန်မဆင်းခင် နံနက်စာစားရင်း 'ဒီမှာတော့ မတတ်နိုင်ဘူးဗျာ ခေါင်းလည်းရှုပ်လှပြီ။ အရာရှိတွေစပြောမှလုပ်ကြသလို ဖြစ်နေလို့ တစ်နေ့ကတော့ ကျွန်တော်ပွဲကြမ်းပစ်လိုက်ရတယ်'ဟု ပြောသည်။ တပ်မမှူးကြီး ဘာတွေစိတ်ဆိုးစရာတွေ့ပြီး ဘယ်သူတွေကို ဘယ်လိုဒေါသဖြစ်သွားမှန်းမသိ၊ သူကလည်း ဆက်မပြော၊ ကျွန်တော်ကလည်း မမေးခဲ့။ ရဟတ်ယာဉ်ထွက်သွားမှ

'ဟော့ လူတွေဘာဖြစ်ကြတာလဲ'ဟု မေးကြည့်ရသည်။ 'စစ်ကြောင်းက သတင်းပို့တာ နောက်ကျလို့ ကျွန်တော်တို့က စောင့်မတောင်းရကောင်းလားဆိုပြီး ဆူတာပါ။ တပ်မမှူးကြီးပွဲကြမ်းတာ၊ ဒုတပ်မမှူးကြီး ချော့ပြောသလောက် ရှိပါတယ်'ဟု ညီငယ်လိုဖြစ်နေသော စစ်ဆင်ရေးဂျီသရီးက သူ့ပုံစံအတိုင်း ခပ်ပြုံးပြုံး ခပ်မှန်မှန်လေးပြောရှာပါသည်။ အလားအလာကောင်းသောအရာရှိလေးဖြစ်ကြောင်း ထိုစဉ်ကတည်းက သတိပြုမိခဲ့ပါသည်။ သည်လို အထက်လူကြီးနှင့် သည်လိုလူငယ်တွေကြားမှာ စိတ်ညစ်စရာဆိုဝေလားဝေးဟု ဆိုရမည်သာဖြစ်ပါ၏။ ကျွန်တော့်ကံကကောင်းလေစွ။

## တပ်မမှူး နိုင်းသမျှ

အားနာတတ်သော တပ်မမှူးဗိုလ်မှူးကြီးချစ်ဆွေ တည့်တည့်ပြော၍ ရှင်းရှင်းခိုင်းသောအလုပ်ရှိပါသေးသည်။

'ကျွန်တော်တို့ တပ်မက ကောင်းတာဆို ပထမရချင်တယ်။ စစ်ဆင်ရေးက တပ်တွေလည်း အားကိုးရမယ်။ အားကစားမှာလည်း အောင်မြင်ချင်တယ်ဗျာ၊ အစဉ်အလာရှိတဲ့သေနတ်ပစ်အသင်းအပြင် ဘောလုံးသင်းလည်း နိုင်ချင်တယ်၊ ဂေါက်သီးအသင်းလည်း ဝင်ပြိုင်ချင်တယ်။ ကိုညွန့်ဆွေလုပ်ပေးပါ'ဟု တိတိကျကျ တာဝန်ပေးလာပါတော့သည်။





## သေနတ်ပစ် အသင်း

တပ်မ(-) သေနတ်ပစ်အသင်းသည် အစဉ်အလာရှိသည်။ ကာကွယ်ရေးဦးစီးချုပ်ဒိုင်းမှာ နေရာတစ်ခုခိုင်ခိုင်မာမာရရှိခဲ့ပြီးဖြစ်သည်။ အနီးကပ်ကြည့်ကြပ်ရေးတာဝန်ပေးဖို့ လူရှာရသည်။ တပ်မလက်အောက်ခံတပ်တွေထဲမှ ဗိုလ်ကြီးမောင်တိုးကို ခေါ်ရသည်။ တပ်မမှူးဒိုင်းပြိုင်ပွဲကျင်းပပြီး လူရွေးလိုက်သည်။ တပ်မလက်ရွေးစင်သေနတ်သမားများ စုဖွဲ့ပြီး လေ့ကျင့်ရတော့သည်။ မော်ဘီတပ်မ ဌာနချုပ်အနားမှာစက်ပစ်ကွင်းရှိသည်။ တပ်မမှာ စခန်းသွင်း၍ လေ့ကျင့်စဉ်များ စနစ်တကျပြုလုပ်စေရသည်။

ကိုယ်ခန္ဓာကြံ့ခိုင်မှုကို လေ့ကျင့်ရသလို စိတ်တည်ငြိမ်မှုရှိရေးလည်း ဦးစားပေး လေ့ကျင့်ရပြန်သည်။ သေနတ်ပစ်စစ်သည်များ နေ့စဉ်၊ အပတ်စဉ်ပစ်ခတ်မှုထိမှန်ချက်ကို graph ဆွဲ၍ မှတ်တမ်းတင်ကြည့်ရာ ထိမှန်ချက်တိုးတက်မှုသည် တောက်လျှောက်တက်လာသည်။ ကျလာသည်ကို မတွေ့ရ။ စတုတ္ထ၊ ပဉ္စမရက်မှာ ထိချက်ကောင်းပြီး ဆဋ္ဌမနေ့မှာ ထိချက်ကျလာသည်မျိုးလည်း တွေ့ရသည်။ သုံးရက်ကောင်းကာ နှစ်ရက်ပြန်ကျသည်မျိုးလည်း ရှိသည်။ ထိုအခါ တစ်ဦးချင်းမှတ်တမ်းအရ ထိမှန်ချက်အတက်ဆုံးနေ့နှင့် ပြိုင်ပွဲဝင်ပစ်ခတ်ရမည့်ရက်ကို ချိန်ဆလေ့ကျင့်ရင်းတကယ့်ပြိုင်ပွဲမှာ ထိုဇယားအတက်အကျအလိုက် ပြိုင်ပွဲဝင်တစ်ဦးချင်းကို ချိန်ဆ၍ယှဉ်ပြိုင်စေရာ တကယ်ထိရောက်မှုရှိကြောင်းတွေ့ရသည်။ လက်ရည်တက်သည့်နေ့နှင့် အမှတ်ယူရမည့်နေ့ကို ချိန်ကိုက်ယှဉ်ပြိုင်မှုသည် လက်တွေ့မှာ အောင်မြင်သည်။ တပ်မ(-) အသင်းအမှတ်တွေ သဲ့ယူသလိုရခဲ့သည်။ စိတ်တက်ကြွမှု၊ စိတ်ပင်ပန်းမှုကြောင့်လား ကိုယ်ခန္ဓာဖွဲ့စည်းမှုကြောင့်လား၊ အာရုံကြောနှင့်ကြွက်သားတို့ တုံ့ပြန်မှုကြောင့်လားမသိ။

အနိုင်ရခဲ့သည်ကတော့ အမှန်ဖြစ်ပါ၏။

## ဘောလုံးအသင်း

ကာကွယ်ရေးဦးစီးချုပ်ဒိုင်းဘောလုံးပြိုင်ပွဲတွင် တပ်မဘောလုံးအသင်းများသည်ထိပ်ပိုင်းသို့ မရောက်ဘူးခဲ့။ အစဉ်အလာကြီးမားသောအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်း(မန္တလေး)စသည့်အသင်းကြီးများသာ အလှည့်ကျဗိုလ်စွဲနေကြသည်။ စစ်ဆင်ရေးပြီး စစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဆက်နေကြရသော တပ်မတပ်ရင်းများမှာ ဘောလုံးသမားကောင်းများ ပေါ်ထွက်မှု နည်းခဲ့သလိုတပ်မအသင်းများ တိုးမပေါက်နိုင်ဖြစ်ခဲ့ရသည်။

တပ်မ(-) တပ်မမှူး ဒိုင်းပြိုင်ပွဲကျင်းပ၍ ပဏာမလူရွေးရသည်။ ကျွန်တော့်တပ်ရင်းမှူးဘဝ အတွေ့အကြုံအရ နည်းပြဆရာသည် ပဓာနအကျဆုံး ဟု ခံယူထားသည်။ တပ်မတော်နည်းပြဆရာ နာမည်ကြီးများမှာ ပံ့ပိုးမှု၊ အားပေးမှု များစွာတတ်နိုင်သော ရေ၊ လေ၊ စစ်တိုင်းအသင်းကြီးများတွင် ရောက်ရှိတာဝန်ယူ နေကြသည်။

အောက်စည်းက ဝင်ရမည်။ တပ်မအသင်းလေးမို့ ကျွန်တော့်မှာလျှို့ဝှက် ထောက်လှမ်းရေးလုပ်ရတော့သည်။ ရွက်ပုန်းသီးနည်းပြဆရာလိုက်ရှာရသည်။ တွေ့ ပြီး တကယ့်ရွက်ပုန်းသီးနည်းပြဆရာ 'တပ်ကြပ်ကြီးဘရီ' ဆိုသူ ဘယ်အသင်းကြီး မှာမှ တာဝန်မယူဘဲ တပ်မတော်မှတ်တမ်းရုံးမှာ ရှိနေသည်ဟု သတင်းရ၍ ဆက် သွယ်ခေါ်ယူရသည်။ တပ်မ (-) ဘောလုံးအသင်းတစ်သင်းလုံးကို စိတ်ကြိုက်ပုံစံ သွင်းလေ့ကျင့်ပေးရန် ပုံအပ်လိုက်သည်။

တပ်မဘောလုံးအသင်းကို ပထမဦးစားပေးလေ့ကျင့်ရသည်မို့ ဘောလုံး သမားဗိုလ်မောင်သန်းကို ခမရ (-)မှ ခေါ်ယူ၍ တပ်မမှာ တွဲဖက်ကာ ဘောလုံး သင်းအုပ်ချုပ်သူတာဝန်ပေးရသည်။ အင်းတကော် ခမရ (-) တွင် စခန်းသွင်း လေ့ကျင့်စေသည်။

ကျွန်တော်လိုချင်သည်က ကာကွယ်ရေးဦးစီးချုပ်ဖလားရရှိရေး၊ တာဝန် ယူရမည့်က ဗိုလ်မောင်သန်းနှင့် တပ်ကြပ်ကြီးဘရီဟူ၍ တိတိကျကျပြောလျက် ပုံအပ်ရသည်။

ဘောလီဘောအသင်းကိုတော့ စတင်တည်ထောင်ရသည်မို့ လူငယ်ပဏာမ လက်ရွေးစင်ပါဖူးသည်ဟု သိရသောမောင်တင်ထွန်းကို တပ်ထဲဝင်စေပြီး တပ်မ ဘော်လီဘောအသင်း တာဝန်ယူလေ့ကျင့်စေရသည်။ မင်္ဂလာဒုံခမရ (-)မှာ စခန်းသွင်းထားသည်။

တစ်နေ့မှာ ကျွန်တော်မော်ဘီမှ အစောကြီးထွက်၍ အင်းတကော်ခမရ (-)သို့ ခြောက်နာရီခွဲမှာ ရောက်သည်။ ဘောလုံးသမားများအားလုံး အိပ်ရာက မထကြသေး။

အော်ဟစ်ဆူဆဲတော့မှ ချက်ချင်းထကာ တပ်နှင့်မျက်စောင်းထိုးရှိ





ဘောလုံးကွင်းသို့ ပြေးကြသည်။ နောက်တန်းမှာရှိသောတပ်ရေး၊ တပ်ထောက်ကို နိုင်းနိုင်းပြီး ဩဘာပေးရပါတော့သည်။

တပ်ရင်းတစ်ရင်းလုံး ရှေ့တန်းမှာ နေမအိပ်ရ ညမအိပ်ရ စစ်တိုက်နေကြ ရတယ်၊ မင်းတို့နောက်တန်းမှာနေပြီး စောစောလေးမှထပြီး မကြပ်မတ်နိုင်ဘူးလား သည်ဖြင့် ပြင်းပြင်းထန်ထန်ပဲ ပြောခဲ့မိသည်။ သည့်နောက်ပိုင်း ခမရ (-)ရော ခမရ(-)ရော နောက်တန်းမှာရှိသည့်အရာရှိများ ကိုယ်ဖိရင်ဖိ ကြပ်မတ်ကြကြောင်း သွားလိုက်တိုင်း တွေ့နေရပါတော့သည်။

နောင်သောအခါမှ သိရတာလေးရှိပါသေးသည်။

ခမရ(-)တပ်ရေးဗိုလ်ကြီးက ကျွန်တော့်ဇနီးထံလာတွေ့သည်။ ကျွန်တော် ရုတ်တရက်လာစစ်ပြီး အားလုံးအိပ်နေတာတွေ့သွားလို့ အဆူအဆဲခံရကြောင်း၊ မနက်ကို အိမ်ကထွက်သွားသည်နှင့် သူတို့ဆီဖုန်းဆက်ပေးဖို့လာရောက် တောင်းပန်သည်တဲ့။ ကျွန်တော့်ဇနီးကလည်း ကျွန်တော်ထွက်သွားပေမယ့် ဘယ်ကို သွားမှန်းမှမသိတာဘဲဟု ပြောလိုက်ရာ

'အစ်မရယ် ဘယ်သွားသွား အိမ်ကအစောကြီးထွက်သွားတာနဲ့(-)နဲ့ (-)ကိုသာ ဆက်လိုက်ပါ။ ဒီအသင်းတွေပဲလာမှာပါ'ဟု စည်းဝါးရိုက်သွားသော ဟူ၏။

သည်လိုလေ့ကျင့်မှု ကြီးကြပ်ပံ့ပိုးမှုတွေနှင့် ဘောလုံးသမားလေးများ မခံချင်စိတ်နှင့် ကြိုးစားမှုတို့ကြောင့် တပ်မအသင်းလေးတစ်သင်း အကြိုဗိုလ်လုပွဲ သို့ တက်ခွင့်ရပါတော့သည်။

## ပွဲကပွဲကြီး- ပွဲကြမ်း

မန္တလေး-ဗထူးကွင်းမှာ ယှဉ်ပြိုင်ရမည့်အသင်းက အိမ်ရှင်အနောက် မြောက်တိုင်းစစ်ဌာနချုပ်အသင်းဖြစ်သည်။ သဘာရင့်၊ ဝါရင့် ဗိုလ်စွဲနေကျ အိမ်ရှင် အသင်းကြီးကို သူ့အိမ်ကွင်းမှာ သွားယှဉ်ပြိုင်ရမည့်တောကွင်းမှ တောသင်းလေး တပ်မ(-) အဖို့ စိတ်ဓာတ်နှင့်စည်းလုံးမှုမှတစ်ပါး အားကိုးရာမရှိဖြစ်ရပြီ။

အကြိုဗိုလ်လုပွဲစသည်နှင့် ဗထူးကွင်းလုံးပြည့် အားပေးကြသော ပရိသတ် ၏ဩဘာပေးသံတွေကြားမှာ နမခအသင်းက ရဲရဲတင်းတင်း ယုံကြည်မှုအပြည့်နှင့် ကစားကွက်ဖော်ကစားတော့သည်။ ကြွကြွရွရွ၊ လှလှပပ အပေးအယူလုပ် ကစားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တပ်မ(-) အသင်းလေးကတော့ ကျွန်တော်တို့ဇနီးမော် နှင့် လေးငါးဆယ်ယောက်သာ အားပေးသူရှိသလို ကွင်းထဲဆင်းလာကတည်း ခပ်ရိုရိုလေးဝင်လာကာ ခရာမှုတ်သည်နှင့် ပရိသတ်ကြီးအော်သံကြားလေ ပွဲကြော လေးဖြစ်လာသည်။ ကစားကွက်ဖော်ဘို့ နေနေသာသာ အပေးအယူအကန် တွေကလည်း မိုးထောင်ဘေားချော်ဖြစ်လာသည်။

ဆယ့်ငါးမိနစ်ခန့် ပွဲကြောင် လူကြောက်နေသောအသင်းကို နည်းပြ ဘရီက ထိန်းလိုက်သည်။ အသင်းကြီးနှင့်ယှဉ်၍ ကွင်းကြီးမှာကစားကွက်ချင်း တစ်ဦးချင်းပါ ထိပ်တိုက်ယှဉ်မည့်အစား မြန်မြန်ပြေး၊ ဝေးဝေးကန်၊ ရဲရဲဖျက် ဖောက်တက်စေသောနည်းပြောင်းလိုက်သည်။

ကိုယ့်နောက်တန်းလုံအောင်ကာလျက် အဝေးကန်ချက်ကို လျင်မြန် အပြေးအားနှင့် တစ်ဘက်သင်းဂိုးပေါက်အား ခြိမ်းခြောက်လာနိုင်သည်။

မန္တလေးဘောလုံးပရိသတ်က အဆင့်ရှိသည်။ တစ်ဖက်သတ်အားပေး မပြဘဲ တပ်မအသင်းက တန်ပြန်ထိုးဖောက်လာသည်နှင့် တစ်ကွင်းလုံးအားပေး ကြသည်။ နမခအသင်းကြီး ကစားကွက်စိတ်ကြိုင်တည်မရဖြစ်လာသည်။ က ကွက်ပျက်လာသည်။

တောကွင်းမှာ ကျင့်လာသော တောအသင်းလေး ခြေတွေ့လာသည် စိတ်ဓာတ်တွေတက်ကြွလာသည်။ မျှတစွာအားပေးသော ပရိသတ်အားကိုပါရသ နမခအသင်းကြီးကို သူ့အိမ်ကွင်းမှာ ၂ ဂိုး ၁ ဂိုးနှင့် အနိုင်ရလိုက်ပါတော့သည်။

ဗိုလ်လုပွဲကိုတက်ရပြီ။ ကကလေအသင်းနှင့်ယှဉ်ပြိုင်ရမည်။ ရှေ့တ တပ်ရင်းအားလုံးထံမှအားပေးသောကြေးနန်းများ ရောက်ရှိလာသည်။ တပ်မမှူး လည်း ချန်ပီယံဆုဖလားရရှိလျှင် ကစားသမားအားလုံးကို တစ်ဆင့်စီရာထူးတိုး ရန် စီစဉ်ပါဟု ကြေးနန်းရရှိပြန်သည်။

၂၅-၁၀-၁၉၇၉ ညနေမှာ ဗိုလ်လုပွဲကစားရသည်။

ဗိုလ်လုပွဲမှာ ကကလေအသင်းအတွက် မိတ္ထီလာမှအားပေးသူ ကားကြီးကားငယ်နှင့်ရောက်လာကြသည်။ အထူးတန်းပွဲကြည့်စင်မှာ လေတ ဝတ်စုံနှင့်အရာရှိကြီးများ အရာရှိများ၊ အားရစရာတွေ့ရသည်။ ကျွန်တော်တို့တပ် ဘက်ကတော့ ကျွန်တော်ရယ်၊ တပ်ရေးဗိုလ်ကြီးကျော်ထွန်းရယ်သာ (-) တံ နှင့်ရှိကြသည်။ ကျွန်တော်ဇနီးနှင့်အမျိုးသမီးလေးဦးပါသည်။





ပွဲစသည်နှင့် ဗထူးကွင်းပရိသတ်က '(-)'ကွ ဟု အားပေးသည်။ ညာမတာပြောရလျှင် တောသားရဲဆွဲထုတ်ဟု ပြောရမလားမသိ။ သဘာရင့်ဝါရင့် လေတပ်အသင်းကြီးကိုလည်း ၁ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရလိုက်ပါတော့သည်။

၁၉၇၉ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ဆုဖလားကြီးကို တပ်မအသင်းအနေ နှင့် ပထမဆုံးရရှိလိုက်ခြင်းဖြစ်ပါ၏။

နောက်တစ်နေ့မှာ ဆုဖလားကြီးနှင့်မပြန်မီ နမခတိုင်းမှူးကြီးဗိုလ်မှူးချုပ် သန်းညွန့်ထံ ကျွန်တော်ဝင်တွေ့ သတင်းပို့နှုတ်ဆက်ရပါသည်။ တိုင်းမှူးကြီးက လည်း ကျွန်တော့်အသင်းအနိုင်ရ၍ လက်ဆွဲနှုတ်ဆက်ဂုဏ်ပြုပါသည်။ ပြီးတော့ မေးသေးသည်။ 'ခင်ဗျားတို့အသင်း ဒီလောက်တက်လာအောင် ဘယ်လိုလုပ် လေ့ကျင့်လာတာလဲဗျ' ဟု မေးသည်။

'ကျွန်တော်တို့အသင်းက ဘောလုံးပညာရော၊ ကစားကွက်ပါအသင်းကြီး တွေကို မမီပါဘူး။ ဒါကြောင့် ကွင်းထဲမှာ လှလှပပနဲ့ ပညာတွေမပြနဲ့၊ စစ်တိုက် သလို ရဲရဲဝင်၊ ရဲရဲဖျက်၊ ဝေးဝေးကန်၊ မြန်မြန်တက်ဖို့ပဲ သင်ထားတယ်၊ အမိန့် ပေးတဲ့အတိုင်း စစ်သားပီပီကစားလို့ အသင်းကြီးတွေကစားကွက်ပျက်အောင် ဖွကပေးနိုင်ခဲ့တယ်လို့ ထင်ပါတယ်'ဟု ပြောမိလိုက်ပါတော့သည်။

ထိုနှစ်မှစ၍ တပ်ကြပ်ကြီးဘရီဟူ၍ ဘောလုံးနည်းပြလောကမှာ နာမည် ကြီးသွားသည်။ ယခုတော့ ဒိုင်လူကြီးများအသင်းမှာ အတွင်းရေးမှူးတာဝန် ယူနေရ သည်။

ဘောလီဘောအသင်းကိုတော့ လူတွေစု လေ့ကျင့်မှုတွေ ပြုလုပ်ရင်းနှင့် ဦးစီးချုပ်ဒိုင်းကြီးမရရှိနိုင်သေးမီ ကျွန်တော်ပြောင်းလာခဲ့ရပါသည်။

## ဂေါက်သီးအသင်း

တပ်မတော်ဂေါက်သီးအသင်းဖွဲ့စည်းဘို့ အခက်ဆုံးဖြစ်သည်။ တပ်မမှာ အကြောပေး ၁၈ နှင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သူရယ်လို့ ဆက်သွယ်ရေးတပ်ခွဲမှူး ဗိုလ်မှူးလှမိုးတစ်ယောက်ထဲရှိသည်။ တပ်မမှူးကြီးက ဂေါက်သီးကစားသည်။ VIP ပွဲကစားရန်သာဖြစ်သည်။ ကျွန်တော်နှင့်တကွ ကျန်အရာရှိများ ဂေါက်သီး စရိုက်ကြရာ ရှေ့တန်းတွင်ဗိုလ်မှူးလှမိုးက နည်းပြဖြစ်သည်။ ကျွန်တော်မှာ သလောက် Golf Digest အဟောင်းတစ်အုပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



Driver ရိုက်ရာမှာ Sam Sneed Fair way wood ရိုက်ရာမှာ Arnold Palmor သံရိုက်ရာမှာ စံပြုရသူတို့ပုံများနှင့် ရိုက်နည်းစနစ်တွေ ရေးထား သည့် ဒီတစ်အုပ်တည်းသော စာအုပ်ကို ကြည့်လိုက်ရိုက်လိုက်လေ့ကျင့်ကြရသည်။

ကျွန်တော်က ဂေါက်သီးနှင့်စိမ်းသူမဟုတ်။ လပခမှာ ဗိုလ်ကြီးဘဝက တိုင်းမှူးနှင့် ဂျီဝမ်ကြီးတို့ရိုက်သည့်ကွင်းသို့ ရောက်ဖူးသည်။ ဒုတပ်မမှူးဖြစ်၍ ဂေါက်သီးစရိုက်ဘို့ပြင်တော့ အစ်ကိုဝမ်းကွဲတော်၍ လပခမှာ ဂျီဝမ်းနှင့်ဂျီသရီ အတူလည်း နေခဲ့ဖူးသော ဗိုလ်မှူးကြီးဖော်ဝင်း (တစ်ချိန်ကအပျော်တမ်းချန်ပီယံ) ထံသွားသည်။ ဂေါက်သီးရိုက်နည်း သင်ပေးဘို့တင်ပြသည့်အခါ သူကမေးပါသည်။

'ဂေါက်သီးရိုက်တာ သုံးမျိုးရှိတယ်'

ကျန်းမာရေးအတွက် For health လား။

လူကြီးစာရင်းဝင်လာလို့ Social Golf ရိုက်မှာလား။

Class player ဖြစ်ချင်တာလားဟု မေးသည်။

ကျွန်တော် ချက်ချင်းဖြေလိုက်ပါသည်။ လူရှိသေရှင်ရှိသေ Class player ဖြစ်ချင်ပါတယ်ဟူ၍ သည်လိုနှင့်တစ်ပတ် နှစ်ရက် တပ်မတော်ဂေါက်ကွင်းမှာ ရပ်ပုံ၊ တုတ်ကိုင်ပုံ၊ လွှဲပုံ၊ ခေါင်း၊ လက်၊ ပခုံး၊ ခါး၊ ဒူးအနေအထား အားလုံးအသေးစိတ် စသင်ပါသည်။ ဗိုလ်မှူးကြီးနှင့်အတူ ယနေ့မြန်မာနိုင်ငံပထမ နည်းပြဖြစ်နေသော ဗိုလ်မှူးကြီးကိုလေး(ထိုအချိန်က ဗိုလ်ကြီးကိုလေး)ရော၊ အရာခံဗိုလ်မောင်ပြုံးတို့က ခြေကိုင်ခါးကိုင်၊ ပခုံးကိုင်ရင်း သင်ပေးပြင်ပေးသည်။

တစ်ပတ်မှာ ကျန်သော ငါးရက်စလုံးနံနက်နှင့် ညနေကျွန်တော်လေ့ကျင့်သည်။ မှော်ဘီမှာ လေတပ်ဂေါက်ကွင်းရှိသည်။ ရွှေတန်းတပ်မရှိရာ လဲချားမှာ ဂေါက်ကွင်းရှိသည်။ နံနက်ဘောလုံး ၃၅၀-၄၀၀ ညနေ ဘောလုံး ၃၅၀-၄၀၀ နေ့စဉ်ရိုက်ပါသည်။ ပထမနှစ်လတိတိ သံဒုတ်နံပါတ် ၇ နှင့်နံပါတ် ၅ နှစ်ချောင်းတည်း လေ့ကျင့်ရပါသည်။

ရွှေတန်းတပ်မရှိရာ လဲချားတွင် တပ်မမှူးနှင့်ကျွန်တော်တို့ တစ်ရက်နှစ်ရက်အတူဆုံကြချိန်မှာ တပ်မမှူးကြီးက သူနှင့်အတူဂေါက်သီးရိုက်ရန် ခေါ်သည်။ ကျွန်တော်က မလိုက်၊ တစ်ယောက်တည်း ရဲဘော်နှစ်ယောက်နှင့် လေ့ကျင့်နေမြဲဖြစ်သည်။

တပ်မမှူးကြီးက သဘောကောင်းပါသည်။ လူကြီးကခေါ်တာ အလိုက်





သိလိုက်မကစားဘဲ လေ့ကျင့်နေရကောင်းလားဟု မငြူစူ။ နောက်တန်းရောက်မှ ကျွန်တော့်ဇနီးကို သူကပြောသည်။

'သက်သက်ရေ ကိုညွှန့်ဆွေကိုလည်းပြောဦး ဂေါက်သီးဆိုတာ Social Game ပဲ။ တစ်ယောက်တည်းအမြဲကျင့်မယ့်အစား အဖော်နဲ့ ကွင်းလှည့်ရတဲ့ Game ပဲ' ဟု ပြောသည်။ 'သူ့ဆရာက ကွင်းလှည့်ခွင့်မပြုသေးဘူးလို့တော့ အိမ်မှာပြောပြောနေပါတယ် တပ်မမှူး' ဟု မသက်ဆွေကလည်း ပြန်ပြောခဲ့ရသေးသည်။

ဂေါက်သီးလေ့ကျင့်ရာမှာ မြက်ဖြတ်သမားဘဝလည်း ရောက်ရသေးသည်။ နေ့လည်နေ့ခင်းအားလပ်ချိန်မှာ Free swing လုပ်ရသည်။ မြေကြီးကိုလဲမထိ၊ လွတ်လဲမလွတ်၊ မြက်သားလေးရုပ်ထိအောင် လွှဲနေရသည်က နေ့တိုင်းဖြစ်သည်။

[ရွှေတန်းတပ်မမှာနေရင်း ကိုအံ့ကျော်၊ ကိုသိန်းကြည်၊ ကိုသိန်းစိန်၊ ကိုမောင်မောင်တင်၊ ကိုဝင်းမြင့်၊ ကိုခင်မောင်ရင်၊ ကိုချစ်သွင်၊ ကိုနေမျိုး စသည်တို့အားလုံး လဲချားကွင်းနှင့် မိုင်းရှူးမြေပဲခင်းမှစ၍ ဂေါက်သမားများ VIP များဖြစ်လာခဲ့ကြပါတော့သည်။]

သည်ပုံအတိုင်းတော့ဖြင့် လူသစ်တွေချည်းဖြစ်သော တပ်မဂေါက်သီးသင်းဝင်ရောက်ယှဉ်ပြိုင်ဘို့မလွယ်ပြီ။ ဗိုလ်ကြီးကိုလေးနှင့် ကျွန်တော်ရန်ကုန်မြို့ ဂေါက်ကွင်းများသို့ လှည့်ကာ လူရွေးရတော့သည်။ ကယ်ဒီတွေထဲက သပ်သပ်ရပ်ရပ်ရိုက်နိုင်မည့်သူ လိုက်ရှာရသည်။ မြင့်သောင်း၊ မြင့်သိန်း၊ ဒွေးဝင်းတို့ သုံးယောက်စိတ်ကြိုက်တွေ့ကာ တပ်ထဲသွင်းလိုက်သည်။ ရဲဘော်ဖြစ်လာပြီးနောက် မှော်ဘီလေတပ်ကွင်းမှာ လေ့ကျင့်စေသည်။ လေတပ်ကွင်းက မြက်ကွင်း Green မရှိ၊ Brown ခေါ် သဲကျင်းမှာ ကျင်းစိမ်ရသည်။ ၉ ကျင်းကွင်းဖြစ်သည်။

နံနက်မှာ ကွင်းအားချိန် ရဲဘော်သုံးဦးကို ကွင်းလှည့်လေ့ကျင့်စေရသည်။ ၁၀ ကျင်းပြည့်လျှင် အနီးရိုက်ချက်၊ ချဉ်းကပ်ရိုက်ချက်နှင့် ကျင်းစိမ်ခြင်းတို့ လေ့ကျင့်စေရသည်။ ညနေအရာရှိများ ကစားချိန် ကွင်းမအားသည့်အတွက် တစ်ရက်သစ်သားတုတ်၊ တစ်ရက်သံတုတ် ရိုက်ချက်ကျင့်စေသည်။ လေ့ကျင့်ရေး ဘောလုံး ၅၀ သာ ပေးနိုင်သည်။ နှစ်ယောက်တစ်ဘက် တစ်ယောက်ကတစ်ဘက် လုံတိုင်စိုက်ထားရသည်။ တစ်ဘက်မှရိုက်လျှင် ကျန်တစ်ဘက်ကကောက်၊ ပြီးလျှင် ရဲဘော်က ပြန်ရိုက်သည့်ဘက်က ကောက်စနစ်နှင့်တစ်ယောက်အလုံး ၅၀၀



www.burmeseclassic.com

www.burmeseclassic.com



ခန့် ရိုက်နိုင်းသည်။ ညစဉ်လေ့ကျင့်မှု၊ ကွင်းလှည့်မှု၊ အခြေအနေ ကျွန်တော့် သတင်းပို့စေရသည်။

တစ်နှစ်ပြည့်သောအချိန်မှာ ကျွန်တော်တို့ အကျောပေး ၁၈ ရိုက်နိုင် ကြပြီမို့ ပြိုင်ပွဲဝင်ကြသည်။ ရဲဘော်အကျောပေး ၄ ထက်မပိုရပေ။ ထိပ်ပိုင်းမရောက် သော်လည်း တပ်မ (-)နောက်မှာ အချို့အသင်းတွေကို ချန်ထားနိုင်သော ရရှိပါသည်။

ကျွန်တော်မွေးခဲ့သောဂေါက်သမားသုံးဦးအနက် တပ်သားဒွေးဝင်းသည် တပ်မမှူးကြီးမောင်လမြိုင်တိုင်းမှူးဖြစ်တော့ ငန်းတေးဂေါက်ကွင်းသို့ ပါသွားသည်။ စနစ်တကျဆက်မကျင့်ဖြစ်ဘဲ ကယ်ဒီဆရာဆက်လုပ်ရင်း အရှိန်ပြတ်သွားသည်။ ယခုထိ ဒဂုံဂေါက်ကွင်းမှာ ကယ်ဒီမာစတာလုပ်ဆဲဖြစ်သည်။ ကျန်းမာရေး မကောင်းတော့ပေ။

တပ်သားမြင့်သိန်းကိုတော့ တပ်မ (-)တပ်မမှူးဗိုလ်မှူးကြီးအေးသော က တောင်း၍ ပေးလိုက်ရသည်။ နောက်ပိုင်းတောင်ငူတိုင်းမှူးဖြစ်တော့ တော ကွင်းကို ပါသွားသည်။ ယခုထိ သည်တိုင်း သည်တိုင်းဖြစ်သည်။

တပ်သားမြင့်သောင်းက စည်းကမ်းရှိသည်။ ပြိုင်ပွဲရိုက်လျှင် သူ့ (မြန်မာဂေါက်ကွင်းကယ်ဒီဟောင်း)က လိုက်ကြည့်သည်။ မကျေနပ်လျှင် ဆဲတော့ သည်။ မြင့်သောင်းသိပ်ကြောက်ရ၊ ရိုသေရပေသည်။

မြင့်သောင်းကို ပထမဆုံးပြည်ပပွဲအဖြစ် မြန်မာအသင်းနှင့်အိန္ဒိယသို့ လွှတ်လိုက်ရာ သူ့ရိုက်ချက်ကို အသင်းမှာထည့်သွင်းရသည်အထိ အောင်မြင်သည်။ နောက်ပိုင်းမြန်မာပြည်အပျော်တမ်းချန်ပီယံ၊ ပူထရာလက်ရွေးစင်တွေဖြစ်ခဲ့သည်။ ဆုကြေးစားဂေါက်သမားအဖြစ် နေရာတစ်နေရာရယူနိုင်ခဲ့သည်။ ယခုအခါအသက် ကြီးလာ၍ဂေါက်ပစ္စည်းဆိုင်မှာအစုစပ်ဝင်ရောက်ပါဝင်ခွင့်ရသည်။ကိုယ်ပိုင်ကား၊ လက်ကိုင်ဖုန်းနှင့်ကလေးတွေ တက္ကသိုလ်ပို့သည်အထိ တိုးတက်သွားခဲ့ပါသည်။

သူတို့အကြောင်းစဉ်းစားမိတိုင်း 'အစမှာတူကြသူတိုင်း ထိပ်ပိုင်းရောက် တော့ မတူနိုင်ကြပါလား'ဟု တရားသံဝေဂရမိရပါတော့သည်။





## ဗိုလ်မှူးကြီးစိန်အောင်

တပ်မမှာ ဗိုလ်မှူးကြီးချစ်ဆွေ တပ်မမှူးအဖြစ်ရောက်လာစက ဒုတပ်မ မှူးက ဗိုလ်မှူးကြီးစိန်အောင်ဖြစ်သည်။ ကျွန်တော်က ဗျူဟာမှူးဖြစ်ပါသည်။

ဗိုလ်မှူးကြီးစိန်အောင် နမခသို့ ဒုတိယတိုင်းမှူးအဖြစ် ပြောင်းသည့်အခါ ကျွန်တော်က ဒုတိယတပ်မမှူးတာဝန်တိုးယူရသည်။

၁၉၈၁ခု၊ ဩဂုတ်လတွင် ဗိုလ်မှူးကြီးချစ်ဆွေက လားရှိုးသို့ တိုင်းမှူး ဖြစ်ပြောင်းသောအခါ 'ဗိုလ်မှူးကြီးစိန်အောင်'က တပ်မမှူးဖြစ်လာပြန်ပါသည်။

သည်အခါမှာတော့ ကျွန်တော်နည်းနည်းသက်သာသလိုရှိလာသည်။ တပ်ရင်းတွေကို တပ်မမှူးတစ်လှည့်၊ ကျွန်တော်တစ်လှည့် သွားရောက်ကြသည်။ ဆွေးကြသည်။ ပြုပြင်စရာများ ဖြည့်ဆည်းစရာများရှိလျှင် တစ်ခါတည်း ညွှန် ကြားခဲ့ကြသည်။

တစ်ခုတော့ရှိသည်။ ဗိုလ်မှူးကြီးစိန်အောင်က မျက်နှာထားတည်သည်။ ချို့က မျက်နှာထားတင်းသည်ဟု မြင်ကြသည်။ လူငယ်တွေကို ပြောရာမှာ ပါသမပါသော်လည်း ထွားကျိုင်းသောသူ့ကိုယ်ကာယနှင့် လိုက်ဖက်စွာ လေသံ လည်း မာတတ်သည်။

တပ်မတပ်ရင်းက အရာရှိတွေ၊ အရာရှိဇနီးတွေ အကြောက်မလွန်ရအောင် တပ်မမှူးကတော်ကြီးက အမြဲလိုက်လံရှင်းပြနေရရှာသည်။

'တပ်မမှူးက ခပ်တည်တည်နေတတ်၊ ပြောတတ်လို့ပါ၊ စိတ်ကမဆိုးပါ ဘူး'ဟု အမြဲလိုက်ပြောနေရရှာသည်။

ကျွန်တော်တို့တပ်မနှင့်တပ်ရင်းများမှ အရာရှိများ တပ်မမှူးကို အလွန် ကြောက်ကြသည်။ သို့သော် အငယ်ဆုံးသောအာဇာနည်မလေးတစ်ဦးပေါ်လာခဲ့ ပါသည်။

ရှမ်း(-) တပ်ရင်းမှူးဗိုလ်မှူးထွန်းရွှေ (စစ်တက္ကသိုလ် ၁)၏ဇနီး ညွန့်ညွန့် က သမီးငယ်လေးမသူဇာနှင့် ကျွန်တော့်အိမ်ရောက်လာသည်။ ကျွန်တော်ကလည်း ကလေးချစ်တတ်သူမို့ သမီးလေးကိုခေါ်ချီကာ မုန့်ကျွေးသည်။ ဖေဖေနဲ့မေမေ ဘယ်သူ လှသလဲ၊ ဘယ်သူ့ပိုချစ်သလဲဟု မေးနေကျအတိုင်းမေး၍ ထွေးထွေးပွေ့ပွေ့ လေးဆက်ဆံမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အိမ်မှထွက်ပြီး သားအမိနှစ်ယောက် တပ်မမှူးကြီးအိမ်သွား
ဂါရဝပြုသည်။ ညွှန့်ညွှန့်ကလည်း ရှိရှိသေသေလေးထိုင်နေသလို သမီးလေးက
ဘေးမှာကပ်ထိုင်နေရင်း တပ်မမှူးကြီးကို ကြည့်နေသည်။

တပ်မမှူးက ထုံးစံအတိုင်း ရှေ့တန်းနဲ့အဆက်အသွယ်ရသလား၊
တန်းမှာရောအဆင်ပြေသလား စသည်မေးနေသည်။ ခဏအကြာမှာ သမီး
မသူဇာကအမေကို တိုးတိုး တိုးတိုးပြောသည်။ ဘာပြောတာလဲဟု တပ်မမှူးကြီး
မေးတော့ အမေကမဖြေ။

'ကဲ သမီးလေး ဘာပြောတာလဲ ဘဘကိုပြောစမ်း'ဟု သူ့ကို တိုက်ရိုက်
မေးမှ ဖြေတော့သည်။

ဒီအိမ်ကဘဘကြီးက ဟိုအိမ်ကဘဘကြီးလို သဘောမကောင်း
ပြောတာ'ဟု ကလေးပီပီ ပွင့်ပွင့်လင်းလင်းပြောချလိုက်ပါတော့သည်။

ထိုအချိန်မှစ၍ ကျွန်တော်က သူ့ကို အာဇာနည်မလေးဟုသာ ခေါ်
တော့သည်။ ဟိုတစ်ချိန်က မသူဇာလေးသည် ယခုတော့ ချစ်စရာသားလေး
ဒေါ်သူဇာဖြစ်နေလေပြီ။

**နောက်တန်းတပ်မမှ အမှု**

[ဤအကြောင်းအရာကို မရေးချင်ပါ။ သို့သော်လည်း နောင်လာ
သားတွေ သိရှိဆင်ခြင်နိုင်စေရန် ရေးသားရခြင်းဖြစ်ပါ၏]

ခြေမြန်တပ်မဌာနချုပ်သည် စစ်ဆင်ရေးအတွက် လှုပ်ရှားတာဝန်
ဆောင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ တပ်မမှူးနှင့်ဗျူဟာမှူးများသည် ရှေ့
စစ်ဆင်ရေးအတွက်သာ တာဝန်ယူအာရုံစိုက်ကြရသည်။

တပ်မဌာနချုပ်၏အုပ်ချုပ်မှုကိစ္စအဝဝကိုဆောင်ရွက်ရန် ဌာနချုပ်
ဟုဖွဲ့စည်းထားပြီး ဌာနချုပ်တပ်ခွဲမှူးက တာဝန်ယူရပါသည်။

ယခင်က တပ်မညှိနှိုင်းကွပ်ကဲရေးမှူး (Ex-O) အဖြစ် ဒုတိယ
ကြီးတစ်ဦးခန့်အပ်ထားသည်။ တပ်မညှိနှိုင်းကွပ်ကဲရေးမှူးသည် ရှေ့တန်းတွင်
တပ်မမှူးအား ကူညီရသည်။

ကျွန်တော်တပ်မ (-)သို့ ရောက်သောအခါ တပ်မညှိနှိုင်းကွပ်ကဲ
အဖြစ်ရောက်ရှိ၍ ရောက်လျှင်ရောက်ချင်း ရှေ့တန်းသို့လိုက်ရသည်။ မိုင်းရှူး





ဗကပတွန်းလှန်ချေမှုန်းရေးအတွက် အနီးကပ်တပ်မမှူးကြီးကိုကူညီပံ့ပိုးခဲ့ရပါသည်။

နောင်သောအခါ တပ်မညှိနှိုင်းကွပ်ကဲရေးမှူးမထားတော့ဘဲ ဒုတိယတပ်မ
မှူးဟု ပြင်ဆင်ဖွဲ့စည်းပေးခဲ့ရာတွင် ပထမဗိုလ်မှူးကြီးစိန်အောင်ဖြစ်၍ သူ့ထံမှ
ကျွန်တော် လွှဲယူလက်ခံခဲ့ရပါသည်။

ကျွန်တော်တာဝန်ယူပြီးနောက်တန်းမှာနေရစဉ် စစ်သည်များ အိမ်ထောင်
သည်တန်းလျားဘက်သို့ မကြာမကြာ လမ်းလျှောက်လေ့ရှိပါသည်။ ရဲဘော်တန်း
လျားသွားလျှင် အကြောင်းစုံကြားရလေ့ရှိသည်။ အသံကျယ်ကျယ်ပြောသော
စစ်သည်များ အချင်းချင်းပြောစကားအချို့သည် သတင်းဖြစ်လာသောအခါ တန်ဖိုး
ကြီးလှပါ၏။

'စာရင်းစစ်တွေလာစစ်သွားတာလည်း ဘာမှတွေ့မသွားပါလားကွာ'ဟု
တစ်ယောက်က ဆိုသည်။

'အလွယ်လေးပါကွာ၊ တပ်မစာရင်းစစ်ချိန်မှာ သမဝါယမကယူပြ။
သမဝါယမငွေစစ်ချိန်မှာ ဒီဘက်ကယူပြ၊ တစ်ပြိုင်တည်းစစ်လည်း ရှေ့တန်း
အက်ဒဗန့်စ်ဆိုရင် ပြီးသွားတာပဲ'ဟု ပြောသံကြားခဲ့ရသည်။

နောက်တစ်နေ့ ကျွန်တော် ကာကွယ်ရေးဝန်ကြီးဌာနသို့ ကိစ္စဖြင့် သွားရ
ပြီး အပြန်မှာတပ်မကိုရောက်သည်နှင့် တပ်မဗဟိုကင်းကို ဝင်လိုက်သည်။

ဌာနချုပ်တပ်ခွဲမှူးငွေသေတ္တာသော့ယူပြီးလာခဲ့ဟု ခေါ်လိုက်သည်။
ရောက်လာသောအခါ ငွေသေတ္တာဖွင့်စေပြီး လက်ရှိငွေသားတွေ ရေတွက်ခိုင်းသည်။
ငွေစာရင်းစာအုပ်မှာ တရားဝင်မှတ်တမ်းရေးပြီး လက်မှတ်ထိုးခိုင်းလိုက်သည်။

ပြီးမှ ဌာနချုပ်တပ်ခွဲရုံးသို့သွား၍ ငွေစာရင်းစာအုပ်နှင့်ငွေသားလက်ကျန်ကို
တိုက်ဆိုင်စစ်ဆေးကြည့်ရာ ငွေနှစ်သိန်းခန့်(အတိအကျမမှတ်မိပါ)ကွာခြား
နေကြောင်းတွေ့ရသည်။ ရှေ့တန်းရှိတပ်မမှူးထံ ကြေးနန်းနှင့်တင်ပြပြီး အဖွဲ့ဖွဲ့ကာ
စစ်ဆေးမှုပြု လုပ်ရပါတော့သည်။ တပ်ရင်း ၁၀ရင်းကို အခေါက်ခေါက်သွားစစ်
နေကြသောကျွန်တော်တို့တစ်တွေ ကိုယ့်ဌာနချုပ်တပ်ခွဲကို ကိုယ်မစစ်ခဲ့မိကြ။

ငွေကွာခြားမှုကို စာရင်းစစ်များမသိအောင် ပြေစာအစားထိုးပုံထိုးနည်းကို
တော့ တပ်မှူးတိုင်းသိထားသင့်ပေသည်။ တပ်ရင်းမှူးဖြစ်လျှင်လည်း တပ်ရေးကိုယုံ
ပြီး လုံးဝလွှဲထားရန်မသင့်ကြောင်း သင်ခန်းစာရရှိပါတော့သည်။

ငွေတွေကွာခြားမှုရှိသည်၊ လျော့နေသည်မှာတပ်ခွဲမှူးတွင် တာဝန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စာရင်းစစ်မလာမီမှာ နောက်တန်းပြန်ရောက်နေသော အရာရှိတစ်ဦးဦးအားငွေပေါင်းမည်မျှ 'ရှေ့တန်းကြိုတင်ငွေအဖြစ် ရရှိပါသည်'ဟု ပြေစာပေါ်မှာ လက်မှတ်ထိုးခိုင်းသည်၊ ချက်ချင်းပင်၄င်းအရာရှိထံမှ ထိုငွေများ ပြန်လည်လက်ခံရရှိသည်ဟုတပ်ခွဲမှူးက လက်မှတ်ထိုးပေးလိုက်ပြန်ပါသည်။ ထိုပြေစာနှစ်စောင်စလုံး ရရှိသောအရာရှိကလည်း သူ့အတွက်ဘာပြဿနာမှမရှိ၍ ခပ်အေးအေး နေလိုက်သည်။

တပ်ခွဲမှူးကတော့ ပညာသားပါသည်။

ငွေထုတ်ယူသောပြေစာကို စာရင်းစာအုပ်မှာ ရေးသွင်းသည်။ ပြန်လည်ရရှိကြောင်း ပြေစာကိုတော့ စားပွဲအံဆွဲထဲထည့်ထားလိုက်သည်။ စာရင်းရေးသွင်းခြင်းမပြု။ သည်နည်းနှင့်ကာလကြာမြင့်စွာ ပညာသားပါပါ ငွေစာရင်းတွေပြနေမြင်၊ ဖြင့် တဖြည်းဖြည်းကွာခြားမှုတွေ များလာသည်။ မည်သူမှ မစစ်မိကြ။

ကျွန်တော့်လက်ထက်မှာ ကံအားလျော်စွာ ရဲဘော်လိုင်းမှ အသံကျယ်ကျယ်ပြောသံဆိုသံကြားမိ၍ငွေသားကိုရုတ်တရက်စစ်ဆေးလိုက်မိခြင်းဖြစ်ပါသည်။

အစိုးရငွေကွာခြားမှုဟူသည် ငွေစာရင်းမနိုင်နင်း၍ဖြစ်ဖြစ်၊ မှားယွင်း၍ဖြစ်ဖြစ်၊ မသမာမှုကြောင့်ပဲဖြစ်ဖြစ် တပ်မတော်မှာ ထိရောက်စွာအရေးယူရသောစည်းကမ်းအရ တရားဝင်ခုံရုံးဖြင့် စစ်ဆေးအပြစ်ပေးရသောအဆင့်သို့ ရောက်မှရပါတော့သည်။

စိတ်မကောင်းစရာပါတည်း။

## ဒုတပ်မမှူး လမ်းညွှန်ချက်

တပ်မ(-)တွင် ဗိုလ်ကြီးကံညွန့်စိန်ဆိုသူရှိသည်။ ဖြူဖြူခုံခုံချောချောဖြစ်၍ ဦးခေါင်းတစ်ခုလုံး ခေါင်းတုံးလို ပြောင်နေသည်။ ဇနီးသည်အထွေးရော သမီးလေးတွေပါ ချစ်စရာလေးတွေဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ အထင်ကရဖြစ်သော သခင်ဗစိန်၏သားဖြစ်သည်။ တစ်နေ့သောအခါ ဗိုလ်ကြီးကံညွန့်စိန်သည် စက်မှု (၁) ဝန်ကြီးဌာနသို့ ပြောင်းရွှေ့မိန့်ရလာသည်။

ထမင်းစားပြန်ချိန်မှာ အမိန့်စာရွက်လေးကိုင်ကာ ကျွန်တော့်အိမ်ဝင်လာပြီး ကျွန်တော့်ဇနီးကို သတင်းပေးပါတော့သည်။ ကျွန်တော့်ဇနီးကလည်း စက်မှု(၁)





ဝန်ကြီးဌာနရောက်တော့ စစ်ဆင်ရေးမသွားရဘဲ မိသားစုနဲ့နေခွင့်ရတာပေါ့၊ ကလေးတွေပညာရေးဖိဖိစီးစီးကြီးကြပ်နိုင်တာပေါ့ဟု ဝမ်းသာစကားဆိုရပါသည်။ ထိုအခါမှ ဗိုလ်ကြီးကံညွန့်စိန်က ပြောင်းမိန့်ရရှိပုံရရှိနည်းကို ပြောပြပါတော့သည်။

'ဆရာသမားဒုတပ်မမှူးကြီး လမ်းညွှန်ချက်အတိုင်းလုပ်လို့ ပြောင်းရတာမသက်'ဟု ဆိုသည်။

ဘယ်လိုများလဲဟယ် ဟုမေးတော့မှ

ဒုတပ်မမှူးကြီးက ပြောဖူးတယ်။

ဘာကိစ္စလုပ်လုပ် အင်္ဂလိပ်တွေအကျင့်က အကြီးဆုံးတာဝန်ရှိသူနဲ့ တွေ့ရမယ်၊ ဒါမှအောင်မြင်မယ်လို့ ပြောတယ်။

ဒါနဲ့ ကျွန်တော်လည်း သခင်ဗစိန်ရဲ့သားပါ၊ အမေအိုကြီး နေမကောင်းဖြစ်နေပါတယ်လို့ ဥက္ကဋ္ဌကြီးဦးနေဝင်းဆီ စာရေးတင်ပြလိုက်ပါတယ်။

အဲဒီစာကြောင့် အခုအမိန့်ထွက်လာတာပါဟု ဖြေကြားခဲ့ပါသတဲ့။

အော် ကောင်းလေစွ၊ ကောင်းလေစွဟုသာ အားပေးရပေတော့မည်ဘတည်း။

## မိသားစု ရင်းနှီးမှု

ကျွန်တော်တာဝန်ကျသော တပ်ရင်းတပ်မတို့သည်ဆက်သွယ်မှုကွပ်ကဲမှုကောင်းသောနေရာသာ ကြုံခဲ့ရပါ၏။

တပ်ရင်းမှူးတာဝန်ယူရချိန်က မန္တလေးပုသိမ်ကြီးမြို့မှာ တပ်ရင်းဌာနချုပ်ရှိ၍ အဆင်ပြေလှသည်။ တပ်မကိုရောက်တော့လည်း တပ်မဌာနချုပ်က မှော်ဘီမှာရှိ၍ အနားမှာတင်ရှမ်း(-)ရှိသည်။ ခလရ(-)က ဒညင်းကုန်းအုပ်စက်အနီးမှာရှိ၍ ခမရ(-)ကမင်္ဂလာဒုံ၊ ခမရ(-)(-)(-)တို့က အင်းတကော်မှာရှိသည်။ ခလရ() ကကျောက်ညှပ်မှာ ခလရ(-)ကဘီးလင်းမှာ ခမရ(-)က မုတ္တမနှင့်ခမရ(-)က မော်လမြိုင်မှာရှိသည်။ ချက်ချင်းသွားချက်ချင်းရောက်သော အကွာအဝေးမှာရှိကြပါသည်။

တပ်မမှူးဗိုလ်မှူးကြီးချစ်ဆွေနှင့် ကျွန်တော်ဒုတပ်မမှူးအဖြစ် အတူနေကြစဉ်မှာ တပ်ရင်းတွေနှင့်တပ်မနှင့် ရင်းနှီးမှုရအောင်လုပ်ဖြစ်ခဲ့ကြသည်။

တပ်မဌာနချုပ်တွင် မိသားစုကြက်တောင်ရိုက်ပြိုင်ပွဲများ မကြာမကြာကျင်းပဖြစ်သည်။ တပ်ရင်းအိမ်ထောင်သည်ဇနီးတွေ၊ သမီးတွေ လက်ရွေးစင်



www.burmeseclassic.com

www.burmeseclassic.com



ရွေးလာသည်။ တူတွေသားတွေလည်း ပါဝင်ယှဉ်ပြိုင်ကြသည်။

တပ်မအသင်းမှာ တပ်မမှူးဇနီးဒေါ်မြင့်မြင့်ခင်၊ ကျွန်တော့်ဇနီးသက်သက်ဆွေတို့ဦးဆောင်၍ ဝင်ကစားပေးသည်။ တပ်ရင်းအသင်းတွေပြိုင်ကြလျှင် အမျိုးသားအသင်းများကဲ့သို့ပင် သဲကြီးမဲကြီးဖွဲကြီးကြီးနှင့် ယှဉ်ပြိုင်ကြသည်။

တပ်ရင်းမှူးကတော်ထဲမှာ ခမရ(-) တပ်ရင်းမှူးကတော် မနှင်းပွင့်(ကချင်)နှင့် ခမရ(-)တပ်ရင်းမှူးကတော်စိန်စိန်တို့က ဖွဲလည်းကြီးသည်။ အနိုင်ရလိုစိတ်လည်းပြင်းထန်သည်။ သူတို့နှစ်သင်းပြိုင်ကြရင်း တစ်ဘက်က အမှတ်သာသွားတိုင်းတစ်ဘက်မှမခံမရပ်နိုင်ကြဘဲ ကိုယ့်အသင်းသားတွေကို ဖိအားပေးကြတော့သည်။

ယှဉ်ပြိုင်ကစားနေဆဲမှာကြည့်လျှင် ရန်ဖြစ်ကြမည်လား ထင်ရလောက်သည်။ ပွဲပြီးလျှင်တော့ ချက်ပြုတ်ယူလာကြသော ထမင်းဟင်းတွေ ချိုင့်ကြီးချိုင့်ငယ်များဖွင့်ကာ တပျော်တပါးစားကြပျော်မောကြရပေတော့သည်။

ခလရ (-)တပ်ရင်းမှူးကတော် မြမြက ကျွန်တော့်တူမဝမ်းကွဲတော်သည်။ ခမရ (-) တပ်ရင်းမှူးကတော်ဖြူဖြူနှင့် မြမြကကြွကြွလေးထိုင်ကာ ရွှရွှလေးလှမ်း၍ လှလှလေးကစားကြသည်။ အလှမပျက်စေရ။ ဗျူဟာမှူးကတော်ဒေါ်သောင်းတင်စိုးနှင့် ခမရ (-)တပ်ရင်းမှူးကတော် ဒေါ်စန်းကြည်တို့ကတော့အိအိစက်စက်နှင့်မို့ ကျွန်တော်က သူဌေးမကြီးတွေဟုသာ ခေါ်လေ့ရှိသည်။ အသံအကျယ်ဆုံးနှင့်အစွာဆုံးက ဗျူဟာမှူးကတော်မော်လမြိုင်သူ ဒေါ်ကြည်ကြည်ဝင်းဖြစ်သည်။ သူတစ်ယောက်အသံနှင့်တစ်ပွဲလုံးထိန်းထားနိုင်သူဖြစ်ပေသည်။


ရှမ်း (-)တပ်ရင်းမှူးကတော် ညွန့်ညွန့်က ရှမ်းမပီပီဖြူဖြူပြည့်ပြည့်လေးလှသလို ခမရ (-)တပ်ရင်းမှူးဖြစ်လာသော ဗိုလ်မှူးအေးကျော် (ယခင် ကျွန်တော့်ဂျီတူး)ကတော် မလှမူကဝဝလှလှနှင့် ကရင်ချောချောသူဖြစ်သည်။ သူတို့ ဝင်ကစားလျှင် မြေပြိုမှာစိုး၍ ထိုင်လျက်သားကြည့်နေစေရပါသည်။

သည်လိုမိသားစုများရင်းနှီးနေမှ ရှေ့တန်းစစ်ဆင်ရေးမှာလည်းတပ်ရင်းချင်းရင်းနှီးစွာ လက်တွဲတိုက်ပွဲဝင်ကြလိမ့်မည်ဟု ယုံကြည်ထားသောကြောင့်နောက်တန်းမိသားစုများကို စုစည်းလှုပ်ရှားခဲ့ရခြင်း ဖြစ်သည်။

သည်အစဉ်အလာကို နောင်းလူတို့ ထိန်းထားကြလိမ့်မည်ဟုသာ ယူဆမိရပါသတည်း။

❖ ❖ ❖





www.burmeseclassic.com



ရွေးလာသ
ချွေတိုဦးေ
အသင်းများ
(ကချင်)နှ
ရလိုစိတ်လ
သွားတိုင်း
တော့သည်
သည်။ ပွဲပြ
ငယ်များဖွ
ခမရ (-)
လှမ်း၍
ဒေါ်သော
အိအိစက်စ
အကျယ်သုံ
ဖြစ်သည်။
လှသလို
ဂျီတူး)က
လျှင် မြေ
ချင်းရင်းနှ
နောက်တ
ရပါသတ

# အဋ္ဌမပိုင်း

## သမိုင်းဝင် မော်ဖတိုက်ပွဲ

၆-၆-၆၆ နေ့တွင် စတင်ဖွဲ့စည်းခဲ့သော တပ်မ(-)သည် မြန်မာ့တပ်မတော်အတွက် သမိုင်းမှတ်တိုင်ကြီးများ စိုက်ထူပေးရာတွင် အမှတ်တရ ပါဝင်ခွင့်ရခဲ့သော ခြေမြန်တပ်မဌာနချုပ်ဖြစ်ပါ၏။

ပဲခူးရိုးမတွင် ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်နေ့က တပ်ရင်း (-)က ဗကပဗဟိုကော်မတီဥက္ကဋ္ဌသခင်ဇင်နှင့်အတွင်းရေးမှူးသခင်ချစ်တို့ကို အသေဖမ်းဆီးရမိခဲ့ခြင်းဖြင့် ပဲခူးရိုးမတွင်ဗကပဗဟိုကို ချေမှုန်းနိုင်ခဲ့သည်။

၁၉၇၀ပြည့်နှစ်တွင် ဗကပ၏မဟာဗျူဟာဖြစ်သော သံလွင်မြစ်အရှေ့ခြမ်းလွတ်မြောက်သော နယ်မြေကြေညာနိုင်ရေး စီမံချက်ဖြင့် ဆင်နွှဲခဲ့သောကွမ်လုံ ရက်လေးဆယ်တိုက်ပွဲတွင် ရပခစစ်ဗျူဟာ(-)မှူး ဗိုလ်မှူးကြီးထွန်းရီ ကွပ်ကဲမှုဖြင့် ရှုပ်ရှုပ်ချုံချုံခုခံတိုက်ထုတ်ခဲ့သော ရှေ့တန်းခမရ (-)သည် တပ်မ (-) တပ်ရင်းအနေနှင့် သမိုင်းမှတ်တမ်းဝင်ဖြစ်ခဲ့ပြန်သည်။

ထိုသို့ သမိုင်းမှတ်တိုင်စိုက်ထူရန် အခွင့်အခါကောင်းရလေ့ရှိသော တပ်မ (-) သည် ၁၉၇၉ ခုနှစ်တွင်လည်း သမိုင်းဝင် **'မော်ဖနယ်မြေသိမ်းပိုက်စိုးမိုးရေး'** အခွင့်ထူးကြီး ရရှိခဲ့ပြန်ပါသည်။

သံလွင်မြစ်အရှေ့ဘက်ကမ်းသို့ ထိုးဖောက်တိုက်ခိုက်ရန် ၁၉၇၉ ခုနှစ် အောက်တိုဘာလဆန်းမှာ ကြိုတင်အမိန့် ရရှိပါသည်။

ဗကပဗဟိုသည် ဗကပအရှေ့မြောက်စစ်ဒေသနှင့်အတူ ပန်ဆန်းတွင် အခြေစိုက်ထားသည်။ သံလွင်အရှေ့ဘက် ဝဒေသတစ်ခုလုံးကို ၎င်းတို့နယ်မြေအဖြစ် ရယူထားသည်။ ဝတိုင်းရင်းသားလူငယ်များကို တိုက်ခိုက်ရေးအင်အားစုအဖြစ်ခေါ်ယူစုဆောင်းလျက်ရှိသည်။

....♦♦ ပြည့်စုံစာအုပ်တိုက် ♦♦....

www.burmeseclassic.com

www.burmeseclassic.com



ဝလူမျိုးတို့ ကျန်းမာသည်။ သန်စွမ်းသည်။ တောင်တက်တောင်ဆင်း အပင်ပန်းခံနိုင်မှုရှိသည်။ လျှို့မြောင်တောင်ကြား ခြေလုံလက်လုံ တောလိုက် ဝါသနာပါသည်။ ရှေးယခင် ဗြိတိသျှလက်ထက်က ပါလာသော ခလေ့အရ တစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်သတ်ဖြတ်၍ နယ်လုကြသောဓလေ့ရှိသည်။ အချို့ရွာ ထိပ်အဝင်ဝတွင် လူခေါင်းရိုးများ ချိတ်ဆွဲထားသော ဓလေ့ကိုလွတ်လပ်ရေးရရှိပြီး တပ်မတော်မှ နယ်စပ်ဒေသ စည်းရုံးရေး ဆောင်ရွက်ခဲ့သော ၁၉၅၄-၁၉၅၅ ခုနှစ်အထိ ရှိသေးသည်။

ဗကပတို့ ပန်ဆန်းမြို့သည် နှစ်နိုင်ငံနယ်နိမိတ်ဖြစ်သော နမ့်ခချောင်း ပေါ်တွင် တည်ရှိသည်။ နမ့်ခချောင်း(၈)ကွေ့လေး၏ အနောက်ဘက် မြန်မာ့နယ်မြေ ထဲတွင် ဗကပဗဟိုနှင့် ဗကပအရှေ့မြောက် စစ်ဒေသဌာနချုပ်ရှိသည်။ နမ့်ခချောင်း အရှေ့ဘက်နှင့် အနောက်ဘက်ကူးရန် တံတားထိုးထားခြင်းမရှိ။

တံတားထိုးပါက နယ်စပ်ဖြတ်ကျော်တံတားအဖြစ် တရားဝင်ပေါ်လွင် သွားမည်ဖြစ်ပေသည်။

လိုအပ်သမျှ လက်နက်ခဲယမ်းဆေးဝါး စသည်အားလုံးကို နမ့်ခချောင်း အရှေ့ဘက်ကမ်းသို့ မော်တော်ကားများဖြင့် လာပို့သည်။ ဝန်တင်ကြိုးဆိုင်းကြီးပေါ် တင်ရသည်။ နမ့်ခချောင်းတစ်ဖက်တစ်ချက်တွင် ကျောက်တိုင်စိုက်၍ သွယ်တန်း ထားသော သံမဏိကြိုးကိုရစ်ဘီးဖြင့်လှည့်ယူခြင်းဖြင့် ဝန်တင်ဆိုင်းကြီးသည် အနောက်ဘက်ကမ်းသို့ ရောက်လာသည်။ ဗကပဗဟိုလက်ထဲရောက်ပြီ။ ဂိုဒေါင်ထဲ ရောက်ပြီ။

ပန်ဆန်းတွင် မီးစက်ရုံရှိ၍ မီးများ ထိန်ထိန်လင်းနေသည်။ ၇၇၄ ဗပ လက်နက်ပစ္စည်းစက်ရုံရှိသည်။ ပုံနှိပ်လုပ်ငန်းဌာနနှင့် အသံလွှင့်ရုံရှိသည်။ လူ တစ်ထောင်ဆန့် ခန်းမကြီးရှိသည်။ ရုံးဌာနအသီးသီး အခိုင်အမာအဆောက်အအုံ များရှိသည်။

ဤမျှ ပြည့်စုံစွာ အခြေပြုထားသော ပန်ဆန်းမြို့သည် ဗကပတို့၏မြို့တော် သာဖြစ်ပေ၏။

ပန်ဆန်းမြို့ရှိ ဗကပဗဟိုမှ အနောက်ဘက် ဝဒေသကို ဖြတ်၍ သံလွင်မြစ် ကို ဖြတ်ကူးသည်နှင့် မိုင်းရှူးနယ်မြေရောက်ပြီ။

မိုင်းရှူးမှမိုင်းကိုင်မြို့နယ်ကို ဖြတ်လျှင် တောင်ကြီးဒေသသို့ ရောက်သည်။ ဤလမ်းသည် မြန်မာပြည်အတွင်းပိုင်းသို့ ထိုးဖောက်ဝင်ရောက်ရန် အတိုဆုံးလမ်း





ကြောင်းသာ ဖြစ်ပါ၏။

ထို့ကြောင့် နယ်စပ်ရှိ နမ့်ခချောင်းနှင့် သံလွင်မြစ်အကြား မော်ဖဒေသကို အခြေခံနယ်မြေပြု၍ ရိက္ခာခဲယမ်းစုပုံရာစခန်းထောက်အဖြစ် ထားရှိခြင်းဖြစ်သည်။

တပ်မဟာ (၁၂)၊ တပ်မဟာ(၆၈၅)၊ တပ်မဟာ(၈)တို့ဖြင့် ဝနယ်မြောက် ပိုင်း ပန်လုံ၊ ဟိုပန်ဘက်သို့လည်းကောင်း၊ ကျိုင်းတုံဘက်သို့လည်းကောင်း ထိန်းချုပ် ရင်ဆိုင်ထားသည်။ ဗကပတပ်မဟာ (၆၈၃)ကို သံလွင်မြစ်ဖြတ်ကူး၍ အင်တော ကျောက် ကူဒေသအခြေခံ နယ်မြေတည်ဆောက်ရေး တာဝန်ပေးထားသည်။ မှလရှိပြီးဖြစ်သော ဗကပ (၁၀၈)စစ်ဒေသလှုတွေးအဖွဲ့နှင့် ပူးပေါင်းခိုင်းထားသည်။

### အရေးကြီးတာဝန်

ထိုသို့ အတွင်းပိုင်းဝင်နေသော ၆၈၃ အဖွဲ့အတွက် အတိုဆုံးသော ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်နိုင်ရေးအတွက် အရေးကြီးသည်။ မော်ဖဒေသကိုတိုက်ခိုက်သိမ်းပိုက်ရမည်၊ အုပ်ချုပ်ထောက်ပံ့မှု Admin box ကို ချေမှုန်းဖျက်ဆီးရမည်။

ဗကပ မြို့တော် ပန်ဆန်းကိုခြိမ်းခြောက်ထားရန်လိုသည်။

ထိုသို့ မော်ဖနယ်မြေသိမ်းပိုက်ရန် သဘာဝအတားအဆီးဖြစ်သော သံလွင် မြစ်ကြီးရှိနေသည်။

ဤမျှအရေးကြီးသော တာဝန်ကို အစဉ်အလာရှိသော ကျွန်တော်တို့ တပ်မ (-)က ရရှိလိုက်ပါတော့သည်။

စစ်သားတိုင်း စစ်တိုက်လိုကြပါသည်။

စစ်တိုက်လိုသူတိုင်း တိုက်ခိုက်ခွင့်ရဖို့ လိုပါသည်။

ဤမျှ ရခဲလှစွာသော စစ်ဆင်ရေးအခွင့်အရေးကြီး တပ်မ (-)မှရပြီ။ ရသည့်တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ဖို့သာအဓိကဖြစ်ပေတော့ သည်။

မြန်မာပြည်မှာရှိသော မြစ်တွေအနက် သံလွင်မြစ်သည် အကြမ်းဆုံးမြစ် ဖြစ်ပါ၏။ ဖြတ်ရ ကူးရမလွယ်သောမြစ်ကြီးကို သဘာဝအတားအဆီးအဖြစ် ဗကပအသုံးပြုထားသည်။ မိုင်းရှူး၊ တန့်ယန်း၊ အရှေ့သံလွင်မြစ်ကူးပြီးသည်နှင့် ဗကပတို့ လွတ်မြောက်နယ်မြေဟု ကြွေးကြော်ထားသည်။ တပ်မတော်မှ ဝင် ရောက်လှုပ်ရှားလေ့မရှိ။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်အရှေ့ဘက်ကမ်းရောက်သည်နှင့် ဝကျေးရွာတွေမှာ လက်နက်ကျ အပ်ထားကြပြီး ဗကပရဲဘော်များ လက်နက်ကိုင်ရန်မလို၊ လွတ်လပ်အေးချမ်းစွာ သွားလာနေထိုင်နိုင်သည်ဟု ကြွေးကြော်ထားကြပါသည်။

ဗကပတို့အခြေခံဒေသဖြစ်သော မော်ဖနယ်မြေကိုဝင်ရောက်၍ ရေ့တပ် ထောက်ပံ့ရေးစခန်းဖြစ်သောမွတ်နီးစခန်းကို တိုက်ခိုက်ချေမှုန်းရမည်ဟု ကြိုတင် အမိန့်ရသည်နှင့် ပြင်ဆင်မှုများလုပ်ရပြီ။

သတင်းရသမျှ စုဆောင်းရသည်။ မိုင်းရှူးဒေသမှ ရှမ်းများ၊ လားဟူများ ဝနယ်ထဲသွားလာမှုမရှိကြ။

ထိုးဖောက်တိုက်ခိုက်ရန် တပ်တွေ လျာထားရပြီ။

သံလွင်မြစ်ကို ဖြတ်ကူးရမည့် အခက်အခဲကြောင့် တိုက်ခိုက်ရေးတပ်ရင်း တပ်ဖွဲ့ လျာထားမှုမှာနည်းနိုင်သမျှနည်းရမည်။ သို့သော် တိုက်ပွဲဝင်ရန် လုံလောက် သော အင်အားလည်းဖြစ်ရမည်။ တပ်မပိုင်တပ်ရင်းဆယ်ရင်းစလုံး သံလွင်ဖြတ်ကူး ပြီး အပိုင်တိုက်ခိုက်ချေမှုန်းရမည်လား၊ တပ်ရင်းရှစ်ရင်းသုံးမည်လား၊ တပ်ရင်း ခြောက်ရင်းသုံးမည်လား၊ စစ်ပွဲအောင်မြင်ဖို့ တကယ်လိုအပ်သောအင်အားကို သတ်မှတ်ပြီးလျှင် အုပ်ချုပ်ထောက်ပံ့မှုလိုအပ်ချက်များ တွက်ရချက်ရပေဦးမည်။

## ကကကြီး၏အစီအမံ

မော်ဖဒေသထိုးဖောက်တိုက်ခိုက်ရေးသည် ကကကြီး၏စီမံချက်ဖြစ် ပါ၏။ စစ်ဆင်ရေးအထူးအဖွဲ့မှူးကွပ်ကဲမည့်တိုက်ပွဲဖြစ်၍ တပ်မ (-)တပ်များ ဝင်ရောက်ချေမှုန်းရေးနှင့်ဟန်ချက်ညီ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ကိုးကန့်ဒေ သနှင့် တန့်ယန်းဘက်မှလည်းကောင်း၊ ကျိုင်းတုံတပ်မ (-) နယ်မြေမှ လည်းကောင်း စစ်ဆင်ရေးပြုလုပ်ရင်း ရန်သူကို လှည့်စားမှုပြုမည်။

မိမိတို့၏အဓိကထိုးစစ် Main Thrust ကို ဗကပတို့ ခန့်မှန်း၍ မရအောင် ကကကြီးအနေဖြင့် ချမှတ်ပေးသော စီမံချက်ကို တိုင်းနှင့်တပ်မအလိုက် ဟန်ချက် ညီညီကြီးကြပ်ပံ့ပိုးမှုနှင့် အသေးစိတ်ရေးဆွဲရသော စီမံချက်ဖြစ်ပေသည်။

ဥပမာ လက်နက်ကျည်ဆန်ရိက္ခာ စုပုံရေးတို့ကို အရှေ့ပိုင်းတိုင်းနှင့် တပ်မတို့ စီမံပြင်ဆင်၍ရသည်။ သံလွင်မြစ်ဖြတ်ကူးရေးအတွက်ကိုမူ ကစထ၏ အစီအမံဖြင့် အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကူညီမှရသည်။





ကျွန်တော်နည်းဗျူဟာမှူးဖြစ်စက တိုင်းမှူးညွှန်ကြားချက်ဖြင့် သံလွင်မြစ် ဖြတ်ကူးရေးလေ့လာထားချက်အရ လက်တွေ့ဖြတ်ကူးသင့်သောနေရာကိုသာ လျာထားလို့ရသည်။ တကယ်ဖြတ်ကူးဖို့ကျတော့ အင်ဂျင်နီယာညွှန်ကြားရေးမှူး ၏ပံ့ပိုးမှုလိုသည်။ လေကြောင်းပစ်ကူ၊ ရဟတ်ယာဉ်အကူတို့အတွက် ကကလေမှ ပံ့ပိုးမှုရမည်။ ထိရောက်သောဆက်သွယ်မှုအတွက် ကက ဆက်အစီအမံကို ရယူရ မည်။ အမြောက်ပစ်ကူအတွက်လည်း ကကသံက အသေးစိတ် ပြင်ဆင်ပေးရ ဖြန်ပါသည်။ ကကကြီး၏ကွပ်ကဲမှုဖြင့်သာ ပြင်ဆင်ကြရပါတော့သည်။

ကျွန်တော်တို့ကတော့ ဘေးနံတိုင်းနှင့် တပ်မတို့စီမံချက်ကို အကြမ်းသာ သိသည်။

မိမိတို့ ရရှိမည့်ပံ့ပိုးမှုနှင့် ဆောင်ရွက်ရမည့်စီမံချက်ကိုသာ တပ်မအနေ နှင့် အသေအချာစဉ်းစား၍ အသေးစိတ်ရေးသားရပါ၏။

## ရည်မှန်းချက်တာဝန်

မိမိတို့တပ်မအတွက် ပေးအပ်လာသော စစ်ဆင်ရေးရည်မှန်းချက်မှာ အဆင့်သုံးဆင့်ရှိပါသည်။

(၁) မွတ်နီးထောက်ပံ့ရေးစခန်းအား ထိုးစစ်ဆင်တိုက်ခိုက်ခြင်း။
(၂) အောင်မြေချဲ့အမြတ်ထုတ်ခြင်း
(၃) အခိုင်အမာခြေကုတ်ယူ၍ခံစစ်တည်ဆောက်ခြင်းတို့ ဖြစ်ပါသည်။

ပထမဆုံးတိုက်ခိုက်ရေးတပ်များ လျာထားရာမှာ လက်ရှိတပ်မတာဝန်ယူ နေရသောသံလွင်အနောက်ခြမ်းစစ်ဆင်ရေးတာဝန်ကို မထိခိုက်စေရအောင် တပ်များ ခွဲဝေရသေးသည်။

ထို့ကြောင့် မော်ဖဒေသထိုးဖောက်တိုက်ခိုက်ရေးအတွက် တပ်ရင်းငါးရင်း နှင့် အရန်တပ်ရင်းတစ်ရင်း လျာထားရပါသည်။

၄င်းတို့မှာ

(၁) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးသာစိန်ဦးစီးရှမ်း(-)တပ်ရင်း
(၂) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးလှမြင့်ဦးစီးခမရ (-) တပ်ရင်း
(၃) ဒုတပ်ရင်းမှူးဗိုလ်မှူးတင်မြင့်ဦးစီးခမရ (-)တပ်ရင်း
(၄) တပ်ရင်းမှူးဒုဗိုလ်မှူးကြီးကျော်ဟန်ဦးစီးခမရ (-) တပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



(၅) တပ်ရင်းမှူးဗိုလ်မှူးအောင်ဖေဦးစီးခမရ (-)တပ်ရင်း

(၆) တပ်ရင်းမှူးဒုဗိုလ်မှူးကြီးသန်းညွှန့်ဦးစီးခလရ(-)တပ်ရင်း(အရန်)

(၇) ခလရ(-)မှ ဗိုလ်မှူးသူရအောင်ထက်ဦးစီးတပ်ခွဲနှစ်ခွဲပါ ကွန်မန်ဒို စစ်ကြောင်းတွင်ဗိုလ်ကြီးစောဝင်းနှင့်ဗိုလ်ကြီးသိန်းတန်ဦးစီးကွန်မန်ဒိုတပ်ခွဲ၊ ဗိုလ်ကြီးမောင်ကြည်ဦးစီး ကွန်မန်ဒိုတပ်ခွဲတို့ဖြစ်သည်။

## ကိုယ်တိုင်ပါဝင်ခွင့်

အမိကသုံးစွဲရမည့်တပ်အင်အားလိုအပ်ချက်ကို တွက်ချက်ပြီးသည့်အခါ တပ်ရင်းခြောက်ရင်းနှင့်အမြောက်ရှစ်လက်ကို အနီးကပ်ကွပ်ကဲရေးတာဝန်ပေးရန် နည်းဗျူဟာမှူးကို စဉ်းစားကြပါသည်။

ဗိုလ်မှူးကြီးအောင်မြင့်သည် ဝါအရင့်ဆုံးဗျူဟာမှူးဖြစ်သည်။ ဂျပန်စစ် တက္ကသိုလ်မှူလတန်းကျောင်းဆင်းဖြစ်သည်။ စစ်ဆင်ရေးအတွေ့အကြုံများသည်။ ကွမ်လုံရက်လေးဆယ်တိုက်ပွဲ၏အဆုံးအဖြတ်တိုက်ပွဲဖြစ်သော ဟိုက်ကမ်းပါးတိုက်ပွဲကို တပ်ရင်းမှူးအဖြစ် ခမရ(-)နှင့် တိုက်ခိုက်ခဲ့သူဖြစ်သည်။ စိတ်ဓာတ်ပြင်းထန်သလို စည်းကမ်းလည်းကြီးလွန်းသည်။

ဗိုလ်မှူးကြီးမြင့်စိုးသည် အရှေ့မြောက်ဒေသ ဗကပနှင့် တိုက်ပွဲကြီးများထက် ပြည်တွင်းတိုက်ပွဲများအတွေ့အကြုံပိုများသည်။ တည်ငြိမ်၍ ချိန်ချိန်ဆဆ လုပ်လေ့ရှိသည်။ တပ်မတပ်ရင်းမှူးထဲတွင် ဗိုလ်သင်တန်းတစ်ပတ်ထဲဆင်းခဲ့သူမှူး လည်းပါရှိသည်။

ဗိုလ်မှူးကြီးစံလွင်သည် ခြေလျင်တပ်ရင်းအတွေ့အကြုံရှိ၍ တည်ငြိမ်မှု ရှိသည်။ စကားအလွန်နည်း၍ အလုပ်ကိုသာ ဖိလုပ်သူဖြစ်သည်။ ပြောရဆိုရမှာ အားနာတတ်သည်။ တာဝန်ကိုတိတိကျကျလုပ်တတ်သည်။ တပ်မတပ်ရင်းမှူးများ ထဲတွင် သူ့ထက်အရာရှိလုပ်သက်ရင့်သူလည်း ရှိသည်။ အနီးကပ်ကြီးကြပ်ရမည့် ဗျူဟာမှူးလျာထားရန် လူကြီးတွေ အချိန်ယူစဉ်းစားနေကြသည်။ လျာထားရွေး ချယ်ခြင်းမပြုရသေး။

ကျွန်တော်က Volunteer လုပ်လိုက်သည်။ ရခဲလှစွာသောတိုက်ပွဲကြီး ကို ကိုယ်တိုင်ကိုယ်ကျအနီးကပ်ကြီးကြပ်တိုက်ပွဲ ဝင်လိုသည်။ ဗျူဟာမှူးဖြစ်ကတည်းက သံလွင်မြစ်ကူးရေးကူးတို့ဆိပ် လေ့လာရင်း စိတ်ကူးယဉ်ခဲ့ရသော အချိန်ရောက်လာပြီဖြစ်သည်။ အလွတ်မခံနိုင်။





ပင်ပန်းမည်။ အန္တရာယ်ရှိသည်။

ပန်းနှင့်ပေါက်သောနေရာမဟုတ်မှန်းသိသော်လည်း ကိုယ့်ရဲ့ ရဲဘော်ရဲဘက်တွေ ထောင်ပေါင်းများစွာနှင့်အတူ တိုက်ပွဲဝင်ရမည့်မို့ ပူစရာမရှိ။ စိုးရိမ်စရာမရှိ၊ ကြောက်စရာမရှိ။

တကယ်တော့ သာမန်ဒုတပ်မမှူးလေးတစ်ဦး၏တိုက်ပွဲသည် နောင်နှစ်ပေါင်းဆယ်နှစ်၊ နှစ်နှစ်ဆယ်၊ နှစ်သုံးဆယ်ကြာလျှင် သိမီသူတွေရှိတော့မည်မဟုတ်။

Generation Gap ဆိုတာ နေရာတိုင်းမှာရှိသည်။ ခေတ်တိုင်းမှာရှိသည်။ ဦးဆောင်တိုက်ခိုက်သူနာမည်ကို ကကြည်း၏စစ်မှတ်တမ်းထဲမှာသာ ကျန်ရှိပေလိမ့်မည်။

သို့သော် ကျွန်တော့်သားတွေ၊ မြေးတွေ၊ မြစ်တွေက မော်ဖဆိုသံကြားသည်နှင့် သူတို့အဖေ၊ သူတို့အဖိုး တိုက်ခိုက်သိမ်းယူခဲ့သော နယ်မြေဟူ၍ အသိအမှတ်ပြုကြပေလိမ့်မည်။

သား၊ မြေး၊ မြစ်တို့ ပြောထုံးဖြစ်အောင် ကိုယ့်သမိုင်းကို ရေးလိုသည်။

အသက်အန္တရာယ်ရှိမှန်းသိပါလျက် ချစ်ဇနီးမရွှေသက်ကလည်း အားပေးပါသည်။ နောက်ပိုင်းကိုငဲ့စရာမလို၊ ပူစရာမလို၊ သပြေပန်းနှင့်ရေချမ်းနှင့်သားတွေကို သူတာဝန်ယူ ထိန်းကျောင်းနိုင်သည်ဟု တဖွဖွပြောရှာသည်။

သာမန်အားဖြင့် ဤသို့ စစ်ဆင်ရေးမျိုးကို တပ်မမှူးနှင့် ဒုတပ်မမှူးတို့အတူတကွတိုင်ပင်ညှိနှိုင်း၍ အဝေးမှကွပ်ကဲရင်း ဗျူဟာမှူးတစ်ယောက်ကို တပ်နှင့်လိုက်ပါစေသင့်သည်မှန်သော်လည်း ကျွန်တော်က Volunteer လုပ်လိုက် သည်ကို လူကြီးများက ချက်ချင်းပဲ သဘောတူခွင့်ပြုကြပါသည်။

အရေးကြီးသောထိုးဖောက်တိုက်ခိုက်ရေး စစ်ဆင်ရေးကြီးဖြစ်၍ ဒုတိယတပ်မမှူးလိုက်ပါလျက် အနီးကပ်ကွပ်ကဲတိုက်ခိုက်ရာတွင် ဗျူဟာမှူးတစ်ဦးကို တစ်ပါတည်းခေါ်သွားရန် ညွှန်ကြားသည်။

မော်ဖဒေသတိုးစစ်ဆင်တိုက်ခိုက်ခြင်းနှင့် အောင်မြေရဲ့အမြတ်ထုတ်ခြင်းအဆင့်နှစ်ဆင့်ကို ဒုတပ်မမှူးကိုယ်တိုင်ကွပ်ကဲတိုက်ခိုက်ပြီး တတိယအဆင့်ဖြစ်သော မော်ဖဒေသအား အခိုင်အမာခြေကုတ်ယူ၍ ခံစစ်တည်ဆောက်စိုးမိုးခြင်းကို ဗျူဟာမှူးအား တာဝန်ပေးထားခဲ့ရန် သတ်မှတ်ချက်ဖြင့်ခွင့်ပြုခဲ့ပါသည်။

ထိုအခါ တိုက်ခိုက်ချေမှုန်းရေးတပ်နှင့်တူ လိုက်ပါကွပ်ကဲရမည့် 'ငြိမ်းရှား



www.burmeseclassic.com

www.burmeseclassic.com



ကွပ်ကဲမှုအဖွဲ့မှူး အဖြစ် ဖွဲ့လိုက်သည်။ ကစထမှူး၊ တိုင်းမှူး၊ တပ်မမှူးတို့ လမ်းညွှန်ချက်ခံယူခြင်း၊ အသေးစိတ်ပြင်ဆင်ခြင်း၊ ညွှန်ကြားချက်ရေးသားခြင်း၊ တပ်ရင်းများကို အသေးစိတ် Briefing ပေးခြင်းတို့ကို ကိုယ်တိုင်ဆောင်ရွက်ရပါတော့သည်။

အစီအမံအခင်းအကျင်းများ အားလုံးပြီးစီးပြီးနောက် တပ်မတော်အစဉ်အလာအရ တရားဝင်ထုတ်ပြန်သော ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့စွဲပါ အမှတ် (-) ခြေမြန်တပ်မဌာနချုပ် လှုပ်ရှားကွပ်ကဲမှုအဖွဲ့၏ မော်ဖနယ်မြေတိုက်ဖောက်စစ်ဆင်ရေးညွှန်ကြားချက်(၂/၇၉)ကို လှုပ်ရှားကွပ်ကဲမှုအဖွဲ့မှူးအဖြစ် ကျွန်တော်ကိုယ်တိုင်လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါသည်။

## ကစထမှူးအထူးသတိပေးချက်

ကစထမှူးကိုယ်တိုင်ကြီးကြပ်သော စစ်ဆင်ရေးဖြစ်သည့်အတွက် ကက ကြည်းမှ ပံ့ပိုးမှုအပြည့်အဝရရှိပါသည်။

သံလွင်မြစ်ကူးရေးစက်တပ် ဖိုင်ဘာလှေများမှအစ အင်ဂျင်နီယာလုပ်ငန်းများကိုလည်းကောင်း၊ ကျန်စစ်ဆင်ရေးအတွက် သီးခြားအသုံးပြုရန် ပေါ့ပါးသည့် (၉၀၆) ဆက်သွယ်ရေးစက်များ စစ်ဆေးစမ်းသပ်၍ အသင့်ပြင်ဆင်ထားခြင်းတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးများက ပြုလုပ်ကြသည်။

သုံးစွဲမည့်အမြောက်များနှင့် တပ်ဖွဲ့ဝင်များ လေ့ကျင့်ခြင်း၊ ရဟတ်ယာဉ်နှင့်ထုတ်ပိုးသယ်ယူခြင်းတို့ ရွှေ့ပြောင်းတပ်ဆင်ခြင်းတို့ကိုလည်း နိုဝင်ဘာလဆန်းတွင်မိတ္ထီလာမြို့တွင် စမ်းသပ်လေ့ကျင့်ကြပါသည်။

အဓိကအားဖြင့် တပ်ရင်း ၆ ရင်းနှင့်ဝန်ထမ်းလုပ်အားရှင်များအတွက် လိုသော ရိက္ခာများစုဆောင်းဘို့ အရေးကြီးသည်။ တိုင်းမှဖြည့်ဆည်းပေးပါသည်။ တပ်မအနေဖြင့် ပြင်ဆင်ရန်ရှိသည်များကို တပ်မမှူး၏ကြီးကြပ်မှုနှင့် ညှိနှိုင်းပြင်ဆင်ကြပြီး ကစထမှူးနှင့်တိုင်းမှူးတို့ထံလည်း အမြဲသတင်းပို့နေရပါသည်။

ကစထမှူးဖြစ်သော ဗိုလ်ချုပ်ထွန်းရီက သူ၏ရုံးခန်းတွင် သေသေချာချာ သတိပေးလမ်းညွှန်မှုပြုခဲ့သည်ကို မှတ်မိနေပါသေးသည်။

'ခင်ဗျား သံလွင်ကူးပြီးရင် တွေ့တဲ့ရန်သူကို တိုက်ဘို့က ပြဿနာမဟုတ်ဘူး၊ တပ်တွေကလည်း အတွေ့အကြုံရှိတယ်၊ ခင်ဗျားကလဲ အတွေ့အကြုံရှိတယ်။ ပူစရာမလိုဘူး'





'သံလွင်ကူးဖို့က အဓိကပဲ၊ Normandy Landing လို့ သဘောထား၊ လုံးဝမပေါ့နဲ့'

'သံလွင်ကမ်းပါးက မတ်စောက်တယ်၊ ရေစီးသန်တယ်၊ အဲဒီမှာ စောင့်တိုက်တာခံရရင် ခင်ဗျားစစ်ဆင်ရေးပျက်မယ်၊ တစ်နေရာကတက်မရရင် တခြားနေရာကရအောင်တက်ဖို့ သေသေချာချာ ထောက်လှမ်းထား၊ လုပ်ထား၊ စာတ်တိုက်ထား၊ သံလွင်ကူးဖို့ဟာက Normandy Landing ထက် အရေးကြီးတယ်၊ နားလည်လား' ဟု အလေးအနက်မှာကြားခဲ့သော ဆရာသမားအသံကို ယခုတိုင် ကြားယောင်နေဆဲရှိရပါသေးသည်။

## ထိုးစစ်ကြီးပြင်ပြီ

သံလွင်မြစ်ကို အဓိကသုံးနေရာက ဖြတ်ကူးရမည်။ တောင်ဘက်မှ နမ့်ခချောင်းကို တစ်နေရာမှဖြတ်ကူးရမည်။

Admin box သတင်းရထားသော ရည်မှန်းချက်နှစ်ခု ကို တပ်ရင်းနှစ်ရင်းနှင့် စစ်ကြောင်းတစ်ခုအားတာဝန်ပေးမည်။ ဘေးနံလုံခြုံရေးနှင့် ရန်သူ့စစ်ကူကို ဖြတ် တောက်တိုက်ခိုက်ရေးအတွက် တပ်ရင်းနှစ်ရင်းတာဝန်ပေးမည်။ လှုပ်ရှားကွပ်ကဲမှုအဖွဲ့ လိုသလိုလှုပ်ရှားရန်နှင့် အမြောက်လုံခြုံရေးအတွက်စစ်ကြောင်းတစ်ကြောင်း တာဝန်ပေးမည်။

ပူးတွဲပါမြေပုံအတိုင်း ဖြစ်ပါသည်။

သည်နေရာမှာ အဓိကထိုးစစ်ကြီး ဆင်နွှဲရန်အတွက် သုံးစွဲရမည့်တပ်များကို ကြိုတင်၍အနားပေးပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင်ခြင်းတို့ ပြုလုပ်နိုင်ခွင့်မရနိုင်ခဲ့။ ထိုအချိန်က တပ်မတော်တွင် ရှိရှိသမျှတပ်မအားလုံး တပ်ရင်း ၁၀ ရင်းစီရှိသည့်အနက် သာမန်အချိန်မှာ နှစ်ရင်းနားစနစ်ဖြင့် စစ်ဆင်ရေးတာဝန်တွေ ယူနေကြရသည်။

ဥပမာ အဓိကအတားအဆီးဖြစ်သောသံလွင်မြစ်ကို ဖြတ်ကူးရေးအတွက်ပင် အသုံးပြုမည့်စက်တပ်လှေများနှင့် ဖြတ်ကူးရမည့်တပ်ဖွဲ့များ အခြားတစ်နေရာရာမှာ လေ့ကျင့်မှုပြုလုပ်သင့်သည်။ အခြေအနေမပေးခဲ့။ လေ့ကျင့်ခွင့်မရရှိခဲ့။ ဖိုင်ဘာလေများ အင်ဂျင်နီယာစတိုမှ ထုတ်သည်။ ပဲ့ချိတ်စက်များရှိသမျှ ထုတ်သည်။ မွမ်းမံသည်။ စမ်းသပ်နှိုးကြည့်သည်။ (အချို့စက်များ အရန်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အင်းလေးကပင် ခေတ္တယူခဲ့ရသည်ဟု ကြားရသည်)

Fresh troop အဖြစ် အမြောက်တပ်ဖွဲ့နှင့်အင်ဂျင်နီယာစစ်သည်များနှ လေသူရဲများသာရှိသည်။

တိုက်ပွဲဝင်တပ်ဖွဲ့အားလုံး ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ မိုင်းရှူးတွင်အသင့်ဖြစ်ပြီး တပ်ရင်းအလိုက် လုပ်ဆောင်ရမည့်တာဝန်များကို ကြေညက်စွာသိစေရသည်။ တပ်ခွဲလိုက်၊ တပ်စုလိုက် သံလွင်မြစ်ကူးမည့်အဖွဲ့၊ လုံခြုံရေးယူမည့်အဖွဲ့၊ ကမ်းတက်ပြီး ကူးတို့လုံခြုံရေးအတွက် ခြေကုတ်ယူမည့် အဖွဲ့ တိတိကျကျသတ်မှတ်ရသည်။

သံလွင်မြစ်ကို ဖြတ်ကူးသည်နှင့် တိုက်ပွဲဖြစ်လိမ့်မည်ဟု ကြိုတင်မျှော်မှန်း ထားရသည်။

ထို့ကြောင့် မင်းရန်အောင်စစ်ဆင်ရေးကြီး၏ (ယ ရက်)အဖြစ် သံလွင်မြစ် ကူးသည့်နေ့ကို သတ်မှတ်ရသည်။

၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် ကစထမှူးနှင့် တိုင်းမှူးကြီးတို့ သည် နမ့်စန်တွင် အခြေပြုနေသည်။ ကျွန်တော့်တင်ပြချက်ကို စောင့်၍ လိုအပ်လျှင် လေကြောင်းပစ်ကူပေးရန် အသင့်ရှိကြမည်။

တပ်မမှူးကြီးသည် မိုင်းရှူးတွင် စစ်ဦးစီး(၃)ဗိုလ်မှူးအံ့ကျော်၊ စစ်ဦးစီး (တ)ဗကသိန်းစိန်ရေးထောက်ဦးစီးအရာရှိ ဗကခင်မောင်ရင်၊ ဆသရခွဲမှူး ဗိုလ်မှူး လှမိုး၊ အင်ဂျင်နီယာခွဲမှူးဗိုလ်မှူးအေးမောင်၊ ဆေးမှူးဗိုလ်မှူးအောင်ကြည်တို့နှင့် အခြေပြုကွပ်ကဲမည်။

## သံလွင်မြစ်ကူးပြီ

အဓိကကူးရမည့် ပန်လုံကူးတို့အတွက် သေသေချာချာပြင်ဆင်ရသည်။ ပထမဆုံးဖြတ်ကူးမည့်အချိန်မတိုင်မီ သံလွင်အနောက်ဘက်ရှိ နန့်ကျန်ရွာတွင် ကျွန်တော်သည် ၁၂ဝမမ ဘရန်းနှစ်လက်နှင့် အသင့်ရှိမည်။ မြစ်ကူးတပ်ဖွဲ့များ အတွက် လိုအပ်သလို ပစ်ကူပေးရန် ဖြစ်သည်။

သံလွင်မြစ်ကမ်းပါးသည် မတ်စောက်၍ ဒီဂရီ ၆၀ ခန့်ဆင်ခြေလျှော ဖြစ်သည်။ သည်ဘက်ကမ်းပါးထိပ်မှ ၇၅ မမများပြောင်းထိုးချိန်ထားရသည်။ ကမ်းပါးယံအလယ်မှာ စက်လတ် လေးလက်အသင့်ချိန်ထားသည်။ နှစ်လက်မ





န်ပြောင်းလေးလက်ရှိသည်။ မြစ်ကူးနေရာကူးတို့၏မိမိဘက်တွင် ဂျီ ၄ စက် သေနတ် ၈ လက် အသင့်ချိန်ထားရသည်။

ပထမဆုံးအဖွဲ့ဖြတ်အကူးမှာ မြစ်တစ်ဖက်ကမ်းမှ စတင်ပစ်ခတ်သည်နှင့် နေရာယူထားသော လက်နက်များက တစ်ဖက်ကမ်းပါးယံသို့ Covering fire အဖြစ် ဒလစပ်ပစ်ရန် စီမံထားခြင်းဖြစ်သည်။ Covering Fire အဖွဲ့အားလုံးကို 906 ဆသရ စက်ဖြင့် ကျွန်တော်တိုက်ရိုက်ကွပ်ကဲရန် ညှိနှိုင်းထားပြီးဖြစ်သည်။ ဆက်သွယ်ရေးအရာရှိဗိုလ်ကြီးဇော်ဝင်းဖြစ်သည်။ ပန်လုံကူးတို့တွင် စက်တပ်လှေ ၁၀ စီးထားမည်။ ပထမအသုတ် သုံးစီးကူးမည်။ စောင့်ကြိုတိုက်ခိုက်ခြင်းခံရလျှင် လွတ်သမျှ စက်တပ်လှေတစ်စီးကျန် ကျန်အရာက်ကူးရမည်။ Coveringfire အကာအကွယ်ယူ၍ နောက်ထပ်နှစ်စီးစီနှစ်ဖွဲ့ဆက်တိုက်ကူးမည်။ လွတ်သမျှ စက်လှေတစ်ဖက်ကမ်းရောက်သည်နှင့်အတင်းတက်တိုက်ရန်ပြင်ဆင်ထားစေသည်။

တစ်ချိန်တည်းတွင် ကျန်စက်လှေသုံးစီးနှင့် မြစ်အောက်ဘက်ကို ၈၀၀ ကွာမှ အရေးပေါ်ဖြတ်ကူးရန် နေရာရွေးထားပြီး ရှိသည်။

ကစထမှူးကြီးညွှန်ကြားချက်အတိုင်း ရုပ်ရှင်ထဲက Normandy Landing လို ပစ္စည်းတွေ မပြည့်စုံသော်လည်း တိုက်လိုခိုက်လိုစိတ်နှင့် သတ္တိမှာ ကျွန်တော့် ရဲဘော်တွေက ပိုသည်ဟုယုံကြည်သည်။

ပထမဆုံးကူးတို့လှေဆိပ်လုံခြုံရေး Ferry head Secure လုပ်ဘို့ ပွန်မန်ဒိုစစ်ကြောင်းကို တာဝန်ပေးသည်။ သည်ဘက်ကမ်းမှတပ်ခွဲတစ်ခွဲနေရာ ယူပြီးတပ်ခွဲတစ်ခွဲသံလွင်အရှေ့သို့ကူးစေရသည်။ ကူးတို့ဆိပ်လုံခြုံရေးအတွက် ပွန်မန်ဒိုတပ်ခွဲတစ်ခွဲ သံလွင်မြစ်ကူးနေရာယူပြီးမှ ပထမအဆင့် စိတ်အေးရ ပါတော့သည်။

ပန်လုံကူးတို့ဆိပ်လုံခြုံရေးယူပြီးသည်နှင့် ရှမ်း(-)တပ်ရင်းဖြတ်ကူးပြီး မူလတာဝန်ဖြစ်သော (မြောက်ဘက်)လက်ဝဲနံလုံခြုံရေးအတွက် အပြင်းချီတက်ပြီး သတ်မှတ်နေရာ ရှေ့မှာနေရာယူစေရသည်။

ရှမ်း(-)တပ်ရင်းသည် (ယ)ရက် ၂၃ ရက် ၀၈၃၀ နာရီတွင် စတင်ကူး သည်။ ၂၄ ရက် ၀၂၄၅ နာရီမှ တပ်ရင်းတစ်ရင်းလုံးကူး၍ ပြီးသည်။ စီမံချက်ထက် အချိန်တွေနောက်ကျကုန်ပြီ။ စက်တပ်လှေများပျက်၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်သိမ်းပိုက်ရမည့်ခမရ (-)သည် ၂၄ ရက် ၀၃၀၀ နာရီမှာ စတင်ကူး၍ ၂၄ ရက်၁၇၀၀ မှာ စစ်ကြောင်းနှစ်ခုနှင့်တပ်ခွဲလေးခွဲကူးပြီး သည်။ တပ်ခွဲတစ်ခွဲနောက်ချန်ထားခဲ့သည်။

ကျွန်တော်၏လှုပ်ရှားကွပ်ကဲမှုမှ ရှေ့ပြေးအဖွဲ့သည် ၂၄ ရက် ၁၇၀၀ နာရီ စတင်ကူးသည်။ ၂၄ ၁၉၃၀ နာရီမှာ ရှေ့ပြေးအဖွဲ့ကူးပြီး ခမရ (-)နောက်မှ ကပ်လိုက်သွားရသည်။

ကျွန်တော်တို့နောက်ကမှ(-)တပ်ခွဲတစ်ခွဲနှင့်လုံခြုံရေး (-) စစ်ကြောင်း တပ်ခွဲ၊ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးစံလွင်နှင့် ကျွန်တော်အဖွဲ့မှ ကျန်အဖွဲ့များ ဆက်တိုက်ကူးကာ ဆက်လိုက်လာကြရသည်။

ကျွန်တော်သည် ရှေ့မှကူးသွားသော ခမရ(-)တပ်ရင်းမှူးတို့အဖွဲ့ ကြိုတင်ရောက်ရှိရာ ဝမ်ဝိန်းရွာသို့ နိုဝင်ဘာ ၂၅ ရက်(၀၁၀၀)နာရီမှရောက်သည်။

စီမံချက်ကတော့ အကွက်စေ့စေ့စီစဉ်ထားပါသည်။ သို့သော် ဖြတ်ကူးရမည့်စက်တပ်လှေများက ပျက်နေကြသည်။ ၁၀ စီးမှာ ၅ စီးသာသုံး၍ရသည်။ ထို့ကြောင့် စီမံချက်အတိုင်း ရှမ်း(-)သည် မြောက်ဘက်မှဖြတ်တောက်ပိတ်ဆို့ရေး တာဝန်ကိုလည်းကောင်း၊ အဓိကရည်မှန်းချက်သို့ တိုက်ရမည့်ခမရ(-)တို့ အချိန်မီစေဖို့လည်းကောင်း တွန်းအားပေးရမည်။ လိုအပ်လျှင် ပြောင်းလွယ်ပြင်လွယ် ပြင်ဆင်ညွှန်ကြားရမည်ဖြစ်၍ ကျွန်တော်သည်ပင် လှုပ်ရှားကွပ်ကဲမှုတစ်ဖွဲ့လုံးကို မစောင့်နိုင်၊ အနီးကပ်အချိန်မီကွပ်ကဲနိုင်ဖို့ ကျော်တက်လာရသည်။

သည်နေ့သည် (ယ+၂)နိုဝင်ဘာလ ၂၅ ရက်။ ရည်မှန်းချက် မှတ်နီး Admin box ကို တိုက်ခိုက်သိမ်းရမည်။

တိုက်ခိုက်ရေးတပ်များနှင့် အနီးကပ်လိုက်ပါရမည်။ ကျွန်တော့်အဖွဲ့တွင် နဗဟ (-)မှူး ဗိုလ်မှူးကြီးစံလွင်၊ စစ်ဦးစီး(၃)ရေးထောက် ဗိုလ်မှူးသိန်းကြည် (စစ်ဆင်ရေး ဂျီတူးတာဝန်ပေးရသည်)။ နဖဟ(-)မှ ဗိုလ်ကြီးဝင်းမြင့်၊ ဗိုလ်ကြီးနေမျိုး၊ ဗိုလ်ကြီး မြင့်ဝင်း၊ ဆသရအရာရှိဗိုလ်ကြီးဇော်ဝင်း၊ အင်ဂျင်နီယာစုမှူးဗိုလ်ကြီးမျိုးဝင်း ခလရ(-)မှ တွဲဘက်ဗိုလ်တင်လှိုင် စသူတို့ ပါဝင်ကြပေသည်။ အမြောက်တပ်ခွဲမှူးအဖြစ် ဗိုလ်မှူးမြင့်လွင်လည်းပါသည်။ သံလွင်မြစ်တစ်ဖက်ကမ်းသို့ရောက်ပြီး မြစ်ကမ်းခြေမှ ကမ်းပါးယံကိုတက်ရသည်က ကြာလွန်းလှသည်။ မှောင်နှင့်မဲမဲ ရေစိုဖိနပ်များဖြင့် ရှေ့ကတပ်ရင်းနှစ်ရင်း ချီတက်





သွားပြီးဖြစ်၍ ကျွန်တော်တို့အဖွဲ့ မကြာခဏချော်လဲကြသည်။ ခရီးမတွင်လှပေ။

မည်သို့ပင်ဖြစ်စေ ရည်မှန်းချက်ကို ချေမှုန်းရေးတပ်က သတ်မှတ်ရက်မှာ တိုက်ရမည်။ အနီးကပ်ကွပ်ကဲရမည့်နေရာတွင် ကျွန်တော်ရှိရမည်။

ဝမ်ဝိန်းရွာမှာ ခမရ(-)မှ ဖမ်းမိသော ဗကပသုံးဦးထံမှ နောက်ဆုံးရသောသတင်းအရ မှတ်နီးမှာရန်သူ ၁၀၀ခန့် ရှိသည်။ ပန်ခါးတောင်လျှိုင်ဆိုက် ခေါင်တောင်နှင့် အရှေ့ဘက်ကတောင်( ၆၀၀၀ ဟု ယူဆ)တွေမှာ ဗကပတွေ ရှိကြောင်းသိရသည်။

၂၄ရက်နေ့တွင် မှတ်နီးမှခဲယမ်းမီးကျောက်များ မြင်း ၄၀ နှင့်ရောင်အော်သို့ ရွှေ့သွားကြောင်း သိရပါသည်။ မှတ်နီးရွာအေးကိုက် ၂၀၀ အကွာမှာရှိသော တောင်ပေါ်စခန်းကို အမြန်ဆုံးတိုက်ရန် တပ်ရင်းမှူးနှင့် ညှိရသည်။ ပြင်ဆင်ရသည်။ ကျွန်တော်နှင့်လူစုံအောင် စောင့်ရသည်။

၂၅ ရက် ၀၅၀၀ နာရီမှ ကျွန်တော့်ဆက်သွယ်ရေးစက် နမ့်စန်ရှိ ကစထမှူးစက်နှင့် မိုင်းရှူးရှိတပ်မမှူးစက်တို့ကို ဆက်သွယ်မှုယူနိုင်တော့သည်။

သံလွင်မြစ်ကို ကျွန်တော်ဖြတ်ကူးကတည်းက လုံခြုံရေးရအောင် ဆက်သွယ်ရေးစက်ပိတ်ထားခဲ့ခြင်းဖြစ်၍ ကျွန်တော့်စက်ပေါ်လာသည်နှင့် ကစထဂျီဝမ်း ဒုဗိုလ်မှူးကြီးကျော်ဘ အသံပေါ်လာသည်။

ဒုတပ်မမှူး ဘယ်ရောက်နေပြီလဲ။

အခြေအနေဘယ်လိုလဲ ဟူ၍ ကြိုတင်သတ်မှတ်ထားသော Code word များနှင့် မေးတော့သည်။ ရှမ်း(-)နှင့်(-)အသင့်ဖြစ်ပြီ။ ကျွန်တော်လည်း အနီးကပ်ရောက်နေပြီ။ ဝမ်ဝိန်းရွာတွင် ရောက်နေသည်။ ယခုဆက်ထွက်ပြီး စီမံချက်အတိုင်း ဆက်လုပ်မည်ဟု Code word နှင့် တင်ပြလိုက်သည်။

‘ခဏစောင့်ပါ။ စက်မပိတ်ပါနဲ့ဦး’ ဟု ပြောပြီး ဂျီဝမ်းကြီးက ကစထမှူးနှင့် တိုင်းမှူးထံသွား သတင်းပို့သည်ကို ခဏစောင့်ရသည်။ ချက်ချင်းပဲ ဂျီဝမ်းကြီး စက်ပေါ်မှာ ပေါ်လာသည်။

‘မြစ်ဖြတ်ကူးတာ စိတ်ပူလို့ ဆရာသမားကြီးနှစ်ယောက်လုံး မအိပ်ဘဲ စောင့်နေကြတယ်။ အခု ပထမအဆင့် စိတ်အေးရပြီ။ ဆက်လုပ်ပါလို့ပြောတယ်၊ ဒါပေမယ့် ဒုတပ်မမှူးတစ်နာရီတစ်ခါတော့ ဆက်သွယ်မှုယူပါ။ လူကြီးတွေ သိပ်စိတ်ပူနေကြတယ်’ ဟု ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကျော်ဘရေ ကိုဖေအောင်ထွက်သွားပြီ။ ကျွန်တော်ထွက်တော့မယ်။ ခင်ဗျားစက်ဖွင့်ပြီး စောင့်သာနေ၊ ကျွန်တော်ငယ်ငယ်ကအတိုင်း လုပ်သွားပြီ။ ဆရာသမားကြီးကို သတင်းပို့ထားပါ၊ ဒါပဲ'ဟု ပြောပြီး ကျွန်တော်စက်ကို ဖြုတ်မိုး လိုက်တော့သည်။

## ငယ်ဘဝဆရာလုပ်ရပ်

ခမရ (-)တွင် ဒုဗိုလ်မှူးကြီးထင်ကျော် တပ်ရင်းမှူးလက်ထက်မှ တပ်ခွဲမှူးက ဗိုလ်ကြီးထွန်းရီဖြစ်သည်။ ကျွန်တော်တို့က တပ်စုမှူးဘဝ။ တပ်ရင်း တစ်ရင်းလုံး စစ်ဆင်ရေးထွက်ရသည်။ တိုက်ပွဲဖြစ်သည်နှင့် တပ်ရင်းမှူးကြီးက အမှတ် (၆၂)စက်ဖွင့်ပြီ။ တပ်ခွဲမှူးကလည်း ချက်ချင်းစက်တောင်ရသည်။ (၆၂) စက်ဆိုတာ Areal ကြိုးကို သစ်ပင်ပေါ်ပစ်တင်ပြီးမှ ဆက်သွယ်ရသော စက်ဖြစ် သည်။ ကျောမှာပိုးလျက် လှုပ်ရှားရင်း ဆက်သွယ်လို့ရသောစက်မဟုတ်။

ရန်သူဘယ်လောက်များသလဲ

အခြေအနေဘယ်လိုလဲ

ငါဘာလုပ်ပေးရမလဲဆိုတာ တပ်ရင်းမှူးကြီးမေးနေကျဖြစ်သည်။ လူမျိုး တပ်ရင်းမှူးကြီးက စိတ်လည်းပူတတ်သူဖြစ်သည်။ တပ်ခွဲမှူးများက တပ်စုတွေကို ဘာလုပ်ဘာလုပ်ဟုအမိန့်ပေးလိုက်၊တပ်ရင်းမှူးထံကြေးနန်းနဲ့ပို့လိုက်လုပ်နေကြသည်။

ဗိုလ်ကြီးထွန်းရီက တပ်မတော်လူဟောင်းကြီးဖြစ်၍ တော်လှန်ရေး ကတည်းက တပ်ရင်းမှူးနှင့်ရင်းနှီးသည်။ အပြန်အလှန်ယုံကြည်မှုရှိကြသည်။

တိုက်ပွဲဖြစ်သည်နှင့် စက်မဖွင့်ဘဲ စီမံကွပ်ကဲ၍ပြီးအောင် တိုက်သည်။ ပြီးမှစက်ဆက်သွယ်မှုယူသည်။ ရန်သူနှင့်မိမိအခြေအနေ၊ ထိခိုက်မှုရှိမရှိ စသည် သတင်းပို့သည်။ တပ်ရင်းမှူးကြီးကလည်း ထုံးစံအတိုင်း သေနတ်သံတွေစကြား ကတည်းက စိတ်ပူနေပြီ။

'ဟေ့ ဗိုလ်ထွန်းရီ၊ ကျုပ်ဒီမှာ တစ်ချိန်လုံးစောင့်နေရတာ ဘာလို့ မှ စက်ဖွင့်ရတာလဲ'ဟု မေးပြီ။ မေးရိုးမေးစဉ်အမေးကို အဖြေကလည်း ဖြေရိုးဖြေစဉ် ဖြစ်သည်။

'ဒီမှာရန်သူကို တိုက်ရသေးတယ်ဗျာ၊ အကူအညီလိုရင်ပြောမှာပါ၊ အခုပြီး သွားပြီ၊ တပ်ရင်းမှူးသိအောင် တင်ပြတာပါ'ဟု ဖြေလိုက်သည်။





တိုက်ပွဲပြီးသွား၍ တပ်ရင်းမှူးကြီးက ချီးကျူးသည်။ 'ဘလယ်ဒီဖူး'ဟူ၍ သတင်းပို့သင့်သောအချိန်ကျမှ ဆက်သွယ်ရေးစက်ဖွင့်၍ သတင်းပို့သော မှုနာကိုတပ်ခွဲမှူးထံမှ ကျွန်တော်ကရထားပြီးဖြစ်သည်။

ကစထမှူးကြီးက တပ်စုမှူးဘဝ စစ်မြေပြင်မှာ ကျွန်တော့်ကို လက်တွေ့ တင်လေ့ကျင့်ပေးခဲ့သူဖြစ်သလို တိုင်းမှူးကြီးကလည်း ငယ်ဆရာဖြစ်သည်။ အရပ် သားဘဝမှဗိုလ်လောင်းဖြစ်လာချိန်၊ ကိုယ်စီတိုက်ပွဲတပ်စိတ်တိုက်ပွဲ စသည့်သင်ခန်း စာများ စတင်ပို့ချသင်ကြားလေ့ကျင့်ပေးခဲ့သော ဗိုလ်သင်တန်းကျောင်းမှဆရာဖြစ် သည်။ ကျွန်တော်ဗိုလ်ဖြစ်တော့လည်း ဗိုလ်သင်တန်းကျောင်းမှာ အတူတူနည်းပြ ဆရာရှိလုပ်ရင်း တပည့်ခံခဲ့ရသေးသည်မို့သိပ်ရင်းနှီးသည်။

သာမန်ဒုတိယတပ်မမှူးနှင့် တိုင်းမှူးကစထမှူးဆက်ဆံရေးဆိုလျှင် ကျွန်တော်သည်လိုပြောရဲမည်မဟုတ်ပေ။ ကစထစက်၊ တပ်မမှူးစက်၊ ကျွန်တော့် စက်သုံးပွင့်ဆိုင်ဖြစ်၍ တပ်မမှူးကြီးထံလည်း အလိုလိုသတင်းပို့ပြီးသားဖြစ်နေပြီမို့ သူက ဘာမှဝင်မပြော၊ မမေးရှာပါ၊ တပ်မမှူးကြီးကမေးလျှင်လည်း ကစထမှူးကြီး ထံတင်ပြသလို ကျွန်တော်တင်ပြရဲမည်မဟုတ်ပါ။

မူလကတည်းက ကျွန်တော်တောင်းဆိုရယူခဲ့သော အခွင့်အရေးသည် မမြင် နိုင်သောနေရာမှ ငုတ်တုတ်ထိုင်၍ စက်နှင့်ကွပ်ကဲနေရန်မဟုတ်။

အဝေးမှစက်နှင့်ကွပ်ကဲမည်ဆိုလျှင် မိုင်းရှူးမှာနေခဲ့နိုင်သည်သာ ဖြစ်ပါ၏။

ကျွန်တော်ကလည်း ရည်မှန်းချက်ချေမှုန်းရေး တပ်ရင်းနှင့်ထက်ကြပ် လိုက်ပါကွပ်ကဲရမည်ဖြစ်၍ ချက်ချင်းစက်ပိတ်ကာ ခရီးဆက်ခဲ့ရခြင်းဖြစ်သည်။

လူကြီးတွေသဘောပေါက်နားလည်ခွင့်လွှတ်ကြမှာ သေချာပါသည်ဟု ကျွန်တော်ယုံကြည်သည်။

လက်ဝဲကြောင်းဘေးနံ လုံခြုံရေးတာဝန်ကျသော ရတရှမ်း(-)က တောင် ကျောပေါ်တက်ကတည်းက တိုက်ပွဲလေးတွေဖြစ်သည်။ ကျွန်တော်တို့တပ်တွေ မော်ဖခွင်သို့ ဝင်လာကြောင်းတော့ ရန်သူက သိသွားပြီ။

ဘယ်နေရာရောက်မှ ဘယ်လိုတိုက်ကြရမည်ကို မသိနိုင်သေး။

ခမရ (-)ကို စစ်ကြောင်း(၁)၊ စစ်ကြောင်း(၂) ခွဲပြီးစစ်ကြောင်း တစ်ကြောင်းက ပွိုင့် ၃၆၆၀ ခြေကုတ်ယူကာ စစ်ကြောင်းတစ်ကြောင်းနှင့်မွှတ်နီး လက်နက်ခဲယမ်းရိက္ခာစခန်းရည်မှန်းချက်ကို ဝင်စီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မွတ်နီးစခန်းနှင့် ကိုက် ၅၀၀၀ အကွာ ဝမ်ကန်ရွာပျက်မှာ ကျွန်တော်ရှိ သည်။ ရည်မှန်းချက်ကို ဝင်တိုက်ရမည့် ခမရ(-)က ရန်သူနှင့်မတိုက်ရ ဘေးနံလုံခြုံရေးတာဝန်ပေးထားသော ရှမ်း(-)က တိုက်ခိုက်မှုစတင်ရပြီ။ တပ် အားလုံးသံလွင်မြစ်ကူးပြီးပြီဖြစ်၍ ကွပ်ကဲရေးတာဝန်ကို ကျွန်တော်အဓိကဦးစား ရပြီ။

## အင်ဂျင်နီယာတပ်ဖွဲ့ကျေးဇူး

သံလွင်မြစ်က ရေစီးသန်သည်။ ကမ်းပါးယံက မတ်စောက်သ စက်လှေတွေက ပျက်သည်။ တစ်စီးပျက်လိုက်တစ်စီးပြင်လိုက် ကူးလိုက်နှင့်လ တိုက်နေကြရသည်။

နောက်ဆုံးမှာ စက်လှေနှစ်စီးသာ အကောင်းကျန်တော့သည်။ အင်ဂျ ယာတပ်ခွဲမှူးကလည်း သတင်းမပို့ရဲ။

ဦးစီးအရာရှိ ဗိုလ်ကြီးဝင်းမြင့်က သတင်းပို့သည်။ ကျွန်တော် ဘ လောက်စိတ်တိုနေမည်လဲဟု တွေးထားကြပြီးဖြစ်သည်။

'စက်လှေတွေ ပြင်မရတော့ဘူး၊ ဒုတပ်မမှူးနှစ်စီးပဲကောင်းတော့တ

'အေး deception ဆိုတာ ဒါခေါ်တာပေါ့ ကိုဝင်းမြင့်ရာ'ဟု ပြောလို သောအခါ ဗိုလ်ကြီးဝင်းမြင့်ခမျာ ပါးစပ်အဟောင်းသားဖြစ်သွားရှာသည်။ သူ့ လင့်လာသည်က ကျွန်တော့်ဒေါသ၊ သူကြားလိုက်ရသောအသံက ဟာသ။

တကယ်တော့ ဒီအခြေအနေကို ကျွန်တော်က မျှော်မှန်းထားပြီးဖြစ် စက်တွေအားလုံးပျက်ရင် ဘာလုပ်မလဲလို့ စဉ်းစားနေရသော အချိန်ဖြစ်သည် စက်လှေနှစ်စီးသာကျန်သည်ဟူသော သတင်းပို့ချက်သည် ကျွန်တော့်အဖို့ အံ့ဩ မဟုတ်။

အင်ဂျင်နီယာတပ်ခွဲမှူး ဗိုလ်မှူးညွန့်တင်ကို ကျွန်တော်က သနားနေသ ကျွန်တော့်သူငယ်ချင်းကိုတင်မောင်အေး (ခတ်ပုံ)နှင့် မယားညီအစ်ကိုတော်သ အလွန်ဝသောကိုယ်လုံးကိုသယ်လျက် မတ်စောက်သောသံလွင်မြစ်ကမ်းမှာ တ လုံးမအိပ်ရဘဲ စက်လှေတွေကို ပြင်ပေးနေရရှာသည်။

အင်ဂျင်နီယာတပ်ခွဲ၏ဆောင်ရွက်ချက်သည် မော်ဖဒေသစစ်ဆင် အတွက်အဓိကဖြစ်ပါ၏။





## ပထမရည်မှန်းချက်အောင်ပြီ

၂၅/၁၁/၇၉ ကျွန်တော်၏လှုပ်ရှားကွပ်ကဲမှုအဖွဲ့ကို ဝမ်ကန်မှာခြေကုတ် ယူပြီး ၁၂၀၀ အချိန်တွင် ကစထစက်၊ တပ်မမှူးစက်တို့နှင့် ဆက်သွယ်မှုယူရသည်။

ရှမ်း(-)စစ်ကြောင်း ၁/၂ သည် ပန်ခါးကျောသို့ ချီတက်၍ မြောက်ပိုင်း ကလာမည့် စစ်ကူကိုဖြတ်တောက်တိုက်ခိုက်ရန်ဖြစ်သော်လည်း ပန်းခါးကြော မရောက်မီတိုက်ပွဲငယ်များ ဖြစ်နေသည်။

တောင်ဘက်လမ်းကြောင်း မတ်လုံကူးတို့မှကူး၍ နမ့်ဟန်နုရိကွာစခန်းကို ဝင်တိုက်ရမည့် ခမရ(-)ဘက်မှလည်း ရှမ်း(-)လောက် ထိတွေ့မှုပြင်းထန်ခြင်း မရှိသေး။

တောင်ဘက်မှရန်သူကို လှည့်စားသည့် မတ်ကျန်းကူးတို့မှကူးသော ခမရ (-) စစ်ကြောင်း(၂)သည် ဝင်းဆိုင်တွင် ဗကပ ၄၀၄၆ နှင့် တိုက်ပွဲဖြစ်သည်။ တောင်ဘက်အစွန်မှ နမ့်ခချောင်းဖြတ်၍ ဝင်လာသောခမရ(-)သည်လည်း ဝမ်စလောင်းသို့ ချီတက်နေပြီ။

ဝမ်ကမ်တွင် ခေတ္တအခြေပြုကာ တပ်ရင်းစစ်ကြောင်းများကို ဆက်သွယ် မှုယူလျက် မော်ဖဒေသတစ်ခုလုံးကွပ်ကဲနေရပြီ။ ကျွန်တော်က ခြေကြွလှုပ်ရှားနေ လျှင်ချီတက်နေသော စစ်ကြောင်းများနှင့်ဆက်သွယ်ရခက်မည်။

မိမိတပ်မ၏မူလပထမရည်မှန်းချက်ဖြစ်သော မွတ်နီးခဲယမ်းရိကွာစခန်း ချဉ်းကပ်ရာတွင် ဝမ်ဝိန်းရွာဌဖမ်းမိသောဗကပများထံမှ သတင်းအရ မိမိက အသာစီးယူ၍ ချဉ်းကပ်တိုက်ခိုက်နိုင်ခွင့်ရခဲ့သည်။

ရောင်အော်ဘက်သို့ ခဲယမ်းများ မြင်း ၄၀ နှင့်ရွှေ့ပြောင်းသယ်ယူသွား သော အင်အားမှာ ၂၀ ကျော် ၃၀ ခန့်ရှိ၍စခန်းတွင် ၇၀ ခန့်သာ ကျန်သည်။

မိမိတပ်မှ မွတ်နီးရွာကို မဝင်ဘဲ စခန်းရှိရာတောင်ကြောကိုပတ်၍ ချဉ်းကပ်တိုက်ခိုက်ခြင်းဖြင့် အချိန်အငိုက်၊ ပထဝီအငိုက်ရရှိလိုက်သည်။

## သတ်မှတ်ထားသော (ယ+၂)

နိုဝင်ဘာ ၂၅ ရက် ၂၀၁၅ အချိန် စတင်ဝင်ရောက်တိုက်ခိုက်ရာ ဗကပတို့ ပြန်လည်၍လုံးထွေးတိုက်ခိုက်ကြသေးသည်။ ရွာကိုကွင်းရှောင်၍ ဝင်တိုက်ခြင်းကြောင့် ၂၁၄၀ နာရီ အချိန်မှာ စခန်းကိုစွန့်ခွာဆုတ်ပြေးကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗကပ အလောင်းနှစ်လောင်း ကျန်ခဲ့ပြီး ဒဏ်ရာရသူများ အမှောင်ထုကို အကာ အကွယ်ယူလျက် ဆွဲယူထွက်ပြေး ကြသည်။

**မော်ဖဒေသစစ်ဆင်ရေး၏ပထမရည်မှန်းချက်ဖြစ်သော မွတ်နီးစခန်း တိုက်ခိုက်သိမ်းပိုက်ရေးအောင်မြင်ပြီ။ သတ်မှတ်ပေးသော(ယ+၂)ရက်နေ့မှာ သိမ်းပိုက်ရရှိသည်။**

ကစထသို့လည်းကောင်း၊ တပ်မသို့လည်းကောင်း အောင်မြင်မှုသတင်းပို့ လိုက်နိုင်ပါတော့သည်။

ခမရ(-)အား မွတ်နီးဝန်းကျင်စစ်ရေးအချက်အချာ တောင်ကုန်းတွေ မှာ နေရာယူခိုင်းထားလိုက်သည်။ သိမ်းဆည်းရမိသော ဂိုဒေါင်များရှင်းရန် မလိုသေး ဟု ညွှန်ကြားရသည်။ မိုင်းထောင်ထားမှာ သေချာသည်။

မြောက်ဘက်ဘေးနံလုံခြုံရေးတာဝန်ဖြစ်သော ရှမ်း(-)သည် ပန်ခါးတောင် ကျောတွင် ၂၄ ရက်၊ ၂၅ ရက်တို့တွင် အဖွဲ့ငယ်များနှင့် လေးကြိမ်ထိတွေ့မှုဖြစ် သည်။ ပန်ခါးတောင်ကုန်းရှိ ရန်သူရှေ့ကတပ်နှင့် ၂၆ ရက် ၀၆၄၀ နာရီ စတင်တိုက်ပွဲဖြစ်ပွားရာ အပေါ်စီးမှနေရာယူထားသော ရန်သူ ၃၀ ခန့်မှ စက်လပ်လောင်ချာများဖြင့် တိုက်ခိုက်ရင်း အင်အား ၁၀၀ ခန့်အထိ ဖြည့်တင်းလာ ကြောင်းတွေ့ရသည်။ ၈၂ မမတစ်လက်ပါ ဖြည့်တင်းအသုံးပြုလာရာ ရှမ်း(-)မှ အကြိမ်ကြိမ်တက်ရောက်တိုက်ခိုက်သော်လည်း တောင်ကုန်းအား မသိမ်းနိုင်ဘဲ ဆိုင်ထားလိုက်ရပါသည်။

ပန်ခါးကြောသို့ တက်လာသော ရှမ်း(-)တပ်ရင်းကို အဓိကထိုးစစ်ဟု ယူဆပြီး တောင်ကျောပေါ်မှ ရှေ့မတိုးနိုင်အောင် ခုခံနေကြပြီ။

ရည်မှန်းချက်(၂)ဖြစ်သော နန်းဟန်နုစခန်းသို့ ခမရ(-) မှ ဝင်ရောက် ရှင်းလင်းရာ ၂၆ ရက်နေ့(ယ+၃)တွင် သိမ်းဆည်းရမိသည်။ ရန်သူဗကပမျူ ရိက္ခာများ သယ်ယူရွှေ့ပြောင်းကာ အဖွဲ့ငယ်ဖြင့်သာ အစောင့်ထားခဲ့ပြီး ပစ်ခတ်မှု သာ ဖြစ်သည်။ တိုက်ပွဲကြီး မဖြစ်ခဲ့။

၂၆ ရက်နေ့ အလင်းရောင်ရသည်နှင့် မွတ်နီးစခန်းအား ခမရ(-)မှ ရှင်းလင်းရာမိုင်းပေါက်ကွဲ၍စစ်သည်တစ်ဦးကျဆုံး၍နှစ်ဦးဒဏ်ရာရရှိပါတော့သည်။

မြေပြင်တွင် ဖမ်းဆီးရမိသော ဗကပသတင်းအရ မှန်နေပြီဟု ယူဆရပါ








မော်ဖဒေသသို့ ဝင်ရောက်တိုက်ခိုက်သော စစ်ကြောင်းများ။



www.burmeseclassic.com

www.burmeseclassic.com



သည်။ မွတ်နိုး-နန်းဟံနုတို့သည် ခဲယမ်းနှင့်ရိက္ခာစခန်းသာ ဖြစ်၍စစ်ရေးအချက် အခြာကျသောနေရာများမဟုတ်။

စိုးမိုးတောင်ကျောဖြစ်သည့် ပန်ခါးလှိုင်ဆိုက်ခေါင်းနှင့်ပွိုင့် ၆၀၀၀ ကုန်း တို့မှာသာ တိုက်ခိုက်ရေးတပ်များ နေရာယူထားသည်ဟု သုံးသပ်ရပါတော့သည်။

ကျွန်တော်ခေတ္တအခြေပြုရာ ဝမ်ကမ်ရွာပျက်မှ မျက်မြင်လေ့လာချက် အရ မြင်တွေ့ရသည်မှာ မွတ်နိုးစခန်း၊ နန့်ဟန်စခန်းတို့သည် အနိမ့်ပိုင်းမှာရှိသည်။ သံလွင်အနောက်ခြမ်းသို့ဖြည့်တင်းရန် ရည်ရွယ်ချက်နှင့်ထားခြင်းဖြစ်၍ သံလွင်မြစ် နှင့်နီးသည်။

စစ်ရေးအရ အချက်အခြာကျသောနေရာများမှာ ပန်ခါးတောင်ကြော၊ လှိုင်ဆိုင်ခေါင်ပွိုင့် ၆၀၀၀ စသည်တောင်ကြောကြီးဖြစ်သည်။ Admin box ဖြစ်သောမွတ်နိုးကို စီးမိုးထားသည်။ အရှေ့တောင်ဘက်တွင် ပွိုင့် ၇၁၂၃ လှိုင် အိုလာတောင်ရှိသေးသည်။

သို့သော်လည်း ပန်ဆန်းအတွက် ရှေ့ကာအဖြစ် အရေးကြီးသည့်လမ်း ကြောင်းမှာ ပွိုင့် ၆၀၂၈ လှိုင်ဆိုက်ခေါင်ကြောဖြစ်နေသည်။

## ဒုတိယရည်မှန်းချက်တာဝန်

လှိုင်ဆိုက်ခေါင် ပွိုင့် ၆၀၂၈ တောင်ကြောသည် မွတ်နိုးစခန်းကို စိုးမိုး ထားကြောင်း မျက်မြင်တွေ့ရသလို မြေပုံလေ့လာချက်အရ ပန်ဆန်းရှိ ဗကပဗဟို အတွက် ရှေ့ကာခံစစ်ကုန်းအဖြစ် စိုးမိုးတောင်ကုန်းဖြစ်ကြောင်း တွေ့ရပါသည်။

လှိုင်ဆိုက်ခေါင်တောင်ပွိုင့် ၆၀၂၈ ကြောသည် ရေဝေကြောဖြစ်သည်။ ထိုတောင်ကြောမှ အဖျားခံသော ချောင်းများသည် အနောက်ဘက်သံလွင်မြစ်သို့ လည်းကောင်း၊ အရှေ့ဘက်နယ်စပ်နမ့်ခချောင်းသို့လည်းကောင်း စီးဆင်းသွား သည်။ ပေအားဖြင့် လေးထောင်ခန့်အမြင့်ကွာခြားချက်ရှိကြောင်း မြေပုံအရ လေ့လာတွေ့ရှိရပါသည်။

စစ်ဆင်ရေး ဒုတိယရည်မှန်းချက်ဖြစ်သော အောင်မြေချဲ့အမြတ်ထုတ်ခြင်း အဆင့်ကို အမြန်ဆုံးစရတော့မည်။

ပန်ခါးလှိုင်ဆိုက်တောင်ကြောကို ရအောင်တိုက်ခိုက်သိမ်းပိုက်ရမည်။ သို့ဖြစ်၍ မော်ဖဒေသစစ်ဆင်ရေးအဆင့်(၂)ကို ချက်ချင်းစတင်ဆော







ရွက်မည်ဖြစ်ကြောင်း ကစထနှင့်တပ်မတို့ တင်ပြလိုက်ပါသည်။ ကျွန်တော်၏တင် ပြချက်မှာ စာမျက်နှာ(၃၇၇)မြေပုံ(-)ပါအတိုင်းဖြစ်ပါသည်။ ကစထမှူးနှင့် တိုင်းမှူးသည်အတူရှိနေ၍ ကစထစက်ကိုတင်ပြလျှင် လူကြီးနှစ်ယောက်လုံးထံ ရောက်ရှိပါသည်။

ခမရ(-)မှ ပတ်ဝန်းကျင်ရှင်းလင်းဆဲတွင်ပင် ကျွန်တော့်ထံမှ အခြေ အနေနှင့် စီမံချက်တင်ပြလိုက်ခြင်းဖြစ်ပါသည်။

ထိုနေ့ ၁၄၂၀ အချိန်တွင် ကစထမှူးကြီး ဦးဆောင်လျက် ရပခတိုင်းမှူး ဗိုလ်မှူးချုပ်လှဦးနှင့်တပ်မမှူးဗိုလ်မှူးကြီးချစ်ဆွေတို့ ရဟတ်ယာဉ်နှင့် ကျွန်တော်ရှိ ရာ ဝမ်ကန်ရွာပျက်သို့ ရောက်ရှိလာပါသည်။ ကျွန်တော်၏မျက်မြင်တွေ့ရှိချက် များကို ပြသရာ အမြောက်တပ်သုံးမှန်ပြောင်းနှင့်ကြည့်ရှုကြပြီး **'အောင်မြေချဲ့ အမြတ်ထုတ်ခြင်းအဆင့်တင်ပြချက်'** ကိုချက်ချင်းစတင်ဆောင်ရွက်ရန်သဘောတူခွင့် ပြုလိုက်ပါသည်။ လူကြီးများကိုယ်တိုင်မြေပြင်အနေအထားကိုမျက်မြင်တွေ့ပြီး စစ်ဆင်ရေးအထူးအဖွဲ့မှူးနှင့်မိန့်ညွှန်ကြားချက်ပေးခဲ့သည်ကရှင်းလင်းပြတ်သားသည်။

- 'ပန်ဆန်းကို ခြိမ်းခြောက်ဖို့ ထိန်းချုပ်ထားဖို့ ဒီစစ်ဆင်ရေးလုပ်တာဗျ၊
- ပွိုင့် ၆၀၂၈ နဲ့ပွိုင့် ၆၀၀၀ တောင်ကြောကို မရ ရအောင် တိုက်ရမယ်၊
- မြေအနေအထားအရ Casualties (ထိခိုက်မှု)ငါးဆယ်ရာခိုင်နှုန်း



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိချင်ရှိနိုင်တယ်၊

- စွန့်စွန့်စားစားတိုက်မှရမယ်' ဟု ညွှန်ကြားခဲ့သည်။

စစ်ဆင်ရေး ဒုတိယအဆင့်အတွက် တောင်ဘက်က တက်လာမည့် ခမရ (-)ကို စောင့်နေ၍မဖြစ်၊ အချိန်နှင့်လုပ်ရှားမှုသည် အရေးကြီးလှပေသည်။

နိုဝင်ဘာ ၂၆ ရက်နေ့တွင်ခမရ (-) စစ်ကြောင်း(၁)အား ပွိုင့် ၃၆၆၀ နှင့်မွတ်နီးဒေသတွင် ဆက်လက်ရှင်းလင်းစေခဲ့ပြီး စစ်ကြောင်း(၂)အား ပွိုင့် ၅၇၁၀ သို့ညတွင်းချင်းအရောက် ချီတက်ခြေကုတ်ယူထားရန် တာဝန်ပေးလိုက်ရပါတော့သည်။

၂၆ ရက် ၂၁၁၅ အချိန် နေရာယူအချိန်ဦးမှုကြောင့် နိုဝင်ဘာ ၂၇-၀၈၀၀ နာရီတွင် ထိုတောင်ကို ခြေကုတ်ယူရန် လျှိုအတွင်းမှတက်လာသော ဗကပအဖွဲ့ကိုမိမိမှအနီးကပ်စောင့်ကြိုတိုက်ထုတ်လိုက်ရသည်။ အသေတစ်ဦးကျန်ရှိပြီး ဆုတ်ခွာသွားကြပါသည်။

နိုဝင်ဘာလ ၂၇ ရက်နေ့မှာပင် ခမရ(-)စစ်ကြောင်း(၂)အား ပွိုင့် ၅၈၆၀သို့ အမြန်ချီတက်တိုးချဲ့ခြေကုတ်ယူစေခဲ့ပါသည်။ ၂၈ ရက် ၀၈၄၀ နာရီတွင် ပွိုင့်၆၀၀၀ကုန်းဘက်မှဆင်းလာသောဗကပ ၁၅ယောက်ကိုမိမိမှ စောင့်ကြိုတိုက်ခိုက်ခွင့်ရရှိပြီး ရန်သူတို့ ဆုတ်ပြေးပြန်သည်။ ရန်သူအလောင်း တစ်လောင်းကျန်ခဲ့သည်။

ဤဖြစ်စဉ်မှ သင်ခန်းစာဖော်ထုတ်ရရှိခဲ့သည်မှာ မိမိရည်မှန်းချက်(၁)ဖြစ်သော မွတ်နီးစခန်းသိမ်းပြီး ဆက်လက်တိုက်ခိုက်ရမည့် ရည်မှန်းချက်လမ်းကြောင်းသို့ မိမိမှ ချက်ချင်းခြေဆန့်ထုတ်လိုက်သော အကျိုးကြောင့် ရန်သူခြေကုတ်ယူမည့် တောင်ကုန်းများကို မိမိမှတစ်ရက်တစ်ရက် လက်ဦးမှုရရှိခဲ့ကြောင်းတွေ့ရပါသည်။

အကယ်၍ ပွိုင့် ၅၇၁၀ ပွိုင့် ၅၈၆၀ တောင်ကုန်းတို့တွင် ဗကပ ၃၀ ခန့် ကြိုတင်ရောက်ရှိနေပါလျှင် ကျင်းတူးနေရာယူရာမှာ ကျွမ်းကျင်သော ဗကပနှင့်တိုက်ပွဲကြီးငယ်များ ဖြစ်လာမည်မှာ မလွဲကေန်ဖြစ်ပေသည်။

ယ+၃ တွင် နန့်ဟံနကို သိမ်းပိုက်ပြီးသော ခမရ(-)အား ပွိုင့် ၅၈၆၀ သို့ တောက်လျှောက်ချီတက်စေခဲ့ရာ နိုဝင်ဘာ ၂၈-၂၁၀၀ အချိန်တွင် ရောက်ရှိခဲ့ပါသည်။





## စစ်ဆင်ရေးဒုတိယအဆင့်

၂၉/၁၁/၁၉၇၉ နေ့တွင်

ရှေ့တန်းရှမ်း(-)၊ ရှေ့တန်း ခမရ(-)၊ ရှေ့တန်းခမရ(-)တို့နှင့် စစ်ဆင်ရေး ဆက်လက်ဆောင်ရွက်ရန် အသင့်ဖြစ်နေပြီဖြစ်ပါသည်။

အဓိကစိုးမိုးတောင်ကုန်းများရှိ ရန်သူကိုချေမှုန်းရန် အရှိန်မြင့်၍ တပ်များကို ရွှေ့ပြောင်းမှုပြုနေရသော ကျွန်တော့်မှာရည်ရွယ်ချက်ရှိပါသည်။

ယ+၂ နှင့် ယ+၃ တွင် ပထမအဆင့်များ အောင်မြင်စွာ သိမ်းပိုက်နိုင်သော်လည်း ဒုတိယအဆင့်တိုက်ခိုက်ရာတွင် ထိုမျှမြန်ဆန်မည်မဟုတ်။ တောင်ပေါ်စစ်ဆင်ရေး၏သဘာဝအတိုင်း မြေအနေအထား၊ ရာသီဥတုနှင့် ချဉ်းကပ်ရာလမ်းကြောင်းကန့်သတ်မှုတို့က အဓိကဖြစ်သည်။

စစ်ဆင်ရေးစီမံချက်အရစစ်ကြောင်းအသီးသီးတွင်ရိက္ခာ ၁၀ ရက်စာသာပါသည်။ ဒုတိယအဆင့်ကို လေကြောင်းမှထောက်ပံ့မည်ဟုစီစဉ်ထားသည်။

နိုဝင်ဘာလ ၂၉ ရက်တွင် ရိက္ခာသုံးရက်စာသာကျန်တော့သည်။ အချိန်ကိုလု၍ ရန်သူကို မြန်မြန်တိုက်မှဖြစ်မည်။ ပန်ဆန်းမှစစ်ကူမရောက်မီလည်း ကောင်း၊ ကျွန်တော့်တပ်တွေရိက္ခာမပြတ်မီလည်းကောင်း ရည်မှန်းချက်ပြီးမြောက်ရေးအတွက် ကျွန်တော်ရင်လေးနေရပြီ။

ရဟတ်ယာဉ်တစ်စီးတစ်ခေါက်သယ်လျှင် (ရိက္ခာအမယ်စုံမဟုတ်ဘဲ) ဆန်၊ ဆီ၊ ဆား၊ ပဲ လေးမျိုးရိက္ခာလူ ၈၀၀၊ တစ်ရက်စာသာ သယ်နိုင်သည်။ တပ်ရင်း အင်အားနှင့် ဝန်ထမ်းလုပ်အားရှင်အင်အားပေါင်းလျှင် ရဟတ်ယာဉ်တစ်စီး တစ်ခေါက်စာပို့လျှင် တစ်ရက်သာလုံလောက်မည်။ နေ့စဉ်ရဟတ်ယာဉ်ငါးခေါက်၊ ခြောက်ခေါက်ပို့မှစစ်သည်အားလုံးဝန်ထမ်းလုပ်အားရှင်များပါတစ်ရက်စာကျွေးနိုင်မည်။

ခမရ(-)မရောက်မီ ခမရ(-)ကို ပွိုင့် ၅၈၆၀ အထိ ကြိုလွှတ်ထားသော အကျိုးက တောင်ကုန်းကြီးနှစ်ကုန်း တိုက်ရသက်သာသွားသည်။

ယ+၁ ရက်မှစ၍ ပန်ခါးကြောတွင် ရန်သူ ၃၀ ခန့်နှင့် စတင်တိုက်ပွဲဖြစ်နေသော ရှမ်း(-)သည် အင်အားဖြည့်လာသော ပန်ခါးတောင်ကို မသိမ်းနိုင်သေး။ ရန်သူက လူအင်အားရောလက်နက်ပါ ဖြည့်တင်းလာပြီ။ ပွိုင့် ၆၀၀၀ ဘက်က မိမိတပ်များအမြန်ဝင်တိုက်မှ ရှမ်း(-)နှင့် ဟန်ချက်ညီပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## ရန်သူတို့ ရိပ်မိပြီ

မင်းရန်အောင်စစ်ဆင်ရေးစတင်မည့် နိုဝင်ဘာလ ၂၃ ရက်မတိုင်မီ ကစထ၏အစီအစဉ်ဖြင့် ရမခဘက်မှလည်းကောင်း၊ တပ်မ (-)ကျိုင်းတုံဘက်မှ လည်းကောင်း လှည့်စားစစ်ဆင်မှုပြုလုပ်ခဲ့သည်မှာ ထိရောက်မှုရှိသည်။

တပ်မ(-)တပ်များ Main thrust အဖြစ် မော်ဖဒေသို့ ဝင်ရောက်မည်ကို မမျှော်မှန်းခဲ့ကြ။ တကယ်တိုက်သည့်အခါ မွတ်နီးခဲယမ်းရိက္ခာစခန်းသိမ်းလိုက် သည်။ နန့်ဟံနရိက္ခာစခန်းသိမ်းလိုက်သည်။ ပန်ခါးတောင်ကြောသို့ ရှမ်း(-) တစ်ရင်းလုံး ဝင်တိုက်နေသည်။

မွတ်နီးစခန်းသိမ်းပြီးပြီးချင်း ခမရ(-)တပ်များ ပွိုင့် ၅၇၁၀၊ ပွိုင့် ၅၈၆၀ တို့အထိ ခြေဆန့်လိုက်ပြီးနောက်မိမိထိုးစစ်ကိုဗကပတို့ရိပ်မိသွားပြီထင်သည်။

ပန်ခါး-လွိုင်ဆိုက်ခေါင် ၆၀၂၈ နှင့်ပွိုင့် ၆၀၀၀တောင်ကြောကို အင်အား တွေဖြည့်ပြီ။ ရှိသမျှလူအင်အားနှင့်လက်နက်ကြီးများစုပြီး ကျားကုတ်ကျားခဲခုခံပြီ။ အနောက်ဘက်နှင့်မြောက်ဘက်မှ ရှမ်း(-)တိုက်နေရသော ပန်ခါးတောင်နှင့် လွိုင်ဆိုက်ခေါင်ကြား ခမရ(-)စစ်ကြောင်းတစ်ခုကို တောင်ဘက်မှထိုး၍ ခါးလည် မှဖြတ်တိုက်စေလိုက်သည်။ ပန်ခါးကြောကို သုံးဘက် ညှပ်တိုက်သည် မရသေး။ ၆၀၂၈ မှ လက်နက်ကြီးများနှင့် ပစ်ကူပေးရင်း ခုခံနေကြပြီ။

## အောင်လံထူစစ်သူကြီး

ကျွန်တော်၏ 'လှုပ်ရှားကွပ်ကဲမှုအဖွဲ့' ကို ပွိုင့် ၅၇၁၀ သို့ ၂၉ ရက်မှ နံနက်ရွှေ့ပြောင်းအခြေပြုလိုက်သည်။ (၁၀၅)မမ ဟောင်ဝစ်ဇာ(၁)လက်လည် ရဟတ်ယာဉ်ဖြင့် လာပို့သည်။

ပွိုင့် ၅၇၁၀ တောင်ပေါ်အမြင့်ဆုံး သစ်ပင်ထိပ်ဖျားတက်၍ ပြည်ထောင်စု မြန်မာနိုင်ငံအလံထူလိုက်သည်။ ရဟတ်ယာဉ်ကွင်းနှစ်ကွင်း အဆင်သင့်ဖြစ်ပြီ။

ပွိုင့် ၆၀၂၈ အဓိကတောင်ကြောမရမချင်း ပွိုင့် ၅၇၁၀ မှ အနီးကပ် ကြီးကြပ်ရပေတော့မည်။

ရန်သူအခြေပြုရာ ပွိုင့် ၆၀၀၀ တောင်ကုန်းနှင့် ကျွန်တော့်နေရာကိုက် ၅၀၀၀ ခန့်ဝေးသည်။ ရန်သူ ၈၂ မမ ရှိရာ ပွိုင့် ၆၀၂၈ နှင့် ကိုက် ၇၀၀၀ ခန့် ဝေးသည်။





တိုက်ပွဲဖြစ်ရာ စစ်မျက်နှာတစ်ခုလုံးကို မြင်နေရသည်။ သံဇလုံနှင့်နှုတ်ခမ်း မှာထိုင်၍ သဲဇလုံကို ကြည့်နေရဘိသကဲ့သို့ ရှိချေသည်။

ကျွန်တော်ဗေဒင်ပညာမတတ်ပါ။

မဟာဘုတ်တိုင်လည်း မထူတတ်ပါ။

သို့သော်

စစ်မြေပြင်မှတပ်မှူးအကြီးအကဲဆိုတာ အောင်လံထူထားရမည်။ လုံးစွပ် ထိုးတိုက်ပွဲဝင်နေသော မိမိစစ်သည်များ အလံတော်ကို မြင်မှ စိတ်ဓာတ်တွေ တက်ကြွမည်။ သူတို့နှင့်အတူ ကျွန်တော်ရှိနေကြောင်း ယုံကြည်ကြပေမည်။

ရန်သူက မြင်လည်းမြင်စေတော့။ ပစ်မှာခတ်မှာ ထိခိုက်မှာကြောက်စရာ မရှိ။

## ဦးစီးချုပ်၏ စိတ်ဝင်စားမှု

ကျွန်တော်တို့ ဆင်နွှဲနေသော မော်ဖဒေသသိမ်းပိုက်ရေး ထိုးစစ်ကို နမ့်စန် တွင် အခြေပြုကွပ်ကဲနေသော ကစထမှူးနှင့် တိုင်းမှူးတို့သာမက ကာကွယ်ရေး ဦးစီးချုပ်ရုံးမှလည်း မျက်ခြည်မပြတ်စောင့်ကြည့်နေသည်။

ပွိုင့် ၅၇၁၀ သို့ ကျွန်တော်ရောက်ရှိပြီးနောက် အမြောက်လုံခြုံရေး၊ ရဟတ်ယာဉ်လုံခြုံရေးတို့အတွက် ပတ်လည်လုံခြုံရေးတွေ ယူထားရသည်။ ခမရ (-) စစ်ကြောင်းတစ်ခုလုံးကို တာဝန်ပေးထားရသည်။ အခြေပြုပြီး ဒုတိယနေ့ တွင် ကကကြည်း စစ်ဆင်ရေးဂျီဝမ်းဒုဗိုလ်မှူးကြီးတင်ဦး(နောင်သောအခါ နဝတ/ နယကအတွင်းရေးမှူး-၂)က ကကဆက်၏စက်ပေါ်တက်လာသည်။ ကျွန်တော်နှင့် စက်ပေါ်ကစကားပြောမည်ဟုခေါ်သည်။

ကျွန်တော်လည်း ရင်ထဲ ထိတ်သွားသည်။

စက်ဆက်သွယ်မှုရတော့ Code word နှင့်ပင် Key Conversation လုပ်ရသည်။

-ဆရာသမား ကိုကိုကြီး(ဦးစီးချုပ်)က တိုက်ရိုက်ပြောခိုင်းပါတယ်။

- ပြောပါ လိုက်မှတ်နေပါတယ်။

- နောက်ကျောလုံအောင် ပွိုင့် ၇၁၂၃(လွိုင်ဟိုလာ)ကို ချက်ချင်းတပ်တွေ တင်ဖို့ ပြောခိုင်းပါတယ်(အကြီးဆုံးပုဂ္ဂိုလ်က ညွှန်ကြားသည်ကို ဂျီဝမ်းက ပြန်လှ



www.burmeseclassic.com

www.burmeseclassic.com



ပပလေး ပြောခြင်းဖြစ်သည်။)

- တပ်တည်တွေမှာ တွေ့တဲ့အတိုင်း တပ်တွေဖြန့်ထားပါတယ်၊ အရန်တပ် မရှိတော့ဘူး ကိုတင်ဦးရေ

- တပ်တည်တွေ တွေ့ပါတယ်၊ ဖြစ်နိုင်တဲ့တပ်ကို ထုတ်ပြီး ချက်ချင်း တင်လိုက်ဖို့ ပြောခိုင်းပါတယ်။

- ကောင်းပါပြီ၊ လိုက်နာဆောင်ရွက်ပါမယ်။

ရှေ့တန်းအစွန်အဖျားအကျဆုံးမှာ ရောက်နေသည့် ဒုတပ်မမှူးအာ ကာကွယ်ရေးဦးစီးချုပ်ထံမှ တိုက်ရိုက်ညွှန်ကြားချက်ဖြစ်သည်။

ဗိုလ်မှူးကြီးစံလွင်၊ ဗိုလ်မှူးသိန်းကြည်၊ ဗိုလ်ကြီးဝင်းမြင့်ကို့နှင့် ချက်ချင်း မြေပုံဖြန့်၍ တပ်တည်တွေစစ်ရသည်။ လုံခြုံရေးယူထားသော တပ်တွေထဲက ဘယ်တပ်ထုတ်ရမည်လဲ ခေါင်းခဲရပြီ။

တောင်ကုန်းတောင်ကြောတွေမှာ နေရာယူထားပေမယ့် လျှိုထဲမှ တော ကောင်ချောင်းသလို ခြေလုံချဉ်းကပ်ပစ်ခတ်တတ်သော ဝဗကပအဖွဲ့ငယ်များရန်က အန္တရာယ်ကြီးလှသည်။ အဓိကတော့ ရဟတ်ယာဉ်အဆင်းအတက်နှင့် အမြောက် လုံခြုံရေးဖြစ်သည်။ ဗကပ၏ ၅၇မမ တစ်ကမ်းလုံခြုံအောင် တပ်တွေ ဆန့်ထုတ် ထားရသည်။ ကျွန်တော့်မှာ အရန်တပ်မရှိ။

ရန်သူတောင်ကုန်းတက်တိုက်နေသော တပ်တွေက ပြန်ထုတ်ရန်လည်း လုံးဝမဖြစ်။

နောက်ဆုံးမဖြစ်နိုင်သည့်အဆုံးမှာ ကျွန်တော်ရှိရာ ပွိုင့် ၅၇၁၀ မှ အရာရှိ အားလုံးစုလိုက်သည်။ ကကကြည်းမှ တိုက်ရိုက်ညွှန်ကြားသည်ကို ရှင်းပြသည်။

'ကဲ လွိုင်ဟိုလာပေါ် အခုချက်ချင်းတပ်တင်ဖို့က တစ်နည်းပဲရှိတော့ တယ်၊ ဒီတောင်ကုန်းလုံခြုံရေးကို ကိုမြင့်လွင်ရဲအမြောက်စစ်သည်တွေနဲ့ ကိုဇော်ဝင်း ရဲ့ဆက်သွယ်ရေးစစ်သည်တွေပဲ တာဝန်ပေးပြီးအနီးကပ်လုံခြုံရေးယူထားတဲ့( ) တပ်စုကို ဆန် ၇ ရက်စာနဲ့ ချက်ချင်းလွှတ်ရတော့မယ်'

'ကိုမြင့်လွင်နဲ့ကိုဇော်ဝင်းတို့ဖြစ်ပါ့မလား'ဟု တပ်ထုတ်နုတ်ရေးဆုံးဖြတ် ချက်ကိုရှင်းပြပြီး သူတို့သဘောထားမေးရသေးသည်။

အမြောက်တပ်ခွဲမှူးရော ဆက်သွယ်ရေးတပ်စုမှူးကပါ လိုလိုလားလား လက်ခံကြသည်။ ချက်ချင်းလုံခြုံရေးကင်းတွေ လဲရသည်။ ထိုနေ့ည ၁၀ နာရီမှာ





တပ်မမှူးရဲ့ လှုပ်ရှားကွပ်ကဲရေးအဖွဲ့နှင့် အမြောက်လုံခြုံရေးယူထားသော တပ်စုသည် လွိုင်ဟိုလာတောင်ပေါ်ရောက်သွားပြီ။

ကစထမှူးကြီးစက်နှင့်တပ်မမှူးစက်တို့ကို တရားဝင်သတင်းပို့လိုက် နိုင်ပါသည်။

ကကကြည်းစစ်ဆင်ရေး ဂျီဝမ်းကြီးထံလည်း သီးခြားကြေးနန်းပို့လိုက်ရ ပါတော့သည်။

ပြီးမှ သည်လိုအစွန်အဖျားမှာ ရှေ့တန်းအကျဆုံးစစ်တိုက်နေရသူတွေရဲ့ တပ်တည် Location ကို ထိပ်ဆုံးမှကြည့်ပြီး ထောက်ပြသတိပေးလမ်းညွှန်ကြား လာသည်မှာ ကျွန်တော်တို့ တပ်မတော်၏တကယ့်ဂုဏ်ယူဖွယ်ရာ အစဉ်အလာဖြစ် ကြောင်း တိုက်ပွဲဝင်တပ်ရင်းမှူး၊ စစ်ကြောင်းမှူးများထံ ကျွန်တော့်နည်း ကျွန်တော့် ဟန်နှင့် အသိပေးလိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## လူနာ၊ ခဲယမ်း၊ ရိက္ခာ

တောင်ပေါ်စစ်ဆင်ရေးမှာ လေကြောင်းတိုက်ခိုက်မှုနှင့် လေကြော ထောက်ပံ့မှုသည် အဓိကအရေးကြီးသည်။

မိမိအမြောက်များ တပ်ရင်းလက်နက်ကြီးများ ပစ်ခတ်မှုဒဏ်ကို ဗကပ ခေါင်ကတုတ်တွင်းမှ နေရာယူလျက်ပုန်းခိုပြီး အတင်းတက်တိုက်သော မိမိတ ကို ပစ်ခတ်လျက်ရှိကြသည်။ မိမိစစ်သည်များမှာ တောင်ကြောကို လှန်၍တက် သည်။ သစ်ပင်ကိုအကာအကွယ်ယူရသည်။ ထိုသို့လှုပ်ရှားချဉ်းကပ်ရသောစစ်သည် များ ရန်သူ့လက်နက်ကြီးကျည်စမှန်၍ ထိခိုက်ဒဏ်ရာရကြသည်။ နေ့စဉ် ဒဏ်ရ ရလူနာတွေ မပြတ်ရှိနေသည်။

ကျွန်တော်ရှိရာစခန်းကို ရဟတ်ယာဉ်တွေ အကြိမ်ကြိမ်ဆင်းရသည်။

အမြောက်ကျည်ဆန်များ တပ်ရင်းလက်နက်ကြီး၊ လက်နက်ငယ်ကျည် ဆန်များ၊ ရိက္ခာများ(အထမ်းသမားရိက္ခာအမည်လေးမျိုးသာ)သယ်လာကြသည်။ အပြန်ခရီးမှာ ကျွန်တော့်စခန်းတွင် စုပြုံရောက်နေသော ဒဏ်ရာရစစ်သည်များကို သယ်ယူသွားကြပါတော့သည်။

တပ်မမှူးကြီးသည် အရန်ကျည်ဆန်များ၊ ရိက္ခာများနှင့် မိုင်းရှူးမြို့မှ အခြေပြုနေသည်။ မိုင်းရှူးမြို့နှင့်ကျွန်တော်ရှိရာ ပွိုင့် ၅၇၁၀ စခန်းသို့ ရဟတ်ယာဉ် အခေါက်ခေါက်သယ်ပို့ကြရသည်။

ဗကပခဲယမ်းရိက္ခာစခန်းဖြစ်သော မွတ်နိုးစခန်းမှာ ဆန်တွေရှိသော်လည်း ရဲဘော်တွေကိုရော ဝန်ထမ်းလုပ်အားရှင်များကိုပါ မကျွေးရဲ။ ဗကပတို့ဆုတ်ခွာပြီး မပြုမီ ဆေးတွေဖြန်းသွားကြသည်။ ဆေးနံ့တွေတထောင်းထောင်းထနေ၍ဖြစ်သည်။ သည်တော့ ဒီဇင်ဘာလ ၂ ရက်လွန်လျှင် လေကြောင်းရိက္ခာကိုသာ အားကိုး၍ တိုက်ကြခိုက်ကြရပေတော့မည်။

## ထိရောက်သောပစ်ကူများ

ဗကပအရှေ့မြောက်ဒေသရုံးစိုက်ရာ ပန်ဆန်း၏ရှေ့ကာတောင်ကြောဖြစ် သော လွိုင်ပန်ခါး-လွိုင်ဆိုက်ခေါင်(၆၀၂၈)နှင့် ပွိုင့် ၆၀၀၀ တောင်ကို နိုဝင်ဘာလ ၃၀ ရက်ညမှစ၍ တပ်ရင်းသုံးရင်းနှင့် အပြင်းအထန်ဝိုင်းပတ်တိုက်ခိုက်သော်လည်း သိမ်းပိုက်မရနိုင်သေး။





ဒီဇင်ဘာလ ၃ ရက် ညမှာ ကျွန်တော်က ထိုးစစ်တပ်တွေကိုရပ်ပြီး ခံမပျက်ဆိုင်းထားခိုင်းလိုက်သည်။ ၂၉ ရက်နေ့ ကျွန်တော်အခြေပြုကွပ်ကဲရာ ၅၇၁၀ တွင် ပြည်ထောင်စုအလံစိုက်ထူထားပြီး ရဟတ်ယာဉ်များဖြင့် အကြိမ်ကြိမ် လာပို့ကြသောရိက္ခာများကို စစ်ကြောင်းအသီးသီးအရောက် ဖြည့်တင်းဖို့ အရေး ကြီးနေသည်။ အနည်းဆုံး နှစ်ရက် အချိန်ယူရမည်။

မိမိတပ်မတော်လေကြောင်းမှ ရဟတ်ယာဉ်လေးနှင့် ကင်းထောက်သည် ပီစီ ၆၊ ပီစီ ၇ တိုက်လေယာဉ်များ ရော့ကက်ပစ်ခတ်မှု ထိရောက်စွာပစ်ကူပေး သည်။ အမြောက်ပစ်ကူများရန် သူ့တောင်ကုန်းပေါ် တည့်တည့်ကျသည်။ ရှေ့တန်း စစ်ကြောင်းနှင့်အတူပါသွားသော အကဲကြည့်(OP) များ မျက်မြင်ဖြစ်သည်။ ခိုင်ခံ့သော်ခေါင်ကတုတ်များ၊လိုဏ်ဂူများတူးထားသောရန်သူကစစ်သည်များ အနီးကပ် လုံးထွေးတက်ရောက်တိုက်ခိုက်သောအခါကျမှ စခန်းမသိမ်းပိုက်နိုင်အောင် ကတုတ် ကျင်းမှခုခံကြသည်။ လက်ပစ်ဗုံးအများဆုံးသုံး၍တောင်ကြောပေါ်မှ လှိမ့်ချသည်။

ပန်ဆန်းမှ ရောင်အော်-ရောင်အော်မှပွိုင့် ၆၀၂၈ သို့ လက်နက်နှင့်ကျည် မျိုးစုံစသည့်အုပ်ချုပ်ထောက်ပံ့မှုများ နေ့ညဖြည့်တင်းနေသည်။ နေ့အချိန်ဖြည့်တင်း မှု ဆက်သွယ်ရေးလမ်းကြောင်းကို မိမိလေတပ်မတော်မှ တိုက်ခိုက်မှုများ ပြုလုပ် ခဲ့သည်။ ညအခါ လေကြောင်းရန်ကင်းရှင်းချိန်လား၊ မြင်းများနှင့်ရိက္ခာ၊ ကျည်ဆန် ဖြည့်တင်းရန် ဗကပမှာ အခွင့်အလမ်းသာသည်။

အချိန်ကြာသည်နှင့် ဗကပတို့လူ၊ လက်နက်၊ ကျည်ဆန်၊ ရိက္ခာဖြည့်တင်းမှု အခွင့်အရေးပိုရသွားလိမ့်မည်။

လေကြောင်းမှရော၊ အမြောက်ပစ်ကူပါ ထိရောက်စွာပစ်ကူပေးပါလျက် ရန်သူကိုချေမှုန်းခြင်းမပြုနိုင်သေးဘဲ တောင်ကုန်းမှာ ကတုတ်ကျင်းနှင့်နေရာယူ ထားသော ရန်သူ့စခန်းသိမ်းပိုက်ဖို့ ပုံသေစစ်တိုက်နည်းနှင့်တိုက်၍ မလွယ်ကူလှ။

တစ်နေ့ထက်တစ်နေ့ ထိခိုက်ဒဏ်ရာရမှုတွေ တိုးလာသည်။ ရိက္ခာဖြည့် တင်းရေးခက်ခဲမှုရှိလာသည်။ အမြောက်ကျည်ဆန်၊ တပ်ရင်းလက်နက်ကြီး၊ လက်နက်ငယ်ကျည်ဆန်ဖြည့်ရသည်။ လူနာတွေ သယ်ထုတ်ရသည်။ ရဟတ်ယာဉ် မောင်းလေသူရဲများလည်း ပင်ပန်းလာကြပြီ။



www.burmeseclassic.com

www.burmeseclassic.com





၆-၁၂-၁၉၇၉ နေ့ စွန့်စွန့်စားစား ထိုးဖောက်တိုက်ခိုက်အသက်စွန့်သွားသူ ခမရ(-)မှ တပ်ခွဲမှူး(ဗိုလ်မှူး) ဗိုလ်ကြီးမောင်ရီးအား ခမရ(-)တွင် တပ်ကြပ်ကြီးမောင်ရီးအဖြစ် ၁၉၅၇ မှ ၁၉၆၂ ထိ တွေ့ခဲ့ရသည်။

## လက်ရွေးစင်ရှာရပြီ

ပွိုင့် ၆၀၂၈ တောင်မသိမ်းလိုက်နိုင်သေးမီ ပန်ခါးတောင်နှင့် ပွိုင့် ၆၀၀ ကုန်းတစ်ခုကို ရန်သူမမျှော်မှန်းချိန်မှာ မမျှော်မှန်းသည့် လမ်းကြော တက်ရောက်သိမ်းပိုက်ရန်လိုသည်။ စွန့်စားစွန့်လွှတ်ဝံ့သူ အများအပြားထဲမှ လက် စင် ဆွဲထုတ်ရန် မလွယ်မရှောင်သာ ကျွန်တော်စဉ်းစားရတော့သည်။

ရှမ်း(-)မှ လွိုင်ပန်ခါးကို တိုက်နေရသည်မှာ အရာရှိစစ်သည် ကျ၍ ၅၃ ဦးဒဏ်ရာရထားပြီး ပွိုင့် ၆၀၀၀ ကုန်းနှင့် ရှေ့ကာသံခမောက်ကုန်း နေသော ခမရ (-)မှ ကျဆုံးသုံးဦး ဒဏ်ရာရ ၁၉ ဦးရှိနေသည်။ နည်းလ ပြောင်းရမည်။

ခမရ (-)တွင် ယာယီတပ်ခွဲမှူးဗိုလ်မှူးမောင်ရီး(ရခိုင်အမျိုးသား)ရှိ တပ်ကြပ်ကြီးဘဝက သီဟဗလဘွဲ့ရထားသူဖြစ်သည်။ တပ်မတော်သေ ပစ်လက်ရွေးစင်ဖြစ်၍ နိုင်ငံ့ဂုဏ်ဆောင်သေနတ်ပစ်သမားဖြစ်သည်။

ကျွန်တော်တပ်စုမှူးဘဝက ခမရ (-)တွင် တပ်ကြပ်ကြီးအဖြစ်





တွဲခဲ့ဖူးသည်။ သွေးအေးအေးနှင့်သူရသတ္တိရှိသူဖြစ်ကြောင်း ကျွန်တော်ကောင်းကောင်းသိသည်။ သူ့ကို ကျွန်တော်လျာထားလိုက်သည်။ သူနှင့်ဆွေးနွေးသောအခါ လိုလိုလားလား တာဝန်ယူသည်။ စစ်ပွဲအောင်နိုင်ရေးအတွက် လူကိုရွေး၍ အတွင်းသို့ တိုးဝင်ထိုးဖောက် တိုက်ခိုက်ခိုင်းရမည်။ အဖွဲ့ငယ်နှင့် အတွင်းပိုင်း ထိုးဖောက်ဝင်ရောက်ရမည်ဖြစ်၍ ရည်မှန်းချက်လည်းရနိုင်သည်။ အားလုံးလည်း ထိခိုက်ကျဆုံးနိုင်သည်။

အနီးကပ်လိုက်ပါကြီးကြပ်ရသော 'လှုပ်ရှားမှုကွပ်ကဲရေးအဖွဲ့မှူး' အနေနှင့် ကျွန်တော်အများကြီး စဉ်းစားရပါသည်။

လုပ်သင့်မလုပ်သင့် ချင့်ချိန်ရသည်။

ရက်ရက်စက်စက်တာဝန်ပေးရာများကျမလား။

ပုံမှန်တပ်ခွဲလိုက် အလှည့်နှင့်တက်တိုက်၍ မရသောရန်သူစခန်းကို ကွန်မန်ဒိုနည်းနှင့်အတွင်းပိုင်းဝင်တိုက်ခိုင်းရမည်ဆိုသော တာဝန်သည် တကယ့်စွန့်စားခန်းကြီးသာ ဖြစ်ပေတော့သည်။

နောက်ဆုံးတော့

ကျွန်တော် ဆက်သွယ်ရေးစက်ပေါ်တက်၍ စစ်ဆင်ရေးကွပ်ကဲမှု အထူးအဖွဲ့မှူး ဗိုလ်ချုပ်ထွန်းရီထံ စကားဝှက်ဖြင့်တင်ပြရပါတော့သည်။

- ဆရာသမား ဆရာမောင်ရီးကို မှတ်မိလား။

- မှတ်မိတယ်။

- ကိုလှမြင့်ဆီ (ခမရ-)မှာ ယာယီခွဲမှူးဗိုလ်မှူးအဖြစ် ရောက်နေတယ်။ သူ့ကို လက်ရွေးစင်အဖွဲ့နဲ့ နောက်ကျောကပတ်ပြီး တက်တိုက်ခိုင်းမယ်။ အန္တရာယ်တော့များပါတယ်၊ တခြားနည်းလမ်းမရှိလို့ လုပ်ခွင့်ပြုပါ။

- သဘောတူတယ်၊ သူ့ကိုလည်း စိတ်ချတယ်၊ ရအောင်လုပ်ပါလို့ မောင်ရီးကိုပြောလိုက်ပါ။

- ကောင်းပါပြီ၊ လိုက်နာဆောင်ရွက်ပါမယ်၊ ဒါပါပဲ ဟု တင်ပြပြီး ဆက်သွယ်မှုရပ်နားလိုက်ရပါသည်။


လူကြီးကို Commit လုပ်စေချင်၍ မဟုတ်ပါ။ တပ်ခွဲမှူးဗိုလ်ကြီးထွန်းရီဘဝက အားကိုးခဲ့ရသော တပ်စုတပ်ကြပ်ကြီးမောင်ရီးအကြောင်း ကောင်းစွာသိသူဖြစ်၍ တင်ပြရခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





၆-၁၂-၁၉၇၉
ပွိုင့် ၆၀၀၀ ရန်သူစခန်းအား တပ်ခွဲမှူးဗိုလ်မှူး မောင်ရီးဦးစီး တပ်စုနှစ်စု ကွန်မန်ဒိုနည်းဖြင့် တက်ရောက်တိုက်ခိုက်ပုံ။





ကစထမှူးကြီး ခွင့်ပြုချက်ကို တိုင်းမှူးကြီးရော၊ တပ်မမှူးကြီးပါ တစ်ချိန်တည်းသိသွားကြပြီဖြစ်၍ ကျွန်တော့်မှာစီမံချက်ဆွဲရပါတော့သည်။

ခမရ (-) တပ်ခွဲမှူး ဗိုလ်ကြီးမောင်ရီး စိတ်ကြိုက်လူရွေး၍ တပ်စုနှစ်စု ဖွဲ့စည်းစေလိုက်သည်။ ခမရ (-)မှ တိုက်မရသေးသော ပွိုင့် ၆၀၀၀ ၏ရှေ့ကာ သံခမောက်ကုန်းကို လျှိုအတွင်းဆင်း၍ ဘေးမှပတ်ကာ နောက်ပိုင်းမှဝင်ရောက် လုံးထွေးတိုက်ခိုက်ရန် ကျွန်တော်ကိုယ်တိုင်ရှေ့သို့သွားတွေ့၍ တာဝန်ပေးခဲ့ပါသည်။ ဗိုလ်ကြီးမောင်ရီးက သူ့ထုံးစံအတိုင်း ရွှေသွားများပေါ်ရုံပြုံးလျက်

'စိတ်ချဗိုလ်မှူး ကျွန်တော်ရအောင်လုပ်မယ်'ဟုပြောရှာပါသည်။

ကစထမှူးကြီးကိုယ်တိုင်က 'သူ့ကို စိတ်ချတယ်၊ ရအောင်လုပ်ပါလို့ မောင်ရီးကိုပြောပါ'ဟု မှာကြောင်းလည်း ထပ်မံအသိပေးရပြန်သေးသည်။

## ဒီဇင်ဘာလ ၆ ရက်

ပန်ခါးတောင်ကုန်းအား ရှမ်း(-)စစ်ကြောင်း(၁)သည် နောက်ဘက်တောင်ကြောအတိုင်းလည်းကောင်း၊ ကွန်မန်ဒိုစစ်ကြောင်းနှင့် ရှမ်း(-)စစ်ကြောင်း (၂)ပူးပေါင်းအဖွဲ့သည် မြောက်ဘက်မှလည်းကောင်း လက်နက်ကြီးပစ်ကူဖြင့် ဝိုင်းပတ်တိုက်ခိုက်ခိုင်းလိုက်ပါသည်။ ပန်ခါးကြောကိုသာ ဖိ၍တိုက်သယောင် အမြောက်ပစ်ကူတွေ ဖိပစ်ပေးထားပြီး ဗိုလ်ကြီးမောင်ရီး၏အထူးတပ်စုကို လျှိုအတွင်းဆင်းကာကမ်းပါးယံကို ဘေးမှပြန်တက်စေရပါသည်။ ဗိုလ်ကြီးမောင်ရီးနှင့် ကျွန်တော်တိုက်ရိုက်ဆက်သွယ်မှုယူထားသည်။

ဗိုလ်ကြီးမောင်ရီးထံမှ ရန်သူခြံစည်းရိုးနားရောက်ပြီဟု စကားဝှက်ရသည့်အခါမှ ပွိုင့် ၅၇၁၀ စခန်းမှ ၁၀၅ မမအမြောက်ဖြင့် သံခမောက်ကုန်းနှင့် ပွိုင့် ၆၀၀၀ ရှိရန်သူများပေါ် ဦးနှိမ်ပစ်ခတ်ပေးရပါတော့သည်။ ဗိုလ်ကြီးမောင်ရီးတို့အဖွဲ့ ပထမဆက်သွယ်ရေးမြောင်းနှင့် ကတုတ်များကို ဝင်စီးလိုက်ကြသည်။ သတင်းပို့ချက်ရပြီ။

ပြီးနောက် အတင်းပစ် အတင်းဝင်လုံးရင်း ဒုတိယစည်းဖြစ်သော ဆက်သွယ်ရေးမြောင်းနှင့်ကတုတ်များကို လက်ပစ်ဗုံးပေါင်းများစွာပစ်သွင်း၍ အတင်းတက် အတင်းဝင်လုံးတိုက်ခိုက်သိမ်းပိုက်လိုက်ပြန်သည်။


သတင်းပို့ချက်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com






မော်ဖဒေသ ပွိုင့် ၆၀၂၈ တိုက်ပွဲတွင်
၆-၁၂-၁၉၇၉ ပွိုင့် ၆၀၀၀ စခန်းအား
ခွဲမှူး(မှူး) ဗိုလ်ကြီးမောင်ရီး (ခ မ ရ -) ကွန်မန်ဒို(၂)စုနှင့်
လျှိုအတွင်းမှ တက်ရောက်တိုက်ခိုက်သောတိုက်ပွဲ





နောက်ဆုံးစည်းဖြစ်သော ဆက်သွယ်ရေးမြောင်းနှင့် ကတုတ်များရလျှင် ထိုသံခမောက်ကုန်းကို သိမ်းပိုက်ရရှိတော့မည်။

တပ်ရင်းမှူး ဒုမှူးကြီးလှမြင့်ဦးစီးသော တပ်ခွဲများကလည်း တောင်ကြောအတိုင်း တောင်ဘက်မှ အတင်းတက်နေကြပြီ။ ရှေ့မတိုးနိုင်သေး၊ တောင်ကြောအတိုင်းမိုင်းထောင်၍ သတ်ကွင်းလုပ်ထားသောကြောင့်ဖြစ်သည်။ ပန်ခါးတောင်ကုန်းကိုအာရုံစိုက်၍ ပစ်ကူပေးနေသော ပွိုင့် ၆၀၂၈ မှ ဗကပများသည် ရှိသမျှလက်နက်ကြီးများကို စုပြုံ၍ သံခမောက်ကုန်းသို့ ပစ်ခတ်ပါတော့သည်။

သူ့လူထိထိ ကိုယ့်လူထိထိ ဗကပတို့ ထုံးစံအတိုင်း ထိချင်သူထိ၊ သေချင်သူသေ၊ သံခမောက်ကုန်း ကိုက် ၂၀၀ခန့်စခန်းကို စုပြုံပစ်ခတ်ကြတော့ သည်။ မိမိ (၁၀၅) မမပေါင်ဝစ်ဇာများဖြင့်တန်ပြန်၍ ပွိုင့် ၆၀၂၈ နှင့် ပွိုင့် ၆၀၀၀ ကို ဖိပစ်ပေးနေရပြန်သည်။

စွန့်စားသူ ဗိုလ်ကြီးမောင်ရီးထိပြီ။

ရန်သူ့လက်နက်ကြီး ကျည်တစ်တောင့်သစ်ပင်ကိုထိမှန်သည်။ ကျည်ဆန်အစတစ်စဗိုလ်ကြီးမောင်ရီးဇက်ပိုးကို ထိမှန်သည်။ အတူပါသွားသောတပ်စုမှူးက စက်ကိုဝင်ကိုင်ရင်း ကျွန်တော်ထံ သတင်းပို့နေသည်။

'သူ့ကို ဆေးတပ်သားနဲ့ထားခဲ့ မင်းရအောင်ဆက်တိုက်' ဟုအမိန့်ပေးရပြန်သည်။

**တပ်စုမှူးလေး** ကလည်း တာဝန်သိသိနှင့် ဟုတ်ကဲ့ဟုပြောကာ ဆက်တိုက်သည်။ လက်ပစ်ဗုံးတွေ တအုံးအုံးခွဲ၍ လက်နက်ငယ်ပစ်သံတွေအတိုင်းသားကြားနေရပါလျက် ကိုယ်တိုင်ဘာမှမလုပ်နိုင်သောအဖြစ်ကို ကျွန်တော့်မှာ မချင့်မရဲဖြစ်နေရသည်။

မကျေမနပ်ဖြစ်နေမိသည်။

လူငယ်အရာရှိလေးကိုသာ ဇွတ်တွန်းတင်နေရတော့သည်။ 'ဒီဆက်သွယ်ရေးမြောင်းရလျှင် မင်းအောင်ပြီ၊ သူတို့ဆင်းပြေးကြတော့မယ်၊ မင်းရအောင်လုပ်၊ ရဲဘော်တွေကိုအပါခေါ်ပြီး ဝင်လုံးလိုက်တော့' ဟု အားပေးနေရသည်။

သူတို့ဆက်တိုက်ကြသည်။ ကြိုးစားတိုက်ကြသည်။

သူ့ထံမှ တက်တက်ကြွကြွအသံလေး---

ပျော့ပျော့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ လက်တစ်ကမ်းအလိုကျမှ ပြန်ခွာခဲ့ရန် မချင့်မရဲနှင့် ခွင့်ပြု လိုက်ရပါတော့သည်။

ကျွန်တော့်စခန်းသို့ ရောက်လာသော ဒဏ်ရာနှင့်ဗိုလ်ကြီးမောင်ရီးကို တွေ့ရတော့ အားရှိသွားသည်။ သတိမလစ်သေး။ ဗျူဟာဆေးမှူးက စမ်းသပ်ပြီး အမြန်ပို့လျှင်ရတယ်ဟု အာမခံသည်။

‘ဆရာမောင်ရီး ခင်ဗျားတာဝန်ကျေပြီ။ ကျုပ်တို့ရအောင် ဆက်လုပ်မယ်၊ တောင်ကြီးဆေးရုံမှာ ဆေးကုနေ၊ ကျွန်တော်ပြန်မှ လာတွေ့မယ်’ဟု မှာကြားရင်း ရဟတ်ယာဉ်ပေါ်တင်ပေးလိုက်ချိန်မှာ ပြုံးပြရှာသည်။

မိုင်းရှူးမှာမထားဘဲ တောင်ကြီးဆေးရုံကို တိုက်ရိုက်ပို့ရန် တပ်မမှူးထံ ကြေးနန်းပို့ရသည်။ တပ်မဆေးမှူးကိုလည်း မိုင်းရှူးမှာဘာမှမလုပ်နဲ့ တောင်ကြီး ကို အမြန်ဆုံးဆက်ပို့ဟု ထပ်ခါတလဲလဲ မှာရသည်။

မိုင်းရှူးမှာရှိသောဆေးတပ်ဖွဲ့သည် ဘာမျှမလုပ်နိုင်မှန်းကျွန်တော်သိသည်။ တောင်ကြီးအရောက် အသက်ရှင်လျှင် တပ်မတော်နယ်လှည့်ခွဲစိတ်ကုသရေးအဖွဲ့ ရှိသည်။ စပ်စံထွန်းဆေးရုံမှာ ပါရဂူတွေရှိသည်။ လက်ရွေးစင်အဖြစ် ကျွန်တော် ခိုင်းခဲ့သောဆရာမောင်ရီးအသက်ရှင်မည်ဟု ကျွန်တော်ယုံသည်။

ဒီဇင်ဘာ ၆ ရက်ည အစွမ်းကုန်ကြိုးစား၍ ဝိုင်း၍ပတ်၍ဝန်း၍ နပမ်းလုံး၍တိုက်ကြသော်လည်း ပန်ခါးကြောကို လည်းကောင်း၊ ပွိုင့် ၆၀၀၀ ကုန်းနှင့် သံခမောက်ကုန်းကိုလည်းကောင်း မသိမ်းပိုက်နိုင်ခဲ့။

ကျွန်တော်အလိုလို စိတ်တိုနေသည်။

ဒေါသဖြစ်နေသည်။

မကျေမနပ်ဖြစ်နေမိသည်။

ဘာကြောင့်လဲ။ ရန်သူ့စခန်းမရသေးလို့ ရှင်းနေသည်။ လက်ရွေးစင်မှူး လွှတ်သောအဖွဲ့ခေါင်းဆောင်ထိမှန်သည်။ ပြန်ဆုတ်ခဲ့ရသည်။

တစ်ညလုံး ကျွန်တော်တစ်မှေးမှ အိပ်မပျော်ခဲ့။ ည ၁၂ နာရီအချိ တပ်မမှူးရှိရာ မိုင်းရှူးမြို့ရှိ ရှေ့တန်းတပ်မဆက်သွယ်ရေးစက်ပေါ်သို့ ဆေးမှူး ဗိုလ်မှူးအောင်ကြည်ကို ခေါ်သည်။ စက်ပေါ်တက်မလာ။

ဆက်သွယ်ရေးတပ်ခွဲမှူးဗိုလ်မှူးလှမိုးကို ခေါ်သည်။ စက်ပေါ်တက်မလာ။

ယာယီတပ်ခွဲမှူးဗိုလ်မှူးမောင်ရီး ဘယ်မှာလဲ၊ တောင်ကြီးဆေးရုံမှာ





ခွဲစိတ်ကုသနေပြီလား၊ စက်ဖြင့်မေးသည်။ အဖြေမရ။ ယာယီလစာစားလျက် ဗိုလ်မှူးအပွင့်ပခုံးပေါ်မတပ်ရသေးသော သတ္တိခဲသီဟဗလမောင်ရီး။

ဒီဇင်ဘာလ ၇ ရက်နံနက် ၆ နာရီထိုးတော့ နှင်းတွေကြားမှတိုးထွက် လာသောအလင်းရောင်မှာထွက်၍ ရိက္ခာသံပုံးလွှတ်ပေါ် ထိုင်နေမိရင်း ပွိုင့် ၆၀၀၀ တောင်ကုန်းကို ငေးကြည့်နေမိသည်။ စစ်ကြောင်းများကို ယနေ့တက်တိုက်ခြင်း မပြုဘဲ အုပ်ချုပ်မှုကိစ္စလုပ်ခွင့်ပြုထား၍ အာရုံက ဗိုလ်ကြီးမောင်ရီးထံ ရောက်နေသည်။ အတူထိုင်နေသော ဗိုလ်မှူးကြီး စံလွင်ကလည်း ထုံးစံအတိုင်း စကားတစ်ခွန်းမျှပြောသူမဟုတ်။ ဆေးပေ့လိပ်ဖွာ နေသည်။

၆ နာရီခွဲလောက်မှာ ဗိုလ်မှူးသိန်းကြည်၊ ဗိုလ်ကြီးဝင်းမြင့်နှင့် ဆက်သွယ် ရေးဗိုလ်ကြီးဇော်ဝင်းတို့ အနားရောက်လာသည်။ ဗိုလ်မှူးသိန်းကြည်က ထစ်အ ထစ်အနှင့်သတင်းပို့သည်။

‘ဗိုလ်ကြီးမောင်ရီး ဆုံးသွားပြီ ဒုတပ်မမှူး’

ဘယ်မှာဆုံးတာလဲ။

မိုင်းရှူးဆေးရုံမှာ ဒီမနက်ကဆုံးပါတယ်။

ကျွန်တော့်စိတ်ထဲ ထောင်းခနဲဖြစ်သွားသည်။ လက်ထဲကိုင်ထားသော လက်ဖက်ရည်အပြည့်နှင့်မတ်ခွက်ကို မြေကြီးပေါ်ပစ်ပေါက်လိုက်သည်။ မကျေ နပ်သေး။ ကဲကွာ၊ ကဲကွာဟု တောစီးဖိနပ်နှင့် ဆင့်ကာဆင့်ကာ ကန်လိုက်သည်။ လက်ဖက်ရည်တွေလွင့်စင်ပြီး မတ်ခွက်လေးက တောင်စောင်းအတိုင်း ကျသွား တော့သည်။

မကျေနပ်သေး။

ဘေးမှာရှိသော ရိက္ခာသံပုံးလွှတ်ကို ဆက်၍ဆက်၍ ကန်လိုက်သည်။ ရိက္ခာသံပုံးလွှတ်ကတော့ တောင်စောင်းအတိုင်း ကျသွားသည့်အခါ မတ်ခွက်လေး လိုမဟုတ်။ ဂလုံဂလွမ်၊ ဂလုံဂလွမ်းနှင့် အသံတွေပေးသွားသည်။

အော် အကြောင်းသိ သတ္တိရှိသူကိုဆွဲထုတ်ပြီး အထူးတာဝန်ပေးမိပါမှ ခေါ်၍ သတ်သလိုဖြစ်ရလေပြီ။ တပ်ရင်းလိုက်၊ စစ်ကြောင်းလိုက် တိုက်ကြရင်း ထိရမှန်ရသေရသူမဟုတ်၊ အထူးရွေးကာ အထူးတာဝန်ပေးခဲ့ရသူမို့ အထူးတာဝန် ပေးမိသူသာ တာဝန်အရှိဆုံးဖြစ်သည်။

ကျွန်တော်သာ တရားခံအစစ်ဖြစ်ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## တိမ်တိုက်နှင်းထုနှောင့်ယှက်မှု

ပန်ခါးတောင်ကို သုံးဖက်သုံးတန်မှ စစ်ကြောင်းလေးကြောင်းခွဲကာ တိုက်သည်။ ပွိုင့် ၆၀၀၀ နှင့်သံခမောက်ကုန်းကို စစ်ကြောင်းနှစ်ကြောင်းနှင့် တိုက်နေသည်။ မရသေး။

လေကြောင်းမှရဟတ်ယာဉ်နှင့် ရိက္ခာဖြည့်တင်းနေရသည်။ ရာသီဥတုက လည်း နတ်တော်၊ ပြာသိုမို့ နှင်းတွေက ဝေနေသည်။ တစ်နေ့တစ်နေ့ မှုန်းလွဲမှုန်း သုံးနာရီလောက်သာ ရာသီဥတုပွင့်သည်မို့ ရဟတ်ယာဉ်မောင်းလေသူရဲတို့ စေတနာ ရှိသလောက် ကူညီခွင့်မရရှာပေ။

လှိုင်ဆိုက်ခေါင်တောင်ကြောသိမ်းပြီးလျှင် ပန်ဆန်းအထိ တောက် လျှောက် တောင်ကြောအတိုင်းဆင်းသွားလို့ရပေလိမ့်မည်။

ဗကပတို့နှင့်အရှေ့မြောက်စစ်ဒေသတို့ မြို့တော်တည်ထားသော ပန်ဆန်း လုံခြုံရေးကို ခြိမ်းခြောက်နိုင်ပြီ။ အထိနာနေသောတပ်ရင်း ၄၀၄၆ ကို ၄၀၄ ထပ်ဖြည့်လိုက်သည်။ ဒဏ်ရာရလူနာများ ရောင်အော်မှတစ်ဆင့် ပန်ဆင်းသို့ သယ်လိမ့်မည်။ ပန်ဆန်းရောက်လျှင် ဘယ်ကိုပို့ပို့ ပို့လို့ကုလို့ရပြီ။

အချိန်ကြာသည်နှင့်အမျှ ကျွန်တော်တို့စစ်သည်တွေလည်း ပင်ပန်းနေကြ ပြီ။ လူကြီးတွေကလည်း စိတ်ပူကြပြီ၊ တပ်မမှူးကြီးက မိုင်းရှူးမြို့ကနေ၍ နေ့စဉ် ရာသီဥတုသာ စောင့်မေးနေသည်။ လေကြောင်းပစ်ကူနှင့်အတူ တပ်တွေ တက် တိုက်ဘို့ စိတ်စောနေသည်။ ဝနယ်မြောက်ပိုင်းမှာ ကျွန်တော်တပ်ရင်းမှူးဘဝ အတွေ့အကြုံရှိသည်။ မဟာဗျူဟာဂျီတူးဘဝကလည်း လေကြောင်းတိုက်ခိုက်မှုနှင့် ရာသီဥတုပြဿနာများစွာ ကြုံခဲ့ရဖူးပြီ။

ထို့ကြောင့် ရန်သူမမျှော်မှန်းသောနံနက် ဝေလီဝေလင်းနှင်းမကွဲမီလည်း တက်တိုက်သည်။ နေ့လည်လည်း တိုက်သည်။ ညအမှောင်မှာလည်း တက်တိုက် သည်။ ကျွန်တော့်ကွပ်ကဲမှုအောက်ရှိ အမြောက် ၈ လက်က နှင်းကျကျညမှောင် မှောင် ပစ်လို့ရသည်။ ရာသီဥတုပွင့်ချိန်မှာတော့ ပီစီ ၆၊ ပီစီ ၇ တို့အားကိုးနှင့်







လှုပ်ရှားကွပ်ကဲမှုအဖွဲ့ အခြေပြုကွပ်ကဲရာ ပွိုင့်၅၇၁၀တောင်ကုန်းတွင်၊
ဒုဗိုလ်မှူးကြီးကျော်ဘ(ကစထဂျီဝမ်း) ဗိုလ်မှူးကြီးစံလွင်၊
စာရေးသူ၊ ဒုဗိုလ်မှူးကြီးမြင့်မောင်(တကဆက်)၊
ဒုဗိုလ်မှူးကြီးထွန်းဝင်း(အမြောက်တပ်ရင်းမှူး)၊ ဗိုလ်မှူးမြင့်လွင်

တက်တိုက်သည်။ လေကြောင်းမှပစ်လာသောရော့ကက်များက ဘန်ကာအမိုးများ ပွင့်ထွက်စေသည်။ အကြိမ်ပေါင်းများစွာ တိုက်ကြသည်။ ရည်မှန်းချက်မရနိုင်သေး။

လှုပ်ရှားကွပ်ကဲမှုအဖွဲ့မှူးထံမှ ညွှန်ကြားချက်ရလျှင်ရချင်း တပ်ရင်းမှူး များက တပ်ရင်းတိုက်စစ်စီမံချက်များ အသေးစိတ်ရေးဆွဲကြသည်။ တပ်ရင်းလက် နက်ကြီးပစ်ကူစီမံချက်နှင့်လိုအပ်သော အမြောက်ပစ်ကူစီမံချက် လိုလားချက်ကို ကျွန်တော့်ထံတင်ပြသည်။

ကျွန်တော်ကလည်း အမြောက်တပ်ခွဲမှူးဗိုလ်မှူးမြင့်လွင်နှင့်ညှိရသည်။ လက်ကျန်ရှိသော အမြောက်ကျည်ဆန်နှင့်ချိန်၍ မဖြစ်ဖြစ်အောင် ပံ့ပိုးပေးသည်။

တောင်ပေါ်စစ်ဆင်ရေးဖြစ်သလို တပ်လှုပ်ရှားဖို့ မြေအနေအထား ခက်ခဲ မှုကြောင့် ပစ်ကူနှင့်ဟန်ချက်ညီ တပ်စုတပ်ခွဲတွေကို ဖားခုန်စနစ်နှင့်အတင်းတက် အတင်းတိုက်ကြသည်။ ထိခိုက်ကျဆုံးမှုကိုဂရုမထားဘဲ ရည်မှန်းချက်ရရှိရေး အတွက် စွန့်စွန့်စားစားတက်တိုက်နေကြသည်ကို မျက်မြင်တွေ့ကြားရမို့ အနီးကပ်



www.burmeseclassic.com

www.burmeseclassic.com



ကွပ်ကဲနေရသော ကျွန်တော်နှင့် ဗိုလ်မှူးကြီးစံလွင်တို့မှာလည်း ကိုယ်ချင်းစာစိတ် အပြည့်နှင့် ရင်မောနေကြပါတော့သည်။

## စန္ဒရားချစ်ဆွေရဲ့ ကက်ဆက်ခွေ

စိတ်ပူသောတပ်မမှူးက လူကြီးတွေစိုးရိမ်နေကြောင်း ရည်မှန်းချက် အမြန်ရစေလိုကြောင်း ကြေးနန်းမပို့ဘဲ ကက်ဆက်ခွေထဲမှာ အကျိုးသင့်အကြောင်း သင့်နှစ်ယောက်ချင်း စကားပြောသလိုအသံသွင်း၍ ကျွန်တော်ထံပို့သည်။ ဓာတ်ခဲ သုံး ကက်ဆက်ကလေးလည်း ရဟတ်ယာဉ်နှင့်ပို့ထားသေးသည်။

ရှေ့တန်းတပ်နှင့်အတူ ရှိနေသောကျွန်တော့်ကို မိုင်းရှူးကနေ တွန်းအား ပေးရမှာသူက အားနာနေသည်။ မြန်မြန်ရအောင် တိုက်ပါ။ ဘယ်တပ်ကို ဖိတိုက် ခိုင်းပါဟု ကြေးနန်းနှင့်ညွှန်ကြားလိုဟန်တော့ရှိသည်။ ဖိအားပေးသလိုဖြစ်မှာ အားနာ နေသည်ကို ကျွန်တော်သိသည်။

ရည်မှန်းချက်မရသေး၍ အထက်ဌာနကိုလည်း သူကကြားမှ မျက်နှာပူနေ ဟန်ရှိသည်။ ထို့ကြောင့်ကက်ဆက်ခွေလေးမှာလေအေးလေးနှင့်အသံသွင်းပြီးနှစ်ရက် တစ်ခါလောက်ပို့ပေးသည်။ အားလည်းပေးသည်။တိုက်လည်းတိုက်တွန်းသည်။

ရဟတ်ယာဉ်နှင့်ပါလာသော ကက်ဆက်ခွေလေးလာပေးတိုင်း ဆက် သွယ်ရေးဗိုလ်ကြီးဇော်ဝင်းကပြုံးနေသည်ကိုအစပိုင်းမှာ ကျွန်တော်သဘောမပေါက် မိသေး။ ကက်ဆက်နှစ်ခွေမှသုံးခွေရောက်လာမှ သူတို့အသံကျယ်လာသည့်အခါ သိရသည်။

'စန္ဒရားချစ်ဆွေ၏တေးသံသာအခွေလေးပါလာပြီဟေ့' ဟု သူတို့အချင်း ချင်းပြောနေကြသည်ကိုတပ်မမှူးကြီး ယခုဤစာရေးနေချိန်အထိ သိဟန်မတူသော ဟုထင်သည်။

တပ်မမှူးကသာ ဆက်သွယ်ရေးစက်မှနေ၍ တွန်းတွန်းတိုက်တိုက်ဖိအား တွေပေးလျှင်လည်း ကျွန်တော်က နာခံရမည်သာ ဖြစ်ပါ၏။ အားနာတတ်သော တပ်မမှူးကြီးက ထိုသို့မဟုတ်ရှာပေ။

တကယ်တော့ ဒီစစ်ဆင်ရေးက တပ်မ(-)ကို တာဝန်ပေးခြင်းဖြစ်၍ တာဝန်ခံရသူကတပ်မမှူးသာဖြစ်သည်။ ရှုံးလျှင်လည်း တပ်မမှူးတာဝန်ရှိနိုင်သည်။ နိုင်လျှင်တော့ တပ်မမှူးသာနာမည်ရမည့်သူဖြစ်ပေသည်။





ဒုတိယတပ်မမှူးဆိုတာ တပ်မမှူးကို ပံ့ပိုးဘို့သာ တာဝန်ရှိသူဖြစ်ပေသည်။ ယခုလည်းတပ်မ(-)၏မဟာတာဝန်ကြီးအောင်မြင်ရေးအတွက်တပ်မမှူးကိုယ်စား ရှေ့တန်းကျကျလိုက်ပါ ကွပ်ကဲနေခြင်းသည် တပ်မမှူးကို Assist လုပ်နေခြင်းသာ ဖြစ်ကြောင်း ကျွန်တော်တို့နှစ်ယောက်ကြားမှာနားလည်နေကြပေသည်။

## ကြောက်လွဲ ရဲမင်းဖြစ်

၆၀၂၈ သိမ်းပိုက်ရရှိရေးအတွက် ကျွန်တော့်ခေါင်းထဲမှာ နောက်ဆုံး စီမံချက်တစ်ခုရှိသေးသည်။ အထက်ဌာနကို အပူမကပ်လို၍ မတင်ပြသေး။

ဒုတိယနောက်ဆုံးစီမံချက်သည် ကိုယ့်အားကိုယ်ကိုး ရန်သူ့ကို လှည့်စား မည့်စီမံချက်ဖြစ်သည်။

ကစထနှင့်တပ်မကို စက်ဖြင့်မပို့ဘဲ ရဟတ်ယာဉ်နှင့်လက်ကမ်းတင်ပြ လိုက်သည်။

လက်ရှိရန်သူကို ထိန်းချုပ်ရင်ဆိုင်ထားပြီး ရန်သူ့နယ်မြေအတွင်းပိုင်း ကျကျမှတပ်ရင်းလိုက်ဝင်ရောက်ဝိုင်းပတ်ကာ ၆၀၂၈ တောင်ကို ဖိတိုက်တော့မည်။

တိုက်ပွဲဆက်တွေများ၍ ပင်ပန်းနေသော ရှေ့တန်းရှမ်း(-)ကို ယောင်ပြ အဖြစ်ထားလျက် ရန်သူကိုလှည့်စားကာ ရှေ့တည့်တည့်မှချဉ်းကပ်စေမည်။ ၆၀၂၈ မှရန်သူတို့အာရုံကို ဆွဲယူထားစေသည်။

ခမရ (-)မှ တပ်ရင်းမှူးဦးစီးတပ်ခွဲသုံးခွဲကို ပွိုင့် ၆၀၀၀ လက်ယာဘက်မှ အရှေ့ဘက်ကျောမှပွိုင့် ၆၀၂၈ကိုတိုက်စေမည်။ ခမရ(-)ခလရ(-)စစ်ကြောင်း (၁)နှင့် ကွန်မန်ဒိုစစ်ကြောင်းကိုတော့ အနောက်ဘက်မှပန်းတက်ကာ မြောက်ဘက် ရန်သူ့အတွင်းပိုင်းရောက်အောင် ဆက်သွယ်ရေးလမ်းကြောင်းမှပြန် တက်စေမည်။

ထိုသို့ အတွင်းပိုင်းကျကျ တိုးဝင်ဝိုင်းပတ်ဖို့ချီတက်ချိန် ဗကပမှာ အရန် အင်အားတွေရှိနေလျှင်လည်း အင်နှင့်အားနှင့်တိုက်ခိုက်လျှင်တိုက်စေတော့။ သူသေ ကိုယ်သေပြန်တိုက်ကြရန်သာရှိတော့သည်။ ဒီတစ်ပွဲ ဒီစီမံချက်ကဖြင့် ကြောက်လွဲ ရဲမင်းဖြစ်စီမံချက်သာ ဖြစ်ပေသည်။

ကကကြည်း၏စီမံချက်အရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် တပ်မ (-) နယ်မြေဘက်မှာလည်း တစ်ပြိုင်တည်းစစ်ဆင်ရေးလုပ်နေခြင်းကြောင့် ဗကပ တို့ တိုက်ခိုက်ရေးတပ်များထုတ်နုတ်ပြီး ကျွန်တော်တို့ဘက် စစ်မျက်နှာသို့ စစ်ကူ လာစရာမရှိကြောင်းလည်း သိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခမရ(-)နှင့် ခမရ(-)တပ်ရင်းမှူးများရှိရာသို့ ကျွန်တော်ကိုယ်တိုင်အရောက်သွား၍ နှုတ်မိန့်ရှင်းလင်းညွှန်ကြားသည်။

သည်ညွှန်ကြားချက်ကို ဆက်သွယ်ရေးစက်ဖြင့် ပို့မည်မဟုတ်။ ပို့မည့်ညွှန်ကြားချက်က လှည့်စားညွှန်ကြားချက်ကို စက်မှပို့မည်ဟု ပြောခဲ့သည်။

တိုက်ဖို့ခိုက်ဖို့အားလုံးစီမံညွှန်ကြားချိန်မှာ အဓိကအုပ်ချုပ်မှုကိစ္စ အမြန်ဆောင်ရွက်ရပြီ။ အမြောက်ကျည်ဆန်တွေ လုံလောက်အောင် ဖြည့်တင်းရေး၊ ရိက္ခာများ သယ်ယူရေးအတွက် ရဟတ်ယာဉ်အားကိုးရသည်။ အတွင်းပိုင်းကို နက်ရှိုင်းစွာ ဝင်၍တိုက်ရမည့်တပ်များအတွက် ရိက္ခာလိုအပ်သည်။

## စိတ်ဓာတ်သည်သာ ပဓာန

မိုင်းရှူးတွင် ရိက္ခာတွေ အလုံအလောက်ရှိသည်။ ရဟတ်ယာဉ်လေသူရဲများက နမ့်စန်မှာ အသင့်ရှိသည်။ ကျွန်တော်တို့တပ်ရင်းခြောက်ရင်းနှင့် စစ်ကြောင်းတစ်ခုအတွက် ဒုက္ခပေးနေသည်က နံနက်ပိုင်းမှာ နှင်းထု၊ နေ့လယ်ပိုင်းမှာ အချိန်အခါမဟုတ်တိမ်ထုဖြစ်သည်။



စခန်းသိမ်း ချေမှုန်းရေးတပ်များအား
ထိရောက်စွာ ပစ်ကူပေးနေသော အမြောက်စစ်သည်များ





ဒီဇင်ဘာလဆိုသည်မှာ ကောင်းကင်ပြာပြာကြီးအုပ်မိုးထားရမည့်အစား ကိုယ်ဒေသဆီမှဘယ်လေက သယ်ဆောင်လာမှန်းမသိနိုင်သော တိမ်ထုကြီးက မှုန့်စဉ့်လိုအုပ်မိုးထားတတ်ပြန်သည်။ ရာသီဥတုပွင့်ပြီဆိုသည်နှင့် ရဟတ်ယာဉ်က ချက်ချင်းရောက်လာသည်။ သို့သော်လုံလောက်မှုမရှိ။

ကျွန်တော်နှင့်အတူ တိုက်ပွဲဝင်စစ်သည်အားလုံးအတွက် ရဟတ်ယာဉ်လာတိုင်းလာတိုင်း ဆန်အိတ်တွေချည်း တင်လာစေပါသည်။ တပ်ရင်းမှူး၊ တပ်ခွဲမှူးများမှတစ်ဆင့် ရဲဘော်တွေအထိလည်း အောင်နိုင်ရေးစိတ်ဓာတ်သွင်းပေးရသည်။

'ဒီတောင်ကုန်းကို မရမနေတိုက်မယ်၊ ဆန်နဲ့ကျည်ဆန်ရရင် ဆန်ပြုတ်စေပြီးစစ်တိုက်ကြမယ်' ဆိုတဲ့ခံယူချက်တွေ ခိုင်မာစေရသည်။ တပ်မ(-)မှ စစ်သည်များအားလုံးသည်လည်း ပြည်သူ့တပ်မတော်သားတွေမို့ ဒီစိတ်ဓာတ်မျိုးအပြည့်အဝရှိကြသည်။

အစဉ်အလာရှိသော တပ်မတော်ကို မျိုးဆက်ခံယူလာကြသူများပီပီ ဆန်ရှိရင်ဆန်ပြုတ်သောက်ရင်း စစ်တိုက်မည်။ ကျည်ဆန်မရှိလို့မဖြစ်ဘူးရယ်လို့ခံယူကြသည်။ ရိက္ခာအမည်စုံရောက်လာလျှင် ချက်ရတာခက်သေးသည်။ အချိန်ကုန် သည်။ ဆန်ရှိရင် ဟန်းကောထဲ ထည့်ပြုတ်ပြီး ချမ်းချမ်းစီးစီးမှာ ပူပူနွေးနွေးသောက် မည်။ ကိုယ်ခန္ဓာအာဟာရပြည့်မည်။

စိတ်ဓာတ်က အာဟာရဖြည့်ပြီးသားပေပဲ။

## စေတနာ

ဒီဇင်ဘာလ ၇ ရက်မှစ၍ ရဟတ်ယာဉ်လာတိုင်း ကျည်ဆန်နှင့်ဆန်အိတ်သာ တင်ပေးဖို့ တပ်မမှူးကြီးထံလည်း တရားဝင်သတင်းပို့သည်။ အနားမှာရှိသော ကျိုက်တူးဗိုလ်မှူးအုံ့ကျော်ကိုလည်း အကြောင်းကြားထားသည်။

ဒီဇင်ဘာလ ၁၀ ရက်နံနက်စာစားချိန်မှာ ကျွန်တော်နှင့်ဗိုလ်မှူးကြီးစံလွင်အတွက် တပ်ကြပ်ကြီးညီဆိုင်နှင့်တပ်သားသောင်းထွန်းတို့က ထမင်းနှစ်ပုဂံကို ငါးပိကြော်နှင့်ယူလာပေးပါသည်။

'ကိုဝင်းမြင့်ကိုခေါ်စမ်း' ဟု ပြောတော့ ဗိုလ်ကြီးဝင်းမြင့်ရောက်လာသည်။

'ကိုဝင်းမြင့် ဒီနေ့ကစပြီး ဆန်ပြုတ်စီမံကိန်းစပြီမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဒုတပ်မမှူး၊ ဒါပေမဲ့ ကျွန်တော်တို့မှာ ရိက္ခာအလုံ အလောက်ရှိလို့ထမင်းချက်ကျွေးတာပါ' ဟု သတင်းပို့ရှာသည်။

ဗိုလ်ကြီးဝင်းမြင့်သည် စစ်တက္ကသိုလ်အပတ်စဉ် (၈)မှ ဖြစ်သည်။ စစ်ပွဲ ကျနေသည်။ အမြဲတမ်းရယ်ရယ်မောမောပြုံးပြုံးရွှင်ရွှင် နေတတ်သော်လည်း လူကြီး နှင့်စကားပြောလေတိုင်း လူရောမျက်နှာပါ သတိဆွဲထားတတ်သူဖြစ်သည်။

'ရိက္ခာလုံလောက်ရင် နေ့ရောညပါ ကင်းစောင့်ရင်လုံခြုံရေးယူရတဲ့ ရဲဘော်တွေကို ထမင်းကျွေးလိုက်၊ ကျူပ်ကိုဆန်ပြုတ်ပဲပေး' ဟုပြောလိုက်သည်။ ကျွန်တော့်အသံအတော်မာသွားပုံရသည်။ ဗိုလ်ကြီးဝင်းမြင့်၏ညိုသောအသားက ပိုရင့်သွားသည်။

'ဗိုလ်မှူးကြီး ကျွန်တော် ...'

'တော်ပြီ ဆက်မပြောနဲ့ သောင်းထွန်း ဒါတွေပြန်ယူသွား' ဟု ပြောလိုက် ရာရဲဘော်သောင်းထွန်း(ကျွန်တော့်အကူရဲဘော်)က ဗိုလ်ကြီးဝင်းမြင့်ကို လှမ်းကြည့် ရှာသေးသည်။

'ငါပြောတာ မကြားဘူးလား' ဟု အော်လိုက်တော့မှ တပ်ကြပ်ကြီးညီဆိုင် နှင့်ရဲဘော်သောင်းထွန်းတို့က ထမင်းပန်းကန်လေးများ သိမ်းသွားကြတော့သည်။

(တပ်ကြပ်ကြီးညီဆိုင်သည် ယခုဗိုလ်ကြီးအဖြစ်လည်းကောင်း၊ ရဲဘော် သောင်းထွန်းသည် တပ်ကြပ်ကြီးသောင်းထွန်းအဖြစ်လည်းကောင်းတပ်မ (-)တွင် ယနေ့တိုင်ရှိနေကြပါသေးသည်။)

## တပ်မမှူးကြီး စိုးရိမ်ပြီ

ပွိုင့် ၆၀၂၈ ကို ဝိုင်းပတ်တိုက်မည်။ စီမံချက်အား စက်မှမပို့ဘဲ ရဟတ် ယာဉ်အကြံ့နှင့်နမ့်စန်ရှိ ကစထသို့လည်းကောင်း၊ မိုင်းရှူးရှိ တပ်မမှူးထံသို့ လည်း ကောင်းတင်ပြထားသည်။

ဒီဇင်ဘာလ ၁၂ ရက်မှ ၁၅ ရက်အတွင်း စတင်ဆောင်ရွက်ရန်ဖြစ်သော် လည်း ထိုးဖောက်ဝင်ရောက်မည့်တပ်တွေအတွက် ဆန်ရိက္ခာ ၇ ရက်စာတစ်ပါ တည်းပါသွားအောင် လက်ဆင့်ကမ်းပို့နေရသည်က အချိန်ကိုလင့်စေသည်။ စီမံ ချက်ကိုဖင့်စေသည်။ တပ်မမှူးကြီးစိုးရိမ်စိတ်ကို မြင့်စေသည်။







ပွိုင့် ၅၇၁၀ တောင်ကုန်းထိပ်မှ အချိန်ပြည့်ကွပ်ကဲနေရသည့် ဆက်သွယ်ရေးစက်ကိုင် ရဲဘော်ဗိုလ်မှူးမြင့်လွင်(အမြောက်)နှင့်စာရေးသူ

ဒီဇင်ဘာလ ၁၄ ရက်နေ့ ရဟတ်ယာဉ်အကြံ့မှာ ဆန်အိတ်တွေနှင့်အတူ ပါလာသော စန္ဒရားချစ်ဆွေကက်ဆက်ခွေက နှစ်ပါးသွားတေးသံမဟုတ်ဘဲ ဗိန်း ဗောင်းသံများပါလာသည်။

ကကြည်းတွင် လေးလပတ်စစ်ဆင်ရေးစည်းဝေးပွဲကျင်းပရန် အချိန်က နီးကပ်လာပြီ။ ကစထမှူး၊ တိုင်းမှူး၊ တပ်မမှူးတို့ ပုံမှန်စည်းဝေးပွဲတက်ကြရသည်။ ကျွန်တော်တို့က ရည်မှန်းချက်ကို မသိမ်းပိုက်နိုင်သေး။ သည်အတိုင်းကြာနေလျှင် တိုင်းမှူးသို့မဟုတ် တပ်မမှူးတစ်ဦးမဟုတ် တစ်ဦးက တာဝန်ယူကွပ်ကဲနေခဲ့ရမည်။

ထို့ကြောင့် တပ်မမှူးကြီးမှာ တာဝန်ကပို၍ပိလာပြီ။ စိုးရိမ်စိတ်ဖိစီးလာပြီ။ ၁၉၇၉ ခုနှစ် နောက်ဆုံးလေးလပတ်ဖြစ်သော ဒီဇင်ဘာလမကုန်မီ စစ်ဆင်ရေး အောင်မြင်မှုဖြစ်မည်။ တပ်မမှူးကြီးက တာဝန်ခံရသူမို့ အာရုံကစောနေပြီ။ ကျွန်တော် ကလည်း စိတ်မောနေရသည်။

တိုက်ရိုက်ကြီးကြပ်ကာ တွန်းတွန်းထိုးထိုး ညွှန်ကြားနေရသည့်ကြားမှ အုပ်ချုပ်ထောက်ပံ့မှု အခက်အခဲတွေနှင့် ရင်ဆိုင်နေရသည်။

ကိုယ့်လူကြီးအထာကိုယ် သိနေပြီမို့ ကျွန်တော်က ဘာမှစောဒကတက် မနေတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဖို့ခိုက်ဖို့ ရည်မှန်းချက်သိမ်းဘို့သာ ကျွန်တော့်တာဝန်ဖြစ်သည်။ နောက်ပိုင်းကို ဝင်တိုက်ရမည်။ ခလရ(-)၊ ခမရ(-)၊ ခမရ(-)နှင့် ကွန်မန်ဒို စစ်ကြောင်းတို့ထံ ဆန်အိတ်တွေရောက်ဘို့ လက်ဆင့်ကမ်းပို့နေရသည်။

နိုင်ငံခြားရုပ်ရှင်တွေထဲကလို ရဟတ်ယာဉ်တွေ ရောက်လာပြီး စက်လက်နက်တွေ ဒလစပ်ပစ်ကာ စည်သွပ်ဘူးရိက္ခာတွေ၊ ချောကလက်တွေ၊ စီးကရက်တွေ ချပေးနိုင်သောအခြေအနေမျိုး ကျွန်တော်တို့မှာမရှိ။

ကိုယ့်ဆန်ကိုယ်သယ်၊ ကိုယ့်အားကိုယ်ကိုးတိုက်ရမည်၊ တရားသောစစ် တိုက်ပွဲဝင်နေသူများသာ ဖြစ်သည်။

တပ်မမှူးကြီးရှိရာ မိုင်းရှူးမှ ကျွန်တော်ရှိရာ ပွိုင့် ၅၇၁၀ တောင်ကုန်း အရောက်ရဟတ်ယာဉ်နှင့်ဆန်အိတ်တွေအခေါက်ခေါက်ပို့နေရတာကိုပင် ကျွန်တော် ရော တပ်ရင်းမှူးတွေကပါမျက်နှာပူလှပြီ။

ကျွန်တော်တို့ကို စိတ်ပူ၍လူကြီးတွေကလည်း ရည်မှန်းချက်ကို အမြန်ရ စေချင်ကြသည်။

ထို့အတူ ကျွန်တော်ကလည်း ကျွန်တော့်ရဲဘော်တွေကို မကြည့်ရက်၍ ပွိုင့် ၆၀၂၈ ကို အမြန်ဆုံးသိမ်းပိုက်ချင်လှပြီဖြစ်သည်။

စိတ်ပူနေသောတပ်မမှူးကြီးထံ နှစ်သိမ့်စကားပြောစရာလည်း ကျွန်တော် မှာမရှိပြီ။

'အုပ်ချုပ်မှုကိစ္စဆောင်ရွက်နေပါတယ်၊ အမြန်ပြီးအောင်လုပ်ပါမယ်'ဟု ဆက်သွယ်ရေးစက်ကပဲ တရားဝင်ပို့လိုက်ရပါတော့သည်။

## မျက်စိလည်၍ လမ်းမှားသူ

(ယ)ရက်မှစ၍ တိုက်ပွဲတွေဆက်နေပြီး ပန်ခါးကိုမရသေးသော ရှေ့တန်း ရှမ်း(-)ကို ယခုနောက်ဆုံးစီမံချက်မှာ အနားပေးထားမည်ဖြစ်၍ ဗိုလ်မှူးမျိုးမြင့်ဦးစီး စစ်ကြောင်း(၂)နှင့် ပန်ခါးကြောရှိရန်သူကို ဆိုင်ထားစေလိုက်သည်။ တက်တိုက်ရန် မလို။

ဒုဗိုလ်မှူးကြီးသာစိန်၏ ရှမ်း(-)စစ်ကြောင်း(၁)အား ပွိုင့် ၆၀၂၈ သို့ တောင်ဘက်မှ ယောင်ပြ ချဉ်းကပ်စေမည်ဖြစ်၍ မွတ်နီးစခန်းအရှေ့မှဖြတ်ကာ ပွိုင့် ၆၀၂၈ အထိ ချောင်းဖျားတက်သွားသော ချောင်းအတိုင်းလိုက်၍ လက်နက်ကြီး တစ်ကမ်းအထိ ချဉ်းကပ်ရန် ညွှန်ကြားထားသည်။





ဒီဇင်ဘာလ ၁၄ ရက်နေ့

မွတ်နီးမှအရှေ့ဘက်သို့ ချောင်းရိုးအတိုင်း လိုက်လာပြီ။ ပွိုင့် ၆၀၂၈ သို့ တက်သောချောင်းလိုက်ရမည့်အစား ကျွန်တော်ရှိရာ ၅၇၁၀ တောင်ခြေသို့ ရောက်လာပြီ။ အရှေ့မြောက်သို့ သွားရမည့်အစား အရှေ့တောင်သို့ ရောက်လာခြင်း ဖြစ်သည်။

ကျွန်တော်ရှိရာ ပွိုင့် ၅၇၁၀ အောက်မှ လူသံကြား၍ ဆင်းကြည့်စေတော့မှ ရှမ်း(-)စစ်ကြောင်း(၁)ဖြစ်နေကြောင်း တွေ့ရတော့သည်။ ကျွန်တော့်စခန်းမှ ၁၀၅ မမအမြောက်တွေပစ်နေသည်ကို ရန်သူ့လက်နက်ကြီးပစ်နေသည်ဟု ထင်မိပါသတဲ့။

တောင်ထိပ်မှထူထားသောအလံတော်ကိုလည်း တောင်ခြေအရောက်မှာ တွေ့ဖို့မြင်ဖို့ မလွယ်တာအမှန်။

သို့သော်လည်း ရဟတ်ယာဉ်တွေ ဆင်းတက်နေသောစခန်းသည် ဤစစ်ဆင်ရေးကြီး၏ လှုပ်ရှားကွပ်ကဲမှုအဖွဲ့ရှိရာ တောင်ကုန်းသာဖြစ်သည်။ ဗကပမှာ ရဟတ်ယာဉ်မရှိ။

မှားသည်ဆိုမှတော့လည်း ရှိစေတော့ပေါ့။ ခွင့်လွှတ်လိုက်ရပါတော့သည်။

ရန်သူရှိရာ မြောက်ဘက်သို့ ချက်ချင်းယောင်ပြချီတက်ခိုင်းရပြန်သည်။ တက်တိုက်ရန်မဟုတ်။ မိမိတပ်တွေချဉ်းကပ်လာကြောင်း ရန်သူသိစေရန် သက်သက်ဖြစ်၍လှည့်စားမှုစီမံချက်ကို အပျက်မခံနိုင်၊ ချက်ချင်းချီတက်ရန် တိတိကျကျ ညွှန်ကြားရသည်။

အကယ်၍ တပ်ရင်းမှူးမကျန်းမာလျှင် ယာယီတပ်ခွဲမှူး ဗိုလ်မှူးဗိုလ်ကြီးမြင့်မိုးကိုယ်တိုင်ကွပ်ကဲ၍ ချီတက်ရန်ညွှန်ကြားရသည်။ လှည့်စားစစ်ကြောင်းဖြစ်၍ အချိန်နောက်ကျခြင်းကို လက်မခံနိုင်။ ဗိုလ်ကြီးမြင့်မိုးကလည်း တက်ကြွစွာ တာဝန်ယူပါသည်။ နောက်ဆုံးတော့ တပ်ရင်းမှူးကိုယ်တိုင် ချီတက်သွားပါတော့သည်။

## လှည့်စားစီမံချက်စပြီ

ဒီဇင်ဘာလ ၁၃ ရက်တွင် ခမရ(-)စစ်ကြောင်း(၂)က ၆၁၁၀ တောင်ကုန်းကို ဟန်မပျက်ထိန်းထားပြီး ဒုဗိုလ်မှူးကြီးလှမြင့် ဦးစီးတပ်[illegible]ခွဲတို့



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက် ကိုက် ၄၀၀၀ အကွာမှ ၆၀၂၈ နှင့် ဝမ်ပါလောင်းအကြား ဖြတ်၍ ရန်သူ့အတွင်းပိုင်းသို့ ချီတက်စေရသည်။

တစ်ချိန်တည်းတွင် ခလရ(-)တပ်ရင်းမှူးဒုဗိုလ်မှူးကြီးသန်းညွှန့်ဦးစီး တပ်ခွဲသုံးခွဲနှင့်ပန်ခါးမြောက်ဘက် ကိုက် ၃၀၀၀အကွာရှိ မန်ကျူရွာပျက်မှ တစ်ဆင့် ၆၀၂၈ ကို အနောက်မြောက်မှ ချဉ်းကပ်စေရသည်။

ဗိုလ်မှူးအောင်ထက် ဦးစီးကွန်မန်ဒိုစစ်ကြောင်းအား ခလရ(-) စစ်ကြောင်း၏မြောက်ဘက်မှတောင်ကြောတွေ အထပ်ထပ်ကို ဖြတ်ကာ ၆၀၂၈ သို့ မြောက်ဘက်မှ ချဉ်းကပ်စေရပြန်သည်။

အဓိကတာဝန်ကျသောခမရ(-) ဗိုလ်မှူးဖေအောင်ဦးစီးစစ်ကြောင်း (၁) နှင့် ဗိုလ်မှူးသန်းညွှန့်(ဗိုလ်သင်တန်း ၁၁)ဦးစီးစစ်ကြောင်း(၂)တို့ကို ပန်ဆန်း ရောင်အော်ဘက်မှ လာသည့်ရန်သူ့ဆက်သွယ်ရေးလမ်းကြောင်းအထိ ထိုးဖောက် ဝင်ရောက်ကာ ခံစစ်အပါးဆုံးနောက်ကျောမှ တက်တိုက်ရန်တာဝန်ပေးရသည်။

ရန်သူလက်နက်ရိက္ခာဖြည့်တင်းရာလမ်းကြောင်းမှ ပြန်ဝင်ပြီးတက်ရောက် ချေမှုန်းနိုင်းလိုက်သည်။ ဤအစီအစဉ်အားလုံးကို စက်ဖြင့်ညွှန်ကြားခြင်းမပြုဘဲ နှုတ်ဖြင့်ညွှန်ကြားသောစီမံချက်အတိုင်း လှုပ်ရှားကြခြင်းဖြစ်၍ ၆၀၂၈ ရှိ ဗကပရော ပန်ဆန်းရှိဗကပအရှေ့မြောက်စစ်ဒေသကရော မသိရှိလိုက်ကြ။

တကယ့်အလစ်အငိုက်စီမံချက်ပါတည်း။


မိမိဘက်မှ ထိုးစစ်ကို သုံးရက်မျှအရှိန်တန့်ထားပြီးဖြစ်သည်။ ရတခလရ (-)ရင်းမှူးဦးစီးစစ်ကြောင်းနှင့်ကွန်မန်ဒိုစစ်ကြောင်းတို့သည် ပန်ခါးမြောက်ဘက် မန်ကျူမှချဉ်းကပ်တိုက်ခိုက်သည်ကို ဗကပတို့နေရာကောင်းမှ ကျားကုတ်ကျားခဲ ခုခံကာကွယ်ကြသည်။ ၁၆ ရက်၊ ၁၇ ရက်နေ့ နှစ်ရက်ပြင်းထန်စွာတိုက်ပွဲဖြစ် ပွားခဲ့ကြသည်။

မူလထိတွေ့သောအင်အား ၃၀မှ ၈၀ ကျော်အထိ တိုးပြီး အတင်းခုခံကြ လေတော့သည်။ တောင်ကုန်းသုံးနေရာမှသုံးဖက်ဝိုင်း၍ လက်နက်ကြီးငယ်များနှင့် အပြင်းအထန်ခုခံကြလေသည်။

ပန်ခါးနှင့်ဆိုင်ထားသော ရှမ်း(-)စစ်ကြောင်း(၂)နှင့် တောင်ဘက်မှလှည့် ဆိုက်ခေါင် ၆၀၂၈ သို့ ယောင်ပြဝင်လာသော စစ်ကြောင်းများကို အဓိကထိုးစစ် ဟုမှတ်ယူကာ ဦးနှိမ်ပစ်ခတ်ကြသည်။ သဲကြီးမဲကြီးခုခံကြသည်။








**၁၆/၁၂/၁၉၇၉ မှ ၁၈/၁၂/၁၉၇၉ ဖွိုင့် ၆၀၂၈ တောင်ကုန်းတိုက်ပွဲ**

သည့်အချိန်မှာ အခွင့်ကောင်းယူလျက် ရတခမရ(-) စစ်ကြောင်းတို့ အတွင်းပိုင်းသို့ ဝင်လာသည်ကို ဗကပတို့ မသိလိုက်ကြချေ။

## ရည်မှန်းချက်အောင်ပြီ

ပုံမှန်အားဖြင့် မိမိ စစ်ကြောင်းများသည် ၆၀၀၀ ကုန်းနှင့် ပန်းခါးကိုသာ အမြောက်ပစ်ကူ၊ လေကြောင်းပစ်ကူနှင့် တက်ရောက် တိုက်ခိုက်ခဲ့ကြသည်။ အခု သဖြင့် လေကြောင်းမှ ပီစီ ၆၊ ပီစီ ၇ တို့ ထိရောက်စွာ ပစ်ခတ်ပေးသည်နှင့်မိတို့



www.burmeseclassic.com

www.burmeseclassic.com



စစ်သည်များ ရဲဝံ့စွန့်စားစွာ တက်တိုက်ကြသည်ကို ဗကပတို့ သိနေပြီဖြစ်သည်။

သို့ဖြစ်၍ မိမိမှအမြောက်ပစ်ကူနှင့် ယောင်ပြပစ်၍ စစ်ကြောင်းများသာ လှုပ်ရှားတိုက်ခိုက်ရန် လေကြောင်းတိုက်ခိုက်မှုကို ခေတ္တဆိုင်းထားလိုက်သည်။ ရာသီဥတုပွင့်လင်းလျှင် တက်လာလေ့ရှိသော လေကြောင်းကင်းထောက်မှုကိုပင် ဆိုင်းငံ့ထားရန် တင်ပြထားခဲ့ပါသည်။

တိုက်ဆိုင်လှစွာပင် ၁၆ ရက်၊ ၁၇ ရက်နေ့တို့တွင် တပ်မ(-)နယ်မြေ ဘက်မှ တိုက်ပွဲများပြင်းထန်နေသည့်အတွက် လေကြောင်းပစ်ကူတောင်းနေသည်။ တပ်မမှူးချင်းညှိနှိုင်းကြသည်။ ကျိုင်းတုံဘက်သို့ တိုက်လေယာဉ်အားလုံးပေးပို့ မိုင်းရှူးအခြေပြု ဗိုလ်မှူးကြီးချစ်ဆွေက ချိန်ဆနေစဉ်မှာပင် ကျွန်တော်က ကြားဖြတ် တင်ပြလိုက်သည်။

ပီစီ၆၊ ပီစီ၇ တွေ ကျိုင်းတုံဘက်ပေးလိုက်ပါ။ ကျွန်တော့်အစီအစဉ်ရဲ့ ကျွန်တော်ဖြစ်အောင်လုပ်ပါမည်ဟု ကျွန်တော့်တပ်မမှူးထံ တင်ပြလိုက်တော့သည်။

**တိုက်လေယာဉ်တွေမပါဘဲ ကျွန်တော်တို့စခန်းသိမ်းတိုက်ပွဲအဖြစ် တက် တိုက်မည်မဟုတ်ဟု ဗကပတို့ထင်လျှင် ကျွန်တော်မြတ်ပြီ။ ကျွန်တော်ပိုင်ပြီ။**

**အလစ်အငိုက်ရတော့မည်။**

**ဗကပတို့အာရုံစိုက်မှု လျော့လိုက်မည်။**

**လှည့်စားမှုရမည်။**

ထိုအချိန်တွင် ရတခမရ(-)စစ်ကြောင်း(၁)သည် ပွိုင့် ၆၀၂၈ ရှေ့ဘက် ကိုက် ၂၀၀၀ သို့ချဉ်းကပ်မိပြီ၊ အမှောင်ထုကို ရယူလျက် ၁၇ ရက် ၁၉၅၀ အချိန်တွင် ဗကပ ၃၀ခန့် အခိုင်အမာနေရာယူထားသောတောင်ကုန်းကို အတင်း ဝင်တိုက်လိုက်သည်။

သုံးကြိမ်တိုင် လုံ့စွပ်ထိုး တိုက်ခိုက်ရသော်လည်း ရန်သူ့တောင်ကုန်းကို မသိမ်းပိုက်နိုင်၍ ထိုညသန်းခေါင်ယံမှာ ခေတ္တဆိုင်းထားလိုက်ရပေသည်။

ရန်သူ့အတွင်းပိုင်းသို့ စွန့်စားဝင်ရောက်ခဲ့သော ခမရ(-)စစ်ကြောင်း နှစ်ကြောင်းနှင့် ကွန်မန်ဒိုစစ်ကြောင်းတို့ ပွိုင့် ၆၀၂၈ နောက်ပိုင်းသို့ ရောက်သည် အထိ အလစ်အငိုက်ရနေသည်။

အနောက်ဘက်တောင်ကြောမှ ချဉ်းကပ်သော ခလရ (-)နှင့် ရှေ့မျက် နှာစာဖြစ်သော တောင်ဘက်စူးစူးမှ ယောင်ပြတက်သည့် ရှမ်း(-)တပ်ရင်းကိုသာ





ရန်သူတို့က အာရုံစိုက်နေကြသည်။

၁၈ ရက်နေ့ပွိုင့် ၆၀၂၈ သို့ စစ်ကြောင်းသုံးကြောင်းနှင့် အနောက်ဘက်မှ ထိုးဖောက် တိုက်ခိုက်သောအချိန်မှာ ပွိုင့် ၆၀၂၈ ရှိ ရန်သူတို့ အရူးမီးဝိုင်းဖြစ်ရပြီ။

ပန်ခါးတောင်ကြောကို ခလရ(-)မှ တိုက်နေသည်။ ပွိုင့် ၆၀၂၈ အရှေ့ ဘက်မျက်နှာစာကို ခမရ(-)မှ တိုက်နေသည်။ ပွိုင့် ၆၀၂၈ နောက်ပိုင်း ရောင်အော် နှင့်ဆက်သွယ်ရေးလမ်းကြောင်းအထိ ခမရ(-)နှင့် ကွန်မန်ဒိုစစ်ကြောင်းတို့က ဝင်ပြီး နောက်ဘက်မှပြန်တိုက်သည်။

တိုက်လေယာဉ်တွေ မလာသေး၍ ခပ်ပေါ့ပေါ့ဖြစ်နေသော ရည်မှန်းချက် ရှိ ရန်သူကို ထိရောက်သောအမြောက်ပစ်ကူနှင့် အတင်းဝင်အတင်းတက် အတင်း တိုက်သော တပ်မတော်သားများ အားလုံးတက်ကြွနေကြသည်။

ဒီဇင်ဘာလ ၁၈ ရက် ၁၃ နာရီတွင် ပွိုင့် ၆၀၂၈ တောင်ဓါးခါးလယ် သို့ ဝင်စီးမိပြီ။

မိမိအမြောက်များမှာ လက်ကျန်ကျည်ကို ထိရောက်စွာ ပစ်ခတ်စေရင်း ချေမှုန်းရေးတပ်များကို စိတ်ဓာတ်အမြင့်ဆုံးအထိ အရှိန်မြှင့်ကာ တိုက်ခိုက်နေရသော တိုက်ပွဲဖြစ်ပေသည်။

၁၄း၀၀ နာရီတွင် ခမရ(-)တပ်ရင်းမှူးဗိုလ်မှူးဖေအောင် စက်ပေါ်မှ သတင်းပို့လာသည်။

'ကျွန်တော်တို့အားလုံး အတင်းလုံးထွေးတိုက်နေကြပါတယ်၊ ဦးမြင့်လွင် (အမြောက်)ကို ဖိပစ်ပေးပါ' ဟု တင်ပြသည်။

'အခြေအနေအားလုံး ခင်ဗျားသိသားပဲ'

ဒီတစ်ချီတောင်ထိပ်ကို ကြေအောင်ပစ်ပေးမယ်၊ ဝပ်မနေနဲ့ရအောင် တက်လုံးကြ၊ ရဲဘော်တွေကို အတင်းတွန်းတင်တော့'

'ကောင်းပါပြီ ရအောင်လုပ်ပါမယ့်'ဟု ပြောကာ စကားသံပြတ်သွား သည်။

**တိုက်ပွဲအောင်မြင်ရေးအတွက် တွန်းအားပေးရခြင်းကို တပ်ရင်းမှူး သဘောပေါက်ပါလိမ့်မည်ဟု ယုံကြည်ခဲ့ပါသည်။**

ကျွန်တော့်က စက်ကို ဖွင့်လျက်တစ်ချိန်လုံး စောင့်နေရပါသည်။

အမြောက်တပ်ခွဲမှူးဗိုလ်မှူးမြင့်လွင်က မှတ်ပုံတင်ထားပြီးဖြစ်သည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အမြောက်ရှစ်လက်ကို ထိရောက်စွာပစ်မှတ်ပေး၍ပစ်ကူပေးလိုက်သည်။ လေက လည်း ငြိမ်နေ၍ ပွိုင့် ၆ ၀၂၈ တောင်ကုန်းပေါ်ကို အမြောက်ကျည်တွေ စုပြုံကျသလို ပန်ခါးကြောကိုလည်းကောင်း၊ ပွိုင့် ၆၀၀၀ ကုန်းကိုလည်းကောင်း တည့်တည့်မတ်မတ် ထိမှန်ပေါက်ကွဲနေသည်ကို မှန်ပြောင်းနှင့်အတိုင်းသား မြင်နေရပါသည်။

၁၄၃၀ အချိန်မှာ အမြောက်ပစ်ခတ်မှုကို ရွှေ့လိုက်သည်။ ပွိုင့် ၆၀၂၈ ကို ကျော်၍ရောင်အော်လမ်းကို ပစ်ပေးရသည်။ ရောင်အော်ဘက်မှ လမ်းအတိုင်း ပြေးလာနေသော ရန်သူဗကပများပေါ် အမြောက်ကျည်များကျရောက်ကြောင်း ခမရ (-)နှင့် အတူပါသော အမြောက်အကဲကြည့်မှ သတင်းပို့ချက်ရရှိပြန်သည်။

ပွိုင့် ၆၀၂၈ သို့ အမြောက်တွေ ဖိပစ်ပေးနေချိန်တွင် ချေမှုန်းရေးတပ်များက တပ်ရင်းလက်နက်ကြီး လက်နက်ငယ်များလက်ပစ်ဗုံးများနှင့် အတင်းတက် အတင်းတိုက်ကြသည်။ တောင်ထိပ်ဘန်ကာထဲမှ ဗကပကလည်း လောင်ချာများ လက်ပစ်ဗုံးများနှင့် စွမ်းအားကုန် ပစ်ခတ်ခုခံနေသည်။

## နောက်ဆုံးအဆင့်

၁၅း၃၀ နာရီမှာ တောင်ထိပ်တက်ပြီး လုံးထွေးတိုက်ခိုက်နေကြောင်း သတင်းပို့ချက်ရရှိပါသည်။

ဒီဇင်ဘာ ၁၈ရက်။ ၁၆း၀၃နာရီ။

ခမရ( )စစ်ကြောင်း(၂)မှူး ဗိုလ်မှူးသန်းညွန့်ထံမှ ရည်မှန်းချက် သိမ်းပြီး ပြီဟူသော သတင်းပို့ချက် ရရှိပါသည်။

စိတ်မချနိုင်သေး။ တောင်ထိပ်ကို ရတာသေချာသလား။

သေချာပါတယ်၊ ကျွန်တော့်ထက် မြင့်တဲ့တောင် ဒီနားမှာ တစ်ခုမျှ မရှိပါဘူး။

တပ်ခွဲမှူး ဗိုလ်ကြီးသန်းအောင် (ဗိုလ်မှူးဖေသန်း၊ ယုဝတီဒေါ်ခင်စိန်လှိုင် တို့၏သားသမက်) အသံပေါ်လာသည်။

- သေချာရင် မီးကျည်ပစ်ပြစမ်း။
- ဒို့ စခန်းကို မြင်ရတဲ့နေရာအထိ ထွက်ပြီးပစ်နော်။
- ဟုတ်ကဲ့။





- ပစ်လိုက်ပြီ။
- တစ်-နှစ်-သုံး-လေး ဘာမှမမြင်ရ၊ ဘာအချက်ပြမီးကျည်ကိုမှ မမြင်ရ။
- ခက်ပြီ။
- ရင်မောရပြီ။

မိမိတို့ သိမ်းပိုက်သောတောင်ကုန်းသည် အမြင့်ဆုံးမဟုတ်ပါက ဆက်၍ တိုက်ရဦးမယ်။

အမြင့်ဆုံးမြင့်တင်ပေးထားရသော စိတ်ဓာတ်များကို အရှိန်ဆက်ထိန်းဖို့ နောက်တစ်တောင် ဆက်တိုက်နိုင်းဘို့ ခက်ပေလိမ့်မည်။

## တကယ့်အောင်ပွဲ

စစ်သည်အားလုံးကို အမြင့်ဆုံးမောင်းတင်လွှတ်ရခြင်းဖြစ်၍ ဒီနေ့ဒီအချိန်ဟာ တကယ့်အဆုံးအဖြတ်သာဖြစ်ပါ၏။

- ဘာမီးကျည်ပစ်တာလဲ။
- အစိမ်းရောင်။
- ဟာ ဒီဘက်အစွန်ကိုထွက်။
- အနီရောင်ကို မိုးပေါ်တည့်တည့်ထောင်ပစ်။
- ဟုတ်ကဲ့ ဟုပြောပြီး ရပ်သွားသည်။

ခြေလှမ်း ၄-၅-၁၀ လှမ်းမျှသည်ဘက်အစွန်ဆုံးရောက်အောင် လှမ်းနေရသလားမသိ၊

သို့သော် ကြာလွန်းသည်ဟု ထင်နေမိသည်။

ကျွန်တော့်ရင်တွေခုန်နေသည်။ တဒိတ်ဒိတ်ခုန်ခြင်းမဟုတ်။

တဒိန်းဒိန်းမြည်ဟည်းနေသံသည် ရင်ထဲမှ ခေါင်းကိုလာဆောင့်နေသည်။ မြည်ဟည်းသံတစ်ခုနှင့်တစ်ခုကြားမှာလည်း ကြာလှချည်ရဲ့ဟု စိတ်စောနေမိသေးသည်။

မီးကျည်-မီးကျည်

အနီရောင်-အနီရောင်။ မျှော်နေရသည့် အနီရောင်။

တောင်ထိပ်တောအုပ်စိမ်းစိမ်းကြားမှ ရဲခနဲမိုးပေါ်ထောင်တက်လာသော မီးကျည်ရောင်နီနီရဲရဲ ··· ကို မြင်လိုက်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလွန်းလို့ ဘေးမှအရာရှိစစ်သည်များ အားလုံးထခုန်ကြသည်။

ဟစ်ကြွေးဂုဏ်ပြုသံများက ဘဝင်သို့ညံသွားသည်။

လုပ်အားရှင်အထမ်းသမားများပါ ထအော်ကြ-ထကကြသည်။

ကျွန်တော့်မှာ အသံမထွက်နိုင်သေး။

မျက်ရည်တွေစီးကျလာသည်။

အော် တာဝန်ကျေသောသားတပည့်များအတွက် ဂုဏ်ယူစွာ ကျဆင်းလာသော မျက်ရည်များပါတကား။

ပြီးမှ 'ဗိုလ်မှူးသိမ်းကြည် ကစထတပ်မကို သတင်းပို့လိုက်တော့ ဗိုလ်ကြီးနေမျိုး၊ ဗိုလ်ကြီးဝင်းမြင့် စစ်ကြောင်းအားလုံးကို အကြောင်းကြား၊ ရည်မှန်းချက်ကြီးကို ရပြီ၊ ကိုယ့်ရည်မှန်းချက်ကို ဆက်တိုက် ဆင်းပြေးတဲ့ရန်သူကို ထက်ကြပ်လိုက်အရှိန်မလျှော့စေနဲ့' ဟုညွှန်ကြားလိုက်ရသည်။

တစ်ဆက်တည်း ဇဝဖ စက်ဖြင့် ခမရ(-)တပ်ရင်းမှူးဗိုလ်မှူးဖေအောင်ဒုတပ်ရင်းမှူးဗိုလ်မှူးသန်းညွန့်၊ တပ်ခွဲမှူးဗိုလ်ကြီးသန်းအောင်တို့ကို ကိုယ်တိုင်ရေဒီယိုတယ်လီဖုန်း RT ဖြင့် ချီးကျူးစကားပြောရသည်။

ရဲဘော်တွေအားလုံးကို ဂုဏ်ပြုကြောင်းလည်း ပြောရသည်။

ရတ (-) ကိုသာမက ကွန်မန်ဒိုစစ်ကြောင်းမှူး၊ ဗိုလ်မှူးအောင်ထက်၊ ခလရ(-)တပ်ရင်းမှူး၊ ရှမ်း(-)တပ်ရင်းမှူး၊ ခမရ(-)တပ်ရင်းမှူး၊ ခမရ(-) စစ်ကြောင်းမှူးများနှင့်ခမရ ၁၀၆တပ်ရင်းမှူးကိုလည်း ကျေးဇူးတင်ချီးကျူးကြောင်းပြောရပါသေးသည်။

ယနေ့အောင်ပွဲသည် ရတ(-) တပ်ရင်းတစ်ရင်းတည်း အောင်ပွဲမဟုတ်၊ တပ်ရင်းအားလုံး၏အောင်ပွဲသာ ဖြစ်ပေသည်။

**တပ်မ(-)၏အောင်ပွဲဖြစ်ပေသည်။**

**တပ်မမှူးကြီးကို ဂုဏ်တက်စေသောအောင်ပွဲလက်ဆောင်ကြီးလည်း ဖြစ်ပါ၏။**

**'ပြေးတော့လည်း တစ်ချိုးတည်း'**

ပွိုင့် ၆၀၂၈ တောင်ပေါ်မှဗကပများသည် လေးဘက်လေးတန်ဝိုင်းပတ်တိုက်ခိုက်မှုခံရသောအခါ အသက်လု၍ ဆင်းပြေးကြတော့သည်။





(-)စစ်ကြောင်း(၂)က တောင်ပေါ်အရောက်မှာ မြောက်ဘက်က တက်သောစစ်ကြောင်း(၁)ဘက်ကို ပြေးဆင်းကြသည်။ ပြေးဆင်းလာသောဗကပတို့ကို မျက်နှာချင်းဆိုင်မှ ပစ်နေရသော ရဲဘော်တို့ လက်မလည်နိုင်အောင် ပစ်နေကြရသည့်ကြားက ကျော်လွှားပြေးဆင်းကြကြောင်း တိုက်ပွဲကြီးပြီးမှ စစ်သည်များမြိန်ရေရှက်ရေပြောသံတွေ ကြားရတော့သည်။

ပတ်ဝန်းကျင်ကို ဆက်ရှင်းရသေးသည်။ အင်အားဖြည့်ထားသော တပ်ရင်း ၄၀၄၈ ကလည်း ဆင်းပြေးသွားပြီးညမှာ မိမိတပ်ခွဲထားရာ တောင်ကုန်းကို လာပြန်တိုက်သေးသည်။ တစ်ညလုံး ပစ်ခတ်သံများ ကြားနေရဆဲဖြစ်သည်။

## အောက်သက်ကျေသော လူကြီးများ

ဗကပတို့ ထုံးစံအတိုင်း စခန်းမှ ထွက်ပြေးလျှင် လျှိုနှင့်ချောင်းရိုးအတိုင်း လူနာတွေ လက်နက်တွေဆွဲ၍ ပြေးလေ့ရှိသည်ကို သိထားပြီးဖြစ်သည်။

ယခုမြေအနေအထားအရ ၆၀၂၈ နှင့် ၆၀၀၀ ကုန်းမှရန်သူများ နမ့်ဆပ်ချောင်းအတိုင်း အရှေ့ဘက်သို့ ဝမ်ပါလောင်း ဆွတ်ရာဘက်ပြေးလိမ့်မည်။

ရည်မှန်းချက်ရပြီး ချက်ချင်းပင် ရတ(-)မှ တပ်စုနှစ်စုနှင့် နမ့်ဆပ်ချောင်းမှ စောင့်တိုက်ရန် တပ်ရင်းမှူးကို ညွှန်ကြားလိုက်ရသည်။

မကြာမီ ဗကပအကြောင်း နှောကျေအောင်သိနေသော တိုင်းမှူးဗိုလ်မှူးချုပ်လှဦးစက်ပေါ်တက်လာသည်။

'ကိုညွန့်ဆွေ ဗကပဆုတ်တတ်တဲ့လမ်းကြောင်း သိတယ်မဟုတ်လား၊ ဖြတ်တိုက်ဖို့လုပ်ပါ'ဟု ညွှန်ကြားသည်။ နမ့်ဆပ်ချောင်းမှ ခမရ(-)ကို ဖြတ်တိုက်ခိုင်းထားပါကြောင်း တင်ပြလိုက်ရပါသည်။

၁၈ ရက်နေ့ ညတွင် ချောင်းရိုးအတိုင်း ဆုတ်ခွာသောရန်သူကို မိမိတပ်စုနှစ်စုမှဖိပစ်ရတော့သည်။ နောက်မှထပ်လိုက်လာသော တပ်စုနှစ်စုပါ ပေါင်း၍ စက်လတ်များဖိပစ်ကြရာ အမှောင်ထုနှင့်ချောင်းကမ်းပါးယံ မတ်စောက်မှု၊ အကာအကွယ်ယူလျက် ဗကပ တို့ ပြေးကြသည်။ ၂ လက်မ စိန်ပြောင်း၊ ၈၁ မမစိန်ပြောင်းတို့နှင့် ချောင်းရိုးအတိုင်းဖိပစ်ရာ ထိခိုက်ကျဆုံးမှုများစွာနှင့် ရန်သူတို့ အသက်လုပြေးကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## စစ်ဆင်ရေးဒုတိယအဆင့် အောင်ပြီ

ပွိုင့် ၆၀၂၈ တောင်ကုန်းကို သိမ်းပိုက်ရရှိသော်လည်း ပန်ခါးကြောနှင့် ၆၀၀၀ ကုန်းတို့ကို ၁၉ ရက်နေ့တွင် ဆက်တိုက်ရသေးသည်။

၆၀၀၀ ကုန်းမှ ရန်သူခြေကုတ်မပြုဘဲ နမ့်ဆပ်ချောင်းအတိုင်း လူနာနှင့် ဆုတ်ခွာပြေးသောအဖွဲ့များ အချိန်ရအောင် ဆက်တိုက်နေကြသေးသည်။

ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် ပန်ခါးပွိုင့် ၆၀၂၈၊ ပွိုင့် ၆၀၀၀ တောင်သုံးလုံးတစ်ကြောလုံး ရှင်းလင်းသိမ်းပိုက်ရရှိပါတော့သည်။

ဒီဇင်ဘာ ၂၀ ရက်နေ့ နေလည်တွင် ၆၀၂၈ တောင်ကုန်းသို့ ကျွန်တော်ရောက်သွားမှ ဖုံးဒဏ်အမြောက်ဒဏ်ကြောင့် ကြေမွနေသောရန်သူ့စခန်းကို သေချာစွာတွေ့ရသည်။

တပ်မတော်လေတပ်ကိုလည်းကောင်း၊ အမြောက်စစ်သည်များကိုလည်းကောင်း၊ မော်ဖစစ်ဆင်ရေးကိုလည်းကောင်း၊ မော်ဖစစ်ဆင်ရေးစကတည်းက ယခုအဓိကရည်မှန်းချက်သိမ်းပိုက်ရသည်အထိ အထက်ဌာနများ လက်အောက်တပ်ရင်းစစ်ကြောင်းများနှင့် အခက်အခဲမရှိ ဆက်သွယ်မှုယူနေရသော ဆက်သွယ်ရေးအဖွဲ့ကိုလည်းကောင်း တကယ်ပဲ ချီးကျူးမိရပါတော့သည်။

၆၀၂၈ တောင်ထိပ်ရောက်လျှင်ရောက်ချင်း ပြည်ထောင်စုအလံ သစ်ပင်ထိပ်တက်၍ လွှင့်ထူလိုက်ရသည်။

မြောက်ဘက်သို့ လှမ်းကြည့်ရာ

ပန်ယန်းကို လှမ်းမြင်နေရသည်။

ရောင်အော်ကို မြင်နေရသည်။

ဗကပမြို့တော်ပန်ဆန်းကိုတော့ မှုန်ပြောင်းထဲမှ မှုန်ပျပျသာ မြင်ရသည်။

## အမြတ်ထုတ်လိုသော လောဘ

တောင်ထိပ်ပေါ်ရောက်မှ မြေအနေအထားကို မျက်မြင်တွေ့ရသည့်အတွက် စစ်ရေးလောဘတက်လာမိသည်။

ပန်ဆန်းမြို့ကို တက်တိုက်လိုသည်။

ခွင့်ပြုလျှင် ရောင်အော်မှတစ်ဆင့် ပန်ဆန်းအထိ တောင်ကြော





တစ်လျှောက် တိုက်ရင်းဆင်းသွားလို သည်။ ဆက်တိုက်လိုသည်။ ခွင့်ပြုရန် ကစထနှင့် တပ်မသို့ တင်ပြလိုက်မိပါသည်။

ကျယ်ကျယ်ပြန့်ပြန့်တွေး၍ နက်နက်နဲနဲစဉ်းစားကြသော လူကြီးများက ခွင့်မပြုပါ။ ကျွန်တော့်ဇက်ကိုဆွဲထားလိုက်သည်။

ရည်မှန်းချက်အဆင့်(၂)အောင်မြင်ပြီဖြစ်၍ စစ်ကြောင်းအားလုံး ပြန်လည်ဖွဲ့စည်းမှုလုပ်ရန် ညွှန်ကြားသည်။

ရန်သူက တန်ပြန်တိုက်ခိုက်လာနိုင်သည်ကို စစ်ရေးသတိရှိရှိဖြင့် စခန်းများပြုပြင်တည်ဆောက်ကြရန် ညွှန်ကြားချက်သာ ရရှိပါတော့သည်။

## တိုက်လိုခိုက်လိုစိတ်ရှိကြသူများ

ဤစစ်ဆင်ရေးကြီး စတင်ရန်တပ်များ စဉ်းစားလျာထားချိန်မှာ ခမရ (-)တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး လဗျပန်းအောင်သည်စစ်ဦးစီးတက္ကသိုလ်တက်ရန် ရွေးချယ်ထားပြီး ဖြစ်နေသည်။ သူက ကျွန်တော့်ထံ လာရောက်သတင်းပို့သည်။

'ဒီစစ်ဆင်ရေးက အရေးကြီးတော့ ကျွန်တော်လိုက်ချင်တယ်၊ သင်တန်းကို နောက်တစ်ပတ်မှတက်ခွင့်ပြုပါ။ ဒုတပ်ရင်းမှူး ဗိုလ်မှူးဟင်မြင့်ကို စိတ်မချလို့ မဟုတ်ပါဘူး ကျွန်တော်လိုက်ချင်လို့ပါ'ဟု လာရောက်တင်ပြသည်။

ကျွန်တော်စဉ်းစားရပြီ။

ဝါရင့်တပ်ရင်းမှူးများ ဦးစီးတက္ကသိုလ်တက်ရေးကို ကကကြည်းနှင့် ကကကျင့်တို့က သေချာရွေးချယ်ကြခြင်းဖြစ်သည်။ ခမရ (-)မှာလည်း ဒုတပ်ရင်းမှူး(ဝါရင့်)ဗိုလ်မှူးတင်မြင့်ရှိ၍ ကျွန်တော်စိတ်ချသည်။ ယာယီတပ်ခွဲမှူးဗိုလ်မှူးအဖြစ် ဗိုလ်ကြီးရန်အောင်နှင့် ဗိုလ်ကြီးသိန်းဆွေမြင့်တို့ နှစ်ယောက်ရှိသေးသည်။ (ဤစစ်ဆင်ရေးတွင် ဗိုလ်ကြီးရန်အောင်က လက်မှာသေနတ်မှန်ကာ ဗိုလ်ကြီးသိန်းဆွေမြင့်က ခြေတစ်ဖက်စွန့်လွှတ်ခဲ့ကြရသည်)။

တိုက်လိုခိုက်လိုစိတ်ရှိတာ အသိအမှတ်ပြုကြောင်းပြော၍ သင်တန်းသာတက်ရန် ချော့လွှတ်လိုက်ရပါသည်။

-နောက်တစ်ယောက်-

ပွိုင့် ၆၀၂၈ ကို အတွင်းပိုင်းအထိ ဝင်ရောက်ကာ ဝိုင်းပတ်တိုက်ခိုက်ပြီး နောက်ဆုံးစီမံချက်ပြုလုပ်ချိန်မှာ ကျွန်တော်နှင့်အတူ ပါလာသူ ယာယီနည်းပြ



www.burmeseclassic.com

www.burmeseclassic.com



(-)မှူး ဒုဗိုလ်မှူးကြီးစံလွင်(စစ်တက္ကသိုလ် ၁)က ကျွန်တော့်ကို တင်ပြသည်။

ခမရ(-) တပ်ရင်းမှူးစစ်ကြောင်းနှင့်အတူလိုက်ပါ၍ ကိုယ်တိုင်တိုက်ခိုက်လိုကြောင်း တင်ပြလာသေးသည်။

ခင်ဗျားက ကျွန်တော့်နားမှာနေရမှာ။ ကျွန်တော်တစ်ခုခုဖြစ်ရင် ခင်ဗျား အားလုံးကို ကွပ်ကဲရမှာ(-)တစ်ရင်းတည်း ကွပ်ကဲလို့ ဘယ်ဖြစ်မလဲ ဟု နားချရသေးတော့သည်။

သည်လိုစိတ်ဓာတ်ရှိသူတွေ တွေ့ရတော့လည်း ကျွန်တော့်မှာ ကိုယ့်တပ်မအတွက် ဂုဏ်ယူမဆုံး ရှိရပါတော့သည်။

## တာဝန်သိသိ

မင်းရန်အောင်စစ်ဆင်ရေးသည် စွန့်စားရမည့်တိုက်ပွဲဖြစ်မည်ဟု ကြိုတင်သိရှိကြသည့်အတိုင်း ပြင်ဆင်စုဖွဲ့မှူးများ ပြုလုပ်ရာမှာ တပ်ခွဲနှစ်ခွဲပါ ကွန်မန်ဒိုစစ်ကြောင်းတစ်ကြောင်းနှင့် ကွန်မန်ဒိုတပ်ခွဲတစ်ခွဲ သီးခြားစုဖွဲ့ထားခဲ့ပါသေးသည်။

တပ်မလက်အောက်ခံတပ်ရင်းများမှ တပ်စုလိုက် ထုတ်နုတ်ဖွဲ့စည်းထားသောကွန်မန်ဒိုစစ်ကြောင်းကို ခလရ(-)မှ ဒုတိယတပ်ရင်းမှူး(ဌာနချုပ်တပ်ခွဲမှူး) ဗိုလ်မှူးသူရအောင်ထက်ကို တာဝန်ပေးခဲ့သည်။ တပ်ခွဲမှူးများမှာ ဗိုလ်ကြီးစောဝင်း(ခမရ-)နှင့် ဗိုလ်ကြီးသိန်းတန် (ခလရ-)တို့ဖြစ်သည်။

မင်းရန်အောင်စစ်ဆင်ရေး ပထမအဆင့် မော်ဖကို အောင်မြင်စွာ သိမ်းပိုက်ရရှိပြီး ဒုတိယအဆင့် စတင်ချိန်တွင် စစ်ကြောင်းမှူးဗိုလ်မှူးသူရအောင်ထက်(ဗိုလ်သင်တန်း ၁၆)အား ခလရ (-)သို့ ယာယီတပ်ရင်းမှူးအဖြစ် ရာထူးတိုးမြှင့်ကြောင်း အမိန့်ရရှိပါသည်။

အရေးကြီးသောအောင်မြေချဲ့ခြင်းအဆင့်ဖြစ်၍ လူစားလဲရန်လည်း မလွယ်ကူသောအခြေအနေတွင်ဗိုလ်မှူးအောင်ထက်လှိုင်ဆိုက်ခေါင်တောင်ရအောင် တိုက်ပြီးမှပြန်စေချင်တယ်၊ ဘယ်လိုလဲဟုသဘောထားမေးရပါတော့သည်။

ယာယီအဆင့်တိုးမြှင့်ခြင်းဖြစ်၍ အမြန်သွားရောက် တာဝန်လက်ခံရန်လိုအပ်သည်။ စတင်တာဝန်ထမ်းဆောင်သည့်နေ့ကျမှ တပ်ရင်းမှူးအဖြစ် တရားဝင်မည်။ ယာယီတပ်ရင်းမှူးတာဝန်တစ်နှစ်ပြည့်မှ ဒုတိယဗိုလ်မှူးကြီး အဆင့်တိုးမြှင့်ပေးမည်။ တာဝန်လက်ခံသည့်နေ့နောက်ကျလျှင် ရာထူးတိုးမြှင့်အပ္ပင့်တပ်ရခြင်းလည်းနောက်ကျမည်။





ဗိုလ်မှူးအောင်ထက်က ရည်မှန်းချက်ရအောင်သိမ်းပိုက်ရေးကို ပြီးဆုံးအောင် တာဝန်ယူမည်ဟု လိုလိုလားလားဆန္ဒပြုပါသည်။ အားကိုးရသော ကွန်မန်ဒိုစစ်ကြောင်းမှူးဖြစ်၍ ပြန်လွှတ်ရမှာလည်းအခက်၊ ရရှိထားပြီးသောတာဝန်တိုးယူထမ်းဆောင်ဖို့ အခွင့်အရေးကို ဆိုင်းထားရသည်ကိုလည်း စိတ်ထဲမှာ ဘဝင်မကျ၊ စိတ်ဒွိဟနှင့်သာ ဆက်လက်တိုက်ပွဲဝင်စေခဲ့ရပါသည်။

တိုက်ပွဲဝင်ရင်း တစ်ခုခုများဖြစ်မှာဖြင့် ··· ဆက်လက်မတွေးဝံ့ပါခဲ့။

လိုလားတက်ကြွကာ တာဝန်သိသိဆောင်ရွက်ခဲ့သည့်အတိုင်း ကွန်မန်ဒိုစစ်ကြောင်းကို အကျိုးရှိရှိတာဝန်ပေးခဲ့ရသည်။ ပွိုင့် ၆၀၂၈ သိမ်းပိုက်ရေးအတွက် နေ့သူနောက်ကျောကို ထိုးဖောက်ဝင်ရောက်တိုက်ခိုက်သောတာဝန်ကို ဗိုလ်မှူးအောင်ထက် ကျေပွန်စွာထမ်းဆောင်ပြီးမှ ရှေ့တန်းမှရဟတ်ယာဉ်အကြုံနှင့် မိုင်းရှူးမှတစ်ဆင့် နမ့်စန်သို့ပြန်လိုက်သွားရသည်။

နမ့်စန်မှတောင်ကြီးသို့ ဆက်စနာလေယာဉ်ငယ်နှင့်သွားရမည်။ တပ်မမှူးနှင့်အတူ ဗိုလ်မှူးအောင်ထက်ကိုခေါ်သွားသည်။ ဆက်သွယ်ရေးတပ်ခွဲမှူး ဗိုလ်မှူးလှမိုးကို ယာဉ်တန်းနှင့်လိုက်ရန် ချန်ထားခဲ့ရကြောင်း နောက်မှသိရပါတော့သည်။

## ဂုဏ်ပြုထိုက်၍ အဆင့်တိုး

တပ်မ(-)၏မော်ဖဒေသ တိုက်ခိုက်သိမ်းပိုက်ရေး အဓိကတာဝန်ကြီး အောင်မြင်ပြီ။

အစဉ်အလာရှိသော တပ်မ(-)အနေဖြင့် သမိုင်းမှတ်တိုင်၏အစိတ်အပိုင်းတစ်ခု စိုက်ထူလိုက်နိုင်ခဲ့ပြီ။

ရည်မှန်းချက်အောင်မြင်လျှင် အောင်မြင်ချင်းတပ်မ(-)လှုပ်ရှားကွပ်ကဲမှုအဖွဲ့မှူးအနေဖြင့် စစ်မြေပြင်အဆင့် တိုးမြှင့်ခြင်း (Field promotion) ဖြင့် ဂုဏ်ပြုထိုက်သူတို့ကို ချက်ချင်း တင်ပြလိုက်ပါသည်။

ယာယီတပ်ရင်းမှူးဗိုလ်မှူးဖေအောင်အား ၆၀၂၈ သိမ်းပိုက်ရရှိသည့်နေ့မှာပင် ဒုတိယဗိုလ်မှူးကြီးအဆင့် တိုးမြှင့်ပေးရေး၊ စစ်ကြောင်းမှူးဗိုလ်မှူးသန်းညွန့်(ဗိုလ်သင်တန်း ၁၁)အား တပ်ရင်းမှူးအဆင့်သို့ တိုးမြှင့်ပေးရေးတို့ကို ရှေ့တန်းမှပင် ကြေးနန်းနှင့်တင်ပြလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွိုင့် ၆၀၂၈ ကို ပထမဆုံးသိမ်းပိုက်ရရှိသူ ဗိုလ်ကြီးသန်းအောင်မှာ အဆင့်တိုးပေးရန် လုပ်သက်မပြည့်မီသေး၍ ရာထူးတိုးမပေးနိုင်ဘဲ သင့်တော်သော ဘွဲ့ထူးဂုဏ်ထူးထောက်ခံတင်ပြပေးမည်ဖြစ်ကြောင်း အသိပေးထားရပါသည်။

တင်ပြခဲ့သည့်အတိုင်း ဗိုလ်မှူးဖေအောင်အား ဒုဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ကြောင်းနှင့်ဗိုလ်မှူးသန်းညွန့်အား ခလရ(-)သို့ ယာယီတပ်ရင်းမှူး အဖြစ် ခန့်အပ်ကြောင်း အမိန့်များရရှိခဲ့ပါတော့သည်။

ကြည်း/၈၅၀၀ ဗိုလ်မှူးဖေအောင်သည် ၁၅-၆-၁၉၇၉ နေ့တွင် ယာယီ တပ်ရင်းမှူးအဖြစ် တာဝန်တိုးယူထမ်းဆောင်ခဲ့သည်။ သာမန်အားဖြင့် တစ်နှစ်ပြည့် သော ၁၅-၆-၁၉၈၀ ရက်နေ့ နောက်ပိုင်းမှ ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့် ခန့်အပ်ခြင်းခံရမည် ဖြစ်ပေသည်။

ယခု မော်ဖတိုက်ပွဲတွင် ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှု ခြင်းကြောင့် ပွိုင့် ၆၀၂၈ သိမ်းပိုက်ရရှိသည်။ ၁၈-၁၂-၁၉၇၉ နေ့မှစ၍ စစ်မြေ ပြင်အဆင့် တိုးမြှင့်ခြင်းအဖြစ်ချီးမြှောက်ခြင်းခံခဲ့ရပါ၏။

တပ်မတော်သားတစ်ဦးအဖို့ ထူးချွန်စွာ တာဝန်ထမ်းဆောင်မှုကြောင့် Field Promotion ရရှိခြင်းသည် ဂုဏ်ယူဖွယ်ကောင်းသော အထွတ်အထိပ် ချီး မြှောက်မှုသာဖြစ်ပါပေ၏။

## ထူးခြားသောဂုဏ်ပြုလွှာ

ပွိုင့် ၆၀၂၈ တောင်ကုန်းကို သိမ်းပိုက်ရရှိပြီး နောက်နေ့မှဆက်သွယ် ရေးအရာရှိ ဗိုလ်ကြီးဇော်ဝင်းခေါင်းကုတ်ရင်း ကြေးနန်းစာရွက်ကလေးကို ကိုင် လာပါသည်။

ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်မြင့်ဆီက လျှို့ဝှက်ကြေးနန်းလာပါတယ်၊ ဝှက်စာဖော်ပြတဲ့လူတွေလည်း အကြိမ်ကြိမ်ဖော်ကြ၊ ပြန်မေးကြ လုပ်နေရပါတယ်။ ဗျူဟာဆက်သွယ်ရေးကလည်း ဗျူဟာမှူးကြီးကိုယ်တိုင် ရေးပေးတဲ့လက်ရေးကို ဝှက်စာဝှက်ပို့ရတာမို့ ပြန်မမေးရဲဘူးဖြစ်နေကြပါတယ်။ ကျွန်တော်လည်း ဦးနှောက် ခြောက်နေပါပြီဟု သတင်းပို့လာပါသည်။

ကျွန်တော်ယူကြည့်လိုက်သည်။

'ဗျူဟာမှူးမှ ဒုတပ်မမှူးအတွက်





မစ်ရှင်အကွန်ပလစ်ရှိ ဖြစ်သည့်အတွက် ကွန်ဂရက်ကျူလိတ်လုပ်ပါသည်' ဟူ၍ဖြစ်သည်။ ကျွန်တော်ကတော့ သဘောပေါက်လိုက်သည်။

Mission accomplish ဖြစ်သည့်အတွက် Congratulate လုပ်ပါ သည်။ ဟူ၍ ပို့သောကြေးနန်း၊ အင်္ဂလိပ်အသံထွက်ကို မြန်မာလို့စာလုံးပေါင်း ပို့ခြင်းကြောင့် ဆက်သွယ်ရေးမှဝှက်စာဝိဇ္ဇာတွေ ဒုက္ခရောက်ကြရခြင်းဖြစ်ပါသည်။

မှတ်ချက်။ ယနေ့မြန်မာပြည်မှာ email တွေ ခေတ်စား၍ အင်တာနက်ကဖီးတွေ ပေါ်လာသည်။ လူငယ်လူရွယ်တွေ chat လုပ်ကြသည်။ အင်္ဂလိပ်စကားမကျွမ်းကျင် သူတို့ မြန်မာစကားပြောအသံထွက်ကို အင်္ဂလိပ်စာလုံးနှင့်ပေါင်းပြီး ပို့နေကြသည်။ သူတို့အချင်းချင်း နားလည်ကြသည်။ သည်တော့ ကျွန်တော်တို့နည်းဗျူဟာမှူးကြီး က လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ့်ရှစ်နှစ်ကတည်းက ခေတ်ရှေ့ပြေးနေခဲ့သူပါတည်း

## အချိန်မီ ရရှိသည့်အောင်ပွဲ

မိမိတို့ထိုးစစ်များကို ကကြည်းအစီအမံဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်၍ အရှေ့ မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အမှတ်(-)တပ်မဌာနချုပ်နယ်မြေတို့မှာ ယောင်ပြဖြစ်ပြီး အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတပ်မ (-)တပ်များက အဓိကထိုးစစ်ဖြစ်ကြောင်း ဗကပဗဟိုက ခန့်မှန်းတွက်ချက်ရရှိသွားကြချိန်သည် အလွန်နောက်ကျနေလေပြီ။

ထို့ကြောင့် ၆၀၂၈ လျှိုင်ဆိုက်ခေါင်ကြောသို့ ၄၀၄၈ တပ်ရင်းတစ်ရင်း ထပ်မံဖြည့်တင်းလိုက်သည်။ လက်နက်ကြီးများ၊ ကျည်ဆန်များ ထပ်ဖြည့်လိုက် သည်။ ၆၀၂၈ တောင်ကြောကျလျှင်ပန်ဆန်းလုံခြုံမှုအန္တရာယ်ရှိကြောင်းစိုးရိမ်ကြပြီ။

ထိုသို့ မဆုတ်တမ်း ခံစစ်ပြုပြင်ရာတွင် ထိုပြင်ဆင်မှု အဆင်သင့်မဖြစ်မီ ကျွန်တော်တို့တပ်များက တိုက်ခိုက်သိမ်းပိုက်လိုက်ခြင်းသည် အချိန်မီလေးဖြစ်ပါ၏။

ဗကပတို့ တိုက်ပွဲမှာသုံးစွဲသည့်လက်နက်ကြီးများသည်၇၅ မမ နောက်ပွင့် ရိုင်ဖယ်၊ ၅၇ မမ၊ ၈၂ မမတို့ဖြစ်သည်။ ယခုပန်ဆန်းလုံခြုံရေးအဓိကထား၍ ပွိုင့် ၆၀၂၈ မှ ကျားကုတ်ကျားခဲခုခံရန် ၁၂၀ မမ အမြောက်ကျည်များ ရောက်ရှိ လာပြီး ၁၂၀ မမ အမြောက်ရောက်မလာသေး။ အချိန်မီ ကျွန်တော်တို့က သိမ်းပိုက် ခဲ့ခြင်းဖြစ်သည်။

၁၂၀ မမ အမြောက်ရောက်လာလျှင် ကျွန်တော်တို့ အမြောက်ပစ်မှတ်မှ



www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့ကလည်း အမြောက်နှင့်တန်ပြန်ပစ်ခတ်ကြလိမ့်မည်။ ၁၂၀ မမ အမြောက်ကိုပြည်တွင်းမှ ဗကပများ ကိုင်တွယ်ပစ်ခတ်နိုင်သောအဆင့်ထိ ကျွမ်းကျင်မှုမရှိနိုင်သေး။

ပြည်တွင်းဗကပမဟုတ်သူများ ကိုယ်တိုင်ပါဝင်၍ ကိုင်တွယ်ပစ်ခတ်ပါက ကျွမ်းကျင်မှုရှိကြပေလိမ့်မည်။ ကျွန်တော်တို့၏ လေ့ကျင့်သားကျ အတွေ့အကြုံရှိအမြောက်စစ်သည်များနှင့်နင်လားငါလားပြိုင်ကြရမည်။ သူ့ကိုချေမှုန်းရန်ကိုယ်က ကြိုးစားသလို သူကလည်းကိုယ့်ကိုချေမှုန်းဖို့အမြောက်ပစ်ကူနှင့် ခုခံလိမ့်မည်။

၆၀၂၈ သို့ ကျွန်တော်တို့ သိမ်းပိုက်ရရှိသည့်အခါ ဘီးတပ် ၇၅ မမ နောက်ပွင့်ရိုင်ဖယ်များ၊ လေယာဉ်ပစ် ဒသမ၅ သေနတ်များ သိမ်းဆည်းရမိသည်။

ထို့ပြင် ၁၂၀ မမ ဗုံးသီး ၈၉ တောင် သိမ်းဆည်းရရှိခဲ့ပါသေးသည်။ ၁၂၀ မမအမြောက်ရောက်မလာသေး၍ အမြောက်ကို သိမ်းဆည်းရမိခြင်း မရှိခဲ့ခြင်းဖြစ်ပါသည်။

ထိုစဉ်က သိမ်းဆည်းရမိလက်နက်ခဲယမ်းဓာတ်ပုံမှတ်တမ်းတွင် ၁၂၀ မမ ဗုံးသီးများကို ထင်ရှားစွာတွေ့ရပါသည်။

ထို့ကြောင့် ကျွန်တော်ဆိုပါသည်။ ၁၂၀ မမအမြောက်နှင့် ဗကပတို့ မဆုတ်တမ်း ခံစစ်ပြင်ဆင်တည်ဆောက် ဖြည့်တင်းမှုမပြီးမီ ကျွန်တော်တို့က သိမ်းပိုက်လိုက်နိုင်ခြင်းသည် အချိန်မီလေးသာဖြစ်ပါ၏။

## မော်ဖဒေသအလှည့်အပြောင်း

၁၉၆၉/၇၀ မှ စ၍ ဝနယ်မြေကို ဗကပတို့ ဝင်ရောက်ခြေချခဲ့ကြသည်။

ကွမ်းလုံ၊ ဟိုပန်၊ ပန်လုံဒေသမှအပ ကိုးကန့်ဒေသဝနယ်မြောက်ပိုင်း၊ တောင်ပိုင်းအားလုံး ဗကပတို့ သိမ်းပိုက်ထားခဲ့သည်။

၁၉၇၉ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ (ယ)ရက် သတ်မှတ်၍ ကျွန်တော်တို့ဝင်ရောက်ထိုးဖောက်တိုက်ခိုက်ပြီး ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ပန်ဆန်းတံခါးဝ လျှိုင်ဆိုက်ခေါင်ပွိုင့် ၆၀၂၈ တောင်ကြောကို သိမ်းပိုက်လိုက်ရသည်။

ဗကပအရှေ့မြောက်စစ်ဒေသမှ မြန်မာပြည်အတွင်းပိုင်း ထိုးဖောက်ဝင်ရောက်ရေးလမ်းကြောင်းပျက်ရပြီ။ ဗကပတို့ လွတ်မြောက်နယ်မြေကြေညာထားသော မော်ဖဒေသ ကျွန်တော်တို့ လက်အောက်ပြန်ရောက်ခဲ့ပြီ။





ပန်ဆန်းအခြေပြုဗကပတို့၏ပြည်တွင်းထိုးဖောက်ရေးမဟာဗျူဟာ၏ အတိုဆုံးသောလမ်းကြောင်းကို ဖြတ်တောက်ဖျက်ဆီးလိုသော ကကကြည်း၏ အစီအမံတွင်ကျွန်တော်တို့တပ်မ(-)သည်အဓိကတာဝန်ယူခဲ့ရခြင်းသာဖြစ်ပေသည်။

ယခုဆိုလျှင် ၃၀ နှစ်ရှိပြီဖြစ်သည်။ လက်နက်ကိုင်သောင်းကျန်းမှုလည်း မရှိပြီ။ နယ်မြေအေးချမ်းနေပြီ။

မိုင်းရှူးဒေသသည် ခြိမ်းခြောက်မည့်ရန်သူမရှိတော့သော သည်ဘက်ခေတ်တပ်မတော်အစိုးရလက်ထက်မှာ ရတနာမြေဖြစ်လာပြီ။

မိုင်းရှူးရတနာမြေမှ နိုင်ငံတော်စီးပွားရေးကို များစွာ အထောက်အကူပြုနေပြီဖြစ်သည်။

ဗကပသည် စတင်ပေါ်ပေါက်ကတည်းက ရည်မှန်းချက်ကြီးသည်။ ၅၅ လမ်းစဉ်မှ ၇၅ လမ်းစဉ်အထိ ၎င်းတို့ဆရာကြီးများ ချမှတ်ပေးသော လမ်းစဉ်ကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဘို့ ကြိုးစားခဲ့သည်။

ရွာတွင် နွားဆွဲရန် လူဆွဲရန် အကြံကြီးကြံနေသော ကျားငစဉ်းလဲကို ခါးရိုက်ချိုးသလို တပ်မ (-)တပ်များက မော်ဖဒေသကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းသည် ဗကပအတွက် အထိအနာဆုံးဖြစ်သည်။ ၎င်းတို့ လွယ်လွယ်နှင့် လက်လျှော့မည်မဟုတ်။

သူတို့ဆရာကြီးများ လမ်းညွှန်မှုနှင့်အညီ မော်ဖဒေသပြန်လည်ရရှိရေး ကြိုးစားကြမည်မှာ မလွဲဧကန်ဖြစ်ကြောင်းလည်းကျွန်တော်တို့သတိရှိခဲ့ကြရပါသည်။

## ကစထမှူး စစ်ဆေးခြင်း

ပွိုင့် ၆၀၂၈ တောင်ကြောကို သိမ်းပိုက်ပြီးလျှင်ပြီးချင်း ကစထမှူး-တိုင်းမှူး-တပ်မမှူးတို့ လာကြည့်မည်ဟု ဆိုသည်။

တောင်ကုန်းကို ကျွန်တော်တို့ ချက်ချင်းရှင်းရသည်။ လျှိုထဲ ဆွဲချထားခဲ့သော ဗကပအလောင်းများ၏အနံ့ဆိုးများကလည်း ကြိုင်ဆဲ၊ လှိုင်ဆဲ နှာဝသို့ တိုးဝင်နေဆဲမှာ လူကြီးတွေကို ပြသနိုင်မည့်နေရာလမ်းကြောင်းကို ရှင်းရသည်။ မိုင်းတွေကလည်း များလှပါဘိ။

တောင်ထိပ်တစ်ခုလုံး၊ တောင်ကြောတစ်ခုလုံးကို စိတ်ကြိုက်ကြည့်ရှု မပြဝံ့သေးပါ။ လုံခြုံရေးအထူးသတိပြုရသည်။

ဗကပတို့က သတ်ကွင်းပြင်ထားသောတောင်ကြောနှင့် ပ ကွင်းများ၊ လက်နက်ကြီးနေရာများ၊ လေကြောင်းမှတိုက်ခိုက်သော ရှောကာ မှန်ချက်များ၊




www.burmeseclassic.com

www.burmeseclassic.com






ပို့င့် ၆၀၂၈ တောင်ထိပ်သိမ်းပိုက်ပြီးသည်နှင့် လာရောက်စစ်ဆေးသောကစထမှူးနှင့် အဖွဲ့လုံခြုံရေးအတွက် မိုင်းရှင်းထားသောလမ်းကြောင်းကို သတ်မှတ်၍ လိုက်လံပြသရသည်။




ပို့င့် ၆၀၂၈ မှ ပန်ဆန်းဘက်သို့ မျှော်ကြည့်နေသော ကစထမှူးဗိုလ်ချုပ်ထွန်းရီနှင့် ဗိုလ်မှူးကြီးသက်ဝေ(အမြောက်ညွှန်မှူး)၊ ဗိုလ်မှူးဖေအောင်(ခမရ - တပ်ရင်းမှူး)၊ တိုင်းမှူးနှင့် စာရေးသူ။

••••◆◆ ပြည့်စုံစာအုပ်တိုက် ◆◆••••





**မင်းရန်အောင်စစ်ဆင်ရေး ၁၈-၁၂-၁၉၇၉ ပို့င့် ၆၀၂၈ ရန်သူ့စခန်းမှ သိမ်းဆီးရမိသော လက်နက်ခဲယမ်းမီးကျောက်များ**




ဗကပများထံမှ သိမ်းဆည်းရမိခဲ့သော ဘီးတပ် ၇၅ မမ နောက်ပွင့်နှင့် မြစ်ကူးဖိုင်ဘာလှေကို စိတ်ဝင်စားစွာ ကြည့်နေသော ကစထမှူးကြီးနှင့်အတူ တပ်မမှူးတိုင်းမှူး၊ စာရေးသူ။

•••◆◆ ပြည့်စုံစာအုပ်တိုက် ◆◆•••


www.burmeseclassic.com

www.burmeseclassic.com





မင်းရန်အောင်စစ်ဆင်ရေး ၁၈-၁၂-၁၉၇၉ ပွိုင့် ၆၀၂၈ ရန်သူ့စခန်းမှ သိမ်းဆီးရမိသော လေယာဉ်ပစ် ပွိုင့် ၅ စက်သေနပ်။



မင်းရန်အောင်စစ်ဆင်ရေး ၁၈-၁၂-၁၉၇၉ ပွိုင့် ၆၀၂၈ ရန်သူ့စခန်းမှ သိမ်းဆီးရမိသော ၇၅ မမ နောက်ပွင့်ရိုင်ဖယ်။





မိမိတို့ပစ်ခတ်သော အမြောက်ကျည်ဆန်များ ကျရောက်ပေါက်ကွဲရာနေရာများ နောက်ဆုံးစခန်းသိမ်းတိုက်ပွဲအတွက် ခမရ(-)မှ စစ်သည်များ ဝိုင်းပတ်တိုက်ခိုက်ဝင်ရောက်လုံးထွေးရသော လမ်းကြောင်းများကို မြင်နိုင်သည့်နေရာများကို ရှုရပ်အဖြစ်သတ်မှတ်၍ပြရန် ပြင်ဆင်ရသည်။

လူကြီးများ လျှောက်လမ်းကို သေသေချာချာရှင်းလင်းပြီး သစ်ကိုင်းစိုက်၍ ဝါးခြမ်းပြားနှင့် ဘောင်ခတ်ကာ ထင်ရှားစွာပြသထားရသည်။ ပြီးမှ လူကြီးများ ရဟတ်ယာဉ်နှင့် လာစေရပါတော့သည်။

ကာစထမှူးဗိုလ်ချုပ်ထွန်းရီ၊ တိုင်းမှူးဗိုလ်မှူးချုပ်လှဦး၊ တပ်မမှူးဗိုလ်မှူးကြီးချစ်ဆွေ၊ အမြောက်နှင့်သံချပ်ကာယန္တရား ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးသက်ဝေ၊ ရှမ်းပြည်နယ်ကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးထွန်းရင်လောတို့ တစ်ပွဲကြီး ပွိုင့် ၆၀၂၈ သို့ ရောက်လာကြပါသည်။

ရန်သူ့နေရာမှနေ၍ ကျွန်တော်တို့စစ်ကြောင်းများ ချီတက်ရာလမ်းကြောင်းနှင့် တိုက်ပွဲဖြစ်ပွားရာ ပန်ခါးကြောနှင့် ပွိုင့် ၆၀၀၀ ကုန်းတို့ကို ပြန်ကြည့်သည်။ ကျွန်တော်ခြေကုတ်ယူရာ ပွိုင့် ၅၇၁၀ ကို ပြန်ကြည့်သည်။

ရန်သူ့စခန်းပေါ်မှာ နေရာယူထားကြပုံကို လှည့်ပတ်ကြည့်သည်။ ပစ်ကွင်း၊ သတ်ကွင်းပြုလုပ်ထားမှုတွေကို သေချာကြည့်သည်။ တောင်ကုန်းကို ဖုံးအုပ်ထားသော သစ်တောအုပ်ကြီးကို မော့ကြည့်ကြသည်။

ပြီးနောက် ဗကပတို့ရှိရာ ပန်ယန်းမြို့ရောင်အော်စခန်းနှင့် ဗကပမြို့တော် ပန်ဆန်းကို မျက်စိတစ်ဆုံးလှမ်းမျှော်ကြည့်ကြသည်။ ပြာသိုလ၏မွန်းတည့်ချိန် မြူမှုန် မရှင်းတရှင်း၊ နေရောင်ကမလင်းတလင်းမှာ အလွန်တစ်ရာမှလှပသော ရှုမျှော်ခင်းသာ ဖြစ်ပေသည်။

ပွိုင့် ၆၀၂၈ မှ တောင်ကြောအတိုင်းဆင်းသွားရသောတောင်ကြောနှင့် လမ်းကြောင်းကို လက်ညှိုးထိုးပြရင်း ကျွန်တော်က လျှာရှည်မိပါသေးသည်။

'ဒီတောင်ပေါ်ရောက်ပြီး ဟိုမှာရောင်အော်၊ ဟိုမှာပန်ဆန်း၊ ဒီဘက်မှာက ပန့်ယန်း တွေ့လိုက်ရတာနဲ့ တောက်လျှောက်တောင်ကြောအတိုင်းဆင်းပြီး တိုက်သွားချင်စရာမို့ ဆက်တိုက်ခွင့်ပြုဖို့ ကျွန်တော်တင်ပြလိုက်ရတာပါ'

'ခင်ဗျားက ဒီတောင်ကုန်းရတာနဲ့ သွေးကြွပြီး ရမ်းတင်ပြနေ၊ လူကြီးတွေက အားလုံးခြုံငုံစဉ်းစားရတာ ခင်ဗျားကို ဘယ်သူက ဆက်တိုက်ခွင့်ပြုမလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကစထမှူးကြီး လေသံက တစ်သက်လုံးမပြောင်းလဲသောလေသံဖြစ်သည်။ တပ်ခွဲမှူးက တပ်စုမှူးကို ပြောသောလေသံ။

'တောင်ကုန်းတွေ ခင်ဗျား ကြိုက်သလောက် တက်သိမ်းလို့ရတယ်၊ ပန်ယန်းနဲ့ ပန်ဆန်းက မြို့ဗျ၊ မြို့၊ ပန်ဆန်းကလည်း နယ်စပ်မှာရှိတဲ့မြို့၊ လူကြီးတွေ ဦးနှောက်ခြောက်အောင် ခင်ဗျားရမ်း၊ ရမ်းတင်ပြမနေနဲ့' ဟူ၍ ညင်ညင်သာသာလေးပဲ ပညာပေးရှာပါသည်။

**'ဒီတောင်ကုန်းပေါ်ကျုပ်တို့တပ်တွေ ထိုင်လိုက်တာနဲ့ပန်ဆန်းကို ခြိမ်းခြောက်ထားပြီးသားဖြစ်ပြီ။ ဒါကို အဓိကလုပ်ချင်တာဗျ'** ဟုဆက်ရှင်းပြပါသည်။

**စစ်ဆင်ရေး၏ တတိယအဆင့်**

တပ်မ(-)ကို ပေးထားသောစစ်ဆင်ရေး တာဝန်သည် အဆင့်သုံးဆင့်ဖြစ်ပါ၏။

အဆင့်(၁) မှတ်နိုးထောက်ပံ့ရေးစခန်းအား ထိုးစစ်ဆင်တိုက်ခိုက်ခြင်း။

သတ်မှတ်သော (ယ+၂)ရက်နေ့မှ အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီ။

အဆင့် (၂) အောင်မြေချဲ့အမြတ်ထုတ်ခြင်း။

ရည်မှန်းချက်နေရာ တိတိကျကျမပေးခဲ့သော်လည်း စစ်သဘောအရ အရေးကြီးသောနေရာများကို အောင်မြေချဲ့ရမည့်တာဝန်ကို နိုဝင်ဘာလ ၂၉ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ အသက်သွေးချွေးပေါင်းများစွာ စတေး၍ ဒီဇင်ဘာလ ၁၈ ရက်နေ့ (ယ+၂၅)နေ့တွင် ကျေပွန်ခဲ့ပြီ။

အဆင့်(၃) အခိုင်အမာခြေကုတ်ယူ၍ ခံစစ်တည်ဆောက်ခြင်း

သည်တာဝန်ကိုအတူပါလာသော နည်းဗျူဟာ (-)မှူး၊ ဗိုလ်မှူးကြီးစံလွင်အား လွှဲအပ်ပေးခဲ့ရမည်။ ကျွန်တော်က မိုင်းရှူးတွင် တပ်မမှူးကြီး၏ လမ်းညွှန်မှုခံယူရမည်။ မော်ဘီသို့ ပြန်ရမည်။

စစ်ဆင်ရေးကြီးမှာ ပါဝင်ခဲ့ရသော တပ်များအားလုံး၏ပြန်းတီးအင်အား၊ လူ၊ လက်နက်၊ ခဲယမ်းတို့ ဖြည့်ဆည်းရေးအတွက် နောက်တန်းမှူးများနှင့် ဆောင်ရွက်ရမည်။





**ထူးထူးခြားခြား ဂေါက်သမား**

ပွိုင့် ၅၇၁၀ မှ မပြန်မီ မိုင်းရှူးရှိ ဆက်သွယ်ရေးတပ်ခွဲမှူး ဗိုလ်မှူးလှမိုးထံ ဂေါက်တုတ်တစ်ချောင်းနှင့် ဘောလုံးအဟောင်းများ မှာလိုက်ရသည်။

ဗိုလ်မှူးလှမိုးက သံတုတ်နံပါတ် (၅)တစ်ချောင်းနှင့် ဘောလုံးငါးလုံး ပို့လိုက်သည်။ ကျွန်တော်၏ဘူမိနက်သန်ပွိုင့် ၅၇၁၀ တောင်ကုန်းထိပ်မှ ချောက်တွင်းသို့ ဘောလုံးငါးလုံးစလုံး ရိုက်ချလိုက်သည်။ ပြန်ကောက်စရာမလို။

လကမ္ဘာပေါ်တက်ရောက်အလံစိုက်ခဲ့သော ပထမဦးဆုံးလူသားနှင့် မခြားဗကပလွတ်မြောက်နယ်မြေကို ပထမဦးဆုံး ပြန်လည်သိမ်းပိုက်ရရှိသော ကျွန်တော့်အနေနှင့် အမှတ်တရဂေါက်သီးရိုက်ဖြစ်အောင် ရိုက်လိုက်ရခြင်းဖြစ်သည်။

မြန်မာပြည်မှာရော ကမ္ဘာမှာပါ ဂေါက်သီးကစားကြသူများ သန်းပေါင်းများစွာ ရှိကြသည့်အနက် Fair way အပြင်ဘက် Rough ခေါ် တောထဲသို့ လူတိုင်းရိုက်ဖြစ်ကြသည်။ ကမ္ဘာ့ချန်ပီယံများ၊ မြန်မာ့ချန်ပီယံများ လူတိုင်းရိုက်ဖြစ်ကြပါသည်။ Rough ခေါ် တောထဲသို့ မရောက်အောင် ရိုက်နိုင်သူဟူ၍ ဂေါက်သီးလောကတွင် မရှိသေး။

ထိုထိုသောဂေါက်သီးအကျော်အမော်များ၊ သာမန်ဂေါက်သမားများတို့ ရခဲလှစွာသော အခွင့်အရေးကြီးကို ကျွန်တော်ရာယူလိုက်နိုင်သည်။

ဤမည်သောပွိုင့် ၅၇၁၀ တောင်ထိပ်မှ Rough ထဲသို့ ဘောလုံးငါးလုံး တိတိရိုက်ချလိုက်သော ကျွန်တော်မှာ ပြိုင်ဘက်မရှိပြီ။

**ဒုတိယတပ်မမှူး တာဝန်**

မော်ဘီမြို့ရှိ တပ်မ(-)ဌာနချုပ်သို့ ရောက်သည်နှင့် မင်္ဂလာဒုံစစ်ဆေးရုံရှိ လူနာစစ်သည်များကို သွားရောက်ကြည့်ရှုအားပေးရသည်။

တပ်ရင်းများမှ နောက်တန်းမှူးများကိုခေါ်၍ တပ်မဦးစီးအရာရှိ များနှင့် စစ်ဆင်ရေးအစီရင်ခံစာ စသည်တို့ တိုက်ဆိုင်စစ်ဆေးစေရသည်။ ရှေ့တန်းတပ်ရင်းမှရှေ့တန်းတပ်မသို့ ပို့သောကြေးနန်းများ၊ ရှေ့တန်းတပ်မမှ ကာကြည်းသို့ တင်ပြသောနေ့စဉ်အစီရင်ခံစာများတွင် ပါရှိသောကျည်ဆန်အသုံးစာရင်း၊ ပျောက်ဆုံး၊ ပျက်စီးစာရင်းတို့ပြုစုရသည်။ အစားထိုးဖြည့်တင်းဖို့ စီစဉ်နိုင်းရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗကပကတော့ ကျည်ဆန်တွေ လက်နက်တွေရချင်သလိုရ၊ ပစ်ချင်သလို ပစ်၊ ဆုံးရှုံးချင်သလောက်ဆုံးရှုံး၊ ပံ့ပိုးသူတို့ထံမှ လက်ဖြန့်ခံတောင်းတိုင်း အလ ကားရနေသည်မို့ အုပ်ချုပ်မှုလုပ်ငန်းတွေ မရှိကြ။ ကျွန်တော်တို့ကတော့ တိုက်ပွဲမှ ကျည်ဆန်သုံးစာရင်း တင်ပြထားသည့်အတိုင်း ပြန်လည်ထုတ်ယူ ဖြည့်တင်းရသည့် စာရင်းနှင့် လက်ရှိလျော့တာ၊ ပိုတာ မရှိစေရ။ ပိုလျှင် လျော့လျှင် ပြသနာဖြစ် တော့ မည်။

**မော်ဖစစ်ဆင်ရေးတွင်**

**ရှေ့တန်းအမှတ်(-) တပ်မဌာနချုပ်**

**လှုပ်ရှားကွပ်ကဲမှုအဖွဲ့တွင် ပါဝင်သူများ**

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးကြီးညွန့်ဆွေ | ဒုတပ်မမှူး |
| ၂။ | ဒုဗိုလ်မှူးကြီးစံလွင် | နည်းဗျူဟာ(-)မှူး |
| ၃။ | ဗိုလ်မှူးသိန်းကြည် | စစ်ဦးစီး(ဒု)တာဝန် |
| ၄။ | ဗိုလ်ကြီးဝင်းမြင့် | စစ်ဦးစီး(တ) |
| ၅။ | ဗိုလ်ကြီးနေမျိုး | စစ်ဦးစီး(တ) |
| ၆။ | ဗိုလ်ကြီးမြင့်ဝင်း | စစ်ဦးစီး(တ) |
| ၇။ | ဗိုလ်တင်လှိုင် | စစ်ဦးစီး(တ)ခလရ ၆မှ တွဲဖက် |
| ၈။ | ဗိုလ်ကြီးဇော်ဝင်း | ဆက်သွယ်ရေးအရာရှိ |
| ၉။ | ဗိုလ်မှူးညွန့်တင် | အင်ဂျင်နီယာခွဲမှူး |
| ၁၀။ | ဗိုလ်ကြီးခင်မောင်ဆွေ | အင်ဂျင်နီယာအရာရှိ |
| ၁၁။ | ဗိုလ်မှူးမြင့်လွင် | အမြောက်တပ်ခွဲမှူး |
| ၁၂။ | ဗိုလ်ကြီးစင်ကျော် | အမြောက်အရာရှိ |
| ၁၃။ | ဗိုလ်ကြီးသန်းထိုက် | အမြောက်အရာရှိ |
| ၁၄။ | ဗိုလ်ကြီးသိန်းဟန် | အမြောက်အရာရှိ |
| ၁၅။ | ဗိုလ်ကြီးအောင်ငြိမ်း | အမြောက်အရာရှိ |
| ၁၆။ | ဗိုလ်ကြီးမင်းနိုင် | အမြောက်အရာရှိ |
| ၁၇။ | ဗိုလ်ကြီးတင်ဝင်း | အမြောက်အရာရှိ |
| ၁၈။ | ဗိုလ်ကြီးမောင်မောင်ကြည် | ဆေးမှူး |





**မော်ဖဒေသ ထိုးဖောက်တိုက်နိုက် သိမ်းပိုက်ရေး**

**၁၉၇၉ နိုဝင်ဘာလ ၂၃ မှဒီဇင်ဘာ ၂၀ ရက်တိုက်ပွဲအတွက်**

**ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိကြသူများ**

**နိုင်ငံတော်ကောင်စီအမိန့် ကြေငြာစာအမှတ် (၃/၈၁)** (၄-၁-၁၉၈၁)

**သီဟသူရဘွဲ့။**

| | | | |
|---|---|---|---|
| (၁) | ကြည်း/၁၀၇၅၇ | ဗိုလ်ကြီးမောင်ရီး(ကျဆုံး) | ခမရ(-) |

**သူရဘွဲ့။**

| | | | |
|---|---|---|---|
| (၁) | ကြည်း/၈၅၀၀ | ဒုဗိုလ်မှူးကြီးဖေအောင် | ခမရ(-) |
| (၂) | ကြည်း/၁၂၂၅၈ | ဗိုလ်ကြီးသန်းအောင် | ခမရ(-) |
| (၃) | ကြည်း/၁၃၆၅၇ | ဗိုလ်တင်လှ | ခမရ(-) |
| (၄) | ကြည်း/၄၀၁၆၁၉ | တပ်သားစိန်အောင်မင်း | ခမရ(-) |
| (၅) | ကြည်း/၄၁၅၈၅၁ | တပ်သားဒိုင်ခန်းမား | ခမရ(-) |
| (၆) | ကြည်း/၄၆၀၀၅၀ | တပ်သားငွေဝင်း(ကျဆုံး) | ခမရ(-) |

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| (၁) | ကြည်း/၁၂၄၆၃ | ဗိုလ်ကြီးတင်ဝင်း | ခမရ(-) |
| (၂) | အမှတ် ၂၃၅၅၇၀ | တပ်ကြပ်ကြီးထွန်းမြင့် | ခမရ(-) |
| (၃) | အမှတ် ၂၇၄၁၂၀ | တပ်ကြပ်ဆွေချစ် | ခမရ(-) |
| (၄) | အမှတ် ၃၀၂၁၉၂ | တပ်ကြပ်မြထွန်း(ကျဆုံး) | ခမရ(-) |
| (၅) | အမှတ် ၃၁၁၃၁၁ | တပ်ကြပ်တင်မိုး | ခမရ(-) |
| (၆) | အမှတ် ၃၆၆၅၈၇ | ဒုတပ်ကြပ်လှအေး | ခမရ(-) |
| (၇) | အမှတ် ၂၆၁၃၅၁ | တပ်သားဝင်းကြည်(ကျဆုံး) | ခမရ(-) |
| (၈) | အမှတ် ၃၈၅၆၆၂ | တပ်သားလှဝင်း(ကျဆုံး) | ခမရ(-) |
| (၉) | အမှတ် ၃၈၉၄၂၅ | တပ်သားအောင်မြ(ကျဆုံး) | ခမရ(-) |
| (၁၀) | အမှတ် ၄၁၅၈၅၀ | တပ်သားလှငွေ(ကျဆုံး) | ခမရ(-) |
| (၁၁) | အမှတ် ၄၃၆၅၅၅ | တပ်သားသက်နိုင်(ကျဆုံး) | ခမရ(-) |
| (၁၂) | အမှတ် ၄၄၉၉၁ | တပ်သားဝင်းမြင့် | ခမရ(-) |
| (၁၃) | အမှတ် ၄၅၀၀၄၉ | တပ်သားချစ်ကိုကို | ခမရ(-) |



www.burmeseclassic.com

www.burmeseclassic.com



(၁၄) အမှတ် ၄၅၆၂၁၈ တပ်သားမြင့်သိန်း ခမရ(-)
(၁၅) အမှတ် ၄၆၀၄၆၅ တပ်သားအုန်းသွယ်(ကျဆုံး) ခမရ(-)
(၁၆) အမှတ် ၄၇၄၁၆၉ တပ်သားစောထိန်ဝင်း ခမရ(-)

ဝနယ်တောင်ပိုင်း မော်ဖဒေသထိုးဖောက်တိုက်ခိုက်ရေး
၁၉၇၉ ခု၊ နိုဝင်ဘာ၂၃ မှ ဒီဇင်ဘာ ၂၀ ရက်
တိုက်ပွဲအကြိမ်ပေါင်း

| | | | |
|---|---|---|---|
| တိုက်ပွဲကြီး | ၂၃ | တိုက်ပွဲငယ် | ၆၀ |
| ရှမ်း(-) | ၅ | | |
| ခမရ (-) | ၇ | | |
| ခမရ(-) | ၁ | | |
| ခမရ(-) | ၈ | | |
| ကွန်မန်ဒို | ၂ | | |

မိမိတပ်မတော်သားများ စွန့်စားစွန့်လွှတ်မှု

| | |
|---|---|
| ကျဆုံးသူ | ၄၄ |
| ဒဏ်ရာရသူ | ၂၁၇ |
| အနည်းငယ်ဒဏ်ရာရသူ | ၈၃ |

အမြောက်ပစ်ကူ

| | | | |
|---|---|---|---|
| ၁၀၅ မမဟောင်ဝစ်ဇာ | ၂ လက် | ကျည် | ၇၀၈ တောင့် |
| ၇၆ မမ | ၂ လက် | ကျည် | ၉၆၁ တောင့် |
| ၁၂၀ မမ | ၄ လက် | ကျည် | ၅၆၂ တောင့် |
| စုစုပေါင်း | ၈ လက် | ကျည် | ၂၂၃၁ တောင့် |

လေကြောင်းအကူ

| | |
|---|---|
| ပီစီ(၆) | ၅ စီး |
| ပီစီ(၇) | ၆ စီး |
| တီ(၃၃) | ၄ စီး |





| | |
|---|---|
| ဘဲလ် (၂၀၅)ရဟတ်ယာဉ် | ၆ စီး |
| ဘဲလ်(၂၀၆)ရဟတ်ယာဉ် | ၂ စီး |

| | |
|---|---|
| ရဟတ်ယာဉ်သုံးစွဲမှုခေါက်ရေပေါင်း | ၁၁၄ ခေါက် |
| ပွိုင့် ၅၇၁၀ သို့ | ၆၉ ခေါက် |
| ပွိုင့် ၃၆၆၀ သို့ | ၄၁ ခေါက် |
| ပွိုင့်ဂေါ်ဖီးသို့ | ၃ ခေါက် |
| ဝမ်ကမ်ရွာပျက်သို့ | ၁ ခေါက် |

မှတ်ချက်။ လေကြောင်းတိုက်ခိုက်မှုအကြိမ်ပေါင်းများစွာ ရှိခဲ့သော်လည်း မှတ်တမ်းများရှာဖွေရန် လက်လှမ်းမမီသည့်အတွက် ဖော်ပြနိုင်ခြင်းမရှိပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# နဝမပိုင်း

## အကဲစမ်းသည့် ဗကပ

မော်ဖဒေသတစ်ခုလုံးတွင် စစ်ရေးစစ်ရာအချက်အချာဖြစ်သော ပန်ခါးကြော၊ လွိုင်ဆိုက်ခေါင်ပွိုင့် ၆၀၂၈ နှင့် ပွိုင့် ၆၀၀၀ တောင်ကြောအား လက်လွတ်ထွက်ပြေးခဲ့ရသော ဗကပများအဖို့ ဗကပဗဟိုကော်မတီနှင့် အရှေ့မြောက်စစ်ဒေသအဖွဲ့ရှိရာ ပန်ဆန်းလုံခြုံရေးကို အထူးစိုမ်းရိမ်နေကြရပြီဖြစ်သောကြောင့် ငုတ်တုတ်ထိုင်မနေနိုင်ကြတော့ပေ။

သို့အတွက်

၁၉၈၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ဗကပတို့ တန်ပြန်စစ်ရေးလှုပ်ရှားမှုလုပ်လာသည်။

မော်ဖဒေသတွင် အမြင့်ဆုံးဖြစ်သော လွိုင်ဟိုလာပွိုင့် ၇၁၂၃ ပေါ်ရှိ လှုပ်ရှားတပ်စိတ်နှစ်စိတ်ကို ဗကပ ၁၀၀ ကျော်အင်အားဖြင့် အလစ်အငိုက်ဝင်တိုက်လိုက်သည်။ ထိုတောင်ပေါ်တွင် ဗကပတို့ ခြေကုတ်ယူလိုက်ကြပြီ။

(ကျွန်တော်တို့ ထိုးစစ်ဆင်ချိန်က ဦးစီးချုပ်ကိုယ်တိုင်က အရေးကြီးသောတောင်ကုန်းအဖြစ် တပ်များတင်ထားရန် ညွှန်ကြားခဲ့သော တောင်ဖြစ်သည်)။

တပ်စိတ်နှစ်စိတ်သည် ပွိုင့် ၆၄၄၀နှင့် ပွိုင့် ၆၁၇၉ တွင် အခြေပြုလှုပ်ရှားနေသော ရတခမရ(-) စစ်ကြောင်း(၂)သို့ ပြန်ပေါင်းလိုက်ရသည်။

ပန်ခါးတောင်ကြောနှင့်သံလွင်မြစ်အကြား ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် လှုပ်ရှားစိုးမိုးထားသော ခမရ(-)စစ်ကြောင်း(၂)မှ တပ်စုနှစ်စုအား ဧပြီလ ၁၁ ရက်နေ့တွင် ဗကပတို့ သာလွန်အင်အားနှင့်တိုက်ခိုက်ကြသည်။ မိမိတပ်များ ရတခမရ(-) စစ်ကြောင်း(၁)ရှိရာသို့ ပြန်ပေါင်းရသည်။

•••♦♦ ပြည့်စုံစာအုပ်တိုက် ♦♦•••



ဧပြီလ ၁၄ ရက်နေ့တွင် ပန်ခါးတောင်ကြောအနောက်မြောက်ဘက်ရှိ ခမရ(-)လှုပ်ရှားတပ်စုလေးစုကို ဗကပတို့ ဝင်တိုက်ပြန်သည်။ မိမိတပ်ရော ဗကပပါ ထိခိုက်ကျဆုံးမှုများပြားစွာနှင့် ပြင်းထန်စွာတိုက်ခိုက်ကြရသည်။

ရတခမရ(-)စစ်ကြောင်း(၂)က ထိခိုက်ဒဏ်ရာရသူများစွာနှင့် ပွိုင့် ၃၆၆၀ ရှိစစ်ကြောင်း(၁)သို့ ပူးပေါင်းလိုက်ရပြန်သည်။

## ရန်သူ့အပေါ် သုံးသပ်ချက်

ဗကပတို့ လှုပ်ရှားမှုကိုသုံးသပ်ကြည့်ရာတွင် ဗကပသည် ပန်ခါး-မွတ်နီးအနောက်ဘက်သံလွင်မြစ်အနီးရှိ ပွိုင့် ၃၂၈၀ သို့ ဝင်ရောက်နေရာယူထား၍ ခြင်းဖြင့် သံလွင်မြစ်အရှေ့ဘက်ရှိတပ်များအား ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်ကာ ၎င်းတို့သာလွန်အင်အားဖြင့် ပြန်လည်တိုက်ထုတ်နိုင်သည်။

သို့မဟုတ် သံလွင်အရှေ့ခြမ်းရောက် တပ်များကိုထိန်းချုပ်ထားပြီး သံလွင်အနောက်ရှိ မိုင်းရှူးဒေသသို့ ထိုးဖောက်ဝင်ရောက်တိုက်ခိုက်နိုင်သည်ဟူသော နည်းလမ်းနှစ်ခု အနက်တစ်ခုခုကိုကြံရွယ်သည်ဟု သုံးသပ်ကြပါတော့သည်။

သို့ဖြစ်၍ နမ့်စန်ရှိ ကစထမှူးညွှန်ကြားချက်အရ တပ်မမှူးဗိုလ်မှူးကြီးချစ်ဆွေကိုယ်တိုင် သံလွင်အရှေ့ခြမ်းသို့ရွှေ့ပြောင်း၍ အနီးကပ်ကွပ်ကဲမှု ယူလိုက်ရပါသည်။

နောက်တန်းရောက်နေသော ကျွန်တော့်ကိုလည်း ရှေ့တန်းတပ်မ(-) ရှိရာ မိုင်းရှူးမြို့အတိုက်ခံရလျှင် ရန်သူလက်မကျစေရဟူသော တာဝန်ပေးအပ်ပြန်ပါတော့သည်။

ထို့ကြောင့် ကျွန်တော်ရောက်ရောက်ချင်း မိုင်းရှူးမြို့နှင့် တောင်ပေါ်ရွာများမှအမာခံများကို သံလွင်ကူးတို့ဆိပ်များသို့စေလွှတ်ကာ ဗကပတို့ ဖြတ်ကူးခြင်းလက္ခဏာရှိမရှိ၊ ရပ်ဖျက်ထောက်လှမ်းသူများ ကူးဝင်ခြင်းရှိမရှိစောင့်ကြည့်သတင်းရယူစေရပါသည်။

ကျွန်တော်တို့စည်းရုံးရေးနယ်မြေဖြစ်၍ သံလွင်မြစ်ဖြတ်ကူးဝင်ရောက်မည့်ဗကပသတင်းအစအနမှမရရှိသည့်အခါမှာ မိုင်းရှူးသို့ထိုးဖောက်ဝင်ရောက်တိုက်ခိုက်မည့်လက္ခဏာမရှိသေးဟုယူဆကြောင်း တပ်မမှူးမှတစ်ဆင့် ကစထမှူးကြီးထံ တင်ပြလိုက်ပါသည်။

•••♦♦ ပြည့်စုံစာအုပ်တိုက် ♦♦•••

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဗကပတို့သည် သံလွင်အရှေ့ခြမ်း အခိုင်အမာနေရာယူထားသော မိမိစစ်ကြောင်းများကို တိုက်ခိုက်ခြင်းမပြုဘဲ လှုပ်ရှားစစ်ကြောင်းများကိုသာ တိုက်ခိုက်ခြင်းလည်း တွေ့ရပြန်သည်။

ရန်သူဘာလုပ်မည်ကို မှန်းဆရခက်လှသည်။

သံလွင်မြစ်နှင့်အနီးဆုံးပွိုင့် ၃၂၈၀ ကိုမူ ဝင်ရောက်၍ အသေအချာနေရာယူထားခြင်းဖြင့် မိမိသံလွင်မြစ်ဖြတ်ကူးရေး အဓိကပန်လုံကူးတို့ကို ခြိမ်းခြောက်ထားလျက်ရှိတော့သည်။

ပွိုင့် ၃၂၈၀ ရှိရန်သူနှင့် ပန်ခါးကြောနောက်ဘက် ဆက်သွယ်ရေးလမ်းကြောင်းရှိ မန်တွယ်နောက်(-)နှင့် ၄င်းကြောရှိရန်သူအား ရတာရှမ်း(-)တစ်ရင်း၊ ရတာခလရ(-)တပ်ရင်း၊ ရတခမရ(-)တစ်ရင်းနှင့် မိမိမှအကြိမ်ကြိမ်တိုက်ထုတ်နေခဲ့သော်လည်း ဗကပမှ ၄င်းတို့တပ်သားများကို စတေးရင်း ခြေကုတ်ယူမြဲယူထားလျက် ၈၂ မမ မော်တာအပေါ် ၅၇ မမ အဓိကအသုံးပြုခုခံလျက်ခုခံနေသည်။

ရတာခလရ( )တပ်ရင်းတစ်ရင်းလုံး ထပ်မံဖြည့်တင်းပြီး တပ်မမှူးကြီးက အနီးကပ်ညွှန်ကြားတိုက်ခိုက်နေရာ ဧပြီလ ၂၄ ရက်နေ့အထိ ပြန်လည်သိမ်းပိုက်ခြင်းမပြုနိုင်သေးပေ။ နှစ်ဘက်စလုံး ထိခိုက်ကျဆုံးမှုတွေများလှသည်။

တပ်မမှူးကြီးနှင့် ကျွန်တော်တို့သုံးသပ်ရသည်မှာ သံလွင်အရှေ့ခြမ်းရှိ မိမိတပ်များကို ဆက်သွယ်ရေးလမ်းကြောင်းဖြတ်တောက်လျက် ပြန်လည်တိုက်ခိုက်နိုင်သည်ဟု တွက်ဆမိကြသည့်အတွက် ကစထမှူးထံမှ သုံးသပ်ချက်တောင်းသည့်အခါ ထိုအတိုင်းတင်ပြကြရပါသည်။

တပ်မမှူးကြီးသည် သံလွင်အရှေ့ခြမ်းရှိ အရန်တပ်များအားလုံးကို စုစည်းကာ ဝင်ရောက်လာသော ဗကပများအား တန်ပြန်ထိုးစစ်ဆင်လျက်ရှိပါသည်။ တပ်ရင်း လေးရင်းသုံးစွဲလျက်ရှိသည်။ ဗကပသည် လွိုင်ဟိုလာတောင်ပေါ်တွင် ပွိုင့် ၅ တစ်လက်၊ ၅၇ မမတစ်လက်နှင့်အတူ အင်အား ၁၀၀ ခန့် ခြေကုတ်ယူထားပါသည်။

ပန်ခါးတောင်ကြောနှင့် သံလွင်မြစ်အကြားအင်အား ၆၀၀ မှ ၈၀၀ခန့် လာရောက်လှုပ်ရှားကြသည်။ မိမိဘက်တွင် တိုက်ခိုက်ရေးအင်အား တပ်ရင်းလေးရင်းရှိနေသည်။ မိမိမှအင်အားပိုမိုသာလွန်သလို အမြောက်ပစ်ကူလည်းရှိသည်။ လေကြောင်းပစ်ကူလည်းရှိသည်။

••••♦♦ ပြည့်စုံစာအုပ်တိုက် ♦♦••••



ဗကပသည် သလွန်အင်အားမရှိဘဲနှင့်မိမိတို့ မဆုတ်တမ်းခံစစ်လို တိုက်ရဲလိမ့်မည်မဟုတ်ကြောင်းလည်း သုံးသပ်ရပြန်ပါသည်။

စစ်မြေပြင်တွင် ရန်သူက ဘာတွေလုပ်လာနိုင်သည်။ ကိုယ့်တပ်တွေကို ဘယ်ပုံဖြန့်ခွဲ၍ ဘယ်သို့တိုက်သင့်သည်ဟူသော သုံးသပ်ချက်များ နေ့စဉ်လုပ်နေကြသည်မှာ အဆင့်ဆင့်သောတပ်မှူးတိုင်း၏အဓိကတာဝန်သာ ဖြစ်ပါ၏။

## တောမီးနှင့် ရန်သူ

ဧပြီလ ၂၅ ရက်နေ့တွင် ပွိုင့် ၃၂၈၀ ရှိရန် သူအား မိမိမှလေးဘက်လေးတန်ဝိုင်းပတ်တိုက်ခိုက်နေဆဲမှာ ရှေ့တန်းရှမ်း(-)နှင့်အတူ ရတာခလရ(-)က အနီးကပ်ဝင်ရောက်တိုက်ခိုက်သည်။ နှစ်ရက်အတွင်း ခလရ(-)မှ အရာရှိနှစ်ဦးအပါအဝင် စစ်သည် ၂၇ ဦးဒဏ်ရာရရှိသည်။

ဧပြီလ ၂၇ ရက်တွင် တပ်ရင်းမှူးနှင့် တပ်ခွဲနှစ်ခွဲသည် လူနာများသယ်လျက် လျှိုအတွင်းမှပြန်အထွက်တွင် ရန်သူမှသက်ငယ်တောများအား လောင်ချာများ ဒသမ ၅၊ မီးကျည် ကျည်ဆန်များနှင့်ပစ်ခတ်၍ တောမီးလောင်စေတော့သည်။ တစ်ချိန်တည်းတွင် အင်အား ၅၀ ခန့်နှင့် ခါးဖြတ်၍ အတင်းဝင်တိုက်ပြန်သည်။ ရတာခလရ(-)တပ်ရင်းမှူး အနည်းငယ်ဒဏ်ရာရရှိသော်လည်း စစ်သည်များကိုကွပ်ကဲ၍ သံလွင်မြစ်အထိ ဆုတ်ခွာလာခဲ့ရသည်။

ဧပြီလ ၂၇ ရက်ညတွင် ကစထမှူးထံမှ ကြေးနန်းရသည်။ ၂၈ ရက်နံနက်စောစော မိုင်းရှူးသို့ ရဟတ်ယာဉ်လွှတ်ကာ ကျွန်တော့်ကိုခေါ်မည်။ ဆက်လုပ်ရန်ညွှန်ကြားချက်ပေးမည်ဟု ဆိုသည်။

၂၇ ရက် ညနေသံလွင်ကူးတို့ဆိပ်သို့ မော်တော်ယာဉ်စေလွှတ်ကာ ရတာခမရ (-)ရင်းမှူးနှင့်အဖွဲ့ကို ခေါ်ယူစေရသည်။ ည ၁၂ နာရီအထိ ရောက်မလာသေး။

သန်းခေါင်ကျော် ၁ နာရီကျတော့ တပ်ရင်းမှူးရောက်လျှင် တိုက်ပွဲဖြစ်စဉ်ကို မေး၍ မြေပုံ ပုံကြမ်းဆွဲရန် ဂျီသရီးဗိုလ်ကြီးသိန်းစိန်ကိုမှာကြားပြီး ကျွန်တော်တစ်မှေးအိပ်လိုက်သည်။ နံနက်လေးနာရီမှာ ကျွန်တော်ပြန်နိုးလာသည်။ တစ်ညလုံးမအိပ်ဘဲ စောင့်နေရသော ဗိုလ်ကြီးသိန်းစိန် ဆွဲလက်စတစ်ဝက်တစ်ပျက်မြေပုံကြမ်းနှင့်ဖြစ်စဉ်ကို လေ့လာရသည်။ ပင်ပန်းလာသောတပ်ရင်းမှူးအားနှိုး၍ သိလိုသည်များ မေးရသေးသည်။

••••♦♦ ပြည့်စုံစာအုပ်တိုက် ♦♦••••

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၈ နာရီခွဲမှ နှင်းပွင့်၍ရောက်လာသော ရဟတ်ယာဉ်နှင့်ကျွန်တော် နမ့်စန်သို့ လိုက်သွားရသည်။

**- ညွှန်ကြားချက်ပေးပြီ -**

နမ့်စန်တွင် ကစထမှူး၊ ရပခတိုင်းမှူးအမြောက်နှင့် သံချပ်ကာညွှန်မှူး နှင့်ဆက်သွယ်ရေးမှ ဒုမှူးကြီးမြင့်မောင်တို့ ရှိကြသည်။

ကစထမှူးကြီးက ထုံးစံအတိုင်း သုန်မှုန်နေသည်။ ခလရ(-)စစ်ကြောင်း တစ်ကြောင်းလုံး သံလွင်မြစ်အထိ ပြန်ဆင်းလာသည်ကို မကျေမနပ်ဖြစ်နေသည်။

'တပ်မ(-)တစ်သက်လုံး စစ်တိုက်လာတာ ခင်ဗျားတို့ လက်ထက်ကျမှ နာမည်ပျက်မခံနိုင်ဘူး'ဟု နှုတ်ခွန်းဆက်သည်။

'ဗကပနဲ့ တိုက်နေကျတပ်တွေပဲ၊ ဘာဖြစ်လို့ စစ်ကြောင်းတစ်ခုလုံး သံလွင်မြစ်အရောက်ဆင်းလာရတာလဲ'ဟု မေးရင်းလက်ထဲမှစီးကရက်ကို ပြာခွက်ထဲ ထိုးချေလိုက်သည်။

ကျွန်တော်လည်း ဖြေစရာအတော် စဉ်းစားရပါသည်။ အမှန်လည်းတင်ပြရမည်။ အမှန်သိမှ လူကြီးကစဉ်းစားနိုင်မည်။ ဖုံးဖုံးဖိဖိပြောလို့လည်းမဖြစ်။ လူကြီးစိတ်ဆိုးပြေအောင် သာသာထိုးထိုးလည်းပြောရန်မသင့်။

'တပ်မတပ်တွေအားလုံး စစ်တိုက်တတ်ကြပါတယ်'ဟု ပြောပြီး ရပ်ထားလိုက်သည်။ ပြီးမှ-

'တောမီးကိုတော့ မတိုက်တတ်ကြပါဘူး'ဟု အရဲစွန့်ကာ တင်ပြလိုက်ရသည်။

'ဘာလဲ ဘာဖြစ်လို့လဲ'ဟု ခပ်ဆတ်ဆတ်မေးသည်။ သည်တော့မှ ကျွန်တော်ယူသွားသော တိုက်ပွဲအပြင်းအထန်ဖြစ်သည့်တောင်ကုန်း၊ လျှိုထဲအဆင်းမှာ သက်ငယ်တော မီးလောင်သောနေရာတို့ ပါသည့်မြေပုံကြမ်းကိုဖြန့်၍ ရှင်းပြခွင့်ရပါတော့သည်။

တောင်ပေါ်မှ ဗကပနဲ့တိုက်ရင်း ဗကပတို့ မီးကျည်၊ လောင်ချာများပစ်၍ သက်ငယ်တောမီးလောင်သည်။ တောမီးက တရိပ်ရိပ်နှင့် တောင်ကြောပေါ်တက် ဝိုင်းပတ်မခံရမီ လျှိုအတိုင်းသံလွင်အထိဆင်းလာရပါကြောင်း တင်ပြလိုက်ရပါတော့သည်။ ဖြစ်စဉ်ကို အစအဆုံးနားထောင်အပြီးမှာ ကစထမှူးကြီးက စီးကရက်တစ်လိပ်ယူ၍ မီးညှိလိုက်သည်။





တော်ပါသေးရဲ့။

ကစထမှူးကြီးနှင့်တိုင်းမှူးတို့ တိုက်ပွဲပုံကြမ်းကြည့်သည်။ နံရံရှိမြေပုံကို သေချာကြည့်ရင်း စဉ်းစားနေကြသည်။

ဗကပအင်အား ၄င်းတို့တိုက်ခိုက်သောပစ်မှတ်၊ တိုက်ပုံတိုက်နည်းတို့ကို သုံးသပ်ပြီး မိုင်းရှူးကို ဝင်တိုက်ရန်လည်းမဟုတ်၊ သံလွင်အရှေ့ရှိ မဆုတ်တမ်းခံစစ်ကို အပြတ်တိုက်ရန်လည်း မဟုတ်ဟု သုံးသပ်ရသည်။

မိမိလှုပ်ရှားစစ်ကြောင်းငယ်များကိုသာ ခြေအကြွမှာတိုက်ခိုက်နေကြောင်း တွေ့ရသည်။

ဗကပသည် သာလွန်အင်အားမရှိဘဲ အလစ်အငိုက်မရဘဲ မိမိစခန်းကို တက်တိုက်ရဲသောရန်သူအမျိုးအစား မဟုတ်ကြောင်း ကျွန်တော်တို့အားလုံးသိထားကြသည်။

'ခင်ဗျား ဒီရဟတ်ယာဉ်နဲ့ တပ်မမှူးဆီသွား၊ သံလွင်အရှေ့ခြမ်းကို တာဝန်ယူ၊ တပ်မမှူးကို မိုင်းရှူးပြန်လွှတ်ပြီး မိုင်းရှူးကနေ အားလုံးကို ကွပ်ကဲပါစေ' ဗိုလ်မှူးခင်မြင့်က ကြေးနန်းလဲထုတ်လိုက်'ဟု ညွှန်ကြားလေတော့သည်။ (ကစထ ဂျီဝမ်းဒုဗိုလ်မှူးကြီးကျော်ဘရာထူးတိုးပြောင်းသွား၍ ဂျီဝမ်းအသစ် ဒုဗိုလ်မှူးကြီး ခင်မြင့်(ဗိုလ်သင်တန်း ၂၅) ရောက်နေပြီဖြစ်သည်)

ကျွန်တော်က နားထောင်ရင်း စဉ်းစားနေဆဲမှာ

'ခင်ဗျားရောက်သွားပြီးရင်း Air strike လိုတဲ့အချိန်ပေးမယ်။ ဒီကောင်တွေကို မရရအောင် ပြန်တိုက်ထုတ်ရမယ်'ဟုတိုတိုတုတ်တုတ်ပဲ နှုတ်မိန့်ပေးပါသည်။

'ကျွန်တော်လိုတဲ့အချိန်မှာသာ Air strike ပေးပါ။ ကျွန်တော်ရအောင် တိုက်ပါ့မယ်'

လေကြောင်းတိုက်ခိုက်မှုခေတ္တရပ်ထားသည်မှာ သုံးရက်ရှိပြီဖြစ်သည်။

## ၁၀၅ နှင့် ၁၀၅

'လောလောဆယ်တော့ ၁၀၅မမ ဟောင်ဝစ်ဇာနှစ်လက်ကို နမ့်ကျန် (သံလွင်အနောက်ဘက်ကမ်း)ကို ပို့ပေးပါ၊ လုံခြုံရေးအတွက် တပ်ခွဲနှစ်ခွဲရှိပါတယ်၊ နမ့်ကျန်က ၁၀၅ မမနဲ့ပစ်၊ တပ်မမှူး ယခုရှိနေသော ၄၂၈၀ က ၁၂ နှစ်ဖက်ညှပ်ပစ်ရင်း ၃၂၈၀ ကို ရအောင်တိုက်မယ်'ဟု တင်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက စိတ်ဆိုးသမျှ ဒေါသတို့အတော်အသင့်ပြေလာသော ကစထ မှူးကြီးက ဆေးလိပ်တစ်လိပ်ထပ်ညှိပြီး 'ဘာလို့ ၁၀၅ ထပ်တောင်းရတာလဲ၊ ခင်ဗျားမှာ ၁၀၅ တစ်ရင်းလုံး ရှိပြီးသားပဲ' ဟု ပြောသောလေသံက ပုံမှန်ဖြစ်လာပြီ။ ထိုအခါကျမှ -

'ခမရ (-)က တပ်ခွဲနှစ်ခွဲလျော့သွားပြီ။ ဒါကြောင့် ၁၀၅မမ နှစ်လက် တောင်းတာပါ။ နမ့်ကျန်ကို ရဟတ်ယာဉ်နဲ့ပို့ဖို့ ဗိုလ်မှူးကြီးသက်ဝေကလည်း အဆင်သင့်ပြင်ထားပြီးသားရှိပါတယ်' ဟုပြန်တင်ပြရဲသော သတ္တိရှိလာ ပါတော့သည်။

ကစထမှူးနှင့် တိုင်းမှူးတို့က ဘာမှမပြောတော့သည့်အတွက် ကျွန်တော် တောင်းဆိုသော ၁၀၅မမ ဟောင်ဝစ်ဇာ နှစ်လက်ရမှာ သေချာကြောင်းရိပ်မိပြီ။

'ဒီမှာ ထမင်းစားပြီး ကိုချစ်ဆွေ(တပ်မမှူး)ဆီ တန်းသွား၊ လိုအပ်တာ သူနဲ့ညှိ၊ လေယာဉ်ပစ်ကူကို ကျုပ်ဆီတင်ပြ' သည်လိုနဲ့ Briefing ပြီးသွား ရပါတော့သည်။

နံနက် ၁၀ နာရီရှိသေး၊ စောဒကမတက်ရဲဘဲ ထမင်းမဆာဘဲ စားနေရ ပါတော့သည်။

## အာချောင်သော ကျွန်တော်

'ခင်ဗျား တပ်မမှူးက ပွိုင့် ၄၂၈၀ မှာ ဆယ်ရက်ကျော်ကြာလို့ ပင်ပန်း နေပြီ။ သူ့ကို မိုင်းရှူးကပဲ ထိုင်ပြီး ကွပ်ကဲခိုင်းမယ်။ သူနဲ့တွေ့ရင် သေသေချာချာ ရှင်းပြပါ' ဟု တိုင်းမှူးကြီးက မှာကြားနေပါသည်။

'အခု ဝင်လာတဲ့ရန်သူအားလုံးက ၆၀၀ နဲ့ ၈၀၀ ကြားပဲရှိတယ်၊ ကျွန်တော်ရအောင် မောင်းထုတ်လိုက်ပါ့မယ်'

'ဒီတိုက်ပွဲပြီးရင်တော့ ကျွန်တော့်ကို တောင်ငူလပခကို ဒုတိုင်းမှူးအဖြစ် ပြောင်းပေးပါ' ဟု တိုင်းမှူးကြီးကိုတော့ ပြောရဲလို့ပြောလိုက်မိသည်။

'ဘာလုပ်ဖို့လဲ'

'လပခမှာက အိမ်ရှေ့မှာတင် ဂေါက်ကွင်းရှိတယ်၊ ဗကပမရှိဘူး' ဟု ထပ်တွန့်လိုက်မိသေးသည်။

'ရမလားဗျ ခင်ဗျားက အသက်ငယ်သေးတာပဲ။ ကျုပ်ဆီ ရပခကို





လာခဲ့ပေါ့' ဟု သူက ပြန်စနေပါသည်။ ကျွန်တော်အရာရှိဖြစ်စ ဗိုလ်သင်တန်း ကျောင်းမှာကတည်းက ညီအစ်ကိုလိုပြောနေကျမို့ ပြောဖြစ်ကြခြင်းဖြစ်သည်။ အမှန်မှာ ထိုအချိန်တွင် ကျွန်တော့်အသက်လေးဆယ်လေးနှစ်ပြည့်ပြီးပြီ။

'ဒီဘက်မှာတော့ ဗကပနဲ့ပဲ လုံးထွေးနေရမှာ အေးအေးဆေးဆေးဂေါက် သီးရိုက်ရမယ့် လပခ မပို့ရင် မီးသတ်ကိုပို့ပါဗျာ'

'ခင်ဗျားဆရာ ကိုမင်းနောင်ရောက်နေပြီ၊ ခင်ဗျားသွားလို့မရတော့ဘူး' ဟု တိုင်းမှူးကြီးကပြောနေဆဲမှာ

'ခင်ဗျားတို့လို လူငယ်ခြေတက်တွေကို လပခလည်းမပို့ဘူး၊ မီးသတ်လည်း မပို့ဘူး၊ ဗကပနဲ့ပဲ အိုတဲ့အထိထားမယ်' ဟု ကစထမှူးကြီးက ဝင်ပြောလိုက်မှ ကျွန်တော့်တို့ စကားပြတ်သွားရပါတော့သည်။

## သံလွင်အရှေ့ဘက်ရောက်ရပြန်ပြီ

ကစထမှူးကြီး ညွှန်ကြားချက်အတိုင်း တပ်မမှူးကြီးရှိရာ ပွိုင့် ၄၂၈၀ တောင်ကုန်းသို့ ကျွန်တော်သွားရသည်။ သံလွင်မြစ်အရှေ့ဘက်ကမ်း ဗကပတိုက် ထုတ်ရေးတာဝန်ကို ဧပြီလ ၂၈ ရက် ၁၁ နာရီတွင် လက်ခံယူလိုက်ရပါသည်။ ကျွန်တော့်အား ညွှန်ကြားစရာရှိသည်များ ညွှန်ကြားပြီး တပ်မမှူးကြီး မိုင်းရှူးသို့ ပြန်သွားသည်။

## ပါးစပ်နှင့်တိုက်သည့် လေတိုက်ပွဲ

သံလွင်အရှေ့ခြမ်းသို့ ကျွန်တော်ရောက်ရှိပြီး မွန်းလွဲ ၁၃:၀၀ နာရီမှာ တပ်ရင်းမှူး၊ စစ်ကြောင်းမှူးများ အားလုံးကို ဆက်သွယ်ရေးစက် ၉၀၆ ဖြင့် အသင့်ခေါ်ယူကာ ဆက်သွယ်မှုယူလိုက်သည်။

ဒုတပ်မမှူးမှ ရင်းမှူးများအတွက် ဒီကောင်တွေကို အပြတ်တိုက်ထုတ်ဖို့ ညွှန်ကြားချက်ပါလာတယ်။ ကျွန်တော်ညွှန်ကြားတဲ့အတိုင်း တိတိကျကျလုပ်ပါ။ အမြောက်ပစ်ကူ လိုသလောက်ပေးမယ်၊ မိုးပေါ်ကလည်းအခု ၁ နာရီအတွင်း လာချမယ်၊ 'မိုင်းရှူးက အရန်တပ်ရင်း နှစ်ရင်းလည်းထပ်ရမယ်၊ ခင်ဗျားတို့ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်လုပ်ကြ၊ သဘောပေါက်သလား' ဟု ဝှက်စာ မဝှက်ဘဲ ပို့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါဒုတပ်မမှူး၊ ကျွန်တော်တို့ တာဝန်ကျေအောင်လုပ်ပါမယ်' ဟု ပြန်တင်ပြကြသည်။ တိုက်လေယာဉ်များနှင့် တိုက်ခိုက်သောလေကြောင်းပစ်ကူ တိုက်ပွဲမစမီ ကျွန်တော်၏ **လေထဲမှလေတိုက်ပွဲ** သာဖြစ်သည်။ ဗကပတို့ဖမ်းယူ နားထောင်ကြလိမ့်မည်ဖြစ်သည်။ ပြင်ဆင်မှုတွေ လုပ်ကြပေလိမ့်မည်။ စောင့်ကြည့် ရပေဦးမည်။

ပြီးနောက် ကျွန်တော်က အမြောက်တပ်ခွဲမှူးဗိုလ်မှူးမြင့်လွင်နှင့် ရန်သူ လက်နက်ကြီးနေရာများ ပစ်မှတ် မှတ်ပုံတင်ထားမှုကို ဆွေးနွေးရသည်။

မွန်းလွဲ ၂ နာရီမှ ၄ နာရီအကြား လေကြောင်းတိုက်ခိုက်မှုသုံးကြိမ် လာရောက်တိုက်ခိုက်သွားသည်။ ပွိုင့် ၃၂၈၀ သို့ အဓိကဖိ၍ တိုက်ခိုက်သည်။ နမ့်ကျန်(သံလွင်အနောက်)သို့လည်း ၁၀၅မမ ဟောင်ဝစ်ဇာအမြောက်ရောက်ပြီ ပွိုင့် ၃၂၈၀ကိုလည်းကောင်း၊ မြောက်ဘက်ရှိ မန်တွယ်နောက်သို့လည်းကောင်း ရှာပစ် ပစ်၍ မှတ်ပုံတင်မှုလုပ်လိုက်သည်။

ထိုညတစ်ညလုံး ပြောက်ကျားပစ်ခတ်မှုသာ ရှိသည်။

၂၉ ရက်နေ့တွင် ပွိုင့်၃၂၈၀ သို့လည်းကောင်း၊ အနောက်ဘက်သံလွင်မြစ် နှင့်ပိုနီးသော ပွိုင့် ၂၆၉၁ တောင်ကုန်းရှိ ရန်သူအားလည်းကောင်းရတခမရ(-) နှင့် ရတရှမ်း(-)တို့ တက်ရောက်တိုက်ခိုက်ကြသည်။ ၂၅ ရက်မှ ၂၇ ရက်အထိ ခေတ္တနားထားသောလေကြောင်း တိုက်ခိုက်မှုကို ထိရောက်စွာရယူလျက် ရှေ့ကာ မိုးရွာချသည်။ ပီစီ(၆)၊ ပီစီ(၇)တို့နှင့် အမြောက်ပစ်ကူ ဟန်ချက်ညီညီပစ်ခတ်ပေး ခြင်းဖြင့် မိမိတို့တန်ပြန်ထိုးစစ်ရှိန်မြှင့်မည်ကို ဗကပတို့သိစေလိုက်သည်။

ဆက်သွယ်ရေးစက်ပေါ်မှလည်း တပ်ရင်းမှူးများအား မပြတ်တွန်းအား ပေးနေရသည်။ တပ်ရင်းမှူးများကလည်း တက်ကြွစွာတုံ့ပြန်ကြပါသည်။

ယခု ဗကပတို့ စုဖွဲ့လာသော အင်အားသည် ၆၀၀ မှ ၈၀၀ အကြားသာ ရှိ၍ မိမိမဆုတ်တမ်းခံစစ်စခန်းများကို ကုတ်နှင့်ကော်ထုတ်နိုင်စွမ်းရှိသော အင်အား မဟုတ်ကြောင်းသေချာသည်။

ကျွန်တော်တို့ ပွိုင့် ၆၀၂၈ ကို တိုက်တုန်းကလို အခိုင်အမာခံစစ်ယူထား သော ဗကပမဟုတ်ဘဲ တောင်ကြောပေါ်မှာ လှုပ်ရှားနေကြရသောဗကပများအဖို့ မိမိတို့လေကြောင်းတိုက်ခိုက်မှုနှင့် အမြောက်ပစ်ခတ်မှုကို ကြံ့ကြံ့ခံနိုင်စွမ်းရှိမည် မဟုတ်ကြောင်း သေချာသုံးသပ်ရသည်။





ကျွန်တော်တို့က ဟန်ချက်ညီညီဖိတိုက်လျှင် ဗကပတွေ ဆုတ်ပြေးကြလိမ့် မည်ဟုကျွန်တော်ယုံကြည်သည်။ ဧပြီလ ၈ ရက်မှ ၂၉ ရက်နေ့အထိ တိုက်ခဲ့ကြ ရသောဗကပတို့ ထိခိုက်ကျဆုံးမှုတွေများနေသလို စိတ်ဓာတ်တက်ကြွမှုလည်း လျော့ရဲလာကြမည်ဟု သုံးသပ်မိရပါ၏။

အရန်တပ်ရင်းနှစ်ရင်းလာလျှင် ရောင်အော်ဘက်ဝင်ပြီးနောက်မှ ဝိုင်းပတ် တိုက်မည်ဟူသော ပါးစပ်စီမံချက်လေတိုက်ပွဲကို စိုးရိမ်လာသလားမသိ။ တပ်တွေ လုံးဝပြန်မဆုတ်ရဟု ညွှန်ကြားနေသော ဗကပညွှန်ကြားချက်တွေ ကြားဖြတ်ဖမ်း ယူရရှိနေသည်။

ဆုတ်ခွာခွင့်မပေးသူနှင့် ဆုတ်ချင်သူတို့ ပြဿနာဖြစ်နေကြပြီ။

## ဗကပ လက်နက်ကြီးပစ်ပြီ

ဧပြီလ ၃၀ ရက်နေ့ နံနက်စာစားအပြီးမှာ ကျွန်တော်သည် အမြောက် တပ်ခွဲမှူးဗိုလ်မှူးမြင့်လွင်နှင့် ခလရ(-)တပ်ရင်းမှူး ဒုမှူးကြီးစံလင်းတို့နှင့်အတူ စကားပြောနေကြပါသည်။ ဧပြီလ ၈ ရက်မှစ၍ ဖြစ်ပွားခဲ့သောတိုက်ပွဲစဉ်များ အကြောင်း ဆွေးနွေးခြင်းဖြစ်သည်။

မွန်းလွဲ ၁၃၅၅ နာရီအချိန်တွင် မိမိတို့ရှိရာပွိုင့် ၄၂၈၀ သို့ ရန်သူမှ လက်နက်ကြီးနှင့် ပစ်ခတ်လာပါတော့သည်။ ရန်သူပစ်ခတ်သောလက်နက်ကြီး ကျည်ဆန်များသည် မိမိစခန်းကုန်းရှေ့ ဆင်ခြေလျှောတွင် ကျရောက်ပေါက်ကွဲ သည်။ ရတခလရ(-) တပ်ရင်းမှူးသည် စခန်းလုံခြုံရေးအတွက် ချက်ချင်းနေရာယူ ကာ အမြောက်တပ်ခွဲမှူးသည်လည်း အမြောက်ရှိရာပစ်ကွင်းသို့ ချက်ချင်းအပြေး သွားနေရာယူကြပါတော့သည်။ ရန်သူကလက်နက်ကြီးများ အဆက်မပြတ်ပစ်ခတ် နေသည်ကို လေ့လာရင်း အမြောက်တပ်ဖွဲ့က တန်ပြန်ပစ်ခတ်ရန် ပြင်ဆင်ကြရာ ၁၀ မိနစ်အတွင်း ရန်သူ့နေရာကို ရှာဖွေ၍ တန်ပြန်ပစ်ခတ်နိုင်ခဲ့ပါသည်။

## အမြောက်ပညာရှင်

ပွိုင့် ၃၂၈၀ ရန်သူ့နေရာမှ အရှေ့ဘက်ကိုက် ၂၀၀၀ ရှိ တောင်ကြောပေါ် မှ ရန်သူ့လက်နက်ကြီး ပစ်ခတ်ရာ မီးခိုးထွက်ပေါ်လာသည်ကို မှန်ပြောင်းနှင့် မျက်မြင်တွေ့နေရသဖြင့် အမြောက်တပ်ဖွဲ့မှူးအား ညွှန်ပြပစ်ခတ်စေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြောက်တပ်ခွဲမှူးဗိုလ်မှူးမြင့်လွင်က အမြောက်ပညာကို အသုံးပြုသည့် ရန်သူလက်နက်ကြီးပစ်သောနေရာမှ မီးပွင့်တွေ့ရသည်။ ပြီးမှ မီးခိုးထွက်လာသည့် မီးပွင့်တွေ့ရချိန်မှ မိမိတောင်ကုန်းနားကျရောက်ပေါက်ကွဲသောအချိန်ကို မှတ် အကွာအဝေးကို တိတိကျကျတွက်ချက်ရရှိသွားသည်။ အကွာအဝေးသေချာ တော့ အမြောက်စစ်သည်များ စိတ်ကြိုက်ဖြစ်ကြပြီ။

စတင်ပစ်ခတ်ပြီ။

ရန်သူ့လက်နက်ကြီးနေရာကို တိုက်ရိုက်ထိမှန်၍ မီးခိုးများထလာသည် လည်း မျက်မြင်တွေ့ရပါသေးသည်။ ရန်သူ့ပစ်ခတ်မှုများ ၁၄၂၅ နာရီတွင် လုံး ရပ်ဆိုင်းသွားပါတော့သည်။

## သုံးသပ်ချက်

ဖြစ်စဉ်ကို ချက်ချင်းကစထစက်နှင့် ရှေ့တန်းတပ်မစက်များသို့ တင်ပြ လိုက်ရာ ရပခတိုင်းမှူးကြီးက စက်ပေါ်တက်လာပြီး ကျွန်တော့် သုံးသပ်ချက်ကို တောင်းပါတော့သည်။

ရန်သူသည် မိမိစခန်းများကို တိုက်နိုင်သည့် သာလွန်အင်အားမရှိဖြစ် မိမိမှတပ်ရင်းလေးရင်းဖြင့် ပြန်လည်တိုက်ခိုက်နေခြင်း၊ လေကြောင်းနှင့်အမြောက် ပစ်ကူအကဲသာမှုရှိခြင်းနှင့် ယခုရက်ပိုင်း မိမိမြေပြင်နှင့်လေကြောင်း ဟန်ချက် လှုပ်ရှားမှုတို့ကြောင့် ရန်သူဆုတ်ခွာတော့မည်၊ ပါလာသောလက်နက်ကြီးကျည် များ အလေးချိန်လျော့နေခြင်းဖြစ်သည်ဟု သုံးသပ်ရကြောင်း တင်ပြလိုက်ပါသည်။

ကျွန်တော့်တင်ပြချက်ကို တိုင်းမှူးကချက်ချင်းလက်ခံကြောင်းနှင့် တန် ချေမှုန်းရေးအတွက် တပ်များကိုထပ်ချပ်လိုက်စေရန် တွန်းအားပေးဖို့ညွှန်ကြား လာပါသည်။ လေကြောင်းမှလည်း ချက်ချင်းလာရောက်တိုက်ခိုက်ပေးသည်။

ဧပြီလ ၃၀ ရက်ညဦးပိုင်း မိမိတို့တပ်များ တက်တိုက်သည်ကို ပွိုင့် ၃၂၈၀ မှခုခံသေးသည်။ ညသန်းခေါင်ကျော်မှ ဆုတ်သွားကြဟန်တူသည်။ နံနက် လင်းတော့ ဗကပတို့ တောင်ကုန်းပေါ်မှာမရှိပြီ။ ရှေ့တန်းရှမ်း(-)မှ တဖြည်းဖြည်း ချဉ်းကပ်သွားသော ရှေ့ပြေးအဖွဲ့တောင်ကုန်းပေါ်ရောက်သွား၍ မိုးတိုးမတ်တတ် လျှောက်သွားနေသည်ကို ကျွန်တော်တို့ကအမြောက်တပ်သုံးမှန်ပြောင်းနှင့် တွေ့မြင် နေရပါသည်။





တပ်ရင်းမှူးထံ ကျွန်တော်စက်ဆက်သွယ်၍ မေးကြည့်သည်။ သူ့တပ်များ တောင်ပေါ်ရောက်နေပြီဖြစ်ကြောင်း သူမသိရသေး။ တက်တိုက်ရန် ချဉ်းကပ် နေပါသည်ဟု ဖြေသည်။

'ဒါဖြင့် ဗကပတွေ ဆင်းပြေးဘို့ လုပ်နေတာဖြစ်မယ်၊ ကျွန်တော်မှန်ပြောင်း မြင်နေရတယ်၊ အခုကိုမြင့်လွင်ကို ပစ်ခိုင်းတော့မယ်' ဟုပြောရင်း ပွိုင့်၃၂၈၀ ကိုကျော်၍ ကျည်နှစ်တောင့်ပစ်ခိုင်းလိုက်သည်။

ထိုအခါမှ

'ရဲဘော်တွေ အတင်းတက်နေပါပြီ၊ ဒုတပ်မမှူးတောင်ပေါ်ကို မပစ်ပါနဲ့၊ ထိကုန်ပါ့မယ်'ဟု ပြာပြာသလဲသတင်းပို့လာတော့သည်။ ပွိုင့် ၃၂၈၀ မှ မိမိတပ်က ပစ်သောဂျီ၃ ပစ်ခတ်သံနှင့် ဗကပ အမ် ၂၂ သေနတ်သံတို့ကို ကျွန်တော်ခွဲခြားသိနိုင် လောင် ကြားရသောအကွာအဝေးဖြစ်သည်။

တကယ်တော့ ဗကပတို့ ဆင်းပြေးသောတောင်ကုန်းပေါ်ရှမ်း(-)တပ်စု တစ်စုရောက်နေကြပြီဖြစ်ပေသည်။

သည်လိုနှင့်ဧပြီလ ၃၀ ရက်နေ့ညတွင် မော်ဖဒေသမှ ဗကပလှုပ်ရှားတပ် များကို တွန်းလှန်မောင်းထုတ်နိုင်ခဲ့ပြီ။ မေလ ၁ ရက်နေ့မှာ မိမိတပ်မတော်မှ နယ်သိမ်းလိုက်ပြီ။

သီးခြားထီးထီးကြီးဖြစ်သော လွိုင်ဟိုလာတောင်(ပွိုင့် ၇၁၂၃)ထိပ် မှ ဖြကုတ်ယူထားသော ဗကပတို့သာ သီးခြားကျန်နေကြသည်။

မော်ဖဒေသသို့ အကဲစမ်းဝင်ရောက်လာသော ဗကပတို့အထိနာစွာ ပြန်လည်ဆုတ်ပြေးကြခြင်းဖြင့် သေနတ်သံတို့၊ ဗုံးသံတို့ မီးခိုးမီးလျှံတို့ တစ်ဖန်ဆိတ် ငြိမ်ပြီ ဖြစ်ပေသည်။

၈/၄/၁၉၈၀ မှ ၃၀/၄/၁၉၈၀ အတွင်း

တိုက်ပွဲကြီး ၈ ကြိမ်

တိုက်ပွဲငယ် ၁၄ ကြိမ် ဖြစ်သည်။

| | | | |
|---|---|---|---|
| ရှုံ့စားသူ | မိမိကျဆုံး | အရာရှိ ၄ ဦး | စစ်သည် ၅၇ ဦး |
| ရှုံ့လွတ်သူ | မိမိဒဏ်ရာရ | အရာရှိ ၁၁ ဦး | စစ်သည် ၅၇ ဦး |

ရှိခဲ့သော်လည်း တပ်မ(-)၏တပ်ရင်းများကတော့ တိုက်လိုခိုက်လိုစိတ် ငှမ်းလျက်သာ ရှိနေကြဆဲပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



## တကယ်အေးချမ်းပြီ

၁၉၈၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်။

၁၃၄၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်ည ငွေလမှန်အောက်မှာ ဗကပတို့ ဆုတ်ခွာသွားကြပြီ။

တောင်တန်းတောင်ထွတ်တွေက ပေပေါင်း ၆၀၀၀-၇၀၀၀ ကျော်အထိ မြင့်မားသည်။ လျှိုမြောင်များက နက်ရှိုင်းသည်။ ကမ်းပါးယံများက မတ်စောက်သည်။ တောအုပ်များက ထူထပ်သိပ်သည်းသည်။ ဤဒေသမော်ဖသည် ငွေညလ ရောင်အောက်မှာ အေးချမ်းလာရပြန်ပြီဖြစ်သည်။

မိုးတိမ်တွေလည်း ရှင်းပြီ။

နှင်းမြူတွေလည်း ကင်းပြီ။

လရောင်ကလည်း လင်းသည်။

သံလွင်မြစ်ရေကလည်း ကြည်လင်သည်။ မိုးတွင်းလို အရှိန်နှင့်အဟုန်နှင့် ကျောက်ဆောင်များကို ရိုက်ခတ်တိုးဝှေ့စီးဆင်းသော ဒေါသမုန်တိုင်းထန်နေသည့် မြစ်ရေကြမ်းမဟုတ်တော့ပြီ။ တန်ခူး၊ ကဆုန်မှာ ဘဝပြောင်းသွားပြီ။

ကြည်ကြည်လင်လင်၊ ညင်ညင်သာသာ၊ ငြိမ့်ငြိမ့်ညောင်းညောင်းလေး စီးဆင်းနေပြီ။ တောင်ထိပ်များနှင့် လျှိုတွေကြားမှာတော့ တောင်ခိုးတွေက ဝေ့ဝဲနေဆဲသာ ဖြစ်ပါ၏။

သာယာသော၊ လှပသော၊ အေးချမ်းသော မော်ဖဒေသသည် ဗကပတို့ လက်အောက်မှ အပြီးအပိုင် လွတ်လပ်ခဲ့ပြီ။

ယနေ့ကာလလို ရောင်စုံသောင်းကျန်းသူတို့မရှိကြတော့သော ကာလအထိ နှစ်ပေါင်း(၃၀)တိုင် အေးချမ်းခဲ့သော မော်ဖဒေသတွင် -

နှစ်စဉ် မိုးဥတုလည်း ကျသည်။

နွေလည်း ရောက်ခဲ့သည်။

ဆောင်းလည်း အလီလီပြောင်းခဲ့ပြီ။

ရာသီတွေပြောင်းသော်လည်း တောင်တန်းကြီးများက ပြောင်းလဲမည် မဟုတ်။ နှစ်စဉ် သစ်ခွတွေဝေစီလို့ သဇင်တွေပွင့်ခဲ့လန်းခဲ့ကြသည်။ ယမ်းခိုးယမ်းငွေ့ ကင်းစင်စွာတောမှာပွင့်သော သစ်ခွတွေနှင့် တောင်ပေါ်မှာကြိုင်သောသဇင်တွေ ပွင့်ကြသည်။ ဝေကြသည်။ ကြွေကျခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါးရှိခဲ့ပြီ။





ပန်းဆိုသည်မှာလည်း ပွင့်ချင်တိုင်းပွင့်၊ လှချင်တိုင်းလှပေမဲ့ ယမ်းခိုးယမ်းငွေ့တို့စင်မှ ပွင့်သောပန်းတိုင်းတိုင်း သန့်သည်၊ အလှတို့ မြိုင်သည်၊ ရနံ့တို့ ကြိုင်သည်၊ လှိုင်သည်။ နှင်းငွေ့လွှာခြုံလွှမ်းသောသဇင်ပန်းနံ့နှင့် နွေဦးလေရူးလေး အဝှေ့မှာ အလှေကျူပွင့်သောသစ်ခွလှလှကြီးတွေက ရောင်စုံသွေးနှင့် ရှုချင်စဖွယ် လှသထက်လှနေကြပေလိမ့်မည်။

သည်တောင်ပေါ်သည်ဒေသမှာ ယမ်းနံ့တွေပျောက်အောင် အကျည်းတန်သော စစ်ပွဲတွေ ချုပ်ငြိမ်းအောင် တိုက်ခဲ့၊ ခိုက်ခဲ့ရသောတပ်မ (-)မှ ကျွန်တော်တို့တစ်တွေသည် အသက်တွေကြီးရင့်လာကြပြီ။

အတူတိုက်ခဲ့ကြသော ရောင်းရင်းများ ဖြစ်သည့် ခမရ(-)တပ်ရင်းမှူးကြီး ဗိုလ်မှူးဖေအောင်(ဗိုလ်မှူးကြီး ငြိမ်း)ကွယ်လွန်ခဲ့ပြီး၊ ဒုတပ်ရင်းမှူးဗိုလ်မှူး သန်းညွန့်(ဒုမှူးကြီး ငြိမ်း)၊ ဗိုလ်ကြီးသန်းအောင် တို့မရှိကြတော့ပြီ။

ခမရ(-)တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးလဗျပန်းအောင်၊ ခမရ(-)မှ တပ်ခွဲမှူး ဗိုလ်မှူးမောင်ရီးတို့ မရှိကြတော့ပြီ။ ခလရ(-)တပ်ရင်းမှ ဒုဗိုလ်မှူးကြီး သန်းညွန့်၊ လူ့ဘဝဥယျာဉ်မှ ကြွေလွင့်ခဲ့ရပါပြီ။

ကျွန်တော်တို့အလှည့်ဘယ်တော့လဲမသိ။ အသက်ရှိစဉ်တစ်ခါတစ်ခေါက် တော့ ရောက်စေချင်သေးသည်။ မော်ဖဒေသတိုးတက်နေမှုကို မျက်ဝါးထင်ထင် ကြည့်ချင်မြင်ချင်သေးသည်။

ယမ်းခိုးယမ်းငွေ့တို့ ကင်းစင်သောသန့်ရှင်းလတ်ဆတ်သည့် လေနှင့် ပန်းရနံ့လေးများကို ရှူရှိုက်ကာ မော်ဖဒေသအလှကို ကြည့်ချင်ပါသေးသည်။

ယနေ့သာယာနေသောအေးချမ်းနေသောမော်ဖဒေသအတွက်တပ်မ(-) မှပေးလှူခဲ့ကြရသောအသက်တွေ၊ သွေးတွေကလည်း များလွန်းလှသည်။

ကျွန်တော်တို့သာမဟုတ်၊ မြန်မာပြည်ကြီး ချောက်ထဲကျရန် လက်နှစ်လုံးသာလိုတော့သည်ဆိုသော ၁၉၄၈/၄၉ ကာလမှ ယနေ့ထိ ရန်ကုန်တစ်ဝိုက်မှာရော၊ မြန်မာပြည်နယ်စွန်နယ်ဖျားများပါ မကျန်ပေးဆပ်စွန့်လှူခဲ့ကြရသော တပ်မတော်သားတို့၏အသက်တွေ၊ သွေးတွေ၊ ချွေးတွေများစွာ များစွာကို မှန်းဆရခက်လှသည်၊ မှတ်တမ်းမှတ်ရာများ ရှာဖွေရခက်လှသည်။

သို့သော်

ဤနိုင်ငံကြီးအေးချမ်းဖို့ ဤနိုင်ငံကြီးလွတ်လပ်ရေးတည်တံ့ဖို့ ပေးဆပ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သော စစ်သည်တို့၏အသက်များ ကိုယ်ခန္ဓာအစိတ်အပိုင်းများ၊ သွေးများ များစွာ များစွာတို့ရှိခဲ့ကြောင်း ယနေ့သွားလာလှုပ်ရှားရင်း အေးချမ်းစွာစားသောက်ရှင်မြူ နေကြသော ပြည်သူပြည်သားတို့ အမှတ်တရရှိနေကြစေရန်သာ ပြင်းစွာသောဆ ပြုရင်းနှင့်ဆုတောင်းနေရသည်မှာ ယနေ့စစ်သားဟောင်းကြီး ကျွန်တော်ပါတည်း။

## မော်ဖတိုက်ပွဲမှ သင်ခန်းစာ

မော်ဖဒေသတိုက်ခိုက်သိမ်းပိုက်ရေးသည် ဗကပမဟာဗျူဟာကို ချိုးဖျက်ရန် အဓိကဖြစ်သည်။

ဗကပမြို့တော်ဟုခေါ်နေကြသော ပန်ဆန်းအနောက်ဘက်ကမ်းသည် လျှပ်စစ်မီးတထိန်ထိန်လင်း၍ ဆေးရုံနှင့်ဗကပဌာနချုပ်ရုံးကြီးတွေနှင့် လူတစ်ထောင် ဆန့်ခန်းမကြီးနှင့် လက်နက်ပြုပြင်အလုပ်ရုံနှင့် လက်နက်ကျည်ဆန်ရိက္ခာစုပုံဂိုဒေါင် ကြီးတွေနှင့် ကြားဖြတ်ဖမ်းယူစက်ဌာနကြီးနှင့် အခိုင်အမာတည်ရှိသည်။

ဝနယ်မော်ဖကိုဖြတ်၊ သံလွင်မြစ်ကိုကူး၊ မိုင်းရှူးနယ်ကိုရှောင်၊ မိုင်းကိုင် လဲချားကိုကျော်လိုက်လျှင် အင်တော်ကျောက်ဂူဒေသနှင့် ဆက်မိပြီ။

ပြည်တွင်းထိုးဖောက်ရေးမဟာဗျူဟာအတွက် အဓိကအကျဆုံး ဆက် သွယ်ရေးလမ်းကြောင်းဖြစ်သည်။

ထိုအချက်အချာဒေသကို ဝင်တိုက်ရသည်။ ရိက္ခာစခန်းကိုသိမ်းပိုက် ရသည်။

ပန်ဆန်းရှေ့ကာ တောင်ကုန်းပွိုင့် ၆၀၂၈၊ ပန်ခါးတောင်နှင့်ပွိုင့် ၆၀၀၀ ကုန်းတို့ကို တက်တိုက်ရသည်။

စစ်တိုက်ခြင်းသည် ပန်းနှင့်ပေါက်တမ်းကစားခြင်းမဟုတ်။

လူကိုသေစေသောကျည်ဆန်နှင့်ပစ်နေသောရန်သူထံ ရင်ကိုကော့၍ ချီတက်ရသည်။

တောင်ကိုမော့တက်ရသည်။

ဒီဂရီခြောက်ဆယ်ခန့် မတ်စောက်သောတောင်ကို ပြေးတက်ဖို့ နေနေ သာသာ တစ်လှမ်းချင်းတက်ရသည်မှာပင် မောလှပါဘိ။ ပင်ပန်းလှပါဘိ။

အသက်သာခို အမောဖြေရင်းတစ်လှမ်းချင်းတက်လျှင်တော့ ဗကပတို့ အကြိုက် သတ်ကွင်းထဲရောက်ရှော့မည်။





အမောဆို့နေသော ခြေကုန်လက်ပန်းကျနေသော ကိုယ်ခန္ဓာကို စိတ်ဓာတ် တည်းဟူသောမောင်းနှင်အားနှင့်တွန်းအားပေး၍ တက်ကြရသည်၊ တိုက်ကြရသည်။

တိုက်လေယာဉ်များကူသည်။

အမြောက်စစ်သည်တွေက ကူသည်။

ကစထမှူး၊ တိုင်းမှူး၊ တပ်မမှူးတို့က လမ်းညွှန်ကြသည်၊ ပံ့ပိုးကြသည်။

ကျွန်တော်နှင့်ဗိုလ်မှူးကြီးစံလွင်က အနီးကပ်လိုက်ပါကွပ်ကဲသည်။ သူတို့ နားမှာကပ်၍ အတူတိုက်ပွဲဝင်ကြသည်။

ဤသို့ပေါင်းစပ်စုစည်းထားသော ညီညွတ်သည့်တပ်မတော်သားတို့သည် အပင်ပန်းဒဏ်ခံသည်။

တောင်ကုန်းကို လှန်၍ တက်သည်။

ပစ်သမျှကျည်ဆန်ကိုခံ၍ မာန်အပြည့်နှင့်တက်သည်။

မောရမှန်းမသိ၊ ပန်းရမှန်းမသိ၊ ကြောက်ရွံ့ရမှန်းမသိကြသော စိတ်ဓာတ် အပြည့်ရှိသည့်စစ်သည်တို့သည် ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ပွိုင့် ၆၀၂၈ အဓိကတောင်ကုန်းကို သိမ်းပိုက်ရရှိကြသည်။

ရဲဝံ့သူသာ အောင်ကြောင်းဖြာဟူသော သဘောတရားကို လက်တွေ့ မှတ်တမ်းတင်ခဲ့ကြသည်။ အသက်တွေစွန့်ရသည်၊ ကိုယ်အင်္ဂါတွေ စွန့်ကြရသည်။

ကျဆုံးသူတွေ၊ ထိခိုက်သူတွေရော၊ မကျဆုံးမထိခိုက်သောသူတွေရော အားလုံးကို အောင်ပွဲသည် ကကကြည်း၏စီမံချက်ဖြစ်သော မော်ဖဒေသတိုက်ခိုက် သိမ်းပိုက်ရေး တာဝန်ကျေပွန်ကြသူများ ဖြစ်ကြပေသည်။

အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမည်ဟူသော သန္နိဋ္ဌာန်ကို ဦးထိပ်ပန်ဆင်ခဲ့ကြသူများဖြစ်ကြပေသည်။

အဓိကရရှိခဲ့သော သင်ခန်းစာမှာ

ပေးအပ်သောတာဝန်ကို ကျေပွန်လိုသော စိတ်ဓာတ်ပြင်းပြရမည်။

ရဲဘော်ရဲဘက်ချင်း လက်တွဲညီရမည်။ အထက်နှင့်အောက်၊ အောက်နှင့် အထက် ပြောရဲဆိုရဲသောဆက်ဆံမှုမျိုးရှိရမည်။

ရှိသမျှလူ၊ ရှိသမျှကျည်၊ ရှိသမျှအချိန်ကို အချွေတာဆုံးနှင့်အထိရောက် ဆုံး အသုံးချရမည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တက်တိုက်ရချိန်မှာ အဓိကကျသော ပွိုင့် ၆၀၂၈၊ ပွိုင့် ၆၀၀၀ လှိုင်ပန်ခါးတို့ကို အခိုင်အမာခံစစ်ပြု၍ ဗကပခံစစ်ပြင်သည်။

မိမိတပ်များ အသက်သွေးချွေးများစွာ စတေး၍ တိုက်ယူရသည်။

မိမိတို့ သိမ်းပိုက်ပြီး အခြေခံနယ်မြေတည်ဆောက်ချိန်မှာ အစိုးရတပ် ဖြစ်၍ နယ်မြေအတွက် တာဝန်ရှိသည်။

ပွိုင့် ၇၁၂၃ တော်ကုန်းပေါ်တွင် တပ်စိတ်နှစ်စိတ်သာ တင်ထားခဲ့မိသည်။

ဗကပ ၁၀၀ ကျော်မှတက်တိုက်သည်၊ စခန်းကျသွားသည်။

ထိုတောင်ကုန်းတွင် ယာယီခြေကုတ်ယူထားသော ဗကပကို မိမိတို့ တက်တိုက်သောအခါ ရက်ပေါင်းလပေါင်းများစွာ အချိန်ယူ၍တိုက်ကြရ သိမ်းပိုက်ကြရသည်။

ထို့ကြောင့်

ကျွန်တော်တပ်ရင်းမှူးဘဝ အတွေ့အကြုံနှင့် ဗျူဟာမှူး၊ ဒုတိယတပ်မမှူး ဘဝအတွေ့အကြုံများအရ အဓိကကျသောစခန်းတိုင်းတွင် အလစ်အငိုက်အတိုက် မခံရရေးအတွက် လုံလောက်သောအင်အားဖြင့် ထိန်းထားရန် ဟူသောအချက်ကို တပ်ခင်းကျင်းမှုပြုလုပ်တိုင်း သတိချပ်သင့်ကြောင်း သင်ခန်းစာ ဖော်ထုတ်ရရှိခဲ့ပါ သည်။

❖ ❖ ❖



# ဒသမပိုင်း

## ကံထူးမမှ မော်ဖ

၁၉၅၄ ခုနှစ်၊ မတ်လမှ တပ်မတော်ထဲဝင်ခဲ့သော ကျွန်တော်သည် ဗိုလ်သင်တန်းကျောင်းဆင်းပွဲမှာ စံပြကျောင်းသား၊ ငွေဓားဆုရခဲ့သည်။ ထိုကျောင်း မှာပင် နည်းပြအရာရှိလုပ်ခဲ့ရသည်။ စစ်ဆင်ရေးအတွေ့အကြုံမရှိခဲ့သေး။

တကယ့် တကယ်စစ်ဆင်ရေးနှင့်ကြုံခဲ့သည်က ၁၉၅၇ ခုနှစ် အောက်တို ဘာလကျမှ ခြေမြန်တပ်ရင်း (-) တွင် တပ်စုမှူးတာဝန်ယူရချိန်ဖြစ်သည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်မဟာ(-)နယ်မြေဖြစ်သော ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ကံထူးမခေါ် ကဒူးမဒေသတွင်စတင်၍ အတွေ့အကြုံရခဲ့သည်။

တပ်ခွဲမှူး ဗိုလ်ကြီးထွန်းရီ(ဗိုလ်သင်တန်း ၄)၏ လက်အောက်တွင် တပ်စု မှူးအဖြစ် တပ်စုတစ်စုကိုကိုင်လျက် တိုက်ကင်းလှည့်ခြင်း၊ ကင်းပုန်းဝပ်ခြင်း၊ ရန်သူကိုထောင်ချောက်ဆင်တိုက်ကွက်ဖော်ခြင်းစသည်တို့ကို လက်တွေ့ပညာရ ခဲ့သည်။

တစ်နည်းအားဖြင့် စစ်သားဘဝမှာစတင်၍ စစ်ဆင်ရေးထွက်ရခြင်း၊ ရန်သူဆိုတာတွေ့ဖူးခြင်းသည် ဗိုလ်ကြီးထွန်းရီလက်အောက်တွင်ဖြစ်သည်။

အတွေ့အကြုံရင့်ကျက်သော၊ အောက်သက်ကျေသော တပ်ခွဲမှူး၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုသည် တပ်စုမှူးတစ်ဦးအတွက် အထူးအရေးကြီး လှပေသည်။

ပထမဦးဆုံး ရန်သူနှင့်ထိတွေ့ရသည်နှင့် အောင်မြင်မှုရခဲ့သည်က ကျွန်တော့် တစ်စုကိုကွပ်ကဲရသောတပ်စုမှူးဘဝ ကဒူးမတိုက်ပွဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော ဝါရင့်ဆရာသမား တပ်ခွဲမှူးညွှန်ပြသော နည်းနိသရည်းများ၊ သူပြောပြသောတိုက်ပွဲအတွေ့အကြုံများကို သင်ခန်းစာများသဖွယ်မှတ်သားခဲ့ရသည်။

ပညာရှာနေရာမရွေး၊ အချိန်မရွေးရနိုင်ကြောင်း ကျွန်တော်ယုံကြည်သည်။ သွားရင်းလာရင်း စားရင်းသောက်ရင်းပြောပြသော တပ်ခွဲမှူး၏အတွေ့အကြုံသည် ကျွန်တော်တို့လိုအတွေ့အကြုံမရှိသေးသော တပ်စုမှူးလေးအတွက် တန်ဖိုးကြီးလှပါဘိ။

တပ်မတော်တွင် ၂၈ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရစဉ်အတွင်း နောက်ဆုံးပိတ်ကြုံခဲ့တိုက်ခဲ့ရသောတိုက်ပွဲက ဒုတိယတပ်မမှူးအဖြစ် တပ်ရင်းခြောက်ရင်းအမြောက်ရှစ်လက်ကို အနီးကပ်ကွပ်ကဲတိုက်ခိုက်ခဲ့ရသော မော်ဖတိုက်ပွဲ။

ကြုံဆုံမှုဟု ဆိုရမည်လား။

တိုက်ဆိုင်မှုဟု ဆိုရမည်လား။

ရေစက်ဟု ဆိုရမည်လား။

တပ်ခွဲမှူးဗိုလ်ကြီးထွန်းရီ၏ ကွပ်ကဲမှုဖြင့် တပ်စုမှူးဘဝစစ်ဆင်ရေးစခဲ့ရသည်။ အောင်မြင်သည်။ ကစထမှူးဗိုလ်ချုပ်ထွန်းရီ၏ကွပ်ကဲမှုဖြင့် ဒုတိယတပ်မမှူး ဘဝစစ်ဆင်ရေးကြီးနှင့်အဆုံးသတ်ခဲ့ရသည်။ အောင်မြင်သည်။

တပ်စုမှူးအဆင့်မှ ဒုတိယတပ်မမှူးအဆင့်အထိ ပညာရခဲ့သောအထက်လူကြီးများ အဆင့်တူလုပ်ဖော်ကိုင်ဖက်များ၊ ကွပ်ကဲမှုယူခဲ့ရသော လူငယ်များ များစွာများစွာ အမျိုးစုံ၊ အမျိုးစုံ တွေ့ခဲ့ရပါသည်။

ဆရာသမားများထံမှ သင်ခန်းစာမျိုးစုံရခဲ့သည်။

အဆင့်တူသူငယ်ချင်း ရဲဘော်ရဲဘက်များထံမှ အတုယူစရာများစွာရခဲ့သည်။

ကွပ်ကဲခဲ့ရသူများထံမှ အတွေ့အကြုံမျိုးစုံရခဲ့သည်။

တပ်စုမှူးဘဝက လိမ်လိမ်မာမာကိုင်တွယ်ခဲ့ရသူမျိုး၊ ဒုတိယတပ်မမှူးဘဝတွေ့ရကြုံရသေးသည်။

တပ်စုမှူးဘဝမှာ အားကိုးရသူများတွေ့ခဲ့သလို ဒုတိယတပ်မမှူးဘဝနောက်ဆုံးတိုက်ပွဲမှာလည်း အားကိုးထိုက်သူများ တွေ့ခဲ့ရသည်။

အခြေအနေအမျိုးမျိုးမှာ လူအမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ စိတ်ဓာတ်အမျိုးမျိုးကို သူ့နေရာနှင့်သူအကျိုးရှိရှိ ကွပ်ကဲရင်းအောင်မြင်မှုတွေ့ရခဲ့ပါသည်။





သုံးမရသောလူငယ်ဟူ၍ မတွေ့ခဲ့ရသလို ပညာတစ်ခုမဟုတ်တစ်ခု မရလိုက်သော အထက်လူကြီးဟူ၍လည်း မတွေ့ခဲ့ရဖူးပေ။

အဆင့်တစ်ဆင့်မှာ တစ်ချိန်တစ်ခါ၌ တွေ့ခဲ့ရသောပုဂ္ဂိုလ်တစ်ဦး၊ ဖြစ်စဉ်တစ်ရပ်၊ သင်ခန်းစာတစ်ခုကို နောက်တစ်ဆင့်တာဝန်တိုးယူရချိန်မှာ အကျိုးရှိရှိပြန်လည်အသုံးချ (apply) ခဲ့ရသည်သာ ဖြစ်ပါ၏။

ဤသို့သာလျှင် ၁၉၇၉ ခုနှစ်က မော်ဖဒေသထိုးဖောက်သိမ်းပိုက်ရေးမင်းရန်အောင် စစ်ဆင်ရေးတွင် အောင်မြင်မှုမှတ်တိုင်တစ်ခုရခဲ့ခြင်းသည် ကျွန်တော့်ဘဝအတွက် မှတ်တမ်းကြီးဖြစ်ပါ၏။

ကံ ကံ၏အကြောင်းတရားကြောင့်ပင် မော်ဖတိုက်ပွဲကြီး ပြီးသည့်နောက်တပ်မတော်မှာတိုက်ပွဲအတွေ့အကြုံရယူခွင့်မရရှိတော့ဘဲ မော်ဖတိုက်ပွဲနှင့်သာ တပ်မတော်သားဘဝ အဆုံးသတ်ခဲ့ရပေတော့သည်။

၁၉၅၄ ခုနှစ်၊ မတ်လမှာ မွေးမိရင်ခွင်မှခွာ၍ တပ်မတော်ရင်ခွင်သို့ တိုးဝင်စဉ်က ကိုယ့်စိတ်နှင့်ကိုယ့်ကို လိုလိုလားလားကူးပြောင်းခဲ့ရသော ကျွန်တော် ဗိုလ်လောင်းလေး …။

တပ်မတော်မှခွဲခွာခဲ့ရသည့်အခါမှာတော့ ကျွန်တော်ဆန္ဒမပါ၊ မခွဲချင်မခွာရက်သော တပ်မတော်မှာ ဆက်လက်နေပါရစေဟု နှုတ်နှင့်ရော၊ စာနှင့်ပါ တင်ပြခဲ့သော်လည်း နေခွင့်မရ၊ ဘဝပြောင်းခဲ့ရသော ကျွန်တော် ဗိုလ်မှူးကြီး…

ထိုအချိန်က တပ်မဌာနချုပ်တပ်မမှူးသည် ဗိုလ်မှူးကြီး၊ ဒုတပ်မမှူးဟူသည့် ဝါရင့်ဗိုလ်မှူးကြီး၊ တပ်မမှူး၊ ဒုတပ်မမှူးတို့လက်အောက်တွင်နည်းဗျူဟာမှူးသုံးယောက်ရှိသည်ကလည်း ဗိုလ်မှူးကြီးသာ ဖြစ်ပေသည်။

ထိုခေတ်ကတော့ တပ်မတော်သည် ဗိုလ်မှူးကြီးတွေ များသောခေတ်၊ တိုင်းမှူးဖြစ်သူပင်လျှင် ဗိုလ်မှူးကြီးဘဝနှင့် အနည်းဆုံးတစ်နှစ်တာဝန်ယူပြီးမှ ဗိုလ်မှူးချုပ်ဖြစ်သောခေတ်မို့ တပ်မတော်မှာဗိုလ်မှူးချုပ်ဆိုလျှင် လက်ချိုးရေတွက်လို့ရသည်။

သို့သော်လည်း

ထိုအချိန်ထိုအခါက ‘ပါတီကေဒါမြှုပ်နှံရေးပေါ်လစီ’ အရ တပ်မတော်မှ ဝါရင့်အမာခံတွေ နယ်ဘက်သို့ပို့ခြင်းဟူသော မူနှင့်ရှေ့ခဲ့ရ၊ ပြောင်းခဲ့ရ၊ ခွဲခဲ့ရခွာခဲ့ရခြင်းသာဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'အထက်မှ ပေးအပ်သောအမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆော င်ပါမည်ဟု' နေ့စဉ်ရွတ်ဆိုခဲ့ရသော သစ္စာအဓိဋ္ဌာန်က ဘဝကိုချုပ်ကိုင်ထားခဲ့ပေပြီ။

မသွားချင်သော နယ်ဘက်ဌာနကိုသွား၍ မလုပ်လိုသောတာဝန်ကို ထမ်းဆောင်ရန် ရှောင်မရ၊ လွဲမရ၊ တောင်းပန်၍ မရ၊ တိုးလျှိုး၍ မရ၊ အသနားခံလို့မရသောဘဝကို ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလမှ ရောက်ရှိခဲ့ရပေတော့သည်။

ကုန်သွယ်ရေးဝန်ကြီးဌာနမှာဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်လေးနှစ်နှင့်သုံးလ၊

နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သံအမတ်ကြီးအဖြစ် ခြောက်နှစ်နှင့် ငါးလ၊
နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဒုတိယဝန်ကြီးအဖြစ် ခြောက်နှစ်နှင့်တစ်လ၊
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်(ဒုတိယဝန်ကြီး)အဖြစ် ခုနစ်နှစ်
ငါးလ၊ တာဝန်တွေထမ်းဆောင်ခဲ့ရပြီး နိုင်ငံရေးပင်စင်စားအဖြစ်
အငြိမ်းစားယူခဲ့ရပြီ။

၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်၊
အသက် ၇၀ နှစ်နှင့် ၇ လ၊
လုပ်သက် ၅၂ နှစ်နှင့် ၂ လ၊

ဤသို့ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရသောဘဝမှာ အပျော်ရွှင်ဆုံးနှင့် စိတ်ဝင်စားဖွယ်အကောင်းဆုံး ရဲဘော်ရဲဘက်အချင်းချင်း ယုံကြည်စိတ်ချစွာ လက်တွဲဆောင်ရွက်ခွင့်အရရှိဆုံးသည် တပ်မတော်သားဘဝ ၂၈ နှစ်သာ ဖြစ်ခဲ့ပါ၏။

## ကံပေးသမျှ ဘဝတာဝန်

တပ်မတော်ကိုစွန့်ခွာ၍ နယ်ဘက်ပြောင်းရမည်ဟူသော အမိန့်ရရှိသည့်အချိန်မှာ ပြင်းထန်စွာသောခံစားမှုကို ရင်နင့်စွာခံစားခဲ့ရပါတော့သည်။

နယ်ဘက်တာဝန်ထမ်းဆောင်ရန် စိတ်ကူးလုံးဝမရှိခဲ့၍သာ ၁၇ နှစ်သားမှာတက္ကသိုလ်ဝင်တန်းအောင်သော်လည်း တက္ကသိုလ်ပညာကိုမသင်ယူဘဲ ဝါသနာပါသော တပ်မတော်ထဲ ဝင်ခဲ့ခြင်းဖြစ်သည်။

ဘဝတစ်သက်လုံး တပ်မတော်မှာတာဝန်ယူဖို့ စိတ်ဆုံးဖြတ်ထားခဲ့သည်။ တပ်မတော်ထဲမှာလည်းစစ်တိုက်ရသောအလုပ်သာလျှင်ဂုဏ်ရှိသည်ဟုခံယူထားခဲ့သည်။





အရာရှိဖြစ်စမှာ စံပြဗိုလ်လောင်းကျောင်းသားဟူသော ဝိသေသလေးနှင့် ဗိုလ်သင်တန်းကျောင်းတွင် နည်းပြအရာရှိလုပ်ခဲ့ရသည်။ လက်တွေ့စစ်မတိုက်ရဖူးသေးသော စာတွေ့ဘဝမှာ နေရတာရှက်သည်၊ တာဝန်က ဂုဏ်ယူဖွယ်ဖြစ်ပါလျက် စစ်ဆင်ရေးတပ်သို့ပြောင်းပေးပါရန် ကိုယ်တိုင်တင်ပြချက်ဖြင့် စစ်ဆင်ရေးတပ်သို့ ရောက်ခဲ့ရသည်။

ထိုစစ်ဆင်ရေးတပ်ဖြစ်သော ခြေမြန်တပ်ရင်း (-)မှာ တာဝန်ထမ်းဆောင်စဉ် မပခတွင် စိတ်ဓာတ်ရေး(အရာရှိ)သင်တန်းတက်ဆဲမှာ ၁၉၅၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ် အရန်တပ်ရင်းသို့ တပ်ရေးဗိုလ်ကြီးအဖြစ် ပြောင်းရွှေ့ရန် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရာထူးခန့်ဝန်ရုံး၏ အမိန့်ရခဲ့သည်။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးနေထွန်းက ကျွန်တော့်ဆန္ဒကိုမေးသည်။ ကျွန်တော်က မသွားလိုကြောင်း ငြင်းဆိုခဲ့သည်။ စစ်ရာထူးခန့်ဝန်ရုံးသို့ တပ်ရင်းမှူးမှကြေးနန်းနှင့် တင်ပြခဲ့ရာရာ ဗိုလ်တင်ဦး(ဗိုလ်သင်တန်း ၁၆)အား ပြင်ဆင်ပြောင်းရွှေ့မိန့်ထုတ် ပေးသည်။ စစ်ကိုင်းတပ်မဟာ(-)နယ်မြေတွင် ဗကပဗဟိုကို လိုက်တိုက်နေရသော အချိန်ကဖြစ်ပါ၏။

အဖေ၊ အမေ၊ ဆွေမျိုး မိတ်ဆွေတွေက အပြစ်တင်ကြသည်။ မန္တလေးတက္ကသိုလ်ကျောင်းသားများကို စစ်ပညာသင်ကြားလေ့ကျင့်ပေးရသော တက္ကသိုလ်တပ်ရင်းတွင် တပ်မတော်သားဗိုလ်ကြီးသည် တပ်မှူးဖြစ်သည်။ ရုံးတစ်လုံးမားတစ်စင်းဟု ဆိုရလောက်သည်။

တက္ကသိုလ်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ရင်း တက္ကသိုလ်မှဘွဲ့ရအောင် ဖြေဆိုဖို့ အခွင့်အလမ်းလည်းရနိုင်သည်။ မြို့ပေါ်မှာနေရင်းဘွဲ့ရနိုင်သည်။ မြို့ပေါ်မှာနေရင်း ဘွဲ့ရနိုင်သော အေးချမ်းသည့်ဘဝကိုငြင်းဆန်၍ တောတွင်းတောင်ကြားစစ်ဆင်ရေးသွားရသော ဘဝကိုမှခုံမင်သူဟု ပြစ်တင်ကြသည်။ ဝေဖန်ကြသည်။

ရှိစေတော့၊ တပ်မတော်မှာ သေတပန်သက်တစ်ဆုံး အရိုးထုတ်မည့်စစ်သားသည် တိုက်ပွဲအတွေ့အကြုံရှိရမည်ဟူသောခံယူချက်ဖြင့် ကိုယ့်ဆုံးဖြတ်ချက်ကို ကျေနပ်ခဲ့သည်။

နောက်တစ်ခါ ၁၉၆၀ ခုနှစ်အတွင်းမှာ 'ခြေမြန်တပ်ရင်း(-)မှ ကြည်း/၆၉၀၀ ဗိုလ်ကြီးညွန့်ဆွေအား ချင်းသေနတ်ကို တပ်ရင်း(-)သို့ တပ်ရေး ဗိုလ်ကြီးအဖြစ် ပြောင်းရွှေ့လိုက်သည်'ဟူသော ကကထူးအမိန့်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မွန်ပြည်နယ်သထုံဒေသတွင် ကေအင်ဒီအိုတွေနှင့်နယ်ပန်းလုံးနေရသော ကာလဖြစ်သည်။ တပ်ရင်းမှူးကြီးကခေါ်၍ ကြေးနန်းပြကာသဘောထားမေးပြန်သည်။

ချင်းတပ်လည်းမသွားလို၊ တပ်ရေးလည်းမလုပ်လို၊ခြေမြန်တပ်ရင်း(-)မှာပဲ တပ်ခွဲမှူးဆက်လုပ်ပါရစေဟု တင်ပြမိသည်။ တပ်ရင်းမှူးကြီးက စစ်ရာထူးခန့်ဝန်ရုံးသို့ ကြေးနန်းပို့ပြန်သည်။

မော်လမြိုင်မြို့ပေါ်ရှိ ချင်း(-)သို့ ဗိုလ်ကြီးအောင်မြင့်(ဗိုလ်သင်တန်း ၉) ကို လွှဲပြောင်း၍အမိန့်ထုတ်ပေးသည်။

ထိုအချိန်က ချင်း(-)တပ်ရင်းမှူးသည် ဗိုလ်မှူးကျော်ထင်(နောင် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးသူရကျော်ထင်)ဖြစ်ပေသည်။

ကျွန်တော်သံအမတ်ကြီးတာဝန်ထမ်းဆောင်စဉ် ၁၉၈၇ခုနှစ်၌ ဝန်ကြီးချုပ် ဦးမောင်မောင်ခရီးစဉ်မှာ ပါလာသော ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးကျော်ထင် အား ဒုတိယအတွင်းဝန်ဦးဖေသန်းဦးနှင့်အတူ စင်ကာပူတစ်မြို့လုံးနှံ့အောင် လိုက်လံပို့ဆောင်ပြသရစဉ်မှာ ထိုဖြစ်စဉ်လေး ပြန်လည်တင်ပြမိပါသည်။ အဲဒီတုန်းက မပြောင်းချင်ဘူးဆိုတာ ခင်ဗျားလား၊ ဗိုလ်အောင်မြင့်ရောက်လာလို့ သူ့တော့ တွေ့လိုက်ရတယ်၊ ခင်ဗျားကိုတော့ လူမတွေ့လိုက်ဘဲ နာမည်သာတွေ့လိုက်တယ် ဟု ပြောရင်းပုံမှန်အပြုံးနှင့်ပြုံးနေပါသည်။

သည်လို သည်လို အယူသန် အစွဲကြီးခဲ့သော ကျွန်တော့်ကိုမှ နယ်ဘက်သို့ ပို့လွှတ်လေသောအခါ ကျွန်တော်သာမက မိသားစုတွေပါ မျက်ရည်မဆည်နိုင် အောင်ဖြစ်ခဲ့ရသည်။ သားကြီးကဆိုလျှင်ဘာကိုမှန်းမသိဘဲ အလိုလိုမကျေမနပ်တွေ ဖြစ်နေရှာသည်။

## ရှိစေ-ရှိစေ စိတ်ကိုဖြေပဲ့

ပါတီကေဒါမြှုပ်နှံရေးပေါ်လစီအရဟု ဆိုသောကြောင့် ပေါ်လစီကို စိတ်နာရမည်လား၊ ပို့လွှတ်သူတွေကို ရက်စက်လှချေရဲ့ဟု ဆိုရမည်လား၊ ကံကို ရိုးမယ်ဖွဲ့ရလေမည်လားမသိ၊ တပ်မတော်ကိုတော့ စွန့်ခွာခဲ့ရပါ၏။

ယခုလိုအသက်ကြီးလာသောအချိန်မှာ ပြန်တွေးတော့လည်း စိတ်သက်သာရာ သက်သာကြောင်း ဖြေတွေးတွေးလို့ရလာသည်။





ကျွန်တော့်ထက် များစွာများစွာဝါသနာကြီးသော များစွာအရည်အချင်း ရှိသော တိုက်ရည်ခိုက်ရည်ရှိသော ဆရာသမားများ၊ ရောင်းရင်းများ၊ တပ်မတော် မှခွဲခွာခဲ့ရသူတွေ ဒုနဲ့ဒေးရှိသည်။

အချို့ဆိုလျှင် ကျွန်တော့်လိုဗိုလ်မှူးကြီးဘဝထိ တာဝန်ယူခွင့်မရကြသူတွေ ရှိကြောင်းတွေးကြည့်တော့ စိတ်သက်သာရာရလာသည်။

တပ်မတော်သာအမိ၊ တပ်မတော်သာအဖဟု ဖက်တွယ်ထားလိုပါလျက် ခွဲထွက်ခဲ့ရပြီ။

တကယ်တော့

ကံသာလျှင်အမိက၊ ကံသာလျှင်ဘဝဟုဆိုရပေလိမ့်မည်။

ရှေးကပြုခြား ကံတရားကြောင့် လူ့ဘဝရောက်ခွင့်ရသည်။ စစ်မှုထမ်း ဖြစ်ခွင့်ရသည်။

လူ့ဘဝရခိုက် ဘဝကူးကောင်းဖို့ ကြိုးစားရမည်က ဗုဒ္ဓဘာသာဝင်စစ်စစ် တစ်ဦး၏အလုပ်။

တပ်မတော်သားဘဝရခိုက်မှာ နာမည်ကောင်းနှင့် ဘဝကူးဖို့ ကြိုးစားရ မည်က စစ်သားကောင်းတစ်ဦး၏အလုပ်။

ထာဝရတည်မြဲသောနေရာ၊ ထာဝရတည်မြဲသောဌာန၊ ထာဝရတည်မြဲ သောတာဝန်ဟူသည်မရှိဟု အမှန်သိမြင်လာသော သည်အရွယ်မှာ အကောင်းကို တွေးရသည်၊ အကောင်းကို ပီတိဖြစ်ရသည်။

မော်ဖဟူသော ဇကပနယ်မြေကို ကိုယ်တိုင်အနီးကပ်လိုက်ပါကွပ်ကဲ တိုက်ခိုက်သိမ်းပိုက်ခွင့်ရခဲ့ခြင်းသည် ကျွန်တော့်ဘဝဇာတ်ကြောင်း၏ကောင်းသော သမိုင်းအစစ်ဖြစ်ပါ၏။

ကွယ်သောသူကြာလျှင်မေ့ဟု ဆိုရိုးရှိသော်လည်း ကမ္ဘာမှာ မြန်မာပြည်ရှိ နေသရွေ့ မော်ဖနယ်မြေရှိမည်။

သမိုင်းသက်သေစစ်မြေမှတ်တမ်းသည် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)တွင်ရှိသည်။

ကျွန်တော်နှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့ကြသူအချို့ ယခု တပ်မတော်တွင် ရှိကြပါသေးသည်။ ပြင်ပတွင်လည်း သက်ရှိထင်ရှားအငြိမ်းစားများအဖြစ် ရှိကြ ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်တစ်ချိန် ထိုသူ ထိုသူတို့ မရှိကြတော့သည့်အချိန်တွင် တစ်ချိန်က တပ်မ(-) ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေဆိုတာ-

စိတ်ထားဆိုးသလား-စိတ်ထားကောင်းသလား၊

သတ္တိနည်းသလား-သတ္တိကောင်းသလား၊

ခေါင်းဆောင်မှုမပေးနိုင်သူလား၊ ပေးနိုင်သူလား မှတ်မိသူ ကြားမိသူတွေ ရှိကြတော့မည်မဟုတ်။

သို့သော်လည်း

စစ်သမိုင်း၏ထောင့်တစ်ထောင့်၊ စာမျက်နှာလေးတစ်နေရာမှာတော့ဖြင့် ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလမှာ ဝနယ်မော်ဖဒေသကို တပ်မ (-)က တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ဒုတိယဗိုလ်မှူးကြီးသာစိန်၏ရှမ်းသေနတ်ကိုင်တပ်ရင်း(-)။

ဒုတိယဗိုလ်မှူးကြီးသန်းညွန့်၏အမှတ်(-)ခြေလျင်တပ်ရင်း။

ဒုတိယဗိုလ်မှူးကြီးလှမြင့်၏အမှတ်(-)ခြေမြန်တပ်ရင်း။

ဗိုလ်မှူးတင်မြင့်ဦးစီးသည့်အမှတ်(-) ခြေမြန်တပ်ရင်း။

ဒုတိယဗိုလ်မှူးကြီးကျော်ဟန်၏အမှတ်(-) ခြေမြန်တပ်ရင်း။

ဗိုလ်မှူးဖေအောင်၏ အမှတ်(-)ခြေမြန်တပ်ရင်းတို့ အဓိကပါဝင်ခဲ့သည်။

အနီးကပ် ကြီးကြပ်ကွပ်ကဲ တိုက်ခိုက်ခဲ့သူသည် ဒုတိယတပ်မမှူး ကြည်း/၆၉၀၀ ဗိုလ်မှူးကြီးညွန့်ဆွေ ဖြစ်သည်။

ဒုတိယတပ်မမှူးနှင့်အတူ လိုက်ပါ တာဝန်ထမ်းဆောင်ခဲ့သော ဗျူဟာ (၇၇၂)မှူးသည် ကြည်း/၇၈၇၁ ဗိုလ်မှူးကြီးစံလွင် ဖြစ်သည်။

တာဝန်ခံတပ်မမှူးသည် ကြည်း၊ ၆၄၆၁ ဗိုလ်မှူးကြီးချစ်ဆွေ ဖြစ်သည်။

တိုက်ရိုက်ကွပ်ကဲမှုပေးသော တိုင်းမှူးသည် ကြည်း/၆၂၁၄ ဗိုလ်မှူးချုပ် လှဦး ဖြစ်သည်။

စစ်မျက်နှာကြီးတစ်ခုလုံးကို တာဝန်ယူကွပ်ကဲသော စစ်ဆင်ရေး အတူး အဖွဲ့မှူးသည် ကြည်း ၅၈၉၆/ ဗိုလ်ချုပ်ထွန်းရီ ဖြစ်သည်ဟူသော သမိုင်းမှတ်တမ်း သည် ထာဝရကျန်ရှိနေမည်ဟု ယုံကြည်စိတ်အပြည့်ရှိနေမိသည်။

ဗကပ၏ မဟာဗျူဟာဖြစ်သော ဝနယ်ဒေသစိုးမိုးရေး၊ အတွင်းပိုင်းထိုး







မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စိတ်ဓာတ်ရေး(အရာရှိ)သင်တန်း အမှတ်စဉ်(၁) ၂၂-၁၂-၁၉၅၈ မှ ၂၆-၁-၁၉၅၉ ရှေ့တန်း စတုတ္ထ အလင်းရောက်တင်ဦး(နည်းပြအရာရှိ)၊ ဗိုလ်ကျော်ဝင်း(နည်းပြအရာရှိ) ဗိုလ်ကြီးသန်းရွှေ(သင်တန်းမှူး)၊ ဗိုလ်ကြီးမောင်မောင်အေး(သင်တန်းအရာရှိ)၊ ဦးစိန်မင်း(နည်းပြအရာရှိ)၊ နောက်တန်း – တတိယ(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ဝင်ရောက်ရေး၊ စီမံချက်အား ရိုက်ချိုးချေဖျက်လိုက်သော ဤတိုက်ပွဲစဉ်များသည် တပ်မတော်သမိုင်း၏ သဲတစ်ပွင့်မျှဖြစ်သော ထိုစစ်မှတ်တမ်း အကျဉ်းကလေးကို အထောက်အကူပြု မှတ်တမ်းအဖြစ် ပံ့ပိုးနိုင်ခွင့်ရလိုရငြား ဤစာအုပ်ကို ရေးသားပြုစုလိုက်ရခြင်းဖြစ်ပါသတည်း။ ။

မောင်ဆွေသက်

❖ ❖ ❖

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# မောင်ဆွေသက်

# ကဒူးမမှ မော်ဖသို့

- ကျုပ်ပြောတာသာ လုပ်စမ်းပါ။
တကယ်လို့ သူပုန်က စောင့်ပစ်ရင်လည်း တိုက်ပေါ့ဗျာ။
**ဗိုလ်ကြီးထွန်းရီ (တပ်ခွဲမှူး)**

BURMESE CLASSIC .com

- ခင်ဗျားတို့ ဘာ့ကြောင့် လေကို လု ရှူချင်ရတာလဲ၊
ဒီလောကကြီးမှာ လေဆိုတာ ရှူလို့မကုန်အောင် ရှိတယ်။
ဒီလေကိုမှ လု ရှူနေရင် ခင်ဗျားတို့ ရန်ဖြစ်နေကြမှာပေါ့။
**ဗိုလ်မှူးချုပ်စိန်ဝင်း (တိုင်းမှူး)**

- အထက်လူကြီးကို လေ့လာဖို့ထက် ခင်ဗျားတပ်က လူငယ်တွေကို
သိအောင်လုပ်ဖို့ အရေးကြီးတယ်။ အရာရှိအကြပ်တွေကို
သေချာလေ့လာထားမှ ဘယ်နေရာ ဘယ်တာဝန်မျိုးမှာ ဘယ်သူ့ကို
တာဝန်ပေးရမလဲဆိုတာ မှန်မှန်ကန်ကန်ရွေးပြီး တာဝန်ပေးတတ်မယ်။
**ဗိုလ်မှူးကြီးလှဖေ**

- ပန်ဆန်းကို ခြိမ်းခြောက်ဖို့ ထိန်းချုပ်ထားဖို့ ဒီစစ်ဆင်ရေးလုပ်တာဗျ။
ပွိုင့် ၆၀၂၈ နဲ့ ပွိုင့် ၆၀၀၀ တောင်ကျောကို မရ ရအောင်တိုက်ရမယ်။
မြေအနေအထားအရ Casualties ငါးဆယ် ရာခိုင်နှုန်းလောက်
ရှိနိုင်တယ်။ စွန့်စွန့်စားစား တိုက်ရမယ်။
**ဗိုလ်ချုပ်ထွန်းရီ (ကစထမှူး)**

PS0169

PYI ZONE PUBLISHING HOUSE
ပြည့်စုံ စာအုပ်တိုက်က ထုတ်ဝေသည်။

www.burmeseclassic.com